
www.burmeseclassic.com

လာဘ်မိုးရွှေ စာပေ မောင်မောင်မြင့်အား စီစဉ်မွမ်းမံတည်းဖြတ်သည်။

မဂ္ဂပစ္စယော

# ဗေဒမြိုင်

မဂ္ဂဇင်း



ဆေးဘုရား


- ဒေသန္တရမှခြား လာဘမုန် ဆေးဘုရား . . . (စာ - ၂၂)
- နပျိုကျွန်းမှာ သက်ရှည်စေသော
- ဒေသန္တရဂုရု ရုပ်ပွားတော် . . . . . (စာ - ၂၄)




မဏိမေခလာ (စာ - ၈၇)



ချစ်သူမောင်နဲ့အတွက်
ကိန္နရာ ကိန္နရီဆောင် (စာ - ၈၁)


- ရွှေပေါက်ပင်ဆရာတော် နှင့် ပဋ္ဌာန်းဆက်ရှိခဲ့သော သရုပ်ဆောင် ကျော်သူ (စာ - ၉၁)
- ပြည်မြို့ ရွှေပေါက်ပင် ဆရာတော်၏ ဝိဇ္ဇာကျင့်စဉ် (စာ - ၉၄)
- သစ်တဲဓါး ဆရာတော် မဏိဇောတ(ယော)၏ ပုဗ္ဗဇာတ်ကိန်း အားထုတ်နည်း (စာ - ၁၀၁)
- ရွှေပြည့်အောင် ဆရာတော်၏ ထိပ်တန်းရောက် အဂ္ဂကျင့်စဉ် (စာ - ၁၀၈)
- ဝါဆိုသင်္ကန်း လာဘ်ရွှင်လန်း (စာ - ၁၁၁)
- မြွေနဂါး တကယ်ရှိသလား (စာ - ၁၅၉)
- တာတေကြီးရဲ့ ကြိုးကြိုးချိတ် (စာ - ၁၆၂)


Graphic; Soe Win Htun

www.burmeseclassic.com

www.burmeseclassic.com

လာဘ်မိုးစွေဂါထာ

ဂါမေ ဝနေ စ သဗ္ဗတ္ထ၊
ဒေဝေဟိ မနုဿေဟိ စ။
အာဘတော နန္ဒလာဘောမေ၊
သဒါပေဟာတု ဘာဝိဘာဝေ။

မင်္ဂလစွယော

# ရောင်ပြန်

မင်္ဂဇင်း

၂၀၁၄-ခုနှစ်၊ ဩဂုတ်လ၊ အမှတ်(၂၄၇)

မောင်မောင်မြင့်အေး စီစဉ်မွမ်းမံတည်းဖြတ်သည်။

...ထ်လုပ်မှုအယ်ဒီတာ - ဦးသန့်(လာဘ်မိုးစွေ) အုပ်ချုပ်မှုအယ်ဒီတာ - ဒေါက်တာစောယုနွယ်
...ဆောင်အယ်ဒီတာ - နန္ဒာမိုးကြယ်၊ သန္တြာဇင် အယ်ဒီတာရုံးအဖွဲ့ - ကေလတ်၊ စိုးစိုး

...သေသူ - ဦးမောင်မောင်မြင့်အေး(မြ-၀၁၄၆၀)၊ အမှတ်-၂၀၅(က)၊ ပိတောက်(၅)လမ်း၊ ဘုရင့်နောင်ရိပ်သာ၊ အင်းစိန်မြို့နယ်မှ ...သေ၍ ဝင်းထွန်း(မြ-၀၄၈၃၉)၊ အမှတ်-၃၇၊ ရေကျော်လမ်းမကြီး၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့မှ ပုံနှိပ်သည်။
...ရေ - ၁၀၀၀၊ တန်ဖိုး - ၂၂၀၀ ကျပ်
...ချုပ် - ရှကီး၊ အတွင်းဖလင် - မျိုးဝင်းကျော်၊ အတွင်းပန်းချီ - သန့်ဇော်သစ်၊ ဖိုးအောင်၊ စံလွင်မောင်၊ ဇော်အောင်နိုင်လတ် တို့က ...ရဲ၍ မျက်နှာဖုံးဂရပ်ဖစ်ကို စိုးဝင်းထွဋ်မှ ဖန်တီးသည်။

## ရောင်ပြန်မင်္ဂဇင်း၏ မူဝါဒ

လစဉ်ထုတ်ဝေလျက်ရှိသော ရောင်ပြန်မင်္ဂဇင်းသည် ဘာသာရေးသက်သက်စာအုပ် မဟုတ်ပါ။ လောကီရေးရာ၊ မြန်မာ့... သုတအဖြာဖြာကိုလည်းကောင်း၊ ရသမြောက်ဝတ္ထုတို၊ ဝတ္ထုရှည်များကိုလည်းကောင်း၊ ပြည်တွင်းပြည်ပ ဗဟုသုတဖြစ်ဖွယ် ...ကြောင်းအရာများ၊ ထေရဝါဒနှင့် မဆန့်ကျင်သော ဘာသာရေးဆိုင်ရာ ဆောင်းပါးများ၊ ထူးခြားသော စေတီပုထိုးများ၊ ရဟန်း ...များအကြောင်း၊ ဗေဒင်၊ ယတြာဆိုင်ရာ ပညာရပ်ဆောင်းပါးများ၊ ပုဂ္ဂိုလ်ထူးတို့၏ အကြောင်းအရာများကို ဖော်ပြလျက်ရှိသော ... ဖြစ်ပါသည်။ ဤသို့ ပုဂ္ဂိုလ်ထူးများအကြောင်းကို ထည့်သွင်းဖော်ပြရာတွင် ထိုပုဂ္ဂိုလ်ထူးများအပေါ် ယုံကြည်ကိုးကွယ်မှုနှင့် ...ဲ ထိုပုဂ္ဂိုလ်ထူးများ၏ ခြင်းရာအတ္ထုပ္ပတ္တိကိုလည်းကောင်း၊ ၎င်းတို့၏ ကျင့်စဉ်များကိုလည်းကောင်း၊ ၎င်းတို့၏ စွမ်းဆောင်ချက် ...တို့ကိုလည်းကောင်း ဗဟုသုတ ဖြစ်စေရန်အလို့ငှာ ထည့်သွင်းဖော်ပြခြင်းသာ ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

မဂ္ဂပစ္စယော

# ရောင်ပြန်

မဂ္ဂဇင်း

၂၀၁၄ ခုနှစ်၊ ဩဂုတ်လ၊ အမှတ် (၂၄၇)

## မာတိကာ

### ရောင်ပြန် ကဗျာ

ဝေးနေ၊ ရဲမြင့်နောင်၊ နွံဦးမွန်(ကျွဲဒိုး)၊
ဆုမွန်ဦး(ဟသ်ာတ)၊ ဝေငြိမ်းအောင်၊ နှင်းဆက်ကြယ်စင်ငြိမ်း၊
သားထက်ခွေ၊ မင်းရွှေမင်း(အင်းစိန်)။

### ရောင်ပြန် အခန်းဆက်ရသ

မေတ္တာရှင်···(၈)
ဘုန်းပွင့်တေဇာ ———— ၁၆၈
နတ်ကတော်စိန်မျက်ခုံး(၇)
ကျော်မြသန်း ———— ၁၉၀
ဒန္တပူရ ကေရီသခင်မလေးပေမမာလာ(၃)
မောင်ယဉ်မွန်(မော်စနေခြည်) ———— ၂၃၈
လူထဲကဘဝ ဘဝထဲကလူ(၇၂)
လင်းရောင်တင် ———— ၂၆၀









www.burmeseclassic.com


www.burmeseclassic.com

ဘီသက္ကဂုရု
ဆေးဘုရားရုပ်ပွားတော်

နေဝန်းနီ

ဏ - ၂၉






ကျော်သူ

ဏ - ၉၁

...ဒီတာအဖွဲ့/ကျော်ငြာနှင့် ဖြန့်ချိရေး
လာဘ်မိုးရွှေ စာပေ
...မှတ် - ၂၁၂၊ (ပထမထပ်)၊ ၃၆ လမ်း(အထက်)၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်။
...န်း - ၀၉-၄၃၀၇၅၃၁၁၊ ၀၉-၄၂၀၀၅၉၂၅

## မြန်မာ့ရေးရာ

ကျောက်ဆည်မြို့၏ ကျက်သရေဆောင်
ရေးဟောင်းသမိုင်းဝင် ရွှေပင်ရွှေဆပ်သွားစေတီ
မြမဥ္ဇူဝေ(ကျုံမငေး) ---------------- ၁၇
ဘောသဇ္ဇမုဒြာလာဘမုနိဆေးဘုရား
ပထမံဆရာဦးအောင်သူ ---------------- ၂၁
နှပ်ဖျံကျန်းမာသက်ရှည်စေဖို့ ဘောသဇ္ဇဂုရုရုပ်ပွားတော်
မြတ်ဘုန်းနိုင် ---------------- ၂၄
ဘီသက္ကဂုရုဆေးဘုရားရုပ်ပွားတော်
နေဝန်းနီ ---------------- ၂၉
ယုံကြည်ပါလျှင်
မြမြလှိုင် ---------------- ၃၅
ပဋိစ္စသမုပ္ပါဒ်မြို့တော်
ပဲခူးကျော်ကျော် ---------------- ၃၇
ဆုတောင်းပြည့်ပါ၏
မနုဿကျော်ဝင်း ---------------- ၆၄
ခြေဖဝါးတော်တံဆိပ်
ကျော်သူ ---------------- ၉၁
ပြည်မြို့ နဝဒေးနယ်မြေ···ဝိဇ္ဇာကျင့်စဉ်
ရွှေပေါက်ပင်ဆရာတော် ---------------- ၉၄
ပြည်ရွှေပေါက်ပင်တောရဆရာတော်···
မြနန်းရှင် ---------------- ၁၀၀
နဝမအကြိမ်မြောက် သစ်တံခါးဆရာတော်၏···
မရည်မွန်(ကျုံပျော်) ---------------- ၁၀၁
ဖူးပြည့်အောင်ဆရာတော်·
မြနန်းရှင် ---------------- ၁၀၇




ဏ - ၁၅၂

www.burmeseclassic.com

www.burmeseclassic.com

နယ့်ကြုန်းမှာသက်ရှည်စေဖို့

# ဘေသဇ္ဇဂုရု ရုပ်ပွားတော်

မြတ်ဘုန်းနိုင် စာ - ၂၄



ဘေသဇ္ဇဂုရု (၁) ဆေးဘုရားရုပ်ပွားတော်

## လောကီရေးရာ


ရောင်ပြန်မဂ္ဂဇင်းပြက္ခဒိန်
အင်ကြင်းဖြူဖြူ(တောင်ငူ) ---------- ၄၁
သည်လအတွက် ကောင်းသောရက်
နွယ်သာကီအောင် ---------- ၄၂
စိုက်ပျိုးရေးရာ သည်လမှာ
တောကကိုရင် ---------- ၄၄
အလုပ်အကိုင် အောင်မြင်စေရန်
မဟိန္ဒီကျော်ခေါင် ---------- ၄၅
သည်တစ်လမှာ ဆောင်ရွက်ပါ
နေမျိုးထွင့်ခေါင် ---------- ၄၆
သည်တစ်လတာ ကံကြမ္မာ
ဆရာမိုးဟန်ကြွယ် ---------- ၄၇
ထိုင်းနိုင်ငံဆရာကြီး မိုဒူးပိုက်ဆံ၏ လအလိုက်အဟော(ငှလိုင်)
ဦးတိုး(တက္ကသိုလ်) ---------- ၄၈
တရုတ်နက္ခတ္တဗေဒင်ပညာ ၂၀၁၄ ဩဂုတ်လ
ကေတီအောင်သိန်း ---------- ၅၁
တရုတ်ဂမ္ဘီရဆရာကြီးကြူကုံး၏ အိပ်မက်အဖွင့်ကျမ်း
တက္ကသိုလ်မောင်တံခွန် ---------- ၅၅
အံ့ဖွယ်ထူးဆန်း ဆေးစွမ်းကောင်းများ(၁၀)
မျိုးသန်းထွန်းကို(ရေစကြို) ---------- ၆
ဝါဆိုသင်္ကန်း လာဘ်ရွှင်လန်း
နန္ဒာမိုးကြယ် ---------- ၁၁
ဝမ်းနည်းဝမ်းသာ
အင်ကြင်းမေ ---------- ၁၁
ဈေးရောင်းကောင်းသော အစီအရင်များ
ဆရာဝေယံဦး ---------- ၁၂
ဓာတ်ရိုက်ယတြာ ရွှေပညာ(၂၅)
ဘုန်းပွင့်ထွန်း ---------- ၁၅
မြွေနဂါး တကယ်ရှိသလား
တင်နိုင်တိုး ---------- ၁၅
စိတ်စွမ်းအားဖြင့် အောင်မြင်ကျန်းမာနည်း
အောင်ဘုန်းမြင့်(ကချင်မြေ) ---------- ၁၇
အလှူပွဲနှင့် လွဲရခြင်း
တက္ကသိုလ်သန်း ---------- ၁
ငှတ်တုတ်မေ့ခြင်း(သို့)ရပ်လျက်သေခြင်း
နတ်ထီးလှိုင် ---------- ၁





စာ - ၁၆၂

www.burmeseclassic.com

ကျောက်ဆည်မြို့၏ ကျက်သရေဆောင်

ရှေးဟောင်းသမိုင်းဝင်

## ရှပ်ဝပ်ရွှေဆပ်ထွားစေတီ

မြမှုန်ဝေ(ကျုံမငေး)



စာ - ၁၇

## လောကီရေးရာ


...လုအောင်ပြန်ချင်သည်
...ဆင်ကောင်းမြင့် ---- ၁၈၅
...စ်ဘဝလုံးအတွက် အမြဲတမ်းပြုလုပ်ရမည့် ထာဝရယတြာ
...ည်သူချမ်းမြေ ---- ၂၀၁
...ပွားရေးအဆင်မပြေလို့ ဘာလုပ်ရရင်ကောင်းမလဲ
...ခင်မာဝေ ---- ၂၀၃
...သာသနာ့အသက် ပရိယတ္တိဂုဏ်ကိုဆောင်ပါ
...အောင်မြင့်မြတ်(ပြည်ရွှေဘို) ---- ၂၁၆
...နိစ္စဒေသနာတော်(၅)
...ဟာထွန်း ---- ၂၁၉
...ယုံလျှင် ပုံပြင်သာမှတ်လိုက်ပါ(၈)
...ပါက်တာသက်ဆွေ ---- ၂၂၃
...ယ်လွန်သူအတွက် ရည်ရွယ်ပြုလုပ်တဲ့ကုသိုလ်
...ရာဝင်းသာကီနွယ် ---- ၂၂၇
...ရင်းအနီးနည်းတဲ့ကုသိုလ်
...ဟန်သိန်း ---- ၂၃၀
...သွာတုန်း ရေခံပါ
...မီးဟိုးအောင်မိုး ---- ၂၃၃



အယ်ဒီတာအာမွဲ့/ကြော်ငြာနှင့် ဖြန့်ချိရေး

**လာဘ်မိုးစွေ စာပေ**

အမှတ်-၂၁၂(ပထမထပ်)၊ ၃၆လမ်း(အထက်)၊

ကျောက်တံတားမြို့နယ်၊ ရန်ကုန်။

ဖုန်း - ၀၉-၄၃၀၇၅၃၁၁၊ ၀၉-၄၂၀၀၅၉၂၅



ထီးပွင့်ကန်တော်
ရှယ်လီသိန်းမောင် ---- ၂၄၀
နေလို့မှ ကောင်းရဲ့လား
ဘုန်းထွဋ်ခေါင် ---- ၂၅၁
ကျွန်ုပ်၏အတွေ့အကြုံများ(၁၄)
ဖိုးသန်းကျော်(ရေကြည်သား) ---- ၂၅၅
မြေဆည်ရာ
အရှင်ခေမာ(ရွှေပြည်သာ) ---- ၂၆၀
ကုန်လှောင်ကုန်ထုတ်စေရန် ပြုလုပ်နည်း
ကျော်အောင်ပိုင်ထူး ---- ၂၇၁
သာသနာ့သမိုင်းဝင် သီလရှင်ကျင့်ဝတ်များ
လေးသူစံ ---- ၂၇၈
ဘဝအမောစင်မယ့် လူတောတစ်ခွင်ဟာသများ
ဦးကောင်းထူး ---- ၂၈၂
ဒါလေးတွေ ဆင်ခြင်ရအောင်
မောင်ပုတ်စည် ---- ၂၈၆
ကောင်းကင်ဗိတ်ပေါ်...သိဒ္ဓိဟိတ်တန်ခိုးများ
မော်တင်သိန်းဇော်ဇ ---- ၂၈၈
တန်ခိုးပြခွင့်မရသော ရှင်မဟာမောဂ္ဂလာန်
ဆင်ဖြူကျွန်းအောင်သိန်း ---- ၂၉၂
နဂါးတို့မြို့ရာ ရေကန်သာ
မြမျက်ရှင် ---- ၂၉၇
အလုပ်ရစေ အောင်မြင်စေ
သိဒ္ဓိကျော်ခေါင် ---- ၃၀၀
ကြောက်စရာကောင်းတဲ့ဂမုန်း
ဂန္ဓိရဆရာလုမျိုး ---- ၃၀၁


နဝမအကြိမ်မြောက်

**သစ်တံခါးဆရာတော် ဘဒ္ဒန္တမဃဝံသ(ဓမ္မာ)**

၏

၁၀၈ ရက်အဓိဋ္ဌာန်ထွက်အောင်ပွဲ



စာ - ၁၀၁

www.burmeseclassic.com

## ရောင်ပြန် ရသ


ပြီးတော့လည်း ပြီးတာပါပဲ

မနုဿကျော်ဝင်း ---------- ၉၆

ဒုတိယမြောက် ကိုးသချိုင်းသံဓား

ရီရီဌေး ---------- ၁၁၆

သူတော်ငတေနှင့် မက္ကလျား

ဝေယံလင်းခေါင် ---------- ၁၃၀

အာယုဗ္ဗေဒမာဝနီဒါန်း

ရန်ကုန်မြင့်ဆွေ ---------- ၁၄၄

ငယ်ငယ်က အတွေ့အကြုံ

ခင်မောင်အေး(မန္တလေး) ---------- ၁၅၂

ကြိုးကြိုးချိတ်အပြာ

တာတေကြီး ---------- ၁၆၂

ထူးဆန်းတဲ့ အကျွတ်အလွတ်ပွဲ

ကျော်မင်းနိုင် ---------- ၂၀၉

ဝေမြူမှော်ကင်း

နိုင်ခင်အင်ကြင်း ---------- ၂၇၂











## ရောင်ပြန် မျက်နှာဖုံးဆောင်းပါး


အချစ်ကြီး ချစ်ကြစို့ ဓာတ်ပန်းချီ

ချစ်ဖွယ်(တောင်ငူ) ---------- ၇၁

ကိန္နရာ ကိန္နရီဆောင်အောင်မှန် ကောန်မလွဲ

ပန်းမောင်(မြန်မာစာ) ---------- ၇၄

ဒဏ္ဍာရီထဲက ကိန္နရီ ကိန္နရာ

နန္ဒာမိုးကြယ် ---------- ၇၆

တော်လေးဝဝင် စန္ဒကိန္နရီ

ရေကျော်စိုးအောင် ---------- ၇၉

ချစ်သူဇနီးမောင်နဲ့ သစ္စာခိုင်မြဲ···

ဂမ္ဘီရဆရာလှမျိုး(B.Sc) ---------- ၈၁

ချစ်မေတ္တာ သစ္စာတရား

ချစ်ပန်းပွင့် ---------- ၈၄

အဘဆရာကြီးနှင့် မဏိမေခလာ

မောင်လင်းသစ် ---------- ၈၇


www.burmeseclassic.com

www.burmeseclassic.com

## ရောင်ပြန် လျှို့ဝှက်ဆန်းကြယ်


မင်းအဆက်ဆက်တို့၏ ဘုန်းသမ္ဘာတောက်စေရန် အစီအမံများ(၂)
မြန်မာဟိန်းကျော် ———————— ၅၇
နှစ်တစ်ရာ့ငါးဆယ်ပြည့် ဘုံဘေဘားမားထရိတ်ဒင်း
ကော်ပိုရေးရှင်းလီမိတက်
ဟူမ်းထက် ———————— ၁၃၈
မြည်တွင်းပြည်ပ ဝိညာဉ်လောကယုံကြည်ချက်များ
သုတိုး(စိတ်ပညာ) ———————— ၂၅၂


## လူတွေသိ နတ်တွေကြားစေ


လူတွေသိ၍ နတ်တွေကြားစေ ———————— ၃၁၃


## ရောင်ပြန်ဗေဒင်


သီသာစေကြောင်း မင်္ဂလာနိမိတ်ကောင်း
ဒေါက်တာစောယုနွယ် ———————— ၃၂၉


## ရောင်ပြန် အထူးယတြာ


ခြင်းခြားရောက်မြန်မာများအတွက် အထူးဟောကိန်း
ဒေါက်တာစောယုနွယ် ———————— ၃၂၂












အယ်ဒီတာအဖွဲ့/ကြော်ငြာနှင့် ဖြန့်ချိရေး

လာဘ်မိုးရွာ စာပေ

အမှတ်-၂၁၂၊ (ပထမထပ်)၊ ၃၆ လမ်း(အထက်)၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်။
ဖုန်း - ၀၉-၄၃၀၇၅၃၁၁၊ ၀၉-၄၂၁၀၀၅၉၂၅


www.burmeseclassic.com

www.burmeseclassic.com

BURMESE CLASSIC

မဂ္ဂဇင်း၊ ၂၀၁၄-ခုနှစ်၊ ဖွန်လထုတ်တွင် ပါဝင်သော ရုက္ခစိုးထံ ပူဆာနည်း ဆောင်းပါးအား စာဖတ်သူများအတွက် မေတ္တာထား၍ ပြန်လည်ဖော်ပြလိုက်ပါသည်။ အကျိုးရှိသလို လိုအပ်သလို စာဖတ်သူများ ယတြာအဖြစ် ပြုလုပ်၍ ဂါထာ၊ မန္တန် ရွတ်ဆိုပူဇော်နိုင်ပါသည်။

ရုက္ခစိုးထံ အပူကပ်နည်းဖြစ်သည်။ ပြုလုပ်ရမည်မှာ ကိုယ့်အိမ်နဲ့ အနီးဆုံး သစ်ပင်က သစ်ရွက်တွေကို ခူးပြီး ထမင်းစားပန်းကန်မှာ ကပ်ရမယ်။ ကော်နဲ့ပဲ ကပ်ကပ်၊ ဖယောင်းစက်ချပြီး ကပ်ကပ် ပန်းကန်ပြားပေါ်မှာ ကပ်လိုက်ပါ။ ပြီးတော့ အဲဒီသစ်ရွက်ပေါ်မှာ အလတ်စား ဖယောင်းတိုင်တစ်တိုင် ထွန်းရမယ်။ ထွန်းတဲ့အခါမှာ ဘုရားစင်ပေါ်မှာ ထွန်းလို့မရဘူး။ ထမင်းစားစားပွဲပေါ်မှာပဲဖြစ်ဖြစ်၊ မက်တတ်စားပွဲပေါ်မှာပဲဖြစ်ဖြစ် တင်ပြီး ထွန်းရမယ်။ ထွန်းထားတဲ့အတွင်းမှာ ဖယောင်းတိုင်ကို ကြည့်ပြီး တတွတ်တွတ်ပြောရမယ်။ ပြောရမယ့်အကြောင်းအရာကတော့ အခက်အခဲတွေ့နေတဲ့အကြောင်းပေါ့။ ရုက္ခစိုးကြီး ကျွန်တော် မောင်ဖြူနဲ့ တွေ့မှုဖြစ်မယ်။ အမြန်ဆုံးတွေ့အောင် လုပ်ပေးပါ။ ဒါမှ မဟုတ်လည်း ကြွေးရစရာရှိတယ် ဆိုပါက ရုက္ခစိုးကြီး အဲဒီကြွေးကို အမြန်ဆုံးရအောင် လုပ်ပေးပါ။ အသင် မလုပ်နိုင်ရင်လည်း လုပ်နိုင်တဲ့ပုဂ္ဂိုလ်ကို လုပ်ခိုင်းပေးပါလို့ လူလူချင်းပြောသလို ပြောရမယ်။ ပြောလို့ မောရင် ခဏနားပေါ့ကွာ။ လူလူချင်းပြောတဲ့အခါမှာ အကြောင်းအရာတစ်မျိုးတည်းကို ထပ်ကာ ထပ်ကာပြောရင် တစ်ဖက်က နားထောင်ရတဲ့လူ နားပူလာတယ်မဟုတ်လား။ အဲဒီလို နားပူလာအောင် ပြောရမယ်။

*(မှတ်ချက် - အကြွေးကိစ္စ၊ အလုပ်ကိစ္စ၊ အိမ်ကိစ္စ၊ ကားကိစ္စ၊ မြေကိစ္စ . . . စသည့် ကိစ္စများအတွက် ရုက္ခစိုးထံ ပူဆာ၍ ပြုလုပ် ပြောဆိုနိုင်ပါသည်။)*

တစ်နေ့ကို ဖယောင်းတိုင် ရှစ်တိုင် ထွန်းရမယ်။ တစ်တိုင်ကုန်ရင် နောက်တစ်တိုင် ထပ်ပြီးထွန်းပါ။ တစ်နာရီလုံးလုံး ပြောဖို့တော့ မလိုပါဘူး။ ဖယောင်းတိုင်တစ်တိုင် ထွန်းပြီးတိုင်း ၁၀ မိနစ်လောက်တော့ ပြောရမှာ။ ဘယ်အချိန်ထွန်းရမယ်၊ ဘယ်နေ့ထွန်းရမယ်လို့ ကန့်သတ်ချက်မရှိပါဘူး။ တစ်နေ့ ရှစ်တိုင်ပြည့်အောင် ထွန်းညှိရမယ်။ သွားစရာ၊ လာစရာရှိရင် မထွန်းသေးဘဲ ပြန်လာတော့မှ ထွန်းပြီး ရုက္ခစိုးကို နားပူနားဆာ လုပ်ရမည် ဖြစ်သည်။ကိုယ်တိုင်တည်တဲ့ ကိစ္စဟာ တရားသဖြင့်ကိစ္စ ဖြစ်ရမယ်။ သဘာဝကျတဲ့ ကိစ္စလည်း ဖြစ်ရမယ်။

**ရုက္ခစိုးနတ်နှင့် တွေ့ဆုံ၍ လိုရာကို ပြောကြားတောင်းဆိုနိုင်သော ဂါထာမန္တန်**

ထန်းရွက်၊ ပေရွက်၊ စက္ကူ ရရာတွင် အောက်ပါ ဂါထာမန္တန်ကိုရေး၍ ယင်းဂါထာနှင့်ပင် (၃၇)အုပ် စုတ်ရမည်။


**အာကာသဋ္ဌာန ဘူမဋ္ဌာ စ၊ ရုက္ခဋ္ဌာ စ မဟိဒ္ဓိကာ။**

**ဏ္ဍာဒိမန္တော စ ယေ ဒေဝါ၊ မံ ပါပေတု ပတိဋ္ဌိတံ။**

- ရုက္ခစိုးရှိသော သစ်ပင်၌ ထန်းရွက်၊ ပေရွက်၊ စက္ကူကို ဆွဲကပ်ထားပြီးနောက် ခုနစ်ရက်ရှိသောအခါ ရုက္ခစိုးနှင့် စကားပြောရလိမ့်မည်။
- ထိုအခါ ရုက္ခစိုးနတ်မင်းအား မိမိလိုရာကို တောင်းဆိုပြောကြားရမည်။
- မိမိတောင်းဆိုပြောကြားသည့်အတိုင်း အောင်မြင်မည်၊ ဖြစ်မြောက်အောင် ဆောင်ရွက်ပေးလိမ့်မည်။ ရုက္ခစိုးနတ်မင်းနှင့် တွေ့ဆုံပြောဆိုသောအခါ ရိုရိုသေသေလေးစားစွာ ဆက်ဆံနိုင်ဖို့ကိုတော့ သတိပြုပါလေ။

www.burmeseclassic.com

www.burmeseclassic.com




# တာဒင်

**ပေးနေ**

- အတ္တတွေ တဟုန်းဟုန်းဆူပွက်မှုတွေကြား
မေတ္တာတရားတွေ ထွန်းကားမယ့်လမ်းကလေး မှုန်ဝါးဝါး
ကမ္ဘာမြေပေါ် အသက်တွေအမြောက်အမြား ပေးခဲ့ကြရ
လူ့ယဉ်ကျေးမှုက အခုထိ အထိုင်မကျသေးဘူး။

- ကြက်တစ်ဝပ်စာ ကရုဏာအရိပ်နဲ့
ကမ္ဘာကြီးစိတ်အနှောင့်အယှက်ဖြစ်နေပုံမြင်ကွင်း
နေစကြဝဠာရဲ့ အလှဆုံးပုံရိပ်ကလေးပဲ
မျက်လုံးလေး ခဏတာပိတ်
စိတ်အာရုံနဲ့ ငြိမ်သက်ရှုမြင်
အသက်သွေးကြောအနှံ့ ငြိမ်းအေးမှုတွေ ပျံ့နှံ့စီးဆင်း
ကျွန်တော်တို့ ဆင်းရဲခြင်းက လွတ်ကြစို့ ···။

www.burmeseclassic.com

www.burmeseclassic.com

# မနာရသေးတဲ့အကျ

နှင်းဆက်ကြည်စင်ငြိမ်း

- ကံကွက်ကျားကို ဆေးခြယ်ကြည့်တော့
ဘဝကွက်ကျားက ရုပ်လုံးပေါ်လာ···။
- ကွက်လပ်ဖြည့်ဖို့ ကြိုးစားမိတော့
ကွက်လပ်ထဲ ပြုတ်ကျခဲ့···။
- "ကျ"နေလိုက်တာ···
ပြီး···မပြီးနိုင်။
- ဘယ်အရာမဆို
အဆုံးရှိစမြဲမို့
ရင်ဆိုင်ဖို့သာ အသင့်ပြင်ထားရ
ကျခြင်းရဲ့ အဆုံးမှာ
နာခြင်းက စောင့်နေမှာ···။
- ခုဟာက
ကျလို့ကို အဆုံးမရောက်သေးတာ
ကြာတော့
စိုးရိမ်စိတ်က ကြီးလာ···။
- နာခြင်းရဲ့ ပမာဏဟာ
မြင့်ခြင်းနဲ့ တိုက်ရိုက်အချိုးကျတော့
ပြီးသလောက်နဲ့ ရပ်
အဲသလောက် အနာဒဏ်
ခံလိုက်ချင်ပြီ···။
- အမြင့်ကကျရင် အနာပြင်းသမို့
စိုးရိမ်ခြင်းက
အတော့်ပို ပိုပိုကြီးလာ···။
- ခုထိ
ကျလို့မှ မပြီးသေးတာ···။




www.burmeseclassic.com

www.burmeseclassic.com




သားထက်ဆွေ

- နှမ်းတစ်စေ့နဲ့
ဆီမဖြစ်နိုင်ဘူး...။

- သဲတစ်ပွင့်နဲ့
အုတ်တံတိုင်းမဖြစ်နိုင်ဘူး...။

- အုတ်တစ်ချပ်နဲ့
ရဲတိုက်မဖြစ်နိုင်ဘူး...။

- နှမ်းမဖြူးကြနဲ့
မစားရတဲ့အမဲ သဲမပက်ကြေး
အုတ်ရောရော ကျောက်ရောရော လာမလုပ်နဲ့။

- ဝါးမကွပ်ဘူး
သစ်ကိုသာ မရရအောင်ရှာကြမယ်...။

www.burmeseclassic.com

www.burmeseclassic.com

# ရန်ကုန်ဇာတ်

ဆုမွန်ဦး (ဟသာ်တ)

● နေ့တိုင်း ညတိုင်း အချိန်တိုင်း
ဖရိုဖရဲနဲ့
အမြဲတမ်းပဲ
ဗိုသီဖတ်သီ•••။

● အစုန်လား အဆန်လား
အပြန်လား အသွားလား
စဉ်းစားဖို့တောင် အချိန်မရှိ
ညအစ်ကို မသိတာသိတွေနဲ့ပဲ ပန်းဝင်•••။

● နေမှာစံ
ညမှာခံတဲ့
နေ့ရောက်ရင်ထွက်ထွက်သွား
ညရောက်ရင် ပြန်ပြန်လာ
ခံနေရတာကို
စံနေရတယ်လို့ အမှတ်မှားရင်း
အမှားတွေဖတ်ပေ•••။

● ရွှေရောင် ငွေရောင်
အလျှံတွေတညီးညီး
လောဘ၊ ဒေါသ၊ မောဟတွေ
တဟုန်းဟုန်းတောက်လောင်နေတဲ့
မြို့ကြီး•••။




www.burmeseclassic.com

www.burmeseclassic.com

# နေဝင်နေထွက်

## ဝေငြိမ်းအောင်

● လွှယ်လွယ်ရတဲ့ ရန့်ကို
သက်တမ်းရင့်ရင့် ကိုးကွယ်ရင်း
အဓိပ္ပာယ်က ဆိုလိုရင်း မရောက်တရောက်
တစ်နေ့ထက်တစ်နေ့
သိမြင်မှုတွေ ဖောင်းကြွလာမလား
မနေ့က တောင်းထားတဲ့လက်တွေ
မစိုသေးဘူး
မေးခွန်းတွေ အိပ်ငိုက်နေရ…။

● နေ့…
မဟုတ်ဘူး ငွေ
သက်ပြင်းပေါင်း ဘယ်လောက်များများ
ပေးဝယ်ထားသလဲ
စပြီးရင် ဆုံးတတ်မှ
ဟုတ်ကဲ့…
"ရိုးရိုးကျင့် မြင့်မြင့်ကြံ"
ဒီလိုနဲ့ သက္ကရာဇ်တွေ ရင့်မှည့်ကြွေကျကြ…။

● ဆာလောင်မှုတ်သိပ်နေတဲ့ အနာဂတ်ဟာ
ဘယ်အရောင်များ ဆေးခြယ်ထားပါသလဲ
မတွေးဝံ့ဘူးလို့ ဆိုချင်ဆို
လူပီသဖို့ အရေးအတွက်များ
ကျုပ်တို့ သေဆုံးခြင်းရဲ့နောက်ကွယ်မှာပဲ ရှိသင့်တယ်။




www.burmeseclassic.com

www.burmeseclassic.com




# မိုးရိပ်အလွှန်

## ရဲမြင့်နောင်

- တိမ်မည်းတွေ ထီးဆောင်းလို့
  ထက်ကောင်းကင် ချုန်းထစ်ညံ့ ...။

- လျှပ်မျှင်တွေ ရှိုးရှိုးရဲ
  မိုးမည်း(မဲ)သည်းထန်။

- သတိ,ပညာ
  တမံလျှင် ဆည်းကာထားပါလို့
  တိမ်လွှာကြား သက်တံခင်းမယ်
  လောကလင်းဖို့။

www.burmeseclassic.com

www.burmeseclassic.com

# ကျူးတို့

နွဲ့ဦးမွန် (ကျုံဒါး)

ကိုယ့်ကာယကံ၊ ကိုယ်ထံပြန်
ကိုယ့်ဝစီကံ၊ ကိုယ်ထံပြန်
ကိုယ့်မနောကံ၊ ကိုယ်ထံပြန်
သုံးပါးသောကံ၊ ပြုသူမှန်
ပဲ့တင်သံနှင့် တစ်ထပ်တည်း
ခံ့,စံမလွဲ၊ အမှန်ပဲလေ…။

လုပ်ရဲရင် ခံရဲတယ်တဲ့လား
ကျွဲကူးရေပါ
သေချာမလွဲ
မသိမှုချောက်နက်ထဲ
ရဲရဲသာခုန်ဆင်းချ
တစ်ခုတော့ရမယ်
မလွဲတဲ့အရိပ်သဏ္ဍာန်
(အဲဒါ …)
“ငရဲ”နဲ့ “နိဗ္ဗာန်”…။




www.burmeseclassic.com

www.burmeseclassic.com

# နှင်းရောက်ပြီဆို


မင်းရွှေမင်း( အင်းစိန် )

- လေတစ်ချက်ဝေ့ရင်ဖြင့်
မြေသက်ကာ ကြွေကြွေလျှော့ပါလို့
ရော်ရွက်ဝါ လွင့်ကာမျောရတယ်
ဟော…နှင်းရောက်ပြီကို။

- ရွက်မကျန် လက်ပံကိုင်းမှာဖြင့်
နေရိုင်းအပူခံလို့
နှင်းတေးသံချိုနှောတယ်
ရွှေညိုကြက တေးသီဆို…။

- လက်ပံပွင့်တွေက
လေပင့်ရာ ဝဲပျံကျလာတော့
မြေမခခင် ပြေးကာဖမ်းကြတယ်
ပန်းတစ်ပွင့် တူနှစ်ကိုယ်
တိုက်ဆိုင်တယ် ဆိုမလား။

- ပျိုမျစ်စဉ် အရွယ်ကလေးတွေနဲ့
နှစ်ကိုယ်ချစ် ကြင်ဖော်ရွေးမယ်လို့
စိတ်အတွေးဝင်ပါသော်လည်း
ချစ်ရေးကြမ္မာငင်လို့
ကညာခင် ပစ်ခွာသွားလေတော့
နှင်းများရောက်ပြီဆိုမှဖြင့်
ကြောက်လှသည် ဆိုပါရစေ
ငါ့နှလုံးသား…။




www.burmeseclassic.com

www.burmeseclassic.com

# ကျောက်ဆည်မြို့၏ ကျက်သရေဆောင်

## ရှေးဟောင်းသမိုင်းဝင်

# ရှင်ပင်ရွှေဆပ်သွားစေတီ

မြမဥ္စူဝေ(ကျုံမငေး)



...င်ရွှေဆပ်သွား အထပ်ရုပ်ပွားတော်မြတ်

မြန်မာပြည်၏ မြေလတ်ပိုင်း မြို့တစ်မြို့ဖြစ်သော ကျောက်ဆည်မြို့သို့ ခရီးစဉ် စီစဉ်ထားမှုမရှိဘဲ ရောက်ခဲ့ရပါသည်။ ကျောက်ဆည်မြို့သည် မင်းစဉ်အဆက်ဆက် ထီးနန်းစိုက်ခဲ့ဖူးသော နယ်တစ်နယ်လည်း ဖြစ်ခဲ့ဖူးသည်ဟု မှတ်သားရဖူးသောကြောင့် ရှေးဟောင်းသမိုင်းဝင်စေတီဘုရားများ ရှိနေသည်မှာ သေချာပါသည်။ ထို့ကြောင့် ကျောက်ဆည်မြို့နှင့်အတူ မနီးမဝေးရှိ စေတီဘုရားများသည် ရှေးဟောင်းသမိုင်းဝင် စေတီဘုရားများဖြစ်ကြောင်း စုံစမ်းသိရှိရသောကြောင့် ဦးစွာသွားရောက်ဖူးမြော်ခဲ့သော စေတီဘုရား၏ ဘုရားတည်သမိုင်းကို ရေးသားပူဇော်ဖော်ပြအပ်ပါသည်။


ဘုရားကြီး၏ဘွဲ့မည်မှာ ''ရှင်ပင်ရွှေဆပ်သွား'' ဟု ခေါ်ပါသည်။ ကျောက်ဆည်မြို့မှ အနောက်ဘက် ငါးမိုင်အကွာ 'ညောင်ရွှေ'ရွာအနီးမှာ တည်ရှိပါသည်။ ရှေးအခါက သီရိဓမ္မာသောကမင်း၏ ကောင်းမှုစေတီ 'မုဋ္ဌော'စေတီကို နောင်အခါ အနော်ရထာမင်းကြီးမှ ငုံ၍အသစ်တည်ထားသော စေတီဖြစ်ပါသည်။

လယ်တွင်းကိုးခရိုင်တွင် 'မုဋ္ဌော'ကိုးဆူရှိသည့် အနက် တစ်ဆူအပါအဝင် ဖြစ်ပါသည်။ ဦးဘသိန်းရေးသားခဲ့သော လယ်တွင်းကိုးခရိုင်နှင့် မုဋ္ဌောကိုးဆူသည် ဤနေရာဒေသနှင့် ဤစေတီပင်ဖြစ်ကြောင်း မှတ်သားရမှာဖြစ်ပြီး ဒေသခံစာပေလိုက်စားကြသူများကလည်း



www.burmeseclassic.com

www.burmeseclassic.com



ကြေးသွန်းရုပ်ပွားတော်နှင့်အတူ လိုဏ်ဂူဖွင့်စ ဖူးတွေ့ရသော အထပ်ရုပ်ပွားတော်

စေတီပေါင်း ရှစ်သောင်းလေးထောင် ဒါယကာကြီးတစ်ဦး ဖြစ်သည့် သီရိဓမ္မာသောကမင်း၏ ကုသိုလ်တော်စေတီကို ဒုတိယသာသနာပြုဝင်ဖြစ်သော ပထမမြန်မာနိုင်ငံတော်ကြီး ကိုတည်ခဲ့သော 'အနိရုဒ္ဓဒေဝ'(ခေါ်) အနော်ရထာမင်းကြီး မှ ငုံ၍တည်ထားခဲ့သည်ဟု ဆိုကြပြီး စေတီတော်၏ဘွဲ့မည် တွင် သာသနာပြု မင်းနှစ်ပါးကောင်းမှုဟု အမည်ထည့်ကာ ခေါ်ခဲ့ကြကြောင်းဆိုပါသည်။

ထိုအချိန်ခါက အနော်ရထာမင်းမြတ်သည် စမုံမြစ်၊ ပန်းလောင်မြစ်(ပန်းရောင်မြစ်)၊ ဇော်ဂျီမြစ်(မက္ခရာ) မြစ်သုံး သွယ်တို့ စီးဆင်းရာအရပ်တွင် ဆည်မြောင်းတာတမံများနှင့် စေတီဘုရားများတည်ခဲ့သည်ကို ကြည့်ရှုရန် တိုင်းခန် လှည့်လည်ရာတွင် မင်းတရားစီးသောဆင်တော်မှာ ညော ဝန်းရွာအနီးသို့ရောက်သောအခါ လေးဘက်ဒူးတုပ်က မလွတ်သော ဣန္ဒြေဖြင့်ဝပ်နေရာ ဆင်ထိန်းမှာ ချွန်းဖြ ပေါက်၍ ဆင်ကိုထစေရာ ခြေတစ်လှမ်းနှစ်လှမ်း လှမ်းပြ ပြန်ဝပ်နေပြန်၏။ မည်သို့ပင် နာကျင်အောင် လုပ်သေ လည်း အော်ဟစ်နေရုံမှတစ်ပါး လှုပ်ပင်မလှုပ်ဖြစ်နေပါသည်

မင်းကြီးကလည်း ဤအဖြစ်သည် ထူးခြားသည် တွေးမိပြီး ပညာရှိပုဏ္ဏားများအား မေးသောအခါ ပုဏ္ဏ များကလည်း သာသနာ့အရှင် အရှင်အရဟံမထေရ်မြတ် ဩဝါဒကိုခံယူလိုက်သည့်အခါ အရှင်အရဟံမထေရ်မြတ်

"မင်းကရား တိုင်းခန်းလှည့် လည်လာသည့်အ ထူးခြားသော နိမိတ်များ တွေ့လိမ့်မည်။ ယင်းဆင်မ



ရသေ့ကြီးဦးသွဲ့ ရုပ်တု



www.burmeseclassic.com

www.burmeseclassic.com



တူးဖော်ပြီးစ ဖူးတွေ့ရသော ရုပ်ပွားတော်

သာ ဝပ်သောနေရာ၌ နောင်လာနောင်သား ပြည်သူအများ ကိုးကွယ်ရန် ဘုရားစေတီ တည်ထားပူဇော်သင့်သည်"

ဟု မိန့်ဆိုလိုက်ပြီး ယခုတွေ့ရသည့် နိမိတ်မှာလည်း ရှင်မင်းမြတ်အား ဘုရားစေတီတည်ထားပူဇော်စေလိုသည့် အတိတ်နိမိတ်များပင်ဖြစ်ကြောင်း ပုဏ္ဏားတစ်ယောက်ကပါ မင်းကြီးအား လျှောက်ထားလိုက်ကြပါသည်။

မင်းကြီးကလည်း ဘုရားစေတီတည်ရန် သဘောတူခဲ့ပြီး မိမိပြုခဲ့သောကောင်းမှုကို ဆင်တော်မဟာ ညွှန်ပြနေပါစေသတည်းဟု အဓိဋ္ဌာန်မူလိုက်သောအခါ အမည်မသိ လူမသိသော အဘိုးအဘွား သူတော်စင်နှစ်ဦးက "ဆပ်သွားဖူး"တစ်ဖူးစီကိုင်ကာ မင်းကြီးအား ဆက်သလိုက်၏။ မင်းကြီးကလည်း "ရွှေဆပ်သွားစေတီ"ဟု တည်လိုက်ပါသည်။ ဆင်မယဉ်သာဝပ်ရာကိုလည်း 'ညောင်းရွှေရွာ'ဟု အမည်တွင်စေရာမှ "ညောင်းရွှေရွာ"၊ ထိုမှ



ဒါယကာ အနော်ရထာမင်းနှင့် မင်းသမီးစောမွန်လှ ရုပ်တု

"ညောင်ရွှေရွာ"ဟုတည်ခဲ့သော ဘုရားကြီးအား ဘုရားဝတ္တကမြေများကိုပါ လှူဒါန်းခဲ့တော်မူပြီး "ဆင်မတစ်ဟဲ" နယ်မြေအဖြစ်လည်း သတ်မှတ်ခဲ့ပါသည်။

မင်းကြီး တည်ထားစဉ်အခါက စေတီတော်၏ ဉာဏ်တော်အမြင့်မှာ ကိုးတောင်သာဖြစ်ပြီး အင်းဝခေတ်တွင် ထိုစေတီတော်ကိုငုံ၍ အုတ်စေတီအဖြစ် တည်ထားပူဇော်ခဲ့ပါသည်။

ရသေ့ကြီးဦးခန္တီလက်ထက်တွင်လည်း ရသေ့ကြီးကိုယ်တိုင်ကြွလာပြီး ကျောက်ဆည်မြို့ သင်ပုတ်ရွာသူကြီး ဦးမိုးမောင်၊ ညောင်ဝန်းရွာသူကြီး ဦးပန်းမွှေး၊ ကြက်လျှာရွာသူကြီး ဦးလု၊ ညောင်ရွှေရွာမှ ဦးချမ်းအေး၊ ကျောက်ဆည်မြို့မှ စက်သူဌေး ဦးသက်ထွန်းနှင့် ညောင်ရွှေရွာ ရပ်မိရပ်ဖများ စုပေါင်းတိုင်ပင်ကာ စေတီတော်ကြီးကို ဉာဏ်တော်အမြင့် ၇၅ တောင်မြှင့်၍ ထီးတော်ကို လဲလှယ်၍

www.burmeseclassic.com

www.burmeseclassic.com



ရသေ့ကြီးဦးခန္တီ၏ ကုသိုလ်တော် ကြေးပစ္စည်းများ

အသစ်တင်လှူခဲ့၏။

ကျောက်ဆည်မြို့နယ်၏ အနောက်ရွာဖြစ်သော "ရွာနန်းရွာ"မှ ဦးသန်းမြင့်၏ မှတ်စုတွင်တွေ့ရသော မှတ်သားမှုကိုလည်း ဤသို့ မှတ်သားခဲ့ရပါသည်။

ပထမမြန်မာနိုင်ငံတော်ကြီးကို တည်ထောင်တော်မူသည့် အနော်ရထာမင်းကြီးသည် သီရိဓမ္မာသောကမင်းကြီး၏ 'မုဋ္ဌော'စေတီကိုငုံကာ 'ဆပ်သွားစေတီ'ဟု တည်ထားပူဇော်ခဲ့၏ဟု မှတ်သားထားပါသည်။ ထိုမှတ်သားမှုကို ဒေသခံမိတ်ဆွေများမှ ထပ်ဆင့်ပြောပြခဲ့ပါသည်။

သမိုင်းမှတ်တမ်းများတွင်လည်း အနော်ရထာမင်းကြီးတည်ထားခဲ့သော 'ဆပ်သွား'စေတီတော်မှာ မုခ်လေးမုခ်ရှိကြောင်းနှင့် ထိုစေတီကို အုတ်စေတီနှစ်ထပ်၊ ကျောက်စေတီနှစ်ထပ် ငုံ၍တည်ထားကြောင်း၊ အုတ်သားစေတီ ကုသိုလ်ရှင်များမှာ ပုဂံခေတ်၏ ခေတ်နှောင်းဘုရင်တစ်ပါးနှင့် အင်းဝဘုရင် ကျော်စွာမင်းဖြစ်ပြီး ကျောက်သားစေတီကိုမူ သက္ကရာဇ် ၁၂၆၄ ခုနှစ်က ဂိုဏ်းထောက်ဆရာတော် ဦးဂိနဦးဆောင်၍ နယ်သူနယ်သားများက တစ်ထပ်၊ သက္ကရာဇ် ၁၂၉၃ ခုနှစ်တွင် ရသေ့ကြီး ဦးခန္တီဦးဆောင်၍ နယ်သူနယ်သားများ ကုသိုလ်ဖြင့် တစ်ထပ်ပူဇော်ခဲ့၏ဟု ဆိုထားပြန်ပါသည်။

သာသနာပြု မင်းကောင်းမင်းမြတ် ကုသိုလ်ရှင် သူတော်စင်များ၏ စေတနာသဒ္ဓါအားများကြောင့် 'ရှင်ပင်ရွှေဆပ်သွား'စေတီတော်ကြီးသည် အုတ်သားစေတီများ၏ ပစ္စယံအဆင့်ဆင့်နှင့် ထီးတော်များ[...] မဖူးမြင်ရသေးသော်လည်း ပုဂံ၊ [...] စိုင်း၊ ပင်းယ၊ အင်းဝ၊ ညောင်ရမ်[...] ကုန်းဘောင်မင်းအဆက်ဆက်တို့ တ[...] ထားပူဇော်ခဲ့သည့် အထပ်ထပ်သေ[...] ရုပ်ပွားတော်များသည် အတိအ[...] ကိန်းဝပ်နေပါသည်။ ရသေ့ကြီး ဦး[...] သွန်းလုပ်ပူဇော်ခဲ့သော ကြေးသွန်း[...] ပွားတော်အောက်ခြေရှိ ပလ္လင်ဝေ[...] လိုဏ်အတွင်းသို့ ဝင်ကြည့်သောအ[...] လည်း နှစ်ထပ်ရုပ်ပွားများကို ဖူး[...] ခဲ့ရ၏။

ရုပ်ပွားတော်မြတ်များသည် [...] သောအားဖြင့် နှစ်ထပ်–သုံးထပ် ငုံထားသော အထပ်[...] ပွားတော်များဖြစ်သည်။ တူးဖော်ထားသော သာသ[...] မြေအောက်တွင်လည်း ဌာပနာပစ္စည်းများကို အ[...] ထပ်ဖြင့် တူးဖော်တွေ့ရှိခဲ့ရာ မှတ်တမ်းတင်၍ထားသ[...] ကိုပင် ဖူးတွေ့ရပါသည်။

သုံးကြိမ်သုံးခါ တူးဖော်မှုတွင်တွေ့ရှိရသော ဌာ[...] ပစ္စည်းများ၊ အုတ်ခွက်ပစ္စည်းများ၊ ရုပ်ပွားဆင်းတုမျာ[...] လည်း မှတ်တမ်းတင်ထားပါသည်။ ဟိုယခင်အခ[...] ပထမဒါယကာ သီရိဓမ္မာသောကမင်း၏ ကောင်းမှု[...] ရေကန်တော်ကြီးကိုလည်း ရှေးမူမပျက် ပြန်လည်ပြ[...] ထားပါသည်။

ကျောက်ဆည်မြို့နှင့် မဝေးလှသောအရပ်တွင် [...] ဟောင်းအမွေခံ ရှင်ပင်ရွှေဆပ်သွား စေတီတော်ကြီး[...] မြို့ရွာဒေသအတွက်ပါမက တိုင်းနိုင်ငံအတွက်ပါ ဂုဏ်[...] သရေတက်စေသော ရှေးဟောင်းစေတီဘုရား တစ်[...] ပါသည်။

**မြမဥ္ဇူဝေ(ကျုံမဝေ[...]**

<u>မှီငြမ်းမှု</u>

၁။ စာရေးသူ၏ ကျောက်ဆည်မြို့ ဘုရားဖူးမှတ်တမ်[...] (၉. ၁၂. ၂၀၁၀)

၂။ ရှင်ပင်ရွှေဆပ်သွားစေတီ၏ ဘုရားသမိုင်း (မိုး–အကျောက်ဆည်)



www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com

# ဘေသဇ္ဇဂုရု ဝေဠုရိယပ္ပဘာ မြတ်စွာဘုရား

## ဆေးဘုရား

■ ပထမဆရာဦးအောင်သူ



ဆေးဘုရား


ပြတိုက်ကြီးသည် ခမ်းနားကြီးကျယ်စွာ ရခိုင်ပြည်နယ်
စစ်တွေမြို့ တရားသိစုရပ်ရှိ မဟာကုသလ ကျောင်းတော်
ကြီးတွင် ကျေးဇူးရှင် ဆရာတော်ဦးဝဏ္ဏိတ၏ ထိန်းသိမ်း
စောင့်ရှောက်မှုဖြင့် ကြည်ညိုဖွယ်ရာ ပူဇော်ခံလျက်ရှိနေ
ပါသည်။ အနွှင့်ဒ ခါကြုံပါက ဝင်ရောက်ဖူးမြော် ကြည်
ညိုနိုင်ရန် ရေးသားတင်ပြအပ်ပါသည်။ ယခုအချိန်၌
လည်း ဆရာတော်ဦးဝဏ္ဏိတ သီတင်းသုံးရာ ရာဇဂြိုဟ်
ပရိယတ္တိစာသင်တိုက်၊ ယုဇနမြို့သစ်အနီးတွင် သာသနာ
ပြုလုပ်ငန်းများ ဆောင်ရွက်တော်မူနေပါသည်။ ဆရာ
တော် ဦးဝဏ္ဏိတမှာလည်း ဆင်းရဲနွမ်းပါးသော ကလေး
များအား အခမဲ့ဘုန်းတော်ကြီးသင်ကျောင်းကို ဖွင့်လှ
ထားရှိပြီး ဆရာ၊ ဆရာမများကိုလည်း လုံလောက်စွ
ထားရှိလျက် မူလတန်းမှ ရှစ်တန်းအထိ ပညာသင်ကြာ
လျက်ရှိကြောင်း တွေ့ရှိရပါသည်။ ရှစ်တန်းအောင်မြ
ပါက အခြားသော အထက်တန်းပညာကို ဆက်လ
တက်ခွင့်ရရှိရန် ဆောင်ရွက်ပေးသည်ဟု သိရပါသည်
သံဃာတော် စာသင်သားများကိုလည်း ထားရှိလျ
ပရိယတ္တိစာပေများ သင်နိုင်ရန် စီစဉ်ပေးလျက်ရှိပါသည်
ဆရာတော်သည် ဘာသာသာသနာရေးကို အထူးကြ
ပမ်းဆောင်ရွက်တော်မူသည့်အပြင် ဆရာတော်
စစ်တွေမြို့မှ ပင့်ဆောင်လာခဲ့သော ရခိုင်ရှေးဟော
မဟာကျန်ဘုရားကြီးနှင့် ၁၁ ဆူသော ရုပ်ပွားတော
များမှာလည်း ဆရာတော်ကျောင်း၌ ဖူးမြော်နိုင်ပါသ
ပင့်ဆောင်ပူဇော်လိုသူများလည်း ဆရာတော်ထံ ဆ
သွယ်၍ ပင့်ဆောင်နိုင်ပါသည်။

ဗုဒ္ဓမြတ်စွာဘုရား သက်တော်ထင်ရှားရှိစဉ်က တတိယ ဓညဝတီခေတ် ဘီစီ ၅၈၀ မှ ၃၂၆ ဘုရင်စန္ဒသူရိယလက်ထက်၌ သွန်းလုပ်တော်မူသော မဟာမြတ်မုနိ ရုပ်ရှင်တော်မြတ်ကြီး၏ ပလ္လင်တော်အောက်မှ ရရှိသည့် မဟာကျန်ရုပ်ပွားတော်များ အပါအဝင် ဗုဒ္ဓရုပ်ပွားတော်အဆူပေါင်း တစ်သိန်းနီးပါးနှင့် ဓာတ်တော်ပေါင်း နှစ်သန်းကျော်ခန့် ကိန်းဝပ်စံပျော်တော်မူရာ ဗုဒ္ဓ



www.burmeseclassic.com

www.burmeseclassic.com




## 'ဗုဒ္ဓဂုဏ'ဘွဲ့တံဆိပ်တော်ရ ရခိုင်ဘုရားဂါထာတော်

**ဗုဒ္ဓ ဉာဏ သုဒုလ္လဘံ ဓရမာနံ သရူပကံ ဂုဏေနသက သဒိသံန မေဃကာရာ ပိတံစိနံ ပူဇေနာနေန သဗ္ဗမှိ သမိဇ္ဈန္တု ယတိစ္ဆတံ။**

သုဒုလ္လဘံ–အလွန်ရခဲလှသော၊ ဗုဒ္ဓဉာဏံ-ဘဗ္ဗညုတဘုရားဉာဏ်တော်ကို၊ ဓရမာနံ–ဆောင်ရွက်တော်မူသော ကိုယ်တော်ထင်ရှား ရှိစဉ်တော်မူစဉ်၊ ဂုဏေန–ဂုဏ်ကျေးဇူးအားဖြင့်၊ သကသ ဒိသံ–ကိုယ်တော်နှင့် ကပ်တူထပ်မျှ ဖြစ်သော၊ သရူပကံ–ကိုယ်တော်အား ဆင်းတုတော်ကို၊ ကာရာပိတံ-ပြုစေတော်မူခဲ့သော၊ ဇိနံ-အောင်မြင်ခြင်းကျေးဇူးနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားကို၊ နမော-ရှိခိုးပါ၏။ နာနေန မုညေန–ဤသို့ရှိခိုးရသော ကောင်းမှုကြောင့် အလုံးစုံသောသူသည်လည်း၊ ယထိစ္ဆိတံ–အလိုရှိတိုင်း၊ သမိဇ္ဈတု –ပြည့်စုံပါစေသတည်း။

ကျွန်ုပ်သည် ယခုတင်ပြမည့် ဆေးဘုရားသည် အလွန်ထူးဆန်း အံ့သြဖွယ်ကောင်းပါသည်။ ဤဆေးဘုရားဖြင့် မိမိတို့ ခံစားနေရသော ရောဂါဝေဒနာများ သက်သာပျောက်ကင်းနိုင်ကြောင်း၊ ၎င်းပြင် လာဘ်လာဘအနေနှင့်လည်း ပြည့်စုံနိုင်ပါကြောင်း ဆေးဘုရားကို မိမိတို့နေအိမ်သို့ ပင့်ဆောင်၍သော်လည်းကောင်း၊ ဆေးဘုရားပုံတော်ဖြင့်လည်းကောင်း မိမိတို့လိုသလို ဆောင်ရွက်နိုင်ပါကြောင်း အသိပေးအပ်ပါသည်။ ယခု ပူးတွဲဖော်ပြပါ ဆေးဘုရားသည် ဝိဇ္ဇာ၊ ဇော်ဂျီ၊ တပသီများ စီရင်ကိုးကွယ်ခဲ့ကြောင်း ဆရာတော်မှ မိန့်တော်မူပါသည်။ ၎င်းပြင် ဝိဇ္ဇာအပေါင်းတို့၏ ဓာတ်လုံးများဖြင့် စီမံထားသည်ဟုလည်း သိရပေသည်။ ဆေးဘုရားဂါထာတော်ကိုလည်း ရေးသားလိုက်ပါသည်။

### ဆေးဘုရား ဂါထာတော်

**ကူမိနာ ဘေသဇ္ဇ ပိဝယေန မယှံ ရောဂေါ ဝိနဿတု။**

ကူမိနာ ဘေသဇ္ဇပိဝယေန–ဘုရားရှင် ပေးသနားတော်မူသော ဤဆေးတော်မြတ်ကို သုံးဆောင်မှီဝဲရပါသဖြင့်၊ မယှံ–တပည့်တော်၏၊ ရောဂါ–ရောဂါဝေဒနာအပေါင်းသည်၊ ဝိနဿတု–ပျောက်ကင်းပါစေသတည်း(ဝါ) ကောင်းပါစေသတည်း။

ဆေးဘုရားပုံတော် ပူဇော်သူများသည် နံနက်စောစောဖြစ်စေ၊ မိမိအလိုရှိသောအခါဖြစ်စေ ဆေးဘုရားရှေ့တွင် ရေတစ်ခွက်ထား၍ ငါးပါးသီလ ခံယူဆောက်တည်ကာ ထိုရေကို ဆေးဘုရား၏ ဆေးတော်ရေအဖြစ် ပေးသနားပါရန် ယုံကြည်စွာ လျှောက်ထားတောင်းခံပါ။ ထို့နောက် ဆေးဘုရားဂါထာဖြင့် ၎င်းရေကို ၉ ခေါက်မန်း ဤရောဂါ ဝေဒနာအားလုံး ပျောက်ပါစေဟု အာရုံပြုကာ သောက်ပါ။ မိမိကိုယ်ကို လိမ်းပါ။ မျက်စဉ်းခပ်ပါ။ ဝေဒနာအလိုက် အသုံးပြုပါ။ သင့်ဝေဒနာများ ပျောက်ကင်း၍ အစစ်ရှင်လန်း သာယာမှုအပေါင်း ခညောင်းလာပါလိမ့်မည်။

***စကားချပ်*** *။ (ဤဆေးဘုရား၏ ပလ္လင်ခံသည် ပိတုန်းခံဖြစ်သည်။)*

အထက်ပါ ဆေးဘုရားပုံတော်များကို ပူဇော်လိုသူများသည် ဖော်ပြပါ လိပ်စာဖြင့်ဖြစ်စေ၊ ဖုန်းဖြင့်ဖြစ်စေ ဆက်သွယ်နိုင်ပါသည်။

ဆရာမဒေါ်နုနုအောင်၊ ဖုန်း-၂၉၀၆၃၄၊ ၂၉၂၆၆၃၊ တိုက် (၇)၊ အခန်း (၉)၊ လမ်း ၅၀၊ ကုန်သည်လမ်းထောင့်၊ ဗိုလ်တထောင်မြို့နယ်။

**ပထမဆရာဦးအောင်သူ**



www.burmeseclassic.com

www.burmeseclassic.com

# နုပျိုကျန်းမာသက်ရှည်စေဖို့
# ဘေသဇ္ဇဂုရု ရုပ်ပွားတော်

မြတ်ဘုန်းနိုင်



ဘေသဇ္ဇဂုရု (ခ) ဆေးဘုရားရုပ်ပွားတော်

၁၉၉၀ ပြည့်နှစ်ခန့်က ကျွန်တော် ရှမ်းပြည်နယ်တောင်ပိုင်း၊ ဖယ်ခုံမြို့နယ်ရှိ ဘကြီးတော်စပ်သူ ဦးတင်ရွှေ နေအိမ်သို့ အလည်ရောက်ခဲ့ပါသည်။ ဘကြီးသည် တိုင်းရင်းဆေးဆရာကြီး တစ်ဦးဖြစ်၏။ နေအိမ်၌ပင် ဆေးခန်းဖွင့်ထားပါသည်။ ဘကြီး ဦးတင်ရွှေသည် ဗုဒ္ဓဘာသာကိုးကွယ်သူတစ်ဦး ဖြစ်သော်လည်း ဇနီးဖြစ်သူမှာ ခရစ်ယာန်ဘာသာကိုးကွယ်သူတစ်ဦး ဖြစ်ပါသည်။ သမီးနှစ်ယောက်ရှိ၏။ တစ်ဦးက ဗုဒ္ဓဘာသာကိုးကွယ်ပြီး တစ်ဦးက ခရစ်ယာန်ဘာသာ ကိုးကွယ်ပါသည်။ နေအိမ်အပေါ်ထပ်တွင် ဗုဒ္ဓဘာသာ ဘုရားခန်းရှိသကဲ့သို့၊ ခရစ်ယာန်ဘာသာ ဘုရားခန်းလည်း သီးခြားစီပြုလုပ်ထားပါသည်။

ဘကြီး၏ ဘုရားခန်းအတွင်း ထူးခြားသပ္ပာယ်စွာ စံပယ်နေသော ဘုရားတစ်ဆူကို ဖူးတွေ့ရပါသည်။ သရက္ခန်သားနှင့် ထုလုပ်ထားသော "ဆေးဘုရား" ဟု ဘကြီးပြော၍ သိရပါသည်။ ဉာဏ်တော်ကိုးလက်မ ရှိပါသည်။ မင်းဝတ်တန်ဆာများဆင်မြန်းထားပြီး တင်ပလ္လင်ခွေထိုင်နေတော်မူ၍ ဘယ်ဘက်လက်တွင် အမြိုက်အိုးနှင့် ညာဘက်လက်ခလယ်၊ လက်မတို့ဖြင့် သစ်စေ့ပုံသဏ္ဌာန်တစ်စုံတစ်ခု ကိုင်ထားပါသည်။

ဘကြီးမှ ၎င်းတို့ ဆေးပညာသင်ယူရာတွင် ဆေးဘုရားရှေ့၌ သရဏဂုံငါးပါး သီလဆောက်တည်ကာ "မေတ္တာရှေ့ထားပြီး အသ[ြ]ကို မမက်



www.burmeseclassic.com

www.burmeseclassic.com

ဆော မစဉ်းစားဘဲ သတ္တဝါတို့၏အသက်ကို ကယ်တင်ပါမည်" ဟု ရှေးဦးစွာ သစ္စာဆိုရကြောင်း။ ဆေးကုသရာတွင် အခက်အခဲများကြုံတွေ့ရပါက ဆေးဘုရားရှေ့တွင် ကိုးပါးသီလစောင့်ထိန်း၍ အဓိဋ္ဌာန်ဝင်ရောက် ဆုတောင်းက အောင်မြင်ပြီးစီးကြောင်း။ ဆေးနည်းကောင်းများ ရရှိတတ်ကြောင်းဖြင့် ပြောပြပါသည်။

ထိုစဉ်က ကျွန်တော်သည် ငယ်ရွယ်သူဖြစ်၍ ဘကြီးပြောသည်ကို စိတ်မဝင်စား။ "ဘုရားဟာ ဘုရားပဲ၊ ဆေးဘုရားဆိုတာ မရှိဘူး။ မြန်မာ့တိုင်းရင်းဆေးဆရာတွေဟာ ဒီလိုပဲ"ဟု ပေါ့လျော့စွာ မိမိ၏ အသိဉာဏ်တစ်ထွာတစ်မိုက်ဖြင့် အလေးမထားမိခဲ့။


တစ်ဖန် လွန်ခဲ့သော ငါးနှစ်ခန့်က ကျွန်တော့်ဇနီး ကျက်ကပ်မကောင်း၍ သမားတော်ကြီးတစ်ဦးနှင့် သွားရောက်ပြသပါသည်။ ဆေးခန်းအတွင်း ဘုရားခန်း၌ ဘယ်ဘက်လက်တွင် အမြိုက်အိုး၊ ညာဘက်လက် လက်ညှိုးနှင့် လက်ဖဝါးကြား သစ်စေ့ကိုင်ထားသော ကြည်ညိုဖွယ်ရာ ဘုရားတစ်ဆူ ဖူးတွေ့ရပါသည်။ နှုတ်မှလည်း ဇနီးဖြစ်သူအား "ဆေးဘုရား၊ ကျန်းမာရေးအတွက် ဆုတောင်းလိုက်"ဟု ပြောလိုက်ပါသည်။

သမားတော်ကြီးက ပြုံးလျက် "မှန်တယ်၊ ဒါ ဆေးဘုရားလို့ခေါ်တဲ့ ဘေသဇ္ဇဂုရု ရုပ်ပွားတော်မြတ်။ ကျန်းမာရေးနဲ့ပတ်သက်လို့ပဲဖြစ်ဖြစ်၊ ဆေးကုသရေးနဲ့ ပတ်သက်လို့ပဲဖြစ်ဖြစ် အကျိုးထူးတွေကို ဖြစ်ပေါ်စေတယ်။ အဘိုးအဘွားတွေ အထက်ထက်ကတည်းက ယုံကြည်စွာ ကိုးကွယ်ခဲ့လို့ ကောင်းကျိုးအနှံ့ ခံစားရပါတယ်"ဟု ပြောပြပါသည်။

နှစ်ကြိမ်တိုင်တိုင် ဆေးဘုရားအား ဖူးတွေ့ခဲ့ရ၍ ကျွန်တော့်ရင်ထဲ နှလုံးသားအတွင်းမှ ဆေးဘုရားနှင့်ပတ်သက်၍ သိချင်လာပါသည်။ စိတ်ဝင်စားလာပါသည်။ ထို့ကြောင့် ဆက်လှမ်းမီသမျှ လေ့လာခဲ့ပါသည်။ စုံစမ်းခဲ့ပါသည်။

## ဘေသဇ္ဇဂုရု (ခ) ဆေးဘုရားရုပ်ပွားတော်

ကျွန်တော်တို့အခေါ် ဆေးဘုရားရုပ်ပွားတော်ကို "ဘိသက္ကဂုရု"ဟုလည်းကောင်း၊ "ဘေသဇ္ဇဂုရု"ဟုလည်းကောင်း ခေါ်ဆိုကြောင်း သိရပါသည်။ မဟာယာနဗုဒ္ဓဘာသာဝင်များက အထွတ်အမြတ်ထား ထုလုပ်ကိုးကွယ်ကြပါသည်။ ၎င်းတို့မှ "ဘဲဂဇ္ဇုဂုရု"ဟု အသံထွက်ခေါ်ဆိုကြပါသည်။ အိန္ဒိယနိုင်ငံနှင့် ဂျပန်နိုင်ငံများတွင်လည်း ထုလုပ်ကိုးကွယ်ကြပါသည်။ ဂျပန်ဘာသာဖြင့် "ယကုရှိညောရဲ" (YAKU SHIN YORAI) ဟု ခေါ်ပါသည်။



ဇီးကုန်းမြို့မှ လယ်မကျေးရွာ ဖောင်တော်ဦးဆုတောင်းပြည့်စေတီ

မြန်မာနိုင်ငံ ဆေးဘုရား (ခ) ဘေသဇ္ဇဂုရုရုပ်ပွားတော်မြတ်များကို နေရာဒေသ အတော်များများတွင် ထုလုပ်ကိုးကွယ်ကြပါသည်။ သတိမထားမိ၍သာ နီးလျက်ဝေးနေကြပါသည်။ တစ်စုတစ်ဝေးတည်း ဆေးဘုရားများ တည်ရှိရာနေရာသည် "ပင်းယ၊ ရွှေဥမင်ဂူ" ဖြစ်၍ ဘေသဇ္ဇဂုရု (ခ) ဘိသက္ကဂုရု ဆင်းတုတော်ပေါင်း ၇၀ ကျော် ရှိပါသည်။ ထိုရုပ်ပွားဆင်းတုတော်များမှ ရှေးအကျဆုံးဟု ယူဆနိုင်သော "ဘေသဇ္ဇဂုရု"ဆင်းတုတော်နှစ်ဆူမှာ ၁၁၄၀၊ တပေါင်းလဆုတ် ၄ ရက်၊ ၁၇၇၉၊ မတ်လ ၅ ရက်နှင့် ၁၁၅၁၊ တပေါင်း



www.burmeseclassic.com

www.burmeseclassic.com

လဆုတ် ၅ ရက်၊ ၁၇၇၉၊ မတ်လ ၁၅ ရက်ဟု ပလ္လင်နောက်ကျောတွင် ရေးထိုးထားသော သစ်သားရုပ်ပွားတော်များ ဖြစ်ပါသည်။

"ဘေသဇ္ဇဂုရု" ဆင်းတုတော်များကို တင်ပလ္လင်ခွေထိုင်လျက် မျက်လွှာချထားပြီး ဈာန်ဝင်စားနေသည့်သဏ္ဌာန်ထုဆစ်တတ်ကြပါသည်။ နာခေါင်းတော်မှာ ချွန်၍ နာရိုးသွယ်တန်းဆင်းပုံ ထင်ရှားပါသည်။ နှုတ်ခမ်းတော်စုစုနှင့် ပါးစောင်နှစ်ဖက် အနည်းငယ်မြင့်ကာ ပြုံးနေသည့်သဏ္ဌာန် ဖြစ်ပါသည်။ ဥဏှိသမို့မောက်နေ၍ ဆံတော်မှာ ပုတီးလုံးများစီထားသည့်ပုံ၊ ပြောင်ချောနေသော ပုံစံများဖြင့် ထုဆစ်ပါသည်။

သင်္ကန်းတော်အရောင်ကို ရွှေရောင် (သို့မဟုတ်) စိမ်းပြာရောင် (သို့မဟုတ်) အပြာရင့်ရောင် ရေးခြယ်တတ်ပြီး မင်းဝတ်တန်ဆာနှင့်လည်း ထုလုပ်တတ်ပါသည်။ ညာဘက်လက်အား ပက်လက်ထား၍ လက်မနှင့် လက်ညှိုးတော် (သို့မဟုတ်) လက်မနှင့် လက်ခလယ်တော် (သို့မဟုတ်) လက်ခလယ်နှင့် လက်ဖဝါးပြင်ကြားတို့တွင် ဇီဇသက်စေ့ (ခ) ဖန်ခါးသီးအား ညှပ်လျက် ကိုင်ထားပါသည်။ ဘယ်ဘက်လက်ဖဝါးပြင်ပေါ်တွင် အမြိုက်ရေစင်အိုး (သပိတ်)ကို အဖုံးနှင့်တင်ထားပါသည်။

ဇီဇသက်စေ့ (ခ) ဖန်ခါးသီးသည် မျိုးဆက်အသစ်ပေါက်ဖွားခြင်း၊ ကြီးပွားတိုးတက်စေခြင်း အဓိပ္ပာယ်ဆောင်၍ အမြိုက်ရေစင်အိုး(သပိတ်)သည် အိုသူကို နုပျိုစေခြင်း၊ အသက်ရှည်စေခြင်း၊ ငယ်သူကို ကြီးပွားတိုးတက်စေခြင်းတို့ အဓိပ္ပာယ်ဆောင်ပါသည်။ ဇီဇသစ်စေ့နှင့် အမြိုက်ရေစင်အိုး နှစ်မျိုးပေါင်းစပ်ထားခြင်းသည် ရှင်သန်ပေါက်ဖွား တိုးတက်လာစေခြင်း၊ ပြန်လည်နုပျိုစေခြင်း၊ အသက်ရှည်၍ အနာကင်းမဲ့ အဆင်းလှစေခြင်းသဘောကို ဆောင်သည်။

ထို့ကြောင့် ရောဂါဝေဒနာ ခံစားနေရသူများ၊ ကျန်းမာရေးမကောင်းသူများသည် ဆေးဘုရား (ခ) ဘိသဇ္ဇဂုရု (ခ) ဘေသဇ္ဇဂုရု ရုပ်ပွားတော်မြတ်ရှေ့တွင် ကျန်းမာရေးကောင်းမွန်စေရန် ဆရာကောင်း၊ ဆေးကောင်းနှင့် တွေ့ဆုံနိုင်စေရန် ဆုမွန်ကောင်းများ တောင်းကြပါသည်။

## ဇီးကုန်းမြို့မှ ဘေသဇ္ဇဂုရုရုပ်ပွားတော်

ယခုအခါ "ဘေသဇ္ဇဂုရု"ဆင်းတုရုပ်ပွားတော်အား ပဲခူးတိုင်း(အနောက်ပိုင်း)၊ ဇီးကုန်းမြို့နယ်၊ လယ်မကျေးရွာ ဖောင်တော်ဦးဆုတောင်းပြည့်စေတီတော်မြတ်ကြီး ပရိဝုဏ် အတွင်း သွားရောက်ဖူးမြော်နိုင်ပါသည်။ ကျွန်တော်တို့မိသား သည် ၁-၁-၂၀၀၉ နေ့တွင် ဇီးကုန်းမြို့မှ စာရေးဆရာမျာ ဖြစ်ကြသော မင်းသွေးနွယ်(ဇီးကုန်း)၊ သူရိန်ဝင်း(ဇီးကုန်း ကိုသက်(ဇီးကုန်း)၊ ကြည်ကြည်(ကြက်ခြေနီ)နှင့် ဆရာကြီး ဦးအောင်သိန်း(အ-ထ-ပြ၊ ငြိမ်း)တို့၏ လိုက်ပါပို့ဆောင်ပေး မှုကြောင့် အားပါးတရ နဖူးနှင့်တိုက်၍ ဖူးတွေ့ခဲ့ရပါသည်။

ဘေသဇ္ဇဂုရုဆင်းတုတော်သည် ဥဏ်တော်အမြင့် တစ်တောင်ခန့်ရှိမည်ဟု ခန့်မှန်းရပါသည်။ ရွှေအတိချထာ ကြည်ညိုဖွယ်ရာ အလွန်ကောင်းပါသည်။ အလောင်းစည်သူ မင်းကြီး ဖောင်တော်နှင့် တိုင်းခန်းလှည့်လည်ရာတွင် ယ ဇီးကုန်းမြို့နယ်၊ လယ်မကျေးရွာ၌ မြန်မာသက္ကရာဇ် ၄၅ ခုနှစ်၌ ဖောင်တော်ဆိုက်ကပ်ခဲ့ပြီး ဖောင်တော်ဦးဆုတောင် ပြည့်စေတီတစ်ဆူ တည်ထားပူဇော်ခဲ့ပါသည်။

နှစ်ကာလကြာသောအခါ ဖောင်တော်ဦးစေတီတော် မြတ်ကြီးသည် ပြိုပျက်ခဲ့ရပါသည်။ ချုံနွယ်ပိတ်ပေါင်းနှ နွယ်ပင်များကြား တိမ်မြုပ်၍ ကွယ်ပျောက်နေခဲ့ပါသည်။ စေတီရှိမှန်းပင် မသိကြ။ လူဦးရေ တိုးပွားလာသည်နှင့်အမျှ ရွာများ ဟိုးခဲ့လာသောအခါ စေတီပျက်ကြီးသည် ရွာအစ သို့ ရောက်သွားပါသည်။

**ကျောက်ဖျာကြီးအား ဖော်ထုတ်မည်လုပ်ရာ တော်သဲသံ၊ ရေစီးသံ၊ လှိုင်းပုတ်သံ၊ လေလှော်သံ၊ ညာသံပေး အော်သံတို့ဖြင့် ဆူညံလာပါသည်။ ပတ်ဝန်းကျင်တစ်ခွင်လုံးမှလည်း မိုးသားတိမ်လိပ်တို့ မည်းမှောင်တက်လာကာ မိုးကြိုးများပစ် ထစ်ချုန်းလာပါသည်။**



www.burmeseclassic.com

www.burmeseclassic.com

မြန်မာသက္ကရာဇ် ၁၂၉၄ ခုနှစ်တွင် ချုံနွယ်ပိတ်ပေါင်း ဖုံးလွှမ်းပျောက်ဆုံးနေသော စေတီပျက်ကြီးဆီမှ ဝါစိမ်းနီပြာ ဆော်ငွေရောင်တို့ တောက်ပစွာဖြင့် ရောင်ခြည်တော်များ ကွန့်မြူးခဲ့ပါသည်။ ရွာသူရွာသားများ ဖူး၍မဝ ကြည်နူးလွန်း ၍ မျက်ရည်များပင် ကျလာကြပါသည်။

စေတီတော်အား ဖုံးအုပ်လျက်ရှိသော ချုံနွယ်ပိတ် ပေါင်းတို့အား ဝိုင်းဝန်းရှင်းလင်းကြသောအခါ စေတီပျက်ကြီး တွင် ရေမအခေါင်းပေါက်ကြီးတစ်ခု တွေ့ရ၍ ဆိုင်ရာပိုင်ရာ များ ခွင့်တောင်းပြီး ဝင်ကြည့်ကြပါသည်။ ထိုအခါ ဗုဒ္ဓရုပ်ပွား ဆင်းတုတော် လေးဆူအား ဖူးတွေ့ရပါသည်။ တစ်ဆူမှာ ဘေသဇ္ဇဂုရု (ခ) ဘိသက္ကဂုရု ဆေးဘုရားဖြစ်ပါသည်။ ထို့ အပြင် ငွေသားဆင်းတု၊ ရွှေသားဆင်းတု၊ ရွှေကြက်ဥ၊ ငွေ ကြက်ဥ၊ ရွှေနာတောင်းကြီးများ ဓာတ်တော်ကြုပ်များ စသည် ဖြင့် ရှေးအသုံးအဆောင် ရတနာပစ္စည်းမျိုးစုံတို့ကိုလည်း တွေ့ရှိရပါသည်။

တူးဖော်ရင်း စေတီအောက်ခြေ၌ ကျောက်စာများ ရေးထိုးထားသော ကြီးမားလွန်းသည့် ကျောက်ဖျာကြီးတစ် ချပ်ကို တွေ့ရှိရပါသည်။ ထိုကျောက်ဖျာကြီးအား ဖော်ထုတ် ညည်လုပ်ရာ တော်သဲသံ၊ ရေစီးသံ၊ လှိုင်းပုတ်သံ၊ လေလှော် ... ညာသံပေး အော်သံတို့ဖြင့် ဆူညံလာပါသည်။ ပတ်ဝန်း ကျင်တစ်ခွင်လုံးမှလည်း မိုးသားတိမ်လိပ်တို့ မည်းမှောင်တက် လာကာ မိုးကြိုးများပစ် ထစ်ချုန်းလာပါသည်။ လျှပ်ပန်းလျှပ် နွယ်များ ကောင်းကင်တစ်ပြင်လုံး တောက်ပလင်းလက်ကြ ၍ စိတ်နှလုံး တုန်လှုပ်ချောက်ချားလာကြပါသည်။ ထို့ကြောင့် တောင်းပန်၍ ကျောက်ဖျာအား ဆက်မတူးဘဲ မြေဖို့ပစ်ခဲ့ ပါသည်။

မြန်မာသက္ကရာဇ် ၁၂၉၄ ခုနှစ်တွင် အများပြည်သူ ကောင်းမှုဖြင့် ဖောင်တော်ဦး ဆုတောင်းပြည့်စေတီအား အသစ်ပြန်လည် တည်ထားခဲ့ပါသည်။ ရုပ်ပွားတော်လေးဆူ အား ဌာပနာပြန်မထည့်ထားဘဲ အများပြည်သူ ဖူးမြော်နိုင် ရန် စေတီတော်မြတ်ကြီး ရှာဘက်လှည့်သော မုခ်ပေါက်၌ မှန်ကုဋိတိုက် တည်ဆောက်ကာ ကိန်းဝပ်စံမြန်းနေပါသည်။

မြန်မာသက္ကရာဇ် ၁၃၃၈ ခုနှစ်တွင် ရုပ်ပွားတော် လေးဆူထဲမှ ဘိသက္ကဂုရု (ခ) ဘေသဇ္ဇဂုရု ဆေးဘုရားရုပ် ပွားတော်မြတ်သည် ပျောက်ဆုံးခဲ့ပါသည်။ သတင်းစုံစမ်း၍ မရဘဲ နေ့ရက်များစွာ ကုန်လွန်ခဲ့ပါသည်။ သို့သော် ရွာနှင့် မလှမ်းမကမ်း ထန်းတောဘက်မှ ကျီးများ အချိန်အခါမဟုတ် ဘဲ အော်မြည်နေ၍ သွားကြည့်ပါသည်။ ထိုအခါ တောတန်း ၏ ချုံပုတ်တစ်ခုအတွင်း ထန်းလက်များ အုပ်မိုးကွယ်ဝှက် ထားသော ဘေသဇ္ဇဂုရုရုပ်ပွားတော်မြတ်ကို ပြန်လည်တွေ့ ရှိရ၍ မူလဂန္ဓကုဋိတိုက်မှာပင် တံခါးများ အဆင့်ဆင့် လုံခြုံ စွာ သော့ခတ်စံပယ်နေပါသည်။

ထိုသို့ လယ်မကျေးရွာ ဆုတောင်းပြည့် ဖောင်တော် ဦးစေတီတွင် ကိန်းဝပ်စံပယ်လျက်ရှိသော ဘေသဇ္ဇဂုရုရုပ်ပွား တော်မြတ်ကြီး၏ ဘယ်ဘက်လက်တွင် ကိုင်ထားသော အမြိုက်အိုး၌ ထူးခြားစွာဖြင့် ပြဒါးသေငါးလုံး ဝိုင်းရံထည့် ထားသည်ကို တွေ့ရပါသည်။ ရင်ဘတ်တော်တွင် ကျောက် စိမ်းနှင့် ပတ္တမြား စီခြယ်ထားပါသည်။

မိုးခေါင်သည့်အခါ စေတီအား ကိုးခေါက်ပတ်၍ စေတီနှင့် ဘေသဇ္ဇဂုရုရုပ်ပွားတော်မြတ်အား ရေသပ္ပာယ်ဆု တောင်းပါက မိုးရွာသည်ဟုလည်း သိရပါသည်။ ဘုရားတွင် အစောင့်အရှောက်ကြီး၍ မြွေကြီးများလည်း တွေ့ရပါသည်။ ထို့ကြောင့် အသက်ရှည်ခြင်း၊ အနာရောဂါကင်းစေခြင်း၊ အရွယ်တင်နုပျိုစေခြင်း၊ စီးပွားလာဘ်လာဘ တိုးတက်စေခြင်း တို့ ခံစားရယူလိုလျှင် ဘေသဇ္ဇဂုရု (ခ) ဘိသက္ကဂုရု ဆေး ဘုရားအား ထုလုပ်ကိုးကွယ်ခြင်း၊ ဓာတ်ပုံ ပုံတော်အား ဂုဏ် တော်ထပ်၍ ဘေသဇ္ဇဂုရုဘုရားရှိခိုးဂါထာဖြင့် ပူဇော်ဆုတောင်း နိုင်ပါသည်။

ရပ်နီးရပ်ဝေး ဓမ္မမိတ်ဆွေများ ကြုံကြိုက်ပါက ပင်းဒယရွှေဉမင်ဂူနှင့် ပဲခူးကိုင်းအနောက်ပိုင်း၊ ဇီးကုန်းမြို့နယ်၊ ရန်ကုန်-ပြည် ကားလမ်းနံဘေး လယ်မကျေးရွာရှိ ဖောင်တော် ဦးဆုတောင်းပြည့်စေတီတွင် ကိန်းဝပ်စံပယ်လျက်ရှိသော ဘေသဇ္ဇဂုရု (ခ) ဘိသက္ကဂုရုဆေးဘုရားများအား သွားရောက် ဖူးမြော်နိုင်ကြပါစေရန် ရေးသားတင်ပြလိုက်ပါသည်။

ဘိသက္ကဂုရုဘုရားရှိခိုးဂါထာသည် မှုကွဲများ တွေ့ရှိ ရ၍ အမရပူရ မဟာဂန္ဓာရုံဆရာတော် ဦးဇနကာဘိဝံသ၏ သက္ကတဘာသာမှ ပါဠိမြန်မာပြန်ဆိုထားသော ဘုရားရှိခိုး ဂါထာအား မူရင်းအတိုင်း ဖော်ပြပါသည်။



www.burmeseclassic.com

www.burmeseclassic.com

## ဘောသစ္စဂုရု (ခ) ဘိသက္ကဂုရု
## ဘုရားရှိခိုးဂါထာတော်

၁။ သုဝဏ္ဏ ပရိတ ဝဏ္ဏာ၊
ဘိသက္က သဗ္ဗ မုတ္တမ။
ဝါမဟတ္ထက ဗီဇေန၊
ဘာဝဝပု ဝိရဟာက။
ဒက္ခိဏဂ္ဂ တဃင္ဌေန၊
တရဏ ဒိသုဇာနက။
၂။ နမာမိ တမ သိရသာမံ၊
စရာမိ တသ သာသနံ။
ဓေတေန သစ္စ ဝဋ္ဋေန၊
သောတ္ထိ မေ ဟောတုသဗ္ဗဒါ။
တေဇသံ ဟံ သုဝုဋ္ဌိတော၊
သုခိ ဟောမိ စိရာယုကော။

## မြန်မာပြန်(အနက်)

၁။ သုဝဏ္ဏ ဟရိဝဏ္ဏ - ရုံဖန်ရောင်ဝါ၊ ရွှေရောင်ဖြာလျက်၊ ရန်ခါစိမ်းစိမ်း၊ မြရည်လိမ်းသို့၊ ရှိန်းရှိန်းလက်စေ၊ ကျက်သရေကို၊ ဆောင်တော်မူထသော၊ သဗ္ဗ မုတ္တမ - ကျွမ်းကျင်လုစွာ၊ ဆေးရာတို့၊ ပြိုင်လာနိုင်းမူ၊ ဂုဏ်မတူသည့်၊ ယှဉ်သူကင်းလတ်၊ အမြတ်ရတနာလည်း ဖြစ်တော်မူသော၊ ဝါမဟတ္ထက ဗီဇေန - လက်ဝဲတော်မှာ ကိုင်ဆောင်လာသည့် ဗီဇခေါ်ထိုး၊ သစ်စေ့မျိုးဖြင့်၊ ဘာဝဝပု ဝိရဟာက - မွေးဖွားစေတတ် တိုးစေတတ်လျက် မပြတ်ဖြိုးစေ၊ ကြီးပွားစေနိုင်သော၊ ဒက္ခိဏဂ္ဂ တဃင္ဌေန - လက်ယာလက်ထဲ မြကိုင်စွဲသည့် အမြကြည်လင် မြိုက်ရေစင်ဟု ခေါ်တွင်ပေရိး ရေစင်အိုးဖြင့်၊ တရဏ ဒိသုဇာနက - အိုသူနုပျို၊ ရုပ်ကောင်းပိုလျက်၊ ကြည့်ရှုင်မသွေ၊ အသက်ရှည်စေနိုင်သော၊ ဘိသက္က-သီလ သမာဓိ စရိုဖုံဖုံ ဂုဏ်ပေါင်းစုံသဖြင့် သုံးဘုံပေါ်ထင် တန်ခိုးရှင်ဟု ခေါ်တွင်သမူ၊ ဘိသက္ကဂုရု ဖြစ်တော်မူသော မြတ်စွာဘုရား။

၂။ တံ-ဘိသက္ကဟု ဂုရုခေါ်တွင် ထိုဘုရားရှင်ကို၊ သိရသာ - ကိုယ်၏အစိတ် ဦးထိပ်ရတနာ မြတ်အင်္ဂါဖြင့်၊ အဟံ - ဂုဏ်တော်တမ်းတ ပုံမှန်းဆလျက် အားရရွှင်ပျော် တပည့်တော်သည်၊ နမာမိ - ရိုသေမြတ်နိုး လက်စုံမိုး၍ ရှိခိုးကန်တော့ပါ၏ဘုရား။

တဝ - ဘုန်းတော်စုံလင် ဂုဏ်အင်ကြီးမား ရှင်တော်မြတ်ဘုရား၏၊ သာသနံ - လိုရင်းအချုပ်မျှ ဆိုဆုံးမသည့် ဒါန,သီလ,ဘာဝနာဟု ကုသိုလ်စုကို၊ စရာမိ - စွမ်းနိုင်သလောက်၊ လွန်အားဆောက်လျက် ဝမ်းမြောက်ကြည်သာ ကျင့်ကြံပါ၏ အရှင်ဘုရား။

ဧတေန သစ္စ ဝဇ္ဇေန - မှန်ကန်လုစွာ ဤဝဇီသစ္စာကြောင့်၊ မေ-တရားသခင် ဘုရားရှင်၏ ကြည်လင်မေတ္တာ ခံယူပါသော တပည့်တော်အား၊ သဗ္ဗဒါ - နေ့ရောညပါ အခါခပ်သိမ်း၊ သောတ္ထိ - ဘေးရန်ခပ်သိမ်း အေးငြိမ်းခြင်းသည်။

ဟောတု - စေတနာကံ အရင်းခံသဖြင့် အမှန်မသွေ ဖြစ်ရပါစေသတည်း။ အဟံ - ဘိသက္ကဟု ဂုရုသခင် ဘုရားရှင်၏ ကြည်လင်မေတ္တာ ခံယူပါသော တပည့်တော်သည်၊ တေဇသာ - မြတ်စွာဘုရား၏ ကြီးမားရှိန်စော် တန်ခိုးတော်ကြောင့်။

သုဝုဋ္ဌိတော - သလိပ်သည်းခြေ သွေးနှင့်လေဟု လေးထွေကြောင်းခံ ရောဂါဒဏ်မှ အမှန်ကင်းပျောက် ထမြောက်သည်ဖြစ်၍၊ သုခိ - ကိုယ်ရောစိတ်ပါ ကျန်းမာချမ်းသာခြင်းသည်၊ ဟုတ္တာ - ကေန်စစ်စစ် အမှန်ဖြစ်၍၊ စိရာယုကော-အသက်ရှည်ရှည် တည်နေခြင်းသည်၊ ဟောမိ - အမှန်သေချာ ဖြစ်ရပါလို၏ အရှင်ဘုရား။

## မြတ်ဘုန်းနိုင်

ကျမ်းကိုး

- ပင်းဒယ ရွှေဥမင်ဂူဘုရားသမိုင်း (ပါမောက္ခဒေါက်တာ သန်းထွန်းနှင့် ဆရာသိန်းသန်းထွန်း)
- ကျန်းမာချမ်းသာစေဖို့ ဘိသက္ကဂုရု ရုပ်ပွားတော် ပူဇော်စို့
  မောင်လယဉ်(မော်လမြိုင်)၊ ဂမ္ဘီရဆန်းကြယ်မဂ္ဂဇင်း ၂၀၀၇ ခုနှစ်၊ ဇူလိုင်လ။
- ဗိုးကုန်းမြို့မှ တွေ့ဆုံမေးမြန်းချက် မှတ်တမ်း။



www.burmeseclassic.com

www.burmeseclassic.com

# ဘိသက္ကဂုရု
# ဆေးဘုရားရုပ်ပွားတော်

နေဝန်းနီ



ဘိသက္ကဂုရု ဆေးဘုရားရုပ်ပွားတော်

နောက်ပြုန်း ၂၉

www.burmeseclassic.com

www.burmeseclassic.com

## လယ်မကျေးရွာသို့

၂၂.၁.၂၀၀၈ ရက်နေ့က ဆရာကြီး သိပ္ပံ(ဦး)မင်းလွင်မှ ပဲခူးတိုင်းအနောက်ပိုင်း သာယာဝတီခရိုင် ဇီးကုန်းမြို့နယ် လယ်မကျေးရွာရှိ ဆုတောင်းတိုင်းပြည့်စေနိုင်သော ဘိသက္ကဂုရု ရုပ်ပွားတော်မြတ်အပါအဝင် ရှေးဟောင်းရုပ်ပွားတော်မြတ် လေးဆူတို့အား ၂၃.၁.၂၀၀၈ ရက်နေ့၌ ဇီးကုန်းမြို့နယ် လျှပ်စစ်ဦးစီးဌာန ဦးစီးမှူး ဦးခင်ဇော်အောင်မှ ရွှေသင်္ကန်းကပ်လှူပူဇော်မည်ဖြစ်သဖြင့် လိုက်ခဲ့ရန်ခေါ်၍ လယ်မကျေးရွာသို့ ရောက်ရှိခဲ့ပါ၏။

နံနက် ၈ နာရီလောက်တွင် ဆရာကြီး သိပ္ပံ(ဦး)မင်းလွင်၏အိမ်မှ မြို့နယ်လျှပ်စစ်ဦးစီးမှူး ဦးခင်အောင်ဇော်နှင့်အဖွဲ့မှ မော်တော်ဆိုင်ကယ်များဖြင့် လာရောက်ခေါ်ငင်ခဲ့ပါသည်။ လယ်မကျေးရွာမှာ နတ္တလင်းမြို့ဘက်အထွက် တစ်မိုင်သာသာလောက်ရှိမည့် ရန်ကုန်ပြည်သွား ကားလမ်းမကြီးနံဘေးတွင် ကပ်လျက်တည်ရှိသော ရွာကြီးတစ်ရွာ ဖြစ်ပါသည်။

ဘိသက္ကဂုရု ရုပ်ပွားတော်မြတ် ကိန်းဝပ်စံပယ်ရာ ဖော်တော်ဦး ဆုတောင်းပြည့်စေတီတော်မြတ်ကြီးမှာ ရွာလယ်လောက်မှ အနောက်ဘက်ယွန်းယွန်းတွင် တည်ရှိပါသည်။ ကျွန်တော်တို့အဖွဲ့အား ကြိုဆိုရေးအဖြစ် (စီမံခန့်ခွဲရန်)ဦးစီးရောက်ရှိနေသော ဆရာကြီး ဦးအောင်သိန်း(အထပြ–ငြိမ်း)နှင့် စေတီတော် ဂေါပကအဖွဲ့ဝင်များအပါအဝင် ကျေးရွာတာဝန်ရှိသူများ၊ ရပ်မိရပ်ဖများက လှိုက်လှဲပျူငှာစွာ ကြိုဆိုကြပါသည်။

နံနက်ခင်း၏ တက်သစ်စနေခြည်နုနုကွင် ရွှေသင်္ကန်းတော်ရောင်က တဝင်းဝင်းဖြင့် ဝါဝင်းတောက်ပလျက် ကျက်သရေမင်္ဂလာအပေါင်းနှင့် ခညောင်းနေသော စေတီတော်မြတ်ကြီး မှာ အလွန်သပ္ပာယ်စွာဖြင့် ကြည်ညိုဦးခိုက် မဝနိုင်အောင် ဖူးတွေ့လိုက်ရပါတော့၏။ စေတီတော်မြတ်ကြီးနှင့်အတူ ထန်းပင်၊ ထန်းခက်၊ ထန်းလက်များ ဝေဝေစီစီ အုပ်ဆိုင်းနေသည့် ထန်းတောကြီး၏အတွင်းမှ နှင်းဇာပဝါ လွှမ်းခြုံထားသော လယ်မကျေးရွာ၏ ရှုခင်းမှာလည်း တစ်ခါတွေ့ရုံဖြင့် တစ်သက်မမေ့နိုင်စရာ သာယာလှပ လွန်းလှပါတော့သည်။

## ရွှေသင်္ကန်းကပ်လှူပူဇော်ခြင်း

စေတီတော်မြတ်ကြီးသို့ ရောက်သည်နှင့် ဆရာကြီး သိပ္ပံ(ဦး)မင်းလွင်၊ ရွှေသင်္ကန်းအလှူရှင် လျှပ်စစ်ဦးစီးမှူး ဦးခင်ဇော်အောင်၊ နောက် ကျွန်တော်နှင့်အဖွဲ့သားအားလုံးတို့သည် စေတီတော်မြတ်ကြီးအား လက်ယာရစ် လှည့်လည်ပူဇော်ပြီး မေတ္တာများ ပို့သကြခါ နံနက် ၉ နာရီတိတိတွင် ဘိသက္ကဂုရုရုပ်ပွားတော်မြတ် အပါအဝင် ရှေးဟောင်းရုပ်ပွားတော်မြတ် လေးဆူတို့အား ရွှေသင်္ကန်းများ စတင်ကပ်လှူပူဇော်ကြပါသည်။

ဘိသက္ကဂုရု ရုပ်ပွားတော်မြတ်မှာ ပုဂံခေတ်ယဉ်ကျေးမှုလက်ရာတစ်ဆူဖြစ်ကြောင်း ခန့်မှန်းရပါသည်။ မကိုဋ်တော်မှာ ပုဂံခေတ်လက်ရာအဖြစ် ပိုမိုထင်ရှားစေနိုင်ပါသည်။ မျက်နှာတော်မှာ ပြုံးတော်မူတော့မလိုလို၊ တရားဟောကြွက်တော့မည့် ပုံတော်လိုလိုဖြင့် ကြည်ညိုမဝနိုင်အောင် သပ္ပာယ်တော်မူပါသည်။

မြန်မာနိုင်ငံ မြေပြန့်နှင့် တောင်ပေါ်ဒေသများတွင်ဖူးတွေ့ခဲ့ရသော ဗုဒ္ဓရုပ်ပွားတော်တစ်ဆူအား လယ်မကျေးရွာရှိ ဖောင်တော်ဦးဆုတောင်းပြည့် စေတီတော် ပရဝုဏ်အတွင်းတွင် ဖူးတွေ့လိုက်ရခြင်း ဖြစ်ပါသည်။

## ဘိသက္ကဂုရု ဆေးဘုရားရုပ်ပွားတော် စတင်တွေ့ရှိပုံ ဖြစ်စဉ်တော်

ရွှေသင်္ကန်း ဆက်ကပ်ပူဇော်လှူဒါန်းနေသူ မြို့နယ်လျှပ်စစ်ဦးစီးမှူးနှင့် ကျွန်တော်တို့အား လယ်မကျေးရွာဇာတိဖြစ်သော ဆရာကြီးဦးအောင်သိန်း (အထပြ–ငြိမ်း)မှ ဘိသက္ကဂုရု ရုပ်ပွားတော်မြတ်ကြီး စတင်တွေ့ရှိပုံ ဖြစ်တော်စဉ်ကို အောက်ပါအတိုင်း ရှင်းလင်းပြောပြသဖြင့် သိရှိကြည်ညိုခွင့် ရခဲ့ပါသည်။

ဇီးကုန်းမြို့နယ် လယ်မကျေးရွာရှိ ဖောင်တော်ဦးဆုတောင်းပြည့်စေတီတော်မြတ်ကြီးကို မြန်မာသက္ကရာဇ် ၄၅၄ ခုနှစ်က မဏိစည်သူခေါ် အလောင်းစည်သူမင်းကြီး ပြည်ရွာနိုင်ငံအနှံ့ တိုင်းခန်းလှည့်လည်ရာတွင် ထိုခေတ်ကာလ၏ (ခရီးလမ်းပန်း)ဆက်သွယ်မှု အနေအထားအရ ဖောင်တော်ဖြင့် ရွှေစက်တော်ဖြန့်၍ ခရီး

www.burmeseclassic.com

ဆန့်ခဲ့ရာ ဖောင်တော်ဆိုက်ကပ်ရာဌာနတိုင်း၌ သာသနာတော်မြတ်ကြီး အစွန့်ရှည်တည်တံ့နိုင်ပါရန်နှင့် ဗုဒ္ဓသာသနာတော်ကြီး နေလို၊ လလို ထွန်းလင်းတောက်ပနိုင်ပါရန် ဆုတောင်းပြည့်စေတီတော်များ တည်ထားပူဇော်ခဲ့ရာ ယခု လယ်မကျေးရွာ တည်ရှိမည့် အရပ်ဒေသ၀တွင်လည်း စေတီတော်တစ်ဆူ တည်ထားပူဇော်ခဲ့ပါသည်။

လယ်မကျေးရွာ၏ မြောက်ဘက်ပိုင်း မြောက်ဘက်ပိုင်းမှစ၍ ရွာအနောက်ဘက်သို့ စေတီတော်ကြီးအား ပတ်လျက် စီးဆင်းခဲ့သော ချောင်းကောကြီးတစ်ခုကိုလည်း ယနေ့ထက်တိုင် တွေ့ရှိနိုင်ပါသေးသည်။ ၎င်း ချောင်းကောကြီးတွင် တစ်ခုသော နွေရာသီတွင် ရေရရှိနိုင်ရန်အလို့ငှာ ရေတွင်းများတူးကြရာ မြေတွင်းအနက် ဆယ်တောင်၊ ဆယ့်တစ်တောင်ခန့်လောက်၌ လှေချည်သည့် သံကြိုးကွင်းများဟု ယူဆရသော သံကွင်းအပိုင်းအစများ၊ လူ့အသုံးအဆောင် (ပုဂံခေတ်လက်ရာများဟု ယူဆရသည့်) အိုးခွက် ပန်းကန်ကွဲတို့ကို တွေ့ရှိရပါသည်။ ဆက်လက်တူးဖော်ကြည့်ကြရာ ရေမကျွန်းတုံးကြီးတစ်တုံးကိုလည်း တွေ့ရှိကြရပါသည်။ ဤသည်တို့ကို ထောက်ဆခြင်းအားဖြင့် ယခု စေတီတော်မြတ်ကြီး တည်ရှိရာအရပ်၌ ယခင်က ချောင်းကမ်းပါး(သို့မဟုတ်) မြစ်ကမ်းပါး တစ်ခုခုဖြစ်နိုင်ကြောင်းလည်း ယူဆကြပါသည်။

အလောင်းစည်သူမင်းကြီးသည် ထိုသို့ ဖောင်တော်ဦး ဆုတောင်းပြည့်စေတီတော်မြတ်ကြီးသို့ တည်ထားပူဇော်ပြီးသည်နှင့် ထိုစေတီကို စောင့်ရှောက်နိုင်ရန်နှင့် ကိုးကွယ်ဆည်းကပ် ဆွမ်း၊ ရေချမ်းမှစ၍ မပြတ်ပူဇော်နိုင်ရန် ကျေးရွာတစ်ရွာကို တည်ထားစောင့်ရှောက်စေခဲ့လေသည်။ ထိုရွာ၏ အရှည်တည်တံ့နိုင်ရန်အတွက် လုပ်ကိုင်စားသောက်ရန် အစွန်အတုပ်၊ အစည်းအကြပ်ကင်းလွတ်ခွင့်နှင့် ဝေငှချထားခဲ့ပေသည်။ ထိုသို့ စည်းကြပ်ခွန်လွတ် လယ်ယာမြေများကို အပိုင်းအခြားနှင့်တကွ အခမဲ့ပေးဝေလုပ်ကိုင်စေခဲ့သည့်အတွက် ထိုရွာကိုလည်း 'လယ်မရွာ'ဟူ၍ သမုတ်ခဲ့ကြလေသည်။ ထိုကန့်သတ်လယ်ယာမြေအတွင်း၌ နောက်ထပ်တည်ရှိလာသည့် ရွာကိုလည်း 'လယ်တွင်းရွာ'ဟူ၍ သမုတ်ခဲ့ပြန်လေ၏။

ဖောင်တော်ဦး ဆုတောင်းပြည့် စေတီတော်မြတ်ကြီးသည် နှောင်နှစ်ကာလ ကြာညောင်းလာသောအခါ ရာသီဥတုဒဏ်ဖြင့် ပြိုပျက်ခဲ့ရပါတော့သည်။ ဖောင်တော်ဦး ဆုတောင်းပြည့်စေတီတော်မြတ်ကြီးအကြောင်းကို ဘိုးဘွားဘီဘင်တို့မှ လက်ဆင့်ကမ်း သားစဉ်မြေးဆက်သည်ဆောင်ပြောကြားခဲ့သော်လည်း ဘုရားစေတီပျက်မှာ ချုံနွယ်ပိတ်ပေါင်းတို့ အထပ်ထပ် ဖုံးအုပ်လွှမ်းခြုံထားသဖြင့် နှောင်းလူတို့ မသိရှိဘဲ ဖြစ်ခဲ့ကြပါတော့သည်။ ကာလကြာညောင်းလာသည်နှင့် ကျေးရွာမှာလည်း လူဦးရေများ တိုးပွားလာကာ အိမ်များ တိုးချဲ့ဆောက်လုပ်ခဲ့ကြသဖြင့် စေတီပျက်ကြီးမှာ ရွာ၏အနောက်ဘက်သို့ ရောက်ခဲ့ပါတော့သည်။

ထိုသို့ဖြင့် မြန်မာသက္ကရာဇ် ၁၂၄၉ ခုနှစ် လပြည့်ဝန်းကြီး ပြည့်ပြည့်ဝန်းဝန်း ထွန်းလင်းသာလျက်ရှိသည့် တပေါင်းလ၏ ညတစ်ည ၈ နာရီခန့်လောက်တွင် ရွာ၏အနောက်ဘက် ချုံနွယ်ပိတ်ပေါင်းတို့ အထပ်ထပ်ရစ်ပတ်ဖုံးအုပ်လျက်ရှိသည့်နေရာမှ ဖြူနီပြာဝါ၊ စိမ်းဝါဝင်းလက်၊ ရောင်မျိုးစုံရောယှက် တောက်ပလျက်ရှိသည့် နှိုင်းရာမဲ့ ရောင်ခြည်တော်များ ဘဝဂ်သို့တိုင် ကွန့်မြူးနေကြသည်ကို ရွာသူရွာသားအချို့တို့ ကြည်ညိုဖွယ် ဖူးတွေ့ကြရပေသည်။

ထိုသတင်းက နောက်တစ်နေ့၌ တစ်ယောက်တစ်ပေါက် ပြောကြရင်း အုတ်အော်သောင်းနင်းဖြစ်က ရွာနီးချုပ်စပ်မှ အဖူးအမြော်လာကြသူများဖြင့် အထူးစည်ကားလျက် ရှိပါတော့သည်။ လယ်မရွာသူရွာသားတို့ကလည်း ထိုရောင်ခြည်တော်များကို ကိုယ်တိုင်ကိုယ်ကျ ဖူးမြော်ကြရသဖြင့် သဒ္ဓါယိုဖိတ် ပီတိစိတ်တို့ ဖုံးလွှမ်းလျက် ချုံနွယ်ပိတ်ပေါင်းတို့ အထပ်ထပ်ရစ်ပတ် ဖုံးအုပ်လျက်ရှိသည့် ထိုရောင်ခြည်တို့ ကွန့်မြူးနေရာကို ခုတ်ထွင်ရှင်းလင်းခဲ့ကြလေသည်။

ချုံနွယ်တို့ ရှင်းလင်းသွားသည်နှင့် စေတီပျက်အုတ်ပုံကြီးကို အပေါ်ယံမြေသားများ တက်လျက် တွေ့ရှိကြရသဖြင့် ဘုရားနေရာ နယ်နိမိတ်သတ်မှတ်ပြီး ၎င်းမြေနေရာ၌ သဲဖြူခင်း၊ ရာဇမက်ကာ၍ ကန်တော့ပွဲပုံး၊ အမွှေးတိုင်၊ အလင်းတိုင်များနှင့် ဆွမ်း၊ ပန်း၊ ရေချမ်းများ

www.burmeseclassic.com

ဆက်ကပ်ပူဇော် လှူဒါန်းပြီး ထိုအုတ်ပုံကြီးကိုကြည့်ရာ အုတ်ပုံကြီးတွင် ရေမအခေါင်းကြီးဖြစ်နေသည်ကို တွေ့ရှိကြရပြန်သည်။ ရွာသူရွာသားအပေါင်းတို့လည်း ဂေါပကများ အသီးသီးဖွဲ့၍ စောင့်ရှောက်ကြရင်း ထိုအခေါင်းကြီးအတွင်းရှာကြရာ ယခု ပူဇော်ကိုးကွယ်ဆည်းကပ်ခွင့်ရခဲ့သည့် ဘိသက္ကဂုရုရုပ်ပွားတော်မြတ်အပါအဝင် ဗုဒ္ဓရုပ်ပွားတော်လေးဆူကို ဦးစွာဖူးတွေ့လိုက်ကြရလေသည်။

ထို့နောက် ထိုစေတီပျက် အုတ်ပုံကြီးအတွင်း ဆက်လက်တူးဖော်ရာဖွေကြပြန်ရာ ရွှေသားဆင်းတုတော်၊ ငွေသားဆင်းတုတော်များ၊ ရွှေကြက်ဥ၊ ငွေကြက်ဥများ၊ ရွှေသားဖက်လိပ် နားတောင်းကြီးများ၊ ဓာတ်တော်ကြုတ်များ၊ ဘုရားရှင်၏ သတ္တဋ္ဌာနစခန်းများ၊ ပုတီး၊ နားဒွေးင်းကြီးများ၊ လက်ကောက်၊ လည်ဆွဲ၊ ဆွဲကြိုး၊ ဆွဲပြား(ရှေးအသုံးအဆောင်)ရတနာများ တွေ့ရှိခဲ့ကြရပေသည်။ တွေ့ရှိရသည့် ဌာပနာပစ္စည်းများမှာ အမျိုးစုံပြီး စားပွဲကြီး ၁၀ လုံးခန့်စာမျှရှိကြောင်း ပြောပြသိရှိရပါသည်။

## ဆက်လက်တူးဖော်ကြရာ

ဂေါပကအဖွဲ့သည် ထိုစေတီပျက်အုတ်ပုံကြီးကို ဆက်လက်တူးဖော်ရန် စည်းဝေးဆုံးဖြတ်၍ တူးဖော်ခဲ့ပြန်သည်။

သို့သော် အောက်ခြေ၌ ကျောက်စာများရေးထိုးထားသည့် ရေမကျောက်ဖျာကြီးတစ်ချပ်ကို တွေ့ရှိကြရလေသည်။

ထိုကျောက်ဖျာကို ဖော်ထုတ်မည်လုပ်ရာ မည်သည့်အရပ်ဒေသမှ ထွက်ပေါ်လာမှန်းမသိသည့် "တဟီးဟီး"ဖြင့် ဟီသံ ဟိန်းသံကြီးကို ကြားလိုက်ကြရပြီး ယောကျ်ား၊ မိန်းမ၊ ကလေး၊ လူကြီးတို့၏ ညာသံပေး အော်ဟစ်ကြသံ၊ လှေလှော်သံ၊ တက်စတ်သံ၊ ရေစီးသံ၊ ရေလှိုင်းရိုက်ပုတ်သံများကို ဆူညံစွာကြားကြရလေသည်။

ထိုအချိန် ပတ်ဝန်းကျင်တစ်ခုလုံး၌လည်း ရုတ်တရက် မိုးသားတိမ်လိပ်များ အလိပ်လိပ်ထလျက် မည်းမှောင်လာကာ လျှပ်စီးလျှပ်ရောင်များ လင်းလင်းပြီး မိုးထစ်ချုန်းသံများ ဆူညံစွာ တဂျိန်းဂျိန်း ထစ်ချုန်းမြည်ဟီးလာ၍ ချက်ချင်း ထိုကျောက်ဖျာကို ပြန်လည်မြေဖို့ ပိတ်ပစ်ခဲ့ကြရလေသည်။

## ဘိသက္ကဂုရု ရုပ်ပွားတော်မြတ်ကြီးနှင့် ရွာလည်ကျောင်းဆရာတော်

လယ်မကျေးရွာ၏ ရွာလည်ကျောင်းမှ ပဓာနနာယကဆရာတော်ကြီးသည် အခြားသော ဌာပနာပစ္စည်းများနှင့် ဆင်းတုတော်များကို ပြန်လည်တည်ထားကိုးကွယ်မည့် စေတီတော်မြတ်ကြီးအတွင်း ဌာပနာရန် ဆုံးဖြတ်ပြီး ဘိသက္ကဂုရု ရုပ်ပွားတော်မြတ်နှင့် အခြားသုံးဆူတို့ကိုမူ ကျောင်းသို့ပင့်ဆောင်ကာ (ကျောင်း၌ပင် ထာဝရ) ကိုးကွယ်ရန် ရည်ရွယ်ချက်ဖြင့် ဂေါပကလူကြီးများဖြင့် ညှိနှိုင်း၍ ကျောင်းသို့ ပင့်ဆောင်ခဲ့လေသည်။

ဘိသက္ကဂုရု ရုပ်ပွားတော်မြတ်အပါအဝင် ရုပ်ပွားတော်မြတ် လေးဆူကျောင်းသို့ ပင့်ဆောင်ပြီးသည့်ညမှစ၍ ဆရာတော်အား လက်ရှိနေရာသို့ ပြန်လည်ပင့်ဆောင် ပို့ပေးရန် သုံးည ဆက်တိုက်တိုင်တိုင် အိပ်မက်ပေးခဲ့သဖြင့် မူလနေရာသို့ပင် ဆရာတော်မှ ပြန်လည်ပို့ဆောင်စံမြန်းတော်မူစေခဲ့ပါသည်။

ဆုတောင်းပြည့် ဖောင်တော်ဦးစေတီတော်မြတ်အား ထိုသက္ကရာဇ် ၁၂၉၄ ခုနှစ်၌ပင် ကျေးရွာအတွင်းရှိ အလှူရှင်များနှင့် အရပ်ဒေသအသီးသီးမှ အလှူရှင်များစုပေါင်း၍ 'သဟပုညကာရီ'အနေဖြင့် အသစ်တစ်ဖန်ပြန်လည်တည်ထားကိုးကွယ်ခဲ့ကြပြန်သည်။ ယခုဖူးတွေ့ရသော စေတီကြီးပင် ဖြစ်ပါသည်။ ဘိသက္ကဂုရုရုပ်ပွားတော်မြတ်ကြီးအပါအဝင် ရုပ်ပွားဆင်းတုတော်မြတ်များကိုမူ စေတီတော်မြတ်ကြီး၏ ရွာဘက်လှည့်သည့် မုခ်ပေါက်မျက်နှာစာ၌ ဂန္ဓကုဋီတိုက် တည်ဆောက်ကိန်းဝပ်စံမြန်းစေကာ အများပြည်သူများ ဖူးမြော်ကြည်ညိုနိုင်ရန် အပူဇော်ခံ ထားရှိခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

## ဘိသက္ကဂူရ ရုပ်ပွါးတော်မြတ်ကြီး ပျောက်ဆုံးခြင်းနှင့် ထူးဆန်းစွာ ပြန်လည်တွေ့ရှိခြင်း

မြန်မာသက္ကရာဇ် ၁၃၃၈ ခုနှစ်၊ ခရစ်နှစ် ၁၉၇၆ ခုတွင် ဖြစ်ပါ၏။

ဂန္ဓကုဋိတိုက်၌ သီတင်းသုံးကိန်းဝပ် စံပယ်တော်မူနေသည့် ရုပ်ပွားတော်မြတ် လေးဆူအနက် ဘိသက္ကဂူရ ရုပ်ပွားတော်မြတ်မှာ တစ်ညတွင် ပျောက်ချင်းမလှ ပျောက်ဆုံးခဲ့ပါသည်။

ဂေါပကအဖွဲ့ဝင်များနှင့် ကျေးရွာ တာဝန်ရှိသူများမှ သက်ဆိုင်ရာသို့ အကြောင်းကြားပြီး အပူတပြင်း အနယ်နယ်အရပ်ရပ်သို့လိုက်၍ ဖြန့်ကျက်ရှာဖွေခဲ့ကြသော်လည်း အဆက်အစပ်ပြတ် ဖုံးမ်းမရဘဲဖြစ်ခဲ့ရပါသည်။

ဘိသက္ကဂူရ ရုပ်ပွါးတော်မြတ် ပျောက်ဆုံးခဲ့ပြီး မကြာမြင့်မီအချိန် တစ်ခုသော နံနက်ခင်းတွင် ရွာနှင့် မလှမ်းမကမ်းရှိ ထန်းပင်များနှင့် အုပ်ဆိုင်းဝေစီနေသည့် တောတန်းလေးထဲ၌ ကျီးများ တရုန်းရုန်းနှင့် ဆူညံစွာ ဝိုင်းဝန်းအော်ဟစ်နေကြသည်ကို ကြားရမြင်ရသဖြင့် ရွာသားအချို့မှာ ထိုကျီးတို့ ဝိုင်းအုံအော်ဟစ်နေရာ အရပ်ဆီသို့ သွားရောက်ကြည့်ရှုကြရာ ချုံပုတ်တစ်ခု အတွင်း၌ အပေါ်မှ ထန်းလက်များ ဖုံးအုပ်ကွယ်ဝှက်ထားသည့် ဘိသက္ကဂူရ ရုပ်ပွားတော်မြတ်ကြီးကို အံ့သြဖွယ်ရာ ပြန်လည်တွေ့ရှိ ပူဇော်ခွင့်ရခဲ့ကြပါတော့သည်။

## ဘိသက္ကဂူရ ဆေးဘုရားရုပ်ပွါးတော်

ထိုထူးခြား ဘိသက္ကဂူရ ရုပ်ပွားတော်မြတ်ကြီးနှင့် ပတ်သက်၍ ဦးအောင်သိန်း(အထပြ-ငြိမ်း)မှ ဆက်လက်ရှင်းလင်း ပြောပြသည်မှာ –

တစ်နေ့ ဆရာကြီးဦးအောင်သိန်းအနေဖြင့် ထူးခြားရုပ်ပွားတော်နှင့် စပ်လျဉ်း၍သိလိုသောဆန္ဒရှိတာကြောင့် ဝိဇ္ဇာရေ ဂမ္ဘီရပညာရပ်များတွင် နှံ့စပ်ကျွမ်းကျင်သူ ဆရာကြီးသိပ္ပံ(ဦး)မင်းလွင်ထံ ချဉ်းကပ်မေးမြန်းရာ ၎င်းဗုဒ္ဓရုပ်ပွါးတော်မြတ်မှာ ဘွဲ့တော်များရှိပါကြောင်း၊ ရှေးခေတ် ဆေးပညာသင်ကျောင်းတော်များတွင် ထားရှိကြပါကြောင်း၊ ဆေးပညာကျောင်းသားများသည် ပုံတူရုပ်ပွားတော်ငယ်များ ယူဆောင်လာလေ့ ရှိပါကြောင်း၊ ကျောင်းတော်ရှိ ဗုဒ္ဓရုပ်ပွားတော် ရှေ့တော်တွင် ထားရှိ၍ ပညာသင်နှစ် ပြီးဆုံးချိန်တွင် ဆရာများက တပည့်များကို ခေါ်ဆောင်စေပြီး ကျောင်းတော်ရှိ ရုပ်ပွားတော်ထံ အပ်နှံစေ၍ လိုအပ်သောဆန္ဒ ဆုတောင်းစေခြင်း၊ အဓိဋ္ဌာန်ပြု မိမိတို့နှင့်သက်ဆိုင်သော ရုပ်ပွားတော်များကို ပင့်ဆောင်စေလျက် ဒေသအသီးသီးသို့ ပြန်ကြပြီးလျှင် သတ္တဝါများ အသက်ရှည်ရာ အနာမဲ့ကြောင်း ဆေးဝါးများ ကုသစေပါကြောင်း။

ဘွဲ့တော်များမှာ ဘဲဂဇ္ဇုဂုရ(မဟာယာန) ဘေသဇ္ဇဂုရု(သို့မဟုတ်) ဘိသက္ကဂုရု(ပါဠိ) ဘွဲ့တော်များ ရှိပါကြောင်းနှင့် ဘိသက္ကဂုရုအဓိပ္ပာယ်မှာ ဆေးဘုရားဖြစ်ပါကြောင်း၊ အခြားသော ဒေသဘာသာ ဘွဲ့တော်များလည်းရှိပါကြောင်း ဘိသက္ကဂုရုရုပ်ပွားတော်၏ ထူးခြားမှုမှာ သင်္ကန်းအရောင်တော်နှင့် လက်တော်တွင် ကိုင်ထားသော ဗိဇသစ်စေ့နှင့် အမြိုက်ရေစင်အိုးတို့ဖြစ်ပါကြောင်း၊

သင်္ကန်းအရောင်တော်မှာ ရွှေရောင်နှင့် စိမ်းပြာရောင်တော်များ ဖြစ်ပါကြောင်း၊ လကျာ်လက်တော် ပက်လက်အနေအထားတွင် လက်မတော်နှင့် လက်ညှိုးတော် (သို့မဟုတ်) လက်မတော်နှင့် လက်ခလယ်တော်ညှပ်လျက် ကိုင်ထားသော ဗိဇသစ်စေ့ ပါရှိပါကြောင်း၊ လက်ဝဲ လက်ဖဝါးတော်တွင် အမြိုက်ရေစင်အိုးတစ်လုံး ပါရှိပါကြောင်း၊ ဗိဇသစ်စေ့ဆိုသည်မှာ (ဖန်ခါးသီး) ဖြစ်ပါကြောင်း၊ သစ်စေ့သဘောသဘာဝက မျိုးဆက်အသစ် ပေါက်ဖွားခြင်း အဓိပ္ပါယ်ဆောင်၍ အမြိုက်ရေစင်အိုးထဲမှ ရေစင်က နုပျိုလန်းဆန်းစေခြင်း၊ အိုသူကို နုပျိုစေပြီး ငယ်ရွယ်သူများ ကြီးပွားတိုးတက်ဝေစည်စေခြင်း၊ ဘိသက္ကဂုရု ဆေးဘုရားထံတော်တွင် ယုံကြည်စွာ အဓိဋ္ဌာန်ဝင် သစ္စာပြုဆုတောင်းလျှင် အသက်ရှည်ရာ အနာမဲ့ကြောင်းနှင့် ဆေးသမားတော်နှင့် လူနာများ ကျန်းမာချမ်းသာစေပါကြောင်း၊ ဆေးဝါးများ အစွမ်းအာနိသင် ထက်မြက်စေပါကြောင်း ဆရာကြီးသိပ္ပံ(ဦး)မင်းလွင်မှ ရှင်းလင်းပြသသဖြင့် သိရှိခဲ့ရကြောင်း ပြောပြ



www.burmeseclassic.com

www.burmeseclassic.com

သိရှိ ကြည်ညိုခဲ့ရပါသည်။

တစ်ဆက်တည်း သတ္တဝါအများ ကျန်းမာ ချမ်းသာ စေလိုသော ဆန္ဒမွန်ဖြင့် ဘိသက္ကဂုရု ဆေးဘုရား ဘုရား ရှိခိုး (၂)ဂါထာကိုလည်း ဆရာကြီး သိပ္ပံ(ဦး)မင်းလွင်မှ ဓမ္မဒါနပြုထားသည်ကို ဘိသက္ကဂုရုဆေးဘုရား ရုပ်ပွား တော်၏ ဓာတ်ပုံတော်ကျောဘက်တွင် ဖတ်ရှုပူဇော်နိုင် ပါရန် ဆရာကြီး ဦးအောင်သိန်းမှပင် ဖူးမြော်ခွင့်ပြု ပြသသောကြောင့် ကြည်ညိုပူဇော်ခဲ့ရပါသည်။

## ရွှေသင်္ကန်းကပ်လှူပူဇော်ပွဲ ပြီးဆုံးသည်နှင့်

နံနက် ၁၁ နာရီလောက်တွင် ဓိးကုန်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးညွှန့် စိုး၊ အတွင်းရေးမှူး ရဲမှူးသက်ထွန်းတို့ အပါအဝင် မြို့နယ်မှ တာဝန်ရှိသူအချို့ ရောက်ရှိလာကြပြီး ဘိသက္က ဂုရု ဆေးဘုရားရုပ်ပွားတော်မြတ်အပါအဝင် ရှေးဟောင်း ဗုဒ္ဓရုပ်ပွါးတော်မြတ်များကို ရွှေသင်္ကန်း ဆက်လက်ကပ် လှူ ပူဇော်ကြပါသည်။ ဆရာကြီးဦးစိန်မောင် (အထပြ-ငြိမ်း)က မှတ်တမ်းတင်ဓာတ်ပုံများ ရိုက်ကူးပေးပါသည်။

နေ့လယ် ၁ နာရီလောက်တွင် ရွှေသင်္ကန်း ကပ်လှူပူဇော်ခြင်း အခမ်းအနားပွဲလေး ပြီးဆုံးသွား ပါတော့၏။ မူလက ဘိသက္ကဂုရု ဆေးဘုရား ရုပ်ပွား တော်မြတ်အပါအဝင် ဗုဒ္ဓရုပ်ပွားတော် လေးဆူကိုသာ ရွှေသင်္ကန်း ကပ်လှူပူဇော်ရန် ဖြစ်သော်လည်း မမျှော် လင့်ဘဲ နောက်ထပ် ဂန္ဓကုဋီတိုက်တွင်ပင် သီတင်းသုံး ကိန်းဝပ်စံပယ်တော်မူသော သစ်သားရုပ်ပွားတော်မြတ် ငါးဆူကို ရွှေသင်္ကန်းများ ကပ်လှူပူဇော်လိုက်ရသဖြင့် အလှူရှင် မြို့နယ်လျှပ်စစ်ဦးစီးမှူး ဦးခင်ဇော်အောင်မှာ ကုသိုလ်တရားများ ပိုမိုပွားများခွင့် ရလိုက်ရ၍ ဝမ်းသာ ကြည်နူးမဆုံး ဖြစ်သွားသည်ကိုတွေ့ရပါသည်။ မှတ်တမ်း များ တိကျစွာမရှိသော်လည်း ဤကဲ့သို့ ဘိသက္ကဂုရု ဆေးဘုရားရုပ်ပွားတော်မြတ် အပါအဝင် ဗုဒ္ဓရုပ်ပွား တော်များကို ယခင်ကလည်း (သဟပုညကာရီ)အဖြစ်နှင့် ဒါယကာ၊ ဒါယိကာမများ စုပေါင်းကပ်လှူ ဖူးခဲ့ကြ ကြောင်း ရွာခံအချို့က ပြောပြခဲ့ပါသည်။ ဖောင်တော်ဦး ဆုတောင်းပြည့် စေတီတော်ကြီးကိုမူ ဗိုလ်မှူးသန်းတင်၊ ဒေါ်အေးအေးချို မိသားစု(ရန်ကုန်)မှ ရွှေသင်္ကန်းတော် ကပ်လှူပူဇော်ခဲ့ခြင်း ဖြစ်ပါသည်။

ရွှေသင်္ကန်း ကပ်လှူမှု အလှူမင်္ဂလာ အခမ်း အနားပွဲလေး ပြီးဆုံးသွားသည်နှင့် ဆရာကြီး သိပ္ပံ(ဦး) မင်းလွင်နှင့် တာဝန်ရှိသူ ပုဂ္ဂိုလ်များအားလုံး စေတီတော် ကြီး၏ ရှေ့မျက်နှာစာရှိ ရွှေပြည်သာ၊ ချင်းတွင်းလမ်း၊ ရန်ကုန်မြို့၌ နေထိုင်လျက်ရှိကြသော ဦးအောင်ကြည်၊ ဒေါ်မြင့်မြင့်ကြည်တို့မှ ၂၀၀၆ ခုနှစ်၊ နိုဝင်ဘာလ ၂၀ ရက်နေ့၌ လှူဒါန်းခဲ့သည့် ဝတ္တကမြေကွက်ကို လိုက်လံကြည့်ရှုကြပြီး ယခုလက်ရှိ ဂန္ဓကုဋီတိုက်မှာ သေးငယ်ကျဉ်းကျပ်၍ အများပြည်သူ ဖူးမြော်နိုင်ရန် အခက်အခဲရှိသည်ဟု ယူဆကြသည့်အတွက် ထိုဝတ္တာမြေ ကွက်တွင် ဂန္ဓကုဋီတိုက်ပြောင်းရွှေ့တည်ဆောက် ပူဇော် ရန်၊ သာသနိကအဆောက်အဦများ ဆောက်လုပ်ရန်၊ မဟာရံတံတိုင်းခတ်ရန် လှူဒါန်းပူဇော်လိုသူ ကုသိုလ်ရှင် များကိုလည်း ဖိတ်ခေါ်ကြိုဆို၍ အလွယ်တကူ လှူဒါန်း နိုင်ရန်အတွက် ကူညီပံ့ပိုးမှုများပေးရန် တိုင်ပင်ညှိနှိုင်း ကြပါသည်။

ထို့နောက် ၁း၃၀ နာရီလောက်တွင် ကျွန်တော် တို့အားလုံး ဆုတောင်းတိုင်း ပြည့်ဝစေနိုင်သော ဘိသက္က ဂုရု ဆေးဘုရားရုပ်ပွားတော်မြတ်ကြီး ကိန်းဝပ်စံပယ်ရာ လယ်မရွာကျေးရွာ ဖောင်တော်ဦး စေတီတော်မြတ်ကြီးကို ဦးခိုက်ပူဇော်၍ ပြန်လည်ထွက်ခွာလာခဲ့ကြပါတော့သည်။

နေဝင်းနီ



www.burmeseclassic.com

www.burmeseclassic.com

# ယုံကြည်ပါလျှင်



ပြဒါးအောင်သိဒ္ဓိရှင်လာဘမုနိဘုရား

မြမြလှိုင်

၁။ သိရသ္မိံ မေဟုဒ္ဓသေဌ္ဌော၊
သာရိပုတ္တောစ၊ ဒက္ခိဏော၊
ဝါမအံသေ မောဂ္ဂလာနော၊
ပုရတော ပိဋကတ္တယံ၊

၂။ ပစ္ဆိမေ မမ အာနန္ဒော၊
စတုဒ္ဒိသာ ခိဏာ သဝ်၊
သမန္တာ လောကပါလာစ၊
ဣန္ဒာ ဒေဝ သဗြဟ္မကာ၊

၃။ တေသံ အနုဘာဝေန၊
သဗ္ဗေ ဘယ ဥပဒ္ဒဝ်၊
အနေက အန္တရာယာပိ၊
ဝိနဿန္တု အသေသတော။

မိမိငယ်စဉ်က ကျန်းမာရေးချူချာ၍ အဘွားသည် ထိုသိရသ္မိံဂါထာတော်ကို အလွတ်ရအောင် ကျက်ခိုင်းပြီး နေ့စဉ်နေ့တိုင်း ရွတ်ရသည်။ မိမိမှာ အဘွားကိုကြောက်၍ အလွတ်ရအောင် ကျက်မှတ်ပြီး ဆိုရသော်လည်း အနက်အဓိပ္ပာယ်ကို သေသေချာချာ မသိခဲ့ပေ။ အဘွားကို အကျိုးအကြောင်းမေးသည့်အခါတွင် နေမကောင်းသောသူ၊ လူမမာတွေ နေထိုင်ကောင်းအောင်၊ ကျန်းမာရေးကောင်းအောင် ရွတ်ဆိုသည်ဟုသာ ပြောခဲ့ဖူးလေသည်။ မိမိလည်း အဘွားအလေ့အကျင့်ပြုထားခဲ့သည့်အတိုင်း ဂုဏ်တော်ကိုးပါးနှင့်အတူ ထိုသိရသ္မိံဂါထာတော်ကို သတိရတိုင်း၊ အထူးသဖြင့် နေမကောင်းသည့်အခါတွင် ရွတ်ဖတ်ရာ၌ အကျိုးထူးသည်ကို သေချာစွာ ခံစားရလေသည်။

ထိုဂါထာကိုရွတ်ရာတွင် (မေ) နေရာတွင် (တေ)ဟု သွင်းကာ ရွတ်ဆိုပြီး (မမ)နေရာတွင် (တဝ)ဟု သွင်းကာ ရွတ်ဆိုလျှင် မမာသော၊



www.burmeseclassic.com

www.burmeseclassic.com

ကျန်းမာရေးညံ့သော ဂိလာနပုဂ္ဂိုလ်ကို ဆရာသမား အဆွေခင်ပွန်းတို့က ရွတ်ပေးလျှင် ထည့်ဆိုရမည် ဖြစ်သည်။ ထိုသို့ရွတ်မှ လူမမာအတွက် ရွတ်ဆိုခြင်းဖြစ်သည်။ ပကတိအတိုင်း မပြောင်းလဲဘဲရွတ်ပါက မိမိအတွက်သာ ရွတ်ဆိုသလိုဖြစ်သည်။


ထိုဂါထာ၏ အနက်အဓိပ္ပာယ်မှာ ဦးခေါင်းထက်တွင် လူတကာတို့ထက် သာလွန်မွန်မြတ်သော မြတ်စွာဘုရားရှင်အား တည်ထားရှိစေသည်။ လက်ယာပခုံးထက်တွင် မြတ်စွာဘုရား၏ သားကြီးရတနာ ရှင်သာရိပုတ္တရာမထေရ်မြတ်ကြီး တည်ရှိပြီး၊ လက်ဝဲပခုံးထက်တွင် လွန်စွာမှ တန်ခိုးပြင်းထန် အရှင်မောဂ္ဂလာန်မထေရ်မြတ်ကြီး တည်ရှိကာ၊ နဖူးမှသည် ရင်ဝရှေ့တစ်ခွင်တွင် ပိဋကတ်သုံးပုံကို တည်ရှိစေပါသည်။

ခန္ဓာကိုယ်၏ အနောက်ဘက် ဆိုအပ်သော လည်ကုပ်၊ လက်ပြင်၊ ကျောတစ်ခွင်တွင် ဧတဒဂ်ငါးဖြာရရှိထားသော ရှင်အာနန္ဒာမထေရ်မြတ် တည်ရှိပါသည်။ အရပ်လေးမျက်နှာ ကိုယ်အင်္ဂါတို့၌ ကိလေသာစင်သော ရဟန္တာအရှင်မြတ်တို့ တည်ရှိစေပါသည်။ ထက်ဝန်းကျင်ရှိ အရပ်ဆယ်မျက်နှာတွင် ဗြဟ္မာမင်းနှင့်တကွ သိကြား၊ နတ်၊ လောကပါလကိုစောင့်ရှောက်ရသော နတ်ကောင်းနတ်မြတ်တို့ တည်ပါစေသည်။

ဤသို့ဆိုခဲ့ပြီးသော ဘုရား၊ တရား၊ သံဃာ၊ သိကြား၊ နတ်၊ ဗြဟ္မာမင်းတို့၏ တန်ခိုးတေဇော် မေတ္တာတော် အာနုဘော်တော်ကြောင့် ခပ်သိမ်းကုန်သော ရှိကြသည့် နှစ်ဆယ့်ငါးပါးသောဘေး၊ တစ်ဆယ့်ခြောက်ပါးသော ဥပဒ္ဒဝေါတို့သည်လည်းကောင်း၊ တစ်ပါးမက များလှစွာသော အန္တရာယ်ဟူသမျှ အပေါင်းတို့သည်လည်းကောင်း အကြွင်းအကျန်မရှိ လုံးဝကင်းစင် လွင့်ပျောက်ကာ အဝေးရောက်လျှင် ကင်းကွာကုန်စင်ဖြစ်ပါစေသတည်း။

ထိုအနက်အဓိပ္ပာယ်ကို ဓမ္မစကြာ ဆယ့်ငါးစောင်တွဲ စာအုပ်တွင် မိမိဖတ်ရှုရသည့်အခါတွင် တန်ဖိုးမဖြတ်နိုင်သော သိရသို့ဂါထာတော်ကြီး၏ အကျိုးတရားကို ကိုယ်တိုင်ခံစားခဲ့ရသည့်အတွက် အဘွားကို လွန်စွာမှ ကျေးဇူးတင်မိသည်။ လူမမာ၏အမည်ကို (မေ) (မမ)နေရာတွင် ထည့်ပြီးရွတ်ဆိုပေးပါက ပိုပြီးထိရောက်သည်ဟု အဘွားက ပြောဖူးသည်။

ထိုဂါထာ ရွတ်ဆိုရာတွင် ဖြစ်နိုင်လျှင် အနက်



ဆုတောင်းပြည့် မွေ့တော်ကုဏ္ဍုဘုရား

အဓိပ္ပာယ်ကို သေသေချာချာ တစ်ပိုဒ်ချင်း သိရှိအောင်မှတ်သားပြီး ကိုးခေါက်ရွတ်ဆိုကာ ဆုတောင်းသစ္စာတိုင်တည်ပါက ပိုပြီးအကျိုးထိရောက်သည်ဟု အဘွားက ပြောသည်။

ထိုဂါထာတော်ကြီးကို နေရာမရွေး အချိန်အခါမရွေး လူမျိုးဘာသာမရွေး ယုံကြည်စွာ ရွတ်ဆိုပါက အကျိုးထိရောက်မှု ရှိပါသည်။ ဘာသာကွဲမိတ်ဆွေတစ်ယောက်အား နေထိုင်မကောင်း၍ လူမမာသတင်းသွားမေးသည့်အခါတွင် စကားစပ်မိရင်းက ထိုဂါထာကို ရေးပေးခဲ့သည်။ သုံးလေးလကြာ၍ ပြန်တွေ့သည့်အခါတွင် သူ့တွင် နှစ်ချီကာ ခံစားနေရသော လေရောဂါဝေဒနာမှာ နေ့စဉ် ကိုးခေါက် သိရသို့ကို ရွတ်ဆိုခဲ့၍ ပျောက်သွားပြီဟု သတင်းကောင်းကြားရပါသည်။

ထို့ကြောင့် ဘယ်အရာမဆို ယုံယုံကြည်ကြည်နှင့်ပြုလုပ်ပါက အကျိုးသက်ရောက်မှုရှိမည်ကို ယုံကြည်စေချင်ပါသည်။

n မြမြလှိုင်

www.burmeseclassic.com

# ပဋိစ္စသမုပ္ပါဒ် မြို့တော်

ပဲခူးကျော်ကျော်



ပဋိစ္စသမုပ္ပါဒ်စာမေးပွဲကို ၁၃၅၇ ခုနှစ်တွင် ဆက်လက်ဆောင်ရွက်တော်မူနေသော
ဥက္ကဋ္ဌဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ
ကျောက်တံခါးမြို့ အာသောကာရုံ ဆရာတော်
ဆရာတော် ဦးကောသလ မထေရ်မြတ်

www.burmeseclassic.com

www.burmeseclassic.com

ညောင်လေးပင်မြို့ကို ပဋိစ္စသမုပ္ပါဒ်မြို့တော်ဟု တင်စားကြ၏။ ထိုမြို့တွင် ညောင်လေးပင် တောရကြီး တတိယပဓာနနာယက ဆရာတော်ကြီး ဦးအရိယသည် ပရိယတ်၊ ပဋိပတ်သာသနာကို ပြုစုပျိုးထောင်ပေးခဲ့သည်။ အရသာကျမ်းပေါင်းများစွာ ပြုစုခဲ့သလိုပင် ပဋိစ္စသမုပ္ပါဒ် အခြေပြုကျမ်းကိုရေးသားပြီး ပထမ၊ ဒုတိယ၊ တတိယ၊ စတုတ္ထအဆင့်အလိုက် ပြဋ္ဌာန်းခဲ့သည်။ စာမေးပွဲများကျင်းပ၍ အောင်မြင်သူပေါ်များ၏။ ဆရာတော်ကြီး အစပြု ပျိုးထောင်ပေးခဲ့မှုကြောင့် ညောင်လေးပင်မြို့သူမြို့သားများ လူတိုင်းလိုလိုပင် ပဋိစ္စသမုပ္ပါဒ် စာမေးပွဲအောင်ပြီးကြောင်း တွေ့ရ၏။ တရားဓမ္မာများ နာယူကြရာ၌လည်း အလွန်သဘောပေါက်လွယ်ကြသည်။ မိုးကုတ်ဆရာတော်ကြီး၏ ခန္ဓာဉာဏ်ရောက် အလုပ်ပေးဝိပဿနာတရား နာလျှင်လည်း နားလည်လွယ်၏။

ဘာသာ၊ သာသနာတို့ တိုးတက်၍ လိမ္မာယဉ်ကျေးသည့် သားသမီးများ သာသနာ့အမွေကိုဆက်ခံ၍ ဘာသာ၊ သာသနာ့အကျိုးကို ပိုမိုပြုလုပ်လာကြ၏။

ပဋိစ္စသမုပ္ပါဒ် စာမေးပွဲကို ဆရာတော်ကြီး ဦးအရိယမှစ၍ စီစဉ်ပေးခဲ့ခြင်း ဖြစ်ပါသည်။

၁၃၁၀ ခုနှစ်တွင် မန္တလေး ပရိယတ္တိ သာသနဟိတအသင်း၏ နှစ် ၅၀ ပြည့် ရွှေရတုသဘင် အထိမ်းအမှတ် တံဆိပ်တော်ကပ်လှူပွဲကြီး ကျင်းပခဲ့သည်။ ညောင်လေးပင်တောရ ဆရာတော်ကြီးကိုလည်း ပင့်ဖိတ်၍ မန္တလေးသို့ ကြွခဲ့ရသည်။ အဂ္ဂမဟာပဏ္ဍိတ ဦးအရိယသည် ပုဇွန်မြောင်းသား ဖြစ်သည်။ ညီအစ်ကိုဝမ်းကွဲတော်စပ်သော လူထုဦးလှလည်း ပုဇွန်မြောင်းသားဖြစ်သည်။ မန္တလေးရောက် ဆရာတော်ကြီးသည် လူထုဦးလှ၊ ဒေါ်အမာတို့ထံ၌ သီတင်းသုံးခဲ့၏။ ဒေါ်အမာက ဆရာတော်ကြီးကို ဆွမ်းကပ်ရင်း နားမလည်သော ပဋိစ္စသမုပ္ပါဒ်ထဲမှ ကွင်းဆက်များကို လျှောက်ထားမေးမြန်းခဲ့သည်။ ဆရာတော်ကြီးမှ ဒေါ်အမာကို စိတ်ရှည်လက်ရှည်နှင့် နားလည်အောင် ရှင်းပြခဲ့သည်။ လူထုဒေါ်အမာလည်း ဘဝတစ်သက်တာအတွက် အမြတ်ရခဲ့သော



ကြောင့် ဝမ်းသာမဆုံး ဖြစ်ခဲ့ရသည်။

ဆရာတော်ကြီး ညောင်လေးပင် ပြန်ကြွလာပြီးနောက် ညောင်လေးပင်က ဒကာ၊ ဒကာမတွေကို "အစ်လိပ်စာ သင်ခဲ့ တတ်ခဲ့တဲ့ မောင်လှ၊ မိန်းမအမာတို့လို လူတွေတောင် ပဋိစ္စသမုပ္ပါဒ်ကို စိတ်ဝင်စားဖော်ရလို့ ဝမ်းသာရတယ်"ဟု မကြာခဏမိန့်တော်ခဲ့သည်။ ထိုအကြောင်းအရာက လူပုဂ္ဂိုလ်များကို ပဋိစ္စသမုပ္ပါဒ်တရား သင်ပေးလိုသည့် ဆရာတော်ကြီး၏ ရှိရင်းစွဲ ဆန္ဒကို အမြန်ဆုံးအကောင်အထည်ဖော်အောင် တွန်းပို့လိုက်သောအကြောင်းတစ်ရပ် ဖြစ်ပါသည်။ "ပဋိစ္စသမုပ္ပါဒ် စာမေးပွဲအစ လူထုဒေါ်အမာက"ဟုပင် တင်စားပြောဆိုကြ၏။

၁၃၁၂ တွင် ဆရာတော်ဘုရားကြီးသည် လူပုဂ္ဂိုလ်များအား ပဋိစ္စသမုပ္ပါဒ် တရားတော်များ ကောင်း သင်ကြားပေးခဲ့၏။

www.burmeseclassic.com

၁၃၁၃ ခုနှစ်တွင် ပဋိစ္စသမုပ္ပါဒ် ရေးဖြေစာမေးပွဲကြီးကို စတင်ကျင်းပခဲ့သည့် ပဋိစ္စသမုပ္ပါဒ် အခြေပြုစာအုပ်ရေး၍ ပထမဆင့်၊ ဒုတိယ၊ တတိယ၊ စတုတ္ထ အဆင့်အလိုက် ပြဋ္ဌာန်းခဲ့သည်။

ပရိယတ္တိ နှစ် ၅၀ ပြည့် ပူဇော်ပွဲကအပြန် ဆရာတော်ကြီးက မုကွမ္မူ၊ ကျူချောင်းစသည့် ရွာများမှ ကျောင်းဆရာ၊ ဆရာမများကို ဥပုသ်နေ့ ကျောင်းသို့ သီလလာယူသည့်အခါ အလယ်တိုက်ကြီး အောက်ထပ်တွင် သီလပေးပြီး ဆရာတော်ကြီးကိုယ်တိုင် ဆရာ၊ ဆရာမများကို ပဋိစ္စသမုပ္ပါဒ်တရားတော် သင်ကြားပေးပါသည်။ ဝါတွင်းကာလ သင်ကြားပေးပြီး နတ်တော်၊ ပြာသိုရောက်သော် စာမေးပွဲများကျင်းပပါသည်။ နောက်နှစ် နောက်နှစ်တွေတွင်လည်း ဆရာတော်ကြီးကိုယ်တိုင် သင်ကြားပေးပြန်၏။ စာမေးပွဲအောင်မြင်ပြီးသော ဆရာ၊ ဆရာမများကို မိမိတို့ သက်ဆိုင်ရာနေရာများတွင် ဆင့်ပွားသင်ကြားစေ၏။ ဆရာတော်ကြီး နှစ်စဉ်ပြုလုပ်ခဲ့သည်ဖြစ်၍ ဆရာတော်ကြီး မရှိတော်မူသည့်နောက် တိုက်တာရှိ သံဃာကြီးများက သင်ကြားပို့ချ၍ စာမေးပွဲများ ကျင်းပလာကြသည်။ မုကွမ္မူ၊ ကျူချောင်း၊ ပုဇွန်မြောင်း၊ ဖိုးတဖွါ့ စသောရွာများရှိ မြန်မာများရော၊ ဗုဒ္ဓဘာသာကရင်များပါမကျန် ပဋိစ္စသမုပ္ပါဒ်ကို သင်ကြားကျက်မှတ်ပြီး စာမေးပွဲများ ဖြေလာကြသည်။

ပဋိစ္စသမုပ္ပါဒ်တရားတော် ပြန့်ပွားရေးနှင့် ပတ်သက်ပြီး ဆရာတော်ကြီး၏ ထူးခြားသော ဆောင်ရွက်ချက်မှာ ကရင်၊ ဗမာ ချစ်ကြည်ရေး ဆောင်ရွက်ချက်ပင်ဖြစ်၏။ ထိုအချိန်က မြစ်ဝကျွန်းပေါ်ဘက်တွင် ကရင်၊ ဗမာ အဓိကရုဏ်း ဖြစ်နေသည်။ ထိုရောဂါဆိုးက ကရင်၊ ဗမာ ညီညွတ်စွာနေသော ညောင်လေးပင်နယ်မှ ကျေးရွာများကို ကူးစက်လာမည်ကို ဆရာတော်ကြီး စိုးရိမ်တော်မူခဲ့သည်။ ဆရာတော်ကြီးသည် ပဋိစ္စသမုပ္ပါဒ်ကို ကရင်ဘာသာ ပြန်လိုသည်။ အင်္ဂလိပ်ဘာသာ၊ တရုတ်ဘာသာ ပြန်လိုခဲ့သည်။ ထို့ကြောင့် ကျူချောင်း၊ မုကွမ္မူ၊ အင်းဝိုင်း စသောရွာများမှ ဦးတိုး၊ ဦးစံမြ၊ ဦးဘိုးစိစသော ကရင်ခေါင်းဆောင် အကြီးအကဲများနှင့် တိုင်ပင်ပြီး ကျူချောင်းရွာမှ ဦးမောင်တိုး၊ ဦးထွေးမောင်၊ အင်းဝိုင်းရွာက ဦးစောအောင်တင်တို့အား ပဋိစ္စသမုပ္ပါဒ် အခြေပြုစာတမ်းကို ကရင်ဘာသာ ပြန်ခိုင်းပါသည်။ ထို့နောက် ကျူချောင်းရွာမှ ကရင်အမျိုးသားအဖွဲ့အား လေ့ကျင့်သင်ကြားပေးခဲ့သည်။ ကရင်၊ မြန်မာချစ်ကြည်ရေးအဖြစ် ညောင်လေးပင် မီးသတ်ရုံးတွင် ကျင်းပစေခဲ့၏။ ကရင်အမျိုးသား၊ အမျိုးသမီးများနှင့် ဗမာအမျိုးသမီး၊ အမျိုးသားငယ်များကို ကရင်လိုတစ်ပိုဒ်ဆိုလျှင် ဗမာလိုတစ်ပိုဒ် ရွတ်ဆိုခိုင်းခဲ့သည်။

တစ်ရွာထဲတွင် ရောထွေးနေထိုင်ကြသော ကရင်၊ ဗမာများကို အဓိကရုဏ်းရောဂါများ ကူးစက်မလာစေရန် ဓမ္မဖြင့် တားဆီးပေးတော်မူသည်။ ဆရာတော်၏ ဆောင်ရွက်ချက်များ အောင်မြင်ကောင်းမွန်သဖြင့် မြန်မာ့အသံ ရေဒီယိုမှပင် အသံလွှင့်ပေးရသည်။

ဥပုသ်နေ့တိုင်း ပဋိစ္စသမုပ္ပါဒ် အင်္ဂါ ၁၂ ပါးမှ စက်ဝိုင်းများ လှည့်သည်အထိ အာဂုံရွတ်ဆိုသံများ တောရကြီးအလယ်တိုက် အောက်ထပ်တွင် ညံနေသည်။ စာမေးပွဲများ စနစ်တကျ စစ်ဆေးပြီး ပဋိစ္စသမုပ္ပါဒ် မောင်/မယ် ရွေးပါသည်။

ညောင်လေးပင်ရွာမက ကျောင်းဒကာ ဦးခင်မောင်၏ သမီး မဝင်းကြည်က ၁၃၁၃ ခု ပထမဆုံး ပဋိစ္စသမုပ္ပါဒ်မယ်ဆု ထိုနှစ်က ဆွတ်ခူးရရှိသည်။

ပဋိစ္စသမုပ္ပါဒ်ဖြေ ဌာနများဖြစ်သည့် ကျူချောင်း၊ မုကွမ္မူ၊ ညောင်လေးပင်တို့တွင် မကတော့ဘဲ အုတ်တွင်း၊ ဖြူး၊ ကညွတ်ကွင်း၊ တောကျွဲအင်း၊ ပဲနွယ်ကုန်း၊ ကျောက်တံခါး၊ မဒေါက်နှင့် ပဲခူးအထိ စာဖြေဌာနများ တိုးချဲ့ကျင်းပနိုင်ခဲ့သည်။

ညောင်လေးပင်စာဖြေဌာနတွင် မြို့နယ်အတွင်းရှိ စာသင်ကျောင်းများအားလုံး၊ ဘုန်းကြီးကျောင်းများ အားလုံးနီးပါး ဝင်ရောက်ဖြေဆိုကြပါသည်။ စာမေးပွဲကို အဆင့်လေးဆင့် ခွဲထားပါသည်။ စာမေးပွဲတွင် ရိုးရိုးအောင်သူများကိုလည်း ကဝလွယ်အိတ်တစ်လုံးစီ ဆုချခဲ့



www.burmeseclassic.com

www.burmeseclassic.com

ပါသည်။ စတုတ္ထအဆင့်တွင် အမှတ်အများဆုံးရသူကို ရွှေတံဆိပ်တစ်ခုနှင့် စလွယ်တစ်ခု ချီးမြှင့်ခဲ့ပါသည်။ ယခင်က စာဖြေဌာန ငါးခုသာ ကျင်းပနိုင်ခဲ့ပြီး နောက်ပိုင်းတွင် ပဋ္ဌိစ္စသမုပ္ပါဒ် ပထမဆင့်၊ ဒုတိယဆင့်၊ တတိယဆင့် စာမေးပွဲများကို အုတ်တွင်းစာဖြေဌာန၊ ဖြူးစာဖြေဌာန၊ ပိန်းဇလုပ်စာဖြေဌာန၊ တော်ဝိစာဖြေဌာန၊ ကျွန်းကြီးစာဖြေဌာန၊ ထော်နွတ်စာဖြေဌာန၊ ရေကြီးစာဖြေဌာန၊ မဒေါက်စာဖြေဌာန၊ အင်းဝိုင်းစာဖြေဌာန၊ ပုဇွန်မြောင်းစာဖြေဌာန၊ ပြွန်တန်ဆာစာဖြေဌာန၊ ညောင်လေးပင် စာဖြေဌာန ၁၅ ခုတို့တွင် ဘစ်ပြိုင်တည်း ကျင်းပခဲ့သည်။

စတုတ္ထဆင့်ကို ညောင်လေးပင်တောရကြီး ဓမ္မာရုံတွင် ကျင်းပခဲ့ရာ ဖြူး၊ ပဲနွယ်ကုန်း၊ ကျောက်တံခါး၊ ပိန်းဇလုတ်၊ ကျွန်းကြီး၊ ထော်နွတ်၊ မဒေါက်၊ အင်းဝိုင်း၊ ပျဉ်ရေကြီး၊ ညောင်လေးပင်တို့မှ ဝင်ရောက်ဖြေဆိုခဲ့ကြသည်။

ဆရာတော်ကြီး ပျံလွန်တော်မူပြီးနောက် ဆရာဒကာ လက်တွဲ၍ လက်ဆင့်ကမ်း ဆောင်ရွက်ခဲ့ကြရာ ၁၃၄၉ ခုနှစ်အထိ ၃၇ နှစ်တိုင်တိုင် ဖြစ်၏။ နှစ်စဉ် စတုတ္ထဆင့် အောင်မြင်သူများမှ အမှတ်အများဆုံး ပဋ္ဌိစ္စသမုပ္ပါဒ် မောင်မယ် ၃၇ ဦးရှိပြီး ရွှေတံဆိပ် ၃၇ ခု ဆွတ်ခူးပေးခဲ့သည်။ အကြောင်းအမျိုးမျိုးကြောင့် ၁၃၅၀ မှ ၁၃၅၇ ခု နှစ်အထိ ခုနစ်နှစ်တိုင်တိုင် ရပ်ဆိုင်းခဲ့ရသည်။

ဆရာတော်ကြီး တည်ထောင်လာခဲ့သော ပဋ္ဌိစ္စသမုပ္ပါဒ်ပြန့်ပွားရေးလုပ်ငန်းသည် ဆက်လက်ဆောင်ရွက်သင့်သော သာသနာပြုလုပ်ငန်းတစ်ရပ် ဖြစ်သည်နှင့်အညီ ပြန်လည်ဆောင်ရွက်ခဲ့ကြသည်။ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ကျောက်တံခါးမြို့ အာသောကာရုံ ဆရာတော်ကြီးမှ ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်၍ ပဋ္ဌိစ္စသမုပ္ပါဒ် ဗဟိုအကျိုးဆောင်အဖွဲ့ကို ၁၃၅၇ ခုတွင် ပြန်လည်ဖွဲ့စည်းခဲ့သည်။ ၁၃၅၈/၅၉ ခုနှစ်များတွင် ပထမဆင့်မှ တတိယဆင့်အထိသာ စာဖြေဌာန ငါးခုနှင့်သာ ကျင်းပနိုင်ခဲ့သည်။ ၁၃၆၀ ပြည့်နှစ်မစ၍ စတုတ္ထဆင့်ထိ ကျင်းပလာနိုင်ခဲ့သည်။

၁၃၅၇ မှ ၁၃၆၇ ထိ ပဋ္ဌိစ္စသမုပ္ပါဒ်မောင်/မယ် ငါးဦးသာ ရွေးချယ်နိုင်၏။ ယခင်ကကဲ့သို့ နှစ်စဉ်မရွေးချယ်ဘဲ ထူးချွန်ဆု ရွေးချယ်ရေး ဆရာတော်ကြီးများအဖွဲ့က အမှတ် ၉၀ ကျော်မှသာ မောင်/မယ်ရွေးခဲ့သည်။

ဆရာတော်ကြီးများပါဝင်သော ပဋ္ဌိစ္စသမုပ္ပါဒ် ဗဟိုစာစစ်အဖွဲ့၊ လူပုဂ္ဂိုလ်များ ပါဝင်သော ပဋ္ဌိစ္စသမုပ္ပါဒ် စာမေးပွဲကျင်းပရေး ဗဟိုအကျိုးဆောင်အဖွဲ့၊ ဒေသခံ ပဋ္ဌိစ္စသမုပ္ပါဒ် အဖွဲ့ခွဲများ၊ စတုတ္ထဆင့် မေးခွန်းပြုစုရေးနှင့် စစ်ဆေးရေး ဆရာတော်များအဖွဲ့၊ ထူးချွန်ဆု ရွေးချယ်ရေး ဆရာတော်များအဖွဲ့တို့ကို စနစ်တကျဖွဲ့စည်းကာ ပဋ္ဌိစ္စသမုပ္ပါဒ် ရေးဖြေစာမေးပွဲကြီးကို ပြန်လည်ကျင်းပမြဲ ကျင်းပခဲ့ကြသည်။ စာမေးပွဲကို ခေတ်နှင့်လျော်ညီသော နည်းကမ်းမူများသာ အနည်းငယ်ပြင်ဆင်ပြီး ဆရာတော်ကြီး ချမှတ်ခဲ့သော မူအတိုင်း စနစ်တကျ ဆောင်ရွက်ကြသည်။

ပဋ္ဌိစ္စသမုပ္ပါဒ် မောင်/မယ်များ ရွေးချယ်၍ ရွှေတံဆိပ်နှင့် စလွယ်ဆုချပြီး အခြားအဆင့် ထူးချွန်သူများကိုလည်း ဗဟိုမှ ဆုပေးပွဲအခမ်းအနားဖြင့် ဆုချီးမြှင့်ခဲ့သည်။ တစ်နှစ်တစ်နှစ်ကို စာမေးပွဲကျင်းပစရိတ်ငွေသိန်းချီ အကုန်အကျခံ၍ သာသနာပြုနေကြပါသည်။ အားလုံးက ပရိယတ္တိ သာသနာပြုလုပ်ငန်းတစ်ရပ်ဟု ခံယူသဘောထားကာ ဤလုပ်ငန်းကြီး အရှည်တည်တံ့ကြာမြင့်အောင် ကြိုးစားဆောင်ရွက်ကြပါမည့်အကြောင်း ထပ်လောင်း၍ ကတိပေးကြပါသည်။

မိဘများကလည်း မိမိတို့၏ သားသမီးများ အနာဂတ်တွင် လိမ္မာယဉ်ကျေးစေရေး၊ အသိဉာဏ် တိုးပွားစေရေးအတွက် ဘာသာရေးဆိုင်ရာစာမေးပွဲများ၊ သင်တန်းများကို ပါဝင်တက်ရောက် ဖြေဆိုစေခြင်းဖြင့် သာသနာပြုနိုင်ကြပါစေဟု ဆန္ဒပြုရင်း။

■ ပဲခူးကျော်ကျော်


www.burmeseclassic.com

# ရောင်ပြ[illegible]ခင်း ပြက္ခဒိန်

## ၁၃၇၆ ခုနှစ်၊ ဝါခေါင်လ - တော်သလင်းလ

## 2014 AUGUST

| | | |
|---|---|---|
| သောကြာ Friday | 1 ၆ ရက်ရာဇာ | |
| စနေ Saturday | 2 ၇ | |
| တနင်္ဂနွေ Sunday | 3 ၈ အမြိတ္တစုတ်ရက် | |
| တနင်္လာ Monday | 4 ၉ | 18 ၈ |
| အင်္ဂါ Tuesday | 5 ၁၀ ရက်ယုတ်မာ | 19 ၉ |
| ဗုဒ္ဓဟူး Wednesday | 6 ၁၁ ရက်ရာဇာ | 20 ၁၀ ရက်ရာဇာ ရက်ယုတ်မာ |
| ကြာသပတေး Thursday | 7 ၁၂ | 21 ၁၁ |
| သောကြာ Friday | 8 ၁၃ ရက်ရာဇာ | 22 ၁၂ ရက်ရာဇာ |
| စနေ Saturday | 9 ၁၄ | 23 ၁၃ |
| တနင်္ဂနွေ Sunday | 10 ၁၅ ဝါခေါင်လပြည့် | 24 ၁၄ ဝါခေါင်လကွယ် |
| တနင်္လာ Monday | 11 ၁ မဟာရက်ကြမ်း | 25 ၁ |
| အင်္ဂါ Tuesday | 12 ၂ | 26 ၂ မဟာရက်ကြမ်း |
| ဗုဒ္ဓဟူး Wednesday | 13 ၃ ရက်ရာဇာ | 27 ၃ |
| ကြာသပတေး Thursday | 14 ၄ အမြိတ္တစုတ်ရက် | 28 ၄ ရက်ရာဇာ အမြိတ္တစုတ်ရက် |
| သောကြာ Friday | 15 ၅ ရက်ရာဇာ | 29 ၅ |
| စနေ Saturday | 16 ၆ | 30 ၆ ရက်ရာဇာ |
| တနင်္ဂနွေ Sunday | 17 ၇ | 31 ၇ |




၁၀. ၈. ၂၀၁၄ စန်းပြောင်းရက်စွဲ ၂၄. ၈. ၂၀၁၄

### ၂၀၁၄ ခုနှစ်၊ ဩဂုတ်လအတွင်း ဂြိုဟ်ပြောင်းချိန်

တနင်္ဂနွေသည် - ၁၇. ၈. ၂၀၁၄ တနင်္ဂနွေနေ့ နံနက် ၆ နာရီ ၅၅ မိနစ် ၁၄ စက္ကန့်တွင် သိဟ်ရာသီသို့ ပြောင်းသည်။

အင်္ဂါသည် - တူရာသီသို့ ပြောင်းသည်။

ဗုဒ္ဓဟူးသည် - ၁၂. ၈. ၂၀၁၄ အင်္ဂါနေ့ ည ၉ နာရီ ၅၄ မိနစ် ၃၄ စက္ကန့်တွင် သိဟ်ရာသီသို့ ပြောင်းသည်။

၂၉. ၈. ၂၀၁၄ သောကြာနေ့ ညနေ ၄ နာရီ ၂၈ မိနစ် ၂၇ စက္ကန့်တွင် ကန်ရာသီသို့ ပြောင်းသည်။

ကြာသပတေးသည် - ကြင့်ရာသီသို့ ပြောင်းသည်။

သောကြာသည် - ၇. ၈. ၂၀၁၄ ကြာသပတေးနေ့ ညနေ ၄ နာရီ ၄၉ မိနစ် ၃၅ စက္ကန့်တွင် ကြင့်ရာသီသို့ ပြောင်းသည်။

စနေသည် - တူရာသီသို့ ပြောင်းသည်။

ရာဟုသည် - ကန်ရာသီသို့ ပြောင်းသည်။

**(၃. ၈. ၂၀၁၄)၊ (၁၄. ၈. ၂၀၁၄)ရက်နှင့် (၂၈. ၈. ၂၀၁၄)ရက်တို့သည် အမြိတ္တစုတ်ကျ၍ ၁၁ ရက်နေ့ နံနက် ၁၂း၀၇ နာရီမှ ၁၂း၅၉ နာရီအတွင်းသည် ဓနသိဒ္ဓိနက္ခတ် အား *အကောင်းဆုံးအချိန်ဖြစ်သည်။***

အမြိတ္တစုတ်ရက်မှာ လုပ်ဆောင်စရာ

***တနင်္ဂနွေသားသမီး***သည် မြောက်အရပ်တွင် ပုန်းညက်ပင် စိုက်ပါ။

***တနင်္လာသားသမီး***သည် အရှေ့မြောက်အရပ်တွင် ခရေပင် စိုက်ပါ။

***အင်္ဂါသားသမီး***သည် အရှေ့အရပ်တွင် သရဖီပင် စိုက်ပါ။

***ဗုဒ္ဓဟူးသားသမီး***သည် အရှေ့တောင်အရပ်တွင် ကွမ်းသီးပင် စိုက်ပါ။

***ကြာသပတေးသားသမီး***သည် အနောက်တောင်အရပ်တွင် ဒန်းပင် စိုက်ပါ။

***သောကြာသားသမီး***သည် အနောက်မြောက်အရပ်တွင် အုန်းပင် စိုက်ပါ။

***စနေသားသမီး***သည် တောင်အရပ်တွင် ကံ့ကော်ပင် စိုက်ပါ။



www.burmeseclassic.com

www.burmeseclassic.com

# သည်လအတွက်ကောင်းသောရက်

## ၂၀၁၄ ခုနှစ်၊ ဩဂုတ်လအတွက်

နွယ်သာကီအောင်

ဂျိုးတဂျိမ့်ဂျိမ့်နှင့် သိမ့်သိမ့်တုန်မျှ ထစ်ချုန်းသော မိုးကြိုးသံများနှင့်အတူ လျှပ်မျှင်တို့ ရှိုးရှိုးရဲရဲဖြင့် မိုးပုလဲပွင့်တို့ အဆင့်ဆင့် စီရီလာခဲ့ပါချေပြီ။

မိုးအခါကာလပေမို့ မိုးပသာဒတွေက မြန်မာ့ရေမြေတစ်ဝှမ်းကို လွှမ်းခြုံလို့ထားနေခဲ့သည်။ စိုက်ပျိုးရေးကိုအခြေတည်၍ တိုင်းပြည်ရိက္ခာကို ဖူလုံစေသည်သာမက နိုင်ငံခြားဝင်ငွေကိုပါ ရှာဖွေပေးနိုင်သည့် ကောက်ပဲသီးနှံများ၊ သစ်သီးဝလံများစွာတို့သည် မိုးရေကိုတည်မှီ၍ ဖြစ်ပေါ်လာသော မြေဆီဩဇာတို့ကို စားသုံးရင်း အထွက်နှုန်းတွေတိုးပွားဖို့ရာတာစူနေသည်ကိုက ဝမ်းသာအားရဖွယ် ကောင်းလှပေ၏။

မိုးခေါင်ရေရှားရပ်ဝန်း၌ ပြုစုစိုက်ပျိုးထားသော အပင်မျိုးစုံတို့မှာလည်း မိုးရေကိုသောက်လိုက်ရ၍ အားသစ်တို့ဝေဆာလာမှာ သေချာသည်။ တောင်ကတုံးမှာလည်း သျှောင်ထုံးဖို့ရာ သစ်တောတွေ ခရီးဆန့်လေပြီ။ ဥတုရာသီဆိုသည်မှာကား တောကိုမှီနေရလေရာ သစ်တောတွေ ပြုန်းတီးခြင်းမရှိဘဲ ဝေဆာအုပ်ဆိုင်းလာပြီဆိုလျှင် မိမိတို့နိုင်ငံအတွက် ရာသီဥတုဖောက်ပြန်ခြင်း၊ သဘာဝဘေးအန္တရာယ်တို့ ရိုက်ခတ်ခြင်းဆိုသည်မှာ မယုံချင်စရာ၊ ပုံပြင်ပမာဟုသာ ပြောရပေတော့မည်။

သည့်အတွက် . . .

### ၁။ နေအိမ်တိုက်တာဝယ်ဖို့ရာ

ဩဂုတ်လ (၁၄)၊ (၁၉)၊ (၂၂)၊ (၂၄)၊ (၃၁) စသောရက်များသည် နေအိမ်တိုက်တာများ ဝယ်ယူရန် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

### ၂။ ကား/ယာဉ်စုံစွာ ဝယ်ဖို့ရာ

ဩဂုတ်လ (၃)၊ (၁၀)၊ (၃၀) စသောရက်များသည် မော်တော်ကားနှင့်တကွ ယာဉ်အမျိုးမျိုးဝယ်ယူဖို့ရာ အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

### ၃။ အမည်ပေးရာ၊ ဆိုင်းဘုတ်တင်ရာ

ဩဂုတ်လ (၅)၊ (၆)၊ (၁၇)၊ (၁၉)၊ (၂၀)၊ (၃၀) စသောရက်များသည် အမည်ပေးရန်၊ ဆိုင်းဘုတ်တင်ရန် အတွက် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

### ၄။ ခရီးဝေးနီး ထွက်ဖို့ရာ

ဩဂုတ်လ (၅) (၆)၊ (၈)၊ (၁၄)၊ (၁၉)၊ (၂၀)၊ (၂၂)၊ (၂၈) စသောရက်များသည် ရပ်ဝေးရပ်နီး ခရီးများ ထွက်ဖို့ရာအတွက် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။



www.burmeseclassic.com

www.burmeseclassic.com

၅။ လယ်ထွန်မင်္ဂလာပြုဖို့ရာ

ဩဂုတ်လ (၅) (၆)၊ (၈)၊ (၁၄)၊ (၁၉)၊ (၂၀)၊ (၂၂)၊ (၂၈)၊ (၃၀) စသောရက်များသည် လယ်ထွန်မင်္ဂလာပြုလုပ်ဖို့ရာ အကောင်းဆုံးရက်များဖြစ်ကြပါသည်။

၆။ ရွှေတွင်း/ကျောက်တွင်းများ တူးဖို့ရာ

ဩဂုတ်လ (၁)၊ (၅)၊ (၁၀)၊ (၁၃)၊ (၂၄)၊ (၁၈)၊ (၂၈) စသောရက်များသည် ရွှေတွင်း၊ ကျောက်တွင်းများ တူးဖော်ဖို့ရာ အကောင်းဆုံးရက်များ အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

၇။ ယှဉ်ပြိုင်ကိစ္စ ဆောင်ရွက်ဖို့ရာ

ဩဂုတ်လ (၁)၊ (၈)၊ (၁၄)၊ (၁၅)၊ (၁၈)၊ (၂၂)၊ (၂၈)၊ (၃၁) စသောရက်များသည် ယှဉ်ပြိုင်ကိစ္စများ ဆောင်ရွက်ဖို့ရာ အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

၈။ ကျောင်း/အိမ်ဆောက်ဖို့ရာ

ဩဂုတ်လ (၁)၊ (၃)၊ (၅)၊ (၁၀)၊ (၁၃)၊ (၁၄)၊ (၁၅)၊ (၁၈)၊ (၁၉)၊ (၂၂)၊ (၂၈)၊ (၃၀) စသောရက်များသည် ကျောင်းများ၊ လူအိမ်အဆောက်အအုံများဆောက်လုပ်ဖို့ရာ အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

၉။ ရှင်ပြု၊ နားသ ပြုဖို့ရာ

ဩဂုတ်လ (၁)၊ (၃)၊ (၆)၊ (၁၀)၊ (၁၄)၊ (၁၅)၊ (၂၀)၊ (၂၄)၊ (၃၀)၊ (၃၁) စသောရက်များသည် ရှင်ပြုနားသမင်္ဂလာများ ပြုလုပ်ရန် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

၁၀။ သီးနှံမျိုးစေ့ကြဲဖို့ရာ

ဩဂုတ်လ (၅)၊ (၆)၊ (၈)၊ (၁၄)၊ (၁၉)၊ (၂၀)၊ (၂၂)၊ (၂၈)၊ (၃၀) စသောရက်များသည် သီးနှံမျိုးစေ့များကြဲရန်အတွက် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

၁၁။ ရေတွင်းရေကန် တူးဖို့ရာ

ဩဂုတ်လ (၁)၊ (၅)၊ (၆)၊ (၈)၊ (၁၀)၊ (၁၄)၊ (၁၅)၊ (၁၉)၊ (၂၀)၊ (၂၂)၊ (၂၄)၊ (၂၈)၊ (၃၁) စသောရက်များသည် ရေတွင်းရေကန်များတူးဖော်ဖို့ရာ အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

၁၂။ အတတ်ပညာ သင်ဖို့ရာ

ဩဂုတ်လ (၁)၊ (၅)၊ (၆)၊ (၁၄)၊ (၁၅)၊ (၁၉)၊ (၂၀)၊ (၃၀)၊ (၃၁) စသောရက်များသည် အတတ်ပညာများ သင်ယူဖို့ရာအတွက် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

၁၃။ အောင်ဘာလေထီ ထိုးဖို့ရာ

ဩဂုတ်လ (၁)၊ (၄)၊ (၇)၊ (၂၈) စသောရက်များသည် အောင်ဘာလေထီထိုးဖို့ရာ အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

၁၄။ အိမ်ပြောင်းရွှေ့ရာ၊ အိမ်သစ်တက်ရာ

ဩဂုတ်လ (၅)၊ (၁၃)၊ (၁၄)၊ (၁၈)၊ (၁၉)၊ (၃၀) စသောရက်များသည် အိမ်ပြောင်းရွှေ့ခြင်း၊ အိမ်သစ်တက်ခြင်း စသောကိစ္စများ ပြုလုပ်ဆောင်ရွက်ရန် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

၁၅။ ရေသတ္တဝါဖမ်းဖို့ရာ

ဩဂုတ်လ (၅)၊ (၆)၊ (၃၃)၊ (၁၄)၊ (၂၂)၊ (၂၄) စသောရက်များသည် ရေနေသတ္တဝါများဖြစ်ကြသည့် ငါးများ၊ ပုစွန်များ အစရှိသည်တို့ကို ဖမ်းယူဖို့ရာ အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

■ နွယ်သာကီးအောင်



www.burmeseclassic.com

www.burmeseclassic.com

# စိုက်ပျိုးရေးရာ

# သည်လမှာ

## ၂၀၁၄ ခုနှစ်၊ ဩဂုတ်လအတွက်

■ တောကကိုရင်

မိမိတို့ မြန်မာနိုင်ငံသည် လယ်ယာစိုက်ပျိုးရေးကို အခြေခံသော နိုင်ငံတစ်နိုင်ငံဖြစ်သည့်အားလျော်စွာ မြေလွတ်မြေရိုင်းတွေလည်း ပေါများလှ၏။ လယ်ယာမြေတို့မှာလည်း ဩဇာမြေဆီကြွယ်ဝသဖြင့် စိုက်ပျိုးသမျှသီးနှံတို့ ဖြစ်ထွန်းကြသည်မှာလည်း အငြင်းပွားစရာ မရှိပါချေ။ သို့ရာတွင် စိုက်ပျိုးရေးရာကိစ္စ၌ နည်းစနစ်မှန်ကန်ဖို့လိုသလို အခါကာလကောင်းကိုလည်း ရွေးချယ်တတ်ဖို့ လိုပေသည်။ သည့်အတွက် ကိုင်းသမား၊ ယာသမား၊ လယ်သမား၊ ဥယျာဉ်ခြံမြေစိုက်ပျိုးကြသူများအတွက် ရည်ရွယ်ကာ ဤကာလအခါသမယ၌ သတိပြုဖွယ် စိုက်ပျိုးရေးကိစ္စကို ဖော်ပြလိုက်ပါ၏။

၁။ ဩဂုတ်လ (၂)၊ (၄)၊ (၉)၊ (၁၀)၊ (၁၃)၊ (၂၂)၊ (၂၃)၊ (၂၄)၊ (၃၀) စသောရက်များသည် အပွင့်၊ အသီးအနှံ အရွက်အပွင့်များ စိုက်ပျိုးရန်နှင့် ကိုင်းကူးစိုက်ပျိုးခြင်း၊ နေရာပြောင်းရွှေ့စိုက်ပျိုးခြင်းတို့ကို ပြုလုပ်ရန် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်

၂။ ဩဂုတ်လ (၅)၊ (၆)၊ (၈)၊ (၁၄)၊ (၁၉)၊ (၂၀)၊ (၂၂)၊ (၂၈)၊ (၃၀) စသောရက်များသည် သီးနှံမျိုးစေ့ကြဲရန် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

၃။ ဩဂုတ် (၃)၊ (၁၀)၊ (၁၁)၊ (၁၄)၊ (၂၁)၊ (၂၃)၊ (၂၄)၊ (၃၀) စသောရက်များသည် ဥ၊ အမြစ်၊ အပင်များစိုက်ပျိုးရန်နှင့် အကိုင်းအခက်များ ခုတ်ထွင်ရှင်းလင်းရန် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

၄။ ဩဂုတ်လ (၄)၊ (၁၁)၊ (၁၂)၊ (၁၃)၊ (၂၀)၊ (၂၃)၊ (၂၄)၊ (၃၁) စသောရက်များသည် လယ်မြေ၊ ယာမြေ၊ ဥယျာဉ်မြေတို့ကို ထွန်ယက်ခြင်း၊ အပင်တို့အား ပိုးသတ်ဆေးဖျန်းခြင်း၊ ပေါင်းပင်,ချုံနွယ်,အမှိုက်သရိုက်တို့ကို မီးရှို့ခြင်း၊ အသီးအနှံတို့ကို ရိတ်သိမ်းခြင်း၊ ဥ,အမြစ်တို့ကို တူးဖော်ခြင်းတို့အား ပြုလုပ်ရန် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

❐ တောကကိုရင်



www.burmeseclassic.com

www.burmeseclassic.com

# အလုပ်အကိုင် အောင်မြင်စေရန်

## ၂၀၁၄ ခုနှစ်၊ ဩဂုတ်လအတွက်

■ မဟိဒ္ဓိကျော်ခေါင်

**၁။ တနင်္ဂနွေနေ့တွင် မွေးဖွားသူများ**

ဩဂုတ်လ (၁)၊ (၅)၊ (၆)၊ (၈)၊ (၁၂)၊ (၁၃)၊ (၁၅)၊ (၂၀)၊ (၂၂)၊ (၂၉)၊ (၃၁) စသောရက်များသည် တနင်္ဂနွေသားသမီးတို့အတွက် အလုပ်အကိုင်အောင်မြင်စေသောရက်များဖြစ်ကြ၏။

**၂။ တနင်္လာနေ့တွင် မွေးဖွားသူများ**

ဩဂုတ်လ (၂)၊ (၅)၊ (၇)၊ (၁၂)၊ (၁၄)၊ (၁၈)၊ (၂၁)၊ (၃၁) စသောရက်များသည် တနင်္လာသားသမီးတို့အတွက် အလုပ်အကိုင်အောင်မြင်စေသော ရက်များဖြစ်ကြ၏။

**၃။ အင်္ဂါနေ့တွင် မွေးဖွားသူများ**

ဩဂုတ်လ (၂)၊ (၃)၊ (၆)၊ (၁၀)၊ (၁၅)၊ (၁၇)၊ (၁၈)၊ (၂၄)၊ (၃၀)၊ (၃၁) စသောရက်များသည် အင်္ဂါသားသမီးတို့အတွက် အလုပ်အကိုင်အောင်မြင်စေသောရက်များဖြစ်ကြ၏။

**၄။ ဗုဒ္ဓဟူးနေ့တွင် မွေးဖွားသူများ**

ဩဂုတ်လ (၂)၊ (၃)၊ (၉)၊ (၁၀)၊ (၁၂)၊ (၁၇)၊ (၂၃)၊ (၂၄)၊ (၂၈)၊ (၂၉) စသောရက်များသည် ဗုဒ္ဓဟူးသားသမီးတို့အတွက် အလုပ်အကိုင်အောင်မြင်စေသောရက်များ ဖြစ်ကြ၏။

**၅။ ကြာသပတေးနေ့တွင် မွေးဖွားသူများ**

ဩဂုတ်လ (၂)၊ (၈)၊ (၉)၊ (၁၅)၊ (၁၈)၊ (၂၂)၊ (၂၃)၊ (၂၇)၊ (၂၈) စသောရက်များသည် ကြာသပတေးသားသမီးတို့အတွက် အလုပ်အကိုင်အောင် မြင်စေသောရက်များဖြစ်ကြ၏။

**၆။ သောကြာနေ့တွင် မွေးဖွားသူများ**

ဩဂုတ်လ (၁)၊ (၃)၊ (၇)၊ (၈)၊ (၁၀)၊ (၁၄)၊ (၁၇)၊ (၂၁)၊ (၂၂)၊ (၂၄)၊ (၂၇)၊ (၂၈)၊ (၃၁) စသောရက်များသည် သောကြာသားသမီးတို့အတွက် အလုပ်အကိုင်အောင်မြင်စေသော ရက်များဖြစ်ကြ၏။

**၇။ စနေနေ့တွင် မွေးဖွားသူများ**

ဩဂုတ်လ (၆)၊ (၇)၊ (၉)၊ (၁၄)၊ (၁၆)၊ (၂၁)၊ (၂၃)၊ (၂၇)၊ (၃၀) စသောရက်များသည် စနေသားသမီးတို့အတွက် အလုပ်အကိုင်အောင်မြင်စေသော ရက်များဖြစ်ကြ၏။

**၈။ ရာဟုနေ့တွင် မွေးဖွားသူများ**

ဩဂုတ်လ (၂)၊ (၃)၊ (၉)၊ (၁၀)၊ (၁၂)၊ (၁၇)၊ (၂၄)၊ (၂၈)၊ (၂၉) စသောရက်များသည် ရာဟုသားသမီးတို့အတွက် အလုပ်အကိုင်အောင်မြင်စေသော ရက်များဖြစ်ကြ၏။

■ မဟိဒ္ဓိကျော်ခေါင် ■



www.burmeseclassic.com

www.burmeseclassic.com

# သည်တစ်လမှာ ဆောင်ရွက်ပါ

## ၂၀၁၄ ခုနှစ်၊ ဩဂုတ်လအတွက်

နေမျိုးထွဋ်ခေါင်

၁။ ဩဂုတ်လ (၂)၊ (၇)၊ (၁၁)၊ (၁၆)၊ (၂၁)၊) (၂၆) စသောရက်များသည် "**နန္ဒာတိထိ**"တွင် ကျရောက်၏။ ထိုရက်များ၌ ဘုရား၊ ဂူ၊ ကျောင်း၊ ဇရပ်များ ဆောက်လုပ်ခြင်း၊ တံတားများခင်းခြင်း၊ ပျိုးကြဲခြင်း၊ ကောက်စိုက်ခြင်း၊ မြေတူးဆွခြင်း စသော အမှုကိစ္စတို့ကို ပြုလုပ်ဆောင်ရွက်နိုင်ပါသည်။

၂။ ဩဂုတ်လ (၃)၊ (၈)၊ (၁၂)၊ (၁၇)၊ (၂၂)၊ (၂၇)၊ (၂၈) စသောရက်များသည် "**ဘဒြာတိထိ**"တွင် ကျရောက်၏။ ထိုရက်များ၌ အမည်ပေးကင်ပွန်းတပ်ခြင်း၊ နားထွင်းမင်္ဂလာ ဆင်ယင်ကျင်းပခြင်း၊ ထိမ်းမြားမင်္ဂလာ ဆောင်နှင်းခြင်းတို့ကို ပြုလုပ်နိုင်ပါသည်။

၃။ ဩဂုတ်လ (၄)၊ (၉)၊ (၁၃)၊ (၁၈)၊ (၂၃)၊ (၂၉) စသောရက်များသည် "**ဇယာတိထိ**"တွင် ကျရောက်၏။ ထိုရက်များ၌ စစ်ချီခြင်း၊ စစ်တက်ခြင်း၊ ကင်းလှည့်ခြင်း၊ ကင်းချခြင်း၊ သစ္စာဆိုခြင်း၊ စုံစမ်းထောက်လှမ်းခြင်း စသော အမှုကိစ္စတို့ကို ဆောင်ရွက်နိုင်ကြပါသည်။

၄။ ဩဂုတ်လ (၅)၊ (၁၀)၊ (၁၄)၊ (၁၉)၊ (၂၄)၊ (၃၀) စသောရက်များသည် "**ရိတ္တာတိထိ**"တွင် ကျရောက်၏။ ထိုရက်များ၌ ဆေးဖော်ခြင်း၊ ဆေးထိုးခြင်း၊ လက်ဖွဲ့ထိုးခြင်း၊ သိဒ္ဓိတင်ခြင်း၊ ပစ္စည်းသိမ်းခြင်း၊ သစ်ပင်ခုတ်ခြင်း၊ လှေကားထောင်ခြင်း စသောအမှုကိစ္စများ ဆောင်ရွက်နိုင်ကြပါသည်။

၅။ ဩဂုတ်လ (၁)၊ (၆)၊ (၁၅)၊ (၂၀)၊ (၂၅)၊ (၃၁) စသောရက်များသည် "**ပုဏ္ဏာတိထိ**"တွင် ကျရောက်၏။ ထိုရက်များ၌ ရတနာပစ္စည်းများ ရောင်းဝယ်ခြင်း၊ ရှင်ပြုခြင်း၊ ပဉ္စင်းခံခြင်း စသောအမှုကိစ္စများကို ဆောင်ရွက်နိုင်ကြပါသည်။

၆။ ဩဂုတ်လ (၃)၊ (၁၄)၊ (၂၈) စသောရက်များသည် "**အမြိတ္တစုတ်**"တွင် ကျရောက်၏။ ထိုရက်များ၌ မည်မျှပင် မကောင်းကြုံစေကာမူ မည်သည့်ကိစ္စမဆို ဆောင်ရွက်ရာ၌ အောင်မြင်ပြီးစီးနိုင်ပါသည်။

၇။ ဩဂုတ်လ (၁)၊ (၆)၊ (၈)၊ (၁၂)၊ (၁၃)၊ (၁၅)၊ (၂၀)၊ (၂၂)၊ (၂၈)၊ (၃၁) စသောရက်များသည် "**ရက်ရာဇာ**"တွင် ကျရောက်၏။ ထိုရက်များ၌ လူမှုရေး၊ ဘာသာရေးကိစ္စအဝဝတို့ကို ဆောင်ရွက်လုပ်ကိုင်ပါက အောင်မြင်ပြီးစီးနိုင်ပါသည်။

ထို့ပြင်တစ်ဝ ကောင်းသောကမ္ဘာ့မြေခံနှင့် တနင်္လာ၊ ဗုဒ္ဓဟူး၊ ကြာသပတေး၊ သောကြာ၊ ကိတ် အစရှိသော တိထိမြေခံများတွင် အဆောက်အဦဆောက်လုပ်ခြင်း၊ မြေတူးဆွခြင်း လုပ်ငန်းတို့ကို လုပ်ကိုင်ဆောင်ရွက်နိုင်ပါသည်။

နေမျိုးထွဋ်ခေါင်



www.burmeseclassic.com

www.burmeseclassic.com

# သည်တစ်လတော ကံကြမ္မာ

## ၂၀၁၄ ခုနှစ်၊ ဩဂုတ်လအတွက်

■ ဆရာမိုးဟန်ကြွယ်

စုဆောင်းထားသည့်ငွေများ မမျှော်လင့်ဘဲ ထွက်တတ်သည်။ စကားအပြောအဆို အမှားအယွင်းကြုံရတတ်သည်၊ အိမ်ထောင်ရေးအဆင်ပြေမည်။ အချစ်ရေး အဆင်ပြေမည်။ သားသမီးများနှင့်ပတ်သက်၍ သောကရောက်စရာ ကြုံတတ်သည်။ သည်းခြေ၊ သလိပ်နှင့် ပတ်သက်သော ဝေဒနာများ ခံစားရတတ်သည်။ အလုပ်ကိစ္စများလုပ်ဆောင်ရာတွင် မမျှော်လင့်ဘဲ အထစ်အငေါ့ ကြုံရတတ်သကဲ့သို့ မလိုမုန်းထားသူလည်း ရှိနေတတ်သည်။ အမှုကိစ္စရှိက အဆင်ပြေသွားပါလိမ့်မည်။ စိတ်ချမ်းသာမှု၊ အေးချမ်းမှုများ ကြုံလာမည်။

အလုပ်တွင် ဂုဏ်သိက္ခာတက်လာတတ်သည်။ ရွက်ပုန်းသီးပမာနေခဲ့ရာမှ ထင်ပေါ်မှုတွေ ရှိလာမည်။ ဘာသာရေး၊ သာသနာရေးကိစ္စရပ်များကို ဆောင်ရွက်ရတတ်သည်။ အလှူဒါနပြုရတတ်သည်။ အောင်မြင်သော ဘဝကိုပိုင်ဆိုင်ရလိမ့်မည်။ အလုပ်အကိုင်များ အဆင်ပြေလာလိမ့်မည်။ ရစရာရှိသော ငွေများ ရတတ်သည်။ ထိ (သို့မဟုတ်) ကံစမ်းမဲပေါက်တတ်သည်။ အိမ်၊ ခြံ၊ မြေကိစ္စများ အဆင်ပြေမည်။ လုပ်ငန်းသစ် လုပ်ရတတ်သည်။ ရပ်ဝေးသို့ ခရီးသွားရတတ်သည်။ ဆွေမျိုးများကြောင့် အကုန်အကျ ရှိလာနိုင်ပါသည်။

ရွှေ၊ ကြေးနီ၊ သန္တာကျောက်တို့မှ အကျိုးအမြတ်များရလိမ့်မည်။ မျက်စိတွင် ဝေဒနာများခံစားရတတ်သည်။ မိမိအနေနှင့် ဝင့်ကြွားနိုင်သော အခြေအနေများ ဖြစ်ပေါ်လာမည်။ အချို့သော စပ်တူလုပ်ငန်းများ၌ အိမ်၏နာမည်၊ ဂုဏ်သိက္ခာတို့ ထိခိုက်စရာရှိ၍ ရှေ့ကြောင်း၊ နောက်ကြောင်း စဉ်းစားချင့်ချိန်ပြီးပါမှ လုပ်ဆောင်သင့်သည်။ သို့မဟုတ်ပါက ငွေကြေးအမြောက်အမြား ဆုံးရှုံးတတ်ပါသည်။ နောက်ပိုင်းတွင် လူမျိုးခြားကပြား၏ အကျိုးပြုခြင်းကို ခံရလိမ့်မည်။

ကျန်းမာရေးအားဖြင့် ကောင်းမွန်သည့် အခြေအနေတွင် ရှိပါသည်။ ငွေကြေးရှာကြံမှုတွင် အခွင့်ကောင်းများ ကြုံရတတ်ပါသည်။ စပ်တူလုပ်ငန်းများနှင့် ပတ်သက်၍ အဆင်ပြေမည်။ ငွေကြေးများ ရရှိတတ်သည်။ အကျိုးကျေးဇူးခံစားရတတ်သည်။ ကြီးသူများ၏ မစမှုကို ခံစားရမည်။ ရပ်ဝေးဒေသသို့ ခရီးသွားရတတ်ပြီး ထိုဒေသများရှိထီဆိုင်များမှ ထီထိုးပေးလျှင် ထူးခြားမှုကြုံရလိမ့်မည်။

မိဘများအဖို့ သားသမီးများ၏ သိတတ်မှု၊ ကူထောက်မှုတို့ ကြုံရမည်။ မင်္ဂလာကိစ္စ စကားပြောရတတ်သည်။ အလုပ်သစ်များ မိမိထံရောက်လာတတ်သည်။ ကျန်းမာရေးကို ဂရုစိုက်ဖို့လိုမည်။ ကား၊ အိမ်ကိစ္စများအတွက် ဦးနှောက်ခြောက်ရတတ်သည်။ ဝန်ထမ်းဖြစ်ပါက သင်တန်းတက်ရတတ်ပြီး အလုပ်အကိုင်၊ ရာထူး တိုးတက်တတ်ပါသည်။ ကြီးကဲသူများ၏ မစခြင်းကိုခံရတတ်သည်။ လက်ရှိနေထိုင်ရာမှ အခြားအရပ်ဒေသသို့ ပြောင်းရွှေ့နေထိုင်ရတတ်သည်။ ရေ၊ ရေထွက်ပစ္စည်းများနှင့် အကျိုးပေးမည်။ လုပ်ပိုင်ခွင့်အာဏာရှိသူများ၏ သူကောင်းပြုခြင်းကိုခံရမည်။ အလုပ်ကိစ္စများ၌ ဘာပဲလုပ်လုပ် အောင်မြင်တတ်သည်။ မိမိ၏ အတတ်ပညာသည် မိမိကို ထင်ပေါ်ကျော်ကြားစေလိမ့်မည်။ တောင်ပေါ်ဒေသများရှိ တိုင်းရင်းသားများ၏ ကူညီမှုကို ရရှိတတ်သည်။

ယတြာပြုလိုပါက–မိမိမွေးနေ့၌ မွေးနံကျသော ဆွမ်းကို ကပ်လှူပေးပါ။ (ဥပမာ တနင်္ဂနွေသားသမီးများအဖို့ အုန်းထမင်း၊ တနင်္လာသားသမီးများအဖို့ ကြာဆံကြော် . . . စသည်)

ဆရာမိုးဟန်ကြွယ်



www.burmeseclassic.com

www.burmeseclassic.com

# ထိုင်းနိုင်ငံ
# နက္ခတ္တဗေဒဆရာကြီး ဗိုဒ္ဓူးပိုက်ဆံ၏
# လအလိုက်အဟော

## ဇူလိုင်လ

**(အနောက်တိုင်းနှင့် မတူပါ။ မွေးသက္ကရာဇ်ကိုရှာ၍ အဟောကို ဖတ်ရှုပါ။)**

### မကာရ ရာသီဖွား (ဆိတ်ရုပ်)
### ဇန်နဝါရီလ ၁၄ မှ ဖေဖော်ဝါရီလ ၁၂

ယခုလတွင်လည်း သင်၏ကံကြမ္မာဆိုးများ မရှိဘဲ ကံကောင်းနေပါမည်။ ယှဉ်ပြိုင်အရွေးခံခြင်း၊ လေလံအပြိုင်ဆွဲခြင်း၊ သို့မဟုတ် မည်သည့်ယှဉ်ပြိုင်ရမှုမျိုးတွင်မဆို ရလဒ်ကောင်းများ ရှိနေပေမည်။ ကန်ထရိုက်ပ ာချုပ်တစ်ခုကို ချုပ်ဆိုရမည်။ သင့်အနေဖြင့် ကြိုးပမ်းအားထုတ်သမျှ အရာထင်ပြီး အောင်မြင်ပြီးမြောက်သွားပါလိမ့်မည်။

### ကုံရာသီဖွား (ရေထမ်းယောက်ျားရုပ်)
### ဖေဖော်ဝါရီလ ၁၃ မှ မတ်လ ၁၄

စတော့ရှယ်ယာ ရင်းနှီးမြှုပ်နှံမှုနှင့် အတိုးအပွား လုပ်ကိုင်ထားမှုများမှ သင့်တင့်သော အကျိုးအမြတ်များကို ရရှိမည်။ မြေကွက်တစ်ကွက် ဝယ်ရကိန်းရှိသည်။ သို့မဟုတ် အမွေဆက်ခွင့် ရရှိမည်။ အစစအရာရာ အောင်မြင်မှုများ ရှိနေမည်။ ယှဉ်ပြိုင်ရသည့် ကိစ္စရပ်များ၊ လေလံဆွဲခြင်း၊ အရွေးခံခြင်းတို့တွင် သင်ပါဝင်ဆောင်ရွက်ရလျှင် ကောင်းကျိုး



www.burmeseclassic.com

www.burmeseclassic.com

ရလဒ်များ ရှိနေသည်။ အကယ်၍ တရားတဘောင်နှင့် ရင်ဆိုင်နေရလျှင်လည်း သင်နိုင်ပါမည်။ သင်လေ့လာသင်ယူနေသည့်ကိစ္စ အောင်မြင်ဖြစ်ထွန်းမည်။

သို့သော်လည်း အလုပ်လျှောက်ထားလျှင် ရနိုင်ခြေမရှိပေ။ သင်၏ ချစ်မေတ္တာရေးမှာ ပြီးပြည့်စုံသွားပါမည်။ ကလေးလိုချင်သူများ ဆန္ဒပြည့်ဝမည်။ တောင့်တသည့်အတိုင်း ကိုယ်ဝန်ဆောင်ရမည်။

## မိန်ရာသီဖွား (ငါးနှစ်ကောင်ရုပ်)
## မတ်လ ၁၅ မှ မတ်လ ၁၂

သင်ကံကောင်းနေမည်။ မျှော်လင့်ထားသည်ထက် သင်လုပ်ကိုင်သမျှအားလုံး ကောင်းကျိုးရလဒ်များပေးမည်။ လုပ်ငန်းလုပ်ကိုင်သည့် အသက်မွေးဝမ်းကျောင်းမှု၊ ငွေကြေးမတည်ရေးများနှင့် အိမ်ထောင်ပြုရေးအစီအစဉ်တို့တွင် အလားအလာကောင်းသည်။ သင်၏ကလေးရရှိရေး စိတ်ကူး အိမ်မက် တကယ်ပင် အကောင်အထည်ပေါ်လာပါမည်။

## မိဿရာသီဖွား (သိုးထီးရုပ်)
## ပြေလ ၁၃ မှ မေလ ၁၃

ဇူလိုင်လ ၁ ရက်မှ ၁၅ ရက်အကြားတွင် သင်၏ ဆုံးဖြတ်ချက်များသည် ပျော်ရွှင်အချမ်းမြေ့ရဆုံး ဖြစ်လာပါမည်။ သို့သော်လည်း ဇူလိုင်လ ၁၆ ရက်မှ ၁၈ ရက်အတွင်း သင်ကံဆိုးနေပါလိမ့်မည်။ ဇူလိုင်လ ၁၉ ရက်မှ စတင်၍ စတော့ရှယ်ယာ ရင်းနှီးမြှုပ်နှံထားမှုများ၊ အစုပေါ် အမြတ်ခွဲဝေပေးမှုများ၊ ဝယ်ယူထားသည့် သဘောတူစာချုပ်တစ်ခု၊ သို့မဟုတ် လင်မယားကွာခြင်း စသည်တို့မှ ငွေများ လက်ခံရရှိပါလိမ့်မည်။

## ပြိဿရာသီဖွား (နွားလားဥသဘရုပ်)
## မေလ ၁၄ မှ ဇွန်လ ၁၄

ယခုလတွင် သင့်အား ချီးကျူး၍ ဂုဏ်ပြုပေးလိမ့်မည်။ သင့်အား အဓိကအရေးပါသော ရာထူးတွင် ခန့်ထားခြင်းခံရဖွယ်ရှိနေပြီး ကန်ထရိုက်စာချုပ်တစ်ခုကို ချုပ်ဆိုလိုက်ရ၍ သင်သည် ပျော်မဆုံး၊ မော်မဆုံး ဂုဏ်ယူနေရပါလိမ့်မည်။

## မေထုန်ရာသီဖွား (အမြွှာရုပ်)
## ဇွန်လ ၁၅ မှ ဇူလိုင်လ ၁၅

ဒုတိယအလုပ်အကိုင်တစ်ခုကို ရရှိလိုက်သဖြင့် နောက်ထပ် ဖြည့်စွက်လစာ ရရှိမည်။ သို့တည်းမဟုတ် ဇူလိုင်လ ၁ ရက်မှ ၁၇ ရက် ဝန်းကျင်လောက်တွင် သင့်အား အထူးတာဝန်တစ်ခု ပေးအပ်လိမ့်မည်။ အပေါင်းအသင်းမှု သဘောတူညီမှုလုပ်ခြင်း၊ ပူးပေါင်းဆောင်ရွက်ရေးကို ကမ်းလှမ်းမှုတစ်ရပ်၊ သို့မဟုတ် ယှဉ်ပြိုင်ရမှုတစ်ခုတို့တွင် ရလဒ်ကောင်းပေးမည်။ ဇူလိုင်လ ၁၅ မှ ၃၁ ရက်ကာလတွင် ထူးခြားသော ကံကောင်းမှုကြီး ရှိနေသည်။ သင်၏ လုပ်ငန်းကြောင့် ကျော်စောမှုကို ရရှိလိုက်မည်။ သင့်လက်ဝယ်ထားရှိပြီး ဈေးတင်ရောင်းသမျှ အားလုံးအရှုံးပေါ်လိမ့်မည်။

## ကရကဋ်ရာသီဖွား (ပုစွန်လုံးရုပ်)
## ဇူလိုင်လ ၁၆ မှ ဩဂုတ်လ ၁၆

ဇူလိုင်လ ၁ ရက်မှ ၁၅ ရက်အကြား ဆုံးဖြတ်ချက်ချ လုပ်ကိုင်မှုသည် အောင်မြင်ပြီးမြောက်မည်။ သင်၏ လုပ်ဖော်ကိုင်ဖက်များ၊ သို့မဟုတ် စီးပွားရေးတွင် တွဲဖက်လုပ်ကိုင်နေကြသူများနှင့်အတူ စိတ်ကျေနပ်မှုရရှိမည်။ ယခုကာလ၌ စတော့ရှယ်ယာ ရင်းနှီးမြှုပ်နှံမှုများ၊ အတိုးအပွားလုပ်ထားမှုများမှ ပြန်လည်၍ အကျိုးအမြတ်ရှိစေပါလိမ့်မည်။ သို့ရာတွင် ဇူလိုင်လ ၁၆ မှ ၃၁ ရက်အကြားတွင် သင်ကံဆိုးနေပေမည်။ သင်သည် အရှုံးများကြောင့် စိတ်ပျက်မှု ခံစားရမည်။ အကယ်၍ သင်ပြိုင်ပွဲဝင်နွှဲလျှင် ဒဏ်ရာများရရှိမည်။ မီးလောင်မှုဖြစ်၍ သင်ထိတ်လန့်တုန်လှုပ်သွားပေမည်။

## သိဟ်ရာသီဖွား (ခြင်္သေ့ရုပ်)
## ဩဂုတ်လ ၁၇ မှ စက်တင်ဘာလ ၁၆

ကံကြမ္မာစက်ဝန်း တစ်ပတ်လည်လာပြီဖြစ်၍ သင့်

www.burmeseclassic.com

အတွက် အကျိုးရှိစေမည့် ကံကြမ္မာကောင်း ဖြစ်လာမည်။ ဇူလိုင်လ ၁ ရက်မှ ၁၆ ရက်အကြားတွင် ခရီးသွားခြင်း၊ အိမ်ထောင်ပြုမင်္ဂလာလက်ထပ်ရေးအစီအစဉ်၊ စီးပွားရေးလုပ်ငန်းတိုးချဲ့မှု၊ စီမံချက်တစ်ခု စတင်ခြင်း၊ အလုပ်ပြောင်းလဲခြင်း၊ ပြိုင်ပွဲဝင်ခြင်း၊ စတော့ရှယ်ယာဈေးကွက်တွင် စာရင်းသွင်းရန် ရာကြံခြင်း စသည်တို့တွင် အောင်မြင်မှုရမည်။ ဇူလိုင်လ ၁၇ ရက်မှ ၃၁ ရက်အကြားတွင် ငွေဒလဟော ဝင်လာလိမ့်မည်။ သင်သည် ခွဲစိတ်မှုကြီးတစ်ခု ခံယူရမည်။ ငွေအမြောက်အမြားကုန်ကျလိုက်ရသော်လည်း ယင်းကိစ္စရပ်များသည် သင့်အား ပြဿနာပေးမည် မဟုတ်ပေ။

## ကန်ရာသီဖွား (အပျိုစင်ရုပ်)
## စက်တင်ဘာလ ၁၇ မှ အောက်တိုဘာလ ၁၆

ယခုလတွင် မေခလာကာယ်ဆယ်ကိန်းကြုံမည်။ နိုင်ငံခြားနှင့်ပတ်သက်၍ နိုင်ငံခြားရေးကိစ္စရပ်များတွင် သင်ကံကောင်းနေပါမည်။ အရောင်းဦးတည်ချက်သည် ပြည့်မီနေပေလိမ့်မည်။ အကယ်၍ သင်သည် ခရီးသွားရင်း ရှယ်ချစ်သူနှင့် တွေ့ဆုံလိုက်ရပြီး ချစ်ကျွမ်းဝင်သွားကြမည်။ သင့်အား ဂုဏ်ပြုမည်။ ထီဆုကြီးပေါက်ပြီး ငွေအမြောက်အမြား ရကိန်းရှိနေပေသည်။

## တူရာသီဖွား (ချိန်ခွင်ရုပ်)
## အောက်တိုဘာလ ၁၇ မှ နိုဝင်ဘာလ ၁၆

သင်၏ မျှော်လင့်ချက်နှင့် ဆုံးဖြတ်ချက်အတိုင်း ရည်မှန်းချက်ပန်းတိုင်သို့ ရောက်ရှိပြီး ပြည့်ဝသွားပါလိမ့်မည်။ သို့သော်လည်း ဇူလိုင်လ ၁၂ ရက်မှ ၁၉ ရက်ကာလအတွင်း မတော်တဆမှု ဖြစ်ပွားတတ်၍ သတိထားပါ။

## ဗြိစ္ဆာရာသီဖွား (ကင်းမြီးကောက်ရုပ်)
## နိုဝင်ဘာလ ၁၇ မှ ဒီဇင်ဘာလ ၁၅

ဇူလိုင်လ ၁ ရက်မှ ၁၅ ရက်အကြားတွင် ကံကောင်းမည်။ ယခုကာလအတွင်း၌ သင်၏ အလုပ်အကိုင်၊ စီးပွားရေးလုပ်ငန်းတစ်ခု သဘောတူညီမှု၊ စီးပွားရေးလုပ်ငန်းဆောင်ရွက်မှုများ၊ အရောင်းဦးတည်ချက်တစ်ခု၊ သို့မဟုတ် ယှဉ်ပြိုင်ရမှုတစ်ရပ်တို့တွင် အောင်မြင်မှုရမည်။ သို့သော်လည်း ဇူလိုင်လ ၁၆ ရက်မှ ၃၁ ရက်အကြား၌ ကံဇာတာ ညံ့ဖျင်းနေပါမည်။ ထိတ်လန့်တုန်လှုပ်ခဲ့ရသည့်တိုင်အောင် ဆိုးရွားမှုဖြင့် ကြုံတွေ့ရမည် မဟုတ်ပေ။


## ဓနုရာသီဖွား (လေးစွဲယောက်ျားရုပ်)
## ဒီဇင်ဘာလ ၁၆ မှ ဇန်နဝါရီလ ၁၃

သင်သည် ယခုလတွင် ကံမကောင်းဘဲ ဖြစ်နေ၍ လောင်းကစားလုပ်ခြင်း၊ သို့မဟုတ် စတော့ရှယ်ယာ ရင်းနှီးမြှုပ်နှံခြင်း၊ အတိုးအပွားလုပ်ခြင်းတို့ကို စွန့်စားရင်းနှီးမြှုပ်နှံခြင်းကို ရှောင်ပါ။ ယှဉ်ပြိုင်ရမှုတစ်ခုမှ နုတ်ထွက်လိုက်ခြင်းသည် မှန်ကန်သော ဆုံးဖြတ်ချက်တစ်ရပ် ဖြစ်သည်။ နိုင်ငံခြားသားတစ်ဦးနှင့် ရည်းစားဖြစ်မည်။ ယခင် စွပ်စွဲခံခဲ့ရမှုများအတွက် တရားရုံးတွင် ရင်ဆိုင်ရမည်။

ဦးတိုး(တက္ကသိုလ)

***Reference:***

The Bangkok Post's LIFE
Year of the HORSE
Your month-by-month
horoscope for 2014
By MOHDU PAISARN





www.burmeseclassic.com

www.burmeseclassic.com

# တရုတ်နက္ခတ်ဗေဒင်ပညာ

## ၂၀၁၄ ခုနှစ်၊ ဩဂုတ်လ

## တရုတ်နှစ်မွေးသူများအတွက်

## ဆောင်ရန်ရှောင်ရန်နှင့်သတိပြုရန်အချက်များ

■ ကေတီ–အောင်သိန်း(ရန်ကုန်တက္ကသိုလ်)

### ဆိတ်နှစ်မွေးသူများအတွက် ဆောင်ရန်အချက်များ

ယခုလ ဆိတ်နှစ်မွေးသူများသည် လဆန်းရက်တွင် ကံညံ့နေတတ်၏။ လလယ်၊ သို့မဟုတ် လကုန်ရက်များတွင် ကံကြမ္မာဆန်းပွင့်လာတတ်သဖြင့် စီးပွားရေးလုပ်ငန်းသစ်များ၊ ကုမ္ပဏီသစ်များ တည်ထောင်လုပ်ကိုင်နိုင်ပါသည်။ လုပ်ငန်းအရပ်ရပ်တွင် အခက်အခဲ၊ အတားအဆီးများ ရှိသော်လည်း ဇွဲ၊ လုံ့လမလျှော့ဘဲ ကြိုးစားလုပ်ကိုင်သွားပါက အခက်အခဲဟူသမျှ ကျော်လွှားနိုင်ပါလိမ့်မည်။

### ရှောင်ကြဉ်ရန်အချက်များ

စီးပွားရေးလုပ်ကိုင်နိုင်ပါသော်လည်း အထည်ချုပ်လုပ်ငန်း၊ စက်မှုလက်မှုလုပ်ငန်းနှင့် မအပ်စပ်သဖြင့် မလုပ်ကိုင်ရ။ အထူးရှောင်ကြဉ်ကြရပေမည်။ ဇွတ်လုပ်လျှင် အရှုံးပေါ်နိုင်၏။ လေကြောင်းခရီးကို ရှောင်ပါလေ။ အန္တရာယ်များတတ်၏။ ထို့ပြင် ငွေကြေးအရင်းထုတ်မချေးရ။ ပြန်ရမည်မဟုတ်ပါ။ ငွေကြေးပြဿနာတက်တတ်၏။ ဆင်ခြင်ပါလေ။ အပျိုဖြစ်သူအဖို့ လင်ယောကျ်ား အိမ်ထောင်ဖက် ရွေးချယ်ရာတွင် သေသေချာချာ၊ စေ့စေ့စပ်စပ်စုံစမ်းပါ။ အိမ်ထောင်ဖက်ယောကျ်ား အရွေးအချယ်မှားတတ်လေသည်။ သားမယားရှိသူ ဟုတ်မဟုတ်၊ မုဆိုးဖို ဟုတ်မဟုတ် သေချာစုံစမ်းပြီးမှ လက်ခံပါလေ။

### မျောက်နှစ်မွေးသူများအတွက် ဆောင်ရန်အချက်များ

ယခုလ သင်၏ကံကြမ္မာ ထွန်းလင်းတောက်ပနေ၏။ စီးပွားရေးလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံလျှင်



www.burmeseclassic.com

www.burmeseclassic.com

အကျိုးထူးမှုရှိမည်။ တွေးမနေနှင့်၊ လုပ်သာလုပ်ပါလေ။ အခွင့်ကောင်း လက်မလွတ်စေပါနှင့်။ လုပ်ငန်းသစ်စတင်လုပ်ကိုင်ရန် အကောင်းဆုံးအချိန်အခါ ဖြစ်ပါသည်။

## ရှောင်ကြဉ်ရန်အချက်များ

ငွေမည်းဝင်ကိန်းရှိသည်။ လက်ခံနိုင်သည်။ လောဘသိပ်မကြီးရ။ အသင့်အတင့်လက်ခံပါ။ သို့မဟုတ်ပါက ပြဿနာတက်တတ်၏။ **အချစ်သစ်တွေ့တတ်၏။ စိတ်လိုက်မာန်ပါ မလုပ်လိုက်ပါနှင့်။ မှားတတ်၏။** သတိနှင့် ဆင်ခြင်ပါ။

## ကြက်နှစ်မွေးသူများအတွက် ဆောင်ရန်အချက်များ

ကံကောင်းနေတတ်သဖြင့် စီးပွားရေးလုပ်ငန်းတိုးချဲ့လုပ်ကိုင်နိုင်ပါသည်။ လခစားဝန်ထမ်းများအဖို့ အလုပ်ကြိုးစားလုပ်ကိုင်ပါ။ ရာထူးတိုး၊ လစာတိုးဖွယ်ရှိ၏။ စိတ်ရှည်သည်းခံပြီး အလုပ်လုပ်ပါလေ။ ဇွဲလုံ့လရှိပါ။ ဇွဲမလျှော့သင့်ချေ။ သူတော်ကောင်း မစလိမ့်မည်။ စေ့စပ်နိုင်ပါသည်။

## ရှောင်ကြဉ်ရန်အချက်များ

အိမ်ထောင်ရှင်များအဖို့ ပြောဆိုဆက်ဆံမှု ဆင်ခြင်ပါ။ ခိုက်ရန်ဖြစ်ပွားတတ်ပါသည်။ ရေကြောင်းခရီးရှောင်ပါ။ လေ့၊ သင်္ဘောမစီးကြရ။ ဘေးအန္တရာယ်များစောင့်ကြိုနေ၏။ စေ့စပ်နိုင်ပါသော်လည်း ချက်ချင်းလက်မထပ်သင့်သေးပါ။ အချိန်ယူပြီး သေသေချာချာစောင့်ကြည့်ပါ။ အမှားအယွင်းဖြစ်တတ်၊ ကြုံတတ်ပါသည်။ ဆင်ခြင်ပါ၊ သတိရှိပါ။

## မြင်းနှစ်မွေးသူများအတွက် ဆောင်ရန်အချက်များ

ရုံးဝန်ထမ်း၊ ကုမ္ပဏီဝန်ထမ်းများအဖို့ အလုပ်ပြောင်းလျှောက်လျှင် ကောင်းမည်။ ထူးခြားမှုရှိမည်။ တက်လမ်းကောင်းမည်။ အလုပ်ပြောင်းလျှောက်ရန်အခွင့်ကောင်းကို လက်မလွတ်ပါစေနှင့်။ ဝင်ငွေကောင်းမည်။ မိုးရွာတုန်း ရေခံထားပါ။

## ရှောင်ကြဉ်ရန်အချက်များ

အိမ်ထောင်ရှင် လင်မယား ခိုက်ရန်ဖြစ်ပွားတတ်ပါသည်။ ပြောဆိုဆက်ဆံမှု ဆင်ခြင်ပါ။ ကြားစကားမယုံပါနှင့်။ **တို့မီးရှို့မီးရန်ကို သတိထားပါ။ ကုန်းချောစကားကို သတိနှင့် ဆင်ခြင်ပါ။ လုံးဝ လက်မခံသင့်ပါ။** စီးပွားရေးလုပ်ငန်းတိုးချဲ့ရန် မသင့်သေး။ ရင်းနှီးမြှုပ်နှံမှု ခဏစောင့်ဆိုင်းပါဦး။ အရှုံးပေါ်တတ်၏။

## ခွေးနှစ်မွေးသူများအတွက် ဆောင်ရန်အချက်များ

ဂြိုဟ်ဆိုးမှ လွတ်မြောက်မည်။ ကံကောင်းလာလိမ့်မည်။ စန်းပွင့်နေမည်။ စီးပွားရေးလုပ်ငန်း တိုးချဲ့လုပ်ကိုင်နိုင်၏။ အိမ်ရာနှင့် အလုပ်ပြောင်းရွှေ့လျှင် အကျိုးထူးမှုရှိမည်။ အချစ်ရေး၊ အိမ်ထောင်ရေး အဆင်ပြေနိုင်ပါသည်။ သည်းခံခွင့်လွှတ်ပါ။ ကျန်းမာရေးကောင်း၏။

## ရှောင်ကြဉ်ရန်အချက်များ

အချစ်သစ်ပေါ်တတ်သည်။ အိမ်ထောင်ရှင်များအဖို့၊ အထူးသဖြင့် အိမ်ထောင်ဦးစီးလင်ယောကျ်ားအဖို့ ခေါင်းအေးအေးထား ဆုံးဖြတ်ပါ။ အချစ်သစ်ကြောင့် အိမ်ထောင်ရေးသာယာမှုကို ထိခိုက်တတ်သည်။ သတိနှင့် ဆင်ခြင်ပါလေ။ ခရီးဝေးမသွားသင့်။ လေကြောင်းခရီးရှောင်ပါ။

## ဝက်နှစ်မွေးသူများအတွက် ဆောင်ရန်အချက်များ

မိုးကြိုးလေကြိုးပြီးသည့်နောက် ရာသီဥတု သာယာပွင့်လင်းလာပါလိမ့်မည်။ အခွင့်ကောင်းကို လက်

www.burmeseclassic.com

မလွတ်ပါစေနှင့်။ လုပ်ငန်းကိုင်ငန်းသစ်လုပ်လျှင် အကျိုးထူးမည်။ အထည်ချုပ်လုပ်ငန်း၊ စက်မှုလုပ်ငန်းလုပ်လျှင် အကျိုးရှိမည်။ အချစ်ရေးအဆင်ပြေမည်။ လက်ထပ်နိုင်၏။

## ပျောင်ကြဉ်ရန်အချက်များ

ငွေမည်းဝင်လာလိမ့်မည်။ လုံးဝလက်မခံပါနှင့်။ **မက်မောခြင်းမရှိရ။ အမှုအခင်းဖြစ်တတ်၏။ ကြပ်ကြပ်သတိထားရှောင်ရှားပါလေ။ ကံစမ်းမှုလည်း ခဏစောင့်**ဆိုင်းပါဦး။ ငွေကြေးလိမ်လည်မှုပေါ်မည်။ ငွေအရမ်းထုတ်ချေးခြင်း မပြုပါနှင့်။ ပြန်ရမည် မဟုတ်။

## ကြွက်နှစ်မွေးသူများအတွက် ဆောင်ရန်အချက်များ

မူလရှိရင်းစွဲ စီးပွားရေးလုပ်ငန်း မပျက်မစီးရလေအောင် ထိန်းထိန်းသိမ်းသိမ်းလုပ်ကိုင်ပါ။ လုံ့လစိုက်ပါ။ ဖွဲ့မလျှော့ပါနှင့်။ အခက်အခဲ အတားအဆီးများ ကျော်လွှားနိုင်ပါလိမ့်မည်။ အချစ်ရေး ပြေလည်မှုရှိမည်။ အိမ်ထောင်ရေး သာယာမည်။ မြောဆိုဆက်ဆံမှု ဆင်ခြင်ပါ။

## ရှောင်ကြဉ်ရန်အချက်များ

လူငယ်၏အချစ်ရေး အဆင်ပြေနေသော်လည်း မိဘ၊ အုပ်ထိန်းသူ လူကြီးများတို့၏ ကန့်ကွက်မှုနှင့် ကြုံတွေ့ရင်ဆိုင်တတ်၏။ စိတ်မပျက်ပါနှင့်၊ မိမိ၏အချစ်ရေး တည်မြဲ၊ ခိုင်မြဲအောင် တည်ဆောက်ပါ။ မီးဘေးသတိထားပါ။ မီးလောင်တတ်၏။ ချက်ပြုတ်ဆင်ခြင်ပါ။

## နွားနှစ်မွေးသူများအတွက် ဆောင်ရန်အချက်များ

ယခုလ သင်၏ကံကြမ္မာ ကျဆင်းနိမ့်ကျနေရှာ၏။ စီးပွားရေးလုပ်ငန်း ခဏရပ်နားထားသင့်ပါသည်။ တိုးချဲ့လုပ်ကိုင်ခြင်း မပြုသင့်ပါ။ စီးပွားရေးလုပ်ငန်း ပြိုင်ဘက်ကို သတိထားပါ။ ပြေပြေလည်လည် ဆက်ဆံပါ။ အမှုပြဿနာဖြစ်ပွားတတ်၏။ သတိပြုဆင်ခြင်ရာတည်း။

## ရှောင်ကြဉ်ရန်အချက်များ

ငွေကြေးပြတ်လပ်မှု ကြုံမည်။ ငွေကြေးသုံးစွဲမှု **စနစ်ကျပါ။ ဆင်ဆင်ခြင်ခြင် သုံးစွဲပါ။ ပုံမှန်ဝင်ငွေရှိ**သော်လည်း ငွေရတုန်း စုဆောင်းသင့်ပါသည်။ **အချစ်ရေး၊ အိမ်ထောင်ရေး တတိယလူ(ကြားလူ) ဝင်ရှုပ်တတ်၏။ သဘောကွဲလွဲမှု၊ အဆင်မပြေအောင် ကုန်းချော**စကားဝင်မည်။ သတိထားပါ။ အစစအရာရာ ဦးနှောက်နှင့် ဆုံးဖြတ်ပါ။ နှလုံးသား ဦးစားမပေးအပ်။ ခေါင်းအေးအေးထား စဉ်းစားလုပ်ကိုင်သင့်၏။ အောင်မြင်ပါလိမ့်မည်။

## ကျားနှစ်မွေးသူများအတွက် ဆောင်ရန်အချက်များ

ကံကောင်းနေပါလိမ့်မည်။ အကောင်းနှင့်အဆိုးဒွန်တွဲနေတတ်။ ပိုမိုပင်ပင်ပန်းပန်း လုပ်ကိုင်ရပါလိမ့်မည်။ ဈေးရောင်းသူ ကုန်သည်များ ကံကြမ္မာအလှည့်အပြောင်းရှိမည်။ ဝင်ငွေရှင်မည်။ မိုးရွာတုန်း ရေခံထားပါ။ ငွေကြေးပြတ်လပ်မှုအား ကြိုတင်ကာကွယ်ထားပါ။

## ရှောင်ကြဉ်ရန်အချက်များ

အချစ်ရေးအချစ်ရာ၊ အိမ်ထောင်ရေး၊ တတိယကြားလူ ဝင်ရှုပ်ဝင်မွှေတတ်သဖြင့် အထူးသတိနှင့် ဆင်ခြင်ပါ။ ခေါင်းအေးအေးထား စဉ်းစားဆုံးဖြတ်ပါ။ အချစ်ပြဿနာတက်တတ်၏။ အိမ်ထောင်သစ် တည်ထောင်ရန် မပျာလောင်သင့်။ မှားယွင်းတတ်၏။ နောင်တရတတ်၏။ အိမ်ထောင်မှုဘုရားတည်၊ ဆေးမင်ရည်၊ စုပ်ထိုး၊ ဤသုံးမျိုး၊ တစ်သက်ပြင်မရဟူသော ရှေးပညာရှိစကားကို အမြဲနှလုံးသွင်းထားပါလေ။



www.burmeseclassic.com

www.burmeseclassic.com

## ယုန်နှစ်မွေးသူများအတွက် ဆောင်ရန်အချက်များ

ယခုလ သင်၏ကံကြမ္မာ ထိုးတက်နေရာ၏။ စီးပွားရေးလုပ်ငန်း၊ အကြံအစည်၊ အခက်အခဲမရှိ၊ အဟန့်အတားမရှိ ချောမောပြေလည်စွာ ထမြောက်အောင်မြင်ပါလိမ့်မည်။ စေတနာအကျိုးပေးမည်။ အစစအရာရာ စေတနာမေတ္တာ ရှေ့ထားပြီး လုပ်ကိုင်ဆောင်ရွက်ပါ။ တိုးတက်ကြီးပွားလိမ့်မည်။

## ရှောင်ကြဉ်ရန်အချက်များ

ငွေကြေး မမျှော်လင့်ဘဲ ကုန်ကျမှု အထွက်မည်။ ငွေကြေးပြတ်လပ်မှု ကြုံမည်။ ငွေကြေးကို စနစ်တကျ ချွေတာသုံးစွဲပါ။ ငွေကြေးပြတ်လပ်မှုကို ကြိုတင်ကာကွယ်ပါ။ အချစ်ရေး၊ အိမ်ထောင်ရေး အသေးအဖွဲကိစ္စဖြင့် ကြီးကျယ်တတ်ပါသည်။ အမှိုက်ကစ ပြဿဒ်မီးလောင်တတ်၏။ ဆင်ခြင်ပါ။

## မြွေနှစ်မွေးသူများအတွက် ဆောင်ရန်အချက်များ

စီးပွားရေး ဆုတ်ယုတ်တတ်၏။ တိုးချဲ့မလုပ်ကိုင်သင့်ဘဲ ခဏရပ်နားထားသင့်ပါသည်။ ဘာသာရေးလုပ်ငန်း ဇောက်ချလုပ်ကိုင်ပါ။ ကုသိုလ်ကောင်းမှု၊ အလှူအတန်း များများလုပ်ကိုင်ပေးပါ။ ဘုန်းကြီးဆွမ်းကျွေးပါ။ မကြာမီကာလအတွင်း၌ လကုန်ရက်ပိုင်းများ၌ ကံကောင်းလာပါလိမ့်မည်။ လကုန်ရက်တွင် ထီထိုးနိုင်ပါသည်။ ကံစမ်းနိုင်၏။ ထီပေါက်တတ်၏။

## ရှောင်ကြဉ်ရန်အချက်များ

အချစ်ရေးတွင် သုံးပွင့်ဆိုင်အချစ် ကြုံတွေ့ရင်ဆိုင်တတ်၏။ မိမိကြိုက်နှစ်သက်ရာ၊ သင့်တော်ရာကို အမြန်ရွေးချယ်လိုက်ပါ။ အခွင့်ကောင်း လက်လွတ်ဆုံးရှုံးတတ်၏။ တတိယကြားစကား လုံးဝလက်မခံသင့်။ အနှောင့်အယှက်ဖြစ်လာတတ်၏။ အသစ်စေ့စပ်ခြင်း မပြုသင့်။ လက်ထပ်ရန် ခဏခေတ္တစောင့်ဆိုင်းပါဦး။ မစောင့်ဆိုင်းနိုင်လျှင် ပျက်စီးဆုံးရှုံးတတ်ပါသည်။ စီးပွားရေးလုပ်ငန်း မတိုးချဲ့သင့်သေး။ ရုံးဝန်ထမ်း အလုပ်နှင့် အိမ်ရာ မပြောင်းရွှေ့သင့်ပါ။

## နဂါးနှစ်မွေးသူများအတွက် ဆောင်ရန်အချက်များ

စီးပွားရေးလုပ်ငန်းတွင် ကူညီမစမည့်သူများ ပေါ်ပေါက်လာမည်ဖြစ်၍ အလုပ်အကြံအစည် ထမြောက်အောင်မြင်မည် ဖြစ်ပါသည်။ အခက်အခဲ၊ အဟန့်အတားများကို ကျော်လွှားနိုင်ပါလိမ့်မည်။ ဖက်စပ်၊ စပ်တူလုပ်ငန်း လုပ်ကိုင်နိုင်၏။ ကုန်ရောင်းကုန်ဝယ် နောက်မဆုတ်ရ၊ ဖွဲ့ရှိရှိ၊ သတ္တိကောင်းကောင်း၊ လုံ့လမလျှော့သင့်ပါချေ။ ပြည်တွင်းကုန်သွယ်မှုရော ပြည်ပနိုင်ငံခြား ကုန်သွယ်မှုပါ လုပ်နိုင်၏။ ထူးခြားမှုရှိလိမ့်မည်။ လုပ်ငန်းတစ်ဆင့်ပြီးတစ်ဆင့် တက်ပါ။ နောက်ဆုံး၌ အောင်မြင်မှုပန်းတိုင်သို့ ချောမောပြေပြစ်စွာ ရောက်ရှိနိုင်ပါလိမ့်မည်။ စီးပွားရေးလုပ်ငန်းတွင် မပျာလောင်၊ သိပ်လည်းလောဘမကြီးရပါ။ သတိနှင့် ဆင်ခြင်ပါလေ။

## ရှောင်ကြဉ်ရန်အချက်များ

အပူအစပ်၊ အချဉ်အစားအစာကို ရှောင်ပါ။ အစာအိမ်ရောဂါ ရတတ်ပါသည်။ စားသောက်နေထိုင်မှု အထူးဆင်ခြင်ပါ။ သေရည်သေရက် လုံးဝရှောင်ပါ။ ဆေးလိပ်ဆေးတံလည်း ဖြတ်ရမည်။ ကျန်းမာရေး ဂရုစိုက်ပါ။ ခရီးဝေးမသွားရ၊ လေကြောင်းခရီးကို ရှောင်ကြရပါမည်။ အချစ်ပြဿနာ အရှုပ်အရှင်းတက်တတ်၏။

**ကေတီ–အောင်သိန်း(ရန်ကုန်တက္ကသိုလ်)**

**Ref:-**

တရုတ်နက္ခတ္တဗေဒင်ပညာ
၂၀၁၄ ခုနှစ်၊
စက်ဘာပူနိုင်ငံ။



www.burmeseclassic.com

www.burmeseclassic.com

# တရုတ်ဂမ္ဘီရဆရာကြီး ကြူကုံး

၏

# အိပ်မက်အဖွင့်ကျမ်း

## တက္ကသိုလ်မောင်ထံခွန်

### (၁) မော်တော်ဘုတ်ဖြင့် ကမ်းခြေတစ်လျှောက် လှည့်လည်သည်ကို မြင်မက်ခြင်း

(က) မော်တော်ဘုတ်ဖြင့် ကမ်းခြေတစ်လျှောက် လှည့်ပတ်(လှည့်လည်)သည်ကို မြင်မက်လျှင် ဈေးရောင်း ကောင်းမည်။ ငွေဝင်မည်။

(ခ) မိမိသည် ဇနီးနှင့်အတူ မော်တော်ဘုတ်စီး၍ ကမ်းခြေတစ်လျှောက် လှည့်လည်ကြောင်း မြင်မက်လျှင် မိမိ၏ အိမ်ထောင်ရေး သာယာပျော်ရွှင်ပြီး သုခချမ်းသာမှုနှင့် ပြည့်စုံရပါလိမ့်မည်။

(ဂ) သူများ၊ သူတစ်ပါး မော်တော်ဘုတ် စီးနေသည်ကို မြင်မက်လျှင် မကြာမီ ကံဆိုးမိုးမှောင် ကျရောက်လိမ့်မည်။

(ဃ) အိမ်ထောင်ရှင်မက မိမိ၏ခင်ပွန်းသည် လင်ယောကျ်ား မော်တော်ဘုတ် မောင်းနှင်နေသည်ကို မြင်မက်လျှင် အိမ်ထောင်ရေး ကတောက်ကဆ ဖြစ်ရပါလိမ့်မည်။

(င) လူနာက မော်တော်ဘုတ်စီးနေသည်ကို မြင်မက်လျှင် ကျန်းမာရေး ကောင်းလာပါလိမ့်မည်။

### (၂) (အောင်းနွား) အမွေးရှည်နွားကို မြင်မက်ခြင်း

(က) ကျောင်းသူ ကျောင်းသားက (အောင်းနွား) အမွေးရှည်နွားကို မြင်မက်လျှင် အတိတ်နိမိတ်ကောင်းလေသည်။

(ခ) လူနာက အောင်းနွားကို မြင်မက်လျှင် ဆေးရုံမှ ဆင်းပြီးသကာလ တောင်ပေါ်ဒေသ (ဆိတ်ငြိမ်ဒေသ)သို့ သွားရောက်၍ အားမွေး အနားယူရပါလိမ့်မည်။

(ဂ) ကုန်သည်က အောင်းနွားကို မြင်မက်လျှင် ကူးသန်းရောင်းဝယ်မှု အကျိုးဖြစ်ထွန်းမည်။ ဝင်ငွေကောင်းမည်။

(ဃ) တရားခံ အကျဉ်းသားက အောင်းနွားကို မြင်မက်လျှင် မကြာမီ လျှော့ရက်ရရှိပြီး ထောင်မှ လွတ်မြောက်လာပါလိမ့်မည်။

(င) လူပျိုက အောင်းနွားကို မြင်မက်လျှင် မကြာမီ အိမ်ထောင်ကျကိန်း ရှိသည်။

(စ) အပျိုက အောင်းနွားကို မြင်မက်လျှင် ဖူးစာရှင်နှင့်



www.burmeseclassic.com

www.burmeseclassic.com

တွေ့ဆုံရပါလိမ့်မည်။

(ဆ) အောင်းနွားကို ရိုက်နှက်ကြောင်း မြင်မက်လျှင် စိတ်ပူပင်သောက ရောက်ရပါလိမ့်မည်။

(ဇ) အောင်းနွားက မိမိအား တိုက်ခိုက်လာသည်ကို မြင်မက်လျှင် ခရီးဝေး၊ ခရီးရှည် သွားရပါလိမ့်မည်။ ဘေးဒုက္ခများ တွေ့ကြုံမည်။

## (၃) အိမ်ဝင်းကို မြင်မက်ခြင်း

(က) ကျယ်ဝန်းလှသော အိမ်ဝင်းကို မြင်မက်လျှင် ဘေးဒုက္ခ အခက်အခဲပေါင်းများစွာ တွေ့ကြုံရင်ဆိုင်ရပါလိမ့်မည်။

(ခ) အိမ်ဝင်းထဲတွင် အိပ်ပျော်နေကြောင်း မြင်မက်လျှင် ကျန်းမာရေးကောင်းမည်။ သက်ရှည်ကျန်းမာရပါလိမ့်မည်။

(ဂ) အိမ်ထောင်ရှင်မက ကျယ်ဝန်းလှသော အိမ်ဝင်းကို မြင်မက်လျှင် မိမိ၏သားသမီး အလုပ်အကိုင်ကောင်း ရရှိပါလိမ့်မည်။

(ဃ) လူနာက ကျယ်ဝန်းလှသော အိမ်ဝင်းကို မြင်မက်လျှင် ကျန်းမာရေး ကောင်းမွန်လာပါလိမ့်မည်။

(င) တရားခံအကျဉ်းသားက ကျယ်ဝန်းလှသော အိမ်ဝင်းကို မြင်မက်လျှင် မကြာမီ ထောင်မှလွတ်မြောက်လာပါလိမ့်မည်။

(စ) သူတစ်ပါး၏ အိမ်ဝင်းကျယ်ကြီးသို့ ရောက်ရှိသွားကြောင်း မြင်မက်လျှင် ဩဇာအာဏာကြီးလိမ့်မည်။

(ဆ) အိမ်ရှင်မ သမီးပျိုက သူများ၏ အိမ်ဝင်းကျယ်ကြီးထဲသို့ ရောက်ရှိသွားခဲ့ကြောင်း မြင်မက်ရပါလျှင် အစော်ကားခံရပါလိမ့်မည်။

## (၄) ချည်မျှင်ကို မြင်မက်ခြင်း

(က) ချည်မျှင်ကို မြင်မက်ရပါက ကြီးပွားတက်မည်။ သုခချမ်းသာဖြင့် ပြည့်စုံပါမည်။

(ခ) အိမ်ရှင်မက ချည်မျှင်ကို မြင်မက်လျှင် မိမိ၏ ခင်ပွန်းသည် ဝင်ငွေကောင်းမည်။ ကြီးပွားချမ်းသာမည်။

(ဂ) အပျိုက ချည်မျှင်ကို မြင်မက်ရပါလျှင် အစော်ကားခံရပါလိမ့်မည်။

(ဃ) တရားခံ၊ အကျဉ်းသားက ချည်မျှင်ကို မြင်မက်ရပါက ထောင်ကျရက် ကြာရှည်နေရပါဦးမည်။

(င) ကုန်သည်က ချည်မျှင်ပို့ကုန်တင်ပို့ရကြောင်း မြင်မက်ရပါလျှင် ဈေးရောင်းထိုင်းလိမ့်မည်။ စားဝတ်နေရေး အခက်ကြုံမည်။

(စ) ချည်မျှင်လက်ဆောင်ရရှိကြောင်း မြင်မက်လျှင် ငွေရမည်။ နာမည်ဂုဏ်သတင်း ကြီးပါလိမ့်မည်။

(ဆ) စစ်သည်တော်က ချည်မျှင်ကို မြင်မက်ရပါလျှင် မကြာမီ ၎ရှ့တန်းရောက်ရှိရပါလိမ့်မည်။ တိုက်ပွဲပြင်းပြင်းထန်ထန် ကြုံရမည်။

## (၅) ဂျုံမှုန့်ကို ကစော်ဖောက်သည်ကို မြင်မက်ခြင်း

(က) ဂျုံမှုန့်ကို ကစော်ဖောက်ပြီး ပေါင်မုန့်ဖုတ်နေသည်ကို မြင်မက်လျှင် ငွေကြေးပြတ်လပ်မှု ကြုံတွေ့ရပါလိမ့်မည်။

(ခ) အိမ်ရှင်မက ပေါင်မုန့်ဖုတ်နေကြောင်း မြင်မက်ရပါလျှင် မိမိ၏ခင်ပွန်းသည် လင်ယောကျ်ားနှင့် အချင်းများရပါလိမ့်မည်။

(ဂ) ပေါင်မုန့်စားနေသည်ကို မြင်မက်လျှင် ကျန်းမာရေးအခြေအနေ ဆိုးဆိုးရွားရွား ဖြစ်လိမ့်မည်။

(ဃ) လူနာက ပေါင်မုန့်စားနေကြောင်း မြင်မက်လျှင် ကျန်းမာရေး အခြေအနေ ဆိုးလိမ့်မည်။

(င) သူများအား ပေါင်မုန့်လက်ဆောင်ပေးကြောင်း မြင်မက်ရပါလျှင် မိတ်ဆွေကောင်းရရှိမည်။ မိတ်ကောင်း တိုးလိမ့်မည်။

တက္ကသိုလ်မောင်တံခွန်

Ref:- တရုတ်ဂမ္ဘီရပညာရှင်ကြီးကုံး၏
အိပ်မက်အဖွင့်ကျမ်း ဟိုင်နန်မြို့
တရုတ်ပြည်။ (၁၉၉၃ ခုနှစ်၊ ဩဂုတ်လ)



www.burmeseclassic.com

www.burmeseclassic.com

ဘဒ္ဒကပ် မြတ်စွာ ဉာဏ်ကမ္ဘာထက် အမျိုးကောင်းသားတို့သည် စီးပွားချမ်းသာ ဖြစ်စိမ့်သောငှာ ဘုန်းကြီးသော မင်းတို့သည် ယတြာအဆန်းအကြွယ်ကို စီရင်နိုင်သဖြင့် ဘုန်းငယ်သောမင်းတို့မခံနိုင်ကြောင်း ရှေးဟောင်းရာဇဝင်တို့၌ များစွာ ထင်ရှားခြင်းရှိလေသည်။

# မင်းအဆက်ဆက်တို့၏ ဘုန်းသမ္ဘာတောက်စေရန် အစီအမံများ

## မြန်မာဟိန်းကျော်

ယခင်လမှအဆက်

ယခုကာလ သဘောဉာဏ်ဖြင့် ချင့်ဆ၍ ထိုးထွင်း နက်နဲသော သဘောဉာဏ်ရှိမှ သိနိုင်သော အတတ်ပညာ ယတြာယာယီအကြောင်းများကို မျက်မြင်လက်တွေ့မဟုတ် မကြုံဖူးသဖြင့် ယုံကြည်ကြသူ လွန်စွာနည်းပါးကြလေသည်။

ထိုယတြာဆင်နည်းကိစ္စကား အလွန်ပင် သိမ်မွေ့နက်နဲခက်ခဲလှချေသည်။ အမျိုးသား နောက်လူတို့သည် ယတြာကို ဆောင်နိုင်ခဲလှလေသည်။ ဗေဒင်ဓာတ်ကျမ်းတို့ကိုလည်း နည်းအထူးထူး ဆန်းကြယ်သော ကျမ်းတို့၌ မလီမွှာ၊ တိမ်သောပညာ ရှိသည်ဖြစ်သောကြောင့် မနာယူနိုင်ကြဘဲ ရှိလေသည်။ ထို့ကြောင့် အပြီးတိုင် တင့်လည်း မတင့်တယ် ဖြစ်လေသည်။

နက်နဲသော ပညာရှိတို့ကား ဆန်းသစ်သော လက်ကဲ့သို့ မှတ်ရာသည်။ ထို့ကြောင့်သာလျှင် တင့်တယ်သည်။

ဘဒ္ဒကပ် မြတ်စွာ ဉာဏ်ကမ္ဘာထက် အမျိုးကောင်းသားတို့သည် စီးပွားချမ်းသာ ဖြစ်စိမ့်သောငှာ ဘုန်းကြီးသော မင်းတို့သည် ယတြာအဆန်းအကြွယ်ကို စီရင်နိုင်သဖြင့် ဘုန်းငယ်သောမင်းတို့မခံနိုင်ကြောင်း ရှေးဟောင်းရာဇဝင်တို့၌ များစွာ ထင်ရှားခြင်းရှိလေသည်။

(အတာပ္ပန ယတြာပေါင်းချုပ်ကျမ်းရင်းကြီး)

ထိုကျမ်းကြီး၏ အဖွင့်တွင် ဤသို့ရေးသားထားသည်ကိုတွေ့ရပြီး နောက်လည်း ရှေးမြန်မာမင်းတို့ ယတြာကြောင့်



www.burmeseclassic.com

www.burmeseclassic.com

အကျိုးဖြစ်ထွန်း ပုံများကိုလည်း တင်ပြထားသည်ကို တွေ့ရပေ၏။

အတိတ်ထုံးပုံပဟောင်းများသည်ကား မိုးမိတ် စော်ဘွားသည် ဇာတာလည်းမမှန်၊ တိထိလည်း ချွတ်ယွင်းသည်ကို မှားမှန်းမသိသဖြင့် ဘုရားတည်လေရာ ဘုရားမပြီးမီ သားစောအုံမှိုင်း ဆုံးချေသည်။ အဘဖြစ်သော စော်ဘွား သည်လည်း ၃-နှစ် ရှိလျှင် လွန်ချေသည်။

မိုးညှင်းစားသည်လည်း ဇာတာလည်းမရှိဘဲ ဘုရားကည်ရာ၌လည်း မဟာနောက်အမည် သမုတ်ရာ တိထိချွတ်သောကြောင့် အသက်တိုကြောင်း။

သူကောင်းတစ်ယောက်သည်လည်း ဇာတာ မရှိဘဲကိုယတြာ အိမ်ဆောက်ချေ၍ တစ်လတွင် ဆုံးပါးလေကြောင်း၊ အခြားတစ်ယောက်သည်လည်း မိမိ၏အာယုသင်္ချိုင်းဖြစ်သော အရှေ့မြောက်ထောင့်မှာ စနေနံဘုရားကို ကောင်းမှုပြု မှားချေ၍ ကျားရဲရှိရာ ခရီးသွားသော ယောက်ျားကဲ့သို့ အသက်ဆုံးချေကြောင်း၊ ကြာသပတေးသား တစ်ယောက်သည်လည်း ခေါင်းဆေးအုံ့ဟု ထိမ်သားကို အောက်ခံပြု၍ ခေါင်းဆေးမှားလေရာ အကွရာပျက်သောကြောင့် ဆုံးပါးလေကြောင်း ဤသို့စသော အမှားထုံးပုံများကိုလည်း သတိပြုအပ်လှပေသည်။

## "ယတြာကောင်း မင်းလောင်းပျောက်"

ဆိုသော စကားအရ ယတြာအစီအရင် ကောင်းသဖြင့် အကျိုးဖြစ်ဖူးသော အတိတ်ထုံးပုံများမှာ ဖွားဇာတာရင်းရှိသောကြောင့် ဇလုံစော်ဘွား ညီနောင်ကို ကျွမ်းဆရာတို့ယတြာပြုလေသည်။

ကြာသပတေးသား မင်းသည် စည်ပုတ္တရာ ကိုလုပ်ကြံလိုသောကြောင့် ဗုဒ္ဓဟူးနံကို နိမ်၍ စရဲဟူသော သစ်ကိုနေရာတိုင်လုပ်၍ အင္ဂမှတ်ကို ချလေသည်။ စီးဆင် ကိုလည်းရတနာပြောင်မှန်ဟူ၍ မိမိနံပင် ပေါ်စေ၍ အမည်ပေးသည်။ ထို မင်းသည် ထိုနှစ် ၄င်းဆင်ဖြင့် စစ်ထိုး၍ အလိုပြည့်ဖူးလေ၏။

ရတနာပူရ အင်းဝပြည်ကြီးရှင် မင်းကြီးစွာစော်ကဲလက်ထက် တနင်္လာသားဖြစ်လျက် မိမိ သင်္ချိုင်းအရပ်ထက် ဘုရားရှေ့ဂူတည်မိမှားရာ ထို အပြစ်ကို ပျောက်စိမ့်သောငှာ အရှေ့ရှုးရှုး ပရိဝါရ မူလအရပ်၌ ရှေ့ဂူကြီးဘုရားကို တိထိအမြိတ္တာရတ် နှင့် တော်လျော်စွာတည်သောကြောင့် သက်တော်ရှည်၍ တိုင်းကားနိုင်ငံ ကျယ်ဝန်းလေ၏။

သံတွဲကတော် ကြာသပတေးသမီးကို ရခိုင်မင်းလိုချင်၍ သံတွဲကို စစ်ထိုးသော် မရနိုင်ဘဲ ဆုတ်ခဲ့ရ၏။ ရခိုင်မင်းသည် ဒေဝါနာဂသိမ်၊ ဆရာဖြူဟွာ၊ မောင်ငဲ့ဘ၊ ၄င်း၁၄၃ သုံးယောက်တို့ကို တိုင်ပင်သော် မစိုးရိမ်ပါလင့်ဟူ၍ သံတွဲကိုလည်း ရအောင် သံတွဲကတော်ကိုလည်းရအောင် စီရင်မည်ဟူ၍ လိပ်ကို ရအောင်ရှာပြီးလျှင် မင်းလိမ္မာချောင်း၌ ယတြာပြုသကာလ သံတွဲမြို့နှင့်တကွ သံတွဲကတော်ပါ ရဖူးလေ၏။

ထို့ပြင် ပုဂံပြည်သို့ ရခိုင် ရဟန်းတစ်ပါးလာ၍ သီတင်းသုံးသည့်အခါ တပည့်ရှင်ငယ် ရခိုင်တွင် ကျန်ရစ်သည်။

ထိုရှင်ငယ်သည် ဆရာတော် သင်သည့် အတိုင်း ယတြာအစီအရင်ကို တတ်ကျွမ်းသည်ဖြစ်၍ ပုဂံမြို့ပျက်စေလိုသောကြောင့် "ကပဲ့" ဟူသော အရပ်၌ အရှေ့သို့ မျက်နှာမူ၍ ဂူတစ်လုံး တည်လေသည်။ ထိုအခါ ပုဂံပြည်သည် ရခိုင်ပြည်နှင့် ဝေးစွာလျက်ပင် ပုဂံပြည် တစ်နေ့သုံးကြိမ်ပြိုလေသည်။

ဆရာလည်း ဤသို့ဖြစ်ခြင်းသည် တပည့် ရှင်ငယ်အတတ်သာ ဖြစ်ရာသည်ဟူ၍ တပည့် ရှင်ငယ်ကို ဘုရားသာသနာတော်ကို ရှက်ဆောင်သော မင်းတကားဟူ၍ စာပေးမှ ဂူကိုဖျက်၍ အနောက်သို့ မျက်နှာပြု၍ တည်ပြန်လေသည်။ "ကပဲ့" ဟူသော အမည်ကိုလည်း သစ်ပင် ဝါးပင် အစရှိသည်တို့ အမည်မှည့်သည်။ ထိုသို့ပြုမှ ပုဂံပြည် ငြိမ်ဝပ်လေတော့၏။

ထိုမင်းသားကော် မင်းခေါင်ကြီးသည် ခမည်းတော်ရိက်ရာကိုဆက်ဆံ၍ မင်းပြုသောအခါ မိမိ အင်္ဂါသားဖြစ်၍ အရှေ့တောင်ထောင့် ပရိဝါရ အရပ်၌ ရန်အောင်မြင်ဟူသော ပုထိုးကြီးစွာ တည့်တော်မူလေရာ ရပ်စောက်၊ ညောင်ရွှေ၊ မိုးညှင်း။ ရခိုင်ကို အလိုတော်ပြည့်ဖူးလေ၏။

www.burmeseclassic.com

ထို့နောက် မိုးညှင်းမင်းတရားကြီးသည် တနင်္ဂနွေသားတည်း။ ထိုမင်းသည် အဝဟူသော ဗုဒ္ဓဟူးကို ပဒေသဖြစ်သော ဘုမ္မိအရပ်၌ သားစဉ်မြေးဆက် ကောင်းစေသောဝှာဟူ၍ မူလအရပ်၌ ကျိန်းခန်း ထပ်မိတော် လျှော်သောကြောင့် ထိုအရပ်တွင် ရတနာစေတီကို စတုရန်းဖြင့်ခံ၍ တိထိအမြိတ္တစုတ်နှင့် တော်ရော်စွာ တည်တော်မူကြောင်း။ ထိုကစ၍ သားတော် မြေးတော် အဆက်တိုင်အောင် ကောင်းစားဖူးလေ၏။

မိုးညှင်းစလုံသည် ရေးထုံးစံကို ထောက်၍ စနေသား စစ်ကိုင်းမြို့ကို လုပ်ကြံလိုသောကြောင့် စကားသစ်ကို အရင်းအဖျားပြန်၍ လူ့ရုပ်တစ်ဘက်၊ စစ်ကိုင်းနံဖြစ်သော အာယုသချိုင်းထက် နိပ်၍ အနောက်တောင် ထောင့်ကခေါင်းဆေးသည်။ ထို အရပ်၌ပင် မြှုပ်သည်။ ထိုနံသစ်ကို အင်္ဂမှတ် အင်းချ၍ မိမိနေရာ အရပ်တွင်လည်း နေတော်မူသည်။ ထိုကသည် မလုပ်မကြံဘဲ အလိုလိုချိုပင့်၍ တစ်လအတွင်း အလိုတော်ပြည့်စုံလေ၏။

ထို့ပြင် ရင်းမင်းသည် အဝပြည်ကြီးကို လုပ်ကြံလိုသောအခါ "စရဲ" ဟူသော သစ်ကို အညွန့်အရင်းပြန်၍ ဘုရားထုလျက် ထိုအရပ်တွင် အဝနံကိုနိပ်၍ မြှုပ်လေသည်။

ထိုဘုရားကို "ကတော်ပေါက်" အမည်ပေး၍ ဘုရားပလ္လင်တော်တွင် အင်္ဂမှတ်အင်းကို "သာလွဲ" စင်မှာချ၍ ဌာပနာပြီးလျှင် အိုးသစ်တွင်ထည့်၍ "လုံတော်ပေါက်" ဟူသော အရပ်တွင် ထိုဘုရားကို အိုးသစ်တွင်ထည့်၍ ကောင်းစွာဖုံးအုပ်လျက် ထိုအရပ်တွင် ဌာပနာသည်။ အင်္ဂမှတ်အင်းခံ၍လည်း ခေါင်းဆေးတော်မူသည်။ ထိုအခါမှစ၍ ၃ လ အတွင်း အလိုတော်ပြည့်လေ၏။

သောကြာသား အမတ်တစ်ယောက်သည် အင်ကြင်းသစ်ကို "ဖတိုင်"လုပ်၍ အင်္ဂမှတ်အင်းချပြီးလျှင် မြှုပ်သည်။ ထိုအမတ် တနင်္လာသားသည် ရခိုင်ကို အုပ်စိုးရဖူးကြောင်း။

ကြာသပတေးသား ရဟန်းတစ်ပါးသည် တစေးသစ်ကို နေထိုင်ရာ ကပ်ပြု၍နေသည်။ ထိုအင်းကိုလည်း မြှုပ်သည်။ ထိုနှစ်ပင် ကျောင်းနှင့်တကွ လာဘ်ရဖူးလေကြောင်း။

စနေသား ဇလုံကြီးသည် ရွှေနန်းရှင် တနင်္လာသားနိုင်လိုသဖြင့် မအူသစ်ကို အရုပ်ထုပြီးလျှင် အင်္ဂမှတ်အင်းခံ၍ ရေးနည်းအတူ မြှုပ်လေသည်။ ထိုမအူသစ်ကိုပင် နေရာလုပ်၍ အင်္ဂမှတ်အင်းချ ပြီးလျှင် နေလေ၏။ မအူပင်ကိုလည်း မီးတိုက်၍ အမြစ်အရင်းပါ တူးဖော်လျက် ရေတွင်မျှောလေသည်။

ထိုသစ်ပင်ရာထက်တွင် ဦးခေါင်းဆေးလေသည်။ နှစ်ခြင်းပင် အလိုပြည့်လေကြောင်း ထို ယတြာမှုကို စီရင်သော ရဟန်းတို့ကိုလည်း ရွှေကျောင်းဆောက်၍ လှူလေ၏။

စနေသား မိုးဖြဲနရပတိသည် အဝဗုဒ္ဓဟူးနံတွင် နေလျက် စစ်ကိုင်းစား ဗုဒ္ဓဟူးသားမင်းကို ကြောက်စိမ့်ဟူ၍ ထူပါရုံဆိပ်တွင် "စရဲရှာ" ဟူသော သစ်ကို ပြောင်းပြန်ဇောက်ထိုးစိုက်လေသည်။ နှလုံးကျဉ်းမြောင်းကာသာ မနိုပ်စက်နိုင်လေ။ အဝကို အုပ်စိုးသော စနေသားမင်းသည် ဗုဒ္ဓဟူးနံပျက်သည်။ မိုးဖြဲနရပတိသည် ဇာတာမရှိဘဲ မစူးမစမ်း မဆင်မခြင်ပြုမှားချေ၍ ပျက်ဖူးလေသည်ဖြစ်၏။

သောကြာသမီး မိဖုရားတစ်ယောက်သည် "စရဲ" ဟူသော သစ်ကို ပဥ္စပွတ်၊ ဆပွတ်ကျက်လျက် ဖတိုင်လုပ်၍နေသည်။ များမကြာမီ ဘုန်းကံ စဲလေသည်။


သောကြာသား မင်းတစ်ဦးသည် တနင်္လာသား သူဇော်ကောင်းကင်ယောက်ကို ဖျက်ချေ၍ တနင်္လာသားတို့လည်း ပညာရှိကိုမှီ၍ ကောင်းပြန် စိမ့်သောဝှာ သောကြာနံကို နိပ်၍ "သုဘောဂ" ဟူသော အမည်ကို ခံစေရာတွင် စည်ပင်ကောင်း ကြွယ်ပြန်လေ၏။

ထိုထုံးပုံကို အမှီပြု၍အခြားသော ကြာသပတေးသား တစ်ဦးသည် မိမိဇာတာနံပင် အာယီ၊ ဗျာယ၊ မရဏ နိမ့်ကျနေသည်ကို နံဂြိုဟ်ဟူ၍ ဘုရားထုပြီးလျှင် ဆောင်မှားချေသောကြောင့် အကျိုးနည်းဖူးချေသည်။

တနင်္လာသား ရဟန်းတစ်ပါးလည်း စတုရန်းနံဖြစ်သော ပျဉ်းသစ်ကို"ဖတိုင်"လုပ်၍ အိပ်လေရာ အကျိုးများစွာ ရောက်ဖူးလေ၏။

ထို့ပြင် ကြာသပတေးသား မင်းတစ်ပါးသည် အင်္ဂါနံတွင်နေ၍ ဘုရားဟောင်းကို တိထိအမြိတ္တစုတ်နှင့် မူလ

www.burmeseclassic.com



အရပ်၌ ဗြဲရန်းကို မှား၍ထီးတင်လေသည်။ သားကောင်း နှစ်ယောက် ဆုံးဖူးလေကြောင်း။
အာယု၊ သချိုင်းထက်၊ စရပ်ကျောင်း ဦးဆောက် မှားချေ၍ အသက်တိုဖူးလေကြောင်း . . .။

စနေသား မင်းတစ်ပါးသည် မိမိနံပင် ပင့်သန္ဓေ ပဝတ္တိ သမ သော မရာဘဲကို စနေနံ့ဝယ် နေထိုင်၍ ဆင်ကိုလည်း ဂဇမဏိ၊ ဦးစီးကိုလည်း ဇေဗန္ဓုဟု မိမိနံပင် အဖျားပေါ်စေ၍ အမည်ပေးလေသည်။ ဘုန်းတန်ခိုး နည်းဖူးလေ၏။

တနင်္ဂနွေသားတို့သည် မိမိမူလထက် . . . ကြာသပတေးနံ၊ သောကြာနံ သစ်ပင်ကို စိုက်အံ့၊ အမျိုး ခုနစ်ဆက် ပြုတ်လေအံ့။ အာယုထက် ပြုမိမူကား သေအံ့။ အသရေထက်သော်ကား အသရေယုတ်အံ့ မလွဲတည်း။

ဘဝရှင်မင်းခေါင်ကြီးသည် အဓိပတိ၊ ပင့်သန္ဓေ၊ သမသောရသောကြောင့် အိမ်ရှေ့မင်းလက်ထက် ဇာတာရင်း လည်း မှန်သဖြင့် ပညာရှိတို့ကို တိုင်ပင်၍ အန္တရာယ်ပျောက်ပ၍ မင်းအဖြစ်ကို ရဖူးလေ၏။

***     ***     ***

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ကြီး တွင်လည်း ၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလအတွင်းက အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကြီးကို အောင်မြင်စွာကျင်းပနိုင်ခဲ့၏။ ၎င်း အားကစားပွဲကြီးသည် ယခင် အရှေ့တောင်အာရှ ကျွန်းဆွယ် အားကစားပြိုင်ပွဲကြီးဟု အသုံးအနှုန်းကို အင်္ဂလိပ်စကား မပါ ရေးသားသုံးစွဲခဲ့၏။ စာနယ်ဇင်းများ သတင်းစာများတွင် "**ကျွန်းဆွယ်အားကစားပြိုင်ပွဲ**" ဟု ရေးသား သုံးနှုန်းခဲ့၏။

ယခုအခါတွင် စာနယ်ဇင်းများ၊ သတင်းစာများ၊ အသံလွှင့်ဌာနများက ဆီးဂိမ်း=Sea Games ဟု သုံးနှုန်း ဖော်ပြခဲ့၏။ ပရိသတ်အများ ပြည်သူများကလည်း "ဆီးဂိမ်း ဆီးဂိမ်း" ဟု ခေါ်ဝေါ်သုံးစွဲခဲ့ကြ၏။

ထိုကဲ့သို့ ပြိုင်ပွဲကြီး ပြင်ဆင်ဆဲကာလ တစ်လျှောက် တွင်လည်း ဆီးဂိမ်းဟု သုံးနှုန်းခဲ့ သဖြင့် ဆီးဂိမ်း ဆိုသော စကားရပ်သည်အတည် ဖြစ်လာခဲ့၏။ လောကီ ပညာရပ်တွင် **အမည်ပေး အရေးတိုင်** ဆိုသော စကားရပ်ရှိခဲ့ရာ ဆီးဂိမ်းသည် အရေးအရာ ဆောင်ရွက်ရန်အတွက် အမည်ပေးခြင်းခံရကာ အမည်တွင်ခဲ့ပေသည်။



www.burmeseclassic.com

www.burmeseclassic.com

ဆီးဂိမ်း၏ အထိမ်းအမှတ် Logo ရွေးချယ်ရာတွင် ငှက်ကြက်ရုပ်ကို ရွေးချယ်ခဲ့ကြ၏။

Logo ခေါ် အမှတ်အသားသည် ကုန်ပစ္စည်း တံဆိပ်၊ နေအိမ်၊ နိုင်ငံလုပ်ငန်းတို့အပေါ်တွင် အဓိကကျသော အမှတ်အသားတစ်ခုပင် ဖြစ်၏။ ထိုအမှတ် အသားတို့၏ နောက်ကွယ်တွင် အဓိပ္ပါယ်များစွာ သက်ရောက်နေ၏။ အထူးသဖြင့် ရင်ဆိုင်ယှဉ်ပြိုင်မှုတွင် အနိုင်ဓာတ်တို့ဖြင့် ဖွဲ့နှုန်းလွှမ်းပြီး စီရင်ရေးဆွဲ တတ်ကြ၏။

[မှတ်ချက် ◆ ၎င်း နှင့်ပတ်သက်သော အကျယ်ကို နောက်ပိုင်းတွင် ဖော်ပြပါမည်။]

**ထိုကဲ့သို့ အရေးကြီးသော အမှတ်အသား ဖြစ်သော ဆီးဂိမ်းဆိုသော စာသားနှင့် လောကီပညာရပ်အရ ကက်ကင်းမိစေရန် ငှက်ကြက်ကို ဆောင်ထားသည်ကို** တွေ့ရ၏။ တစ်နည်းအားဖြင့် ငှက်ကြက်သည် မြန်မာတို့အယူအဆအားဖြင့် လာဘ်ကောင် ဟုခေါ်ကြသည်ကိုလည်း တွေ့ရမည်ဖြစ်၏။

ဆီးဂိမ်း = ငှက်ကြက် = ဈေးခေါ်

ဆိုသော ကက်ကင်းမိနေ၏။

ထို ကက်ကင်းမိစေရန် စီရင်ထားမှုသည် ဆီးဂိမ်း ပွဲကြီး အောင်မြင်စေရန် အထောက်အကူ ပြုစေ၏။ နှစ်ပေါင်းများစွာ ဝေးကွာနေရသော ပြိုင်ပွဲကြီးမှာ အိမ်ရှင်နိုင်ငံအဖြစ် ဝင်ကြွားခဲ့ရ၏။

ထိုကက်ကင်း၏ သဘောတရားကို အင်္ဂဝိဇ္ဇာ အလင်းပြကျမ်းတွင် အောက်ပါအတိုင်း အဓိပ္ပါယ် ဖွင့်ဆိုထားသည်ကို စာဖတ်သူများ ဗဟုသုတရစေရန် ဖော်ပြပေးလိုက်ပါ၏။

*** *** ***

## ကက်ကင်း ဓာတ်ပြန်အဖွင့်

၎င်း "ကက်ကင်းဓာတ်" ဟူသည်ကား တနင်္လာနံ ဖြစ်သော ကြက်သတ္တဝါနှင့် ကင်းသတ္တဝါနှစ်ဦးတို့ကို မူလအခြေခံထားလျက် နံတူသော ဓာတ်သဘာဝအားဖြင့် မသင့်မတင့် ဆန့်ကျင်ဘက်ဖြစ်သောကြောင့် ဦးရာဓာတ်က နိုင်ခြင်း၊ အစွဲပြု၍ "ကက်ကင်း" ဟူ၍ခေါ်သည်။

ထို့ကြောင့် "ကြက်က ဦးလျှင် ကင်းသေသည်။" "ကင်းက ဦးလျှင် ကြက် သေသည်" ဟူ၍ ရှေးထုံးစကား ထင်ရှားရှိလေသည် မှတ်ကြပါကုန်။

"ဓာတ်ပြန်" ဟူသည်ကား မည်သည့် သစ်ပင် သစ်ခက် ဝတ္ထုပစ္စည်း သက်ရှိသက်မဲ့မဆို ဓာတ် စီစဉ်သော အခါမှာ အရင်းမှ အဖျားသို့ နံသင့်အလိုက် ကောက်ယူလျက် ထိုမှတစ်ဖန် အဖျားနံကို အရင်းမှာထား၍ အရင်းနံကို အဖျားဘက်သို့ ပြောင်း၍ထားခြင်း သဘာဝမျိုးကို "ဓာတ်ပြန်" ဟူ၍ ခေါ်သည်။ အမြဲတမ်း မှတ်သားကြပါလေ။

ထို့ကြောင့် မူလကျမ်းရင်း၌ . . .

**"ကက်ကင်း သေရှင်သူ**

**ထက်အောက်ပြန် လှန်ကူ**

**နံတူသတ်က အသေရ"**

ဟူ၍ တောင်တွင်းအမော် ပုဂ္ဂိုလ်ကျော် ဆရာတော်က ရေးသားစီရင်ခဲ့လေသည်။ သို့အတွက် ၎င်း ကက်ကင်း ဓာတ်ပြန် အကြောင်းနှင့်စပ်လျဉ်း၍ ပညာလိုက်စား အမျိုးသားတို့ ကိုးကား အခြေမိလေအောင် မသွေတိတ်ထုံး လက်ကိုကုံး၍ ပုံနှုန်း သချာဆောင်၍သာလျှင် မြွက်ကာ ရေးကြောင်း သိရန်လောင်းအံ့။

*** *** ***

## အနော်ရထာမင်း လက်ထက်

ရှေးခေတ် အခါသမယက အရိမဒ္ဒနမည် ပုဂံပြည် အနော်ရထာမင်းမြတ်သည် စိုးစံအုပ်ချုပ်လျက် အကြီးအမှူး ပြုလုပ်နေခိုက်အခါတွင် ရခိုင်ပြည်က အင်္ဂဝိဇ္ဇာပညာ အတတ်ကို နားလည်သော ရဟန်းတော်တစ်ပါးသည် အကြောင်းအားလျော်စွာလာ၍ သီတင်းသုံးနေခိုက် ထို ပုဂ္ဂိုလ်၏ တပည့်ငယ် သာမဏေသည် ရခိုင်မြို့တွင် ကျန်ရှိနေသဖြင့် ထိုရှင်ငယ်အား ဆရာသခင်ကျေးဇူးရှင်က အင်္ဂဝိဇ္ဇာ တက်ပညာကို သင်ကြားပေးသောကြောင့် ဓာတ် ယတြာ အစီအရင်များကို ကောင်းစွာတတ်ကျွမ်းသူဖြစ်၍ မိမိ၏ ဆရာအရှင် ကျေးဇူးရှင် သီတင်းသုံးနေသော ပုဂံမြို့တော်ကြီးကို ပြိုပျက် ချောက်ချား စေလိုသော စိတ်အာသာဆန္ဒ



www.burmeseclassic.com

www.burmeseclassic.com

ဖြစ်ပေါ်၍လာသဖြင့် ၎င်းပုဂံမြို့ကို ကက်ကင်းဓာတ်ပြန် မည်သော "ကန်ပဲ့" ဟူသော အရပ်အမည်ကို သမုတ်လျက် ထိုကန်ပဲ့ အရပ်မှာပင် အရှေ့ဘက်သို့မျက်နှာမူ၍ ဂူတစ်လုံးကို တည်ထားခဲ့လေရာ တည်သည်နှင့် တစ်ပြိုင်နက် ပုဂံမြို့တော်သည် ရခိုင်ပြည်နှင့် အလွန်ဝေးကွာသော ဒေသပင်ဖြစ်ပါငြားသော်လည်း တစ်နေ့ တစ်နေ့လျှင် သုံးကြိမ်တိုင်တိုင် တုန်လှုပ် ချောက်ချား ထိတ်လန့်ခြင်း ဖြစ်လေသည်။

ဆရာတော်ကလည်း "ဤကဲ့သို့ မဖြစ်ဖူးမြဲ ဖြစ်ခြင်းသည် ငါ့တပည့်ရှင်ငယ်ကလေး၏ အတတ်ပညာသာ ဖြစ်ရမည်" ဟူ၍ သိရှိသောကြောင့် တပည့်ထံသို့ "ငါ့ရှင်သာမဏေ ပုဂံပြည်ကြီးကို စိုးစံထိန်းအုပ် မင်းလုပ်နေသော အနော်ရထာမည် ခေါ် ရေမြွေရှင် ဒကာတော်သည် မြတ်စွာဘုရား သခင်ထံတော်မြတ်၏ သာသနာအကျိုးကို အမျိုးမျိုးသော လုံ့လဝိရိယဖြင့် အမြဲမပြတ် ဆည်းကပ် ဆောင်ရွက်လျက် နေထိုင်သော မင်းတစ်ပါးဖြစ် ပါသည်"

ဟူ၍ မေတ္တာ စာစကားလွှာပေးသဖြင့် ၎င်း ဆရာ၏ အထံကစာကို ရရှိသောကြောင့် မိမိ တည်ထားသော ဂူကို ဖျက်ပြီးလျှင် တစ်ဖန် အနောက်ဘက်သို့ မျက်နှာမူလျက် အသစ်တစ်လုံး ပြန်တည်ပြန်လေမှ ပုဂံပြည်ကြီးသည် ခါတိုင်းကဲ့သို့ ငြိမ်ဝပ်လေ သတည်း။

[အထက်က ကက်ကင်းဓာတ်ပြန်အားဖြင့် အမည်ပေးသော "ကန်ပဲ့" ဟူသော စကားမှာ သစ်ပင်၊ ဝါးပင် အစရှိသည်တို့ကို အမည်ပေး၍ သမုတ်ခြင်းဖြစ်သည် မှတ်ပါလေ။]

*** *** ***

## အနောက်ဘက်လွန် မင်းတရားကြီးလက်ထက်

သက္ကရာဇ် ၉၇၆ ခုနှစ်တွင် စစ်ကိုင်းမြို့တော်၌ အနောက်ဘက်လွန်မင်းတရားကြီးသည် ဘားမဲ့အကျော် ဆရာတော်ကို အားကိုးတစ်ခု သဟဲပြုလျက် စိုးစံအုပ်ချုပ် မင်းလုပ်၍နေရာဝယ်အခါ တစ်ပါးသော တောင်ငူမြို့ကို တိုက်ခိုက်လိုသဖြင့် ဘားမဲ့ဆရာတော်အား ပင့်၍ ကျိုးကြောင်း အရာ အပြားပြားတို့ကို လျှောက်ထားတိုင်ပင်ရာ တောင်ငူကိုနိုင်လိုသော် "ငူတောင်" ဟု ပြောင်းပြန်ပြု၍ ၎င်းတောင်ငူနှင့် နံ့တူကိုရှာလျှင် ခံတက်ကိုရရှိသဖြင့် မိမိ၏ နေ့နံနှင့် သက်ဆိုင်သော တောင်အရပ်ခံတက်ပင်ရှိရာတွင် မူလအခြေခံ သဖွယ် တပ်ချ တပ်စွဲလျက် လုပ်ကြံရသော် အောင်လိမ့်မည်ဟု အမိန့်တော်ရှိသောကြောင့် အနောက်ဘက်လွန်မင်းတရားကြီးသည် စစ်သည်တပ်သားတော် အမြောက် အမြားတို့နှင့် ချီတက်တော်မူလေ၏။

မင်းတရားကြီးလည်း တောင်ငူမြို့သို့ ရောက်ရှိ၍ဆိုင်ရာ တောင်အရပ်၌ ခံတက်ပင်ကို ရှာစေသော် မတွေ့သည်နှင့် ခေတ္တဆိုင်းငံ့လျက်နေရာ နောက်အနည်းငယ်ကြာသော အခါ၌ သစ်သားပျဉ်ပုံတစ်ခုကို တပ်တည် တပ်ချမည့် အနေဖြင့် ယူကြသည်တွင် အခန့်သင့် ခံတင်ပင်တစ်ပင် တွေ့ရှိလေလျှင် ၎င်းအပင်နေရာမှာ တပ်စွဲမိအောင် ချလေသည်။

ထို့နောက် ညနေ သုံးချက်တီးအချိန်သို့ ကျလျှင် တောင်ငူမြို့ရှိ ဘုရင်မင်းမြတ် ကိုးကွယ်ဆည်းကပ်သော ရှင်မုန်ယို မည်သော ဓာတ်ဆရာကြီးက ယတြာအဖြစ်ဖြင့် ပြုလုပ်စီမံသော ကျွဲခေါင်းရိုး, နွားခေါင်းရိုးပုံဏ္ဍာန် တို့သည် လာလတ်၍ လူ ဆင် မြင်း ဟုဆိုအပ်သော တစ်ဖက်စစ်သည်များသည် လိုက်၍ပစ်ခတ်ကြသဖြင့် တပ်လည်း ခေတ္တခဏ လန့်ဖျပ်နေရာ ထိုအကြောင်းအရာ ဘားမဲ့ဆရာတော်ရှိရာ အင်းဝပြည်သို့ မြင်းစစ်သည်တော်များကို လွှတ်လျှောက် ထားစေသည်တွင် ဆရာတော်က မည်သို့မျှ စကားမဆို မမိန့်မကြားဘဲ ဒေါက်ချာတစ်ခုကို ယူ၍ ဦးခေါင်းကို စွပ်ထားပြီးသော အတန်ကြာမှ ခေါင်းကချွတ်လျက် ကြမ်းပြင်ပေါ်သို့ ပစ်ချပြီးလျှင် ကျက်သရေခန်းထဲသို့ ဝင်၍ သွားရာ ပြန်မထွက်လာသဖြင့် မြင်းစစ်သည်တော်တို့လည်း မဆိုင်းမငံ့ နှင်ကြသောကြောင့် ပြန်၍လာကြရာတွင် တပ်တော်သို့ ပြန်ရောက်ကြသည့်အခါ အကြောင်းမျိုးစုံကို မင်းကြီးအား လျှောက်ထားလေသော် မင်းကြီးကလည်း ငါ့ဆရာတော်သည် သာသနာရေး သာသနာမှုဖြစ်၍ မမိန့်ကြားလိုက်ကြောင်းကို ကောင်းစွာ သိရှိသဖြင့် ဒေါက်ချာကို ကြမ်းပေါ်သို့ ပစ်ချသည့် အတိတ်နိမိတ်ကို တောက်ဆလျှင် ၎င်းတောင်ငူမြို့၌ တည်ရှိ

www.burmeseclassic.com

သော မြတ်စောညီနောင်စေတီတော်မြတ်၏ ထီးတော်ကို အောက်သို့ချရမည့် သဘောမျိုးကိုဆိုလိုသည် ဖြစ်ရမည်။

အဘယ့်ကြောင့်ဆိုသော် မြတ်စောညီနောင်ဘုရားသည် တောင်ငူမြို့နှင့် တစ်ပြိုင်တည်း တည်သော ခုနစ်ဗှာန အပါအဝင်ဖြစ်ရာ ထီးတော်ကိုချစေဟု အမိန့်ရှိသောကြောင့် ထီးတော်ကိုချလျှင် ယခင် ဓာတ်ဆရာကြီး ရှင်မုန်ယို သည် ယတြာအားဖြင့်စီရင်၍ လွှတ်ထားသော ကျွဲခေါင်းရိုး၊ နွားခေါင်းရိုးတို့မှာ တစ်ခါတည်း ပျောက်ပျက်လေ၍ တပ်တော်လည်း အထိတ်တလန့်မရှိတော့သဖြင့် ခိုင်မြဲတည်ကြည်စွာနှင့် ရဲရဲဝံ့ဝံ့ နေထိုင်ကြရာ တောင်ငူမင်း နတ်ရှင်နောင် သည် စစ်မပေါက်ဝံ့၍ အညံ့အရှုံးခံလေသော် အနောက်ဘက်လွှန်မင်းတရားကြီးသည် အရေးတော်သာပြီးလျှင် တပ်စဉ်အတိုင်း မိမိ၏ မြို့တော်သို့ ပြန်တော်မူသည်။

အထက်ပါ ကက်ကင်းဓာတ်ပြန်စီမံခြင်းနှင့် ဆက်သွယ် အတိတ်ထုံး မှတ်တမ်းစာ အကြောင်းအရာ နှစ်ပုဒ်တို့မှာ ရေးဟောင်း ရာဇဝင် ယတြာကျမ်းများ၌ အထင်အရှားလာ သည်ဖြစ်ပါ၍ ၎င်းအင်္ဂဝိဇ္ဇာ ပညာအတတ်ကို လိုက်စားကြည့်ရှုလေ့လာမှု ပြုလုပ်ကြသော အမျိုးသားအပေါင်းတို့သည် အကိုးအကား အခြေခံ အမှီသဟဲ ယူစွဲလျက် အသိအမြင်မြင့်ကြစေရန် ကောင်းမြတ်သော စိတ်ထားနှင့် ရေးသားထည့်သွင်းခြင်း ပြုလိုက်ပါသည်။ သို့ပါ၍ အောက်ပါ ရှင်းလင်းချက်များကို မိမိတို့၏ သဘောဉာဏ်မှာ ထင်ရှားအောင်ကြည့်ရှုလေ့လာကြပါလေကုန်။

"ပုဂံ" ဟူသော ၅-တေး အရင်း၊ ၂-လာ၊ အဖျား ပေါ်သော ပုဒ်ကို ဓာတ်ပြန် သဘာဝအားဖြင့် ပြောင်းပြန်ပြုလိုက်လျှင် "ပုဂံ"ဟူသော ၂-လာ အရင်း၊ ၅-တေး အဖျား ပေါ်သော ပြောင်းပြန် သဘောမျိုးကို ဓာတ်ပြန်ဟူ၍ ခေါ်လေသည်။ ထို့မှတစ်ပြာ "ကန်ပဲ့" မည်သော ၂-လာအရင်း ၅-တေး အဖျားပေါ်သော ပုဒ်ကို တစ်ဖန်ဓာတ်ပြန်အနေအားဖြင့် ပြောင်းလွဲလိုက်ပါက "ပဲ့ကန်"မည်သော ၅ - တေးနံအရင်း ၂-လာနံ အဖျားပေါ်လာသော သဘာဝမျိုးကို "ဓာတ်ပြန်" ဟူ၍ ခေါ်ဝေါ် ပညတ်အမှတ် ပြုကြလေသည်။ ထို့ကြောင့် "ကန်ပဲ့" ဟူသော ဒုတိယနောက်ပုဒ် တနင်္လာနံ၊ ကြာသပ တေးနံ နှစ်မျိုးတို့နှင့် "ဂူပြု"မည်သော ၂-လာနံအရင်း၊ ၅-တေးနံ အဖျားပေါ်သော ပုဒ်သည်လည်း နံတူဓာတ်အားဖြင့် ခိုက်အောင် ကြံစည်ပြုလုပ်ထားသော အရာဖြစ်သည်ဟူ၍ အမြဲတမ်း မှတ်သားနှလုံးသွင်းကြပါလေ။

"ကတ်ကင်း သေရှင်သူ၊
ထက်အောက် ပြန်လှန်ကူ၊
နံတူ သတ်က အသေရ"

ဟူ၍ မိန့်ဆိုလေသည်။ "တောင်ငူ" မည်သော စနေအရင်း၊ ၂-လာနံ အဖျားပေါ်ပုဒ်ကို ဓာတ်ပြန်အနေအထားဖြင့် ပြောင်းပြန် ပြန်လိုက်ရာ "ငူတောင်"ဟူသော ၂-လာအရင်း၊ စနေနံ အဖျားလာသည်ကို အစွဲပြုလျက် ၎င်းနှင့် အကွာရာနံတူများကိုသက်ဆိုင်ရာမှာ ရှာကြံလိုက်သော ၂-လာ အရင်း အဖျား ပေါ်သော "ခံတက်" ပင်ကို ကောင်းစွာ ရရှိ၏။ ထိုသဘာဝမျိုးကိုပင် ဓာတ်ပြန်ဟူ၍ ခေါ်ဆိုလေသည်။

သို့ပါသောကြောင့် မိမိတို့ဆိုင်ရာ ပုဂ္ဂိုလ်၏ တောင အရပ်၌ ပေါ်ပေါက်နေသော ဓာတ်ပြန်ခေါ် "ခံတက်" ပင်ကို အခြေပြုလျက် တပ်စွဲချ၍ စစ်ဘက်ကိစ္စအရပ်ရပ်ကို ကြံစည်ပြုလုပ်အားထုတ် ရွက်ဆောင်သဖြင့် အနောက်ဘက်သာလွှန်မင်း တရားကြီးမှာ အရေးတော်သာပြီးလျှင် တောင်ငူမြို့ နတ်ရှင်နောင်မင်းသည် စစ်ဖက်မပြိုင်ဝံ့၍ အညံ့ခံ အရှုံးပေးကြောင်းကို ကောင်းစွာပြန်လည်လျက် စဉ်းစားဆင်ခြင်ကြပါလေ။

[သို့ပါ၍ အောက်ပါ ဓာတ်မှန် ဓာတ်ပြန် စီမံ ပုံကို ထင်ရှားအောင် ကြည့်ကြရမည်။]

| (အမည်) | (ဓာတ်မှန်) | (အမည်) | (ဓာတ်မှန်) |
| --- | --- | --- | --- |
| ပုဂံ | ၅-၂ | ကန်ပဲ့ | ၂-၅ |
| တောင်ငူ | ၀-၂ | ခံတက် | ၂-၀ |

ထို့ကြောင့် "**ကတ်ကင်း သေရှင်သူ၊ ထက်အောက် ပြန်လှန်ကူ၊ နံတူ သတ်က အသေရ**" ဟု ဆိုလေသည်။

ဆက်ပါဦးမည်...

မြန်မာဟိန်းကျော်

www.burmeseclassic.com

# ဆုတောင်းပြည့်ပါစေ

မနုသသကျော်ဝင်း

(အမျိုးသားစာပေဆုရ)



ပြာသာဒ်တော်၊ ဖောင်တော်အပြည့်အစုံဖြင့် ဖူးမြင်ရပုံ

"ဆရာ့ကို ရောင်ပြန်မဂ္ဂဇင်းမှာ ဆောင်းပါးရေးဖို့ ဖိတ်ခေါ်ခဲ့တုန်းက တော့ ရှေးဟောင်းဆင်းတုတော် တွေ၊ ဘုရားတွေအကြောင်းလောက် သာ ရေးပေးလိမ့်မယ်လို့ ထင်ခဲ့မိ တာ။ အခုတော့ ဆရာက နာမ်လော ကရော၊ ဂမ္ဘီရလိုင်းနဲ့ ပတ်သက်လို့ပါ ရေးပေးနေတာကိုတွေ့ရလို့ ကျွန် တော် အံ့ဩနေမိပါတယ်"

ရောင်ပြန်မဂ္ဂဇင်းတွင် တစ်နှစ် ခန့်မျှ ဆောင်းပါးများ ဆက်တိုက် ရေးသားပြီးချိန်တွင် ဖြစ်၏။ တစ် ရက်သ၌ ယင်းမဂ္ဂဇင်း အယ်ဒီတာ ချုပ် ဆရာဦးမောင်မောင်မြင့်အေး နှင့် အစည်းအဝေးတစ်ခု ဆုံမိကြရာ ဆရာက အထက်ပါအတိုင်း ကျွန် တော့်ကို ပြောဆိုလိုက်ခြင်းဖြစ်၏။

"ဒါကတော့ ဒီလိုရှိပါတယ် ဆရာ ဦးမောင်မောင်မြင့်အေးရဲ့။ ကျွန်တော်ဟာ ဝန်ထမ်းဘဝနဲ့ချည်း ပဲ အနှစ် ၄၀ ကျော် ကုန်လွန်ခဲ့ရ တယ်။ အဲဒီသက်တမ်းကာလအတွင်း ပြည်တွင်းရော၊ ပြည်ပကိုပါ နေရာ အတော်များများရောက်အောင် ခရီး သွားခဲ့ရတယ်။ ထူးခြားတဲ့ ပုဂ္ဂိုလ် အတော်များများနှင့် ဆုံစည်းခဲ့ရ သလို ထူးဆန်းလှတဲ့ ဖြစ်ရပ်အမျိုး မျိုးတွေနဲ့လည်း ကြုံခဲ့ရဖူးတယ်၊ ခင်မင်ရင်းနှီးသူတွေကို စကားဝိုင်း တွေမှာ အဲဒီအကြောင်းတွေ၊ ဖြစ် ရပ်မှန်တွေကို ပြောပြတဲ့အခါ အတော်များများက သံသယမျက် လုံးမျိုးတွေနဲ့ ကျွန်တော့်ကို ကြည့်ကြ တယ်။ တမင်လုပ်ကြံပြီး ပြောတယ် လို့ ထင်ကြပုံရတယ်။ မလွဲသာလို့ အားနာလို့ နားထောင်နေကြရတဲ့ အခြေအနေမျိုးတွေကို မကြာခဏ ကြုံခဲ့ရတယ်။ ကျွန်တော်ကတော့ အတွေ့အကြုံဖြန့်ဝေချင်တဲ့သဘော ကုသိုလ်ပွားပေးချင်တဲ့ စေတနာနဲ့ အားတက်သရော ပြောခဲ့တာဖြစ်ပေ မယ့် ရည်ရွယ်ချက် မမြောက်ခဲ့ဘူး ပေါ့ဗျာ။ ဒီလိုနဲ့ ကျွန်တော်ဟာ အဖိုး တန် အသိတရားတစ်ခု ရလာတယ်။ စိတ်မဝင်စားတဲ့လူ၊ မယုံကြည်တဲ့လူ တွေကို တန်ဖိုးရှိတဲ့ အတွေ့အကြုံ ဗဟုသုတတွေအကြောင်း ပြောပြနေ ရင် လေကုန်ရုံပဲရှိမယ်။ ရောင်ပြန်လို အနှစ်သာရပြည့်ဝတဲ့ မဂ္ဂဇင်းမျိုးမှာ အဲဒီအကြောင်းတွေကို ဆောင်းပါး



www.burmeseclassic.com

www.burmeseclassic.com

ရေးရရင် စိတ်ဝင်စားသူတွေက ဖတ်ကြလိမ့်မယ်။ ယုံကြည်သူတွေအတွက် ကုသိုလ်ပွားပေးရာ ရောက်မယ်။ ဒါ့အပြင် နှုတ်တစ်ရာ စာတစ်လုံး ဆိုသလို ပုံနှိပ်မဂ္ဂဇင်း စာအုပ်ထဲမှာ မှတ်တမ်းမှတ်ရာအနေနဲ့ ကျန်ခဲ့မယ်။ အဲဒီလို အသိတရားမျိုး ရလာချိန်မှာ ဆရာက ဆောင်းပါးရေးဖို့ ဖိတ်ခေါ်လေတော့ ကျွန်တော့်အတွက် ရေငတ်တုန်း ရေတွင်းထဲကျ၊ ငိုချင်ရက် လက်တို့ဖြစ်ခဲ့ရတာပေါ့ခင်ဗျား"

ကျွန်တော်က အထက်ပါအတိုင်း ရှင်းပြပြီးနောက် ယခုဆက်လက်ရေးသားမည့် အကြောင်းအရာအကျဉ်းကိုပါ ဆရာဦးမောင်မောင်မြင့်အေးအား ပြောပြခဲ့၏။ ထိုအခါ ဆရာက –

"ကောင်းတယ်ဆရာ။ ရေးဖြစ်အောင်ရေးပါ။ ဖြစ်နိုင်ရင် အဲဒီဆောင်းပါးနဲ့ဆိုင်တဲ့ ဓာတ်ပုံကိုပါ ထည့်ပေးစေချင်ပါတယ်။ ရောင်ပြန်မဂ္ဂဇင်း စာဖတ်ပရိသတ်အတွက် ဓမ္မဒါနဖြစ်အောင် ဖော်ပြပေးနိုင်တာပေါ့ ဆရာရယ်"ဟူ၍ အားပေးစကား ပြောကြားခဲ့သဖြင့် ကျွန်တော့်ဘဝ၌ ထူးထူးခြားခြားကြုံတွေ့ခဲ့ရသော ဖြစ်ရပ်ဆန်းတစ်ခုအကြောင်းကို အောက်ပါအတိုင်း ရေးသားတင်ပြလိုက်ရပေသည်။

ရှေးဘဝ အကုသိုလ်ကံကြောင့်လားမသိ။ ကျွန်တော်သည် ရောက်လေရာအရပ်တိုင်း၌ သောက်ရေ၊ သုံးရေ ဒုက္ခနှင့် ကြုံတွေ့ခဲ့ရသည်မှာ ၁၉၇၆ မတိုင်မီအထိ ဖြစ်၏။ ကလေးဘဝတုန်းက နယ်မြို့တစ်မြို့တွင် နေထိုင်စဉ် ကျွန်တော်တို့၏ နေအိမ်ခြံဝင်းအတွင်း၌ ရေတွင်းတစ်တွင်း ရှိသော်လည်း ရေထွက်မကောင်းသဖြင့် သူများခြံဝင်းထဲရှိ ရေတွင်းမှ ပင်ပန်းကြီးစွာ သွားရောက်ခပ်ယူ သယ်ဆောင်သုံးစွဲခဲ့ရ၏။ ရန်ကုန်တက္ကသိုလ်တွင် မဟာဝိဇ္ဇာတန်း တက်ရောက်သည့်အခါ ပြင်ပပုဂ္ဂလိကပိုင်ဘော်ဒါဆောင်တစ်ခု၌ နေထိုင်ခဲ့ရ၏။ ယင်းဘော်ဒါဆောင်အနီးတွင် ရေတွင်းတစ်တွင်း ရှိသော်လည်း ရေထွက်မကောင်းသဖြင့် သောက်ရေ၊ သုံးရေနှင့်ပတ်သက်ပြီး အလွန်ပင် ဒုက္ခရောက်ခဲ့ရ၏။ လမ်းထဲရှိ စက်ရုံတစ်ရုံတွင် ခွင့်တောင်းပြီး ရေချိုးရ၏၊ အဝတ်လျှော်ရ၏။ တစ်ခါတစ်ရံ ထိုစက်ရုံကို ရက်ရှည်ပိတ်ထားတတ်ရာ ထိုအခါမျိုး၌ ဝေးလံသည့် အရပ်ရှိ အသိများနေအိမ်တွင် ရေသွားချိုးခြင်း၊ အဝတ်ဖွပ်လျှော်ခြင်းများ ပြုရ၏။ သောက်ရေကိုမူ ရေထမ်းရောင်းသူတို့ထံမှ ဝယ်ယူသောက်သုံးရ၏။

အလုပ်အကိုင်ရ အိမ်ထောင်ကျပြီးနောက် ရန်ကုန်မြို့လယ်ရှိ တိုက်ခန်းတစ်ခန်းတွင် ငှားရမ်းနေထိုင်ခဲ့၏။ ထိုတိုက်သည် လေးထပ်တိုက်မြင့်ကြီးတစ်ခုဖြစ်ပြီး ကျွန်တော်တို့မိသားစုနေထိုင်ရသော အခန်းမှာ အပေါ်ဆုံးအထပ်ရှိ အခန်းဖြစ်၏။ တိုက်ပိုင်ရှင်သည် မြေညီထပ်နှင့် ပထမထပ်တွင် နေထိုင်ပြီး ရေစက်မော်တာတစ်လုံးတည်းဖြင့် လေးထပ်စလုံးကို ရေတင်ပေးနေခြင်းဖြစ်ရာ အပေါ်ဆုံးထပ်ဖြစ်သော ကျွန်တော်တို့အခန်းသို့ ရေအရောက်နောက်ကျ၏။ ရေအရ နည်း၏။ သည်ကြားထဲတွင် ဝန်နှင့်အားမမျှဘဲ ဝန်ဆောင်နေရသဖြင့် ရေစက် မကြာခဏပျက်ပြီး ရေပြတ်သောပြဿနာနှင့် ကြုံတွေ့ရ၏။ အဆိုးဆုံး ပြဿနာကြီးကို ၁၉၇၆ ခုနှစ်၏ တိုက်ပိုင်ရှင်နှင့် ယင်းတိုက်၏ သုံးထပ်၌ ငှားရမ်းနေထိုင်လျက်ရှိသူ အိမ်ငှားတို့ တိုက်ခန်းခနှင့်ပတ်သက်၍ အချင်းများကြရာ တိုက်ပိုင်ရှင်က သုံးထပ်သို့ ရေတင်ပေးခြင်းကို ရပ်ဆိုင်းပစ်လိုက်၏။ တစ်နည်းအားဖြင့် သုံးထပ်မှအိမ်ငှားအား ရေဖြတ်လိုက်ခြင်းဖြစ်၏။ ထိုအခါ လေးထပ်(ဝါ) အပေါ်ဆုံးအလွှာ၌ နေထိုင်လျက်ရှိသော ကျွန်တော်တို့မိသားစုပါ ရေလုံးဝမရကြတော့။ သုံးထပ်မှ ရေတိုင်ကီပြည့်မှ လေးထပ်ဆီသို့ ရေဆက်၍တက်ရမည်ဖြစ်ရာ သုံးထပ်သို့ ရေလုံးဝ မတင်သောအခါ လေးထပ်ရေလှောင်တိုင်ကီဆီသို့ အဘယ်မှာလျှင် ရေရောက်နိုင်တော့မည်နည်း။ ရေလှည်းများမှ ရေဝယ်ယူ၍ သုံးစွဲရာတွင်လည်း အထပ်မြင့်ဆီသို့ သယ်ပို့ရသဖြင့် မတန်တဆ ဈေးပေးရ၏။ ကျွန်တော်အပါအဝင် မိသားစုတစ်ခုလုံး အလွန်ပင် စိတ်ဆင်းရဲကြရ၏။

ထိုအတောအတွင်း ကျွန်တော်သည် ဝေးလံသော ပြည်ပနိုင်ငံကြီး

www.burmeseclassic.com

တစ်ခုဆီသို့ ခြောက်လကြာမျှ ပညာတော်သင်အဖြစ် သွားရောက်ရမည့်အကြောင်းကိစ္စတစ်ရပ် ပေါ်လာ၏။ ကျွန်တော်ပြည်ပသို့ ပညာတော်သင်သွားနေခိုက် အိမ်၌ကျန်ရစ်ခဲ့သူ မိသားစုအဖို့ သောက်သုံးရေဒုက္ခကို မည်သို့ရင်ဆိုင် ဖြေရှင်းကြမည်နည်းဟူသော အတွေးတစ်ရပ်က ကျွန်တော့်ကို ခြောက်လှန့်လျက်ရှိ၏။ ကိုယ်ပိုင်ရေစက်မော်တာတစ်လုံး တပ်ဆင်ခွင့်ရရန် သက်ဆိုင်ရာဌာနသို့လျှောက်ထားခဲ့သော်လည်း အောက်ခြေ၌ ကြန့်ကြာနေပြီး အကြောင်းပြန်ကြားချက်မရသဖြင့် စိတ်မောနေခဲ့ရ၏။ ထိုရက်များအတွင်း ကျွန်တော်သည် ပြည်ပသို့ ထွက်ခွာရန် ပတ်စပို့ကိစ္စ၊ ဗီဇာကိစ္စများ ဆောင်ရွက်နေရင်း ကျွန်တော်နှင့်အတူ ပြည်ပသို့ထွက်ခွာမည့် အရာရှိ ဦးမောင်မောင်သိုက်၏ရုံးခန်းသို့ ရောက်ရှိသွားခဲ့၏။

သူ့ရုံးခန်းထဲသို့ ဝင်ဝင်ချင်း ကျွန်တော့်မျက်လုံးများက ကြွက်လှောက်တန်းပေါ်မှ အရာဝတ္ထုတစ်ခုဆီသို့ စူးစိုက်မိလျက်သား ဖြစ်သွားရ၏။ အနီးသို့ကပ်သွားပြီး ထိုအရာဝတ္ထုကို စိတ်ဝင်စားစွာ ကောက်ယူကြည့်ရှုလိုက်မိရာ ကြေးဖြင့်သွန်းလုပ်ထားသော ဉာဏ်တော်တစ်မိုက် (ပြာသာဒ်တော်ထိပ်ဖျားမှ ဖောင်းတော်အောက်ခြေ အဝိုင်းအထိ)ရှိ ရှေးဟောင်းရှင်ဥပဂုတ္တ ဆင်းတုတော်တစ်ဆူဖြစ်နေကြောင်း တွေ့ရှိရ၏။ ပုံတော်အနေအထားအရ အင်းဝခေတ်မှ လက်ရာဖြစ်မည်ဟု ခန့်မှန်းမိ၏။

"ပြီးခဲ့တဲ့လ ကျွန်တော် အင်းဝဘက်ကိုခရီးထွက်တော့ ထူးခြားလှတဲ့ ဆရာတော်ကြီးတစ်ပါးကို ဖူးတွေ့ခဲ့ရတယ်။ အဲဒီဆရာတော်ကြီးက ကျွန်တော်ကိုးကွယ်ဖို့ဆိုပြီး စွန့်လွှတ်လိုက်လို့ရခဲ့တာခင်ဗျာ။ မအားသေးလို့ အိမ်ကို မယူနိုင်သေးဘဲ ဒီတန်းပေါ်မှာ တင်ထားမိတာပါ"

ဦးမောင်မောင်သိုက်က ရှင်းပြခြင်းဖြစ်၏။ ရဟန္တာဆင်းတုတော်တစ်ဆူကို ယခုကဲ့သို့ ပေါ့ပေါ့တန်တန်ထားရကောင်းသလားဟူ၍ သူ့ကို စိတ်ထဲမှ အပြစ်တင်လိုက်မိ၏။ တစ်ဆက်တည်းမှာပင် ကျွန်တော့်စိတ်ထဲ၌ –

"အင်း . . . ဒီရှင်ဥပဂုတ္တဆင်းတုတော်ကို ငါ့အိမ်မှာထားပြီး ပူဇော်ခွင့်ရရင် သိပ်ကောင်းမှာပဲ"ဟူ၍ တွေးလိုက်မိ၏။

"ဘာလဲ . . . ခင်ဗျားလိုချင်လို့လား။ ပင့်သွားလေ ကျွန်တော် လှူလိုက်ပါ့မယ်"

ကျွန်တော့်စိတ်ဆန္ဒကို သိနေသလို ဦးမောင်မောင်သိုက်က အထက်ပါအတိုင်း ပြောကြားပြီး ပေးလှူလိုက်သဖြင့် ကျွန်တော်သည် ဝမ်းမြောက်ဝမ်းသာစွာဖြင့် အိမ်သို့ ပင့်ဆောင်လာခဲ့၏။ ထိုနေ့ နံနက်တုန်းက ရပ်ကွက်သမဝါယမဆိုင်မှ ကြွေဇလုံငယ်တစ်ခုကို မဲပေါက်ပြီး ဝယ်ယူရရှိထားရာ အခန့်သင့် ဖြစ်သွားခဲ့ရ၏။ ထိုကြွေဇလုံငယ်အသစ်ထဲ၌ ရေဖြည့်ပြီး ရှင်ဥပဂုတ္တဆင်းတုတော်ကို ထည့်သွင်းပူဇော်ထားလိုက်၏။ ချက်ချင်းပင် ဆီမီး၊ ရေချမ်း၊ အမွှေးနံ့သာတို့ဖြင့် ပူဇော်ကန်တော့ပြီး–

"ဤဆင်းတုတော်ကို သွန်းခဲ့လှူခဲ့သော အလှူရှင် ကုသိုလ်ရှင်ခေတ်အဆက်ဆက် ပူဇော်လှူဒါန်းခဲ့ကြသော လှူဒါန်းပူဇော်လျက် ရှိကြသော အလှူ့ရှင်များနှင့် သာသနာစောင့်နတ်များအား အမျှ အမျှ အမျှ ပေးဝေပါ၏" ဟူ၍လည်း မေတ္တာပို့ အမျှဝေ၏။

ရှင်ဥပဂုတ္တသည် အဏ္ဏဝါ သမုဒ္ဒရာထဲ၌ ဖောင်တော်စီးရင်း သီတင်းသုံးသည်။ တရားအားထုတ်တော်မူသည်။ တစ်နည်းအားဖြင့် ရေနှင့်ပတ်သက်သော ရဟန္တာတစ်ဆူဖြစ်သည့် ဤဆင်းတုတော် ငါ့အိမ်သို့ ရောက်ရှိလာခြင်းသည် ငါတို့မိသားစုကို ရေဒုက္ခမှ ကယ်တင်ပေးရန်ဖြစ်မည်ဟူသော မျှော်လင့်ယုံကြည်ချက်နှင့်အတူ –

"တပည့်တော်တို့သားအမိ ရင်ဆိုင်တွေ့ကြုံနေရသော ရေပြတ်လပ်မှုဘေးဒုက္ခမှ အမြန်ဆုံးလွတ်မြောက်ရန် ကယ်တင်စောင်မ စောင့်ရှောက်တော်မူပါဘုရား"ဟူ၍လည်း ဆုတောင်းလိုက်မိ၏။

တိုက်တိုက်ဆိုင်ဆိုင်ပင် ထိုနေ့ညနေပိုင်း၌ ကျွန်တော်၏ နေအိမ်သို့ ဧည့်သည်တစ်ဦး ရောက်ရှိလာ၏။



www.burmeseclassic.com

www.burmeseclassic.com

"ကျွန်တော်က ညွှန်ကြားရေးမှူးချုပ် ဒေါက်တာခင်မောင်ညွှန့်ရဲ့ မိတ်ဆွေပါ။ ဦးကျော်ဝင်းလာမယ့်လ ၁၄ ရက်နေ့မှာ ဟာဝိုင်ယီပြည်နယ်၊ ဟိုနိုလူလူမြို့ကို ပညာတော်သင်သွားမယ့်အကြောင်း ဒေါက်တာခင်မောင် ညွှန့်က ပြောပြပြီး သူလွှတ်လိုက်လို့ ဒီအိမ်ကို ကျွန်တော် ရောက်လာခဲ့ရတာပါ . . .။ အကြောင်းကိစ္စကတော့ ဟိုနိုလူလူမြို့မှာ ကျွန်တော့်ရဲ့ အစ်ကိုကြီးတပ်ဂ်ယောက် ရှိတယ်။ သူအရေးတကြီးလိုအပ်နေတဲ့ မြန်မာတိုင်းရင်းဆေးတစ်မျိုးကိုလူကြုံပါးလိုက်ချင်လို့ ကျွန်တော်လာခဲ့တာပါ။ စာတိုက်ကပို့ရင် သိပ်ပြီးကြာနေမှာစိုးလို့ အပန်းမကြီးဘူးဆိုရင်တော့ ယူသွားပေးစေလိုပါတယ်"

ထိုဧည့်သည်က သူ့ကိုယ်သူ မိတ်ဆက်ပြောကြားရာ သူသည် ထိုခေတ်ထိုအခါတုန်းက ရေသွယ်ယူခွင့်၊ ရေစက်တပ်ခွင့် ပါမစ်ချပေးနိုင်သော ဌာနကြီးမှ အရာရှိ တစ်ဦးဖြစ်နေကြောင်းသိရ၏။ သူလူကြုံပါးလိုက်သောပစ္စည်းမှာ ဝန်မကျယ်ရုံသာမက ဥပဒေနှင့် မလွတ်ကင်းသည့် ပစ္စည်းမျိုးလည်း မဟုတ်သောကြောင့် ပြောဆိုလက်ခံလိုက်၏။ သူက သူ့ထံမှ "ဘာအကူအညီ လိုပါသလဲ"ဟုမေးရာ ကျွန်တော်က မိမိတိုက်ခန်းအတွက် ရေသွယ်ခွင့်နှင့် ရေစက်ပါမစ်လျှောက်ထားကြောင်း ပြောပြ၏။ ထိုဧည့်သည်က မနက်ဖြန်ရုံးချိန်အတွင်း သူ့ရုံးခန်းအတွင်းလာခဲ့ပါဟုမှာကြားပြီး ပြန်သွားခဲ့လေသည်။

နောက်တစ်နေ့ နံနက် ၉ နာရီ ၃၀ မိနစ်တွင် ကျွန်တော်၏ ဆန္ဒများ လုံးဝပြည့်သွားခဲ့ရ၏။ ထိုအရာရှိချုပ်က သူ့ရုံးအောက်ခြေဌာနခွဲမှ တာဝန်ရှိသူအား ဆင့်ခေါ်ပြီး ကျွန်တော်တင်ထားခဲ့သည့် လျှောက်လွှာကို တောင်းယူကြည့်ရှုစစ်ဆေးသည်။

"သူ့လျှောက်လွှာမှာ လိုအပ်တဲ့ စာရွက်စာတမ်း၊ အထောက်အထားတွေ၊ ထောက်ခံစာတွေအားလုံး ပါရှိပါတယ်။ အခုချက်ချင်း ပါမစ်ထုတ်ပေးလိုက်ပါ"ဟု အမိန့်ချမှတ်ပေးလိုက်၏။ သို့နှင့် ကျွန်တော်သည် ရေသွယ်ယူခွင့်နှင့် ရေစက်မော်တာတပ်ဆင်ခွင့်ပါမစ် ရရှိခဲ့ပြီး ပြည်ပသို့ ခရီးမထွက်မီ တိုက်ခန်းအတွက် လိုအပ်သည်များကို အချိန်မီ ဆောင်ရွက်နိုင်ခဲ့၏။

မိသားစုအတွက် နောက်ဆံမတင်းရတော့ဘဲ တိုင်းတစ်ပါးသို့ ရက်ရှည်လများ သွားရောက်နိုင်ခဲ့ရ၏။

ဤရှင်ဥပဂုတ္တ ဆင်းတုတော်အိမ်သို့ ရောက်ရှိလာသည့် ၁၉၇၆ ခုနှစ်၊ ဒီဇင်ဘာလ ၂၃ ရက်နေ့မှစ၍ ကျွန်တော်သည် ဘယ်အရပ်သို့ ရောက်ရောက် ရေအခက်အခဲပြဿနာနှင့် လုံးဝ ကင်းဝေးသွားခဲ့ရတော့သည်မှာ ယနေ့ထက်တိုင်အောင်ပင်ဖြစ်၏။ ၂၀၀၈ ခုနှစ် နာဂစ်မုန်တိုင်းတိုက်ခတ်သည့် မေလ ၃ ရက်နေ့တုန်းက တာမွေမြို့နယ်၊ နတ်ချောင်းရပ်ကွက်ရှိ ဆယ်ထပ်တိုက် ခုနစ်လွှာပေါ်တွင် မိသားစုနှင့်အတူ နေထိုင်လျက်ရှိသော ကျွန်တော်သည် ရေဒုက္ခအတွက် အလွန်ပင် ပူပင်လျက်ရှိခဲ့ရ၏။ လျှပ်စစ်မီး ပြတ်တောက်သွားပြီး အောက်ခြေရေလှောင်ကန်ထဲ၌ ရေမရှိတော့ကြောင်း သိရသောအခါ ခေါင်းမီးတောက်သွားခဲ့ရ၏။ သို့ရာတွင် ဘုရားကျောင်းဆောင်၌ ပူဇော်ထားသော ရှင်ဥပဂုတ္တ ဆင်းတုတော်မြတ်အား ဘုရားဝတ်ပြုသည့်အခါတိုင်း ဆွမ်း၊ ဆီမီး၊ ရေကြည်တော်မပြတ် ကပ်လှူပူဇော်ခြင်း၊ မေတ္တာပို့ အမျှဝေခြင်း၊ နေအိမ်၌ ရေမပြတ်လပ်စေရန် ယုံယုံကြည်ကြည်နှင့် ဆုတောင်းခြင်းများကို ပုံမှန်အတိုင်း ပြုလုပ်ခဲ့၏။ မုန်တိုင်းမကျမီက မိမိတိုက်ခန်းတွင် သိုလှောင်ထားသော သောက်ရေသုံးရေများ မပြတ်လပ်မီ အချိန်တိုကာလအတွင်းမှာပင် ရေနှင့် လျှပ်စစ်မီးတို့ကို ပုံမှန်ပြန်လည်ရရှိခဲ့သဖြင့် ဆုတောင်းပြည့်ခဲ့သည်ဟု ဆိုရပါမည်။ (ဆောင်းပါးနှင့်အတူ ပူးတွဲဖော်ပြထားသော ရှင်ဥပဂုတ္တပုံတော်ကို ဖြတ်ယူ၍ ပလတ်စတစ်လောင်းပြီး မိမိတို့အိမ်တွင် ကိုးကွယ်ဂ လျှင် ယုံယုံကြည်ကြည်နှင့် ဆုတောင်းလျှင် သောက်သုံးရေပြတ်လပ်မှုဒုက္ခမှ ကင်းဝေးနိုင်လိမ့်မည်ဟု စေတနာမွန်ဖြင့် အကြံပြုလိုက်ရပါကြောင်း . . .)။

**မနုဿကျော်ဝင်း(ဒဿမျိုးသားစာပေဆုရ)**

www.burmeseclassic.com

# အံ့ဖွယ်ထူးဆန်း ဆေးစွမ်းကောင်းများ

(၁၀)

မျိုးသန်းထွန်းကို(ရေစကြို)

သူကြီးများလည်း ရပ်ရေး၊ ရွာရေး လုပ်ငန်းများ အားလပ်ကြ၍ သမားတော်ကြီး ဦးစံမတူထံတွင် ချိန်းဆိုထားသလို မြင်းကိုယ်စီဖြင့် ရောက်ရှိ စုရုံးမိကြပါတော့၏။

"သူကြီးမင်းများ ထိုင်ကြပါ။ အကြမ်းရည်နဲ့ လက်ဖက်သုပ်လည်း သုံးဆောင်ကြပါဦး"

"စံမတူ . . . တကုပ်ကုပ်နဲ့ ဘာတွေအလုပ်ရှုပ်နေလဲ"

"သွေးသောက်ကြီးရယ် . . . သမားတော်ဆိုတော့ ဆေးဖော်ရတာပေါ့"

"တို့သူကြီးတွေကိုလည်း ပြောပြပါဦး။ ဆေးစွမ်းကောင်းများရှိရှိလည်း မှိုဝဲချင်လို့ပါ . . . ဟဲဟဲ"

"ဘာရောဂါလဲ၊ တဏှာရောဂါလား"

"ဝါး . . ဟား . . ဟား"

"စကားကောင်းကောင်းပြောပါ စံမတူရ။ အသက်ရှည်ရာ၊ အနာမဲ့ကြောင်း ဆေးစွမ်းကောင်းတွေကို ပြောတာပါ။ တို့လည်း အသက်ကြီးပါပြီကွာ"

"အသက်ကြီးရင်လည်း ဘာသာရေးလိုက်စားသင့်ပြီ၊ ကိလေသာတွေ လျှော့ဦး"

"တစ်နေ့နှစ်ကြိမ် ဘုရားရှိခိုးတယ်လေ"

"ဘုရားရှိခိုးရုံတင် မပြီးသေးဘူး၊ သေရင်ပါအောင် လှူရတန်းရမယ်၊ ဒါန၊ သီလ၊ ဘာဝနာ ပွားများရမယ်"

"ဒါတွေထားပါတော့၊ ဆေးဝါးအကြောင်း ဆွေးနွေးရအောင်ပါ"

ဦးစံမတူမှ –

"အခုဖော်စပ်နေတာက အနာမျိုး ၉၆ ပါးရောဂါအားလုံးပျောက်တဲ့ ဆေးတစ်မျိုး ဖော်စပ်နေတာ"

"ဘာတွေနဲ့ ဖော်စပ်နေတာလဲ၊ ထူးဆန်းတဲ့ ဆေးဝါးတစ်လက်ပါလား၊ ကမ္ဘာကျော်သွားနိုင်တယ်နော် သမားတော်ကြီး"

"ကမ္ဘာမကျော်ရင်လည်း နေပါစေ၊ လက်လှမ်းမီသလောက်ပဲ ကုသခွင့်ပြုပါ၊ နာမည်ကြီးရင်လည်း မလိုလားအပ်တဲ့ပြဿနာတွေ ရှိတယ်လေ"

"ဆေးဝါးတွေကို ဘာတွေနဲ့ ဖော်စပ်တာလဲ မိန့်ပါဦး"

"တောက်တဲ့အန်ဖတ်နဲ့ ပျားရည် ရောစပ်ထားတာပါ။ တောက်တဲ့က သုံးရက်တစ်ကြိမ် အန်ဖတ်အန်တယ်၊ တောက်တဲ့က အပူကောင်လေ၊ အပူကောင်ရဲ့အန်ဖတ်က ရောဂါတွေကို အပူနဲ့ သတ်တဲ့သဘောပဲ၊ အန်ဖတ်တစ်ခုတည်းနဲ့ စားရင်လည်း ဘေးအန္တရာယ်ဖြစ်နိုင်တယ်၊ ဒါကြောင့် ပျားရည်နဲ့ တေပြီးစားရတာပဲ၊

ဒီလိုတေပြီးစားရင်လည်း ချက်ချင်းစားလို့မရသေးဘူး၊ နေပူမှာ သုံးလ လှန်းရတယ်၊ ပြီးရင် လရောင်မှာ သုံးလလှန်းရတယ်၊ တောက်တဲ့ရဲ့ တေဇောဓာတ်က အရမ်းပူတယ်၊ တေဇောဓာတ်ကုန်အောင် နေလှန်းရတာပေါ့၊ အပူအပူချင်းတွေ့တော့ အေးမြတဲ့အရသာ ဖြစ်စေတယ်"

"ဘာရောဂါတွေ ပျောက်လဲ"

"ရောဂါအားလုံး ပျောက်တယ်၊ အင်္ဂလိပ်ဆရာဝန်တွေ လက်လျှော့တဲ့ ရောဂါအားလုံးပျောက်တယ်၊ အန်ဖတ်တစ်ခုစာဆိုရင် လူနာတစ်ဦးပဲ"

(ယခုခေတ်တွင်လည်း အဆိုပါ အန်ဖတ်ဖြင့် AIDS ရောဂါကုသ



www.burmeseclassic.com

www.burmeseclassic.com

နေကြပါ၏။ တောက်တဲ့ဈေးလည်း အလွန်ကောင်းသွားဖူးပါ၏။)

"တောက်တဲ့သဘာဝက အသိဉာဏ်က လူတွေနဲ့ နီးစပ်တယ်။ သူ့ကိုဖမ်းမယ်လို့ လူတွေကပြောလိုက်ရင် တောက်တဲ့တွေက တခြားကို ထွက်သွားကြတယ်။ ပြီးတော့ လာဘ်ကောင်တစ်မျိုးလည်း ဖြစ်တယ်။ ခြံလှောင်တာတို့ လုပ်လို့မရဘူး။

သူ့သဘာဝအလျောက် ရှိတဲ့ နေဍာတေါကို ရှာဖွေပြီး အန်ဖတ်ကို ယူရတယ်။ သစ်ခေါင်းတွေ၊ ထန်းလျက်ထားတဲ့ မြေနီတိုက်တွေ၊ ပူလောင်တဲ့ နေရာတွေမှာ နေကြတာများတယ်"

"သမားတော်ကြီး၊ အန်ဖတ်က ဘယ်လိုစွမ်းတာလဲ ရှင်းလင်းပါဦး"

"သဘောကတော့ တောက်တဲ့တွေရဲ့သွားထဲက မလိုတဲ့ အပူအပုပ်တွေကို အန်ထုတ်တာပါပဲ။ အန်ထုတ်တဲ့ အန်ဖတ်ရဲ့ ဓာတ်သဘာဝတွေက ရောဂါပိုးတော်တော်များများကို သေစေတာပါပဲ။ တေဇောဓာတ်များတာကို ငြိမ်းအောင်လုပ်ပေးပြီးမှ ဆေးဝါးအဖြစ်နဲ့ အသုံးပြုရတာလေ။ ဒီဆေးကို များများဖော်နေတယ်။ ရောဂါကျွမ်းတဲ့လူနာတွေရယ်၊ ဆေးရုံ ဆေးခန်းက လက်လျှော့လိုက်တဲ့ လူနာတွေကို ကုမယ်ဗျာ"

"တောက်တဲ့က သက်တမ်းရှည်တဲ့ သတ္တဝါလား"

"လူ့သက်တမ်းထက် ပိုရှည်တယ်လို့ ပြောကြတယ်။ အတိအကျတော့ မလေ့လာရသေးဘူး။ သေချာတာက တောက်တဲ့အန်ဖတ်က လူတွေရဲ့ ခန္ဓာကိုယ်ထဲက ရောဂါပိုးကုသရာမှာ အစွမ်းထက်ဆုံး ဆေးဝါးလို့ ဆေးကျမ်းမှာလည်း တွေ့ရတယ်။ ဆရာတော်လည်းမိန့်ဖူးတယ်"

"စံမတူ . . . မင်းတစ်ခါကုဖူးတဲ့ သွေးတိုးရောဂါပျောက်တဲ့ အရွက်ရဲ့အမည် ပြောပါဦး"

"ကျွန်တော် ရွာထိပ်က ပရဆေးဥယျာဉ်မှာလည်း စိုက်ပျိုးထားတယ်။ ပျားမီးစွဲရွက်လို့ ခေါ်တယ်။ တစ်လလောက် စွဲပြီးသောက်ပါ။ ပျောက်ပါတယ်"

(ပျားမီးစွဲအရွက်ဆိုရင် လူတိုင်းသိပါ၏။ ပြင်ဦးလွင်တွင် ပေါများပါ၏။)

"သမားတော်ကြီး၊ ပုလင်းထဲမှာ ကင်းမြီးကောက်တွေ စိမ်ထားပါလား"

"အဲဒါ . . . ဆရာခဲဆေးတစ်မျိုးလေ"

ဦးထွန်းလှ မျက်လုံးပြူးလာပါ၏။ လူတိုင်းစိတ်ဝင်စားကြမည် ထင်ပါ၏။

"တကယ်တော့ . . လူတွေက အသက်ကြီးလာရင် ရိုးတွင်းခြင်ဆီတွေ ခန်းလာတယ်။ အဲဒီတော့ အားဆေးကို မှီဝဲလိုကြတယ်။ အမျိုးသမီးတွေလည်း သောက်သုံးသင့်တယ်။ အမျိုးသမီးတွေက အသက် ၄၀ ကျော်လို့ သွေးဆုံးတာကို သဘာဝလို့ ထင်ကြတယ်၊ အမှန်က သွေးမဆုံးသင့်ဘူး။ သွေးမဆုံးတော့ အသက်ရှည်တယ်၊ နုပျိုလန်းဆန်းကြတယ်။ ပြီးတော့ ယောကျ်ားတွေကို ထိန်းသိမ်းနိုင်ကြတယ်။

ဒီပုလင်းက ဆန်နဲ့ချက်တဲ့ အရက်ထဲကို ကင်းမြီးကောက်အသေကို စိမ်ထားတာပဲ။ ယောကျ်ား၊ မိန်းမ တစ်နေ့ကို လက်ဖက်ရည်ဇွန်း နှစ်ဇွန်းကျ သောက်သင့်တဲ့ဆေးပဲ။ အရက်ဆိုတာကလည်း ဆေးဝါးအဖြစ်တော့ သုံးလို့ရပါတယ်"

"သမားတော်ကြီး၊ ကျွန်တော်တို့သူကြီးတွေလည်း ပေးပါဦး"

"သက်တမ်းက တစ်နှစ်ပဲ ရှိသေးတော့ အာနိသင်နည်းသေးတယ်။ အမှန်က သုံးနှစ်အထိ ဆေးစိမ်ပြီးသောက်မှ ပိုကောင်းပါတယ်"

"ကျန်တဲ့ပုလင်းတွေက ဘာတွေစိမ်ထားတာလဲ"

"ဒီပုလင်းက တောရှောက်မြစ်စိမ်ထားတာပါ။ ဒူးနာ၊ ခါးနာ၊ အရိုးအဆစ် နာကျင်ကိုက်ခဲရင် လိမ်းရတာပါ။

ဒီပုလင်းက ဆင်တုံးမနွယ်ရယ်၊ ကြက်သွန်ဖြူရယ်၊ ပျားရည်ရယ်၊ အရက်ရယ်ပေါ့။ အားဆေးတစ်မျိုးပါပဲ။ လူတွေရဲ့ ရောဂါ၊ အသက်အရွယ်အမျိုးမျိုးပေါ် မူတည်ပြီး တိုက်ကျွေးရတာပေါ့ဗျာ"

"သမားတော်ကြီး၊ ကျွန်တော့်မှာ ရင်ကျပ်ရောဂါရှိတယ်။ ဆေးဝါးလုပ်ပါဦး"

"ရင်ကျပ်ရောဂါအတွက် ဆေးနည်းတော့ ပေးလိုက်မယ်။ သတ္တဝါတွေနဲ့ ဖော်စပ်ရမှာမို့ ကျွန်တော် မဖော်ဖြစ်တာပါ။ ခွေးသားစားရမယ်၊ ခွေးက ခွေးနက်ဖြစ်ရမယ်။



www.burmeseclassic.com

www.burmeseclassic.com

နောက်တစ်ခုက ခိုသားစားရမယ်။ ခိုဖြူဆိုရင် ပိုကောင်းတယ်။ ခွေးတို့၊ ခိုတို့ဆိုတာက အပူကောင်ဖြစ်တယ်။ ရင်ကျပ်ရောဂါ အမြန်ပျောက်တယ်။ အအေးပိုင်းဒေသက လူတွေဆိုရင် ခွေးသားအရမ်းစားကြတယ်။ ရင်ကျပ်တာက အအေးရောဂါ၊ ဒါကို အပူနဲ့ ကုရမယ်"

"သမားတော်ကြီး ကျွန်တော်က မျက်စိမှုန်တယ်။ ဆေးဝါးလေး မိန့်ပါဦး"

"မျက်စိမှုန်တယ်ဆိုတာက အပူကြောင့်လည်း ပါတယ်။ ညအိပ်ရာဝင်ရင် မျက်လုံးနှစ်ဖက်ပေါ်မှာ ကွမ်းရွက်ဖုံးပြီးအိပ်ပါ။ ကွမ်းရွက်က မျက်စိထဲက အပူတွေကို စုပ်ယူလိမ့်မယ်။ ၁၅ ရက်၊ နှစ်ပတ်လောက်မှာ မျက်မှန်မတပ်ဘဲ စာဖတ်ရလိမ့်မယ်။

မျက်စိနာရင်လည်း ကွမ်းရွက်အုံပါ။ ချက်ချင်းပျောက်ပါလိမ့်မယ်"

"တကယ်တော့ လူတွေမှာရှိတဲ့ ရောဂါတွေမှာ ဆေးဆိုတာ ရှိပြီးသားပါ။ သဘာဝတရားကြီးက အနာရှိရင် ဆေးရှိရမယ်ဆိုတာ ညွှန်ပြထားပြီးသားပါ။ လူတွေက မသိကြလို့ မကုတတ်လို့ ဖြစ်နေတာပါ။ သဘာဝတရားကြီးက ရောဂါရော၊ ဆေးဝါးရော ယှဉ်တွဲပြီး မွေးထုတ်ပေးလိုက်တာပါ"

"သမားတော်ကြီး . . . ဆီးနဲ့ ပတ်သက်တဲ့ ဆီးအောင့်တာတို့၊ ဆီးအကြိတ်တည်တာတို့ ရောဂါကို ဘယ်လိုကုပါသလဲ"

"လွယ်လွယ်လေးပါ။ သံမနိုင် ကျောက်မနိုင်အရွက်ရယ်၊ ထိကရုန်းအရွက်ရယ်ကို ရေနဲ့ သုံးခွက်တစ်ခွက်တင် ကျိုသောက်၊ ရေသောက်သလို သောက်ပေါ့။ နှစ်ရက်အတွင်း ဆီးသွားရင် ဆီးကြိတ်တွေကြေပြီး ပါလာလိမ့်မယ်"

"သမားတော်ကြီး စောစောပိုင်းက မိန့်ကြားတဲ့ တောက်တဲ့ရဲ့ ဆေးဝါးအစွမ်းထက်မှုကို ထပ်ပြီး ပြောပေးပါဦး"

"သတ္တဝါတွေအားလုံးထဲမှာ တောက်တဲ့အန်ဖတ်က ဆေးစွမ်းအထက်ဆုံးပဲ။ အန်ဖတ်တစ်ခုစာ ဆေးတစ်ဖုံကို တစ်ပတ်စာသောက်ရမယ်။

လူတစ်ယောက်ဟာ ဘယ်လောက်ပဲ ရောဂါကြီးကြီး ဆေးတစ်ဖုံသောက်ရင် လုံးဝပျောက်တယ်။ ကျွန်တော်ဖော်စပ်တဲ့ ဆေးထဲမှာ အစွမ်းထက်ဆုံးဆေးပဲ။ ပြီးရင် မြို့ကြီးတွေက ဆေးရုံတွေကို သွားမယ်။ ဆရာဝန်လက်လျှော့တဲ့ ရောဂါသည်တွေကို အခမဲ့စမ်းသပ် ကုသမယ်"

"အောင်မြင်မှုရလာရင်လည်း ကျွန်တော်တို့ သူကြီးတွေကို ပြောပါဦး"

"သူကြီးတွေက ရောဂါတွေရှိရင်လည်း ခေါ်ခဲ့ပေါ့။ တောက်တဲ့တွေရဲ့ သဘာဝကို လေ့လာကြည့်တယ်။ ရောဂါကင်းတယ်၊ အသက်ရှည်တယ်။ အဲဒီတော့ သူ့ရဲ့ခန္ဓာကိုယ်ထဲမှာ ရောဂါပိုးတွေသေစေတဲ့ ဂုဏ်သတ္တိစွမ်းတွေ ရှိနေပြီဆိုတာ ယူဆရတာပေါ့"

"တောက်တဲ့အန်ဖတ်ကို ဘယ်လိုယူရလဲ"

"တောက်တဲ့ဟာ ညသန်းခေါင်ကျော်ချိန်မှာ အန်တယ်။ အန်ပြီးရင် အစာရှာထွက်တယ်။ အဲဒီအချိန်မှာ အန်ဖတ်ကို ရှာပြီးယူရတယ်။ အချိန်ကြာရင် အန်ဖတ်ဟာ အကြောင်းအမျိုးမျိုးကြောင့် ပျက်စီးသွားတတ်တယ်။ နေ့ခင်းဘက်မှာ သူတို့ ဘယ်မှာနေတယ်ဆိုတာ လေ့လာထားရတာပေါ့။

တစ်ခုတော့ရှိတယ်။ တောက်တဲ့ကိုက်ရင်တော့ ဆေးမရှိဘူးနော်။ အဲဒီဆေးနည်းတော့ ကျွန်တော့်မှာ မရှိသေးဘူး။ တောက်တဲ့က သူ့ကို အန္တရာယ်မပြုဘူးဆိုရင်တော့ ဘာမှမလုပ်ပါဘူး။ သတ္တဝါက သိပါတယ်။ ရန်သူလား၊ မိတ်ဆွေလားဆိုတာကို"

"သမားတော်ကြီး အန်ဖတ်တွေ တော်တော်စုဆောင်းပြီးပြီလား"

"လူနာ ၁၀၀ ဦးလောက် ကုသလို့ရပါပြီ"

ဦးထွန်းလှမှ –

စကားပြောလို့လည်း ကောင်းတယ်။ တို့လည်း အလုပ်ရှိလို့ ပြန်လိုက်ဦးမယ်ကွာ။ နောက်ထပ် ဆေးစွမ်းကောင်းများရှိရင်လည်း တို့ကို ပြောပါဦး"

"စိတ်ချပါ သွေးသောက်ကြီး။ အချိန်အားလပ်ရင် ကြွမြန်းခဲ့ပါဦး"

သူကြီးများလည်း မြင်းကိုယ်စီဖြင့် လိုရာသို့ ချီတက်ကြပါတော့၏။

မျိုးသန့်ထွန်းကို(ရေစကြို)



www.burmeseclassic.com

www.burmeseclassic.com

# အချစ်ကြီးချစ်ကြရစို့ တာတပ်ပန်းချီ

**ချစ်ဖွယ်(တောင်ငူ)**

သစ်ပင်မှန်လျှင် အမြစ်နှင့် မကောင်းနိုင်သကဲ့သို့ "လူမှန်လျှင် အချစ်နှင့် မကောင်းနိုင်" ဆိုသောစကားကို ကျွန်တော်တို့ ကြိမ်ဖန်များစွာ ကြားဖူးခဲ့ပေသည်။ သို့ဖြစ်လင့်ကစား ငယ်ရွယ်စဉ်က အချစ်နှင့်ပတ်သက်၍ ခံစားဖြစ်ပျက်ခဲ့ရသော အဖြစ်အပျက်အချို့ကို ယခုအချိန် ပြန်တွေးသည့်အခါ ရယ်ချင်ပက်ကျိ ပြုံးယောင်သန်းမိသွားရသည့် အခါများလည်း ရှိတတ်လေသည်။

ယခုအခါ ရယ်ချင်စရာဟု ဆိုနိုင်သည့်တိုင် ထိုစဉ်ကတော့ ချစ်သူစွန့်ခွာသွားလို့ "ကျွန်တော့်အသည်းကြီး ဟက်တက်ကွဲပါပြီ"ဟု မျက်ရည်လည်ရွဲ ခံစားခဲ့ကြရသည်။ အချို့ဆိုလျှင် အရက်သမားကြီးလုံးလုံးဖြစ်ကာ ဘဝတစ်ခုလုံး ဆုံးရှုံးသွားရသည်များပင် ကျွန်တော် တွေ့ဖူးပေသည်။

ထိုထက်ပို၍ ဆိုးသည်မှာ အိမ်ထောင်သည်ဘဝ ရောက်ကြပြီးခါမှ အကြောင်းအမျိုးမျိုးနှင့် တစ်ဦးကိုတစ်ဦး စွန့်ခွာကြရသော အဖြစ်အပျက်မျိုးပေတည်။ ကျွန်တော်တွေ့ဖူးသလောက် ပြောရလျှင် ယောက်ျားဖြစ်သူက မိမိဇနီး



ဘုရားပလ္လင် ခုတင်တံကဲကြေးကွေး၏ အလယ်ဗဟို တုရင်အောက်ခြေ ဗဟိုချက်ရှိ ကိန္နရာပုံ

www.burmeseclassic.com



မန္တလေးမြို့ ရွှေအစ်ပင်ကျောင်းမှ သစ်ပန်းကိန္နရာပုံ

မယားအပေါ် သစ္စာပျက်ယွင်းသည်များရှိသလို၊ ဇနီးမယားက မိမိလင်သားအပေါ် သစ္စာဖောက်ဖျက်သည်များလည်း အမြောက်အမြား ရှိပေ၏။

အဆိုပါကိစ္စမျိုးနှင့် ပတ်သက်၍ တစ်ခါသော် ဦးအောင်ချမ်းသာကို ကျွန်တော် မေးမြန်းခဲ့ဖူးပေသည်။

"အတိတ်၊ နိမိတ်၊ တဘောင်၊ စနည်း။ ဘဝေါ အစရှိတဲ့ လောကီရေးရာကိစ္စတွေမှာ ဦးဟာ အင်မတန် ကျွမ်းကျင်နှံ့စပ်လှတာမို့ ကြုံကြိုက်တုန်း ကျွန်တော် သတိရတာလေး တစ်ခု မေးပါရစေခင်ဗျား"

ရှေ့တွင်ရှိသော အနီရောင် ယွန်းကွမ်းအစ်ကြီးကို အဖုံးပြန်ပိတ်လိုက်ရင်း ဦးအောင်ချမ်းသာသည် ထုံးစံအတိုင်း သူ၏ ထူထဲနက်မှောင်သော နှုတ်ခမ်းမွေးရှည်ကြီးများ အပေါ်သို့ တွန့်ကွေးသွားအောင် ပြုံးလိုက်ပါသည်။ ကျွန်တော်အကြိမ်ကြိမ်ရေးပြဖူးသည့်အတိုင်း ဦးအောင်ချမ်းသာ ထိုသို့ပြုံးလိုက်လျှင် မျက်လုံးများတောက်ပလျက် ကြည်နူးကျေနပ်မှုကို အထင်အရှားဖော်ပြနိုင်ပြီး သူ၏မျက်နှာသည် လွန်စွာခံ့ညား၍ ကျက်သရေရှိသွားတတ်ပေသည်။

"မေးပါ မောင်ရင်"

"ဒီလိုပါ ခင်ဗျား။ အိမ်ထောင်မှု ဘုရားတည်၊ ဆေးမင်ရည် စုတ်ထိုး ဆိုတဲ့ စကားရဲ့ အရေးကြီးပုံကို မြန်မာလူမျိုးတိုင်း နားလည်ကြပါတယ်။ ဒီနေရာမှာ အိမ်ထောင်မှုဆိုတဲ့ ကိစ္စကို ကျွန်တော်က ပြောချင်တာပါ။ အိမ်ထောင်မှုကိစ္စဟာ လူသားအားလုံး နီးပါးနဲ့ မကင်းနိုင်တဲ့ကိစ္စပါ။ တစ်ဦးနဲ့တစ်ဦး ထိမ်းမြားလက်ထပ်ပြီးကြလို့ အိမ်ထောင်ရယ်လို့ ဖြစ်လာတဲ့ အချိန်မှာပဲဖြစ်ဖြစ်၊ သမီးရည်းစားဘဝမှာပဲဖြစ်ဖြစ် တစ်ယောက်အပေါ်တစ်ယောက် နားလည်မှုရှိဖို့ သစ္စာရှိရှိနဲ့ မြတ်မြတ်နိုးနိုး ချစ်ခင်ကြဖို့ လိုချင်တယ်ထင်ပါတယ်"

"မှန်ပါတယ် မောင်ရင်"ဟု ကျွန်တော့်စကားကို ဦးအောင်ချမ်းသာက ထောက်ခံချက်ပေးပါသည်။ ကျွန်တော်က ဆက်၍ -

"အကြောင်းအမျိုးမျိုးနဲ့ ပျက်စီးကွဲကွာသွားကြရတဲ့ အိမ်ထောင်ရေးတွေ၊ ချစ်သူရည်းစားတွေကို တွေ့ရတိုင်း ကျွန်တော် အလွန်ပဲ စိတ်မချမ်းမသာ ဖြစ်ရပါတယ်။ တချို့ ဘဝပျက်သွားတာတို့၊ အရက်သမားဘဝရောက်သွားရတာတို့၊ တချို့ဆို မိမိကိုယ်မိမိ အဆုံးစီရင်သွားတာတို့အထိ ဖြစ်ရတာတွေလည်း အများကြီးပါပဲ။ ဒီတော့ ဦးရယ်၊ ကျွန်တော်သိလိုတာက အဲဒီလိုကိစ္စမျိုးတွေအတွက် ကြိုတင်ကာကွယ်နိုင်တဲ့ လောကီနည်းလမ်းတွေ ရှိမရှိဆိုတာကိုပါ"

ကျွန်တော့်စကားအဆုံးမှာ ဦးအောင်ချမ်းသာ၏ ကျက်သရေရှိလှသော အပြုံးကို မြင်ရပြန်ပါသည်။ ယခုတစ်ခါ ဦးအောင်ချမ်းသာက အသံထွက်၍ပင် ပြုံးပါသည်။

"ဟဲ…ဟဲ၊ မောင်ရင့်မေးခွန်းကို သဘောကျသကွယ်။ ဒါပေါ့လေ၊ လူငယ်တစ်ယောက်အနေနဲ့ ဒီမေးခွန်းဟာ အမေးသင့်ဆုံး မေးခွန်းပဲကွယ့်"

ထို့နောက် ဦးအောင်ချမ်းသာက သူ၏ အောင်မြင်ခံ့ညားသောအသံဖြင့် ဆက်၍ ပြောလာသည်။

www.burmeseclassic.com

"ဟောဒီ ကမ္ဘာလောကကြီးအတွက် မေးခွန်းတွေ၊ အဖြေတွေ၊ အခက်အခဲတွေ၊ အဲဒီအခက်အခဲတွေမှန်သမျှ ဖြေရှင်းနိုင်တဲ့နည်းတွေကို ဘုရားရှင်က ဖန်ဆင်းပေးပြီးသားပါ မောင်ရင်။

ဒါတွေကို ဦးတို့တွေက တွေ့အောင်ရှာ၊ မြင်အောင်ကြည့်နိုင်ဖို့သာ လိုတာပါ။ ဒါကို မောင်ရင် သေသေချာချာ နားလည်ထားဖို့လိုတယ်။ သမီးရည်းစားတွေ ကွဲကွာကြတယ်၊ အိမ်ထောင်သည်တွေ ကွဲကွာကြတယ်ဆိုတဲ့နေရာမှာ ချစ်ခြင်းတရားနဲ့ သစ္စာတရားက အရေးအကြီးဆုံးပဲကွယ့်။ အဲဒီ တရားနှစ်ခု ခိုင်ခြဲနေသရွေ့ သမီးရည်းစားတွေ အိမ်ထောင်သည်တွေလည်း အမြဲတမ်းခိုင်မြဲနေကြမှာပဲ။

အဲဒီလို ခိုင်မြဲနေအောင် ကြိုတင်ဆောင်ရွက်နိုင်တဲ့ နည်းလမ်းရှိပါတယ်။ ချစ်ခြင်းတရားနဲ့ သစ္စာတရား၊ အဲဒီတရားနှစ်ပါးကို ကိုယ်စားပြုနိုင်တဲ့ ဓာတ်ပန်းချီကို ဆောင်ထားလိုက်ရုံနဲ့ ဖြစ်ပါတယ် မောင်ရင်။ အဲဒီ ဓာတ်ပန်းချီဟာ ဘာဖြစ်မလဲ၊ မောင်ရင်သိလား"

ရုတ်တရက်မို့ ဦးအောင်ချမ်းသာကို ကျွန်တော် အဖြေမပေးနိုင်အောင် ဖြစ်နေရပေသည်။

"ဒါဆိုရင် အမရာ၊ ကိန္နရီ၊ မဒ္ဒီ၊ သမ္မုလ ဆိုတာတော့ မောင်ရင်သိမှာပေါ့"

"ဟုတ်ကဲ့၊ တော်လေးဝဝင်တဲ့ ပိန်းမမြတ်တွေပါ"ဟု ကျွန်တော်က ခပ်သွက်သွက်ဖြေလိုက်ပါ၏။

"ဟုတ်ပြီ၊ သူတို့လေးယောက်လုံးဟာ မိလင်သားအပေါ်မှာ ချစ်ခြင်းနှင့် သစ္စာတရား နှိုင်းစရာမရှိအောင် ကြီးမားခဲ့သူတွေပေါ့"

"သူတို့ပုံတွေ ဆောင်ထားရမှာပေါ့ ဟုတ်လား ဦး"ဟု ဦးအောင်ချမ်းသာစကားအဆုံး ကျွန်တော်က ဝမ်းသာအားရ မေးလိုက်ပါသည်။

"ဒါပေါ့ မောင်ရင်။ သူတို့လေးယောက်ထဲက တစ်ယောက်ယောက်ရဲ့ပုံကို ဆောင်ထားလိုက်တာနဲ့ကို လုံလောက်နေပါပြီ။ ကိန္နရီမောင်နှံပုံတွေကတော့ နေရာအတော်များများမှာ အလွယ်တကူရနိုင်တာမို့ အဲဒီပုံသာဆောင်ထားလိုက်ပေါ့ မောင်ရင်။ ဒါဟာ အလွယ်ကူဆုံးပဲပေါ့၊ မဟုတ်ဘူးလား"

"ကျေးဇူးပါပဲ ဦးရယ်။ နောက်ဆိုရင် အဆင်မပြေဖြစ်နေတဲ့ သမီးရည်းစားတွေ၊ အိမ်ထောင်သည်တွေကို ကျွန်တော် ကူညီနိုင်ပြီပေါ့နော်"

တက်ကြွရွှင်လန်းစွာ ပြောနေသော ကျွန်တော့်စကားကို ပြုံးပြုံးကြီး နားထောင်ရင်း ဦးအောင်ချမ်းသာက ယခုကဲ့သို့ ဆက်ပြောပြန်ပါသည်။

"နေဦးမောင်ရင်၊ ကိန္နရီမောင်နှံ ဓာတ်ပန်းချီကို ပိုပြီး အစွမ်းထက် ထိရောက်ရလေအောင် ဆောင်ထားရမယ့်နေရာနဲ့ ရွတ်ဖတ်ရမယ့် ဂါထာလေးတစ်ပုဒ်ကိုပါ ဦးက ထပ်ပေးလိုက်ဦးမယ်။ ကဲ…စာရွက်တစ်ရွက်နဲ့သာ လိုက်မှတ်ပေတော့"

ကျွန်တော်ကလည်း အသင့်ပါလာသော လွယ်အိတ်ထဲမှ စာရွက်နှင့် ဘောပင်ကို အလျင်အမြန်ထုတ်ကာ အသင့်ပြင်ရလေ၏။ ဦးအောင်ချမ်းသာပါးစပ်မှ ရွတ်ပေး၍ ကျွန်တော်က လိုက်လံရေးမှတ်ခဲ့ရသည့် ဂါထာမှာ အောက်ပါအတိုင်း ဖြစ်ပေသည်။

**ဂါယီ မနုည သဒ္ဒေန။**
**ဝါဒယံ ဝေဠုဒဏ္ဍကံ။**
**စန္ဒောနိစ္စိစ ဂါယီစ။**
**မာလိနီ စန္ဒကိန္နရီ။**

အထက်ပါဂါထာ၏ အဓိပ္ပာယ်မှာ စန္ဒကိန္နရီ မောင်နှံ မယ်တို့ တစ်ဦးပေါ်တစ်ဦး အချစ်ကြီး၊ သစ္စာကြီးကြပုံကို ဖွဲ့ဆိုထားခြင်းဖြစ်ကြောင်း ဦးအောင်ချမ်းသာက ကျွန်တော့်ကို ရှင်းပြခဲ့ပါသည်။ ထို့ပြင် ကိန္နရီမောင်နှံတို့၏ ရုပ်ပုံဓာတ်ပန်းချီကို မိမိတို့၏ အိပ်ခန်းအတွင်း သင့်လျော်ရာ တစ်နေရာ၌ ကပ်ထားရမည်ဖြစ်ကြောင်း ယုံကြည်မှုနှင့်ပြုလုပ်သော ကိစ္စအားလုံး အောင်မြင်ရိုးထုံးစံရှိသည့်အတိုင်း ယခုဆောင်ရွက်မှုကို စိတ်ဝင်စားသူတို့ကလည်း ယုံယုံကြည်ကြည် ဆောင်ရွက်ကြဖို့ အထူးလိုအပ်ကြောင်း ဦးအောင်ချမ်းသာက ကျွန်တော့်ကို အလေးအနက် မှာကြားခဲ့ပေသတည်း။

**ချစ်ဖွယ်(တောင်ငူ)**



www.burmeseclassic.com

www.burmeseclassic.com


www.burmeseclassic.com

# ကိန္နရာ ကိန္နရီ ဆောင် အောင်မှန်ကောန်မလွဲ

ပန်းမောင်(မြန်မာစာ)

ကိန္နရာ ကိန္နရီတို့အကြောင်းကို ပြောကြတော့မည်ဆိုပါက ကိန္နရာနှင့် ကိန္နရီတို့ရဲ့ အဓိပ္ပာယ်ကို စတင်ပြောသင့်သည်ဟု ထင်ပါသည်။ အကြောင်းမှာ "ကိန္နရာ ကိန္နရီ"ဆိုသောစကားကို မြန်မာစကားအဖြစ် အမှတ်မှားနေသူများရှိ၍ဖြစ်ပါသည်။

အမှန်မှာ "ကိန္နရာ ကိန္နရီ"ဆိုသောစကားသည် မြန်မာ



ရာဇပလ္လင်ပေါ်တွင်ပါရှိသည့် ကိန္နရာ

စကားစစ်စစ် မဟုတ်ပါ။ ပါဠိ(မဂဓ)ဘာသာစကား ဖြစ်ပါသည်။ အဓိပ္ပာယ်မှာ . . .

ကိံ = အဘယ်နည်း

နရာ = လူလော၊ နတ်လော

ထို့ကြောင့်ပင် လူလော၊ နတ်လောဟု ယုံမှားသဖွယ်ရာ လူတို့၏အသွင်ကိုဆောင်နေသောသူဟု အဓိပ္ပာယ် ဖွင့်ဆိုကြပါသည်။

ထို့ပြင် ပါဠိသဒ္ဒါစည်းကမ်းအရ ကိန္နရာမှာ ပုလ္လိင် (ယောက်ျား၊ အဖို)ဖြစ်ပြီး၊ ကိန္နရီမှာ ဣတ္ထိလိင် (မိန်းမ၊ အမ) ဖြစ်ပါသည်။

ကိန္နရာတို့၏ ပုံပန်းသဏ္ဌာန်တို့နှင့် ပတ်သက်၍ အမျိုးမျိုးတွေ့ရှိရပါသည်။ ပါဠိအဘိဓာန်ထဲတွင် မြင်းမျက်နှာ၊ မြင်းအသွင်ရှိပြီး စက်ဆုပ်အပ်သောကြောင့် ကိန္နရာဟူ၍လည်းကောင်း၊ အဘိဓာန်ဋီကာထဲတွင် မြင်းမျက်နှာ၊ လူကိုယ်ရှိသည်ဟု ဖော်ပြထားပါသည်။


ကိန္နရာတို့သည် လူသားများကဲ့သို့ ၄၂ သတ္တာဟ၊ ၂၉၄ ရက် အမိဝမ်း၌ ပဋိသန္ဓေနေရသည်ကို အာဒိကပ္ပကမ္ဘာဦးကျမ်း၌ ဖော်ပြထားပါသည်။ သို့ပေမယ့် လူကဲ့သို့ မွေးဖွားခြင်းကား မဟုတ်ပေ။ အဏ္ဍဇပဋိသန္ဓေ (ဥခွံမှပေါက်ဖွားခြင်း) မျိုးဖြစ်ကြောင်း တွေ့ရပါသည်။

ကိန္နရာ၊ ကိန္နရီတို့၏ သက်တမ်းသည် အနှစ်တစ်ထောင် ရှိပါသည်။ အနှစ်တစ်ထောင်ကာလအတွင်း၌ အသက်သေစေနိုင်သော ရောဂါဝေဒနာမရှိကြောင်းကို အာဒိကပ္ပ



www.burmeseclassic.com

www.burmeseclassic.com




နယုန်လတွင် ကိန္နရာကို သရုပ်ဖော်ထားပုံ

ကမ္ဘာဦးကျမ်းမှာ ဖော်ပြထားပါသည်။

မြန်မာတိုင်းရင်းသား ကယားလူမျိုးတို့က သူတို့သည် ကိန္နရာမျိုးနွယ်များဖြစ်သည်ဟု အခိုင်အမာ ယူဆထားကြပါသည်။ ကယားပြည်နယ်၊ လွိုင်ကော်မြို့နှင့် ၁၀ မိုင်ခန့်ဝေးသော ငွေတောင်သည် ကယားလူမျိုးတို့၏ အဆက်အနွယ် ကိန္နရာ ကိန္နရီတို့ ပျော်စံရာတောင်ဟု သတ်မှတ်ဂုဏ်ယူထားကြပါသည်။

ရှေးစာဆိုကြီးများ၊ ပညာရှင်များက ကိန္နရာ၊ ကိန္နရီ အရုပ်နှင့်ပတ်သက်၍ ဖော်ပြထားသည်မှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

(၁) မင်္ဂလာကျက်သရေနှင့် ပြည့်စုံစေခြင်း။
(၂) ကြည်ညိုပူဇော်ခံရခြင်း။
(၃) အလှူရေစက် လက်နှင့်မကွာအောင် ပြည့်စုံခြင်း။
(၄) ဘေးအန္တရာယ်ကင်းခြင်း။
(၅) ကြံတိုင်းအောင်၍ ဆောင်တိုင်းမြောက်ခြင်း။
(၆) အသက်ရှည်၍ အနာကင်းခြင်း။
(၇) မျက်နှာပွင့်လန်းခြင်း၊ လူချစ်လူခင်များခြင်း စသည်တို့ ဖြစ်သည်။



အညာဒေသ ဘုန်းကြီးပျံတလားကြီး၌ တပ်ဆင်အသုံးပြုသည့် ကိန္နရာ ကိန္နရီပုံ

ထို့ကြောင့်ပင်...

ပန်းချီ ပန်းပု၊ ပန်းတော့၊ ပန်းတမော့၊ ပန်းတဉ်း၊ ရွှေချည်ထိုး၊ စဉ့် စသော လက်ရာများတွင် အနုပညာမြောက်စွာဖြင့် ကိန္နရာ၊ ကိန္နရီအရုပ်တို့ကို ပညာရှင်များက သရုပ်ဖော်ရေးဆွဲ ထုလုပ်သွန်းလောင်း၍ အလှဆင်ခဲ့ကြခြင်း ဖြစ်ပါသည်။

သို့ဖြစ်၍ "ကိန္နရာ၊ ကိန္နရီဆောင် အောင်မှန်ကေန်မလွဲ"ဟု စာရေးသူက ဆိုလိုက်ရခြင်း ဖြစ်ပါသည်။

**ပန်းမောင်(မြန်မာစာ)**



www.burmeseclassic.com

www.burmeseclassic.com

# ဒဏ္ဍာရီထဲက ကိန္နရီ ကိန္နရာ

နန္ဒာမိုးကြယ်

[ ၁ ]

အသက်အရွယ်က စကားပြောလေပြီလားမသိ။

တော်ရုံတန်ရုံ သီချင်းတွေက ဦးနှောက်ထဲ သိပ်မတိုးတော့။ အထူးသဖြင့် ဇာကွဲလုမတတ် ဖျစ်ညှစ်အော်ဆိုနေကြသည့် ခေတ်သီချင်းတွေဆိုလျှင် ပို၍ပင် အာရုံမရောက်။ သည်လို အကွာအဟတွေ၊ အစေးမကပ်မှုတွေ ဖြစ်နေသည့်သမယ။ တစ်နေ့တော့ လက်ဖက်ရည်ဆိုင်တစ်ဆိုင်သို့ ရောက်ရာမှ သီချင်းတစ်ပုဒ်ကို ကြားလိုက်ရ၏။ အဆိုတော်၏ အမည်က မြန်မာမဆန်သော်လည်း ဆိုဟန်ဆိုပေါက်က မဆိုး။ သည့်ထက် ၎င်းသီဆိုသော သီချင်းက အမှတ်ထင်ထင် ဖြစ်စေခဲ့တော့သည်။ ဘာတဲ့…"**ကိန္နရာ ချောင်းခြား**" ဆိုပါလား။

သည်သီချင်း၏ အတွင်းစာသားမှ ကိန္နရာဆိုသည့် စကားလုံးကို ကြားရသည့်သမယဝယ် မိမိတို့ မြန်မာအနုပညာရှင်တော်တော်များများသည် ချစ်သူနှင့် တဒင်္ဂခဏတာ ဝေးကွာလျှင်ဖြစ်စေ၊ သစ္စာပြုစရာ အကြောင်းကိစ္စပေါ်လာလျှင်ဖြစ်စေ စာပေကျမ်းဂန်တွင်းမှ ဒဏ္ဍာရီဆန်လှစွာသော ကိန္နရီ၊ ကိန္နရာ ဇာတ်ကြောင်းကို ထုတ်နုတ်ဖော်ကျူးလေ့ ရှိတတ်ကြသည်။ အထူးသဖြင့် နှလုံးသားရေးရာနှင့် ပတ်သက်လာပါက ကိန္နရီ၊ ကိန္နရာသည် စံပြဇာတ်ဆောင်များ ဖြစ်လာကြသည် မဟုတ်ပါလား။



www.burmeseclassic.com

www.burmeseclassic.com

## [ ၂ ]

မိမိစားဝတ်နေရေးကို အထောက်အကူပြုလျက်ရှိသော လစဉ်ထုတ်ရောင်ပြန်မဂ္ဂဇင်းသည် တစ်အုပ်နှင့်တစ်အုပ် အကြောင်းအရာ၊ အပြင်အဆင်မရိုးရ၊ မထပ်ရလေအောင် ဖတ်သူ၊ မှတ်သူ၊ သိမ်းဆည်းသူတို့ စိတ်ကျေနပ်မှု အပြည့်အဝ ရရှိလေအောင် နိစ္စဓူဝ ဆိုသလို ကြိုးပမ်းလျက်ရှိသည်။ အပြောနှင့်မဟုတ်၊ အလုပ်နှင့် သက်သေပြရလျှင်ဖြင့် စတင်ထုတ်ဝေခဲ့သည်မှ ယခုကာလထိ တစ်အုပ်တလေမျှပင် လမကျော်ခဲ့။ သည်လိုနှင့် ခုနစ်ဆယ့်ငါးအုပ်မြောက် ရောင်ပြန်အထူးထုတ်ကို ကြွားဝင့်ဝေဆာစွာ မှတ်ကျောက်တင်ထုတ်ဝေနိုင်ခဲ့ပြီ မဟုတ်ပါလား။

သည်တစ်လတော့ ရောင်ပြန်မဂ္ဂဇင်းအား မြန်မာမှုအနုပညာ၊ ယဉ်ကျေးမှုနယ်ပယ်အသီးသီး၌ စိမ့်ဝင်လျက်ရှိသော ကိန္နရီ၊ ကိန္နရာတို့နှင့် ပတ်သက်၍ သိသင့်သိထိုက်၊ လေ့လာသင့် လေ့လာထိုက်သည်တို့ကို လောကီအတတ်ပညာဖြင့် ချဉ်းကပ်ပြီး စေ့စေ့စုံစုံ၊ ဖွယ်ဖွယ်ရာရာကလေးတွေ ဖော်ပြဖို့ စဉ်းစားမိကြရင်း စာပေပညာရှင်တွေထံမှ စာမူတွေ စုဆောင်းခဲ့သည်။ စာမူတွေကား သူ့ရှုထောင့်နှင့်သူ တင်ပြပုံ အကွက်စေ့လှပါဘိ၊ ထိမိလှပါဘိ။ အချို့ တင်ပြချက်တွေဆိုလျှင် မိမိတို့အဖို့ နီးလွန်း၍ မမြင်သလိုပင် ဖြစ်သွားရသည်။

စင်စစ် ကိန္နရီ၊ ကိန္နရာ ဆိုသော စကားလုံးသည် မိမိတို့ လူမျိုးများနှင့် ရေးမဆွကတည်းကပင် ရင်းနှီးခဲ့ပြီးသားဖြစ်သည်။ ကလေးဘဝတုန်းက အိပ်ရာဝင် ပုံပြင်များစွာ၌ လွမ်းလွမ်းဆွေးဆွေး ခံစားမှုအပေးနိုင်ဆုံးမှာ ကိန္နရီ၊ ကိန္နရာပဲ ဖြစ်သည်။ သည့်နောက် ကိန္နရီ၊ ကိန္နရာတို့၏ ရုပ်ပုံလွှာကို ဖော်ကြည့်နေမိသည်။ ပန်းချီ၊ ရုပ်ရှင်၊ ဂီတ၊ ဇာတ်သဘင်၊ စာပေ ဒါတွေကို အခြေပြု၍လည်း ပုံရိပ်ထင်ကြည့်နေမိပြန်သည်။ သည်လို ကာလတစ်လျှောက် (အရွယ်ကလည်း နုနယ်လှသေးသည်မို့) စိတ်ကူးတိမ်တိုက်တို့သည် ကြည်နူးတိမ်းမက်ဖွယ် ကောင်းလောက်အောင် မျောလွင့်လျက်ရှိနေတော့သည်။

ခုတော့လည်း စိတ်ကူးယဉ်တဲ့ အိမ်ကလေးသည် အခြေယိမ်းယိုင်ခဲ့ပေပြီ။ စိတ်ကူးယဉ်မှုအစား အရင်းခံဇာစ်မြစ်နှင့် သမိုင်းကြောင်းအစစ်အမှန်တို့ကိုသာ မြားဦးက လှည့်သွားပြန်ပြီကော. . .။

## [ ၃ ]

"ယဉ်ကျေးမှုဟူသည် ကိုယ့်နိုင်ငံ၊ ကိုယ့်တိုင်းပြည်တွင်းမှာသာ လှည့်ပတ်စီးဆင်းနေသည်မဟုတ်။ နယ်နိမိတ်ချင်းထိစပ်လျက်ရှိသည့် အိမ်နီးချင်းနိုင်ငံတွေနှင့်လည်း ယဉ်ကျေးမှုချင်း နီးနွယ်ကောင်း နီးနွယ်မိတတ်ကြသည်။ အထူးသဖြင့် ဇာတကဟု ခေါ်ဆိုအပ်သော ဇာတ်တော်များ။

မိမိတို့၏ စိတ်ကူးယဉ် ဧရိယာနယ်နိမိတ်ထဲ၌ အခြေချနေထိုင်လျက်ရှိသည့် ကိန္နရီ၊ ကိန္နရာတို့ ပျော်စံရာတောင်တန်းကြီးကား အဘယ်နည်း။ ဟိမဝန္တာ မဟုတ်တုံလော။ အဆိုပါ ဟိမဝန္တာတောင်တန်းကြီးသည် အိန္ဒိယနိုင်ငံတွင်း၌ တည်ရှိနေ၏။ ထိုကဲ့သို့ပင် ဘုရားဟော ဇာတက ဇာတ်တော်များစွာသည် အိန္ဒိယနိုင်ငံတွင်းမှ မြစ်ဖျားခံလျက် အိမ်နီးချင်းနိုင်ငံအသီးသီးထံ ဖြန့်ကြက်လွှမ်းပတ်ကုန်သည် မဟုတ်ပါလော။

အိန္ဒိယနိုင်ငံသည် ဘာသာ၊ သာသနာသာမက စာပေယဉ်ကျေးမှုဆိုင်ရာတွင်လည်း စံထားဖွယ်ကောင်းလောက်အောင် တိုးတက်ထွန်းကားခဲ့သော နိုင်ငံတစ်နိုင်ငံ ဖြစ်ပါသည်။ ၎င်းတို့၏ ယဉ်ကျေးမှုနယ်ပယ်၌လည်း ကိန္နရီ၊ ကိန္နရာတို့ ရှိနေကြ၏။ ကွန်းခိုနေထိုင်ခဲ့ကြ၏။ ဤ၌ ၎င်းတို့နိုင်ငံရှိ ယဉ်ကျေးမှုသုတေသီတို့က အသို့ဆိုပါသနည်း။

"**ကိန္နရာဟူသည် ဇာတကနှင့် ရေးကျေသော စာပေများတွင်သာ တွေ့ရသော်လည်း ရေးသူဟောင်းတို့၏ အစဉ်အလာ ပုံပြင်သဘောမျှသာ ဖြစ်သည်**"

ဟု ဆိုခဲ့မိန့်ခဲ့၏။ သို့ဆိုက ကိန္နရီ၊ ကိန္နရာသည် ဒဏ္ဍာရီ၏ သားကောင်လော စဉ်းစားဖွယ်တော့ ကောင်းနေသည်။

အိန္ဒိယသုတေသီတို့က ဆိုပြန်ပါသေးသည်။

"**ရေးအစဉ်အလာမှ ပေါက်ဖွားလာချက်များကို အခြေခံ၍ ဗုဒ္ဓဘာသာ သာသနိကအဆောက်အအုံတို့၌ အလှအပသဘောမျှသာ ထုလုပ်ရေးခြယ်ခဲ့ခြင်း ဖြစ်သည်**"ဟူ၍။

တကယ်လည်း အဆိုပါ မိန့်ဆို



www.burmeseclassic.com

www.burmeseclassic.com

ချက်မှာ ဖြစ်နိုင်ကောင်းသည်။ ကိန္နရီ၊ ကိန္နရာတို့သည် သက်ရှိထင်ရှား မိမိတို့ မြင်မှ မမြင်ဖူးကြပေ။ မိမိတို့ မြင်ဖူးကြ၊ တွေ့ဖူးကြသည်တို့ကား သက်မဲ့ ရုပ်တုများ၊ ပန်းချီကားချပ် ရုပ်ပုံလွှာများ။

ပန်းချီပန်းပု အနုပညာရှင်တို့က လည်း ကိန္နရီ၊ ကိန္နရာတို့နှင့် ပတ်သက်လျှင် မြင်းမျက်နှာနှင့် လူကိုယ်ပါသောပုံ၊ လူမျက်နှာနှင့် ငှက်ကိုယ်ပါသောပုံများ ရေးဆွဲထုလုပ်ပြီး ထိုကိန္နရီ၊ ကိန္နရာများသည် ပန်းဆိုင်းများကို ကိုင်၍ ကနေပုံ၊ သီချင်းဆိုနေပုံ၊ အတီးအမှုတ်ကိရိယာများကို တီးမှုတ်ပျော်ရွှင်နေပုံစသည်ဖြင့် ရေးဆွဲခဲ့ကြ၏။ ထုလုပ်ခဲ့ကြ၏။ ကိန္နရီ၊ ကိန္နရာ ဇာတ်ကောင်များပါဝင်သော ဇာတ်လမ်းဇာတ်ထုပ်များကို ဇာတ်သဘင်စင်မြင့်ထက်သို့ တင်ခဲ့ကြ၏။ သည်လိုနှင့် အနုပညာမှ ပေးစွမ်းသောရသကို စွဲမက်ခဲ့ကြသောလူသားတွေ ဖြစ်နေကြသည်မို့ ကိန္နရီ၊ ကိန္နရာတို့၏ ရုပ်ပုံလွှာသည် ကြည်လင်ပီသနေခဲ့ခြင်း ဖြစ်တန်ကောင်းသည်။

**[ ၄ ]**

"ကိန္နရာ"ဆိုသည် အဘယ်နည်း။

ပညာရှိ သုခမိန်တွေကတော့ ကိန္နရာဟူသည် သသ်ကရိုက်ဘာသာမှ မေးစကားတစ်ခွန်းဖြစ်သည့် . . . "**ကမ်း(မ်)နရ**"ဆိုသောပုဒ်မှ ဆင်းသက်လာသည်ဟု ဆိုကြ၏။ "ကမ်း(မ်)နရ" မှသည် အခေါ်အဝေါ်သံစဉ်တို့ ရွေ့လျားပြီး "ကိန္နရာ" ဖြစ်လာခြင်းဖြစ်တန်ရာ၏။ အဓိပ္ပာယ်မှာ "**လူလား အရုပ်ဆိုး လူချည်လား**"ဟူ၍ ဖြစ်၏။

သို့ဆိုလျှင် ကိန္နရာသည် လူနှင့် သဏ္ဍာန်တူသူ၊ အရုပ်ဆိုးသူဟူ၍ ကောက်ချက်ချစရာရှိသည်။ ဤ၌ အခြားအခြားသော သုတေသီပညာရှင်တို့၏ စူးစမ်းလေ့လာမှုကိုလည်း သိထားစရာ ကောင်းလှပါသည်။

အိန္ဒိယပြည်ဖွား သုတေသီတစ်ဦးဖြစ်သော ဒေါက်တာ အက်(စ်)အာရ်ဒတ်(စ်)က . . .

**ကိန္နရာဆိုသည်မှာ ယခုအခါ အိန္ဒိယမြောက်ပိုင်း၊ စတ္တလစ်မြစ်ဖျားဘက်၊ ကနော်ရ်(KANAUR) မြစ်ဝှမ်းတွင် နေထိုင်သော ကနေရစ်(၁) KANAURIS လူမျိုးတို့ ဖြစ်ဟန်တူကြောင်း . . .။**

**ကနော်ရစ်လူမျိုးတို့၏ မျက်နှာရှိ မေးရိုးနှင့် နှာတံတို့မှာ အခြားလူများနှင့် မတူဘဲ ထူးခြားကြောင်း၊ မြင်းမျက်နှာရှိသော ကိန္နရာတို့နှင့် နီးစပ်ကြောင်း၊ ကနော်ရစ်(စ)တို့သည် မြင်းခေါင်းပုံ၊ သမင်ခေါင်းပုံ ခေါင်းများကို စွပ်ကာ ကပြလေ့ရှိကြောင်း ကခုန်သီဆိုခြင်းများကို အလွန်နှစ်သက်ကြကြောင်း။**

**ထိုကနော်ရစ်(စ)တို့သည် . . . ပဟာရီဘာသာစကားနှင့် ရောယှက်နေသော တိဘက် မြန်မာစကား (TIBETO-MYANMAR) ကို ပြောဆိုကြကြောင်း။**

ဟူ၍ သူ့အယူအဆကို တင်ပြပြီးနောက် ကိန္နရာဟူသည် လူမျိုးစုတစ်စု ဖြစ်ဖွယ်ရှိပုံ၊ ထိုမှ အဆင့်ဆင့်ပေါက်ဖွားလာခဲ့ပုံ၊ ခနော်ရစ်(စ)တို့မှာ ကိန္နရာမျိုးနွယ်ဆက်များ ဖြစ်ပုံကို တင်ပြသွားခဲ့သည်။ ထိုအဆိုကို ပညာရှင်အတော်များများပင် နိုင်လုံသည်ဟု မယူဆကြ။ ကနော်ရစ်(စ)လူမျိုးတစ်မျိုးသက်သက်သာ ဖြစ်သည်ဟုပင် ယုံကြည်ထားကြသည်။ (ကနော်ရ်မြစ်ဝှမ်းမှာ ဘားရှပ်ပြည်နယ်ထဲတွင် တည်ရှိပါသည်။)

အမှန်တကယ်လည်း (မည်မျှပင် ကျိုးကြောင်းယုတ္တိဖော်ပြ၍ တွေးခေါ်ယူဆထားသော်လည်း) ဒေါက်တာ အက်စ်အာရ်ဒတ်(စ်)၏ အဆိုမှာ စွဲလွန်းသည်ဟူ၍သာ ကောက်ချက်ချရပေလိမ့်မည်။

**[ ၅ ]**

တကယ်တော့ ပိဋကစာပေ၊ ကျောက်စာ၊ မင်စာ၊ အုတ်ခွက်စာ၊ ပုရပိုဒ်၊ နံရံဆေးရေးပန်းချီ၊ အုတ်ခွက်ပန်းချီ စသည့် အကိုးအကားအထောက်ပြုစရာ သက်သေသာဓကများကို အခြေပြုလျက် ကိန္နရာ ကိန္နရီဟူသည် လူလိုလို၊ နတ်လိုလို၊ ငှက်လိုလို သတ္တဝါတစ်ဦးသာ ဖြစ်ကြောင်း ရေးစာပေများ၌ သက်ရှိအနေအထားဖြင့် ရှိခဲ့ဖူးကောင်း ရှိမည်ဖြစ်သော်လည်း ကာလသက်တမ်း ပြတ်ရွေ့မှုနှင့်အတူ မျက်မြင်ကြုံတွေ့ဖို့ရာ မဖြစ်နိုင်တော့ပြီမို့ . . .

မိမိအဖို့မူ "ဒဏ္ဍာရီထဲက ကိန္နရီ ကိန္နရာ"ဟူ၍သာ ဆိုလိုက်ချင်ပါတော့သတည်း။ ■

---

**နန္ဒာမိုးကြယ်**



www.burmeseclassic.com

www.burmeseclassic.com




# တော်လေးဝဝင် စန္ဒကိန္နရီ...

**ရေကျော်စိုးအောင်**

ဖြူစင်သန့်ရှင်းသော မေတ္တာသည် ဆန်းကြယ်၏။ အရာရာအတွက် ရင်ဆိုင်နိုင်၏။ မေတ္တာတန်ခိုးတွင် သစ္စာတရားတို့ ပြည့်နှက်နေ၏။ အခက်အခဲဟူသမျှ အောင်မြင်ခဲ့ရသည့် သာဓကထုံးများက အံ့သြဘနန်း ရှိခဲ့ကြပေပြီ။

ဖြူစင်သော မေတ္တာတရားတွင် အချစ်စစ်၊ အချစ်မှန်ဖြစ်သည့် ကိလေသာတဏှာ ကင်းသော မေတ္တာတို့က တန်ခိုးထက်၍ သစ္စာတရားတို့လည်း စူးစူးရှရှ ရှိခဲ့ရသည့် သာဓကထုံးများကလည်း အနန္တက ရှိခဲ့ကြ၏။

အထူးသဖြင့် ဖြူစင်သည့်မေတ္တာနှင့် ယှဉ်သည့် အချစ်စစ်၊ အချစ်မှန်တို့ကို ယုံကြည်ကြသူများ၊ လေးစားကြသူများအတွက် ငါးရာ့ငါးဆယ် နိပါတ်တော်လာ “စန္ဒကိန္နရီ” မောင်နှံတို့ကို ချန်လှပ်ထား၍ မရကောင်းသည်က အမှန်ဖြစ်သည်။

မိမိချစ်ခင်မြတ်နိုးအပ်သော ခင်ပွန်းသည်သည်သာလျှင် မေတ္တာရှင်ဟု သတ်မှတ်ခဲ့ကြသည့် အကြောင်းတရားတို့က ငါးရာ့ငါးဆယ် နိပါတ်တော်တွင် အတိအပ ဆိုအပ်လှပေစွ။

www.burmeseclassic.com

www.burmeseclassic.com

စာရေးသူငယ်စဉ်က "ပုံပမာ"တေးသီချင်းတစ်ပုဒ်ကို နားဆင်ခဲ့ရဖူး၏။ တေးရေးဆရာကား ကျွန်တော်၏ ကြီး မိတ်ဆွေ တယောဦးပါ ဖြစ်၏။ ဆရာသည် အဝတ်အစား ဝတ်ရာ၌ သေသပ်၏။ စတစ်ကော်လာ အဖြူရောင်ရှပ်နှင့် ကျေးတစ်ရာပုဆိုးကား ချပ်ချပ်ရပ်ရပ် ရှိခဲ့သည်ကိုလည်း မြင် တွေ့ခဲ့ရ၏။

ဆရာရေးစပ်သီကုံးခဲ့သည့် "ပုံပမာ"တေးကို အဆို တော် "ကိုမင်းသူ"သီဆိုခဲ့သည်ကို ကြားခဲ့ဖူး၏။ ဤတေးသည် မေတ္တာစစ်နှင့် ချစ်ခဲ့ရသည့် အချစ်ဇာတ်လမ်းဖြစ်၏။ စာရေးသူ မှတ်မိသော တေးစာပိုဒ်သည်...

ကိန္နရီ ကိန္နရာ မောင်နှံနှစ်ဦး၏ ဖြူစင်သော မေတ္တာ ဓာတ်ကား လွမ်းဆွေးဖွယ်ကောင်းလှပါဘိ။ ကြည်နူးဆွတ်ပျံ့ ဖွယ် ရှိလှပါဘိ။

လေပြင်းမုန်တိုင်းတိုက်ခတ်မှုကြောင့် ကိန္နရီမောင်နှံ တို့ တစ်ဦးနှင့်တစ်ဦး ချစ်ကြည်နူးကြစဉ်မှာ ဟိုမှာဘက်ကမ်း မှာ တကွဲတပြား တစ်ညဥ့်တာဝေးကွာခဲ့ကြသည်ကိုပင် နှစ်ပေါင်းခုနစ်ရာတိတိ ဆွေးခဲ့ရသည်ဟု ညွှန်းဆိုပြထား သည်မှာ မေတ္တာစစ်၏ ဖြူစင်မှုသဘောမျိုးပင် ဖြစ်သည်ဟု ခံစားမိခဲ့ရပါသည်။

တော်လေးဝဝင် စံတင်ထားရသည့် ချစ်ဇနီးသစ္စာရှိ မှုတို့ကို ညွှန်းဆိုပြပါဆိုလျှင်...

အမရာ၊ ကိန္နရီ၊ မဒ္ဒီ၊ သမ္ဘုလတို့ကို မြင်ရမည်သာ ဖြစ်၏။ မိမိချစ်လင်မှတစ်ပါး တစ်ပါးသော ယောကျ်ားမှန်သမျှ ဖွဲ၊ ဆန်ကွဲပမာ သဘောထားရှိကြသည်မှာ စံတင်စံထားကြ ရမည်သာ ဖြစ်၏။ ရှေးဟောင်းထုံးတမ်း၊ နိပါတ်တော်များမှာ စာပေပညာရှိတို့က ထင်ရာမြင်ရာ ကမ္ပည်းတင်ထားခဲ့ကြ သည် မဟုတ်ကြသည်ဟု နားလည်မိပါသည်။

အထူးသဖြင့် အဆိုတော်ကြီး မလှရွှေ သီဆိုထားခဲ့ သည့် စန္ဒကိန္နရီ တေးသည်လည်း မိမိ၏ ခင်ပွန်းဖြစ်သူကို ဗာရာဏသီ မင်းဗြဟ္မဒတ်က လေးနှင့်ခွင်းမိ၏။ ခင်ပွန်းသည် ကိန္နရာ သေဆုံးသွားသည့်အခါ မင်းဗြဟ္မဒတ်က မိမိသည် ဗာရာဏသီဘုရင်မင်းမြတ်ဖြစ်၍ ကိန္နရီမလေးအား မိဖုရား မြှောက်မည်ဖြစ်ကြောင်း အတန်တန်ဆိုခဲ့ပြားလည်း ကိန္နရီမ က မိမိခင်ပွန်းမှတစ်ပါး မချစ်နိုင်ကြောင်း ပြောဆို၍ သစ္စာဆို ၏။ သစ္စာစကားကြောင့် နတ်သိကြားမင်းက လာရောက် ကူညီခဲ့၍ ခင်ပွန်းသည် အသက်ရှင်ခဲ့ရပြီး စုံနံ့သာမြိုင်တော သို့ ပျံသန်းခဲ့ကြရသည်မှာလည်း ဖြူစင်သော မေတ္တာ၏ အချစ်ကြောင့်ပင် ဖြစ်၏။

ယနေ့ အချစ်စစ်၊ အချစ်မှန်ဟု ဆိုအပ်သော ဖြူစင် သော မေတ္တာတရားတို့ကို ယုံကြည်ကြသူများ အေးချမ်း သော တစ်လင်၊ တစ်မယားစနစ်ကို ကျင့်သုံးလိုကြသူများ အဖို့ ဤတော်လေးဝဝင် ချစ်ဇနီးကောင်းများ၏ စံနမူနာ ယူကြ၍ သာယာသော အိမ်ထောင်သစ်ကို ထူထောင်နိုင် ကြမည်ဟု ယုံကြည်သက်ဝင်မိပါသည်။

အချစ်ကို အချစ်လိုသဘောမထား၊ ဆန်ရှိရာ ကျည်ပွေ့လိုက်နေသော အချစ်မေတ္တာတရားတို့သည်ကား ဘဝထိုထိုတွင် ဖြူစင်ဖြောင့်တန်းသော အိမ်ထောင်ရေးကို ကြုံတွေ့ကြရမည်မဟုတ်သည်က အမှန်ဖြစ်မည်သာ ဖြစ်၏။

လူ့ဘောင်၊ လူ့ဘဝကို စည်းကမ်းကောင်းများနှင့် တားဆီးထား၏။ လူ့ယဉ်ကျေးမှု၊ လူ့နယ်နိမိတ်နှင့် ဘောင် ခတ်ထား၏။ မိမိတို့နေလိုရာ၊ နေချင်ရာကို စည်းကမ်းမဲ့စွာ နေထိုင်ကြမယ်ဆိုလျှင် လူ့ဘောင်ဘဝတစ်ခုလုံး ကောင်းကျိုး ထက် ဆိုးကျိုးများစွာ ကြုံရမည်သာ ဖြစ်သည်။

အခြားတစ်ပါးသော ယဉ်ကျေးမှုသဘောတရားမျိုး ကား မိမိတို့ ယဉ်ကျေးမှုနယ်ပယ်နှင့် အံဝင်ခွင်ကျ ဖြစ်လိုမှ ဖြစ်မည်ဖြစ်၏။ အံမဝင်၊ ခွင်မကျလျှင် လွဲချော်မှုများနှင့် ဆုံရမည်သာ ဖြစ်၏။

မည်သို့ပင်ဆိုစေကာမူ မိမိယဉ်ကျေးမှုနယ်ပယ် အတွင်းမှပင် စံနမူနာယူထိုက်သော တော်လေးဝဝင် ဇနီး ကောင်း၊ ခင်ပွန်းကောင်းတို့၏ အကျင့်သီလစရိုက်များကို စံနမူနာယူ၍ မွေးဖွားလာကြမည့် သားသမီးရတနာကလေး များကို သင်ကြားလေ့ကျင့်ပေးခြင်းဖြင့် ယဉ်ကျေးမှုနယ်ပယ် လှပလာမည်သာ ဖြစ်ပါသည်။

ရေကျော်စိုးအောင်



www.burmeseclassic.com

www.burmeseclassic.com

# ချစ်သူဇနီးမောင်နှံ သစ္စာခိုင်မြဲကြည်လင်အောင် ကိန္နရာ ကိန္နရီဆောင်



■ ဂမ္ဘီရဆရာလှမျိုး(B.Sc)

မြန်မာ့ရိုးရာ လောကီပညာရပ်တွင် အဆောင် အမျိုးမျိုးရှိပါသည်။ အဆောင်များကို ခွဲခြားလေ့လာပါက စီးပွားရေးလာဘ်လာဘအဆောင်၊ ခရီးသွား အဆောင်၊ ကျန်းမာရေးအဆောင်၊ အချစ်ရေး,အိမ်ထောင်ရေးအဆောင် စသည်ဖြင့် အကြောင်းအရာအလိုက် ခွဲခြားသတ်မှတ်ထားကြပါသည်။ ယခု စာရေးသူ ရေးသားတင်ပြမည့် အကြောင်းအရာမှာ အချစ်ရေး၊ အိမ်ထောင်ရေး သစ္စာခိုင်မြဲတည်ကြည်အောင်၊ တစ်ဦးနှင့်တစ်ဦး နှစ်သက်မြတ်နိုးကြည်လင်အောင် ကိန္နရာ ကိန္နရီအကြောင်း ဖြစ်ပါသည်။

မင်္ဂလာခန်းမအချို့တွင် ကိန္နရာ ကိန္နရီပုံ ချိတ်ဆွဲထားတာ တွေ့မြင်ရသလို အိမ်ထောင်ရေး သာယာခိုင်မြဲနေသော ချစ်ဇနီးမောင်နှံအချို့တွင်လည်း အိပ်ခန်း၊ ဧည့်ခန်းမှာ ကိန္နရာကိန္နရီပုံ ကပ်ထား၊ လှပတင့်တယ်အောင်ထားတာ တွေ့မြင်ရပါသည်။ အချို့လည်း မြန်မာ့ယဉ်ကျေးမှုပုံအဖြစ် ဧည့်ခန်းမှာ အလှပုံအဖြစ်ထားကြသည်။

ဦးစွာပထမ ကိန္နရာ ကိန္နရီဟူသော ပါဠိအဓိပ္ပာယ်ကို ရှင်းပြလိုပါသည်။ အဓိပ္ပာယ်မှာ "ကိံ-အဘယ်နည်း၊ နရာ-လူလောနတ်လော"ဟူ၍ ဖြစ်ပါသည်။ လူလား၊ နတ်လားဟု ယုံမှားလောက်ဖွယ်ရာ လူတို့အသွင်ကို ဆောင်လျက် ရှိခြင်းကြောင့် ကိန္နရာ ကိန္နရီ မည်သည်ဟူ၏။

ကိန္နရာမှာ ယောကျ်ား(အဖို)၊ ကိန္နရီမှာ မိန်းမ(အမ)ဖြစ်ပါသည်။ ကိန္နရာ ယောကျ်ား(အထီး)၊ ကိန္နရီ မိန်းမ(အမ)ဟု ဆိုလိုခြင်းဖြစ်သည်။ ကိန္နရာ အမျိုးအစားများကို လေ့လာပါကလည်း ဒေဝကိန္နရာ၊ စန္ဒကိန္နရာ၊ ဒုမကိန္နရာ၊ ဒဏ္ဍမာဏဝိကာ ကိန္နရာ၊ ဂေါ်ဒ္ဓိသဏဏကိန္နရာ၊ ကဏ္ဍပါဝုရဏကိန္နရာ၊ အဿမုခိကိန္နရာ၊ နာရီပုပ္ဖကိန္နရာ စသည်ဖြင့် (၈)မျိုးရှိပါသည်။

စာပေကျမ်းဂန် အဆိုအမိန့်များအရ ကိန္နရာ ကိန္နရီတို့၏ ပုံသဏ္ဌာန်မှာ -

(၁) ငှက်ကိုယ် လူခေါင်း



www.burmeseclassic.com

www.burmeseclassic.com

(၂) လူကိုယ် မြင်းခေါင်း

(၃) မြင်းကိုယ် လူခေါင်းဟူ၍ သုံးမျိုးခွဲခြားနိုင်ပြီး လူလိုလို၊ နတ်လိုလို၊ တိရစ္ဆာန်လိုလို သတ္တဝါအထူးအဆန်း ဖြစ်သည်။

ကိန္နရာတို့သည် မဇ္ဈိမဒေသ ဟိမဝန္တာတောကြီးအတွင်း၌လည်းကောင်း၊ ယင်းနှင့်စပ်သည့် တောကြီးများ၌လည်းကောင်း နေထိုင်ကြသည်ဟု ဇာတ်တော်များ၌ ဖော်ပြထားသည်။

ကိန္နရာကိန္နရီတို့သည် မြစ်၊ ချောင်း၊ ရေကန်စသည်တို့၌ မြူးထူးပျော်ရွှင်လေ့ရှိကြကြောင်း စာပေသမိုင်းများအရ သိရှိရသည်။ ကယားတို့ဌာနီ ငွေတောင်ပြည်ပဟောင်းတွင် ကိန္နရာတို့ ပျော်မြူးခဲ့ရာ ဒွေးမယ်နော်ကန်ဟု ယနေ့တိုင် တည်ရှိနေ၏။ ထို့ပြင် မြန်မာပြည်တန်ခိုးကြီးဘုရားတစ်ဆူ အပါအဝင်ဖြစ်သည့် မြတ်မော်တင် ဘုရားအနီးတွင်လည်း "နတ်ကန်"ဟု ခေါ်တွင်ကြသည့် ရေကန်တစ်ခုတည်ရှိနေသေး၏။ ကိန္နရာ ကိန္နရီတို့သည် ပန်းပွင့်များကို စားသောက်သုံးဆောင်ကြကြောင်း အပါဒါန်ပါဠိတော်အဋ္ဌကထာများတွင် ဖော်ပြထားသည်။ ကိန္နရာ ကိန္နရီနှင့် ပတ်သက်၍ စိတ်ဝင်စားစရာ အကြောင်းအရာများစွာကို ဖတ်မှတ်လေ့လာရပါသည်။ စာပေဗိမာန်စာမူဆုရ ကိန္နရာ ကိန္နရီ စာအုပ်တွင် အတော်အတန် ပြည့်စုံပါသည်။ ရေးသားပြုစုသူမှာ စိတြဖြစ်သည်။

ကိန္နရာ ကိန္နရီသည် အချစ်ရေး၊ အိမ်ထောင်ရေးနှင့် မည်သို့ဆက်စပ်နေသည်ကိုလည်း လေ့လာတင်ပြလိုပါသည်။ ဘလ္လာထိယဇာတ်တွင် ဗာရာဏသီမင်း ဘလ္လာတိယ(ဘုရားလောင်း)သည် သမင်သားစားလိုသဖြင့် ဗာရာဏသီပြည်ကို မင်းမှူးမတ်တို့အား အပ်နှံပြီး ကိုယ်တိုင် တောထွက်တော်မူ၏။ ဂန္ဓမာတောင်သို့အရောက်တွင် တစ်ခုသော မြစ်ကမ်းနား၌ ကိန္နရာဖို (ကောသလမင်း)နှင့် ကိန္နရီမ(မလ္လိကာမိဖုရား)တို့ တစ်ဦးနှင့်တစ်ဦး ပွေ့ဖက်လျက် ရှိုက်ကြီးတငင် ငိုကြွေးနေသည်ကို မြင်ရ၏။

အနီးသို့ကပ်ပြီးလျှင် ငိုကြွေးခြင်းအကြောင်းကို မေးကြည့်သည်။ ကိန္နရီမက မိုးသည်းထန်စွာ ရွာသွန်းနေစဉ် မြစ်ကမ်းတစ်ဖက်သို့ ကိန္နရာဖို ကူးသွားသည်။ ကိန္နရီမမှာ ပန်းခူးနေသဖြင့် တစ်ဖက်ကမ်း၌ ကျန်ရစ်ခဲ့သည်။ ရေစီးပြင်းထန်လာသဖြင့် မြစ်ကိုမကူးနိုင်ဘဲ တစ်ညဉ့်မျှ ခွဲခွာနေကြရသည်။ နောက်တစ်နေ့နံနက် ရေလျော့ကျတော့မှပင် မြစ်ကိုကူးပြီး တစ်ဦးနှင့်တစ်ဦး ပြန်လည်တွေ့ကြပြီး ငိုကြွေးခဲ့ကြသည်။ ထိုသို့ ငိုကြွေးခဲ့ကြသည်မှာ အနှစ်တစ်ထောင်ပြည့်ရန် သုံးရာမျှသာ လိုတော့သည် စသည်ဖြင့် ပြောကြားရာ "တိရစ္ဆာန်ဖြစ်ကုန်သော ဤကိန္နရာတို့သည် တစ်ညဉ့်မျှ ကွဲကွင်း၍ နေကြရသဖြင့် နှစ်ပေါင်းခုနစ်ရာခန့် ငိုကြွေးကြကုန်၏။ ငါ၏ပြည်ကိုစွန့်ခဲ့သည်မှာ မှားလေစွ"ဟု နောင်တရပြီး ဗာရာဏသီပြည်သို့ ပြန်ခဲ့တော့၏။

ဤသလ္လာတိယဇာတ်ကို ကောသလမင်းကြီးနှင့် မလ္လိကာမိဖုရားကြီးတို့ အငြင်းအခုန်ဖြစ်ပြီး မလ္လိကာမိဖုရားအား အမျက်ထွက်၍ မကြည့်မရှု ဖြစ်နေသည်ကို မြတ်စွာဘုရား သိမြင်တော်မူသဖြင့် နန်းတော်သို့ ကြွရောက်ကာ အတိတ်ကိုဆောင်၍ ဟောတော်မူခြင်းဖြစ်သည်။

ယခင် ကိန္နရာကိန္နရီဘဝက နှစ်ဦးအတူ သေမကွာ ရှင်မကွဲ မခွဲမခွာနေခဲ့ကြပြီးမှ ယခုအခါ စကားမပြော၊ ချစ်ဇော်ပျက်ပြယ် အမျက်တွယ်နေခြင်းမှာ မသင့်လျော်ကြောင်း ဟောကြားတော်မူရာ တရားတော်၌ နှစ်သက်ကြည်လင် ချစ်ချစ်ခင်ခင် သင့်မြတ်ခဲ့ရ၏။

ဤသည်ကို အထောက်အထား အမှတ်အသားပြု၍ ဇနီးမောင်နှံ တစ်ဦးနှင့်တစ်ဦး မခွဲမခွာ အိုအောင်မင်းအောင် ပေါင်းသင်းနိုင်ကြစေရန် ကိန္နရာ ကိန္နရီ စုံတွဲကို ဆောင်ထားသင့်ပါသည်။

ကိန္နရာတွင် ကျားအမည်၊ ဓာတ်ပုံကပ်၊ ကိန္နရီတွင် မအမည်(ဇနီးအမည်)၊ ဓာတ်ပုံကပ် ဆောင်ထားသင့်ပါသည်။ ကိန္နရာကိန္နရီဟူသည် တနင်္လာအစ၊ ဗုဒ္ဓဟူး(ရာဟု)အဆုံး ဖြစ်နေ၍ အောင်ပ–ကုလား (၂+၄) မိတ်ဓာတ်–ကိုရှာ(၂+၈) အိမ်ထောင်ဖက်တို့လည်း မိနေပါသည်။ ယုံကြည်စွာ ဆောင်ထားသင့်ပါသည်။ အထူးသဖြင့် မိန်းမ(အချို့သမီး)များ ဆောင်ထားသင့်ပါသည်။ အဘယ်ကြောင့်ဆိုသော် စာရေးသူထံရောက်လာသော



www.burmeseclassic.com

www.burmeseclassic.com

အသက် ၃၀၊ ၄၀၊ ၅၀ ကျော် အရွယ်မျိုးစုံတို့မှာ အိမ်ထောင်ဖက်ယောကျ်ားၡ၏ သစ္စာဖောက်၊ အငယ်အနှောင်းကိစ္စ ပြဿနာတွေ များနေသောကြောင့် ဖြစ်ပါသည်။

ကိန္နရာ ကိန္နရီပုံပေါ်တွင် ဇနီးမောင်နှံ မွေးနံ၊ စုံတွဲဓာတ်ပုံ အဆင်ပြေသလို ကပ်ထားနိုင်သည်။ ထို့ကြောင့် သလ္လာတိယပျို့နိဂုံး(ခ)၌ ...

"မယွန်းသစ္စာ၊ ကိန္နရာတို့၊ ကြင်နာစုံမက်၊ တစ်သွေးတွက်ကြောင့်၊ သက်ခုနစ်ရာ၊ ပူဆာမိန်းပြတ်၊ ငိုအားသတ်သား၊ မိန့်လွှာသံနက်၊ နှုတ်ရွှေထွက်ကို၊ အချက်ကျကျ၊ အရအမိ၊ နှိုင်းရှိဆင်ခြင်၊ မော်ကွန်းတင်ရှင့်၊ သောင်းပြင်ဇမ္ဗူ၊ မိတ်ဆုံသူတို့၊ သည့်တူနိုးနိုး၊ နည်းယူခိုးလျက်၊ ချစ်ကြိုးမပြတ်၊ တင့်တင့်ပတ်၍၊ ကြင်ပြတ်လေးကြစေသတည်း"ဟု ဆန္ဒမွန်ပြုခဲ့၏။

သလ္လာတိယဇာတ်တော်သည် လင်နှင့်မယား စိတ်ထားကြည်ဖြူ အတုယူနိုင်ရေးအတွက် တစ်ဖက်တစ်လမ်းမှ စွမ်းဆောင်ပေးနေသည့် ပြည်သူ့အကျိုးပြုဇာတ်ဖြစ်၏။ ချစ်မေတ္တာဇာတ်လမ်းတွင် ဂန္ထဝင်တွင်ခဲ့သော အဖြစ်အပျက်တစ်ခု ဖြစ်၏။

အချစ်နှင့်ပတ်သက်၍ 'စန္ဒကိန္နရာဇာတ်'ကို ညွှန်းဆိုရပေမည်။ အချစ်နှင့်ပတ်သက်လာလျှင် စံထား၍ ပြောကြသည့်ဇာတ်ဖြစ်သည်။

စန္ဒာမည်သော ငွေတောင်၌နေသည့် စန္ဒာအမည်ရှိ ကိန္နရီမ(ယသော်ဓရာ)နှင့် စန္ဒကိန္နရာ(ဘုရားလောင်း)တို့သည် နွေရာသီရောက်သည့်အခါတွင် ကောင်းကင်မှ ဆင်းသက်ပြီး ပျော်ရွှင်ကခုန် သီဆိုနေလေ့ရှိကြ၏။ ကိန္နရာက ဝါးလုံးကိုတီးခေါက်သီဆိုသည်ကို ကိန္နရီမက မြူးမြူးကြွကြွကာ၏။

ဗာရာဏသီမင်း(ဒေဝဒတ်) တောလိုက်ထွက်လာရာ ကိန္နရီမောင်နှံ မြူးထူးပျော်ရွှင် ချစ်ခင်နေကြပုံကို မြင်တွေ့ရသဖြင့် စန္ဒကိန္နရီမအပေါ် တပ်မက်စိတ်များဖြစ်ပေါ်လာ၏။ "သူ့မယားလိုချင် သူ့လင်လုံနှင့်ထိုး" ဆိုရိုးရှိသည့်အတိုင်း ဗာရာဏသီမင်းက စန္ဒကိန္နရာအား မြားဖြင့်ပစ်လိုက်၏။ စန္ဒကိန္နရာမှာ သွေးအိုင်ထဲ လဲကျသွားရသည်။ ထိုအခါ ဗာရာဏသီမင်းက မျက်နှာချိုသွေး၍ စန္ဒကိန္နရီပျို၏အနီးသို့ကပ်ပြီး နေပြည်တော်သို့ခေါ်ဆောင်ကာ မိဖုရားမြှောက်မည့်အကြောင်း ဖျောင်းဖျပြောဆို၏။ သို့သော်လည်း ချစ်လင်မှတစ်ပါး အခြားသောသူများကို စိတ်ကူးထဲသို့ပင် မထည့်ကြောင်း ပြောဆိုရာ ဗာရာဏသီမင်းကြီးမှာ အမျက်တော်ရှကာ "ဟယ် သစ်ရွက်ကိုစားသော ကိန္နရီမ၊ သင့်ကို ငါအလိုမရှိပြီ။ သွားလေတော့"ဟုဆိုကာ လွတ်ငြိမ်းချမ်းသာခွင့် ပေးရလေတော့သည်။

စန္ဒကိန္နရီမကသစ္စာဆိုသဖြင့် သိကြားမင်း(အနုရုဒ္ဓါ) ရောက်ရှိလာပြီး နတ်ရေစဥ်ပက်ဖျန်းရာ စန္ဒကိန္နရာမှာ မြားဆိပ်ပြယ်ပြီး အသက်ရှင်ခဲ့ရ၏။

ထို့ကြောင့် မန်လည်ဆရာတော်ဘုရားကြီးက မဃဒေဝလင်္ကာ၌ "သစ္စာနှုတ်သီး၊ မန္တန်ကြီးကား၊ သေပြီးသော်မှ၊ ရှင်ပြန်ရ၏"ဟု သစ္စာ၏အာနိသင် ထက်မြက်ပုံကို ရေးဖွဲ့စပ်ဆိုတော်မူခဲ့၏။ ကိန္နရာကိန္နရီတို့ကား တစ်ဦးနှင့်တစ်ဦး သစ္စာမဖောက်၊ မေတ္တာမပျက် ချစ်သဒ္ဒါဆက်၍ အချစ်ကမ္ဘာတွင် နှစ်အကြာရှည်ဆုံး ပေါင်းဖက်နိုင်ကြသည့် မြင့်နန်းသူ ကိန္နရာတို့ပေတည်း။

ကိန္နရာ ကိန္နရီ ဆောင်ထားသူတိုင်း အချစ်ရေး အဆင်ပြေစေသည်ဟု ရာနှုန်းပြည့် မဆိုနိုင်သော်လည်း အများအားဖြင့် တိုက်ဆိုင်မှု ရှိနေပါသည်။ ယုံကြည်စွာ ဆောင်ထားသင့်ပါသည်။ အဓိကမှာ နှစ်ပုံတွဲ ဆောင်ထားဖို့လိုပါသည်။ ကိန္နရီမတစ်ဦးတည်း လွမ်းခန်းဖွင့်နေပုံကိုတော့ ဆောင်မထားသင့်ပေ။ ကိန္နရာ ကိန္နရီသည် တိုင်းရင်းသားတို့လည်း စိတ်ဝင်စားကြသည်။ မြန်မာ့ယဥ်ကျေးမှုနှင့် အနုပညာကိုလည်း ဖော်ပြထားပါသည်။ မြန်မာတိုင်းရင်းသားတို့လည်း ကိန္နရာ ကိန္နရီကို ယုံကြည်ကြသလို အာရှတစ်လွှားမှ ကိန္နရီအကမှာလည်း စိတ်ဝင်စားဖွယ်ကောင်းလှပါသည်။ အာရှနိုင်ငံသားများလည်း ယုံကြည်စွာ ဆောင်ထားလေ့ရှိကြပါသည်။ အိမ်ထောင်မှု အချစ်ရေးရာ ခိုင်မြဲတည်ကြည်အောင် ကိန္နရာ ကိန္နရီပုံကို ဆောင်ထားကြပါဟု အကြံပြုလိုက်ရပါသည်။

ဂမ္ဘီရဆရာလှမျိုး(**B.Sc**)



www.burmeseclassic.com

www.burmeseclassic.com




### ချစ်ပန်းပွင့်

# ချစ်မေတ္တာ သစ္စာတရား

(ကျေးဇူးတော်ရှင် ဆရာသခင်မြတ်အား ဦးထိပ်မှာ ပန်ဆင်အပ်ပါသည်။)

သုံးလူ့ထွတ်ထား . . . ရှင်တော်ဂေါတမ ဗုဒ္ဓမြတ်စွာဘုရားသည် ချစ်ခြင်းမေတ္တာ မဟာကရုဏာတော်ကြီးမားလှသည်ဖြစ်၍ လောကီလူသားတို့အား ရင်ဝယ်သားခဲ့သို့ အကြင်နာတရားပွားများစွာဖြင့် ဆင်းရဲကင်းရာ ချမ်းသာအမှန်၊ ပြည်ရွှေနိဗ္ဗာန်သို့ ကိုယ်တွေ့စံစားစေကြောင်း သစ္စာရေလောင်းကာ ဓမ္မစကြာတရားတော်မြတ်ကို ဟောကြားတော်မူခဲ့ပေသည်။

သည်မှဆင့်ပွား သာသနာတော်မြတ်အား ဦးထိပ်ထား၍ ရထားဉာဏ်မွေ၊ ဖြန့်ဝေသစ္စာ၊ အောင်ကြောင်းဖြာစေလိုသော ဆန္ဒတော်တို့ဖြင့် သာသနာတစ်ဝက် ပေါ်ထွက်ခဲ့လေသော တရား



www.burmeseclassic.com

www.burmeseclassic.com

မင်းဆက်များ ပီသစွာ ပဲ့ပြားမပါ၊ နိုင်မာသစ္စာ၊ ရင်မှာသံနှက်၊ ချစ်ပန္နက်ထူ၊ စိုက်လှူကြိုးပမ်း၊ ဉာဏ်ရှင်လန်း၊ သာသနာ့ဝန်ထမ်း ပီသကြပါပေသည်။

သစ္စာတော်ရှင် ဆရာသခင်၊ ဦးထိပ်မှာတင်ထား၍ သာသနာအကျိုးသယ်ပိုးသည်မှ ရသည့်ဉာဏ်မွေ၊ ထွန်းတင့်စေကြောင်း။ ထပ်လောင်းသဒ္ဓါ၊ သီလဖြာဝေ၊ ရင်မှာသမာဓိတွေနှင့် ပညာဉာဏ်ရှိလေ၍ မြတ်စွာဘုရားမှ ဟောကြားနာယူ ဆုံးမတော်မူခဲ့သည့် သာသနာတော်အသိမှ မြတ်သည့်ပမာ ဆောင်ယူလာသော တရားမှန်တရားစစ်၊ သည်အချစ်၊ သည်သစ္စာဆိုသည်မှာ...

**အချစ်** ဆိုရာဝယ်၊ ကိလေသာမတွယ်၊ အတ္တဖယ်၍၊ ပစ်ပယ်ကိုယ်ကျိုး၊ ဉာဏ်မည့်ိုးရလေအောင်၊ လမ်းပြဆောင်သည့် အသစ်အသစ်သော သတ္တိများ။

**မေတ္တာ** ဟူသည် ပူသည်မရှိ၊ အေးငြိမ်းဘိသည်၊ ပြန်လည်ရယူ၊ မငြူစူသော၊ ကြည်သောသဘော၊ မနောဘဝင်၊ သန့်စင်ထွန်းတောက်၊ အစွမ်းရောက်လေအောင်၊ လမ်းပြဆောင်သည့်၊ ဉာဏ်မျက်စိ၏ စွမ်းအင်များ။

**သစ္စာ** တရား၊ ရင်ဝယ်ထားက၊ ချစ်သဒ္ဓါပွား၊ လှည့်စားငြိုငြင် မထင်လေပါ၊ မြင်ပါကြည့်ပါ ရှုလှည့်ပါ၊ သည်မှာစွဲမြဲ ငွဲအသည်းနှင့်၊ ဖျစ်ညှစ်ကြည်ဖြူ၊ သက်ပေးလှူနိုင်၊ မြဲမလှိုင်၊ စွဲနိုင်ယိုင်ပါး ပဲ့ပြားမဖြစ်၊ အချစ်စစ်၏ စွမ်းပကား။

ပုထုဇဉ်တို့၌ မမြဲသော ရုပ်နာမ်တည်သလို ပုထုဇဉ်တို့၏ ရုပ်နှင့်နာမ်သည် ဖြစ်ပြီးပျက်နေသော သဘာဝတရားများ ဖြစ်လေ၏။ သို့ဖြစ်ပေ၍ ပုထုဇဉ်တို့၌ ဖြစ်ပေါ်နေသော တစ်ဦးပေါ်တစ်ဦး ထားဖူးလေသည့် ချစ်မေတ္တာ၊ သစ္စာတို့သည်လည်း ဖြစ်ပြီးပျက်လွယ်လေ၏။ တစ်ဦးနှင့်တစ်ဦး မည်မျှပင် ချစ်မေတ္တာ၊ သစ္စာတွေ ထားကြသော်လည်း အတ္တနှင့် ယှဉ်လာသည့်အခါတွင် "ကမ္ဘာမီးလောင် သားကောင်ချနင်း" စကားရင်းဖြင့် သစ္စာသွေဖည် ချစ်မေတ္တာတွေ ပြယ်ကြရလေကုန်သည်။ အကြောင်းမူကား ပုထုဇဉ်တို့၏ ချစ်မေတ္တာ၊ သစ္စာတို့သည် ကိလေသာမီး လောင်ငြိုးနေ၍ ဖြစ်ပါသည်။ ကိလေသာငြိတွယ်၍ သံယောဇဉ်ထားရာမှ သမုဒယသစ္စာ အခြေခံ၍ ချစ်ခဲ့သည့်ကြောင့် ဒုက္ခသစ္စာ ကြုံလာသည့်အခါတွင် အတ္တယှဉ်ကာ ချစ်မရ မုန်းကြရလေသည်။ သည်မှာတွင် သစ္စာတွေလည်း မခိုင်မမြဲနိုင်တော့ပါ။

အရိယာတို့သည်ကား စိတ်ချုပ်ဉာဏ်မြင် စွမ်းအားရှင်များပီပီ မြတ်စွာဘုရားရှင်၏ တရားတော်စစ်လာအတိုင်း ကျင့်ကြံကြသည်။ ဆုံးမနာယူကြသည်ဖြစ်၍ ပုထုဇဉ်တို့ ခင်တွယ်လေသော မိမိရုပ်နာမ်ကို မခင်တွယ်၊ မြေဝယ်မကျ ဆုံးမနာယူ၊ သာသနာတော်အား ပေးလှူထားသည်ကြောင့် ရုပ်နာမ်နှင့် ပတ်သက်သမျှ အတ္တဟူကမြူတစ်စမျှ မကျန်အောင်၊ အမှန်ကိုဆောင်ထား၊ ဉာဏ်ပွားရှုသတ်၊ မပြတ်လပ်သည်ဖြစ်၍ ချစ်မေတ္တာသစ္စာတရားတို့၌ ကိလေသာကင်းစင်၍ အပူမီးငြိမ်းအေးလေ၏။

အရိယာတို့၏ ချစ်မေတ္တာတွင် ကိုယ်ကျိုးမပါ၊ မိမိရုပ်နာမ်အား လျှစ်လျူရှုထား၍ တစ်ဦးတစ်ယောက်၊ မြတ်စွာဘုရား၏ သစ္စာတရားကို ရင်မှာထားလိုသည်၊ နိဗ္ဗာန်ဝင် ချမ်းသာမြင်လိုသည်(ဉာဏ်မျက်စိဖြင့်)ဆိုပါက မိမိရုပ်နာမ်ကို လိုအပ်လျှင် ကျောပြင်ကိုလမ်းထင်ကာ လျှောက်ကာလှမ်း၊ နောက်များသည်ဖြစ်အင်၊ နောင်တတွေဝင်၊ ကျေးဇူးရှင် ပြစ်တင်မှားမိတာကြောင့် ကျေးဇူးတင်၊ ဆပ်လျှင် ကျေရပါကြောင်း။ ဆင့်လောင်း၍ သဒ္ဓါတိုး၊ အားကိုးရသီလဖြာ၊ သမာဓိမှာနိုင်မာ၊ ဉာဏ်ပညာပြည့်လေပြီ၊ ဆပ်မဝသည့်တန်ဖိုး၊ တိုးလို့သာပင်။

ဤသို့လျှင် မြင့်မြတ်သော ပမာဆောင်လေသည့် အရိယာတို့၏ ချစ်မေတ္တာသစ္စာတရားတွေကို မျက်ဝါးထင်ထင် မြင်တွေ့လာရသည့်အခါ ဟိုး..ယခင် မြတ်ဘုရားရှင် လက်ထက်တော်က ချစ်မေတ္တာသဒ္ဓါမိုး သွန်းဖြိုးရွာသစ္စာထားလေသည့် ကိန္နရာကိန္နရီ၊ ချစ်လှသည့် မောင်နှံဖြစ်အင်ကို လှမ်းမြင်လာ၊ ယှဉ်ကာတွေး၊ ရေးရေးပြေးမြင်ယောင်မိသည်ကြောင့်၊ ပုထုဇဉ်အချစ်မှာဖြင့် ရာဇဝင်တွင်ကာ စာဖွဲ့ရေးလောက်အောင် ချစ်မေတ္တာတိုးကာပွား၊ သစ္စာတရားအရာမှာ စံတင်လောက်ကာ၊ တစ်ညတာခွဲရတာကြောင့်၊ ဆွေးနှောင့်ပူဇျာ၊ ကူလှည့်ပါကွယ်၊ လွမ်းဝေဒနာအသည်း၊ လူးလဲကာ ဖြေမရှင်တာမို့၊ ချစ်လို့ဖြင့် မဝနိုင်ပြီ၊ သံသရာဆုံးတိုင်အောင်၊ မုန်းနိုင်ပေါင်၊ ချစ်သဒ္ဓါတိုးလေသည်၊ သစ္စာတည်ခိုင်စေကြောင်း။ ထပ်

www.burmeseclassic.com

လောင်းဆုရည်၊ အတည်တေ မေတ္တာတရားတွေနဲ့ အချစ်ဖွဲ့ကဗျာ သစ္စာထားသော်လည်း၊ ပုထုဇဉ်မေတ္တာတရားတွေမို့၊ ဘဝခြားသည်နှင့် ခိုင်မတည် ပျက်ပြယ်သွားရသည့်၊ ဂန္ထဝင်အချစ်ပလ္လင်၊ သူ့ရဲကောင်းတွေရဲ့ သည်ဖြစ်အင်၊ တွေးမိမြင် မရှင်နှလုံး။

စွမ်းအားရှင် အရိယာများတွေက၊ စိတ်ချုပ်ကာ ဉာဏ်မြင်၊ ဉာဏ်ပိုင်ရှင် စွမ်းအင်တိုးပွားတာမို့ သုံးပါးကာလ မြင်ရဖို့ ဖန်လေပြီ၊ နှောင်သွေဖည်၊ ချစ်သဒ္ဓါတရားတွေ ပျက်ကာသွားပေမယ့်၊ သံသရာသည်အဆုံးမှာဖြင့်၊ မောင့်ဖုန်းမေတ္တာတွေကြောင့်၊ မြတ်နိုးချစ်ကြင်၊ သဒ္ဓါဝင်၊ သီလတိုးသည်မို့ သမာဓိဝင်၊ ပညာရည်စို့ရလေပြီ၊ တိုးမဝချစ်သဒ္ဓါ၊ မေတ္တာရည် ပြည့်ကာဖြိုး၊ သစ္စာမိုးရွာလေပြီ။ အနာဂတ်တွင် ကံထပ်လျှင် ဉာဏ်ရည်တိုး၊ မေတ္တာအိုးအတူ၊ ပွေ့ကာပေးလှူရအောင်၊ ကိန္နရာမောင်သိစေကြောင်း။ ပြန်ပြောင်းသက်သေတင်။ လှစ်ဟကာ ဖွင့်လှာသဘော၊ စောကြောအပြစ်မဝင်၊ သစ္စာပင်စိုက်သူက၊ အရိယာပင်ဖြစ်သည်ကြောင့်၊ စိုးနှောင့်ဗျာပူ၊ မယုံသည်းအူ မယူစေကြောင်း။ ဆင့်လောင်း မေတ္တာတရားတွေနဲ့ သစ္စာထား စာတင်ပါပြီ၊ သံသရာသည် အဆုံးမှာဖြင့်၊ သစ္စာအပြုံးတွေနဲ့၊ ချစ်သဒ္ဓါဆုံအံ့မထင်။

ကိန္နရာ ကိန္နရီတို့၏ စံတင်လောက်သည့်အချစ်၊ ဂန္ထဝင်မြောက်သည့် အချစ်ပေမယ့်၊ ပုထုဇဉ်အချစ်မျိုးတွေမို့၊ ဘဝခြားသည်နှင့် ပျက်ပြယ်ခဲ့ကြရလေသည်။

အကယ်၍များ အဆိုပါ ကိန္နရာ၊ ကိန္နရီတို့သည် ချစ်သစ္စာမှာ မှန်ကန်စွာဖြင့် ကံပါရမီ ဆင့်ကာပွားတာမို့ နောက်ဆုံးဘဝသံသရာမှာ ပြန်လည်ကာဆုံလာတွေ့ရင်ဖြင့် သည်သို့လျှင် အပြစ်မဝင် သစ္စာပန်းကံထူးတွေနဲ့၊ မပျက်ဘူးချစ်သဒ္ဓါဖူးတွေဝင့်ကာ၊ နိဗ္ဗာန်နန်းမှာ ချမ်းသာအမှန်၊ အတူစံဝင်ရပါကြောင်း၊ ထပ်လောင်းမေတ္တာရည်၊ အတည်တေ ဘဝများရယ်က။ ထားဖူးသည့် သစ္စာဦးသခင်၊ ကိန္နရာအရှင် အသွင်ထူးရယ်နဲ့ မြတ်နိုးချစ်ကြင်၊ စံတင်လောက်သည့် ဂန္ထဝင်မြောက် အချစ်ရယ်ကြောင့်၊ ဂိုးနှောင့်ဗျာပွေ၊ အပူမီးဖြာဝေသီ၊ သစ္စာတွေ-တည်စေကြောင်း၊ ထပ်လောင်းဆုရည်ခဲ့ပါသော်လည်း ပုထုဇဉ်ပါရမီ နည်းသေးတာမို့၊ ပျက်ဖို့ဖြစ်ရ ပုထုဇဉ်သမားတွေမို့ ဘဝခြားလွန်ဝေးကွာ၊ နှစ်တစ်ရာမက မနီးလှသည်၊ ထောင်ချီကာနှစ်တွေပြောင်း။ အပေါင်းမှအသစ်၊ တစ်ချစ်မှတစ်ချစ် လှစ်ဟကာ ကွာစေကြောင်း၊ မပေါင်းဖြစ်ခဲ့ပြီ။

ခုတော့လေ သစ္စာရည် အမှန်တည်ပြီထင့်၊ အတည်တေ သည်နှစ်တွေက ချစ်သဒ္ဓါရည်ဆုခြွေကာ တောင်းခဲ့တာမို့၊ သာသနာပွင့်လို့ ချိန်ခါတင့်ခဲ့ပြီ၊ နိဗ္ဗာန်ရွှေပြည် စံရစေကြောင်း၊ ဆုတောင်းခါခါ ရည်ခဲ့တာကြောင့်၊ စိုးနှောင့်ဗျာပွေ မပွေနိုင့်ဘု၊ တောင်းဆုကပြည့်ခဲ့ပြီ။ ကိန္နရီသည်အချစ်တွေဖြင့်၊ ဖွင့်လှစ်၍ ပြောနိုင်ပြီ၊ သစ္စာတည် ခိုင်ပြီမောင်ဘုရား။ ကြောက်အားမပိုတော့ပြီ၊ မေတ္တာကြည် အရိယာဖြစ်ပြီမို့၊ နိဗ္ဗာန်ရွှေပြည် အတူလှမ်းရပြီ၊ လွမ်းလှပြီ၊ ချမ်းလှပြီ၊ ပြောရန်မလိုတော့ပြီမို့၊ ချမ်းသာပြီ၊ မြန်းကြာမမီ ရွှမ်းရွှမ်းရည် ဉာဏ်ကြည်ကာတောက်၊ ပြည့်မောက်သည့် သည်ပါရမီ၊ ဖုန်းမောင့်ရဲ့ မေတ္တာရည်၊ ချစ်သဒ္ဓါတည် အောင်စေကြောင်း။ သစ္စာရည်ခါခါ လောင်း၍ တောင်းဆုတွေချီ။

ချစ်ဆုံးရေ၊ ကမ္ဘာမြေသဉ်းတော့၊ တွေ့နိုင်ပေါင် လွမ်းထောင်ရာဖြစ်၊ သည်သနစ်က လွတ်ခဲ့ပြီ သစ္စာတည် မေတ္တာရည်စစ်တာမို့ သံသယတို့ လွင့်ကာစင်၊ ချစ်သဒ္ဓါဝင်၊ ရွှေစင်နှမကိုဖြင့်၊ လှမ်းလင့်လို့ ကမ်းကာကြို၊ မြတ်နိုးကြည်စင်စွာ၊ သည်ကမ္ဘာသာစေကြောင်း၊ စပေါင်း၍ ပေးကာလှူ၊ ရပ်နာမ်တူ သည်အဖြစ်ကြောင်းကိုက၊ နှစ်တစ်သောင်းရယ်မှ ချစ်ကြောင်းသက်သေတင်၊ ထားသခင်၊ သည်သနစ်ဟောင်းကိုဖြင့် ကမ်းဆင့်၍ သိစေကြောင်း၊ ထပ်လောင်း၍ ဆုပန်တင်၊ နိဗ္ဗာန်ဝင် တူယှဉ်တွဲရပြီမို့၊ ပျော်စို့တူတူ၊ ချစ်ကြည်သူ မောင်ဘုရားကိုလ၊ ချစ်ရသည်မဝတာကြောင့်၊ မရောင့်သည် မေတ္တာရည်ခါခါလောင်း။ အရိယာသစ္စာအပေါင်း ခညောင်းစေသော်ဝ်။

"ချစ်မေတ္တာသစ္စာတရားကို
ရင်ဝယ်သားလို
ပိုက်ကာထွေးမြတ်လေးမှုပိုင်မို့
မတူနိုင် ပြိုင်စရာမတွေးပါနဲ့
တူနိုင်မှ ယှဉ်ပါလေး"


မေတ္တာ၊ ကရုဏာ၊ သစ္စာတို့ဖြင့်

**ချစ်ပန်းပွင့်**



www.burmeseclassic.com

www.burmeseclassic.com



# အာဘာဆရာကြီး နှင့် မဏိမေခလာ

မောင်လင်းသစ်

တစ်နေ့သ၌ ကျွန်ုပ်သည် လွန်စွာ ပျင်းစရာကောင်းသော ဝတ္ထုစာအုပ်တစ်အုပ်ကို ဖတ်နေရင်း အိပ်ပျော်သွားမိလေသည်။ ထိုအချိန်တွင် ကျွန်ုပ်ထံသို့ လွန်စွာ ကတ်သီးကတ်ဖဲ့နိုင်၍ ခွတီးခွကျ ပြောတတ်သော ဒေါ်နေကြည်ဦးဆိုသည့် ကျောင်းဆရာမတစ်ဦး ရောက်လာလေတော့၏။ ထိုကျောင်းဆရာမသည် ကျွန်ုပ်နှင့်အတူတကွ သင်တန်းဆင်းခဲ့သော ဆရာမဖြစ်ပြီး၊ အလုပ်စတင်ဝင်ရောက်ခဲ့သည့် ကျောင်းမှာလည်း အတူတူပင်ဖြစ်၏။ ထို့ကြောင့် ထိုဆရာမအကြောင်းကို ကောင်းစွာ သိခဲ့လေသည်။

www.burmeseclassic.com

ပင်ကိုစိတ်ရင်း ကောင်းသော်လည်း လွန်စွာ ခွတီးခွကျပြောတတ်သဖြင့် အခြားသော ဆရာ၊ ဆရာမများနှင့် မကြာခဏဆိုသလို ပြဿနာတက်တတ်လေ၏။ ကျွန်ုပ်နှင့်ကား လွန်စွာမှ ရင်းနှီး၍ ပြောမနာ၊ ဆိုမနာ ဖြစ်နေလေတော့၏။ ထိုဆရာမသည် ကျွန်ုပ်၏ ကျောကုန်းအား ဖြန်းခနဲမြည်အောင် ရိုက်လိုက်ပြီး . . .

"အောင်မယ်လေးတော်၊ ကုလားသေ ကုလားမော အိပ်နေလိုက်တာ။ ကျုပ်သာ သတ်မယ့်လူဆိုရင် ရှင်ကြီးသေတာ ကြာလုပြီ"

ဟု အသံပြကြီးနှင့် အော်လိုက်လေ၏။ ကျွန်ုပ်မှာ လန့်ဖျပ်သွားပြီး ပြူးပြဲကြည့်လိုက်တော့မှ ထိုဆရာမဖြစ်နေသည်ကို တွေ့ရလေ၏။ ထိုအခါ ကျွန်ုပ်သည် . . .

"ဟဲ့ . . . မယ်အနှောက်၊ နင်ဘာလာရှုပ်ပြန်ပြီလဲ။ ငါအိပ်နေရင် နှောင့်ယှက်တာလောက် စိတ်ဆိုတာ ဘာမှမရှိဘူးဆိုတာ နင်သိတယ်နော်။ ငါစိတ်တိုလာရင် နင်မလွယ်ဘူး"

"အောင်မလေးတော် . . ပြဿနာရှာရဲရင် ရှာကြည့်ပါလား။ အမျိုးသမီးရေးရာနဲ့တွေ့သွားမယ်၊ ဘာအောက်မေ့နေလဲ"

"နင့်ကိုလည်း ပိုင်နက်ကျူးလွန်မှုနဲ့ဖမ်းချုပ်လိုက်မယ်၊ ဘာအောက်မေ့လဲ"

ဟူ၍ အားမနာတမ်း ပြောဆိုနေမိလေ၏။ ထိုဆရာမသည် ကျွန်ုပ်နှင့်တွေ့တိုင်း ကျွန်ုပ်ပြုလုပ်ရမည့် အရာများကို ရပ်တန့်စေကာ သူဖြစ်ချင်တာများကို အကူအညီတောင်းတတ်လေ၏။ ယုတ်စွအဆုံး ကျွန်ုပ်ဗိုက်ပြဿနာတက်နေစဉ်မှာပင် ကိစ္စဖြတ်၍ သူ့အားကူညီစရာရှိက လိုက်ကူညီရလေသည်။ ထို့ကြောင့် သူသည် ကျွန်ုပ်အတွက် ကြီးစွာသော အနှောင့်အယှက်ပင် ဖြစ်သည်။ ထို့ကြောင့် သူ၏ မူလနာမည်နေကြည်ဦးကို မခေါ်ဘဲ အနှောက်ဟူသာ နာမည်ပေးထားလေတော့၏။ ထိုအနှောက်ဟူသော ဆရာမသည် ဖြစ်ရပ်မှန် စုံထောက်မဂ္ဂဇင်းစာအုပ်ကိုင်၍ -

"ဒီမှာ ဆရာ့စာမူ ဖတ်လိုက်ရတယ်။ ဆရာဝန်စုံထောက်နဲ့ နေလိုလလို မိန်းကလေး ဟုတ်လား။ မသိရင် ဆရာကြီးမင်းသိခ် ရေးထားသလားအောက်မေ့ရတယ်။ ဖတ်လို့အတော်ကောင်းတာပဲ"

ဟူ၍ ပြုံးသလို၊ မဲ့သလို ပြောလေတော့၏။ ၎င်း၏ဆိုလိုရင်းကို ကျွန်ုပ်ကောင်းကောင်းသိလေသည်။ ကျွန်ုပ်၏ စာမူသည် အဘဆရာကြီးမင်းသိခ်၏ စာမူများကို ဤ-သည်-၍ မလွဲ ကူးချထားသည်ဟု ပြောလိုခြင်းဖြစ်သည်။ ထိုအခါ ကျွန်ုပ်သည် မိမိချစ်ခင်လေးစားရသောသူ၏ အမူအကျင့်၊ ဓလေ့စရိုက်များကို ပုံစံယူ လိုက်လုပ်ကြသည်မှာ လူ့သဘာဝပင်ဖြစ်ကြောင်း၊ မိမိသည်လည်း အဘဆရာကြီးကို လွန်စွာအလေးထားသဖြင့် ရေးဟန်များတူသွားသည်ဖြစ်ကြောင်း ပြန်ပြောရလေ၏။ ထို့နောက် ကျွန်ုပ်ထံသို့ မည်သည့်အတွက်ကြောင့် ရောက်လာရသနည်းဟု မေးလိုက်လေရာ အနှီ ဆရာမသည်

"ဆရာတို့ပဲ အေးတယ်။ စာလေးရေးလိုက်၊ ဗေဒင်လေးဟောလိုက်၊ ကျောင်းသားတွေကို စာသင်လိုက်နဲ့ ဟန်ကိုကျလို့။ ကျွန်မတို့များ ရတဲ့လခအပြင် အခြားဝင်ငွေလေးတွေရှိတာတောင် မလောက်ချင်ဘူး။ ဝင်သမျှငွေတွေကလည်း အကြွေးတွေဆပ်နေရတယ်။ ဒါလည်း ကြွေးတွေက မကျေသေးဘူး။ အခုလည်း အကြီးကောင်ကြီးက မိန်းမခိုးလာလို့ မင်္ဂလာဆောင်ပေးရဦးမယ်။ သားလတ် ဆယ်တန်းဖြေထားတဲ့ကောင်လေးက အခု ရန်ဖြစ်လို့ အချုပ်ထဲရောက်နေတယ်။ သမီးငယ် ရှစ်တန်းကောင်မလေးကလည်း . . . ကျန်းမာရေးက မကောင်းဘူး။ ဒီကြားထဲ အိမ်က ဟိုဟာကြီးက အရည်လေးတမြမြနဲ့ စမောလည်း ဆွဲနေတယ်လို့ကြားတယ်။ ကျောင်းအုပ်ကြီးအခေါ်အဝင်

"ခင်ဗျားကိုမေးရဦးမယ်။ မဟာဇနက္ကမင်းသား
ပင်လယ်ထဲမှာ သင်္ဘောပျက်တော့
ဘယ်သူကယ်လဲ"
"ကြယ်ငါးပွင့်သင်္ဘောကြီးနဲ့တွေ့လို့
ကယ်လိုက်တယ်လေ"



www.burmeseclassic.com

www.burmeseclassic.com

> “ဆရာ့ယတြာကိုလုပ်ပြီး နှစ်ပတ်အကြာမှာ နူဘိုင်းရောက်နေတဲ့ မောင်လေးက အစ်မထံကို ငွေဆယ်သိန်းပို့လိုက်တယ်တော့။ ကျွန်မကိုတော့ မေခလာ ကယ်တာမဟုတ်ဘူး ဆရာရေ။ မောင်ခလာကယ်တာ၊ မောင်ခလာကယ်တာ”

အားလုံးနဲ့ အဆင်မပြေဖြစ်နေတယ်။ ဒီလကုန်ရင်လည်း အိမ်ရှင်က ပြောင်းခိုင်းနေပြီ။ နောက်အိမ်လည်း မရှာရသေးသလို၊ နောက်ထပ် စပေါ်တင်စရာလည်း မရှိဘူးဖြစ်နေတယ်။ ကျွန်မမှာ မယ်ပဋာမီးဝိုင်းလို့ ဇနက္ကသင်္ဘောပျက်သလို ဒုက္ခတွေ ပင်လယ်ဝေနေတော့တာပါပဲ”

ဟု သူ၏ အခက်အခဲများကို ညည်းညူပြောလေတော့၏။ ထိုအခါ ကျွန်ုပ်က သူ့အား -

“နင်က ငါ့လို အေးအေးဆေးဆေးမနေဘဲ လင်ယူသားမွေးလုပ်တာကိုး။ ငါတို့ဘဝဆိုရင် ကြည့်စမ်း။ ဘယ်လောက်အေးချမ်းလဲ”

ဟု နောက်ပြောင်လိုက်လေ၏။

ထိုအခါ သူမသည် ညှိုးရော်နေသော အခြေအနေမှ ချက်ချင်းပင် ကျားသစ်မလေးအသွင်ပြောင်းကာ ဆတ်ဆတ်ထိမခံဘဲ -

“အောင်မယ်လေး…ဆရာရယ်၊ အကြောင်းသိတွေများ။ ဆရာ ဟိုတုန်းက လုပ်အားပေး ဆရာမလေးကို အတင်းလိုက်ကြိုက်တာ၊ ဟိုကပြန်မကြိုက်လို့ မဟုတ်လား။ ချစ်သူက ပစ်ခဲ့လို့ အသည်းကွဲပြီး ကျန်ခဲ့လို့ အဖြစ်မရှိတဲ့ လူကများ ဓာတ်သိကို ကပ်ဖိချင်သေးတယ်”

ဟု ပြန်ပြောလေရာ ကျွန်ုပ်မှာ ဟားတိုက်၍ ရယ်မိလေတော့၏။ ထို့နောက် ၎င်းကို ဗေဒင်တွက်ပေးရလေတော့၏။ ထိုဆရာမသည် စနေသက်ရောက်ဖြစ်နေပြီး၊ မွေးနံမှာ နိစ်ကြီးနေရာသို့ ရောက်နေလေတော့၏။ ထိုအခါ ကျွန်ုပ်သည် စနေသက်ရောက်၏အဟောများကို ဟောပြပြီးနောက်…

“ဟဲ့…ဒီမှာ အနှောက်၊ နင့်သက်ရောက်က စနေသက်ရောက်လို့ခေါ်တယ်။ ဒီသက်ရောက်ကို ငါတို့ရဲ့ အဘဆရာကြီးမင်းသိခ်ရဲ့ အဟောမှာတော့ လွန်စွာဒုက္ခရောက်ရတယ်တဲ့။ ဘယ်လောက်တောင် ဒုက္ခရောက်ရသလဲဆိုရင် မဟာဇနက္ကမင်းသား ပင်လယ်သမုဒ္ဒရာအတွင်းမှာ သင်္ဘောပျက်သလိုပဲတဲ့”

“ဟုတ်ပါတယ် ဆရာရယ်။ ဒီဒုက္ခပင်လယ်အတွင်းက လွတ်ချင်လို့ ဆရာ့ဆီ အကူအညီတောင်းတာပေါ့။ ဆရာတတ်ထားတဲ့ ပညာတွေနဲ့ ကူညီပါဦး။ ကျွန်မကို ကယ်ပါဦး”

ဟု ပြောလေတော့၏။

ထိုအခါ ကျွန်ုပ်သည် သူမအား ယတြာမပေးမီ အဘဆရာကြီး မင်းသိခ်၏ မနောမယ လက်ဆောင်ပေါင်းချုပ်စာအုပ်တွင်ပါသော ပျားစွဲသောမုတ်ဆိတ် ဓာတ်ဘိသိက်ယတြာအကြောင်းကို ရှင်းပြလိုက်လေ၏။

ထို့နောက်…

“ခင်ဗျားကိုမေးရဦးမယ်။ မဟာဇနက္ကမင်းသား ပင်လယ်ထဲမှာ သင်္ဘောပျက်တော့ ဘယ်သူကယ်လဲ”

“ကြယ်ငါးပွင့်သင်္ဘောကြီးနဲ့တွေ့လို့ ကယ်လိုက်တယ်လေ”

“မနောက်နဲ့၊ ငါစိတ်တိုလာပြီနော်။ ဒါ နင့်အတွက်ယတြာပေးမလို့ အကောင်းမေးတာ၊ ကောင်းကောင်းဖြေ။ ဘယ်သူကယ်လဲ”

“မေခလာနတ်သမီး”

“ဟုတ်တယ်။ အခုလည်း ခင်ဗျားကို ဒုက္ခပင်လယ်ထဲက မေခလာကယ်အောင် ဓာတ်ဆင်ရမယ်”

“ဘယ်လိုဓာတ်ဆင်ရမှာလဲ”

“ပင်လယ်ပြင်မှာ မဟာဇနက္ကကို မေခလာနတ်သမီး ပွေ့ချီထားတဲ့ပုံကို ပန်းချီဆရာကို အပ်လိုက်”

“လုပ်ပြီ…။ ဒုက္ခရောက်နေလို့ ဗေဒင်မေးပါတယ်။ ငွေကုန်ပေါက်ကို ရှာကြံပြီး ယတြာပေးရလား။ ပန်းချီဆွဲရင် လက်ခက သေးတာမဟုတ်ဘူး။ ပန်းချီဆရာ နာမည်ကြီးရင် ကြီးသလောက်ပေးရတာ ဆရာရဲ့။ ငွေသိပ်မကုန်ဘဲနဲ့ အစွမ်းထက်တဲ့ နည်းလေးဘာလေးပေးပါ”

“ဒါက လွယ်ပါတယ်။ ကျုပ်ပြောတာ ဆုံးအောင်နားထောင်ပါဦး ဒေါ်ယံ

www.burmeseclassic.com

www.burmeseclassic.com

နောက်ရဲ့ လွန်ခဲ့တဲ့ သုံးလေးလက ရောင်ပြန်မဂ္ဂဇင်း အပေါင်းကိုရှာ၊ မျက်နှာဖုံးက ဘုန်းရှင်ကံရှင်လို့ ရေးထားတယ်။ အဲဒါ ဇနက္ကကို မေခလာကယ်နေတဲ့ပုံပဲ။ အဲဒီပုံကို ကွန်ပျူတာဆိုင်ကို ယူသွား။ ခင်ဗျားရဲ့ လိုင်စင်ဓာတ်ပုံပါ ယူသွား။ ဟိုရောက်ရင် ဇနက္ကခေါင်းနေရာမှာ ခင်ဗျားခေါင်းကို ကွန်ပျူတာနဲ့ ပြောင်းတပ်လိုက်။ အောက်မှာလည်း ဒီစာတန်းကို ရေးခိုင်းလိုက်ဦး။ ရလာရင် မွေးနေ့နံနက် ၉း၄၅ ကျရင် အိမ်ရဲ့ ထင်သာမြင်သာတဲ့ နေရာမှာချိတ်"

ဟုဆိုကာ အောက်ပါစာတန်းလေးကို ရေးပြလိုက်လေသည်။

"အင်္ဂါနေ့သမီး ဒေါ်နေကြည်ဦးအား ဒုက္ခပင်လယ်အတွင်းမှ မဏိမေခလာ ကယ်လေပြီ"

ထို့နောက် ၎င်းသည် ကျွန်ုပ်အား ဤသို့ အတွန့်တက်လေတော့၏။

"ဆရာ . . . မဏိမေခလာကယ်တာ မဟာဇနက္ကလေ။ မဟာဇနက္က ဆိုတာလည်း ယောက်ျားကြီးလေ။ ကျွန်မက မိန်းမလေ။ ကျွန်မကို မေခလာကယ်ပါ့မလား"

"ဒါဓာတ်ဆင်တာပဲ့။ မိန်းမ မကလို့ အခြောက်ကြီးဆိုရင်တောင် ကယ်တယ်။ မယုံကြည်ရင် မလုပ်နဲ့"

ဟု ဒေါ်နဲ့မောနဲ့ ပြောမိလေတော့၏။ ထိုအခါ ၎င်းသည် အပိုးမသေသော မျက်နှာထားဖြင့် -

"ဆရာကလည်း ဒေါသကြီးပဲ။ ယုံပါတယ်။ ယုံလို့ သယ်န်းကျွန်းကနေ မြောက်ဥက္ကလာကို လာမေးရတာ။ သေချာအောင်တော့ မေးကြည့်ရတာပေါ့။ ဒါနဲ့ အိမ်ကလူတွေလည်း ကျွန်မလို သက်ရောက်ဖြစ်ရင် ဒီလိုလုပ်လို့ရလား"

"ရတယ်"

"ဒါဆိုရင်တော့ ခုနစ်ရက်သားသမီးတွေ ကျွန်မလို သက်ရောက်ဖြစ်မယ့် နှစ်တွေကို တွက်ပေးလိုက်ပေတော့။ ဒါမှ ဘာနေ့သား၊ အသက်ဘယ်လောက်မှာ ဒီယတြာလုပ်ရမယ်ဆိုတာ သိရမယ်"

ဟု ပြောလေရာ ကျွန်ုပ်သည် အရန်သင့်တွက်ချက်ထားသော စာရွက်ကလေးကို ထုတ်ပေးလိုက်လေ၏။ ထိုအခါ ဉာဏ်ပူဇော်ခကိုတော့ လက်နှင့်မှ ယူပါဟုဆိုပြီး ကော့လန်ကော့လန်ဖြင့် ပြန်သွားလေတော့၏။ ထိုသို့ပြန်သွားပြီး တစ်လခန့်အကြာတွင် . . . အနောက်သည် ကျွန်ုပ်ထံသို့ ပြန်ရောက်လာပြန်၏။ ထိုအခါ အခြေအနေ ဘာထူးလဲဟု မေးကြည့်လေရာ -

"ဆရာ့ယတြာကိုလုပ်ပြီး နှစ်ပတ်အကြာမှာ ဒူဘိုင်းရောက်နေတဲ့ မောင်လေးက အစ်မထံကို ငွေဆယ်သိန်းပို့လိုက်တယ်တော့။ ကျွန်မကိုတော့ မေခလာ ကယ်တာမဟုတ်ဘူး ဆရာရေ။ မောင်ခလာကယ်တာ၊ မောင်ခလာကယ်တာ"

ဟု ဆိုပြီး ဒိတ်လွန်နေသော အိုဗာတင်းတစ်ဘူးဖြင့် ကန်တော့ကာ လိန်ဖယ်၊ လိန်ဖယ်နှင့် ထွက်သွားလေတော့သတည်း။

ဤအသက်ပိုင်းသည် သင့်အတွက် အလွန်ဒုက္ခများစေသည့် စနေသက်ရောက်ပင် ဖြစ်သည်။

**တနင်္ဂနွေသားသမီး**

၅၊ ၁၃၊ ၂၁၊ ၂၉၊ ၃၇၊ ၄၅၊ ၅၃၊ ၆၁၊ ၆၉၊ ၇၇၊ ၈၅၊ ၉၃

**တနင်္လာသားသမီး**

၄၊ ၁၂၊ ၂၀၊ ၂၈၊ ၃၆၊ ၄၄၊ ၅၂၊ ၆၀၊ ၆၈၊ ၇၆၊ ၈၄၊ ၉၂

**အင်္ဂါသားသမီး**

၃၊ ၁၁၊ ၁၉၊ ၂၇၊ ၃၅၊ ၄၃၊ ၅၁၊ ၅၉၊ ၆၇၊ ၇၅၊ ၈၃၊ ၉၁

**ဗုဒ္ဓဟူးသားသမီး**

၂၊ ၁၀၊ ၁၈၊ ၂၆၊ ၃၄၊ ၄၂၊ ၅၀၊ ၅၈၊ ၆၆၊ ၇၄၊ ၈၂၊ ၉၀

**ကြာသပတေးသားသမီး**

၈၊ ၁၆၊ ၂၄၊ ၃၂၊ ၄၀၊ ၄၈၊ ၅၆၊ ၆၄၊ ၇၂၊ ၈၀၊ ၈၈၊ ၉၆

**သောကြာသားသမီး**

၆၊ ၁၄၊ ၂၂၊ ၃၀၊ ၃၈၊ ၄၆၊ ၅၄၊ ၆၂၊ ၇၀၊ ၇၈၊ ၈၆၊ ၉၄

**စနေသားသမီး**

၁၊ ၉၊ ၁၇၊ ၂၅၊ ၃၃၊ ၄၁၊ ၄၉၊ ၅၇၊ ၆၅၊ ၇၃၊ ၈၁၊ ၈၉

**ရာဟုသားသမီး**

၇၊ ၁၅၊ ၂၃၊ ၃၁၊ ၃၉၊ ၄၇၊ ၅၅၊ ၆၃၊ ၇၁၊ ၇၉၊ ၈၇၊ ၉၅

**မောင်လင်းသစ်**




www.burmeseclassic.com

www.burmeseclassic.com

# ခြေရာတော်ပင် ဆက်ဆိုင်

## ကျော်သူ

ကျွန်တော်တို့ ဗုဒ္ဓဘာသာ မြန်မာလူမျိုးများအနေဖြင့် ဗုဒ္ဓ၏ ခြေတော်ရာ၊ မိခင်၏ ခြေတော်ရာ ဟူ၍ အထွဋ်အမြတ်ထားကာ ဦးခိုက်ပူဇော်တတ်ကြလေသည်။ ဗုဒ္ဓ၏ ခြေတော်ရာ မိခင် ဖခင်တို့၏ ခြေရာတို့အား ဆောင်ထားခြင်းဖြင့် အန္တရာယ်ကင်းအေးကင်းစွာဖြင့် သွားလမ်းလာလမ်းဖြောင့်၍ အကြံအစည် ဟူသမျှအား အနှောင့်အယှက်ကင်းစွာဖြင့် အောင်မြင်နိုင်ကြသည် ဟူ၍လည်း ယုံကြည်ထားကြသည်။ ကျွန်တော့်အနေနှင့်မူကား မြတ်ဗုဒ္ဓ၏ ခြေတော်ရာ မိခင် ဖခင်တို့၏ ခြေရာများအပြင် ကျွန်တော်၏ နှလုံးသားထက်တွင် သေ[illegible]ပါသွားမည့် ခြေရာတစ်စုံ ရှိခဲ့သည်။ ထိုခြေရာသည်ကား ကျေးဇူးတော်ရှင် ရွှေပေါက်ကံတောရဆရာတော်ကြီး သစ္စမွှေတောတိကဓေ ဘဒ္ဒန္တ သောမာစာရ၏ ခြေရာတော်ပင် ဖြစ်တော့သည်။



ကျွန်တော်သည် ၁၉၈၄-ခုနှစ်မှ ၂၀၀၇ စက်တင်ဘာလအထိ အနုပညာလောကတွင် ကျင်လည်ခဲ့ရင်း မူးရစ်သောက်စားခြင်းများ ရှိခဲ့သည်။ တစ်ခါတစ်ရံတွင် ကြမ်းတမ်းခက်ထန်သည်။ တစ်ခါတစ်ရံတွင် လူချစ်လူခင် ပေါများသည်။ တစ်ခါတစ်ရံတွင်မူကား အပေါင်းအသင်း ကင်းမဲ့သည်။ ထိုထိုသော မတည်ငြိမ်လှသည့် ယမကာ၏ လက်ချက်ကြောင့် ဆေးရုံသို့ အကြိမ်ကြိမ် ရောက်ခဲ့ရသည်။ အလုပ်အကိုင်များလည်း ပျက်ပြားခဲ့ရသည်။ ဇနီးနှင့် သားသမီး မျက်နှာငယ်ခဲ့ရသလို မိတ်ဆွေမျိုးများလည်း လူကြားထဲ မျက်နှာမပြဝံ့ခဲ့ရချေ။


ထို အကြောင်းအရာများအား ကျွန်တော် သိသည်။ သို့သော် ကျွန်တော်၏ စွဲလန်းမှုအား ကျွန်တော် ဖြတ်တောက်၍ မရနိုင်ခဲ့ချေ။ နည်းလမ်းပေါင်းစုံဖြင့် ဖြတ်တောက်ရန် ကြိုးစားခဲ့သည်။ ထိုယမကာအရက်အား ကျွန်တော် မဖြတ်နိုင်ခဲ့ချေ။ အရက်ကို ကျွန်တော် သောက်သည်မဟုတ်၊ ကျွန်တော့်အား အရက်က ပြန်သောက်နေပြီဖြစ်သည်။

၂၀၀၇ စက်တင်ဘာလ သံဃာ့အရေးအခင်းနောက်ပိုင်း ကျွန်တော် အဖမ်းခံခဲ့ရပြီးနောက် ပြန်လည်လွတ်မြောက်လာခဲ့သည်။ အနုပညာလုပ်ငန်းများ ရပ်ဆိုင်းခံလိုက်ရသည်။ ထို့ကြောင့် ကျွန်တော် စိတ်ညစ်ညစ်ဖြင့် နေ့စဉ်လိုလို ယမကာ မှီဝဲလျက်ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



ရွှေပေါက်ပင် ဆရာတော်ကြီး၏ ခြေဖဝါးတော်

၂၀၀၇-ခုနှစ်တွင် ကျွန်တော်၏ နာရေးကူညီမှုအသင်း(ရန်ကုန်)၏ သင်းလုံးကျွတ် အစည်းအဝေးတွင် ကျွန်တော့်အား ဥက္ကဋ္ဌအဖြစ် တာဝန်ပေးခြင်းခံခဲ့ရသည်။ ထိုအချိန်တွင် ကျွန်တော် အတွေးတစ်ခု ဝင်လာမိသည်။ ထိုအရာကား လူမှုရေး ပရဟိတ တည်းဟူသော ဒုက္ခရောက်နေသော ပြည်သူလူထုတို့အား ကူညီဖေးမပေးမည့် သူတော်ကောင်းလမ်းစဉ်အား လိုက်နာကျင့်သုံးကြရမည့် လူငယ်လူရွယ်များ၏ ရှေ့ဆောင်လမ်းပြ ခေါင်းဆောင်တစ်ယောက်အနေဖြင့် အဖက်ဖက်တွင် "စံပြ" ပုဂ္ဂိုလ်ဖြစ်ရန် အရေးကြီးလှပေသည်။ ထို့ကြောင့် ကျွန်တော် အရက်ကိုဖြတ်မှ ဖြစ်တော့မည်။ ကျွန်တော် ကြိုးစားသည်။ သို့သော် မရခဲ့ပါချေ။

တစ်နေ့သောအခါတွင် ကျွန်တော်၏ ကျေးဇူးရှင် ဆရာကြီးမင်းသိခ်၏ "ဖြတ်ခနဲပေါ် ဆတ်ခနဲလုပ်" ဟူသော စကားရပ်အား သတိရမိတော့သည်။ ထိုကဲ့သို့သော မကောင်းမှုလုပ်ရပ်အား မိမိအနေဖြင့် ဆက်လက်လုပ်ရန် မသင့်တော်ကြောင်း မိမိ၏စိတ်ထဲတွင် "ဖြတ်ခနဲ" ပေါ်လာသည်။ သို့သော် "ဆတ်ခနဲ" ကောင်းမှုပြုလုပ်ရန် မိမိ၏ စိတ်အလျဉ်တို့ လွန်ဆွဲနေခဲ့သည်။ ထိုအချိန်တွင် ကျွန်တော်တို့အသင်းတွင် လုပ်အားပေးနေသော ကင်မရာဆရာ ဦးသက်မွန်(TV)မှ ကျွန်တော့်အား စကားတစ်ခွန်း ပြောလာသည်။ ရွှေပေါက်ပင် ဆရာတော်ကြီး ရွှေတိဂုံဘုရား တောင်ဘက်မုခ်က အင်းလေးဓမ္မာရုံမှာ ရောက်နေတယ်ဟူ၍ ဖြစ်တော့သည်။ ထိုအခါ ကျွန်တော်သည် ယခင်ဘဝအဆက်ဆက်မှ သိရှိတော်စပ်ခဲ့သော ပဋ္ဌာန်းဆက်ဆရာသမားတစ်ပါးအား ပြန်လည်တွေ့ဆုံ ဖူးတွေ့ခွင့် ရရှိတော့မှာပါလားဟူ၍ စိတ်ထဲတွင် ဖြစ်ပေါ်လာကာ မဆိုင်းမတွ ချက်ချင်းပင် အင်းလေးဓမ္မာရုံသို့သွားကာ ဆရာတော်ကြီးအား တွေ့ဆုံဖူးမြော်ခဲ့သည်။

ဆရာတော်ကြီးသည် ကျွန်တော့်အား ပြုံးရောင်သန်းသောမျက်နှာဖြင့် စူးစိုက်ကြည့်ရှုကာ "မင်းဆီမှာရှိတဲ့ မကောင်းတဲ့အရာတွေကို ထုတ်ပစ်ရမယ်" ဟု မိန့်ကာ ကျွန်တော့်အား အနားသို့ ကပ်လာရန်နှင့် ကျွန်တော်နှင့် ပါလာသော သူငယ်ချင်းဖြစ်သူအား ကျွန်တော်၏ နောက်ကျောကို ရှေ့သို့တွန်းထားစေရန် မိန့်ကာ ကျွန်တော်၏ ဝမ်းဗိုက်နှင့် နှလုံးသားနေရာသို့ ဆရာတော်၏ ခြေဖဝါးအစုံဖြင့် တွန်းဖိလေတော့သည်။ ထိုအချိန်တွင် မိနစ်ပိုင်းအတွင်း ကျွန်တော်၏ ခန္ဓာကိုယ်တစ်ခုလုံး တုန်တုန်ရီရီဖြစ်ကာ ချွေးသီးချွေးပေါက်များ ထွက်လာပြီး တစ်ကိုယ်လုံး အပူငွေ့များ ပြင်ပသို့ လွင့်စဉ်ကုန်ကြသည်။ ထိုအချိန်က ဆရာတော်ကြီး၏ လက်သုံးတော် တောင်ဝှေးနှင့် ကြေးစည်ထုသော သစ်သားဘု မပါ၍ ကျွန်တော့်အား "ခြေဖဝါး" ဖြင့် ကုသပေးခြင်း ဖြစ်သည်ဟု သိရှိခဲ့ရသည်။ ထို့ပြင် ကျွန်တော် ဝတ်ဆင်ထားသော လည်ကတုံး ရှပ်အင်္ကျီအဖြူ၏ ရင်ဘတ်တွင် ထင်ကျန်ခဲ့သော ဆရာတော်ကြီး၏ ခြေရာအား ဆရာတော်ကြီးမှ "မင်း ဒီအင်္ကျီကို မလျှော်နဲ့ မဆေးပစ်နဲ့ ဒီအတိုင်း ပြန်ဝတ်သွား" ဟူ၍ မိန့်လေသည်။ ထို့နောက် ကျွန်တော့်အား "မင်းဘဝပြောင်းဖို့ အချိန်ကျပြီ၊ ရှေ့တစ်ပတ် ပြည်မြို့ ရွှေပေါက်ပင်ကျောင်းမှာ သင်္ကန်းသတ်လွှတ် ဆွမ်းလောင်းပွဲ ရှိတယ်၊ အဲဒီနေ့မှာ မင်းဘဝပြောင်းရတော့မယ်၊ ဘဝသစ်၊ စိတ်သစ်၊ လူသစ်နဲ့

www.burmeseclassic.com

အများအကျိုးကို ခေါင်းဆောင်ကောင်းတစ်ယောက်အနေနဲ့ သယ်ပိုးပေးဖို့ အချိန်ကျပြီ" ဟူ၍ မိန့်ကြားလေတော့သည်။

ထိုသက်သတ်လွတ် ဆွမ်းလောင်းပွဲနေ့၌ပင် ကျွန်တော် လူ့ဘဝမှ သာသနာ့ဘောင်သို့ ရောက်ရှိသွားပါတော့သည်။ ထိုစဉ်အခါက ကျွန်တော့်နောက်ကို ရဲထောက်လှမ်းရေးများ တောက်လျှောက်လိုက်နေချိန်ဖြစ်၍ ကျွန်တော်သည် ဦးပဥ္စင်းဘဝဖြင့် သင်္ကန်းရုံထားသော်လည်း တရားဘာဝနာ ကျင့်ကြံအားထုတ်ရန် အနှောင့်အယှက်သဖွယ် ဖြစ်နေတော့သည်။ ရဲထောက်လှမ်းရေးများကြောင့် အခက်အခဲ အနှောင့်အယှက် ဖြစ်သဖြင့် ဆရာတော်ကြီးအား ခွင့်ပန်ကာ ရန်ကုန်မြို့သို့ သင်္ကန်းဝတ်ဖြင့် ထွက်ခဲ့တော့သည်။

ထိုစဉ်အခါက ကျွန်တော်၏ မွန်မြတ်လှသော သာသနာ့ဘောင်သို့ ဝင်ရောက်ခြင်းကြောင့်ပေလား၊ ဆရာတော်ကြီး၏ မေတ္တာကြောင့်ပေလား၊ ဆရာတော်ကြီးမှ ကျွန်တော့်အား စောင့်ရှောက်ရန် ထည့်ပေးလိုက်သော သူတော်စင်ပုဂ္ဂိုလ်များကြောင့်ပေလားမသိ၊ ကျွန်တော် ထွက်ခွာသွားခြင်းကို ရဲထောက်လှမ်းရေးများ ချက်ချင်းမသိလိုက်ကြပေ။ ထို့အပြင် ရန်ကုန်သို့ ရောက်ရှိသောအခါ ဦးပဥ္စင်းဘဝဖြင့် တစ်ပါးတည်း သီတင်းသုံးနေရာတွင် ကျွန်တော် နေထိုင်သီတင်းသုံးရာ ဘုန်းကြီးကျောင်းတွင်လည်း ကျွန်တော့်ဘေးတွင် အဖော်တစ်ယောက် ရှိနေကြောင်း၊ ကျွန်တော့်အားလည်း မြင်လိုက် မမြင်လိုက် ဖြစ်နေကြောင်း၊ သူတို့၏ သတင်းပေးသံများ ကြားခဲ့ရသူ ကျွန်တော်၏ အသိမိတ်ဆွေများမှ ပြောပြ၍ သိရှိခဲ့ရတော့သည်။ ထိုအချိန်မှစ၍ ကျွန်တော်သည် ရွှေပေါက်ပင် ဆရာတော်ကြီး ချမှတ်ပေးသော တရားဘာဝနာ အဓိဋ္ဌာန်ကျင့်စဉ် အားထုတ်မှုများကို အဓိဋ္ဌာန်မပျက် ဆောင်ရွက်ရင်း ပရဟိတနယ်ပယ်တွင် ကျင်လည်ခဲ့လေတော့သည်။

ထို့အပြင် ဘဝတစ်ပါးသို့ ပြောင်းသွားပြီး မကျွတ်မလွတ် ဖြစ်နေကြသော သူတို့အတွက်လည်း အကျွတ်အလွတ် ကျင့်စဉ်များ ကျင့်ကြံအားထုတ် အမျှပေးဝေခြင်း မေတ္တာအစဉ် ပို့သပေးခြင်းတို့ကြောင့် ထူးခြားလှသည့် အတွေ့အကြုံများလည်း များစွာအံ့မခန်း တွေ့ကြုံခဲ့ရသည်မှာ (၆)နှစ်သာကာလသို့ ရောက်ရှိလာပြီ ဖြစ်တော့သည်။

ထိုအချိန်မှစ၍ ဆရာကြီးမင်းသိခ်၏ "ဖြုပ်ခနဲပေါ် ဆတ်ခနဲလုပ်" ဟူသော စကားအား ကျွန်တော် အကောင်အထည်ဖော်ဆောင်နိုင်သွားပြီ ဖြစ်တော့သည်။ မကောင်းမှု အကုသိုလ်လုပ်ငန်းများအား ဖြတ်ခနဲ သိလိုက်သည့်အချိန်မှစ၍ ကောင်းမှုကုသိုလ်လုပ်ငန်းများအား ဆတ်ခနဲ ကူးပြောင်းနိုင်ခဲ့ပြီ ဖြစ်သည်။ ကျွန်တော့်နည်းတူ ရွှေပေါက်ပင်ဆရာတော်ကြီးထံတွင် ကျင့်ကြံအားထုတ်မှုများ ပြုလုပ်နေဆဲဖြစ်သည်ကို ကျွန်တော် မျက်မြင်တွေ့ရှိခဲ့ရသည်။ မကောင်းမှုနွံထဲမှ ရုန်းထွက်နိုင်သော သူတော်ကောင်း သူတော်စင်များ အဖြစ်လည်း ကျွန်တော် တွေ့မြင်ခဲ့ရသည်။ ယခု သာသနာပြုပုဂ္ဂိုလ်ကြီးတစ်ဦး ဖြစ်သူပါလား။

ယခုအချိန်တွင် ကျွန်တော်သည် အခက်အခဲများစွာကို ရဲရင့်စွာဖြင့် သစ္စာဆို၍ ကျော်ဖြတ်နိုင်သူတစ်ယောက် ဖြစ်ခဲ့ပြီ ဖြစ်သည်။ ကျွန်တော် ဦးဆောင်ပေးဆပ်လာခဲ့သော နာရေးကူညီမှုအသင်း(ရန်ကုန်)သည်လည်း အများပြည်သူတို့နှင့် ကမ္ဘာ့နိုင်ငံများက သိရှိလာခဲ့ပေပြီ။ မြန်မာပြည်တွင်လည်း အနယ်နယ်အရပ်ရပ်တွင် ကျွန်တော်တို့အသင်းအား အားကျဂုဏ်ယူ၍ ကိုယ်ထူကိုယ်ထ ပရဟိတအသင်းများ ပေါ်ပေါက်လာခဲ့သည်။ ထိုထိုသော ကောင်းမှုအကျိုးဆက်၏ အကြောင်းတရားသည်ကား ကျွန်တော်၏ နှလုံးသားထက်ဝယ် သေရာပါ တံဆိပ်ခတ်နှိပ်လိုက်သော ကျေးဇူးတော်ရှင် ပြည်မြို့ ရွှေပေါက်ပင်တောရ ဆရာတော်ကြီး၏ ခြေဖဝါးမှ အစပြုခဲ့ခြင်းဟုဆိုလျှင် မများတော့ချေ။

(ကျေးဇူးတော်ရှင်ဆရာတော်ကြီး သဒ္ဓမ္မ ဇောတိကဓဇ ဘဒ္ဒန္တသောမာစာရ၏ ရွှေပေါက်ပင်တောရကျောင်းတိုက် တည်ထောင်ခြင်း ၂၅ နှစ်ပြည့် ငွေရတု မင်္ဂလာနေ့မြတ်အတွက် ဆရာတော်၏ ခြေတော်ရင်းဝယ် ရိုသေဝပ်တွားစွာဖြင့် ဦးခိုက်ပူဇော်သည့် ကိုယ်တွေ့ဖြစ်ရပ်မှန်ပင် ဖြစ်တော့သည်။)

---

ကျော်သူ(နာရေးကူညီမှုအသင်း ဥက္ကဋ္ဌ)

www.burmeseclassic.com

www.burmeseclassic.com

## ပြည်မြို့ နဝဒေးနယ်မြေ ရွှေပေါက်ပင်တောရကျောင်းတိုက်

## ပဓာန နာယကဆရာတော် ဘဒ္ဒန္တသောမာစာရ၏

# ဝိဇ္ဇာကျင့်စဉ်

ဤကျင့်စဉ်သည် စာပေပညာ လေ့လာသူများအတွက် အလွန်ကောင်းမွန်ပါသည်။ မြတ်စွာဘုရားရှင်၏ ဉာဏ်တော်ရှစ်ပါးကို အာရုံပြု၍ ပွားရပါသည်။ မြတ်စွာဘုရားဟု ခေါ်ဝေါ်ရခြင်းသည် ဉာဏ်တော်ကြောင့် ဖြစ်ပါသည်။ မြတ်ဗုဒ္ဓသည် လူသားထဲက လူတစ်ယောက် ဖြစ်သော်လည်း လူသာမညကို မရရှိသော ဉာဏ်တော်များကို ရရှိထားပါသည်။ ဉာဏ် ဆိုသည်မှာ ထိုးထွင်း၍ သိစေသောအရာ၊ သဘောတရားကို ဉာဏ်ဟု ဆိုပါသည်။

ဓမ္မစကြာသုတ်၌ -

စက္ခုံ ဥဒပါဒိ

ဉာဏံ ဥဒပါဒိ၊

ပညာ ဥဒပါဒိ

ဝိဇ္ဇာ ဥဒပါဒိ

အာလောကော ဥဒပါဒိ

ဟု ဟောတော်မူရာ ဉာဏ်၏အရာကို ချဲ့ထွင်၍ ဟောခဲ့ပါသည်။ ထို့ကြောင့် ဤကျင့်စဉ်ကို ကျင့်သူတို့သည် ထူးခြားသောအသိ ထိုးထွင်းသောပညာများ ရရှိနိုင်ပါသည်။ ပွားနည်းကို အတိုကောက်ပွားနည်းပြထားပါသည်။ အင်းဆံ၌ အသုံးပြုလည်း ရပါသည်။ အင်္ဂဝိဇ္ဇာ အချိန်ပိုင်းနည်းဖြင့် သုံးနိုင်ပါသည်။ ကျင့်စဉ်၏ အကျဉ်းအဓိပ္ပာယ်မှာ **"ဉီး အရာဉဿုံ အလုံးစုံ ပြီးမြောက်ပါစေသား"** ဟု အဓိပ္ပာယ်ရပါသည်။

ပု - ပုဗ္ဗေဝနသာသတိဉာဏ်ကို ယူပါသည်။

ဒိ - ဒိဗ္ဗစက္ခုဉာဏ်ကို ယူပါသည်။

အာ - အာသဝက္ခယဉာဏ်ကို ယူပါသည်။

ဝိ - ဝိပဿနာဉာဏ်ကို ယူပါသည်။

စေ - စေတောပရိယတ္တဉာဏ်ကို ယူပါသည်။

မ - မနောမယိဒ္ဓိဉာဏ်ကို ယူပါသည်။

ဣ - ဣဒ္ဓိဝိဓဉာဏ်ကို ယူပါသည်။

ဤဉာဏ်တော်ရှစ်ပါးကို ရည်ရွယ်၍ ပွားပါသည်။ တစ်ပါး တစ်သုံး ပွားပါသည်။



www.burmeseclassic.com

www.burmeseclassic.com

## ဝိဇ္ဇာကျင့်စဉ် ဆုတောင်း

ကိလေသာ အမိုက်အမှောင်ကို ဉာဏ်အလင်းဆောင်၍ အောင်မြင်ခြင်း ရှိတော်မူသော မြတ်စွာဘုရား။ တပည့်တော် - --------- နေ့ သား/သမီးသည် ---------------- ခုနှစ်၊ ---------------- လ၊ ------------ ရက်နေ့မှစ၍ (၉)ရက်တိုင်တိုင် တစ်နေ့ (၉)ပတ်တိတိဖြင့် ဝိဇ္ဇာအကျင့်မြတ်ကို ပွားများအားထုတ်ပါမည်ဟု သစ္စာအဓိဋ္ဌာန်ပြုအပ်ပါသည်။ အရှင်မြတ်ဘုရား။ ဤသစ္စာစကားသည် မှန်ကန်ပါ၏။ ထိုသစ္စာအရာ၌ ဝိဇ္ဇာရှစ်သောင်း ဆရာအပေါင်းတို့သည်လည်းကောင်း၊ ဝိဇ္ဇာဉာဏ်သိပညာရှိတို့သည်လည်းကောင်း၊ သူရဿတီ စန္ဒီ စသော ဒေဝီအပေါင်းတို့သည်လည်းကောင်း၊ အရပ်လေးမျက်နှာ၌ စောင့်ကြပ်ကြကုန်သော နတ်မင်းကြီးလေးပါးတို့သည်လည်းကောင်း၊ တောစောင့် တောင်စောင့် မြို့စောင့် နယ်စောင့် သာသနာစောင့်တို့သည်လည်းကောင်း၊ ဘဝအဆိုထို၌ တော်စပ်ကြသော ဆွေတော်မျိုးတော်တို့သည်လည်းကောင်း သက်သေအရာ တည်ပါစေသား အရှင်မြတ်ဘုရား။

ဤသစ္စာမကျိုးပေါက်ခဲ့သော် တပည့်တော်အား (လိုသောဆု) ပြည့်စုံပါစေသတည်း။

<u>အကျဉ်းပွားနည်း</u> - "ဥုံ - ပု - ဒိ - အာ - ဝိ - စေ - မ - ဒိ - ဣ" တစ်ပုဒ်တစ်လုံး (၉)လုံးပွားပါ။

<u>လှူရန်</u> - ပွင့်သောပန်း။

<u>အကျယ်ပွားနည်း</u> - ပု - ပုဗ္ဗေနိဝါသ နုဿတိ ဉာဏ် သရဏံ ဂစ္ဆာမိ

ဒိ - ဒိဗ္ဗစက္ခု ဉာဏ် သရဏံ ဂစ္ဆာမိ

အာ - အာသဝက္ခယ ဉာဏ် သရဏံ ဂစ္ဆာမိ

ဝိ - ဝိပဿနာ ဉာဏ် သရဏံ ဂစ္ဆာမိ

စေ - စေတောပရိယတ္တိ ဉာဏ် သရဏံ ဂစ္ဆာမိ

မ - မနောမယိဒ္ဓိ ဉာဏ် သရဏံ ဂစ္ဆာမိ

ဒိ - ဒိဗ္ဗသောတ ဉာဏ် သရဏံ ဂစ္ဆာမိ

ဣ - ဣဒ္ဓိ ဝိဓ ဉာဏ် သရဏံ ဂစ္ဆာမိ

---

ဘဒ္ဒန္တ သောမာစာရ(ရွှေပေါက်ပင်ဆရာတော်)

---



www.burmeseclassic.com

www.burmeseclassic.com



# ပြီးတော့လည်း ပြီးတာပါပဲ

မနဿကျော်ဝင်း (အမျိုးသားစာပေဆုရ)

၁၉၈၀ ပြည့်နှစ်အတွင်း နှစ်ဦးပိုင်း၏ လတစ်လ၌ ဖြစ်၏။ ထိုစဉ်က စာရေးသူသည် ရန်ကုန်မြို့လယ်ရှိ မြို့နယ် တစ်ခုတွင် နေထိုင်လျက်ရှိ၏။ အစိုးရဌာနကြီးတစ်ခုတွင် အရာထမ်းတစ်ဦးအဖြစ် တာဝန်ထမ်းဆောင်ရင်း ဝါသနာ အလျောက် စာပေရေးသားလျက်ရှိ၏။ ထိုနှစ်တွင် မြန်မာ နိုင်ငံ၌ စာပေလုပ်သားအဖွဲ့ကို ဖွဲ့စည်းပေးရန် မ·ဆ·လ အစိုးရက စီစဉ်ဆောင်ရွက်ခဲ့၏။ မြို့နယ်အလိုက် စာပေလုပ် သားအဖွဲ့များကို တစ်ပြိုင်နက်တည်း စတင်ဖွဲ့စည်းမည်ဖြစ်ရာ စာရေးသူက မိမိနေထိုင်ရာ မြို့နယ်၌ ကော်မရှင်ဥက္ကဋ္ဌအဖြစ် တာဝန်ပေးအပ်ခြင်းခံခဲ့ရ၏။ ဆောင်ရွက်ပေးရမည့် လုပ်ငန်း တာဝန်မှာ မြို့နယ်အတွင်းရှိ စာပေလုပ်သားများ၏ စာရင်းကို ကောက်ခံခြင်း၊ ယင်းအဖွဲ့ဝင်များကို ဖိတ်ကြား၍



www.burmeseclassic.com

www.burmeseclassic.com

အကြို့အစည်းအဝေးများ ကျင်းပခြင်းနှင့် မြို့နယ်မျက်နှာစုံညီ အစည်းအဝေးကျင်းပသည့်အခါနှင့် ရွေးချယ်တင်မြှောက်ပွဲ ကျင်းပပြုလုပ်သည့်အခါ ကြီးကြပ်ကွပ်ကဲပေးခြင်းတို့ကို ဆောင်ရွက်ရမည်ဖြစ်၏။ မိမိတို့ ဆောင်ရွက်ရမည့်လုပ်ငန်း တာဝန် ကိစ္စအရပ်ရပ်တို့ကို မြို့နယ်ပါတီယူနစ်က အနီးကပ် ဦးဆောင်လမ်းညွှန်မှု ပြုလုပ်၏။

"မျက်နှာစုံညီ အစည်းအဝေးနဲ့ ရွေးချယ်တင်မြှောက်ပွဲ အခမ်းအနားမှာ သဘာပတိအဖြစ် ဆောင်ရွက်ပေးဖို့ ပုဂ္ဂိုလ်တစ်ယောက် လိုအပ်တယ်။ ဒီမြို့နယ်မှာနေထိုင်တဲ့ သမ္မာရင့် ဝါရင့် စာရေးဆရာကြီးတစ်ယောက်ကို သဘာပတိ အဖြစ် ဆောင်ရွက်ပေးဖို့ သွားရောက်တွေ့ဆုံ မေတ္တာရပ်ခံပါ"

မြို့နယ်ပါတီယူနစ်ဥက္ကဋ္ဌက လမ်းညွှန်ခြင်းဖြစ်၏။ ထို အခါ မြို့နယ်ပါတီယူနစ်အတွင်းရေးမှူးက –

"ဒီမြို့နယ်မှာတော့ ဦးဂွစာ (နာမည်လွှဲ)ဟာ သဘာ ပတိအဖြစ် ဆောင်ရွက်ဖို့ အသင့်တော်ဆုံး ပုဂ္ဂိုလ်ပဲလို့ ထင်မြင်ပါတယ်။ ဒီတော့ ဆရာဦးကျော်ဝင်းက သူနဲ့ သွားရောက်တွေ့ဆုံပြီး မေတ္တာရပ်ခံပေးပါ"

သူပြောသော ဦးဂွစာသည် ဝါရင့်စာရေးဆရာကြီး တစ်ဦး ဖြစ်၏။ လုံးချင်းဝတ္ထု၊ ဒဿနိကကျမ်းစာအုပ် စသည့် သုတ၊ ရသ စာအုပ်များကို ရေးသားထုတ်ဝေခဲ့ဖူးသူ ဖြစ်၏။ သူ့ခေတ်တွင်တော့ အတော်အသင့် အောင်မြင်ခဲ့သော စာရေးဆရာတစ်ဦး ဖြစ်၏။ သို့ရာတွင် နောက်ပိုင်း၌ ရုပ်ရှင် အိုက်တာလုပ်ရန် စိတ်သန်သွားပြီး ရုပ်ရှင်သင်တန်းတွေ ဖွင့်၏။ ၎င်း၏တပည့် သူဌေးသားတစ်ဦး မတည်ပေးသော ငွေကြေးဖြင့် ထိုသူဌေးသားကိုပင် မင်းသားတင်၍ ရုပ်ရှင် ဇာတ်ကား နှစ်ကား ရိုက်ကူးခဲ့ရာ ခွက်ခွက်လန်အောင် အရှုံး ပေါ်သွားခဲ့ရလေ၏။ ဤဆရာကြီးကား အလွန်ဘုကျဲသော လူ့ခွစာကြီးတစ်ယောက် ဖြစ်၏။ သူ့ကိုမှ သဘာပတိအဖြစ် ရွေးချယ်ဆောင်ရွက်စေရမည်ဟု ပါတီယူနစ်ကော်မတီက သဘောထားပေးလာသောအခါ ကိုကျော်ဝင်း အတော်ပင် စိတ်အိုက်သွားခဲ့ရ၏။ သို့ရာတွင် ပြောသင့်ပြောထိုက်သည် တို့ကို ပြောပြရန်မှာ မိမိ၏တာဝန်ဖြစ်သည်ဟု သဘောပိုက် မိသည့်အလျောက် –

"ခက်တာက . . . ဦးဂွစာဟာ နောက်ပိုင်းမှာ စိတ် ပြောင်းသွားပြီး ဘောထိုင်ဘုပြောတာမျိုးပဲ လုပ်နေတယ်။ တော်ကြာ သဘာပတိမိန့်ခွန်းထဲမှာ မတော်မသင့်တာမျိုးတွေ ကို ထည့်ပြောလိုက်ရင် ပြဿနာတက်ကုန်မှာ စိုးရိမ်ရတယ် ခင်ဗျ"ဟု တင်ပြလိုက်ရာ မြို့နယ်ပါတီယူနစ်ဥက္ကဋ္ဌက မျက် မှောင်တစ်ချက်ကြုတ်သွား၏။ ထို့နောက် အတန်ငယ် စဉ်းစား ဟန်ပြုပြီးနောက် –

"ဒီအတွက် စိုးရိမ်စရာတော့ မရှိပါဘူး။ သူပြောဖို့ အတွက် အဖွင့်မိန့်ခွန်းရော၊ အပိတ်မိန့်ခွန်းကိုပါ ကျုပ်တို့ ပါတီယူနစ်ကော်မတီဝင်တွေက ရေးပေးမယ်။ အဲဒီမိန့်ခွန်း တွေကို သူက ဖတ်လိုက်ရုံပဲ။ ဒါဆိုရင် ဘာမှုပြဿနာပေါ် နိုင်စရာ အကြောင်းမရှိတော့ဘူးပေါ့ဗျာ"

သို့ဖြင့် စာရေးသူသည် အထက်ပါကိစ္စကို ဆွေးနွေး ညှိနှိုင်းရန်အတွက် ဦးဂွစာနှင့် သွားရောက်တွေ့ဆုံရလေ၏။

"အင်း . . . ကျုပ်က ဒီမြို့နယ်မှာနေထိုင်တော့ ပါတီ တို့၊ ကောင်စီတို့နဲ့ ကင်းလို့မရဘူးလေ။ ဒါ့ကြောင့် သူတို့နိုင်း တဲ့အတိုင်း သဘာပတိတော့ လုပ်ပေးမယ်။ ဒါပေမယ့် သူတို့ ရေးပေးတဲ့ မိန့်ခွန်းကိုတော့ ကျုပ်က ဖတ်မှာမဟုတ်ဘူး။ ဘာ့ကြောင့်လဲဆိုတော့ သူတို့ပြောစေချင်တဲ့စကားကို ကျုပ် ရဲ့ပါးစပ်နဲ့ လိမ်ညာမပေးချင်တဲ့အတွက်ပဲ။ ရှင်းပြီလား"

ဦးဂွစာကား ပြတ်သားလှ၏။ သို့နှင့် စာရေးသူလည်း ပါတီယူနစ်ရုံးသို့သွားပြီး ဖြစ်ကြောင်းကုန်စင် သံတော်ဦးတင် ရပြန်၏။

"ကျုပ်တို့ရေးပေးတဲ့ မိန့်ခွန်းကို သူက မဖတ်ချင် ဘူးဆိုရင် သူ့ဟာသူ စိတ်ကြိုက်ရေးပါ့စေ။ ဒါပေမယ့် ရေးပြီး ရင် ကျုပ်တို့ဆီ အဲဒီမိန့်ခွန်းကို ကြိုတင်ပို့ပေးရမယ်။ ကျုပ် တို့ ဖတ်ရှုတည်းဖြတ် ပြင်ဆင်ပြီးတဲ့မူကိုသာ အစည်းအဝေး မှာ သူဖတ်ရမယ်"

စာရေးသူကား ဟိုပြေးသည်ပြေးနှင့် ရွာဆော်ကြီးခွေး ပမာပင်။ ဦးဂွစာထံသို့ သွားရောက်ပြီး ပါတီယူနစ်ဥက္ကဋ္ဌ၏ သဘောထားကို ပြန်ကြားပြောဆိုရပြန်၏။

"ဒီမှာ ကိုကျော်ဝင်း၊ ဂွစာဆိုတဲ့ဒေါကောင်ရဲ့ မိန့်ခွန်း ကို ဘယ်သူမှ တည်းဖြတ်ခွင့်မရှိဘူးဆိုတာ ခင်ဗျားနားလည် ထားပါ။ နောက်ပြီး ကျုပ်က မိန့်ခွန်းကို ပါးစပ်နဲ့ လက်တန်း ပြောလေ့ရှိတဲ့ အကောင်ဗျ။ ဘယ်တော့မှ စာနဲ့ရေးပြီး ဖတ်တဲ့



www.burmeseclassic.com

www.burmeseclassic.com

ကောင်မဟုတ်ဘူး။ အဲဒါ ကျုပ်ရဲ့ မှန့် အကျင့်ပဲ။ မကြိုက်ရင် ကျုပ်အစား အခြားတစ်ယောက်ကို သဘာပတိလုပ်ခိုင်းပေတော့"

ထိုစကားကို ပါတီယူနစ်ဥက္ကဋ္ဌထံသို့ ပြန်၍တင်ပြသောအခါ...

"ကိုင်း...ဒီလောက်ခေါင်းမာပြီး ဂွကျတဲ့ စာရေးဆရာ၊ ဒါရိုက်တာကြီးကို ကျုပ်တို့တော့ လက်လျှော့လိုက်ပြီ။ သူ့ဟာသူ ပြောချင်တာတွေ ပြောပါစေတော့။ သူဖြစ်သူခံပေါ့ဗျာ"

ပါတီယူနစ်ဥက္ကဋ္ဌကလည်း သူ့ထက်ပင် ပြတ်သားလှ၏။

သည်လိုနှင့် တကယ့်အရေးကြီးလှသည့် နေ့သို့ ရောက်လာရလေ၏။ တစ်နိုင်ငံလုံးတွင် မြို့နယ်အလိုက် စာပေလုပ်သား မျက်နှာစုံညီ အစည်းအဝေးများနှင့် ရွေးချယ်တင်မြှောက်ပွဲများ ကျင်းပကြသလို၊ မိမိတို့၏ မြို့နယ်၌လည်း ကျင်းပပြုလုပ်၏။ မြို့နယ်ပါတီယူနစ်ရုံး၏ ခန်းမကြီးထဲတွင် ဖိတ်ကြားထားသော ဧည့်ပရိသတ်များနှင့် မိမိတို့ မြို့နယ်မှ စာပေလုပ်သားများဖြင့် ပြည့်နေ၏။ ပါတီယူနစ်ဥက္ကဋ္ဌအပါအဝင် အခြားလူများ၏ ရင်ထဲ၌ မည်သို့ရှိမည်ကို မခန့်မှန်းနိုင်သော်လည်း ကော်မရှင်ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ရသည့် စာရေးသူ၏ ရင်ထဲ၌မူ ဘလောင်ဆူလျက်ရှိ၏။ အကြောင်းကား သဘာပတိအဖြစ် ဆောင်ရွက်မည့် ဦးဂွစာ ဘာတွေ မိန့်ခွန်းခြွေမည်ကို မခန့်မှန်းနိုင်သောကြောင့် ဖြစ်၏။ အကယ်၍ ဦးဂွစာကသာ မ·ဆ·လ ပါတီကိုသော်လည်းကောင်း၊ အစိုးရကိုသော်လည်းကောင်း ထိခိုက်ပုတ်ခတ်သောစကားမျိုး ပြောလိုက်လေလျှင်...ဘုရား...ဘုရား။ မတွေးရဲစရာပါတကား။

သည်လိုနှင့် အစည်းအဝေး စလေပြီ။ အစီအစဉ်အတိုင်း သဘာပတိကြီးဦးဂွစာ အဖွင့်မိန့်ခွန်းခြွေရန် မတ်တတ်ထရပ်လိုက်သည်။ ထို့နောက်...

"စာရေးဆရာဆိုတာ မျက်စိရှိတယ်၊ နားရှိတယ်၊ အသိဉာဏ်ရှိတယ်။ ဒါကြောင့် ဘာမှပြောစရာမလိုတဲ့ အကြောင်း ပြောကြားရင်း နိဂုံးချုပ်ပါတယ်"

ဤကား ဦးဂွစာ၏ သဘာပတိအဖွင့်မိန့်ခွန်းပင် ဖြစ်တော့သည်။ စုစုပေါင်း စက္ကန့် ၃၀ ပင် ကြာမည်မထင်ပါ။

အစည်းအဝေးကျင်းပရာ ခန်းမတစ်ခုလုံးရှိ ပရိသတ်များ ပါးစပ်အဟောင်းသား ဖြစ်သွားရ၏။

"အဖွင့်မှာ ဘာမှ ရိတာ၊ ထေ့တာ၊ ခနဲ့တာတွေ မပါပေမယ့် အပိတ်မိန့်ခွန်းကျမှ အားပါးတရ ဆော်ထည့်လိမ့်မယ်ထင်တယ်"

ဤကား စာရေးသူအပါအဝင် အများ၏အထင်ဖြစ်၏။

မြို့နယ်အစည်းအဝေး၏ အစီအစဉ်တွေအလိုက် တစ်ဆင့်ပြီးတစ်ဆင့် ဆောင်ရွက်သွားခဲ့ပြီး ရွေးချယ်တင်မြှောက်ပွဲကို ကျင်းပ၏။ မြို့နယ်စာပေလုပ်သားအဖွဲ့ကို အောင်မြင်စွာ ရွေးချယ်တင်မြှောက်ပြီး အလုပ်အမှုဆောင်အဖွဲ့ကိုလည်း ဖွဲ့စည်းပြီးလေပြီ။ ထိုအဖွဲ့တွင် ဦးဂွစာတစ်ယောက် ပါမလာ။ မည်သူကမျှ သူ့ကို အဆိုမပြုသလို၊ သူကလည်း ဆန္ဒပြုခြင်းမရှိ။ ဖွဲ့စည်းပြီးသွားသော မြို့နယ်စာပေလုပ်သားအဖွဲ့ အလုပ်အမှုဆောင်ကော်မတီကိုလည်း သူက အမြင်ကြည်လင်ပုံမပေါ်။ သို့သော် ကိစ္စမရှိ။ မကြာမီပင် အစည်းအဝေးအခမ်းအနားကြီးက ပြီးဆုံးတော့မည်။ အရေးအကြီးဆုံး အစီအစဉ်ကြီးတစ်ခုတော့ ကျန်သေး၏။ သဘာပတိကြီး ဦးဂွစာ အပိတ်မိန့်ခွန်းခြွေမည့်ကိစ္စ ဖြစ်၏။ ပါတီယူနစ်ဥက္ကဋ္ဌ အပါအဝင် တာဝန်ရှိသူတွေအားလုံး ရင်ထဲ၌ စိုးရိမ်စိတ်ဖုံးနေမည်မှာ သေချာလှ၏။ အချို့ကလည်း ပွဲကြီးပွဲကောင်း ကြည့်ရတော့မည်ထင်ပြီး ရင်တုန်နေကြ၏။ အခမ်းအနားမှူး ပန်ကြားလိုက်သည်နှင့် သဘာပတိ ဦးဂွစာက နေရာမှထပြီး အပိတ်မိန့်ခွန်း ခြွေလိုက်ပုံမှာ...

"လုပ်နေကြတယ်ဆိုတာက မပြီးသေးလို့ လုပ်နေကြရတာ။ ပြီးတော့လည်း ပြီးတာပါပဲလို့ ပြောကြားရင်း နိဂုံးချုပ်ပါတယ်ခင်ဗျား"...ဟူ၍တည်း။

မြို့နယ်စာပေလုပ်သားအဖွဲ့ မျက်နှာစုံညီအစည်းအဝေးနှင့် ရွေးချယ်တင်မြှောက်ပွဲသို့ တက်ရောက်ကြသူများအားလုံး ငိုအားထက် ရယ်သားသန် ဖြစ်သွားခဲ့ရ၏။ သဘာပတိကြီး ဦးဂွစာ၏ အဖွင့်မိန့်ခွန်းနှင့် အပိတ်မိန့်ခွန်းတို့ကြောင့် ဘာပြဿနာမျှ မပေါ်ခဲ့ရပါ။ သို့ရာတွင် အဆိုပါ မိန့်ခွန်းသတင်းသည် စာပေလောက၌ တောမီးပမာ ပျံ့နှံ့သွားခဲ့ရလေ၏။

"ပြီးတော့လည်း ပြီးတာပါပဲ"ဟူသော စကားရပ်သည် ထိုအခါ



www.burmeseclassic.com

www.burmeseclassic.com

၌ အလွန်ပင် ရေပန်းစားသည့်စကားဆိုတစ်ခု ဖြစ်လာခဲ့ရတော့၏။

အကယ်တန္တအားဖြင့် "ပြီးတော့လည်း ပြီးတာပါပဲ"ဟူသော **စကားရပ်၏ မူရင်းပိုင်ရှင်သည် ထိုခေတ်က အလွန်ထင်ရှားကျော်ကြားအောင်မြင်သူ စာရေးဆရာ မင်းသိခ် ဖြစ်၏။ သူရေးသားခဲ့သော "မြိုင်ရာဇာတာတေ" နှင့် "ပရော်ဖက်ဆာ ဒေါက်တာဆိတ်ဖွား" လုံးချင်းဝတ္ထုစာအုပ်များထဲမှ ဇာတ်ကောင် သုဘရာဇာဆိတ်ဖွား၏ လက်သုံးစကား ဖြစ်သည်။ "ပြီးတော့လည်း ပြီးတာပါပဲ" သည် ထိုခေတ်က အလွန်ပင် ရေပန်းစားခဲ့၏။**

စာရေးသူတို့ မြို့နယ်မှ စာရေးဆရာ၊ ဒါရိုက်တာ ဦးဂွစာသည် ဆရာမင်းသိခ်၏ အားသိုပါလုံးချင်းဝတ္ထုများကို ဖတ်ရှုပြီး ဒေါက်တာဆိတ်ဖွား၏ လက်သုံးစကားဖြစ်သော "ပြီးတော့လည်း ပြီးတာပါပဲ"ကို နှစ်ခြိုက်သဘောကျခဲ့၏။ ထို့ကြောင့်လည်း မြို့နယ်စာပေလုပ်သားအဖွဲ့ မျက်နှာစုံညီ အစည်းအဝေးနှင့် ရွေးချယ်တင်မြှောက်ပွဲတွင် သဘာပတိ နိဂုံးမိန့်ခွန်းအဖြစ် သုံးစွဲပြောဆိုခဲ့ခြင်း ဖြစ်လေသည်။

စာရေးသူကိုယ်တိုင်လည်း သုဘရာဇာ ပရော်ဖက်ဆာ ဒေါက်တာဆိတ်ဖွား၏ "ပြီးတော့လည်း ပြီးတာပါပဲ"ကို အလွန်သဘောကျနှစ်ခြိုက်မိခဲ့ပါ၏။ သာမန်တွေးလျှင် ယင်းစကားရပ်သည် ခပ်ပေါ့ပေါ့သဘောမျိုးလို ဖြစ်နေ၏။ သို့ရာတွင် သေသေချာချာတွေးလျှင် လေးနက်သော ဒဿနတစ်ရပ်ဖြစ်ကြောင်း ဆန်းစစ်သိရှိနိုင်မည် ဖြစ်၏။ အနိစ္စသဘောနှင့် သင်္ခါရသဘောကိုဆောင်သော တရားဓမ္မမျိုးလည်း ဖြစ်ကြောင်း သုံးသပ်တွေ့ရှိရမည် ဖြစ်၏။ ခေတ်အဆက်ဆက်တွင် ကျင်းပပြုလုပ်ခဲ့ကြသော **ပကာသနသဘောဆောင်သည့် နိုင်ငံရေးဆိုင်ရာ အခမ်းအနားကြီးများ အစည်းအဝေးကြီးများကို ကြည့်ပါ။ ယင်းအခမ်းအနားကြီးများကို ငွေကုန်၊ ပစ္စည်းကုန်၊ အချိန်ကုန်၊ လူအပင်ပန်းခံ၍ ပြုလုပ်ခဲ့ကြ၏။ သို့ရာတွင် ဘယ်ဟာအဓိက၊ ဘယ်ဟာ သာမညဆိုသည်ကို မခွဲခြားဘဲ** ပုံကြီးမချဲ့သင့်သည့် ကိစ္စတို့ကို ပုံကြီးချဲ့ခဲ့ကြသောကြောင့် တိုင်းပြည်နှင့် ပြည်သူတို့အတွက် ဘာအကျိုးမျှ သက်ရောက်မှုမရှိဘဲ "ပြီးတော့လည်း ပြီးတာပါပဲ"သဘောမျိုးဖြင့်သာ နိဂုံးချုပ်ခဲ့ကြရ၏။ အလှူဒါနပြုလုပ်ရာတွင်လည်း **သည်အတိုင်းပင် ဖြစ်၏။** ဥပမာ- ပကာသနဖက်သော ရှင်ပြုပွဲကို ကြည့်ပါ။ အဓိကပြုလုပ်ရမည့် ကိစ္စတို့မှာ မောင်ရှင်လောင်းကို ဘုန်းကြီးကျောင်းသို့ တစ်ပတ်ခန့် ကြိုတင်ပို့ထားပြီး သင်္ကန်းတောင်း၊ ရှင်ကျင့်ဝတ် စသည်တို့ကို သင်ယူစေခြင်း၊ ကျက်မှတ်စေခြင်း၊ လေ့ကျင့်စေခြင်းတို့ ဖြစ်၏။ ထို့ပြင် သာမဏေဘဝ၌ စောင့်ထိန်းရမည့် ၁၀ ပါး သီလနှင့် ပတ်သက်၍ သေချာစွာ နားလည်စေရန်နှင့် တိတိကျကျ စောင့်ထိန်းလိုက်နာစေရန် ရှင်လိင်မပြန်မီ ကာလတစ်လျှောက်လုံး ကြပ်မတ်ပေးရမည်ဖြစ်၏။

အဓိကဖြစ်သော အထက်ပါကိစ္စတို့ကိုလည်း ဥပေက္ခာပြုထားပြီး သာမညကိစ္စတွေဖြစ်သည့် မဏ္ဍပ်ကို အလွန်ခမ်းနားအောင်ဆောက်ခြင်း၊ မောင်ရှင်လောင်းအား အလွန်တန်ဖိုးရှိသည့် အဝတ်အစား အဆင်တန်ဆာတို့ကို ဝတ်စားဆင်မြန်းပေးခြင်း၊ အလှူမဏ္ဍပ်တွင် ဆိုင်း၊ အငြိမ့် စသည်တို့ကို ဗုံးရမ်းဖျော်ဖြေစေခြင်း၊ တန်ဖိုးကြီးမားလှသော စားသောက်ဖွယ်ရာတို့ဖြင့် ဧည့်ပရိသတ်တို့အား ကျွေးမွေးဧည့်ခံခြင်း၊ ဆင်၊ မြင်း (သို့မဟုတ်) ဇိမ်ခံကားကြီးများဖြင့် ရှင်လောင်းလှည့်ခြင်း စသော ပကာသနတို့ကိုသာ အလေးထားချေက အနှစ်သာရပြည့်ဝသည့် အလှူမျိုးဖြစ်လာမည်မဟုတ်။ ပကာသနကဲသော ဂုဏ်ပြိုင်ပွဲသာ ဖြစ်ချေမည်။ အကယ်၍ မောင်ရှင်လောင်းသည် ရှင်ကျင့်ဝတ်တို့ကို ကြိုတင်မလေ့လာ၊ မသင်ယူခဲ့သောကြောင့် သာမဏေဘဝတွင် ချို့ယွင်းမှုတစ်ခုခု ပြုမိလေလျှင် ရှင်လိင်ကျမည်။ ငွေကုန်၊ အချိန်ကုန်ခံ၍ ခြိမ့်ခြိမ့်သဲ ပြုလုပ်ခဲ့သည့် ရှင်ပြုပွဲကြီးတစ်ခုလုံးသည်လည်း သဲထဲရေသွန် အလှူမျိုး ဖြစ်သွားရပေတော့မည်။ အလှူပွဲအတွက် ရေစက်ချ အမျှဝေခဲ့သော်လည်း "ပြီးတော့လည်း ပြီးတာပါပဲ"သာ ဖြစ်မည်။ ကုသိုလ်ရမည်မဟုတ်ပါ။ **လောကတွင် မည်သည့်အမှုကို ပြုသည်ဖြစ်စေ အဓိကနှင့် သာမညကို ခွဲခြားနားလည်နိုင်ကြဖို့ အရေးကြီးလှပါသည်။**

**မနသဿကျော်ဝင်း(အမျိုးသားစာပေဆုရ)**



www.burmeseclassic.com

www.burmeseclassic.com

# ပြည် ရွှေပေါက်ပင်တောရ

# ဆရာတော် ဘဒ္ဒန္တသောမစာရ

## (သဒ္ဓမ္မဇောတိကဓဇ)

**မြနန်းရှင်**

ပြည်မြို့ ရွှေပေါက်ပင်ဆရာတော် ဘဒ္ဒန္တသောမစာရ (ဓမ္မာစရိယ)၊ သဒ္ဓမ္မဇောတိကဓဇသည် ပဲခူးတိုင်းဒေသကြီး၊ ဝမ်းဘဲအင်းကျေးရွာနေ ခမည်းတော် ဦးသန့်၊ မယ်တော် ဒေါ်ငွေကျော့တို့မှ မြန်မာသက္ကရာဇ် ၁၃၁၂ ခုနှစ်၊ ဝါဆိုလဆန်း ၉ ရက်တွင် မွေးဖွားသန့်စင်ခဲ့ပါသည်။

အသက် ၁၅ နှစ်အရွယ်တွင် ဝမ်းဘဲအင်းကျေးရွာ၊ ဘာဝနာရုံကျောင်းတွင် ရှင်သာမဏေပြုပြီး အသက် ၂၀ အရွယ်တွင် ရွာကျောင်း၌ ရဟန်းဘဝခံယူခဲ့ပါသည်။

ပဲခူးမြို့ သာသနာ့မဏ္ဍိုင်စာသင်တိုက်၊ မန္တလေးမြို့ မစိုးရိမ် မဟာဝိသုဒ္ဓါရုံကျောင်းတိုက်တို့တွင် ပရိယတ္တိစာပေများ သင်ကြားခဲ့ပြီး ထိုစာသင်တိုက်များမှာပင် အလတ်တန်း စာချတန်းတွင် ပရိယတ္တိတာဝန်များ ဆောင်ရွက်ခဲ့သည်။

ရှမ်းပြည်နယ်တောင်ပိုင်း၊ တောင်ကြီးမြို့ရှိ ရပ်တော်မူကျောင်းတိုက်၌ ခုနစ်နှစ်မျှ သီတင်းသုံးခဲ့ပြီးလျှင် ပြည်မြို့ ရတနာမန်အောင်ကျောင်းတိုက်၊ ရွှေဗျိုင်းနားဆရာတော်ကြီးမှ ပြည်မြို့သို့ပြန်ခေါ်ကာ သာသနာ့လမ်းကြောင်းပြောင်းလဲ လျှောက်လှမ်းခဲ့ရသည်မှာ・・・အသားဟင်းမပါလျှင် ဆွမ်းဘုဉ်းမပေးနိုင်သော ဆရာတော်၏ မနောဓာတ်အား သိရှိသော ရွှေဗျိုင်းနားဆရာတော်မှ တံတွေး "ဗျစ်" ခနဲ သပိတ်အတွင်းထွေးထည့်ပြီး ဆွမ်းဘုဉ်းပေးနိုင်းစေသည့်အချိန်မှစ၍ သက်သတ်လွတ်ကိုယ်တော်ဘဝသို့ ပြောင်းလဲသွားပြီ ဝိဇ္ဇာအကျင့်စခန်းသို့ ကူးပြောင်းခဲ့လေတော့သည်။

ထိုအချိန်မှစ၍ ယခု ရွှေပေါက်ပင်တောရကျောင်းဖြစ်လာမည့် တောအုပ်နေရာတွင် ဆီးပင်တစ်ပင်အောက်မှာ ဝါးခြမ်းခေါင်းအုံးအိပ်၍ ရက္ခမူဓုတင်ကို ကျင့်ဆောင်ခဲ့လေသည်။ ဆရာတော်သည် ဓုတင် ၁၃ ပါးလုံး ကျင့်ဆောင်တော်မူခဲ့ပြီး လက်ရှိကာလမှာပင် ဓုတင်နှစ်ပါး၊ သုံးပါး ကျင့်ဆောင်နေဆဲ ဖြစ်ပါသည်။

**ဆရာတော်အား ဆက်သွယ်ဖူးမြော်လိုပါက・・**

ပြည်မြို့ နဝဒေးရပ်၊ ပွဲရုံတန်းအနီး၊ ရွှေပေါက်ပင်တောရကျောင်းတိုက်။ ဖုန်း - ၀၅၃-၂၄၂၅၁။

■ မြနန်းရှင်



www.burmeseclassic.com

www.burmeseclassic.com

## နဝမအကြိမ်မြောက်

# သစ်တံခါးဆရာတော် ဘဒ္ဒန္တမဃဝီဇေတ (ယော) ၏

# ၁၀၈ ရက်အဓိဋ္ဌာန်ထွက်အောင်ပွဲ



သစ်တံခါးဆရာတော် ဘဒ္ဒန္တမဃဝီဇေတ(ယော)
အဓိဋ္ဌာန်အောင်ထွက်အပြီး ဆံတော်များပယ်ပြီးပုံ

သမ္မာသမ္ဗုဒ္ဓကို မြန်မာဝေါဟာရအားဖြင့် မြတ်စွာဘုရားဟူ၍ ကျမ်းဂန်များ၌ ဖော်ပြပါရှိသည်။ မြတ်စွာဘုရားသည် မြင့်မြတ်သူများတွင် အမြင့်မြတ်ဆုံး ဖြစ်ပေသည်။ မြတ်စွာဘုရား၏ ဆောင်ရွက်ချက်များသည် ''ပါရမီ'' မြတ်သော ဆောင်ရွက်ချက်များကြီး ဖြစ်ကြသည်။ မြတ်စွာဘုရားရှင်သည် သုမေတရှင်ရသေ့ဘဝဗျာဒိတ်ရချိန်မှစ၍ သမ္မာသမ္ဗုဒ္ဓဉာဏ်တော်ကို ရတော်မူသည့်တိုင် လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်းပတ်လုံး ''ပါရမီတော်''ဆယ်ပါးကို ဖြည့်ကျင့်တော်မူခဲ့ပါသည်။ ''ပါရမီ'' ဆယ်ပါးမှာ ...

(၁) စွန့်လွှတ်ခြင်း (ဒါန)ပါရမီ။
(၂) ကိုယ်ကျင့်ကောင်းခြင်း (သီလ) ပါရမီ။
(၃) တပ်မက်မှုကင်းခြင်း (နေက္ခမ္မ) ပါရမီ။
(၄) အမှန်အတိုင်းသိခြင်း (ပညာ) ပါရမီ။
(၅) ဖွဲ့လုံ့လရှိခြင်း (ဝီရိယ)ပါရမီ။

**မရည်မွန်(ကျုံပျော်)**



www.burmeseclassic.com

www.burmeseclassic.com



**သစ်တံခါးဆရာတော် ဘဒ္ဒန္တမဏိစောတ(ယော)**
**ကိုးကြိမ်မြောက်အဓိဋ္ဌာန်အောင်ထွက်ပြီးပုံအား ဖူးမြင်ရပုံ**

(၆) သည်းခံခြင်း (ခန္တီ)ပါရမီ။
(၇) မှန်ကန်ခြင်း (သစ္စာ)ပါရမီ။
(၈) ခိုင်မာသော ဆုံးဖြတ်ချက်ရှိခြင်း (အဓိဋ္ဌာန်) ပါရမီ။
(၉) မေတ္တာထားခြင်း (မေတ္တာ)ပါရမီ။
(၁၀) လျစ်လျူရှုခြင်း (ဥပေက္ခာ)ပါရမီတို့ ဖြစ်ကြပါသည်။

အမှန်အားဖြင့် ကလျာဏပုထုဇဉ်များမှစ၍ ပစ္စေကဗုဒ္ဓတိုင်အောင် သူမြတ်တို့၏ ဆောင်ရွက်ချက်များအားလုံးသည် မြတ်စွာဘုရား၏ ဆောင်ရွက်ချက်များ၌ ''ပါရမီ'' သဘာဝအနေဖြင့် အားလုံးပါဝင်ကြသည်။ ဆင်ခြင်ရာ၌ အားလုံးသောသတ္တဝါတို့၏ ခြေရာများအတွင်း ဝင်သည့် သဘောမျိုး ဖြစ်သည်။

တိတိကျကျဆိုရပါလျှင် တကယ်တမ်း မြင့်မြတ်သူများမှာ ကိလေသာ အာသဝေါကုန်ပြီးသော ပုဂ္ဂိုလ်များသာ ဖြစ်သည်။ သို့ရာတွင် အာသဝေါကုန်ရန် ကျင့်ကြံအားထုတ်နေဆဲဖြစ်သော ပုဂ္ဂိုလ်များကိုလည်း မြင့်မြတ်သူများစာရင်း၌ ထည့်သွင်း၍ ရေတွက်ကြလေသည်။ ထို့ကြောင့် ကိလေသာ အာသဝေါကုန်ပြီးသော မြတ်စွာဘုရား အစရှိသော အရိယာများ၏ လုပ်ငန်းများကိုသာ ''ပါရမီ''ဟူ၍ ဆိုသင့်သော်လည်း ကိလေသာကုန်ခန်းအောင် ကျင့်ကြံဆောင်ရွက်ခဲ့ကြသော မြတ်စွာဘုရားအစရှိသော အရိယာတို့၏ အတိတ်ဘဝ အတိတ်ကာလက ဆောင်ရွက်ချက်အားလုံးကိုလည်း ''ပါရမီ''ဟူ၍ပင် ကျမ်းဂန်များ၌ ဖော်ပြကြပါသည်။

''ပါရမီ''မြောက်သော ကျင့်ကြံဆောင်ရွက်ချက် ဟုတ်/မဟုတ် သိနိုင်ရန်အတွက် ပဓာနကျသော အင်္ဂါနှစ်ရပ်ရှိလေသည်။ ထိုအင်္ဂါနှစ်ရပ်မှာ သူတစ်ပါးအပေါ် 'ကရုဏာ'ရှိခြင်းနှင့် သံသရာမှလွတ်မြောက်ဖို့အတွက် ရည်ရွယ်ချက်ရှိခြင်းပင်ဖြစ်သည်။ ထိုအင်္ဂါနှစ်ရပ်အပေါ် အခြေခံ၍ ဒါန၊ သီလ စသည့် လုပ်ငန်းများကို လုပ်မှသာလျှင် ပါရမီဖြစ်လေသည်။ ထိုသို့မဟုတ်ပါက ပါရမီမဖြစ်ချေ။

ပထမအင်္ဂါအရ ကိုယ်ကျိုးကို ပဓာနမထားဘဲ သူတစ်ပါးအကျိုးအတွက် ကျင့်ကြံဆောင်ရွက်ဖို့ဆိုသည်မှာ တော်ရုံတန်ရုံ မေတ္တာမျိုး၊ တော်ရုံတန်ရုံ ကရုဏာမျိုး




**သစ်တံခါးဆရာတော် ဘဒ္ဒန္တမဏိစောတ(ယော**
**ကိုးကြိမ်မြောက်အဓိဋ္ဌာန်အောင်ထွက်ပြီး**
**တရားဟောပလ္လင်ပေါ်၌ တရားဟောနေစဉ်**



www.burmeseclassic.com

www.burmeseclassic.com



**သစ်တံခါးဆရာတော် တောတောင်များသို့ ကြွရောက်၍ တရားကျင့်ကြံပွားများအားထုတ်ခဲ့ပုံ**

တော်ရုံတန်ရုံ စေတနာမျိုးဖြင့် သူတစ်ပါးအတွက် ကျင့်ကြံဆောင်ရွက်နိုင်သည် မဟုတ်ချေ။ ပုထုဇဉ်တို့သဘောအရ လောကတွင် မိမိသည်သာလျှင် မိမိအတွက် ချစ်စရာအကောင်းဆုံး ဖြစ်လေရာ၊ မြင့်မြတ်သူမဟုတ်ပါက သူတစ်ပါး၏အကျိုးစီးပွားထက် မိမိ၏ အကျိုးစီးပွားကို ပဓာနမထားဆိုသည်မှာ သူတစ်ပါးကို မိမိထက်ပိုပြီး ချစ်တတ်၊ ကြင်နာတတ်မှ ဖြစ်ပေမည်။ ထိုသို့မဟုတ်ပါက မိမိ၏ အကျိုးစီးပွားကို ပဓာနမပြုဘဲ သူတစ်ပါး၏ကောင်းကျိုးကို ဆောင်ရွက်ဖို့ဆိုသည်မှာ မည်သည့်နည်းနှင့်မျှ ဖြစ်နိုင်သော အရာ မဟုတ်ပါချေ။

လောကသားတို့၏ အန္တိုင်းမဲ့ ကျေးဇူးဖြစ်တော်မူသော မြတ်ဗုဒ္ဓ၏ တပည့်သားသံဃာတော် အရှင်မြတ်တို့သည် မြတ်ဗုဒ္ဓ၏ တပည့်သားများပီပီ ပါရမီတစ်ပါးပါးကို ပါရမီမြောက်အောင် ကျင့်ကြံကြိုးကုတ် အားထုတ်ဆောင်ရွက်ကြသည်သာ ဖြစ်ပေသည်။ ထိုသံဃာတော်အရှင်သူမြတ်တို့အထဲတွင် ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ အမှတ်(၁၀)ရပ်ကွက်၊ စစ်ကိုင်းလမ်းရှိ အောင်မြေဓမ္မာမဏိဇောတာရာမ ပရိယတ္တိစာသင်တိုက်ကြီး၏ ဦးစီးဓာန နာယကဆရာတော်ဖြစ်တော်မူသော သစ်တံခါးဆရာတော် ဘဒ္ဒန္တမဏိဇောတ(ယော)လည်း တစ်ပါးအပါအဝင် ဖြစ်ပေသည်။

သစ်တံခါးဆရာတော် ဘဒ္ဒန္တမဏိဇောတ(ယော)သည် သာမန်လူသားတို့ ကျင့်ကြံပွားများ အားထုတ်နိုင်ခဲလှသော သစ္စာအဓိဋ္ဌာန်ရက်ရှည် ၁၀၈ ရက်ကို ကျင့်ကြံပွားများ အားထုတ်ခဲ့သည်မှာ ယခုဆိုလျှင် ကိုးကြိမ်မြောက် အဓိဋ္ဌာန်ကြီး အောင်မြင်စွာပြီးဆုံးခဲ့ပြီဖြစ်သည်။ သစ်တံခါးဆရာတော် ဘဒ္ဒန္တမဏိဇောတ(ယော)၏ ကိုးကြိမ်မြောက် အဓိဋ္ဌာန်အောင် ထွက်ပွဲအား ၁၈. ၁၁. ၂၀၁၃ ရက်နေ့က ကျင်းပပြုလုပ်ခဲ့ရာ ထိုအဓိဋ္ဌာန်အောင်ထွက်ပွဲသို့ ကျွန်မ ရောက်ရှိသွားပါသည်။ သစ်တံခါးဆရာတော်၏ ကိုးကြိမ်မြောက် အဓိဋ္ဌာန်အောင်ပွဲ၌ ရုပ်ရှင်ဗီဒီယိုသရုပ်ဆောင်များ ဖြစ်ကြသော ဟိန်းဝေယံ၊ စိုးရန်အောင်၊ ခိုင်နှင်းဝေ၊ မိုးဟေကို၊ စရီဒီယိုတေးသံရှင် ဟဲလေး၊ လင်းလင်းနှင့် သရုပ်ဆောင်သစ်များ တေးသံရှင်သစ်များအပါအဝင် ပရိသတ်ထောင်ပေါင်းများစွာ ရောက်ရှိနေကြပါသည်။



**သစ်တံခါးဆရာတော်၏ အောင်မြေဓမ္မာ မဏိဇောတာရာမ စာသင်တိုက်ကြီးအတွင်း၌ တွေ့မြင်ရသည့် သစ်တံခါးကြီး**



www.burmeseclassic.com

www.burmeseclassic.com



**မဏိစောတာရာမ စာသင်တိုက်ဝန်းအတွင်းရှိ မြတ်စွာဘုရား ရုပ်တုပုံ**

သစ်တံခါးဆရာတော်သည် ထိုနေ့နံနက် ၉း၁၀ နာရီ၌ အဓိဋ္ဌာန်ကျောင်းဆောင်ဖြစ်သည့် လင်းရတနာကျောင်းဆောင်လေးအတွင်းမှ ထွက်ကြွလာသည်ကို သံဃာတော်အရှင်မြတ်များနှင့် တပည့်ဥပါသိကာများမှ ထီးဖြူတော်များမိုးကာ စောင့်ကြိုနေကြပါသည်။ သစ်တံခါးဆရာတော်သည် အဓိဋ္ဌာန်ကျောင်းဆောင်အတွင်းမှ ထွက်ကြွလာပြီးနောက် သုံးလူထွဋ်ခေါင် ရွှေနဂါးရုံ မြတ်စွာဘုရားအား ဖူးမြော်ကြည်ညိုပြီးသောအခါ ဝစီတော်ကို ဖွင့်ဟကာ ဝေနေယျများစွာ သတ္တဝါအနန္တတို့အား မေတ္တာတော်ဓာတ်ကို ပေးဝေငှပါသည်။

ထို့နောက် ဆရာတော် အရှင်သူမြတ်သည် တရားဟောမဏ္ဍပ်ရှိရာသို့ ကြွရောက်ပါသည်။ တရားဟောမဏ္ဍပ်အတွင်း၌ ကြိုတင်ရောက်နေကြသည့် ဧည့်ပရိသတ်အပေါင်းတို့အား ဆေးသိဒ္ဓိ မေတ္တာဓာတ်ပါရမီရှင် ဘဒ္ဒန္တဝါယမ(မင်းတုန်း) မွေသုခကျောင်းတိုက် ပတ္တမြားမြို့သစ်ဆရာတော်မှ ငါးပါးသီလကို ဆောက်တည်စေပါသည်။ ဆက်လက်၍ သစ်တံခါးဆရာတော် ဘဒ္ဒန္တမဏိဇောတ (ယော)နှင့် သံဃာတော် အရှင်သူမြတ်တို့မှ ရွတ်ဖတ်သရဇ္ဈာယ်ကြပြီးသောအခါတွင် သစ်တံခါးဆရာတော် ဘဒ္ဒန္တမဏိဇောတ(ယော)မှ ခန္တီနှလုံး အစဥ်သုံး၍ မေတ္တာဓာတ်ဖြင့် လောကီ လောကုတ္တရာ ဂေ ါင်းကျိုးဆောင်ရွက်ကြရန်နှင့် ဖြူစင်သော ကာယကံမေတ္တာ၊ ဝစီကံမေတ္တာ၊ မနောကံမေတ္တာဟူသော စစ်မှန်သည့် ဝိပဿနာကုသိုလ်မှလွဲလျှင် အကျိုးတရား အကြီးမားဆုံးဖြစ်ကြောင်းကို ဟောကြားတော်မူခဲ့ပါသည်။

ထိုမှဆက်လက်၍ သစ်တံခါးဆရာတော် အရှင်သူမြတ်သည် ဘုရား၊ ကျောင်း၊ ရဟန်းဒါယိကာမကြီး ဒေါ်မိုးမိုး(6WI ဂုမ္ပဏီ MD)နှင့် အနုပညာရှင်များ အလှူရှင် အလှူ့အမ အပေါင်းတို့၏ လှူဒါန်းမှုအစုစုတို့အတွက် အလှူတော်ရေစက်ချ အမျှမေတ္တာပေးဝေကြကာ သစ်တံခါးဆရာတော် ဘဒ္ဒန္တမဏိဇောတ၏ ကိုးကြိမ်မြောက် အဓိဋ္ဌာန်အောင်ထွက်ပွဲ မင်္ဂလာအခမ်းအနား ပြီးဆုံးပါသည်။ အခမ်းအနား ပြီးဆုံးသောအခါ၌ ဘုရားကျောင်း၊ ရဟန်းဒါယိကာမ ဒေါ်မိုးမိုး (6WI ကုမ္ပဏီ MD) မိသားစုမှ ရွှေလက်စွပ် အကွင်း ၃၀ ကို ဝတ္ထုငွေများနှင့်ရောကာ ရွှေမိုးငွေမိုး ရွာသွန်းဖြိုးပေးခဲ့ကြပါသည်။

သစ်တံခါးဆရာတော် ဘဒ္ဒန္တမဏိဇောတ(ယော) လောင်းလျာအား မကွေးတိုင်းဒေသကြီး ယောဒေသဖြစ်သော ထီးလင်းမြို့နယ်၊ ထလှင်းကျေးရွာ၌ ခမည်းတော် ဦးလှသန်း၊ မယ်တော် ဒေါ်အုံးမြိုင်တို့မှ ၁၃၃၂ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၀ ရက် ကြာသပတေးနေ့တွင် မွေဖွားသန့်စင်ခဲ့ပါသည်။ မွေးချင်းညီအစ်ကိုနှစ်ယောက်ရှိသည့်အနက် ဆရာတော်လောင်းလျာမှာ အကြီးဆုံးဖြစ်သည်။ ငယ်မည်မှာ မောင်ဟန်ဝင်းဖြစ်သည်။ လောကီအတန်းပညာကို စတုတ္ထတန်းအောင်မြင်သည်အထိ သင်ယူတတ်မြောက်ခဲ့သည်။

ထို့နောက် ဆရာတော်လောင်းလျာသည် အသက် ၁၂ နှစ်သားအရွယ်၌ အဘိုး ဦးကျော်သစ် အဘွား ဒေါ်မွေလှတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ ထလင်းကျေးရွာ သဒ္ဒါ

www.burmeseclassic.com


www.burmeseclassic.com

...ကကျောင်းဆရာတော် ဘဒ္ဒန္တသီရိအရှင်မြတ်အားဥပဇ္ဈာယ် ...ပြု၍ သာမဏေဘဝသို့ ရောက်ရှိခဲ့သည်။ သာသနာ ...သက္ကရာဇ် ၂၅၃၄ ခုနှစ်၊ ကောဇာသက္ကရာဇ် ၁၃၅၂ ခုနှစ်၊ ...ဆုန်လဆန်း ၁၀ ရက်နေ့တွင် အဘွားဖြစ်သူ ဒေါ်ငွေလှ ...နှင့် သားသမီးတစ်စုတို့မှ ပစ္စည်းလေးပါးဒါယကာအဖြစ် ...ယူကြကာ ယောဒေသ၊ ထီးလင်းမြို့နယ်၊ ထလင်းကျေး ...ရွာ သဒ္ဓါဓိကကျောင်းဝင်းအတွင်းရှိ ခဏ္ဍသိမ်တော်၌ ...ဆင်းရွာ ဓမ္မပီယကျောင်းဆရာတော် ဘဒ္ဒန္တနန္ဒဝံသနှင့် ...မြို့နယ်သံဃာ့နာယက ဥက္ကဋ္ဌ ဆရာတော်ကြီးတို့ကို ...ဥပဇ္ဈာယ်ပြု၍ မြင့်မြတ်သော ရဟန်းဘဝကို ရောက်ရှိတော် ...မူခဲ့ပါသည်။

ဆရာတော်လောင်းလျာသည် အသက် ၁၅ နှစ် ...အား သာမဏေဘဝမှ စတင်ကာ ပဲခူးမြို့၊ ကျွန်းသာယာ ...ရပ်ကွက်၊ အောင်ဇေယျပရိယတ္တိစာသင်တိုက်သို့ ရောက်ရှိ ...ကာ အခြေခံမူလတန်းကျောင်း၊ ပထမငယ်တန်း၊ ပထမ ...လတ်တန်းနှင့် ပဲခူးမြို့ ဝံနယတံခွန်စာမေးပွဲတို့ကို အောင် ...မြင်တော်မူခဲ့သည်။ ထိုမှတစ်ဖန် ဆရာတော်လောင်းလျာ ...သည် ၁၃၅၆ ခုနှစ်တွင် ပဲခူးမြို့ အောင်ဇေယျ ပရိယတ္တိ ...စာသင်တိုက်မှ ရန်ကုန်မြို့ သစ်တောလမ်း၊ အလုံ၌ရှိသော ...အောင်မင်္ဂလာပါဠိတက္ကသိုလ် တိုက်သစ်သို့ ပြောင်းရွှေ့ကာ ...ပရိယတ္တိစာဝါများကို ဆက်လက်သင်ကြားတော်မူခဲ့ရာ ...ကြီးတန်းကို ၁၃၅၆ ခုနှစ်၌ပင်လျှင် ဖြေဆိုအောင်မြင် ...တော်မူခဲ့သည်။

ဆရာတော်လောင်းလျာသည် အောင်မင်္ဂလာ ပါဠိ ...တက္ကသိုလ်တိုက်သစ်၌ပင် ဓမ္မစရိယ ပရိယတ္တိစာပေများကို ...ဆက်လက်သင်ယူနေရင်းမှ ဆွမ်းစားကျောင်းဆောင်၏ ...နာယကအဖြစ် တာဝန်များကို ထမ်းဆောင်ခဲ့သည်။ ...ဆရာတော်လောင်းလျာသည် နံနက်စောစောထပြီး ဆွမ်း ...သံဃာ့ဝေယျာဝစ္စများကို ဖြည့်ဆည်းဆောင်ရွက် ...မှ တရားဘာဝနာ အားထုတ်လိုသည့် ဆန္ဒနှင့်အညီ ...များ၌ အခြားသံဃာတော်များ ကျိန်းစက်ချိန်မှသာ ...ဗုဒ္ဓါနုဿတိနှင့် မေတ္တာဘာဝနာကို စီးဖြန်းခဲ့သည်။ ...တစ်နေ့သောညတွင် "ကိုယ်တော်လေး အဓိဋ္ဌာန် ...ပြီး ဆုတောင်းပါ" ဟူ၍ အိပ်မက်မြင်မက်လေသည်။

ဆရာတော်လောင်းလျာသည် အိပ်မက်မြင်မက်ရာ ...ကိုယ့်အခန်းနှင့် ကိုယ်နေရပါက ဒီထက်ပို၍ အားထုတ်



ဘုရား၊ ကျောင်း၊ ရဟန်း ဒါယိကာမကြီး ဒေါ်မိုးမိုး(6WI ကုမ္ပဏီ MD)အား အဓိဋ္ဌာန်အောင်ထွက်ပွဲ၌ တွေ့ရပုံ

ပါမည်ဟု သစ္စာအဓိဋ္ဌာန်ပြုကာ တစ်ဝါတွင်းလုံး သက်သတ်လွတ်စားပြီး တစ်ရာ့ရှစ်လုံးပုတီးကုံးဖြင့် "အရဟံ သိဒ္ဓိ ဘဂဝါအောင်" ကို နေ့စဉ် ဆယ်ပတ်ပွားများခဲ့သည်။ အဓိဋ္ဌာန်အောင်မြင်သည်ဟု ဆိုရပေမည်။ ဆရာတော်

www.burmeseclassic.com

www.burmeseclassic.com

လောင်းလျာသည် မကြာခင်မှာပင် တစ်ပါးနေ အခန်းကလေးကို ရရှိခဲ့ပါသည်။ ထိုသောအခါ ဆရာတော်လောင်းလျာသည် သမထ၊ သမာဓိ ကျင့်စဉ်တို့ကို ပိုမို၍ ကျင့်ကြံပွားများ အားထုတ်ခဲ့သည်။ ထို့အပြင် ဆရာတော်လောင်းလျာသည် သမထ၊ သမာဓိ၊ မေတ္တာပေါက်ပြီး သာသနာပြုအလှူကြီးပေးကာ ဝေနေများစွာ သတ္တဝါတို့အား ကယ်တင်ခဲ့ကြသော ယက္ကန်းစင်တောင် ဆရာတော်ကြီး၊ သာမညဆရာတော်ကြီး၊ ကုံလုံဆရာတော်ကြီး၊ ရွှေပေါ်ကျွန်းဆရာတော်ကြီး၊ မိုင်းဖုန်းဆရာတော်ကြီးများကဲ့သို့ ကျင့်ကြံပွားများ အောင်မြင်မှုများ ရခဲ့ကြသည်ကိုလည်း လွန်စွာ အားကျမိခဲ့သည်။

ထို့ကြောင့် ဆရာတော်လောင်းလျာသည် တကယ်ဖြစ်ချင် တကယ်လုပ် အဟုတ်ဖြစ်ရမည်ဟူသော ဆောင်ပုဒ်ကို လက်ကိုင်ပြုကာ ဆွမ်းစားဆောင် အနုနာယကအဖြစ် တာဝန်ထမ်းဆောင်နေရင်းမှ အချိန်အားသည်နှင့် ဗုဒ္ဓအားဖြည့် အဓိဋ္ဌာန်ပြုကာ ရန်ကုန်မြို့ နယ်နိမိတ်အတွင်းရှိ ရွှေတိဂုံစေတီတော် နေလစကြာဘုရားများ၊ ဆူးလေစေတီတော်၊ ကဿပမန္တလိုဏ်ဂူတော်၊ ဗိုလ်တစ်ထောင်စေတီတော်၊ ကျိုက္ကဆံစေတီတော်၊ ရွှေဘုန်းပွင့်စေတီတော်၊ ကိုးထပ်ကြီးဘုရား၊ ဘားမဲ့ဂူဘုရား၊ အောင်ချမ်းသာဓာတ်ပေါင်းစုစေတီ၊ ဝင်ဒါမီယာ အောင်သိဒ္ဓိကုန်းတော်၊ ငါးထပ်ကြီးဘုရား၊ ခြောက်ထပ်ကြီးဘုရား၊ ရန်ကင်း မိုးကောင်းဘုရား၊ ဥက္ကလာပစေတီ၊ အောင်စေတီ၊ သာကေတ အောင်တော်မူစေတီ၊ ကျိုက်ဝိုင်းစေတီ၊ ကမ္ဘာအေးစေတီ၊ သုဝဏ္ဏမြို့ဦးစေတီ၊ သာဓုကန်စေတီ အလုံသစ်တောဝင်း ရန်မျိုးအောင်ညောင်ပင်ကြီး၊ စော်ဘွားကြီးကုန်းလမ်းမတော် ဝါဠုကစေတီ၊ အိမ်တော်ရာစေတီကုန်း၊ အာလိန် ၅ ဆင့် ဆေးဝက်ပါဘုရား၊ အောင်စေတီ၊ စမ်းချောင်းရှင်စောပုစေတီ၊ သွေးဆေးကန် အောင်ချမ်းသာစေတီ၊ ရွှေကြက်ယက်စေဘီ၊ ဘုရားငါးဆူများ၌ အချိန်ရလျှင် ရသကဲ့သို့ အကြိမ်ကြိမ် သွားရောက်ကျင့်ကြံပွားများ အားထုတ်ခဲ့သည်။

ထို့အပြင် ဆရာတော်သည် အခွင့်အခါရသည့် အခါတိုင်း၌ ပဲခူးမြို့ ရွှေမော်ဓောစေတီ၊ ဟင်္သာကုန်း မဟာစေတီ၊ နန်းဦးစေတီ၊ ရွှေဂူလေးစေတီ၊ အကျွတ်အလွတ်စေတီ၊ ကျုက်ထီးရိုးစေတီ၊ ကျိုက်ထို မဲ့ရှင်စေတီ၊ ကျိုးပါးစပ်၊ မန္တလေး မဟာမြတ်မုနိ၊ ရွှေကျီးမြင့်၊ ချမ်းသာကြီးချမ်းသာရစေတီ၊ မန္တလေးတောင်၊ ပြည်ရွှေစာရံ ဝန်ချတောင်၊ ရွှေဘုံသာမုနိ၊ ငွေတောင်စေတီ၊ တွံတေးရွှေဆံတော်၊ ပေါင်းတော်ချုပ်ဌာနများ၊ ဒလ၊ ရွှေစာရံ၊ မဟာသကြံန်ဘုရားကြီး၊ ရွှေးပောင်းမောင်းတီးစေတီတော်၊ မှော်ဘီမြို့ မော်တင်မြတ်ဘုရား၊ ပုသိမ်ရွှေမုဋ္ဌော၊ ပခုက္ကူသီဟိုဠ်ရှင်၊ ဖောင်တော်ဦး မြတ်မော်တင်စွန်း၊ ဇလွန်ပြည်တော်ပြန်ဓနုဖြူကျုက်က လွန်ပွန်းစေတီ၊ ငပုတော ကွမ်းစားတော်၊ ဟင်္သာတ၊ ဦးပါရဲ့စေတီ၊ ဝိဇ္ဇာဌာန အလုံပြည်တံခါးပေါက်ဒီပါရုံစေတီ၊ ရွှေရင်အေးစေတီ၊ ရန်မျိုးအောင်စေတီ၊ သန်လျင် ကျိုက်ခေါက်ဘုရား၊ ကျုက်ကမော့တောင်စေတီ၊ ကျောက်တန်းရေလယ်ဘုရား၊ ဘီလူးတစ်ထောင်ဘုရား၊ ကျိုက်ကလို့ ကျိုက်ကလဲ့စေတီတော်များ၌ တရားကျင့်ကြံပွားများအားထုတ်ခဲ့သည်။ ထို့နောက် ဆရာတော်သည် အင်းတကော်တောထဲ၌ ရုက္ခမူဂူတင်ဆောင်၍ တရားအားထုတ်ခဲ့ရာမှ သစ်တံခါးပင် ဘယ်နေရာ၌ ရှိနေသည်ကို အမြင်ထူး အာရုံထူးများ ရရှိခဲ့သည်။ ထိုသို့ဖြင့် ဆရာတော်သည် ၅ နှစ်တာမျှ အမြို့မြို့အနယ်နယ်ရှိ ဘုရားစေတီတော်များ၌ အဓိဋ္ဌာန်ကျင့်စဉ် တရားဓမ္မများ ကျင့်ကြံပွားများအားထုတ်နေရာမှ ၁၃၆၆ ခုနှစ်၊ ကဆုန်လတွင် တေးရေးတေးဆို လင်းလင်းမှ လှူဒါန်းသည့် လှိုင်သာမြို့၊ အမှတ် ၁၀ ရပ်ကွက် 'လင်းရတနာ'ကျောင်းကလေးအား အလှူခံတော်မူကာ အောင်မင်္ဂလာပါဠိတက္ကသိုလ်တိုက်သစ်မှ ပြောင်းရွှေ့သီတင်းသုံးခဲ့ပါသည်။

သစ်တံခါး ဆရာတော် ဘဒ္ဒန္တမဏိဇောတ(ယော)သည် မိမိ၏ကိုယ်ပိုင်ကျောင်းကလေးရရှိသည်နှင့် ၁၃၆၇ ခုနှစ် ဝါဆိုလပြည့်နေ့မှ စတင်ကာ ထိုလင်းရတနာကျောင်းကလေး၌ ၁၀၈ ရက်တိုင်တိုင် အဓိဋ္ဌာန်ကြီးကို ကျင့်ကြံကြိုးကုတ် အားထုတ်တော်မူခဲ့ပါသည်။ ဆရာတော်အရှင်သူမြတ် ထိုသို့အဓိဋ္ဌာန်ကျင့်စဉ်ကြီးများကို ကျင့်ကြံကြိုးကုတ်အားထုတ်ရာ၌ အဓိဋ္ဌာန်ကျင့်စဉ်များမှာ "တိစီဝရိတ်ကောသနိက"ဝစီပိတ်၍ သီတင်းသုံးခြင်း၊ မည်သည့် ဒါယကာ ဒါယိကာမကိုမျှ အတွေ့မခံခြင်း၊ တစ်နေ့တွင် သစ်သီးဆွမ်း တစ်နပ်သာ ဘုဉ်းပေးခြင်း၊ ဆံတော်၊ မုတ်ဆိတ်၊ ကျင်စွယ်တော်များ၊ လက်သည်း၊ ခြေသည်းတော်များ မရိတ်မသင် မလှီးမဖြတ်ခြင်းနှင့် နေ့စဉ်ညစဉ် တစ်ရက်လျှင် ဒီမှုရွှေဂါထာတော် ၁၀၀၈ ခေါက် ရွတ်ဖတ်ပွားများခြင်း၊ ပရိတ်



www.burmeseclassic.com

www.burmeseclassic.com

၁၁ သုတ် ရွတ်ပွားခြင်း၊ မဟာသရဏဂုဏ်တော်ကြီး ရွတ်ပွားခြင်း၊ မဟာဗုဒ္ဓဝင် ဓမ္မကြွန်ကျမ်းမြတ် ရွတ်ပွားပူဇော်ခြင်း၊ ပဋ္ဌာန်းပစ္စယနိဒ္ဒေသပါဠိတော် ရွတ်ဖတ်ပူဇော်ပွားများခြင်း၊ မဟာသမယသုတ်ရွတ်ပွားပူဇော်ခြင်း၊ ဓမ္မစကြာပါဠိတော် ရွတ်ပွားပူဇော်ခြင်း၊ အနတ္တလက္ခဏာသုတ် ရွတ်ပွားပူဇော်ခြင်း၊ ၁၀၈ လုံး ပုတီးကုံးဖြင့် အရဟံဂုဏ်တော် ၂၇ ပတ်စိပ်ခြင်း၊ မဟိဒ္ဓိကျင့်စဉ်ပုတီး ၁၀၈ ပတ်စိပ်ခြင်း၊ မီးကသိုဏ်း ရှုကျင့်ပွားများ အားထုတ်ခြင်း၊ ကမ္မဋ္ဌာန်းမေတ္တာဓာတ်ကို ပွားများအားထုတ်ခြင်း၊ အမျှဝေငှခြင်းတို့ကို ပြုလုပ်ခဲ့ပါသည်။

ထိုသို့ဖြင့် သစ်တံခါးဆရာတော်သည် တစ်နှစ်ထက် တစ်နှစ် အဓိဋ္ဌာန်ကျင့်စဉ်ကြီးများကို ပို၍ပွားများအားထုတ်ခဲ့သည်မှာ ယခု ၁၃၇၅ ခုနှစ် အဓိဋ္ဌာန်ကျင့်စဉ်ကြီးများ အောင်မြင်ခဲ့သည်မှာ ကိုးကြိမ်မြောက် အောင်မြင်ခဲ့ပြီး ဖြစ်ပါသည်။ သစ်တံခါးဆရာတော် ဘဒ္ဒန္တမဏိဇောတ(ယော) သည် ထိုသို့ အဓိဋ္ဌာန်ကျင့်စဉ်ကြီးများ တစ်နှစ်ဝင်ပြီးတိုင်း သာသနာအကျိုးပြုလုပ်ငန်းများ ပရဟိတလုပ်ငန်းများကို လုပ်ကိုင်ခဲ့သည်မှာ ဖော်မပြနိုင်အောင် များပြားလှပြီဖြစ်ပါသည်။

သစ်တံခါးဆိုသည်မှာ သစ်တစ်ပင်နှင့်တစ်ပင်၊ တစ်ကိုင်းနှင့်တစ်ကိုင်း မပြုပြင်ဘဲ သဘာဝအလျောက် ထိုးဖောက်ဝင်ရောက်ကာ အလယ်ဗဟိုတွင် တံခါးပေါက်သဖွယ် ဖြစ်နေခြင်းကို သစ်တံခါးဟု ခေါ်ပါသည်။

သစ်တံခါးဆောင်ရာတွင် သိဒ္ဓိတင်ပြီး သရဏဂုံတည် မေတ္တာသုတ်ရွတ်ကာ ဆောင်ပါက ပို၍ အစွမ်းထက်ပြီး ကောင်းပါသည်။ ဆရာတော်၏အာရုံတွင် တွေ့မြင်ရသည်မှာ "အခွက်ဘက်က လာဘ်ခေါ်ပြီး အခုံးဘက်က ရန်ကာသည်ဟု ဆိုပါသည်။ သဘာဝအလျောက် ဖြစ်ပေါ်နေသော ဂမ္ဘီရပစ္စည်းဟု ရှေးဆရာတော်ကြီးများ၊ သူတော်စင်များမှ သမုတ်ကြပါသည်။

သစ်တံခါး၏ အစွမ်းသတ္တိများမှာ အခက်အခဲမှန်သမျှကို ထိုးဖောက် အောင်မြင်ပေါက်ရောက်ကာ လာဘ်ရွှင်ခြင်း၊ ဘေးအန္တရာယ်မှ ကာကွယ်ခြင်း ဂုဏ်သတ္တိထူးများ ရှိနေပါသည်ဟု ရှေးဆရာတော်ကြီးများ၊ သူတော်စင် သူတော်ကောင်းများ၊ ဝိဇ္ဇာ၊ ဇော်ဂျီ တပသီအပေါင်းတို့၏ ဆိုစကား ရှိခဲ့ဖူးကြောင်းကိုလည်း သိရပါသည်။

"တကယ်ကြိုးစား အားထုတ်သော ဒကာ၊ ဒကာမများအတွက် တကယ်ခရီးပေါက်စေချင်ပါတယ်။ အဓိဋ္ဌာန်စယူတာနဲ့ ဗုဒ္ဓဓာတ်အားကို အစပြုပါ။ နောက်ပိုင်း အချိန်ရလျှင် ရသလို လက်နဲ့ပုတီး သရဏဂုံကို ပါးစပ်က တရစပ်ရွတ်နေပါ။ ပါရမီရှင်များ နည်းယူကာ မရမနေ ကြိုးစားအားထုတ်ပါ။ သတိမပေါ့ ဝီရိယမလျော့သမျှ အောင်ပါသည်။ အောင်မြင်ချင်လျှင် ဆန္ဒပြင်းပြရပါတယ်။ ဖွဲ့ရှိရပါတယ်။ မရတာ ရတာ သူ့အလုပ်။ အားထုတ်ရမှာက ငါ့အလုပ်ဟု သဘောပေါက်ပါ။ မတွေဝေပါနဲ့။ ကိုယ့်အလုပ်သာ ကိုယ်လုပ်ပါ။ လောကီလောကုတ် တွဲ၍ကြိုးစားပါ။ ဒါမှ ပိုကောင်းမယ်။ ပိုပြီးစိတ်ချရမယ်။ တပည့် ဒကာ၊ ဒကာမအပေါင်းနဲ့ ပါရမီများ ကြိုးစားကြပါလို့ တိုက်တွန်းမှုပြုပါရစေ။ ရည်မှန်းချက်၊ ဆောင်ရွက်ချက်များ အောင်မြင်ပြီးမြောက် ခရီးပေါက်ကြပါစေ"ဟူ၍ သစ်တံခါးဆရာတော် ဘဒ္ဒန္တမဏိဇောတ(ယော)၏ မိန့်မှာစကားကို နောက်ဆုံး ရေးသားတင်ပြလိုက်ရပါတော့သည်။

## <u>သစ်တံခါးဆရာတော် မဏိဇောတ(ယော)၏ ဗုဒ္ဓဓာတ်ကိန်းယူ အားထုတ်နည်း</u>

နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ၊

သရဏဂုံ ရွတ်တည်ပြီး၊

ဖိဝိတ ပရိယန္တိကံ ဗုဒ္ဓံသရဏံ ဂစ္ဆာမိ၊

ဖိဝိတ ပရိယန္တိကံ ဓမ္မံသရဏံ ဂစ္ဆာမိ၊

ဖိဝိတ ပရိယန္တိကံ သံဃံသရဏံ ဂစ္ဆာမိ။

ဖိဝိတ ပရိယန္တိကံ–အသက်ထက်ဆုံးထိတိုင်အောင်၊ ဗုဒ္ဓံ–မြတ်စွာဘုရားကို၊ သရဏံ–ကိုးကွယ်ရာဟူ၍၊ ဂစ္ဆာမိ–ဆည်းကပ်ပါ၏ အရှင်ဘုရား။

ဒု၊ တ ဆိုပါ။ ငါးပါးသီလ အနည်းဆုံး ခံယူပါ။

အတိုနည်း ငါးပါးသီလခံယူပုံ ...

"တ္တမံ ပဉ္စသီလံ သီကွာပဒံ သမာဒိယာမိ" အာမ ဘန္တေပါ အရှင်ဘုရား။

*ခုနစ်ရက်သားသမီးအပေါင်း ဒေမိဋ္ဌာန်ပေါက် စိတ်အကြိုမြောက်ပါစေ။*

■ မရည်မွန်(ကျုံပျော်)



www.burmeseclassic.com

www.burmeseclassic.com

# ဝိဇ္ဇာဓရ ပုဂ္ဂိုလ်ထူးများထံမှ ပညာစဉ်ယူခဲ့သော ဖူးပြည့်ဗြာသစ်ဆရာတော်

(မြနိုးရှင်)



စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာခရိုင်၊ မုံရွာမြို့နယ်၊ ပေါက်ပင်ကျေးရွာအုပ်စု၊ ပေါက်ပင်ရွာတွင် ခမည်းတော် ဦးစောအောင်၊ မယ်တော်ဒေါ်သိန်းညွန့်တို့မှ ၁၃၂၀ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၀ ရက်၊ ၁၉၅၈ ခုနှစ်၊ အောက်တိုဘာလ ၇ ရက်၊ အင်္ဂါနေ့၊ နံနက် ၉ နာရီ ၃ မိနစ်မှာ မွေးဖွားခဲ့သည်။ မွေးချင်းခုနစ်ယောက်ရှိရာ စတုတ္ထ မြောက် သားရတနာဖြစ်ပါသည်။

၁၃၃၂ ခုနှစ်၊ ဝါဆိုလဆန်း ၁၂ ရက်၊ ဗုဒ္ဓ နေ့တွင် ဥပဇ္ဈာယ်ဆရာတော် လယ်တီဆရာတော်ဦး သလ္လာထံမှာ ရှင်သာမဏေအဖြစ် အရှင်ဉာဏောဘာ ဘွဲ့အမည်ဖြင့် ခံယူခဲ့ပြီး ဇာတိမြေဖြစ်သော ပေါ ကျောင်းတွင် နှစ်ဝါဆိုခဲ့သည်။ ၁၃၃၄ ခုနှစ်၊ ဝ



www.burmeseclassic.com

www.burmeseclassic.com

လပြည့်ကျော် ၁၀ ရက်၌ အမရပူရမြို့ 'တူမောင်း'ကျောင်းတိုက် မဏိရတနာအလယ်တိုက်ကြီးတွင် ပဓာန နာယက ဆရာတော် လယ်တီဦးနန္ဒိယ (ဦးကောသလ္လ၏ဆရာတော်) ထံ၌လည်းကောင်း စာချဆရာတော်ကြီး ဦးဇာဂရဗုဒ္ဓိထံ၌ လည်းကောင်း ပညာသင်ကြားခဲ့သည်။


မြို့နယ်လုံးဆိုင်ရာ အခြေပြုမူလတန်း၊ ဝိနယ အငယ်တန်း၊ ဝိနယအလတ်တန်း၊ ဝိနယအကြီးတန်း၊ ရွှေဘိုမြို့နယ်လုံးဆိုင်ရာ ဝိနယာအနုဂ္ဂဟ အာဂုံပြန်ပွဲငယ်၊ ငယ်၊ လတ်၊ ကြီး သုံးတန်းလုံး အောင်မြင်ခဲ့သည်။

နိုင်ငံတော်အစိုးရ ပါဠိပထမပြန်စာမေးပွဲအား အသက် ၁၅ နှစ်တွင် ပထမငယ်တန်း၊ ၁၆ နှစ်တွင် ပထမလတ်တန်း၊ ၁၇ နှစ်တွင် ပထမကြီးတန်း အောင်မြင်ခဲ့သည်။ ၁၈ နှစ်တွင် နိုင်ငံတော်အစိုးရ ဓမ္မာစရိယ စာမေးပွဲကျမ်းရင်း နှစ်ကျမ်း၊ ၁၃၄၃ ခုနှစ်တွင် နိုင်ငံတော်အစိုးရ ၏ 'သာသနဓဇဓမ္မာစရိယ'ဘွဲ့တံဆိပ်တော် ဆွတ်ခူးအောင်မြင်ခဲ့သည်။

၁၃၄၀ ပြည့်နှစ်၊ နှောင်းတန်ခူးလပြည့်၊ ဗုဒ္ဓဟူးနေ့ နံနက် ၈ နာရီ ၄၀ မိနစ်တွင် အမရပူရမြို့၊ တူမောင်းကျောင်းတိုက် မဏိဇောတခဏ္ဍသိမ်တော်၌ စစ်ကိုင်းမြို့ အနန္တသူရိယချောင်းဆရာတော် နိုင်ငံတော်ဩဝါဒစရိယ၊ နိုင်ငံတော် မူလသံဃာ့ဝန်ဆောင် ၆၆ ပါး၊ အဂ္ဂမဟာပဏ္ဍိတ အဘိဓဇမဟာရဋ္ဌဂုရု အနန္တသူရိယဆရာတော် ဘဒ္ဒန္တပဏ္ဍိတကို ဥပဇ္ဈာယ်ပြု၍ ရဟန်းဒကာမှာ မိုးကုတ်မြို့၊ အနောက်ပိုင်း ကျပ်ပြင်မြို့မရပ်၊ ရဟန်းဒကာ ဦးအုန်းရွှေ ရဟန်းဒကာမ ဒေါ်ခင်မေဦး မိသားစုနှင့် အမရပူရမြို့ တရုတ်တန်းရပ် ဦးမောင်ကြီး၊ ဒေါ်မိုးရီမိသားစုတို့မှ ပစ္စယာနုဂ္ဂဟခံယူ၍ ရဟန်းဘဝသို့ ကူးပြောင်းခဲ့သည်။

ဆရာတော် အရှင်ဉာဏောဘာသသည် ငယ်စဉ်ကလေးဘဝကတည်းက ဘုရားရှိခိုးခြင်း၊ ပဋ္ဌာန်းဒေသနာ မမေ့မလျော့ရွတ်ပွားခြင်းများ အထုံပါခဲ့လေသည်။

၁၉၈၃ ခုနှစ်မှာ မင်းကွန်းဆရာတော်ဘုရားကြီးထံမှာ တိပိဋကတ်ဖြေဆိုရန်၊ ပညာသင်ကြားရန် ရောက်ရှိခဲ့သည်။ သို့သော် ကျန်းမာရေးညံ့လာခြင်းကြောင့် ဆရာဝန်မှ အနားယူခိုင်းထားစဉ် မိုးမိတ်ကုန်းရှိ ရွှေဘုန်းပွင့်ဘုရားမှာ အဓိဋ္ဌာန်ပြု၍ ပဋ္ဌာန်းပူဇော်နေခဲ့သည်။ ထူးဆန်းသည်မှာ စာကျက်လျှင် ဖျားနာပြီး၊ စာမကျက်ဘဲ ပုတီးစိပ်ပွားများလျှင် အဖျားအနာမရှိခြင်းပင် ဖြစ်သည်။ ပဋ္ဌာန်းအောင်ခါနီးမှာ ဝိဇ္ဇာဓရဆရာတော်များ အိပ်မက်ဖြင့် ဆက်သွယ်လာခြင်း၊ ကြွလာခြင်း၊ မည်သူမည်ဝါမှန်း မသိရှိခဲ့ပါ။



ဖူးပြည့်အောင်ဆရာတော် သီတင်းသုံးရာ
ဘိုးဘိုးအောင်ဇာတိရွာ ဆုတောင်းပြည့်ဘုရားလိုဏ်ဂူတော်

လယ်တီဆရာတော်ဘုရားကြီးမှ အာရုံပေးလာခြင်း၊ ရှင်မထီးဆရာတော်၊ အဘပထမံဘိုးဘိုးအောင် အာရုံပေးလာခဲ့ပါသည်။ မင်းကွန်းဆရာတော်ကြီး ကျန်းမာရေးအခြေအနေ စိုးရိမ်ရချိန်မှာ ပဋ္ဌာန်းရည်စူးရွတ်ဆို၊ မေတ္တာပို့ပေးနေစဉ်မှာ ဆရာတော်ကြီးအနီးမှာ ဘိုးတော်အောင်မင်းခေါင် စောင်ခြုံနှင့် ထလာခြင်း၊ ထိုင်နေတာ မြင်နေရသည်။ 'စောင်'ဆိုတာ မေတ္တာ၏သဘောပဲဟု မြင်ပါသည်။

ထိပ်တန်းရောက်စေသော အဂ္ဂကျင့်စဉ်တော်များ နောက်စာမျက်နှာမှာ ဖွင့်ဖော်ပေးထားပါသည်။



www.burmeseclassic.com

www.burmeseclassic.com

## ထိပ်တန်းရောက် အဂ္ဂကျင့်စဉ် ပါဠိဂါထာတော်များ

**"နမော အဂ္ဂဿ၊ နမော အဂ္ဂဿ"**

၁၂ ခေါက် ရွတ်ဆို၊ ၁၂ ပတ် ပုတီးစိပ်ပါ။

**နိဿယအနက်မြန်မာပြန်**

**အဂ္ဂဿ** = မြင့်မြတ်ကောင်းကျိုး၊ ကုသိုလ်မျိုးတို့ စိုက်ပျိုးတည်ထောင်၊ အရင်းအနှီးဆောင်၍၊ ဂုဏ်ရောင် ပွင့်ဓာတ် အလင်းခတ်ဟု၊ မြင့်မြတ်ထိပ်တန်း၊ အထက်တန်းသို့၊ တက်လှမ်းနိုင်ကြ၊ စုံပြည့်ဝသည့် 'အဂ္ဂသဗ္ဗညု၊ သယမ္ဘူ'ဟု၊ အောင်သူထိပ်ထား၊ မြတ်စွာဘုရားအနန္တ မှန်သမျှအပေါင်း အားလုံးအား။

**နမော** = ကိုယ်,နှုတ်,စိတ်ထား၊ ကျင့်တရားဖြင့်၊ လေးစားကြည်ညို သဒ္ဓါပိုလျက်၊ ရှိသေမြတ်နိုး လက်အုပ်မိုး၍၊ ရှိခိုးပူဇော် ဖူးမြော်မာန်လျှော့ ကန်တော့ပါ၏ အရှင်မြတ်ဘုရား။

**အဂ္ဂဿ** = တန်ဖိုးကြီးဌာ ရတနာတို့၊ စိုက်ကာမြှုပ်ထား အရင်းအနှီးများကြောင့်၊ ကြီးပွားဖွံ့ဖြိုး တိုးတက်တိုးပြီး၊ တန်ဖိုးကြီးမား တန်ခိုးထွား၍၊ အင်အားကြီးလှ စုံပြည့်ဝသည့်၊ 'အဂ္ဂသဗ္ဗညု၊ သယမ္ဘူ'ဟု၊ အောင်သူထိပ်ထား၊ မြတ်စွာဘုရား အနန္တ မှန်သမျှအပေါင်း အားလုံးအား။

**နမော** = ကိုယ်,နှုတ်,စိတ်ထား၊ ကျင့်တရားဖြင့်၊ လေးစားကြည်ညို သဒ္ဓါပိုလျက်၊ ရှိသေမြတ်နိုး လက်အုပ်မိုး၍၊ ရှိခိုးပူဇော် ဖူးမြော်မာန်လျှော့ ကန်တော့ပါ၏ အရှင်မြတ်ဘုရား။

(၁၃၆၈ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၈ ရက်၊ ၂၀၀၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၅ ရက်၊ သောကြာနေ့၊ ည ၁၂ နာရီတိတိအချိန် နေပြည်တော် အဂ္ဂတောင်တော်တွင် ရှင်မထီးခေါ် ရှင်အဇ္ဇဂေါဏ ရသေ့ကြီး ဦးခန္တီဝရနှင့် ပဋ္ဌမံ ဘိုးဘိုးအောင်တို့က ချီးမြှင့်ပေးတော်မူကြပါသည်။)

### ၁။ နမော တေ အဂ္ဂဝိမုတ္တ

**အဂ္ဂဝိမုတ္တ** = အထွတ်ထိပ်လွတ်မြောက်၊ ထွက်ရပ်ပေါက်၍၊ ထွန်းတောက်အာဏာ၊ ဘုန်းတေဇာနှင့်၊ ပညာပြည့်ဝ၊ ကြီးမြတ်လှသည့် 'အဂ္ဂသဗ္ဗညု၊ သယမ္ဘူ'ဟု၊ အောင်သူထိပ်ထား၊ မြတ်စွာဘုရားအနန္တ မှန်သမျှအပေါင်း အားလုံးတို့ဘုရား။

**တေ** = အကျဉ်းအကျပ်၊ အထပ်ထပ်မှ၊ လွတ်လပ်ရေးရ၊ အောင်ပွဲရ၍၊ ဝဋ်မှထွက်မြောက်၊ ကင်းလွတ်မြောက်ပြီး၊ ပေါက်ရောက်တော်မူပြီး၊ ရှင်တော်မြတ်ဘုရားအနန္တ မှန်သမျှအပေါင်း အားလုံးတို့ဘုရား။

**နမော** = ကိုယ်,နှုတ်,စိတ်ထား၊ ကျင့်တရားဖြင့်၊ လေးစားကြည်ညို သဒ္ဓါပိုလျက်၊ ရှိသေမြတ်နိုး လက်အုပ်မိုး၍၊ ရှိခိုးပူဇော် ဖူးမြော်မာန်လျှော့ ကန်တော့ပါ၏ အရှင်မြတ်ဘုရား။

[အမှတ်(၁)ဂါထာကို ပဋ္ဌမံ ဘိုးဘိုးအောင်နှင့် ရသေ့ကြီး ဦးခန္တီဝရတို့က ချီးမြှင့်သည်။]

### ၂။ နမော ဝိမုတ္တာနံ နမော ဝိမုတ္တိယာ

**ဝိမုတ္တာနံ** = ကိလေသာ အကျပ်တည်း၊ ကျဉ်းမြောင်းဝဲမှ၊ လွဲထွက်လွတ်မြောက်၊ သိဒ္ဓိပေါက်၍၊ ပြီးမြောက်ပြည့်စုံ၊ တန်ခိုးဂုဏ်နှင့်၊ လွှမ်းခြုံကျော်ကြား၊ ပေါ်ထင်ရှားသည့် ဘုရားအဂ္ဂအနန္တတို့အား။

**နမော** = ကိုယ်,နှုတ်,စိတ်ထား၊ ကျင့်တရားဖြင့်၊ လေးစားကြည်ညို သဒ္ဓါပိုလျက်၊ ရှိသေမြတ်နိုး လက်အုပ်မိုး၍၊ ရှိခိုးပူဇော် ဖူးမြော်မာန်လျှော့ ကန်တော့ပါ၏ အရှင်မြတ်ဘုရား။

**ဝိမုတ္တိယာ** = ကျဉ်းကျပ်မရှိ၊ ကင်းလွတ်ဘိ၍ 'ဝိမုတ္တိ-အလွတ်'ထိပ်တန်းမြတ်သည့်၊ အထွတ်ထိပ်ခတ်၊ တရားဓာတ်အား။

**နမော** = ကိုယ်,နှုတ်,စိတ်ထား၊ ကျင့်တရားဖြင့်၊ လေးစားကြည်ညို သဒ္ဓါပိုလျက်၊ ရှိသေမြတ်နိုး လက်အုပ်မိုး၍၊ ရှိခိုးပူဇော် ဖူးမြော်မာန်လျှော့ ကန်တော့ပါ၏ အရှင်မြတ်ဘုရား။

[အမှတ်(၂)ဂါထာကို ပဋ္ဌမံဆရာကြီး ဘိုးတော်သော်ဇင်မိုင်းက ချီးမြှင့်ပေးပါသည်။]

**မြနုနီးရှင်**



www.burmeseclassic.com

www.burmeseclassic.com

# ဝါဆိုသက်နိုး
# လာဘ်ရွှင်လေနိုး

## နန္ဒာမိုးကြယ်

ဖြစ်လေရာ ဘုံဘဝ
ကြုံရတဲ့ခန္ဓာ
သိင်္ဂနိတ် ဆင်းရွှေဝါ
ဝင်းပေလာ အသွေး
မြူမငြီ ဖြူအိလွင်တယ်
လှူသည့်ရှင် ကောင်းမှုရေး။
စိတ္တရမြတ်ဒါနာ
မှတ်ကြပါလေသေး
ရွှေတောင်မှာ နေရောင်ပေးသလို
ပြောင်အသွေးကိုယ်ရေ
ဖဲကတ္တီန အပါးလို
သူ့အသား နူးညံ့ခဲ့ပေ။
အထည်ပေါင်း သိန်းကုဋေ
ကိန်းအခြေမရေတွက်နိုင်ဘော
ခြွေလျက် မိုးပြန့်ခေါင်မှာ
ပိုးဖဲနှင့် ကတ္တီပါ
လိုရာရာ ရကြောင်းပလေး။ ။

***အရှင်ဇဝန(ပဲခူး)***

နေ့တာအရှည်ဆုံးဖြစ်သည့် ဝါဆိုသို့ ရောက်ခဲ့ပြီ။

ဝါဆိုလသည် ဗုဒ္ဓဘာသာ ထွန်းကားပြန့်ပွားသည့် စာရေးသူတို့နိုင်ငံအဖို့ ထူးကဲမွန်မြတ်လှစွာသော လတစ်လ ဖြစ်ချေ၏။ ဝါဆိုလပြည့်နေ့ကား မြတ်စွာဘုရားအလောင်းတော်သည် မယ်တော်၏ ဝမ်းကြာတိုက်၌ ကိန်းအောင်းသန္ဓေယူသော နေ့ဖြစ်၏။ သည်ဝါဆိုလသမယ၌ အလောင်းတော်သည် "သူအို၊ သူနာ၊ သူသေ၊ ရဟန်း"တည်းဟူသော နိမိတ်ကြီးလေးပါးကို မြင်၍ တောထွက်တော်မူခဲ့သည်။ ဘုရားရှင်အဖြစ် ရောက်ရှိတော်မူပြီးသကာလ တရားဦးတရားမြတ် ဓမ္မစကြာတရားတော်ကို ဟောကြားတော်မူခဲ့သည်။ တုဖက်ယှဉ်ပြိုင်လာကြကုန်သော တိတ္ထိတို့အား ခုံးမနိမ်နင်းရန်အတွက် ရေမီးအစုံ တန်ခိုးပြာဋိဟာတို့ကို ပြတော်မူခဲ့သည်။ သို့ဖြစ်၍ "သန္ဓေ၊ တောထွက်၊ ဓမ္မစက်၊ တစ်ချက်ပြာဋိဟာ"ဟု မှတ်သားခဲ့ကြကာ အမွန်အမြတ်ပြုခဲ့ကြချေ၏။

စင်စစ် ဝါဆိုလသည် ရဟန်းသူမြတ်တို့အဖို့ ဘုရားရှင်ပညတ်တော်မူသော လထူးလမြတ်ဟု ဆိုရပေမည်။ အကြောင်းမူ ရဟန်းသူမြတ်တို့အဖို့ မိမိတို့ ဝါကပ်ကျောင်းမှ ညဉ့်အိပ် ပြင်ပသို့ မထွက်ကြရန် ဝိနည်းတော်က ချုပ်ကိုင်ထားသော လဖြစ်ချေ၏။ ကရကဋ်ရာသီဖြစ်ပြီး အသဋ္ဌိနက္ခတ် ယှဉ်ပြိုင်ထွန်းပသော လဖြစ်၍ ရှေးက ဝါဆိုလအား "နွယ်တာလ"ဟု သညာပြုကြလေ၏။ ထူးမြတ်သော လဖြစ်၍လည်း ဗုဒ္ဓဘာသာဝင်များအဖို့ ဤလအခါသမယ၌ ဘုရားသွား၊ ကျောင်းတက်၊ ဥပုသ်စောင့်၊ သီလယူကာ နိဗ္ဗာန်စခန်းရှိရာ တက်လှမ်းကြချေ၏။ တောတောင်ရဂုံမှာတော့ မိငကျောင်းပန်း၊ ပုန်းညက်ပန်း၊ မြတ်လေးပန်း၊ အနန်းပန်းတို့သည် ဝါဆို၏ မိုးရေစက်များအောက်၌ လန်းလန်းစိုစို ရှိနေကြသည်။ ဝါဆို၏ ညင်းလေ



www.burmeseclassic.com

www.burmeseclassic.com

ပြည်၌ မွှေးမွှေးကြိုင်ကြိုင် တလှိုင်လှိုင် သင်းနေကြတော့သည်။

ဝါဆိုလအခါဝယ် "ပဥ္စင်းတော်ခံပွဲ"များ ကျင်းပခဲ့ကြသည်။ ပဥ္စင်းဖြစ်ဖို့ရန် အင်္ဂါရပ် ငါးပါးလိုအပ်၏။ ယင်းတို့မှာ . . .

(၁) ရဟန်းလောင်းဖြစ်ရန် အင်္ဂါနှင့် ပြည့်စုံခြင်း။
(၂) ဉာတ်၏ ပြည့်စုံခြင်း။
(၃) ကမ္မဝါစာ၏ ပြည့်စုံခြင်း။
(၄) သိမ်၏ ပြည့်စုံခြင်း။
(၅) ပရိသတ်၏ ပြည့်စုံခြင်း

တို့ ဖြစ်ကြ၏။ အဆိုပါ အင်္ဂါရပ်ငါးပါး ပြည့်စုံပါမှ ပဥ္စင်းအင်္ဂါရပ်နှင့် ကိုက်ညီသည်ဟု သတ်မှတ်ကြကုန်၏။ ပဥ္စင်းတော်ခံသည့်ပွဲ၊ ရဟန်းသံဃာ အပေါင်းတို့ ဝါကပ်ရသည့်ကာလ စသည်တို့ကြောင့် ဝါဆိုကာလသမယသည် သာသနာ့အမွေခံ ဖြောစည်တို့ ညံသည့် ကာလသမယ ဖြစ်ချေ၏။ ဝါဆိုဝါကပ်ကြသည့် ရဟန်းသံဃာတို့အား လှူဖွယ်ဝတ္ထု အစုစုတို့ လှူဒါန်းကြသည် လည်းဖြစ်ပေရာ ဆရာနှင့် ဒကာတို့ ရင်းနှီးကျွမ်းဝင်စေသည့် သာသနာပြုပွဲတော် လထူးလမြတ်ဟုဆိုရလျှင် မမှားနိုင်ချေ။

ဆွမ်းခဲဖွယ်တို့ကို ပူဇော်လှူဒါန်းကြ၏။ ဝါဆိုပန်းများ ကပ်လှူကြ၏။ ထိုအထဲမှ အထူးလေးနက်စွာ တမွန်တမြတ် လှူဒါန်းသည်ကား "ဝါဆိုသင်္ကန်း"ပင် ဖြစ်လေ၏။ သင်္ကန်းဟူသည် ရဟန်းသံဃာတော်တို့အတွက် မရှိမဖြစ် လိုအပ်လှစွာသော ပစ္စည်းလေးပါးအနက်မှ တစ်ပါးဖြစ်၏။ ထိုတစ်ပါးကို ဒါယကာတို့မှ "ဝါဆိုသင်္ကန်း" အဖြစ် ထူးကဲလေးနက်စွာ လှူဒါန်းကြချေ၏။ ဝါဆိုသင်္ကန်းလှူဒါန်းသည့်အတွက် ထူးကဲစွာ ရရှိမည့်အကျိုးကား ရှစ်ပါးရှိကြောင်း မှတ်သားရဖူး၏။

"ရွှေသို့အဆင်း။ ညစ်ကြေးကင်း၍ ရောင်ဝင်းထိန်ပ၊ နူးညံ့ရ၍ မကသိန်းဖိုး။ ပုဆိုးရလေ၊ ညိုရွှေဖြူနီ၊ ဤရှစ်မည်သည်၊ ကျမ်းညီသင်္ကန်း လှူကျိုးတည်း"

ဟူသည့် လင်္ကာအပေါ် ပိုင်းဆစ်သရုပ်ခွဲကြည့်ပါက ဝါဆိုသင်္ကန်း လှူဒါန်းရသည့်အတွက် . . .

(၁) ဖြစ်လေရာဘဝဆက်တိုင်း ဆင်းတိုင်း၌ ရွှေအဆင်းကဲ့သို့ တောက်ပကုန်၏။
(၂) ခန္ဓာကိုယ်၌ မည်သည့်အညစ်အကြေးမှ ကပ်ငြိခြင်းမရှိဘဲ သန့်ရှင်းစင်ကြယ်၏။
(၃) ရောင်ဝင်းထိန်ပ ဘဝဆက်တိုင်း ခုနစ်ဆောင်တိုက်ခန်း မီးမထွန်းဘဲ အလင်းရောင်ရရှိနိုင်၏။ (ပမာဆောင်ရလျှင် ဥမ္မာဒန္တီတို့၊ ပပဝတီတို့မှာ သင်္ကန်းလှူရသည့် အကျိုးကြောင့် ခုနစ်ဆောင်တိုက်ခန်း မီးမထွန်းရဘဲ ထိန်လင်းတောက်ပသူများ ဖြစ်ကြကုန်၏။)
(၄) အသားအရေမှာ ကြမ်းကြမ်းရှရှ မရှိဘဲ နူးညံ့ပျော့ပျောင်းကုန်၏။
(၅) အဖိုးတစ်သိန်းမကသော အညိုရောင်ပုဆိုးကို ရရှိနိုင်၏။
(၆) အဖိုးတစ်သိန်းမကသော အဝါရောင်ပုဆိုးကို ရရှိနိုင်၏။
(၇) အဖိုးတစ်သိန်းမကသော အဖြူရောင်ပုဆိုးကို ရရှိနိုင်၏။
(၈) အဖိုးတစ်သိန်းမကသော အနီရောင်ပုဆိုးကို ရရှိနိုင်၏။

ဟူသည့် အကျိုးထူး အကျိုးမြတ်ရှစ်ပါးကို ခံစားရမည်ဖြစ်၏။ ယင်းသည်ပင် ဝါဆိုသင်္ကန်း လှူဒါန်းသည့်အတွက် ထူးမြတ်သော လာဘ်လာဘမဟုတ်ပါလော။ စင်စစ် လာဘ်လာဘဟူသည် ငွေကြေးသက်သက်ချည်း မဟုတ်ချေ။ စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ ကျန်းမာချမ်းသာခြင်းသည်လည်း လာဘ်လာဘ ဖြစ်ချေသည်။ သုတ္တန်နည်းအလိုအရ ဝါဆိုသင်္ကန်း လှူဒါန်းရသည့်အကျိုးမှာ ရှစ်ပါးရှိသကဲ့သို့ အဘိဓမ္မာနည်းအရ အကျိုး ခြောက်ပါး ရရှိခံစားရကြောင်း မှတ်သားရချေ၏။

အဘိဓမ္မာ၊ ကျမ်းအလာကား၊ ကောင်းစွာအဆင်း။ ကောင်းခြင်းအသံ၊ အတန်အနံ့၊ မွှေးပျံ့ကြိုင်စွာ၊ ရသာဘောဂ၊ သုံးဆောင်ရလျက်၊ ဖဿကိုယ်မှာ၊ နူးညံ့စွာနှင့်၊ ပမာဂွမ်းလား။ ကင်းပြားအနာ၊ ချမ်းသာသုခ၊ ဤခြောက်ဝကို နှစ်ခွမလွဲ၊ ခံရမြဲ။

သို့ဖြစ်၍ ပုန်းညက်ညိုမာလာမင်းတို့ ပွင့်လင်းသည့် လဝါဆို၌ ဝါဆိုသင်္ကန်း လှူဒါန်း၍ ကုသိုလ်ယူပြီးသကာလ ဥပုသ်သီတင်းသီလ ဆောက်တည်မည်ဆိုပါလျှင် သံသရာဘဝခရီးလည်း ဖြောင့်တန်းရုံမက ပစ္စုပ္ပန်အနေအထား၌လည်း မပူမပင် မကြောင့်မကြဘဲ လာဘ်သက္ကာများ ရွှင်လန်းနိုင်ပါကြောင်း ရေးသားတင်ပြလိုက်ရပေတော့၏။

နန္ဒာမိုးကြယ်



www.burmeseclassic.com

# ဝမ်းနည်း ဝမ်းသာ

အင်ကြင်းမေ

ယခုနှစ် သင်္ကြန်ကာလမှာ တရားစခန်းဝင်မည့်သူများ အလွန်များ၍ ရိပ်သာများတွင် ကန့်သတ်ထားသည့် အရေအတွက်ထက် ကျော်လွန်နေကြောင်း သတင်းစာ၊ ဂျာနယ်များတွင် ဖတ်ရသည်။ ကျွန်မသည်း မိတ်ဆွေတစ်ဦးနှင့် တောင်ကိုးလုံးသဒ္ဓမ္မအလင်းရောင်ကျောင်း၊ အင်းတကော် မြို့နယ်တွင် တရားစခန်းဝင်ရန် ပြင်ဆင်၍ တရားအားထုတ်ရန် ဆုံးဖြတ်ထားပြီး ဖြစ်ပါသည်။

ထို့အတူ ကျွန်မ၏ သားငယ်ဖြစ်သူကလည်း သူ၏ သူငယ်ချင်းနှင့်အတူ ပဲခူးမြို့၏ တောတွင်းတစ်နေရာရှိ တရားစခန်းတစ်ခုတွင် တရားအားထုတ်လိုကြောင်း ခွင့်တောင်းခဲ့သည်။ သူ၏ သူငယ်ချင်းအဘွားမှလည်း ကျွန်မတို့အိမ်သို့ လာ၍ အစစအရာရာ စိတ်ချစွာ ထည့်လိုက်ပါရန်နှင့် သားငယ်ကိုလည်း ပြန်ချင်သည်ဆိုသောစကား မပြောရန် မှာကြားကာ ထိုတရားစခန်းသို့ ခေါ်ဆောင်သွားခဲ့ပါသည်။

မိဘဖြစ်သူ ကျွန်မအနေဖြင့် သားသမီးမျ ကောင်းမွန်သော တရားအားထုတ်လိုခြင်းဟူသော လမ်းကို ရွေးချယ်ခဲ့၍ ဝမ်းသာပီတိဖြစ်ခဲ့ရသည်။ သားငယ်သည် သူငယ်ချင်းအဘွား၏ ဆောင်ရွက်မှုဖြင့် မိဘနှင့် တကွဲစီသွားခဲ့သော်လည်း သူ၏ သူငယ်ချင်း၏အဘွားနှင့်လည်း ရင်းနှီးသဖြင့် ယုံကြည်စိတ်ချစွာ ထည့်လိုက်ခြင်း ဖြစ်ပါသည်။

မသွားခင်မှာ ဆေးအပါအဝင် ပစ္စည်းပစ္စယ စုံလင်စွာ ထည့်ပေးခဲ့ပါသည်။ သူရွတ်ဖတ်ပူဇော်နေကျ ပဋ္ဌာန်းစာအုပ်ကိုလည်း သတိထား၍ ထည့်ပေးခဲ့ပါသည်။ တရားအားထုတ်သည့်အခါ စိတ်မပျံ့လွင့်ရန်နှင့် စိတ်တည်ငြိမ်မှုရှိစေရန် ကျွန်မသိထားသမျှ ရှင်းပြခဲ့ပါသည်။ သားငယ်သည် အသက် ၁၅ နှစ်ကျော်ရှိပြီး တရားရိပ်သာနှင့်လည်း တစ်ခါမျှ ထိတွေ့ခြင်းမရှိသေးပါ။ သည်တစ်ကြိမ်သည် ပထမဦးဆုံး ဖြစ်ပါသည်။ ကျွန်မ၏ စိတ်ထဲတွင် တရားထိုင်၊ တရားမှတ်ရခြင်းအပေါ် ငြီးငွေ့စိတ်ပျက်သွားမှာ စိုးရိမ်နေပြီး တရားဓမ္မ၌ စိတ်ပါဝင်စား ပျော်မွေ့နိုင်ပါစေဟုသာ အထပ်ထပ်ဆုတောင်းနေခဲ့မိပါသည်။

ဤသို့နှင့် နှစ်ဆန်းနှစ်ရက်ရောက်သောအခါ တရားစခန်းအသီးသီးမှ ပြန်လာ၍ ညဘက်တွင် သားငယ်မှ မိခင် တရားစခန်းမှ ရှုမှတ်ပုံနှင့် တရားစခန်းအကြောင်းကို မေးမြန်းဆွေးနွေးကြသောအခါ ကျွန်မမှာ သားငယ်၏ တရားကို မြတ်နိုးလေးစားခြင်းကို သိရရ၍ ဝမ်းသာကြည်နူးခဲ့ရသည်။ သို့သော် သူ၏ တရားစခန်းတွင် ဖိနှိပ်ချုပ်ချယ်ခံရခြင်း၊ ပြစ်ဒဏ်ပေးခံရခြင်းများကို ရင်ဖွင့်သောအခါ ကျွန်မ များစွာ စိတ်မကောင်း ဖြစ်ရပါတော့သည်။ မိသားစုအားလုံး သားငယ်အတွက် စိတ်မကောင်းဖြစ်ရ၊ ဒေါသများလည်း ဖြစ်ခဲ့ရပါသည်။ ဤသည်ကိုပင် သားငယ်က ပြန်လည်နှစ်သိမ့်နေပါသေးသည်။

ကျွန်မ မည်သည့်အတွက်ကြောင့် စိတ်ထိခိုက်ရသနည်းဆိုသော် ကျွန်မ တွေ့ကြုံထားဖူးသော တရားစခန်း၊ ရိပ်သာများတွင် ယောဂီများကို မေတ္တာကို နှလုံးသွင်း၍ ပြောဆိုခြင်း၊ တရားအားထုတ်ပုံနည်းစနစ်များကိုလည်း သိမ်မွေ့နူးညံ့စွာ သင်ပေးခြင်း၊ တရားအားထုတ်သည့်အခါ မည်သည့်စိတ်ဖိစီးမှုမျိုးမှ မရှိစေရန် စီမံဆောင်ရွက်ပေးခြင်းနှင့် လာရောက်လှူဒါန်းကြသော အလှူရှင်များကလည်း သဒ္ဓါထက်သန်စွာကျွေးမွေးခြင်းများဖြင့် တရားရရေးအတွက် ငြိမ်းချမ်းစွာ ဆောင်ရွက်နိုင်စေခဲ့ပါသည်။

ဤတရားစခန်းမှ ယောဂီတစ်ဦးတစ်ယောက်မှ မင်္ဂလာပိုလ်ဉာဏ် ရခဲ့ပါက တရားစခန်းဖွင့်သည့်သူများ မည်မျှကုသိုလ်ရမည်၊ တရားစခန်းဖွင့်ရကျိုးနပ်မည် ဆိုသည်



www.burmeseclassic.com

www.burmeseclassic.com

မှာ ဗုဒ္ဓဘာသာဝင်တိုင်း နားလည်ခံစားတတ်ကြပါသည်။ တစ်မက်တစ်ဖိုလ် မရခဲ့သော ယောဂီများ ရှိခဲ့သော်လည်း ၎င်းတို့၏ရင်ထဲတွင် ဆွမ်းအလှူရှင်၊ ကျောင်းအလှူရှင်များ အဖြစ် ပါရမီဖြည့်ကြသည်များလည်း တွေ့ရပါသည်။

ယခုတော့မှ သားငယ်သွားခဲ့သော တရားစခန်းတွင် တရားရိပ်သာပိုင်ရှင်၊ တရာပြဆရာကြီးမှာ လူငယ်တချို့ကို "ဓမ္မလုပ်သား"အဖြစ် ခန့်အပ်၍ ယောဂီများအား မျက်ခြည် မပြတ် စောင့်ကြည့်စေခြင်း၊ တရားအားထုတ်ပြီး မိမိနားနေရာ အဆောင်ရောက်သည်အထိ လိုက်ကြည့်၍ စကားပြောဆို ခြင်း ရှိမရှိ၊ ရှိခဲ့လျှင် ချက်ချင်းသတင်းပို့ တိုင်ကြားခြင်းများ ပြုလုပ်ခဲ့ပါသည်။ ဤနေရာတွင် ဆရာကြီး၏သမီးမှ ယောဂီ များကို ကြိမ်းမောင်းအုပ်ချုပ်၍ အပြစ်ပေးသင့်သူများအား အခန်းဖော်များနှင့်ခွဲ၍ တစ်ဦးတည်းနေရသော အခန်းငယ် များသို့ ရွှေ့ပြောင်းခြင်းဖြင့် ပြစ်ဒဏ်ကို ခံယူစေပါသည်။

တရားကိုရလို၍ ငြိမ်းချမ်းသောတရားစခန်းကို ဝင် ရောက်ခိုလှုံခဲ့သော်လည်း ထိုတရားရိပ်သာစခန်းမှာ ထောင် တစ်ခုသဖွယ် တည်ထောင်၍ "ဓမ္မလုပ်သား"ဟူသောအစောင့် များ၊ အာဏာပိုင်အဖွဲ့အစည်းနှင့် အမှုစီရင်သူများ၏ ပြောဆို သည့် စကားများမှာလည်း ရင့်သီး၍ မငြိမ်းချမ်းသော တရား စခန်းအဖြစ် ခံစားမိပါသည်။ သားငယ်မှာလည်း တရားရှု မှတ်ချိန်၌သာ စိတ်ချမ်းသာခဲ့သော်လည်း ကျန်သည့်အချိန် များတွင် ထောင်သားတစ်ယောက်လို အပြစ်ရှာခြင်းများကို ခံခဲ့ရပါသည်။ သူ၏အခန်းဖော် ဘကြီးအရွယ်၊ ဦးလေးအရွယ် များနှင့် လူမှုရေးအရ သူတို့မေး၍ ဖြေမိသည်ကို စကားပြော သည်ဟုဆိုကာ အစွန်ဆုံးအခန်းတစ်ခုတွင်ထား၍ အပြစ်ပေး ခြင်း ခံရပါသည်။ သူ၏အခန်းတစ်ဖက်တွင် တောကြီးဖြစ်၍ ကလေးတစ်ယောက်အနေဖြင့် မည်မျှ စိတ်ချောက်ချားမည် ကို တွေးကြည့်ရုံဖြင့် သိနိုင်ပါသည်။

ညဘက် သားငယ်က ပတ္ဌာန်းရွတ်သောအခါ ခြေသံ များ ကြားရပြီး ရွတ်ဆိုပြီးသွားပါက တိတ်ဆိတ်သွားကြောင်း ပြောပါသည်။ နေမကောင်းပါက အိမ်အကြောင်းပဲနေပြီး ဆက် လက်၍ တရားအားထုတ်ရမည်ဖြစ်ကြောင်း၊ သေပါက မြေမြှုပ်ပေးမည်ဖြစ်ကြောင်း တရားပြဆရာကြီးမှ ပြောဆိုခဲ့ ပါသည်။

သားငယ်အပါအဝင် ကျွန်မတို့သည် ပုထုဇဉ်များသာ ဖြစ်ကြ၍ ဝိပဿနာဉာဏ်များရကာ ဘဝကူးကောင်းရန် တရားအားထုတ်ကြခြင်းဖြစ်ရာ နုနယ်သော ကလေးများကို ထိတ်လန့်စိတ်ပျက်ဖွယ် စကားများဖြင့် ခြိမ်းခြောက်ပြောဆို ခြင်းမှာ တရားစခန်းနှင့် မတူတော့ပေ။ ဓမ္မမဖြစ်ဘဲ အဓမ္မ ဖြစ်နေပါတော့သည်။ တရားအားထုတ်ခြင်းအပေါ်၌လည်း စိတ်ကုန်ခန်းမှာ စိုးမိပါသည်။ တရားမသိ၍ သိရန်အားထုတ် လေ့လာသူ ဖြစ်သေးသော ကျွန်မ၏ သားငယ်အား ရိပ်သာမှ အာဏာပိုင်များက "ဘာမှမသိမတတ်တဲ့ စုန်းပြူးတွေ ခေါ် မလာခဲ့နဲ့"ဟု သားသူငယ်ချင်း၏ အဘွားကို အမိန့်ထုတ်ခဲ့ပြီး သားငယ်ကိုလည်း "နောင် ဤတရားစခန်းတွင် တရားအား ထုတ်ခွင့်မရှိ"ဟု ပြောခဲ့ပါသည်။

ကျွန်မ ကိုယ်ရည်သွေး၍ ပြောခြင်းမဟုတ်ပါ။ ကျွန်မ ၏သားသည် ပတ်ဝန်းကျင်၌ မည်သူတစ်ဦးတစ်ယောက်၏ မုန်းတီးခြင်း၊ ရန်ငြိုးဖွဲ့ခြင်း မရှိပါ။ လူချစ်လူခင်ပေါပါသည်။ ဤတရားစခန်းရောက်မှ နာမည်ပျက်စာရင်း ဝင်ရပါတော့ သည်။ ဘာမှမသိမတတ်သော စုန်းပြူးဖြစ်ရပါတော့သည်။

လာမည့်နှစ်များတွင် မိမိတို့၏ သားသမီးများ၊ ၎ရား အားထုတ်လို၍ တရားစခန်းသို့ ပို့ဆောင်ပေးမည့် မိဘများ ကို ကိုယ်ချင်းစာစိတ်နှင့် အသိပေးချင်ပါသည်။ မိမိတို့ဝင် လိုသည့် တရားစခန်းတွင် ထေရဝါဒနှင့်အညီ တရားအား ထုတ်ရပါမည်လား။ အပြိုင်အဆိုင်စိတ်စိုးမိုးသော "ဘယ်သူ ဘယ်နှနာရီတရားထိုင်နိုင်လဲ၊ ဆုပေးမယ်၊ ဘယ်သူစကား ပြောလဲ၊ အမှားလုပ်မိလဲ၊ ဒဏ်ပေးမယ်"ဆိုသော တရားစခန်း များဖြစ်နေလျှင် စဉ်းစားဖို့လိုမည် ထင်ပါသည်။

ကျွန်မ၏သားငယ် ရောက်ခဲ့ရသော တရားစခန်းမှာ မူကား ကျွန်မတို့မိသားစု စိတ်မကောင်းခြင်းများစွာ ဖြစ်ခဲ့ရပါ သည်။ သို့သော် သားငယ်၏ ဘုရားရှိခိုး၊ တရားမှတ်ခြင်းကို ခံမင်ခြင်းကိုမြင်ရတော့ ဝမ်းသာခဲ့ရပါသည်။ ဝမ်းသာနေရပါ ဦးမည်။ ။

■ အခါခြွေမိးခေ

www.burmeseclassic.com

# "ဆုတောင်းပြည့် သဒ္ဒါကျောက်တောရ မဟာအောင်မြေ" အတွက် အလှူရှင်များဖိတ်ခေါ်ခြင်း

ဆရာတော်ဦးအာစာရလင်္ကာသီရိသည် ၁၃၅၆-ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၂ ရက် (၁၆-၂-၁၉၉၅) ကြာသပတေးနေ့တွင် ရခိုင်ပြည်နယ် သံတွဲမြို့ ရေးနှစ်ပေါင်းများစွာ သာသနာပြုပုဂ္ဂိုလ် ပဋ္ဌာန်းဆက်ပါရမီရှင်များအား စောင့်မျှော်လျက်ရှိသော ဆုတောင်းပြည့် သဒ္ဒါကျောက်တောရ မဟာအောင်မြေသို့ စတင်ရောက်ရှိပြီး တောရစုတင် အကျင့်မြတ်ပဋိပတ်ဖြင့် စတင်ကြွရောက် သာသနာပြုတော်မူပါသည်။

၁၃၅၇ ခုနှစ်၊ တော်သလင်းလဆန်း ၁ ရက်(၂၅-၈-၁၉၉၅) သောကြာနေ့တွင် ပန္နက်တင်၍ ၁၃၅၈ ခုနှစ်၊ တပေါင်းလပြည့်နေ့ (၂၃-၃-၁၉၉၅)နေ့တွင် ဆုတောင်းပြည့် အနောက်ရွှေတိဂုံစေတီတော်နှင့် အရံစေတီရှစ်ဆူတို့ကို တိကြားကုသိုလ်ဖြစ် ထီးတော်တင်အဖွဲ့နှင့် ရွှေထီးတော်တင်လှူခြင်း။ ကုန်ကျငွေ ၇၅ သိန်းကျပ်။ ၁၃၆၁ ခုနှစ်၊ သီတင်းကျွတ်လပြည့် (၂၄-၁၀-၁၉၉၉) တနင်္ဂနွေနေ့တွင် မူလသစ်ကောက်ရွာ အများကောင်းမှု ကိုးနဝင်းစေတီတော်အား ကျောက်ထီးတော်ပောင်းချ၍ ရွှေထီးတော်အသစ်တင်လှူခြင်း ကုန်ကျငွေ ၁၀ သိန်းကျပ်ကျော်။ ၁၃၆၂ ခုနှစ်၊ တော်သလင်းဆန်း ၁ ရက်(၁-၉-၁၉၉၉) သောကြာနေ့တွင် ပန္နက်တင်၍ ၁၃၆၅ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၁ ရက်(၂၇-၃-၂၀၀၃) တနင်္ဂနွေနေ့တွင် အမြင့် ၂၁ တောင်ရှိ ရွှေထီးတော် ဘုံနှစ်ဆင့်မြင့် တတ်ပေါင်းစု အနောက်ကျိုက်ထီးရိုးစေတီတော်အား တိကြားကုသိုလ်ဖြစ် ထီးတော်တင်အဖွဲ့နှင့် ရွှေထီးတော်တင်လှူခြင်း။ ကုန်ကျငွေ ၃၀၀ သိန်းကျပ်ကျော်။ ၁၃၆၂ ခုနှစ်၊ တန်ခူးလဆန်း ၅ ရက် (၂၈-၃-၂၀၀၁) ဗုဒ္ဓဟူးနေ့တွင် နှစ်ပေါင်း ၈၀ ကျော် ရွှေထီးတော်ကင်းမဲ့နေသော ဂွမြို့ ရေကျော်ကျေးရွာရှိ ရွာလယ်မင်းဘကြီးကောင်းမှုစေတီတော် ရွှေထီးတော် အသစ်တင်လှူခြင်း။ ကုန်ကျငွေ ၁၅ သိန်းကျပ်ကျော်။ ၁၃၆၈ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၄ ရက် (၄-၁-၂၀၀၇) ကြာသပတေးနေ့တွင် နှစ်ပေါင်း ၉၀ ကျော် ပြိုကျပျက်စီးနေသော ပိန်းတောလေးကျေးရွာ ကျောင်းတော်မှုရုပ်ပွားတော်မြတ်ကြီးအား စတင်ပြုပြင်ဆောင်ရွက်၍ ၁၃၇၀ ပြည့်နှစ်၊ တပို့တွဲလပြည့်နေ့(၉-၂-၂၀၀၉) တနင်္လာနေ့တွင် ဓမ္မာရုံကြီးအပါအဝင် ရေစက်သွန်းချပြီးစီးခြင်း။ ကုန်ကျငွေ ၁၀၀ သိန်းကျပ်ကျော်။ ၁၃၇၀ ပြည့်နှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၄ ရက်(၁၆-၁၀-၂၀၀၈) တနင်္ဂနွေနေ့တွင် ဉာဏ်တော်အလျား ၅၄ ပေရှိ အေးငြိမ်းချမ်းသာလျောင်းတော်မူ ရုပ်ပွားတော်မြတ်ကြီးအား စတင်တည်ထားဆောင်ရွက်ပြီး၊ ၁၃၇၁ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၂ ရက် (၃၀-၁-၂၀၁၀)နေ့တွင် ငွေကျပ်သိန်းပေါင်း ၁၀၀၀ ကျော် ကုန်ကျခဲ့ပြီး အားလုံးကောင်းမှုအတွက် ရေစက်သွန်းချ အမှုပေးဝေခဲ့ပြီး၊ ဆက်လက်၍ တောင်ခြေရင်ပြင်တော်တွင် သက်ကြီးရွယ်အိုများ၊ တောင်ပေါ်တက်ရောက်ပူဇော်ခြင်း မပြုနိုင်သူများအတွက် ဉာဏ်တော် ၁၅ ပေ အမြင့်ရှိ မုစလိန္ဒနဂါးရုံ ဗုဒ္ဓရုပ်ပွားတော်တစ်ဆူ တောင်တော်၏ ကျက်သရေဆောင် အဝင်မုခ်ဦးတစ်ဆောင်နှင့် သောက်ရေ၊ သုံးရေအတွက် အဝီစိစက်ရေတွင်းအား အနက်ပေ ၄၀၀ တူးဖော်သော်လည်း ရေချိုမရရှိပါသောကြောင့် သောက်ရေအတွက် ဂါလံ ၅၀၀၀ ဆံ့ ကွန်ကရစ်သောက်ရေကန်တစ်လုံး ဆောင်ရွက်လုပ်ကိုင်လိုပါသောကြောင့် စသည့် လှူဖွယ်ပစ္စည်းများကို တစ်ဦးတစ်ယောက်သော်လည်းကောင်း၊ အသင်းအဖွဲ့နှင့်သော်လည်းကောင်း ဝင်ရောက်လှူဒါန်းနိုင်ကြပါရန် တိုက်တွန်းနှိုးဆော် ဖိတ်ခေါ်ပါသည်။

## လှူဒါန်းနိုင်သော ပစ္စည်းအမျိုးအမည်နှင့် တန်ဖိုး

| | |
|---|---|
| ဉာဏ်တော် ၁၅ ပေ အမြင့် ရုပ်ပွားတော်အပါအဝင် ရောင်တော်ဖွင့်အပြီး | ၅၀ သိန်းကျပ် |
| အကျယ် ၁၅ ပေ အမြင့် ၁၂ ပေ မုခ်ဦးအလှူရှင်အမည်ပါပြီး | ၄၅ သိန်းကျပ် |
| ဂါလံ ၅၀၀၀ ဆံ့ ကွန်ကရစ်သောက်ရေကန် ၁ လုံး | ၄၀ သိန်းကျပ် |

## ဆက်သွယ်လှူဒါန်းလိုသူများ

| | |
|---|---|
| လာဘ်မိုးရွှေစာပေ | ဖုန်း - ၀၉-၄၃၀၇၅၃၁၁၊ ၀၉-၄၂၀၀၅၉၂၅ |
| နာယကဆရာတော် | ဖုန်း - ၀၉-၇၃၁၃၉၃၃၆၊ ၀၉-၄၂၀၂၃၅၄၅၈ |
| ဦးကျော်သူထိုက် | ဖုန်း - ၀၉-၅၁၁၉၄၀၇ |

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

## ဒုတိယမြောက်

# ကိုးသချိုင်းသံစား

■ ရီရီငြေး

မြန်မာ့ရာဇဝင်တွင် သူရဲကောင်းများကို အမြွတ်တနိုး တန်ဖိုးထားသကဲ့သို့ သူရဲကောင်းနှင့်အတူ ထပ်တူအမြွတ်တနိုး တန်ဖိုးထားသည့်အရာကား . . .

'မြန်မာ့ဓား'ပင် ဖြစ်ပါသည်။ မြန်မာ့ရာဇဝင်တွင် ကျော်ကြားခဲ့သော ဓားများကား မင်းကြီးရန်နောင်၏ ယိမ်းနွဲ့ပါဓား . . .။

ထိုဓားသည် အထူတစ်ထောင်မျှရှိသည့် ကျောက်သားကိုပင် 'တိ' ခနဲနေအောင် ခုတ်ပိုင်းနိုင်သည်ဟု အဆိုရှိပါသည်။ ထို့အပြင် အကျော်ကြားဆုံးဓားမှာ 'ကိုးသချိုင်းသံဓား' ပင် ဖြစ်ပါသည်။ ကိုးသချိုင်းသံဓားကား ဝန်းသိုစော်ဘွားကြီးကို ဂမ္ဘီရပညာရှင်တစ်ဦးက ခက်ခက်ခဲခဲစီရင်ပေးခဲ့သည့်ဓား ဖြစ်ပါသည်။ ထိုကိုးသချိုင်းသံဓား၏ အစွမ်းကား မည်သည့်သံကိုမဆို ပိုင်းဖြတ်နိုင်ခြင်း၊ ကာယသိဒ္ဓိပြီးသူများကိုပင် ခုတ်ပိုင်းနိုင်ခြင်း၊ ဓားအိမ်ထဲမှ ဓားကိုမထုတ်ဘဲ ဓားအိမ်နှင့်ခုတ်ရုံမျှဖြင့် လူကိုဒဏ်ရာရစေနိုင်ခြင်း၊ သေစေနိုင်ခြင်းတို့အပြင် ရာသီဥတုအလိုက် အဖြူရောင်၊ အနီရောင်၊ အနက်ရောင်များသို့ ပြောင်းလဲစေနိုင်ခြင်း ဖြစ်ပါသည်။ အပြာရောင်သို့ပြောင်းလျှင် ထိုတိုက်ပွဲသည် အလွယ်တကူအနိုင်ရချေမည်။ အနက်ရောင်သို့ပြောင်းလျှင် သူသေကိုယ်သေ တိုက်ရမည့်ပြင်းထန်သည့်တိုက်ပွဲ ဖြစ်ပေမည်။ အနီရောင်သို့ ပြောင်းလျှင် ကိုယ့်ဘက်သူ့ဘက် အထိနာကာ သွေးချောင်းစီးအောင်တိုက်ရမည့် တိုက်ပွဲဖြစ်ကြောင်း နိမိတ်ပုံပေးသည့်အရောင်ဖြစ်ပေသည်။ ပြင်းထန်သော တိုက်ပွဲဝင်နေလျှင် ဓားသွားမှာ အရောင်တလက်လက် လင်းလက်လာပြီး တွေ့သမျှရန်သူများကို စက်ရဟတ်သဖွယ် ထိုးခုတ်နိုင်သည့် အစွမ်းသတ္တိရှိသည်ဟု အဆိုရှိသည်။ ဤသည်ကား ပထမကိုးသချိုင်းသံဓား ဖြစ်ပေသည်။

ထိုဓားကဲ့သို့ပင် အစွမ်းသတ္တိထူးရရှိစေရန် စီရင်ခဲ့သော ဓားတစ်ချောင်း ရှိခဲ့ဖူးပါသည်။ ထိုဓား၏ အမည်မှာ 'ဒုတိယမြောက် ကိုးသချိုင်းသံဓား'ပင်ဖြစ်ပါသည်။ ရာဇဝင်တွင် မထင်ရှားသော်လည်း ဤဓားသည် မြန်မာနိုင်ငံအား ကျူးကျော်သိမ်းပိုက်ခဲ့သည့် နယ်ချဲ့တို့၏ အသက်ပေါင်းများစွာကို ဇီဝိန်ခြွေခဲ့သည့် ဓားကောင်းတစ်လက် ဖြစ်ပါသည်။

ဤဓားအကြောင်းကို နယ်ချဲ့တို့အား တော်လှန်တိုက်ခိုက်ခဲ့သည့် တော်လှန်ရေးသမား အတော်များများ သိခဲ့ကြပါသည်။ ထိုဓား၏ ရာဇဝင်ကို တင်ပြရသော် . . .

အချိန်ကား . . .

အောက်မြန်မာနိုင်ငံကို အင်္ဂလိပ်တို့ သိမ်းပိုက်ထားပြီး အထက်မြန်မာနိုင်ငံ၌လည်း နန်းတွင်းရေး ရှုပ်ထွေးနေပါသည်။ မင်းတုန်းမင်းကြီး နတ်ရွာစံပြီးနောက် မြန်မာသက္ကရာဇ် ၁၂၄၀ ပြည့်နှစ်တွင် သီပေါမင်း နန်းတက်လာပါသည်။ သို့သော် သီပေါမင်းမှာလည်း နန်းသက်သိပ်မရှည်လှပေ။ နယ်ချဲ့အင်္ဂလိပ်တို့သည် သီပေါမင်းအား ကြက်ကလေး ငှက်ကလေး ဖမ်းသကဲ့သို့ ဖမ်းဆီး နန်းချကာ အထက်မြန်မာပြည်ကို သိမ်းပိုက်ခဲ့ပါသည်။ ဤတွင် သူ့ကျွန်မခံလိုသည့် တပ်မှူးကြီး နန္ဒသီဟမှာ အသည်းဆတ်ဆတ်တုန်မျှ နာကြည်းရကား နယ်ချဲ့အင်္ဂလိပ်ကို တော်လှန်ရန် စစ်သည်အင်အား တစ်သောင်းကျော်နှင့်အတူ နန်းတော်မှ တိတ်တဆိတ် ထွက်ခွာသွားခဲ့သည်။ တပ်မှူးကြီး



www.burmeseclassic.com

www.burmeseclassic.com

နန္ဒသိဟတို့အုပ်စုသည် အလယ်ရိုးမ တောကြီးအတွင်း စခန်းချကာ နေထိုင်ရင်း လက်နက်လူသူအင်အား စုဆောင်းခဲ့သည်။ ထိုသို့ဖြင့် လူအင်အားစုဆောင်းခဲ့ရာ နှစ်နှစ်အတော အတွင်း လူအင်အား နှစ်သောင်းကျော်ခန့် ရရှိခဲ့ပါသည်။ တပ်မှူးကြီးမှာ လူသူအင်အားများလာသည့်အလျောက်

"ငါတို့မှာ . . လူသူအင်အား အတော်ပင် စုဆောင်းရရှိခဲ့ပြီ။ ထိုလူများအတွက် ဓားနှစ်သောင်းကျော် လိုအပ်သည်။ ဓားနှစ်သောင်းကျော် ရရှိရန် ရွာဆယ်ရွာရှာရမည်။ တစ်ရွာလျှင် ပန်းပဲဖို အခုနှစ်ဆယ်ရှာပြီး တစ်ဖိုလျှင် ဓားအချောင်းတစ်ရာစီ လုပ်ဆောင်ခိုင်းရမည်"

"မှန်ပါ့ တပ်မှူးကြီး"

"ဒါပေမယ့် . . ဒီအစီအစဉ်ကို အလွန်လျှို့ဝှက်ရမည်"

"မှန်ပါ့ တပ်မှူးကြီး"

ထို့နောက် တပ်မှူးကြီး နန္ဒသိဟ၏ တပ်သားများသည် ရွာဆယ်ရွာသို့ တိတ်တဆိတ်သွားကာ ဓားများကို အပ်ခဲ့ပါသည်။ ထိုစဉ် အလယ်ရိုးမတောကြီးအတွင်း၌ ရသေ့ကြီး တစ်ပါးနှင့် တွေ့ဆုံခဲ့သည်။ ရသေ့ကြီးအား တပ်မှူးကြီးက ဆွမ်းများ ကပ်လှူခဲ့ပါသည်။

"ဒကာကြီးဟာ ဒီတောကြီး အတွင်းမှာ လူသူလက်နက်များ စုဆောင်းနေမှန်း အရှင်သိပါတယ်။ အရှင်ဟာ ဒကာကြီးကို ကူညီနိုင်တာ တစ်ခုရှိပါတယ်"

"မိန့်တော်မူပါ ဘုရား"

"စစ်တိုက်တဲ့နေရာမှာ ဓားကောင်းများရရှိဖို့ လိုအပ်တယ်ဆိုတာ ဒကာကြီး လက်ခံပါသလား"

"လက်ခံပါတယ် အရှင်"

"ဓားကောင်းရဖို့ဆိုရင် ပြင်စည်ရွာက သံက အလွန်ကောင်းလို့ ဓားကောင်းများကို နိုင်ပါတယ်"

"တင်ပါ့ဘုရား"

"ဒါ့အပြင် ခေါင်းဆောင်တစ်ယောက်မှာ အလွန်ကောင်းမွန်တဲ့ ဓားကောင်းတစ်လက်ရှိဖို့ ပိုပြီးမလိုအပ်ဘူးလား"

"လိုအပ်ပါတယ် အရှင်"

"ဒါဆိုရင် ဒကာကြီးကို ပြင်စည်ရွာက ဂမ္ဘီရအဘိုးနဲ့ တွေ့ပေးမယ်။ သူ့ကို ကိုးသချိုင်းသံဓား ပြုလုပ်ခိုင်းပေးမယ်"

"ကိုးသချိုင်းသံဓား ဟုတ်ပါသလား အရှင်"

"ဟုတ်ပါတယ်ဒကာကြီး။ အဲဒီဓားကတော့ ယိမ်းနွဲ့ပါဓားထက် အစွမ်းထက်တယ်။ တိုက်ပွဲတိုင်း အောင်မြင်အောင် တိုက်နိုင်တယ်"

"တင်ပါ့ဘုရား"

သို့ဖြင့် ရသေ့ကြီးသည် တပ်မှူးကြီးအား ဤသို့ပြောပြီး ပြန်သွားခဲ့သည်။ မကြာမီပင် ဂမ္ဘီရဆရာမြဆိုသူကို ခေါ်လာခဲ့သည်။

"ဒကာကြီး သူကတော့ ဂမ္ဘီရဆရာမြပဲဖြစ်တယ်။ ဒကာတို့အချင်းချင်း စကားပြောကြပါ"

"တင်ပါ့ဘုရား"

ထို့နောက် ဂမ္ဘီရဆရာမြဆိုသူနှင့် စကားပြောဖြစ်ခဲ့သည်။

"အရှင်ဟာ တိုင်းပြည်ကိုချစ်တဲ့ တပ်မှူးကြီးမှန်း သိရတဲ့အတွက် အခုလို လာရောက်တွေ့ဆုံခြင်းဖြစ်ပါတယ်"

"ကောင်းပါပြီ။ ဒါနဲ့ ကိုးသချိုင်းသံဓားအကြောင်း ပြောပါဦး"

"ကျွန်တော်မျိုးရဲ့ ဖခင်ဟာ မင်းတုန်းမင်း လက်ထက်က တပ်မှူးငယ်တစ်ဦးပါ။ ဖခင်ဟာ ဓားကောင်းဘစ်လက်လိုချင်တယ်လို့ ခဏခဏ ပြောဖူးပါတယ်။ ဒါကြောင့် ဂမ္ဘီရအတတ်ပညာရှင် အဘိုးတစ်ဦးထံမှာ ဂမ္ဘီရပညာရပ်သင်ကြားပြီး ကိုးသချိုင်း သံဓားတစ်လက်လုပ်ဖို့ စိတ်ကူးခဲ့ပါတယ်"

"အင်း . . . ဆက်ပြောပါဦး"

= = = = = = = = = =

ကျွန်ုပ် ဂမ္ဘီရဆရာမြသည် ဆရာကြီးနှင့်အတူ ကိုးသချိုင်း၌ အဓိဋ္ဌာန်ဝင်ခဲ့ပါသည်။ ပထမဦးစွာ ဘုရင်နှင့် တကွ မင်းဆွေမင်းမျိုးများ မြှုပ်နှံခဲ့သည့် ဆွေတော်မျိုးတော် သချိုင်းတော်သို့သွားကာ သချိုင်းစောင့် 'ကာလီဗိုက်'အား ကွမ်းရာအချို့ ကပ်လှူပြီး အစီအရင် စတင်ပြုလုပ်ခဲ့ပါသည်။ ထိုအစီအရင်မှာ လကွယ်ည၌သာ ပြုလုပ်ရသဖြင့် ကောင်းကင်တစ်ခုလုံး ပိန်းပိတ်အောင် မှောင်နေပါသည်။ ဇရပ်ကြီးပေါ်တွင် ကန်တော့ပွဲပေးကာ ထိုအနီး၌ ပျားဖယောင်းတိုင်ကြီး နှစ်ချောင်းကို ထွန်းညှိထားပါသည်။ ကျွန်ုပ်တို့မှာ စည်းခိုင်း



www.burmeseclassic.com

www.burmeseclassic.com

အတွင်း၌ ပုတီးစိပ်နေပါသည်။ ညဉ့် ၉ နာရီမှ စတင်၍ ပုတီးစိပ်ခဲ့ရာ ည ၁၁ နာရီကျော်သည်အထိ ဘာမျှ မပြောင်းလဲပေ။ ည ၁ နာရီခွဲခန့် အချိန်တွင် အနောက်ဘက်မှ လေ ခပ်ကြမ်းကြမ်း တိုက်ခတ်လာသည်။

"ဟူး . . . ဟူး . . . ဟူး"

တစ်စထက်တစ်စ လေပြင်း တိုက်လာရာ သချိုင်းတော်ထဲရှိ သစ်ပင်ကြီးများမှာ တစ္ဆေများယိမ်းကနေ သည့်နှယ် လှုပ်ရှားနေပါသည်။ ကျွန်ုပ် သည် အခြေအနေတစ်မျိုး ပြောင်း သွားသဖြင့် ပတ်ဝန်းကျင်ကို ကြည့်မိ သည်။ အမှောင်ထုကြီးစိုးနေသဖြင့် အမှောင်ပေါ် အနက်ဆင့် ဆိုသလို မြင်မြင်သမျှမှာမည်းမှောင်နေသည်။

မကြာမီ အမှောင်ထုထဲမှ အဖြူ ရောင် သဏ္ဌာန်တစ်ခု လှုပ်ရှားနေ သည်ကို တွေ့လိုက်ရသည်။

"မောင်မြ . . . ဟိုမှာ အဖြူ ရောင်သဏ္ဌာန်ကိုတွေ့ပြီ။ သတိနဲ့ နေပါ။ ဘာပဲဖြစ်ဖြစ် စည်းဝိုင်းအပြင် ဘက် မထွက်နဲ့"

"ဟုတ်ကဲ့ပါ ဆရာကြီး"

တဖြည်းဖြည်းနှင့် ထိုသဏ္ဌာန် များမှာ ကျွန်ုပ်တို့အနီးသို့ ရောက်ရှိ လာခဲ့သည်။ ရှေ့ဆုံးမှပုဂ္ဂိုလ်မှာ မင်း ညီမင်းသားဝတ်စုံကို ဝတ်ဆင်ထား ပြီး ၎င်း၏နောက်ဖက်မှ မိဖုရားနှင့် စစ်သူကြီး၊ စစ်သား အစရှိသည့် နောက်လိုက်နောက်ပါများ ပါဝင် သည်။ ၎င်းတို့အုပ်စုမှာ ရှေးခေတ် နန်းတွင်းအဝတ်အစား ဝတ်ဆင် ထားသော်လည်း မျက်နှာများမှာ လူ့ မျက်နှာနှင့်မတူဘဲလွန်စွာ အရုပ်ဆိုး အကျည်းတန်လှသည်။ ခြေလက် များမှာ ထူပျစ်သော အမွေးအမှင် များရှိသည်။ ၎င်းတို့ကိုမြင်သည်နှင့် ဆရာကြီးက ကျွန်ုပ်အား . . .

"ဒါဟာ မကျွတ်မလွတ်တဲ့ဘုရင် သရဲကြီးဖြစ်မယ်။ ဘာအကြောင်းနဲ့ ဖြစ်ဖြစ် စည်းဝိုင်းအပြင်သို့မထွက်နဲ့"

"ဟုတ်ကဲ့ပါ ဆရာကြီး"

ထိုစဉ် ဘုရင်သရဲကြီးက ကြောက် မက်ဖွယ်အသံကြီးဖြင့် . . .

"မောင်မင်းတို့ ငါ့ပိုင်နက်က ထွက်သွား"ဟု အော်ဟစ်လေရာ တော်ရုံတန်ရုံလူဆိုလျှင် လိပ်ပြာလွင့် စဉ်မတတ် ဖြစ်နိုင်ပါသည်။ ကျွန်ုပ် သည် အသံဆိုးကြီးနှင့် အော်ဟစ် လိုက်သဖြင့် ထိတ်လန့်တုန်လှုပ်သွား ပြီး ဆရာကြီးအနီးသို့ ပိုပြီးကပ်လိုက် ပါသည်။ ထို့နောက် ဘုရင်သရဲကြီး နှင့် အဖွဲ့သည် . . .

"ဟီး . . ဟီး . . ဟား . . . ဟား . . ငါ့ပိုင်နက်က ထွက်သွား"

ဟုဆိုကာ ကျွန်ုပ်တို့အား ဝိုင်း ရံထားရုံမက ဘုရင်သရဲကြီးက သန် လျက်ကြီးကို တဝင့်ဝင့်ကိုင်ဆောင် ကာ ထိုးခုတ်မည့်ပုံသဏ္ဌာန် လုပ်ပြ သည်။ နောက်လိုက် စစ်သူကြီးနှင့် စစ်သားများကလည်း ဓားလှံများကို ကိုင်ကာ ကျွန်ုပ်တို့နှစ်ယောက်အား ထိုးခုတ်မည်တကဲကဲ လုပ်နေကြသည်။ ကျွန်ုပ်ကား ကြောက်စိတ်လွန်ကဲနေ သဖြင့် ဒူးနှစ်လုံးမှာ တဆတ်ဆတ် တုန်နေသည်။ ဤတွင် ဆရာကြီးက

"အသင် သရဲကြီး ကျွန်ုပ်သည် ကိုးသချိုင်းသံဓား စီရင်ရန်အတွက် ဤသချိုင်းတော်မှ သံကိုယူဆောင် ရန် ရောက်လာခြင်းဖြစ်သည်။ အသင် အခုပင် ဖယ်ရှားပါလော့"

"ရာရာစစ ငါကိုယ်တော်ကို အသင်ဟု ရင့်သီးစွာခေါ်သူကို ငါ သန်လျက်နှင့် ပိုင်းလိုက်ရ"

ဟု ပြောဆိုပြီး သန်လျက်ကို မြှောက်လိုက်ရာ ဆရာကြီးက . . .

"အသင်သည် ဘုရင်မဟုတ် တော့ပဲ အခု ဘဝပြောင်းပြီး ဤ သချိုင်း၌ သရဲကြီးဖြစ်နေပြီ။ ဒါ ကြောင့် အသင်ဖယ်ရှားပါ။ ငါသည် ဘုရင့်သချိုင်းမှ သံကိုယူတော့မည်"

"အသင်က ဒီသချိုင်းကပစ္စည်း ကို ယူဆောင်လျှင် ငါတို့ အဲဒီပစ္စည်း နှင့်အတူ လိုက်လံစောင့်ရှောက်ရပေ မည်။ သည့်အတွက် ငါတို့ပစ္စည်းကို ယူဆောင်ခွင့် မပြုနိုင်"

"ကဲ . . ဒါဆို ကျုပ်က အသင် ကို့ကို ယခုပင် ဖယ်ရှားအံ့"

ဟု ဆရာကြီးကပြောပြီး အသင့် ယူဆောင်လာသည့် 'အင်း'ဖြင့် ပေါက် လိုက်ရာ . . .

"အား"ဆိုသော ကျယ်လောင် သော အသံကြီးဖြင့် အားလုံးပျောက် ကွယ်သွားခဲ့သည်။ သည်တော့မှ ဆရာကြီးက . . .

"မောင်မြ ငါတို့နိုင်ပြီ။ ဒီသချိုင်း က အခေါင်းကသံကို ယူတော့"

"ဟုတ်ကဲ့ပါ ဆရာကြီး"



www.burmeseclassic.com

www.burmeseclassic.com

ကျွန်ုပ်တို့သည် ဆွေတော်မျိုးတော် သင်္ချိုင်းမှ အခေါင်းကိုတူးဖော်ပြီး အခေါင်းတွင်ရိုက်ထားသည့် သံများကို ဆွဲဖြုတ်လိုက်သည်။ ထို့နောက် ထိုအခေါင်းကို ခြေရာလက်ရာမပျက် ပြန်ပြီး မြေဖို့လိုက်သည်။

အားလုံး ပြီးသွားသောအခါ ကျွန်ုပ်နှင့်ဆရာကြီးတို့ နှစ်ဦးသည် သင်္ချိုင်းမြေမှ ပြန်လည်ထွက်လာခဲ့သည်။ ညအချိန်လည်းဖြစ်ပြီး အမှောင်ထုအတွင်း၌ မီးတုတ်ကိုဆွဲကိုင်၍ ပြန်လာသော ကျွန်ုပ်တို့အား သင်္ချိုင်းအနီးရှိ ခွေးများက ဟောင်လျက်ကျန်ရစ်ခဲ့ပါသည်။ ကျွန်ုပ်သည် ဖခင်ကြီးအား သတိရမိသလို ဘာကြောင့်များ ဒီလောက်ခက်ခဲလှသည့်ဓားကို လုပ်ချင်ပါလိမ့်ဟု တွေးတောမိပါသည်။

နောက်တစ်ပတ်ခန့် အကြာတွင် သူဌေးများ မြှုပ်နှံရာ သင်္ချိုင်းသို့ သွားခဲ့ပြန်သည်။ သင်္ချိုင်းစောင့်အား ကွမ်းယာများ လှူဒါန်းပြီးနောက် အဓိဋ္ဌာန်ဝင်ခဲ့ပြန်သည်။ ဤသင်္ချိုင်း၌လည်း ဥစ္စာပစ္စည်းကို စွဲလမ်းကာ သေပြီးနောက် သရဲကြီးဖြစ်နေသူနှင့် နောက်ပါနောက်လိုက်များက ခြောက်လှန့်ကြပါသည်။ ဆရာကြီးမှ အရင်ကလိုပင် အင်းဖြင့်ပစ်ပေါက်ကာ တားဆီးနှိမ်နင်းခဲ့ပါသည်။ ထိုသင်္ချိုင်းမှ သံကိုယူဆောင်ခဲ့ပါသည်။

ဆရာကြီး၏ အစီအစဉ်အတိုင်း လူဆင်းရဲအများစုနေသော သင်္ချိုင်းသို့သွားကာ သံကိုယူဆောင်ခဲ့ပါသည်။ ထို့နောက် အနာကြီးရောဂါသည်များ အ များဆုံး နေထိုင်သည့် ရွာကလေးရှိ သင်္ချိုင်းမှ သံကိုလည်း ယူဆောင်ခဲ့ပါသည်။ ထိုမှ ပုဏ္ဏားအများစု နေထိုင်သည့်ရွာရှိ သင်္ချိုင်းမှ သံကိုလည်းကောင်း ယူဆောင်ခဲ့ပြန်သည်။ ဤသို့ဖြင့် သင်္ချိုင်းငါးခုရှိ သံများကိုရယူပြီးနောက် လူမျိုးခြား သင်္ချိုင်းလေးခုမှ သံများကို ယူဆောင်ခဲ့ကြသည်။ ကျွန်ုပ်သည် ကိုးသင်္ချိုင်းမှသံများကို စုဆောင်းပြီးချိန်တွင် ကျွန်ုပ်၏ဖခင်ကြီးမှာ ကွယ်လွန်ခဲ့သည်။ ကျွန်ုပ်မှာ ကိုးသင်္ချိုင်း သံဓားကို ဆက်လက်လုပ်ဆောင်ရန် ဆန္ဒမရှိတော့သဖြင့် ရပ်တန့်ထားလိုက်သည်။ ယခုအခါ ရသေ့ကြီးအရှင်လာဘ ရောက်လာပြီး နိုင်ငံတော်အတွက်လိုအပ်သည်ဟု ပြောသဖြင့် တပ်မှူးကြီးနှင့် လာရောက်တွေ့ဆုံခြင်း ဖြစ်ပါသည်။

"အရှင် သူရဲကောင်းအတွက် အလွန်လိုအပ်တဲ့ ဒုတိယမြောက် ကိုးသင်္ချိုင်းသံဓားကို ပြင်စည်ရွာက အကောင်းဆုံးသံများနဲ့ ရောစပ်ကာ ပြုလုပ်ပေးပါမည် ဘုရား"

ပြင်စည်ရွာမှာ ဓားလုပ်ရန် အကောင်းဆုံးသံများ ထွက်ရှိသဖြင့် ပြင်စည်ဓားသည် ဓားလောက၌ အလွန် နာမည်ကြီးပေသည်။ တပ်မှူးကြီးသည် ၎င်းကိုင်ဆောင်မည့် ဓားဖြစ်၍ ရွှေချိန်တစ်ပိဿာနှင့် ရတနာခုနစ်ပါးကို ပေးကာ ဓားအနှောင့်နှင့် ဓားအိမ်တွင် ရတနာခုနစ်ပါး စီခြယ်ပေးရန် ဆရာမြအား အပ်နှံလိုက်ပါသည်။

"ထိုဓားမှာ ဘီလူးနက္ခတ် အဝင်အထွက်၌ စီရင်ရမည်ဖြစ်၍ ချက်ချင်းမရနိုင်ပါ။ အဝင်ဘီလူးနက္ခတ် တိုက်ရန် အချိန်တစ်ခုကို စောင့်ရပါမည်ဘုရား"

"ကောင်းလင့်တည်း"

ထိုအချိန်မှစ၍ ဓားလုပ်ရန် အစီအစဉ်ကို စတင်ပြုလုပ်ခဲ့ပါသည်။ ဓားလုပ်ရန်အတွက် ပြင်စည်တောကြီးအတွင်းမှ သံများကို တူးဖော်ကာ မီးဖြင့် အဆင့်ဆင့်ကျိုပြီးနောက် စင်ကြယ်အောင် ပြုလုပ်ရပါသည်။ ထို့နောက် ကိုးသင်္ချိုင်းသံများဖြင့် ပေါင်းစပ်ကာ စင်ကြယ်အောင် ပြန်၍ကျိုရပါသည်။ ပြီးလျှင် အလွန်ပါးသော ဓားတစ်ချောင်းကို ဘီလူးနက္ခတ်နှင့် စန်းယှဉ်ကာ ထုလုပ်ခဲ့သည်။ ဓားကြီးပြီးစီးသွားခဲ့လေပြီ။ အနှောင့်နှင့် ဓားအိမ်တွင် ရွှေနှင့် ရတနာခုနစ်ပါး စီခြယ်ပြုလုပ်ထားသဖြင့် ပန်းပဲဖိုမှ မီးအရောင်ဖြင့် တလက်လက် တောက်ပနေချေပြီ။ ဂမ္ဘီရဆရာမြသည် ဓားကြီးပြီးမြောက်သွားပြီဖြစ်၍ ဓားကြီးကိုကြည့်ကာ ပီတိဖြာဝေနေသည်။

နောက်တစ်နေ့တွင် နေရောင်ခြည်၌ ဓားအိမ်မှဓားကို ချွတ်၍ ထောင်ကြည့်လိုက်သည်။ အရောင် တလက်လက် ထွက်နေသော်လည်း အရောင်မှာ မပြောင်ပေ။

ဆရာမြမှာ ဓားကိုကြည့်ပြီး သက်ပြင်းချမိသည်။ ထိုဓားမှာ ထို



www.burmeseclassic.com

www.burmeseclassic.com

သချိုင်းသံခားဖြစ်ရန် တစ်ခုခုလိုနေမှန်း သိလိုက်သည်။ ဤသည်မှာ လူပျိုတစ်ယောက်၏သွေးပင်ဖြစ်သည်။ ဆရာမြသည် ဓားကို စူးစိုက်ကြည့်နေစဉ် သူ၏သားဖြစ်သူ ကျော်စွာ ရောက်ရှိလာခဲ့သည်။ ကျော်စွာသည် သူ့အဘိုးက ဤဓားအကြောင်းကို မကြာခဏ ပြောပြနေသဖြင့် လူပျိုတစ်ယောက်၏ သွေးလိုအပ်မှန်းသိသည်။

"အဖေ . . အမိနိုင်ငံမှာရောက်နေတဲ့ နယ်ချဲ့တွေရဲ့ရန်က ကာကွယ်မယ့် တပ်မှူးကြီးကိုပေးမယ့်ဓားဟာ အရောင်မပြောင်ဘူးဆိုရင် အဖေ့ရဲ့ဓားဟာ ကိုးသချိုင်းသံခား မဟုတ်သေးဘူး။ ကိုးသချိုင်းသံခားဖြစ်အောင် သားတာဝန်ထားပါ အဖေ"

ကိုကျော်စွာသည် ပြောပြောဆိုဆို ထိုဓားကိုဆွဲယူပြီး ဓားအိမ်မှ ဓားကို ချွတ်လိုက်သည်။ ထို့နောက် အရောင်တလက်လက်ထနေသော ဓားကို သူ၏ရင်ညွန့်ဆီသို့ တအားတုန် ထိုးစိုက်ချလိုက်သည်။ အဖြစ်အပျက်က မြန်ဆန်လွန်းလှသည်။ ဆရာမြသည် မည်သို့မျှ မတားဆီးနိုင်မီ ထိုဓားမှာ ကိုကျော်စွာ၏ ရင်မှာ စိုက်ဝင်နေသည်။ ရင်ဘတ်မှ သွေးများ စီးဆင်းလာပြီး ဓားတစ်ခုလုံးမှာ သွေးများဖြင့် ရဲရဲနီနေသည်။ ထိုအခိုက် . . .

တလက်လက်နေသော ဓားမှာ တဖြည်းဖြည်းနှင့် ပန်းနုရောင်သို့ ပြောင်းလာသည်။ ထိုမှ နီရဲသော ဝတ္တမြားရောင်၊ ထိုမှ ကြက်သွေးရင့်ရောင်သို့ ပြောင်းပြီး တခဏအကြာတွင် ငှက်ခါးရောင်သို့ ပြောင်းလဲသွားသည်။

"အဖေ . . . အဖေ့ရဲ့ဓားဟာ သားရဲ့သွေးကြောင့် အရောင်ပြောင်းသွားပြီ။ ဓားမှာ အရည်အချင်း အပြည့်အဝရှိနေပြီ။ အဖေ အခုပင် ဓားကိုဆွဲနုတ်ပြီး တပ်မှူးကြီးထံ ယူသွားပါတော့"

"သား . . . သားလေး လုပ်မှ လုပ်ရက်ပေတယ် သားရယ်"

"အဖေ . . သား ဘာမှမမြင်ရတော့ဘူး။ လူ့ဘဝခန္ဓာစဲတော့မယ်"

ထိုသို့ပြောဆိုနေစဉ်မှာပင် အသံမှာ တိမ်ဝင်သွားသလို ခန္ဓာကိုယ်မှာလည်း မြေပေါ်သို့ လဲကျသွားခဲ့သည်။ ဆရာမြသည် သားအတွက် ဖြေမဆည်နိုင်အောင် ဝမ်းနည်းလှသော်လည်း ကိုး သချိုင်းသံခားစစ်စစ် ရရှိခဲ့ပြီဖြစ်၍ ထိုဓားကို နုတ်ယူလိုက်သည်။

"သားရယ် . . တော်လှန်ရေးအတွက် အသက်ပေးခဲ့တဲ့ အညတြသူရဲကောင်းအဖြစ် အဖေ အုတ်ဂူတစ်ခုပြုလုပ်ပြီး ဂုဏ်ပြုပေးပါ့မယ် သားရယ်"

ထို့နောက် တိုင်းပြည်၏ အန္တရာယ်များကို တိုက်ခိုက်ဖြိုခွင်းမည့် တပ်မှူးကြီးထံသို့ အညတြသူရဲကောင်းလေး၏ ဘခင်ဖြစ်သူ ဂမ္ဘီရဆရာမြသည် သွားရောက်၍ ထိုအဖိုးအနဂ္ဃထိုက်တန်သည့် ကိုးသချိုင်းသံခားကို ဆက်သခဲ့ပါသည်။

တပ်မှူးကြီးလည်း ထိုဓားကိုရသောအခါ လွန်စွာဝမ်းမြောက်ဝမ်းသာဖြစ်ကာ ဂမ္ဘီရဆရာမြကို ရွှေတစ်ပိဿာဆုချခဲ့ပါသည်။ ဆရာမြသည်

"တပ်မှူးကြီး၊ ဤရွှေစင်တစ်ပိဿာကို တော်လှန်ရေးအတွက် ရန်ပုံငွေအဖြစ် ကျွန်တော်မျိုး ပြန်လှူခဲ့ပါတယ်။ ဤဓားဖြင့် ရန်သူအပေါင်းကို နိုင်အောင် တိုက်ခိုက်တော်မူပါ"

"ကောင်းလင့်တည်း"

ထို့နောက် တပ်မှူးကြီးနန္ဒသီဟသည် နယ်ချဲ့များကို ရွပ်ရွပ်ချွန်ချွန် တိုက်ခိုက်ချေမှုန်းခဲ့သည်။ နယ်ချဲ့မိစ္ဆာများ အမှတ်မထင် ပေါ်လာသည့် ပြောက်ကျားစစ်ဆင်ရေးကြောင့် တိုက်ပွဲများစွာ၌ အသက်ပေါင်းများစွာ ပေးဆပ်ခဲ့ကြပါသည်။ တိုက်ပွဲတိုင်းတွင် ကိုးသချိုင်းသံခားကြီးကို တဝင့်ဝင့်ကိုင်ကာ တိုက်ပွဲဝင်နေသော တပ်မှူးကြီးနန္ဒသီဟကို မြင်နိုင်ပါသည်။

တိုက်ပွဲတိုင်းပင် . . .

"ကိုးသချိုင်း သံခားဟေ့"ဟူသော ဟိန်းထွက်နေသည့် ဩဇာသံပါသည့် တပ်မှူးကြီးအသံကို ကြားနိုင်ပါသည်၊ တိုက်ပွဲပေါင်းများစွာကို တိုက်ပါများသော် 'ကိုးသချိုင်းသံခား' မှာ နာမည်ကျော်ကြားလာပြီး ထိုဓားကိုမြင်ရုံနှင့် ကြောက်လန့်ကာ ထွက်ပြေးကြပါသည်။ အထူးသဖြင့် ထိုဓား၏ စွမ်းရည်မှာ အထူးတိုက်ရသော တိုက်ပွဲများတွင် အရောင်များ တစ်မျိုးပြီးတစ်မျိုး ပြောင်းကာ ဓားကိုင်ထားသည့် တပ်မှူးကြီး၏ မျက်



www.burmeseclassic.com

www.burmeseclassic.com

နှာတစ်ပြင်လုံး နီရဲကာ ရန်သူမှန် သမျှကို အသေချေမှုန်းသည်ဟု ကျော်ကြားခဲ့ပါသည်။ ထို့အပြင် သွေးသောက်မား၏ ထုံးစံအရ ဓားအိမ် မှဓားကို ထုတ်လိုက်သည်နှင့် သွေးမ စွန်းဘဲ ဓားအိမ်ထဲထိုးသွင်း၍ မရဟု ဆိုပါသည်။ ဓားထုတ်ပြီးသည်နှင့် နယ်ချဲ့မိစ္ဆာ လေးငါးဦးခန့်၏ အသက် ဇီဝိန်ကို ခြွေယူပြီးခဲ့လေပြီ။

တိုက်ပွဲများစွာတွင် အနိုင်ရခဲ့ သော်လည်း တစ်ခုသောတိုက်ပွဲတွင် အမြောက်လက်နက်ကြီးဖြင့် တိုက် ခိုက်သဖြင့် တပ်မှူးကြီးနန္ဒသီဟမှာ ဒဏ်ရာအကြီးအကျယ်ရကာ ကျောက် ဂူအတွင်းသို့ ပြန်လာခဲ့သည်။ ထို ဒဏ်ရာနှင့်ပင် တပ်မှူးကြီး နန္ဒသီဟ ကျဆုံးခဲ့ပါသည်။ ၎င်း၏ တပည့်များ က ၎င်း၏အလောင်းနှင့်အတူ ကိုး သချိုင်းဓားကို ထည့်သွင်းကာ ထိုဂူ ကြီးအတွင်း၌ အုတ်ဂူပြုလုပ်၍ မြှုပ် နှံခဲ့ပါသည်။ ဤသို့ဖြင့် တော်လှန် ရေးကာလတွင် အကျော်ဒေးယျဖြစ် ခဲ့သည့် ကိုးသချိုင်းသံဓားကြီးမှာ အလယ်ရိုးမတောင်ကြီးအတွင်း၌ အဆုံးသတ်ခဲ့ပါတော့သည်။ တပ်မှူး ကြီးကွယ်လွန်ချိန်တွင် ၎င်း၏တပ် သားတစ်ဦးဖြစ်သည့် ဦးလှမောင်မှာ အသက်လေးဆယ်ခန့် ရှိပါသည်။

= = = = = = = = = = =

တပ်သားဦးလှမောင်မှာ ရွာသို့ ပြန်ကာ မထင်မရှားနေရင်း အိမ် ထောင်ကျခဲ့သည်။ သို့ဖြင့် သားများ၊ မြေးများ ရလာခဲ့သည်။ ဦးလှမောင် မှာ ကိုးသချိုင်းသံဓားအကြောင်းကို မကြာခဏပြောပြသဖြင့် ၎င်းတို့ မိသားစုမှာ ထိုဓားအကြောင်းကို အားလုံးသိခဲ့ကြပါသည်။ ၎င်း၏မြေး ဖြစ်သူသည် ထိုနေရာသို့သွားရန် စိတ်ကူးရှိသော်လည်း မြန်မာနိုင်ငံ မှာ လွတ်လပ်ရေးမရသေးသဖြင့် ထို နေရာသို့ မသွားရဲခဲ့ပေ။

ဦးလှမောင်၏ တီဖြစ်သူ ဖိုး ထင်တစ်ယောက် အရွယ်ရောက်ချိန် တွင် မြန်မာနိုင်ငံမှာ လွတ်လပ်ရေးရ ပြီး ဖြစ်ပါသည်။ ဖိုးထင်သည် အလို လောဘရမ္မက်ကြီးသူဖြစ်ပြီး တရား သည်ဖြစ်စေ၊ မတရားသည်ဖြစ်စေ သူတစ်ပါး၏ပစ္စည်းကို လိုချင်တပ် မက်သူဖြစ်သည်။

သူသည် ဆွေစဉ်မျိုးဆက် ဤ ဓားအကြောင်းကို ပြောသဖြင့် ရွှေ တစ်ပိဿာနှင့် ရတနာမျိုးစုံကို တပ် မက်မောသဖြင့် ထိုနေရာသို့သွားရန် ဆုံးဖြတ်ခဲ့ပါသည်။ ဆုံးဖြတ်သည့် အတိုင်း မိတ်ဆွေ ၁၀ ဦးနှင့်အတူ ထိုကျောက်ဂူကြီးရှိရာသို့ တောအထပ် ထပ်ဖြတ်သန်းကာ သွားရောက်ခဲ့ပါ သည်။ ထိုကျောက်ဂူကြီးအနီးသို့ ရောက်သောအခါ တရားထိုင်နေ သော ရသေ့ကြီးတစ်ပါးကို တွေ့လိုက် ရပါသည်။

"ကဲ . . . ဖိုးတင်ရေ မင်းပြော တဲ့ ကျောက်ဂူကြီးမှာ ရသေ့ကြီးရှိနေ တော့ ဘယ်လိုလုပ်မလဲ"

"ရသေ့ပဲကွာ။ မှုမနေပါနဲ့။ ဒီဓားကိုလိုချင်ရင် ဒီရသေ့ကြီးကို ရှင်းလိုက်ရုံပေါ့"

ထိုသို့ပြောပြီးနောက် ဖိုးထင်တို့ အုပ်စုသည် ရသေ့ကြီး၏ အနောက် ဘက်မှ ချွတ်နင်းကာ ဓားကို အသင့် ကိုင်ကာ လျှောက်လာခဲ့သည်။ ဖိုးထင် သည် ခြေသံလုံအောင်နင်းသော်လည်း သစ်ရွက်ခြောက်ကို နင်းလိုက်မိရာ

"ချွတ်"

ရသေ့ကြီးသည် အသံကြားရာ သို့ လှည့်ကြည့်လိုက်ရာ ဖိုးထင်တို့ လူစုကို တွေ့သွားပြီး –

"အသင်တို့ . . အဘယ်ကိစ္စ ကြောင့် ငါ့ကို ရန်ပြုသနည်း"

ရသေ့ကြီးက တည်ကြည်သော အသံဖြင့် မေးလိုက်ရာ ဖိုးထင်မှာ မလိမ်ဝံ့တော့ဘဲ –

"တပည့်တော်တို့ ဒီဂူကြီးအတွင်း မှာရှိတဲ့ ကိုးသချိုင်းသံဓားကို လိုချင် လို့ပါ။ ဒါပေမယ့် ရသေ့ကြီးရှိနေ တော့ အတားအဆီးလုပ်မှာစိုးလို့ ရန်ပြုမိတာပါ ဘုရား"

"အိမ်း . . လောဘဇောတက် နေတဲ့ ဒကာတွေပဲ။ မင်းတို့နဲ့ထိုက် ရင် ယူပေါ့"

ရသေ့ကြီးသည် ဤသို့ပြောပြီး နောက်ပြန်လှည့်ကာ မူလအတိုင်း တရားထိုင်နေခဲ့ပါသည်။ ဖိုးထင်တို့ အုပ်စုလည်း ဂူထဲသို့ဝင်ကာ တပ်မှူး ကြီး၏ အထိမ်းအမှတ်ဂူကြီးကို ဖျက် စီးလိုက်ကြပါသည်။

"ဒုန်း . . . ဒိုင်း . . ခလွမ်း"

အုတ်ဂူကြီး ကျိုးပဲ့ပြီးနောက် အုတ်ဂူမှာ အပေါက်ကြီးဖြစ်သွားပါ

www.burmeseclassic.com

www.burmeseclassic.com

သည်။ ထို့နောက် ၎င်းတို့အုပ်စု အလွန်မျှော်လင့်နေသော ကိုးသချိုင်းသံဓားကြီးကို တွေ့လိုက်ရပါသည်။

"ဟာ . . . ဟိုမှာဓားကြီး"

ဖိုးထင်သည် ဓားကြီးကို တွေ့ရသဖြင့် လွန်စွာ ဝမ်းမြောက်ဝမ်းသာဖြစ်ကာ ဓားကြီးကို ကောက်ကိုင်ပြီး အရူးတစ်ယောက်လို ဂူကြီးအပြင်သို့ ပြေးထွက်ခဲ့ပါသည်။ ထိုဂူကြီး၏ အပြင်ဘက်တွင် မတ်တပ်ရပ်ကာ အသင့်စောင့်နေသော ရသေ့ကြီးကို တွေ့လိုက်ရပါသည်။

"ရှင်ရသေ့ကြီး . . . ဒီမှာ ကိုးသချိုင်းသံဓားကို ရပြီ"

ဖိုးထင်သည် ပြောပြောဆိုဆို ဓားကြီးကို ဓားအိမ်မှ ချွတ်လိုက်ရာ အနည်းငယ်ဟသွားစဉ် ရသေ့ကြီးမှ

"ဒကာလေး ဒီဓားကို ဓားအိမ်က မချွတ်နဲ့။ ပြန်သွင်းလိုက်ပါ"

ထိုစဉ် ဖိုးထင်သည် ဓားအိမ်မှ ဓားကိုချွတ်လိုက်ရာ ဓားသွားမှ ဝင်းလက်သော အရောင်များ ထွက်လာပြီး ဖိုးထင်၏မျက်နှာပေါ်သို့ အလင်းရောင်များ ကျရောက်သွားခဲ့သည်။ ထိုအလင်းရောင်ကြောင့် ဖိုးထင်မှာ လူစိတ်ကင်းသွားပြီး ၎င်း၏လူများကို ရန်သူများဟုထင်ကာ –

"ကျား . . . ကျား"

ဟုဆိုကာ မည်းမည်းမြင်ရာ လိုက်ခုတ်ပါတော့သည်။

ရသေ့ကြီးမှလွဲ၍ ကျန်သူများမှာ အပြေးအလွှား တိမ်းရှောင်ခဲ့ကြပါသည်။ နောက်ဆုံးတွင် ဖိုးထင်၏ သူငယ်ချင်းများမှာ ဒဏ်ရာများရရှိကာ လဲကျသွားခဲ့ပါသည်။ ဤတွင် ရသေ့ကြီးမှာ မနေသာတော့ဘဲ အနီးရှိ နွယ်ကြိုးနှင့်ပစ်၍ ဖမ်းလိုက်ရာ ထိုဓားမှာ ရသေ့ကြီးလက်ထဲသို့ လျှပ်တစ်ပြက်အတွင်း ရောက်ရှိခဲ့ပါသည်။ ထိုအခါကျမှ ဖိုးထင်သည် အိပ်မက်မှ လန့်နိုးလာသူကဲ့သို့ သတိပြန်ရလာခဲ့ပါသည်။

"တပည့်တော် ဘာဖြစ်သွားတာလဲ ဘုရား"

"ဒီဓားဟာ မိစ္ဆာရန်သူတွေကို တွန်းလှန်ဖို့အတွက် ပြုလုပ်ခဲ့တဲ့ဓားပဲ။ မင်းတို့လို လောဘဇောတက်နေတဲ့လူတွေ မထိုက်ဘဲနဲ့ယူရင် အဲဒီလို အကုသိုလ်ဂြိုဟ်ဆိုး ဝင်မယ်။ ငါဘယ်သူလဲဆိုတာ သိလား"

"မသိပါဘူး ဘုရား"

"မသိရင် မှတ်ထား။ ငါဟာ ဂမ္ဘီရဆရာမြရဲ့သား ကျော်စွာပဲ"

"ဗျာ"

"ကိုင်း . . . သွားပေတော့။ ဒီဓားက မိစ္ဆာတွေတင် မကဘူး။ မင်းတို့လို လောဘသားကောင်တွေရဲ့ သွေးကို သောက်ချင်လှပြီ"

ဤသို့ပြောပြီး ရသေ့ကြီးက ဓားဖြင့်လိုက်ရာ ဖိုးထင်တို့အုပ်စုမှာ ခွေးပြေးဝက်ပြေး ပြေးခဲ့ရပါသည်။ ဤတွင် လေနီကြမ်းများ တိုက်လာပြီး မိုးမှောင်ကျကာ တဖြည်းဖြည်း အမှောင်ဖုံးလာပါသည်။ ဖိုးထင်တို့အုပ်စုသည် ကြောက်ကြောက်နှင့် ပြေးရင်းလွှားရင်း နောက်ကိုလှည့်ကြည့်ရာ ရသေ့ကြီးနှင့်တကွ ကျောက်ဂူကြီးအပါအဝင် အားလုံး အမှောင်ဖုံးကာ မည်သည့်အရာမျှ မမြင်ရတော့ပေ။ မကြာခင် တောင်ခြေသို့ ရောက်လာပါသည်။ ၎င်းတို့အုပ်စုမှာ အမောဆို့နေသဖြင့် ဆက်မပြေးနိုင်တော့ဘဲ ခေတ္တအမောဖြေပြီးမှ ရွာသို့ပြန်လာခဲ့ပါသည်။

ရွာသို့ရောက်သောအခါ ဤအဖြစ်အပျက်အားလုံးကို အဘိုးဖြစ်သူ ဦးမှတ်ကြီးအား ပြန်ပြောပြရာ

"မင်းတို့က ဂမ္ဘီရဆရာမြရဲ့သား ကျော်စွာနဲ့ တွေ့ခဲ့တယ်ဟုတ်လား။ မဖြစ်နိုင်တာ လူလေးရယ်။ သူက ဒီဓားကြီး မပြီးမြောက်မီကတည်းက ဒီဓားနဲ့သတ်သေခဲ့တဲ့သူပဲ"

"အဘိုးရေ . . ဟုတ်မဟုတ်တော့မသိဘူး။ သူမသတ်ချင်လို့ ကျွန်တော်တို့ အသက်ဘေးက လွတ်လာတာ"

"အိမ်း . . ပြောရခက်သားပဲ။ သူက ဒီဓားရဲ့ အစောင့်ဆိုတော့ ဒီဓားကို တခြားသူတွေရဲ့လက်ထဲမရောက်အောင် ကာကွယ်တာများလား"

ထိုရသေ့ကြီးမှာ ဝိညာဉ်လား၊ လူလား ခွဲခြား၍ မသိသော်လည်း ဒုတိယကိုးသချိုင်းသံဓားကား အလယ်ရိုးမတောင်ကြီး၏ ကျောက်ဂူကြီးအတွင်း၌ ယနေ့တိုင်ရှိနေဆဲပင် ဖြစ်ပါတော့သည်။

■ ခိုင်ခိုင်ဌေး



www.burmeseclassic.com

www.burmeseclassic.com

# ဈေးရောင်းကောင်းသော
# အစီအရင်များ

❋ ဆရာဝေယံဦး

စာရေးသူ၏ ရန်ကင်းတိုက်ခန်းရှေ့ ဗေဒင်ဟောခန်းသို့ အမျိုးသမီးတစ်ဦး ရောက်ရှိလာသည်။

"ဆရာဝေယံဦး ဆိုတာ"

"ဟုတ်ပါတယ်။ ကျွန်တော်ဘာကူညီပေးရမလဲ"

"ဒီလိုပါဆရာ။ သမီးက ပဲခူးမြို့မှာနေပါတယ်။ ပဲခူးမြို့ရဲ့ ရန်ကုန်–မန္တလေး ကားလမ်းမကြီးပေါ်မှာ စားသောက်ဆိုင် ဖွင့်ထားပါတယ်။ ဆိုင်မှာက မြန်မာထမင်းဟင်း၊ လက်ဖက်ရည်၊ အအေးမျိုးစုံနဲ့ မုန့်ဟင်းခါးလည်းရောင်းပါတယ်။ နောက်ပြီး ဒံပေါက်လည်း ရောင်းပါတယ်ဆရာ။ အစားအသောက် ပစ္စည်းအမယ်တွေကတော့ စုံပါတယ်။ ဒါပေမယ့် ဒီနှစ်မှာ အရောင်းအဝယ်မကောင်းဘူး။ လူဝင်နည်းတယ်ဆရာရဲ့။ အဲဒါ ကျွန်မလည်း ဘာလုပ်ရမှန်း မသိဘူး။ မိတ်ဆွေတစ်ဦးက ညွှန်လိုက်လို့ ဆရာ့ကို အားကိုးပြီး လာခဲ့တာပါ"

"ဆိုင်ပိုင်ရှင်က ဘယ်သူလဲ"

"ဆိုင်ကို မောင်လေးနာမည်နဲ့ထားပါတယ် ဆရာ"

"သူက ဘာလုပ်လဲ။ ဆိုင်ကို ဦးဆောင်လုပ်သူလား"

"ပြောရရင်တော့ မိသားစုအားလုံး ဝိုင်းဝန်းလုပ်ကြပါတယ်။ အလုပ်သမားတွေလည်းထားပါတယ်ဆရာ"

"မဟုတ်သေးဘူးလေ။ အနုပာဿက ဆိုင်ပိုင်ရှင်ရဲ့ မွေးသက္ကရာဇ်အပြည့်အစုံနဲ့ ဗေဒင်တွက်ချက်ကြည့်ရဦးမယ်။ ဒီနှစ်ထဲမှာ စီးပွားရေးလုပ်ငန်း အခြေအနေ ကောင်း/မကောင်း စစ်ဆေးကြည့်ချင်တယ်။ အဲဒါကြောင့် ဆိုင်ပိုင်ရှင်၊ ဒါမှမဟုတ် ဆိုင်ကို ဦးဆောင်သူ"

"ဒါဆို သမီးကိုပဲ ဗေဒင်တွက်ပေးပါ။ တကယ်တမ်းကျတော့ သမီးက ဦးဆောင်နေရတာပဲ"

"ကောင်းပြီ။ မွေးသက္ကရာဇ်အပြည့်အစုံကို ပြော"

"၁၃၃၄ ခု၊ သီတင်းကျွတ်လဆန်း ၄ ရက်(၁၁.၁၀.၁၉၇၂) ဗုဒ္ဓဟူးသမီးပါ"

စာရေးသူလည်း ဗေဒင်တွက်ချက်ကြည့်ရာ ၄ ကြွင်း၊ မဟာဘုတ်ဘင်္ဂဖွားဖြစ်ကြောင်းနှင့် အသက် ၃၈ နှစ် ရှိပြီဖြစ်ကြောင်း သိရသည်။

| | | |
|---|---|---|
| | ၁ | |
| ၃ | ၆ | ၂ |
| ၀ | (၄) | ၅ |

မူလမဟာဘုတ်

| | | | | |
|---|---|---|---|---|
| (၃) | ၆ | ၆ | ၄ | |
| ၆ | ၂ | (၅) | ၃ | = အညွန့် |
| ၂ | ၅ | (၄) | ၂ | = မွေးနံ |
| ၅ | ၁ | ၃ | ၁ | |
| ၁ | ၄ | ၂ | ၀ | |
| ၄ | ၀ | ၁ | ၆ | |
| ၀ | (၃) | ၀ | ၅ | |
| နာ | ကော | အတ္တ | မရ | |

၁

၅

၂ = နဝင်း(အထက်ဆောင်ပန်း)

[၄]

၀

၃

၆ = အောက်နင်းကြမ်း



www.burmeseclassic.com

www.burmeseclassic.com

"အခု အသက် ၃၈ နှစ်ဟာ ၁ နွေ သက်ရောက်ဖြစ်တယ်။ ဆန်းတိုင်မှာ မွေးနံ ၄ ဟူးရဲ့ အညွန့်ဂြိုဟ် ၅ ဗေးက ပြခွင်မှာရှိပြီး ကောဇာ ဆေယျတိုင်က ကိစ္စဂြိုဟ် ၃ ဂါက ကပ်ထားတယ်။ ဒီတော့ ဒီနှစ်ထဲမှာ သမီးအနေနဲ့ စီးပွားရေးလုပ်ငန်းတွေ ကောင်းတဲ့ အချက်ဖြစ်တယ်။ အဲဒီမှာ ကပ်ထားတဲ့ ၃ ဂါက ဆန့်ကျင်ဂြိုဟ်ဆိုတော့ ပိုမကောင်း ဖြစ်ရပြန်ရော။ မွေးနံ ဗုဒ္ဓဟူးက တန်းစီးမှာ ၂ လာ ဝရဂြိုဟ်ကပ်ထားလို့ တော်သေးတယ်"

"ဒါဆို ဆရာရယ်၊ ယတြာတို့၊ အဆောင်တို့ လုပ်ပေးပါလား"

"အင်း ...ယတြာကို ပေးလိုက်ပါမယ်။ လောလောဆယ် ဈေးဆိုင်ကို သန့်ရှင်းရေး စလုပ်ရမယ်။ သန့်ရှင်းရေးဆိုလို့ ... ဆိုင်တစ်ခုလုံးကို တံမြက်စည်းလှည်းတာတို့၊ ရေဆေးတာတို့ကို ပြောတာမဟုတ်ဘူး။ အဲဒါက လုပ်နေကျပဲ။ အခုဟာက အစီအရင်တစ်မျိုး ခေါ်တယ်။ ဈေးဆိုင်ကို စပြီးလာဘ်ဖွင့်တယ်လို့ ခေါ်တယ်။ ဘယ်လိုလဲဆိုတော့ သမီးက အောက်ခာတ်နဝင်းက တနင်္လာဂြိုဟ်ဖြစ်တယ်။ အထက်ဆောင်ပန်းလည်း ခေါ်တယ်။ ၂ လာနံဆိုတော့ ကံ့ကော်ပန်း အညွန့်ကိုယူမယ်။ ဂြိုဟ်သက်က ၁၅ ဆိုတော့ ကံ့ကော် ၁၅ ညွန့်၊ အခက်တွေအသုံးပြုမှာ ဖြစ်တယ်။ ဒီတော့ ရှေးဦးစွာ ပြင်ဆင်ထားရမှာက ဖလားတစ်လုံးမှာ တရော် ကင်ပွန်းပါတဲ့ ခေါင်းလျှော်ရည်တစ်ထုပ်လုံးထည့်၊ ရေအနည်းငယ်ထည့်၊ အမွှေးနံ့သာ၊ ရေမွှေးရှိရင် စတီထည့်၊ နောက်ပြီး ရွှေရည်ငွေရည်ဖြစ်အောင် ရွှေနဲ့ ငွေမတ်စေ့ ခဏထည့်ပေါ့။ အဲဒါကို ကံ့ကော်ညွန့် ၁၅ ညွန့်၊ ၁၅ ခက်နဲ့ ဈေးဆိုင်ကို ပက်ဖျန်းမှာဖြစ်တယ်"

"ဘယ်လိုစပြီး ပက်ဖျန်းရမှာလဲ ဆရာ"

"အဲဒီလို ပက်ဖျန်းရမယ့်သူက တနင်္လာသမီး တစ်ဦးဦးဖြစ်ရမယ်။ ဈေးဆိုင်ဘက် အဝင်ဘက် ညာဘက်ကနေ စတင်ပက်ဖျန်းမယ်။ ကံ့ကော် ၁၅ ညွန့်ကို ရေဖလားထဲက ရေကို ထိပြီး ဈေးဆိုင်ရဲ့ အပေါ်ပိုင်း နံရံတွေကို ပက်ဖျန်းမယ်။ ဖလားထဲက ရေကို ကံ့ကော်ညွန့်နဲ့ထိလိုက်၊ ပက်ဖျန်းလိုက် လုပ်ရမှာနော်။ နှုတ်ကဖြစ်စေ၊ စိတ်ကဖြစ်စေ ဘေးအန္တရာယ်ကင်းပါစေ၊ ဈေးရောင်းကောင်းပါစေ၊ လာဘ်ရွှင်ပါစေလို့ ရွတ်ဆိုရင်း ပက်ဖျန်းရမယ်။ အခန်းတွေရှိလည်း အဲဒီအခန်းထဲဝင်ပြီး ပက်ဖျန်းလို့ ပြန်ထွက်မယ်။ အောက်ထပ်၊ အပေါ်ထပ်ရှိလည်း အောက်ဘက်၊ ဘယ်ဘက် အခြမ်းတွေ ဖျန်းပြီး အပေါ်ထပ်တက်ပြီး ပက်ဖျန်း။ အပေါ်ထပ် တစ်ခုလုံးပြီးရင် အောက်ထပ်ပြန်ဆင်းပြီး ဘယ်ဘက်မှ ညာဘက်နံရံတွေ ပက်ဖျန်းမယ်။ အဲဒီလိုနဲ့ ဈေးဆိုင်အဝ ပြန်ရောက်လာတဲ့အခါ ဖလားထဲမှာကျန်တဲ့အရည်တွေ အားလုံးကို ကံ့ကော် ၁၅ ညွန့်အပေါ် လောင်းချလိုက်ပါ။ လက်ထဲမှာရှိနေတဲ့ ကံ့ကော် ၁၅ ညွန့်ကို ဈေးဆိုင်ရဲ့ ကောင်တာရှိ ရေသန့်ထည့်ထားတဲ့ ပန်းအိုးမှာ ထိုးစိုက်ထားရင် ဒီအစီအရင်ပြီးပြီ။ ဒါက ဈေးဆိုင်သန့်ရှင်းရေး အစီအရင်တစ်ခုပဲ။ ဒီအစီအရင်ကို ဗုဒ္ဓဟူးသမီးဖြစ်လို့ စနေနေ့ နံနက် ၆ နာရီမှ ၇ နာရီခွဲအတွင်း ဆောင်ရွက်ရမည်။ လောလောဆယ် တစ်လတစ်ကြိမ် ဆောင်ရွက်သင့်တယ်။ ဒုတိယ အစီအရင်က ဈေးဆိုင်ရဲ့ အရှေ့ဘက် အရပ်မှာ ကြပင်စိုက်ရမယ်။ ဈေးဆိုင် သန့်ရှင်းရေးလုပ်ပြီးတာနဲ့ ကြပင်နှစ်ပင် စိုက်ရမယ်။ စိုက်သူက တနင်္လာသားသမီးပဲ ဖြစ်ရမယ်။ ကြပင်စိုက်ပြီး အမွှေးနံ့သာရည်လောင်းပါ။ ကြပင်ကို ရှင်သန်အောင် နေ့စဉ်ရေလောင်းပြုစုပေးရမယ်"

"ရေလောင်း ပြုစုတာကလည်း တနင်္လာသမီးပဲလား ဆရာ"

"မလိုဘူး။ ဘယ်သူမဆို ရတယ်။ ဆိုင်နဲ့ပတ်သက်လို့ အစီအရင်တွေ ပြီးသွားတဲ့အခါ ဆိုင်ပိုင်ရှင်ကိုလည်း ယတြာပေးရလိမ့်မယ်။ ဒီယတြာကတော့ ဆိုင်ပိုင်ရှင်ကိုယ်တိုင် တန်ခိုးကြီးတဲ့ ဘုရားစေတီကို သွားရမယ်။ ပဲခူးမှာဆိုတော့ ရွှေမော်ဓော၊ ရွှေသာလျောင်းဘုရားကို သွားပေါ့။ သွားတဲ့အခါ ဘုရားရင်ပြင်ပေါ်က မွေးနံဗုဒ္ဓဟူးဂြိုဟ်တိုင်မှာ ယတြာဆောင်ရွက်ရမှာဖြစ်တယ် သမီး"

"ဘယ်နေ့သွားရမှာလဲ။ ဘယ်အချိန် ယတြာဆောင်ရွက်ရမလဲ"

"နေဦး နောက်ကျပြောမယ်။ လောလောဆယ် ၄ ဟူး မွေးနံဂြိုဟ်တိုင်မှာ ယတြာဆောင်ရွက်ပုံကို ပြောမယ်"

၁။ ဘုရားစေတီ မွေးနံ ၄



www.burmeseclassic.com

www.burmeseclassic.com

ဟူး ဂြိုဟ်တိုင်တွင် ပန်းအိုးထဲမှာ ကုံကော် ၁၅ ညွန့်လှူပါ။

၂။ မွေးနံ ရွက်လှတစ်ညွန့်ကို ဘုရားဆင်းတုတော် လက်ဖဝါးမှာ ဆည့်ပါ။

(ဗုဒ္ဓဟူးသမီးရဲ့ ရှေ့ဖျားက ဆံပင်အနည်းငယ်ကိုဖြတ်၍ စက္ကူသေးသေးနှင့် ထုပ်ပါ။ ၎င်းကို ရွက်လှအဖျားနားမှာ အပ်ချည်ကြိုးအဖြူနဲ့ ချည်ထားပြီး ဖြစ်ရမည်။)

၃။ သီဟိုဠ် ၂၁ ညွန့်ကို ဂြိုဟ်ရုပ် (ဆင်ရုပ်)မှာ မှီထားပါ။

၄။ အမွှေးတိုင် ၅ တိုင်၊ ဖယောင်းတိုင် ၅ တိုင်ကို ထွန်းညှိပူဇော်ပါ။ ပြီးနောက် ရေသက်စေ့ (တစ်ခွက်အပို) အသက် ၃၈ နှစ်ဆိုတော့ ၃၉ ခွက်လှူပါ။

၅။ ဘုရားရှိခိုး၊ ငါးပါးသီလခံယူ၊ မေတ္တာပို့ဆုတောင်းပါ။

(ဗုဒ္ဓဟူးဂြိုဟ်စောင့် နတ်မင်းကို မေတ္တာပို့ရန် မမေ့နှင့်။)

၆။ ဗုဒ္ဓဟူး(မွေးနံ)နံနက် ၉ နာရီမှ ၁၀ နာရီခွဲအတွင်း ဆောင်ရွက်ရမည်။

၇။ တစ်လတစ်ကြိမ် ဆောင်ရွက်က ပို၍ကောင်းမွန်တယ်။ အကြောင်းကိစ္စ ပေါ်ပေါက်ကလည်း ဒီအစီအရင်ယတြာကို ဆောင်ရွက်နိုင်တယ်"

"အဆောင်ကော မပေးတော့ဘူးလား ဆရာ"

"ဘာလဲ။ သမီးက အဆောင်ပဲ အားကိုးချင်တာလား"

"မဟုတ်ပါဘူး ဆရာရယ်။ လူကလည်း ကောင်းအောင်နေ၊ နောက်ပြီး ကြိုးစားလုပ်တော့ အဆောင်က စွမ်းမယ်လို့ သမီးထင်တယ်"

"အဆောင်ဆိုတာကလည်း သီလရှိသူတွေမှ စွမ်းတာသမီး။ သီလနည်းရင် အဆောင်ကလည်းမစွမ်း၊ ကောင်းကျိုးတွေ ဖြစ်မလာနိုင်ဘူး။ အထူးသဖြင့် ငါးပါးသီလ လုံခြုံသင့်တယ်"

"ငါးပါးသီလမြဲအောင် အတတ်နိုင်ဆုံး သမီးကြိုးစားနေထိုင်ပါတယ် ဆရာ။ ကိုယ်ချင်းစာနာစိတ် အတတ်နိုင်ဆုံး ထားပါတယ်။ ဘယ်သူ့ကိုမှ မတရားမလုပ်ပါဘူး။ ဆိုင်ကအလုပ်သမားတွေကို ထမင်းကျွေးတဲ့အခါ ကိုယ်က အကောင်းစား၊ သူတို့ကို အညံ့ကျွေး ဒါမျိုးလည်း မလုပ်ပါဘူး။ ကိုယ်စားသလို သူတို့ကိုလည်း ကျွေးပါတယ်"

"သမီးစိတ်ဓာတ်က မွန်မြတ်ပါတယ်။ တစ်နေ့ သမီးအောင်မြင်မှာပါ။ အဆောင်နဲ့ပတ်သက်လို့ ပြောပြမယ်။ လိုက်မှတ်ထားဦး။ သမီးက ၄ ဟူးဆိုတော့ လက်ခုပ်အသားကို တနင်္လာနေ့မှာ ယူဆောင်ပြီး ဝက်ရုပ်ကလေး ထုလုပ်ပါ။ ကိုယ်မှာ အမြဲမကွာ ဆောင်ထားရမယ်။ တနင်္လာနေ့မှာ ဝက်ရုပ်ကလေးထုလုပ်ဖို့ ပန်းပုထုတဲ့ဆိုင်မှာ အပ်ဆိုတဲ့သဘောပဲ။ ပြီးရင် အဲဒီဝက်ရုပ်ကလေးကို နေအိမ်ယူလာပြီး မြတ်ဘုရားရှေ့မှာ သဗ္ဗဇယ မင်္ဂလာဂါထာကို ၉ ခေါက် ရွတ်ဆိုပေးရမယ်။ ဝက်ရုပ်ကလေးကို လက်မှာကိုင်ထားပြီး ရွတ်တာမျိုးနော်"

"သဗ္ဗဇယမင်္ဂလာဂါထာ ဆိုတာ ဒိဝါတပတိနဲ့ စတဲ့ဂါထာလား ဆရာ"

"ဟုတ်တယ် ...သမီး။ အဲဒါ ဘုရားဂါထာ အစစ်ပဲ"

"လက်ခုပ်အသားက ရှားတယ်နော်"

"ပန်းပုထုတဲ့ဆိုင်မှာ သေချာအောင် မေးနော်။ အသားမှားလို့မရဘူး။ လက်ခုပ်သားစစ်စစ် ဖြစ်ရမယ်။ မရှိရင် အဆက်အသွယ်နဲ့ရှာကြည့်ပေါ့။ လက်ခုပ်အသားရမှ ဝက်ရုပ်ကလေး ထုခိုင်းဦး"

"လောလောဆယ်တော့ ဒါ လောက်ပါပဲ။ နောက်မှ ဆိုင်အမည်ပြောင်းရမယ်"

"သမီး လာခဲ့ပါဦးမယ် ဆရာ။ သမီးပြန်ပါဦးမယ်။ ဆရာ့ကို ဉာဏ်ပူဇော်ခနဲ့ ကန်တော့ခဲ့ပါတယ် ဆရာ"

အမျိုးသမီးကလေးသည် စာရေးသူ၏ ဗေဒင်ဟောခန်းမှ ပြန်ထွက်သွားပါတော့သည်။

***      ***

ကုန်ပစ္စည်းတစ်မျိုး ရောင်းသော ဆိုင်များ၊ ကုန်ပစ္စည်းနှစ်မျိုးရောင်းသောဆိုင်များ၊ ကုန်ပစ္စည်းသုံးမျိုး–လေးမျိုးနှင့် အမည်မျိုးစုံရောင်းသောဆိုင်များ၊ စတိုးဆိုင်၊ ကုန်မျိုးစုံဆိုင်၊ အလှကုန်ဆိုင်နှင့် စားသောက်ဆိုင်၊ လက်ဖက်ရည်ဆိုင် စသည်တို့မှာ ဈေးဝယ်လာသူ အလာနည်းခြင်း၊ အရောင်းကျခြင်းတို့ကြောင့် စိတ်ပျက်ပြီး ငေးငိုင်နေသူများအတွက် အောက်တွင် ဖော်ပြပါ အစီအရင်ယတြာနှင့် အဆောင်ကိစ္စများ ဆောင်ရွက်ပုံကို ဖော်ပြလိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

## ခုနစ်ရက်နေ့သားသမီးများ၏ အထက်ဆောင်ပန်းဂြိုဟ်/ဂဏန်းပြဇယား

| မွေးနံ့ | ဘင်္ဂဖွား | မရဏဖွား | အထွန်းဖွား | သိုက်ဖွား | ရာဇဖွား | ပုတိဖွား | အဓိပတိဖွား |
|---|---|---|---|---|---|---|---|
| တနင်္ဂနွေ | (၆) | ၂ | ၆ | ၅ | ၂ | ၅ | ၆ |
| တနင်္လာ | ၀ | ၃ | ၀ | ၆ | ၃ | ၆ | ၀ |
| အင်္ဂါ | ၁ | ၄ | ၁ | ၀ | ၄ | ၀ | ၁ |
| ဗုဒ္ဓဟူး | ၂ | ၅ | ၂ | (၁) | ၅ | ၁ | ၂ |
| ကြာသပတေး | ၃ | ၆ | ၃ | ၂ | ၆ | ၂ | ၃ |
| သောကြာ | ၄ | ၀ | ၄ | ၃ | ၀ | ၃ | ၄ |
| စနေ | ၅ | ၁ | ၅ | ၄ | ၁ | ၄ | ၅ |

## ခုနစ်ရက်နေ့သားသမီးများ၏ အောက်ဆောင်ပန်းဂြိုဟ်/ဂဏန်းပြဇယား

| မွေးနံ့ | ဘင်္ဂဖွား | မရဏဖွား | အထွန်းဖွား | သိုက်ဖွား | ရာဇဖွား | ပုတိဖွား | အဓိပတိဖွား |
|---|---|---|---|---|---|---|---|
| တနင်္ဂနွေ | (၃) | ၀ | ၃ | ၄ | ၀ | ၄ | ၃ |
| တနင်္လာ | ၄ | ၁ | ၄ | ၅ | ၁ | ၅ | ၄ |
| အင်္ဂါ | ၅ | ၂ | ၅ | ၆ | ၂ | ၆ | ၅ |
| ဗုဒ္ဓဟူး | ၆ | ၃ | ၆ | (၀) | ၃ | ၀ | ၆ |
| ကြာသပတေး | ၀ | ၄ | ၃ | ၁ | ၄ | ၁ | ၀ |
| သောကြာ | ၁ | ၅ | ၁ | ၂ | ၅ | ၂ | ၁ |
| စနေ | ၂ | ၆ | ၂ | ၃ | ၆ | ၃ | ၂ |



www.burmeseclassic.com

www.burmeseclassic.com

ဥပမာ–၁ နွေနေ့ သားသမီး ဘင်္ဂ ဖွားသည် အထက်ဆောင်ပန်း ၆ ကြာ ဂြိုဟ်ဖြစ်ပြီး အောက်နင်းကြမ်းမှာ ၄ ဂ်ီဂြိုဟ် ဖြစ်ပါသည်။

ဗုဒ္ဓဟူးသားသမီး သိုက်ဖွားသည် အထက်ဆောင်ပန်းမှာ ၁ နွေ ဂြိုဟ်ဖြစ်ပြီး အောက်နင်းကြမ်းမှာ စနေ ဂြိုဟ်ဖြစ်ကြောင်း အထက်ပါဇယား နှစ်ခုတွင် တွေ့ရှိရပေလိမ့်မည်။

ဈေးဆိုင်များကို သန့်ရှင်းရေး ဆောင်ရွက်ရာ၌ အသုံးပြုသော အညွန့်အခက် ဂြိုဟ်တို့မှာ အထက်ဆောင်ပန်း(နဝင်းအောင်မာတ်ရသော ဂြိုဟ်) ဖြစ်၍ စာဖတ်သူများ ရွေးချယ်အသုံးပြုရန် ဖြစ်ပါသည်။

သက်ဆိုင်သော အညွန့်အခက်များနှင့် အသုံးပြုသော အရေအတွက်ကို ဖော်ပြအပ်ပါသည်။

၁ နွေနံ– အုန်းညွန့် = ၆
၂ လာနံ– ကံ့ကော်ညွန့်= ၁၅
၃ ဂ်ီနံ–ဆီး/ဇော်စိမ်းခက်=၈
၄ ဟူးနံ– ရွက်လှ= ၁၇
ကြာသပတေးနံ– ပျဉ်းမ/ ပေါက်/ပန်းဖြူ/ပိန်းညွန့် = ၁၉
သောကြာ– သီဟိုဋ်– ၂၁
စနေ– ထန်း/တည်ခက်– ၁၀

အစီအရင်ဆောင်ရွက်သော နေ့နှင့် အချိန်မှာ ပုံသေသက်ဆိုင်ရာ မွေးနံနှင့် နံနက် ၉ နာရီမှ ၁၀ နာရီ ခွဲအတွင်း ဖြစ်ပါသည်။

တန်ခိုးကြီးသော ဘုရားရှိ မိမိတို့၏ သက်ဆိုင်ရာ ဂြိုဟ်တိုင်တွင် ဆောင်ရွက်ရာမှာ ရှေးဦးစွာ ဂြိုဟ်တိုင်ရှိ ပန်းအိုးမှာ လှူသော အညွန့်အခက်မှာ အထက်ဆောင်ပန်း အညွန့်အခက်ဖြစ်၏။ ဂြိုဟ်တိုင် အောက်နားတွင်ရှိသော ဂြိုဟ်ရုပ်မှာ မိုထားသော အညွန့်အခက်မှာ အောက်နင်းကြမ်း အညွန့်အခက်တို့ ဖြစ်၏။

ဂြိုဟ်တိုင်ရှိ ဘုရားဆင်းတုတော်၏ လက်ဖဝါးတွင်ထည့်၍ထားသော အညွန့်တစ်ခက်မှာ သက်ဆိုင်ရာ မွေးနံအညွန့်အခက်ဖြစ်ကြောင်း သိထားရမည်။

ဥပမာ–အင်္ဂါသမီး အထွန်းဖွား၏ အထက်ဆောင်ပန်းမှာ ၁ နွေဖြစ်၍ အုန်း ၆ ညွန့်ကို ပန်းအိုးမှာ လှူပါ။ အောက်နင်းကြမ်းမှာ ၅ တေးဖြစ်၍ ပျဉ်းမ ၁၉ ခက်ကို ဂြိုဟ် ရုပ်ဖြစ်သော ခြင်္သေ့ရုပ်မှာ မိုထားပါ။

မွေးနံအညွန့် ဇော်စိမ်းတစ်ခက်ကို ဘုရားဆင်းတုတော်၏ လက်ဖဝါးမှာ တင်ထားရမည်။

ခုနစ်ရက်သားသမီးတို့၏ ယတြာဆောင်ရွက်မှု ဤတွင်ပြီး၏။

ဘေးရန်ကင်း၍ အကြံအစည်များ ပွင့်လင်းလာစေရန်အတွက် တနင်္ဂနွေသားသမီးတို့သည် အောက်မဲဖြူအသား လက်တစ်ဆစ်ကို ကြာသပတေးနေ့မှာ ယူဆောင်လျက် ဥသြရုပ်ကလေးထုလုပ်၍ အမြဲမကွာ အဆောင်ပြုထားရမည်။

တနင်္လာနေ့သားသမီးတို့သည် ကန်ဗလာသား လက်တစ်ဆစ်ကို ဗုဒ္ဓဟူးနေ့မှာ ယူဆောင်လျက် ကျားရုပ်ကလေး ထုလုပ်၍ အမြဲမကွာ အဆောင်ပြုထားရမည်။

အင်္ဂါသားသမီးတို့သည် ... ဆပ်သွားအသား လက်တစ်ဆစ်ကို သောကြာနေ့မှာ ယူဆောင်လျက် ဆင်ရုပ်ကလေးထုလုပ်ပြီး အမြဲမကွာ ဆောင်ထားကြရမည်။

ကြာသပတေး သားသမီးတို့သည် မအူအသား လက်တစ်ဆစ်ကို တနင်္ဂနွေနေ့မှာ ယူဆောင်လျက် ဘဲရုပ်ကလေး ထုလုပ်ပြီး အမြဲမကွာ ဆောင်ထားရမည်။

သောကြာသားသမီးတို့သည် သစ်ဆိမ့်အသား လက်တစ်ဆစ်ကို အင်္ဂါနေ့မှာ ယူဆောင်လျက် သိန်းရုပ်လေး ထုလုပ်ပြီး အမြဲမကွာ ဆောင်ထားရမည်။

စနေသားသမီးတို့သည် ထောက်ရှာအသား လက်တစ်ဆစ်ကို အင်္ဂါနေ့မှာ ယူဆောင်၍ နွားရုပ်ကလေး ထုလုပ်၍ အမြဲမကွာ ဆောင်ထားရမှာ ဖြစ်ပါသည်။

မှတ်ချက် ။ *မွေးချိန်ဟောနည်းစနစ် (လောကစံရှစ်ပါး)မြန်မာ့ရိုးရာ ဗေဒင်လက်စွဲကျမ်းပြုစုသူ ဆရာပရမတ်(အေးချမ်းသူတို့ စံပျော်ရာ)အား ဤစာစုဖြင့် ကန်တော့အပ်ပါသည်။*

*ကျန်းမာချမ်းသာကြပါစေ။*


ဆရာဇေယျဦး
(လူမှုထူးချွန် ဒုတိယဆင့်)

ကျမ်းကိုး
အရှင်ဣန္ဒဝံသမထေရ်၏ အင်္ဂဝိဇ္ဇာအလင်းပြ ယတြာမာတ်ရိုက်ကျမ်း။




www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



ပန်းချီ စံလွင်မောင်

■ ဝေယံလင်းခေါင်

# သူတော်စေတ (နှင့်) မဏ္ဍလများ

ကမ်းလွန်သာမြို့က ဗှာနာအုပ် ...သျား၊ နန်းမတိန်ရွာသူကြီး ဦးရွှေ ... ဆယ်အိမ်ခေါင်း ဦးငချွန်၊ ဂါတ် ...ရေး မောင်ကောက်တို့သည် ဖိုးမ ...င်ရွာကို အမှုကိစ္စတစ်ခုနှင့် ထွက် ...ကြ၏။

ဆီးခါးပြင်နား အရောက်တွင် ညောင်ကြွတ်ပင်အောက် အရိပ်ထဲ၌ သူတော်စေတသည် သူ့လက်တစ်ဖက်ကို ခေါင်းအုံးကာ မြေပြင်တွင် ပက်လက်ကြီးအိပ်နေသည်ကို မြင်ကြရ၏။ သူ့အနားတွင် သူ့ကိုယ်ရုံကိုလည်း ဖြန့်လုန်းထား၏။ ငစေတသည် ဘယ်ကိုးကျင်းကိုးတောက ဆေးမြစ်ရှာပြီး ပြန်လာသည်မသိ။ ချွေးရွှဲနေသော သူ့ကိုယ်ရုံကို သူမအိပ်မီကပင် ဖြန့်လုန်းထားပုံရ၏။

မြို့က ဗှာနာအုပ်တို့အဖွဲ့ ရောက်

www.burmeseclassic.com

www.burmeseclassic.com

လာချိန်မှာ နေမွန်းစောင်းသွားပြီ ဖြစ်သဖြင့် သူတော်ငတေ၏ ကိုယ်ရုံတစ်ခြမ်းမှာလည်း နေပူထဲ မရှိတော့ဘဲ နေရိပ်ထဲ ရောက်နေပြီ။ သို့သော် သူတော်ငတေကား ဘူမိကမ္ဗလာ မြေမွေ့ရာထက်တွင် အိပ်ကောင်းတုန်း။

လေညင်းခံ၍ ညောင်ပင်အောက်တွင် အိပ်နေသော သူတော်ငတေမှာ ယခုထိ အိပ်ကောင်းတုန်း။ တရှူးရှူး တဟင်းဟင်းနှင့် နေ့ခင်းကြောင်တောင်တွင် ဟောက်ပင်ဟောက်နေသေးသည်။

သူတော်ငတေ အိပ်နေသည်ကို လှမ်းမြင်လိုက်ရသောအခါ ဌာနာအုပ် မက္ကလျားက မလိုမုန်းထားစွာ တစ်ချက်လှမ်းကြည့်ပြီး နှာခေါင်းရှုံ့၏။ ပြီးတော့ ယခင်သုံးလလောက်က ချောင်းကောက်ရွာသွား လှေဆိပ်တွင် သူ့ကို မထီမဲ့မြင် လုပ်သွားသည်ကိုလည်း သတိရလိုက်၏။

ထိုစဉ်က သူတို့အဖွဲ့ ချောင်းကောက် မြစ်ဆိပ်သို့ ဆင်းလာကြရာ သူတော်ငတေကို ကူးတို့လှေသူကြီး ဦးမဲလုံး၏ လှေပေါ်တွင် လူစောင့်ထိုင်နေသည်ကို တွေ့ရ၏။ လူလေးငါးယောက် မရသေးသဖြင့် ဦးမဲလုံးက သူ့ကို ခဏစောင့်ရန် ပြောထားခြင်းဖြစ်မည်။ မက္ကလျားတို့အဖွဲ့ လှေနားကို ဆင်းလာကြရာ သူတို့အဖွဲ့ကို သူတော်ငတေက တစ်ချက်လှမ်းကြည့်၏။

ရွာသူကြီးနှင့်တကွ တခြားလူများမှာ ရေစပ်နားကို ရောက်သည်နှင့် ခြေထောက်ကို ရေမစိုအောင် အသီးသီး ဦးမဲလုံး၏ ကူးတို့လှေပေါ်ကို ခုန်တက်သွားကြသည်။ မက္ကလျားကမူ ဗိုက်ပူနံကား ကိုယ်လုံးကြီးကြောင့် သူများလို လှေပေါ်ကို ခုန်မတက်နိုင်။ ရေထဲဆင်းပြီး လှေပေါ်တက်လျှင်လည်း သူ့ခြေထောက် ရေစိုမည်။ ဖိနပ်လည်း ချွတ်ရမည်။ ထို့ကြောင့် ရုတ်တရက် အကြံအိုက်သလိုဖြစ်နေစဉ် အုန်းတောရွာ သူကြီး ဦးပြေးက -

"ဟော့ကောင် မဲလုံး၊ သခင်ကြီးတို့က နေပူကလာတာကွ။ ခြေထောက် ရေစိုရင် အပူရှပ်တော့မှာပေါ့။ ဌာနာအုပ်သခင်ကြီးကို မင်းလှေပေါ် ပွေ့တင်ပေးလိုက်လေကွာ။ ဘာငေးကြည့်နေတာလဲ"

ဟု အထာတသိနှင့် ဖားပြောလိုက်၏။

ဗိုက်ပူနံကား မက္ကလျားကို ဦးမဲလုံးမှာ သာမန်လူတစ်ယောက်ကို ချီပွေ့သလို ဘယ်လိုမှ လှေပေါ်သို့ ပွေ့မတင်နိုင်။ မက္ကလျားမှာ ဗိုက်ပူနံကား ဖြစ်သဖြင့် လူနှစ်ယောက်စာမျှ အလေးစီးသည်။ ထိုအခါ သူ့အား ဤကူးတို့ဆိပ်၌ လှေပို့ခွင့်ရအောင် အင်္ဂလိပ်မင်းများဆီ ပတ္တာခံ(ကန်ထရိုက်)ပေးထားသော ဦးပြေး၏ အမိန့်ကို မလွန်ဆန်ဝံ့သော လှေကူးတို့သမားကြီး ဦးမဲလုံးမှာ ဌာနာအုပ် မက္ကလျားကို ဒယီးဒယိုင် မနိုင်မနင်းနှင့် လှေပေါ်ကုန်းပိုးတင်ပေးလိုက်ရလေသည်။

ဤသည်ကို ပြုံးဖြဲဖြဲနှင့် သရော်ကြည့် ကြည့်နေသော သူတော်ငတေက

"ဟေး...ကိုပြား၊ ခင်ဗျားတို့နဲ့ မကောင်းဆိုးရွားတစ်ကောင်ကောင်များ ကပ်ပါသလားဗျ။ လှေကို တစ်ဝက်လောက်တောင် နစ်ဆင်းသွားပါလား"

ဟု ဌာနာအုပ် မက္ကလျားကို စောင်းပြောလိုက်ခြင်း ဖြစ်၏။

သူတော်ငတေမှာ အင်္ဂလိပ် ဟူဟူသမျှကို ကြည့်မရသူဖြစ်ရာ ယခု မက္ကလျားအား မကောင်းဆိုးရွားဟု စောင်းပြောလိုက်သည်ကို သူကြီးဦးပြေးက ချက်ချင်းရိပ်မိလိုက်၏။ သို့သော် မက္ကလျားက သူ့ကို သူတော်ငတေ စောင်းပြောသည်ကို ရိပ်မိမှာစိုးသဖြင့်

"ဖွဟဲ့... လွဲပါစေ၊ ဖယ်ပါစေ ဦးသူတော်ရာ။ ကျုပ်တို့ ဘယ်သုသာန်နားကမှ ဖြတ်မလာကြပါဘူးဗျာ။ လူသွားလမ်းအတိုင်းသာ လာကြတာပါ"

ဟု ဖြေပြောလိုက်၏။

ကျန်လူများကမူ သူတော်ငတေ အကြောင်းကို သိပြီးသားဖြစ်ကြသဖြင့် မြို့က ဌာနာအုပ် ကုလားလူမျိုးမက္ကလျားနှင့် သူတော်ငတေတို့တော့ တစ်ခုခုဖြစ်ကြတော့မှာပဲဟု မျက်စိပျက်၊ မျက်နှာပျက် ဖြစ်သွားကြ၏။

"မသိဘူးလေဗျာ။ ကျုပ်တို့လူတွေ ထိုင်နေကြတုန်းမှာ ခင်ဗျားလှေ လှုပ်တောင်မလှုပ်တာ။ ကိုပြားတို့ တက်လိုက်ကြတော့မှ ချက်ချင်းလေးဆင်းသွားလို့ မကောင်းဆိုးရွားတစ်ကောင်ကောင်များ ခင်ဗျားတို့နဲ့ ကပ်ပါလာသလားလို့ စိုးရိမ်ပြီး ပြောတာပါ"

ဟု ထပ်ပြီးတစ်ခါ ပြောနေပြန်သည်။

"ဟာ...ဦးသူတော်ကလည်းဗျာ။ လူလေးငါးယောက် တစ်ပြိုင်တည်း တက်စီးလိုက်ကြတာ ဒီလောက်တော့ လေးဆင်းသွားမှာပေါ့ဗျ"

ဟု လေပြေထိုးသံနှင့် မက္ကလျား မရိပ်မိအောင် ပြောလိုက်ရ၏။

www.burmeseclassic.com

မက္ကလျှားကလည်း ယခုချိန်ထိ သူတော်ငတေ သူ့ကိုဆိုလိုမှန်း မရိပ်မိသေး။ သူတို့ ရပ်ဓလေ့ ရွာဓလေ့အရ နောက်ပြောင်ပြောဆိုနေကြခြင်းဟုသာ ထင်သွားပုံရ၏။ ထို့ကြောင့် လှေပေါ်တွင် ခပ်တည်တည်သာ ထိုင်လိုက်ပါလာသည်။

ထိုသို့ ထိုင်လိုက်ပါလာသော မက္ကလျှားအား သူကြီးဦးပြေး၏ လက်ဖွဲ့တော် ဆယ်အိမ်ခေါင်း ပါလေရာက အားပြီး ထီးမိုးပေးလိုက်၏။ ဤသည်ကို မြင်သောအခါ သူတော်ငတေက -

"သူကြီးမင်းလည်း ထီးပါတယ်မှတ်လား။ ကျုပ်လည်း ပူတယ်ဗျာ။ ထီးဖြန့်စမ်းပါ"

ဟုပြောကာ သူကြီးဦးပြေးနှင့် ပါလေရာတို့အနားကို တမင်တိုးကပ်လာ၏။

သူကြီးဦးပြေးမှာ ပင်ကိုကလည်း ပျော်ပျော်နေတတ်သူ၊ သဘောကောင်းသူဖြစ်ရာ မက္ကလျှားကို အရွဲ့တိုက်ပြီး သူတော်ငတေက သူ့ကို ထီးမိုးခိုင်းနေသည်ကို သိသော်လည်း မက္ကလျှားရိပ်မိသွားမှာစိုး၍ တဟားဟား ရယ်မောလိုက်ကာ သူ့ထီးကို ဖြန့်ရပြန်၏။ သူတော်ငတေလုပ်ပုံမှာ မက္ကလျှားအား "မင်းက ဆယ်အိမ်ခေါင်းလောက်ပဲ ထီးမိုးတာ။ တွေ့လား၊ ငါ့ကို သူကြီးအထိ ထီးမိုးပေးရတယ်ကွ"ဟု ပြောလိုက်သလိုပင်။

သူတော်ငတေကား ဤမျှနှင့် မကျေနပ်သေး။ သူ့ထုံးစံအတိုင်း မချိုမချဉ် မျက်နှာနှင့် သူကြီးထီးရိပ်ကို ဝင်ခိုသလို ထိုင်ရင်း သူကြီးဦးပြေးကိုပါ သူ့ကိုယ်လုံးနှင့် မှီထားလိုက်သည့်အပြင် ချိတ်ထားသော ခြေထောက်တစ်ဖက်ကိုလည်း မက္ကလျှားဘက် လှည့်ထားလိုက်ပြန်၏။ ဤသည်ကို မက္ကလျှားများ ရိပ်မိသွားလေပလားဟူသော အထင်နှင့် စိုးရိမ်သွားပြီး သူကြီးဦးပြေးက -

"ငါ့သူငယ်ချင်း ဦးသူတော်ကလည်း ခုထိ အရင်အကျင့်တွေ မပျောက်သေးပါလား။ ဟဲ··ဟဲ၊ ပူရအိုက်ရတဲ့အထဲ ဖယ်စမ်းပါဗျာ"

ဟု တွန်းပစ်လိုက်ရာ သူတော်ငတေ၏ ခြေဖျားက မက္ကလျှားမျက်နှာနား ဝဲသွားသည်။ ဤသည်ကိုတော့ မက္ကလျှားက နှာခေါင်းရှုံ့ပြီ။

သည်လိုနှင့် ဦးမဲလုံးကလည်း လှေကိုခတ်လာရာ တစ်ဖက်ကမ်းသို့ ရောက်၏။ ပါလေရာနှင့် ဦးပြေးတို့ ထီးရုပ်လိုက်ကြ၏။ အားလုံးမှာ စောစောကလိုပင် ခြေထောက်ကို ရေမစိုအောင် လွှားခနဲ လွှားခနဲ လှေပေါ်က ခုန်ဆင်းသွားကြ၏။ မက္ကလျှားကိုမူ ကူးတို့သည်ကြီး ဦးမဲလုံးက အလာတုန်းက သူကြီးဦးပြေး သင်ထားသလို ကုန်းပိုး၍ တစ်ဖက်ကမ်းပေါ် တင်ပေးလိုက်ရသည်။

ဌာနာအုပ်မက္ကလျှားနှင့် သူကြီးတို့အဖွဲ့အားလုံး ကမ်းပေါ်တက်သွားကြပြီဖြစ်သော်လည်း သူတော်ငတေကား ယခုထိ လှေပေါ်က မဆင်းပြန်သေး။ ဤသည်ကို လှေသူကြီးဦးမဲလုံးက -

"ဦးသူတော်၊ လှေပေါ်က မဆင်းသေးဘူးလား။ မင်းရွာဘက်သွားမယ်ဆို"

"အေး···သွားမယ်ကွ ငမဲလုံး။ မင်း ငါ့ကိုလည်း ကုန်းပိုးပြီး ရေလွတ်တဲ့နေရာ ချပေးစမ်းပါ။ မင်းက လူပြည့်အောင် လှေခတေပေးစောင့်ပါဦးဆိုလို့ နေပူကြီးထဲ အကြာကြီး လှေပေါ်ထိုင်စောင့်နေခဲ့ရတာ။ ခု ငါ့အပူရှပ်ပြီး ဖျားချင်နာချင်သလို ဖြစ်လာလို့"

သူပြောသလို မလုပ်လျှင် တစ်ခုခု ပြဿနာရှာတတ်သော သူတော်ငတေအကြောင်းကို သိထားသူ ဦးမဲလုံးမှာ မက္ကလျှားကို ကုန်းပိုးချပေးခဲ့ရသလို သူတော်ငတေကိုလည်း ပခုံးထိုးခံပြီး ကုန်းပိုးရပြန်၏။ ဤသည်ကိုပင် သူတော်ငတေက -

"မကောင်းဆိုးရွားတွေကို ခေါ်လာတာနဲ့ မင်းတော့ ဒီနေ့ အကုသိုလ်ဝင်တာပဲ"ဟု ပြောလိုက်သေး၏။

သူတော်ငတေက အကျယ်ကြီး ပြောလိုက်သောအသံကြောင့် သူကြီးဦးပြေးက "သူတော်ငတေ ဘာပြဿနာ ရှာနေပြန်ပါလိမ့်"ဟု လှမ်းကြည့်လိုက်သောအခါ မက္ကလျှားကလည်း လှမ်းကြည့်၏။ စောစောက သူ့ကို ဦးမဲလုံး ကုန်းပိုးပေးသလို သူတော်ငတေကိုလည်း ကုန်းပိုးပို့နေသည်ကို မြင်သောအခါ သူ့ကိုတုပြီး ဦးမဲလုံးကို ကုန်းပိုးပို့ခိုင်းနေမှန်း သိသွား၏။ ထိုအခါ မက္ကလျှားသည် ကွဲမြီးတိုသွားပြီး နှာခေါင်းရှုံ့လိုက်၏။

သို့သော် မြန်မာလူမျိုးများထဲ၌လည်း သူတော်ငတေဆိုသည်မှာ သူတို့ အိန္ဒိယက ဆာဒူးကြီးများလို လေးစားမှုရှိကြသလို အလေးထားကြသည်ဟု နားလည်ရ၏။

ထိုအချိန်မှာပင် သူတော်ငတေသည် ကုန်းပေါ်တက်လာပြီး မက္ကလျှားနား ရောက်သောအခါ -

www.burmeseclassic.com

"အလယ်ပူ၊ အောက်ရှူးနဲ့ ခြောက်မူးမတန်တဲ့ အကောင်ကလည်း ဘုန်းမီးနေလ တောက်ပနေလိုက်တာ"

ဟု တမင်ကြားအောင် ပြောသွားလိုက်သေး၏။

ဤသည်ကို မက္ကလျားက စိတ်ဆိုးပြီး "ဒီသူတော်က ဘာလဲသူကြီး" ဟု မေး၏။

ဦးပြောက မက္ကလျားနားနားကပ်ပြီး "အရူးကြီးပါ သခင်"ဟု တီးတိုးပြောလိုက်၏။

ဤသည်တို့ကြောင့်လည်း ယနေ့ ညောင်ပင်အောက်တွင် သူတော်ငတေ အိပ်ပျော်နေသည်ကို မြင်ရသောအခါ မက္ကလျားမှာ အနာဟောင်းဒေါသ ပြန်ပေါ်လာပြီး သွားရင်းလာရင်း ညောင်ရိပ်ခိုသလိုလိုနှင့် သူတော်ငတေ ဖြန့်လှန်းထားသော လမ်းနားက ကိုယ်ရုံတစ်စွန်းကို သူ့ဖိနပ်နှင့် တက်နင်းထားခဲ့၏။ ထိုအခါ သူတော်ငတေအကြောင်းကို သိနေကြသော သူကြီးဦးရွှေလှနှင့် ဆယ်အိမ်ခေါင်း ပါလေရာတို့မှာ မျက်စိမျက်နှာတစ်ချက် ပျက်သွားကြသည်။ သည်လိုနှင့် မက္ကလျားတို့အဖွဲ့သည် နေမွန်းစောင်းကြီးလောက်တွင် ဒိုးမတောင်ရွာကို ရောက်သွားကြသည်။

ဒိုးမတောင်ရွာကို ရောက်ကြသောအခါ ထုံးစံအတိုင်းပင် ရွာသူကြီးဦး[illegible]အိမ်ရှေ့ ကွပ်ပျစ်ပေါ်တွင် လေညင်းခံ အမောဖြေနေ၏။ သူတို့ရွာကို ရောက်လာသော ဌာနာအုပ် မက္ကလျားနှင့် နန်းမတိန်ရွာသူကြီး ဦးရွှေလှတို့ကို ဒိုးမတောင်ရွာသူကြီး ဦးဖြူမှာ ရေပူရေချမ်းနှင့် ကြိုဆိုညှော်ခံရလေသည်။

မြို့က ဌာနာအုပ် မက္ကလျားတို့အဖွဲ့ ရောက်လာကြသည်ကို ကြားကြားချင်း ဒိုးမတောင်ရွာ ဆယ်အိမ်မှူးတို့မှာ ကြက်ရှာ၊ အရက်ရှာ အလုပ်ကို စတင်လုပ်ကြရ၏။ ဆယ်အိမ်ခေါင်းများက ကြက်ရှာ၊ အရက်ရှာအလုပ်ကို အပူတပြင်း လုပ်နေကြရသလို သူကြီးအိမ်နားရှိ မိန်းမသူများကလည်း ရေကန်ကို ပြေး၍ မက္ကလျား ညနေရေချိုးရန် ရေပြေးခပ်ကြရသည်။ မက္ကလျားမှာ တခြားလူများလို ရေကန်ကိုသွား၍ ရေချိုးသူမဟုတ်။ သူကြီးအိမ်နားတွင်ပင် ရွာသူများ ခပ်ပေးထားသော ရေအိုးတစ်ဆယ့်ကိုးလုံးကို စိမ်ပြေနပြေ အကုန်ချိုးမှ[illegible]သူဖြစ်၏။

မက္ကလျား အမောပြေ ရေချိုးပြီးသည်နှင့် ကြက်သည်းကြက်မြစ်၊ အရက်က အဆင်သင့်ဖြစ်ရမည်။ မက္ကလျားသည် ကြက်သားနှင့် ထမင်းမစားမီ ကြက်သည်းကြက်မြစ်ကို ဇိမ်ကျကျ အရက်နှင့်မြည်းကာ သူကြီးအိမ်ရှေ့ ကွပ်ပျစ်ပေါ်တွင် စကားဖောင်လောက်အောင်ပြောပြီး ရွာသူ၊ ရွာသားများ၊ ရေခပ်ပေးသော မိန်းမများနှင့် ပေါးလားဝါးလား လုပ်နေဦးမည်။ ည ၈ နာရီလောက်မှ အိမ်ပေါ်တက်၍ စားတော်ခေါ်မည်။ စားပြီးသည်နှင့် တနင့်တပိုး တခေါခေါ အိပ်တော့မည်။ ဟောက်တော့မည်။

အိပ်ရာကတစ်ရေးနိုးလျှင် သူကြီးအိမ်ရှေ့ ဝရန်တာပေါ်က သေးပန်းချမည်။ သူ ဝရန်တာပေါ်က သေးပန်းချသည်မှာ အကြောင်းမဟုတ်သော်လည်း ညဦးက တဝတပြ စားထား၍ အီအီးပါချင်လျှင် သူကြီးအိမ်ရှေ့က ပြောင်သလင်းခါအောင် လှည်းကျင်းထားသော မြေပြင်တွင် မက္ကလျား၏ ချေးပုံကို မိုးမလင်းမီ ကျုံးပစ်ရမည်။ မက္ကလျားမှာ မြို့ကြီးပြကြီး နိုင်ငံကြီးသားဖြစ်သဖြင့် တခြားလူများလို အလေးအပေါ့ကို တောထဲသွား မပါရဲ။ မြွေပါးကင်းပါး အလွန်ကြောက်တတ်သလို၊ တစ္ဆေသရဲဆိုလျှင်လည်း သူက သေမလောက်ကြောက်တတ်သူဖြစ်၏။

ထို့ကြောင့် သူသည် ညအီအီးပါချင်လာလျှင် သူကြီးအိမ်ရှေ့ ပြောင်သလင်း မြေပေါ်၌သာ ပါထားတတ်သည်။ ဤသည်ကိုသိသော သူကြီးခမျာ မနက်မိုးမလင်းမီကပင် မက္ကလျား ညက ဘယ်နေရာမှာ အီအီးပါထားသည်ကို ဂေါ်ပြားတစ်လက်နှင့်ရှာ၍ လူမမြင်၊ သူမမြင်မီ ကျုံးပစ်ရမြဲ ဖြစ်၏။

မနက် မက္ကလျားနိုးလာ၍ ညက သူပါထားသော ချေးပုံကို မြင်ရလျှင် သူကြီးက သူ့ကို သက်သက်အရှက်ခွဲသည်၊ သူ့သိက္ခာချသည်ဟု သူကြီးနှင့် ဆယ်အိမ်ခေါင်းတို့ကို ငြိုငြင်မည်။ အလိုက်ကန်းဆိုးမသိကြ၊ သူ့မှာ မြွေပါးကင်းပါး သရဲတစ္ဆေကြောက်၍ ညညတောထဲ၊ ခြံထဲ မသွားရဲသည်ကို သိကြပါလျက်နှင့်၊ ကြိုပြောထားပါလျက်နှင့် အလိုက်မသိ၊ အထာမကျွမ်းကြဟု အအော်အငေါက် ခံကြရမည်။

ထို့ကြောင့် မြို့က ဌာနာအုပ် မက္ကလျား ဘယ်ရွာကိုရောက်ရောက် ညအိပ်ညဥ့်နေ နေတော့မည်ဆိုလျှင် သူကြီးမှာလည်း သူ့ငယ်နိုင် ဆယ်အိမ်ခေါင်းတစ်ယောက်ယောက်ကို မနက်



www.burmeseclassic.com

www.burmeseclassic.com

နိုးမလင်းမီ မက္ကလျားချေးပုံကို စောင့်ပစ်ရန် ညနေကပင် ချေးစောင့်သက်သက်တစ်ယောက် ချထားရသည်။

ထိုသို့သော မြို့ကဗ္ဗာနာအုပ် မက္ကလျား ယခု ဒိုးမတောင်ရွာကို ရောက်နေသောအခါ ထုံးစံအတိုင်း သူကြီး ဦးဖြေကြူက မက္ကလျားအနားတွင် ရေပူရေချမ်း ကမ်းလှမ်းပြီး မေးသမျှ ဖြေကြား၊ ပြောသမျှစကား နာခံနေနေရသလို ဆယ်အိမ်ခေါင်းများက ကြက်ရှာ၊ အရက်ရှာ။ မိန်းမသူများက ရေပြေးခပ်နှင့် အလုပ်ရှုပ်နေကြ၏။

ဒိုးမတောင်ရွာသူကြီး အိမ်ရှေ့ကွပ်ပျစ်ပေါ်တွင် ရေပူရေချမ်း သောက်သုံးပြီး အမောဖြေနေသော မက္ကလျားက "သူကြီးမင်း၊ သခင်ရေချိုးတော့မယ်"ဟု ပြော၏။ ရေချိုးပြီးသည်နှင့် ဤကွပ်ပျစ်ပေါ်တွင် ကြက်သည်။ ကြက်မြစ်နှင့် ဆက်ရက်မင်းစည်းစိမ်ကို ခံစားရော ရှိသေးသည် မဟုတ်ပါလား။

မက္ကလျားက ရေချိုးတော့မည်ဆိုသဖြင့် သူကြီးက "ဟုတ်ကဲ့ပါ၊ အသင့်ပါပဲသခင်"ဟု ပြောရ၏။ ထိုအခါ မက္ကလျားက ရေချိုးရန် ဘွတ်ဖိနပ်တစ်ဖက်ကို ချွန်လိုက်သည်။ နောက်တစ်ဖက်ကိုလည်း ချွတ်လိုက်ရော "အာယာ ယာယာ"ဟု အော်လိုက်၏။ သူ့အနားတွင် ဖိနပ်ချွတ်ပေးမတတ် ဝိုင်းနေကြသော ဆယ်အိမ်ခေါင်း၊ သူကြီးနှင့် လူများအားလုံး အထိတ်တလန့်ဖြစ်ကာ အံ့အားသင့်သွားကြသည်။

စောစောကမှ အကောင်းကြီး။ ရယ်လို့မောလို့။ နောက်လိုက်၊ ပြောင်လိုက် လုပ်နေသေးတာ။ ခုချက်ချင်း ဘယ်လိုဖြစ်ပါလိမ့်ဟု ဝိုင်းကြည့်နေကြသူတွေမှာ မက္ကလျားအဖြစ်ကိုကြည့်ကာ ခြေကိုင်ရမလို၊ လက်ကိုင်ရမလို ဖြစ်ကုန်ကြသည်။

မက္ကလျားမှာ သူ့ညာခြေတစ်ဖက်က ဘွတ်ဖိနပ်ကို ဆွဲချွတ်လိုက်တိုင်း "ဟမ်မာလေး···လေး၊ အာယာယာ" ချည်း အော်နေရ၏။ ဖိနပ်တစ်ဖက်ကို ဘယ်လိုမှ ချွတ်မရတော့။

"သ···သခင်ကြီး၊ ဘယ်လိုဖြစ်တာလဲ။ သူကြီးမင်း ကြည့်ပါဦး။ လုပ်ပါဦး။ အာ··အာ···ယာယာယာ"

မက္ကလျားက ဖိနပ်ချွတ်မရသော ခြေတစ်ဖက်ကို ကိုင်မြှောက်ကာ သူကြီးကို အကူအညီတောင်း၏။

ထိုအခါ ဒိုးမတောင်သူကြီး ဦးဖြေကြူအပြင် မက္ကလျားနှင့် အတူပါလာသူ နန်းမတိန်ရွာသူကြီး ဦးရွှေလူရော၊ ဆယ်အိမ်ခေါင်းတွေအပြင် ဂါတ်စာရေး မောင်ကောက်တို့ကပါ မက္ကလျား၏ ခြေထောက်ကို ပြေးကိုင်ကြကာ ဝိုင်း၍ ဆွဲချွတ်ကြရ၏။

မက္ကလျား၏ ဖိနပ်ကို လူသုံးလေးယောက် ဆွဲချွတ်ကြသော်လည်း ဖိနပ်က ကျွတ်ကျမလာဘဲ မက္ကလျားမှာသာ "အမ်မာလေး···လေး၊ အာယာယာ" အော်နေရာက "တော်··တော်ကြပါတော့။ မ···မချွတ်ကြပါနဲ့တော့။ သသခင်ကြီး နာလို့ သေပါတော့မယ်။ အာယာယာ···"ဟု ကုန်းအော်ကာ တစ်ကိုယ်လုံးမှာလည်းချွေးပြန်လာသည်။

ဘာဖြစ်မှန်းမသိသူ ဒိုးမတောင်သူကြီး ဦးဖြေကြူက မက္ကလျား၏ ခြေထောက်ကို ရှုရှုလေးကိုင်ကြည့်ကာ-

"သခင်ကြီး၊ လမ်းမှာ ဒီဘက်ခြေထောက်က ခလုတ်ကန်သင်းများ တိုက်မိ၊ ခိုက်မိလာပါသလား"

"ကျူပ်···ကျူပ် ဘာခလုတ်ကန်သင်းမှ မတိုက်မိ၊ မထိခိုက်···ဟာ···အာယာယာ"

သူ့ခြေထောက်က ဖိနပ်ကို ရလိုရငြား တစ်ခါထပ်ချွတ်ကြည့်ပြန်ရင်း မက္ကလျားက အော်ပြန်၏။

နန်းမတိန်ရွာသူကြီး ဦးရွှေလူနှင့် ဆယ်အိမ်ခေါင်းတို့ကမူ သူတော်ငတေ၏ အကြောင်းကို သိကြသူ။ ဒိုးမတောင်ရွာကို လာကြစဉ်က သူတော်ငတေ လှန်းထားသော 'ကိုယ်ရံတစ်စွန်းကို မက္ကလျား ဖိနပ်နှင့် တက်နင်းသွားသည်ကို မြင်ခဲ့ကြရသဖြင့် ကေသွ၊ ဟုတ်ပါပြီဟု တစ်ယောက်နှင့်တစ်ယောက် လက်တို့လိုက်ကြ၏။ ပြီး မက္ကလျားနှင့် အရင်းနီးဆုံး နန်းမတိန်ရွာသူကြီး ဦးရွှေလူက

"သခင်ကြီးနဲ့ ကျွန်တော်မျိုးတို့ ဒီရွာကို လာကြတုန်းက သူတော်ငတေ ကိုယ်ရံလှန်းထားတာကိုများ နင်းမိခဲ့သေးလား"

"ကျူပ်···ကျူပ် တမင်နင်းတာ မဟုတ်ပါဘူး။ နေရိပ်က သွားရင်း မတော်တဆ နင်းမိခဲ့တာပါ သူကြီးမင်း"

သူတော်ငတေအား မထီမဲ့မြင် လုပ်မိခဲ့သည်ကို သတိရ၍ မက္ကလျားက မလုံမလဲနှင့် ပြော၏။

"ဟာ···ဒါဆို ဟုတ်ပါပြီသခင်။ သခင့်ဖိနပ်ကို ချွတ်လို့ရအောင် သူတော်ငတေကို သွားပင့်ကြမှ ဖြစ်တော့မယ်"

"ဟင်···ဟုတ်တယ်၊ ဟုတ်တယ်။ သူ့ကိုယ်ရံကို သခင် ဒီဘက်ခြေ

www.burmeseclassic.com

ထောက်နဲ့ နင်းမိခဲ့တာ ဟုတ်ပါတယ်။ အဲဒါ ဘယ်လိုလုပ်ရမလဲ။ လုပ်ကြပါဦး။ အာယာယာ . . . အရမ်းနာလာတယ်"

သူတော်ငတေအကြောင်းကို ကြားဖူးသူ၊ သိသူများကလည်း ဝိုင်းလာကြပြီး -

"ဟုတ်ပါပြီတော်။ ဦးသူတော်အကြောင်းကို သိသားနဲ့ သခင်ကြီးက သူ့ကိုယ်ရုံကို ဘာလို့သွားနင်းရတာတုံး။ ဒုက္ခပါပဲတော်။ ဦးသူတော်ကို သွားပင့်ကြပြီး ကန်တော့မှ သခင်ကြီးဖိနပ်က ချွတ်လို့ရတော့မယ်။ မဟုတ်လို့ကတော့ မိုးကြိုးကြီးပစ်ချတောင် ကျွတ်မှာ မဟုတ်ဘူး"

ရွာသူ မိန်းမကြီးတစ်ယောက်၏ စကားကို ကြားလိုက်ရသောအခါ . . . မက္ကလျား၏မျက်နှာမှာ သွေးဆုတ်သွားတော့သည်။

"ဟင် . . . ဒီအရူးသူတော်က ဒီလိုလုပ်တတ် . . ."

"သခင်ကြီး . . . သခင်ကြီး၊ ဦးသူတော်ကို ဒီလိုမပြောကောင်းဘူး။ ခုသခင်ကြီးပြောတာ ဦးသူတော်ကြားတယ်။ ပိုပြီးဒုက္ခရောက်ကုန်ကြပါလိမ့်မယ်တော်"

"မ . . မဟုတ်ဘူး။ အရင်တစ်ခါ ဒီသူကြီးကပဲ ဒီသူတော် အရူးကြီးပါလို့ ပြောလို့ ကျုပ်ပြော . . . ပြောရ . . . အာယာယာ . . . ဟမ်မာလေး။ မြန်မြန်လုပ်ကြပါဦး"

ပြောနေရင်းက သူ့ဖိနပ်ကို လက်နှင့်ထိသွားသော မက္ကလျားက ထအော်ပြန်၏။

"ကျုပ်ပြောသားပဲ။ သခင်ကြီး ခုပြောလိုက်တာ သူကြားပါတယ်ဆို"

"ဟုတ်ပါတယ် သခင်။ ဒီသူတော်က သိပ်အစွမ်းရှိတယ်။ ခု . . . သခင်ဘကြီး သူ့ကိုယ်ရုံကို တက်နင်းလာလို့ ဒီလိုဖြစ်တာ။ ဦးသူတော်ကို မြန်မြန်သွားပင့်ပြီး ကန်တော့လိုက်ရင် ဒီဖိနပ်ချွတ်လို့ရမှာပါ။ နို့မဟုတ်လို့ကတော့ သခင်ကြီးခြေထောက် ဖြတ်ပစ်ရလိမ့်မယ်"

ဆယ်အိမ်ခေါင်းတစ်ယောက်၏ စကားမဆုံးမီပင် မက္ကလျားမှာ ငိုတော့မလို မျက်နှာမည်းကြီးနှင့် -

"ဒါ . . . ဒါဆို၊ သူကြီး . . ဦးသူတော်ကို မြန်မြန်ပင့်ပေးကြပါ။ သခင်ကြီး ကန်တော့ပါ့မယ်။ လုပ်ကြပါ၊ မြန်မြန်လုပ်ပေးကြပါ"

မက္ကလျားမှာ အငိုတစ်ဝက်နှင့် ပြောနေ၏။

မက္ကလျားဆီက အမိန့်ရပြီးဖြစ်သဖြင့် သူကြီးဦးရွှေလှနှင့် ပါလေရာတို့က သူတော်ငတေရှိရာ ယာတောင်ရှာကို ပြေးသွားကြသည်။ ထိုအချိန်ထိ မက္ကလျား၏ ညာခြေထောက် တစ်ဖက်ကို မက္ကလျားနှင့် အခြားလူများက ဆွဲချွတ်ရန် ကိုင်ကြည့်လိုက်ကြသည်နှင့် မက္ကလျားမှာ နာကျင်၍ လူးလိမ့်အော်နေရ၏။ ထို့ကြောင့် အားလုံးက လက်လျှော့၍ ဦးရွှေလှနှင့် ပါလေရာတို့ သူတော်ငတေ ပင့်အလာကိုသာ စောင့်နေကြရတော့သည်။

တစ်နာရီလောက်အကြာမှာ . . . သူကြီးဦးရွှေလှနှင့် ပါလေရာတို့ ပြန်ရောက်လာကြ၏။ သူတော်ငတေကို ပင့်၍မရခဲ့ကြ။ သူတော်ငတေမှာ နေ့လယ်က ညောင်ပင်အောက်တွင် ကိုယ်ရုံချွတ်ပြီး လေညင်းခံ အအိပ်လွန်သွားသဖြင့် အအေးပတ် ဖျားနေသည်။ လူနာပြချင်လျှင် သူ့ဆီခေါ်လာခဲ့ကြပါဟု မှာလိုက်သည့်အကြောင်း ပြန်ပြောကြ၏။

ထိုအခါ မက္ကလျားအား သူတော်ငတေဆီ သွားပြရန် သူကြီးနှင့် ဆယ်အိမ်ခေါင်းတို့က အမြန်စီစဉ်ကြရပြန်၏။ အချိန်မှာ မိုးချုပ်သွားပြီဖြစ်သဖြင့် ကမန်းကတန်း မက္ကလျားကို သူတော်ငတေရှိရာ ယာတောင်ရှာ ဘုန်းကြီးကျောင်းသို့ အထမ်းနှင့် ခေါ်လာကြရသည်။ သူတော်ငတေကို ကျောင်းရှေ့ စဆွဲ(ကွပ်ပျစ်)၌ အနင်းအနှိပ်ခံ၍နေသည်ကို တွေ့ကြရ၏။

စောင်တစ်ထည်ကို ဝါးလုံးတစ်လုံး၌ နှစ်ဖက်အစွန်းချည်၍ ထမ်းလာကြသော ဆယ်အိမ်ခေါင်းနှစ်ယောက်က စဆွဲရှေ့ မြေပြင်တွင် အသာအယာ ချလိုက်ကြ၏။ သူကြီးဦးရွှေလှက -

"ကဲ . . . သခင်ကြီး၊ ဦးသူတော်ကို ကန်တော့လိုက်ပါ"

ဟု ပြောလိုက်သောအခါ ဘယ်လိုကန်တော့ရမှန်း မသိသော မက္ကလျားက မျက်နှာငယ်လေးနှင့် ဦးရွှေလှ၏ မျက်နှာကို မော့ကြည့်နေ၏။ ထိုအခါ ဦးရွှေလှက -

"ဪ . . . အေးအေး၊ ဒီလိုဆိုပါ။ ဦးသူတော်အား ကျွန်တော်မျိုး ကာယကံ၊ ဝစီကံ၊ မနောကံတို့နှင့် ပြစ်မှားမိခဲ့သည် ရှိပါသော် အပြစ်ဆယ်ပါး အများကို ခွင့်လွှတ်တော်မူပါလို့ ဆိုရပါတယ် သခင်"

www.burmeseclassic.com

ဟု သင်ပေး၏။

ဦးရွှေလှသင်ပေးသလို မက္ကလျားက လက်ပူးပြီး မိန်းမထိုင် ထိုင်ကာ ဦးချတောင်းပန်သည်။ ထိုအခါမှ စဆွဲတွင် မှောက်လျက် အနင်းခံနေရာက ကျောင်းသားကြီးများအား "တော်ကြပါပြီ ကွယ်ရို"ဟု ပြောကာ သူတော်စေ ထထိုင်၏။

"ဂျာတူးဝါလားကြီးက ဘာအပြစ်ရှိလို့ ကျုပ်ကို လာကန်တော့တာတုံး"

"နေ့ခင်းက ဦးသူတော် ကိုယ်ရဲ့ လှန်းထားတာကို နေရိပ်ခိုသွားရင်း မတော်တဆ ဖိနပ်နဲ့ နင်းမိသွားပါတယ်တဲ့ ဦးသူတော်"

"ဟုတ်···ဟုတ်ပါတယ်။ သခင် အဲ···အေး ဦးဆူဒေါ်ကြီး။ ချွန်တော်မျိုး နင်းမိခဲ့ပါတယ်"

ဦးရွှေလှ၏ ကြားဝင်အပြောကို မက္ကလျားက ထောက်ခံစကားဆို၏။

"ကျုပ်လည်း မသိလိုက်ရပါလား"

"ဦးသူတော် အိပ်ပျော်နေလို့ မသိလိုက်ပေမယ့် အပြစ်က ရှိနေလို့ပါ"

"မှန်လှပါ ဦးဆူဒေါ် ချွန်ဒေါ်မျိုး အပြစ်ဆိုပါတယ်"

သူကြီးဦးရွှေလှ၏ စကားကို လက်ပူးထားသော မက္ကလျားက ကြောက်ကြောက်ရွံ့ရွံ့နှင့် အလိုက်သင့် ဝန်ခံစကား ထပ်ဆို၏။

"သူကြီးမင်း ဦးရွှေလှ သိပါတယ်။ ရှိခိုးကန်တော့တယ်ဆိုတာ ဖိနပ်မချွတ်ဘဲ ရှိခိုးကန်တော့လို့ ကံမြောက်ပါ့မလား"

"မမြောက်ပါဘူး ဦးသူတော်"

"ဒါဆို ခင်ဗျားလူကို ဖိနပ်ချွတ်ခိုင်းလိုက်ဦးလေဗျာ"

"သခင်ကြီး၊ ဦးသူတော်က ဖိနပ်ချွတ်လိုက်ပါတဲ့ခင်ဗျား။ သခင်ကြီး ဖိနပ်ချွတ်လိုက်ပါခင်ဗျာ"

သူတော်စေကရော ဦးရွှေလှကပါ ဖိနပ်ချွတ်လိုက်ပါဟု ပြောသော်လည်း စောစောက ဖိနပ်ချွတ်လိုက်တိုင်း နာကျင်ခဲ့သဖြင့် မက္ကလျားမှာ မရဲတရဲနှင့် ဖိနပ်ကို ချွတ်လိုက်၏။ ဘာမှ နာကျင်မှုမရှိတော့ဘဲ ယခုမှ ဖိနပ်က အလွယ်တကူ ကျွတ်ပါလာသောအခါ မက္ကလျားနှင့် အားလုံးတို့မှာ အံ့သြမဆုံး ဖြစ်သွားကြသည်။

"ကဲ···ငါတို့ မကန်တော့မီ မင်းကို ငါတစ်ခုပြောမယ်။ အေး···ပြောတာမဟုတ်ဘူး။ ကတိတောင်းတာ။ ငါတောင်းတဲ့ကတိကို မင်းလိုက်နာနိုင်ပါ့မလား"

မည်သို့သော ကတိကို ဦးသူတော် တောင်းမည်မှန်းမသိရသေးသော မက္ကလျားမှာ လရောင်ထဲက သူတော်စေ၏ မျက်နှာကို မော့ကြည့်လိုက်၊ ဦးရွှေလှ၏ မျက်နှာကို မော့ကြည့်လိုက် ဖြစ်နေစဉ် ဦးရွှေလှက -

"သခင်ကြီးဆီက ဦးသူတော် တောင်းမည့်ကတိကိုလည်း အမိန့်ရှိပါဦး။ သူက မင်းခစားဖြစ်နေလို့ပါ ဦးသူတော်"

ဦးရွှေလှက ကြားဝင်မေး၏။

"ထွေထွေထူးထူး မဟုတ်ပါဘူး ဦးရွှေလှရဲ့။ ကျုပ်တို့ ဗုဒ္ဓဘာသာတွေမှာ ကံငါးပါးရှိတယ်မှတ်လား"

"မှန်လှပါ။ ရှိပါတယ် ဦးသူတော်"

"အေး···အဲဒီ ကံငါးပါးထဲက သေရည်သေရက်ကို ဒီနေ့ ဒီအချိန်က စပြီး···ယာဝဇီဝံ-အသက်ထက်ဆုံး မသောက်စား မမှီဝဲတော့ပါဘူးဆိုတဲ့ ကတိတစ်ခုတည်းကို ကျုပ်တောင်းတာ။ ဘယ့်နယ်လဲ၊ ပေးနိုင်ပါ့မလား ဗှာနာအုပ်ကြီး"

"ပေးပါဒယ် ဦးဆူဒေါ်။ ချွန်ဒေါ်မျိုး ဦးဆူဒေါ်တောင်းတဲ့ ကတိကို ပေးနိုင်ပါတယ်။ ပေး··ပေးပါဒယ်··· ပေးပါဒယ်"

ဤတစ်ခါတော့ ဦးရွှေလှပင် သင်ပြစရာမလိုတော့ဘဲ မက္ကလျားက အားရဝမ်းသာနှင့် ရှိအကြိမ်ကြိမ်ခိုး၍ ကတိပေးလိုက်၏။

"ကဲ···ဒါဆို ပြန်ကြတော့။ မိုးချုပ်နေပြီ။ ကျုပ်လည်း အလုပ်ရှိသေးတယ်"

သူတော်စေ ထရပ်လိုက်သောအခါ မက္ကလျားကလည်း ရိုရိုသေသေပင် ထရပ်ပြီး လက်အုပ်ချီနေလိုက်၏။

သူတော်စေက နောက်ထပ် မည်သူ့ကိုမျှ နှုတ်ဆက်စကားမပြောတော့ဘဲ သူ့ဖို့ရုံရှိရာ ဘုန်းတော်ကြီးကျောင်းအောက်ကိုသာ ဖုတ်ဖုတ်ခါ ဝင်သွားလေသည်။

ထိုနေ့၊ ထိုအချိန်အခါက စ၍ ဗှာနာအုပ် မက္ကလျားသည် တောတက်လာတိုင်း သူတော်စေကို လက်ဆောင်ပစ္စည်းတွေနှင့် အမြဲလာကန်တော့ပြီး ရင်းနှီးခင်မင်သွားကြကာ တပည့်ခံပြီး ဗုဒ္ဓဘာသာ ဖြစ်သွားလေသည်။

**ဝေယံလင်းခေါင်**



www.burmeseclassic.com


www.burmeseclassic.com

■ နှစ်တစ်ရာ့ငါးဆယ်ပြည့်

# ဘုံဘေဘားမား

# ယရိုတ်ဒင်း ကော်ပိုရေးရှင်းလီမိတက်

■ လျှမ်းထက်


THE

BOMBAY BURMAH TRADING

CORPORATION LIMITED

1863-1963

*by* A. C. POINTON



၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလအတွင်း ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ လားရှိုးမြို့နယ်နှင့် မိုင်းရယ်မြို့တို့တွင် တရားမဝင်သစ်များ တင်ဆောင်လာသောယာဉ် ၃၄ စီးနှင့် သစ်တန် ၃၀ ကျော် ဖမ်းဆီးရမိသည့် သတင်းအား ကျွန်တော်တို့ မြန်မာနိုင်ငံမှ ထုတ်ဝေသော သတင်းစာများ၊ ဂျာနယ်များတွင် ဓာတ်ပုံသာဓက အထောက်အထား စုံစုံလင်လင်နှင့် ကျယ်ကျယ်ပြန့်ပြန့် ဖော်ပြခဲ့ပါသည်။ ထိုသတင်းကိုပင် ရုပ်သံလွှင့် အစီအစဉ်များကလည်း ထုတ်လွှင့်ပေးခဲ့သည်။ ထိုတရားမဝင်သစ်များကို တစ်ဖက်နိုင်ငံသို့ ပို့ဆောင်ရန် စီစဉ်ဆောင်ရွက်ခြင်း ဖြစ်သည်ဟု သိရ၏။


မှန်ပါသည်။ ၂၀၁၃ ခုနှစ်ဆန်းက စ၍ ၂၀၁၄ ခုနှစ်အထိ မြန်မာနိုင်ငံမှ တစ်ဖက်နိုင်ငံများသို့ သစ်များခိုးထုတ်မှုနှင့် သစ်များကို သက်ဆိုင်ရာတာဝန်ရှိသူများက ဖမ်းဆီးရမိသည့် သတင်းများအား ကျွန်ဘော်တို့သည် ဖန်တစ်ရာတေအောင် ဖတ်ရှုခဲ့ကြပြီး ဖြစ်သည်။

အမှန်အားဖြင့် မြန်မာ့သစ်လောကတွင် မြန်မာ့ကျွန်းသစ် (Tectona Grandic)သည် အကောင်းဆုံးသစ်တစ်မျိုးအဖြစ် လူသိများခဲ့သည်။ အပြင်အကာအသားမှာ အဖြူ၊ အညိုမှ အဝါရောင်ရှိသည်။ အနှစ်သားများ ရွှေရောင်ရင့်ရင့်မှ အညိုရင့်ဖြစ်ပြီး အနက်အစင်းများ တတ်သဖြင့် အများက "ကျွန်းရွှေဝါ"ဟု ကင်ပွန်းတပ်ကြသည်။ မှိုတက်ခြင်းလည်းမရှိ၊ ခြလည်းမစား၊ ဆွေးမြည့်ခြင်းလည်း



www.burmeseclassic.com

www.burmeseclassic.com



မရှိ ရေစိမ်လည်း ခံနိုင်သည်။ သင်္ဘော၊ လှေ တည်ဆောက်ခြင်း၊ အိမ်ဆောက်လုပ်ခြင်း၊ ပရိဘောဂပြုလုပ်ခြင်း၊ ရုပ်တုနှင့် အလှအပ အနုပညာထည်များတွင်ပင် အသုံးပြုကြသည်။

မြန်မာဘာသာဖြင့် "ကျွန်း"၊ ကရင်ဘာသာဖြင့် "ပဟီ"၊ မွန်ဘာသာဖြင့် "ဆုကလေ"ဟု ခေါ်ဝေါ်ကြပြီး သစ်တောပညာရှင်အများကမူ ဤဆောင်းပါးအစတွင်ဖော်ပြခဲ့သည့်အတိုင်း တက်တိုနာ ဂရင်းဒစ်(စ်) Tectona Grandic ဟု ခေါ်ကြ၏။ ကျွန်းပင်များသည် သဘာဝအားဖြင့် အပူပိုင်းဒေသအနံ့တွင် အခြားသစ်များ၊ ဝါးများနှင့် ရောနှောပေါက်ရောက်ကြသည်။ အိန္ဒိယနိုင်ငံတွင် ဘုံဘေ(မွန်ဘိုင်း)ပြည်နယ်၊ ကရာလာပြည်နယ်နှင့် မြောက်ဘက်ဟိဝမဝန္တာတောင်ခြေအထိ ပေါက်ရောက်သည်။ မြန်မာနိုင်ငံတွင် ရခိုင်ကမ်းမြောင်ဒေသနှင့် တနင်္သာရီတောင်ပိုင်းကလွဲ၍ မြန်မာနိုင်ငံတစ်ခန်းလုံးသဘာဝအတိုင်း ကျွန်းပင်များ ပေါက်၏။ ယိုးဒယား(ထိုင်း)၊ အင်ဒိုနီးရှား၊ ဂျာဗား၊ စုမတ္တြာရားကျွန်းတို့တွင်လည်း ကျွန်းပင်များ ပေါက်သည်ဟု သိရသည်။ ကျွန်တော်တို့ မြန်မာနိုင်ငံတွင် ကျွန်းအပါအဝင် လူတို့အသုံးပြုသော သစ်မျိုးပေါင်း ၄၀၁ မျိုး ရှိသည်ဟု သစ်တောသုတေသီအများက ခန့်မှန်းကြသည်။ ယင်း ၄၀၁ မျိုးအနက် သစ်အမျိုးပေါင်း ၂၅၀ ကိုသာ သစ်တောသုတေသနက လေ့လာ၍ မှတ်တမ်းတင်ထားနိုင်ခဲ့ပြီဟု မြန်မာနိုင်ငံ သစ်တောထွက်ပစ္စည်းများ လက်စွဲစာအုပ် (၁၉၅၁ ခုနှစ်ထုတ်) တွင် ဖော်ပြခဲ့ပါသည်။ သို့သော် မြန်မာနိုင်ငံမှ သစ်မျိုးပေါင်း ၄၀ သာ ကမ္ဘာ့ဈေးကွက်သို့ တင်ပို့နိုင်ခဲ့၏။

ကျွန်းသစ်အား အလောင်းဘုရားလက်ထက် ၁၇၅၂ ခုနှစ်တွင် တော်ဝင်သစ်ပင်ဟု အမိန့်တော်ထုတ်၍ သတ်မှတ်ခဲ့သည်။ ဗြိတိသျှနယ်ချဲ့သမားကလည်း ခရစ်နှစ် ၁၈၅၅ ခုနှစ်တွင် ကျွန်းသစ်အား နိုင်ငံပိုင်ပစ္စည်းဟု ကြေညာခဲ့သည်သာမက ၁၉၀၂ ခုနှစ်တွင် ပြဋ္ဌာန်းထားသော သစ်တောဥပဒေအရ ကျွန်းပင်အား တားမြစ်ထားသော သစ်ပင်ဟု ဆိုသည်။ ယင်းဥပဒေအရ ကျွန်းပင်သည် မည်သည့်နေရာတွင် အလေ့ကျပေါက်သည်ဖြစ်စေ အစိုးရက ပိုင်ဆိုင်သည်။ သာဓကအားဖြင့် မိမိအိမ်ခြံဝန်းအတွင်း ပေါက်ရောက်သည်ဖြစ်စေ သစ်တောဌာနအမိန့်ပါမစ်၊ လိုင်စင်၊ စာချုပ်၊ အထူးသဘောတူညီချက်အရသာ ခုတ်လှဲဖြတ်တောက်နိုင်သည်ဟု ဆိုသည်။

သမိုင်းမှတ်တမ်းများအရ ရှေးပဝေသဏီကမူ ဥရောပတိုက်သားများနှင့် ကမ္ဘာ့ရေကြောင်း စွန့်စားသွားလာကြသော နယ်သစ်ရှာဖွေသူများ၊ ကုန်သည်များသည် လှေသင်္ဘောများ တည်ဆောက်ရာတွင် Oak အုတ(ခ်)ခေါ် ဝက်သစ်ချသားဖြင့်သာ တည်ဆောက်ခဲ့ကြသည်၊ ကမ္ဘာ့သမိုင်းတွင် နေမဝင်သော အင်ပါယာကြီးဟု ကင်ပွန်းတပ်ခံရသော လက်နက်နိုင်ငံတော်ကြီးကို တည်ထောင်ခဲ့သော ဗြိတိသျှဘုရင်အစိုးရသည် ထိုအင်ပါယာကြီးကို ကာကွယ်ရန် မဟာရေတပ်မတော်ကြီးကို တည်ထောင်ခဲ့ကြသည်။ သင်္ဘောများ လက်ဆစ်ချိုး၍ ရေတွက်မရအောင် တည်ဆောက်ခဲ့ကြရာ သင်္ဘောများ တည်ဆောက်ရာတွင် ဝက်သစ်ချသားသည် အကောင်းဆုံးဖြစ်သည်ဟု ယူဆထားကြသည်။

သို့သော် အာရပ်ကုန်သည်များနှင့် ပေါ်တူဂီကုန်သည်များသည် သင်္ဘောတည်ဆောက်ရာတွင် အုတ(ခ်)ခေါ် ဝက်သစ်ချသားထက် ကျွန်းသစ်က ပို၍



www.burmeseclassic.com

www.burmeseclassic.com

အရည်အသွေးကောင်းသည်၊ ကြံ့ခိုင်သည်ဟု သိထား၍ သင်္ဘောများအား ကျွန်းသစ်ဖြင့် တည်ဆောက်ခြင်းပြုခဲ့ကြ၏။ ဤတွင် သမုဒ္ဒရာ၊ ပင်လယ်ပြင် စိုးမိုးရေးအတွက် ရေတပ်မတော်ကြီး တည်ဆောက်ရာတွင် ကျွန်းသစ်သည် အရေးပါ အရာရောက်သောကြောင့် ကျွန်းသစ်ကို အလုအယက် ရှာဖွေဝယ်ယူရန် ကြိုးပမ်းခဲ့ကြသည်။ အရှေ့အာရှဒေသတွင် ကျွန်းသစ်နှင့် ဟင်းခတ်အမွှေးအကြိုင်များ ဝယ်ယူရန် ဗြိတိသျှအမျိုးသားပိုင် အရှေ့အိန္ဒိယကုမ္ပဏီနှင့် အာရပ်ကုန်သည်များ၊ ပေါ်တူဂီကုန်သည်များသည် အိန္ဒိယနိုင်ငံနှင့် အရှေ့တောင်အာရှသို့ ရောက်ရှိလာကြသည်။ အာရပ်နှင့် ပေါ်တူဂီ ကုန်သည်များကလည်း နယ်မြေသစ်ရှာဖွေရင်း မြန်မာနိုင်ငံ၊ တနင်္သာရီသို့ ရောက်လာခဲ့ကြ၏။ မြိတ်မြို့ဆိပ်ကမ်းတွင် သင်္ဘောများ ပြုပြင်ခြင်း၊ သင်္ဘောများတည်ဆောက်ခြင်းများ ပြုလုပ်ခဲ့ကြသည်။ ပြင်သစ်နှင့် အင်္ဂလိပ်တို့သည်လည်း ၎င်းတို့ သင်္ဘောပျက်များအား မြိတ်ဆိပ်ကမ်းသို့ လာရောက်ပြုပြင်ခဲ့ကြ၏။ ဤတွင် ဗြိတိသျှတို့သည် ရေတပ်ဆောက်လုပ်ရာတွင် ကျွန်းသစ်အရာရောက်မှုကို သိရှိလာကြပြီး မြန်မာနိုင်ငံတွင် သုံးမကုန်နိုင်သော ကျွန်းတောများရှိသည်ဟု သိလာကြ၏။

အိန္ဒိယနိုင်ငံအား ကျွန်ပြု၍ ကုန်သွယ်ရေးချဲ့ထွင်လာသော ဗြိတိသျှတို့သည် မြန်မာနိုင်ငံအား ကျူးကျော်ရန်စ၍ စစ်ပွဲဆင်နွှဲရန် ပြင်ဆင်လာခဲ့ကြသည်။ အကြောင်းအမျိုးမျိုးရှာ၍ ကျူးကျော်စစ် ဆင်နွှဲခဲ့သည်။ ခရစ်နှစ် ၁၈၂၆ တွင် အင်္ဂလိပ်-မြန်မာ စစ်ပွဲဖြစ်ပွားခဲ့ရပြီး မြန်မာတို့ အရေးနိမ့်ခဲ့သဖြင့် ရန္တပိုစာချုပ်အရ ရခိုင်နှင့် တနင်္သာရီကမ်းရိုးတန်းဒေသများကို ဗြိတိသျှတို့အား ပေးအပ်ခဲ့ရသည်။ ဗြိတိသျှအစိုးရက တနင်္သာရီကမ်းရိုးတန်းဒေသကို တည်ငြိမ်အောင် ဆောင်ရွက်နေသည့်အချိန်တွင် စီးပွားရေးအမြင်ရှိသော အိန္ဒိယကုမ္ပဏီသည် မော်လမြိုင်ခရိုင်နှင့် သံလွင်မြစ်ရိုးတစ်လျှောက်ရှိ သစ်တောကြီးများကို ကြည့်ရှုစူးစမ်းလေ့လာစေရန် ကိုယ်စားလှယ်တစ်ဦးကို စေလွှတ်လိုက်သည်။ ထိုသူမှာ ကာလကတ္တားမြို့ သစ်ပင်မျိုးစုံ စိုက်ပျိုးထားသော သုတေသနဥယျာဉ်ကို အုပ်ချုပ်ရသော ဒေါက်တာဝေါလေ့စ်(ချ်)ဆိုသူဖြစ်၏။ စီးပွားရေးအမြင်ရှိသူ ဒေါက်တာဝေါလေ့စ်(ချ်)သည် မော်လမြိုင်သစ်တောကြီးများအတွင်း ဆင်တစ်စီးနှင့် ခြေ[illegible]င်းထပ်မံ့ သွားလာ၍ ကျွန်းပင်များကို ရေတွက်မှတ်သားခဲ့၏။ သူမှတ်တမ်းအရ ကိုက် ၈ ကျယ်၍ အလျားနှစ်မိုင်ရှိသော တောတန်းတစ်ခုတွင် ပျမ်းမျှကျွန်းပင် ၂၅ တွေ့ခဲ့ရသည်ဟုဆိုရာ ဒေါက်တာဝေါလေ့စ်(ချ်)မှာ မော်လမြိုင်ကျွန်းတောကြီးက သစ်မည်မျှလောက်ထွက်ရှိမည်ကို ပထမဆုံး ခန့်မှန်းနိုင်သူဖြစ်သည်ဟု ဆိုကြသည်။ ဤတွင် ဗြိတိသျှအစိုးရသည် နာမည်ကျော်ကြားသော သစ်ထုတ်ရောင်းချသည့် ကုမ္ပဏီကြီးများကို နှစ်ရှည်သစ်ထုတ်ခွင့် ပေးခဲ့သည်ရှိသော် ထိုသစ်ထုတ်လုပ်ရေး ကုမ္ပဏီကြီးများသည် အစိုးရပိုင် သစ်တောများအား ကုမ္ပဏီပိုင်သစ်တောများအဖြစ် သဘောထား၍ စောင့်ရှောက်ထိန်းသိမ်းလိ မည်၊ ကုမ္ပဏီက အကျိုးအမြတ်အတွ ခုတ်သင့်သည့် သစ်များကို ခုတ်၍ က မခုတ်သင့်သော သစ်ပင်များကို ပြ ပျိုးထောင်ထားမည်ဟု ယူဆခဲ့၏။ ဖြစ်၍ ကျွန်းသစ်တောများ တိုးတ ကောင်းမွန်အောင် လုပ်ဆောင်မ သစ်ကုမ္ပဏီများကို သစ်ထုတ်ခွင့် မည်ဟုလည်း ကြေညာခဲ့သည်။

ဤသို့အတွင်း အိန္ဒိယနိုင်ငံတွ မီးရထားလမ်းများ တိုးချဲ့ဖောက်လ



www.burmeseclassic.com

ခြင်း၊ အဆောက်အအုံများ တည်ဆောက်ခြင်း၊ အဝေးပြေးတယ်လီဖုန်းနှင့် စာတိုက်လုပ်ငန်းများ တိုးချဲ့သည့်အချိန်ဖြစ်သည်။ ဤအချိန်တွင် စကော့တလန်နိုင်ငံသား မစ္စတာဝီလီယန်ဝေါလေ့(စ်)မှာ ဘုံဘိုင်(မွန်ဘိုင်း)မြို့တွင် မစ္စတာဂျေဂျီဖရစ်ဆိုသူနှင့်တွဲ၍ အထွေထွေရောင်းဝယ်ရေးကုမ္ပဏီ တည်ထောင်ထား၏။ ထိုကာလက မစ္စတာဝီလီယန်ဝေါလေ့(စ်)မှာ အသက် ၂၄ နှစ်အရွယ်သာရှိပြီး စီးပွားရေးလောဘ်မြင်သူဖြစ်သည်။ ခရစ်နှစ် ၁၈၅၀ တွင် ဗြိတိသျှအစိုးရ၏ မော်လမြိုင်သစ်တောများနှင့် ပတ်သက်သည့် ကြေညာချက်ကို တွေ့ရှိသည်နှင့် မစ္စတာဝီလီယန်ဝေါလေ့(စ်)သည် ချက်ချင်း မော်လမြိုင်သို့ သွားရောက်၍ အခြေအနေအရပ်ရပ်ကို စူးစမ်းလေ့လာခဲ့သည်သာမက မော်လမြိုင်သစ်တောမှ သစ်မာတန် ၅၀၀ ကို အိန္ဒိယသို့ ပို့ဆောင်ပေးခဲ့သည်။ သစ်ထုတ်လုပ်မှု၏ သောက်သောက်လဲ အကျိုးအမြတ်ရမှုကို လက်တွေ့ဖြစ်ခဲ့သော မစ္စတာဝီလီယန်ဝေါလေ့(စ်)သည် ဘုံဘိုင်မြို့သို့ ပြန်ရောက်လာသည်နှင့် သူတို့ညီအစ်ကို ခြောက်ယောက်နှင့် အိန္ဒိယငွေရှင်ကြေးရှင်များ ပူးပေါင်းကာ ဘုံဘေဘားမားထရေးဒင်းကော်ပိုရေးရှင်းလီမိတက် (Bombay Burmah Trading Corporation Limited) အား ခရစ်နှစ် ၁၈၆၃ ခုနှစ်၊ စက်တင်ဘာလတွင် စတင်တည်ထောင်ခဲ့သည်။

ထို ဘီဘီတီစီအယ်(လ်) စတင်တည်ထောင်စအချိန်တွင် အထက်မြန်မာနိုင်ငံ မင်းတုန်းမင်းနှင့် သီပေါမင်း လက်ထက်တော်များမှ သစ်ထုတ်လုပ်ခွင့်ပါမစ်များ မော်လမြိုင်ခရိုင်၊ အတ္တရံမြစ်ကြောင်း ဝဲယာရှိ ကျွန်းသစ်တော နှစ်ခုမှ သစ်ထုတ်ဝေခွင့် ပါမစ်များရရှိထားခဲ့သည်။ ရန်ကုန်မြို့တော်၊ ဒလတွင် သစ်ခွဲစက်တစ်လုံး တည်ထောင်ထားပြီး မော်လမြိုင်မြို့တွင်လည်း သစ်စက်ကြီးတည်ဆောက်ထားခဲ့သည်။

ထိုစဉ် ကာလက ဘီဘီတီစီအယ်(လ်) ရုံးချုပ်မှာ ရန်ကုန် ကမ်းနားလမ်း၊ ယခု စထရင်းဟိုတယ်နေရာတွင် ရှိသည်ဟု သိရ၏။ ကုမ္ပဏီပိုင် ဆင်အစီး ကိုးဆယ်ရှိသည်ဟု ဆိုသည်။ အထက်မြန်မာနိုင်ငံမှ ကျွန်းသစ်နှင့် အခြားသစ်များ၊ မော်လမြိုင်ခရိုင်မှ ကျွန်းသစ်နှင့် သစ်တောထွက်ပစ္စည်းများကို ထုတ်ယူနိုင်ခဲ့သဖြင့် ကုမ္ပဏီအဖို့ အမြတ်အစွန်း စိုစိုပိုပို ရလာခဲ့သည်နှင့် ကုမ္ပဏီ၏ လက်ဝယ်ပိုင်ဆိုင်မှုများလည်း တစ်နေ့တခြား တိုးပွားလာသည်။ ဓနိတောရှိ ဆန်စက်များကို ဝယ်ယူနိုင်ခဲ့ပြီး၊ သစ်စက်ကြီးတစ်လုံးကို တည်ထောင်ခဲ့သည်။ ထိုသစ်စက်မှာ ဒုတိယစစ်ကြီးကာလထိ မြန်မာနိုင်ငံတွင် အကြီးဆုံးဖြစ်သည်။ (ယခင် မြန်မာနိုင်ငံ သစ်လုပ်ငန်းအဖွဲ့ပိုင် အမှတ်(၃)သစ်စက်ဖြစ်သည်။) ဘုံဘေဘားမားထရိတ်ဒင်းကော်ပိုရေးရှင်းလီမိတက်သည် ထိုကာလက မော်လမြိုင်၊ မုပွန်ရပ်ကွက်၊ သံလွင်မြစ်ဆိပ်ကမ်းတွင် ကျယ်ဝန်းသော မြေကွက်ကြီးကို သက်ဆိုင်ရာ ဗြိတိသျှအစိုးရ အာဏာပိုင်များထံ လျှောက်ထားတောင်းဆိုခဲ့ရာ တာဝန်ရှိသူများက ဂရန်ချထားပေးသဖြင့် သစ်များသိုလှောင်သော သစ်ဆိပ်ကြီးတည်ဆောက်ခဲ့သည်။ ထိုကာလက မှတ်တမ်းများအရ ဘီဘီတီစီအယ်(လ်) ကုမ္ပဏီပိုင် သစ်ဆိပ်ကြီးမှာ အထင်ကရဖြစ်ပြီး ဗြိတိသျှအစိုးရသစ်တောဌာနပိုင် သစ်ဆိပ်ကြီးထက် ကြီးမားသည်ဟု သိရ၏။

ဘီဘီတီစီအယ်(လ်)နှင့် အခြားသစ်ကုမ္ပဏီများသည် ခရစ်နှစ် ၁၈၆၂ ခုနှစ်နှင့် ၁၈၆၃ ခုနှစ်အတွင်း သံလွင်မြစ်၊ စစ်တောင်းမြစ်နှင့် ဧရာဝတီမြစ်တို့မှ ကျွန်းသစ်လုံးရေ စုစုပေါင်း ၉၇၃၉၇ မျှောချ၍ နိုင်ငံခြားဈေးကွက်သို့ တင်ပို့ခဲ့သည်ဟု သိရသည်။ အချို့ကျွန်းသစ်များကို ရန်ကုန်သင်္ဘောကျင်းတွင်ပင် သင်္ဘောများတည်ဆောက်ခဲ့ကြ၏။ မှတ်တမ်းများအရ ပထမအင်္ဂလိပ်-မြန်မာစစ်ပွဲကြား နှစ်များတွင် ရန်ကုန်ဆိပ်ကမ်းမှ သင်္ဘော ၂၄ စင်း တည်ဆောက်ခဲ့၏။ တန်ချိန် ငါးရာကျော်ရှိသော မာရီယန်းဆိုသော သင်္ဘောမှာ အကြီးဆုံးဖြစ်သည်ဟု သိရသည်။

ဗြိတိသျှတို့သည် အကြောင်းအမျိုးမျိုးကြောင့် အထက်မြန်မာနိုင်ငံကို ဆက်လက်သိမ်းပိုက်ခြင်း မပြုသေးသော်လည်း အထက်မြန်မာနိုင်ငံရှိ ကျွန်းသစ်တောများနှင့် အခြားသစ်တောကြီးများအား စိတ်ဝင်စားသည်ဆိုသည်မှာ ဘာဆန်းသလဲဟု ဆိုရမည်ဖြစ်၏။ သို့ဖြစ်၍ မြန်မာ့မျိုးချစ်သခင်တို့ကမူ ဗြိတိသျှနယ်ချဲ့သမားများ မြန်မာနိုင်ငံအား သိမ်းပိုက်ရခြင်းသည် ကျွန်းသစ်အား မျက်စိကျသောကြောင့် ဖြစ်သည်ဟု ဆိုသည်။



www.burmeseclassic.com

www.burmeseclassic.com

ဘီဘီတီစီအယ်(လ်)ကုမ္ပဏီ အပါအဝင် အခြားကုမ္ပဏီကြီးများနှင့် သစ်ကုန်သည် ဝိသမလောဘသားတို့ကြောင့် မော်လမြိုင်ခရိုင်နှင့် အောက်မြန်မာနိုင်ငံက သစ်တောများ ပျက်ပြုန်းခဲ့ရသည်။ သို့ဖြစ်၍ ဘုံဘေဘားမားထရိတ်ဒင်းကော်ပိုရေးရှင်းလီမိတက်သည် မင်းတုန်းမင်းနှင့် သီပေါမင်းတို့ထံမှ သစ်ထုတ်ခွင့်ရရှိရန် နည်းလမ်းအမျိုးမျိုးနှင့် ကြံဆခဲ့သဖြင့် သစ်ထုတ်ခွင့်ပါမစ်များရရှိခဲ့သည်။

သုတေသီအချို့ကမူ မြန်မာနိုင်ငံအား ကျွန်နိုင်ငံဖြစ်အောင် "ကျွန်းသစ်" ကပြုလုပ်ခဲ့သည်ဟု ဆိုစမှတ်ပြုခဲ့သည်။

မှန်ပါသည်။ စာဖတ်သူများသိရှိပြီးဖြစ်သည့်အတိုင်း ပျဉ်းမနား နင်းကြမ်းသစ်တောကြိုးဝိုင်းအတွင်း သစ်ထုတ်ခွင့်ရထားသော ဘုံဘေဘားမားထရိတ်ဒင်းကော်ပိုရေးရှင်းလီမိတက်(ဘီဘီတီစီအယ်(လ်))၏ သစ်ခိုးထုတ်မှုကြောင့် အင်္ဂလိပ်-မြန်မာ တတိယစစ်ပွဲဖြစ်ပွားခဲ့ရပြီး အင်္ဂလိပ်တို့သည် အထက်မြန်မာနိုင်ငံကို သိမ်းယူခဲ့သည်။ သို့ဖြစ်၍ သမိုင်းသုတေသီအချို့ကမူ ငြိုးပင်ပွေ့သော ဘုံဘေဘားမားထရိတ်ဒင်း ကော်ပိုရေးရှင်းလီမိတက်ဟု ကင်ပွန်းတပ်ခဲ့ကြ၏။

ထိုကာလက သမိုင်းမှတ်တမ်းအရ မြန်မာနိုင်ငံသစ်တောများမှ နှစ်တိုနှစ်ရှည် သစ်ထုတ်ခွင့်ရရှိသော နိုင်ငံခြားသားပိုင် သစ်ကုမ္ပဏီကြီးများမှာ (၁) ဘုံဘေဘားမားထရိတ်ဒင်း ကော်ပိုရေးရှင်းလီမိတက်၊ (၂) စတီးဘရားသားကုမ္ပဏီ၊ (၃) ဖူကာသစ်ကုမ္ပဏီ၊ (၄) မက္ဂရီကာသစ်ကုမ္ပဏီနှင့် (၅) တီဒ်ဖင်လေအင်ဆန်းသစ်ကုမ္ပဏီကြီးများ ဖြစ်ကြ၏။ ထိုသစ်ကုမ္ပဏီကြီး ငါးခုသည် မြန်မာနိုင်ငံရှိ အကောင်းဆုံး သစ်တောများမှ သစ်ထုတ်ယူခွင့်ရရှိခဲ့ကြ၏။

သစ်ထုတ်ခွင့်သာမက နိုင်ငံခြားသို့ သစ်များတင်ပို့ခွင့် ရကြ၏။ ၁၉၂၄ ခုနှစ် စာရင်းများအရ ထိုကြီးငါးကြီးဟု အရပ်ခေါ်ခြင်းခံရသော သစ်ကုမ္ပဏီကြီး ငါးခုသည် မြန်မာနိုင်ငံမှ သစ်လုပ်ငန်းများအတွက် မြှုပ်နှံထားသော ငွေပေါင်း ဆယ်ကုဋေရှိခဲ့သည်။ အထက်ဖော်ပြပါ ကြီးငါးကြီးသစ်ကုမ္ပဏီကြီးများတွင် သစ်ထုတ်လုပ်ရေးအလုပ်သမားပေါင်း ၅၅၀၀၀ ရှိသည်။ ထိုသစ်ကုမ္ပဏီကြီးများသည် ၁၉၁၄ ခုနှစ်မှ ၁၉၂၄ ခုနှစ်ထိ ငါးနှစ်တာကာလတွင် ကျွန်းသစ်တန်ချိန် ငါးသိန်းကျော် ထုတ်ယူခဲ့သည်ဟု သိရ၏။

ကြီးငါးကြီး ကျွန်းသစ်ကုမ္ပဏီကြီးများတွင် နံပါတ်(၁) နေရာယူထားသော သစ်ကုမ္ပဏီမှာ ဘုံဘေဘားမားထရိတ်ဒင်းကော်ပိုရေးရှင်းလီမိတက် ဖြစ်သည်။ အခြားသစ်ကုမ္ပဏီများက မော့ကြည့်ခဲ့ရပြီး သစ်ထုတ်လုပ်ရေးတွင် အစစအရာရာ ထိုကုမ္ပဏီကြီးကပင် ဦးဆောင်ခဲ့သည်။ ထိုကုမ္ပဏီကြီးတွင် သစ်ထုတ်ရေးအတွက် စစ်ကြိုခေတ်ကာလက ဆင်ပေါင်း ၂၀၀၀ ကျော် ရှိခဲ့သည်ဟု သိရ၏။

ကျွန်တော်တို့မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီးနောက် ရက်ပေါင်း ၂၀ ကျော်အကြာ (၁၉၄၈ ခုနှစ်၊ ဇန်နဝါရီလ ၂၄ ရက်နေ့တွင် လွတ်လပ်သောမြန်မာနိုင်ငံအစိုးရက သစ်တောများကို ပြည်သူပိုင်အဖြစ် သိမ်းယူမည်ဟု ကြေညာချက်ထုတ်ခဲ့သည်။ မြန်မာနိုင်ငံသမိုင်းတွင် ထိုကြေညာချက်သည် မှတ်တိုင်တစ်တိုင်းဖြစ်ခဲ့ပြီး အထက်ဖော်ပြပါ ကြီးငါးကြီးသစ်ကုမ္ပဏီများအပါအဝင် ကျွန်းသစ်လုပ်ငန်းလုပ်ဆောင်နေသည့် ကုမ္ပဏီငယ်များ၏ လုပ်ငန်းများ၊ ဆင်၊ အဆောက်အအုံ၊ သစ်မက် စသည်တို့ကို ပြည်သူပိုင်သိမ်းယူခဲ့သည်။ ထိုသစ်တောလုပ်ငန်းကို သစ်လုပ်ငန်းအဖွဲ့က လွှဲပြောင်းယူခဲ့ပြီး သစ်ကုမ္ပဏီများအား ထိုက်သင့်သော လျော်ကြေးငွေ ပေးအပ်ခဲ့သည်။

ဘုံဘေဘားမားထရိတ်ဒင်း ကော်ပိုရေးရှင်းလီမိတက်အား လျော်ကြေးငွေ ခုနစ်သိန်းလေးသောင်းငါးထောင်ကျော် ပေးခဲ့သည်ဟု သိရ၏။ ၁၈၆၃ ခုနှစ်၊ စက်တင်ဘာလက စတင်တည်ထောင်ခဲ့သော ဘုံဘေဘားမားထရိတ်ဒင်း ကော်ပိုရေးရှင်းလီမိတက်သည် ၂၀၁၃ ခုနှစ်၊ စက်တင်ဘာလတွင် နှစ် ၁၅၀ ပြည့်ခဲ့ပြီ ဖြစ်ပါကြောင်း။

**လှျမ်းထက်**

**ကျမ်းကိုး**

(၁) The Bombay Burmah Trading Corporation Limited by A.C. Pointon.

(၂) ကျွန်တော် သံလွင်ဖောင်စီး (လူထုဦးလှ)။



www.burmeseclassic.com

www.burmeseclassic.com

# စပွါယ်ဖူး ဆေးတိုက်မှ အစွမ်းထက်လိမ်းဆေးများ



၀၄၀၈ (Y) ၀၇၄၆၅

## အရိုးကြီးပေါင်းလိမ်းဆေး

ဤဆေးကို သက်ရင်းကြီး၊ ပညာလက်ာအပါအဝင် ထူးခြားအစွမ်းထက်သော တိုင်းရင်းဆေးစစ်ဆေးမှန်များဖြင့် စီမံဖော်စပ်ထားသော ဆေးစွမ်းကောင်းတစ်လက် ဖြစ်ပါသည်။

လည်ပင်းကျီးပေါင်း၊ ခါးဆစ်ကျီးပေါင်း၊ အဆစ်အမြစ်ကိုက်ခဲခြင်း၊ ခါးကိုက်ခါးနာ၊ လေးဘက်နာဖြစ်ခြင်းကြောင့် အဆစ်အမြစ် ရောင်ရမ်းကိုက်ခဲခြင်း၊ ဇက်လေးခြင်း၊ ဇက်ကြောတက်ခြင်း၊ ကြောပြင်တစ်ဝိုက် နာကျင်ကိုက်ခဲခြင်း၊ ဇက်ကြောနာကျင်ခြင်း၊ ဇက်ကြောထိုးခြင်း၊ ခေါင်းတစ်ခြမ်း ခေါင်းကိုက်ဝေဒနာများ၊ ခြေလက်ထုံကျင်ခြင်း၊ လက်မောင်းကြောရှိုး၊ တင်ပဆုံနှင့် ပေါင်ကိုက်ခြင်း၊ ရင်သားနှင့် ရင်ဘတ်အောင့်ခြင်းနှင့် **'လေဖြတ်ဝေဒနာ'**များအတွက် ထိရောက်လျင်မြန်စွာ ပျောက်စေသည့်အပြင် တရားမထိုင်မီနှင့် အားကစားမလုပ်မီ ကြိုတင်လိမ်းထားခြင်းဖြင့် အကြောများလျော့၍ ပျော့ပျောင်းစေပါသည်။ ဤဆေးကို တိုင်းရင်းပညာ **'အအေးနည်း'** ဖြင့် ဖော်စပ်ထားပါသည်။

## ချွဲသလိပ်ကြေ ရင်လူးဆေး

၀၄၀၈ (Y) ၀၇၄၆၄




ဤချွဲသလိပ်ကြေ ရင်လူးဆေးသည် လူကြီး၊ ကလေး အသက်အရွယ်မရွေး အသုံးပြုနိုင်သည့် ဆေးစွမ်းကောင်းတစ်လက် ဖြစ်ပါသည်။

ချွဲထ၊ ချွဲကျပ်၊ ရင်ကျပ်၊ သလိပ်ကပ်၊ သလိပ်ပုပ်ထ၊ ကြက်ညှာချောင်းဆိုး၊ ချွဲပူထ၊ လည်ချောင်းယား၊ ချွဲသံကြား၊ အစာမကြေ ဖျို့အန်၊ ရင်ပြည့်၊ ရင်ကယ်၊ အဆုတ်ပွ၊ အဆုတ်အအေးမိခြင်း၊ ဝမ်းဖောဝမ်းရောင်၊ ဗိုက်အောင့်၊ ဗိုက်ပူနံကား၊ လေပြင်နာ၊ လေဆန်နာ၊ လေထိုးလေအောင့်၊ လေပွလေထ၊ လေနှင့်ဝမ်း မကွဲသော ရောဂါများအတွက် အထူးလိမ်းဆေးဖြစ်ပါသည်။ ထိုဆေးကို လည်ပင်းမှ ဆီးစပ်အထိ တစ်နေ့ နှစ်ကြိမ် လိမ်းပေးပါက ရောဂါကို ယူပစ်သလို ပျောက်ကင်းနိုင်ပါသည်။

ပင်ရင်းဌာန -- "စပွါယ်ဖူးဆေးတိုက်"၊ အမှတ်(၆၄) သရဖီလမ်း၊ (၃/က)ရပ်ကွက်၊ မင်္ဂလာဒုံ။
ဖုန်းနံပါတ်များမှာ - ၀၉-၅၁၃၇၅၅၈၊ ၀၉-၅၁၉၇၈၇၇ တို့ ဖြစ်ပါသည်။ ဤဆေးကို ရွှေဘုံသာလမ်းရှိ တိုင်းရင်းဆေးဆိုင်များမှာ ရရှိနိုင်ပါသည်။ အရိုးကျီးပေါင်းနှင့် လေဖြတ်ဝေဒနာရှင်များ ရောဂါအမြစ်ဖြတ်လိုလျှင် "တကယ်ထူးတဲ့ စပွါယ်ဖူးဆေးတိုက်" သို့ လာရောက် ဆွေးနွေးကုသနိုင်ပါသည်။
ဆေးခန်းဖွင့်ချိန် - "နံနက်(၉ - ၁၁)နာရီ၊ ညနေ(၄ - ၈)နာရီအထိ ရှိပြီး အခမဲ့ ဆွေးနွေးနိုင်ပါသည်"

www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

# အာယုဗေဒ မာဓဝနိဒါန်း

■ ရန်ကုန်မြင့်ဆွေ

ပြောရဦးမယ် သူငယ်ချင်းရေ။ ဒီတွေကြုံခဲ့ရလေသမျှကတော့ အဆန်းတွေချည်းပါပဲ။ မယုံနိုင်စရာ ဆန်းကြယ်တဲ့ အဖြစ်တွေကိုလည်း မင်းနဲ့ငါ ကြုံတိုင်း ဆုံတိုင်း မင်းကိုငါ ပြောပြခဲ့တယ်မဟုတ်လား။

အခုပြောပြမယ့် အဖြစ်အပျက်ကလည်း ဖြစ်ရပ်မှန်လို့ပြောလို့ရပါတယ်။

မင်းသိတဲ့အတိုင်းပဲလေ။ ငါက တိုင်းရင်းဆေးဆရာ ဖြစ်ချင်တဲ့သူဆိုတော့ တိုင်းရင်းဆေးနဲ့ပတ်သက်လို့ လေ့လာရမယ်၊ သင်ယူရမယ်ဆိုရင် ဘယ်ကိုပဲသွားရသွားရ၊ ဘာပဲလုပ်ရလုပ်ရ ငါက ဘယ်တော့မှ မညည်းမညူဘူးဆိုတာ မင်းသိပါတယ်။

ဒါကြောင့်လည်း ငါ့မိတွေနဲ့ ခွဲခွာပြီး ကျောက်ဆည်မြို့က တိုင်းရင်းဆေးဆရာကြီး ဦးဒီပဆီမှာ တပည့်ခံပြီး တိုင်းရင်းဆေးပညာကို သင်ယူခဲ့တာဆိုရင် သုံးနှစ်တောင်ကျော်လို့ လေးနှစ်တောင် ပြည့်တော့မယ်။

ဆရာကြီးဦးဒီပဆိုတာကလည်း အညာဒေသတစ်ကြောမှာတော့ နာမည်ကြီး ဆေးဆရာကြီးတစ်ဦးပေါ့ကွာ။ သူနာမည်ကြီးတာလည်း မပြောနဲ့လေ။ ဆရာကြီးက လူနာတစ်ယောက်ကို သွေးစမ်းလိုက်တာနဲ့ လူနာမှာ ဖြစ်ပေါ်ခံစားနေရတဲ့ ဝေဒနာတွေကို ဘယ်နေရာမှာ ဘယ်လိုခံစားနာကျင်နေရတယ်ဆိုတာ တစ်ခုချင်းပြောပြနိုင်တယ်။

နောက်ပြီး ဘာရောဂါစွဲကပ်နေတယ်ဆိုတာကိုလည်း အတပ်ပြောနိုင်တယ်။ အဲဒီလို ရောဂါဝေဒနာတွေကို သိသလို၊ သူကိုယ်တိုင်ဖော်စပ်ထားတဲ့ ဆေးတွေကလည်း တကယ့်ကို တန်ဖိုးရှိပြီး အစွမ်းထက်တဲ့ ဆေးတွေပဲကွ။

ဆေးကောင်းရင် သန်းခေါင်းဆိုသလို လူနာတွေကို ဆေးပေးရင်လည်း ရွေးစေ့အရွယ်ရှိတဲ့ ဆေးကနေ အများဆုံး မန်ကျည်းစေ့အရွယ်ရှိတဲ့ ဆေးလောက်ပဲ ပေးလေ့ရှိတယ်။

ဆရာကြီးရဲ့ဆေးတွေကို အများကြီးသောက်စရာမလိုတဲ့ ဆေးနည်းနည်းနဲ့ ထိရောက်တယ်။

မကြာခဏဆိုသလိုပဲ လူတွေအားလုံးမရတော့ဘူးလို့ လက်လျှော့ထားလိုက်ရတဲ့ လူနာတွေဟာ ဆရာကြီးဦးဒီပဆီ ရောက်လာရင် ရောဂါသက်သာသွားတဲ့သူတွေရှိသလို၊ ရောဂါအရှင်းပျောက်သွားတဲ့သူတွေလည်း ရှိကြတယ်၊

အဲဒီလောက် ဆရာကြီးရဲ့ဆေးတွေက အစွမ်းထက်တာ။ ဒါတွေဟာလည်း ငါ့မျက်မြင်ကိုယ်တွေ့ပါပဲ။ လူနာတွေကို ဆေးကုသရင်းနဲ့ပဲ ရောဂါနဲ့ ဆေးချက်ချ ကုသနည်းတွေကို လက်တွေ့ ငါ့ကို သင်ကြားပေးခဲ့တယ်။

ဆရာကြီးဟာ ပဲခူးရိုးမနဲ့ ပုပ္ပားတောင်ခြေတစ်ဝိုက်မှာ ဆေးဥ၊ ဆေးမြစ်တွေ သွားရှာရင်လည်း ငါ့ကိုအမြဲခေါ် သွားတယ်။

ပရဆေးပင်၊ ဆေးဥ၊ ဆေးမြစ်တွေအကြောင်းကိုလည်း သေသေချာချာ အသေးစိတ် ငါ့ကို လက်တွေ့ရှင်းပြသင်ပေးရုံတင်မကဘူး၊ သူတတ်မြောက်လေ့လာထားတဲ့ တိုင်းရင်းဆေးပညာတွေကို ဆရာစားမချန်ဘဲ အိတ်သွန်ဖာမှောက် သင်ပေးခဲ့ပါတယ်။

အဲဒီလိုနဲ့ ဆရာကြီးဦးဒီပဆီမှာ တိုင်းရင်းဆေးပညာတွေ သင်ယူနေတုန်း တစ်နေ့မှာတော့ ဆရာကြီးဦးဒီပက သူ့မှာ အမြွှာညီအစ်ကိုတစ်ယောက် ရှိသေးကြောင်း ငါ့ကိုပြောပြတယ်။

ဆရာကြီးဦးဒီပက လူပျိုကြီး တစ်ကိုယ်တည်းသမားဆိုတော့ သူ့မှာ ဆွေမျိုးဉာတိ မရှိဘူးလို့ ငါကထင်ခဲ့တာ။ ဆရာကြီးပြောပြမှ သူ့မှာ အမြွှာညီအစ်ကိုတစ်ယောက်ရှိသေးကြောင်း ငါသိလိုက်ရတယ်။

သူ့အစ်ကိုနာမည်က ဦးသီလတဲ့။ သူတို့ညီအစ်ကိုနှစ်ယောက်ဟာ တစ်



www.burmeseclassic.com

www.burmeseclassic.com

ယောက်နဲ့တစ်ယောက် တစ်နာရီခြားပြီး မွေးလာကြတာတဲ့။ တစ်နာရီကြီး၊ တစ်နာရီငယ်သတဲ့။

အညာဒေသမှာရှိတဲ့ ထန်းပင်တန်းရွာလေးရဲ့ ရွာသူကြီး ဦးထူးသာဟာ သူတို့ရဲ့ ဖခင်လို့ ပြောတယ်။ မိခင်ကတော့ ဒေါ်အေးမြင့်...တဲ့။

ဦးထူးသာနဲ့ ဒေါ်အေးမြင့်တို့မှာလည်း သားသမီးဆိုလို့ သူတို့အမြွှာညီအစ်ကိုနှစ်ယောက်ပဲ ရှိသတဲ့။

သီလနှင့် ဒီပ ညီအစ်ကိုနှစ်ယောက်ဟာ ရုပ်ရည်ချင်း ခွဲမရအောင် တူကြသလို၊ ဝါသနာချင်းလည်း တူကြသတဲ့။

ညီအစ်ကိုနှစ်ယောက်စလုံးဟာ ငယ်ငယ်လေးကတည်းက ဆေးပညာကို ဝါသနာပါကြသတဲ့။ ဆော့ကစားရင်တောင် ဆေးဆရာလုပ်တမ်း၊ ဆေးကုတမ်း ကစားကြသတဲ့။

သူတို့ညီအစ်ကို တစ်ဆယ့်ခြောက်နှစ်သားအရွယ် မြို့ကျောင်းမှာ ဆယ်တန်းတက်နေတုန်း ဖခင်ဖြစ်သူ ဦးထူးသာဟာ ဗိုက်ကြီးပူပြီး မစားနိုင်၊ မသောက်နိုင်ဘဲ တစ်ကိုယ်လုံး ဖောရောင်တဲ့ရောဂါ စွဲကပ်သတဲ့။

မြို့ကဆေးခန်း၊ ဆေးရုံတွေမှာ တက်ပြီး ကုသပေမယ့်လည်း ရောဂါဟာ မသက်သာတဲ့အပြင် ပိုလို့တောင် ဆိုးလာသတဲ့။

တစ်နေ့မှာ ဦးထူးသာဟာ မခံမရပ်နိုင်အောင် ရင်ထဲက အောင့်တက်လာသတဲ့။ အဲဒီနာကျင်မှုကို မခံနိုင်လွန်းလို့ အသံကုန်အော်ဟစ်နေရသတဲ့။

ဦးထူးသာရဲ့ အသံနက်ကြီးနဲ့ အော်နေတဲ့အသံဟာ ရွာထိပ်ရွာဖျားကတောင် ကြားရသတဲ့။ အိမ်ကိုလာကြည့်တဲ့ ဧည့်ပရိသတ်တွေဟာလည်း တစ်အိမ်လုံးပြည့်နေသတဲ့။

လူနာလာကြည့်တဲ့ လူအုပ်ကြားထဲက လူစိမ်းတစ်ယောက်ထွက်လာပြီး ကျုပ်ဟာ တိုင်းရင်းဆေးဆရာတစ်ဦးပါ။ ဒီလူနာကို ကျုပ်ကုပါရစေ။ ကျုပ်မှာပါတဲ့ ဆေးနဲ့ ကုသလိုက်ရင် အခုလို ခံစားနေရတဲ့ ဝေဒနာတွေ သက်သာပျောက်ကင်းသွားလိမ့်မယ်လို့ ကျုပ်ထင်ပါတယ်။ လူနာရှင်များက လူနာကိုသာ ကျုပ်ကိုအပ်ပါလို့ ပြောသတဲ့။

ဆေးဆရာပါလို့ ပြောတဲ့ လူစိမ်းကို သူတို့ရွာမှ မမြင်မတွေ့ဖူးကြပေမယ့်လည်း ဒေါ်အေးမြင့်က လင်ယောကျ်ား ခံစားနေရတဲ့ ဝေဒနာကို မကြည့်ရက်၊ မမြင်ရက်သလို သူတို့အမြွှာညီအစ်ကိုကလည်း ဖခင်ကြီးအော်ဟစ်နေရတဲ့ ရောဂါကို ပျောက်ကင်းသက်သာစေချင်ကြသတဲ့။ ဒါကြောင့် လူစိမ်းဖြစ်သူ ဆေးဆရာကို ဆေးကုသခွင့် ပြုလိုက်ကြသတဲ့။

ဆေးဆရာကလည်း သူ့ကို လူနာအပ်ပြီး ဆေးကုသခွင့်ပြုလိုက်တာနဲ့ သူ့မှာပါလာတဲ့ ဆေးအိတ်ကို ဘုရားကျောင်းဆောင်ရှေ့မှာ ထားလိုက်သတဲ့။ နောက်ပြီး ဘုရားကို ရှိခိုးဝတ်ပြုသတဲ့။

ဘုရားရှိခိုးပြီးတဲ့နောက် လူနာခေါင်းရင်းမှာ တင်ပျဉ်ခွေထိုင်လိုက်သတဲ့။ လူနာကို လက်နှစ်ဖက်နဲ့ ခေါင်းကိုကိုင်ပြီး ဂါထာမန္တန်တွေ ရွတ်သတဲ့။ နောက်ပြီး သူ့ဆေးအိတ်ထဲက ဆေးပုလင်းတချို့ကိုထုတ်ပြီး ဆေးတွေကို ရောစပ်လိုက်သတဲ့။

မန်ကျည်းစေ့လောက်ရှိတဲ့ ဆေးကို အကြမ်းပန်းကန်လုံးထဲမှာ ရေအေးနဲ့ဖျော်ပြီး လူနာကို တိုက်လိုက်သတဲ့။

နောက်ပြီးတော့ ကနဖော့ပင်ကို ပဉ္စငါးပါး ပါအောင်ခူးခိုင်းပြန်သတဲ့။ ခူးလို့ရလာတဲ့ ကနဖော့တွေကို သုံးခွက်တစ်ခွက်တင် ကျိုခိုင်းလိုက်သတဲ့။ လက်တစ်ဝါးလောက်ရှိတဲ့ သစ်မြစ်တစ်ခုကို ဆရာကြီးရဲ့ ဆေးအိတ်ထဲက ထုတ်ပေးပြီး ကျောက်ပျဉ်မှာ သုံးခွက်တစ်ခွက်တင် ကျိုထားတဲ့ ကနဖော့ရည်နဲ့ မပျစ်မကျဲ သွေးခိုင်းပြန်သတဲ့။

ကျောက်ပျဉ်မှာ သွေးလို့ရလာတဲ့ ဆေးမြစ်ရည်တွေနဲ့ သူ့မှာပါလာတဲ့ ဆေးပုလင်းထဲက ဆေးကို ဆီးစေ့လောက်ယူပြီး ရောမွှေလိုက်သတဲ့။

အဲဒီဆေးရည်တွေကို သူကိုယ်တိုင်ပဲ ဦးထူးသာရဲ့ တစ်ကိုယ်လုံးမှာ လိမ်းကျံပေးလိုက်သတဲ့။ ဆေးရည်တွေ လိမ်းပြီးတဲ့နောက် ဦးထူးသာကို စောင်ခြုံအိပ်ခိုင်းလိုက်သတဲ့။

ဦးထူးသာလည်း ဆရာတိုက်ထားတဲ့ ဆေးကြောင့် ခဏအကြာမှာပဲ အိပ်ပျော်သွားသတဲ့။ အတိုချုပ်ပြောရရင်တော့ ဦးထူးသာရဲ့အိမ်မှာပဲ အဲဒီဆရာက ရက်သတ္တတစ်ပတ်လောက်နေပြီး ဦးထူးသာကို အနီးကပ်ကုသလိုက်တာ ဦးထူးသာမှာ စွဲကပ်နေတဲ့ ရောဂါတွေဟာ ယူပစ်သလို ပျောက်သွားသတဲ့။

သီပေါမြို့က ဆေးဆရာကြီး ဦးစောနိုင်ဆိုတာ နောက်မှသိရသတဲ့ နယ်လှည့်ပြီး ဆေးကုသနေသူ

www.burmeseclassic.com

ပြောကြသတဲ့။

အဆိပ်ပြင်းတဲ့ မြွေတွေ၊ ကင်းတွေ၊ ပိုးမွှားတွေ ကိုက်ခံရတဲ့ လူနာတွေကို အသက်ချမ်းသာရာရအောင် ဆရာကြီးဦးစောနိုင်က ကုသပေးခဲ့သတဲ့။

ရောဂါကြီးလို့ အသက်အန္တရာယ်စိုးရိမ်နေရတဲ့သူတွေကိုလည်း သူဖော်စပ်ထားတဲ့ ဆေးတွေနဲ့ ကုသပြီး လူတွေကို ကယ်တင်လာခဲ့တဲ့ အစွမ်းထက်တဲ့ တိုင်းရင်းဆေးဆရာကြီးတစ်ဦးဆိုတာ သိလိုက်ရသတဲ့။

ဦးရွှေသာလည်း သူ့ကို သေတွင်းက ကယ်တင်ထားတဲ့ ဆရာကြီးဦးစောနိုင်ကို ရိုသေလေးစားပြီး ဆရာကြီးရဲ့ ဆေးပညာကိုလည်း အရမ်းယုံကြည်အားထားသတဲ့။ ဒါကြောင့် ဆေးပညာကို ဝါသနာပါတဲ့ သူ့သားနှစ်ယောက်ကို ဆေးပညာတွေသင်ပေးဖို့ ဆရာကြီးဆီမှာ အပ်နှံလိုက်သတဲ့။

သူတို့ညီအစ်ကိုလည်း ဆေးဆရာဦးစောနိုင်နဲ့ သီပေါမြို့ကို လိုက်သွားပြီး ဆေးပညာတွေ သင်ကြသတဲ့။ ဒီလိုနဲ့ သီပေါမြို့မှာ ဆယ်နှစ်ဆယ်မိုးကြာခဲ့သတဲ့။ ဆယ်နှစ်ကျော်အချိန်ကာလမှာ သူတို့ညီအစ်ကိုနှစ်ယောက်ဟာ ဆေးပညာကို ကြိုးကြိုးစားစားလေ့လာသင်ယူလိုက်ကြလို့ ဆေးဆရာကြီးတွေ အဆင့်ကိုတောင် ရောက်သွားသတဲ့။

ဆရာကြီးဦးစောနိုင်ကလည်း အသက်အရွယ်က အိုမင်းလာပြီဖြစ်တော့ သူတို့ညီအစ်ကိုနှစ်ယောက်ကို အစစအရာရာ အားကိုးသတဲ့။ ဆေးပင်၊ ဆေးမြစ်၊ ဆေးဥတွေ ရှာဖွေတာက အစ လူနာတွေ ဆေးကုတာအဆုံး ဆိုပါတော့။

သြော်…ငါပြောဖို့ ကျန်နေတာတစ်ခု ရှိသေးတယ်။ အဲဒါက ဘာလဲဆိုတော့ ဆရာကြီးဦးစောနိုင်မှာ သမီးတစ်ယောက်ရှိသတဲ့။ သူ့သမီးလေးနာမည်က “နန်းမိုး”တဲ့။

နန်းမိုးဟာ ဦးဒီပတို့ ညီအစ်ကိုနဲ့ သက်တူရွယ်တူပဲတဲ့။ တော်တော်လေးလှတယ်လို့ ပြောတယ်။ နန်းမိုးရဲ့ မိခင်ကတော့ နန်းမိုးငယ်ငယ်လေးကတည်းက ပိုးထိပြီး သေဆုံးသွားသတဲ့။

ဒါကြောင့်လည်း ဆရာကြီးဦးစောနိုင်က လူတွေကို သူ့ဇနီးလို ပိုးထိပြီး မသေရအောင် ဆေးကျမ်းထဲမှာပါတဲ့ အဆိပ်ဖြေဂမုန်းကို ပဲခူးရိုးမတစ်ကြောမှာ မတွေ့တွေ့အောင် ရှာဖွေခဲ့တာ သုံးနှစ်သုံးမိုးတောင် ကြာခဲ့သတဲ့။

အဲဒီ အဆိပ်ဖြေဂမုန်း ရပြီးကတည်းက ပိုးထိတဲ့သူ၊ အဆိပ်မိတဲ့သူတွေရဲ့ အသက်ပေါင်းများစွာကို ဆရာကြီးဦးစောနိုင်က ကယ်တင်နိုင်ခဲ့သတဲ့။

ဆရာကြီးဦးစောနိုင်ဟာ သူဖော်စပ်ထားတဲ့ တိုင်းရင်းဆေးတွေနဲ့ ဝေဒနာရှင်လူနာတွေကို သက်သာပျောက်ကင်းအောင် ကုသနိုင်တဲ့အကြောင်းရင်းကတော့ ဆရာကြီးဦးစောနိုင်ရဲ့ ဘိုးစဉ်ဘောင်ဆက် မျိုးရိုးက တိုင်းရင်းဆေးဆရာကြီးတွေ ဖြစ်နေတာက တစ်ကြောင်း၊ အလွန်ရှေးကျတဲ့ “အာယုဗ္ဗေဒ မာဓဝနိဒါန်း”ဆေးကျမ်းကြီးကို လက်ဝယ်ရှိထားတာကတစ်ကြောင်း၊ အဲဒီအကြောင်းတွေကြောင့်ဆိုတာ ငြင်းလို့ မရဘူးတဲ့။ နောက်ပြီး ပစ္စည်းဉစ္စာကလည်း ကြွယ်ဝချမ်းသာကြတဲ့ မျိုးရိုးတဲ့။ အခု ဆရာကြီးနေထိုင်တဲ့ “စကြာဘုံ”လို့ အမည်ပေးထားတဲ့ အိမ်ကြီးဟာဆိုရင် သီပေါမြို့နယ်တစ်ခုလုံးမှာ အဲဒီအိမ်ကြီးလောက် ကြီးကျယ်တဲ့အိမ် တစ်အိမ်မှ မရှိဘူးတဲ့။ ဆယ်ကေလောက်ရှိတဲ့ ခြံကျယ်ကြီးရဲ့ အလယ်ဗဟိုမှာ ဆောက်ထားတဲ့ နှစ်ဆောင်ပြိုင်နှစ်ထပ်အိမ်ကြီးဟာ ဟော်နန်းလိုပဲတဲ့။

ဆရာကြီးဦးစောနိုင်မှာ ရှိနေတဲ့ “အာယုဗ္ဗေဒ မာဓဝနိဒါန်း”ဆေးကျမ်းကြီးဟာလည်း သူတို့ဘိုးစဉ်ဘောင်ဆက် လက်ထက်ကတည်းက လက်ဆင့်ကမ်းသယ်လာခဲ့တာဆိုပဲ။

အဲဒီဆေးကျမ်းထဲမှာ အလွန်အစွမ်းထက်မြက်တဲ့ ဆေးပင်၊ ဆေးမြစ်၊ ဆေးဥတွေအကြောင်းကို အသေးစိတ်ဖော်ပြထားသတဲ့။ ဆေးဖော်စပ်ပုံ ဖော်စပ်နည်းတွေနဲ့ အနာရောဂါအကြောင်းတွေလည်း အစုံအလင်ပါသတဲ့။

အံ့သြစရာကောင်းတဲ့ ဆေးတစ်မျိုးကတော့ လူသေအလောင်းကောင်ကို အကောင်းပကတိအတိုင်း နှစ်ပေါင်းမြောက်မြားစွာ မပုပ်မသိုးဘဲ ထားနိုင်တဲ့ ဆေးဖော်စပ်တဲ့နည်းပဲတဲ့။

သြော်…ဆေးကျမ်းအကြောင်းပြောနေတာနဲ့ပဲ နန်းမိုးအကြောင်း ပြတ်သွားတယ်။ နန်းမိုးဟာ ချောမောလှပသလောက် စိတ်ထားကလည်း ဖြူစင်သတဲ့။

တိုတိုပဲ ပြောကြပါစို့။ နန်းမိုးနဲ့ ဦးသီလကလည်း လူငယ်ချင်း တစ်ဦးနဲ့တစ်ဦး မေတ္တာမျှနေကြသတဲ့။ ဒါကို



www.burmeseclassic.com

www.burmeseclassic.com

ဆရာကြီးဦးစောနိုင်က သိနေသတဲ့။

ဦးသီလတို့ ညီအစ်ကိုဟာ သူ့ဆီမှာ ဆယ်နှစ်ကျော် အတူနေထိုင်လာခဲ့တဲ့ သားတပည့်ရင်းတွေဖြစ်နေတာဆိုတော့ ဦးသီလနဲ့ ဦးဒီပတို့ရဲ့ ကိုယ်ကျင့်သိက္ခာရှိမှုနဲ့ ရိုးသားမှုတွေကို ဆရာကြီးက သဘောကျသတဲ့။

ဒါကြောင့် ဆရာကြီးဦးစောနိုင်ကိုယ်တိုင်ပဲ ဦးသီလနဲ့ နန်းမိုးကို လက်ထပ်ထိမ်းမြားပေးခဲ့သတဲ့။

ဆရာကြီးဦးစောနိုင်က ဆွေစဉ်မျိုးဆက် လက်ဆင့်ကမ်း သယ်လာခဲ့တဲ့ ဆေးကျမ်းကြီးကို သမက်ဖြစ်သူ ဦးသီလကို လက်ဆင့်ကမ်းပေးအပ်လိုက်သတဲ့။

ဦးသီလကလည်း ဆရာကြီးဦးစောနိုင်တို့နဲ့အတူ သီပေါမြို့မှာပဲ နေထိုင်ခဲ့သတဲ့။ ဦးဒီပကတော့ အညာဒေသမှာ ကျန်ခဲ့တဲ့ မိဘများထံ ပြန်လာခဲ့သတဲ့။

ဦးဒီပ အညာရောက်တော့ မိဘနှစ်ပါးစလုံး ဆုံးပါးသွားကြတယ်ဆိုတာ သိလိုက်ရသတဲ့။ ဒါနဲ့ ဦးဒီပလည်း လူပျိုကြီး တစ်ကိုယ်ဘည်းဘဝနဲ့ ကျောက်ဆည်မြို့မှာ အခြေချပြီး ရောဂါဝေဒနာသည်တွေကို ဆေးကုသတဲ့ အလုပ်နဲ့ အသက်မွေးဝမ်းကျောင်း ပြုနေလိုက်သဟဲ့။

အဲဒီနောက် ဆယ့်ငါးနှစ်လောက်ကြာတဲ့အခါမှာ သီပေါမြို့က သူ့အစ်ကို ဦးသီလဆီကို တစ်ခေါက်ရောက်သွားခဲ့သတဲ့။

ဦးသီလနဲ့ ဒေါ်နန်းမိုးတို့မှာလည်း သမီးလေးယောက်တောင် ရနေပြီတဲ့။ ဆရာကြီးဦးစောနိုင်ကတော့ အသက် ၉၀ နီးပါးဖြစ်နေတော့ ဆေးကုသတဲ့ အလုပ်တွေကို မလုပ်တော့ဘဲ တရားပဲ အားထုတ်နေသတဲ့။

ဆေးကုသခြင်း၊ ဆေးဖော်ခြင်း အလုပ်တွေကိုတော့ ဦးသီလကပဲ ဆက်လုပ်နေရသတဲ့။

ဦးသီလနဲ့ ဒေါ်နန်းမိုးတို့ရဲ့သမီးတွေကလည်း ချောချောလှလှလေးတွေပဲတဲ့။ ညီအစ်မလေးယောက်ဟာ တစ်ယောက်နဲ့တစ်ယောက် နှစ်နှစ်ကြီး။ နှစ်နှစ်ငယ်တွေဆိုတော့ အရွယ်တွေက မတိမ်းမယိမ်းနဲ့ ရွယ်တူတွေလိုဖြစ်နေကြသတဲ့။

ညီအစ်မလေးယောက်ကလည်း သူတို့အဖေ ဦးသီလနဲ့ ရုပ်ချင်းခွဲမရအောင် တူနေတဲ့ ဦးဒီပကိုတွေ့လိုက်ရတော့ သိပ်အံ့သြနေကြသတဲ့။ တစ်ခါမှ မမြင်မတွေ့ဖူးတဲ့ သူ့ဝ်ဦးလေး ဦးဒီပကိုလည်း ချစ်ခင်လေးစားပြီး တရိတသေ ပြုစုကျွေးမွေးကြသတဲ့။

ဦးဒီပကလည်း လိမ္မာရေးခြားရှိတဲ့ တူမလေးတွေကို ကြည့်ပြီး သူတို့ရဲ့ မျိုးဆက်တွေ ကျန်ရှိနေဦးမှာပါလားဆိုတဲ့ အတွေးတွေနဲ့ ပီတိဖြစ်ခဲ့ရသတဲ့။

အိုမင်းမစွမ်းဖြစ်နေတဲ့ ဆရာကြီးဦးစောနိုင်ကိုလည်း ဦးသီလတို့မိသားစုနဲ့အတူ ဦးဒီပက ဝတ်ကြီးဝတ်ငယ် ပြုစုခဲ့သတဲ့။

နောက်ပြီး ဦးသီလဆီမှာရှိတဲ့ လက်ဆင့်ကမ်းအမွေရထားတဲ့ "အာယုဗ္ဗေဒ မာဓဝနိဒါန်း" ဆေးကျမ်းကြီးကိုလည်း ဦးသီလက ပေးဖတ်လို့ ဦးဒီပ သေသေချာချာ လေ့လာဖတ်ရှုခဲ့ရသတဲ့။

အဲဒီ ဆေးကျမ်းကြီးကိုလည်း ဦးသီလက တရိတသေနဲ့ မီးခံသေတ္တာထဲမှာ သိမ်းထားတာဆိုပဲ။ ဦးသီလက ဆေးကျမ်းကြီးကို ဆွေစဉ်မျိုးဆက် မပျောက်မပျက်ရအောင် အသက်နဲ့လဲပြီး ကာကွယ်ထိန်းသိမ်းပါ့မယ်လို့လည်း ဆရာကြီးဦးစောနိုင်ကို ကတိပေးထားရသတဲ့။

ဦးဒီပက ဦးသီလတို့ မိသားစုနဲ့အတူ ခြောက်လကျော်လောက် သီပေါမြို့မှာ နေထိုင်လာခဲ့သတဲ့။ အဲဒီနောက်တော့ ဦးဒီပလည်း ကျောက်ဆည်မြို့ကို ပြန်လာခဲ့သတဲ့။

ကျောက်ဆည်မြို့ ရောက်တော့မှပဲ ရောဂါဝေဒနာသည်တွေကို ဆေးကုသတဲ့အလုပ် ပြန်လုပ်ရသတဲ့ . . .။ ဆရာကြီးဦးဒီပက သူ့အစ်ကိုမိသားစုအကြောင်းကို အဲဒီလိုပြောပြခဲ့တာဟာ ရည်ရွယ်ချက် မရှိဘဲနဲ့ ပြောမှာမဟုတ်ဘူးဆိုတာ ငါသိတယ်။ သိတဲ့အတိုင်းပဲ ငါ့ကို ဆရာကြီးက သူ့အစ်ကို ဦးသီလဆီမှာ ဆေးပညာတွေဆက်သင်ဖို့ စေလွှတ်တယ်လေ။

ဦးသီလဆီမှာ ဆေးကျမ်းကြီးလည်းရှိတယ်၊ ဦးသီလက ဆရာကြီးဦးစောနိုင်ရဲ့ ဆေးပညာအမွေတွေကို ဆက်ခံလက်ခံရရှိတဲ့သူဆိုတော့ ဆေးပညာအရာမှာ ဦးဒီပထက် ဦးသီလက ပိုပြီးအစွမ်းထက်သတဲ့။

ဒါကြောင့်လည်း ဦးဒီပက ငါ့ကို ဦးသီလဆီမှာ ဆေးပညာတွေ ဆက်လက်ဆည်းပူးဖို့ စေလွှတ်တာဖြစ်မယ်လို့ ငါသိလိုက်ပါတယ်။

ငါ့ကို ဆရာကြီးဦးဒီပက သူ့အစ်ကို ဦးသီလနေထိုင်တဲ့ သီပေါမြို့က



www.burmeseclassic.com

www.burmeseclassic.com

လိပ်စာအပြည့်အစုံကိုပေးပြီး သွားရမယ့်ခရီးစဉ်ကိုလည်း အသေးစိတ်ညွှန်ပြခဲ့တယ်။

နောက်ပြီး စာတစ်စောင်ကို သူကိုယ်တိုင် ရေးပြီး ဦးသီလတို့ ပေးခိုင်းလိုက်တယ်။ ငါလည်း ဆရာကြီးလမ်းညွှန်တဲ့ခရီးစဉ်အတိုင်း သွားခဲ့တယ်။

သီပေါမြို့နဲ့ ငါးမိုင်လောက်အကွာမှာရှိတဲ့ စကြာဘုံ အိမ်ကြီးဆီကို ငါရောက်သွားတယ်။

ခြံတံခါးမှာ ချိတ်ဆွဲထားတဲ့ "စကြာဘုံ"ဆိုတဲ့ ဆိုင်းဘုတ်ကို မြင်လိုက်တာနဲ့ ဒါဟာ ဆရာကြီးအစ်ကို ဦးသီလနေတဲ့အိမ်ကြီးပဲ ဆိုတာ သိလိုက်ရတယ်။

ဆရာကြီး ပြောပြထားတဲ့အတိုင်းပါပဲ။ ဆယ်ဧကလောက် ကျယ်တဲ့ ခြံဝင်းကြီးအလယ်မှာ နှစ်ဆောင်ပြိုင်အိမ်ကြီးကို ထင်ထင်ရှားရှား မြင်တွေ့လိုက်ရတယ်။

ခြံတံခါးက စေ့ရုံစေ့ထားတာမို့ ငါလည်း တံခါးကို အသာကလေးတွန်းပြီး ခြံထဲကို ဝင်သွားလိုက်တယ်။ ခြံထဲရောက်တော့ နှစ်ဆောင်ပြိုင် နှစ်ထပ်အိမ်ကြီးဆီကိုသွားတဲ့ လူသွားလမ်းဟာ သစ်ရွက်ခြောက်တွေနဲ့ ဖုံးအုပ်နေတယ်။

အဲဒါကိုကြည့်ပြီး စကြာဘုံအိမ်ကြီးမှာ လူတွေမှ ရှိပါ့မလားလို့ ငါတွေးလိုက်မိသေးတယ်။ ဘာဖြစ်ဖြစ် အိမ်ကြီးဆီကို ရောက်အောင်သွားကြည့်လိုက်ဦးမယ်လို့ ဆုံးဖြတ်ပြီး အိမ်ကြီးဆီကို ရောက်အောင်သွားလိုက်တယ်။

အိမ်ကြီးရဲ့ ဆင်ဝင်အောက်ရောက်တော့မှ အိမ်ကြီးဟာ အလွန်ရှေးကျတဲ့ အိမ်ကြီးဆိုတာ သိလိုက်ရတယ်။ အိမ်အဝင်အဝ တံခါးရွက်ကြီးတွေမှာ ပန်းခက်၊ ပန်းနွယ်တွေကို ဖောင်းကြွပန်းပုထုလုပ်ထားတယ်။

ဒီလို လက်ရာပြောင်မြောက်တဲ့ ဖောင်းကြွပန်းပုတံခါးကြီးတွေကိုလည်း ငါတစ်သက် ဒီတစ်ခါပဲ တွေ့ဖူးပါသေးတယ်ကွာ။ တံခါးရွက်တွေမှာ ထုလုပ်ထားတဲ့ ပန်းခက်၊ ပန်းနွယ်တွေကို ငေးကြည့်နေတုန်း တံခါးကြီးက တဖြည်းဖြည်းချင်း ဖွင့်သွားတယ်။

အိမ်ထဲမှာရှိတဲ့ လူတစ်ယောက်ယောက်က ဖွင့်ပေးလိုက်တယ်လို့ ငါက ထင်ပြီး အိမ်ထဲကိုဝင်လိုက်မိတယ်။ အိမ်ထဲလည်းရောက်ရော လူဆိုတာ အရိပ်အယောင်တောင် မတွေ့ရဘူး။

ငါလည်း ကြက်သီးမွေးညင်း ထသွားတယ်။ ဒါပေမယ့် စိတ်ကို ပြန်ထိန်းထားပြီး "အိမ်ရှင်တို့ခင်ဗျား"ဆိုပြီး နှစ်ခါသုံးခါလောက် ဆက်ခေါ်လိုက်တယ်။ ဘာသံမှ မကြားရဘူး။

အိမ်ထဲရောက်မှ အိမ်ကြီးက တော်တော်ကျယ်တာတွေ့လိုက်ရတယ်။ အပေါ်ထပ်ကိုတက်တဲ့ လှေကားကြီးကလည်း ကြီးကျယ်ခမ်းနားလိုက်တာ။ အနီရောင် ကော်ဇောကြီးကလည်း ခင်းထားလိုက်သေးတယ်။

ဧည့်ခန်းကြီးရဲ့ အလယ်မှာလည်း ပန်းခက်၊ ပန်းနွယ်တွေ ထွင်းထားတဲ့ ကုလားထိုင်ကြီးတွေနဲ့ စားပွဲတစ်လုံးချထားတာကို တွေ့ရတယ်။ ဧည့်ခန်းနံရံမှာ ပန်းဖောက်မှန်ပေါင်နဲ့ ဓာတ်ပုံတွေ ချိတ်ဆွဲထားတာကို ငါလှမ်းကြည့်လိုက်တော့ အပေါ်ဆုံးပုံက ရှမ်းဝတ်စုံနဲ့ မိသားစုသုံးယောက်ပုံပဲ။ အောက်က ပုံတွေကတော့ မိသားစုခြောက်ယောက်ပါတဲ့ ပုံကတစ်ပုံ။ အဲဒီမိသားစုထဲမှာ ဆရာကြီးဦးဒီပနဲ့ ခွဲမရအောင်တူတဲ့ လူတစ်ယောက်လည်းပါတယ်။

ကျန်တဲ့ပုံလေးပုံကတော့ တစ်ဦးချင်းစီရိုက်ထားတဲ့ ချောချောလှလှ အမျိုးသမီးတွေရဲ့ပုံတွေပဲ။ အရွယ်တွေကတော့ အသက်နှစ်ဆယ်ဝန်းကျင်ပဲ။ အဲဒီဓာတ်ပုံတွေကို ငေးကြည့်နေတုန်း နောက်ကနေ ငါ့ပခုံးကို လူတစ်ယောက်က လက်နဲ့လာပုတ်လိုက်တယ်။

ငါလည်း လန့်ဖျပ်ပြီး လှည့်ကြည့်လိုက်တော့ မမျှော်လင့်ဘဲ ဆရာကြီး ဦးဒီပကို တွေ့လိုက်ရတယ်။ ငါလည်း သိပ်အံ့သြသွားတာပေါ့။ နောက်တော့မှ ဆရာကြီးဦးဒီပမှာ ရုပ်ချင်းရွေးမရအောင် တူတဲ့ အမြွှာညီအစ်ကို ဦးသီလရှိသေးတယ်ဆိုတာ ပြန်သတိရလိုက်မိတယ်။

"မင်းက ဘယ်သူလဲ။ ဒီကို ဘာကိစ္စလာတာလဲ"လို့ မေးလိုက်တဲ့အသံကလည်း တကယ့်ကို ဆရာကြီးဦးဒီပရဲ့ အသံအတိုင်းပါပဲ။ "ဆရာကြီးဦးသီလပါနော်"လို့ ငါက ပြန်မေးလိုက်တော့ သူက ခေါင်းညိတ်ပြတယ်။

ဒါနဲ့ ငါလည်း ဆရာကြီးဦးဒီပက လွှတ်လိုက်လို့ လာခဲ့ရတဲ့အကြောင်း၊ ဆရာကြီးဆီမှာ တပည့်ခံပြီး ဆေးပညာတွေ သင်ယူဖို့ လာခဲ့တဲ့အကြောင်း ပြောပြရင်း ဆရာကြီးဦးဒီပရေးပေးလိုက်တဲ့ စာကို ဦးသီလကို ပေးလိုက်တယ်။

အဲဒီတော့မှ ငါ့ကို ထိုင်ခိုင်းပြီး သူလည်း ကုလားထိုင်မှာ ဝင်ထိုင်လိုက်တယ်။ နောက်ပြီး စာကိုဖောက်ဖတ်



www.burmeseclassic.com

www.burmeseclassic.com

တယ်။ စာဖတ်ပြီး ငါ့ကို သေသေချာချာ အကဲခတ်ကြည့်တယ်။

"ဒီပက္က မင်းကို စာထဲမှာတော့ တော်တော့်ကို ညွှန်းထားတာပဲ။ ဒီပရဲ့ လက်ရင်းတပည့်ဆိုတော့ ငါကလည်း မင်းကို တပည့်ရင်းလို့ သတ်မှတ်ရတော့မယ်"ဆိုပြီး ဦးသီလက ငါ့ကို သူ့တပည့်အဖြစ် လက်ခံလိုက်တယ် ဆိုပါတော့ကွာ။

အဲဒီနောက် "ဒီအိမ်မှာ မင်းနေဖို့ အခန်းတစ်ခန်းပေးမယ်။ ငါနဲ့လိုက်ခဲ့" ဆိုပြီး ဦးသီလက ငါ့ကိုခေါ်သွားတယ်။ ငါလည်း သူ့နောက်ကလိုက်သွားတာပေ့ါ။

အနီရောင် ကော်ဇောခင်းထားတဲ့ လှေကားကြီးအတိုင်း အပေါ်ထပ်ကို တက်ခဲ့ကြတယ်။ အပေါ်ထပ်ရောက်တော့ တံခါးတွေပိတ်ထားတဲ့ အခန်းတွေကို တွေ့လိုက်ရတယ်။ အခန်းပေါင်း ကိုးခန်းလောက်တော့ ရှိမယ်။

ငါနေထိုင်ဖို့အတွက်ဆိုပြီး ဦးသီလက အခန်းတစ်ခန်းပေးတယ်။ ငါလည်း ဦးသီလဖွင့်ပေးတဲ့ အခန်းထဲ ဝင်ကြည့်လိုက်တော့ အခန်းထဲမှာ လူအသုံးအဆောင်ပစ္စည်း အပြည့်အစုံနဲ့ အိပ်ရာခင်းထားတဲ့ ခုတင်တစ်လုံးကိုပါ တွေ့လိုက်ရတယ်။

စာအုပ်တွေထည့်ထားတဲ့ ရှေးဗီရိုကြီးတစ်လုံးလည်း ရှိတယ်။ ဗီရိုထဲက စာအုပ်တွေကို ဖတ်ချင်ရင် ယူဖတ်နိုင်ကြောင်း ဦးသီလကပြောပြီး ပြန်ထွက်သွားတယ်။ ငါလည်း တစ်ယောက်တည်း ပျင်းပျင်းရှိတာနဲ့ ခုတင်ပေါ် လှဲအိပ်လိုက်တယ်။ ခဏအကြာမှာ နံရံပေါ်က အရိုပ်မည်းကြီးတစ်ခုကို အမှတ်မထင် မြင်လိုက်ရလို့ ငါ့ရင်ထဲမှာ ထိတ်ခနဲ လန့်သွားမိတယ်။

အခန်းပေါက်ကို လှမ်းကြည့်လိုက်တော့ ဆယ်ကျော်သက်အရွယ် ကောင်မလေးတစ်ယောက် စားသောက်စရာတွေ ထည့်ထားတဲ့ လင်ပန်းတစ်ချပ်ကိုကိုင်ပြီး ရပ်နေတာ တွေ့လိုက်ရတယ်။ အရိပ်မည်းကြီးက ဒီကောင်မလေးရဲ့ အရိပ်ဆိုတာ သိရတော့မှပဲ လန့်သွားတဲ့စိတ်တွေ ပျောက်သွားတော့တယ်။ ကောင်မလေးက အခန်းထဲဝင်လာပြီး ခုတင်ဘေးက စားပွဲပေါ်မှာ လင်ပန်းတင်ပြီး ဘာမပြော ညာမပြော ပြန်ထွက်သွားတယ်။

ကောင်မလေးကို ကြည့်ရတာ အိမ်ဖော်ဖြစ်မယ်ဆိုတာ ခန့်မှန်းလို့ရပါတယ်။ ငါလည်း ဗိုက်ဆာနေတာနဲ့ စားပွဲပေါ်တင်ထားတဲ့ ရှမ်းထမင်းချဉ်ကို စားလိုက်တယ်။ ဖန်ခွက်ထဲမှာ ထည့်ထားတဲ့ ဖျော်ရည်ကိုလည်း သောက်လိုက်မိတယ်။ မကြာပါဘူး။ ငါ့မျက်လုံးတွေဟာ အရမ်းအိပ်ချင်လာတယ်။ ဒါနဲ့ ခုတင်ပေါ်မှာ လှဲအိပ်လိုက်တယ်။

ငါဘယ်လောက်ကြာကြာ အိပ်ပျော်သွားသလဲတော့ မသိဘူး။ အိမ်အပြင်ဘက်က ရယ်သံလိုလို၊ စကားသံလိုလိုကြားလိုက်တော့မှ ငါနိုးသွားတယ်။

ပြတင်းပေါက်ကို ထသွားပြီး အပြင်ကိုကြည့်လိုက်တော့ အိမ်ကြီးဘေးက မြက်ခင်းပေါ်မှာ အမျိုးသမီးလေးယောက် ရယ်ရယ်မောမောနဲ့ ပုတ်တလုတ်ကစားနေကြတာကို တွေ့လိုက်ရတယ်။

တစ်ယောက်က မျက်နှာမှာ ပဝါစည်းထားပြီး ကျန်သုံးယောက်က ပဝါစတစ်ခုနဲ့ လိုက်ရိုက်နေတာ မြင်ရတော့ ငါ့စိတ်ထဲမှာ ပျော်သလိုလိုပဲ။ သူတို့ ပျော်ပျော်ရွှင်ရွှင် ကစားနေကြတာကို ငေးကြည့်နေတုန်း ပဝါစည်းထားတဲ့ မိန်းကလေးဟာ သူ့မျက်နှာက ပဝါစကို ဖြုတ်လိုက်တဲ့အချိန်မှာ ငါ့ကို လှမ်းမြင်သွားတယ်။

ငါကလည်း သူ့ကို ငေးကြည့်နေတော့ သူနဲ့ငါ အကြည့်ချင်းဆုံသွားတယ်။ အဲဒီလောက်လှတဲ့ မိန်းကလေးမျိုး ငါဒီနေ့ထိ မတွေ့ဖူးသေးဘူး။ ငါ့မျက်ဝန်းထဲမှာ သူ့ပုံရိပ်က မေ့မရအောင် စွဲလမ်းသွားမိတယ်။ မြင်မြင်ချင်း ချစ်မိတယ်ဆိုပါတော့။ သူလည်း ငါ့လိုပဲ ခံစားရလိမ့်မယ်လို့ ငါနားလည်နေသလိုပဲ။ သူနဲ့ငါ မျက်လုံးချင်းစကားပြောမိတာတော့ သေချာတယ်။ သူနဲ့ကစားနေကြတဲ့သူတွေကလည်း ငါ့ကို လှမ်းကြည့်လိုက်ကြတယ်။

ဒါနဲ့ ငါလည်း ခန်းဆီးပိတ်ကို မြန်မြန်ပြန်ချပြီး အခန်းထဲဝင်လိုက်မိတယ်။ ခုတင်ပေါ်မှာ ပက်လက်လှန်လှဲရင်း မျက်လုံးချင်းဆုံခဲ့တဲ့ မိန်းကလေးပုံရိပ်ကို မြင်ယောင်ပြီး အတွေးနယ်ချဲ့နေမိတယ်။ အချိန်ဘယ်လောက်ကြာသွားမှန်းတောင် မသိလိုက်ပါဘူး။ အခန်းအဝင်ပေါက်ကနေ အိမ်ဖော်ကောင်မလေးက ငါ့ကိုခေါ်လိုက်တော့မှပဲ ငါစိတ်ကူးယဉ်နေတာတွေပျောက်သွားတယ်။


*(ဆက်လက်ဖော်ပြပါမည်။)*

ရန်ကုန်မြင့်ဆွေ



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

# ငယ်ငယ်က အတွေ့အကြုံ

ခင်မောင်အေး (မန္တလေး)

ရွှေညောင်ကနေ ညောင်ရွှေမြို့ကို သွားတဲ့လမ်းထိပ်မှာ ကျွန်မတို့အိမ်ဝိုင်း ရှိပါတယ်။ အရှေ့ဘက်မှာပေါ့။ အနောက်ဘက်မှာလည်း တစ်ဝိုင်းရှိတယ်။ နှစ်ဝိုင်း ဝယ်ထားတာပါ။ အရှေ့အိမ်နဲ့ အနောက်အိမ် နှစ်အိမ်ကြားမှာ မြေကွက်လပ်ကြီးတစ်ခု ရှိတယ်။ ဘယ်သူမှ မနေကြဘူး။ အိမ်တွေက ဝိုင်းကြီးတွေဆိုတော့ အကျယ်ကြီး။ ကျွန်မကလည်း အဲဒီတုန်းက အသက်ဆယ့်သုံးနှစ်လောက်ပဲ ရှိသေးတယ်။ ကျွန်မတို့ အမေအိမ်ကနေ ဒေါ်လေးတို့အိမ်ကူးလိုက်၊ အိမ်ကိုပြန်လိုက်နဲ့ ကူးချည်သန်းချည်လုပ်လုပ်နေတတ်တယ်။ ကျောင်းတက်နေတဲ့ အချိန်က လွဲလို့ပေါ့။

အနောက် အိမ်မှာက အဘွားရှိတယ်။ ဒေါ်လေးရှိတယ်။ အဘွားက ကျွန်မကိုသိပ်ချစ်တော့ အနောက်အိမ်ရောက်ရင် ကျွန်မကို စားကောင်းသောက်ဖွယ်တွေကျွေးနေကျ။ ကျွန်မကလည်း အဘွားဆီသွားပြီး အဘွားရင်ခွင်ထဲဝင်လိုက်၊ အဘွားကျွေးတဲ့ စားစရာတွေ စားလိုက်နဲ့ တပျော်တပါးကြီးပဲ။ ကျောင်းဆင်းမှ ကူးချည်သန်းချည်လုပ်တတ်တော့ တစ်ခါတလေ မိုးချုပ်တယ်။ အမေက မိုးချုပ်ရင် ကူးချည်သန်းချည်လုပ်တာ မကြိုက်ဘူး။ မတော်တရော် တွေ့မှာဖြစ်မှာ ကြောက်လို့လေ။ လူကြီးဆိုတော့ စိတ်ပူတတ်တာပါ။ ကလေးဆိုတော့လည်း စိတ်မချတာပါမှာပဲ။ အမေက ခဏခဏငေါက်တတ်တယ်။

"ဟဲ့ . . . ဥမ္မာ . . သမီး မိုးချုပ်တော့မယ်။ အနောက်အိမ် မသွားနဲ့တော့။ အိမ်စာတွေ ပါတယ်မဟုတ်လား။ တယ် . . . ဒီကလေးမဟာလေ ပြောစကားကို နားမထောင်ဘူး။ ငါလည်း ဒီကလေးမကြောင့် စိတ်ပျက်ပါတယ်"

BURMESE CLASSIC

အမေပြောနေတဲ့ကြားက ကျွန်မအိမ်ကထွက်ပြီး အနောက်အိမ်ကို ကူးသွားတယ်။ နေမဝင်သေးပါဘူး။ အလင်းကြီးရှိနေပါသေးတယ်။ ကျွန်မက အဘွားဆီရောက်တော့ အဘွားတို့ ညစာတောင် မစားကြသေးဘူး။ ဒေါ်လေးက ငါးထမင်းနယ်နေတယ်။ သားရေပွကတော့ ကြော်ပြီးသွားပြီ။ ချူးမြစ်တွေလည်း ရေဆေးပြီးပြီ။ ကြက်သွန်ဖြူတွေလည်း အခွံသင်ပြီးနေပြီ။

အမေတို့ အိမ်ဝိုင်းရှေ့ဘက်မှာ ဘုန်းကြီးကျောင်း ရှိတယ်။ ဘုန်းကြီးကျောင်းဝိုင်းကြီးက အကျယ်ကြီး။ တံတိုင်းကြီးတွေလည်း လေးဘက်လေးတန် ကာထားတယ်။ အုတ်တံတိုင်းကြီးတွေကို ထုံးဖြူတွေ ဖွေးနေအောင် သုတ်ထားတယ်။ ကျန်တဲ့နေရာက မြေလွတ်ကွက်လပ်ကြီး။ ယူကလစ်ပင်တွေက တန်းပြီး ပေါက်နေတယ်။ တစ်ယောက်ယောက်က တမင်တကာ စိုက်ထားသလိုပါပဲ။ လေတိုက်တဲ့အခါ ယူကလစ်ပင်ကြီးတွေ ဘယ်ညာယိမ်းနွဲ့နေတာကို လက်ကြီးနှစ်ဖက်နဲ့ လှမ်းဆွဲဆုပ်ကိုင်တော့မှာလေလား စိတ်ကထင်ရတယ်။ ဘုန်းကြီးကျောင်းရှေ့ရောက်ရင် ကျွန်မတအားပြေးတော့တာပဲ။ အဘွားတို့အိမ်ရှေ့ရောက်တော့မှဘဲ အပြေးရပ်တော့တယ်။ ငယ်တဲ့အရွယ်ဆိုတော့ ကြောက်တာလည်းပါတယ်လေ။ အဲဒီညနေကတော့ နေကလည်း အလင်းကြီးရှိသေးတယ်။ အဘွားတို့အိမ်မှာ ငါးထမင်းနယ်နဲ့ သားရေပွကြော်နဲ့ ချူးမြစ်၊ ကြက်သွန်ဖြူကိုက်ပြီး စားရတော့ စားကောင်းကောင်းနဲ့ တအားကြီး စားပစ်လိုက်တယ်။ စားပြီးတော့ ကောက်ညှင်းနဲ့သင်းနေတဲ့ အခါးရည်ပူပူလေးသောက်ပြီး အိမ်ပြန်ဖို့တောင် မေ့နေတော့တယ်။

"ဟဲ့ သမီးဥမ္မာ စားပြီးရင် ပြန်တော့လေ။ တော်ကြာ နင့်အမေ မျှော်



www.burmeseclassic.com

www.burmeseclassic.com

နေတော့မယ်။ ငါးထမင်းနယ်လည်း စတီးချိုင့်နဲ့ ထည့်ပေးထားတယ်။ နင့်အမေဖို့ ယူသွားဦး ကြားလား"

ကျွန်မလည်း အဘွား နှစ်ခါမပြောရဘူး။ ဒေါ်လေး အသင့်ယူလာပေးတဲ့ စတီးချိုင့်ကို လှမ်းယူပြီး အိမ်ထဲက ပြေးထွက်လာတယ်။ ကိုယ်ကလည်း ဗိုက်ဝနေပြီ။ အမေ့ကိုလည်း စားစရာပါလာပြီဆိုတော့ ပျော်ရွှင်ကြည်နူးစွာနဲ့ပေါ့။

ဆည်းဆာအချိန်ဆိုတော့ နေဝန်းရဲ့ အလင်းနီနီတွေ ပတ်ဝန်းကျင်မှာ ဖြန့်ကြက်လွှမ်းမိုးထားတယ်။ အိမ်ကိုပြန်လာနေရင်းက ကျောထဲက စိမ့်လာတယ်။ နဖူးက ဆံစတွေလည်း ထောင်လာသလိုပဲ။ စတီးချိုင့်ကိုတော့ ငြိမ်ငြိမ်ကလေး ကိုင်လာရတယ်။ ဟင်းခါးရည် ဖိတ်မှာစိုးလို့လေ။ ဘုန်းကြီးကျောင်းဘက် မရောက်ခင် မြေကွက်လပ်ကြီးရှေ့က ဖြတ်လာတော့ ကြက်သီးတွေ တဖြန်းဖြန်း ထလာတယ်။ ယူကလစ်ပင်ကြီးတွေကို ရဲရဲတောင် မကြည့်ဝံ့ဘူး။ ကိုယ့်ကိုများ သစ်ကိုင်းခွဲတွေက လက်တံရှည်ကြီးတွေလို လှမ်းဆွဲလိုက်လေမလားလို့။

စိတ်ကသာ ကြောက်နေတာပါ။ တကယ်ဆိုတော့ မြေကွက်လပ်ကြီးရှေ့ကဖြတ်လာတာ ဘာမှ မတွေ့ရဘူး။ သစ်ပင်ကြီးတွေကလည်း သူ့ဘာသာသူ လေတိုက်လို့ ယိမ်းနွဲ့နေတာက ဘာမှ မဖြစ်ပါဘူး။ ဒီလိုနဲ့ ဘုန်းကြီးကျောင်းဝိုင်းရှေ့ ရောက်တဲ့အခါ ကျောင်းဝိုင်းထဲမှာလည်း ငြိမ်လို့။ ဦးပဉ္စင်းတွေ တံမြက်စည်း လှည်းနေတာလည်း မတွေ့ဘူး။ ကိုရင်လေးတွေရဲ့ အရိပ်အယောင်တောင် မှ မမြင်ရဘူး။ နေဝင်ပြီးတော့လည်း ဦးပဉ္စင်းတွေ၊ ကိုရင်တွေ ဝတ်တက်ကြပြီနဲ့ တူပါတယ်။ ကပ္ပိယကြီး ဘိုးထိန်ကိုတောင် မတွေ့ရဘူး။ အခါတိုင်းဆို ဦးပဉ္စင်း တစ်ပါး နှစ်ပါး၊ ကိုရင် တစ်ပါးစ နှစ်ပါးစ တွေ့နေကျ။ လူမတွေ့ရလေ ကျွန်မ ကြက်သီးတွေထလေ ဖြစ်လာတယ်။ ဘာမှ ထူးထူးခြားခြား တွေ့ရတာ မဟုတ်ပေမယ့်လို့ စိတ်ကကို ချောက်ချားလာတာတော့ အမှန်ပဲ။ ဆည်းဆာချိန်မို့ နေအလင်းရောင်က ပန်းဆီရောင်ပေါက်နေပြီ။ ဒါ့မေတို့ပြောဖူးတာ ဒီအချိန်မျိုးဟာ အပုပ်ဆိုး လှချိန်တဲ့။ ဘာဖြစ်လို့ အရုပ်ဆိုးတဲ့လူက လှရတာလဲ။ နေအလင်း နီနီကြောင့်လား။ မမှောင့်တမှောင်မို့ ဝိုးတဝါးပဲ မြင်ရလို့လား။ တစ်ခုခုတော့ တစ်ခုခုပဲဖြစ်မှာပါ။ လမ်းထိပ်ရောက်တော့ အိမ်ရှေ့ရောက်ပြီ။ အိမ်ဝိုင်းထဲကို ဝင်လိုက်တဲ့အခါ ကျွန်မ ကြက်သီးတွေ ဖျန်းခနဲထသွားတယ်။ အဲဒီအချိန်မှာ ကျွန်မ ခြံပေါက်ဝမှာ ရှိသေးတယ်။ ကျွန်မခြံထောင့်နားကနေ ခွေးမည်းမည်းလေးတစ်ကောင် ဝှစ်ခနဲဆို ဝင်သွားတယ်။ ဟင် . . . ဘယ့်နှယ်ပါလိမ့်။ ငါ့နောက်လည်း ခွေးတစ်ကောင်မှ ပါမလာဘူး။ ဒီခွေးက ဘယ်ကများ လိုက်လာပါလိမ့်လို့ ကျွန်မစိတ်ထဲ ပြောမိတယ်။ ဒါနဲ့ သေသေချာချာ လိုက်ကြည့်လိုက်တော့ ခွေးမည်းမည်းကလေးကို မတွေ့ရတော့ဘဲနဲ့ ကလေးလေးတစ်ယောက်ကို တွေ့လိုက်ရတယ်။ ကလေးက ခေါင်းချွံချွံလေး။ ခေါင်းတုံးနဲ့။ မျက်နှာက လုံးလုံးဝိုင်းဝိုင်း၊ လက်ကလေးတွေက သိမ်နေသလို သေးသေးလေးတွေ။ အောက်ပိုင်းကတော့ ရှူးသွားတယ်။ ဒါနဲ့ ကျွန်မက ဟာ . . . ဒါဘာကောင်လေးပါလိမ့်။ ခွေးလည်း မဟုတ်ပါဘူး။ လူနဲ့တူတယ်။ ဘယ်လိုလူမျိုးလဲပေါ့။ အဲဒီကလေးလေးက သိမ်နေတဲ့ လက်ကလေးတွေကို မြှောက်ပြီး ကျွန်မကို လက်ပြနှုတ်ဆက်သလိုမျိုး လုပ်ပြတယ်။ ကာတွန်းတွေထဲမှာ မြင်ရဖူးတဲ့ တစ္ဆေလေးတွေလိုပဲ။ အရိပ်ကလေးလိုလို၊ မီးခိုးဖြူဖြူတွေလို လေထဲမှာ လွင့်မျောနေသလိုပဲလေ။ ဝှစ်ခနဲ ဝှစ်ခနဲ ရွေ့သွားတာ လေတိုက်လို့ လွင့်သွားတဲ့ သစ်ရွက်တစ်ရွက်နဲ့ တူလိုက်တာ။

ကျွန်မ ပထမတော့ ဘာပါလိမ့်လို့ ဇဝေဇဝါဖြစ်သွားတယ်။ ခွေးလည်း မဟုတ်ပါဘူး၊ ကလေးလည်း မဟုတ်ပါဘူးပေါ့။ နောက်တော့ ကျွန်မ တအားလန့်သွားတယ်။ ကြက်သီးတွေ တဖြန်းဖြန်းထပြီး ခေါင်းက ဆံပင်တွေ ထောင်ထောင်သွားတယ်ထင်ရတယ်။ နောက်တော့ ဘာကိုမှ မစဉ်းစားတော့ဘဲ တစ်ချိုးတည်း ခြံဝိုင်းထဲကို ဝင်ပြေးသွားမိတယ်။ လက်က ကိုင်လာခဲ့တဲ့ စတီးချိုင့်ကို ဘယ်လိုဆွဲလာမိသလဲတောင် မသိတော့ပါဘူး။ ချိုင့်က ဝင်းထရံနဲ့တိုက်၊ ခြံတံခါးနဲ့တိုက်နဲ့ ဟင်းခါးရည်တွေလည်း တစ်ဝိုင်းလုံး ပြန့်ကျဲနေအောင် ဖိတ်စဉ်ကျခဲ့တယ်။ ခွေးမည်းမည်းလို ကောင်လေး



www.burmeseclassic.com

www.burmeseclassic.com

တာ အိမ်ထဲကို ဝင်ပြေးတဲ့ ကျွန်မရှေ့က ဖြတ်ပြီး ခြေထောက်တွေကိုပတ်ပြီး ဝှစ်ခနဲ ဝှစ်ခနဲ ကျွန်မကို ပတ်နေတယ်။ ကျွန်မရှေ့ကဖြတ်တော့ ကျွန်မ လည်းလန့်ပြီး ခြေလှမ်းတွေ တုံ့သွားတယ်။ ကျွန်မ တုံ့နှေးတုံ့နှေးဖြစ်နေတဲ့ အချိန်မှာ အကောင်လေးက ကျွန်မကို ပတ်လိုက်ပြန်တယ်။ တစ်ပတ်ကနေ နှစ်ပတ်။ နှစ်ပတ်ကနေ သုံးပတ်။ ကျွန်မခေါင်းတွေ နောက်လာတယ်။ ကိုယ့်ရှေ့မှာ ဝှစ်ခနဲ ဝှစ်ခနဲပတ်နေတဲ့ ဒီအကောင်လေးကိုကြည့်ပြီး မူးရိပ်မူးရိပ် ဖြစ်လာတော့တာပေါ့။

စိတ်ထဲကလည်း အရမ်းကြောက်လာပြီး ဘာလုပ်ရမှန်း မသိလောက်အောင် ချောက်ချားလာတော့တယ်။ ဒီအခါ ဖြုန်းခနဲ သတိရလိုက်တာက မြတ်ဘုရားရဲ့ ဂုဏ်တော်ကိုးပါးပဲ။ ကျွန်မကို ညအိပ်ရာဝင်ခါနီးတိုင်း အမေက ဘုရားစင်ရှေ့မှာ သူကိုယ်တိုင်လည်း ဘုရားရှိခိုး၊ အဓိဋ္ဌာန်ပုတီးစိပ်ရင်းနဲ့ ကိုးလုံးပုတီး တစ်ပတ် စိပ်ခိုင်းတယ်။ အရဟံဂုဏ်တော်ပေါ့။ ကျွန်မလည်း မည်းမည်းကောင်လေးက ဝှစ်ခနဲလည်းပတ်ရော အရဟံလို့ ရွတ်လိုက်တယ်။ ဂုဏ်တော်ဟာ ဘယ်လောက် တန်ခိုးအရှိန်အဝါကြီးမားလဲလို့ ကျွန်မ မပြောနိုင်ပေမယ့် ဝှစ်ခနဲပတ်နေတဲ့ အကောင်လေးဟာ အားတစ်စီး အရိုက်ဆောင့်နင်းလိုက်သလို တုံ့ခနဲ ရပ်သွားတယ်။ အရဟံ အရဟံ ကျွန်မ ဆက်ရွတ်တယ်။ ကြောက်ပေမယ်လို့ စိတ်အားကိုတင်းပြီး ပီပီသသ ဆက်ရွတ်လိုက်တယ်။

မည်းမည်းအကောင်လေးဟာ ကျွန်မ ခြေထောက်နားကနေ ခြံတံခါးဝအထိ လွင့်ထွက်သွားတယ်။ တစ်ယောက်ယောက်က ကောက်ယူပြီး ပစ်ပေါက်လိုက်သလို ထင်ရတယ်။ ခြံဝလည်း ရောက်ရော မြုတ်ခနဲဆို ပျောက်သွားတယ်။ ကျွန်မလည်း "အမေရေ . . . အမေ . . . အမေ"လို့ အော်ပြီး အိမ်ထဲကို ဝင်ပြေးသွားတယ်။ အိမ်ထဲလည်းရောက်ရော အမေက အိမ်ခန်းထဲက ပြေးထွက်လာပြီး ပြေးဝင်လာတဲ့ ကျွန်မကို ဆီးပြီးဖက်လိုက်တယ်။

"ဟဲ့ . . . ဟဲ့ သမီးဥမ္မာ ဘာဖြစ်လာတာလဲ အမေ့ကို ပြောစမ်းပါဦး" ကျွန်မကို သိုင်းဖက်ထားရင်းကနေ မေးတယ်။ အမေက ကျွန်မကိုမေးတဲ့ အသံကြားလို့ထင်ပါရဲ့ အိမ်နောက်ဖေး မီးဖိုထဲကနေ ကျွန်မအစ်မကြီးနဲ့ အစ်မလတ်ပါ ထွက်လာကြတယ်။

"အကောင်မည်းမည်းလေး အမေ။ ခြံဝမှာ သမီးဝင်လာတော့ သမီးရှေ့ကနေ ဝှစ်ခနဲဆို ဖြတ်ဝင်လာတယ်။ ခေါင်းတုံးလေးနဲ့၊ ခေါင်းက ချွန်ချွန်။ ပထမတော့ မဟုတ်ဘူး အမေရဲ့။ လူသေးသေးလေး။ လက်ကလေးတွေကလည်း သေးသေးလေး။ အောက်ပိုင်း မပါဘူး။ ကာတွန်းစာအုပ်တွေထဲက တစ္ဆေလေးတွေလိုပဲ။ သမီးကို ပတ်ပတ်နေတာ"

ကျွန်မ အမေ့ကို အဖြစ်သနစ် ပြည့်ပြည့်စုံစုံ ပြောပြလိုက်တယ်။ အစ်မကြီးက ကျွန်မလက်ထဲမှာ ကိုင်ထားဆဲရှိတဲ့ စတီးချိုင့်ကို လှမ်းယူတယ်။ အစ်မလတ်က ရေအေးအေးတစ်ဖန်ခွက် လာပေးတယ်။ ရေတစ်ကျိုက်နှစ်ကျိုက် သောက်လိုက်တော့မှ ရင်ဝက အလုံးကြီးကျပြီး အကြောက်ပြေသွားတယ်။

အမေနဲ့ အစ်မတွေက အဘွားပေးလိုက်တဲ့ ငါးထမင်းနယ်ကို ဝိုင်းစားရင်းက ကျွန်မလည်းသိအောင် အစ်မတို့လည်းသိအောင် အမေက ပြောပြတယ်။

"သမီးဥမ္မာ တွေ့လိုက်ရတဲ့ အကောင်မည်းမည်းလေးဟာ မှင်စာဖြစ်မယ်။ မှင်စာဟာ ကြောင်သာသာ ငယ်ငယ်လောက် ရှိတယ်လို့ အမေ မြေဖူးတယ်။ သဘက်၊ သရဲ၊ တစ္ဆေ၊ ပြိတ္တာ၊ မှင်စာဆိုတဲ့ နာနာဘာဝတွေက တစ်မျိုးပေါ့။ မှင်စာဟာ လူကိုခုနစ်ပတ်ပတ်မိရင် သေတယ်လို့ လူကြီးသူမတွေပြောတာ အမေ ကြားဖူးတယ်။ ဟုတ်မဟုတ်တော့ မသိဘူး။ ဘာပဲဖြစ်ဖြစ် မြတ်စွာဘုရားရဲ့ ဂုဏ်တော်ကိုးပါးထဲက အရဟံဂုဏ်တော်ကို သမီးလေးဥမ္မာ ရွတ်လိုက်လို့ မှင်စာထွက်ပြေးတာတော့ သမီးတို့အားလုံး ကိုယ်တွေ့မျက်မြင်ပဲ မဟုတ်လား။ ရတနာသုံးပါးကို ယုံယုံကြည်ကြည် အားထားကိုးကွယ်ကြ ကြားလား"

ကျွန်မအမေရဲ့ အမှာစကားကိုက နေ့ထက်တိုင် ကြားယောင်နေဆဲ။ အနန္တော အနန္တငါးပါးကို ထာဝစဉ် ထိပ်ထားပြီး ဂုဏ်တော်ကိုးပါး အဓိဋ္ဌာန်ကို မပျက်မကွက် ဆောင်ရွက်ခဲ့တာ ကနေ့ထက်တိုင်ပါပဲ။

ခင်မောင်အေး(မန္တလေး)

www.burmeseclassic.com

www.burmeseclassic.com

မ ဂ တ် ရှိ က် ယ တြ ဂ

# ရွှေပညာ (၂၅)

## ဘုန်းပွင့်ထွန်း

ယနေ့အဖို့ မောင်သန်းဇော်သည် အလုပ်အားလပ်ဟန်တူ၏။ ထို့ကြောင့် ညနေ ခပ်စောစောကပင် ရောက်ရှိလာခဲ့လေသည်။ ထုံးစံအတိုင်း ရေနွေးကြမ်းဝိုင်းဖွဲ့ကြလေ၏။

"မနေ့က ဆွေးနွေးခဲ့ကြတာကို ပြန်ဆက်ကြရအောင်။ ဘာကို နောက်ဆုံးဆွေးနွေးခဲ့သလဲ"

"ပွဲခေါ် အစီအရင်ဖြစ်တဲ့ မကွေး၊ မန်ကျည်း၊ ဘုန်းကြီး၊ မေးကိုင်အကြောင်း ဆွေးနွေးခဲ့ပါတယ် အစ်ကို"

"အဲဒီ ရှေးမူလနည်းကို မှတည်ပြီးတော့ ပွဲခေါ်အစီအရင်ကို မောင်သန်းဇော်အနေနဲ့ တစ်နည်းတစ်ဖုံ စီရင်ဖို့အတွက် ကြံဆလို့ ရပြီလား"

"မရသေးပါဘူး အစ်ကို"

"မရသေးရင်လည်း ထားလိုက်တော့။ နောက်မှပဲ အချိန်ယူပြီး ကြံစည်စဉ်းစားကြံဆပေါ့။ အခု နောက်ထပ် တစ်နည်း ဆွေးနွေးပြောပြမယ်။ ဒါလည်း ရှေးရှေးက ထားခဲ့တဲ့ စီရင်ထုံးတစ်ခုပဲ။ ပွဲခေါ်အဆောင် စီရင်ပုံ ရှင်းပြပြီးတော့ အခု ဈေးခေါ်အဆောင် စီရင်ပုံကို ရှင်းပြဦးမယ်။

"ရှေးက ဆရာတွေထားခဲ့တဲ့ ဈေးခေါ်အဆောင် စီရင်ထုံးကတော့ စစ်ကိုင်းမြို့က စောင်ချမ်းသားကို ဇော်ဂျီ ဆေးကြိတ်တဲ့ပုံ ထုလုပ်ပြီး ဆောင်ထားရမယ်တဲ့။ အဲဒီ အဆောင်ဟာ ဈေးခေါ်ကောင်းတယ်တဲ့။ ဒီအဆောင်အစီအရင်ကို ခွဲခြမ်းစိတ်ဖြာကြည့်စမ်းပါဦး မောင်သန်းဇော်"

"ဟုတ်ကဲ့ အစ်ကို။

ဈေးခေါ်ဆိုတဲ့ စကားလုံးမှာ 'ဈေး'က အင်္ဂါနံ (၃) ဖြစ်ပြီး 'ခေါ်'က တနင်္လာနံ (၂) ဖြစ်တာ တွေ့ရပါတယ်။

အဲဒီလိုပဲ စစ်ကိုင်း၊ စောင်ချမ်း၊ ဇော်ဂျီ၊ ဆေးကြိတ်ဆိုတဲ့ စကားလုံးတွေအားလုံးဟာလည်း 'ဈေးခေါ်'ဆိုတဲ့ စကားလုံးအတိုင်းပဲ အရင်းက အင်္ဂါနံ(၃)၊ အဖျားက တနင်္လာနံ(၂)ချည်း ဖြစ်နေတာကို တွေ့ရပါတယ် အစ်ကို။ ဒါကြောင့် မို့ ဓာတ်မှန်တွေ အတည့်တွေချည်းဖြစ်ပြီး လေးဆင့်တင်ထားတာကို တွေ့ရပါတယ်"

ဈေးခေါ် = အင်္ဂါ(၃) + တနင်္လာ(၂)
စစ်ကိုင်း = အင်္ဂါ(၃) + တနင်္လာ(၂)
စောင်ချမ်း = အင်္ဂါ(၃) + တနင်္လာ(၂)
ဇော်ဂျီ = အင်္ဂါ(၃) + တနင်္လာ(၂)
ဆေးကြိတ် = အင်္ဂါ(၃) + တနင်္လာ(၂)

"အေး···ဟုတ်တယ်။ ဒီရှေးမူလနည်းအရ ယခုခေတ်မှာ ဈေးခေါ်အစီအရင်ကို တစ်မျိုးတီထွင် ကြံဆအသုံးပြုကြတာ တွေ့ရတယ်။ အထူးသဖြင့်တော့ 'ဈေးခေါ်'ဆိုတဲ့ ပညတ်ဓာတ်နံနဲ့တူတဲ့ 'ဇီးကွက်' အရုပ်ကို စီရင်အသုံးပြုနေကြတာ တွေ့ရတယ်။

ဈေးခေါ်နဲ့ ဇီးကွက်ဟာ ဓာတ်မှန်အတည့် ကက်ကင်းမိနေတယ် မဟုတ်လား။ တချို့ကလည်း ဇီးကွက်ကို လာဘ်ကောင်ဆိုပြီး ဈေးဆိုင်တွေမှာ အလှထားကြတာလည်း တွေ့ရတယ်။

'ဈေးခေါ်' ဆိုတဲ့ စကားလုံးဓာတ်မှန်လေးဆင့်ဝင်အောင် ···

ဇီးကွက်(ရုပ်ကို) ဆန်ခါနဲ့အုပ်ပြီး ဆွဲခြင်းထဲထည့်ကာ ဆွဲချိတ်တာဟာ ဈေးခေါ်ကောင်းတယ်လို့ ဆိုပါတယ်။ ဒါက တစ်နည်းတစ်ဖုံ ဈေးခေါ်အစီအရင်ကို ကြံဆထားကြတာ စာစောင်တွေမှာ ဖတ်ဖူး၊ တွေ့ဖူးတာကို ပြောပြတာပါ။

www.burmeseclassic.com

မောင်သန်းဇော်လည်း ကြံစည်ကြည့်ပေ။ ကိုယ်စီရင်တဲ့ အစီအရင်က သဘာဝလည်းကျ၊ မူလထုံးနည်းကိုလည်း မဆန့်ကျင်တဲ့အပြင် အောင်မြင်မှုရင်တော့ အင်္ဂဝိဇ္ဇာဓာတ်ရိက်ယတြာပညာမှာ ဆရာတစ်ဆူ ဖြစ်ပြီပေါ့ကွယ်"

မောင်သန်းဇော်နှင့် ကျွန်ုပ်တို့သည် ခေတ္တဆွေးနွေးခြင်းကို ရပ်ပြီး ရေနွေးကြမ်းကို သောက်ကြလေ၏။ ရေနွေးကြမ်းသောက်ပြီး နှစ်ခွက်သုံးခွက်ခန့်အပြီးမှာ စကားကို ထပ်ဆက်ကြလေ၏။

## ဓာတ်တူနံတူ ဆေးချက်ယူ

"မောင်သန်းဇော်ရေ . . . ပေဟာဒီလင်္ကာလေးကို ရေးမှတ်ကျက်ကွဲ့။ အခု ဆက်ဆွေးနွေးမယ့်အပိုင်းက မှတ်စရာတွေများတော့ ဖြည်းဖြည်းချင်း ပြောပြသွားမယ်။ မှတ်စရာရှိတာတွေ လိုက်မှတ်သွား။ ပညာရပ်ဆိုတာ တွေ့တဲ့ဆရာ၊ တွေ့တဲ့စာအုပ်တွေမှာ တွေ့သမျှ ရာဖွေစုဆောင်းမှတ်သားပြီး အတုယူရမှာကိုး။

တစ်မည်ဓာတ်နံ၊ ပံ့တူမှန်လည်း၊ အားမာန်ကြီးပြင်း၊ နိုင်ကြခြင်းကား၊ ကင်းကိုကြက်ပင်၊ ကြက်လျှင်ကြောင်ဖား၊ ကြောင်အားခွေးယူ၊ ခွေးမူကျားညှဉ်း၊ ထိုအခင်းကြောင့်၊ နံချင်းသတ်လို့၊ ဆေးကပိုဟု၊ လိုရာသောဓာတ်၊ ဆိုဆုံးဖြတ်သည်၊ ကျမ်းမြတ်ဝိဇ္ဇာလက်သုံးတည်း . . . တဲ့"

မောင်သန်းဇော် ရေးမှတ်နေ၍ ကျွန်ုပ် ခေတ္တစောင့်ရ၏။

"ရေးမှတ်လို့ ပြီးပြီလား"

"ပြီးပြီ အစ်ကို"

"စောစောက နံတူဓာတ်ကို အဆင့်ဆင့် အသုံးပြုခြင်းအားဖြင့် သက်ဆိုင်ရာဓာတ်အားအစွမ်းကို ပို၍အားရှိစေပြီး စွမ်းရည်မြင့်မားစေကြောင်း ပွဲခေါ်အစီအရင်နဲ့ ဈေးခေါ်အစီအရင်မှာ ပြောပြခဲ့ပြီးပြီနော်။

အခုက နံတူနဲ့ အခြားနံတူကို ပြန်သတ်တဲ့အကြောင်း ရှင်းပြမယ်။ ဒီနည်းကို ရောဂါကုတဲ့နေရာမှာ ရောဂါပျောက်ကြောင်းအတွက် အသုံးပြုကြတယ်။

လောကကြီးထဲမှာ နှစ်မျိုးပဲရှိတယ်။ သက်ရှိအရာဝတ္ထုနဲ့ သက်မဲ့အရာဝတ္ထု။ သက်ရှိသက်မဲ့ အရာဝတ္ထုတွေရဲ့ နံတူအားဖြင့်ဖြစ်စေ၊ ဓာတ်တူအားဖြင့်ဖြစ်စေ ရွေးချယ်စိစစ်ရမယ်။

ပြီးရင် တစ်ခုနဲ့တစ်ခု အားဗလအကြီးအငယ်အလိုက် ဓာတ်နဲ့ အစီအစဉ်အနေအထားတို့ကို ကြည့်ရှုဆင်ခြင်ပြီး အသုံးချရမယ်။ လင်္ကာမှာ ပါတဲ့အတိုင်း ကင်းထက် ကြက်က အားဗလကြီးပြီး နိုင်တယ်။ ကြက်ထက် ကြောင်ဖားက အားဗလကြီးပြီး နိုင်တယ်။ ကြောင်ဖားထက် ခွေးက အားဗလကြီးပြီး နိုင်တယ်။ ခွေးထက် ကျားက အားဗလကြီးပြီး နိုင်တာကို တွေ့ရမယ်။

ကင်း၊ ကြက်၊ ကြောင်၊ ခွေး၊ ကျားတို့ဟာ တနင်္လာနံတူချည်းပဲလေ။ အားဗလချင်းကတော့ မတူဘူး။ ကင်းကို သတ်ချင်ရင် ကြက်ကိုသုံးရမယ်။ ဒါဟာ နံတူချင်းသတ်တာပဲ။ တစ်ခါ ကင်းကိုသတ်ချင်ရင် ကျားကိုတော့ သုံးလို့မရပြန်ဘူး။ ကင်းနဲ့ကျားဟာ နံတူချင်းဖြစ်ပြီး ကင်းထက် ကျားက အားဗလကြီးတယ်ဆိုပေမယ့် ကင်းကို ကျားက သတ်လေ့မရှိဘူး။ ကင်းကိုသတ်တာ ကြက်ပဲရှိတယ်။ ကျားနဲ့ နံတူချင်းပေမယ့် သတ်လို့မရဘူးဆိုတာကို သဘောပေါက်ရမယ်။

ဒါကြောင့်မို့ နံတူသတ်တာ အသေရဆိုတိုင်း တွေ့ကရာနံတူတွေနဲ့တော့ သတ်လို့မရဘူးလို့ မှတ်ပါ။ သူ့ကို သတ်လို့ရမယ့် နံတူနဲ့ပဲသတ်ရမယ်ဆိုတာတော့ သတိပြုဖို့လိုတယ်"

"အင်း . . . နံတူချင်းသတ်တဲ့နေရာမှာတောင် သတ်လို့ရတဲ့ နံတူကို ရှာပြီးသတ်ရမယ့် သဘောပေါ့ အစ်ကို"

"ဟုတ်တယ်။ ဆရာအလီလီ၊ ကျမ်းအစောင်စောင်က နံတူသတ်တဲ့နည်းနဲ့ ဆေးချက်တွေကို မှတ်စုပြုထားတယ်။ မောင်သန်းဇော် ကူးယူမှတ်သားပေတော့။ အစ်ကိုလည်း အိမ်အလုပ်လုပ်စရာရှိတာလေးတွေ လုပ်လိုက်ဦးမယ်။ မရှင်းတာရှိရင်တော့ မေးပေါ့"

မောင်သန်းဇော်လည်း ကျွန်ုပ်ပေးသော မှတ်စုကို ကူးယူလေတော့၏။

## ဓာတ်တူနံတူ ဆေးချက်များ

၁။ ခန္ဓာကိုယ်မှာ ရေယုန်အနာပေါက်ရင် နံတူဓာတ်ဖြစ်တဲ့ ယုန်ရိုးကိုသွေးပြီး မကြာခဏ လိမ်းပေးရင် ထိုရေ



www.burmeseclassic.com

www.burmeseclassic.com

ယုန်နှာ ပျောက်ကင်းတယ်။

၂။ တစ်စုံတစ်ယောက်မှာ ဆင်ရုံဝေဒနာ စွဲကပ်ရင်တော့ နံ့တူဓာတ်ဖြစ်တဲ့ ဆင်ရိုးကို မကြာခဏ သွေးလိမ်းပေးရင် ပျောက်ကင်းတယ်။

၃။ ဆင်သမာလို့ခေါ်တဲ့ ဆင်ကူရောဂါ စွဲကပ်ရင် ဆင်ရေကိုသွေးပြီး မကြာခဏ သုတ်လိမ်းပေးရင် ကောင်းသွားမယ်။

၄။ တစ်စုံတစ်ယောက်သောသူကို ကင်းကိုက်ရင် ဓာတ်နံ့တူတဲ့ ကြေးခွက်ကို အသံထွက်အောင် တီးခတ်ပေးရင် ပျောက်တယ်။

၅။ ခြေထောက်မှာ ကြွက်တက်ရင် ကြောင်ပန်းဖြစ်စေ၊ ကြောင်မီးတူဖြစ်စေ၊ ကြွက်နှာမောင်းပင်ဖြစ်စေ၊ အရွက်များကို ခူးပြီး အရည်ညှစ်ကာ ကြွက်တက်သောနေရာမှာ လိမ်းပေးပါက ပျောက်ကင်းသွားမယ်။ ရှူနမ်းပေးလို့လည်း ရတယ်။

၆။ ကင်းကိုက်ရင် ဓာတ်နံ့တူတဲ့ ကျည်းရွက်ကို အရည်ညှစ်ပြီး သုတ်လိမ်းပေးရင်ဖြစ်စေ၊ ကျည်းရွက်ကို ကင်းကိုက်တဲ့ နေရာမှာ အုံပေးရင်ဖြစ်စေ အမှန်ချမ်းသာရမယ်။

၇။ တစ်စုံတစ်ယောက်သောသူကို ဂျပ်ကောင်ကိုက်မိရင် ခရာမြစ်ကို သွေးပြီးလိမ်းပါက ပျောက်ကင်းမယ်။

၈။ တစ်ဦးတစ်ယောက်မှာ နှင်းခူအနာဖြစ်ရင် ဓာတ်နံ့တူတဲ့ ထန်းနို့ကို ပြာချပြီး သိပ်ထည့်ပေးပါက ပျောက်ကင်းချမ်းသာမယ်။

၉။ မျှော့သတ္တဝါကို ပျားရည်နဲ့ထိပါက အမှန်ထွက်ပြေးမယ်။

၁၀။ အရက်သောက်၍ မူးယစ်နေပါက ကေရာင်မြစ်ကို သွေး၍တိုက်ပါက အရက်မူးပြေလိမ့်မယ်။

၁၁။ အိမ်မှာဖြစ်စေ၊ ခြံမှာဖြစ်စေ ပျားစွဲပါက ဓာတ်နံ့တူဖြစ်သော ပျဉ်းမကိုင်းကို အနားမှာ ဆွဲချည်ထားရင် ထိုပျားဟာ အမှန်ပျံသွားလိမ့်မယ်။

၁၂။ တစ်စုံတစ်ယောက်ဟာ စိန်ကို မျိုမိ၊ သောက်မိရင် ကျောက်စိမ်းကို သွေးပြီးတိုက်ပါက ပျောက်ကင်းသွားလိမ့်မယ်။

၁၃။ သီးသီးကို သံထည့်ပြီးကျိုရင် အဲဒီအပင် အသီးမသီးတော့ဘူး။

၁၄။ သံစူးရင် သံဖြစ်စေ၊ သံချောင်းအဟောင်းကိုဖြစ်စေ မီးရဲအောင်ဖုတ်ပြီး ရေထဲချ။ ထွက်လာတဲ့အငွေ့နဲ့ သံစူးတဲ့နေရာကို ခံပေးရင် သံဆိပ်ကျပြီး မရောင်တော့ဘူး။

၁၅။ ဆီးပင်ကို စိုင်ရိုးနဲ့ ရိုက်ပေးရင် အပင်သေတယ်။

၁၆။ သွားကိုက်ရင် ကသစ်မြစ်ကို ရေနဲ့ကျိုပြီးတော့ ငုံပေးရင် ပျောက်တယ်။

၁၇။ "ဝက်ထမ်းလူမျိုး၊ ရေမချိုးရာ၊ ဓာတ်သာခိုက်ရှိ၊ ရေချိုးသောခါ၊ ဝက်သေရှာ" လင်္ကာအရ ဝက်ကို စီးနဲ့ထမ်းပြီး ရေချိုးရင် ယိုဝက်ကို ခိုက်ပြီး သေတယ်။

အခါတစ်ပါးမှာ ဗုဒ္ဓဟူးနံမည်တဲ့ ဝက်တစ်ကောင်ကို ဝါးလုံးနဲ့ စွပ်ပြီး လူနှစ်ယောက် ထမ်းလာကြတယ်။ လူနှစ်ယောက်ဟာ ရေတွင်းအနီးရောက်တဲ့အခါ မောပန်းပြီး ဝက်ကြီးကို ခဏချထားကာ ရေချိုးကြတာနဲ့ တစ်ပြိုင်နက် ထမ်းလာတဲ့ ဝက်ဟာ ဓာတ်ခိုက်ပြီး တုန်တုန်ယင်ယင်နဲ့ သေလုမျောပါး ဖြစ်နေတယ်။

အဲဒီအချိန်မှာ အင်္ဂဝိဇ္ဇာတတ်ကျွမ်းလိမ္မာတဲ့ ဆရာတစ်ဦး ရောက်လာတွေ့ရှိတဲ့အခါ ရေချိုးနေတဲ့ လူနှစ်ယောက်ကို ရေချိုးရပ်နိုင်းလိုက်တယ်။ ရေသာ ဆက်ပြီးချိုးနေရင်တော့ ထမ်းလာတဲ့ဝက်ဟာ မကြာမီ ဓာတ်ခိုက်ပြီး သေမှာပဲ။ အင်္ဂဝိဇ္ဇာဆရာက ရေချိုးရပ်နိုင်းလျက် အမြန်မီးဖိုစေပြီး ထိုလူနှစ်ယောက်ကို မီးလှုံစေလိုက်မှ ဝက်ဟာလည်း ဓာတ်ခိုက်ပြေပြီး ပြန်ကောင်းသွားတယ်။

၁၈။ ကြို့ထိုးရင် ကမ်းပါးမြေကို ဖွဲ့ပြီး ရေနဲ့ဖျော်တိုက်ပါက ကြို့ထိုးတာ ပျောက်ကင်းစေတယ်။

၁၉။ အကြောလွှဲရင် ကျွဲတစ်ကောင်ကို ခဏခဏစီးပေးပါက ပျောက်ကင်းချမ်းသာမယ်။

၂၀။ ခေါင်းကိုက်ရင် ခြေထောက်ကို ကန်ပေးပါက သက်သာသွားလိမ့်မယ်။

ဘုန်းပွင့်ထွန်း



www.burmeseclassic.com

www.burmeseclassic.com

# မြွေနဂါး တကယ်ရှိသလား

## တင်နိုင်တိုး

နိုင်ငံခြား ရုပ်ရှင်ဇာတ်ကားများထဲတွင် မြွေနဂါးခေါ် အမည်မသိ ထူးဆန်းသော သတ္တဝါကြီးများကို ကြည့်ဖူးကြပေလိမ့်မည်။ ယင်းသို့သော သတ္တဝါမျိုးကို မြင်ဖူးကြသူများလည်း ရှိကြသည်။သို့သော် ဒဏ္ဍာရီဆန်လှသည့်အလျောက် ယုံကြည်သူနည်းပါးလှပါသည်။ မြွေနဂါးဟူသည် အမှန်တကယ်ရှိတဲ့ အမြင်အာရုံများယွင်းမှုမျှသာဖြစ်ကြောင်း ဆိုကြသည်။ အချို့က မြွေနဂါးသည် မြွေဦးခေါင်းသဏ္ဍာန်ရှိသော ဧရာမသတ္တဝါကြီးဖြစ်သည်ဟုဆိုကြသည်။

သိပ္ပံပညာရှင်တချို့ကမူ မြွေနဂါးခေါ် ရှေးဟောင်းသတ္တဝါတစ်မျိုးကို လက်တွေ့ သုတေသနပြုနေကြသည်။ သို့သော် တိကျခိုင်မာသော သတင်းထုတ်ပြန်မှုမျိုးကို ထုတ်ပြန်နိုင်ခဲ့ခြင်း မရှိပေ။ နောက်ကြောင်းတတ်သူအချို့ကလည်း လုပ်ကြံဖန်တီးထားသော ဓာတ်ပုံများဖြင့် မြွေနဂါးကို တွေ့ရှိဓာတ်ပုံရိုက်နိုင်ပြီဖြစ်ကြောင်း ကြေညာခဲ့ကြဖူးပါသည်။ အများစုကမူ မြွေနဂါးဟူသည် အမှန်တကယ်မရှိကြောင်း၊ ဒဏ္ဍာရီပုံပြင်များတွင်သာရှိကြောင်း ဆိုကြသည်။ အချို့ကတော့ ပင်လယ်သမုဒ္ဒရာအတွင်းရှိ ကြီးမားသော မြွေကြီးများဖြစ်မည်ဟု ထင်ကြေးပေးကြသည်။

ကမ္ဘာပေါ်တွင် အရွယ်ကြီးမားသော မြွေကြီးများ ရှိတတ်ပါသည်။ ၁၉၄၄ ခုနှစ်က ကိုလံဘီယာနယ်မှ အရှည် ၃၇ ပေခွဲ၊ အလေးချိန် ပေါင် ၁၀၀၀ လေးသော မြွေကြီးတစ်ကောင်ကို ဖမ်းဆီးရမိခဲ့ဖူးပါသည်။ အလားတူ မြန်မာပြည်တွင်လည်း အလွန်ထူးဆန်းသော မြွေကြီးနှစ်ကောင်ရှိခဲ့ဖူးကြောင်း။ တစ်ကောင်ကို ဂျပန်ခေတ်က ဗုံးကြဲသတ်ဖြတ်ပစ်ခဲ့ကြောင်း စသည်ဖြင့် လူကြီးသူမများ ပြောကြဆိုကြသည်။ အချို့က မြွေကြီးများသတင်းကို အခြေအမြစ်မရှိကြောင်း ဆိုကြပါသည်။



၁၅-၁၂-၁၉၆၃ ရက်နေ့စွဲပါ မြန်မာ့အလင်းသတင်းစာမှ သတင်းတစ်ပုဒ်မှာမူ စိတ်ဝင်စားဖွယ်ကောင်းလှပါသည်။ ယင်းသတင်းက ကျိုက္ခမိ ပင်လယ်ဝအလွန်မှ မြွေနဂါးအကြောင်း သတင်းဖြစ်ပါသည်။ သတင်းဖော်ပြချက်အရ ၁၀ ရက်၊ ဖေဖော်ဝါရီ၊ ၁၉၆၃



www.burmeseclassic.com

www.burmeseclassic.com

တွင် ကျိုက္ကမီမြို့ စမင်းဆိပ်နေ ဦးကုလားနှင့် ဦးပြုံးဆိုသူတို့နှစ်ဦး ပိုက်မျှောထွက်ခဲ့ ကြသည်။ ယနေ့ ည ၁၀ နာရီခန့်အချိန်တွင် နှစ်ဦးသား ကျိုက္ကမီအလွန် ပင်လယ်ဝရှိ ရဲလု ကျောက်ဆောင်အနီး၌ ပိုက်ချနေခဲ့ကြ သည်။

ထို့နောက် ည ၁၂ နာရီခန့်အချိန် တွင် ရေကျသွားသည်နှင့် ရဲလုကျောက် ဆောင်အနီးသို့ ချဉ်းကပ်လာခဲ့ကြသည်။ ထိုစဉ် လုံးပတ် ၅ ပေခန့် မျက်လုံးများ မှာ နီရဲသော သပိတ်လုံးခန့်ရှိသော မြွေ နဂါးကြီးတစ်ကောင်က ကျောက်ဆောင် ကို ရစ်ပတ်လျက် ပါးပျဉ်းထောင်နေ သည်ကို တွေ့ကြရသည်ဆို၏။ မထင် မှတ်ဘဲ မြွေနဂါးကြီးကို တွေ့ရသဖြင့် ဦးပြုံးမှာ လေ့ပေါ်၌ပင် မေ့မြောသွား သည်ဆိုပါသည်။ အလားတူ ဦးကုလား မှာလည်း ရေထဲသို့ ချထားသော ပိုက် ကိုပင် မယူရဲတော့ဘဲ ကြောက်ကြောက် လန့်လန့်နှင့် ကျိုက္ကမီဘက်သို့ လော ခတ်ပြေးတော့သည်ဟု ဆိုသည်။

ဦးကုလားတို့သည် နံနက် ၄ နာရီ အချိန်ခန့်တွင် စမင်းဆိပ်သို့ ပြန်လည် ရောက်ရှိလာခဲ့ကြပြီးနောက် သွေးရူး သွေးတန်းဖြင့် ပါးစပ်မှ အော်ဟစ်ပြေး လွှားနေတော့သည်။ သို့ဖြင့် အရပ်က ဝိုင်းဝန်းမေးမြန်းကြရာ မြင်တွေ့ခဲ့ရသော ထိတ်လန့်ဖွယ်ရာ သတ္တဝါအကောင်ကြီး အကြောင်း ပြောပြပြီး ဦးကုလားမှ လဲကျသတိလစ်သွားပြန်လေသည်။ လှေထက်တွင် သတိမေ့မြောလျက်ရှိ သည့် ဦးပြုံးမှာ သတိရတစ်ချက်၊ မရ တစ်ချက် ဖြစ်နေခဲ့သည်။

မကြာမီ ဦးပြုံးအား သက်နန်း တောင်ကျေးရွာမှ ဆရာဦးမြိုင်နှင့် ကုသ ပေးခဲ့ရာ ဖေဖော်ဝါရီလ ၁၂ ရက်နေ့ ညနေ ၄ နာရီတွင် သတိပြန်လည် ကောင်းမွန်ကာ ကျန်းမာလာခဲ့သည်။ ထို့နောက် ဦးပြုံးအား အကြောင်းစုံ မေးမြန်းကြည့်ကြသည်။ ဦးပြုံးက သူ တွေ့မြင်ခဲ့ရသမျှကို ပြန်လည်ပြောပြ လေသည်။ ဦးပြုံးပြောပြသည်ကား လုံး ပတ်အလွန်ကြီးသော မြွေနဂါးကြီးတစ် ကောင်သည် ကျောက်ဆောင်ဂူဝ၌ ရှိနေသည်ကို မြင်တွေ့ရပြီးနောက် မည် သို့မည်ပုံ ဆက်လက်ဖြစ်သွားသည်ကို မသိရကြောင်းပင် ဖြစ်ပါသည်။

ဦးပြုံးတို့၏ ရဲလုကျောက်ဆောင် အနီးမှ အတွေ့အကြုံက ထူးခြားလှ သည်။ ဒေသခံများကလည်း ယုံကြည် ကြသည့်အလျောက် ရဲလုကျောက် ဆောင်ဘက်သို့ပင် ပိုက်ချမသွားရဲကြ တော့ပေ။ ထိုကဲ့သို့ အဖြစ်အပျက်မျိုး မည်သည့်အခါမျှ မဖြစ်ပျက်ဖူးခဲ့သည့် အလျောက် အားလုံးက ကြောက်ရွံ့နေ ကြလေသည်။ အချို့က မယုံကြည်လို ကြပေ။ သို့သော် ဦးကုလားနှင့် ဦးပြုံး တို့သည် မဟုတ်မမှန် ပြောဆိုတတ်ကြ သူများမဟုတ်သဖြင့် စဉ်းစားရကျပ်နေခဲ့ ကြသည်။

ယင်းနှစ်အတွင်း ဒီဇင်ဘာလ ၂၄ ရက်နေ့ညတွင် ၎င်းကမ်းစပ်နေရာမှပင် ထူးဆန်းသော သတ္တဝါတစ်ကောင်ကို ဖမ်းမိခဲ့ကြပြန်ပါသည်။ ကမ်းစပ်တွင် ပိုက်ချစဉ်အတွင်း လူနှင့်အတော်အတန် ဆော့သော ထူးဆန်းသည့် ငါးတစ်ကောင် ကို ဖမ်းမိခဲ့ခြင်း ဖြစ်သည်ဆို၏။ ငါးမှာ လေးပေအရှည်ရှိပြီး အောက်ပိုင်းက ငါးပုံစံဖြစ်သော်လည်း အထက်ပိုင်းမှာ လူဦးခေါင်းပုံသဏ္ဌာန်ဖြစ်နေသည် ဆိုပါ သည်။ ယင်းငါးကို ရေလုပ်သားများဖြစ် ကြသော မောင်သောင်းနှင့် ဘဦးဆိုသူ တို့က ဖမ်းဆီးရမိလာခြင်း ဖြစ်သည် ဆို၏။

လူမျက်နှာနှင့် ငါးကိုယ်သဏ္ဌာန် ရှိသော ငါးကို အားလုံးက ရေသူမဟု အမည်ပေးကြသည်။ ၎င်းရေသူမနှင့် မြွေနဂါးတို့မှာ မည်သို့မည်ပုံ ဆက်စပ် နေသည်ကိုတော့ မသိရပေ။ ယင်းသို့ သော ရေသူမများ၊ မြွေနဂါးများမှာ ရှေ အခါက ဒဏ္ဍာရီပုံပြင်များထဲတွင်သာ ရှိခဲ့ဖူးသည့်အလျောက် ယခုကဲ့သို့ မျက် ဝါးထင်ထင် တွေ့မြင်ကြရသောအခါ သို့လောသို့လော ဖြစ်လာခဲ့ကြလေသည်။

မည်သို့ဆိုစေကာမူ အချို့ခေါင်း မာသူများက မြွေနဂါးဟူသည် တကယ် မရှိ၊ ရေသူမ ဟူသည် စိတ်ကူးယဉ်မှု သာ ဖြစ်ကြောင်း ငြင်းဆိုကြသည်။ မြွေနဂါးကြီးသတင်းကို သတင်းစာ၌ ထည့်သွင်းဖော်ပြခဲ့သကဲ့သို့ ၎င်းကမ်းစပ် နေရာမှပင် ရေသူမကဲ့သို့ ထူးဆန်းသော ငါးကြီး တွေ့ရပုံသတင်းကိုလည်း ၂၅- ၁၂-၁၉၆၃ ရက်စွဲပါ မြန်မာ့အလင်း သတင်းစာ၌ ထည့်သွင်းဖော်ပြခဲ့ပါသည်။

နှစ်ပေါင်းများစွာ ကြာမြင့်သည် တိုင် ယင်းကဲ့သို့သော ရေအောက်မှ ထူးဆန်းသည့် သတ္တဝါကြီးများအကြောင်း ကို သိပ္ပံပညာရှင်များ မဖြေရှင်းနိုင်ကြ ကြသေးပေ။

တင်နိုင်



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

# ကြိုးကြိုးချိတ် အပြာ

## တာတေကြီး

တိုးမောင်သည် ကလျာကို တွေ့တွေ့ချင်း ရင်ခုန်သွားသည်။ မည်သည့်အဝက ရေစက်မှန်းတော့မသိ။ သူငှားနေမည့် အခန်းပိုင်ရှင်၏သမီး ဖြစ်နေတော့ သူတို့အခန်းဖိုးငွေကို တောင်းသမျှ မဆစ်တမ်း မငှားမည်ကို စိုးရိမ်ပြီး ပေးမိသည်ထိ တိုးမောင်ဘက်က လိုက်လျောခဲ့သည်။ ကလျာ၏ဖခင် ဦးလင်းအောင်မှာ သမီးပျိုလေး ရှိသဖြင့် လူပျိုသူလွတ်ကို အခန်းမငှားလိုသော်လည်း အစိုးရဝန်ထမ်းတစ်ဦးလည်းဖြစ်၊ ရည်မွန်စွာ ပြောဆိုကာ ခင်မင်ဖွယ်ကောင်းသည့် တိုးမောင်ကို အခန်းခလည်း ဈေးမဆစ်သဖြင့် လက်မခံဟု ပြောမထွက်ခဲ့ပါ။

ကြိုးချင်းထား၍ ကြိုးချင်းငြိသလား၊ အိုးချင်းထား၍ အိုးချင်းထိသလားတော့ မပြောတတ်။ တိုးမောင်နှင့်ကလျာသည် မကြာမြင့်လှသောအချိန်အတိုင်းအတာတစ်ခုအတွင်း ချစ်သူအဝရောက်သွားကြသည်။ ကလျာ၏ခင်ဦးလင်းအောင်သည် ချမ်းသာသည့် မိဘမျိုးရိုးမှ ဆင်းသက်ခဲ့ပြီး နှစ်ထပ်ပျဉ်ထောင်အိမ်ကြီးကို သေသပ်ကောင်းမွန်စွာ ဆောက်လုပ်ထားပြီး အောက်ထပ်ကို နှစ်ခန်းကန့်ကာ ဈေးကောင်းတောင်းပြီး နှစ်ဦးငှားထား၍ အပေါ်ထပ်တွင် သူတို့သားအဖနှစ်ယောက် နေထိုင်ကြသည်။

သို့ဖြစ်ရာ တိုးမောင်၏တစ်ယောက်ခန်းတွင် ဆန်းဦးနှင့် ခင်မတို့ နေထိုင်သည်။ သူတို့လင်မယားမှာ ထိုတောမြို့လေး၏ ဈေးထဲတွင် ကုန်စုံဆိုင်ဖွင့်ထားသည်။ တိုးမောင်က ကျေးလက်ကျန်းမာရေးမှူး။ ဆန်းဦးက တိုးမောင်ကို ကံကောင်းသူတစ်ဦးအဖြစ် ပြောသည်။ ခင်မကလည်း တိုးမောင်ကို မောင်နှမသဖွယ် ခင်မင်နေရာ တိုးမောင်နှင့် ကလျာကို ကြည့်ပြီး အံ့သြသည်ဟု ဆိုသည်။

ရိုးသားအေးဆေးသော ကလျာ၊ စည်းကမ်းတင်းကြပ် ပြတ်သားသော ဦးလင်းအောင်တို့ သားအဖ၏ ချစ်ခင်မှုကိုရယူနိုင်သဖြင့် တိုးမောင်ကို သဘောကျနေကြသည်။

"ကိုမောင့်ကို ချစ်ရတာ စိုးတထိတ်ထိတ်နဲ့၊ ကိုမောင်က တစ်ရွာသားမို့လား၊ ကိုမောင့်ကိုယုံလို့ ကလျာ့အချစ်တွေပေးမိပေမယ့် ကိုမောင့်အကြောင်းကို ကလျာ ဘာဆိုဘာမှ မသိဘူးလေ"

"ကလျာရယ် ဘာမှစိတ်မပူပါနဲ့၊ ကိုမောင် ဒီအရွယ်ထိ ချစ်သူဆိုတာ မထားခဲ့ဖူးဘူး၊ ရှုပ်ရှုပ်ယှက်ယှက် ဘာမှ မရှိဘူး ကလျာ၊ ကလျာတစ်ယောက်တည်းကိုပဲ ချစ်ခဲ့ဖူးတာ တစ်သက်လုံးအတွက် လက်တွဲသွားချင်တာပါ။ ကိုမောင့်ကို ယုံပါ၊ ဒါမှမဟုတ် ကလျာ့ကို ချက်ချင်းလက်ထပ်ယူမယ်ဆိုရင်ကော"

"ကလျာလည်း ကိုမောင့်လိုပဲ အတူတူ နေချင်ပါပြီ၊ ဒါပေမဲ့ ဖေဖေက ရှိသေးတယ်၊ ဖေဖေ့သဘောထားကို မေးပါဦးမယ်"

"ဦးက ကိုမောင့်ကို သဘောမတူဘူး ဆိုရင်ကော"

တိုးမောင် စိတ်ပူပန်ခဲ့ပေမယ့်လည်း ဦးလင်းအောင်သည် အပွေးမြင်အပင်သိကာ သဘောတူညီခဲ့သည်။ ထိုသောအခါဝယ် တိုးမောင်သည်လည်းကောင်း ကလျာသည်လည်းကောင်း ပျော်ရွှင်မဆုံး တပြုံးပြုံး။ မိဘများ မရှိတော့သော်လည်း ဦးလေး



www.burmeseclassic.com

www.burmeseclassic.com

တစ်ယောက်တော့ ရှိသေးသည်။ သို့သော် တိုးမောင်၏ ဦးလေးသည် ဟိုးအဝေးကြီးမှာ နေသည်မို့ မင်္ဂလာကိစ္စ သူ့အား အကြောင်းကြားရပေဦးမည်။

ကံကောင်းချင်တော့ ဦးလေးကို ဆက်သွယ်၍ရသွားသည်။ မင်္ဂလာပွဲသို့ ရက်ကြိုပြီး အရောက်လာမည်ဟုလည်း ပြန်ကြားစာရသည်။ သို့နှင့်ပင် မင်္ဂလာပွဲအတွက် လိုအပ်သည်များကို စီစဉ်ဆောင်ရွက်ကြသည်။

တစ်နေ့ မင်္ဂလာပွဲအတွက် အဝတ်အစားများနှင့် လိုအပ်သည်များကို တိုးမောင်နှင့် ကလျာတို့ အနီးဆုံးမြို့ကြီးသို့တက်၍ ဝယ်ယူကြသည်။

ပြန်လာသောအခါဝယ် ဝယ်လာသည့် ပစ္စည်းများကို ကြည့်နေစဉ် ခင်မနှင့် ကိုဆန်းဦးတို့လည်း ရောက်လာပြီး ကြည့်သည်။

"ဝယ်လာတဲ့ ပစ္စည်းတွေကလည်း စုံနေတာပဲ၊ ကိုတိုးမောင်ဝတ်မဲ့ အဝတ်အစားရော ညီမလေးဝတ်မှာပါ လှတယ်။ ဒါပေမဲ့ ညီမလေးဝတ်မဲ့အကျႌနဲ့ ညဆို ပန်းရောင်ကြိုးကြိုးချိတ်ထမီက အံမလိုက်ဘူး အပြာရင့်ကြိုးကြိုးချိတ်မှ ပိုလိုက်မယ်ထင်တယ်"

ခင်မက ထိုသို့ ဝေဖန်လိုက်သည်။

"ကိုမောင် မပြောဘူးလား ကလျာက ပန်းရောင်ကြိုက်နေတာကိုး၊ ဒီလိုလုပ်မယ် မနက်ဖြန် ကိုမောင် တစ်ခေါက်သွားပြီး အပြာရင့်ရောင် တစ်ထည်ထပ်ဝယ်လိုက်မယ်"

"ကိုမောင်ကလည်း အလကား ပိုက်ဆံ ကုန်အောင်"

"ဘာဖြစ်လဲ တစ်သက်မှ တစ်ခါကုန်တာ ကိုယ့်ဇနီးချောလေး လှဖို့အတွက် ကုန်ချင်သလောက် ကုန်ပစေသွားဝယ်မယ်"

သို့နှင့်ပင် နောက်တစ်နေ့၌ ဆိုင်ကယ်ဖြင့် ထမီထပ်ဝယ်ရန် တိုးမောင် ထွက်ဖို့ပြင်သည်။ နေ့ချင်းပြန် သွားနေကြခရီး။

"ကိုမောင် စောစောပြန်လာနော် ကလျာ မျှော်နေမယ်"

"စိတ်ချပါ ကလျာရယ်၊ ကိုမောင်တို့ ဖိတ်စာဝေဖို့ အစီအစဉ်တွေ လုပ်ရဦးမှာဆိုတော့ စောပြန်မှ ဖြစ်မှာပေါ့"

"တားမရလို့ လွှတ်လိုက်ရပေမဲ့ ကလျာက ကိုမောင်တစ်ယောက်တည်းဆိုတော့ စိတ်မချဘူး၊ မြို့ကြီးသူတွေက ချောတယ်"

"စိတ်ချစမ်းပါဗျာ၊ မနက်ဖြန်သဘက်ခါဆိုသလို မင်္ဂလာဆောင်တော့မယ့် သတို့သားကိုများ စိတ်ပူရတယ်လို့၊ ဘာလဲ ကလျာက သဝန်တိုတာလား"

ကလျာသည် ချစ်စဖွယ် မျက်စောင်းထိုးကာ ခေါင်းညိတ်လိုက်သည်။

"သဝန်တိုတာ ချစ်လို့"

တိုးမောင်သည် ကလျာ၏ လက်ကို ဖျစ်ညှစ်ကာ ထိုနေရာမှ ထွက်သွားခဲ့သည်။

***

အပြန်လမ်းတွင် လိုချင်သော ထမီကို ရလာသဖြင့် ပီတိဖြစ်ကာ ဆိုင်ကယ်စီးရင်း အပြင်းနှင်လာသည်။

မကြာမီ ခရီးတစ်ဝက်ကျိုးလာသည်။ ကလျာနှင့် သူ၏ အကြောင်းတွေးတောပျော်ရွှင်လာသည့် တိုးမောင် ကွေ့တစ်ခုမှ အချိုးတစ်ဖက်မှလာသည့် ဘုန်ဆင်ကားကြီးကို တွေ့လိုက်သည်။ တစ်ခဏ ဆိုင်ကယ်ကို ဘေးသို့ ကမန်းကတမ်း ကွေ့ချလိုက်ရာ ကားကို ပွတ်ကပ်၍ လွတ်သွားသော်လည်း ဆိုင်ကယ်ဦးတည်ရာသည်ကား ကြီးမားသော သစ်ပင်ကြီးသို့။

တိုးမောင် ဆိုင်ကယ်ပေါ်မှ လွင့်စင်ကျသွားသည်။ သတိပြန်အရတွင် ထမီထုပ်လေးကို ကောက်ကိုင်ရင်းအားယူပြီး ထမည်အပြု လဲကျသွားရာ ဘာဆို ဘာမှ မသိတော့ပေ။

"သမီးရယ် ဒီလောက်လည်း စိတ်ပူမနေနဲ့ မောင်တိုးမောင် ပြန်လာမှာပေါ့၊ လာ အိမ်ထဲဝင်နေ"

"ဟုတ်သားပဲ ညီမ တိုးမောင် ဒီခရီးသွားနေကြ ဘာစိတ်ပူနေလဲ ဗိုက်မဆာဘူးလား ထမင်းသွားစားထားလေ"

"မဆာပါဘူး ကိုဆန်းဦး၊ ကလျာတော့ အစ်ကို့ညီ ပြန်ရောက်မှပဲ စိတ်အေးမှာ ထမင်းလည်း စားဝင်မှာမဟုတ်ဘူး"

သမီးကို ပြောမရသဖြင့် ဦးလင်းအောင်သည် ခြံပေါက်ဝမှ အိမ်ထဲသို့ ဝင်သွားသည်။ ကလျာ၏ ပူပင်သောကကို တွေ့မြင်ရသည့် ခင်မသည် သက်ပြင်းမောကို ချလိုက်သည်။

နောက်ဆုံးအချိန်ကုန်သည်ထိ ပေါ်မလာတော့လည်း ကလျာသည် လက်လျော့ပြီး အိပ်ခန်းထဲ ဝင်သွားသည်။ ခေါ်သံကြားရနိုး အော်သံကြားရနိုးနှင့် ကလျာ စောင့်စားရင်း အိပ်ပျော်သွားသည်။

***

www.burmeseclassic.com

"ဟင် ကိုမောင် ဘာလို့ အပေါက်ဝမှာ ရပ်နေတာလဲ အိမ်ထဲဝင်လေ"

ခြံပေါက်ဝတွင် မတ်တတ်ရပ်ပြီး သူ့အား ကြည့်နေသည့် တိုးမောင်ကို တွေ့သဖြင့် ဝမ်းသာအားရ ထွက်တွေ့ပြီး မေးလိုက်သည်။ တိုးမောင် ကလျာကို တွေ့တော့ ဖျော့တော့စွာ ပြုံးသည်။

"လာလေ ကိုမောင် ဘာဖြစ်နေတာလဲ၊ ဆိုင်ကယ်ရော"

တိုးမောင် ခေါင်းကို ညင်သာစွာ ရမ်းလိုက်သည်။

"ကိုမောင့်ကို ခြံစောင့်နတ်က အိမ်ထဲ အဝင်မခံဘူး ကလျာ"

"မဟုတ်တာပဲ ကိုမောင်ရယ်၊ ဘာတွေလျှောက်ပြောနေတာလဲ လာပါ"

"ကိုမောင် လာချင်တာပေါ့ ကလျာ၊ ဒါပေမဲ့ ဝင်လို့မရဘူး၊ ကိုမောင်လေ ကလျာ့အတွက် ဒီမှာ ထမီဝယ်လာပြီ ရော့ ယူလိုက်"

ကလျာသည် တိုးမောင်၏စကားကို နားမလည်သော်လည်း ယူလိုက်ဆိုသည်နှင့် အထုပ်ကိုလှမ်းယူလိုက်သည်။ ထိုစဉ်မှာပင် တိုးမောင် ပျောက်သွား၏။ အထုပ်လည်း ယူ၍မရလိုက်ပေ။

"ကိုမောင် ကိုမောင်"

ကလျာ အိပ်ရာမှ လူးလဲထလိုက်သည်။ တိုးမောင် ပြန်မလာသဖြင့် အိပ်မက် မက်နေခြင်းပါလား။ ဘုရား ဘုရား အိပ်မက်က မကောင်းဘူး ခြံစောင့်နတ်က အိမ်ထဲ ဝင်ခွင့်မပေးဘူးဆိုတော့ တိုးမောင်သည် လူသားစစ်စစ် မဟုတ်၍များလား ဒါဆိုလျှင်။

ကလျာ အိပ်ရာပေါ်မှ လူးလဲထပြီး အိမ်ရှေ့သို့ ထွက်လိုက်၏။ မိုးသည် စင်စင်လင်းလျက်ရှိပြီး ဧည့်ခန်းတွင် ရဲအရာရှိတစ်ဦးနှင့် ဦးလင်းအောင် စကားပြောနေသည်ကို တွေ့ရ၏။

"ကျွန်တော်လည်း စိတ်မကောင်းပါဘူး ဦး၊ ဦးရဲ့သမီးနဲ့ ကိုတိုးမောင်နဲ့က သဘက်ခါဆို မင်္ဂလာဆောင်မယ်ဆိုတာလည်း ကျွန်တော် ကြားပါတယ်"

"အေးကွယ် သတ္တဝါတစ်ခု ကံတစ်ခုကိုး၊ သင်္ခါရတရားဆိုတာကလည်း မှန်းဆလို့ မရနိုင်ဘူး၊ ဒါဆို မောင်တိုးမောင်ရဲ့ အလောင်းကရော"

"ကိုတိုးမောင် အလောင်းက အခင်းဖြစ်တဲ့ နေရာနဲ့ အနီးဆုံး ကျေးလက်ကျန်းမာရေးဌာနမှာပါ၊ အဲဒီက အပိုင်ရဲ့စခန်းက သတင်းပို့လို့ ကျွန်တော် ခုလို လာအကြောင်းကြားတာပါ"

"မောင်တိုးမောင်က မင်္ဂလာပွဲအတွက်လိုတဲ့ ပစ္စည်းထပ်သွားဝယ်ရင်း ခုလိုဖြစ်သွားတာပါကွယ်၊ သမီးလေးသိရင်တော့ ရင်ကျိုးမှာ ဆိုင်ကယ်နဲ့ သစ်ပင်နဲ့မှ ဝင်တိုက်ရတယ်လို့ကွယ်"

နားထောင်ရင်း မျက်လုံးပြူးသထက် ပြူးလာသည့် ကလျာသည် နောက်ဆုံးတော့ အရှပ်ကြိုးပြတ် လဲကျသွားပါလေတော့၏။

သည်လိုနှင့် ကလျာကို ဆေးရုံသို့ ပို့ရသည်။ တာဝန်ကျ ဆရာဝန်က ဂရုတစိုက် ပြုစုကုသပေးသဖြင့် ကလျာသည် စိုးရိမ်ရသည့် အဆင့်ကွင် မရှိတော့။ သို့သော် နှလုံးအရမ်းအားနည်းနေသဖြင့် ဆေးရုံတွင် ဆက်လက်၍ ကုသမှုခံယူရပေဦးမည်။

"ကျွန်တော့်တူလေးအဖြစ်က ဆိုးလိုက်တာဗျာ၊ ကျွန်တော့်ကိုတောင် သူမတွေ့သွားရဘူး၊ ဒီကလေး ငယ်ငယ်လေးကတည်းက အစွဲအလန်း သိပ်ကြီးတာ၊ မိဘတွေ ဆုံးသွားကတည်းက ကျွန်တော့်လက်ပေါ်ကြီးလာတာဗျ"

"အေးဗျာ ဦးခင်ဇော်၊ ကျွန်တော်လည်း ဒီကောင့်ကို တူလိုသားလို ဖြစ်နေတော့ ခံစားရပါတယ်၊ သူ့ဘက်က လူကြီးသူမတွေ ပါမလာသေးဘဲနဲ့ ကျွန်တော် သူ့တစ်မျက်နှာနဲ့တင် သမီးနဲ့ သဘောတူခဲ့တာပါ"

"မောင်တိုးမောင်တော့ ခင်ဗျားသမီးလေးရယ်၊ မင်္ဂလာပွဲရယ် ကြိုးကြိုးချိတ် ထမီအပြာရောင်ရယ်ကို စွဲနေမှာ သေချာတယ်"

"ဩော် ဦးခင်ဇော် ကျွန်တော့်သမီးလေးရှိတဲ့ဆေးရုံကို သွားလိုက်ဦးမယ်"

"ကျွန်တော် လိုက်ခဲ့မယ်လေဗျာ"

"ဒီနေ့မှ ရောက်တယ်၊ နားနားနေနေ နေပါဦးဗျာ၊ အင်း ခင်ဗျားတူတော်မောင် မင်္ဂလာပွဲကို လာပေမယ့် အခုတော့ အသုဘ ရက်လည်ဆွမ်းသွတ်ကို လာသလို ဖြစ်သွားတာပေါ့၊ တနင်္လာနေ့ ရက်လည်လုပ်မယ်"

ဦးခင်ဇော်ငည် တူဆိုသော်လည်း သားပမာဖြစ်နေသည့် မောင်တိုးမောင်၏ အဖြစ်ကို တွေးကာ သနားဂရုဏာသက်ပြီး မျက်ရည်များရစ်ဝဲကာ ကျန်ခဲ့သည်။

**

"ဟင် ကိုမောင် ကိုမောင် လိုက်လာတယ်"

ဆေးရုံပေါ်တွင် ခုတင်ထက် လဲ



www.burmeseclassic.com

www.burmeseclassic.com

လှောင်းနေသော ကလျာသည် သူမ၏ ခုတင်ဘေးတွင် တိုးမောင်ကို တွေ့ လိုက်ရသဖြင့် ဝမ်းနည်းဝမ်းသာ ဖြစ်သွားသည်။ တိုးမောင်သည် ကလျာကို နွမ်းလျစွာပြုံးပြီး ထမီကို လှမ်းပေးပြန်သည်။

"ကိုမောင်ရယ်"

ကလျာသည် ကြေကွဲစွာ မျက်ရည်များကျလာသည်။ ကြိုးကြိုးချိတ်ထမီ အပြာလေးကို သနားစဖွယ် လာပေးနေပါလား။

ကလျာသည် လက်လှမ်း၍ ယူလိုက်သည်။ ထိုသို့ ယူသော်လည်း မရပေ။ ထိုစဉ်တွင် ဆေးရုံတွင်းသို့ ဦးလင်းအောင် ဝင်ရောက်လာသည်။ သမီးအဖြစ်ကို သူ လှမ်းတွေ့သည်။ ကလျာကတော့ ဦးလင်းအောင်ကို မြင်ပုံမတူ။

"သမီး သမီး ဘာတွေလက်လှမ်းနေတာလဲ"

ဦးလင်းအောင်အသံကြား၍ ကလျာ လှမ်းကြည့်လိုက်သည်။

"ဒီမှာ ကိုမောင်လေ ဖေဖေ ကိုမောင် လိုက်လာတယ်"

ဦးလင်းအောင်သည် သမီးပြသည့် နေရာသို့ လှမ်းကြည့်ရာ ဘာမျှမတွေ့ရပေ။ ကလျာသည်လည်း မျက်မှောင်ကြုံ့သွားသည်။ ကိုမောင် ဘယ်ရောက်သွားတာလဲ။

"ကိုမောင် ကိုမောင်"

ကလျာ၏ ခေါ်သံက ဆက်တိုက်ဖြစ်သည်။ သို့သော် ကိုမောင်ကို မတွေ့ အခန်းပတ်ဝန်းကျင်အနှံ့ မျက်လုံးကို ဖြန့်ကျက်ကြည့်ပါသော်လည်း မတွေ့ရပေ။ ဦးလင်းအောင်သည် မျက်နှာပျက်ပြီး စိတ်ဆင်းရဲသွားသည်။

"ကိုမောင် ဘယ်ရောက်သွားလဲ မသိဘူး ဖေဖေ"

"ဒီမှာ ကိုမောင် ဖေဖေ ကိုမောင် လိုက်လာတယ်"

သမီးငယ်၏လက်ကို အသာဆုပ်ကိုင်ပြီး ဦးလင်းအောင်က ပြောရှာသည်။

"သမီး စိတ်ထင်လို့နေမှာပါကွယ်၊ မောင်တိုးမောင်က ဘဝခြားသွားပြီ သမီးရဲ့၊ ဖေဖေတို့ဆီကို လာလို့ မရတော့ပါဘူး"

"ဟာ ဖေဖေကလည်း လာပါတယ်၊ လာတာမှ လက်ထဲမှာ ကြိုးကြိုးချိတ်အပြာထမီထုပ်တောင် ကိုင်လာသေးတယ်၊ သမီးကို လာပေးနေတာ"

ဦးလင်းအောင်၏ မျက်နှာမှာ ပို၍ပို၍ပင် ပျက်လာသည်။ မောင်တိုးမောင်နှင့် ကလျာတို့နှစ်ယောက်၏ ချစ်ခင်မှု သံယောဇဉ်၊ မင်္ဂလာပွဲတွင် ကလျာ ဝတ်ဖို့ သွားဝယ်သည့် ကြိုးကြိုးချိတ်ထမီ အပြာရောင်၊ ငယ်စဉ်ကတည်းက အစွဲအလန်း သိပ်ကြီးတတ်သည် ဆိုသည့် မောင်တိုးမောင်။

"မဖြစ်နိုင်ပါဘူး သမီး၊ အရေးကြီးတာက သမီး နေကောင်းအောင်ကြိုးစား ဆေးရုံက မြန်မြန်ဆင်းနိုင်မှ သမီးချစ်တဲ့ မောင်တိုးမောင်အတွက် ကုသိုလ်ကောင်းမှု များများလုပ်ပေးနိုင်မှာ သမီးရဲ့"

ဖခင်၏စကားကို နားထောင်ပြီး ကလျာသည် မျက်ရည်များကျလာသည်။ ထို့နောက် ရှိုက်ကြီးတငင် ငိုချလိုက်သည်။

***

"ဟင် လူတွေ လူတွေ လာနေကြပါလား၊ တို့ မင်္ဂလာဆောင်ကိုလာတာနဲ့ တူတယ်၊ သူတို့ ဝတ်လာတာကလည်း မင်္ဂလာဆောင်လာတဲ့ ပုံစံနဲ့လည်း မတူဘူး၊ မင်္ဂလာဆောင်မဲ့ ငါက ကလျာ အတွက် ကြိုးကြိုးချိတ်ထမီ ခုထိမပေးရသေးဘူး"

တိုးမောင်သည် ကြိုးကြိုးချိတ် အပြာ ထမီအထုပ်လေးကိုင်ပြီး ခြံပေါက်ဝမှကြည့်ကာ တွေးနေမိခြင်းဖြစ်သည်။ ထိုစဉ် သံဃာတော်ငါးပါး ကြွလာသည်ကို တွေ့လိုက်ရ၏။

"သံဃာတော်တွေ ကြွလာပါလား"

ထိုစဉ် လုပ်ဖော်ကိုင်ဘက်သူငယ်ချင်း စိုးသန်းနှင့် အခြားလူတစ်ယောက် လျှောက်လာသည်ကို တွေ့ရသည်။ သူတို့လည်း မင်္ဂလာပွဲသို့ လာသည်နှင့် တူသည်။

"တိုးမောင်ကြီး သနားပါတယ်ကွာ သတို့သမီးအတွက် ကြိုးကြိုးချိတ်ထမီ အပြာ သွားဝယ်ရင်းက ဆိုင်ကယ်တိုက်ပြီး ဆုံးသွားတာကွ၊ တကယ်ဆို ဒီနေ့ သူတို့ မင်္ဂဆောင်မဲ့နေ့ ခုတော့ ရက်လည်ဆွမ်းသွတ်တဲ့နေ့ ဖြစ်သွားတယ်ကွာ"

တိုးမောင်သည် ဖြစ်ရပ်မှန်ကို သဘောပေါက်သိနားလည်သွားသည်။ သူသည် လက်ထဲရှိ ကြိုးကြိုးချိတ်အပြာထမီထုပ်လေးကို ငေးကြည့်လိုက်သည်။ တိုးမောင်သည် ယူကြုံးမရခြင်းများစွာဖြင့်. . .

**တာတေကြီး**



www.burmeseclassic.com

www.burmeseclassic.com


ProfessorDr. ဦးစံတင်အောင်(ရွှေဘို)၏တပည့်

# ဒေါက်တာကျော်လွင် (လက္ခဏာပညာပါရဂူ)

## Ph.D (Palmistry) (Kol-India)

▶▶ လက္ခဏာပညာဟောပြောမှု

သင့်လက်ဖဝါးအစုံကို စက္ကန့်ပိုင်းမျှ ဆရာထံမှာပြကြည့်ပါ သင့်ဘဝအတွက် ဆိုးကျိုးများကို ရှောင်ဖျက်၍ ကောင်းကျိုးများကိုဆောင်ရွက်ခွင့်ရရှိစေပါမည်။ လက္ခဏာလာကြည့်သူများအား ဆရာ ဟောပြောမှုနှင့် ဆွေးနွေးမှုအားလုံး (ချက်ချင်း) VCD ခွေသွင်း၍ ပေးပါမည်။ လက္ခဏာအကြောင်း သိကောင်းစရာ အနာဂတ် ပြတင်းပေါက် VCD ခွေလက်ဆောင်ပေးပါမည်။

▶▶ ပါရဂူမြောက် လက္ခဏာပညာ (ကျွမ်းကျင်မှု) အတတ်သင်တန်း

ကျွမ်းကျင်၍ ပြန်လည်ဟောပြောနိုင်သည့်အထိ တာဝန်ယူသင်ကြားပေးမည်။

ကလေးအမည်၊ ဆိုင်အမည်၊ ကုမ္ပဏီအမည်၊ လုပ်ငန်းအမည်၊ ဗွဲ့စိတ်မီးဖွားရက်၊ နေကောင်းရက်မြတ် မင်္ဂလာအခါ ရွေးချယ်ပေးသည်။

တိုက်အိမ်၊ ခြံမြေ၊ ယာဉ်၊ ကား ရောင်းထွက်ရန် ဆောင်ရွက်ပေးပါသည်။ ဆရာကိုယ်တိုင် သတ်မှတ်ပေးသော ရက်အတွင်း ရောင်းထွက်ပြီးမှ ဥာဏ်ပူဇော်ခ ပေးရပါမည်။

### လက္ခဏာ ဟောခန်းနှင့် ဟောပြောချိန်

ဟောခန်း (၁) - တိုက် (၂)၊ အခန်း (၁၀၅)၊ ပထမထပ်၊ ပါရမီအိမ်ရာ၊ ပါရမီလမ်း၊ (၁၆)ရပ်ကွက်၊ (ရန်ကုန်အင်းစိန်လမ်းနှင့် ပါရမီလမ်းထောင့်)၊ လှိုင်မြို့နယ်၊ ရန်ကုန်။ "စိန်ဝေဟာ" ကုန်တိုက်အနီး။

ဟောပြောချိန် - နံနက် (၈း၀၀)နာရီမှ နေ့လည် (၁း၀၀)နာရီအထိ

• • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • •

ဟောခန်း (၂) - အခန်း (၆)၊ အဆောင် (၁၁)၊ မြောက်ဘက်မုခ်၊ မဟာဝိဇယစေတီတော်၊ ရန်ကုန်။

ဟောပြောချိန် - နေ့လည် (၂း၀၀)နာရီမှ ည (၇း၀၀)နာရီအထိ (လပြည့်လကွယ်နေ့တိုင်းပိတ်သည်)

စုံစမ်းရန်နှင့် စာရင်းပေးသွင်းရန် 09-450025482, 01-522250 Ext : 364

ဒေါက်တာကျော်လွင် (လက္ခဏာပညာပါရဂူ)၏ ညီ

# ဆရာသိန်းဌေး(ပါရဂူမြောက်လက္ခဏာပညာရှင်)

## Expertise Palmist (Y.G .N)

▶▶ ဟောပြောမှု - သင့်လက်ဖဝါးအစုံကိုကြည့်၍ သင့်ဘဝအခက်အခဲအားလုံးဖြေရှင်းပေးမည်။

▶▶ ဟောပြောချိန် - ရုံးဖွင့်ရက်တိုင်း ညနေ (၄း၀၀) နာရီမှ (၇း၀၀) နာရီ
ရုံးပိတ်ရက်တိုင်း နံနက် (၇း၀၀) နာရီမှ ညနေ (၉း၀၀) နာရီ

▶▶ လိပ်စာ - တိုက်(၃၃)၊ အခန်း(၄) စံပယ်(၅)ရိပ်သာ၊ နေပြည်တော်။ 09-31181283


www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com



# ကုန်မွှေဝေလာ

## မေတ္တာရှင်

**ယခင်လမှအဆက်**

မိန်းကလေးနှင့် ခွဲခွာရမည်ဆိုသော အခါတွင်လည်း စိတ်တုန်လှုပ်ခဲ့ဖူးပြီ။ မာလီကြီးမရှိတော့ကြောင်း သိရသော အခါတွင်လည်း စိတ်တုန်လှုပ်ခဲ့ဖူးပြီ။ ယခုလည်း ရှုံးနေသော သစ်စက် လုပ်ငန်းကို ဦးစီးပြီး တိုးတက်အောင် လုပ်ရမည့်ကိစ္စကိုလည်း စိတ်တုန်လှုပ်နေ၏။

ကျွန်ုပ်သည် စိတ်ကို တုန်လှုပ်မှု မရှိအောင် ထိန်းရပေမည်။ စိတ်တုန် လှုပ်နေပါက အမှားအယွင်းများနှင့် ကြုံ တွေ့၏။ အောင်မြင်မှုကို မရရှိတတ်ပေ။ စိတ်ကို တည်တည်ငြိမ်ငြိမ်ထား၍ လုပ် သင့်လုပ်ထိုက်တာကို လုပ်ဆောင်သွား ရန် ကျွန်ုပ်ဆုံးဖြတ်ချက်ချလိုက်၏။

ကျွန်ုပ်သည် စာတစ်ကြောင်းဖတ် တိုင်း ဆယ်ခေါက်မျှရွတ်၏။

ဆရာသခင်၏ အဆိုအမိန့် ခုနစ်ခု ကို ဖတ်ပြီးသောအခါ ထပ်မံ၍ အကြိမ် ကြိမ်အခါခါ ရွတ်ဆိုနေလေ၏။ မန္တန် တစ်ခုရွတ်သလိုရွတ်၏။ ပုတီးစိပ်သလို ရွတ်၏။

ဤသည်မှာ မာလီကြီးက မန္တန် ရွတ်နိုင်းခဲ့ခြင်း၏ အကျိုးဖြစ်လေ၏။

ကြာသောအခါ ဆရာသခင်ပေး လိုက်သော စာအုပ်ထဲက အချက်ခုနစ် ချက် (စာကြောင်းခုနစ်ကြောင်း) လုံး သည် ကျွန်ုပ်၏ရင်ထဲ၌ သံမှိုစွဲထား သကဲ့သို့ စွဲမြဲနိုင်မာနေတော့၏။

ကျွန်ုပ်၏ကိစ္စနှင့် ကျွန်ုပ် "ဘရေးချ ဘာ" ကို အကြိမ်အရေအတွက်အခေါက် ပေါင်းမည်မျှရွတ်နေခဲ့သည်ကိုပင် မမှတ် မိ၊ အချိန်တွေမည်မျှကုန်သွားသည်ကို ပင်မသိတော့ဘဲ စိတ်ကျေနပ်အောင် ရွတ်လေပြီ။ ကျွန်ုပ်လည်း နောက်ထပ် ဘာမျှမတွေးတော့ဘဲ အိပ်စက်လိုက် လေ၏။

(၅)

ကျွန်ုပ်သည် နေမြင့်မှ နိုးလာခဲ့၏။

ညက ညဉ့်အတော်နက်မှ အိပ် စက်ခဲ့ရသောကြောင့်ဖြစ်၏။ ဒီမနက်မှာ ကျွန်ုပ်အဖို့ သစ်စက်သို့သွားရမည်ဖြစ် ၏။ သစ်စက်လုပ်ငန်းကို ဦးစီးလုပ်ကိုင် မှာဖြစ်၏။ ကျွန်ုပ်သည် မျက်နှာသစ်ရန် အတွက် ရေချိုးခန်းဆီသို့သွား၏။ ရေချိုး ခန်းအတွင်းသို့ ဝင်လိုက်သောအခါ လိပ် ပြာတစ်ကောင်သည် ရေချိုးခန်းထဲ၌ လှုပ်ရှားပျံသန်းနေသည်ကို တွေ့ရ၏။ ယနေ့ကိစ္စကို နိမိတ်ကောက်ကြည့်လိုက်

www.burmeseclassic.com

ထိုလိပ်ပြာကို ငေးမောကြည့်နေမိ၏။ လိပ်ပြာသည် ပျံသန်းလိုက် ရေချိုးခန်း နံရံ၌ နားလိုက်ရှိနေ၏။

ကျွန်ုပ်သည် လိပ်ပြာကိုကြည့်နေရာမှ ရေချိုးခန်းနံရံမှ ထူးခြားမှုတစ်ခုကို တွေ့ရှိလိုက်ရလေ၏။ ထိုထူးခြားချက်မှာ အခြားမဟုတ်ပေ။အိမ်မြှောင်တစ်ကောင် ဖြစ်လေ၏။ ယင်းအိမ်မြှောင်မှာ လှုပ်ရှားခြင်းမရှိပေ။ အမြီးပင်မလှုပ်ပေ။ အသက်မရှိသကဲ့သို့ ငြိမ်သက်နေ၏။ သို့သော်လည်း မျက်လုံးနှစ်လုံးကတော့ ပြူးနေသည်။ အိမ်မြှောင်၏ မျက်လုံးများ ကြည့်ရာနေရာကို လေ့လာကြည့်သော အခါ လိပ်ပြာထံသို့ဖြစ်လေ၏။

အိမ်မြှောင်သည် သူ၏အစာဖြစ်သော လိပ်ပြာကို စောင့်ချောင်းနေခြင်း ဖြစ်၏။

လိပ်ပြာပျံသလို သူမပျံနိုင်ပါ။ လိပ်ပြာကို သူပျံပြီး မဖမ်းနိုင်ပါ။ သူက နံရံပေါ်မှာသာ တွယ်ကပ်ပြေးလွှားနိုင်သည်။ နံရံမှာ လိပ်ပြာနားသည်ကို သူ၏စိတ်ရှည်ရှည်ဖြင့် စောင့်သည်။ ငွဲကောင်းကောင်းဖြင့်စောင့်သည်။ သူလှုပ်ရှားနေသည်ကို လိပ်ပြာကမြင်လျှင် အန္တရာယ်ရှိမှန်းသိ၍ နံရံမှာ နားတော့မည်မဟုတ်ပေ။ ထိုအခါ သူစားရမည့် အစာ လွတ်သွားမည်။ ထို့ကြောင့် ငြိမ်သက်စွာ အစာကို ချောင်းနေသည်။

ဘာဖြစ်ဦးမလဲဆိုသည်ကို မျက်နှာမသစ်ဘဲ ကျွန်ုပ်စောင့်ကြည့်နေ၏။

သိပ်မကြာလှသော အချိန်အတွင်းမှာ လိပ်ပြာသည် အိမ်မြှောင်ကပ်နေရာ အနီးနံရံ၌ နား၏။ ထိုအခါမှ အိမ်မြှောင်သည် လျှပ်တစ်ပြက်လှုပ်ရှားလိုက်၏။ လိပ်ပြာသည် အိမ်မြှောင်၏ ပါးစပ်ထဲသို့ရောက်သွား၏။ မကြာမီ လိပ်ပြာတစ်ကောင်လုံးကို မျိုချလိုက်သည်။

ထိုအဖြစ်အပျက်ကို မြင်ရပြီးနောက် ကျွန်ုပ်၏ ခေါင်းထဲသို့ အကြံတစ်ခုပေါ်လာလေ၏။

ယခုပွဲစဉ်၌ သစ်စက်လုပ်ငန်း၏ အခြေအနေအရပ်ရပ်ကို လေ့လာစူးစမ်းရမည်ဖြစ်၏။ သစ်စက်လုပ်ငန်း အရှုံးပေါ်ရခြင်းအကြောင်းကို အဖြေထုတ်ရမည်ဖြစ်၏။ သစ်စက်မှာ လုပ်ကိုင်နေကြသူတို့၏ တစ်ဦးချင်းစိတ်နေသဘောထားကိုလည်း သိအောင်ပြုလုပ်ရမည်ဖြစ်၏။

ကျွန်ုပ်သည် ပေါ်ပေါ်ထင်ထင် သစ်စက်ပိုင်ရှင်အဖြစ်နှင့် သွားမည်ဆိုပါက လျှို့ဝှက်ချက်များကို သိနိုင်မည်မဟုတ်ပေ။ မည်သူမျှလည်း ကျွန်ုပ်ကို ပြောပြကြမည် မဟုတ်ပေ။ အားလုံး ဖုံးကွယ်ထားကြမည်ဖြစ်၏။

ကျွန်ုပ်သည် သားကောင်ကိုချောင်းနေသော အိမ်မြှောင်ကဲ့သို့ ကျင့်ရပေမည်။

အိမ်မြှောင်သည် သားကောင်က မရိပ်မိအောင် ငြိမ်သက်စွာဖြင့် နေပြီး ဖမ်းယူ၏။ အကယ်၍ အိမ်မြှောင်သည် အစာကို အငမ်းမရလိုက်လံဖမ်းဆီးနေပါက လိပ်ပြာသည် အန္တရာယ်ကို သိမြင်ပြီး ရှောင်သွားလိမ့်မည်။ အစာကို ရရှိနိုင်မည်မဟုတ်ပေ။

ကျွန်ုပ်သည်လည်း အိမ်မြှောင်၏ နည်းအတိုင်း ကျင့်ကာ သားကောင် မသိအောင်လုပ်ရပေမည်။ တစ်ဖက်က လုပ်ရပ်ရိပ်မိပြီး တန့်မသွားမှဖြစ်မည်။

ကျွန်ုပ် ဘာလုပ်သင့်သည်ကို လိပ်ပြာနှင့် အိမ်မြှောင်က သရုပ်ဆောင်ပြသွားလေပြီ။ ကျွန်ုပ်၏ စိတ်သည် အထူးကြည်လင်သွားလေ၏။

ဆရာသခင်၏ စတန်းများက ကျွန်ုပ်ကိုလမ်းညွှန်ချက်ပေးပြီး ဖြစ်သည့်အပြင် အိမ်မြှောင်နှင့် လိပ်ပြာတို့၏ နိမိတ်ပြချက်ကိုပါရပြီးဖြစ်၍ ရှေ့ဆက်လုပ်ရမည့် အလုပ်အတွက် စိုးရိမ်ပူပန်မှုတို့ လျော့ပါးသွားလေ၏။

ကျွန်ုပ်သွားတိုက်သည်။ မျက်နှာသစ်သည်။ ရေချိုးခန်းမှ ပြန်ထွက်လာခဲ့သည်။

"ဗညား သစ်စက်ကို ဒီမနက်သွားမယ်ဆို၊ နေတောင်အတော်မြင့်နေပြီ။ သစ်စက်မှာ စားဖို့တွေလည်း အဆင်သင့်ထည့်ထားပြီးပြီ"

မိန်းကလေးက ဆီးကြိုပြောလေ၏။

"ဒီမနက်သွားမယ့် အစီအစဉ်ကို ဖျက်လိုက်တော့၊ ညနေစောင်းမှ သွားမယ်။ ကိုယ့်အတွက် ခပ်စုတ်စုတ်၊ ခပ်နွမ်းနွမ်းအဝတ်တစ်စုံကို ရှာထား"

"ညနေစောင်းမှ သွားတော့ သစ်စက်ရောက်ရင် မိုးချုပ်နေပြီ။ ဗညား



www.burmeseclassic.com

www.burmeseclassic.com

ဘာအလုပ်မှ လုပ်လို့မရတော့ဘူး။ ရောက်ပြီးတာနဲ့ ပြန်ရုံပဲရှိမှာပေါ့။ အဝတ်အစားကောင်းကောင်းတွေ ရှိရဲ့သားနဲ့ အဝတ်အစား နွမ်းနွမ်းတွေကို ဘာလုပ်မှာလဲ"

မိန်းကလေးက ကျွန်ုပ်၏ အစီအစဉ်ကို မသိသောကြောင့် ပြောလေ၏။

"ကိုယ်ပြောသလိုသာ စီစဉ်ထားပါမိုး"

ကျွန်ုပ်က ထိုသို့ပြောလိုက်သောအခါ မိန်းကလေးမှာ အလိုမကျသော်လည်း ဘာမှမပြောဘဲနေလိုက်၏။

ထို့နောက် နံနက်စာကို စား၏။ ပြီးလျှင် ကျွန်ုပ်၏ စိတ်ကူးနှင့် အကြံအစည်ကို ပြောပြ၏။ မိန်းမသားနှစ်ဦးဖြစ်သော ဒေါ်သူဇာမိုးနှင့် မိန်းကလေးတို့ကမူ ထိုအစီအစဉ်ကို သဘောမတူချင်ကြပေ။ ကျွန်ုပ် ဆင်းရဲပင်ပန်းသည်ကိုလည်း မမြင်တွေ့လိုကြပေ။

ဦးထွန်းလှိုင်ကတော့ ကျွန်ုပ်၏ အစီအစဉ်ကို သဘောကျ၏။

စိတ်ကူးကောင်းပုံကို သဘောကျ၏။

"ငါ့သား ဗညား ဒီလောက်အထိ စိတ်ကူးကောင်းလိမ့်မယ်လို့ အဖေမထင်ဘူး။ ငါ့သားကို အဖေလုံးဝယုံကြည်သွားပြီ။ ငါ့သားလုပ်ရင်လုပ်ငန်းတွေ ပြန်လည်အောင်မြင်မယ်လို့ အဖေသေချာပေါက် တွက်လို့ရတယ်"

ဦးထွန်းလှိုင်က ကျွန်ုပ်ကို ချီးကျူးစကားဆို၏။

ကျွန်ုပ်ကမူ ဘာမှထပ်မပြောတော့ဘဲ လုပ်ရမည့် အစီအစဉ်များကို ခေါင်းထဲအကုန်ထည့်ပြီးနောက် ညက အိပ်ရေးပျက်ထားသည်မို့ ပြန်အိပ်လိုက်လေ၏။

## စာစု (၁၀)

# ကျောက်ခဲတယ်ထူလဲ

ကားတမံစီးက မနေ့သုခသစ်စက်အရှေ့မှာ ရပ်လိုက်၏။

ကားပေါ်မှ ဦးထွန်းလှိုင်နှင့် မေမြမိုးတို့ဆင်းလာ၏။ သူတို့၏အနောက်မှ အဝတ်အစား စုတ်စုတ်နုတ်နုတ်နှင့် ကောင်လေးတစ်ကောင် လိုက်ပါလာခဲ့၏။

ကားသံကြား၍ သစ်စက်ဝင်းထဲမှ လူတစ်ယောက် ထွက်လာခဲ့၏။

"ဆရာတို့ပါလား။ လာမယ်ဆို ကျွန်တော့်ကို အကြောင်းကြားမှပေါ့။ ခါတိုင်းလည်း အကြောင်းကြားနေကျပဲ။ ဆရာတို့စားဖို့ ဘာဖို့ ကျွန်တော်စီစဉ်ထားလို့ရတာပေါ့"

ထိုသူက ဦးထွန်းလှိုင်ကို အလွန်ချိုသောမျက်နှာဖြင့် ပြောလေ၏။

"ရုတ်တရက် အကြောင်းပေါ်လို့ လာခဲ့တာဆိုတော့ ကြိုတင်အကြောင်းမကြားနိုင်ဘူးဖြစ်သွားတယ်။ သစ်စက်က အခြေအနေ ကောင်းရဲ့လား မောင်လှဖေ"

ဦးထွန်းလှိုင်က မေးလိုက်၏။

"အခြေအနေက ဒီအတိုင်းပဲဆရာ၊ တိုးတက်မှုမရှိဘူး။ သစ်အော်ဒါတွေလည်းမလာဘူး။ ဆရာတို့အတွက် စိတ်မကောင်းပါဘူး"

"ဘယ်တတ်နိုင်ပါ့မလဲ မောင်လှဖေရယ်"

စကားတပြောပြောဖြင့် သစ်စက်အတွင်း ဘန်ဂလိုထဲသို့ရောက်လာခဲ့၏။ အားလုံးထိုင်မိကြချိန်မှာ ဦးထွန်းလှိုင်က စကားစတင်ပြောလေ၏။

ဦးမှာ အင်မတန်ချစ်တဲ့ သူငယ်ချင်းရှိတယ်။ သူကတော့ သေသွားတာ ရက်ပိုင်းပဲရှိသေးတယ်။ သူမသေခင် ဦးကိုမှာသွားခဲ့တယ်။ သူ့သားတစ်ယောက်ကိုစောင့်ရှောက်ထားပေးပါတဲ့။ ဦးက တာဝန်ခံထားတယ်။ သူ့ရက်လည်ပြီးတော့ သူ့သားကိုခေါ်ခဲ့တယ်။

ဦးက အေးအေးဆေးဆေးထားပါတယ်။ သူက အလုပ်တစ်ခုခုလုပ်ပါရစေတဲ့။ အခြားအလုပ်တစ်ခုခုကို လုပ်နိုင်ဖို့ဆိုတာကလည်း မဖြစ်ဘူး။ ဒါနဲ့ ဦးရဲ့ သစ်စက်မှာ လုပ်မလားဆိုတော့ လုပ်မယ်၊ ဘာအလုပ်ပဲဖြစ်ဖြစ် လုပ်မယ်ဆိုလို့ မောင်လှဖေဆီ ခေါ်လာခဲ့တယ်။ မောင်လှဖေကြည့်ပြီးတော့ ခိုင်းပေါ့ကွယ်။ ပင်ပင်ပန်းပန်း အလုပ်တွေတော့ တစ်ခုမှမခိုင်းနဲ့။ တောက်တိုမယ်ရလေးတွေ



www.burmeseclassic.com

www.burmeseclassic.com

လောက်ပဲနိုင်းပါ။ ပြီးတော့ သင့်တော်သလို သူနေဖို့ စားဖို့ပါ စီစဉ်ပေးထားလိုက်ပါ"

"ဆရာကလည်း ဘယ်က ကလေကဝကို ခေါ်ထားရတာလဲ။ လူတစ်ယောက်ရဲ့တာဝန်ဟာ ဒီခေတ်ထဲမှာ မလွယ်လှဘူး။ ဆရာတို့လည်း အဆင်ပြေတာမှ မဟုတ်ဘဲ"

ဤသို့ မောင်လှဖေဆိုသူကပြောသောအခါ မေမြမိုးမှာ မခံချင်ဖြစ်သွား၏။ သို့သော် ဘာမျှမပြောဘဲနေလေ၏။

ဘယ်လိုလုပ်မလဲ မောင်လှဖေရဲ့ ဖြစ်သမျှအကြောင်း အကောင်းချည်းပဲပေါ့။

"ဦးပြောတဲ့ ကောင်လေးဆိုတာ ဒီကောင်လေးလား"

"ဟုတ်ပါတယ်"

"ကိုယ့်ဆရာသမားက စီစဉ်တာဆိုတော့လည်း အဆင်ပြေအောင်လုပ်ပေးရတာပေါ့။ ဒါနဲ့ မိုးအိမ်ထောင်ပြုလိုက်ပြီဆို၊ ကျွန်တော်တောင် မသိလိုက်ဘူး။ မြန်းစားကြီး လက်ထပ်လိုက်တော့ ကျွန်တော်တောင် အံ့ဩသွားတယ်"

မောင်လှဖေဆိုသူက မေမြမိုးဘက်လှည့်ကာ ပြောပြန်၏။

"မိုးလည်း အကျယ်မချဲ့ချင်တာနဲ့ ဘုန်းကြီးပဲပင့်ပြီး ဆွမ်းကပ်လိုက်တယ်၊ ဘယ်သူမှတောင် မဖိတ်ဘူး"

"မိုးက လူရာမဝင်တဲ့သူကို လက်ထပ်တာကိုး၊ အများရှေ့ ဘယ်ပွဲထုတ်ရဲပါ့မလဲ။ ဆရာကျော်ကျော်ကဆိုရင်လေ မိုးကိုတန်းတန်းစွဲ၊ ဆရာကျော်ကျော်က စီးပွားရေးသမား မိုးကဆရာကျော်ကျော်ကိုယူသင့်တာ၊ ဘာမဟုတ် ညာမဟုတ်တာနဲ့ယူတာ မိုးအတွက် နမြောလိုက်တာ"

မောင်လှဖေဆိုသူက အတွန့်တက်စကားပြောလေ၏။

"ဒါက မိုးကိစ္စပါ။ ဦးလှဖေနဲ့ မဆိုင်ပါဘူး။ မိုးက ကျော်ကျော်ကိုချစ်လို့မှ မရဘဲ၊ မိုးတို့ပြန်ကြမယ်။ မောင်သွားမှာကြောက်လို့ပါ"

မေမြမိုးက စိတ်ထဲမှာ ဒေါသထွက်နေသော်လည်း ဒေါသကို မျိုသိပ်ကာ စကားကို အဆင်ပြေအောင်ပြောလိုက်လေ၏။ မိုးက ကျွန်ုပ်ကိုလည်း အားနာနေ၏။

"ဟုတ်ကဲ့ပါ။ ကျွန်တော်အကောင်းဆုံးစီစဉ်ပါ့မယ်"

မိုးက ကျွန်ုပ်ကို နောက်ဆံတတင်းတင်းဖြင့်ကြည့်ရင်း ထွက်သွား၏။ ကျွန်ုပ်လည်း မိုးတို့ကားပေါ်တက်စက်မောင်းထွက်သွားသည်အထိ ငေးကြည့်ရင်းကျန်ရစ်၏။

"မင်းကို ငါနေတဲ့ ဘန်ဂလိုမှာ ခေါ့်မထားနိုင်ဘူး။ ဟောဟိုမှာ အလုပ်သမားတန်းလျားရှိတယ်။ အဲ့ဒီမှာ မင်းနေရမယ်။ အလုပ်သမားတွေက အမြဲနေတာမဟုတ်ဘူး။

နောက်ပြီး မင်းကို ငါမှာထား ပြောထားရဦးမယ်။ ဒီသစ်စက်ကိစ္စမှန်သမျှ မင်းဘာမှသိစရာမလိုဘူး။ ဒီ ငါနေတဲ့ ဘန်ဂလိုကိုသည်း မင်းလာစရာမလိုဘူး။ ကိုထွန်းလှိုင်တို့ အေးတဲ့အခါ ငါခေါ်မယ်။ အဲ့ဒီတော့မှလာ။ ကိုထွန်းလှိုင်တို့လာလို့ မင်းကိုမေးရင် ဒီမှာ အလုပ်ကောင်းကောင်း မွန်မွန်နေရ စားရတယ်လို့ ပြောရမယ်ကြားလား။ ငါပြောတဲ့အတိုင်း မပြောဘူးဆိုရင် ငါ့လက်သီးစာမိမယ်။

ဦးထွန်းလှိုင်တို့ ပြန်သွားသည်နှင့် မန်နေဂျာ လှဖေသည် သူ၏ဇာတိသရုပ်ကို အစွယ်ထုတ်ပြလေ၏။ ကျွန်ုပ်ကလည်း ခေါင်းညိတ်လိုက်၏။ ထိုစဉ် သစ်စက်အလုပ်သမားတစ်ယောက် စက်ရုံထဲဝင်လာခဲ့၏။ ထမင်းချိုင့်လည်းပါ၏။

"ကိုကျော်စွာ ဟောဒီကောင်လေးကို ကိုကျော်စွာတို့နားနေတဲ့ အလုပ်သမားတန်းလျားကို ခေါ်သွား။ သူထမင်းမစားရသေးဘူး။ ကိုကျော်စွာတို့မှာပါလာတဲ့ထမင်း နည်းနည်းပါးပါး ကျွေးလိုက်"

မန်နေဂျာလှဖေဆိုသူက ဦးကျော်စွာအား ပြောလိုက်၏။

"ဟုတ်ကဲ့၊ ကျွန်တော်ခေါ်သွားပါ့မယ်၊ လာ ကောင်လေး"

ဦးကျော်စွာဆိုသူက ကျွန်ုပ်ကို အလုပ်သမားတန်းလျားသို့ ခေါ်သွား၏။ အလုပ်သမားတန်းလျားနှင့် ဘန်ဂလိုမှာ သိပ်မဝေးလှပေ။ တဆက်တည်းလိုဖြစ်၏။ ဘန်ဂလိုမှ ပြောသောစကားကို အလုပ်သမားတန်းလျားက ကြားနိုင်သကဲ့သို့ အလုပ်သမားတန်းလျားကပြော

www.burmeseclassic.com

သော စကားကိုလည်း ဘန်ဂလိုက ကြားနိုင်လေ၏။

အလုပ်သမားတန်းလျားသို့ ရောက်သောအခါ ဦးကျော်စွာက နေရာချပေး၏။

"ရော့ လူလေး၊ ဒီချိုင့်ထဲကထမင်းကိုစားလိုက်။ အဘစားလာခဲ့ပြီးပြီ။ ညဘက်အိပ်ရေးပျက်ရင် ဆာတဲ့အခါစားဖို့ ယူခဲ့တာ"

"**နေပါစေ** အဘရာ ကျွန်တော် **ညစာရေအ စားခဲ့ပြီးပါပြီ** မနက်ဖြန်စားဖို့ **အလွတ်ပဲ မန်နေဂျာကြီးက** ကျွေးပါ့ **မလားမသိဘူး**"

"လူလေးကို ကျွေးမှာမဟုတ်ဘူး။ နောက်တော့သိလာမှာပါ။ ဒါနဲ့ လူလေးရဲ့ နာမည်က ဘယ်လိုခေါ်သလဲ"

"ကျော်ကျော်ခဲ"

"အင်း...လူလေးနဲ့ ဒီနာမည်က အလိုက်သားပဲ။ ဒီကို ဘယ်လိုလုပ်ရောက်လာသလဲ"

"အဖေ၊ အမေဆုံးပါးလို့ ဘဦးထွန်းလှိုင်ဆီရောက်လာခဲ့တာ၊ ဒါနဲ့ အဘက ညဘက်သစ်စက်စောင့်ဖို့ ရောက်လာတာလား"

"မဟုတ်ဘူး စက်က ညဘက်မှ လည်တာ၊ နေ့ဘက်မလည်ဘူး"

"ဘာဖြစ်လို့ ညဘက်မှ လည်ရတာလဲ"

"သိပ်မစပ်စုနဲ့ လူလေး အနေကြာတော့သိလာမယ်။ မန်နေဂျာကြားရင် အဘအလုပ်ပြုတ်လိမ့်မယ်။ လူလေးလည်း နေတတ်သိုင်တတ်အောင် ကြည့်နေ"

စကားမှာ ခပ်တိုးတိုး ပြောနေကြခြင်းဖြစ်၏။ အလုပ်သမားများလည်း တစ်ယောက်ပြီးတစ်ယောက် ရောက်လာကြလေ၏။

ထိုစဉ် **ဆိုင်ကယ်တစ်စီး** စက်ရုံထဲဝင်လာခဲ့၏။ ကျွန်ုပ်ကြည့်လိုက်သောအခါ မသူတော်ကျော်ကျော် ဖြစ်နေသည်ကိုတွေ့ရ၏။ မသူတော်ကျော်ကျော်နှင့် မန်နေဂျာဦးလှဖေတို့ မည်သို့အချိတ်အဆက်ရှိနေကြသည်ကို မသိရပေ။ ထို့ကြောင့် စကားမပြောတော့ဘဲ အသာလေးနားစွင့်နေ၏။

"ဟာ...အာစရိ ဒီနေ့လာမှလာပါတော့မလားလို့ လာအဆင်သင့်ပဲ သောက်စရာရော၊ မြည်းစရာရောလုပ်ထားတယ်"

"ဒီလိုဆိုတော့လည်း မန်နေဂျာကြီးက တော်သားပဲ"

မသူတော်ကျော်ကျော်က ကျွန်ုပ်ကိုမြင်ဖူး၏။ ထို့ကြောင့် မသူတော်ကျော်ကျော် မတွေ့အောင် မှောင်ရိပ်ကျသောနေရာမှာနေ၏။

"လူလေး ဒီမှာနေခဲ့ အဘတို့ အလုပ်ဝင်ရတော့မယ်"

ဦးကျော်စွာက **သစ်ခွဲစက်**သို့ ထွက်သွား၏။ မကြာမီ **စက်သံ**များ၊ လွှသံများကြားရလေ၏။ ကျွန်ုပ်တစ်ယောက်တည်းကျန်နေ၏။ မှောင်ရိပ်နေရာမှ ကြည့်လျှင် မသူတော်ကျော်ကျော်ကိုရော၊ မန်နေဂျာကိုရော မြင်နေရ၏။ ကျွန်ုပ်ကိုသာ တစ်ခုခုကျွေးရန် မစီစဉ်သော်လည်း သူတို့က ကြက်ကြော်ကို အမြည်းလုပ်၍ အရက်သောက်နေကြ၏။

"အာစရိက ဘာဖြစ်လို့ ကောင်မလေးကို လက်လွှတ်လိုက်ရတာလဲ၊ ကောင်မလေးလို လုပ်တာမျိုးက **အတော်**ရှားတယ်"

ကျော်ကျော်ဆိုတဲ့ကောင်က ဘယ်လက်လွှတ်ပါ့မလဲဗျာ။ အခုက ပတ္တမြားကြီးကို အရင်ပိုင်အောင် လုပ်ရမှာမို့ ဒီပတ္တမြားက တန်ဖိုးမဖြတ်နိုင်တဲ့ ပတ္တမြားဗျ။ ကျုပ်အဖို့တော့ အချောင်ရသလိုပဲ။ ပတ္တမြားကြီးပိုင်ပြီးမှ မိုးကိုပိုင်အောင် ဆက်လုပ်ရမှာပဲ။ ဒီအတွက်က မခက်ပါဘူး။ မိုးယူထားတဲ့ ကောင်က မအူမလည်ကောင်ပါ။ ဘာမှသိတာ၊ လုပ်တတ်တာ မဟုတ်ဘူး။

အခုလည်း ဦးထွန်းလှိုင်ရဲ့ စည်းစိမ်တွေအကုန်လုံး ကျုပ်လက်ထဲရောက်နေပြီပဲ။ မိုး ကျွန်တော့်လက်ထဲရောက်ဖို့ ရက်ဓနိုးအလိုမှာ ဒီမအူမလည်ကောင်က မလွှာများတစ်လုံးနဲ့ ဝင်ရှုပ်လိုက်လို့"

အရက်မူး ကျွဲခိုးပေါ်ဆိုသလို သူတို့၏ မကောင်းမှုကို သူတို့ထုတ်ပြောနေကြလေ၏။

"ပတ္တမြားဟုတ်လား အာစရိ"

www.burmeseclassic.com

"ဟုတ်တယ် မန်နေဂျာကြီး"

"ဆရာတော့ ပွတာပဲ၊ ဒီတစ်သက် ဖြုန်းလို့ကုန်တော့မှာ မဟုတ်ဘူး။ နောက် ထပ်မိန်းမ အယောက်တစ်ရာယူတောင် ရတယ်"

"ဘယ်နှစ်ယောက်ပဲဖြစ်ဖြစ်၊ မိုးကို တော့ ကျွန်တော်လက်မလွှတ်နိုင်ဘူးဗျ။ မိုးလိုအလှက ရှာတွေ့ဖို့မလွယ်ဘူး ရှားတယ်"

နောက်ပိုင်းတွင် အရက်မူးမူးဖြင့် မသူတော်ကျော်ကျော်နှင့် မန်နေဂျာ လုဖေတို့ပြောကြသော စကားတွင် ဦး ထွန်းလှိုင်တို့ မိသားစုအပေါ် သူတို့တယ် လောက်အထိ ကောက်ကျစ်ယုတ်မာ သည်ဆိုသော စကားနှင့် ကောင်မလေး အပေါ်ပြစ်မှားသောစကားများသာ ဖြစ် လေ၏။

မာလီကြီး ကျွန်ုပ်ကိုပြောခဲ့သော စကားအတိုင်းပင်ဖြစ်၏။ ဦးထွန်းလှိုင်၏ စက်လှေကြီးနှစ်စီးကို မတရားရယူထား တာကအစပါလေ၏။ ဤသစ်စက်သို့ မာလီကြီးရောက်မလာဘဲနှင့် အလိုလို သိနေခြင်းမှာ အံ့သြစရာကောင်း၏။ သို့ သော်လည်း မာလီကြီးလို မြေလျှောက် ဝိဇ္ဇာတစ်ယောက်အဖို့ ဤသို့သိနိုင်သည် မှာ အထူးအဆန်းတော့ မဟုတ်ပေ။

ကျွန်ုပ်သည် ကောက်ကျစ်သူကို ပြန်ကောက်ကျစ်ရန် မကောင်းစိတ်မွေးမိ လိုက်လေ၏။ စားသောက်ပြီးသောအခါ မသူတော်ကျော်ကျော် ပြန်သွား၏။ မသူ တော်ကျော်ကျော် ထသွားပြီးနောက်ပိုင်း ၌ ကုန်ကားတစ်စီးရောက်လာလေ၏။ အလုပ်သမားများက သစ်ခွဲသားများကို ကားပေါ်သို့ တင်ကြလေ၏။

ထိုစဉ် အလုပ်သမားတန်းလျားထဲ သို့ မန်နေဂျာလုဖေသည် မည်သည့် အလုပ်သမား ကျန်နေသေးသလဲဟု လာကြည့်၏။ ကျွန်ုပ်ကို တွေ့သွားလေ ၏။ ကျွန်ုပ်က ကွေးကွေးလေး အိပ်ချင် ယောင်ဆောင်နေ၏။

ကျွန်ုပ်အိပ်နေသည်ထင်၍ ခြေ ထောက်ဖြင့်ကန်၍ နှိုးလိုက်၏။

"ထစမ်းကောင်လေး။ မင်းကိုယမင်း ကျွေးထားရမှာဆိုတော့ ဒီအတိုင်းထား လို့မရဘူး သူများတွေကားပေါ် သစ်ထမ်း တင်နေတယ်။ မင်းလည်း သွားထမ်း"ဟု ဆိုလေ၏။

ကျွန်ုပ်လည်း အိပ်နေရာမှ ထကာ သစ်ကိုသွားထမ်း၏။ ဤအလုပ်မှာ ကျွန်ုပ်မလုပ်ဘူးသော အလုပ်ဖြစ်၍ ပင်ပန်းလှ၏။ မကြာမီ အချိန်အဆမ တော်၍ သစ်ချောင်းတစ်ချောင်း လွတ် ကျ၏။ ထိုသစ်ချောင်းသည် ကျွန်ုပ်၏ ခြေဖမိုးအပေါ် ဒေါက်ကနဲကျရာ အသည်းဆတ်ဆတ်ခါအောင် နာသွား ၏။ ကျွန်ုပ်မှာ သစ်ကိုဆက်မ[illegible]မ်းနိုင် တော့ဘဲ နေရာမှာတင် မ[illegible]နိုင်ဖြစ် လေ၏။ ကျွန်ုပ်ကို မည်သူမျှ[illegible]ာင်းစွာ သိသူများမဟုတ်၍ ကျွန်ုပ် ဤသို့ဖြစ်နေ သည်ကို တစ်ယောက်မှ အရေးမလုပ် ကြဘဲ သူတို့အလုပ်ကို သူတို့လုပ်ကြ လေ၏။

မန်နေဂျာလုဖေက ကျွန်ုပ်ထံသို့ ရောက်လာ၏။

"မင်းလိုလူပိုတစ်ယောက်ဟာ သေ သွားရင်လည်း ကောင်းတာပဲ၊ သွား တန်းလျားမှာပြန်နေ"ဟု ပြောလေ၏။

ကျွန်ုပ်လည်း အလွန်နာကျင်၍ အနိုင်အနိုင်ကြိုးစားထကာ တန်းလျား ဆီသို့ပြန်ခဲ့လေ၏။

ခဏအကြာ၌ သစ်တင်ထားသော ကုန်တင်ကားမှာ မောင်းထွက်သွားလေ ၏။ သစ်စက်လည်း ရပ်သွား၏။ အလုပ်သမားတို့မှာ သစ်စက်ဝန်းကျင် အနီးမှာနေသော အလုပ်သမားများ ဖြစ်ကြသောကြောင့် ပြန်ကြလေ၏။

အလုပ်သမားတန်းလျားထဲ၌ ကျွန်ုပ် တစ်ဦးတည်းသာ ကျန်ရှိ၏။ သစ်ချောင်း ထိထား၍ ခြေထောက်မှာ ရောင်ကိုင်း နာကျင်နေသော်လည်း မည်သည့်ဆေး မျှလိမ်းရန် မရှိသောကြောင့် ကြိတ်မှိတ် ၍ခံနေရ၏။

"မောင်ကျောက်ခဲ ဘယ်လိုနေ သလဲ"

အသံကြား၍ ကြည့်လိုက်သော အခါ ဦးကျော်စွာဖြစ်နေ၏။

"ခြေထောက်က ကိုက်ပြီးနာနေ တယ်"

"မင်းမလည်း မိဘမရှိတစ်ကောင် ကြွက်နဲ့ ဒီကြားထဲ ဒဏ်ရာကရလိုက်



www.burmeseclassic.com

www.burmeseclassic.com

သေး။ မြေနိမ့်ရာ လှံစိုက်ဆိုတာ ဒါပဲ ဖြစ်မှာ။ ညတိုင်း ဦးကသစ်စက်လုပ်ငန်း ဦးရင် ပြန်တာ။ ဒီညတော့ မောင်ကျောက်ခဲတစ်ယောက်တည်း ဇဏ်ရာ လည်းရထားတော့ မောင်ကျောက်ခဲနဲ့ပဲ အတူအိပ်တော့မယ်။ မှန်း ပြစ်မ်း မင်းခြေထောက်"

ဦးကျော်စွာက ကျွန်ုပ်၏ ခြေထောက်ကို ကြည့်၏။

"ဒဏ်ရာက အတော်ပြင်းတာပဲ။ မဖြစ်ပါဘူး။ သေသေချာချာဆေးလိမ်းဆေးကုမလုပ်ရင်တော့ မန်းလိုက်ပြီး အသက်ပါသွားနိုင်တယ်။ မင်းဒဏ်ရာ ပျောက်တဲ့အထိ အဘရဲ့အိမ်မှာ လိုက်နေ"

ကျွန်ုပ်စဉ်းစားကြည့်၏။ ကျွန်ုပ်က သစ်စက်မှာနေပြီး အခြေအနေအရပ်ရပ်ကို စုံစမ်းရန်လာခဲ့၏။ ကျွန်ုပ်အား သစ်စက်မှာသိသူမရှိ။ ကျွန်ုပ်သိလိုတာကို မေးမြန်းလျှင်လည်း ပြောကြမည်မဟုတ်ပေ။ အလုပ်သမားများထဲမှာ ရင်းနှီးအောင်လုပ်ရပေမည်။ ယခု ဦးကျော်စွာက သူ့ကိုစေတနာထားသည်ကို တွေ့ရ၏။ ဦးကျော်စွာ အိမ်မှာနေရင်း သစ်စက်ကိစ္စများ မေးမြန်းရတော့မည်ဟု စိတ်ကူးလိုက်၏။

"ကျွန်တော့်အတွက်နဲ့ ဒုက္ခတွေ ပိုနေပါ့မယ် ဦးရယ်"

"ရပါတယ် ကျောက်ခဲရာ၊ မနက်ဖြန် အဘနဲ့လိုက်ဖို့သာပြင် မန်နေဂျာကို ပြောပေးမယ်"

"မန်နေဂျာက လွှတ်ပါ့မလား"

"ပိုတောင် သဘောကျဦးမယ်၊ မောင်ကျောက်ခဲက ကိုထွန်းလှိုင်နဲ့ ဆက်စပ်နေတယ်ဆိုတော့ သူ့တာဝန်ယူရမယ်လေ။ အခု သူ့တာဝန်ကပေါ့သွားတဲ့ဟာ မလွှတ်ဘဲနေပါ့မလား။ သူက ဘယ်သူ့အတွက်မှ ကြည့်တာမဟုတ်ဘူး။ သူ့အတွက်ပဲကြည့်တာ၊ ကဲ··· မောင်ကျောက်ခဲအိပ်လိုက်တော့"

ထိုညမှာ ကျွန်ုပ်သည် ဒဏ်ရာ အရှိန်ဖြင့် မအိပ်နိုင်ဘဲ ညည်း၍သာနေရလေ၏။ ကျွန်ုပ်က ထိုသို့မအိပ်နိုင်ဘဲ ညည်းညူနေသောအခါ ဦးကျော်စွာမှာလည်း မအိပ်ဘဲနေလေ၏။ ဦးကျော်စွာမှာ ဒီနေ့မှ ကျွန်ုပ်ကိုတွေ့သိသော်လည်း ကူညီစောင့်ရှောက်ပေးလေ၏။ ကျွန်ုပ်စိတ်ကလည်း ဦးကျော်စွာကို ခင်မင်သွားမိလေ၏။ ကျွန်ုပ်မှာ မိဘများမရှိလေရာ ဦးကျော်စွာကို ကျွန်ုပ်၏ ဖခင်အဖြစ်အားကိုးတွယ်တာလိုသောစိတ်များ ဖြစ်ပေါ်လာရလေ၏။ ယခုလိုအချိန်မှာ ကျွန်ုပ်ကို ကူညီလိုသူရှိသေး၍ကံကောင်းသေးသည်ဟု ဆိုရမည်ဖြစ်လေ၏။

## တစ (၁၁)

## နှောင်ကြိုးလေးတစ်မျှင်

### (၁)

ကျွန်ုပ်နှင့် ဦးကျော်စွာတို့သည် အတော်လေးသပ်ရပ်သော ပျဉ်ထောင်အိမ်တစ်လုံးရှေ့သို့ ရောက်ရှိလာလေ၏။

"ဒါက အဘတို့ရဲ့အိမ်ပဲ မောင်ကျောက်ခဲ"

ကျွန်ုပ်တို့ ခြံထဲဝင်ကာ အိမ်ပေါ်တက်၏။

"သမီးရေ ဧည့်သည်ပါလာတယ်ဟေ့"

ကျွန်ုပ်မှာ လမ်းကို ကောင်းစွာမလျှောက်နိုင်သောကြောင့် ဦးကျော်စွာက တွဲခေါ်ရလေ၏။

"ဘယ်ကဧည့်သည်လဲ အဘ၊ ညတုန်းကလည်း အဘမပြန်လာဘူး။ နှယ်တစ်ယောက်တည်း အိပ်ရတာ"

မိန်းမပျိုလေး တစ်ယောက်က နောက်ဖေးမှ ထွက်လာပြီးပြောလေ၏။

မိန်းမပျိုလေးမှာ ကျွန်ုပ်ကို မြင်တွေ့သောအခါ ခေတ္တကြည့်လေ၏။

"အဘကလည်း ဘယ်ကခေါ်လာတာလဲ၊ လူကောင်းမှန်း လူဆိုးမှန်းမသိဘဲနဲ့ ဒီမှာကအဘနဲ့သမီး နှစ်ယောက်ပဲရှိတာ"

မိန်းမပျိုလေးက ဒိုးဒိုးဒေါက်ဒေါက် ပြောချလိုက်ရာ ကျွန်ုပ်ပင်မျက်နှာမထား တတ်အောင် ဖြစ်သွား၏။

"နောက်ပြီး အဘက ညဘက် အလုပ်ဆင်းနေရတာ၊ နှယ်က ဘယ်လိုလုပ်ရမလဲ"

မိန်းမပျိုလေးက ထပ်ပြောလိုက်ပြန်၏။ မိန်းမပျိုလေးပြောသည်မှာလည်း မှန်နေ၏။ ဦးကျော်စွာညဘက်သစ်စက်လုပ်ငန်းသွားလုပ်လျှင် ထိုမိန်းမပျိုနှင့်



www.burmeseclassic.com

www.burmeseclassic.com

ကျွန်ုပ်နှစ်ယောက်တည်း ကျန်နေမည့် အရေးအတွက် မိန်းမပျိုက ကြိုတွေးပြီး ပြောခြင်းဖြစ်၏။ မိန်းမပျိုမှာလည်း ကျွန်ုပ်နှင့် အရွယ်မတိမ်းမယိမ်းမျှသာ ရှိမည်။ ကျွန်ုပ်ထက်တော့ ငယ်ပေလိမ့်မည်။

"ကျွန်တော် လူကောင်းပါဗျာ၊ အဘရယ်၊ သူပြောတာလည်းဟုတ်သားပဲ။ သူနဲ့ကျွန်တော် နှစ်ယောက်တည်းဆိုတော့ ဘယ်သင့်တော်ပါ့မလဲ။ သစ်စက်မှာပဲ ကျွန်တော်ပြန်နေဖို့မယ်။ ကျွန်တော့်အကြောင်းနဲ့ ကျွန်တော့်ကံနဲ့ ကျွန်တော်ပဲ"

ကျွန်ုပ်က သစ်စက်ကို ပြန်မည်ဟု ပြောလိုက်၏။

"မဟုတ်တာဘဲ မောင်ကျောက်ခဲရာ၊ သမီးရေ မောင်ကျောက်ခဲမှာက မိဘတွေမရှိတော့ဘူး။ ကိုထွန်းလှိုင်က သူ့ သူငယ်ချင်းရဲ့သားဆိုပြီး ခေါ်ယူစောင့်ရှောက်ထားတာ။ အဲ့ဒါ အလကားထမင်းမစားချင်ဘူး။ အလုပ်လုပ်ချင်တယ်ဆိုတာနဲ့ ကိုထွန်းလှိုင်ကမန်နေဂျာလုပ်ဖေဆီ လာပို့ထားတာ"

ညက သစ်ထမ်းရင်းနဲ့ သစ်ချောင်းပြုတ်ကျလို့ ဒဏ်ရာရထားတယ်။ မန်နေဂျာလုပ်ဖေဆိုတာ သမီးသိတဲ့ အတိုင်းပဲ။ ဘယ်သူသေသေ ငတေမာရင်ပြီးရောအစားက၊ ကျော်ကျော်ဆိုတဲ့ မသူတော်ကောင်နဲ့ ပေါင်းမိနေတယ်။ ဒဏ်ရာကို ဘာမှလုပ်ပေးတာမဟုတ်ဘူး။ ဘာမဟုတ်တဲ့ ဒဏ်ရာဟာ စောစောစီးစီးထဲက မကုသရင် အသက်ကိုရန်ရှာတတ်တယ်။ ဒုက္ခရောက်နေတဲ့သူဆိုတာ ကူညီကောင်းပါတယ်သမီးရဲ့"

ဦးကျော်စွာက အကျိုးအကြောင်း ရှင်းပြလိုက်၏။ ထိုအခါမှပင် မိန်းမပျိုက ကျွန်ုပ်၏ ခြေထောက်မှ ဒဏ်ရာကို သတိပြုမိသွားလေ၏။

"နွယ်က အဖြစ်ကိုပြောပြတာပါ။ နွယ်တို့သားအဖပဲရှိတော့ သူတစ်ပါးပြောစရာဖြစ်မှာစိုးလို့ပါ။ ဒုက္ခရောက်နေတဲ့သူဆိုတော့လည်း ကူညီရတာပေါ့။ အစ်ကိုသစ်စက်ကို မပြန်ပါနဲ့။ ကောင်းတဲ့အထိတော့နေပါ။ နွယ်တို့က ဒီလောက်အထိ မရိုင်းပါဘူး"

မိန်းမပျိုက ပြန်ပြောလိုက်၏။

"ပြောနေရုံနဲ့ မပြီးဘူး။ မောင်ကျောက်ခဲရဲ့ဒဏ်ရာက ဘာမှလိမ်းမထားရသေးဘူး။ ရေနွေးလေး၊နနွင်းလေး ယူလာပါဦး"

ဦးကျော်စွာက ပြောလိုက်ရာ မိန်းမပျိုက သွက်လက်စွာ အိမ်ထဲဝင်ကာ နနွင်းနှင့်ရေနွေးကို ယူခဲ့ပေးလေ၏။ မိန်းမပျိုကိုယ်တိုင် ရေနွေးနှင့်ဆေးကြောကြပ်ထုပ်ထိုးပေးပြီး နနွင်း... ...ည်း လိမ်းပေးလိုက်လေ၏။

မိန်းမပျိုမှာ အတွင်းစိ... ...သော ကောင်းပြီး ရှင်းရှင်းဘွင်းဘွင်းပြောတတ်သူဖြစ်လေ၏ဟု သုံးသပ်မိလေ၏။

အစ်ကို လှုပ်လှုပ်ရှားရှားမနေနဲ့ သွေးကျပြီး အနာပိုရင်းနေပါဦးမယ်၊ လဲ့နေဟုဆိုကာ အိပ်ရာနှင့် ခေါင်းအုံးများချပေး၏။ ထိုအချိန်မှာ ကျွန်ုပ်သည် အနာရှိန်နှင့် ဖျားချင်သလိုဖြစ်နေ၏။

"အစ်ကိုရဲ့မျက်နှာတွေလည်း ရဲနေပါလား၊ ကိုယ်ပူနေ...ယ ထင်တယ်"

မိန်းမပျိုက ကျွန်ုပ်၏နဖူးကို လက်ဖြင့် ဖိုးဖိုးဖတ်ဖတ် စမ်းကြည့်လိုက်၏။

"ဟာ ဟုတ်တယ်၊ အစ်ကိုဆေးသောက်ပြီး အိပ်နေမှဖြစ်မယ်"

မိန်းမပျိုက အိမ်ပေါ်မှ ဆင်းသွား၏။ ပြန်လာသောအခါ ဆေးလုံးများ ဆေးမှုန့်ထုပ်များ ပါလာ၏။ ယင်းတို့ကို ကျွန်ုပ်အား ရေနွေးဖြင့်တိုက်၏။ ထို့နောက် စောင်ခြုံပေးလိုက်၏။ ကျွန်ုပ်လည်း ညကတည်းက ဒဏ်ရာအနာနှင့် အဖျားရှိန်ဖြစ်ပေါ်နေသည်ကို မည်သည့်ဆေးမှမသောက်ရပဲ အံကြိတ်ခံနေရကာ စိတ်ကို တင်းထားသမျှလျှော့ချလိုက်ရာ ကျွန်ုပ်သည် သတိလွတ်သည်လား၊ အိပ်ပျော်သွားသည်လားမသိ၊ အားလုံးကို မေ့လျော့သွားလေတော့သည်။

(၂)

ကျွန်ုပ်သည် အိပ်ပျော်ရာမှ နိုးလာခဲ့၏။

ထိုအခါ ကျွန်ုပ်၏ ကိုယ်မှချွေးများ ထွက်နေသည်။ ကိုယ်အပူလည်း ကျ သွား၏။



www.burmeseclassic.com

www.burmeseclassic.com

ကျွန်ပ်၏ ချွေးစိုနေသော ခပ်နွမ်းနွမ်းအဝတ်များကို ဦးကျော်စွာ၏ အဝတ်နှင့်လဲလှယ်ပေး၏။

"အစ်ကို ဘာမှမစားရသေးဘူး ကြက်သားဆန်ပြုတ်ပူပူလေး သောက်လိုက်"

မိန်းမပျိုက ကျွန်ပ်ကို အငွေ့တထောင်းထောင်းထနေသော ဆန်ပြုတ်ပူပူလေးကိုပေး၏။ မနက်ကတည်းက အဖျားတက်ပြီး အိပ်ပျော်နေရာ အိပ်ရာမှနိုးသောအခါ ညနေစောင်းနေပြီဖြစ်၏။

"ကျွန်ပ်လည်း မိန်းမပျိုပေးသော ဆန်ပြုတ်ကိုသောက်လိုက်၏။

ထိုအချိန်မှာ ဦးကျော်စွာက ရေချိုးနေပြီဖြစ်၏။ ကျွန်ပ်မှာ ဦးကျော်မွာကိုရော၊ မိန်းမပျိုလေးကိုပါ လွန်စွာကျေးဇူးတင်မိလေ၏။ ဤလိုဒုက္ခရောက်စဉ်မှာ ကူညီသည်အတွက် ဦးကျော်စွာတို့၏ ဘဝကို မြှင့်တင်ပေးရန် စိတ်ကူးထားလိုက်၏။

လောကကြီးမှာ လူယုတ်မာတွေရှိသလို လူကောင်း သူကောင်းတွေလည်း ရှိပေသည်ဟု ကျွန်ပ်တွေးမိ၏။ ကျွန်ပ်သည် ဆရာသခင်နှင့် မာလီကြီးကို သတိရ၏။ ခဏသာ ဖြစ်လေ၏။ ယခုအခါ ကျွန်ပ်၏ ဇနီးမယားဖြစ်နေပြီဖြစ်သော မိုးဆိုသည့် မိန်းကလေးကို ပိုသတိရလေ၏။ သူနှင့် မိန်းကလေးမှာ ချစ်စခင်စသာ ရှိသေး၏။ အခြေအနေအရခွေတ္တခွဲနေချိန်မှာ သူသတိရနေသလို မိုးလည်း သူ့ကို သတိရနေမည်သာဖြစ်၏။

ဦးကျော်စွာ ရေချိုးပြီး အိမ်ပေါ်တက်ကာ အဝတ်အစားလဲ၏။

"အဘ ထမင်းစားထားလိုက်တော့၊ အဘသွားတဲ့အခါ စားဖို့ ထမင်းချိုင့်လည်းပြင်ထားပြီးပြီ"

မြနှင်းနွယ်က လှမ်းပြောလိုက်၏။

"မင်းညီမက ဈေးကြီးမှာ အထည်ဆိုင်လေးဖွင့်ထားတယ်။ ဒီနေ့ မင်းဖျားနေတာနဲ့ စိုးရိမ်လို့ဆိုပြီး ဆိုင်သွားမဖွင့်ဖြစ်ဘူး"

ဦးကျော်စွာက ကျွန်ပ်ကို ပြောလေ၏။

"ကျေးဇူးလည်းတင်၊ အားလည်းနာလိုက်တာဗျာ။ ဘာမဟုတ်တဲ့ ကျွန်တော့်လိုခြေသလုံးအိမ်တိုင်သမားတစ်ယောက်အတွက်နဲ့ အားလုံးအလုပ်တွေပျက်နေကြတယ်"

ကျွန်ပ်က ကိုယ့်ဘဝကိုယ် နှိမ့်ချ၍ ပြောလိုက်လေ၏။

"နွယ်တို့ကို အားနာစရာမလိုပါဘူး။ အစ်ကိုက ကိုယ့်ကိုယ်ကို နှိမ့်ချတာကိုး။ လူဆိုတာ အသက်ရှင်နေသရွေ့ ကြိုးစားရင်အမြင့်ကိုရောက်နိုင်ပါတယ်"

မြနှင်းနွယ်က ပြောလိုက်လေ၏။

"ညီမလေးတို့ရဲ့ စေတနာကောင်းလို့လားတော့မသိဘူး။ အဖျားက အတော်သက်သာသွားတယ်။ ဒါပေမယ့် ခြေထောက်အနာကောင်းတဲ့ထိတော့ နေရဦးမှာပဲ"

ကျွန်ပ်က ပြောလိုက်၏။

"အစ်ကိုတစ်ယောက်စာအတွက် ဘာမှအပန်းမကြီးပါဘူး။ နွယ်ရောအဘရော အလုပ်လုပ်နေတာပဲ၊ စိတ်အေးချမ်းသာစွာ ကိုယ့်အနာပျောက်အောင်ပဲနေပါ"

မြနှင်းနွယ်က ပြောဆိုပြီးသော အချိန်မှာ ဦးကျော်စွာစားပြီး၍ ထွက်လာခဲ့၏။

"သမီးရေ အဘအလုပ်သွားမယ်။ မောင်ကျောက်ခဲကို ဂရုစိုက်လိုက်ပါ။ သစ်စက်လည်ရင်တော့ အလုပ်ပြီးတာနဲ့ ပြန်လာမယ်။ သစ်စက်မလည်ရင်လည်း ရောက်တာနဲ့ ပြန်လာမယ်"

ဦးကျော်စွာက ထိုသို့ပြောကြားပြီး အိမ်မှထွက်သွားလေ၏။

ကျွန်ပ်နှင့် မြနှင်းနွယ်တို့နှစ်ယောက်တည်းသာ အိမ်မှာကျန်ရစ်၏။ ထိုသို့သွေးမတော်သားမစပ်ဖြင့် ညဘက်တစ်အိမ်တည်းမှာ နှစ်ယောက်တည်းရှိနေခြင်းအပေါ် မြနှင်းနွယ် စိတ်ထဲ၌ မည်သို့ရှိမည်မသိပေ။ ကျွန်ပ်ကမူ မြနှင်းနွယ်အား ကိုယ့်ညီမလေးတစ်ယောက်လို ချစ်မိသွား၏။ မြနှင်းနွယ်လို သွက်လက်ချက်ချာသော ညီမလေးတစ်ယောက်ပင် လိုချင်စိတ် ဖြစ်ပေါ်လာမိလေ၏။

ရှေ့လဆက်ရန်

ဘုန်းပွင့်တေဇာ

www.burmeseclassic.com

# စိတ်စွမ်းအားဖြင့် အောင်မြင်ကျန်းမာနည်း

❐ အောင်ဘုန်းမြင့်(ကချင်မြေ)

## ■ စိတ်၏မာယာ

စိတ်မည်သောအရာသည် လှည့်စားတတ်သော သဘောသဘာဝရှိလေ၏။ လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်သည် ခေတ်အတတ်ပညာများကို မည်သို့ပင် တတ်မြောက်ထားပြီး အတွေ့အကြုံကြီးမားရင့်ကျက်သည် ဆိုသော်လည်း စိတ်မာယာ၏ လှည့်စားမှုများကို သိလျက်နှင့်ဖြစ်စေ၊ မသိဘဲနှင့်ဖြစ်စေ၊ သိသိသာသာဖြစ်စေ၊ မသိမသာဖြစ်စေ သံသရာလည်နေကြသည်ချည်း ဖြစ်၏။ စိတ်၏လှည့်စားမှုနှင့် ကင်းသူဟူ၍ မရှိနိုင်ပါ။

အလွန်စိတ်ခိုင်၍ ကိုယ်တွေ့လက်တွေ့ကိုမှ ယုံကြည်တတ်သည်ဆိုသူများသည်ပင် တစ်နည်းနည်းဖြင့် စိတ်၏လှည့်စားမှုညွှတ်ကွင်းထဲ ရောက်နေမှန်းမသိဘဲ အလိုလိုရောက်နေတတ်၏။ စိတ်ဆိုသောအရာသည် စွဲမြဲစွာ ယုံကြည်မှုကြောင့်လည်းကောင်း၊ ပတ်ဝန်းကျင်၏ အပြောင်းအလဲများကြောင့်လည်းကောင်း၊ တိုက်ဆိုင်မှုကြောင့်လည်းကောင်း၊ မိရိုးဖလာ အစဉ်အလာများကြောင့်လည်းကောင်း၊ မကြာခဏ မြင်ရ၊ တွေ့ရ၊ ကြားရ၊ ထိတွေ့နေရခြင်းများကြောင့်လည်းကောင်း၊ အစွဲအလမ်းများကြောင့်လည်းကောင်း လှည့်စားခံရတတ်ပါသည်။

## ■ ယုံကြည်မှု၏ လှည့်စားခံရခြင်း

လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်သည် အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခဆင်းရဲအခက်အခဲများ တွေ့ကြုံနေရချိန်မျိုးတွင် ကယ်တင်ဖြေရှင်းပေးမည့်သူ မရှိသဖြင့် နတ်တစ်ပါးပါးထံ၌ ယုံကြည်အားကိုးအားထားပြု၍ သွားရောက်ဆုတောင်းပတ္ထနာပြုလေ၏။ ထို့နောက် မကြာမီ ရက်ပိုင်းအတွင်း ကံအားလျော်စွာ ဘဝကံကြမ္မာအလှည့်အပြောင်း တစ်ချက်ကောင်းဖြင့် ဒုက္ခဆင်းရဲ အခက်အခဲများကြားမှ အဆင်ပြေလွတ်မြောက်သွားမည်ဆိုလျှင် ထိုအချိန်မှစ၍ ထိုပုဂ္ဂိုလ်သည် တကယ်ဟုတ်သည်ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ ထိုနတ်မ[illegible] သည်ဟု ယုံကြည်သွားပြီးလျှင် တစ်သက်တာလုံး ယုံကြည်ကိုးကွယ်သွားမည်မှာ မလွဲပေ။ လူသည် အသိဉာဏ်အရှိဆုံးသတ္တဝါဖြစ်သကဲ့သို့ အယုံလွယ်ဆုံးသတ္တဝါလည်း ဖြစ်ပါသည်။ ဤသည်မှာ ယုံကြည်မှုကို အခြေခံသော ပုံစံဖြင့် အသိစိတ်နှင့် မသိစိတ် နှစ်ပါးစလုံးကို တိုက်ဆိုင်လှည့်စားခြင်းဖြစ်သည်။ သို့ဖြစ်၍ အရာရာတိုင်း၌ သဘာဝ၏ အမှန်တရားများကို ရှာဖွေတွေ့ရှိနိုင်ရန် လိုအပ်လှပါသည်။

## ■ သိခြင်းကြောင့် လှည့်စားခံရခြင်း

လူတစ်ယောက်သည် နေရာဒေသတစ်ခုခုတွင် သရဲ တစ္ဆေ ခြောက်တတ်သည်ဟု ကြိုတင်သိရှိထားမည်ဆိုလျှင် ထိုနေရာ ထိုဒေသသို့ ရောက်လေတိုင်း အလိုလို ကြောက်စိတ်များ ဝင်ရောက်ပူးကပ်လာပါလိမ့်မည်။ တောကျွမ်းသော တောလိုက်မုဆိုးများသည် သားရဲတိရစ္ဆာန်ပေါ်များသော တော နက်ကြီးများအတွင်း နေ့နေ့ညည မကြောက်မရွံ့ သွားလာ နိုင်ကြသူများ ဖြစ်သော်လည်း ရွာနှင့်မနီးမဝေးအရပ်၌ရှိသည့် သင်္ချိုင်းဟောင်း၊ သင်္ချိုင်းပျက်များကို ဖြတ်သန်းရသည့်အခါ



www.burmeseclassic.com

www.burmeseclassic.com

မျိုးတွင် အနည်းနှင့်အများ ကြောက်စိတ်ဝင်ပြီး ကြောက်ဒူးတုန်တတ်ကြ၏။ သချိုင်းဟူသော အသိစိတ်က လှည့်စားလိုက်ခြင်းဖြစ်သည်။ မည်သို့ဆိုစေ ကြောက်ခြင်းသည် လူ့ဓာတ်စာတစ်ပါးလည်း ဖြစ်သည်ဟူ၏။

လူသည် ညအမှောင်ထဲတွင် ထူးထူးဆန်းဆန်း မြင်ကွင်းများကို မြင်တွေ့ရလျှင် (သို့) ထူးထူးခြားခြား အသံမျိုးကို ကြားရလျှင် စိတ်မထိန်းနိုင်ဘဲ ကြောက်လန့်တုန်လှုပ်ချောက်ချားသွားတတ်ပါသည်။ ဤသို့ဖြစ်ရခြင်းကို စိတ်ပညာအမြင်အရ သဘာဝတရားတို့၏ အတုအယောင် လှည့်စားခြင်းများသာဖြစ်သည်ဟု ဆိုထားကြပါသည်။

## ■ ဆေးရေမန်း

ရှေးအခါက မြို့နှင့်အဝေးလှမ်းဝေးသော ရွာကြီးတစ်ရွာ၌ နာမည်ကြီး ရေမန်းဆရာတစ်ဦး ရှိလေ၏။ ထိုဆရာ၏ ဆေးရေမန်းသည် ရောဂါမျိုးစုံကို ပျောက်ကင်းချမ်းသာရာရစေနိုင်သည်ဟူ၏။ သို့ဖြစ်သောကြောင့် ရပ်နီးရပ်ဝေးမှ ယုံကြည်ကြသူများ ရေမန်းရရှိရေးအတွက် လာရောက်ကြသဖြင့် ရွာသည် ကြက်ပျံမကျ စည်ကားလှ၏။ မည်သည့်ရောဂါမျိုးကိုဖြစ်စေ ထွေထွေလီလီမပါ ရေမန်းပေးသည်ချည်းဖြစ်လေ၏။ ထိုဆရာ၏ ရေမန်းကို ပွားယူ၍ လေးလေးနက်နက် ယုံယုံကြည်ကြည်ဖြင့် သောက်သုံးပေး၊ လိမ်းကျံပေး၊ မန်းပေး၊ ချိုးပေးခြင်းဖြင့် ရက်ပိုင်း (သို့) လပိုင်းအတွင်း ရောဂါပျောက်ကင်းသွားကြသူများ ရှိသလို အရှင်းမပျောက်ကင်းနိုင်သော်လည်း သက်သာကောင်းသွားကြသည်ဟူ၍ ဖြစ်လေ၏။ ဤသို့ သက်သာပျောက်ကင်းလာရခြင်းသည် ရေမန်း၏ သဒ္ဓိတန်ခိုး ဆေးစွမ်းသတ္တိကြောင့်မဟုတ်ဘဲ စိတ်၏ယုံကြည်မှု စွမ်းအားသတ္တိကြောင့် ဖြစ်သည်ကို လူတိုင်းက သိနိုင်ကြမည်မဟုတ်ပါ။ စိတ်ပညာရှင်များကသာ သိနိုင်ကြမည် ဖြစ်သည်။ စိတ်စွမ်းအားသည် အရာရာကို ဖြစ်စေနိုင်ပါသည်။

## ■ အောင်စိတ်မွေးခြင်း

စိတ်၏ယုံကြည်မှုစွမ်းအားကို ကောင်းသည့်ဘက်သို့ အကောင်းမြင်ဝါဒဖြင့် ယုံကြည်မှုရှိလျှင် ရုပ်ခန္ဓာသည် ကောင်းသည့်ဘက်သို့ တိုးတက်ဖွံ့ဖြိုးလာမည်ဖြစ်ပြီး မကောင်းသည့်ဘက်ကို အဆိုးမြင်ဝါဒခံယူလျှင် ရုပ်ရောစိတ်ပါ အားအင်ချည့်နဲ့ ပျက်ပြားသွားရပြီး အဆိုးသံသရာထဲ တဝဲလည်လည်ဖြစ်သွားစေနိုင်သည်။ ထို့ကြောင့် တတ်ကျွမ်းသိုင်ရာ စိတ်ပညာရှင်များက စိတ်ဓာတ်နှင့် ရုပ်ဓာတ် ရှင်သန်ဖွံ့ဖြိုးစေရေးအတွက် စိတ်ကောင်းထားရန်နှင့် အကောင်းမြင်ဝါဒကို လက်ကိုင်ထားတတ်ရန် လမ်းညွှန်ကြခြင်း ဖြစ်လေသည်။

ယုံကြည်မှုနှင့် ကြိုးစားအားထုတ်မှု စွမ်းအားနှစ်ရပ်ပူးပေါင်းလိုက်လျှင် အရာရာတိုင်းကို အောင်မြင်ပြီးမြောက်စေနိုင်ပါလိမ့်မည်။ အမျိုးသမီးငယ်တစ်ယောက်သည် ဆရာဝန်ဖြစ်ရမည်ဟု လေးလေးနက်နက် ယုံကြည်ခံယူထားသူဖြစ်လျှင် ဆရာဝန်ဖြစ်လာနိုင်မည့် နည်းလမ်းပေါင်းစုံဖြင့် အစွမ်းကုန်ကြိုးစားအားထုတ်သွားပေလိမ့်မည်။

အဆုံး၌ သမားတော်ကြီးဖြစ်သည်ထိ ရာနှုန်းပြည့်မအောင်မြင်သော်လည်း အတိုင်းအတာ အဆင့်အတန်းတစ်ခုထိ အောင်မြင်သူဖြစ်လာရလိမ့်မည်။ သို့ဖြစ်၍ မာယာများပြီး စွမ်းအားကြီးမားသောစိတ်ကို ထိန်းချုပ်ပြီး စိတ်စွမ်းအားတန်ခိုးကို အောင်ဓာတ်ဖြစ်အောင် အကောင်းဘက်လမ်းကြောင်းလွှဲယူ၍ ယုံကြည်မှုဖြင့် အသုံးချနိုင်လျှင် လောကီလောကုတ္တရာ ကိစ္စအားလုံးတို့၌ ဝိဇ္ဇာဓာတ်လုံးပမာ အောင်မြင်ပေါက်မြောက် ကောင်းကျိုးရောက်စေမည် ဖြစ်ပါသည်။

## ■ စန္ဒရားလက်သံ

လွန်ခဲ့သော ကက်ဆက်မပေါ်မီခေတ်က မြို့ငယ်လေးတစ်မြို့တွင် မြကြီးဆိုသော စန္ဒရားဆရာတစ်ဦးရှိလေ၏။ တစ်မြို့လုံးတွင် စန္ဒရားကောင်းကောင်းတီးနိုင်သူဟူ၍ သူတစ်ဦးတည်းသာရှိသဖြင့် ထိုမြို့နယ်အတွင်း၌ ပြုလုပ်သမျှ အလှူမင်္ဂလာတီးဝိုင်းများတွင် ပြိုင်ဘက်မရှိ မြကြီး၏ လက်စွမ်းသံချည်း ဖြစ်လေ၏။

မြကြီး၏ သီချင်းပေါင်း တီးကွက်တီးလုံးသံများတွင် တီးလုံးအလိုက် မှန်သည်လည်းရှိ၏။ ဖြုံးတီးဖြန်းတီးနှင့် စခန်းသွားရသည်လည်း ရှိ၏။ ကြားနေကျသီချင်းလက်သံမို့ ဘယ်သူကမှ အပြစ်မဆိုကြ။ ထောက်ပြမည့်သူ မရှိ။ တစ်မြို့နယ်



www.burmeseclassic.com

www.burmeseclassic.com

လုံးက မြို့ကြီးရဲ့ စန္ဒရားလက်သံနဲ့ နားယဉ်နေပြီကိုး။ တစ်နေ့ ငွေကြေးချမ်းသာသော မြို့မျက်နှာဖုံးဝင်တစ်ဦး၏ ညည့်ခံပွဲတစ်ခုတွင် မြို့ကြီးမှ နာမည်ကြီးစန္ဒရားဆရာများ ခေတ်မီစက်ကိရိယာများဖြင့် လာရောက်တီးခတ်ဖြေဖျော်သွားကြလေ၏။ အသံညီညွတ်မှု၊ ပစ္စည်းညီညွတ်မှု၊ လူညီညွတ်မှုများတွင် ဆိုဖွယ်ရာမရှိအောင် ကောင်းပါသည်။

သို့သော် မြို့လူထုတစ်ရပ်လုံးက ကြားနေကျအသံမျိုး မဟုတ်သည်ကတစ်ကြောင်း၊ နားစိမ်းနေသည်ကတစ်ကြောင်း၊ ခေတ်ဟောင်းခေတ်သစ် တေးသွားမတူသည်က တစ်ကြောင်းကြောင့် မြို့ကြီး၏ စန္ဒရားလက်သံလောက် မကောင်းဟု တစ်မြို့နယ်လုံးက တညီတညွတ်တည်း ဝေဖန်ကြလေ၏။ ကြားနေကျအသံဖြင့် လှည့်စားခံနေရခြင်းဖြစ်သည်။ စိတ်ပညာသဘောအရ ကြော်ငြာများတွင် ဤသဘောကို ဆောင်၍ စိတ်ကိုလှည့်စား အမိအရ ညို့ယူလိုက်ခြင်းဖြစ်ပေ၏။ လူတစ်ဦးတစ်ယောက်သည် အရာဝတ္ထုတစ်ခုခုကို ကြိမ်ဖန်များစွာ ကြားနေ၊ မြင်နေ၊ တွေ့နေရလျှင် အသိစိတ်က လက်ခံယုံကြည်သွားပြီး ထိုမှတစ်ဆင့် အတွင်းစိတ်ထဲ နှိုင်နှိုင်မာမာ လက်ခံသွားသဖြင့် တစ်သက်ပေး မြဲသွား၊ စွဲသွား၊ မှတ်သွား၊ အသိအမှတ်ပြုသွားရခြင်း ဖြစ်သည်။ လူသည် ကြာကြာနေခဲ့ရဖူးသော နေရာဒေသ၊ ကြာရှည်စားသုံးခဲ့သော အစားအသောက်၊ ကြာမြင့်စွာ ပေါင်းသင်းခဲ့ဖူးသူများကို စိတ်ထဲက အမြဲသတိရ စွဲလမ်းနေတတ်ပါသည်။

## ■ ယုံကြည်မှုဖြင့် ဆေးကုခြင်း

အကြောင်းအမျိုးမျိုးကြောင့် ကျန်းမာရေးချို့တဲ့နေလျှင် စိတ်စွမ်းအားဖြင့် ကုသနိုင်ပါသည်။ "ငါသည် တဖြည်းဖြည်း ကျန်းမာရေးကောင်းမွန်လာပြီး အလုပ်တာဝန်ဝတ္တရားများကို တစ်နေ့ထက်တစ်နေ့ ပိုမိုကောင်းမွန်စွာ ထမ်းဆောင်လုပ်ကိုင်နိုင်သူ ဖြစ်လာရမည်"ဟူ၍ နေ့စဉ် စိတ်ထဲက လေးလေးနက်နက် ယုံကြည်စွာဖြင့် ဂါထာရွတ်ဆိုသကဲ့သို့ ရွတ်ဆိုပေးရမည်။ ထိုသို့ ယုံယုံကြည်ကြည် ရွတ်ဆိုပေးခြင်းဖြင့် ယုံကြည်မှုစွမ်းအား အတိုင်းအတာတစ်ခုထိ ရောဂါဝေဒနာများ သက်သာပျောက်ကင်းစေပြီး ကျန်းမာသန်စွမ်း ကောင်းမွန်ချမ်းသာလာပါလိမ့်မည်။ စိတ်စွမ်းအားသည် သုံးတတ်လျှင် အောင်မြင်မှုနှင့် ကျန်းမာအသက်ရှည်ရေးအတွက်လည်းကောင်း၊ တီထွင်ဆန်းသစ်မှုအတွက်လည်းကောင်း အစွမ်းအထက်ဆုံး လက်နက်တစ်ပါး ဖြစ်လေသည်။

အကယ်၍ ယုံကြည်မှုစိတ်စွမ်းအားဖြင့် ရောဂါကုသလျှင် (၁) ရောဂါ တကယ်ပျောက်ကင်းရမည်ဟူသော ယုံကြည်မှုအပြည့်အဝ ရှိရမည်၊ (၂) အဆိုးအပျက် မတွေးဘဲ အကောင်းဘက်ကိုသာ တွေးတတ်ရမည်၊ (၃) ကျန်းမာရေးအတွက် ကောင်းသောနည်းလမ်းအားလုံးကို လိုက်နာဆောင်ရွက်ပေးရမည်၊ (၄) အစာအာဟာရနှင့် ဆေးဝါးတတ်စာများကို မျှတစွာ စားသုံးတတ်ရမည်၊ (၅) ကိုယ်လက်လှုပ်ရှား လေ့ကျင့်ခန်းပြုလုပ်ခြင်းနှင့် ဆောင်ရန်၊ ရှောင်ရန်များကို လိုက်နာကျင့်သုံးတတ်ရမည်၊ (၆) သမားတော်ကြီးများ၏ လမ်းညွှန်ပေးမှုများကို တိတိကျကျ လိုက်နာဆောင်ရွက်သွားရပါမည်။ သို့မှသာ ရောဂါပျောက်ကင်းချမ်းသာရပြီး လိုရာဆန္ဒပြည့်ဝကြ၍ ရည်မှန်းချက်ပန်းတိုင်သို့ ရောက်ရှိနိုင်ပေမည် ဖြစ်ပေသည်။

## ■ ဘဝတက်လမ်းအတွက်

မိမိတို့၏ ဘဝတက်လမ်းအတွက် မည်သူမဆို ကျန်းမာရေးအဓိဋ္ဌာန် ရွတ်ဆိုကြသည့်အတိုင်း မိမိတို့ရယူလိုသောအရာ၊ ဖြစ်စေလိုသော အကြောင်းခြင်းရာ၊ အောင်မြင်ပြီးမြောက်စေလိုသော ကိစ္စများအတွက် အဓိဋ္ဌာန်စကားစုများကို နေ့စဉ် ယုံယုံကြည်ကြည် ရွတ်ဆိုကြလျက် ဆောင်ရန်၊ အောင်ရန်များကို ကျင့်သုံးသွားကြခြင်းဖြင့် လိုရာကောင်းကျိုး ဖြစ်ထွန်းအောင်မြင်စေနိုင်လိမ့်မည်။ စိတ်တန်ခိုးစွမ်းအားသည် အရာရာကို ပြီးမြောက်စေနိုင်သည်ဖြစ်သောကြောင့် စိတ်၏ လှည့်စားခြင်းကို အသိနှင့်ယှဉ်၍ ရှောင်ရှားကြပြီး ဘဝအောင်မြင်တိုးတက်ရေးအတွက် မောင်းနှင်အားအဖြစ် အသုံးပြုနိုင်ကြပါစေဟူ၍ . . .။

ပန်းလို၊ စမ်းလို၊ လမင်းလို သာယာချမ်းမြေ့ကြပါစေ။

**အောင်ဘုန်းမြင့်(ကချင်ပြည်)**



www.burmeseclassic.com

www.burmeseclassic.com

# အလှူပွဲနှင့် လွဲရခြင်း

တက္ကသိုလ်သင်္ခ

"အလှူရေစက် လက်နှင့်မကွာ" ဟူသော ဆိုရိုးစကားသည် မြန်မာလူမျိုးတို့၏ ရိုးရာဓလေ့ကို ဖော်ညွှန်းလျက်ရှိသည်ဟု ထင်သည်။ ဖေ့ကြီးရက်ဖြစ်သည့် နှစ်ကူးသင်္ကြန် မတိုင်မီနှင့် သင်္ကြန်ကာလတို့တွင် အလှူအတန်းများ လုပ်လေ့ရှိကြ၏။ တတ်နိုင်သူများက တစ်နိုင်တစ်ပိုင် လုပ်ကြသလို တစ်ဦးတည်း မတတ်နိုင်သူများက စုပေါင်းအလှူ လုပ်ကြသည်။

မည်သို့ရှိစေ ကုသိုလ်ကောင်းမှုလုပ်ခြင်း၏ အကျိုးကျေးဇူးကိုကား မလွဲမသွေ ရရှိကြမည်မှာ ဧကန်မုချ ဖြစ်ပါ၏။

ရောင်ပြန်မဂ္ဂဇင်းနှင့် ဘုန်းရောင်ဂျာနယ်တို့၏ ဦးစီးပုံကိုင် ဆရာဦးမောင်မောင်မြင့်အေးက သင်္ကြန်မတိုင်မီ လေးငါးရက်အလိုတွင် ကျွန်တော့်ထံ ဖုန်းဆက်၍ နှစ်စဉ်ပြုလုပ်မြဲ အလှူပွဲသို့ လာရောက်ရန် ဖိတ်မန္တကပြုသည်။ ကျွန်တော်ကလည်း အခြေအနေပေးလျှင် လာနိုင်အောင် ကြိုးစားပါမည်ဟု စကားပြန်ခဲ့သည်။

ကျွန်တော်သည် ဆရာ့နေအိမ်ရှိရာ အင်းစိန်မြို့နယ်၊ ပိတောက်(၅)လမ်း ဘုရင့်နောင်ရိပ်သာသို့ အလှူပွဲ တက်ရောက်ရန် နှစ်စဉ်မပျက် ရောက်ရှိခဲ့ပါ၏။

ဆရာမောင်မောင်မြင့်အေး၊ ဆရာမ ဒေါက်တာ စောယုနွယ်နှင့် ခုနစ်ရက်သားသမီးများ၏ နှစ်သစ်ကူးအလှူပွဲကို နှစ်စဉ် သင်္ကြန်အကြိုနေ့ မတိုင်မီတစ်ရက် ဧပြီလ ၁၂ ရက်နေ့တွင် ပြုလုပ်မြဲ ဖြစ်သည်ကို ကျွန်တော် သိထား၏။ နှစ်စဉ် အလှူပွဲသို့ ကိုယ်တိုင်တက်ရောက် အားပေးပြီး ရောင်ပြန်မဂ္ဂဇင်းတွင် ဆောင်းပါးများ ရေးသားကာ မှတ်တမ်းတင်ခဲ့သည်။ လွန်ခဲ့သည့် နှစ်နှစ်ခန့်က "ပိတောက်လမ်းမှ လှူဒါန်းပွဲ" ဆောင်းပါးကိုလည်းကောင်း၊ တစ်မြန်နှစ်ကမူ "ပိတောက်လမ်းမှ အုံ့ဘနန်းအလှူ" ဆောင်းပါးကိုလည်းကောင်း ရေးသားခဲ့သည်။ ယခင့်ယခင်နှစ်များကလည်း အလားတူဆောင်းပါးမျိုးရေး၍ ချီးမြှောက်ခဲ့သည်။

ယခုနှစ်တွင်မူ စတုဒီသာ မုန့်ဟင်းခါးကို သုံးဆောင်ချင်ပါလျက် လွဲချော်ကာယ်နာခဲ့၏။ ခုနစ်ရက်သားသမီး အလှူပွဲကို ကြည့်ချင်ပါလျက် မကြည့်နိုင်၊ မခံစားနိုင်ခဲ့ချေ။ ဤအတွက် စိတ်မကောင်း ဖြစ်ရ၏။ ကျွန်တော် လူမှုရေးဝတ္တရားဝန် ပျက်ကွက်ခဲ့သည်ဟု ဆိုရမလား။ ဆိုနိုင်ပါ၏။

အကြောင်းရှာသော "ခရမ်းလွန်ရောင်ခြည်" ကို အပြစ်ဖို့ရန်သာ ရှိတော့သည်။ မှန်ပါ၏။ ယခုနှစ် နွေဥတုကား ပူပြင်းမက ပူပြင်းလျှင် မြေပူရာ ကင်းမှောင့် ဆိုသလို နွေအပူက လွန်ရသည့်အထဲ ဆန်းသစ်သော အမည်ဖြင့် လူအများကို ဒုက္ခပေးရန် ကျူးကျော်ရောက်ရှိလာသည့် "ခရမ်းလွန်ရောင်ခြည်" အပူဒဏ်က ရိုက်ချက်ပြင်းလွန်းလှသည်။



www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော့်ဂျာနယ်တိုက်မှ သတင်းထောက်တစ်ဦး မျက်နှာနှင့် လက်တို့တွင် ရေကျောက်သဖွယ် အနာအဖုလေးများ ထွက်လာသဖြင့် ရုံးမတက်နိုင်ဘဲ ခွင့်တစ်ပတ်ယူလိုက်ရသည်။ သတင်းထောက်အလုပ်ဖြစ်၍ နေပူ မိုးရွာမရှောင် သွားရသဖြင့် ခရမ်းလွန်ရောင်ခြည်နှင့် တွေ့တော့သည်။ ခရမ်းလွန်ရောင်ခြည်က တွေ့သမျှ ကြီးငယ်မဟူ လူကို ဒုက္ခပေးလေသည်။ ကျွန်တော့် သမီး အလုပ်လုပ်သည့် ဂျာနယ်တိုက်မှ Marketing တစ်ဦး သည်လည်း လက်နှင့် ခြေတို့တွင် အနာအဖုအပိန့်လေးများ ထွက်လာသည်ဟု ဆိုသည်။ အနာအရှိန်ပြင်းလျှင် အဖျားပင် ဝင်လာတတ်သည်ဟုဆိုသည်။

ကျန်းမာရေးဝန်ကြီးဌာနကလည်း ခရမ်းလွန်ရောင်ခြည် နှင့် ပတ်သက်၍ သတိပေးချက်များကို သတင်းစာများ၊ ရုပ်မြင် သံကြားနှင့် FM ရေဒီယိုများမှ ထုတ်ပြန်ပေးခဲ့သည်။

ခရမ်းလွန်ရောင်ခြည်သည် အရေပြားကို ထိခိုက် စေရုံမျှမက မျက်လုံးကိုလည်း ထိခိုက်စေသည်။ သို့ဖြစ်၍ နံနက် (၁၀)နာရီမှ ညနေ(၃)နာရီအတွင်း ဖြစ်နိုင်လျှင် အပြင်မထွက်ရန် သတိပေးထားသည်။ မလွှဲမရှောင်သာ၍ အပြင်ထွက်မည် ဆိုပါက အင်္ကျီလက်ရှည်ဝတ်ရန်၊ ထီးဆောင်းရန်၊ အလုတပ်မဟုတ်သည့် နေကာမျက်မှန် တပ်ဆင်ရန်နှင့် နေလောင်ဒဏ်ကို ကာကွယ်ရန် မျက်နှာနှင့် လက်တို့တွင် Lotion တစ်မျိုးမျိုးလိမ်းရန် စသည်ဖြင့် နှိုးဆော်ထားသည်။

ကျွန်တော်သည် နဂိုကပင် အပူဒဏ်ကို ကြောက် သည်။ မည်မျှအေးပါစေ အအေးဒဏ်ကို ကောင်းစွာခံနိုင်ရည် ရှိသည်။ ဥပမာအားဖြင့် တောင်ကိုရီးယားသမ္မတနိုင်ငံနှင့် တရုတ် ပြည်သူ့သမ္မတနိုင်ငံတို့သည် ဆောင်းရာသီတွင် အလွန်အေးသည်။ ရေခဲသည့် အနေအထား။ ဒီဇင်ဘာလသည် အအေးဆုံးလဟု ဆိုသည်။ ကိုရီးယားနိုင်ငံသို့ မရောက်ဖူးသူများပင် ကိုရီးယား ဇာတ်လမ်းတွဲများကို ကြည့်လျှင် ဆောင်းရာသီ၌ မည်မျှအေး သည်ကို တွေ့နိုင်၏။ ဤလိုအချိန်မျိုးပင် ကျွန်တော် ယင်းနိုင်ငံ များသို့ လေ့လာရေး ရောက်ဖူးသည်။ ယင်းနိုင်ငံများသို့ မသွားမီ သက်ဆိုင်ရာ သံရုံးများက ဆောင်းကာလတွင် အအေးဒဏ် မည်မျှရှိသည်ကို ကြိုတင်၍ အသိပေးလေ့ရှိသည်။ သူတို့ သတိ ပေးချက်ကိုလည်း ကျွန်တော် မမှု၊ သွားဖြစ်အောင် သွားခဲ့သည်။

ဆိုလိုသည်မှာ အအေးဒဏ်ကို ခံနိုင်သည်။ အပူဒဏ် ကို မခံနိုင်ဟု ပြောလိုခြင်းဖြစ်၏။

မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံတို့သည် အရှေ့တောင်အာရှ နိုင်ငံများဖြစ်၍လား မဆိုနိုင်၊ ရာသီဥတုမှာ တူးမခြားနားရှိသည်။ ယခုလို နွေရာသီမျိုးတွင် လေယာဉ်ပေါ်မှ လေဆိပ်သို့ ဆင်း လိုက်သည်နှင့် ပူပြင်းသည့်ဒဏ်ကို ခံရတော့သည်။ အပူဒဏ်မှ သက်သာလို သက်သာငြား အအေးလွှတ်ထားသည့် အဆောက် အဦးအတွင်းသို့ အမြန်ဝင်၍ အနားယူရင်း…

ကားစီးလျှင်သော်လည်းကောင်း၊ ဟိုတယ်များတွင် တည်းခိုလျှင်သော်လည်းကောင်း အဲယားကွန်းကောင်းမှုကြောင့် သက်သောင့်သက်သာ ရှိသည်။ နေ၍ ထိုင်၍ အဆင်ပြေသည်။

ရန်ကုန်မြို့တွင် ဘတ်စ်ကားစီးလျှင် ကောင်းကောင်း အပူဒဏ်ခံရ၏။ နာမည်က အဲယားကွန်းဘတ်စ်ဟု ဆိုသော်လည်း အဲယားကွန်း မရှိသည်မှာ နှစ်ရာစုမကတော့ပြီ၊ ယခုလို နွေရာသီ မျိုးတွင် "အဲယားကွန်းဘတ်စ်များ" စီစဉ်ပေးလျှင် မည်မျှကောင်း လေစွ။ ခရီးသွားပြည်သူများ သက်သောင့်သက်သာ ရှိစေရန် တာဝန်ရှိသူများက ပြုပြင်သင့်သည်ကို ပြုပြင်၊ စီမံသင့်သည်ကို စီမံပေးပါက နတ်လူသာခ ခေါ်မည်သာဖြစ်သည်။

ဆရာ မောင်မောင်မြင့်အေး၊ ဆရာမ ဒေါက်တာ စောယုနွယ်နှင့် ခုနစ်ရက်သားသမီးများ၏ နှစ်သစ်ကူး အလှူပွဲနှင့် လွဲခဲ့ရသဖြင့် ကံအာဟာရဖြည့် လှူဒါန်းသည့် ပစ္စည်းများကိုလည်း ကျွန်တော် မရရှိခဲ့ပါ။ ဆရာမောင်မောင်မြင့်အေး ပြောသလိုပင် "ကံအာဟာရ ဆိုတာက ကံမြင့်စေဖို့အတွက် လိုအပ်နေတဲ့ အာဟာရများကို ပေးလှူခြင်း" ဖြစ်သဖြင့် ခံယူထိုက်သော အလှူပင် မဟုတ်ပါလား။

ခရမ်းလွန်ရောင်ခြည်ကြောင့် လွဲခဲ့ရသည့် အလှူပွဲ အတွက် အလှူပွဲကို ဦးစီးဦးဆောင်ပြုသူ ဆရာမောင်မောင် မြင့်အေး နှင့် ဆရာမ ဒေါက်တာစောယုနွယ် တို့အား ဤ ဆောင်းပါးဖြင့် ခွင့်လွှတ်ပါရန် တောင်းပန်လိုက်ရပါ၏။

တက္ကသိုလ်သခ်



www.burmeseclassic.com

www.burmeseclassic.com

# ငုတ်တုတ်မေ့ခြင်း

သို့မဟုတ်

# ရပ်လျက်သေခြင်း

နတ်ထိုးလှိုင်

ငုတ်တုတ်မေ့ခြင်းကို အံ့သြလွန်း၍ မှင်တက်နေမိခြင်းမျိုးတွင် ဘန်းစကားအဖြစ် သုံးနေကြပါသည်။ မတ်တတ်ရပ်လျက်နှင့် သေသူအဖြစ် မောနေယျကျင့်သူ အရှင်(-----)ကိုသာ ဖတ်ဖူး၊ သိရှိဖူးသည်။ သေသည်ဟု လူပြိန်းနားလည်အောင် သုံးလိုက်လျှင် ရှိင်းသွားပါမည်။ ပရိနိဗ္ဗာန်စံဝင်သည်ဟု သုံးနှုန်းကြပါသည်။

## ယခုခေတ်နှင့် ယခင်ခေတ်

ကုလားထိုင်ပေါ်တွင် ထိုင်လျက် ပျံလွန်တော်မူနေသော ရဟန်းအကြောင်း ကြားဖူးပါသည်။ ဦးသုဝဏ္ဏ (၇၂ နှစ်) သည် နိစ္စသုခစံကျောင်း၊ ရွှေတိဂုံ အလယ်ပစ္စယံတွင် ဖြစ်ခဲ့ပါသည်။ ရေချိုးချိန်ရောက်၍ သွားနှိုးမှ ပျံလွန်တော်မူနေကြောင်း သိရပါသည်။

ယခင်ခေတ်များက လဲလျောင်းရင်း အသက်ထွက်သွားသူများအကြောင်းသာ ကြားဖူးပါသည်။ ရပ်၊ ထိုင်၊ လျောင်း၊ သွား၊ ဣရိယာပထ လေးမျိုးတွင် လျောင်းလျက်၊ ထိုင်လျက် စုတိစိတ်ကျ သေဆုံးသူသာ များပါ၏။ ရပ်လျက် ပရိနိဗ္ဗာန်စံဝင်ခြင်းကို ပဋ္ဌာနကဗုဒ္ဓါ ဇာတ်လမ်းအချို့တွင် ဖတ်ဖူးပါသည်။ သစ်ပင်ကိုမှီရပ်ပြီး စုတိစိတ်ကျခြင်းမျိုးပါ။



www.burmeseclassic.com

www.burmeseclassic.com

ယခုပြောမည့် လူမှာ သာမု ကျောင်းတိုက်ကြီးတွင် ဂေါပကလုပ်သွားသည့် ဦးထွန်းကြည်အကြောင်းပါ။ သူ့သမီးကြီး(တစ်ဦးတည်းသောသမီး) ဒေါ်ခင်ဌေးရီမှ ပြောပြချက် ဖြစ်ပါသည်။

၎င်းဒကာကြီး ဦးထွန်းကြည်သည် သာသနာ့ဂုဏ်ရည်ကျောင်းတွင် ကမ္မဋ္ဌာန်းကျောင်းလေးဆောက်ပြီး တရားအားထုတ်သွားပါသည်။ မိုးလင်းသည်နှင့် ကျောင်းသို့လျှောက်လာပါသည်။ မိုးချုပ်မှ အိမ်ပြန်ပါသည်။ အိမ်တွင်နေစဉ်မှာလည်း အချိန်ဇယားဆွဲပြထားပါသည်။ တစ်နေ့ လေးချိန် တရားထိုင်ချိန်အတွင်း ဧည့်သည်များ စောင့်နိုင်လျှင်စောင့်၊ မစောင့်နိုင်လျှင် ပြန်ကြရ၏။

တစ်ဦးတည်းသောသမီးမှာ ၁၈ နှစ်ဖြင့် လင်နောက်လိုက်သွားသော်လည်း ပစ်မထားခဲ့ပါ။ ၃၉ နှစ်တွင် သားနှစ်ဦး၊ သမီးတစ်ဦးဖြင့် အိမ်ပေါ် ပြန်တက်လာသော်လည်း ကောင်းစွာလက်ခံကျွေးမွေးထားပါသည်။ စီးပွားရေးကြီးကြီးမားမားမလုပ်တဲ့ စားနိုင်၊ သောက်နိုင်၊ လှူဒါန်းနိုင်ပါ၏။ သမီးကြီးမှာ စီးပွားရေးဦးဆောင်လုပ်ကိုင်ပြီး တိုးတက်လာပါသည်။

အပေါင်းအသင်းကောင်းများကြောင့် အလုပြင်လုပ်ငန်းမှ ကားပွဲစားပြောင်းလုပ်ကိုင်ပါသည်။ ကိုယ်ပိုင်ကားနှစ်စီးထိ ပိုင်ဆိုင်လာပါသည်။ သို့သော် ကားလေးစီး ဖြစ်ချင်ပါသေးသည်။ သို့နှင့် မလေးရှားသို့ အောက်လမ်းမှသွားပါသည်။ သားနှစ်ယောက်၊ သမီးတစ်ယောက်ဖြင့် စားသောက်ဆိုင်၊ အလှပြင်ဆိုင် ဖွင့်ပါသည်။ မိဘနှစ်ပါးကို ထောက်ပံ့ကျွေးမွေးနိုင်ပါသည်။ လစဉ် အမြတ်ငွေများ ပို့ပေးပါသည်။

မိခင်ကြီးက ပြန်လာရန် မကြာခဏ ခေါ်ပါသည်။ ဖခင်ကြီးဦးထွန်းကြည်ကလည်း ငွေမလိုပါ၊ သမီးနှင့် မြေးများသာ လိုးချင်သည်ဟု ဆိုသောကြောင့် ပြန်လာကြပါသည်။ နဂိုစီးပွားရေးများ ပြန်စလုပ်ပါ၏။ ဖခင်ဦးထွန်းကြည်မှာ တရားထိုင်ချိန် ပုံမှန်၊ စားသောက်ချိန် ပုံမှန်ပင်။ အသက် ၈၂ နှစ်ထိ ဒေါင်ဒေါင်မြည်ရှိနေသည်။ မြေးကြီး ၃၈ နှစ်မှ အိမ်ထောင်ပြု၊ မြေးလတ် သမီး ၃၆ နှစ်မှ အိမ်ထောင်ပြုကြသည်။ ဒေါ်ခင်ဌေးရီကိုယ်တိုင် ရှာဖွေပေးစားရခြင်း ဖြစ်သည်။

သားကြီး မလေးရှားသို့သွား၍ ပြန်အလုပ်လုပ်ရာတွင် ဒေါ်ခင်ဌေးရီ လိုက်ပို့ပေးသည်။ စရိတ်ကျေအောင် ခြောက်လခန့်လုပ်ရမည်မို့ လုပ်နေစဉ် နှစ်လခန့်အကြာတွင် ဖခင်ဦးထွန်းကြည် ဆုံးကြောင်း ကြားရပြီ။

ဆုံးပုံမှာလည်း အိမ်သာတက်ရန် တံခါးဝတွင် ရပ်လျက်ငုတ်တုတ်နှင့်ပင် ဝိုင်းကူသည့် ကလေးမက "ဘကြီး၊ အိမ်သာထဲမှာ လူမရှိဘူး"ဟု ပြောပြီး ကိုင်လိုက်မှ အသက်မရှိမှန်းသိရသည်။ အံ့ဩဖွယ် သေနည်းမျိုးပင်။ ယခုမှ ကြားဖူး၍ ငုတ်တုတ်မေ့နေမိကာ မည်သူများ ရပ်လျက်သေနေသည်ကို တွေ့ဖူးပါသနည်း။ အာဇာနည်ဆင်၊ မြင်းများသာ ထိုသို့ သေဆုံးကြောင်း မှတ်သားသိရှိရပါသည်။

**ဆုံးပုံမှာလည်း အိမ်သာတက်ရန် တံခါးဝတွင် ရပ်လျက် ငုတ်တုတ်နှင့်ပင် ဝိုင်းကူသည့် ကလေးမက "ဘကြီး၊ အိမ်သာထဲမှာ လူမရှိဘူး" ဟု ပြောပြီး ကိုင်လိုက်မှ အသက်မရှိမှန်း သိရသည်။ အံ့ဩဖွယ် သေနည်းမျိုးပင်။**

**နတ်ထီးလှိုင်**

www.burmeseclassic.com

# သေလုအောင် ပြန်ချင်သည်

မောင်ကောင်းမြင့်

သားသမီးတွေက အလည်ခေါ်လို့ ရောက်လာကြရပေမယ့် ကိုယ့်မြန်မာပြည်လို မဟုတ်တော့ ပျော်တယ်ရယ်လို့ ဘယ်ဟုတ်မလဲ။ သည်လိုပဲ အဆင်ပြေအောင် နေကြရတာပေါ့။ "မြန်မာပြည်ကို ပြန်ချင်တယ်"ဆိုသော စကားကို သက်ကြီးမိတ်ဆွေအပေါင်းအသင်းများထံမှ ကြားရသည်။

"တကာကြီး၊ တကာမကြီးတွေ သည်မှာနေရတာ စိတ်ဓာတ်တက်ကြွတဲ့အချိန်နဲ့ စိတ်ဓာတ်ကျတဲ့အချိန် ဘယ်ဟာက ပိုများသလဲ"

"စိတ်ဓာတ်ကျတဲ့ အချိန်က များပါသည် ဘုရား"

ဤကား မြန်မာဘုန်းကြီးကျောင်းတွင်တွေ့ရသော သက်ကြီးများ (အချို့လည်း ၄၀ ဝန်းကျင်များနှင့် သည်ထက်ငယ်သူများပါပါသည်) အနက်က ဖြေကြသောစကားသံကို ကြားရသည်။

"ကျွန်တော်တော့ သည်မှာ အခြေအနေအရသာ စီးပွားလာရှာနေတာပါ။ သားမယားက ခေါ်လို့လည်း မရသေးတော့ ပျော်တယ် မဟုတ်ဘူး။ နောက်လေးငါးလဆို တစ်ခေါက်ပြန်နိုင်အောင် လေယာဉ်ဖိုးစုနေတယ်"ဟု လူလတ်ပိုင်းအရွယ်တစ်ယောက်က ဆို၏။

"ကျွန်တော်တို့လင်မယား သည်ရောက်တာ လေးနှစ်ကျော်ပြီ။ ငါးနှစ်ပြည့်ပြီးရင် "အမေရိကန် နိုင်ငံသား" တရားဝင်လျှောက်လို့ရပြီ။ ဒါပေမယ့် မလျှောက်ပါဘူး။ မြန်မာနိုင်ငံသားအနေနှင့်ပဲ နေသွားမယ်"ဟု အသဖနီးမောင်နှံက ဆို၏။

အခြားသော မောင်နှံကမူ "ကလေးတွေ ပညာရေးအတွက် ကောင်းတယ်။ ဒါကြောင့် သူတို့ကျောင်းပြီးလို့ အခြေကျသွားရင် ကျွန်တော်တို့လည်း ရတဲ့ စုဆောင်းငွေလေးတွေနှင့် Tax Clain လို့ ရတာတွေစုပြီး ပြန်မယ်"ဟု ဆိုသည်။

မိမိကျန်းမာရေးကို ကူညီစောင့်ရှောက်ပေးသော ဆရာဝန်ကလေး တစ်ဦးကမူ "ရောက်စက တော်တော်စိတ်ညစ်တယ်။ ဘယ်လောက်အထိလဲဆိုရင် ပန်းခြံမှာ သွားထိုင်နေတဲ့အချိန်တွေဟာထိ ရှိတယ်။ ဒီအဖြစ်မျိုးဟာ ကိုယ်တစ်ယောက်တည်း မဟုတ်ဘူးဆိုတာ သိလာတော့ တော်တော် ခံနိုင်ရည် ရှိသွား



www.burmeseclassic.com

www.burmeseclassic.com

တယ်။ အခုတော့ ဖြစ်အောင်နေတတ်လာပါပြီ”

ရင်းနှီးသော မိန်းကလေးတစ်ယောက်ကမူ “အိမ်ကိုလွမ်းတယ်”ဆိုသော ကဗျာလေးမျိုးကို တစ်မျိုး။ “အမေ့ကို သတိရတယ်”ဆိုသော စာမ်းတတမ်းလေးမျိုးကို တစ်သွယ်။ သူမ၏ Face book တွင် တင်ထားသည်။ သူကလေးမှာ အမေရိကားသို့ လာချင်လွန်း သူတို့ထဲတွင် မပါ။ Green card မဲပေါက်သော်လည်း ဝမ်းသာအားရမရှိလှဘဲ ‘ကံကောင်းထောက်မမှု’ကို အလည်သဘောနှင့် စမ်းသပ်ချင်သော ဆန္ဒက ပိုရှာသည်။ သို့သော် တကယ်ရောက်လာတော့ မိမိအတွက် အိမ်က ကုန်ကျခဲ့သောငွေကို စာနာထောက်ထားပြီး ကာမိနိုင်သမျှ အလုပ်ရှာဖွေကာ ကြိုးစားလုပ်ရှာသည်။ အလုပ်ချိန် တစ်ရက်လျှင် ၁၀ နာရီမှ ၁၄ နာရီအထိ လုပ်နေသည်။ ငယ်သူမို့ တော်ပေသေး၏။ ဝန်နှင့်အားတော့ မျှစေချင်သည်။ ကိုယ်ပိုင်ခံစားချက်နှင့် အသိတို့ ဒွန်တွဲ လွန်ဆွဲနေကြသဖြင့် “လူတစ်ကိုယ် စိတ်နှစ်မျိုး” ဖြစ်နေရှာ၏။

မိမိ၏အသိ ဆရာမတစ်ယောက်ကမူ မိမိနှင့်အတူ လေယာဉ်လက်မှတ် Booking လုပ်ထားသည်။ တကယ်ငွေသွင်းရသောရက် နီးကပ်လာသောအခါ စိတ်ပါပြောင်းသွားကာ အမေရိကားသို့ မလိုက်ပါခဲ့တော့ပေ။ သူမ၏ အခြေအနေမှာ ရန်ကုန်တွင် အသားကျပြီးသား ‘တစ်ကိုယ်တည်း တက္ကသိုလ်ဆရာမ’ တစ်ယောက်ဖြစ်သောကြောင့် မသေချာသော အလုပ်တစ်ခုအတွက် မစမ်းသပ်လိုတော့ပါဟု ဆိုသည်။ သေချာတာက မသေချာတာထက် ပိုကောင်းတာ အမှန်။

ဤသို့ဤနှယ် ပြန်ချင်သူတွေ ပေါလှသော အမေရိကား အခြေအနေကို ဆင်ခြင်ကြည့်မိပါသည်။

အမေရိကန် နိုင်ငံသည် ဖွံ့ဖြိုးတိုးတက်သော နံပါတ်-၁ ထိပ်ဆုံးကတိုင်းပြည်ဖြစ်သည်။ လောကနိဗ္ဗာန်ဟု ဆိုကြသည်။ (လောကနှင့် နိဗ္ဗာန်တွဲသောအသုံးကား ဓာတ်မတည့်လှ။)

နေချင်စရာ ကောင်းလောက်အောင် ကောင်းကွက်တွေ ပေါလှသည်။ ငယ်ရွယ်သူတို့အတွက် ပညာသင်မလား၊ ဥစ္စာရှာမလား၊ အပျော်ရှာမလား၊ အဖော်ရှာမလား၊ ဘာလုပ်ချင်သလဲ။ သောကမထားဘဲ လောဘဖြင့်နေမည်ဆိုလျှင် ပျော်စရာပေါပါဘိ။ ပျော်စရာကောင်းပါဘိ။

ဘဝကို လူငယ်တို့အမြင်သည် ‘သာယာသော နံနက်ခင်း’အမြင်ဖြစ်သည်။ နံနက်ခင်း နေခြည်နုနုအောက်တွင် နွေးထွေးစွာ နေချင်စရာကောင်းပါဘိ။ ငွေနှင့်အတူ ပျော်စရာလေးများကလည်း ပြည့်စုံသောကြောင့် ပျော်စရာ။

သို့သော် ထိုသို့သော အခြေအနေမှာ လူတိုင်းအတွက် မဖြစ်နိုင်။ အချိန်တိုင်း မဖြစ်နိုင်။ သည်နိုင်ငံတွင် ‘အစိုးရ’အလုပ်ရဖို့ သို့မဟုတ် အတော်အာမခံချက် ခိုင်မြဲသော ကုမ္ပဏီ၊ ဌာနကြီးများတွင် ပညာဖြင့် အံဝင်ခွင်ကျရဖို့မှာတော့ ခက်သည်။ မိမိတတ်သောပညာ၊ ဝါသနာတို့ဖြင့် အသက်မွေးဝမ်းကျောင်း ပြုနိုင်သူနည်းသည်။ ရရာအလုပ်ဖြင့် ဝင်လုပ်နေကြရ၏။ သည်နိုင်ငံမှ ဒီပလိုမာဘွဲ့များဖြင့် အောင်မြင်ပြီးသော ဒေသခံတို့သည်ပင် ယခု ဆယ်စုနှစ်အတွင်း အလုပ်ရှားလာသည်ဟု ဆို၏။ စီးပွားပျက်ကပ်ကြောင့် မကြာခဏ အလုပ်နားကြရ၏။ ပြောင်းကြရ၏။ အလုပ်တစ်ခုမှ ပြုတ်(ဖြုတ်)မည်ကို ကြောက်ကြရသည်။

သည်နိုင်ငံသို့ ရောက်လာသူ နိုင်ငံသားအများစုမှာ ဖွံ့ဖြိုးဆဲ၊ ဖွံ့ဖြိုးစနိုင်ငံတို့မှသာ များလှ၏။ ဥရောပသား နည်းသည်။ မိမိနေရပ်ထက် တော့သာသည် ဆိုသူက အနန္တ။ သည်တော့ အမေရိကားဆိုလျှင် ဖြစ်သည့်နည်းဖြင့် လာကြသည်။ တရားဝင်ကော၊ တရားမဝင်ကော။ မြန်မာများထဲ၌ပင် ဒုက္ခသည်စခန်းမှလာသူ၊ နိုင်ငံရေးခိုလှုံခွင့်ဖြစ်လာသူ၊ စီးပွားရေးဖြင့်လာသူ၊ ကျောင်းသားအဖြစ်လာသူ၊ ဗိုင်ဗင်ဖြင့်လာသူ (သင်္ဘောသားများကို ဆိုလိုသည်) နှင့် Green Card ဖြင့်လာသူ စသဖြင့် နည်းမျိုးစုံသည်။ လက်တင်အမေရိကနိုင်ငံများမှလာသူ အများအပြားမှာ နယ်စပ်ဖြတ်ကျော်နည်း

www.burmeseclassic.com

မြင့် များကြသည်။ ထို့ကြောင့်လည်း ယခုနှစ်ဆန်းပိုင်း အမေရိကန်လွှတ်တော်၌ တရားမဝင် ရွှေ့ပြောင်းလာရောက်သူ နှစ်သန်းကျော် အရေးသည် အလေးထားဆောင်ရွက်စရာအဖြစ် ပါတီနှစ်ရပ်စလုံး၌ သဘောတူကြသည်။ ဒီမိုကရက်ပါတီရော၊ ရီပတ်ပလီကန်ပါတီရောကပါ တစ်ကြိမ်တည်း သဘောတူညီကြသည်။ ဆိုသည်ကတော့ မိမိနိုင်ငံအတွက် အငြင်းပွားဖွယ်မဟုတ်သော ပြသနာဖြစ်ကြောင်း ခံယူထားကြခြင်းဖြစ်သည်။

လူကြီးများက မပျော်ကြသည်က ဘဝအမြင်ကြောင့် ဖြစ်သည်။ ကိုယ့်မြေ၊ ကိုယ့်ရေကို ခင်တွယ်သော မွေးရာပါ သန္ဓေစိတ်ကြောင့်လည်းဖြစ်၏။ အရှေ့ရော၊ အနောက်ပါ တူညီသော စကားပုံတစ်ခုရှိသည်။ East or West, Home is Best.

အားလုံးသော နိုင်ငံတိုင်းသည် အမေရိကန်မဟုတ်။ ထို့အတူ အမေရိကနိုင်ငံ၌ပင် အားလုံးသော ပြည်နယ်တိုင်းသည် နယူးယောက်မဟုတ်။ နယူးယောက်၌ပင် အားလုံးသော ဒေသကြီး (borough)များသည် Manhattan မြို့လယ်မဟုတ်။ သည်တော့ အားလုံးသည် Mahattan တွင်သာ နေချင်၍မဖြစ်။ နေချင်ကြမည်လည်း မဟုတ်။ ခြံနှင့်ဝင်းနှင့် နေလိုသူတို့က နယူးယောက်၌ပင် Long Is Land ၌ နေလိုသူ ရှိသည်။ ဝင်းနှင့်ခြံနှင့် နေသူက လူရှုပ်သော နေရာကျဉ်းကျဉ်းမှာ မပျော်။ အားလုံးသာ နယူးယောက်မှာ နေကြမည်ဆိုလျှင်လည်း အမေရိကန်ပြည်ထောင်စု၌ ပြည်နယ် ၅၀ ရှိတော့မည်မဟုတ်။ မြို့မှာချည်း နေကြလျှင် တောရွာကျေးလက် ရှိတော့မည် မဟုတ်။ တောရွာကလည်း အလှရှိသည်၊ ပျော်စရာရှိသည်။ တကယ်တော့ ပျော်တတ်သော နှလုံးသားပဲ ရှိဖို့လိုသည်။ ပျော်တတ်သော နှလုံးသားမရှိက ဘယ်မှာနေနေ ပျော်မည်မဟုတ်။ စေတနာချည်းပါပဲ။

ကိုယ့်မြေ၊ ကိုယ့်ရေကို မချစ်တတ်လျှင် ဘဝဆိုတာ ဘာလဲ။ မိမိလူမျိုးကို မချင်ခင်လျှင် ဘဝဆိုတာ ဘာလဲ။ တကယ်တော့ ကိုယ့်မြေ၊ ကိုယ့်ရေကိုချစ်ဖို့ ငယ်စဉ်ကပင် သင်ကြားပေးဖို့ လိုသည်။

အသက်ကြီးလာမှ ကိုယ့်မြေကို ချစ်ပါဟု သင်၍မရ။ အသက်ကြီးသူများထဲမှာပင် ကိုယ့်မြေ၊ ကိုယ့်ရေကို အထင်မကြီးသူများ ရှိသည်။ အမေရိကန်က အားလုံးအကောင်းချည်းဟု ပြောသူများ ကြုံဖူးသလို စိတ်ပျက်ဖွယ်သာ မြင်သူလည်း ကြားရ၏။ နေရာတိုင်းမှာ အဆိုးနှင့် အကောင်း၊ အဖြူနှင့်အမည်း၊ အနိမ့်နှင့်အမြင့် ရှိသည်ပင်။ ဆိုချင်သည်မှာ ဘဝ၏ ပျော်စရာဆိုသည်မှာ "နေတတ်ရင် ကျေနပ်စရာပါပဲ"ဟု ခံယူထားဖို့လိုသည်။

မိမိနှင့်ရင်းနှီးသော အထူးကု ဆရာဝန်ကြီး တစ်ယောက်။ သူက မိမိကိုဆေးကုသပေးသော ဆရာဝန်ကြီးဖြစ်၏။ ဘွဲ့တစ်လှေကြီးနှင့် ဖြစ်သော်လည်း မြန်မာမလေ့နှင့် တောရပ်ကို ခင်တွယ်မှု မပြတ်သူ ဖြစ်ပါသည်။ မကြာခဏ စကားပြောဖြစ်ရာ သူ၏ငယ်စဉ်ဘဝက မိဘများက ဆုံးမခဲ့ပုံ၊ ဖခင်၏အား (မား)၊ မိခင်၏မေတ္တာ(လမင်း)တို့ကို ပြန်ပြောပြတတ်သည်။ နေထိုင်ခဲ့ရသော ဇာတိမြို့ကို သတိတရ ဂုဏ်ယူပြောပြတတ်သည်။

နယူးယောက်သို့ မိမိယခုရောက်ရှိနေသလို သူက ဝါရှင်တန်ဒီစီရှိ သားများထံ ရောက်ရှိနေသည်။ မကြာခဏ စကားပြောဖြစ်သည်။ အမေရိကန်နိုင်ငံတွင် သားများ၊ မိတ်ဆွေများနှင့် တွေ့ရ၍ ဝမ်းသာကြောင်း၊ ပြည့်စုံသည်ဟု ဆိုနိုင်သော်လည်း ပျော်ရွှင်မှု အပြည့်အဝ မရကြောင်း၊ နံနက်စောစော ပဲပြုတ်၊ နံပြား (ပဲပြုတ်၊ ထမင်းကြော်)ကလေး စားရသော အရသာကို သတိရနေကြောင်း၊ တစ်ခါတစ်ရံ မိမိဇာတိမြေသို့ ပြန်ပြီး နေချင်စိတ်မှာ ပို၍ ပေါ်လာတတ်ကြောင်း ပြောပြပါသည်။

(ဆရာကြီးသည် မိမိအား ဆေးကုသရင်း တစ်ကြိမ်တွင် ပြောသော စကားမှာ "ဆရာဝန်တွေက လူနာကို ဆေးကုသပေးတယ်ဆိုတာ ရောဂါကို သက်သာနိုင်အောင်သာ ကုသပေးပါတယ်။ သေခြင်းတရားကို မကုသနိုင်ပါဘူး။ ဆရာဝန်တွေ



www.burmeseclassic.com

www.burmeseclassic.com

ဟာ သေခြင်းကို မတားနိုင်ပါဘူး။ ဒါ့ကြောင့် ဒီဆရာဝန်ဆီသွားရင် ရောဂါပျောက်ပြီး မသေတော့ဘူးဆို တာ မရှိနိုင်ပါဘူး။ ဆရာဝန်ဟာ လူနာကို ဆေးချည်းပေးပြီး ကုလို့မရပါဘူး။ စိတ်ကိုလည်း ကုသပေးရပါတယ်”ဟု ဆိုခဲ့ပါသည်။)

ဘဝအမြင်သည် အရေးကြီးလှသည်။ အထူးသဖြင့် သက်ကြီးပိုင်းတွင် မိမိ၏လက်ကျန် နည်းလှသော အချိန်များကို မည်သို့ အသုံးချရင်း ကုန်ဆုံးစေမည်နည်းဟူသော အမြင်ဖြစ်သည်။

ရေခြားမြေခြားတွင် နေရသူတို့သာလျှင် လိုအင်ဆန္ဒသည် ပိုပေါ်လာတတ်၏။ ဓလေ့ဘာသာ အယူအဆ ခြားနားသဖြင့် မိမိအတွက် ‘စိတ်အဖော်’လိုသည်ကို ဖြည့်ဆည်းပေးနိုင်မှု ကွက်လပ်ကို မိမိသာလျှင် သိ၏။ သားသမီးနှင့် ငယ်သူတို့ မသိပါ။ ထိုမသိမှုကြောင့် စေတနာသည် ဆေးမဖြစ်တော့။

မိတ်ဆွေတစ်ဦးက ပြောပြဖူးသည်။ “သားသမီးတွေက ခေါ်ထားပြီး စောင့်ရှောက်ထားတာဆိုပေမယ့် မပျော်တဲ့ မိဘတွေရှိခဲ့တယ်။ ပြန်ချင်တယ် အကြိမ်ကြိမ်ပြောပေမယ့် မပို့ပေးဘဲ ရက်တွေကြာလာတော့ သည် အမေကြီးက ၉၁၁ ကို ဖုန်းဆက်ပြီး အကူအညီတောင်းတဲ့အထိ ဖြစ်ခဲ့ရတယ်”။ သားသမီးနှင့် မိဘနှစ်ဦး ရှင်းရမည့် ကိစ္စသာဖြစ်ပါသည်။

မိမိနှင့်သိကျွမ်းသော မိတ်ဆွေတစ်ဦးက အဖြစ်အပျက်တစ်ခု ပြောပြဖူး၏။ သည်က သမီးဆီ အလည်လာနေတဲ့ မိဘနှစ်ဦးအနက် အဖေ လုပ်သူက သားသမီးတွေ သည်မှာ အလုပ်လုပ်နေကြတဲ့စနစ်ကို သဘောမပေါက်ဘူး။ ည ၁၀ နာရီကျော်မှ ပြန်လာတဲ့ သမီးနှင့် တကျက်ကျက်ပဲ။ မြန်မာလို စဉ်းစားတာကိုး။ နောက်ပြီး ရန်ကုန်မှာလို သားသမီးက ထမင်းပွဲရှေ့ရောက် ပြင်မကျွေးနိုင်တာကို ဘဝင်မကျဘူး။ သည်နိုင်ငံမှာက ဟင်းတွေကို တစ်ပတ်စာ ချက်ထားပြီး Oven နှင့် နွှေးစားကြရတာ။ ယောကျ်ားရဲ့အလုပ်ချိန်က တစ်မျိုး၊ ဇနီးက တစ်မျိုးဆိုတော့ ထမင်းလက်ဆုံတောင် စားရတာ ရက်နည်းတယ်။ နောက်ဆုံးတော့ သည်းမခံနိုင်တဲ့ အဖေကြီးက တစ်ယောက်တည်း ပြန်သွားရောဗျာ။ အဲ . . အမေကြီးပဲ ကျန်ခဲ့တယ် . . .”

ဇနီးမောင်နှံ နှစ်ယောက်စလုံး အလုပ်လုပ်မည်ဆိုပါက တစ်ယောက်နှင့်တစ်ယောက် တွေ့ချိန်ပင် နည်းသည်။ အလုပ်ချိန် ၈ နာရီ၊ ၁၀ နာရီ (အချို့ဆို စနေနေ့ပါ လုပ်ကြရ၍) တနင်္ဂနွေတစ်ရက်သာ အားလပ်ရာ လျှော်ဖွပ်၊ ချက်ပြုတ်ဖြင့် မအားရ။ ရန်ကုန်မှာလို ဇနီးရုံးသွားလျှင် ပို့ကြို၊ အတူပြန်၊ ထမင်းလက်ဆုံစား ဆိုသောဘဝ မရနိုင်ကြတော့။ မြန်မာလိုတွေးကြည့်တော့ ‘သိင်္ဂါရ’ရသ ပျောက်သော ဝတ္ထုမျိုး ဖြစ်နေမည်လား မသိ။

မြန်မာ့အိမ်ထောင်ရေးမှာ ‘ချစ်မြတ်နိုးမှု’ကို အခြေခံသည်။ ရသပါသည်။ အချစ်ကို အဓိကထား၍ တည်ဆောက်သည်။ လင်နှင့်မယား ဖြစ်လာလျှင် သည်းခံမှု၊ နားလည်မှု၊ ခွင့်လွှတ်မှုနှင့် အပေးအယူကို မျှတစေသည်။ ကိုယ်ချင်းသာမက စိတ်ချင်းပါ ပေါင်းဖက်သောကြောင့် ‘ရိုးမြေကျ’၊ ‘ဆံဖြူ သွားကြွေ၊ ပါးရေနားရေ တွန့်ပါစေကွယ်’ဟု ဆိုကြ၏။ ဘယ်နိုင်ငံမှ မရှိသော ရသဖွဲ့ဟု ဆိုချင်သည်။ (အိမ်ထောင်ဦးစီး မရှိသော၊ အတူတွဲနေထိုင်ကာ ဝင်ငွေကို အချိုးကျ share လုပ်ကြသော၊ ကိုယ်ပိုင်လွတ်လပ်ခွင့်ကို အလေးထားသော၊ ရုပ်ခန္ဓာပေါင်းစည်းမှုကို ဦးစားပေးသော အိမ်ထောင်ရေးမျိုး မဟုတ်သည်မှာ သေချာသည်။)

ထို့ကြောင့်လည်း မြန်မာသက်ကြီးများနှင့် မြန်မာပြည်ကို မမေ့သူများသည် ကိုယ့်မြေ၊ ကိုယ့်ရေကို တမ်းတကြသည်။ လွမ်းကြသည်။ သူများကောင်းတယ်ဆိုတာ မိခင်ရိုက်သလောက်(ဆုံးမခြင်းကို ဆိုပါသည်။)ရှိသည်ကို သတိချပ်သင့်ပါသည်။

မိမိမွေးရပ်မြေကို လွမ်းသူများ အကြောင်း ပြောရ၊ ရေးသည်မှာ ချမ်းမြေ့လှ၏။ ကျွန်တော်လည်း လွမ်းပါသည် ခင်ဗျား။ ။

မောင်ကောင်းမြင့်

www.burmeseclassic.com

# အိမ်တိုင်းဆောင် အောင်တဲ့ဆေး




ပင်ရင်း - အောင်နန်းရပ်၊ မိုးကုတ်မြို့။ ၀၉-၆၅၃၈၄၀၅

ခရီးလွန်နေ၍ သည်ကနေ့မှပဲ အိမ်သို့ ပြန်ဖြစ်တော့သည်။

အိမ်ရောက်ရောက်ချင်း ကြားရသည့်စကားက နား၀မှာ မသက်သာ။ ခြေရင်းအိမ်က ဖိုးကဲလေး တစ်ယောက် မနေ့က ပျားတုပ်ခံရသည်ဆိုပဲ။ ရင်ထဲမှာ အတော်ကလေး ထိတ်သွားရသည်။ ပျားတို့၊ ပိတုန်းတို့ ဆိုသည်မှာ အဆိပ်ရှိသော သတ္တ၀ါများ မဟုတ်ပါလား။ သည့်အတွက် စိုးရိမ်တကြီးဖြင့် ခြေရင်းအိမ်သို့ကူးခဲ့သည်။

"ဟင်・・・ဖိုးကဲလေး・・・"

ကြားရသည့်သတင်းနှင့် မြင်တွေ့ရသည့် မြင်ကွင်းက မကိုက်ညီ။

ဘာကြောင့်ဆို ပျားဆိပ်ကြောင့် အိပ်ရာထဲ လဲနေရမည့် ကလေးငယ်သည် ယခုမူ ပြုံးပြုံးရယ်ရယ်ဖြင့် ဆော့ကစားမပျက်။ ပျားတုပ်ခံရတာကော ဟုတ်များမှ ဟုတ်ပါ့မလားဟု သံသယ၀င်ချင်စရာ။ သည်တုန်းမှာပင် ဖိုးကဲလေး၏မိခင်က စကားဆိုလေသည်။

"အံ့ဩနေသလား အစ်ကို၊ ညီမလေးတို့လည်း ဖြစ်ဖြစ်ချင်း ပူထူသွားတာတော့ အမှန်ပဲ။ ဘာလုပ်လို့ ဘာကိုင်ရမှန်း မသိဘဲ ဆေးခန်းသွားမလို့လုပ်တုန်း အိမ်ရှေ့အိမ်က ဘကြီးဖြိုး ရောက်လာပြီး ဆေးခဲလေးတစ်ခဲကို ကျောက်ပျဉ်ပေါ်ကိုသွေးပြီး လိမ်းပေးလိုက်တယ်။ ဖိုးကဲလေးကလည်း အငိုတိတ်သွားတော့တာပဲ။ နောက်တစ်ကြိမ်လည်းလိမ်းလိုက်ရော ဘာမှမဖြစ်တော့သလို ပျောက်သွားတော့တာပဲ အစ်ကိုရဲ့"

"ဟဲ့・・・တော်တော်လည်းစွမ်းပါလား။ ဘာဆေးများလဲ ညီမရဲ့・・・"

"ဒေါ်စိန်ရင်ရဲ့ မရှေ့တံဆိပ် မန်းဆေးခဲ တဲ့ အစ်ကိုရဲ့၊ ပျား ပိတုန်း စတဲ့ အဆိပ်ရှိသတ္တ၀ါတွေ ကိုက်ခဲတာကို နိုင်တဲ့ အပြင် ခြင်ကိုက်ခံရတာ၊ ပိုးကောင်ကိုက်ခံရတာ၊ လူငယ်တွေ၊ ၀က်ခြံ၊ မိတ်ဖု၊ သွေးယား၊ ဆီပူ၊ ရေနွေးပူ၊ ငလောင်၊ ဆီးချိုကြောင့် အနာပေါက်တာ မန်းအနာပေါက်တာတွေလည်း နိုင်တယ်ဆိုပဲ"

"ဟာ・・・တယ်ဟုတ်တဲ့ ဆေးပါပဲလား"

"ဒါတင်မကသေးဘူး။ အပြေကျော်ဆေး ဆိုတာလည်း ရှိသေးတယ်။ သွေးတိုး၊ ဆီးချို၊ အစားမှား၊ ဆေးမှား၊ မှုးမော်၊ ပျို့အန်၊ အစာအိမ် လေထိုးလေအောင့်၊ အဆိပ်အတောက်ရှိတဲ့ အစာတွေအပြင် သတ္တ၀ါတွေရဲ့ ကိုက်ခဲမှုကြောင့်ဖြစ်တဲ့အနာတွေကိုတောင် သက်သာပျောက်ကင်းတယ်တဲ့။ ထိခိုက်ရှနာများကတော့ ပျင်းတောင် ပျင်းသေးတယ် အစ်ကိုရဲ့"

"တယ်လည်းကောင်းတဲ့ ဆေးပါပဲလား။ ဘယ်မှာများ ၀ယ်လို့ရနိုင်မလဲဟင်၊ လူတိုင်း ဆောင်ထားနိုင်လို့ပါ"

"ညီမလေး မှတ်ထားတာကတော့ ပင်ရင်းဌာနဟာ မိုးကုတ်မြို့ အောင်နန်းရပ်မှာ။ (ဖုန်း-၀၈၆-၂၁၁၁၀)ဖြစ်ပြီး တိုင်းရင်းဆေး၀ါး မှတ်ပုံတင်အမှတ် TMR 012013(0516 ) နဲ့ ထုတ်လုပ်ထားတာ အစ်ကိုရဲ့・・・"

"ဟုတ်ပြီဗျာ၊ အစ်ကိုတော့ အများအကျိုးဆောင် ကိုယ့်အကျိုးအောင်ဆိုသလို နီးစပ်ရာကို သတင်းကောင်းလေး ဖြန့်ပေးရဦးမယ်ဟေ့"

"ကောင်းတာပေါ့ အစ်ကိုရယ်"

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

# နတ်ကတော် စိန်မျက်ခုံး

## ( အ ခ န်း ဆ က် ဝ တ္ထု ရှ ည် )

**ကျော်မြသန်း**

(ယခင်လမှအဆက်)

စိန်မျက်ခုံးတင်တင်က သူတို့ကို မြင်လိုက်သည်နှင့် ကမန်းကတန်းထလာပြီး အပြုံးတွေ တသီကြီးနှင့် နှုတ်ဆက်လာသည်။ တစ်ခါမှ မမြင်ဖူးသော အေးကို ငယ်ပေါင်းဖော်များပမာသို့ လက်ကလေးကို တယုတယဆွဲပြီး သူနှင့်အတူ ထိုင်နေစေခဲ့၏။ စိန်မျက်ခုံး၏ ထွေးထွေးပိုက်ပိုက် ဂရုတစိုက်မှုကြောင့် အိမ်ရှင်များကလည်း မျာပျာသလဲ ဆီးကြိုကြသည်။ ကိုသန့်ခင်နှင့် စကားအနည်းငယ် ပြောဆိုကြသည်။ သူ့ကိစ္စလေးပြီးရင် ပုလဲတို့တိုက်ကို ပြန်မယ်။ အားရပါးရ စကားပြောကြမယ်။ မနက်စာလည်း သူနဲ့အတူ စားရမယ်ဟု ဖိတ်မန္တက ပြုလိုက်သလိုလို၊ အမိန့်ပေးသလိုလို တယုကယင်စကား ဆိုခဲ့၏။ စိန်မျက်ခုံး၏ စကားပြောပေါက် ပြောဟန်မှာ တကယ့်မိန်းမတစ်ယောက်နှင့် တူသလို ချစ်စရာလည်းကောင်းသည်ဟု အေးက တိတ်တခိုးမှတ်ချက်ချလိုက်မိ၏။

အိမ်ရှင်များ တည်ခင်းလာသည့် စားသောက်ဖွယ်ပန်းကန်များ သူတို့ရှေ့မှောက်သို့ ချလာသောအခါ သူတို့နှစ်ယောက်မှာ တစ်ယောက်ကိုတစ်ယောက် လှမ်းကြည့်လိုက်မိကြသည်။ မျက်လုံးချင်းဆုံ၍ တိတ်တခိုးစကားများ လျှပ်ပ်ျစ်ပြက်အတွင်း ပြောဖြစ်လိုက်ကြသည်။ လက်ဖက်ရည်၊ ပလိန်းကိတ်၊ ကိတ်မုန့်၊ လိမ္မော်ရည်စသော စားသောက်စရာများ မပါ။ အစိတ်ညီညီ ခွဲစိတ်ပြီး လှလှပပ ပန်းကန်ပြားကြီးထဲမှာ ယပ်တောင်အပိုင်းသဖွယ် ဖြန့်ကြက် အလှပြထားသော ပန်းသီးစိတ်များ၊ ပန်းသီးကို မြင်ရုံနှင့် ချင်းတောင်ပန်းသီး မဟုတ်သည်ကိုတော့ သိလိုက်သည်။ အင်္ဂလန်ပန်းသီးလား၊ ဩစတေးရီးယားပန်းသီးလား တစ်ခုခုဖြစ်ဖို့တော့ သေချာသည်။ နှင်းဆီအပွင့်ကြီးများ ကြွတက်နေအောင် ပုံဖော်ထားသည့် ရှည်မြောမြော ပန်းကန်လှလှထဲမှာ အထပ်လိုက်ထည့်ထားသော အဝိုင်း၊ လေးထောင့်၊ သုံးထောင့်၊ လခြမ်းပုံ၊ ရှည်ဂမြောမြော၊ ပုအိုင့်အိုင့်ပုံ အမျိုးမျိုးဖော်ထားသည့် နိုင်ငံခြားဖြစ် မုန့်များ စက္ကူပတ်ပေါ်ကပုံကို မြင်ရုံနှင့်ပင် ဝါးစားချင်စရာကောင်းအောင် ပြုလုပ်ထားသော ချော့ကလက်တောင့်များမှာ အထပ်လိုက်၊ အယ်တုံနေသော နို့ဖန်ခွက်ကြီးထဲမှာ စတော်ဘယ်ရီအသီးအနှံများ ပေါလောမျောနေသည်။

သည်သို့သော စားသောက်ဖွယ်ရာများကို သူတို့မြင်ဖူးသည်။ မစားနိုင်ကြ။ စားဖို့ဝေးလို့ ဈေးကိုပင် မမေးရဲကြ။ အမြဲစားဖို့ဆိုတာကို ထားဘိဘော့။ တစ်ခါတစ်ရံ ဆိုသည်ကိုသော်မှ စိတ်မကူးဝံ့ကြပေ။ ခုတော့ သူတို့ရှေ့မှောက်မှာ ပဲလှော်နှင့် ထန်းလျက်တည်သလို တည်ပေးကြသည်။

ရွှေပိန်းချ နတ်ရုပ်ကြီးတွေကိုလည်း တန်းစီထားနိုင်သည့် တိုက်ကြီးရှင်များမှာ သူတို့ဈေးမမေးရဲသည့် ချောကလက်များကို ပဲလှော်ဝါးသလိုဝါးစားနေမည်လား မသိ။

ချမ်းသာ၊ ဆင်းရဲဟူသည်မှာ စကားအရာအားဖြင့်၊ အက္ခရာအားဖြင့် နှစ်လုံးစီ ရှိပုံချင်း တူညီသော်လည်း ကွာဟမှုမှာ မတူညီပါလေ။

သူတို့ရောက်နေသော တိုက်ကြီးရှင်တို့ နေထိုင်မှုအဆင့်အတန်းနှင့် နတ်ရုပ်ကြီးများကို ယှဉ်တွဲကြည့်ပြီး လူပိန်းတွေးအတွေးဖြင့် အဖြေထုတ်ခဲ့သော် နတ်ကိုးလို့ ချမ်းသာနေသလားဟု အထင်ရောက်စရာ ရှိပေသည်။ နတ်တွေမ,လို့ ချမ်းသာနေသည်ဟု ထင်မှတ်မှားနိုင်ရာ၏။

နောက်မှ စိန်မျက်ခုံးတင်တင်က တိုက်ကြီးရှင်တို့အကြောင်း ပြောပြခဲ့သည်။

တကယ်တော့ တိုက်ကြီးရှင်တို့



www.burmeseclassic.com

www.burmeseclassic.com

လုပ်နေသည့် စီးပွားရေးလုပ်ငန်း နှစ်ခု စလုံးမှာ အရှုံးလုံးဝမရှိဘဲ အမြတ်ကို မှုသေတွက်နည်းဖြင့် အပိုင်ချည်၍လုပ် ရသော လုပ်ငန်းများဖြစ်သည့်အတိုင်း ချမ်းသာပြီးရင်း ချမ်းသာရင်း ဖြစ်နေကြသူများပါတည်း။

တစ်ခုသောလုပ်ငန်းမှာ ထီလက်မှတ် အရောင်းအဝယ်လုပ်ငန်း၊ မန္တလေးတွင် အကြီးဆုံးသော ထီလက်မှတ်အရောင်းလုပ်ငန်းများအနက် နာမည်ကြီး ထီအရောင်းဆိုင်ကြီးကို ပိုင်ဆိုင်ထား၏။

တရားဝင် ဝယ်ယူခွင့်ရသော ထီစာအုပ်များပေါ်မှာ အမြတ်ငွေပင်လျှင် တစ်လတစ်သောင်းခန့် ဝင်ငွေရှိရာ အခြားနည်းများဖြင့် ထီလက်မှတ် သိလှောင်ရောင်းဝယ်သော ဝင်ငွေကိုပါ ထည့်တွက်လျှင် တစ်သောင်းအထက် ဝင်ငွေရှိပေသည်။ သည်ကနေ့ တရားဝင်ဈေးနှုန်း တစ်စောင်နှစ်ကျပ်နှင့် ရောင်းသော ထီလက်မှတ်များမှာ လက်ကျန်ကျန်သည်ဟူ၍ မရှိပေ။ နောက်လုပ်ငန်းတစ်ခုမှာ စိန်ရွှေအပေါင်ခံ၍ ငွေတိုးချေးဖြင်း လုပ်ငန်းဖြစ်၏။ ရာလောက်၊ ထောင်လောက် ပစ္စည်းမျိုးကို အပေါင်မခံ။ သောင်းအထက် ပစ္စည်းမျိုးကိုသာ အပေါင်ခံသည်။ အဲသည်က ဝင်ငွေကလည်း နည်းသည် မဟုတ်။ တစ်လ တစ်လ ငါးသောင်းအထက် ဝင်ငွေရှိသည်။ ထီလုပ်ငန်းကမှ အမြတ်တော်ကြေး ပေးရသေးသည်။ သည်လုပ်ငန်းက အမြတ်တော်ကြေး လွတ်သည်။ အရှုံးလုံးဝမရှိ။ အသားတင်ဝင်ငွေရသော လုပ်ငန်းဖြစ်သည်။ ဒါ့အပြင် ထီတစ်ပတ်ကို ရာစည်းသုံးစည်းမှ ငါးစည်းအထိ ကစားသေးသည်။ ရာစည်းတစ်စည်းကို နှစ်ထောင်။ နှစ်ထောင်ဖိုးကို ကိုယ့်အရင်းထဲကငွေနှင့် ကစားသည် မဟုတ်။ အမြတ်ထဲက ငွေနှင့် ကစားခြင်း ဖြစ်၏။

ရာစည်း တစ်စည်းကိုင်လျှင် ဂဏန်းလေးလုံး အပိုင်။ အကွာရာနှင့် ဂဏန်းလေးလုံးတိုက်ပြီဆိုလျှင် နောက်ကနှစ်လုံး မကြည့်နဲ့တော့။ ဆုကြီးတိုက်ပြီဆိုရင်တော့ ဘာပြောကောင်းမလဲ။ ကဲ ... အမြတ်တော်ကြေးကင်းလွတ်ခွင့်ငွေတွေဆိုတာ တိုးပြီးရင်းတိုးရင်း။

ကဲ ‥ ချောကလက်ကို ပဲကျော်ဝါးသလို စားနေကြသည်မှာ ဘာဆန်း။ ခု စိန်မျက်ခုံးတင်တင် ရောက်နေသည့်ကိစ္စမှာ သူတို့ထီဆိုင်က ဆုကြီးများများ ထွက်ဖို့နှင့် သည်အပတ်ကစားမည့် ရာစည်းနံပါတ်ပေးဖို့အတွက် လုပ်ပေးရမည့် ကိစ္စဖြစ်၏။

ထီတစ်ပတ် စခါနီးတိုင်း စိန်မျက်ခုံးတင်တင် မန္တလေးသို့ တက်ရစမြဲရှိခဲ့၏။ ကိုသန့်ဇင်ကိုလည်း မမျှော်လင့်ဘဲ ပွဲကောင်းလေးတစ်ပွဲနှင့် တိုးခဲ့ရသည်။

စိန်မျက်ခုံးတင်တင်က ပန်းသီးတွေ၊ ချောကလက်တွေ အဝစားဖို့မှာပြီး အခန်းတစ်ခုထဲ ဝင်သွားသည်။ အခန်းထဲမှ ပြန်ထွက်လာသောအခါ အခန်းထဲဝင်သွားစဉ်က စိန်မျက်ခုံးတင်တင် မဟုတ်တော့။ တကယ့်မိန်းမတစ်ယောက် အပြင်အဆင်နှင့် ပြန်ထွက်လာသည်။ မိုးပြာရောင် ရှပ်အင်္ကျီစပေါ်မှာ ငွေခြည်ပြောက်ကလေးများ လက်လက်ထနေအောင် ဖြန့်ကြဲထားသည့် ခါးထောင်အင်္ကျီနှင့် လွန်းကျော်လွန်းပြန်၊ လွန်းလှ လွန်း လိပ်၊ မိုးရိပ်တိမ်ပြင်၊ နီလွင်ညိုမောင်း သက်တင်ချောင်းသို့ လွန်းပေါင်းတစ် ရာ၊ ငါးဆယ်သာသည်၊ ရွှေဝါပုလဲ ယွန်းပြောက်ကျဲသည်ဟု စာစပ်ခဲ့သည့် အပြာနုရောင် လွန်းရာကျော် အချိတ် ထဘီကိုဝတ်ပြီး ဘိပ်လည်ကင် ဆံထုံး ပုံ့ပုံ့ကလေးနှင့် စိန်မျက်ခုံးတင်တင်၏ ပုံဟန်မှာ ကြွကြွရွရွရှိနေသည်။ ပခုံး နှစ်ဘက်ပေါ်တွင် ရော့တိရော့ရဲ တင် လွှမ်းထားသည့် ရွှေချည်ထိုး ဇာပဝါ ထားပုံမှာ သူ၏ဟန်ကို ပို၍ဝင့်ထည် အောင် ပံ့ပိုးပေးထားသည်သို့ ရှိချေ၏

ကိုသန့်ဇင်တို့ အပါအဝင် အား လုံးကို အပြုံးတစ်ချက်ဝင့်ပြပြီး နတ် ရုပ်ကြီးများရှေ့တွင် ပုံ့ပုံ့ရုံ့ရုံ့ ပိပိပြားပြား ထိုင်ချလိုက်သည်။ နတ်ရုပ်ကြီးများ ကန်တော့ပြီး စင်ပေါ်တွင် ရှိနေသည့် ပြောင်လက်နေသော ငွေဖလားလေး ကို ယူ၍ငွေဖလားထဲမှ သပြေ အခက်ကလေး နှစ်ခက်နှင့် နတ်ရုပ် ကြီး တစ်ရုပ်ပြီးတစ်ရုပ် အမွှေးနံ့သာ ပက်ဖျန်းပေးနေပုံမှာ ညက်ညောပါ အမွှေးနံ့သာ ပက်ဖျန်းပေးပြီးသည်နှင့် ခုနကအတိုင်း ပိပိပြားပြားလေး ထိုင် ချပြီး လက်အုပ်ချီလိုက်၏။ အသံ မထွက်သော်လည်း ပါးစပ်က လှုပ် သည်။ ဆယ်မိနစ်ခန့်အထိ ငြိမ်ငြိမ် သက်သက်။ ထိုမှနောက် လ ကလေး စလှုပ်လာသည်။ တဖြည်း ဖြည်းချင်း ကိုယ်ကလေး ယိမ်းနွဲ့ သည်။ စိန်မျက်ခုံး၏ လက်လှုပ်ပုံ ကိုယ်ယိမ်းနွဲ့ပုံမှာ တခြားသော န ဝင်သည်များလို ဖိုးဖိုးဖတ်ဖတ်၊ ဖျပ် လူးလူး ဟန်မထင်။ ယိုးဒယားအ နှင့် ကန်တော့ပန်းဆင်ရင်း ည

www.burmeseclassic.com

ညက်ညောညော လှုပ်နေသည့် လှုပ်ပုံနှင့် ကိုယ်လုံးကလေး ဘယ်ညာယိမ်း၍ လှုပ်ပုံမှာ ငြိမ့်ငြိမ့်သက်သက် လှလှပပကလေး။ ကြည့်နေရသည်ကိုက စိတ်ဝင်စားစရာ။

ပြီးတော့မှ အိမ်ရှင်ဖြစ်သူအား လက်ယပ်၍ အနားသို့ခေါ်လိုက်ပြီး ပွင့်တပွင့် နှုတ်ခမ်းလွှာလေးနှင့် တိုးတိုး ညင်းညင်းလေး ပြောနေသည်။ နှုတ်ခမ်းလွှာပေါ်မှာ အပြုံးရိပ် ထင်သွားသလို မဲ့ရိပ်လည်း ထင်သွားသည်။ အိမ်ရှင် အမျိုးသမီးကြီးမှာ သူပြုံးလျှင်ပြုံး၍၊ သူမဲ့လျှင် ကိုယ်ကလေး တွန့်သွားသည်။

ပြောနေရင်း အသံနည်းနည်း ကျယ်လာသည်။

''တို့များကိုချစ်ရင် တို့များကလည်း ချစ်တတ်တယ်နော်''

''တို့များက ပေးမယ်ဆိုရင် တကယ်ပေးတာ''

''တို့များရဲ့လူဖြစ်လာရင် တို့များရဲ့အထာကို မိမှ''

''တို့များရဲ့ အထာငြိမ့်မှ တို့များက ပိ(စ်)ဖြစ်တာ။ တို့များနဲ့ အထာ မငြိမ့်ရင် ပိ(စ်)မဖြစ်ဘူးနော်''

ပိ(စ်)အမှတ်အသားလည်း လုပ်ပြလိုက်သေးသည်။

အေး လက်က ကိုသန့်ဇင်ပေါင်ကို မသိမသာ တို့လိုက်သည်။ ကိုသန့်ဇင်ကလည်း မသိမသာလေး ခေါင်းညိတ်ပြလိုက်သည်။

ပြောလုံးက နတ်ဟန်မပါ။ နတ်လိုမပြော။ ခုခေတ် ဖေအတွဲလေးတွေ ပြောလုံးပြောဟန်မျိုး။ နတ်တွေလည်း ခေတ်နှင့်အမီ ပြောကြဆိုကြသည်လား ဒါမှမဟုတ် ကိုးကွယ်သူတွေက သည်အပြောမျိုးမှ ကြိုက်သည်လား ဆိုသည်ကို ဘယ်သို့ ဆိုရမှာပ။

ဆုကြီးတွေဝင်ဖို့ ဘာလုပ်ရမည် ဆိုသည်များ ပြောသလို ဂဏန်းတွေလည်း ပါးစပ်မှ ရွတ်ဖတ်ပြသွားသည်။ မှတ်သူများကလည်း ကမန်းကတန်း လိုက်မှတ်ရသည်။ သူတို့ဟာနှင့် သူတို့တော့ အထာမိနေသည်။ အထာငြိမ့်နေသည်ဟု ဆိုရမည်ထင်သည်။

ကိစ္စက မပြီးသေး။ ကိုသန့်ဇင်တို့ဘက် လှည့်လာပြန်သည်။

စိန်မျက်ခုံးတင်တင်၏ ဖြန့်ထားသော လက်ဝါး အေးရှေ့ကို ရောက်လာပြီး ''ညီမတော်က ငွေစင်ငါး ပိဿာပေး''ဟု တောင်းဆိုလာသည်။

အေး မျက်လုံးပြူးသွားရသည်။ တောင်းလိုက်တာက နည်းနည်းနောနော မဟုတ်ပါပေ။ ငွေစင်ပိဿာ တောင်မှဆိုတော့ ဘာပြန်ပြောရမှန်း မသိ။ ကိုသန့်ဇင်ကို လှမ်းကြည့်လိုက်သည်။ အေးအိတ်ထဲမှာ ပါလာမှ ငွေ အစိတ်သုံးဆယ်။ ပါလာသည့်ငွေကလည်း စက္ကူတွေ။ ဟိုက တောင်းနေတာက ငွေစင်ငါးပိဿာ။ ချောက လက်စားမိတာ ခုမှ ဒုက္ခလှလှကြီး တွေ့ပါကောဟု ထင်လိုက်မိစဉ် အနားက အမျိုးသမီးကြီးက ပြဿနာကို ဝင်ရှင်းပေးလိုက်သည်။

''ကဲ ...ညီမက ငွေငါးကျပ် ဆက်လိုက်တဲ့''

ချောကလက်နှင့် ပန်းသီးကိုလည်း စားပြီးနေပြီမို့ ငွေငါးကျပ်ကို ဖြန့်ထားသော လက်ဝါးပေါ် တင်ပေးလိုက်ရသည်။

အေး တင်ပေးလိုက်သည်က ငါးကျပ်တန်။

အိမ်ရှင်မကြီးကို နတ်ကိုးငွေထဲက ကျပ်တန်ငါးရွက်နှင့် လဲခိုင်းလိုက်သည်။ ကျပ်တန်တစ်ရွက်ကို နတ်ကိုးထားသည့် ရွှေခွက်ထဲထည့်ခိုင်းပြီး ကျပ်တန်လေးရွက်ကို အေးလက်ထဲ ပြန်ထည့်ပေးလိုက်သည်။

အေးလက်ထဲကို ပြန်မထည့်ခင် ကျပ်တန်ကို လက်ဝါးပေါ်တင်ပြီး မှောက်ပြလိုက်သည်။ ကျပ်တန်တွေ အောက်ကိုမကျ။ လက်ဝါးထဲမှာ ကပ်နေသည်။

အေးရော ကိုသန့်ဇင်ပါ မျက်လုံး ဝိုင်းသွားရသည်။

နှုတ်ခြွေစကားမှာ ...

ဒီကအပြန် ထီဝင်ထိုး။ အက္ခရာက (ခ)၊ ဂဏန်းက 'သုံး'အစ၊ အလယ်ကောင်က 'ကိုး'ပါရမည်။ အဆုံးဂဏန်းမှာ 'လေး'နှစ်လုံးထပ်။

အေးက နတ်လောကနှင့် မရင်းနှီး၊ အတွေ့အထိ မရှိသမို့ ဘာပြန်ပြောရမှန်း မသိ။ ပြုံးပြုံးလေး ခေါင်းညိတ်ပြီး ပေးလာသောငွေကို လက်ခံယူလိုက်ရသည်။ ဝန်းကျင်တွင် ရှိနေသူများက သူတို့ကိုများ ပေးဦးမလား အထင် မျှော်လင့်တကြီး မျက်လုံးများနှင့် စိန်မျက်ခုံးတင်တင်ကို ငေးကြည့်နေကြသည်။ ငွေစင်တောင်းရင် ပေးဖို့ လက်ကလေးတပြင်ပြင်နှင့်ပေါ့။

ဒါပေသည့် ဘယ်သူ့ကိုမှ မပေးတော့။ ပြန်လည်ထွက်ခွာသွားပြီ။

စိန်မျက်ခုံးတင်တင်က သူ၏ မျက်နှာကို လက်ဝါးလေးနှင့် ပွတ်လိုက်သည်။ သူတို့မြင်ဖူးသော နတ်ဝင်သည်များလို ဝါးခနဲ သမ်းပြီးမှ ထွက်သွားသည့် အထိမ်းအမှတ်ကို မပြ။ အေးအေးသက်သာပင် ထွက်

www.burmeseclassic.com

သွားဟန်ရှိသည်။

အားလုံးသော မျက်လုံးများမှာ အေးအပေါ်သို့ ကျရောက်နေသည်။ နှုတ်က ဖွင့်မပြောကြသော်လည်း ကံကောင်းလိုက်တာဟု ဆိုလိုဟန် ရှိချေ၏။ တကယ်တော့ အေးက နတ်လောကနှင့် မရင်းနှီးထားလို့သာ ငွေစင်ငါးပိဿာ တောင်းလိုက်သည်ကို လန့်သွားရခြင်းပါ။ နတ်အခေါ်က ငွေတစ်ကျပ်လို့ မခေါ်။ တစ်ကျပ်ကို တစ်ပိဿာ။ ပိဿာတစ်ရာ ထည့်ဆိုရင် ငွေတစ်ရာထည့်။ ငွေစင်တောင်းပြီး ပြန်စွန့်လိုက်သောငွေမှာ နတ်ကိုးသူများအတွက် ရွှေစင်ဆယ်တင်းရလိုက်ဘိသို့ ဝမ်းသာကြရ၏။ တန်ဖိုးထားကြရ၏။ အနီသို့ ပြန်စွန့်သောငွေစင်ကို မသုံးစွဲမိအောင် ကျစ်ကျစ်လျစ်လျစ်ထုပ်ပြီး အမြင့်နေရာမှာ သိမ်းဆည်းထားကြ၏။

ဈေးခေါ်ကောင်းသည်၊ လာဘ်ခေါ်ကောင်းသည်၊ သည်ငွေရှိရင် နောက်ထပ်ငွေ ပွားသည်ဟု အလွန်အမင်း ယုံကြည်ကြလေ၏။

နတ်ယုံသော မယားနှင့် နတ်မယုံသော လင်တို့ ပေါင်းမိသည့်အခါ ပြဿနာ ခဏခဏတက်သည်မှာ ထိုကိစ္စကြောင့် ဖြစ်ပေသည်။ လင်လုပ်သူက နတ်ကိုးကွယ်သူမယား ငွေစင်ထားသည့်နေရာကို သိသည်။ အသုံးလိုသည့်အခါတိုင်း ထိုငွေကို ကစ်သွားတတ်သည်။ မယားဖြစ်သူက သိပြီဆိုရင်တော့ ပြီးပါလေရော။ ညအတူတူ အိပ်ခွင့်မပေးသည်အထိ ဒဏ်ခတ်တတ်သည်။

ကိစ္စဝိစ္စပြီး၍ ချောကလက်တိုက်ကြီးမှ ထွက်လာသောအခါ ပုလဲတိုက်သို့ ရောက်ခဲ့ကြသည်။ ပုလဲတိုက်ရောက်တော့ ဘယ်အချိန်က ကြိုတင်စီစဉ်လိုက်သည်မသိ။ ဝမ်းတေဘယ်(လ်) သုံးလေးရာတန် ဟိုတယ်ထမင်းပွဲနီးပါး စားမြိန်စွာ ဖွယ်ဖွယ်ရာရာစီစဉ်ထားသည့် ထမင်းပွဲကြီးမှာ အဆင်သင့်။ ဟင်းလျာအမယ် စုံလင်လှသဖြင့် ဘယ်ဟင်းခွက် ခပ်ရမည်မသိ ဖြစ်ခဲ့ကြသည်။ အိမ်ရှင်များ၏ ဧည့်ခံမှုမှာ လိုလေသေးမရှိအောင် ထူးထင်လှသည့်ပြင် ဖော်ရွေပုံမှာလည်း ထမင်းလုတ်ကို ပါးစပ်ထဲ ဘယ်လိုထည့်ရမှန်းမသိအောင် ရှိခဲ့ချေ၏။

ထမင်းစားပြီးတော့မှ အေးအေးဆေးဆေး စကားထိုင်ပြောဖြစ်ကြသည်။ ကြားလိုက်ရသည့် နတ်လောက၏ ခေါင်းစဉ်မှာ စိတ်ဝင်စားဖွယ်အတိရှိပေ၏။ သတင်းအစုံအလင်မှာမူ အံ့သြကုန်နိုင်ဖွယ်ဟု ဆိုရမည်သို့ ရှိလေသတတ်။ အေး၏မျက်နှာပေါ်မှာ အံ့သြရိပ်များ ထင်ပြီးရင်း ထင်ရင်း ဖြစ်ခဲ့ရသလို ကိုယ်တိုင် နတ်ကတော်လုပ်ချင်စိတ် ပေါက်လာသည်အထိ တဒင်္ဂပဟာန်စိတ်အစဉ် ပြောင်းလဲခဲ့ရပေသည်။ မယုံလျှင် ပုံပြင်ပမာ နားထောင်စရာများလည်း တစ်ပုံတစ်ပင် ပါသည်။ ဘယ်သူတော့ဖြင့် ဘယ်လိုဆိုသည့် သက်သေသက်ကာယ၊ အထောက်အထားများဖြင့် ပြဆိုလာသည်ကိုလည်း ကြားခဲ့ရ၏။ မလျာလောက ဘယ်ကစ၍ ဘယ်အဆင့်ရောက်နေသည်များကိုလည်း အမှတ်သညာ ပြုခဲ့ရ၏။

အံ့သြစရာတွေ အံ့သြစရာတွေ တစ်ပုံတပင် ပါရှိ၏။

ထားဘိတော့။ နောက်အခန်းများမှာ ဆက်ရအောင်။

အခုခေတ် နတ်ကနားပွဲ တစ်ပွဲ၏ ကုန်ကျစရိတ်မှာ အနည်းဆုံး သုံးထောင်မှ ငါးထောင် ပတ်ဝန်းကျင်မျှရှိ၏။ သုံးရက်အတွက် ငါးထောင်၊ ဒါက အနည်းဆုံး။ ငါးထောင်ထက် ကုန်ကျစရိတ်သက်သာသည့် နတ်ကနားပွဲဟူ၍ မရှိပေ။ သုံးရက်အတွက် ကုန်ကျသွားသော ငွေငါးထောင်ကို သုံးလ မပြောနှင့် သုံးနှစ်ရှာသော်မှ အိမ်စရိတ်နုတ်ပြီး ငွေငါးထောင် အသားတင် အပိုကုန်ဖို့ မလွယ်ကူပေ။ လုပ်ငန်းကြီးသမားများအတွက် ငွေငါးထောင်ဆိုသည်မှာ အစွန်းထွက် ငွေပမာဏမျှသာဖြစ်သော်လည်း အလယ်အလတ်လုပ်ငန်းများအတွက်မူ ထိုပမာဏသည် ငွေလုံးငွေရင်း ဖြစ်၏။ ဒီကနေ့ နတ်ကနားပေးသူများကို ကြည့်။ ကိုးဆယ်ရာခိုင်နှုန်းမှာ ကိုယ်ပိုင်တိုက်၊ ကိုယ်ပိုင်ကား စီးနေနိုင်ကြသူများ မဟုတ်ပေ။ ရရစားစား ရောင်းဝယ်စားရသူများသာ ဖြစ်ပေသည်။

ပမာပြစရာ ဇာတ်ကြောင်းလေး တစ်ခု ထုတ်ပြပါမည်။

နတ်ကနားပေးလျှင် ရောဂါပျောက်မည်ဆိုသဖြင့် နတ်ကနားပေးခဲ့ရမှ ...

ကိုမောင်မောင်ကြည်မှာ အစိုးရဌာနတစ်ခုမှ အရာရှိလေးတစ်ယောက် ဖြစ်၏။ သူတို့လင်မယားမှာ နတ်ကိုးကွယ်သူများ မဟုတ်ကြ။ နတ်နှင့်လည်း မပတ်သက်ကြ။ ယုတ်စွအဆုံး အိမ်မှာ နတ်အုန်းဆွဲ၍ ကိုးကွယ်ပသမှုမျိုးကိုသော်မှ မလုပ်ဖူးခဲ့။ ကိုမောင်မောင်ကြည်မှာ အသောက်အစားမရှိ ကျန်းမာရေးလည်း အလွန်လိုက်စား

www.burmeseclassic.com

ဘူ ဖြစ်သည့်အတိုင်း သူ့ကိုကြည့်လိုက်လျှင် အစဉ်အမြဲ အသားအရေကြည်ကြည်တင်းတင်း စိုစိုပြည်ပြည်နှင့် ဖျတ်ဖျတ်လတ်လတ် ရှိနေသည်။ အသက်ငါးဆယ့်နှစ်နှစ် ရောက်သည့်အချိန်တွင် ကျန်းမာရေး ချွတ်ယွင်းစပြုလာသည်။ နေရထိုင်ရသည်မှာ အရင်လို မကောင်း။ အစာစားပြီးတိုင်း ဗိုက်ထဲက အောင့်တောင့်တောင့် ဖြစ်လာသည်။ အောင့်တောင့် အောင့်တောင့် ဖြစ်လာသည်မှာ စွဲစွဲမြဲမြဲတော့ မဟုတ်။ အောင့်လိုက်၊ ပျောက်လိုက်။ အောင့်လာသည့်အခါ လျက်ဆားသေး လျက်လိုက်။ ပျောက်သလိုရှိသွားလိုက် ဖြစ်ခဲ့ရာမှ အောင့်သည့်နာသည့်အချိန်က ပို၍ပို၍ များလာသည်။ ဆရာဝန်ကို ပြကြည့်သည်။ မာသောအစာများကို ရှောင်ပြီး ကျေလွယ်ချက်လွယ်သော အစာများကို စားရန် ညွှန်ကြား၍ ဆေးပေးလိုက်သည်။

ဆရာဝန်ပေးလိုက်သော အင်္ဂလိပ်ဆေးကလည်း ပထမပိုင်းတော့ ဟုတ်သလိုလို အရှိသား။ အတော်လေး သက်သာသွားခဲ့သည်။ သက်သာလာသည်နှင့် အစားအသောက်များကို သိပ်ရှောင်မိ။ ပါးစပ်အလိုသို့ လိုက်မိလာသည်။ အအောင့်အနာလေး ပေါ်လိုက်၊ ဆေးသောက်လိုက်၊ သက်သာလိုက်၊ ဆေးလွှတ်လိုက်နှင့် တစ်နှစ်ကျော်လောက်ကြာတော့ အအောင့်အနာမှာ တစ်ဆင့်တိုးပြီး အစာစားပြီးတိုင်း အန်စပြုလာသည်။ မတည့်တာစားမိလို့ဟု ခပ်ပေါ့ပေါ့နေခဲ့သည်။ နောက်တော့ ဆန်ပြုတ်လောက်သောက်သည်ကိုပင် ပြန်အန်လာသည်။

မြန်မာ့ဆေးမြီးတိုဘက် လှည့်ကြည့်ပြန်သည်။ ထုံးစံအတိုင်း ပထမပိုင်း သက်သာသလို ရှိလာသည်။ နောက်တော့လည်း မသက်သာပြန်။

မိတ်ဆွေများက ဆေးရုံမှာ စစ်ဆေးစမ်းသပ်ဖို့၊ ဒါမှမဟုတ် အထူးကုဆရာဝန်ကြီးတစ်ဦးဦးနှင့် ပြကြည့်ဖို့ တိုက်တွန်းကြသော်လည်း ကိုမောင်မောင်ကြည်က ပေါ့ပေါ့ပဲနေခဲ့သည်။ မြန်မာလူမျိုးတို့ ထုံးစံအတိုင်း ဘယ်သူတော့ ဘာဆေးနဲ့ပျောက်သည်၊ ဘယ်သူတုန်းကတော့ ဒီထက်ဆိုးတာပေါ့၊ ဘာဆေးစားလိုက်တာ သုံးခွက်တောင် မသောက်လိုက်ရဘူး၊ ပကတိ လူကောင်းဖြစ်သွားတာပဲ စသည်ဖြင့် အကြံဉာဏ်ပေးလိုက်တိုင်း ကိုမောင်မောင်ကြည်ကလည်း လုပ်ခဲ့သည်။

ထိုစဉ်မှာပင် ကိုမောင်မောင်ကြည်ဇနီး မမြသက်၏ အဒေါ်တစ်ယောက် ရန်ကုန်လာရင်း သူတို့အိမ်မှာ တည်းခိုခဲ့၏။ စကားပြောကြရင်းမှ ကိုမောင်မောင်ကြည်၏ ရောဂါအကြောင်း ရောက်သွားခဲ့ရာမှ အဒေါ်ဖြစ်သူ၏ မှတ်ချက်မှာ အများနှင့်မတူ တစ်မူထူးခြားခဲ့သည်။

“ဟဲ့ ... မြသက်ရဲ့ ရိုးရိုးမဟုတ်ဘူးထင်တယ်။ အမှောင့်ပယောဂ တစ်ခုခုဖြစ်နေသလား ဆိုတာလေး ဘာလေးလည်း မေးစမ်းကြည့်ပါဦးလား။ ရောဂါရိုးရိုးဆိုရင် ဒီလောက်ဆေးတွေ သောက်ပြီးပြီပဲဟာ။ ပျောက်ရမှာပေါ့။ မပျောက်ရင်လည်း အိပ်ရာထဲ လဲပြီပေါ့။ ခုဟာက အနှောင့်အယှက်ဖြစ်ရုံ လုပ်ထားသလားမှ မသိတာ”

“ဘယ်သူက အနှောင့်အယှက် လုပ်မှာလဲ ဒေါ်လေးရာ။ အစ်ကိုကြည် အကြောင်းလည်း ဒေါ်လေး သိသားပဲဟာ။ သူက ရှုပ်ရှုပ်ယှက်ယှက်လည်း နေတတ်တာ မဟုတ်ဘူး။ ရန်သူလည်း ရှိတာမဟုတ်ဘူး။ သူက အေးအေးနေတာ။ အလုပ်ထဲမှာလည်း အားလုံး အဆင်ပြေလို့ပဲဟာ”

“ဟဲ့ ... မြသက်ရဲ့ ဒါမျိုးဆိုတာက လူလူချင်း မလုပ်ပေမယ့် နတ်တွေ ဘာတွေက လုပ်တတ်တယ်ဟဲ့။ မောင်ကြည်တို့ဘက်က ဘယ်လိုရိုးရာတွေ ဘာတွေရှိမှန်းမှ မသိတာ။ ဒါမျိုးဆိုတာက ယောကျ်ားက မလုပ်ပေမယ့် မိန်းမက လုပ်ပေးရတယ်။ မေးစမ်းကြည့်ပါဦးလား”

မမြသက် တွေသွားရသည်။ နဝေတိမ်တောင် ဖြစ်သွားရသည်။ ထဲထဲဝင်ဝင်တွေးလေ အဒေါ့်စကားက စဉ်းစားစရာ ဖြစ်လာလေ။

အစ်ကိုကြည်ကို မေးရသည်။ ရိုးရာအကြောင်း၊ မိဆိုင်ဖဆိုင်အကြောင်း။ အစ်ကိုကြည်က ခေါင်းခါသည်။ ဒါတွေ သူလည်းမသိ။ သူ၏မိဘများကလည်း ကွယ်လွန်ကုန်ကြပြီ။ သူက တစ်ဦးတည်းသောသား။ အမေ့ဘက်၊ အဖေ့ဘက် အမျိုးတွေကို မေးကြည့်မှပဲ သိချင်သိမည်။ သူကလည်း သူခံစားနေရသော ရောဂါကြောင့် ဟုတ်လိမ့်နိုးနိုးများ ဖြစ်နေမလားလို့ သံသယဝင်လာသည်။

မြသက်က ဒေါ်လေးဖြစ်သူကို ဒီအကြောင်း ပြန်ပြောပြတော့ ဒေါ်လေးက မမြသက်ကို တောင်ဥက္ကလာပ ( )ရပ်ကွက်မှ အိမ်တစ်အိမ်ကို ခေါ်သွားသည်။ အိမ်ကလေးက သေးသော်လည်း သပ်သပ်ရပ်ရပ်။ သွပ်မိုး၊ ပျဉ်ကာ၊ ပျဉ်ခင်း။ အိမ်ပေါ်တွင် ကုလားထိုင်တို့ ဘာတို့မရှိ။ ကုလား



www.burmeseclassic.com

www.burmeseclassic.com

ထိုင်တို့ ဘာတို့ ထားရမည့်နေရာတွင် နတ်စင်က နေရာယူထားသည်။ နတ်စင်ရှေ့မှာ ဖျာချောနှစ်ချပ် ခင်းထားသည်။ ဒီအိမ်က လူများနှင့် မမြသက်ဒေါ်လေးက ရင်းနှီးပြီးသားဖြစ်ဟန် ရှိသည်။ အိမ်ရှင်များက သူမ၏ဒေါ်လေးကို ပျူပျူငှာငှာပင် ဆီးကြိုကြသည်။

အာလာပသလ္လာပစကား အနည်းငယ်ပြောဆိုပြီး လုပ်ငန်းစကြသည်။

အသက် လေးဆယ်ကျော်ခန့်ရှိမည့် အမျိုးသမီးတစ်ယောက်။

အသားဖြူဖြူ၊ ကိုယ်လုံးတုတ်တုတ်၊ မျက်လုံးအနည်းငယ် ပြူးသည်မှအပ မျက်နှာကျ အဆင်ပြေပြေ။ စကားပြောဟန်ပန်နှင့် လေယူလေသိမ်းက မော်လမြိုင်သူ ဆန်သည်။ ရွှေဆွဲကြိုး ခပ်တုတ်တုတ်တစ်ကုံး ဆွဲထားပြီး မောင်နှံခုနစ်ဖော် လက်ကောက်ကွင်း အပြည့်ဝတ်ထားသည်က ထိုအမျိုးသမီး၏ စီးပွားရေး ပြေပြေလည်လည်ရှိဟန်ကို ဖော်ညွှန်းနေသည်။ ဒေါ်လေးက အဆိုပါ အမျိုးသမီးအား အကျိုးအကြောင်း အနည်းငယ် ပြောပြပြီးသည့်နောက် အမျိုးသမီးက ပဝါစုံချထားသည့် အသက်ကြီးကြီး ရုပ်ပုံထုထားသော နတ်ရုပ်ရှေ့မှာ ထိုင်လိုက်၏။ ပြောင်းဖူးဖက်ဆေးပေါ့လိပ်ကြီးတစ်လိပ်နှင့် မီးခြစ်တစ်လုံးကို ပန်းကန်ပြားထဲထည့်ပြီး အဆိုပါ နတ်ရုပ်တုရှေ့တွင် လက်နှစ်ဖက်နှင့် ကိုင်မြှောက်၍ အသံမထွက်သော စကားပြောနည်းဖြင့် ဆယ်မိနစ်ခန့် ပြောဆိုနေသည်။ ပြီးမှ ဆေးလိပ်နှင့် မီးခြစ်ပါသော ပန်းကန်ပြားကို နတ်ရုပ်တုရှေ့တွင်တင်ပြီး ပုဆစ်တုပ်လျက် လက်အုပ်ချီထား၏။ သူမ၏ ပါးစပ်မှာ လှုပ်နေသည်။ သို့သော် အသံမထွက်။ ခဏကြာတော့ လက်တုန်လာသည်။ လက်အုပ်ချီထားသည့် လက်နှစ်ဖက်မှာ တုန်ရာမှ နဖူးပြင်ကို တဖျပ်ဖျပ် ရိုက်နေသည်။

---

**လခစားတို့၏ဘဝမှာ**
**ဝင်ငွေနှင့် ထွက်ငွေကို**
**မျှတအောင်**
**အတော်ကြီး**
**တွက်ချက်ချင့်ချိန်**
**သုံးစွဲရသူများဖြစ်ရာ**
**အားဖြစ်ဖို့သည်**
**သာမည၊**
**ဗိုက်ပြည့်ဖို့သည်**
**အဓိက။**
**ယနေ့အိမ်ရှင်မများကို**
**သချာတစ်ဘာသာတည်း**
**စစ်ကြည့်။**
**ဂုဏ်ထူးရဖို့ သေချာ၏။**

---

သူမ၏ နှုတ်ဖျားမှ "ဟင်း ... ဟင့် ... ဟင်း ... ဟင်း"၊ "ဟင့် ... ဟင်း ... ဟင်း"ဆိုသော အသံမှာ တစ်ကိုယ်လုံး ကြက်သီးမွေးညင်းများ ထသွားသည်။ နတ်ဝင်သည် အမျိုးသမီးကြီးက "ဟင်း ..."လေသူ့မှာ ကြက်သီးပိုထလေ။ ဒေါ်လေးကိုတစ်လှည့်၊ နတ်ဝင်သည် အမျိုးသမီးကြီးကိုတစ်လှည့် ကြည့်နေသည်။ မမြသက်၏မျက်နှာပေါ်မှာ ကြောက်ရွံ့နေသည့် သမ်းရိပ်များ တရစပ် ပြေးလွှားလျက် ရှိချေ၏။

ဒေါ်လေးဖြစ်သူက တူမ၏ အနေအထားကို ရိပ်မိလိုက်သဖြင့် အသာအယာ လက်တို့ သတိပေ လိုက်ရသည်။

"ဟင်း ..."အသံကလည်း တရစပ် ထွက်ပေါ်နေဆဲ။

ထိုသူတို့ဘက်သို့ ဝုန်းခနဲလှည့် လိုက်ရာ မမြသက်မှာ တုန်သွားသည်။ ရင်ထဲက ဒိန်းဒိန်း ဒိန်းဒိန်းမြည်သံမှာ နားနှင့်ဆတ်ဆတ်ပြန်ကြားနေရသည်။

သူတို့ဘက်လှည့်ပြီး ထိုင်လိုက် မှာ ယောက်ျားထိုင် ဒူးတစ်ဖက်ကို ထောင်လို့။ လက်တစ်ဖက်က ဒူးပေ တင်ပြီး မမြသက်ဘက်သို့ မကျေနပ် ဟန်နှင့် ကြည့်နေပုံမှာ ကြောက်စရာ ချက်ချင်းပဲ ထရိုက်တော့မလားလို့ ထင်ရသည်။

မျက်ထောင့်ကြီး ဂနီလို့။ အံကြိ က ကြိတ်လို့။ တင်းလိုက်သည့် မျက် နှာထား။ မမြသက်မှာ ဆက်မကြည့် တော့ ခေါင်းကလေး ငုံ့ထားလိုက် သဥ်။

"ဆေးလိပ်ဆက်စမ်း"

အမိန့်ပေးသံက မာသည်။ ထ သည်၊ ဒေါ်လေးက ကပျာကသီ ပန်းက ပြားထဲက ဆေးလိပ်ကိုယူ၍ မီးညှိပြီး တရိုတသေ ဆက်သလိုက်ရသည်။

မာမာထန်ထန် အသံများ ထွ လာသည်။

"ဒီကောင်က ရိုးရာကိုဖျော ပြီး ငါ့ကို မလေးမစားလုပ်တ ခုတော့ ခံနေရပြီမဟုတ်လား။ အဒေ

www.burmeseclassic.com

...တ်ပစ်ရမယ်၊ အသေသတ်ပစ်ရမယ်"

နောက်ဆုံးပြောသည့် "အသေ...တ်ပစ်ရမယ်"ဆိုသော ကြိမ်းဝါး...မှာ ကြောက်စရာ လန့်စရာ။ အသံ...ကလည်း ဟိန်းလို့။ မပြုသက်မှာ ...ဆတ်ဆတ် တုန်နေသည်။

ဒေါ်လေးအသံ ထွက်လာသည်။

"မသိမိုက်မဲတဲ့ ကလေးကို ခွင့်...တ်ပါ အရှင်ကြီး။ အရှင်ကြီးရဲ့ သမီး...တော်များက သားတော်အတွက် ...တောင်းပန်ပါတယ်။ အရှင်ကြီး အမိန့်...သလို ဆောင်ရွက်ပါ့မယ်။ မလေး ...လုပ်တာ မဟုတ်ပါဘူး။ မသိနား...လည်လို့ပါ"

"တယ် ..."

ပါးစပ်ကထွက်လာသော "တယ်" ...နှင့်အတူ ကြမ်းပြင်ကို လက်ဝါးနှင့် ...ိုက်လိုက်သည့် အသံမှာ "ဖြန်း"ခနဲ ...ည်သွားသလို မပြုသက်မှာလည်း ...ကျောပြင်ကို လက်ဝါးနှင့် ရိုက် ...သလားဟု ထင်မှတ်လိုက်ရသည်။

ယို့ယို့ကလေး ကုန်းနေသည့် ခါး...လေးမှာ ဆတ်ခနဲဆန့်သွားရသည်။

"ဟေ့ ... ဒီကောင်ကို ရာထူး...က်ဖို့တုန်းက တစ်ကြိမ်၊ အိပ်မက်...တာ နှစ်ကြိမ်၊ ဒီကောင် ဂရုမစိုက် ...။ ကဲ ... အခု ရာထူးတက်သေး ...လား။ မချိမဆံ့ခံနေရပြီမဟုတ်လား"

"မှန်ပါတယ် အရှင်ကြီး။ အရှင် ...ပြုသမျှ နရမယ့် အမိုက်မကလေး ...။ အရှင်ကြီး အလိုရှိသလို လုပ် ...ပေးပါ့မယ်။ ပူဇော်ပသပါ့မယ်"

"ဟား ... ဟ ... ဟား ... ...ဟား ... ဟာ ... ဟ ... ဟာ ... ဟ .. ဟားဟား"

ရယ်သံကြီး အဆက်မပြတ် ထွက်ပေါ်နေ၏။

"ကျေနပ်အောင် တကယ်လုပ်မလား"

"လုပ်ပါ့မယ် အရှင်ကြီး"

"လွန်နေတဲ့ကိစ္စမို့ သာမန်ပွဲပေး တောင်းပန်လို့ မရဘူးဟေ့။ ရိုးရာပြန်ဆက်ဖို့ ကနားသရမယ်။ ဟေ့ ... ခုနစ်ရက်အတွင်း ရောဂါပျောက်ရမယ်။ နှစ်လအတွင်း ရာထူးတိုးရမယ်။ ဒါ အမိန့်ပဲ"

"အရှင်ကြီး ... သားတော်နဲ့ သမီးတော်မှာ ကနားဆက်ရလောက်အောင် ငွေကြေး ..."

ဒေါ်လေးစကားဆုံးအောင် မပြောလိုက်ရ။

"တော် ... ငါ့ကို ဒီအကြောင်း မပြောနဲ့။ ကနားပြီးရင် နင်တို့ကုန်တာ နှစ်ဆရစေရမယ်။ ဒါပဲ ... ငါကြာကြာ မနေနိုင်ဘူး။ သွားမယ်"

ပြောပြောဆိုဆို မီးတရဲရဲနှင့် ပြောင်းဖူးဖက် ဆေးလိပ်ကြီးကို ဖျာပေါ် လွှတ်ချလိုက်ပြီး ဝါးခနဲတစ်ချက် သမ်းသံနှင့်အတူ နတ်ဝင်သည့် အမျိုးသမီးကြီးက အိပ်မှုန်စုံမွှား ထလာသည့်ဟန်မျိုးနှင့် မပြုသက်တို့ကိုကြည့်နေသည်။

တော်တော်နှင့် စကားမပြော။ နောက်တစ်ချက် ဝါးခနဲသမ်းပြီးမှ ခုနက ဘာတွေဖြစ်၍ ဘာတွေပြောသွားသည်ကို ဒေါ်လေးအား မေးလိုက်သည်။

ဒေါ်လေးက ဖြစ်ကြောင်းကုန်စင် ဇာတ်လမ်းစဉ်ကို နတ်သံမနှောဘဲ လူသံစစ်စစ်နှင့် ပြန်ပြောပြလိုက်၏။

"ဟာ ... ဒါဖြင့် ကွင်းပိုင်ကြီး ဝင်လာတာပေါ့"

"မတင်အိက မယ်တော်ပင့်မယ် အောက်မေ့တာ"

"ပင့်တုန်းကတော့ မယ်တော်ပင့်တာပဲ။ ကွင်းပိုင်ကြီး ဝင်လာတော့ မယ်တော်လည်း ဖယ်ပေးလိုက်ရမှာပေါ့။ ဒါနဲ့ ဒီကညီမ ခင်ပွန်းသည်ရဲ့ မိဘတွေက ဘာလုပ်သလဲ"

"ဟိုတစ်ချိန်တုန်းကတော့ မြေပိုင်ရှင်ကြီးတွေပါ။ နောက် ... လယ်မြေတွေ အသိမ်းခံရကတည်းက ငွေတိုးပွားလုပ်ငန်းကလေးနဲ့ အေးအေးပဲ နေကြပါတယ်"

"ဩော် ... ဒါကြောင့်ကိုး။ လယ်ပိုင်ရှင်ကြီးတွေဆိုတော့ ကွင်းပိုင်ကို အပ်နှံပသရတဲ့ ရိုးရာရှိတယ်လေ။ ရိုးရာကို မတောင်းပန်ဘဲ ဖြတ်လို့တော့ မရဘူး။ အခုမိဘတွေကောရှိသေးလား"

"မရှိတော့ပါဘူး"

"ဒါဆို ... ရိုးရာကို သားသမီးတွေက ဆက်ခံရမှာပေါ့။ လုပ်ငန်းနဲ့ မသက်ဆိုင်လို့ ဖြတ်ချင်ရင် ပွဲပေးပြီးမှ ဖြတ်ရတယ်။ တခြားမွေးချင်းတွေကော ရှိသေးလား"

"မရှိပါဘူး။ တစ်ဦးတည်းသားပါ"

"သေချာတာပေါ့။ မိဘတွေက သားကိုပါ ကွင်းပိုင်ကြီးဆီ အပ်ထားလိမ့်မယ်"

မည်သို့ပင်ဖြစ်စေ ကနားသရမည်ဟု ဆိုချေပြီ။

ပြောစရာရှိသည်များ ပြောဆိုကြပြီးနောက် ဆယ့်ငါးကျပ်တစ်မတ် လာဘ်တင်ပြီး အိမ်ပြန်ခဲ့ကြရသည်။

ကျန်ရစ်ခဲ့သူ အမျိုးသမီးကတော့ အေးအေးဆေးဆေး။ တစ်နေ့ နှစ်ယောက်ပဲလာဦး။ သုံးဆယ်နှင့် ငါးမူးရမည်။ နှစ်ယောက်ထက်ပိုရင်တော့ ပိုသလောက်ရမည်။ ဒေါ်လေးအပြော



www.burmeseclassic.com

www.burmeseclassic.com

အရတော့ တစ်နေ့သုံးလေးဦး အနည်းဆုံး လာကြသည်တဲ့။

အိမ်အပြန် မမြသက်၏ ဘယ်ဘက်နားထဲသို့ ဝင်လာသည့်အသံမှာ ကနားပေးရင် ရောဂါခုနစ်ရက်အတွင်း ပျောက်ရမယ်။ ရာထူးလည်း တိုးရမယ်ဆိုသော အသံ။ ညာဘက်နားထဲသို့ဝင်လာသည်မှာ ကနားမပေးရင် အသေသတ်မယ်ဆိုသော ကြိမ်းဝါးသံ။

ကနားပေးရင် ကုန်မည့်ငွေက လေးငါးထောင်။ မလွယ်။

အိမ်ပြန်ရောက်တော့ ဒေါ်လေးနှင့် အတိုင်အပင်ပြုရသည်။ ဒေါ်လေးက လုပ်မှဖြစ်မည်ဟု အဆုံးအဖြတ်ပေးပြီး သူက ငွေတစ်ထောင်ထည့်မည့် ကတိကိုပါ ပေးလာသည်။ ကျန်တာတော့ ကိုယ့်တာဝန်။ ရှိပါစေ။ ကိစ္စက ကိုယ့်ကိစ္စ။ အစ်ကိုကြည် ကျန်းမာဖို့ အစ်ကိုကြည့် ရာထူးတက်ဖို့ ကိစ္စပဲဟာ။ အစ်ကိုကြည့်အမေ မသေခင်က ပေးခဲ့သော စိန်ထည်တွေ မမြသက်ဆီမှာ ရှိသည်။ နားကပ် တစ်ရန် ကလွဲပြီး ကျန်တဲ့ပစ္စည်းတွေ ဝတ်လေ့မရှိ။ အထုပ်အထည်လုပ်ပြီး သိမ်းထားရသည်ပဲဟာ။ အစ်ကိုကြည် အတွက်ဆို သုံးလို့ကုန်တော့ကော ဘာအရေးလဲ။

အစ်ကိုကြည်ကို ကနားပေးမည့် ကိစ္စ ပြောပြရသည်။ ကိုမောင်မောင်ကြည်က သဘောမတူချင်။ ကုန်မည့် ငွေက တစ်နှင့်တစ်ပိုးမို့ ချိတုံချတုံဖြစ်နေသည်။ "ရာထူးမတိုးအောင်" ဆိုသည့်အကြောင်း ပါလာသည့်အခါ ကိုမောင်မောင်ကြည် ပြန်စဉ်းစားရသည်။ ဟုတ်သလိုလိုပါလား။ ဟိုတစ်လောက ရာထူးတိုးဖို့သေချာသလောက် ဖြစ်ပြီးမှ ရာထူးတိုးမြှင့်ပေးဖို့ စာရင်းထွက်လာသောအခါ ကိုမောင်မောင်ကြည် ကပ်ပြီးကျန်ရစ်ခဲ့ရသည်။ သူ့နောက်လူအချို့ပင် သူ့ကိုကျော်တက်သွားခဲ့သည်။ မခံချိမခံသာ ဖြစ်ခဲ့သော်လည်း မမြသက်ပါရောပြီး စိတ်မကောင်းဖြစ်နေမည်မို့ သည်အကြောင်းအရာကို မပြောခဲ့။ အခု စကားစပ်လာမိတော့မှ ပြောဖြစ်သည်။

ဒေါ်လေးမျက်နှာက "ကဲ ... ဘယ့်နှယ်ရှိစ" ဟု ဆိုချင်ဟန်။

ဒေါ် လေးအကူအညီဖြင့် နတ်ကနားပေးဖို့ စီစဉ်ကြသည်။ ကနားပွဲသုံးရက်အတွက်က ငွေသုံးထောင်။ ကနားစီး နတ်ကတော်ကြီးအပါအဝင် နတ်ဝင်သည်များနှင့် ဆိုင်းအဖွဲ့ကိုပါ အကျွေးအမွေးတာဝန်ယူရမည်။ ဒါက တစ်ရက်နှစ်ရာနှင့်တွက် ခြောက်ရာ။ တခြား ဗာဟီရစရိတ်က လေးရာ။ ဘာဖိုးညာဖိုး တောင်းသည်များကို ပေးဆက်ရမည်က တစ်ထောင်ထား။ ဘယ်လိုတွက်တွက် ငါးထောင်တော့ မအောက်။ ဒါတောင် ကနားက တတိယတန်းစား အဆင့်။

ကိုမောင်မောင်ကြည်နှင့် မမြသက်တို့အိမ်ရှေ့မှာ ရှုပ်ပန်းထည် အနီဖြူပတ်သည့် ကနားမဏ္ဍပ်ကလေး ပေါ်လာရသည်။

ဆိုင်းသံတခြိမ့်ခြိမ့်။ ကလိုက်ကြသည်မှာ အလူးအလိမ့်။ ကြည့်သူတွေကလည်း သဲသဲလှုပ်လို့။ စည်မှစည်။

မမြသက်အိတ်ထဲမှာ ကျပ်တန်၊ ငါးကျပ်တန်၊ တစ်ဆယ်တန်တွေ သူ့အထပ်နှင့်သူ ထည့်ထားရသည်။ တင်လာသမျှ နတ်တွေက ကနားရှင်ဆီက အဓိကထား တောင်းသည်။

ငါးပိသာဆို ငါးကျပ်တန်တစ်ရွက်။ ဆယ်ပိသာဆို ဆယ်တန်တစ်ရွက်။ လျော့ပါဦးလို့ ဈေးဆစ်လို့ မ[...] များများတောင်းလေ ကောင်းလေကို[...] ပေးပြီးရင်းပေးရင်း အတွင်းသုံးဆယ့်ခုနစ်မင်း၊ အပြင်သုံးဆယ့်ခုနစ်မင်း[...] ဝန်းသုံးဆယ့်ခုနစ်မင်း၊ ပေါင်း တစ်[...] ရာတစ်ဆယ့်တစ်မင်း ဆိုတော့လည်း[...] နည်းတာမှမဟုတ်တာ။ သည်ကြားထဲ[...] ကြားပေါက်တွေကလည်း ဝင်လာ[...] သေးသည်။ ကုလားနတ်တို့၊ တရုတ်[...] နတ်တို့၊ ဗိုလ်နတ်တို့ကလည်း ပါလာ[...] သေးသည်။ ကနားပျော်လို့ဝင်သည်[...] အဆိုရှိပြန်တော့ ပေးရ ကုန်ရသည်က[...] မမြင်သာတော့ဘဲ ကိုယ်ပါရော၍ ပျော်[...] နေရသည်။

ဒေါ်လေးဆိုတာ ဘာပြောကောင်း[...] ကလိုက်တာမှ တခြိမ့်ခြိမ့်။ မောတယ်[...] လို့ မရှိ။ ရှိပါစေ။ ငွေတစ်ထောင်ပေး[...] ပြီး ကတာပဲဟာ။ ကချင်သလောက်[...] ကရောပဲပေါ့။

ကိုမောင်မောင်ကြည်ခမျာလည်း[...] မသက်သာ။

နေ့တိုင်း တစ်နေ့ နှစ်ခါနှင့် သုံး[...] ခါတော့ အနည်းဆုံး ဗိုက်ကလေး[...] လှုန်လှုန်ပေးရသည်။ နတ်ပွဲလာကြည့်[...] သူ လူပုံအလယ်မှာ မျက်နှာသေကလေး[...] နှင့် ဗိုက်လှန်ပြရသည့် ဒုက္ခကလည်း[...] မသေး။

ဗိုက်ကို သပြေခက်နှင့် ရိုက်သွား[...] သောနတ်။ ဓားနှင့် ထစ်၊ ထစ်၊ ထစ်[...] ထစ် ခုတ်သွားသောနတ်။ ငါးရံ့အရှင်[...] ကို ဗိုက်ပေါ်တင်ပြီး သူ့ကို ဝိုင်းကြိ[...] ပတ်ပတ်ဒူဝေဝေ လုပ်သွားသည့်နတ်[...]

ဗိုက်ပေါ်ဖနောင့်တင်ပြီး ဖနော[...] နှင့် ခပ်ဆတ်ဆတ်ကလေး ပေါက်[...]

www.burmeseclassic.com

သွားသည့်နတ်။ ကြက်ပေါင်ကြီးနှင့် ခိုက်ကို ဒုတ်ဒုတ် ဒုတ်ဒုတ် ရိုက် ခေါက်သွားသောနတ်။

ပုလင်းထဲကအရက်တွေကို ဗိုက် ပေါ်သွန်ချပြီး လက်ဝါးနှင့် ပွတ်ပေး သွားသည့်နတ်။ စုံပါလေရော။ နတ် အမျိုးအမည်မသိပေမယ့် လူပုံအလယ် မှာ သားတော်ကြီးဟု ခေါ်လိုက်သည် နှင့် သူ၏ဗိုက်ကလေးကို လှန်ပြီးသား ရယ်ဒီပါပဲ။ လုပ်ချင်သလိုသာ လုပ်ကြ ပေရော့ဟု သဘောမှုထားလိုက်ရသည်။ ခုနစ်ရက်နှင့် ပျောက်ရမည်ဟု ဆို ထားပေသကိုး။

အုန်းအုန်းခြိမ့်ခြိမ့် နတ်သဘင် စဲလေပြီ။ ဗိုက်ကတော့ နာမြဲ။ အစာ စားပြီးရင် အန်မြဲ။

ဒါပေသည့် သူ့စိတ်ထဲမှာတော့ ခါတိုင်းထက် သက်သာသလို ထင်နေ သည်။ ခုနစ်ရက် မပျောက်။ ဆယ့်ငါး ရက် မပျောက်။

နတ်သဘင်စဲပြီး နှစ်ဆယ့်နှစ် ရက်မြောက်နေ့ ဆေးရုံပေါ်ရောက် သွားသည်။ စမ်းသပ်စစ်ဆေးမှုများ ပြီး သောအခါ ထွက်လာသည့်အဖြေမှာ "အစာအိမ်ကင်ဆာ" အတော်လေး အဆင့်လွန်နေပြီ။ ဆေးရုံရောက်ပြီး သုံးလနှင့် နှစ်ရက်မြောက်နေ့တွင် ကိုမောင်မောင်ကြည်တစ်ယောက် ပြူး ကြောင်ကြောင်အကြည့်နှင့် မမြဲသက် ကိုကြည့်ရင်း လူ့လောကကို ကျော ခိုင်းသွားတော့၏။

နတ်သဘင်စဲလေပြီ။ လူလည်း မရှိတော့ပြီ။

နတ်အပေါင်းတို့အား ငွေငါး ထောင်ကျော် အလှူပေးသွားခဲ့သည့် ကိုမောင်မောင်ကြည်တစ်ယောက် နတ် သမီးလေးတွေ တစ်ဖက်ငါးရာနှင့် နတ်သဘင်တက်နေပြီလား မသိပေ။

အဖြစ်အပျက်တွေထဲက အဖြစ် အပျက်တစ်ခု။

*** ***

ကိုသန့်ဇင်နှင့် အေးတို့မှာ ပုလဲ ဂေဟာမှ စိန်မျက်ခုံးကို ခွဲခွာပြီး အိမ် အပြန်ခရီးတွင် အိမ်ကိုတန်းတန်းမတ် မတ် မပြန်နိုင်ကြ။

"မောင်ရေ ... ငွေလေးပိဿာ ကိစ္စ ဘယ်လိုလုပ်မလဲ"

"ဘာငွေလေးပိဿာလဲ အေးရဲ့"

"ဟော ... မနက်က ပြန်ပေး လိုက်တဲ့ ငွေလေးပိဿာလေ"

"ထိထိုးလိုက်တာပေါ့။ မောင်တို့ လည်း ကိုယ့်ဟာကိုယ် ထိထိုးရဦးမယ့် ဥစ္စာ။ အစိုးရအမှုထမ်းတို့ အားကိုး စရာကထီပဲရှိတယ် အေးရဲ့"

"ဒါဖြင့် ထီအရင်ဝင်ထိုးလိုက်ရ အောင်။ ဗိုက်တောင့်နေပြီပဲဟာ။ ည စာတော့ အေးအေးပေါ့"

ကိုသန့်ဇင်နှင့် အေးတို့နှစ် ယောက် ဈေးချိုဘက် လှည့်ဝင်ခဲ့ကြ သည်။ ကားနှင့်လိုက်ပို့သည်ကို ဖွတ် အတင်းငြင်းပြီး ကိုယ့်အစီအစဉ်နှင့် ကိုယ် ထွက်လာသဖြင့် ဈေးချိုမှတ် တိုင်အရောက်တွင် (၁)ကားပေါ်မှ ဆင်းလိုက်ကြသည်။

ဈေးချိုတစ်ဝိုက်မှာ ထီဆိုင်တွေ က လက်ညှိုးထိုးမလွဲ။ ထီနှစ်စောင်ထိုး တာ ဘာကြာမှာမှတ်လို့။ ငါးမိနစ် အတွင်း ကိစ္စပြီးနိုင်သည်။ ဒါပေမယ့် သတို့နှစ်ယောက်မှာ ဆယ်မိနစ်မပြော နှင့် တစ်နာရီကျော်ကြာသည့်တိုင် ထီ နှစ်စောင်ထိုးဖို့ကိစ္စ မပြီးသေးပါလေ။ မျက်စိလည်း ညောင်းလှပြီ။ သုံးအစ ကိုးအလယ်ပါ၍ အဆုံးတွင် လေးနှစ် လုံးထပ်ပါသည့် (ခ)အက္ခရာ ထီလက် မှတ်ကို ရှာလိုက်ရသည်မှာ တစ်ဆိုင် ပြီး တစ်ဆိုင်။ အက္ခရာစုံ ဂဏန်းစုံ ရောင်းသော ထီဆိုင်ငါးဆိုင် ဝင်ခဲ့ပြီ။ လိုချင်သောလက်မှတ်ကို ရှာမတွေ့နိုင် သေး။ မတ်တတ် မတ်တတ်နှင့် ခြေ ထောက်ညောင်းလာပြီကို စိတ်မရှည် ချင်သော ကိုသန့်ဇင်က ရရာလက် မှတ်ထိုးဖို့ အေးကို ပြောလိုက်ရသည်။

အေးကတော့ ဖွတ်တင်ထား တုန်း။ မိန်းမသားပေကိုး။ ဟုတ်သည် မဟုတ်သည်ထား။ နည်းနည်းတော့ ယုံကြည်နေသာပ။ အစွဲအလမ်း ရှိ နေသာပ။

ခုနစ်ဆိုင်မြောက် ဆိုလေးတစ် ဆိုင်ရောက်မှပဲ လိုချင်တဲ့ လက်မှတ်ကို ရလိုက်သည်။ လေးနှစ်လုံးထပ်က တစ်စောင်၊ ကျန်တာကတော့ သူ့ အောက်ကအရွက်ကိုဆုတ်လိုက်ရသည်။

ပေါက်တာ မပေါက်တာထား။ လောလောဆယ် ခြေညောင်း၊ မျက်စိ ပြာ၊ စိတ်မောလူမော ဖြစ်ရသည်က တော့ အမှန်။

"လူ့အလို နတ်မလိုက်နိုင်"ဟု ဆိုစကားရှိသော်လည်း "နတ်အလိုကို တော့" လူက လိုက်ရသည်သာပ။

အိမ်ရောက်တော့ ညနေစာ မစားဖြစ်။ မနက်က ထီတိုက်နှင့် ပုလဲ တိုက်မှာ အဝအပြဲအုပ်လာသည့်အပြင် ပန်းသီးတို့၊ ချောကလက်တို့ စားထား သော အစာအိမ်ထဲကို ချဉ်ရည်ဟင်း နှင့် ငါးပိဖျော်ရည် ထပ်ဖြည့်ရောမွှေရ မည်ကို ဝန်လေးနေကြသည်။



www.burmeseclassic.com

www.burmeseclassic.com

မနက်က အေး ကမန်းကတန်း ထချက်ထားသော ဆူးပန်းရွက်ချဉ်ရည်နှင့် ငါးပိအဖျော် အဆင်သင့် ရှိနေသည်။ ပြန်လာမှ ငါးခြောက်ကလေး ဖုတ်မည်။ ဒါမှမဟုတ် ဘဲဥလေးကြော်ပြီး စားမည်ဟု အစီအစဉ် လုပ်ထားခဲ့သော်လည်း ထီတိုက်က စားခဲ့ရသည့် ပန်းသီးနှင့် ချောကလက်၊ ပုလဲတိုက်က စားခဲ့ရသည့် ကြက်ကောင်လုံးပေါင်းကို ချဉ်ရည်ဟင်းနှင့် ရောရမှာ နှမြောပြီး ညနေစာကို ပေါင်မုန့်နှင့် ကော်ဖီသောက်ပြီး ပြီးလိုက်ကြရသည်။

အလှူအိမ်မှာ စားရသည်က တစ်မျိုး၊ သူဌေးအိမ်မှာ စားရသည်က တစ်မျိုး။ အလှူအိမ်မှာ စားရသည်က ဗိုက်ပြည့်သည်။ သူဌေးအိမ်မှာ စားရသည်က အားဖြစ်သည်။

အားဖြစ်မည့် အစာအိမ်ကို ဗိုက်ပြည့်မည့် ချဉ်ရည်ဟင်းနှင့် မရောထွေးစေဘဲ တစ်နေ့စာ တစ်ကန့်စီထားလိုက်ကြပြီး မင်္ဂလာယူ၍ အိပ်ရာဝင်လိုက်ကြရ၏။

လခစားတို့၏ဘဝမှာ ဝင်ငွေနှင့် ထွက်ငွေကို မျှတအောင် အတော်ကြီး တွက်ချက်ချင့်ချိန် သုံးစွဲရသူများဖြစ်ရာ အားဖြစ်ဖို့သည် သာမည၊ ဗိုက်ပြည့်ဖို့သည် အဓိက။ ယနေ့အိမ်ရှင်မများကို သချ်ာတစ်ဘာသာတည်း စစ်ကြည့်။ ဂုဏ်ထူးရဖို့ သေချာ၏။ ကိုသန့်ဇင်တို့ လင်မယားမှာ စိုင်ကော်လို့ ချူပေါ် ရောက်ပြီး ကိုယ့်အိမ်မှာ မစားနိုင်သည့် အစားအစာများကို တပိုးတနင့်စားလာရသည်မို့ ချူပေါ်က ပြန်ဆင်းရမည်ကို ဝန်လေးနေသည်။ ဒါက လူ့သဘာဝ။

ဆင်းရဲလို့ ခေါင်းမမော့ရဲသူ တစ်ယောက်ကို ကားလှလှလေးနှင့် ခေါ်သွားကြည့်။ ထိုခဏမှာ သူ့ခေါင်း အလိုလိုမော့လာမည်။ လမ်းပေါ်က လူတွေကို အမြင်တစ်မျိုးနှင့် ကြည့်တတ်လာမည်။ ကိုယ့်ဘဝကို တဒင်္ဂ ပဟာန်မေ့သွားမည်။ သူများကို ကိုယ့်ကိုကြည့်လျှင် အယောင်ဆောင်ဟန် ပြင်တတ်လာမည်။

ပန်းသီး၊ ချောကလက်၊ ကြက်ကောင်လုံးပေါင်းစားပြီး အိပ်ရာဝင်ခဲ့သူ ကိုသန့်ဇင်တို့ ဇနီးမောင်နှံမှာ ထိုနေ့ညအဖို့ အိပ်မက်ကောင်းများ မက်ကြလိမ့်မည်မှာ မလွဲပေ။

မနက် လက်ဖက်ရည်စားပွဲ ထိုင်ကြတော့ အေးမျက်နှာမှာ ပြုံးစိစိနှင့် ကို သန့်ဇင်မျက်နှာမှာလည်း ယှဲ့ ၃ဲ့နဲ့။

"အေးက ပြုံးစိစိနဲ့"

"မောင်ကကော"

"ဒါဖြင့် အေးကစပြော"

"သိန်းဆုကြီးပေါက်တဲ့ ဂဏန်းကလည်း နေ့ခင်းကထိုးလာတဲ့ဂဏန်း၊ အလုပ်ကထွက်ပြီး အေးနဲ့မောင်တို့ မြန်မာပြည်အနှံ့ သွားလိုက်ကြတာ။ မိုးလင်းလို့ မျက်စိနှစ်လုံးပွင့်တော့မှပဲ မန္တလေးတောင်ဘေး ပြန်ရောက်နေတော့တာပဲ။ တစ်ညဥ့်လုံး ပျော်လိုက်ရတာ ... ဟင်း ... ဟင်း ... ကဲ ... မောင်ကတော့"

"စိန်ခြယ်နားကပ်ကလေးနဲ့ အေးမျက်နှာက ဝင်းနေတာပဲ။ အေးလက်သူကြွယ်မှာ စိန်တစ်တန်း၊ ပတ္တမြားတစ်တန်း၊ နီလာတစ်တန်း လေးတန်းသွား လက်စွပ်ကလေးကလည်း လိုက်ဖက်လိုက်ပါရော။ စိန်လက်ကောက်၊ စိန်ကြယ်သီးနဲ့ စိန်လည်တုံ့ကလည်း တဖျပ်ဖျပ်"

"ပေါက်တဲ့ဆုက သိန်းဆုလား"

"ဒါပေါ့ အေးရဲ့။ အကြီးဆုံးပဲ ပေါက်တာပေါ့။ လေးနှစ်လုံးထပ်ကလေးနဲ့လေ"

"ဒါဖြင့် မောင့်အိပ်မက်က လွန်ကဲသွားပြီပေါ့"

"ဘာပြုလို့ ..."

"မောင်ပြောသလောက် စိန်တွေသာဝယ်လိုက်ရင် အေးတို့ ဘာနဲ့ သွားစားမလဲ"

"ကျန်တဲ့ငွေနဲ့"

"ဟိုး .. ဟိုး၊ ကိုကိုထောင်မှူး။ မောင့်ငွေတစ်သိန်းက အဲဒီလောက် စိန်ဝယ်ဖို့ မလောက်ဘူး ဆရာကြီးရဲ့။ ငါးပိရည်နဲ့ပဲ စားရလိမ့်မယ်"

"ဒါများ ပြောရသေး။ ခုလည်း ငါးပိရည်နဲ့ စားနေတာပဲဟာ။ ငါးပိရည်နဲ့စားတာ လူမြင်တာမှတ်လို့။ စိန်ကမှ လူမြင်တာ"

"မောင်ရေ ... စိတ်ကူးယဉ် အိပ်မက်က တကယ်ဖြစ်တာထက် တောင် ကောင်းသေးတယ်နော်"

"ထားပါတော့ လေးနှစ်လုံး ထပ်ကလေးရယ်။ သူတို့ရှုံးသလို မောင်တို့လည်း ..."

"တကယ်ပေါက်နေရင်ကော"

"ဒါကြောင့် ပြောတာပေါ့။ သူတို့ရှုံးတာနဲ့ ကိုယ်ပါရောရှုံးမိပြီလို့။ ကဲ ... မောင်လစ်ဦးမှ။ အဝင်နောက်ကျရင် ထုချေလွှာ ရေးနေရဦးမယ်"

"မောင်ရေ ... မမြင့်ခင်တို့သား အမိလည်း ကြည့်ခဲ့ပါဦး"

"စိတ်ချ။ အပြန်ကျရင် ငါးပိရည်လေးနဲ့နော် တာ့တာ"

*(ဆက်လက်ဖော်ပြပါမည်။)*

**ကျော်မြင့်သန်း**



www.burmeseclassic.com

www.burmeseclassic.com

# တစ်ဘဝလုံးအတွက် အမြဲတမ်းပြုလုပ်ရမည့်

# ထာဝရယတြာ

စည်သူချမ်းမြေ့

လူတိုင်းပင် အကောင်းအဆိုးကို ဘဝတစ်လျှောက်၌ ကြုံတွေ့ရပေမည်။ အကောင်းကို ခံစားရမည့် အချိန်အခါရှိသကဲ့သို့ အဆိုးနှင့်ကြုံတွေ့ရမည့် အချိန်အခါကာလလည်း ရှိပေသည်။

အကောင်းနှင့် ကြုံတွေ့ရမည့် အချိန်အခါ၌ ယင်းအကောင်းကို လက်မလွှတ်တမ်း ခံစားရရှိဖို့ လိုအပ်သကဲ့သို့ အဆိုးနှင့် ကြုံတွေ့ရမည့် အချိန်အခါ၌ အဆိုးမှ သက်သာလျော့ပါးခွင့် ရရှိ စေဖို့အတွက် ရှေးသူတော်စင် ပုဂ္ဂိုလ်များနှင့် ဗျာနလာဘီ ရှင်ရသေ့များက ယတြာအဆောင်တို့ကို ဆောင်ရွက်စီမံနိုင်ရန် နည်းလမ်းများကို ထားရှိခဲ့ကြပေသည်။

ယင်းတို့အနက် တစ်ဘဝလုံးအတွက် ကံကြမ္မာဆိုး၊ ဘေးဥပဒ်ဆိုးတို့မှ ကင်းလွတ်စေမည့် ရာဇ၊ ဝံသ၊ စုတြ အမည်ရသော ထာဝရ အဆောင်ယတြာ စီရင်ပြုလုပ်ဆောင်ရွက်ပုံကို ရေးသားတင်ပြပေးပါမည်။

**တစ်သက်တာထာဝရ အဆောင်ယတြာ**

**တွက်ချက်ပုံ**

တွက်ချက်ပုံမှာ မခက်လှပါ။ မွေးသက္ကရာဇ်ကို တည်၍ ရှစ်ခုနှင့် စားရုံသာ ရှိပါသည်။ ထိုစားကြွင်းအရ အ ဆောင်ယတြာ ပေးခြင်းဖြစ်၏။

ဥပမာ ...

မွေးသက္ကရာဇ်အရ ၁၃၁၇ ခုဖွား ဖြစ်သည်ဆိုပါက ၁၃၁၇ ကို (၈) ဖြင့် စားပါ။

၁၃၁၇ ကို (၈) ဖြင့်စားလျှင် (၅) ကြွင်းသည်ကို တွေ့ရှိရပါမည်။

```
    ၁၆၄
၈ | ၁၃၁၇
    ၈
    ---
    ၅၁
    ၄၈
    ---
     ၃၇
     ၃၂
     ---
      ၅  ကြွင်း
```

၁၃၁၇ ခုဖွားကို (၈) ဖြင့်စားလျှင် (၅) ကြွင်းသောကြောင့် အောက်တွင် ဖော်ပြထားသော (၅) ကြွင်းလျှင် ပြုလုပ်ဆောင်ရွက်ရမည့် ထာဝရယတြာကို အခွင့်သင့်တိုင်း ဘဝတစ်လျှောက်လုံးမှာ ပြုလုပ်ဆောင်ရွက်ရမည် ဖြစ်၏။

**အကြွင်းအရ ထာဝရဆောင်ရွက်ရမည့် အဆောင်ယတြာ**

(၁)ကြွင်းလျှင်

အဆောင် ။ ကျောက်နီနှင့် ပတ္တမြားကို ဆောင်ပါ။

အရောင် ။ ပန်းရောင်နှင့် အနီရောင်ကို သုံးစွဲပါ။

လှူရန်ပန်း ။ အနီရောင်ရှိသော ပန်းကိုလှူပါ။

လှူရန်ဝတ္ထု ။ ထီး၊ တံခွန်၊ ကုက္ကားတို့ကို လှူပါ။

(၂)ကြွင်းလျှင်

အဆောင် ။ ပုလဲနှင့် ကျောက်စိမ်းကို ဆောင်ပါ။



www.burmeseclassic.com

www.burmeseclassic.com

အရောင် ။ အဖြူရောင်နှင့် ငွေရောင်ကို သုံးစွဲပါ။
လှူရန်ပန် ။ အဖြူရောင်ရှိသော ပန်းကိုလှူပါ။
လှူရန်ဝတ္ထု ။ ဖိနပ်၊ သင်္ကန်း၊ ယပ် လှူပါ။

(၃)ကြွင်းလျှင်
အဆောင် ။ ကျောက်စိမ်းနှင့် စိန်ကို ဆောင်ပါ။
အရောင် ။ နီညိုရောင်နှင့် ငွေရောင်။
လှူရန်ပန်း ။ ပန်းမျိုးစုံ လှူနိုင်ပါသည်။
လှူရန်ဝတ္ထု ။ ထီး၊ တံခွန်၊ မွေ့ရာ။

(၄)ကြွင်းလျှင်
အဆောင် ။ စိန်၊ နီလာ၊ ကြောင်၊ ဥဿဖရား။
အရောင် ။ အဖြူ၊ အစိမ်း၊ အဝါ၊ ရွှေရောင်။
လှူရန်ပန်း ။ အဝါရောင်ရှိသော ပန်း။
လှူရန်ဝတ္ထု ။ ဆီမီးသက်စေ့။

(၅)ကြွင်းလျှင်
အဆောင် ။ ရွှေ၊ ငွေ၊ ပတ္တမြား။
အရောင် ။ ငွေရောင်၊ အစိမ်းရောင် လိမ္မော်ရောင်။
လှူရန်ပန်း ။ နှင်းဆီရောင်စုံ။
လှူရန်ဝတ္ထု ။ ကြေးခေါင်းလောင်း။

(၆)ကြွင်းလျှင်
အဆောင် ။ စိန်၊ ကြောင်၊ နီလာ၊ ပုလဲ။
အရောင် ။ အနီ၊ ပန်းရောင်၊ အဖြူ အဝါ၊ အပြာ။
လှူရန်ပန်း ။ ပန်းမျိုးစုံ (မည်သည့်ပန်းမဆို)။
လှူရန်ဝတ္ထု ။ ထီး၊ တံခွန်၊ အမွေး တိုင်၊ အမွှေးနံ့သာ၊ ရေမွှေး။

(၇)ကြွင်းလျှင်
အဆောင် ။ ပုလဲ၊ ဂေါ်မုတ်၊ ရွှေ။
အရောင် ။ အနီ၊ အပြာ၊ အဝါ၊ တောက်ပသော အရောင်။
လှူရန်ပန်း ။ အနီရောင်၊ အဖြူ ရောင်ပန်းများ။
လှူရန်ဝတ္ထု ။ မွေးနံ့ပြုဟ်ကို အခါအားလျော်စွာ ရေလှူ ရေသပ္ပာယ်ပါ။

(၀)ကြွင်းလျှင်
အဆောင် ။ စိန်၊ ဂေါ်မုတ်၊ ကျောက်စိမ်း။
အရောင် ။ ကြက်သွေးရောင်၊ အစိမ်းပုပ်ရောင်၊ နို့နှစ်ရောင်။
လှူရန်ပန်း ။ ရောင်စုံပန်း။
လှူရန်ဝတ္ထု ။ ထုံးသင်္ကန်းကပ်၊ ငါးသက်စေ့လွှတ်။

ရှင်းလင်းချက်

အထက်ပါ ယတြာများသည် ထာဝရ ယတြာများ ဖြစ်ကြ၍ ဆောင်ရန် ကျောက်မျက်ရတနာထဲမှ တစ်မျိုးမျိုးကို အမြဲဟောင်း ဆောင်ထားရပါမည်။ အရောင်များအနေနှင့် မိမိအသုံးအဆောင်၊ အဝတ်အစား၊ နေအိမ်၊ ဈေးဆိုင် ဆေးသုတ်၊ ဆိုင်းဘုတ်တို့၌ အခြားအရောင်များထက် ပိုမို ကဲလွန်ပါဝင်အောင် သုံးစွဲကြရမည့် အရောင်များ ဖြစ်သည်။

လှူရန်ပန်းများ အနေဖြင့် အနီရောင်ရှိသော ပန်းများဟုဆိုလျှင် နှင်းဆီနီ၊ ကြာနီတို့မှစ၍ အနီရောင် ပေါ်လွင်ထင်ရှားသော ပန်းများကို လှူရမည်ဟု ဆိုလိုပါသည်။ ထို့အတူ အဖြူရောင်ရှိသော ပန်းများဟုဆိုလျှင် ကံ့ကော်၊ စံပယ်တို့မှစ၍ အဖြူရောင်ရှိသော ပန်းတစ်မျိုးမျိုးကို လှူဒါန်းရန် ဖြစ်ပါသည်။

ပန်းမျိုးစုံဟုဆိုလျှင် မည်သည့်ပန်းကိုမဆို လှူနိုင်ပါသည်။ ယင်းတို့ကို ဘဝတစ်လျှောက်လုံး အခါအခွင့်သင့်တိုင်း ဆောင်ရွက်ပေးသွားရန် ဖြစ်ပါသည်။

ဤထာဝရ ယတြာနည်းပညာကိုပေးသော ဆရာဦးဝင်းနိုင်မှာ ဘီးလင်းမြို့၊ ဂျပန်ကုန်း၊ ရန်အောင်အေးစေတီရှေ့၌ ဗေဒင်ဟောပြောလျက်ရှိပြီး ဤထာဝရ ယတြာပြုလုပ်နည်းကို ပြောပြသော ဆရာဦးဝင်းနိုင်အား ကျေးဇူးတင်ရှိကြောင်း မှတ်တမ်းတင်အပ်ပါသည်။

စည်သူချမ်းမြေ့

www.burmeseclassic.com

# စီးပွားရေးအဆင်မပြေလို့ ဘာလုပ်ရင်ကောင်းမလဲ

ဒေါ်ခင်မာဝေ

ကျွန်မထံ ရေပို့နေသော လူနှင့် စကားစပ်မိရင်း ဆွေးနွေးခဲ့သော အကြောင်းလေးကို စာဖတ်ပရိသတ်အား ဖောက်သည်ချလိုပါသည်။

"မင်း ရေလိုက်ပို့ရတာ အဆင်ပြေရဲ့လား"

"ဒီနေ့ ရေရောင်းမကောင်းလို့ စိတ်ညစ်နေတာ ဆရာမရဲ့"

"မင်း ဇာတာ စစ်ဆေးဖူးလား"

"ဟင့်အင်း ...တစ်ခါမှ မစစ်ဖူးသေးဘူး"

"ဒါဆို ဇာတာစစ်မလား။ ငါ စစ်ပေးမယ်လေ"

"ကျွန်တော့်မှာ ပိုက်ဆံမပါဘူး ဆရာမ"

"ရပါတယ်။ မင်းက ငါ့ကို ကူညီဖူးတာပဲ။ မင်းကိုလည်း ငါက ကူညီမှာပါ"

ကျွန်မက သူ၏ဇာတာကို စစ်ဆေးပါသည်။

"မင်း မွေးသက္ကရာဇ်ပြော"

"အဖေပြောတာတော့ ၁၉၉၁၊ ဇူလိုင်လ ၁၇ ရက်လို့ ပြောတာပဲ ဆရာမ"

"မင်းနာမည်ရော"

"လင်းလတ်မောင် ... ဗုဒ္ဓဟူးသားပါ"

ကျွန်မက စာရွက်ပေါ် ချရေးရင်း ပြောပါသည်။

"မင်းဇာတာကို မှန်မမှန် ငါစစ်ပေးရမည်။ ငါပြောတာ မင်းက မှန်ရင် မှန်တယ်ပြော၊ မှားရင် မှားတယ်ပြောနော်။ ဒါမှ ဇာတာကို စစ်လို့ရမှာ။ မင်းပြောတဲ့ သက္ကရာဇ်အရ (၂) ကြွင်း။ သိုက်ဖွားဇာတာပဲ။ ဒါဆို မင်းက...ဘာသာရေးလုပ်တယ်။ ဝမ်းနည်းအားငယ်တတ်တယ်။ ဒါပေမယ့် မင်းဝမ်းနည်းနေတာကို သူများကို ဖွင့်မပြောဘူး။ တစ်ယောက်တည်း ကျိတ်ခံစားနေတာ။ ဟုတ်လား"

"အမှန်ပဲ ဆရာမ။ ကျွန်တော်က ဘုရားတရားမြဲတယ်။ တစ်ပတ်ကို သုံးရက်ပုံမှန် ပုတီးစိပ်တယ်။ အားငယ်တယ်ဆိုတာလည်း အမှန်ပဲ"

"ကောင်းပြီ။ ဒါဆို ဆက်ဟောလို့ရပြီ"

ကျွန်မ ဆင်္ခြင်တွက်ပါသည်။ ဂြိုဟ်စားရော သက်ရောက်တိုင်ကိုပါ တစ်ဆက်တည်း စစ်ဆေးပါသည်။ ၂၀၁၀ ခုနှစ်၊ ဒီဇင်ဘာလ ၂၇ ရက်



www.burmeseclassic.com

www.burmeseclassic.com

တွင် စစ်ဆေးခြင်းဖြစ်ပါသည်။ ထိုအချိန်တွင် ဇာတာရှင်သည် သာမိဂြိုဟ်စားအချိန် တွင်ရောက်နေပါသည်။ သာမိသည် ရာဇဌာနတွင် ရှိပါသည်။ ထိုကာလသည် ဇာတာရှင်အတွက် အောင်မြင်နေသော အချိန်ဖြစ်ရပါမည်။ သို့သော် ယခု အဆင်မပြေပါ။ ဒါဆို ဘာကြောင့် ဒီလိုဖြစ်ရသည်ကို လေ့လာရန် လိုပါသည်။

အသက် ၁၇ နှစ်မှ ၂၇ နှစ်အတွင်း ရာဇသာမိဂြိုဟ်စား ဖြစ်ပါသည်။ စနေဂြိုဟ်သည် မွေသည်ဟု သတင်းကြီးပါသည်။ ဒါဆို စနေဂြိုဟ်ဆိုးကြောင့်လား။ ဒီလိုသုံးသပ်ချက်ဟာ ယေဘုယျကျလွန်းသည်ဟု ကျွန်မကယူဆပါသည်။ အသေးစိတ်လေ့လာပါမည်။ လူတစ်ယောက်ဇာတာကို လေ့လာရာတွင် နာမည်သည် လွန်စွာ အရေးကြီးပါသည်။ နာမည်သည် လူကိုလွှမ်းမိုးထားကြောင်း ကျွန်မသတိထားမိပါသည်။ ယခု သူ၏နာမည်မှာ 'လင်းလတ်မောင်' ဖြစ်ပါသည်။ သိုက်ဌာနမှ မရဏဌာနသို့မှည့်ထားသော နာမည်ဖြစ်ပါသည်။ လူတွင် စိတ်ကိုလေ့လာပါက နာမည်အဖျားကို ကြည့်ရပါသည်။ ယခုဇာတာရှင်သည် အနိဋ္ဌနာမည်များ ဖြစ်နေသည်။ သူသည် ဗေဒင်မေးတတ်သူ မဟုတ်ပါ။ သူ့ကိုယုံအောင် အတင်းအကြပ်လုပ်၍ မရပါ။ ပညာစစ်ကို လက်ခံရန်မှာ ဆရာက မှန်ကန်စွာ ဟောပြောနိုင်မှသာ ဖြစ်ပါမည်။ ဂြိုဟ်စားတိုင်တွင် နာမည်ရင်း ၄ ဟူးနံတွင် ကိဋ္ဌကပ်ဂြိုဟ် ရှိပါသည်။ သမ္မဒါန ကရကရှိပါသည်။ မန္ဒနိစ်ဌာနတွင် ရှိပါသည်။ နိစ်ဌာနသည် ဆိုးပါသည်။ ကပ်ဂြိုဟ်လည်း ဆိုးပါသည်။ ထိုဂြိုဟ်စားကာလတွင် ဇာတာရှင်အတွက် ရုန်းကန်ရမည့် အချိန်ဖြစ်ပါသည်။ နာမည်များ ၅ တေးသည် တန်းကပ်ဌာနတွင်ရှိကာ ဗျာယကပ်ဂြိုဟ်ရှိသည်။ ကရဏ ကရကဖြစ်ပါသည်။ ထိုကာလအတွင်း သူတစ်ပါးကြောင့် စိတ်ဆင်းရဲ၊ ကိုယ်ဆင်းရဲဖြစ်ရမည်ကို ညွှန်ပြနေပါသည်။ ငွေဂြိုဟ် ၂ လံသည် တိုင်ခြေတွင်ရှိကာဒွယကပ်ဂြိုဟ်ရှိသည်။ အာလာပ္ပနကရကဖြစ်သည်။ ငွေမမြဲနိုင်ပါ။ ရသမျှ အထွက်သာဖြစ်သည်။ သောကြာသည် တန်းစီးဌာနတွင်ရှိသည်။ လာဘ၊ သာမိ[illegible]နေပါသည်၊ ထိုကာလတွင် မိမိစိတ်တိုင်းကျ ရွေးချယ်ထားသူနှင့် အိမ်ထောင်ကျမည်ဟု ဆိုပါသည်။ ထိုအချက်များ စုစည်းကာ ဟောပြောပါမည်။

"မင်း အိမ်ထောင်ကျပြီးပြီလား"

"ဟုတ်ကဲ့ ... အခု ကိုယ်ဝန်တောင် ရနေပါပြီ"

"မင်း စိတ်ရောလူရော အရမ်းပင်ပန်းမှာပဲ။ ငွေလည်း ရှာလို့မလောက်ဘူး ဖြစ်နေပါလား"

"မှန်လိုက်တာ ...ဆရာမရာ။ ကျွန်တော့်အလုပ်ရှင်ကိုသာ မေးကြည့်ပါတော့"

"သူက ဖြေရင်း အနားမှာထိုင်နေတဲ့ သူ့အလုပ်ရှင်ကို စစ်ကူတောင်းလိုက်သေးသည်။ သူ့အလုပ်ရှင်ကလည်း မှန်ကန်ကြောင်း ခေါင်းညိတ်ပြပါသည်။

ကျွန်မက သက်ရောက်တိုင်ကို ဆက်လက်စစ်ဆေးပါသည်။ ယခုနှစ်တွင် သိုက်၊ ကမ္မသက်ရောက်ဖြစ်ပါသည်။ ကမ္မသည် ပြဿနာဖြစ်စေသော ကရကဖြစ်ပါသည်။ သို့သော် သိုက်ဌာနတွင်ဖြစ်သောကြောင့် ဘာသာရေးလုပ်ပါက ကယ်မည့်သူ ပေါ်တတ်ပါသည်။ ယခုပင် သူ့ကိုကယ်တင်မည့် ကျွန်မက ဇာတာတွက်နေပြီ ဖြစ်သည်။ မွေးနံသည် တိုင်ထိပ်တွင်ရှိသည်။ ဓေယျကပ်ဂြိုဟ်ရှိသည်။ ကရဏ ကရကဖြစ်သည်။ သို့သော် ဂြိုဟ်စားတိုင်တွင် မွေးနံ၌ ကိဋ္ဌကပ်ဂြိုဟ်ရှိနေသည်။ မွေးနံတွင် ဓေယျ၊ ကိဋ္ဌကပ် ဂြိုဟ်ဆန့်ကျင်နေသည်။ အဝေးကပ်ဂြိုဟ်ဆန့်ကျင်ခြင်းဖြစ်သည်။ ထိုအချက်သည် အလွန်အရေးကြီးပါသည်။ ထိုသို့ဖြစ်ပေါ်နေသော ကံတရားသည် ဖြစ်ချင်သောဆန္ဒများကို ဖျက်ဆီးပစ်တတ်သော သဘောရှိပါသည်။ ကံတရားသည် လှည့်ပတ်သောသဘောကို ဆောင်ပါသည်။ သက်ရောက်တိုင်တွင် မွေးနံတိုင်ထိပ်။ ဓေယျကပ်ဂြိုဟ်သည် ကံအလွန်ကောင်းသည်ဟု ပုံမှန်အားဖြင့် ဟောကိန်းထုတ်နိုင်ပါသည်။ သို့သော် တကယ့်ဘဝတွင် ကံမကောင်းပါ။ ကံမကောင်းသောကြောင့် ကျွန်မနှင့်တွေ့ချိန်တွင် စိတ်ပျက်လက်ပျက်နှင့် အိပ်နေသည်ကို တွေ့ရခြင်းဖြစ်ပါသည်။ ထိုကံသည် နဝင်းယတြာဖြင့် ချေဖျက်ပါက ရနိုင်ပါသည်။ သို့သော် ဇာတာရှင်က လက်ခံမှ နဝင်းယတြာကို သုံပ်ပေး



www.burmeseclassic.com

www.burmeseclassic.com

နိုင်ပါသည်။ ဆရာသဘော တစ်ခုတည်းဖြင့် မလုပ်နိုင်ပါ။

သက်ရောက်တိုင်ကို ဆက်လက် စစ်ဆေးပါသည်။ တိုင်ခြေတွင် နာမည်အဖျားရှိပါသည်။ နာမည်အရင်းနှင့် နာမည်အဖျားသည် တိုင်ထိပ်၊ တိုင်ခြေဌာန ဆန့်ကျင်ဘက်ဖြစ်နေပါသည်။ နာမည်အဖျားတွင် မရဏကပ်ဂြိုဟ်ရှိပါသည်။ သဝမိကရကဖြစ်ပါသည်။ သဝမိကရကသည် ပိုင်ဆိုင်လိုခြင်းကို ပြပါသည်။ သို့သော် ကပ်ဂြိုဟ်သည် မရဏဖြစ်သောကြောင့် သူစိတ်ကူးထားသော ပိုင်ဆိုင်ချင်သော အရာများကို အမှန်တကယ် မပိုင်ဆိုင်နိုင်တော့ပါ။ စိတ်ကူးယဉ်မှုကို အကောင်အထည် မဖော်နိုင်ပါ။ ထိုအခါ ငါကံဆိုးလိုက်တာဟု အသံထွက်လာပါသည်။ ထိုသို့ ကံဆိုးခြင်းကို ပြန်၍ ကံကောင်းအောင် သူလည်း မလုပ်တတ်ပါ။ ကံတရားကိုသာ အပြစ်တင်ခြင်းဖြင့် အချိန်ကုန်ရပါတော့သည်။

ထိုသို့သော ကံများကို ယတြာချေရင် ကျေဖျက်နိုင်ပါသလားဟု မေးလျှင် ယုံကြည်ရင် ရပါတယ်လို့ ပြန်ဖြေမှာပါ။ ကယ်တင်ခြင်းလည်း အမှန်လုပ်နိုင်ပါသည်။

အလုပ်လုပ်ရာတွင် အလုပ်ရှင်နှင့် အလုပ်သမားတို့သည် ကံတူအကျိုးပေးများ ဖြစ်ကြပါသည်။ အလုပ်တစ်ခုကို နှစ်ဦးပြိုင်တူ လုပ်ကိုင်ရသောကြောင့် ကံဇာတာ စစ်ဆေးရာတွင် နှစ်ဦးလုံးကို စစ်မှသာ လုပ်ငန်းအောင်မြင်နိုင်ပါသည်။

"ကဲ...အလုပ်သမားကိုတော့ ဇာတာစစ်ပြီးပြီ။ အလုပ်ရှင်ရော ဇာတာစစ်ချင်သလား။ နှစ်ယောက်ကံစစ်ဆေးမှ အလုပ်အောင်မြင်အောင် လုပ်ပေးနိုင်မှာနော်"

"စစ်မှာပေါ့ ဆရာမ။ ကျွန်မ မွေးသက္ကရာဇ်က ၁၉၇၃ ခုနှစ်၊ ဇွန်လ ၂ လံ့သမီး အဓိပတိဘွား။ နာမည်က 'ခင်မြတ်စိန်'လို့ ခေါ်ပါတယ်"

ကျွန်မက စာရွက်ပေါ်မှာ ရေးချရင်း ဇာတာကို စစ်ဆေးပါသည်။ ၅ ကြွင်း၊ ၂ လံ့သမီး ဖြစ်သည်။ နာမည်ဖျားသည် ဘင်္ဂမှ ရာဇသို့ ရောက်နေပါသည်။

"အရမ်းဒေါသကြီးပါလားကွယ်။ ဒေါသထွက်လာရင် ပစ္စည်းတွေ အားကြီးဖျက်ဆီးပါလား"

လို့ ကျွန်မကပြောလိုက်ပါသည်။

"အမှန်ပဲ ဆရာမရေ။ ကျွန်မက အခု အိမ်ထောင်ကျပြီးမှ ငြိမ်တာ။ စိတ်ကတော့ မြန်တာအမှန်"

ကျွန်မက သူမ၏ဂြိုဟ်တိုင်ကို စစ်ပါသည်။ အသက် ၃၈ နှစ်အတွင်း ရောက်နေသောကြောင့် အထွန်း သမ္ဗဒါန ဖြစ်ပါသည်။ စီးပွားရေးလုပ်ဆောင်ပါက အောင်မြင်မှုများ ရပါမည်။ စပ်တူလုပ်ငန်းနှင့် အကျိုးပေးသည်။ အလုပ်သမားများနှင့် လုပ်ရသော အလုပ်များတွင် အကျိုးပေးကြောင်း ဂြိုဟ်စားက ဖော်ပြနေပါသည်။ ဂြိုဟ်စားတိုင်တွင် မွေးနံသည် တိကနိစ်ဌာနတွင် ရှိပါသည်။ ကိစ္စကပ်ဂြိုဟ်ရှိပြီး အာလာပွန ကရကရှိပါသည်။ မွေးနံသည် ၂ လံ့ ဖြစ်သောကြောင့် ငွေဂြိုဟ်လည်း ဖြစ်နေပါသည်။ ထိုဂြိုဟ်စားအချိန်တွင် ကျန်းမာရေး ညံ့ပါမည်။ ငွေလည်း အထွက်ပိုများပါသည်။ အသက် ၄၀ နှစ်အထိ ဖြစ်ပါသည်။ နာမည်အဖျား အင်္ဂါသည် မန္တနိစ်ဌာနတွင်ရှိပြီး ဗျာယကပ်ဂြိုဟ်ရှိကာ ကတ္တုကရကဖြစ်ပါသည်။ သူတစ်ပါးကြောင့် စိတ်သောက ရောက်ရတတ်ပါသည်။ အထူးသဖြင့် အလုပ်အတူ လုပ်ကိုင်ရသောသူများကြောင့် အဆင်မပြေမှုများ ကြုံရတတ်ကြောင်း ဖော်ပြပါသည်။ ထို့ကြောင့် ဟောကိန်းသည် အောက်ပါအတိုင်းထွက်လာပါသည်။

"သနားစရာပဲ။ အလုပ်သမား မမြဲပါလား။ ငွေလည်း မရှိ၊ ရှာသမျှလည်း ကုန်နေပါရောလား"

"အမှန်ပဲ ဆရာမရေ။ အလုပ်သမား မမြဲတာတော့ မပြောနဲ့တော့။ တစ်ယောက်ပြီးတစ်ယောက် ပြောင်းနေတာ။ ခု တစ်ယောက်ရောက်တာ ဆယ်ရက်ကျော်ပဲ ရှိသေးတယ်။ တအားစိတ်ဆင်းရဲတာပဲ။ ရွာကို လည်နေတာပဲ"

ဒါဆို ဂြိုဟ်စားအထွန်း သမ္ဗဒါနဆို အရမ်းကောင်းတယ်လို့ဟောရင် မှားပြန်ပြီပေါ့။ ဇာတာကိုစစ်ရင် ယေဘုယျအဟောနဲ့ အသေးစိတ်အဟော ဆိုတာ မတူဘူး။ လူတိုင်းအတွက် ရည်ရွယ်ပြီး ဟောကိန်းထုတ်တဲ့ ဟောစာတမ်းတွေဟာ ယေဘုယျ ဟောကိန်းဖြစ်တယ်။ တိုက်ဆိုင်မှုရှိမှ မှန်တာ။ ပုဂ္ဂိုလ်ရေး တစ်ဦးချင်းကို အသေးစိတ်တွက်ရင် ယေဘုယျဟောကိန်းနဲ့ တခြားစီ ဖြစ်သွားရော။ ဒါဆို သီအိုရီကို မှားတယ်ပြောမလား။ ပညာဆိုတာ အခြေခံကနေ စပြီးမှ



www.burmeseclassic.com

www.burmeseclassic.com

အဆင့်မြင့်ကို တက်ရတာ။ သူငယ်တန်းက စသင်ပြီး အချိန်တန်ရင် ဘွဲ့ရမှာပေါ့။ မွေးပြီးတာနဲ့ ချက်ချင်းကြီး ဘွဲ့ဘယ်ရမှာလဲ။ ဗေဒင်ပညာမှာလည်း ဒီလိုပါပဲ။ အခြေခံမှာ ယေဘုယျကို သင်မှာ။ ပြီးမှ သမ္ဘာရင့်လာရင် ချင့်ချိန်တတ်လာတာပါပဲ။ ဘယ်ပညာကို လေ့လာသည်ဖြစ်စေ ပညာကို တန်ဖိုးထားပြီး ဖြည်းဖြည်းချင်း သင်ယူမှ၊ အချိန်ပေးမှ အမှန်တတ်မြောက်နိုင်ပါတယ်။

ဂြိုဟ်စားစစ်ပြီးရင် သက်ရောက်တိုင်ကို စစ်ရပါမည်။ ယခု ဇာတာရှင်၏ သက်ရောက်တိုင်သည် အထွန်းအပါဒါနဖြစ်ပါသည်။ စွန့်လွှတ်မှ အောင်မြင်မည်ဟု ဆိုနိုင်ပါသည်။ အပါဒါနသည် စွန့်လွှတ်မှုကို ရည်ရွယ်ပါသည်။ အလှူမလုပ်ရင် မအောင်မြင်နိုင်ပါဘူး။

သက်ရောက်တိုင်တွင် မွေးနံ ၂ လံ့သည် တန်းစီးဌာနတွင် ရှိသည်။မရဏ၊ ကမ္မကပ်နေပါသည်။ ယေဘုယျအားဖြင့် မွေးနံတန်းစီးတွင် ရှိခြင်းသည် ကံကောင်းပါသည်။ သို့သော် ကပ်ဂြိုဟ်သည် မရဏဖြစ်ရုံသာမက ကမ္မကရက ဖြစ်နေသောကြောင့် ကံကောင်းခြင်းများကို ပျက်စီးစေပါသည်။

"လက်ထဲလည်း ငွေမရှိပါလားကွယ်"

ကျွန်မ ညည်းညူရင်း ပြောလိုက်ပါသည်။

"အမှန်ပဲ ဆရာမရေ။ အမေတို့က ထောက်ပံ့ထားလို့ အဆင်ပြေနေတာ။ နို့မို့ဆို မလွယ်ပါဘူး"

နာမည်အဖျားသည် ပြဋ္ဌာနတွင်ရှိကာ ဒွယ၊ အာလာပွန ကပ်နေပါသည်။ ဘာလုပ်ရင်ကောင်းမလဲဟု အတွေးဝင်နေချိန် ဖြစ်ပါသည်။ ကံဆိုးနေပါသည်။

အထွန်း သမ္ပဒါနဂြိုဟ်စား အထွန်း အပါဒါန သက်ရောက်အချိန်သည် ကံကောင်းခြင်းကို ဖြစ်စေပါသည်။ နာမည်အရ ကံဆိုးခြင်းသာ ဖြစ်ပါသည်။ အမှန်အခြေအနေအရ ကံသည် အဆိုးကြီးမဟုတ်ပါ။ ထိုကံဆိုးခြင်းများကို ကယ်တင်နိုင်ပါသည်။ ဂြိုဟ်စားသက်ရောက်သည် ဇာတာရှင်အား ကယ်တင်နိုင်စွမ်း ရှိ/မရှိကို စစ်ဆေးနိုင်ပါသည်။ ယတြာသည် ကယ်တင်ခြင်းပင် ဖြစ်ပါသည်။ ထိုဇာတာရှင်သည် ကျွန်မစကားကို တိကျစွာလိုက်နာပါက သူ၏ ကံတရားသည် ကံဆိုးခြင်းမှ ကံကောင်းခြင်းသို့ အမှန်ပင် ပြောင်းလဲနိုင်ပါသည်။

"ကဲ ...ယတြာလုပ်ရင်တော့ ကံကောင်းမယ်။ ဒါပေမယ့် ကျွန်မက အတင်းမတိုက်တွန်းဘူး။ လုပ်ချင်မှလုပ်နော်"

"ယတြာလုပ်ရင် တကယ်ကံကောင်းမှာလား ဆရာမ"

"ကျွန်မပြောသလို အတိအကျလုပ်ရင် ကံကောင်းမှာ သေချာတယ်"

"ဒါဆို လုပ်ပါ့မယ်"

"ကြာသပတေးနေ့ ညနေ ၄ နာရီမှာ ညကဝတ်ထားတဲ့ အင်္ကျီကို ချုံပေါ်မှာ လွှားတင်ထားလိုက်။ ခွေးလေးတွေ အိမ်ရှေ့မှာရှိနေတာ နေ့တိုင်း မနက် ၈ နာရီလောက်မှာ အစာကျွေးထား။ သူတို့တစ်အုပ်လုံး ဝဝလင်လင်စားလို့ရတဲ့ ပမာဏလောက်ကို ကျွေးနော်။ မဝမလင်ကျွေးတာမျိုး မလုပ်နဲ့။ ဘုရားမှာ ရွက်လှ၊ ရွှေပန်းတို့ကို လှူထားပါ။ အမွှေးတိုင်ထွန်း။ နောက်ပြီး စနေဖယောင်းတိုင်ထွန်း၊ ဒါဆိုရင်ရပြီ"

"ကျေးဇူးပဲ...ဆရာမ။ စနေဖယောင်းတိုင်က ဆရာမ လုပ်ပေးမှာလား"

"ဟုတ်တယ်။ အချိန်ကို သေသေချာချာတွက်ပြီးမှ စမ ဖယောင်းတိုင် လုပ်လို့ရတာ"

"ဒါဆို မြန်မြန်လေး လုပ်ပေးနော် ဆရာမ"

ဗေဒင်ဟောတာ လွယ်တယ် မထင်နဲ့။ ဒီလိုဟောပြောနိုင်ဖို့ ကျွန်မ အချိန်တွေကို ဆယ့်ငါးနှစ်ကြာအောင် လေ့လာခဲ့ရတာပါ။ တစ်နှစ်တည်း သင်ယူရုံနဲ့ ကျွမ်းကျင်လိမ္မာတဲ့ ပညာရှင်တစ်ဦးတော့ ဖြစ်မလာနိုင်ပါဘူး။

အသေးစိတ်သိချင်ရင် အသေးစိတ်ကြည့်မှ မြင်ပါတယ်။ တကယ်အောင်မြင်ချင်ရင် အောင်မြင်နိုင်တဲ့ နည်းလမ်းကို သေချာစွာ ရှာဖွေရပါမယ်။ စမ်းတဝါးဝါးလုပ်လို့ကတော့ ဘယ်အရာမှ အောင်မြင်မှာ မဟုတ်ပါဘူး။

လူတိုင်းကို အောင်မြင်စေချင်တဲ့ ဆန္ဒမှန် ကျွန်မတွင် ရှိပါသည်။ အောင်မြင်အောင်လည်း လုပ်ပေးနိုင်ပါတယ်။

**ဒေါ်စင်မာဝေ**



www.burmeseclassic.com

www.burmeseclassic.com


# အောင်မြင်မှု နဲ့ တစ်နှစ်သက်တမ်းပြည့်

## ဆဋ္ဌမအာရုံ
မဂ္ဂဇင်း




ဆဋ္ဌမအာရုံမဂ္ဂဇင်းသည် တစ်နှစ်သက်တမ်းပြည့်ပါပြီ။

အစဉ်တစိုက် ဖတ်ရှုသော ပရိသတ်များ၏ အားပေးမှုကြောင့် အောင်မြင်မှုမှတ်တိုင်ကိုလည်း စိုက်ထူနိုင်ခဲ့ပါပြီ။

သို့ပါသောကြောင့် ဆဋ္ဌမအာရုံမဂ္ဂဇင်းနှင့်အတူ ဆဋ္ဌမအာရုံ စာပေတိုက်မှ ဆက်လက်ပြီး ပရိသတ်အတွက် တစ်အုပ်ထက်တစ်အုပ် ပိုမိုကောင်းမွန်သော စာအုပ်များကို ထုတ်ဝေဖြန့်ချီသွားမည်ဖြစ်ကြောင်း သတင်းကောင်းပါးအပ်ပါသည်။

ဆဋ္ဌမအာရုံ စာပေတိုက်

အမှတ်(၁၇၀-၁၇၂)၊ လမ်း(၅၀)အထက်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း - ၀၉ ၃၀၀ ၅၀ ၁၆၀၊ ၀၉ ၇၃၁ ၇၆၅၅၀၊ ၀၉ ၃၁ ၉၀၆ ၁၀၇။



















www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

# ထူးဆန်းတဲ့ အကျွတ်အလွတ်ပွဲ

ကျော်မင်းနိုင်

(တစ်)

မျိုးမြင့်တို့၏ ပဲ့ထောင်ကလေးသည် ငရုပ်ကောင်းချောင်းရိုးအတိုင်းပင် ဂိတ်ဝမှနေ၍ ဆန်တက်လာခဲ့သည်။

ချောင်းရေက ရေစီးကြမ်းလှသည်။ မြင်းကောင်ရေ ငါးကောင်အားရှိသော မာစီဒီအင်ဂျင်အားကောင်းလှသဖြင့် ရေဆန်ကို တရိပ်ရိပ် တိုးဝင်လာနိုင်ခဲ့သည်။ ဒါက ချောင်းဝမှ အတွင်းသို့ဝင်လာချိန်သာဖြစ်၏။

ဘေးတစ်ဖက်တစ်ချက်မှ ရခိုင်ရိုးမကြီးမှ ဆင်းကျလာသော နဂါးရစ်တောင်တန်းကြီးလည်း မြောက်ဘက်မှ တောင်ဘက်သို့ ခပ်ပြေပြေ နိမ့်ဆင်းလာသော်လည်း ငရုပ်ကောင်းချောင်းရိုးတစ်ဖက်တစ်ချက်မှာမူ ချောက်ကမ်းပါးများ မြင့်မားလျက်ရှိသလို တောကြီးကလည်း နက်နက်ရှိုင်းရှိုင်း ပိတ်မှောင်လျက် ရှိလေ၏။

တောင်ကျချောင်းဖြစ်၍ အပြန့်ကျယ်သည့်နေရာ ကျယ်ပြီး၊ ချောင်းပေါက်ကျဉ်းသည့်နေရာကျဉ်းသည်။

အပြန့်ကျယ်သည့် နေရာမှာ အခြားတစ်ဖက်မှ တောင်ကျရောင်းငယ်များနှင့် ဆုံသောနေရာများဖြစ်ပြီး သဲသောင်ပြင်ကျယ်များ ရှိနေတတ်၏။ ထိုသို့သော နေရာမျိုးမှာ မိုးတွင်းအခါမျိုးတိုင်း နင့်ကျွတ်ပါလာတတ်သော သစ်ဆွေးမြစ်ငုတ်များ ရေထဲငုပ်နေတတ်၍ ပဲ့ထောင်ကို သတိထားမောင်းရသည်။

ချောင်းကျဉ်းနေရာများမှ ရေစီးကား သန်လွန်းသဖြင့် စက်ရှိန်မြှင့်တင်၍ တိုးဝင်နေရပြန်၏။

သောင်ပြင်ပေါ်မှာ တက်၍အိပ်နေသော မိကျောင်းကြီးများကိုလည်း တွေ့ရတတ်သည်။

မိကျောင်းကြီးတွေ တစ်ကောင်တလေ မဟုတ်။ မကြာခဏ မြင်နေရသဖြင့် အသည်းယားစရာကောင်းလှသည်။

အမှန်တော့ ထိုနေရာ ထိုအရပ်သည် လူသူအရောက်အပေါက်နည်းသဖြင့် မိကျောင်းတွေ စားကျက်ချ၊ စတည်းချရာနေရာ ချောင်းရိုးဖြစ်၏။ တိုနယ်တစ်ဝိုက်မှာ နာမည်ကြီးသည်။

အနောက်ဘက်အရပ်မှာ ဘင်္ဂလားပင်လယ်အော် ထွက်ပေါက်အဖြစ် ငရုပ်ကောင်းချောင်းဝက မြစ်ပေါက်ဝလို အဆုံးသတ်လေသည်။ ပင်လယ်ရေငန်နှင့် တောင်ကျချောင်းရေချိုတို့ စပ်နေသဖြင့် ရေချိုရေငန် မိချောင်းတွေ ဖြစ်သည်။ ခေါင်းရှည်ကောင်တွေမို့ အကောင်လည်း ကြီးလှသည်။

မျိုးမြင့်က စစ်သားလူထွက်မို့ လက်ထဲမှာကိုင်ထားသော သေနတ်နှင့် လှမ်းပစ်ချင်စိတ်တွေ တဖွားဖွားပေါ်နေ၏။

"ပစ်ထည့်လိုက်ရရင်တော့ကွာ"

"ဟာ့ကောင်လေးရ စိတ်ထိန်းမှပေါ့။ ခုတို့လာတာ ရည်ရွယ်ချက်က တစ်မျိုးလေ။ စိတ်ကို ထိန်းမှပေါ့ကွယ်"

ပဲ့ထောင်ဦးမှာ ကွမ်းတမြုံ့မြုံ့နှင့် လိုက်လာသော အဘဆရာကြီး

www.burmeseclassic.com

ဖိုးသာအောင်က မျိုးမြင့်၏ အတွင်းစိတ်ကို ဖောက်ထွင်းမြင်နေရသလို လှမ်းပြောခြင်းဖြစ်၏။

"ဒီကောင်က မိကျောင်းပစ်စားနေတဲ့ကောင်ဆိုတော့ မိကျောင်းတွေမြင်ရင် မနေနိုင်ဘူးနဲ့တူတယ်"

ထပ်ဆင့်စကား ပြောလိုက်သူမှာ မျိုးမြင့် ငယ်သူငယ်ချင်း ပြုံးချိုဖြစ်၏။ သို့သော် လူချင်း အနေဝေးပြီး မျိုးမြင့်၏ အတွင်းသဘောကို ပြုံးချိုသိနေခြင်းမှာ ထူးခြားလှ၏။

တစ်ရွာတည်းသား လူရင်းတွေပင်ဖြစ်သော်လည်း လူချင်းမဆုံကြရဘဲ စစ်ပြန်ကြီး မျိုးမြင့်၏ အတွင်းသဘောကို အကဲခတ်နိုင်ခြင်းကလည်း ဆန်းပြားလှ၏။

ပွဲထောင်ပိုင်ရှင်မှာ မျိုးမြင့်။

မျိုးမြင့်သည် နဂါးရစ်တောင်ကြောမှာ တောတောင်ကိုမှီပြီး မုဆိုးတစ်ပိုင်းဘဝနှင့် အသက်မွေးဝမ်းကျောင်း ပြုနေသူဖြစ်၏။

ဝမ်းကျောင်းရုံသာ မဟုတ်၊ စီးပွားဖြစ် လောဘဇောတက်ပြီး မှောင်ခိုလမ်းကြောင်းထဲသို့ တစ်စတစ်စ တိုးဝင်နေသူ။ တောတောင်ထူထပ်ရာဖြစ်၍ ဆင်ရိုင်းတွေလည်း တောထဲမှာ အလေ့ကျ တိုးပွားရာအရပ်။ ထို့ကြောင့် သေနတ်တစ်လက်ဖြင့် တိရစ္ဆာန်မှောင်ခို လုပ်ငန်းမျိုးစုံကို မျိုးမြင့်လုပ်ကိုင် စားသောက်သည်။

နဂါးရစ် တောင်စွယ်တောင်နာမောင်းသည် ရခိုင်ရိုးမဘက် ဖြစ်၏။ ဧရာဝတီတိုင်း၏ ဘင်္ဂလားပင်လယ်ကမ်းခြေဘက် ရောက်ရောက်သွား၍ ရေကောင်ကုန်းကောင်မျိုးစုံ ကျက်စားရာနေရာ။

သစ်တောအုပ်ချုပ်ရေး အောက်တွင်ရှိသော်လည်း သစ်တောဌာနမှ အရောက်အပေါက် နည်းပါးလှသည်။

မျိုးမြင့်တို့ 'ကုလားအော်'ရွာသည် ပေ ၁၃၂၅ ပေခန့် အမြင့်ရှိသော ဝါးဖြူတောင်ကြီး ဖြစ်၍ တောင်ခြေ ငရုပ်ကောင်းချောင်းဝမှာရှိ၍ မျိုးမြင့်အဖို့ လုပ်ငန်းကိုင်ငန်း သာလှ၏။

မျိုးမြင့်သည် ငယ်စဉ်က စစ်တပ်ဝင်သည်။

တပ်မတော်အတွင်း အမှုထမ်းခဲ့ပြီးနောက် သူ့မွေးရပ်မြေ ကုလားအော်ရွာသို့ ပြန်လာကာ စစ်ပြန်ကြီး အမည်ခံပြီး မုဆိုးအလုပ်နှင့် အသက်မွေးနေတော့သည်။ ရေသတ္တဝါ မိကျောင်းရေခွံကို ခွာရောင်းသည်။ အကောင်လိုက်ကို အရှင်လိုချင်လျှင် အရှင်ဖမ်း၍ ရောင်းသည်။

စစ်ပြန်မုဆိုးကြီး မျိုးမြင့်တို့ရွာမှာ ဘင်္ဂလားပင်လယ်အောင် အစပ်ကို မေးတင်ထားသဖြင့် မသမာသူ နိုင်ငံခြားသား မှောင်ခိုစက်လှေတွေ အဝင်အထွက် ရှိသည်။

မိကျောင်းအရှင်တွေ ဝယ်မည့်သူ သူ့အတွက် ဖောက်သည်တွေ ရှိ၏။

ဒါကလည်း မြန်မာ့ရေပြင်တွင် မှောင်ခိုငါးဖမ်းလှေတွေနှင့် ကူးပြီး လုပ် ကိုင်စားသောက်နေသော တိုင်းတစ်ပါးသားမှောင်ခိုတွေနှင့် အဆက်အသွယ်လုပ်ထားခြင်းကြောင့် မျိုးမြင့်အဖို့ ဈေးကွက်မရှားခဲ့။

ပြီးတော့ ကုန်းသတ္တဝါအနေနှင့် ဆင်စွယ်တွေရနိုင်သမျှ သူကစုသည်။ ဆင်စွယ်စုစခန်းကို တောထဲမှာထားသည်။ တောထဲဆို၍ သေချာစွာဆောက်ပြီး ထားခြင်းတော့ မဟုတ်။

တောင်ကမ်းပါးယံ၌ ဂူပေါက်ကြီးတွေဖြစ်နေသော လိုဏ်ဂူကြီးများကို ရှာသည်။ သူ့အမှတ်အသားနှင့်သူ ဆင်စွယ်စုထားခြင်းဖြစ်၏။

သူ၏ ဖောက်သည်များသည် များသောအားဖြင့် တရုတ်မှောင်ခို ကုန်သည်များ ဖြစ်၏။

မိကျောင်း အရေခွံဆိုလျှင်လည်း မျိုးမြင့် သယ်ယူ၏။ တပည့်လက်သားများနှင့် ထိုသို့ပင် စုဆောင်းတတ်သည်။

တိုင်မော်တရုတ်နှင့် ယိုးဒယား ငါးဖမ်းလှေများသည် ကမ်းဝေးငါးဖမ်းလုပ်ကွက်ရအောင် မြန်မာအစိုးရထံတွင် တရားဝင်လျှောက်ထားပြီး မြန်မာ့ပင်လယ်ပြင်တွင် ငါးအကြီးအကျယ်ဖမ်းကြသလို တစ်ဖက်ကလည်း ထိုသို့နီးစပ်ရာ အဆင်ပြေရာ မှောင်ခိုလုပ်ငန်းတွေကို စီးပွားဖြစ် လုပ်ကိုင်ကြသည်။

သယံဇာတ ထွက်ကုန်ပေါများလှသော မြန်မာ့တောတောင် ရေမြေအနှံ့ တရုတ်တို့သည် ကုန်းပေါ်တွင်လည်း ကုန်းပေါ်၊ ကုန်းတွင်းပိုင်းတွင်ဆိုလျှင်လည်း ကုန်းတွင်းပိုင်း အဖိုးတန်ကျွန်း သစ်များကအစ တွင်ကျယ်၍ လုပ်ပိုင်ခွင့်ရှိသော လူများနှင့်ပေါင်း၍ နည်းအမျိုးမျိုး မှောင်ခိုရော၊ တရားဝင်ပါ လုပ်ကိုင်စား



www.burmeseclassic.com

www.burmeseclassic.com

နိုင်သလို ကမ်းနီးငါးဖမ်းစက် လှေတစ်စင်းလည်း ထောင်ထားနိုင်ခဲ့ပြီ။

သို့သော် သူ့မှာ စီးပွားရေးလောဘဇောက အတောမသတ်နိုင်ခဲ့။

ကမ်းရိုးတန်းတစ်လျှောက် ကုန်သည်ကူးသန်းရန် စက်လှေပိုင်ရှင်ကြီး ဖြစ်လိုလှသည်။

ယင်းကြောင့်ပင် စီးပွားရေးလုပ်ငန်းမှန်သမျှ အလျဉ်းသင့် သင့်သလို လုပ်ကိုင်နေသူဖြစ်၏။

မျိုးမြင့်အဖို့ ထိုအချိန်အခါကျမှ သက်ဆိုင်ရာတွေက ဖိဖိစီးစီး ကိုင်တွယ်ချိန်မျိုးနှင့် ကြုံကြိုက်လာသည်။ မြစ်တစ်ရာ သစ်တောကြီး နယ်မြေ ဖြစ်၏။

မြန်မာပြည်မြောက်ပိုင်းနှင့် အရှေ့ဘက် နယ်စပ်တွင် သစ်လုပ်ငန်းမှောင်ခိုကြီးတွေ ပေါင်းစား၊ ရိုက်စား၊ ထွင်စားသော ခရိုနီကြီးတွေ လုပ်ရကိုင်ရ ရှေးကလိုမချောင်သော အချိန်ဖြစ်သည်။ သူ၏ရေပြင်ထွက်ပေါက်သည်လည်း အကျပ်အတည်း ဆိုက်ရောက်လာသည်။

ထိုင်း(ယိုးဒယား)နှင့် ထိုင်ဝမ် မှောင်ခိုစက်လှေတွေ မကြာခဏ အဖမ်းခံရသည်မို့ စစ်ပြန်ကြီးမျိုးမြင့် သူ့လုပ်ငန်းကို မရဲ့ထွင်နိုင်တော့ဘဲ ငြိမ်နေရချိန် ဖြစ်၏။

ထိုစဉ် ကုလားအော်ရွာမှ ကြာမြင့်စွာထွက်ခွာသွားသော သူ့သူငယ်ချင်း ပြုံးချိုနှင့် အဘဖိုးသာအောင်တို့ မမျှော်လင့်ဘဲ ရွာသို့ပြန်ရောက်လာသည်။

## (နှစ်)

ကုလားအော်ရွာက ပျောက်သွားသည်မှာ ငါးနှစ်ကျော်ကြာပြီဖြစ်သော အဘဆရာကြီး ဖိုးသာအောင်နှင့် ပြုံးချိုတို့ သားအဖ ထူးဆန်းစွာ ပြန်ရောက်လာချိန်။

စစ်ပြန်ကြီးမျိုးမြင့် တပ်မှထွက်၍ ကုလားအော်ရွာသို့ ပြန်ရောက်နေသည်မှာ ကြာပြီ။ မိကျောင်းဖမ်း၊ ဆင်ပစ်နှင့် အကုသိုလ်အလုပ်တွေ လုပ်နေချိန်။

ထိုမှောင်ခို တရုတ်များအတွက် မျိုးမြင့်တို့လို နံ့နံ့စပ်စပ်၊ ပေါက်ပေါက်ရောက်ရောက်ရှိသူတွေမှာ အကျိုးတူစီးပွားဘက်တွေဖြစ်လာ၏။

ယင်းကြောင့် စစ်ပြန်ကြီး မျိုးမြင့်မှာ သေနတ်ကိုင်၍ စီးပွားရှာနိုင်၏။ သူကိုယ်တိုင် စစ်သားမဟုတ်တော့သော်လည်း စစ်ပြန်ကြီးအဖြစ် အမာခံပြည်သူ့စစ်အသွင်နှင့် လှုပ်ရှားသည်။ သူ့နောက်မှာ ရွာခံတပည့်တပန်းတွေ ပါလာသည်။

ရွာကိုလည်း မျိုးမြင့်တို့က အကာအကွယ်ပေးပါ၏။ လုံခြုံမှုရှိအောင် လူစိမ်းလက်နက်ကိုင်တွေ ဝင်ရောက်လာပြီး ဗိုလ်မကျနိုင်အောင် အမာခံစောင့်ရှောက်ပေးပါ၏။

သို့သော် ...

စီးပွားရေး ကျူးကျော်မှုအတွက်မူ ဘယ်လိုမှ အကာအကွယ်ပေးနိုင်ဖို့ စိတ်မကူးခဲ့။

ဝင်ငွေအတွက် တစ်ဖက်တစ်လမ်းက တောတောင်ရေမြေမှ အမြတ်ထွက်နိုင်သမျှ ထွက်နိုင်အောင် လုပ်ကိုင်စားသောက်သည်။

တချို့ နယ်မြေမှာ ရိုးသားစွာ လုပ်ကိုင်နေကြသော ပြည်သူ့စစ်အဖွဲ့ဝင်များ မရှိမဟုတ် ရှိပါသည်။

သို့သော် မျိုးမြင့်လို ကြီးပွားချမ်းသာသော အဆင့်မျိုးသို့ ရောက်သူ ရှားလှ၏။

ဘင်္ဂလားပင်လယ်အော်ကို မေးတင်ထားသော မျိုးမြင့်တို့ 'ကုလားအော်'ရွာကြီးသည် ဝါးဖြူတောင်မြောက်ဘက်မှာရှိပြီး ဆိပ်ကမ်းကောင်းရှိ၏။ စစ်ပြန်မျိုးမြင့်သည် ကုန်းတွင်းပိုင်းသွား ပဲ့ထောင်တစ်စင်းကို ထောင်ထားလာချိန်မှာ ငယ်သူငယ်ချင်းဖြစ်သူ မျိုးမြင့်နှင့် မဆုံလိုက်ရဘဲ ရွာမှထွက်သွားချိန်ဖြစ်၏။

မျိုးမြင့် ကုလားအော်ရွာသို့ ပြန်ရောက်ပြီးနောက် ရခိုင်ဘက်မှ ပါလာသော မိန်းမနှင့် အခြေချနေစဉ်မှာ ပြုံးချိုအကြောင်းကို ပြုံးချို၏ ဦးလေးသား ချင်းတွေဆီမှ တစ်ဆင့် ကြားရသည်။

"သူ့အဖေ အဘဖိုးသာအောင်က ဒီနယ်တစ်ပိုင်မှာ နာမည်ကြီးနေတဲ့ ပယောဂကု ဆရာကြီးဆိုတော့ သူလည်း သူ့အဖေလို ဝါသနာပါတယ်နဲ့ တူပါရဲ့။ သူ့အဖေ အဘဖိုးသာအောင်နဲ့အတူ ဂန္ဓာရီခရီး ထွက်ပြီဆိုရင် ပါပါသွားတယ်။ နောက်ဆုံးတစ်ခေါက်မှာ အပြီးပိုင် သူ့အဘနဲ့ ပါသွားတော့တာပါပဲကွာ"

"အင်း ...သူ့ဝါသနာနဲ့သူကိုး။ သူလို တစ်ဦးတည်းသောသားအဖို့တော့ အဲဒီဆရာကြီးနဲ့အတူ အနယ်နယ် အရပ်ရပ် လိုက်ပါသွားလို့က လွယ်တာပေါ့လေ။ သူတို့ သားအဖ

www.burmeseclassic.com

ကလည်း နေစိမ့်ပါတယ်ကွာ။ သူ ထွက်သွားကတည်းက တစ်ခေါက်မှ ရွာကိုပြန်မလာတော့ဘူး"

ပြုံးချိုသတင်းကို ထိုမျှသာ ကြားရပြီးနောက် ကုလားအော်ရွာသားတွေပြောသလို ပြုံးချိုတို့နှင့် အဆက်ပြတ်နေလေသည်။

မျိုးမြင့်က ပြုံးချိုကို သူငယ်ချင်းတွေထဲမှာ အထူးသတိရနေသည်မှာ အကြောင်းရှိ၏။

ပြုံးချိုနှင့် မျိုးမြင့်တို့သည် ငယ်ရွယ်စဉ်က မြန်မာ့ကျေးလက်နေတို့၏ ထုံးစံအတိုင်း ရွာရှိ ဘုန်းတော်ကြီးကျောင်းတွင် နေခဲ့ရသည်။

သူတို့ငယ်ငယ်က ရွာတွင် မူလတန်းကျောင်းကလေးပင် မရှိ။

ဘုန်းကြီးကျောင်းသား ဆိုတာကလည်း မြန်မာ့ကျေးရွာတွေအလေ့အထနှင့် အသားကျနေလေပြီ။

ရွာသူရွာသား မိဘတွေက လယ်ယာကိုင်းကျွန်း လုပ်ကိုင်လျှင် တစ်နေကုန် အိမ်မှထွက်ကြရသည်။ ငါးဖမ်းပိုက်ချ တံငါအလုပ် လုပ်ကြပြန်လျှင်လည်း ပင်လယ်ပြင် ထွက်ကြသည်။

ယောကျ်ားသားတွေ ပင်လယ်ထွက်၍ ငါးဖမ်းရသလို ကုန်းပေါ်ကျန်ခဲ့သော မိန်းမသူတွေအဖို့ ငါးခြောက်ခွဲ၊ ပုစွန်လှန်း အလုပ်တွေနှင့် မအားနိုင်အောင် ရှိရသည်။

နို့စို့အရွယ်ကလေးကို နို့တိုက်၊ နို့ခွဲအရွယ်ကလေးကို အထက်အောက်ကြီးသူက ငယ်သူတွေကို ထိန်းရင်းဆယ်နှစ်ဝန်းကျင်ရောက်လျှင် ရွာရှိ ဘုန်းတော်ကြီးကျောင်းသို့ ပညာရေးအတွက် ပို့လိုက်ကြရုံသာ။

မိန်းကလေးဆိုလျှင်လည်း ဘုန်းတော်ကြီးကျောင်းတွင်သာ သင်ရုံမျှ ပို့ထားပြီး အိမ်ကို နေ့တိုင်းပြန်ရသော်လည်း ယောကျ်ားလေးဆိုလျှင် ဘုန်းတော်ကြီးကျောင်းမှာပင် ကျောင်းအိပ်ကျောင်းစား နေကြရသည်။

မျိုးမြင့်နှင့် ပြုံးချိုတို့မှာ ရွယ်တူလည်းဖြစ်၍ ကျောင်းအိပ်ကျောင်းစား ဘုန်းတော်ကြီးကျောင်းသားများဖြစ်၍ အတူအိပ်၊ အတူစား နေကြရသူများမို့ ပို၍ခင်မင်ကြသည်။

ဘုန်းကြီးကျောင်းသားတို့ ထုံးစံ စာသင်ချိန်သင်ရသည်၊ ကျောင်းဝေယျာဝစ္စ လုပ်ကြရမယ့်အချိန် တာဝန်ကိုယ်စီ လုပ်ကိုင်ကြရသည်။

မျိုးမြင့်၊ ပြုံးချိုမှာ အတွဲညီ၍ ခန်းနေဦးပဉ္ဇင်းကြီးက တာဝန်အတူခွဲချပေးထားသည်။

အထူးသဖြင့် တောကျောင်းဖြစ်၍ မနက်ပိုင်း အရုဏ်ဆွမ်းအတွက် သူတို့နှစ်ယောက်မှာ အထူးတာဝန်ယူကြရသည်။ ကပ္ပိယကြီးမှာ အသက်ကြီးနေ၍ မနက်ပိုင်း အရုဏ်ဆွမ်းအတွက် ကပ္ပိယကြီးကို ကူညီရခြင်းပင်။

ကပ္ပိယကြီးတာဝန်မှာ မနက် ၄ နာရီ ကုလားတက်(အုန်းမောင်း) မှန်မှန်ခေါက်ရသည်။ ရမ်း၍ခေါက်ရခြင်းမဟုတ်။ ပဉ္စာနီး ၂၄ ပစ္စည်းအတိုင်း အချက်ကျကျ နှစ်ဆယ့်လေးချက် ခေါက်ရသည်။

ပြီးလျှင် ဘုန်းကြီးနှင့် ဦးပဉ္ဇင်းကိုရင်များ အရုဏ်ဆွမ်းဘုဉ်းပေးရန် ဆွမ်းပွဲပြင်ရသည်။

ကျောင်းသားကြီးထဲမှ ရွာထဲသို့ အရုဏ်ဆွမ်းလှည့်ကျရာ အိမ်သို့ သွားရောက်ပြီး ဆွမ်းအုပ်ယူရသလို ကျောင်းမီးဖိုဆောင်မှ ဟင်းလေးအိုးနွှေးရသည်။

ဟင်းလေးအိုး ဆိုသည်မှာ ယမန်နေ့ကကျန်သော ဆွမ်းဟင်းအချို့ကို အိုးကြီးကခံအိုးအတွင်း စုပေါင်းထည့်ပြီး မီးနှင့်ကျိုချက်ရခြင်း ဖြစ်၏။ အချို့အရပ်မှာ ဟင်းပေါင်းအိုးလည်း ခေါ်သည်။

ထိုအိုးကြီးတွင် ဝက်သားလည်းပါသည်။ အမဲသားလည်းပါသည်။ ကြက်သား၊ ငါးလည်း ပါသည်။ မျှစ်၊ ချဉ်ပေါင်၊ အသီးအရွက် အမျိုးစုံလည်းပါသည်။

နောက်နေ့ ရက်လွန်ဟင်းဖြစ်နေ၍ ဘုန်းတော်ကြီးနှင့် ဦးပဉ္ဇင်းများ ဘုဉ်းမပေးသော်လည်း ကိုရင်နှင့် ကျောင်းသားများသော ဘုန်းတော်ကြီးအတွက် ကိုရင်နှင့် ကျောင်းသားတို့ အားထားရာဟင်းဖြစ်၏။

အချို့ ဘုန်းကြီးကျောင်းသားဖြစ်ဖူးသူများပင် ကြီးလာ၍ လုပ်ငန်းကိုင်ငန်း ဟန်ကျပန်ကျနှင့် နေနေကြသော်လည်း ငယ်စဉ်က စားခဲ့ဖူးသော ဘုန်းကြီးကျောင်းမှ ဟင်းလေးအိုးက ဟင်းပေါင်းအရသာကို မမေ့ဘဲ မကြာခဏ အလွမ်းလဖြစ်လေ့ရှိတတ်သည်။

ယခု ဟင်းပေါင်းအိုးကိစ္စမှာ ပြုံးချိုကို အမှတ်တရ ဖြစ်စေသောကြောင့် ပြုံးချိုနှင့်တွဲ၍ မျိုးမြင့်အတွက် ပေါ်လာခြင်းဖြစ်၏။

ပြုံးချိုနှင့် မျိုးမြင့်တို့မှာ ဘုန်း



www.burmeseclassic.com

www.burmeseclassic.com

ကြီးကျောင်းမှာ သုသန်ကျောင်းခေါ်သော ရွာအနောက်ဖျား ဘုန်းတော်ကြီးကျောင်းဖြစ်သည်။

သက်ကြီးဝါကြီး ပေါ်များရာ အရပ်ဖြစ်၍ ဘုန်းတော်ကြီးကျောင်းမှာ တစ်ဖက်စာ တိုင်လုံးကြီးများနှင့် တိုင်တစ်ရာအစေ့ ဆောက်ထားသော ကျောင်းဖြစ်၍ တိုင်တစ်ရာ သုသာန်ကျောင်းဟုလည်းခေါ်ကြသည်။

တိုင်တစ်ရာ ကျောင်းကြီးတွင် ကျောင်းမကြီး၊ ဘုရားခန်း၊ ကျက်သရေခန်း၊ ကျိန်းစက်ခန်း၊ ဥပုသ်ပြုသီလပေးခန်း၊ အာဂန္တုခန်း အစုံအလင်တည်ဆောက်ထားသည်။

* ဆွမ်းစားဆောင်၊ ဆွမ်းချက်ဆောင်၊ အာရုံခံဇရပ် သီးခြားဆောက်ထားရပြန်သည်။

ကျောင်းမကြီးပေါ်တွင် ကျောင်းထိုင်ဘုန်းတော်ကြီးမှစ၍ ဆွမ်းမစားရဘဲ ဆွမ်းစားဆောင်ကြွ၍ သံဃာများနှင့်အတူတကွ စုပေါင်းဆွမ်းစားရသည်။

အလှူအတန်းလုပ်၍ ဆွမ်းကျွေးလျှင်လည်း ဆွမ်းစားဆောင်မှာသာ ကျွေးရသည်။ လူသူပရိသတ်ကို ဧည့်ခံကြရသည်။

ကျောင်းမကြီးပေါ်မှာသာ သီလယူ၊ ဝတ်တက်ဝတ်ပြု လုပ်ကြရသည်။ ယင်းကြောင့် ကျောင်းမကြီးဝယ် အမြဲတမ်းလိုလို သန့်ရှင်းတောက်ပြောင်နေတတ်သည်။

ရွာတစ်ရွာ၏ စီးပွားရေး၊ ဘာသာရေး အခြေအနေကို သိလိုလျှင် ရှေးတုန်းက ထိုရွာ၏ ဘုန်းတော်ကြီးကျောင်းကိုကြည့်ပြီး အကဲခတ်ဆုံးဖြတ်ကြသည်ဟု ဆိုကြသည်။

တိုင်တစ်ရာ ကျောင်းမကြီးနှင့် ခွဲ၍ဆောက်ထားသော ဆွမ်းစားဆောင် နောက်ဘက်တွင် ဆွမ်းချက်ဆောင်ရှိ၏။

ဆွမ်းချက်ဆောင်၏ အနောက်ဘက်အစွန်းတွင် ထင်းပေါက်ခြမ်းများ စုဆောင်းထားရာ ထင်းသိုလှောင်ရုံရှိသည်။

ထင်းသိုလှောင်ရုံကို ဘေးကပ်မှာ အကာအကွယ်မရှိဘဲ အမိုးတစ်ခုပဲ အပေါ်က မိုးရေဒဏ်ခံနိုင်ရန် တည်ဆောက်ထား၏။

မီးဖိုဆောင်မှ ထင်းသိုလှောင်ရုံ၊ ထင်းသိုလှောင်ရုံမှ ဝါးနက်ရုံများကို စည်းရိုးသဖွယ် ခတ်ထားသော ခြံစည်းရိုးကြီးရှိသည်။

ထိုခြံစည်းရိုးကို ကျော်လျှင် သုသာန်သင်္ချိုင်း။

ကုလားအော်ရွာ သုသာန်သင်္ချိုင်းသည် ရွာနီးချုပ်စပ် ကျေးရွာတွေကလည်း အသုံးပြုကြသဖြင့် သင်္ချိုင်းကြီးဖြစ်နေ၏။

ထိုနေ့က မျိုးမြင့်နှင့်ပြုံးချိုတို့သည် မီးဖိုပြီး ဟင်းလေးအိုးကျိုး ရေနွေးအိုးတည်နေကြသည်။

မီးဖိုမှာ အိုးကြီးများတည်ရန် ဆောက်ထားသော မီးဖိုကြီးဖြစ်၍ အိုးကြီးသုံးအိုး တစ်ပြိုင်နက် တည်နိုင်သည်။ ယင်းကြောင့် ရေနွေးအိုးကို တစ်ဖိုတွင်တည်ပြီး ဟင်းလေးအိုးကို တစ်ဖိုတွင် တည်ကြသည်။

တောရွာကြီးပင် ဖြစ်သော်လည်း ရေနံစိမ်းများ ဒေသသုံးလောက်ရန် ထွက်ရှိ၍ ရေနံဆီမီးအိမ်ကြီးတွေကို မနက် ၄ နာရီ တုံးခေါက်ပြီဆိုသည်နှင့် မီးထွန်းတာဝန်ကျ ကျောင်းသားက တစ်ကျောင်းလုံး သင့်ရာသင့်ရာ နေရာမှာ ထွန်းထားရသည်။

ယခုလည်း မီးဖိုဆောင်မှာ မီးလင်းနေပြီ။

ဟင်းလေးအိုးကြီးလည်း မီးအလင်းရောင်အောက်မှာ ပွက်ပွက်ဆူနေလေပြီ။

ဇက်သားတုံးကြီးများ၊ အမဲသားတုံးကြီးများ၊ ကြက်သားတုံးကြီးများ ဆူပွက်နေသော ဟင်းလေးအိုးကြီးထဲမှ အပေါ်သို့ တစ်တုံးပြီးတစ်တုံး တက်လာလိုက်၊ ကျသွားလိုက် ဖြစ်နေသည်ကို မြင်နေရသည်။

ဟင်းလေးအိုး ချိုးကပ်မသွားစေရန် မွှေမည့်ယောက်မကို လှမ်းယူပြီး အိုးထဲထည့်မွှေရန် လုပ်လိုက်စဉ် လက်မည်းကြီးတစ်ခုကို ရုတ်တရက် တွေ့လိုက်ရသဖြင့် မျိုးမြင့် လန့်ဖျပ်သွားသလို ပြုံးချိုလည်း ကြောက်ရွံ့သွား၏။

လက်မည်းကြီးမှ လူ့ဝံကြီးတစ်ကောင်လို လက်မည်းကြီး။

သို့သော် ...

အကောင်လုံးကို မတွေ့ရဘဲ လက် မည်းကြီးကိုသာ တံတောင်ဆစ်လောက်မှ တွေ့လိုက်ကြရခြင်းဖြစ်သည်။

ထိုလက်မည်းကြီးသည် ဟင်းလေးအိုး အပူကြီးထဲမှ ဝက်သားတုံးကြီးတွေ၊ အမဲသားတုံးကြီးတွေကို လှမ်းနှိုက်နှိုက်သွားသည်။

"အမယ်လေး ...သရဲခြောက်တယ်ဗျာ"



www.burmeseclassic.com

www.burmeseclassic.com

မျိုးမြင့် လန့်ဖျပ်ပြီး အော်၍ လက်ထဲမှ ယောက်မကြီးနှင့် လက်မည်းကြီးကို လှမ်းခုတ်လိုက်သည်။

"ဖျောင်း ..."

"ဖျောင်း ..."

နှစ်ချက်သာ ခုတ်လိုက်ရသည်။ လက်မည်းကြီး ရုပ်သွားပြီး မီးဖိုဆောင်အနီးမှ ထွက်သွား၏။ ထွက်သွားပုံမှာ ကြောက်လန့်သူတွေအတွက် ကြောက်လန့်ချောက်ချားစရာပုံစံမျိုး။

လူ၊ သို့မဟုတ် အကောင် အထည်လုံးကြီးကို မမြင်ရဘဲ လက်ကြီးသက်သက် တံတောင်ဆစ်ပိုင်းမှသာ တစ်ချောင်းတည်း မြင်နေရပြီး မီးဖိုဆောင်ပြတင်းပေါက်ကို ထိုလက်တစ်ဖက်ဖြင့်ထောက်၍ ထင်းတဲဘက် ခုန်ဆင်းသွားသလိုမျိုး။

ပြီးတော့မှ ထင်းတဲထဲမှ ထင်းပုံ ထင်းတုံးတွေပေါ်ထောက်ပြီး ဝါးရုံတောဘက် တိုးဝင်သွား၏။

အတွေ့အကြုံမရှိသော မျိုးမြင့်က ပြုံးချိုကို ကြောက်ကြောက်လန့်လန့်နှင့် လှမ်းပြောသည်။

"အဲဒီ လက်မည်းကြီး နောက်တစ်ခေါက် ပြန်လာရင် ဒုက္ခပဲကွာ။ ငါတော့ ကျောင်းပေါ် တက်ပြေးချင်လှပြီ"

"မကြောက်ပါနဲ့ကွာ။ ငါ သူ့ကို သိတယ်"

"ဟင် ...လက်မည်းကြီးပဲ မြင်ရုံ၊ မင်းက ဘယ်လိုလုပ်သိနေတာလဲ"

"ဟောဒီမှာလေ ငါ့အဖေ စီရင်ပေးတဲ့ လက်ဖွဲ့။ ငါ့လည်ပင်းမှာ စွဲထားတာကြည့်ပါလား။ ဒီလက်ဖွဲ့ အဆောင်က အဲဒီလို မကျွတ်မလွတ်သေးတဲ့ဟာတွေကို မြင်နိုင်တယ်ကွ။ ပြီးတော့ အဲဒီအကောင်တွေ အနှောင့်အယှက်လည်း မပေးနိုင်ဘူး"

"ဒါဆို ...အဲဒါ ဘယ်သူလဲ။ ဘယ်သူသေလို့ လက်မည်းကြီး ဖြစ်နေတာလဲ"

"ကုလားကြီး တစ်ယောက်ကွ။ အသက်ကတော့ တော်တော်ကြီးပြီ။ အရင့်စားထဲက ကောင်ကြီး။ ငါ့အဖေကို သွားမေးမှ အဲဒီကောင်ကြီး အကြောင်းကို သိမှာပဲ"

ထိုနေ့က အရုဏ်ဆွမ်းကပ်ပြီး ကျောင်းသားတွေ မနက်စာစားပြီး နောက် စာချဦးဇင်းအား ရွာရှိအိမ်သို့ ပြန်ရန် လျှောက်ထားပြီး မျိုးမြင့်နှင့် ပြုံးချိုတို့ ပြုံး အဘဖိုးသာ အောင်ဆီသို့ . .ပြီး ထိုကိစ္စ မေးမြန်းကြသည်။

အဘဖိုးသာအောင်က မျိုးမြင့်နှင့် ပြုံးချိုတို့ပြောသည်ကို အေးဆေးစွာ နားထောင်ပြီး ခေါင်းတညိတ်ညိတ် ဖြစ်နေသည်။

ပြီးမှ ...

"အဲဒါ ကုလားသရဲကွ။ တို့ဒေသအနီး ကုန်းဘောင်မင်းဆက်မှာ ဖြစ်ခဲ့တဲ့ ဟိုင်းကြီးကျွန်း အရေးတော်ပုံဖြစ်ခဲ့ဖူးတာ မင်းတို့ကြားဖူးမှာပေါ့။ အဲဒီဟိုင်းကြီးကျွန်းတိုက်ပွဲမှာ တို့ ဗမာတွေရဲ့တိုက်ခိုက်မှုကြောင့် ကုလားဖြူစစ်သားတွေနဲ့ သူတို့နဲ့ပါလာတဲ့ ကုလားမည်းစစ်သားတွေ အတုံးအရုံးကျဆုံးခဲ့ရာက ခုအထိ ဒီဒေသ တစ်ဝိုက်မှာ မကျွတ်မလွတ်နိုင်ဘဲ ကျန်နေတဲ့ ကုလားမည်း စစ်သားသရဲပဲကွဲ့။ မိစ္ဆာဒိဋ္ဌိတွေဆိုတော့ ဘယ်လွယ်လွယ်နဲ့ ကျွတ်နိုင်တော့မလဲကွယ်။ ဒါကြောင့် ရရာကြုံရာ ရှာဖွေစားသောက်ရင်း မင်းတို့နဲ့ တွေ့ကြရတာပေါ့"

အဘဖိုးသာအောင် ပြောရင်း က သူပြင်ထားသော ကန်တော့ပွဲ တစ်ခုမှ လက်ဖွဲ့တစ်ခုကိုယူပြီး မျိုးမြင့်၏လည်ပင်းမှာ ဆွဲပေးလိုက်သည်။

"ဒီအနီးအပါး ရွာတွေမှာ အဲဒီလို မကျွတ်မလွတ်နိုင်သေးတဲ့ ကုလားဖြူ၊ ကုလားမည်း စစ်သားသရဲတွေ ရှိနေတုန်းပဲကွဲ့။ တို့များ ငယ်ငယ်တုန်းကဆိုရင် အဲဒီကောင်တွေရဲ့ မကျွတ်မလွတ် အော်သံဟစ်သံတွေ ဟိုင်းကြီးကျွန်းအရေးတော်ပုံ ပေါ် ပေါက်တဲ့နေ့ရောက်ရင် အမြဲတမ်း ကြားကြားနေရလို့ တို့ရွာကိုတောင် ကုလားအော်ရွာလို့ နာမည်ပေးထား ခဲ့ကြတာပေါ့ကွာ။ ဒါပေမယ့် မင်း တို့ ဘာမှမကြောက်ကြနဲ့။ ကြောက် စိတ်လည်း မမွေးကြနဲ့။ ဒီကုလား ဖြူ၊ ကုလားမည်းတွေကို တို့ဗမာ တွေက အနိုင်တိုက်ခိုက်ပြီး အသေ သတ်ပြီးသား။ သူတို့ကလည်း အဲဒါ ကြောင့် ဗမာဆိုရင် ကြောက်ပြီး သား။ မင်းတို့စိတ်ထဲမှာ သူတို့ကို မကြောက်ဖို့ ရဲစိတ်မွေးဖို့ပဲ လိုတယ်"

အဘဖိုးသာအောင် စကား ကြောင့် မျိုးမြင့်ထိုစဉ်ကပင် အကြောက် တရားတွေ ပြေသွား၏။ ရဲစိတ်တွေ အလိုလို ဝင်လာခဲ့၏။

ကျောင်းကို ပြန်ရောက်တော့ သူနှင့်ပြုံးချိုတို့သည် ထိုကုလားမည်း သရဲအကြောင်းကို ဘယ်သူ့ကိုမှ မပြောပြကြသလို နောက်ဖို့နောက်



www.burmeseclassic.com

www.burmeseclassic.com

နေ့များတွင်လည်း ထိုအဖြစ်မျိုးကို ကြုံကြရတော့ချေ။

(သုံး)

ခု အရွယ်ရောက်လာပြီးကျ တော့ တစ်ယောက်နှင့်တစ်ယောက် ကွဲသွားကြရာမှ ပြန်ဆုံကြရသည့် အခါ ထူးထူးခြားခြား ပြန်ဆုံကြရ ပြန်သည်။

ပြုံးချိုက ဆရာတစ်ပိုင်းစ ဖြစ် နေသော ပြုံးချို၏ဖခင် ပယောဂ ဆရာကြီး အဘဖိုးသာအောင်မှာ လည်း အသက်အရွယ်ကြီးရင့်သည် နှင့်အမျှ ကျက်သရေရှိလှသော ကြည်ညိုဖွယ်ရာ ပုဂ္ဂိုလ်ကြီးအသွင် ဆောင်လျက်ရှိချေပြီ။

တောနက်ကြီးအတွင်း ပုဲထောင် မောင်းဝင်လာစဉ် ချောင်းကမ်းပါး တစ်နေရာတွင် ထူးထူးဆန်းဆန်း လက်နက်ကိုင် လူမျိုးခြားများကို စစ်ပြန်ကြီး မျိုးမြင့်တို့ မမျှော်လင့်ဘဲ တွေ့လိုက်ရ၍ အံ့အားသင့်သွား၏။

မျိုးမြင့် ထိုလူများကို ခါတိုင်း တောအတွင်းသို့ ဝင်နေစဉ် မမြင်ဖူး ခဲ့၊ ပြီးတော့ ထိုလူများမှာ အင်္ဂလိပ် မျက်နှာဖြူများနှင့် ကုလားစစ်သား များ ဖြစ်နေကြသည်။ သူတို့ဝတ် ထားသော ယူနီဖောင်းတွေကလည်း ရှေးကျပြီး ၁၈ ရာစု ပေါ်တူဂီတွေ အင်္ဂလိပ်တွေ ဝတ်ဆင်သည့် ယူနီ ဖောင်းတွေနှင့် ဖြစ်သည်။

စစ်ပြန်မျိုးမြင့် ထိုမြင်ကွင်းကို ကြည့်ပြီး အံ့အားသင့်နေစဉ် အဘဖိုး သာအောင် လှမ်းပြောသည်။

"အဲဒါ ရန်သူတွေ မဟုတ် ဘူး။ မကျွတ်မလွတ်နိုင်သေးတဲ့ နယ်ချဲ့စစ်သားဟောင်းကြီးတွေ။ သူ တို့အတွက် အကျွတ်အလွတ်ပွဲလုပ် ပေးဖို့ အဘ ဒီခရီးကို တမင်စီစဉ် ထားတာကွဲ့."

အဘဖိုးသာအောင်၏ စကား ကြောင့် စစ်ပြန်ကြီးမျိုးမြင့် သဘော ပေါက်စ ပြုလာသည်။

ကမ်းစပ်မှာ ပုဲထောင်ထိုးကပ် သွားစဉ် ပုဲတောင်ပေါ်မှာ ပါလာ သော ကန်တော့ပွဲနှင့် စားသောက် ဖွယ်ရာနှင့် လှူဒါန်းစရာ ပစ္စည်းများ ကို ကုန်းပေါ်သို့ ချကြသည်။

ကမ်းခြေနှင့် ခပ်လှမ်းလှမ်းတွင် ကြိုတင်ထိုးထားသော သံဃာစင် ကြီးရှိနေပြီး သံဃာစင်ပေါ်တွင် ဘယ်အချိန်က ပင့်ထားမှန်းမသိဘဲ ရောက်ရှိသီတင်းသုံးနေသော သံဃာ တော်များကိုပါ တွေ့လိုက်ရသည်။

သံဃာစင်အောက်တွင် စစ်ပြန် ပရိသတ်တွေ ရှိ၏။ သူတို့ တရားနာ ကြမည်၊ အမျှဝေခြင်းကို ခံယူကြမည်။

ဒါသည်ပင် ထူးဆန်းနေ၏။ ကုလားဖြူ ကုလားမည်း စစ်သား ဟောင်းကြီးတွေနှင့် မြန်မာစစ်သည် ဟောင်းကြီးတွေ ဘယ်ကနေ တော ကြီးမျက်မည်းထဲကို ရောက်နေရပါ သလဲ။

ပြီးတော့ သံဃာစင်ပေါ်မှ ကြည်ညိုဖွယ်ရာ အဆင်းအင်္ဂါနှင့် ပြည့်စုံနေသော သံဃာတော်များ။

စစ်ပြန်ကြီးမျိုးမြင့်နှင့် ပါလာ သော ကုလားအော်ရွာသား အဖွဲ့ဝင် များသည် ထွေထွေထူးထူး ပြော

မနေတော့ဘဲ ဆရာကြီး အဘဖိုး သာအောင်နှင့် သူ၏သား ဆရာပြုံး ချိုတို့နောက် အသာအယာပင် လိုက် လာခဲ့ရသည်။

အဘဆရာကြီး ဖိုးသာအောင် က လှူဖွယ်တန်းဖွယ်များကို နေရာ ချထားစဉ် ရှေးခေတ်ဝတ်စုံနှင့် မြန် မာစစ်သည်ဟောင်းကြီးတွေက ဝိုင်း ဝန်းကူညီ လုပ်ကိုင်ပေးကြသည်။

အစီအစဉ်တကျ လုပ်ကိုင် ဆောင်ရွက်ကြပြီးနောက် အဘဆရာ ကြီး ဖိုးသာအောင်၏ အကျွတ် အလွတ်ပွဲကြီးက စတင်လေသည်။

သံဃာတော်များ၏ မေတ္တာ သုတ်ပရိတ်ရွတ်သံ တောတောင်ကြီး ထဲတွင် ပြန့်လွင့်လာချေပြီ။

မြန်မာစစ်သည် ဟောင်းကြီး တွေ၊ ကုလားဖြူ ကုလားမည်း စစ် သည်ဟောင်းကြီးတွေ ကွဲကွဲပြားပြား မဖြစ်ဘဲ ထိုအကျွတ်အလွတ်ပွဲမှာ ထူးထူးခြားခြား ပါဝင်နေကြ၏။

ထိုစစ်သည်ကြီးတွေမှာ စနစ် တစ်ခုကြောင့် ရန်သူတွေအဖြစ် တိုက်ခိုက်ကြရင်း ကျဆုံးခဲ့ကြရသော် လည်း တမလွန်မှာတော့ ရန်သူတွေ မဟုတ်ကြ။ မကျွတ်မလွတ်နိုင်သူ ချင်း အတူတူပဲ မဟုတ်လား။

ထားပါလေ။

ခု ...မျိုးမြင့်လို အသက်ရှင် လျက်ရှိနေသေးသည့် စစ်ပြန်ဟောင်း ကြီး[illegible]ကော တမလွန်ဘဝသို့ရောက် သွားဦးမည်ဆိုလျှင် ဘာများထူးပါ ဦးမည်နည်း။

ကျော်မင်းနိုင်



www.burmeseclassic.com

www.burmeseclassic.com



ပန်းချီ စံလွင်မောင်

# သာသနာအသက် ပရိယတ္တိဂုဏ်ကိုဆောင်ပါ

အောင်မြင့်မြတ်(ပြည်ရွှေဘို)

မြတ်ဗုဒ္ဓဘုရားရှင်သည် သံဃာ့အဖွဲ့အစည်းကို စတင်ဘည်ထောင်တော်မူစဉ် အချိန်က ခြောက်ကျိပ်သော ရဟန်းတို့ကို "စာရိကံစရထ၊ ဓမ္မံ ဒေသေထ၊ ဗြဟ္မစရိယံ ပကာသေထ၊ မာ ဧကေန ဒွေ အဂမိတ္ထ" (ဒေသစာရီ ခရီးလှည့်လည်ကြ၊ တရားတော်ကို ဟောကြားကြ၊ မြတ်သော အကျင့်၏ဂုဏ်ကို ထင်ရှားပြကြ၊ တစ်လမ်းတည်းဖြင့် နှစ်ပါး မကြွကြလင့်)ဟု "ထ"လေးထဖြင့် တိုက်တွန်း၍ သာသနာပြုစေလွှတ်တော်မူခဲ့ပါသည်။

ကိုယ်တော်တိုင်ကလည်း "ငါဘုရားပဲ၊ အိပ်နေသိုက်ဦးမယ်"ဟု ကြောင့်ကြမဲ့ နေတော်မမူဘဲ ဥရုဝေဠတောအုပ်သို့ ကြွတော်မူ၍ ထိုတောအုပ်ရှိ ဥရုဝေလကဿပ ညီနောင်တို့အား တရားဟော၊ ချွေချွတ်တော်မူခဲ့သည်။ ဤကဲ့သို့ ကြောင့်ကြမဲ့ နေတော်မမူဘဲ သတ္တဝါတို့၏ အကျိုးစီးပွားကို မေတ္တာကရုဏာ ဖြင့်ရှုကာ အားထုတ်ဆောင်ရွက်တော်မူပါသည်။

ဘုရားရှင်သည် ကြောင့်ကြမဲ့နေထိုင်ခြင်းကို သဘော



www.burmeseclassic.com

www.burmeseclassic.com

မကျခြင်းမှာ အလုပ်လုပ်စေလို၍ ဖြစ်ပါသည်။ သာသနာတော်အတွင်းရှိ ရဟန်းသံဃာတို့၏ အလုပ်မှာ ဂန္ထဓုရ(စာပေသင်ကြားပို့ချခြင်း)နှင့် ဝိပဿနာဓုရ (တရားအားထုတ်ခြင်း) ဟူသော လုပ်ငန်းနှစ်ရပ် ဖြစ်ပါသည်။ အဆိုပါ လုပ်ငန်းနှစ်ရပ်သည် ပရိယတ္တိသာသနာ (သင်ယူမှုသာသနာ)၊ ပဋိပတ္တိသာသနာ (ကျင့်ကြံမှုသာသနာ)နှင့် ပဋိဝေဓသာသနာ(သိမြင်မှု သာသနာ)ဟူသော သာသနာသုံးရပ် တည်တံ့နိုင်ရေးအတွက် အဓိကအကြောင်းရင်းများ ဖြစ်ပါသည်။ သာသနာသုံးရပ်ကို တည်တံ့စေခြင်းသည် သူတော်ကောင်းတရား ခိုင်မြဲရေးပင်ဖြစ်သည်။ သူတော်ကောင်းတရား ခိုင်မြဲနေခြင်းသည် ကမ္ဘာသူ ကမ္ဘာသားတို့၏ ငြိမ်းချမ်းရေးပင် ဖြစ်သည်။ ဤသို့လျှင် ဘုရားရှင်သည် လောက၏အတ္ထ(ကောင်းကျိုး)၊ ဟိတ (စီးပွား)နှင့် သုခ(ချမ်းသာ)များ ဖြစ်ထွန်းစေရေးအတွက် သူ၏တပည့်သာဝကများကို ကြောင့်ကြစိုက်၍ အားထုတ်မှုကို လိုလားတော်မူပါသည်။

သို့ဖြစ်၍ ကမ္ဘာသူ ကမ္ဘာသားတို့၏ ငြိမ်းချမ်းရေး၊ ကြီးပွားတိုးတက် ချမ်းသာရေးတို့သည် သူတော်ကောင်းတရား၌ မှီတည်ပြီး နေလေသည်။ သူတော်ကောင်းတရား ခိုင်မာရေးသည် သာသနာသုံးရပ်အပေါ် မှီတည်နေသည်။ သာသနာသုံးရပ် တည်တံ့ရေးသည် ဓုရနှစ်ဖြာပေါ်တွင် မှီတည်နေပါသည်။ ဓုရနှစ်ဖြာသည် ပရိယတ္တိဝန်ဆောင် ရဟန်းသံဃာတော်တို့၏ အဓိကလုပ်ငန်းကြီးတစ်ရပ် ဖြစ်ပါသည်။

အမိမြန်မာနိုင်ငံသည် ဗုဒ္ဓသာသနာတော် ထွန်းကားသော နိုင်ငံတစ်နိုင်ငံ ဖြစ်သည်။ မြန်မာနိုင်ငံ အနယ်နယ်အရပ်ရပ်တို့၌ ပရိယတ္တိသာသနာ၊ ပဋိပတ္တိသာသနာများ မပျောက်ပျက်ရအောင် အားသွန်ခွန်စိုက် ကြိုးစားအားထုတ်နေကြပါသည်။ ထိုသို့ အားထုတ်နေခြင်းသည် သာသနာတော်ကြီးအား စောင့်ရှောက်ချီးမြှောက်နေခြင်းပင် ဖြစ်သည်။ ထိုသို့ စောင့်ရှောက်ချီးမြှောက်နေသည်ကို အားလုံးမြင်တွေ့နိုင်ပါသည်။

သာသနာနှင့် ကြုံခိုက်တွင် ပရိယတ္တိသမားကလည်း ပရိယတ္တိအလျောက်၊ ပဋိပတ္တိသမားကလည်း ပဋိပတ္တိအလျောက် ကြိုးစားအားထုတ်ကြရမည်သာ ဖြစ်သည်။

ပရိယတ္တိသမားက ငါစာတတ်သည်၊ ငါ့မှာ ဘွဲ့ထူးဂုဏ်ထူးရှိသည်ဟု မာန်ဝင်နေလျှင် သံသာရ ဝဋ္ဋဒုက္ခတောမောစနတ္ထာယ ဟူသော ရဟန်းပြုရခြင်း၏ ရည်ရွယ်ချက်၊ ဦးတည်ချက်များ ပျောက်ပြယ်၍ လမ်းချော်သွားမည် ဖြစ်ပါသည်။ မိမိသိထားသော ပညာ၊ မိမိရရှိထားသော ဘွဲ့ထူးဂုဏ်ထူးတို့သည် သာသနာအတွက်သာ ဖြစ်ရပါမည်။ ထိုပညာဘွဲ့ထူးဂုဏ်ထူးတို့ကို သာသနာအတွက်သာ အသုံးချသင့်ပါသည်။

ပဋိပတ္တိသမားများကလည်း ငါ့မှာ ဒကာ၊ ဒကာမ အင်အားကောင်းသည်၊ ငါတို့ရိပ်သာက အင်အားတောင့်တင်းသည်၊ ထင်ရှားကျော်ကြားသည် စသည်ဖြင့် အတ္တဝင်နေလျှင် မိမိရဟန်းပြုလာရခြင်း၏ မူလရည်ရွယ်ချက်နှင့် ဆန့်ကျင်ရာရောက်နေတော့သည်။ ဘုရားတရားတော်များကို ကိုယ်ကျိုးစီးပွားအတွက် ရှာကြံသူဟု အထင်မှားခံရပေတော့မည်။

*ပဋိပတ္တိသမားများကလည်း*
*ငါ့မှာဒကာ၊ ဒကာမ အင်အားကောင်းသည်၊*
*ငါတို့ရိပ်သာက အင်အားတောင့်တင်းသည်၊*
*ထင်ရှားကျော်ကြားသည် စသည်ဖြင့်*
*အတ္တဝင်နေလျှင် မိမိရဟန်းပြုလာရခြင်း၏*
*မူလရည်ရွယ်ချက်နှင့်*
*ဆန့်ကျင်ရာရောက်နေတော့သည်။*
*ဘုရားတရားတော်များကို*
*ကိုယ်ကျိုးစီးပွားအတွက် ရှာကြံသူဟု*
*အထင်မှားခံရပေတော့မည်။*

ထို့ကြောင့် ပရိယတ္တိသမားတို့ကလည်း မိမိအတိုင်းအတာဖြင့် ပရိယတ်ကို ကြိုးစားရသည်၊ အားပေးကြရသည်၊ ချီးမြှောက်ကြရသည်။ ပရိယတ်သမားတို့သည် ပရိယတ်ကို ကျွမ်းကျင်တတ်မြောက်အောင် လေ့လာသင်ယူပြီး ထိုပရိယတ်ဖြင့် သာသနာတော်ကို အထူးစောင့်ရှောက်ကြရပါမည်။



www.burmeseclassic.com

www.burmeseclassic.com

ပဋိပတ္တိသမားတို့လည်း အလားတူပင် သာသနာတော်ကြီးကို စောင့်ရှောက်ရမည်သာ ဖြစ်သည်။ ထို့ထက် သာသနာတော်ကြီးနှင့် ကြုံခိုက်တွင် ပရိယတ်၊ ပဋိပတ် အရသာတို့ကို ခံစားနိုင်အောင် ကြိုးစားအားထုတ်ရပါမည်။ ပရိယတ်စာတွေမှ ပဋိပတ် လက်တွေ့အဆင့်သို့ ရောက်အောင် ကြိုးစားအားထုတ်ရပါမည်။ ထိုသို့မဟုတ်ပါက အလဂဒ္ဒူပမာ စာသင်နည်းဖြစ်သွားလျှင် မိမိတို့သာ နစ်နာဆုံးရှုံးမည် ဖြစ်သည်။ ထို့ကြောင့် အလဂဒ္ဒူပမာ စာသင်နည်းကိုရှောင်ပြီး နိဿရဏတ္ထ ပရိယတ္တိ (စာသင်နည်း)ဖြစ်အောင် ကြိုးစားပါမှ ဘဝသံသရာက လွတ်မြောက်မည် ဖြစ်ပါသည်။

ထို့ကြောင့် ပရိယတ္တိကို လေ့လာရာ၌ ဝိနည်း၊ သုတ္တန်၊ အဘိဓမ္မာ ဟူသော ပိဋကတ်တို့တွင် ဝိနည်းပိဋကတ်၌ ကောင်းစွာ ကျင့်သောရဟန်းသည် သီလ၏ပြည့်စုံခြင်းကိုမှီ၍ ဝိဇ္ဇာသုံးပါးတို့သို့ ရောက်နိုင်ပါသည်ဟု ဝိနည်းအဋ္ဌကထာ၌ ဆိုထားပါသည်။ ဝိနည်းပိဋကတ်ကို နိဿရဏတ္ထ ပရိယတ္တိဖြစ်အောင် ကောင်းစွာသင်ယူ၍ ဝိနည်းပိဋကတ်မှာ လာသည့်အတိုင်း သီလကိုဖြည့်ကျင့်သော ရဟန်းသည် ဝိနည်း၌ ကောင်းစွာကျင့်သော ရဟန်းဖြစ်သည်ဟု ဆိုလိုပါသည်။

ဝိနည်းပိဋကတ်ကို မသိမတတ်၊ မကျွမ်းကျင်လျှင် ရှောင်ကြဉ်ရမည့်အရာ (ဝါရိတ္တသီလ)၊ ကျင့်ရမည့်အရာ (စာရိတ္တသီလ)တို့ကို မသိနိုင်ပေ။ ဝိနည်းပိဋကတ်ကို တတ်သိကျွမ်းကျင်မှသာ ရှောင်သင့်၊ ဆောင်သင့်သည်တို့ကို ခွဲခြားသိမြင်နိုင်ပါသည်။ ထိုသို့သိမှသာလျှင် ကျင့်သင့်သည်ကိုကျင့်၊ ရှောင်သင့်သည်များကို ရှောင်ကြဉ်ခြင်းဖြင့် သီလပြည့်စုံနိုင်ပါသည်။ ဤသို့ သီလနှင့် ပြည့်စုံခြင်းရှိပါက ဝိဇ္ဇာသုံးပါး (မဂ်ဉာဏ်)အား ပကတူပနိဿယ သတ္တိဖြင့် ကျေးဇူးပြုနိုင်ပါသည်။ ထို့ကြောင့် ဝိနည်းပိဋကတ်ကို သီလပြည့်စုံရန်အတွက် သင်ယူရပါသည်။

သုတ္တန်ပိဋကတ်၌ ကောင်းစွာကျင့်သော ရဟန်းသည် သမာဓိ၏ ပြည့်စုံခြင်းကိုမှီ၍ အဘိညာဉ်ခြောက်ပါးတို့သို့ ရောက်နိုင်၏။ အဘိဓမ္မာပိဋကတ်၌ ကောင်းစွာကျင့်သော ရဟန်းသည် ပညာ၏ ပြည့်စုံခြင်းကိုမှီ၍ ပဋိသမ္ဘိဒါလေးပါးသို့ ရောက်နိုင်၏ဟု သမန္တပါသာဒိက အဋ္ဌကထာ၌ ဖော်ပြထားပါသည်။

သုတ္တန်ပိဋကတ်ကို ကောင်းစွာသင်ယူသူသည် သုတ္တန်ပိဋကတ်၌ အကျယ်ဟောတော်မူအပ်သော ဈာန်အဘိညာဉ်တို့ကို သင်ယူလေ့လာစဉ် ထိုဈာန်အဘိညာဉ်တို့ကို ရလိုသော ဆန္ဒပြင်းပြမှု ရှိလာတတ်သည်။ ထို့ကြောင့် ထိုဈာန်သမာဓိကို ကြိုးစားအားထုတ်၍ ဥပစာရ သမာဓိသို့ ရောက်လျှင် ဝိပဿနာဉာဏ်တို့ အဆင့်ဆင့်တက်၍ အရဟတ္တမဂ်အထိ ရလာနိုင်ပါသည်။ ၎င်းမှ အထုံပါလာသော သမာဓိကြောင့် အဘိညာဉ်ခြောက်ပါးတို့လည်း ပြီးစီးရပါသည်။

အဘိဓမ္မာပိဋကတ်ကို ကောင်းစွာသင်ယူသူသည် နာမ်ရုပ်နှစ်ပါးကို ခွဲခြားနိုင်သော ပညာနှင့် ပြည့်စုံနိုင်ပါသည်။ ထိုပညာကို အခြေခံ၍ အရဟတ္တမဂ်ကိုရသောအခါ ပဋိသမ္ဘိဒါလေးပါးတို့ကိုလည်း တစ်ပါတည်း ရနိုင်ပါသည်။ မှန်ပါသည်။ အဘိဓမ္မာပိဋကတ်ကို လေ့လာသင်ယူ၍ ရရှိသော ပညာ၏ ပြည့်စုံခြင်း(ပညာသမ္ပဒါ)ကို ဥပနိဿယပစ္စည်းပြု၍ ဝိပဿနာ အားထုတ်သောအခါ ရဟန္တာဖြစ်သည်နှင့် တစ်ပြိုင်နက် အဋ္ဌာသယအားလျော်စွာ ပဋိသမ္ဘိဒါလေးပါးတို့လည်း ပြီးစီးရပါသည်။

ထို့ကြောင့် ဝိနည်း၊ သုတ္တန်၊ အဘိဓမ္မာ သုံးဖြာသော ပိဋကတ်တော်များကို ကျနသေချာစွာ လေ့လာသင်ယူခြင်းဖြင့် လျှို့ဝှက်ခက်ခဲသော အနက်အဓိပ္ပာယ်တို့ကို ပိုင်းခြားသိမြင်နိုင်ကြပါလျှင် နိဿရဏတ္ထ ပရိယတ္တိ(စာသင်နည်း)ဖြစ်ပါသည်။

ထိုသို့ သီလကို ဟောသောအရာ၊ သမာဓိကို ဟောသောအရာ၊ ပညာကိုဟောသောအရာတို့၌လာသော သိက္ခာသုံးပါးအကျင့်များသည် ငါ့သန္တာန်၌ ကေန်ဖြစ်ပါစေဟူသော ရည်ရွယ်ချက်ဖြင့် ကြိုးစားအားထုတ်ပါလျှင် သာသနာ့ကျက်သရေ ပရိယတ္တိဂုဏ်ဆောင်ပုဂ္ဂိုလ် ဖြစ်ပါလိမ့်မည်။

သို့ဖြစ်ပါ၍ တစ်ဘဝ တစ်ခန္ဓာအတွက်တာလောက်ကို မကြည့်ပါဘဲ တစ်သံသရာလုံးကိုကြည့်ပြီး မြတ်စွာဘုရား၏ သာသနာတော်အတွက် အသက်ခန္ဓာကို ပရိယတ္တိလုပ်ငန်းဖြင့် စတေးနိုင်သော သာသနာ့ဝန်ဆောင် ပုဂ္ဂိုလ်ထူးဖြစ်အောင် ကြိုးစားအားထုတ်နိုင်ကြပါစေဟု မေတ္တာစေတနာဖြင့် ဆန္ဒပြုလိုက်ရပါတော့သည်။

အောင်မြင့်မြတ်(ပြည်ရွှေ[illegible])



www.burmeseclassic.com

www.burmeseclassic.com

■ မဟာထွန်း

# အနိစ္စ ဒေသနာတော်

## (၅)

ယခုအခါ အနိစ္စဒေသနာတော်သည် အမှတ်စဉ်(၅) သို့ ရောက်လာခဲ့ပြီဖြစ်၏။ ဤလတွင် ရုပ်ပရမတ်၊ နာမ် ပရမတ် တရားတော်ကို ခန္ဓာဖွဲ့ပြီး ရုပ်ပျက်၊ နာမ်ပျက်၊ ခန္ဓာ ပျက်တရားတော်ကို ဉာဏ်မျက်စိမှာ ထင်လာမြင်လာ၊ နားလည်လာသည်အထိ ဝိသဇ္ဇပြီး ပြသသွားမည် ဖြစ်၏။

မြတ်စွာဘုရားရှင် ချမှတ်ခဲ့သော တရားရှုမှတ်ပွား များနည်းသည် အဓိကအားဖြင့် သုံးနည်းဖြစ်၏။ သုံးနည်းဟူ သည်မှာ အနိစ္စ၊ ဒုက္ခ၊ အနတ္တ ဟူ၍ဖြစ်၏။ တရားရှုမှတ် ပွားများရာ၌ ဤသုံးနည်းသည် ပဓာနအကျဆုံးပင် ဖြစ်၏။

ဤသုံးနည်းမှာပင် ရှုမှတ်ပွားများပုံ နည်းစနစ်များ မြောက်များစွာပင် ရှိလေသေး၏။ သန့်ရာသန့်ရာ ရှုမှတ်ပွား များကြခြင်း၊ ဟောပြောပြသခြင်းဖြစ်၏။ ထို့အပြင် ဓာတ် တရား၊ ပရမတ်တရား စသည်ဖြင့်လည်း အမြောက်အများ ရှိလေသေး၏။

ဤစာရေးသူသည်ပင် ဓာတ်တရား၊ ပရမတ်တရား များကို အတော်များများ ပြသလေ့ရှိ၏။ ဓာတ်၊ ပရမတ် စသည်များမှာ အခြေခံတရားဟု ဆိုရသော်လည်း မြတ်စွာ ဘုရားရှင်၏ အခြေခံတရားတော်များသည်ပင် မဂ်ရကြောင်း၊ ဖိုလ်ရကြောင်းများသာ ဖြစ်ကြသည်ကို သိထားသင့်သည်။

အခြေခံတရားတော်မှစ၍ အကြောင်းဝတ္ထုမြောက် များစွာတို့ဖြင့်လည်း ဤစာရေးသူ ရေးခဲ့ဖူးပြီ။ လက်ရှိတွင် လည်း ဝိပဿနာတရားတော်များကို ပြသလျက်ရှိသည်။ တရားလိုက်နေကြသော ဓမ္မယောဂီတို့သည်လည်း နား လည်လွယ်၍ ကြိုက်နှစ်သက်ကြသည်ကို တွေ့ရ၏။

တရားတွေ့သွားကြသော ဓမ္မယောဂီများသည် တရားမလိုက်စားဘဲ မနေနိုင်ကြတော့ပေ။ ဉာဏ်ပါရမီ ထုံထိုင်းသော ဓမ္မယောဂီများကိုပါ နားလည်သဘောပေါက် သည်အထိ ပြသပေးသောကြောင့် နားမလည်သော ဓမ္မ ယောဂီများ အလွန်နည်း၏။

ဤစာရေးသူကား တစ်လက်ကိုင်၊ တစ်နည်းတည်း မဟုတ်ပေ။ ပရမတ်နည်း၊ ဓာတ်နည်း စသော နည်းအတော် များများကို ကိုင်တွယ်ပြီး ပြသပေးလေ့ရှိသည်။ တရားလိုက် နေကြသော ဓမ္မယောဂီများကိုလည်း ထိုနည်းတူစွာပင် မိမိ ဟောပြော ပြသပေးနေသော တရားနည်းများကို ပြည့်ပြည့် စုံစုံမရနိုင်လျှင်လည်း ရနိုင်သမျှရအောင် ကြိုးစားပြီး လိုက် စေသည်။ ထို့နောက် အခြားဆရာ၊ အခြားရိပ်သာများကို သွားပြီးလည်း တရားလိုက်စေသည်။ ဆရာစွဲ၊ ရိပ်သာစွဲ လုံးဝမရှိစေရပေ။

မွေးရာမှုလကပင် ခန္ဓာစွဲ၊ အတ္တစွဲ၊ သက္ကာယဒိဋ္ဌိစွဲ ကြီး ပါလာခဲ့ရာ ယခု မဂ်ဖိုလ်နိဗ္ဗာန်ကို လိုချင်၍ တရား လိုက်ခါမှ အစွဲထပ်တိုးလာ၍ မည်သည့်နည်းနှင့်မျှ အဆင် ပြေမည် မဟုတ်တော့။ ထို့ကြောင့် ထိုအစွဲမျိုး မဖြစ်စေရန် ကိုလည်း အထူးသတိထားပြီး ဟောပြောပြသပေးသည်။

တချို့ ကြောက်စရာကောင်းလောက်အောင်ပင် ဆရာစွဲ၊ ရိပ်သာစွဲများ ရှိနေကြသည်ကို တွေ့ရှုသည်။ သူ့ဆရာ၊ သူ့ရိပ်သာက တရားနည်းမှတစ်ပါး မည်သည့်



www.burmeseclassic.com

www.burmeseclassic.com

ဆရာ၊ မည်သည့်ရိပ်သာက တရားနည်းကိုမျှ အထင်ကြီး ရှိသေလေးစားခြင်း မရှိပေ။ အထင်မကြီး၊ မရှိသေ မလေးစားသည့်အပြင် အထင်သေးကာ အပြစ်ဆိုတတ်သည်ကိုလည်း တွေ့ဖူးသည်။

ထိုအဖြစ်၏ အဓိကလိုအပ်ချက်မှာ ၎င်းယောဂီ၏ တရားပြဆရာတော်သာ ဖြစ်မည်ဟုထင်သည်။ ထိုဆရာတော်ကသာ ပိုင်ပိုင်နိုင်နိုင် ဟောပြောပြသ ဆုံးမထားလျှင် ထိုယောဂီသည် ထိုမျှအထိ အစွဲကြီးနိုင်မည်လည်း မဟုတ်ပေ။ သို့တည်းမဟုတ် ထိုယောဂီသည် လုံးဝတရားရရှိခြင်း မရှိ၊ တရားဟောပြောပြသ ဆုံးမပေးနေသော ဆရာတော်၏ စကားကိုလည်း နားမထောင်ဘဲ သူထင်ရာစွဲပြောနေခြင်းသော်လည်း ဖြစ်နိုင်သည်။ တရားမရှိသူတို့၏ သဘောကို လင်းလင်းကြီး လုစ်ပြနေသည်ဟုလည်း ဆိုရသည်။

ထိုအကျင့်ဆိုးမျိုးသည် အလွန်အမင်း ကြောက်မက်ဖွယ်ကောင်းသောကြောင့် အထူးသတိထားသင့်သည်။ တရားရိပ်သာတိုင်းမှာပင် မဂ်ရ၊ ဖိုလ်ရ ပုဂ္ဂိုလ်ထူးများ ရှိကြလိမ့်မည်ဟု ဤစာရေးသူ ယုံကြည်သည်။ ထို့ကြောင့် မည်သည့်တရားရိပ်သာနားမှ ဖြတ်သွားသည့်အခါဖြစ်စေ ဤစာရေးသူသည် လက်အုပ်ချီထားလျက်သာ ဖြစ်သည်။

ကိုယ်တိုင် တရားဟောပြောပြသနေသောကြောင့် တရားတော်ကို ယုံကြည်သည်။ ယုံကြည်စိတ်နှင့်အတူ အလွန်အမင်းလည်း ကြည်ညိုသည်။ ကြည်ညိုသောကြောင့်လည်း တရားရိပ်သာတိုင်း၊ ယောဂီပုဂ္ဂိုလ်တိုင်းတို့အား ရည်စူးပြီး လက်အုပ်ချီခြင်း ဖြစ်သည်။

ဤစာရေးသူက ထိုသို့သဘောကို ဆောင်သလို တရားလိုက်စားနေကြသော ယောဂီအားလုံးတို့အားလည်း ထိုအတိုင်းပင် ကျင့်ကြံစေလိုသည်။ တရားတော်အားလုံးသည် မြတ်စွာဘုရား၏ တရားတော်များချည်းသာ ဖြစ်သလို ဘရားဟော၊ တရားပြ၊ တရားလိုက်စားနေကြသော ယောဂီအားလုံးတို့မှာလည်း ဘုရားရှင်၏ တပည့်သားများချည်းသာ ဖြစ်ကြသဖြင့် အမှားကင်း၍ ရိုးသားဖြူစင်ကြသည်ချည်းသာ ဖြစ်သည်။ ထို့ကြောင့်လည်း အဘယ်မှာလျှင် မကြည်ညိုဘဲ ရှိနိုင်တော့မည်နည်း။

* * *

ယခုအခါ ရုပ်ပျက်၊ နာမ်ပျက်၊ ခန္ဓာပျက်ကို ရေးသားတော့မည်ဖြစ်၍ ရုပ်အကြောင်း၊ နာမ်အကြောင်း၊ ခန္ဓာအကြောင်းကို ဤနေရာ၌ အနည်းငယ်မျှ ထည့်ရေးရန် လိုဦးမည်ဟု ထင်သည်။ ရှေ့က အကြိမ်ကြိမ် ရေးသားခဲ့ပြီဖြစ်သော်လည်း လက်ရှိ တွဲပြလိုက်လျှင် သာ၍ပင် အဆင်ပြေလိမ့်မည်ဟု ထင်သည်။ ယောဂီသင်္ဂါများအတွက်လည်း သာ၍ကောင်းပေလိမ့်မည်။

ထို့ကြောင့် ပညတ်၊ ပရမတ်နှင့် ခန္ဓာငါးပါး အကြောင်းကို ဤနေရာ၌ အကျဉ်းမျှ ထည့်ပြီးရေးပြလိုက်မှ ပိုပြီးသင့်လျော်ပေလိမ့်မည်။ စာဖတ်သူ ဓမ္မယောဂီများ အာရုံပြုပြီး ဉာဏ်ကိုစိုက်၍ထားကြပါ။

မြင်သောရုပ်၊ ကြားသောရုပ်၊ နံသောရုပ်၊ စားသောရသရုပ်၊ ထိသော ဖောဋ္ဌဗ္ဗရုပ်၊ သိသော စိတ်နာမ်ဟု ပရမတ်ရုပ်နာမ်ကို ခန္ဓာဖွဲ့ပြီးမှ ရုပ်ပျက်၊ နာမ်ပျက်၊ ခန္ဓာပျက်ကို ပြ၍ လွယ်မည်ဖြစ်သောကြောင့်လည်း အကျဉ်းမျှသာ ရေးပြမည်ဖြစ်၍ အထူးဂရုစိုက်ရန် လိုပေလိမ့်မည်။

မျက်စိမှာ မြင်သောအရာအားလုံးသည် ရုပ်ဖြစ်၏။ သို့သော်လည်း အကောင်အထည်ဒြပ်ကိုစွဲ၍ လူ၊ ခွေး၊ ဆင်၊ မြင်း၊ အိမ်၊ ကျောင်း၊ ဇရပ် စသည်ဖြင့် မြင်လျှင် ပညတ်ရုပ်ဖြစ်၏။ ပရမတ်ရုပ်ဟူသည်မှာ အကောင်အထည်ကိုမစွဲဘဲ မျက်စိမှာ မြင်ရုံမျှသာ မြင်သော အရိပ်အရောင်မျှသာ ဖြစ်သည်။ (နားလည်လွယ်အောင်/နားလည်လွယ်နိုင်မည့် ရသရုပ်ကိုရောက်မှ ရှင်းပြမည်။ ရုပ်နာမ်အားလုံးကို ပြပြီးမှ ခန္ဓာဖွဲ့မည်။)

နားမှာကြားသော အရာအားလုံးသည် ရုပ်ဖြစ်၏။ သို့သော်လည်း လူသံ၊ ခွေးသံ စသည်ဖြင့် စွဲ၍ကြားလျှင် ပညတ်ရုပ်ဖြစ်၏။ ပရမတ်ရုပ်ဟူသည်မှာ အသံရှင်၊ အသံဖြစ်တည်ရာကို မစွဲဘဲ နားမှာ ကြားရုံမျှ သက်သက်သဘောတရားသည်သာ ပရမတ်ရုပ်ဖြစ်သည်။

နှာခေါင်းမှာ နံသော အနံ့အားလုံးသည် ရုပ်ဖြစ်၏။ သို့သော်လည်း သနပ်ခါးနံ့၊ ရေမွှေးနံ့ စသည်ဖြင့် စွဲ၍နံလျှင် ပညတ်ရုပ်ဖြစ်၏။ ထိုကဲ့သို့မစွဲဘဲ နံရုံမျှသက်သက်သည် ပရမတ်ရုပ်ဖြစ်၏။

လျှာမှာတွေ့သော အရသာ (ရသ)အားလုံးသည်

www.burmeseclassic.com

www.burmeseclassic.com

ရုပ်ဖြစ်၏။ သို့သော် ငရုတ်သီးစပ်သည်၊ ဆားငန်သည် သည်ဖြင့် အရသာ၏ တည်ရာမှီရာကိုစွဲလျှင် ပညတ်ရုပ် ဖြစ်၏။ အရသာ၏ တည်ရာမှီရာကိုမစွဲဘဲ လျှာမှာခံစား၍ ရရှိမှု သက်သက်သည်သာ ပရမတ်ရုပ်ဖြစ်၏။ ရှေ့မှာဆိုခဲ့ သည့်အတိုင်း ဤနေရာ၌ ရသရုပ်ကို ရှာကြစို့…။

ဥပမာ - ငရုတ်သီးစပ်သည်ဟု ယူဆလျှင် ငရုတ် သီးထဲမှာ စပ်သည်ကို ရှာကြည့်ပါ။ တွေ့ရလိမ့်မည်မဟုတ် ပေ။ တစ်ဖန် လျှာထဲမှာ စပ်သည်ကိုရှာလျှင်လည်း တွေ့ရ လိမ့်မည်မဟုတ်ပေ။ စပ်သည်မှာလည်း အမှန်ပင်ဖြစ်၏။

သို့ဆိုလျှင် စပ်သည်မှာ ငရုတ်သီးမဟုတ်သလို၊ ငရုတ်သီးသည်လည်း စပ်သည်မဟုတ်။ ငရုတ်သီးမှာပါသော ဓာတ်နှင့် လျှာထိတွေ့မှ အစပ်ဖြစ်ပေါ်လာခြင်း ဖြစ်၏။ ထို အစပ်ကိုလည်း ရှာဖွေ၍မရသောကြောင့် စပ်ရုံသက်သက် သဘောမျှသာ ရှိသည်ဟု ထင်ရှားသွားလေ၏။ အကောင် အထည်၊ အတုံးအလုံး တစ်ခုမျှမဟုတ်ပေ။ အခြား အချို အချဉ် စသည်ကိုလည်း ထိုအတိုင်းပင် နားလည်နိုင်၏။

ဤသို့ အကျဉ်းမျှ ရှင်းပြသည်ကို နားမလည်လျှင် စာကို အထပ်ထပ်အခါခါဖတ်ပြီး အဖြေထုတ်ကြည့်ပါလေ။ ခက်လိမ့်မည်ဟူ၍လည်း မထင်ပေ။ ထို့နောက် ကိုယ်ကို သွားပါ။

ကိုယ်ကို ထိခိုက်၍ နာကြင်၊ ယားယံ စသော အရာအားလုံးသည် ရုပ်ဖြစ်၏။ ထိုရုပ်ကိုလည်း လာထိသော အရာမှာရော၊ အထိခံရသော ကိုယ်မှာပါ ရှာဖွေ၍ တွေ့မည် မဟုတ်ပေ။ နာကြင်ယားယံရုံမျှ သက်သက်သာရှိ၏။

ထိုသို့သဘောရှိသောကြောင့် (ခန္ဓာဖွဲ့ကောင်းသော၊ သစ္စာထိုက်သော၊ ဓာတ်၊ပရမတ်၊ရုပ်)ဟူသည်မှာ အကောင် အထည်၊ ပုံပန်းသဏ္ဍာန် မဟုတ်။ သဘောမျှသက်သက်သာ ဖြစ်ကြောင်း ထင်ရှားလေ၏။ ထိုပရမတ်ရုပ်ကိုသာ ခန္ဓာဖွဲ့ ရ၏။

သို့သော် စိတ်နာမ် ကျန်နေသေး၍ အနည်းငယ်မျှ ဆက်ရေးရဦးမည်။ စိတ်ဟူသည်မှာလည်း သိခြင်းသဘော ကို ဆောင်၏။ အရာအားလုံးကို သိခြင်းမှာ စိတ်သာဖြစ်၏။ ထိုစိတ်၌ နတ်၊ လူ၊ ခွေး၊ ကြွက်၊ နွား၊ အိမ်၊ ကျောင်း၊ ဇရပ်၊ တောတောင်၊ ရေမြေဟု အကောင်အထည်ဒြပ်ကို စွဲ၍သိ နေခြင်းမှာ ပညတ်သိဖြစ်ပြီး အကောင်အထည်ဒြပ်ကို မစွဲ ဘဲ သိရုံသက်သက်မျှ သိနေခြင်းသည်သာ ပရမတ်သိဖြစ်သည်။

* * *

ဤမျှလောက် ရှင်းပြပြီးလျှင် အထိုက်အလျောက် ပရမတ်ရုပ်/နာမ်ကို သိပြီးဖြစ်သဖြင့် ခန္ဓာဖွဲ့၍ ရလောက်ပြီ။ ခန္ဓာဖွဲ့ခြင်းကိုလည်း ဤအနိစ္စဒေသနာကြီးကို မရေးမီ ရှေ့အဖို့က အကြိမ်ကြိမ် ရေးသားဖွဲ့ပြခဲ့ပြီးဖြစ်၍ ဤ၌ အကျဉ်းမျှကိုသာ ဖွဲ့ပြပေတော့မည်။ ထို့ကြောင့် အထူး အာရုံစိုက်ထားရန် လိုအပ်ပေသည်။ အာရုံစိုက်မှ တရား တော်ကို နားလည်လွယ်မည် ဖြစ်သည်။

ရုပ်နာမ်များကို ကောက်ပြခဲ့သည့် အကြောင်းကို အာရုံပြုပါ။ ပညတ်ကိုခွာ၍ ပရမတ်ရုပ်နာမ် သက်သက်ကို ချည်းလည်း အာရုံပြုပါ။

၁။ မြင်၊ကြား၊နံ စသည့်ရုပ်များကို ခန္ဓာဖွဲ့လျှင် ရူပက္ခန္ဓာ ရသည်။

၂။ ထိုရုပ်များအပေါ်မှာ ခံစား၍ရသည့် အရာ အားလုံးကို ခန္ဓာဖွဲ့လျှင် ဝေဒနက္ခန္ဓာရသည်။

၃။ ထိုရုပ်များ မှတ်သားသည်ကို ခန္ဓာဖွဲ့လျှင် သညက္ခန္ဓာ ရသည်။

၄။ ထိုရုပ်များ ဖြစ်ခြင်း၊ ပြုခြင်း၊ ပျက်ခြင်းများကို ခန္ဓာဖွဲ့လျှင် သင်္ခါရက္ခန္ဓာ ရသည်။

၅။ ထိုရုပ်များအပေါ် သိခြင်းကို ခန္ဓာဖွဲ့လျှင် ဝိညာနက္ခန္ဓာ ရသည်။

အကျဉ်းအားဖြင့် ဤမျှလောက် ဖွဲ့ပြလျှင် လုံ လောက်လိမ့်မည်ဟု ထင်သည်။ ဆိုခဲ့သည့်အတိုင်း ရှေ့ရှေ့ သော ဓမ္မဆောင်းပါးများတွင် အကြိမ်ကြိမ် ခန္ဓာဖွဲ့ပြခဲ့ပြီးဖြစ် ၍ အကျယ်ကို မပြဆိုတော့ပေ။

ဤ၌ ဉာဏ်ကိုစိုက်၍ ကြည့်ရမည်မှာ ရုပ်နာမ်များ ကို ကောက်ပြခဲ့စဉ်ကလည်း အတုံးအလုံး၊ အကောင် သဏ္ဍာန်ဟူ၍ တစ်ခါမျှမတွေ့ခဲ့ရ။ ယခု ခန္ဓာဖွဲ့လိုက်သော အခါတွင်လည်း ထိုနည်းလည်းကောင်း အတုံးအလုံး၊ အကောင်သဏ္ဍာန်ဟူ၍ တစ်ခုမျှမတွေ့ခဲ့ရ။

ထို့ကြောင့် ရုပ်နာမ်ခန္ဓာစသော ပရမတ်တရားတို့



www.burmeseclassic.com

www.burmeseclassic.com

ဟူသည်မှာ ကိုင်၍ ပြ၍ရသော အရာများမဟုတ်။ ရှိရုံမျှသာ ရှိသော၊ အလွန်သိမ်မွေ့ပြီး ဉာဏ်နှင့်သာ သိမြင်နိုင်သော အရာများဖြစ်ကြောင်းကို ထင်ရှားသွားလေသည်။

ထိုရုပ်နာမ်ခန္ဓာသည် သတ္တဝါတိုင်းမှာရှိပြီး မရပ်မနား တရစပ်အားဖြင့်လည်း ဖြစ်လိုက်၊ ပျက်လိုက်သာ ရှိသည်။ ထို့ကြောင့် **ခယဗ္ဗေန** = ကုန်ခန်းတတ်ခြင်းသဘော၊ **ဝယဗ္ဗေန** = ယုတ်လျော့ပြုန်းတီး ပျက်စီးတတ်ခြင်းသဘောဟု ဟောတော်မူခြင်း ဖြစ်သည်။

ဤရုပ်ပျက်၊ နာမ်ပျက်၊ ခန္ဓာပျက်ကိုမြင်မှလည်း ခန္ဓာငါးပါးကို အနိစ္စရှု၍ ရမည်ဖြစ်သည်။ ပါးစပ်က အနိစ္စ အနိစ္စဟု ဆိုနေ၍ကား အကျိုးဖြစ်လိမ့်မည် မဟုတ်ပေ။ မျက်တောင်တစ်ခတ်၊ လျှပ်တစ်ပြက်မှာပင် ခန္ဓာငါးပါးသည် တရစပ်အားဖြင့် ကုဋေငါးထောင်ငါးရာရှစ်ဆယ်(၅၅၈၀) ကျော် ဖြစ်ပျက်လျက်ရှိနေသည်။

သို့မှလည်း ခန္ဓာငါးပါးသည် မမြဲ၊ ခန္ဓာငါးပါးသည် အနိစ္စ၊ ခန္ဓာငါးပါးသည် ကြောက်စရာဟု ရှုမြင်လာမည်ဖြစ်သည်။ အနိစ္စဟု ရှုရမည်မှာ သစ်ပင်၊ ဝါးပင်များကို မဟုတ်။ တောတောင်ရေမြေကိုလည်း မဟုတ်။ အိမ်ကျောင်းဇရပ်ကိုလည်းမဟုတ်။ ခန္ဓာငါးပါးသည်သာ အနိစ္စဖြစ်၍ ခန္ဓာငါးပါးကိုသာ အနိစ္စဟု ရှု ရမည်ကိုလည်း ပြတ်သားလာမည်ဖြစ်သည်။

ထိုခန္ဓာငါးပါးဖြစ်ပျက်နေသည့် အနိစ္စကို ဉာဏ်မှာ ကွင်းကွင်းကွက်ကွက်၊ ပြတ်ပြတ်သားသား မြင်လာ၊ ထင်လာအောင်လည်း အဘိဓမ္မာ သင်ရိုးနည်းအတိုင်း ဝီထိချပြမှ သင့်လိမ့်မည်ဟု ထင်သည်။ သို့မှလည်း သတ္တဝါတို့၏ ဘဝခန္ဓာနှင့် သံသရာကိုလည်း သိမြင်လာပေလိမ့်မည်။

ဓမ္မယောဂီများ သဘောပေါက် နားလည်သည်အထိ ရေးပြရမည်မှာ လွယ်မည်တော့ မဟုတ်ပေ။ အတော်လေးပင် ကြိုးစားပြီး ရေးရပေလိမ့်မည်။ ဓမ္မယောဂီများကလည်း ကြိုးစားပြီး စိတ်ဉာဏ်ကိုသွင်းကာ အကြိမ်ကြိမ် ဖတ်ရှုရပေလိမ့်မည်။

ဝီထိဟူသည်မှာ ရုပ်နာမ်တို့၏ ဖြစ်လာခြင်း၊ တည်လာခြင်း၊ ပျက်သွားခြင်းကိုပင် ဆိုလိုသည်။ ထိုဝီထိစိတ်သည် ၁၇ လုံးရှိပြီး၊ ထို ၁၇ လုံးကို တစ်ဝီထိဟုခေါ်သည်။ ထိုဝီထိစိတ် ၁၇ လုံး၏ ရှေ့နှင့်နောက်တွင် ဘွင် သုံးချက်ရှိသည်။ ဘွင်နှင့် ဝီထိတို့၏ အောက်တွင် သုညသေးသေးလေး(အမည်းစက်) သုံးစက်စီရှိသည်။ ထိုအမည်းစက်ကလေးများကို ဥပါဒ်၊ ဌီ၊ ဘင် ဟု ခေါ်သည်။ သည်လအတွက် တစ်ဝီထိမျှ ရေးပြလိုက်မည်။ နောက်လတွင် ဝီထိအကြောင်းကို နားလည်သည်အထိ ဆက်ရှင်းပြမည်။

## ဝီထိစဉ် (သတ္တဝါတို့၏ သံသရာလည်ပတ်မှုပုံ)

······ဘွင်··ဘွင်··ဘွင်··အတီတဘွင် ဘဝင်စလန ဘဝင်ပစ္ဆေဒ ပဉ္စဒွါရာဝဇ္ဇန်း စက္ခုဝိဉာဏ် သမ္ပဋိစ္ဆိုင်း သန္တီရဏ ဝုဋ္ဌော ဇော ဇော ဇော ဇော ဇော ဇော ဇော တဒါရုံ တဒါရုံ ဘွင် ဘွင် ဘွင်······

(အထက်ပါ ဝီထိကို အောက်မှာ ဇယားဆွဲပြဦးမည်။)

တစ်ဝီထိလျှင် ဝီထိစိတ်လုံးရေပေါင်း (၁၇)လုံးရှိပုံ

| | | | | | | | | | | | | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ဘွင် | ဘွင် | ဘွင် | တီ | န | ဒ | ပ | စ | သံ | သန် | ဝု | ဇ | ဇ | ဇ | ဇ | ဇ | ဇ | ဇ | ရုံ | ရုံ | ဘွင် | ဘွင် | ဘွင် |

■ မဟာထွန်း



www.burmeseclassic.com

www.burmeseclassic.com



# မယုံလျှင် ပုံပြင်သာမှတ်လိုက်ပါ

ဒေါက်တာသက်ဆွေ(M.D.)

( ရွှေဆောင်တင်ဆွေ ) (မင်္ဂလာဓမ္မဇောတိကဓဇ )

## အဌမပိုင်း

ကျွန်တော်၏ မွေးဖွားရာဇာတိနှင့် မိဘမျိုးရိုး အကြောင်းအရာများကို တင်ပြပါဦးမည်။ ဖခင်ဘက်မှ အဖေ ဦးဖိုးလှ၊ ၎င်း၏အစ်ကိုကြီး ဦးဖိုးမို၊ ၎င်းတို့၏ ဖခင် ကျွန်တော်၏အဘေးသည် အလောင်းမင်းတရား ဦးအောင်ဇေယျသားတော် ဘိုးတော်ဘုရား(သာလွန်မင်း တရား)ကြီးထံ အမှုထမ်းခဲ့သော မင်းမှုထမ်းများဖြစ် ကြောင်း၊ သိရှိရပါသည်။ ဦးဖိုးလှဇနီး ဒေါ်လှ ကျွန် တော်၏အဘွား၏ အဘေးသည် သာလွန်မင်းတရား ကြီးထံ ဝန်ကြီးဖြစ်ပြီး နွားများရှာ အပိုင်စားပေးသဖြင့် နွားများဝန်ကြီးဟု အမည်ရခဲ့ကြောင်း၊ အဘွားပြောပြ



www.burmeseclassic.com

www.burmeseclassic.com

သဖြင့် ငယ်စဉ်ကသိရှိခဲ့ပါသည်။ ယခင် နွားများရွာမှ ယခု နများရွာဟု ခေါ်ပါသည်။ ဒီပဲယင်းမြို့နယ်တွင် ရှိပါသည်။ ယခင် ယဉ်ကျေးရွာ၊ ယခု ရင်ကျဉ်းရွာသည် နများရွာနှင့် ကပ်လျက်ရှိပါသည်။ ကျွန်တော်၏ အဘိုးမှ ကျွန်တော်၏ဖခင် ကျောင်းဆရာကြီး ဦးဘတင်နှင့် အစ်ကို ကျောင်းဆရာကြီးဦးလူမော်ဟူသော သားနှစ်ယောက်ကို ရွှေဘို S.P.G Missran Sehort မှာ ထားပါသည်။ ထိုကျောင်းတွင်နေပါက ခရစ်ယာန်ဘာသာ ယူနိုင်းသည်ဟု သိရပါသည်။ အဘိုးက သားနှစ်ယောက်အား ဗုဒ္ဓဘာသာသာအကြောင်း ငယ်စဉ်မှ ဘကြီးဘုန်းတော်ကြီးကျောင်းမှာ သင်ကြားစေပြီး အင်္ဂလိပ်စာ တတ်မြောက်ရန် ဟန်ဆောင်ပြီး ခရစ်ယာန်ဘာသာ ဝင်နိုင်းပြီး သင်စေခဲ့ပါသည်။ ရည်ရွယ်ချက်က အင်္ဂလိပ်ကို တော်လှန်လျှင် အင်္ဂလိပ်လို စာတတ်မှဖြစ်မည်။ သူ့အရိုးနှင့် သူပြန်ထိုးမည်ဟု ပြောပါသည်။ ကျွန်တော်၏ဖခင်နှင့် ဦးကြီး(အညာခေါ်)တို့သည် အဘိုးလိုချင်သလို မဖြစ်လာဘဲ ကျောင်းဆရာကြီးများ ဖြစ်လာကြပါသည်။ ကျွန်တော်၏မိခင် ဆရာမကြီး ဒေါ်ငွေဘယ်၏ဖခင် ကျွန်တော်၏အဘိုးသည် ဦးဖိုးခင်ဖြစ်ပြီး ၎င်း၏အစ်ကို ဦးဖိုးထင်ဟု ညီအစ်ကို နှစ်ဦးသာ ရှိပါသည်။ အဘိုး၏ဖခင်သည် သာလွန်မင်းကြီးလက်ထက် သက်တော်ရှည်အမတ်ကြီးဖြစ်ပြီး ဘုရာမင်းမြတ်က ရွှေစလွယ်တော်ချီးမြှင့်ခံရသဖြင့် ရွှေစလွယ်တော်ရမင်းကြီးဟု အမည်တွင်ခဲ့ကြောင်း ကျွန်တော်၏ ဒေါ်လေး(ဒွေးလေး) ဒေါ်သိန်းငွေ ပြောပြ၍ သိရှိဖူးပါသည်။ ၎င်းပြင်ညောင်လှနမောမြောက်ကျောင်း ဆရာတော်ကြီး ပြောပြသည်မှာ မင်းတို့ အဘိုးနှစ်ယောက်ကို မင်းတို့အဘေးက အမွေခွဲပေးတော့ နွားတွေက အကောင်တစ်ထောင်လောက်ရှိတယ်။ မရေတွက်နိုင်တော့ နွားခြံကြီးကို တစ်ဝက်စီခွဲပေးရတယ်။ လယ်တွေကလည်းများတော့ သားကြီးက လယ်ကွက် ၁၅ ကွက်၊ သားငယ်က ၁၆ ကွက် ဝေယူဆိုပြီး ဝေပေးရတယ်။ လယ်တစ်ကွက်ဆိုလျှင် နှစ်ဧကလောက်ရှိတယ်။ တစ်ဧက ခြောက်တင်း၊ နှစ်ဧကဆိုတော့ ၁၂ တင်းကြီး မြေကွက်လို့ခေါ်တယ်။ ရွှေတွေဆိုရင် ပိဿာလေးနဲ့ချိန်ပြီး ခွဲပေးခဲ့ရတယ်လို့ ဆိုတယ်။ ဒီတော့ မင်းတို့အဘိုးအဘွားတွေက ချမ်းသာတာပေါ့ဟု ပြောပြခဲ့ဖူးပါသည်။ တကယ်ဆိုတော့ အဖေဘက်ကရော၊ အမေဘက်ကရော မင်းမှုထမ်းတွေ ဆိုပါတော့။ ကျွန်တော်လည်း မင်းမှုထမ်းမျိုးနွယ်မှာလာပြီး လူဝင်စားဖြစ်တယ်လို့ ယူဆရပါသည်။ ကျွန်တော်၏ဇနီး နန်းခင်ညွန့်ဆွေလည်း စော်ဘွားအဆက်အနွယ်မှ လာပြီးဖြစ်တော့ ကျွန်တော်တို့နှစ်ယောက်ဟာ ရန်ကုန်မှာလာပြီး ရေစက်ဆုံရတာဖြစ်မှာပေါ့။ ယခု ဒီပဲယင်းမြို့နယ်ထဲမှာ အဖေဘက်ကအမျိုးတွေက ကျေးရွာ ၃၀ ကျော်နဲ့ အမေဘက်က ကျေးရွာ ၂၀ ကျော်လောက် ရှိပါတယ်။ နှစ်ဖက်ဆွေမျိုးတွေ လက်ညှိုးထိုး မလွဲပါဘူး။ ဒါကြောင့် ကျွန်တော်၏ မိခင်ကြီးက ပုံခိုင်းလေး ပြောပြပါတယ်။ သား တို့အမျိုးတွေက ဘယ်လောက်များသလဲဆိုရင် မျက်လုံးထုတ်ပုတ်နဲ့တောင် မဆန့်ဘူးတဲ့။ ပုတ်ဆိုတာက အညာဒေသမှာ စပါးလှောင်တဲ့ဝါးနဲ့ ယက်လုပ်ထားတဲ့ စပါးကျည်ကို ခေါ်ပါတယ်။ ရာဝင်ပုတ်ဆိုရင် စပါးတင်း ၁၀၀ ဆံ့ပါတယ်။ ၅၀ ဝင်ပုတ်ဆိုရင် တင်း ၅၀ ဆံ့တာကို ခေါ်ဆိုခြင်း ဖြစ်ပါသည်။

ဒီပဲယင်းမြို့နယ်ထဲမှ ကျွန်တော်တို့ ဆွေမျိုးတွေဟာ စစ်သူကြီးဗန္ဓုလနဲ့ အင်္ဂလိပ်နယ်ချဲ့ တော်လှန်တဲ့ ရဲမက်တွေ အတော်များများ လိုက်ပါသွားကြတယ်လို့ ဆိုပါတယ်။ မဟာဗန္ဓုလ ဓနုဖြူတိုက်ပွဲမှာ ကျဆုံးတော့ အရပ်ကို ပြန်မလာတော့ဘဲ ဟိုင်းကြီးကျွန်းမှာ တပ်စွဲပြီး ရွာကို ပြန်မလာကြတော့ဘဲ အခြေချ နေထိုင်ခဲ့ကြတယ်လို့ မိဘများပြောပြ၍ သိရှိရပါတယ်။ ဒါကြောင့် ဟိုင်းကြီးကျွန်းနဲ့ မြစ်ဝကျွန်းပေါ် မြို့တွေမှာလည်း ကျွန်တော်တို့ဆွေမျိုးတွေ ရှိနေကြပါတယ်။ ဒီပဲယင်းမြို့နယ် သရက္ကန်ကျေးရွာသား ဂဠုန်ဆရာစံ-အင်္ဂလိပ်တော်လှန်တော့လည်း ကျွန်တော်တို့ဆွေမျိုးတွေ ပါသွားပါတယ်။ ဂဠုန်ဆရာစံ အဖမ်းခံရတော့ ရွာပြန်မလာကြတော့ဘဲ သာယာဝတီတို့ ပေါင်းတည်မြို့တို့မှာလည်း ကျွန်တော်တို့အမျိုးတွေ ရှိနေကြပါတယ်။ မိခင်၊ ဖခင်ဘက်မှ ဆွေမျိုးသားချင်းတွေသည် ခေတ်အဆက်ဆက် မင်းမှုထမ်းများ ဖြစ်ခဲ့ကြပြီး နယ်ချဲ့အင်္ဂလိပ်ကို တော်



www.burmeseclassic.com

www.burmeseclassic.com

လုန်ခဲ့ကြသော မျိုးချစ်ခေါင်းဆောင်များ ဖြစ်ခဲ့သော်လည်း စစ်သူကြီးမဟာဗန္ဓုလမှလွဲပြီး ရာဇဝင်တွင် စာတင်မခံခဲ့ရပါ။ သို့သော် လူမှာအမျိုး ကြက်မှာအရိုးဆိုသော စကားကဲ့သို့ ကျွန်တော်တို့ကိုယ်တိုင်ပင်လျှင် နယ်ချဲ့ကို မုန်းတီးသောစိတ်ဓာတ်က မွေးကတည်းက ပါလာပါသည်။ ဘေးကပြောတာထက် သွေးကပြောတာက ပို၍မှန်ကန်တတ်ပါသည်ဆိုသော စကားကဲ့သို့ ကျွန်တော် မန္တလေးကျောင်းနေစဉ် ခုနစ်တန်းကျောင်းသားဘဝ ကျောင်းသားတော်လှန်ရေး လုပ်ခဲ့စဉ် အိမ်တော်ရာ ၁၄ ခန်း ဇရပ်ကြီးတွင် ကျောင်းပေါင်းစုံကျောင်းသူ/သားများနှင့် ဈေးချိုမှ ပရိသတ်လူပေါင်း ၁၀၀၀ ကျော် တရားဟောခဲ့စဉ်က ဖ.ဆ.ပ.လ အစိုးရလက်ထက် ဟောခဲ့ပုံလေးကို အမြွက်မျှတင်ပြလိုက်ပါသည်။ "အခု လက်ရှိကျင့်သုံးနေတဲ့ ပညာရေးစံနစ်ဟာ နယ်ချဲ့မျက်နှာဖြူ အင်္ဂလိပ်အစိုးရ ချမှတ်ထားခဲ့တဲ့ မူအတိုင်း ကျင့်သုံးနေတယ်ဆိုတာ ထင်ရှားပါတယ်။ ကျွန်တော်တို့ ကျောင်းသားထုတစ်ရပ်လုံးကို ဖိနှိပ်ချုပ်ချယ်ပြီး ကြိုးနီစံနစ်ပဲ မဟုတ်ပါလား"ဟု ပြောလိုက်ရာ ပရိသတ်များ တစ်ခဲနက် လက်ခုပ်တီး ဩဘာပေးချီးကျူးကြပါတယ်။ ချောင်းရိုး–မြောင်းရိုးသာ တိမ်ကောပေမယ့် လူမျိုး–လူရိုးကတော့ မတိမ်ကောနိုင်ဘူးဆိုသော စာဆိုကဲ့သို့ နိုင်ငံရေးဝါသနာ ပါလာခြင်းလည်း ဖြစ်ပါသည်။ ကျောင်းထွက်ပြီးနောက် စာပေနယ်တွင် သတင်းထောက်လုပ်စဉ်ကလည်း ရပ်ကွက်နိုင်ငံရေးအဖွဲ့အစည်း၊ မြို့နယ်နိုင်ငံရေးအဖွဲ့အစည်း၊ လူမှုရေး၊ ဘာသာရေးအဖွဲ့အစည်းများတွင်လည်း တက်ကြွစွာ ပါဝင်ဆောင်ရွက် လုပ်ကိုင်ခဲ့ပါသည်။

အများအကျိုးဆောင် ကိုယ့်အကျိုးအောင် ဆိုသကဲ့သို့ ဝံသာနုရက္ခိတ စိတ်ဓာတ်ပါလာသဖြင့် အဖွဲ့အစည်းဖြင့် အမျိုးမျိုး အကျိုးဆောင်လုပ်ငန်းများ လုပ်ဆောင်နေရသည်ကို နှစ်ထောင်းအားရ ဖြစ်မိပါသည်။

ကျွန်တော် ငယ်စဉ်ကလေးဘဝမှစ၍ ကျောင်းနေသည့် အရွယ်အထိ မိဘများပြောပြသဖြင့် သိရှိရသည်များကို ပြန်လည်တင်ပြပါမည်။ ကျွန်တော်သည် သောကြာသား သိုက်ဖွားဖြစ်သဖြင့် ကျွန်တော်မွေးပြီး မိဘများ စီးပွားတက်သည်ဟု ဆိုပါသည်။ ကျွန်တော် နှစ်လ၊ သုံးလသား အရွယ်ကတည်းက မြူလျှင် ပြုံးတတ်ရယ်တတ်ပြီး လေးလသားအရွယ်တွင် ရှေ့သွားနှစ်ချောင်းပေါက်ပြီး စထိုင်နိုင်သည်ဟု ဆိုပါသည်။ ဝမ်းလျားမှောက် လေးဘက်လည်း သွားပါသည်။ ကျွန်တော်၏မျက်နှာမှာ အမြဲ ကြည်လင်ပြုံးရွှင်နေတတ်သဖြင့် မောင်တွတ်ကြည်ဟု ချစ်စနိုးမှည့်ထားကြောင်း သိရပါသည်။ တွတ်ကတော့ စကားမပီသေးသော်လည်း တွတ်တီးတွတ်တာပြော၍ဟု ဆိုပါသည်။ အိမ်နီးချင်းတွေက ခြောက်နှစ်၊ ခုနစ်နှစ်ထိ တွတ်ကြည်ဟုပင် ခေါ်ဆိုကြပါသည်။

အသက်သုံးနှစ်တွင် နာမည်ပေးကင်ပွန်းတပ်မင်္ဂလာကျင်းပရာ အစ်ကိုကြီး၊ အစ်မကြီးများနှင့် နာမည်ဆင်တူ ရန် မောင်ကြည်ဖေဟု ပေးပါသည်။ အစ်ကိုအကြီးဆုံးက ကိုကြည်မောင်၊ အစ်မကြီးက မကြင်မေ၊ အစ်မလတ်က မကြင်ရွှေ၊ အစ်မငယ်က မကြင်မြင့်၊ အစ်ကိုလေးက ကိုကြင်မောင် ဖြစ်သောကြောင့် ကျွန်တော်အငယ်ဆုံး သားကိုလည်း မောင်ကြင်ဖေဟု မှည့်ခေါ်ပါသည်။ ငါးနှစ်ပြည့်သောအခါ ရွာထိပ်ရှိ အကျုံးပင်ဘုန်းတော်ကြီးကျောင်းသို့ အပ်နှံပါသည်။ ယခင်က အစိုးရအထက်တန်းကျောင်းဖြစ်ခဲ့သော်လည်း ခေတ်ပျက်သဖြင့် ဘုန်းတော်ကြီးကျောင်းသာ ရှိပါသည်။ ကျောင်းထိုင်ဘုန်းကြီးက ဘကြီးဘုန်းကြီး ဖြစ်သဖြင့် ဦးပဉ္စင်းများအား ဂရုတစိုက်သင်ပေးရန် အမိန့်ပေးပါသည်။ တစ်နှစ်အတွင်း သင်ပုန်းကြီး ကျေပါသည်။ ခုနစ်သားတွင် ဆယ်စောင်တွဲ တစ်အုပ်လုံးကုန်ပြီး သင်္ဂြိုဟ် (၉)ပိုင်းပါ သင်ရပါသည်။ ရှစ်နှစ်သားတွင် ပါဠိ သဒ္ဒါများ သင်ကြားရပြီး ဉာဏ်ကောင်းသဖြင့် စာများကျေညက်အောင်ရသောကြောင့် ဘကြီးဘုန်းကြီးမှ ကိုးနှစ်သားအရွယ် ကိုရင်လေးများနှင့် ကျောင်းသားလေးများကို စာပြန်သင်ပေးရပါသည်။ မန္တလေးကောလိပ်တွင်တက်နေသော ကျွန်တော်၏အစ်ကိုကြီးက နွေရာသီကျောင်းပိတ်ရက်များ ပြန်လာလျှင် အင်္ဂလိပ်စာနှင့်သင်္ချာသင်ပေးပါသည်။ ညအိပ်ရာဝင်တိုင်း အဘွားက ရာဇဝင်များပြောပြသဖြင့် ၁၁ နှစ်သား မန္တလေးမြို့ စိန်တောင်



www.burmeseclassic.com

www.burmeseclassic.com

အလယ်တန်းကျောင်း ခြောက်တန်းကျောင်းပြောင်း လက်မှတ်ဖြင့် တက်စဉ် သမိုင်းနှင့်သင်္ချာ ဂုဏ်ထူးမှတ် ရပါသည်။ အမှန်အတိုင်း ဝန်ခံရမည်ဆိုပါလျှင် ကျွန်တော်သည် လေးတန်းလည်း မဖြေခဲ့ရပါ၊ ငါးတန်းလည်း မဖြေခဲ့ရပါ။ ကျွန်တော်၏ဖခင်သည် ယခင် ၁၀ တန်းကျောင်းအုပ် လုပ်ခဲ့သောကြောင့် ခြောက်တန်းကျောင်းပြောင်းလက်မှတ် ထုတ်ပေးပြီး ကျောင်းတက်ခဲ့ရခြင်း ဖြစ်ပါသည်။ ထို့အပြင် အတန်းတိုင်း သင်္ချာ၊ သမိုင်း ဂုဏ်ထူးများဖြင့် အောင်ပါသည်။ ထိုကဲ့သို့ အောင်မြင်ခြင်းသည် ကျွန်တော်၏ကြိုးစားမှုနှင့် နောင်တော် နတ်မင်းကြီး၏ ကူညီမစမှု ဖြစ်ပါသည်။

ကျွန်တော် မန္တလေးမြို့ စိန်တောင် အလယ်တန်းကျောင်းတွင် ခြောက်တန်းစတက်စဉ် ကျွန်တော့်ဖခင်ကြီးက မိုးကောင်းကျောင်းတိုက် ဆားတောင်မ (၅)ရွာ ဆရာတော်ကြီးထံ အပ်နှံပြီး ဘုန်းကြီးကျောင်းတွင် နေရပါသည်။ နံနက်စောစော ထမင်းဟင်းများချက်၍ နံနက်စောစောစားပြီး အစ်ကိုကြီးနှင့် ကျွန်တော် ကျောင်းသွားရပါသည်။ ညနေ ကျောင်းမှပြန်ရောက်သော် ထမင်းဟင်းများ နွှေးစားရပါသည်။ ပထမပိုင်းတော့ အစ်ကိုကြီးက ချက်ကျွေးပြီး နှစ်လခန့်ကြာသောအခါ ကျွန်တော့်ကိုသင်ပေးပြီး ချက်ကျွေးရပါသည်။ အတန်းတင်စာမေးပွဲ ဖြေဆိုခါနီးတွင် ကျွန်တော်၏မိခင်ကြီး လိုက်လာရာ ကျွန်တော်ကိုယ်တိုင် ထမင်းဟင်းချက်နေသည်ကို မြင်တွေ့ရာ စိတ်မချမ်းမသာဖြစ်ပြီး နွေရာသီကျောင်းပိတ်တာနဲ့ မန္တလေးမြို့ အနောက်တောင်မြို့နယ် ပုလိုင်းရပ်သို့ အိမ်တစ်လုံးငှားပေးပါသည်။ ခုနစ်တန်းတက်သောနှစ်တွင် အိမ်နီးချင်းဖြစ်သူ ဘားမားလိုက်ဆပ်ပြာကုမ္ပဏီပိုင်ရှင် ဦးလွန်းပြေ၊ ဒေါ်မြခင်တို့က မွေးစားပြီး ရှင်ပြုပေးပါသည်။ ကျောင်းလည်း ဆက်ထားပေးသည့်ပြင် လိုလေသေးမရှိ သားရင်းကဲ့သို့ပြုစုစောင့်ရှောက်မှုကို ခံခဲ့ရပါသည်။ ထိုကဲ့သို့ ဖြစ်လာသည်မှာလည်း နောင်တော်ကြီး၏ မစမှုပါ။

ကျွန်တော် ကျောင်းသားဘဝမှ လုပ်ငန်းခွင်များဝင်ရောက်လုပ်ကိုင်ပြီး နိုင်ငံရေးအဖွဲ့အစည်းများ၊ လူမှုရေးအဖွဲ့အစည်းများ၊ ဘာသာရေးအဖွဲ့အစည်းများတွင် ဝင်ရောက်လုပ်ကိုင်ရာ အားလုံးအောင်မြင် ချောမွေ့သည်က များပါသည်။ တစ်ခါတစ်ရံ အတိုက်အခံများ ပေါ်လာပြီး စိတ်ဆင်းရဲစရာ၊ စိတ်ညစ်စရာများ ကြုံတွေ့ရသော်လည်း စိတ်မညစ်တတ်ပါ။ ပြုံး၍ပင် နေပြလိုက်ပါသေးသည်။ ကျွန်တော့်အား ဂုဏ်သိက္ခာကျအောင်ပြောသော ပုဂ္ဂိုလ်များကိုလည်း အတိုက်အခံပြန်မပြောဘဲ ပြုံး၍ပင်ပြလိုက်ပါသေးသည်။ ထိုအတိုက်အခံပြောသောပုဂ္ဂိုလ်၏ အားနည်းချက် (Week Point)များကို လေ့လာပြီး ၎င်းအထက်လူကြီးအား စာတင်လိုက်သောအခါ သုံးလအတွင်း ပြောင်းသွားရပါသည်။ အချို့က ရာထူးလျှော့ခံပြီး ပြောင်းရသူများလည်းရှိပါသည်။ ထိုစဉ်က အမှတ်(၉)နယ်မြေ န.လ.က ဥက္ကဋ္ဌက ဗိုလ်မှူးဖြစ်ပါသည်။ မြို့နယ်အဖွဲ့ အစည်းအဝေးများတွင် ကျွန်တော့်အား မတရားစွပ်စွဲဝေဖန်သူများ သုံးလအတွင်း ပြောင်းသွားကြရသည်မှာ သုံးလေးဦးမျှ ဖြစ်လာသောအခါ မြို့နယ်အစည်းအဝေးကြီးတစ်ခုတွင် န.လ.က ဥက္ကဋ္ဌ ဗိုလ်မှူးမှ ဒီနေ့တော့ ဆရာသက်ဆွေ မပြုံးသေးဘူး။ ဘယ်သူမှလည်း အတိုက်အခံမပြောကြသေးဘူး။ အေး...ပြောရင်တော့ သတိထားကြပါ။ ဆရာသက်ဆွေပြုံးလျှင် ပြောင်းရမည်သာမှတ်ဟု ပြောရာ အားလုံးရယ်ကြပါတော့သည်။ ထိုကဲ့သို့ ဖြစ်သည်မှာ ကျွန်တော်သည် သတင်းစာဆရာ၊ စာရေးဆရာဖြစ်သဖြင့် တစ်ဖက်သား၏ အပြစ်များကို ခိုင်လုံစွာ လေ့လာပြီးမှ ၎င်း၏ဌာနအကြီးအကဲထံ ပေးပို့ရာတွင် ဝန်ကြီးဌာန၊ ထောက်လှမ်းရေးဌာန၊ ပြည်ထဲရေးဌာနပါမကျန် မိတ္တူများပေးသောအခါ အရေးမယူဘဲမရတော့ပါ။ ထိုကဲ့သို့ ဆောင်ရွက်တိုင်း နောင်တော်နတ်မင်းကြီးအား တိုင်တည်ပင့်ဖိတ်ကာ ဆောင်ရွက်သဖြင့် အောင်မြင်မှုများ ရရှိခဲ့သည်ဟု ယုံကြည်ယူဆမိပါတော့သတည်း။


ဒေါက်တာသက်ဆွေ(M.D.)
(ရှေ့ဆောင်တင်ဆွေ)(မင်္ဂလမွှေ့ဓာတိကမခ)

❐



www.burmeseclassic.com

www.burmeseclassic.com



## ကွယ်လွန်သူအတွက်

# ရည်ရွယ်ပြုလုပ်တဲ့ ကုသိုလ်

ဆရာဝင်း(သာကီနွယ်)

ကျွန်တော် မဂ္ဂဇင်းတွေမှာ တစ်ခါမှ စာမရေးဖူးသေးပါ။ ဒါပေမယ့် ကျွန်တော့်ရဲ့ ပရလောကရဲ့ အတွေ့အကြုံကို အများပြည်သူကို အသိပေးတင်ပြသွားချင်ပါတယ်။ ရည်ရွယ်တာကလည်း ဗုဒ္ဓဘာသာကို လေးလေးစားစား သက်ဝင်ယုံကြည်စေချင်လို့ပါပဲ။ ကျွန်တော့်ရဲ့ ထူးခြားဆန်းကြယ်တဲ့ ပရလောက အတွေ့အကြုံများအကြောင်းကို မရေးမီ စာဖတ်သူအနေနဲ့ ကျွန်တော့်အကြောင်းကို အနည်းငယ်သိဖို့ လိုမယ်ထင်ပါတယ်။ ဘာကြောင့်လဲဆိုရင် အကြောင်းအရာ အတော်များများဟာ စာဖတ်သူတို့အတွက် အထူးအဆန်းချည်း ဖြစ်နေတာကြောင့် စိတ်ကူးယဉ် လုပ်ကြံရေးသားတယ် ထင်မှာစိုးလို့ ဖြစ်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်ဟာ ဘာသာရေးကို အသက် ၁၄ နှစ် အရွယ်ကပင် လိုက်စားခဲ့ပြီး ဂုဏ်တော်ပုတီးစိပ်ခဲ့ပါတယ်။ အသက် ၂၁ နှစ်လောက်ကစပြီး ညဥ့်တိုင်း ပုံမှန်ဘုရားရှိခိုး၊ ပုတီးစိပ်၊ ပရိတ်ရွတ်၊ မေတ္တာပို့ အမျှဝေတဲ့ လုပ်ငန်းတွေ ဆောင်ရွက်ခဲ့ပါတယ်။ ဒါကြောင့်လည်း အသက် ၂၆ နှစ် လောက်ကစပြီး ဝိဇ္ဇာကြီးများရဲ့ စောင့်ရှောက်မှုကို ရရှိခဲ့ပါတယ်။ အသက် ၅၀ လောက်ရောက်လာတဲ့အခါမှာ ကျွန်တော့်တဝမှာ ရှေ့ဖြစ်မယ့် အိပ်မက်တွေ မြင်မက်ခြင်း၊ တစ်ခါတစ်ရံ ပုတီး စိပ်တဲ့အခါ တစ်ခါမျှမမြင်ဖူးတဲ့ ဆရာတော်ကြီးများ ဖူးတွေ့ရ ခြင်း၊ ရသေ့များ၊ ဝတ်ဖြူစင်ကြယ်နဲ့ပုဂ္ဂိုလ်များ အာရုံတွင် မြင်ရ ခြင်း၊ ရုပ်ပွားစေတီများ ဖူးမြင်ရခြင်း စတဲ့ ထူးခြားတဲ့ အာရုံ နိမိတ်တွေ ရလာပါတယ်။ တစ်ခါတစ်ရံ စကားပြောသံ၊ မိမိ နာမည်ခေါ်သံလိုလို ကြားရပါတယ်။ အသံကလည်း ဘယ် အရပ်က လာတယ်ဆိုတာ မဝေခွဲနိုင်ပါဘူး။ ဒီလိုနဲ့ ကျွန်တော် ဘုရားရှိခိုး၊ ပုတီးစိပ်၊ ဂုဏ်တော်တွေ၊ မန္တန်တွေ ဝတ်မပျက် အားထုတ်လာခဲ့တာ အခု ကျွန်တော့်အသက် ၆၀ ကျော် အထိပါပဲ။

**ယခု ကျွန်တော်တင်ပြချင်တာက ကွယ်လွန်သူ အတွက် ရည်ရွယ်ပြီး ပြုလုပ်တဲ့ ကုသိုလ်ကောင်းမှုတွေ ဟာ ကွယ်လွန်သူအတွက် တကယ်ရရဲ့လားဆိုတဲ့ အချက်ပါပဲ။**

၂၀၀၆ ခုနှစ်၊ ဩဂုတ်လဆန်းပိုင်း တစ်ညမှာ ကျွန်တော် ၂ နာရီလောက်မှာ အိပ်ရာက နိုးနေပါတယ်။ ကျွန်တော်က အိပ်ခန်းပြတင်းတံခါးကိုဖွင့်ပြီး အိပ်လေ့ရှိပါတယ်။ အဲဒီအချိန်မှာ ကျွန်တော် ခေါင်းလိမ်းဆီနံ့ ခပ်ရိုင်းရိုင်းအနံ့ ရတယ်။ ဒီအချိန်ကြီးမှာ ဘယ်ကခေါင်းလိမ်းဆီနံ့က ရနေပါ လိမ့်လို့လည်း တွေးနေပါတယ်။ အဲဒီအချိန်မှာ ကျွန်တော် ညာဘက်လက်က ထောင်ထားတော့ လက်က သူ့အလို အလျောက် လှုပ်လာပါတယ်။ ဒါထူးဆန်းတာပဲဆိုပြီး အခုလက် ကို လှုပ်တဲ့ပုဂ္ဂိုလ်ဟာ ဝိဇ္ဇာလား၊ နတ်လား၊ သိုက်ကလား၊ တစ္ဆေလားလို့ မေးတော့ တစ္ဆေလို့ လက်လှုပ်ပြီး ဖြေပါတယ်။ ဘယ်ကတစ္ဆေလဲမေးတော့ မန္တလေးက ငယ်သူငယ်ချင်း စိန်အောင်ကြီး ဖြစ်နေပါတယ်။ အဲဒီအချိန်မှာ သူ့ရုပ်ရည်ကို မြင်ရပါတယ်။ လူတုန်းကအတိုင်းပါပဲ။ သူက လွန်ခဲ့တဲ့ နှစ်နှစ် လောက်က နလုံးရောဂါနဲ့ အသက် ၆၀ လောက်မှာ ကွယ် လွန်သွားတာပါ။ မင်း ဘယ်မှာရောက်နေသလဲလို့ မေးတော့ သူ မန္တလေးနန်းတော်ကြီး မြောက်ဘက်က သုဓမ္မာဇရပ် အနောက်ဘက်ဆုံးက ရေတွက်လျှင် ဒုတိယမြောက်စုရပ်မှာ နေတယ်လို့ ပြောပါတယ်။ သူကွယ်လွန်တော့ သူ့မှာ ဇနီးနဲ့ သားသမီးတွေ ကျန်ရစ်ပါတယ်။ အဲဒီတော့ ငါက မင်းအတွက် ဘာလုပ်ပေးရမလဲလို့မေးတော့ သူက မန္တလေးက သူ့အစ်မ တွေ၊ နမတွေဆီကို သူ့အတွက် မဟာမြတ်မုနိဘုရားကြီးမှာ သူမွေးနေ့ ခုအင်္ဂါနေ့မှာ ဆွမ်းတော်ကပ်လှူဖို့၊ သီလသမာဓိနဲ့ ပြည့်စုံတဲ့ ဘုန်းကြီးတစ်ပါးကိုလည်း သင်္ကန်းကပ်လှူ အမျှပေး ဝေဖို့ ပြောပါတယ်။ နောက် သူက ပြောတာတွေက အများ ကြီးပါ။ သူ့သားသမီး၊ သူ့အစ်မတွေရဲ့ စီးပွားရေး၊ ကျန်းမာရေး ကိစ္စတွေပါ။ နောက်တစ်နေ့မှာ ကျွန်တော် မန္တလေးကို ဖုန်း ဆက်ပြီး သူ့ဟာတွေကို သူ့အစ်မ၊ ညီမတွေကို ပြောလိုက်ပါ တယ်။ သူတို့လည်း ခိုင်းတဲ့အတိုင်း ဆောင်ရွက်ပေးမယ့် အကြောင်း ပြောပါတယ်။ နောက်လေး-ငါးရက်နေတော့ သူ့ အစ်မဆီက ဖုန်းလာပါတယ်။ သူ့မောင်အတွက် မဟာမြတ်မုနိ ဘုရားကြီးကိုလည်း ဆွမ်းကပ်တဲ့အကြောင်း၊ မစိုးရိမ်တိုက်သစ် က ဆရာတော်တစ်ပါးကို သင်္ကန်းကပ်လှူတဲ့အကြောင်း၊ ဘုရားကြီး ဆွမ်းတော်မကပ်ခင် သူ့ရှိရာ သုဓမ္မာဇရပ်ကို သွားခေါ်တဲ့အကြောင်း၊ ဆွမ်းတော်ကပ်နေစဥ် အစ်မဖြစ်သူ ကြက်သီးတွေ ထတဲ့အကြောင်း ပြောပါတယ်။ ကျွန်တော့်ဆီ ကို သူ့မောင်က ဘာတွေများ လာပြောသေးလဲ၊ အမျှဝေတာ ရရဲ့လားပေ့ါ။ ကျွန်တော်လည်း ဘာမျှ အဆက်မသွယ်မရသေး တဲ့အကြောင်း၊ ရလျှင် ပြန်ပြောပါမယ်လို့ ပြောလိုက်ရပါတယ်။

နောက်နှစ်ရက်လောက်နေတော့ ည နာရီပြန်တစ်ချက် လောက်က ကျွန်တော်တစ်ရေးနိုးနေခဲ့စဥ်မှာပဲ ကျွန်တော့် သူငယ်ချင်း ရောက်လာပါတယ်။ သူက နတ်ဝတ်နတ်စားနဲ့ ဖြစ်နေပါတယ်။ မင်း ဘယ်ဘုံရောက်နေတာလဲ မေးတော့ သူက တာဝတိံသာနတ်ပြည်ရောက်နေကြောင်း၊ သူလာတဲ့ကိစ္စ က ကျွန်တော်နဲ့ သူ့အစ်မတွေကို ကျေးဇူးတင်တဲ့အကြောင်း ပြောချင်လို့ လာတာဖြစ်ကြောင်း ပြောပါတယ်။ နောက် ကျွန်တော်နဲ့ သူနဲ့ မေးမြန်းဆွေးနွေးတဲ့ တာဝတိံသာနတ်ပြည် အကြောင်း၊ အခြားနတ်ပြည်က ကျွန်တော့်အမျိုးတွေနဲ့ မေး



www.burmeseclassic.com

www.burmeseclassic.com

[illegible]လို့ရတဲ့ နတ်ပြည်ခြောက်ထပ်အကြောင်းတွေ တင်ပြပါမယ်။

ကျွန်တော်တို့တစ်တွေဟာ ကွယ်လွန်သူကို ကောင်းရာသုဂတိ လားဖို့အတွက် ကုသိုလ်ကောင်းမှုတွေ ပြုလုပ်ကြပါတယ်။ ဒါပေမယ့် ကျွန်တော့်ဆီ လာရောက်ဆက်သွယ်တဲ့ ပရလောကမှ အတွေ့အကြုံအရ သူတို့က အလှူခိုင်းတဲ့ ပစ္စည်း၊ အစားအသောက်တို့ကို ဘုရားအလှူခိုင်းရင် ဘုရား၊ ဘုန်းကြီးအလှူခိုင်းလျှင် ဘုန်းကြီး၊ အများပြည်သူအတွက် လှူပါဆိုလျှင် အများပြည်သူကို လှူမှ သူတို့ဘဝ ကျွတ်ပါတယ်။ ဒီက လှူတာက တစ်မျိုး၊ သူတို့ လှူစေချင်တာက တခြား ဖြစ်နေလျှင် နှစ်ပေါင်းများစွာ ကြာနေတတ်ပါတယ်။ တချို့ လှူမည့်သူမရှိ၍ နှစ်ပေါင်း ၅၀၀/၆၀၀ တစ္ဆေဘဝ၊ သိုက်ဘဝ၊ နတ်ဘဝတွေမှာ ကြာမြင့်နေတာတွေ ရှိပါတယ်။ သူတို့ခိုင်းတာ လှူလို့ အမျှဝေလို့ အမျှရလျှင် တချို့ ချက်ချင်း ကျွတ်ပြီး အလွန်ဆုံး သုံးရက်နေလျှင် ဘဝပြောင်းသွားတာပါပဲ။

နောက်အဖြစ်အပျက်တစ်ခုကို တင်ပြချင်ပါတယ်။ ကျွန်တော့်ရဲ့ဇနီးသည်ဟာ လွန်ခဲ့တဲ့ အနှစ် ၂၀ လောက်က ကွယ်လွန်ခဲ့ပါတယ်။ မြန်မာနိုင်ငံအထက်ပိုင်းက မြို့ငယ်တစ်ခုမှာ ကွယ်လွန်ခဲ့တာပါ။ ကျွန်တော်လည်း သူ့အတွက် တတ်နိုင်သလောက် ကုသိုလ်ကောင်းမှုတွေ ပြုလုပ်ခဲ့ပါတယ်။ သူသေဆုံးပြီး နှစ်လလောက်နေတော့ အညာဘက်က (----)ခရိုင်မြို့က ဘုရားတစ်ဆူမှာ သိုက်စောင့်ဖြစ်နေတယ်လို့ အကြားအမြင်ရတဲ့ အမျိုးသမီးတစ်ယောက်က ဟောပါတယ်။ ကျွန်တော် သိပ်မယုံပါဘူး။ ဒါနဲ့ ၁-၈-၂၀၀၆ နေ့ညမှာ သူရောက်လာပါတယ်။ သူ့ကို အထင်အရှားမြင်ရတာပါပဲ။ သူ ကျွန်တော်တို့မိသားစုနေတဲ့ ရန်ကုန်အိမ်ကို မရောက်ဖူးပါဘူး။ သူဘယ်လိုလာရတယ်၊ ကျွန်တော်တို့အိမ်ထဲဝင်ဖို့ ဘယ်နှရက်ကြိုးစားရတယ်ဆိုတာ မရေးတော့ပါဘူး။ သူက သိုက်က ကျွတ်ချင်တဲ့အကြောင်း ပြောပါတယ်။ မင်းသိုက်က ကျွတ်ဖို့အတွက် ငါဘာတွေဆောင်ရွက်ပေးရမလဲ မေးတော့ ဆရာတော်တစ်ပါးကို စာအုပ်နှစ်ဒါဇင် လှူပေးဖို့ ပြောပါတယ်။ ဒါနဲ့ နောက်လပြည့် ဥပုသ်နေ့ကို တိုက်ရှေ့ ဓမ္မာရုံလာဖို့၊ အဲဒီမှာ သီလပေးတဲ့ ဆရာတော်ကို ကပ်လှူပေးမယ်လို့ ပြောလိုက်ပါတယ်။

လပြည့်နေ့ရောက်တော့ ကျွန်တော်တို့ ရပ်ကွက်ဓမ္မာရုံမှာ သီလပေးတဲ့ ဆရာတော်ကြီးကို သီလမယူခင် ဗလာစာအုပ်နှစ်ဒါဇင်လှူလိုက်ပါတယ်။ ဆရာတော်က ဆွမ်းကပ်တာ၊ သီလယူတာ၊ ဝတ္ထုငွေကပ်တာ၊ စာအုပ်လှူတာကို သီလပေးပြီးတဲ့အချိန်မှာ ရေစက်ချပါတယ်။ ကျွန်တော်တို့ဓမ္မာရုံက ကျွန်တော်အပါအဝင် လူကြီးလေးငါးယောက်က ရေစက်ခွက်နဲ့ ရေစက်ချပါတယ်။ အဲဒီအချိန်မှာ ကျွန်တော့်ဇနီးဟာ ကျွန်မတော့်ဘေးမှာ ရေစက်ခွက်နဲ့ ရေစက်ချနေတာ တွေ့ရပါတယ်။ သူက ရေစက်ခွက်နဲ့ ရေစက်ချတဲ့ ကရားအိုးလေး ဘယ်ကဘယ်လို ရလာသလဲ မသိဘူး။ သူက ချိတ်ထဘီအဖြူခံမှာ အနီရောင်ချိတ်နဲ့ အင်္ကျီက အဖြူရောင် လက်ရှည်ဝတ်ထားတာ တွေ့ရပါတယ်။ ရေစက်ချပြီးလို့ အမျှသုံးကြိမ်ဝေလိုက်တော့ သူ့အသားအရေတွေ ပို၍ စိုပြည်ဝင်းဝါလာတယ်။ အဝတ်အစားတွေကလည်း ပိုးအင်္ကျီ၊ ပိုးထဘီ၊ မူလအဆင်အတိုင်းပါပဲ။ ပို၍ တောက်ပြောင်လာတာ တွေ့ရပါတယ်။ သူ့အမျှကိုရလို့ အဆင့်ထိုက်သလောက် မြင့်သွားတယ် ထင်တာပဲ။ ခဏနေတော့ သူပျောက်သွားတယ်။

တစ်ပတ်ခန့်နေတော့ မနက် ၅ နာရီလောက်မှာ သူ ရောက်လာပြန်တယ်။ ဒီတစ်ခါတော့ သူက တိုက်ပန်းကန်ပြား

လွန်ခဲ့တဲ့ တစ်နှစ်လောက်က ကျွန်တော့်ယောက်ဖ ကိုအေးဖေ တစ်ည ကျွန်တော့်ဆီရောက်လာပါတယ်။ သူက တစ္ဆေဘဝနဲ့ သူ့သမီးတွေနေတဲ့ ဧရာဝတီမြစ်ကမ်းက ရွာတစ်ရွာက သစ်ပင်ကြီးတစ်ပင်မှာ နေရတဲ့အကြောင်း၊ သူ့အတွက် တစ္ဆေဘဝကကျွတ်ဖို့ ပြည်သူ့ဆေးရုံမှာ ဆေးနှစ်သောင်းဖိုး လှူပေးဖို့ ပြောပါတယ်။



www.burmeseclassic.com

www.burmeseclassic.com

သုံးချပ်ကို ဘုန်းကြီးလှူပေးဖို့ ပြောပါတယ်။ ဒါနဲ့ ကျွန်တော်လည်း မနက် ၈ နာရီလောက် ဈေးသွားဝယ်ပြီး ဆွမ်းခံကိုယ်တော်သုံးပါးကို လှူဖို့ စီစဉ်တာပါ။ သူ့ကိုလည်း ဒီနေ့မနက်အိမ်မှာပဲနေဖို့ ပြောလိုက်ပါတယ်။ ဘုန်းကြီးတွေကြွမလာခင်မှာ သူက ဧည့်ခန်းမှာနေလိုက်၊ သူ့သမီးတွေနေတဲ့ အခန်းထဲသွားလိုက် လုပ်နေပါတယ်။ မနက် ၈း၃၀ နာရီလောက်မှာ တောင်ဥက္ကလာမှာနေတဲ့ သမီးလည်းရောက်လာပါတယ်။ သမီးလတ်ကိုတွေ့တော့ သူက နမ်းတာတွေ့ရပါတယ်။ သူ့ရဲ့အချစ်ဆုံးသမီးလည်း ဖြစ်ပါတယ်။ ကျွန်တော်က သမီးနှစ်ယောက်ကို ‚ သမီးတို့အမေရောက်နေကြောင်း။ သူ့အတွက် တိုက်ပန်းကန်ပြားသုံးချပ် အလှူခိုင်းတဲ့အတွက် ဦးပဉ္ဇင်းသုံးပါးကို လှူမည့်အကြောင်း ပြောပါတယ်။ သူတို့လည်း မမြင်ရပေမယ့် စိတ်မကောင်းကြပါဘူး။ ၉ နာရီကျော်ကျော်လောက်မှာ ဆွမ်းခံဦးပဉ္ဇင်းသုံးပါး ရှေ့ဆင့်နောက်ဆင့်ဆိုသလို ကြွလာပါတယ်။ ကျွန်တော့်ဇနီးကိုလည်း ကုလားထိုင်တစ်လုံးမှာ ထိုင်စေပါတယ်။ သူကိုယ်တိုင် ပန်းကန်ပြားလှူတာကို ကြည်ညိုစေပါတယ်။ သုံးပါးမြောက်လည်း ပန်းကန်ပြားလှူပြီးရော သူ့အဝတ်အစားတွေဟာ နတ်သမီးအဝတ်အစားတွေ ပြောင်းသွားတာ တွေ့ရပါတယ်။ သူက တာဝတိံသာနတ်ပြည် သွားရမည့်အကြောင်း ပြောပါတယ်။ ကျွန်တော်က သမီးနှစ်ယောက်ကို သမီးတို့ကန်တော့ကြလို့ သူ့အမေထိုင်တဲ့ ထိုင်ခုံဘက်ကို ကန်တော့ခိုင်းပါတယ်။ သမီးတွေလည်း စိတ်မထိန်းနိုင်ဘဲ ငိုကြပါတယ်။ သူတို့အမေလည်း မျက်ရည်တွေကျတာ မြင်ရပါတယ်။ သမီးတွေငိုတော့ ကျွန်တော်လည်း မျက်ရည်မထိန်းနိုင်တော့ပါဘူး။ အခု ဒီစာကို ဘုရားခန်းမှာ ကျွန်တော်ရေးနေစဉ်မှာပဲ ကျွန်တော့်ဇနီး သူ့အကြောင်းရေးနေတာ သူသိလို့ လာတာထင်တယ်။ သူ နတ်ပြည်ရောက်ပြီးမှ တစ်ခါမှမလာဖူးသေးဘူး။ ကျွန်တော်က မင်းအကြောင်းရေးနေတာ၊ မင်းသဘောမတူဘူးလားလို့ မေးတော့ ရေးပါ သဘောတူပါတယ်ငို့ ပြောပါတယ်။ သူ့နောက်က နတ်သားတစ်ယောက်လည်း ပါလာတာမို့ အဲဒီနတ်သားက မင်းခင်ပွန်းလားလို့မေးတော့ သူက ဟုတ်တဲ့အကြောင်းပြောပါတယ်။ သူ့မြေးငယ်လေးဟာ သူနဲ့ တစ်ခုသောဘဝက သူ့တူမ ဖြစ်ခဲ့တဲ့အကြောင်း ပြောပါတယ်။ သူ့ရုပ်လက္ခဏာက လူ့ဘဝက မျက်နှာမျိုးနဲ့ အသားအရေ ပိုပြီးဝင်းပ ပိုလှနေတာ တွေ့ရပါတယ်။ ခဏနေတော့ ပျောက်သွားပါတယ်။

နောက်အဖြစ်အပျက်တစ်ခုက ကျွန်တော့်ယောက်ဖ ဖြစ်သူ ကိုအေးဖေဟာ လွန်ခဲ့တဲ့ အနှစ် ၃၀ လောက်က ကသာခရိုင်က မြို့နယ်တစ်နယ်မှာ အသည်းရောဂါနဲ့ ကွယ် လွန်ခဲ့သူပါ။ ကျွန်တော့်အစ်မနဲ့ သမီးတွေက သူ့အတွက် ကုသိုလ်ကောင်းမှုကို နှစ်စဉ်လိုပဲ ပြုကြပါတယ်။ ဒါပေမယ့် အဲဒီကုသိုလ်ကောင်းမှုတွေအတွက် သူတို့အဖေ ရပုံမပေါ် ဘူး။ လွန်ခဲ့တဲ့ တစ်နှစ်လောက်က ကျွန်တော့်ယောက် ကိုအေးဖေ တစ်ည ကျွန်တော့်ဆီရောက်လာပါတယ်။ သူ တစ္ဆေဘဝနဲ့ သူ့သမီးတွေနေတဲ့ ရောဝတီမြစ်ကမ်းက ရွာ တစ်ရွာက သစ်ပင်ကြီးတစ်ပင်မှာ နေရတဲ့အကြောင်း၊ သူ့ အတွက် တစ္ဆေဘဝကကျွတ်ဖို့ ပြည်သူ့ဆေးရုံမှာ ဆေး နှစ်သောင်းဖိုး လှူပေးဖို့ ပြောပါတယ်။ ဒါနဲ့ အစ်မနဲ့ တူ တွေဆီ အကျိုးအကြောင်း စာရေးပြီး မှာလိုက်ပါတယ်။ တစ်လခန့်နေတော့ ဆေးရုံကို ဆေးလှူလိုက်တော့ ကျွန်တော် ယောက်ဖဖြစ်သူ ကိုအေးဖေဟာ ဝဿဝတီနတ်ပြည်မှာ နတ်သားအဖြစ် ရောက်သွားပါတယ်။ သူကိုယ်တိုင် ကျွန်တော် ဆီရောက်လာပြီး ပြောတာပါ။ အဲဒါပါပဲ။ ကွယ်လွန်သူအတွက် ကျွတ်လွတ်စေဖို့ ကုသိုလ်ကောင်းမှုပြုတဲ့အခါ သူ့ဆန္ဒနဲ့ ကိုက် ညီတဲ့ အလှူကို ပြုမှ ပရလောကခေါ်တဲ့ တစ္ဆေဘဝ၊ သိ စောင့်ဘဝ၊ နတ်ဘဝ(အောက်နတ်တွေကို ဆိုလိုတာပါ) ကျွတ်ပါတယ်။ သိုက်က ပုဂ္ဂိုလ်တွေက တချို့ ကျွတ်ချင်တယ် တချို့ကျတော့လည်း သိုက်ဘဝကိုပဲ ပျော်မွေ့နေတာ တွေ့ ပါတယ်။ အဲဒါ သူတို့ ‚ ကျွတ်ဖို့အတွက် သူတို့ဆွေမျိုး မိတ်ဆွေအပေါင်းအသင်းက ဖြစ်စေ၊ သို့မဟုတ် တစ်ခုသော ဘဝက ဆွေမျိုးတော်စပ်ခဲ့ဖူးတဲ့ ပုဂ္ဂိုလ်ကဖြစ်စေ သူတို့လှူ ချင်တာလှူပြီး အမျှပေးဝေလျှင် သူတို့လက်ရှိဘဝပြောင်း နေ ကျွတ်လွတ်သွားကြတာပါပဲ။ ကျွတ်လွတ်သွားပြီဆိုလျှင် လက်ရှိဘဝထက် ဘဝသစ်က ပိုရှိအဆင့်မြင့်တာ တွေ့ ပါတယ်။

ကောင်းကျိုးသုခအဝဝ ရကြပါစေ…။

ဆရာဝင်း(သာကီ



www.burmeseclassic.com

www.burmeseclassic.com



# အရင်းအမြီးနည်းတဲ့ ကုသိုလ်

မြဟန်သိန်း(လုပ်သားကောလိပ်)

ဗာရာဏသီပြည်မှာ...

ကဿပမြတ်စွာဘုရားရှင် ပွင့်တော်မူခဲ့တဲ့ ရွှေလက်ထက်တော်အချိန်က ဖြစ်ပါတယ်။ ငါးပါးသီလကို ခါးဝတ်ပုဆိုးလို မြဲတဲ့ သောတာပန် ဥပါသကာတစ်ယောက် ရှိခဲ့ပါတယ်။ အဲဒီ ဥပါသကာဟာ တစ်ရက်မှာတော့ ဆတ္တာသည်သူဌေး(ဆံသလုပ်ငန်းနဲ့ ကြီးပွားချမ်းသာလာတဲ့သူ)နဲ့အတူ ပင်လယ်ပြင်ခရီးကို လှေစီးပြီး ထွက်ခဲ့ကြတယ်။ ဆတ္တာသည် သူဌေးကတော်က...

"ကျွန်မယောကျ်ားကို ဥပါသကာကြီးလက်ထဲ အပ်လိုက်ပါတယ်။ မလိမ္မာတာရှိရင် ပြောဆိုဆုံးမပေးပါ။ ကူညီစောင့်ရှောက်ပေးပါနော်။ ကျေးဇူးတင်ပါတယ်"

ဆိုပြီး ဥပါသကာကို မေတ္တာရပ်ခံခဲ့တယ်။

ခရီးထွက်လာခဲ့ကြတယ်။ ခုနစ်ရက်မြောက်တဲ့နေ့မှာ လှေဟာ သမုဒ္ဒရာအလယ် ပျက်စီးသွားတယ်။ သူတို့နှစ်ယောက်ဟာ ကံကောင်းထောက်မစွာ ရရှိလာလဲ့ လှေအပျက်က ပျဉ်တစ်ချပ်ကို ဖက်တွယ်ပြီး သမုဒ္ဒရာထဲမျောပါနေရတယ်။ သေကံမရောက်သေးတော့ ကျွန်းငယ်တစ်ကျွန်းပေါ် ရောက်ရှိခဲ့ကြတယ်။ ကျွန်းကလေးပေါ်မှာ နေထိုင်တဲ့ လူသားဆိုလို့ သူတို့နှစ်ယောက်တည်းရှိတယ်။ သစ်သီးဝလံရှားပါးတယ်။

ဆတ္တာသည်သူဌေးဟာ ကျွန်းပေါ်ရှိတဲ့ ငှက်တွေကို လိုက်လံရှာဖွေ သတ်ဖြတ်ပြီး မီးကင်စားတယ်။ ရရှိလာတဲ့ ငှက်သားကို ဥပါသကာအား ကျွေးတယ်။ ဥပါသကာဟာ သီလကို အသက်ထက်မြတ်နိုးတဲ့ သောတာပန်တစ်ဦး ဖြစ်နေတာမို့ ကျဉ်းထဲကျပ်ထဲ ရောက်

www.burmeseclassic.com

နေတာတောင် ဆတ္တာသည်သူဌေးကျွေးတဲ့ ငှက်သားကို မစားဘူး။ သူ့အသက်ကို သတ်တဲ့ အကုသိုလ်လုပ်ငန်းကို ဝမ်းသာအားရနဲ့ အားပေးအားမြှောက်ပြုသလို ဖြစ်နေမှာစိုးတာကြောင့် စားသောက်ရန် ငြင်းပယ်ခဲ့ခြင်း ဖြစ်တယ်။ ဥပါသကာအတွက် ဝမ်းစာဟာ အခက်အခဲ ဖြစ်နေရတယ်။ အဲဒီအခါမှာ ဥပါသကာဖြစ်သူဟာ မိမိရဲ့ သဒ္ဓါသီလကို ဆင်ခြင်အောက်မေ့ကာ...

"ငါ့မှာ ဘုရား၊ တရား၊ သံဃာ ရတနာမြတ်သုံးပါးကလွဲပြီး အခြားအားကိုးစရာ မရှိတော့ပြီ"

ဆိုတာကိုပဲ နလုံးသွင်းနေလိုက်ပါတော့တယ်။

အဲဒီအခါမှာ...

ကျွန်းပေါ်မှာရှိတဲ့ နဂါးကြီးတစ်ကောင်က သူ့ကိုယ်သူ ရွှေလှေကြီးအသွင် ဖန်ဆင်းလိုက်တယ်။ သမုဒ္ဒရာစောင့်နတ်က လှေသူကြီးလုပ်လိုက်ပါတယ်။ လှေကြီးကို ရတနာခုနစ်ပါးနဲ့ စီခြယ်ထားတယ်။ ရွက်တိုင်သုံးခုကို ဣန္ဒနီလာ ကျောက်သားနဲ့ ပြုလုပ်ထားတယ်။ ရွက်မှာ ရွှေရွက်ကြီးတွေဖြစ်ပြီး ရွက်ကြိုးတွေကတော့ ငွေကြိုးတွေဖြစ်တယ်။ တက်မကြီးကလည်း ရွှေတက်မကြီးဖြစ်တယ်။ အရောင်အဝါတွေ ပြိုးပြိုးပြောင်ပြောင်နဲ့ လှပတင့်တယ် ကျက်သရေရှိကြွယ်နေတဲ့ လှေကြီးတစ်စင်းဖြစ်တယ်။

"ဇမ္ဗူဒိပ်ကျွန်းကို သွားချင်တဲ့သူများ ရှိပါသလား"

လှေသူကြီးက ဟစ်အော်လိုက်တယ်။

"ကျွန်ုပ်သွားလိုပါတယ်"

ဥပါသကာက ပြောလိုက်တယ်။

"ဒါဖြင့် လှေပေါ်တက်ပါ"

လှေသူကြီးထံ အခွင့်ရတဲ့အခါမှာ ဥပါသကာဟာ လှေပေါ်တက်လိုက်တယ်။ နောက်ပြီး သူ့အဖော် ဆတ္တာသည်သူဌေးကိုပါ လှေပေါ်တက်ခဲ့ဖို့ လှမ်းခေါ်လိုက်တယ်။ အဲဒီအခါမှာ လှေသူကြီးက...

"သင့်ကိုပဲလိုက်ခွင့်ပေးမယ်။ အဲဒီလူကို လိုက်ခွင့်မပေးနိုင်ဘူး"

လို့ ပြောဆိုတားမြစ်လိုက်တယ်။

"ဘာဖြစ်လို့များလဲဗျာ"

ဥပါသကာက လှေသူကြီးကို မေးမြန်းစူးစမ်းကြည့်တယ်။

"အဲဒီလူမှာ ကိုယ်ကျင့်သီလမှ မရှိတာ"

လှေသူကြီးက အကြောင်းပြချက် အဖြေပေးလိုက်တယ်။

ဥပါသကာဟာ ရုတ်တရက်အကြံပေါ်လာတယ်။

"ကျွန်ုပ်ပြုလုပ်သမျှ ကုသိုလ်ကောင်းမှု အဖို့ဘာဂကို အသင်ဆတ္တာသည်သူဌေးကို အမျှပေးဝေပါတယ်။ ဝမ်းမြောက်ဝမ်းသာ သာဓုခေါ်ဆိုပါလော့"

"သာဓု... သာဓု...သာဓု"

ဆတ္တာသည်သူဌေး ရင်တွင်းမှ တုန်ရီသော သာဓုခေါ်သံများ နှုတ်ဖျားမှ လိုက်လှဲစွာ ထွက်ပေါ်လာတယ်။

အဲဒီအခါကျမှ လှေသူကြီးက

"ဒီလိုဆို တက်ခဲ့တော့"

ဆိုပြီး ရွှေလှေကြီးပေါ် တက်ခွင့်ပေးလိုက်တယ်။

ဆတ္တာသည် သူဌေးရဲ့ မျက်ဝန်းမှာ ဝမ်းသာလွန်းလို့ မျက်ရည်တွေ စို့နေတယ်။ အဖော်ကောင်းဖြစ်သူ ဥပါသကာရဲ့ ဂုဏ်ကိုလည်း ကောင်းမွန်စွာ သိရှိလာခဲ့ရတယ်။ ကျေးဇူးတင်ဝမ်းမြောက်မဆုံး ဖြစ်နေမိတယ်။

သူတို့နှစ်ယောက်ကို ရွှေလှေကြီးပေါ် တင်ဆောင်ပြီး ဗာရာဏသီရောက်အောင် ပြန်လည်ပို့ဆောင်ပေးခဲ့တယ်။ ဗာရာဏသီရောက်ပြန်တော့လည်း သူတို့နှစ်ဦးအတွက် ဥစ္စာပစ္စည်းတွေကို နတ်တို့တန်ခိုးနဲ့ ဖန်တီးပေးခဲ့ပြန်တယ်။ ကံတရားဟာ ဆန်းကြယ်စွာ စီမံခဲ့ပါတော့တယ်။

နိဂုံးမှာ ဖြည့်စွက်ဖော်ပြလိုတာကတော့...

သူတော်ကောင်းကို ပေါင်းဖော်မိတာကြောင့် မိမိမှာ အကျိုးများစွာ ဖြစ်ထွန်းခဲ့ရတယ်ဆိုတဲ့အကြောင်းနဲ့ ခန္ဓာကိုယ်ပင်ပန်းစွာ လုံ့လပြုအားထုတ်ရခြင်း၊ ဥစ္စာပစ္စည်းကုန်ကျခြင်း လုံးဝမရှိဘဲ၊ အရင်းအနှီးနည်းနည်းနဲ့ နှုတ်မှ "ကောင်းလေစွ...ကောင်းလေစွ...ကောင်းလေစွ"လို့ ဝမ်းမြောက်ကြည်နူးစွာ သာဓုခေါ်ဆိုရခြင်းရဲ့ ကြီးကျယ်တဲ့ အကျိုးရလဒ်ကို ကောင်းစွာ မြင်တွေ့နိုင်ကြပါတယ်။

အဲဒါကြောင့် သူတစ်ပါးရဲ့ အကျင့်သီလနဲ့ ကုသိုလ်ကောင်းမှုတွေအပေါ် ပြက်ရယ်မပြုကြဘဲ ချီးကျူးဝမ်းမြောက်နေသင့်ကြောင်း ဆန္ဒမွန်ကို ဖော်ပြလိုက်ရပါတော့တယ်။

မြဟန်သိန်း(လုပ်သားကောလိပ်)

www.burmeseclassic.com



# မိုးရွာတုန်း ရေခံပါ

သမိုးဗဂျီ အောင်စိုး ( ဒေါ်မ မှ စာရိ )

[ချွန်းလျက်မရွာ၊ ရွာလျက်မချွန်း၊ မချွန်းမရွာ၊ ချွန်း၍ရွာ၊ ရွာသား…] ဟူ၍ အင်္ဂုတ္တိုရ်ပါဠိတော်၊ စတုက္ကတွင် "မိုးလေးမျိုးရှိသည်" ဟု မြတ်စွာဘုရားက ဟောတော်မူခဲ့ပါသည်။ ဤမိုးလေးမျိုးမှာ (၁) ချွန်းထစ်ပြီးမှ မရွာသောမိုး၊ (၂) သဲသဲမဲမဲရွာသော်လည်း မထစ်ချွန်းသောမိုး၊ (၃) မချွန်းသည်းမချွန်း၊ မရွာလည်းမရွာသောမိုး၊ (၄) ချွန်းလည်းချွန်း၍ ရွာလည်းရွာသောမိုးတို့ ဖြစ်ပါသည်။

ယခု စာရေးသူရေးသားမည့် မိုးအကြောင်းမှာ "ချွန်းလည်းချွန်း၍ ရွာလည်းရွာသောမိုး" ဖြစ်သည်။ မိုးကောင်းကင်တစ်ခုလုံးတွင် ဆူညံစွာ မိုးချွန်းသံများဖြင့် ပြည့်နှက်နေပါသည်။ ဤကဲ့သို့ မိုးချွန်းသံများ ထစ်ချွန်းမြည်ဟည်းပြီး မိုးသီးမိုးပေါက်ကြီးများကျကာ သဲသဲမဲမဲ ရွာချနေသော မိုးသည် မိုးကုပ်စက်ဝိုင်းအတွင်း၌ နေရာအနှံ့အပြား၊ စကြဝဠာအနှံ့အပြား အေးစိမ့်နေအောင် ရွာသောမိုး ဖြစ်သည်။ ဤမိုးသည်



www.burmeseclassic.com

www.burmeseclassic.com

ကား "မိုးကုတ်ဝိပဿနာဓမ္မဒေသနာမိုး"ကို ဆိုလိုပါသည်။ သဘာဝမိုးသည် အပူများကုန်ပြီး အအေးဓာတ်ဖြင့် အေးချမ်းစေပါသည်။ ဤမိုးကဲ့သို့ လူအပေါင်းတို့၏ ရင်တွင်းအပူဓာတ်များ ကင်းစင်ကာ အေးချမ်းစေရန်အတွက် ဓမ္မဒေသနာမိုး ရွာသွန်းဖြိုးရာ ဘယ်နေရာမှာမဆို "မိုးရွာတုန်း ရေခံကြပါ" (ဝါ) နှလုံးသားဖြင့် အေးမြသော ဓမ္မဒေသနာမိုးရေတို့ကို ခံယူထားကြပါဟု ဆိုလိုပါသည်။

မိုးကုတ်ဝိပဿနာဓမ္မဒေသနာမိုးသည် မိုးဆိုမှမိုး၊ အပူတွေအကုန်ဝေးဖို့ အေးအေးငြိမ့်အောင် ရွာသည့်မိုး ဖြစ်သည်။ သို့ဖြစ်၍ ရွာတုန်းရွာခိုက် အခွင့်ကောင်းကြုံတုန်းမှာ မိုးရေကို ခံယူထားကြရန် စေတနာကောင်းဖြင့် တိုက်တွန်းရေးသားလိုက်ရခြင်း ဖြစ်ပါသည်။

[ဆိုလိုသည်မှာ မိမိတို့ရင်ထဲ၌ အခွင့်ကောင်းဖြစ်သော မိုးကုတ်ဝိပဿနာတရားများကို မှတ်သားနာယူကြပြီး ကျင့်ကြံပွားများ အားထုတ်ကြပါရန် ဆိုလိုပါသည်။]

[မိုးရွာလျှင် ရေငလာချိုးကြပေတော့၊ အကျိုးမကြာခင် အသရေဟာ တိုးမည်ကြောင့်၊ တန်ခိုးဖြာလွင် ကမ္ဘောကမ္ဘာ တောင် မညှိုးနိုင်ဘူး၊ ခေမာအကျိုးကို သိမှတ်စရာလမ်းတွေ ကွယ့်။ ဝိပဿနာစခန်းတွေနဲ့ အခြေအမှန်သာ၊ ဗွေသံသရာ မှာတဲ့ အပတိပတိုပြေး···။

နေရဗာန်လျှာတဲ့ သို့မို့ကလေး···။

(အမယ်မင်း) အမေမြန်မြန်လာပါလို့ ဓမ္မာနို့ချိုကို ကျွေး···။]

*(လယ်တီပဏ္ဍိတ ရေး)*

မိုးရွာလျှင် ရေရ၍ ရေချိုးနိုင်ပါသည်။ မိခင်ပြန်လာလျှင် နို့စို့ကလေးငယ်သည် နို့စို့ရပါသည်။ ထိုကဲ့သို့ပင် ဝိပဿနာတရားများ နာကြားကြပြီး ကျင့်ကြံအားထုတ်နိုင်ရန် ကမ္မဋ္ဌာနာစရိယ ဆရာတော်များ၊ တရားဟောဆရာတော်များ၊ ဓမ္မကထိကများ လာရောက်ပြီး တရားရေအေး အမြိုက်ဆေး တိုက်ကျွေးရန် ရောက်လာမည့်ပုဂ္ဂိုလ်များကို တရားနာကြားလိုကြသော သူတော်စင်ဓမ္မမိတ်ဆွေအပေါင်းတို့က စောင့်မျှော်လျက် အမြန်လာရောက်ကြစေလိုပါသည်။ သံသရာဝဲဂယက်မှ ရုန်းထွက်လျက် နိဗ္ဗာန်ရွှေပြည်လမ်း တက်လှမ်းလိုကြသော သူတော်ကောင်းအပေါင်းတို့ မျှော်လင့်စောင့်စား နေကြသည်မှာ ဓမ္မရေအေးသောက်သုံးကြရန် ဖြစ်ပါသည်။

ထိုနည်းတူစွာ (နေရမာန်=နိရဗာန=နိဗ္ဗာန်)ကို လျှောက်လှမ်းလိုကြကုန်သော ယောဂီများအားလုံး ရွှင်ပြုံးလန်းဆန်း အပူမသန်းရအောင် ဓမ္မရေအေး ဖျန်းပေးလို့ ဝဝချိုးလိုက်ကြပါစို့ဟု နှိုးဆော်လိုက်ရပါသည်။

မြတ်စွာဘုရား ထားတော်မူခဲ့သော သာသနာတော်မြတ်ကြီး တစ်ဝက်ကျော်နောက်ပိုင်း ရောက်လာသောအခါ ကျေးဇူးတော်ရှင် "အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ဘုရားကြီး"သည် အားလုံးသော လူ၊ နတ်၊ ဗြဟ္မာ သတ္တဝါများကို အပါယ်လေးပါးမှ လွတ်ကင်း၍ သုဂတိဘုံနှင့် နိဗ္ဗာန်ရွှေပြည်မြတ်ကြီးသို့ ရောက်နိုင်ဖို့အတွက် ပဋိစ္စသမုပ္ပါဒ်တရား၊ ရုပ်တရား၊ နာမ်တရား၊ သစ္စာတရားများကို ကွက်ကွက်ကွင်းကွင်း ရှင်းသင်းပြတ်သားစွာ ဟောကြားညွှန်ပြ ဆုံးမတော်မူခဲ့ပါသည်။

ထိုကဲ့သို့ ပုဂ္ဂိုလ်ထူး၊ ပုဂ္ဂိုလ်မြတ်တစ်ပါး ပေါ်ထွန်းဖို့ အရေးသည် အလွန်တရာမှ ခဲယဉ်းလှပါသည်။ ယခုအခါ ဓမ္မမိတ်ဆွေအပေါင်းတို့သည် အလွန်တရာမှ ကံကောင်းလှပါ၍ လူ့ဘဝကိုလည်းရ၊ သာသနာတော်မြတ်ကြီးနဲ့လည်းကြုံ၊ သဒ္ဓါတရားရှိသော ဗုဒ္ဓဘာသာဝင်များလည်းဖြစ်၊ မိုးကုတ်ဆရာတော်ဘုရားကြီး အစရှိသော ဆရာကောင်း၊ သမားကောင်းနှင့်လည်း ကြုံရပါသဖြင့် အလွန်တရာ ကံကောင်းခြင်း ဖြစ်ပါသည်။

မြတ်စွာဘုရားရှင်သည် သံယုတ်ပါဠိတော်ကြီး၌ "ရဟန်းတို့ ဝိပဿနာတရား အားထုတ်ကြ၊ မမေ့ကြနှင့်" ဟူ၍ အကြိမ်ပေါင်းများစွာ မိန့်ဟဟောကြားတော်မူခဲ့ပါသည်။ ထို့အတူ ကျေးဇူးတော်ရှင် မိုးကုတ်ဆရာတော်ဘုရားကြီးကလည်း တပည့်သာဝကများကို အပါယ်လေးပါး တံခါးပိတ်၍ နိဗ္ဗာန်ချမ်းသာကို ရောက်ရှိနိုင်ဖို့ရန် ပဋိစ္စသမုပ္ပါဒ်တရား၊ သစ္စာလေးပါးတရား၊ ဝိပဿနာတရားများကို နေ့ရောညဉ့်ပါ အခါခပ်သိမ်း ဟောဖော်ညွှန်ပြ ဆုံးမဟောကြားတော်မူခဲ့ပါသည်။

မိုးကုတ်ဆရာတော်ဘုရားကြီးသည် မြတ်စွာဘုရား ဟောကြားတော်မူခဲ့သော ပါဠိစကား၊ တရားစာသားများကို မြန်မာဘာသာစကား၊ အရပ်သုံးဝေါဟာရများဖြင့် ပိုင်ပိုင်နိုင်နိုင်

www.burmeseclassic.com

ထိမိစွာ နေရာတကျ အသုံးပြု၍ အပြောအဟော ကျွမ်းကျင်ပိုင်နိုင်စွာ တန်ဆာဆင်ကာ ဓမ္မရသမြောက်အောင် ဟောကြားတော်မူထားပါသည်။ ဆရာတော်ဘုရားကြီး အသုံးပြုဟောကြားသော မြန်မာစကားလုံးများသည် အဓိပ္ပာယ်သဘောအားဖြင့် မြတ်စွာဘုရားဟောကြားသော ပါဠိစကားလုံးများဖြင့် တူညီကြသော်လည်း ဘာသာစကားအားဖြင့် ကွဲပြားခြင်း၊ အသုံးအနှုန်း ဆန်းသစ်ခြင်း စသည်တို့ကြောင့် ဆရာတော်ဘုရားကြီး၏ ကိုယ်ပိုင်စကားလုံးများသဖွယ် ယခုတိုင် ထင်ရှားလျက်ရှိပါသည်။

မြတ်စွာဘုရားရှင် ပရိနိဗ္ဗာန်စံပြီးနောက် သာသနာနောက်ပိုင်း မြန်မာနိုင်ငံတွင် ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ဘုရားကြီး "ဘဒ္ဒန္တဝိမလမဟာထေရ်" (၁၇၉၉-၁၉၆၂)တည်းဟူသော သာသနာ့အာဇာနည်တစ်ပါး ပွင့်ထွန်းပေါ်ပေါက်တော်မူခဲ့ပါသည်။ ထိုအရှင်သည်ကား ပရိယတ်၊ ပဋိပတ်၊ ပဋိဝေဓ အရာတွင် လွန်စွာကျော်ကြား၍ စွယ်စုံဂုဏ်မြောက်သော သာသနာ့အာဇာနည်တစ်ပါးအဖြစ် အံ့သြကြည်ညိုမဝနိုင်အောင် ကျော်ကြားထင်ရှားတော်မူသော ဆရာတော်ဘုရားတစ်ပါး ဖြစ်ပါသည်။

ယောဂီပုဂ္ဂိုလ်အချို့သည် အသက်အရွယ်ကြီးခါမှ တရားဘက်သို့ သက်ဝင်လာကြသည်။ ထိုအချိန်တွင် ကံက မွဲ၍ မျက်စိကမှိုင်း၊ နားကထိုင်း၍လာတော့သည်။ စိတ်သွားတိုင်း ကိုယ်မပါတော့။ ဝီရိယကလည်း နည်းလာသည်။ ဉာဏ်ကလည်း မွဲလာသည်။ ထို့ကြောင့် မိုးကုတ်ဆရာတော်ဘုရားကြီးက ထိုကဲ့သို့သော ပုဂ္ဂိုလ်များကို ကံကောင်းဉာဏ်ကောင်း(ပျိုရွယ်စဉ်)တုန်းက တဏှာခိုင်းတာများနှင့် အချိန်ကုန်ခဲ့ကြသည်။ အခု ကံမွဲ၊ ဉာဏ်နည်းလာမှ အရေးကြီးသော ဝိပဿနာအလုပ်များကို လာလုပ်ကြသောကြောင့် ဘုန်းကြီးမှာ ပင်ပန်းစွာဖြင့် ဟောကြားပြသ ဆိုဆုံးမနေရသောကြောင့် "**ဒီဘုန်းကြီးမို့ ပေဟောနေတာ၊ ဟောချင်စရာတစ်ကွက်မှ မရှိဘူး**"ဟု ဆုံးမတော်မူပါသည်။

လူသားမမြောက်သေးသော ကလေးတစ်ယောက် သေဆုံးသွားလျှင် သနားကြပါသည်။ ထို့အတူ ဆံပင်ဖြူသွားကျိုးနေသော်လည်း သစ္စာလေးပါး တရားမသိသေးလျှင် လူလားမမြောက်သေးသော ကလေးတစ်ယောက်သာ ဖြစ်၍ ကလေးမိုက် မိုက်နေသောကြောင့် သနားစရာပင် ဖြစ်သည်ဟု ဟောထားပါသည်။ သစ္စာမသိသေးသရွေ့ လုပ်သမျှသည် သမုဒယသစ္စာ (ကံ)များသာဖြစ်၍ ပြုလုပ်ခြင်းဟူသမျှသည် ဒုက္ခသစ္စာ(ခန္ဓာ)များသာ ရကြပေလိမ့်မည်။ ခန္ဓာရလျှင် "အို၊ နာ၊ သေ"နှင့် ကြုံရမှာဖြစ်သည်။ အိုရမည်၊ နာရမည်၊ နောက်ဆုံး နိဂုံးအဆုံးသတ်တွင် သေဆုံးခြင်းနှင့် ရင်ဆိုင်ရပါမည်။ ဤကဲ့သို့ပင် ဆရာတော်ဘုရားကြီး ဟောကြားပြသထားသော စက်ဝိုင်းဒေသနာ "ပဋိစ္စသမုပ္ပါဒ်တရားတော်"အရ အဝိဇ္ဇာနှင့် တဏှာ အရင်းခံပြီး လူ့ဘုံလူ့ဘဝတွင် လူဟူ၍ ဖြစ်လာကြကာ ခန္ဓာရရှိကြခြင်း ဖြစ်ပါသည်။ ခန္ဓာရရှိကြသော လူ၊ တိရစ္ဆာန် စသော သက်ရှိပုဂ္ဂိုလ်၊ သတ္တဝါတို့သည် သေဆုံးခြင်းကို မုချမလွဲ ကြုံတွေ့ရပါမည်။ သေပြီးနောက် ခန္ဓာကိုယ်များကို မြေမြှုပ်ကြ၍ အရိုးဖြစ်ကာ ထိုအရိုးများကြောင့် ကမ္ဘာမြေကြီး တဖြည်းဖြည်း ထုအမြင့်ထူလာမှာ ဖြစ်သည်။ (မှတ်ချက်) ယခုအခါတွင် မီးသင်္ဂြိုဟ်စက်ရှိသောအရပ်ဒေသများတွင် ဤတရားတော်ကို အရိုးမရှိတော့ဘဲ ပြာဖြစ်သွားသည်ဟု ပြောကြမှာ ဖြစ်သော်လည်း တရားကို တရားဟူ၍ နလုံးသွင်းကြရန် ဖြစ်သည်။ ထို့ကြောင့် ဆရာတော်ဘုရားကြီးက "**သစ္စာမသိဘဲလုပ်နေတာ၊ သစ္စာမသိဘဲ ဆုတောင်းနေတာတွေဟာ အရိုးကြီးပွားရေး၊ မြေကြီးကြီးပွားရေး လုပ်နေတာ**"ဟု ဆုံးမတော်မူပါသည်။

ပုထုစဉ်များသည် လောကီအာရုံ ကာမဂုဏ်တရားများကို အလွန်နှစ်သက်ကြသည်။ မက်မောစွာဖြင့် ခံစားကြပါသည်။ အရိယာများမှာမူ သစ္စာတရားကို နားလည်သိရှိကြပြီဖြစ်၍ ပုထုဇဉ်များ ကာမဂုဏ်တရားများကို စွဲလမ်းတပ်မက်စွာဖြင့် ခံစားကြသောကြောင့် သံဝေဂတရားများကို ရရှိကြပါသည်။ ထို့ကြောင့် မိုးကုတ်ဆရာတော်ဘုရားကြီးက "**ပုထုဇဉ်များ ကာမဂုဏ်နှင့် ပျော်နေသည်မှာ လင်းတများ ခွေးသေကောင်ပုပ်သားစား၍ ပျော်နေတာနှင့်တူကြောင်း။ လူနှင့်တူသော အရိယာများက ကြည့်လိုက်သောအခါ အဖြစ်ဆိုးလိုက်တာဟု မြင်ကြောင်း။ လင်းတကို သွားမေးလျှင် ကံကောင်း၍ ဤခွေးသေကောင်ပုပ်ကိုရကြောင်း**" ပြောမှာဟု ဆရာတော်ဘုရားကြီးမှ ဆုံးမတော်မူပါသည်။



www.burmeseclassic.com

www.burmeseclassic.com

လူသားတို့သည် မိမိတို့ကျန်းမာရေးအတွက် အမြဲတမ်း ပူပင်နေကြပါသည်။ ဆေးဝါးအာဟာရများမှအစ ပြုပြင်၍နေကြပါသည်။ ဤထက်ပင် ဘယ်တော့သေမလဲ၊ အသက်ရှည်ရှည်နေရပါ့မလားဟု ပူပင်နေတတ်ကြသည်။ ဆရာတော်ဘုရားကြီးက ဒုက္ခသစ္စာ၏လက်ဆောင် ခန္ဓာကိုယ်ကြီးသည် မည်သူ့အလိုမှ မလိုက်ဘဲ နှိပ်စက်တတ်သော သဘောတရားကို ပေါ်လွင်စေရန် **"ဘယ်သူကမှ အသက်ရှည်ဆေး လာကျွေးမှာမဟုတ်ဘူး။ အသက်ရှည်ဆေး လာကျွေးကျွေး၊ မကျွေးကျွေး၊ ဘယ်သူကလာသတ်သတ်၊ မသတ်သတ် သေမှာတော့ အမှန်ပဲ"**ဟု ဆုံးမတော်မူပါသည်။

လောကီကာမဂုဏ်စည်းစိမ်ကို ချမ်းသာအစစ်ထင်၍ အားကိုးပြုကာ ပြုံးပျော်နေကြသည်။ အို-နာ-သေနှင့် ကြုံတွေ့ရသောအခါ ၎င်းစည်းစိမ်ချမ်းသာတို့သည် ဘာအကူအညီမှ မပေးနိုင်ကြပါ။ အားကိုးရမည့်တရားကလည်း မရှိကြလျှင် မဲ့ကြရပါမည်။ ထို့ကြောင့် ဆရာတော်ဘုရားကြီးက **"ကိုယ့်ပစ္စည်း၊ ကိုယ့်သားသမီး၊ ကိုယ့်စည်းစိမ်ဥစ္စာတွေနဲ့ ပြုံးနေတာ အရူးပြုံးပြုံးနေတာ။ အခုပြုံးရသလောက် နောက်မဲ့ရမယ်"**ဟု ဆုံးမထားပါသည်။

ပုထုဇဉ်များသည် လူ့အောက်ကျမှာ ကြောက်ကြသည်။ ပစ္စည်းဥစ္စာမရှိ၊ အဆင့်အတန်းမမြင့်လျှင် လူ့အောက်ကျမှာပဲဟု ဆိုပြီး စီးပွားဥစ္စာ၊ လောကီအဆင့်အတန်းနောက်သို့ ကောက်ကောက်ပါအောင် လိုက်ကြတော့သည်။ ထိုအခါတွင် လောကီအလုပ်များဖြင့် မအားလပ်နိုင်ကြတော့၍ ကုသိုလ်ရေးလည်း မလုပ်နိုင်၊ တရားလည်း အားမထုတ်နိုင်တော့ပါ။ သေလွန်သောအခါ အပါယ်ငရဲသို့ ကျရောက်နိုင်ပါသည်။ ထို့ကြောင့် မိုးကုတ်ဆရာတော်ဘုရားကြီးက . . . **"လူ့အောက်ကျမှာတော့ ကြောက်တယ်၊ အပါယ်ကျမှာတော့ မကြောက်ဘူး။ လူ့အောက်ကျတာထက် အပါယ်ကျတာက သာဆိုးကြောင်း"**ဆုံးမတော်မူပါသည်။

ယခုအခါကာလသည် ဘုရားသာသနာနှင့် ကြုံခြင်း၊ ဆရာကောင်း သမားကောင်းများနှင့် တွေ့ရခြင်း၊ ထောင်နိုင်သော ဉာဏ်နားနှင့် ပြည့်စုံခြင်း စသော ဒုလ္လဘတရားများနှင့် ပြည့်စုံနေသော ခေတ်ကောင်းအခါကောင်းကြီး ဖြစ်ပါသည်။ ဤကဲ့သို့ ခေတ်ကောင်းချိန်နှင့် ကြုံရသောကြောင့် ကုသိုလ်ရရုံမျှဖြင့် မတင်းတိမ်ဘဲ နိဗ္ဗာန်ရသည့်တိုင်အောင် ကျင့်ကြံကြိုးစား တရားအားထုတ်သင့်ပါသည်။ ထို့ကြောင့် ဆရာတော်ဘုရားကြီးက **"တရားနာလာကြသော ဒကာ ဒကာမများသည် ကုသိုလ်ရရုံ မနာကြပါနှင့်။ ကုသိုလ်ရ တယ်ဆိုတာ တံမြက်စည်းလှည်း၊ ရေအိုးစင်တည်လည်း ကုသိုလ်ရပါသည်။ ကုသိုလ်ရရုံနှင့် မတင်းတိမ်ပါနှင့်။ သံသရာဝဋ်ကျွတ်အောင် နိဗ္ဗာန်ရောက်ကြောင်း နည်း ယူမယ်ဆိုပြီး တရားကို နာကြပါ။ နာပြီး သိတဲ့အတိုင်း လည်း ကျင့်ကြပါ"**ဟု ဆုံးမတော်မူပါသည်။

မိဘများက သားသမီးများကို လွန်စွာခင်မင်တွယ်တာကြပါသည်။ သေသောအခါ သားသမီးများကို စွဲလမ်း၍ အပါယ်လေးပါးသို့ လားကြရပါသည်။ ဤအချက်ကို အများက မေ့နေကြသည်။ ထို့ကြောင့် ဆရာတော်ဘုရားကြီးက **"ကိုယ့်သား သမီးတွေကို မခင်ဘူးလား။ ခင်ရင် ခွေးဖြစ်တတ်တယ်။ ခင်ကို (ခကွေး)နဲ့ ရေး၍ ခွေးကလည်း (ခကွေး)နဲ့ ရေးသောကြောင့် သင်ပုန်းကြီးကျေလျှင် ခကွေးချင်း တူတာ သဘောပေါက်သင့်ကြောင်း"** ဆုံး ထားပါသည်။

ဤကဲ့သို့ တရားဓမ္မများကို ဟောကြားဆုံးမရာတွင် အလွယ်ဆုံးစကား လူအများနားလည်ရန် ရွေး၍ဟောကြား သောကြောင့် လူအားလုံး ကြီးသော၊ ငယ်သော ပုဂ္ဂိုလ်များ တရားရပြီး ဝိပဿနာတရားများကို ကျင့်ကြံအားထုတ်နိုင်ကြ ပါသည်။ ဆရာတော်ဘုရားကြီး ဟောကြားထားသော "ပဋ္ဌာန်း သမုပ္ပါဒ်စက်ဝိုင်းဒေသနာတော်"ကို ဆက်လက်ဖော်ပြ ရေးသား ပါမည်။

## သမီးပဂျီအောင်စိုး(ဒေါ်ခမ္မစာရီ)

### ကိုးကားသောစာအုပ်

ဤဆောင်းပါးကို ရေးသားရာတွင် "ကျေးဇူးတော် ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ဘုရားကြီး၏ ထူးထူး ခြားခြား ဩဝါဒတော်များ"ကို မှီငြမ်းကိုးကား ရေးသားထား ပါသည်။



www.burmeseclassic.com

www.burmeseclassic.com


အားလုံးမျှော်လင့်နေကြသော ........

**ဂမ္ဘီရဆရာလှမျိုး(B.Sc) ၏**

(၇) ရက်သားသမီးများအားလုံးအတွက် ထောင်းကျိုးပေးသော

**နဝင်းပညာဓာတ်ယတြာများ (ဒုတိယအကြိမ်)**

ထွက်ပြီ

ပထမအကြိမ်ထွက်စဉ်က မရရှိလိုက်သော ဖေဒင်ဝါသနာပါသူ၊ နဝင်းပညာစိတ်ဝင်စားသူများ အမြန်ဝယ်ထားလိုက်ပါ။ ရေရှည်သိမ်းထားလို့ရအောင် စာရွက်ချောဖြင့် ရိုက်နှိပ်ထုတ်ဝေထားပါသည်၊

ရောင်းဈေး (၂၀၀၀) ကျပ်

ဖြန့်ချိရေး — ကြံတိုင်းအောင်စာပေ၊ အမှတ်(၁၇)၊ အောင်သပြေအနောက် (၁)လမ်း၊ ၇/ အရှေ့ရပ်ကွက်၊ သာကေတမြို့နယ်၊ ဖုန်း — ၀၉-၄၂၀၀၄၇၈၆၉



# ဆရာဝင်း(သာကီနွယ်)





# ဂမ္ဘီရဆိုင်ရာ

# ဆောင်းပါးများ

# အမှတ်စဉ်(၁)

စာအုပ်မှာကြားရန် - ဒေါ်မြတ်မြတ်ဝင်း၊ တိုက်(၃၁၃)၊ အခန်း(၉)၊ ရန်အောင်လမ်းသွယ်(၃)၊ ရန်ကင်းမြို့နယ်။ ဖုန်း-၀၁-၅၅၉၆၁၇

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

# ဒန္တပူရ ကေရိသခင်မလေး

## ဟေမမာလာ

( အ ခ န် း ဆ က် ဝ တ္ထု ရှ ည် )

❐ မောင်ယဉ်မွန်(မော်ဝ်နေခြည်)

"ပန်းသဇဏ်လွှာ"

ကုမာရ မင်းသားလေးသည် ဝါး တောင်ဝှေးတစ်ချောင်းဖြင့် ဘိုးသက္က ၏ ကျောင်းသခ်မ်းနှင့် ကျောက်ဂူ ကြားမှာ သွားလိုက်ပြန်လိုက် လမ်း လျှောက်နေသည်။

အမြင့်မှ မြင်းနှင့်ကျသော ဒဏ် ရာသည် အရိုးတွေ ကျိုးပဲ့မသွား သော်လည်း တစ်ကိုယ်လုံး ရိုက်ချိုး ထားသလို ခံစားနေရသည်။ ခြေတွေ လက်တွေ လေးတွဲ့၍နေသလို၊ ဦးခေါင်းနှင့်နောက်စေ့မှာ ဒဏ်ရာ ရထားသဖြင့် ကြည်ကြည်လင်လင် မရှိ လှပေ။

"ငါ့လိုယောကျ်ား ရင့်မာကြီး တောင် ဒီလောက်ထိ ဖြစ်နေမှတော့ မာလာလိုနုနယ်တဲ့ ဘုရင့်သမီးတော် နန်းတွင်းသူတစ်ပါးဆိုလျှင်" သူဆက် မတွေးရဲပါ။ မတွေးဝံ့ပါ။ သူတို့စီးလာ သော မြင်းကြီးဆိုပါလျှင် ပွဲချင်းပြီး သေဆုံးခဲ့ရသည်။

ကုမာရမင်းသားလေး စိတ်ပူရ သည်မှာ နောက်တစ်မျိုး ရှိသေး၏။

"ဘုရားရှင်၏ မြတ်စွယ်တော် မသမာ သူတို့ လက်ရောက်သွားပါက" ပဏ္ဍု ဘုရင်ကြီးသည် တစ်ချိန်က တန်ခိုး အာဏာသုံး၍ ဒန္တပူရဘုရင် ဂုလသီဝ မင်းအား စွယ်တော်နှင့်တကွ လာ ရောက်ရန် ဆင့်ခေါ်၍ စွယ်တော်ကို အမျိုးမျိုး ဖျက်ဆီးဖူးခဲ့သည်။

နောက်ဆုံးစွယ်တော်၏ တန်ခိုး တော်ကြောင့် ပါဠိလိပုတ်ပြည်ရှင် ပဏ္ဍု ဘုရင်မင်းမြတ်ကြီးသည် ဗုဒ္ဓဘာသာ ကိုးကွယ်ယုံကြည်သူဖြစ်၍သွားသည်။

ထိုသို့ တန်ခိုးတော် အနန္တနှင့် ပြည့်စုံတော်မူသော ဗုဒ္ဓမြတ်ဘုရား၏ စွယ်တော်အား သီဟိုဠ်ကျွန်းသို့ ပို့ပေး ရန် ဦးရီးတော် ဂုလသီဝမင်းက သမီး တော် ဟေမမာလာမင်းသမီးလေး နှင့် ကုမာရမင်းသားလေးအား တာ ဝန်ပေးခဲ့သည်။

ခုတော့ သီဟိုဠ်ကျွန်းသို့မရောက် မီ စွယ်တော်နှင့် သမီးတော် လမ်းမှာ တင် ပျောက်ဆုံး၍နေလေပြီ။ ပျောက် သောသူ ရှာလျှင်တွေ့ရပေမည်။ သို့ သော် ကုမာရမင်းသားလေး ကိုယ် တိုင်က ဂိလာနဖြစ်နေသည်။ ကျန်းမာ သူမဟုတ်။ အချိန်ကြာလေ တစ်ဦး နှင့်တစ်ဦး ပိုမိုဝေးသွားမည်ကိုလည်း စိုးရိမ်ရသေးသည်။

ပို၍ခက်သည်က ဒီတောဒီ တောင်သည် လူသူမနီး။ ရွာဆိုလို့ ဘာရွာ၊ ဘာမြို့မှ မနီးပေ။ မင်းသား လေးသာလျှင် ကံကောင်း၍ လူသူ တော် ဘိုးသက္ကနှင့် တွေ့ရသည်။

"လူလေး . . လမ်းတော်တော် လျှောက်နိုင်လာပြီပဲကွယ့်"

"ဟုတ်ကဲ့ဘိုးဘိုး။ ခြေတွေလက် တွေကတော့ နာနေသေးတယ်။ လမ်း လျှောက်လို့ကတော့ အတော်အသင့် ရနေပါပြီ"

"အေး . . အေး . . မကြာမီ အခြေအနေကောင်းသွားမှာပါ။ လမ်း လျှောက်တော့ မပျင်းနဲ့ကွဲ့။ ကိုယ် လက်လှုပ်ရှားပေးမှ အကြောအခြင် တွေ ပြန်ပြီးနိုးကြားသန်မာလာမှာ"

"ဟုတ်ကဲ့ဘိုးဘိုး။ ဒါထက် ဘိုး ဘိုး။ ဂိုဓာတ်ကမ်းနားရွာကို ဘယ်နေ့ သွားမှာလဲ"

www.burmeseclassic.com

"နောက်တစ်ပတ်လောက်ဆို သွားရမယ်။ ဆန်မရှိတော့ဘူး။ ဆန်က ဒီတစ်ပတ်စာပဲ ရှိတော့တယ်"

"ကျွန်တော် လိုက်လို့ရမလား"

"ရပါတယ် . . ။ ကျန်းမာလာအောင် အရင်လုပ်ပေါ့"

"နောက်တစ်ပတ်ဆို ကျန်းမာလာပါပြီ ဘိုးဘိုးရဲ့။ ဒီနေ့တောင် အတော်လေးလမ်းလျှောက်လို့ကောင်းနေပြီဗျ"

"နေ့လယ်ခင်းမှာ လမ်းလျှောက်၊ ညပိုင်း တရားထိုင်၊ စိတ်ကို တည်ငြိမ်အောင်ထား။ သမာဓိရအောင် ကြိုးစား။ သီလမြဲရမယ်၊ ကံငါးပါးကို လုံခြုံအောင် စောင့်ရှောက်ရလိမ့်မယ်။ ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါးကို မမေ့မလျော့ရဘူး"ဟု ဆုံးမ၍ ဘိုးသက္ကဂူကြီးဆီသို့ ထွက်သွားတော့၏။

ညသည် တိတ်ဆိတ်ငြိမ်သက်လျက်ရှိ၏။ တောကောင်များ၏အသံတစ်ခါတစ်ခါပေါ်လာ၍ လန့်လန့်သွားသည်။ တောရိုင်းတိရစ္ဆာန်တို့အသံ တိတ်ဆိတ်သွားသည်နှင့် စမ်းချောင်းလေးမှ ရေစီးသံသည် ဂီတသံသဖွယ် ငြိမ့်ညောင်းသာယာစွာ စီးဆင်းလျက်၊ တစ်တစ်၊ တစ်တစ်တေတူးဟု အော်လိုက်သော အသံသည်လည်း ပေါ်လာတတ်သလို ဇီးကွက်မောင်နှံ ဂူရှေ့ရှိ ကမလန်းပင်ပေါ် လာရောက်နားခို၍ ဇီးကွက် . . ဇီးကွက်နှင့် အော်တတ်သည်။

လသည် လပြည့်ညမို့ ထိန်ထိန်သာနေသည်။ လသာသာမှာ ပျော်ရွှင်စွာ ကခုန်တတ်သော ယုန်နှစ်ကောင်သည် ကျောက်ဂူရှေ့ရှိ မြေကွက်လပ်ကြီးတွင် လာရောက်ကာ ကခုန်၍ နေကြသည်။

ကုမာရမင်းသားလေးသည် ယုန်ကလေးနှစ်ကောင် ခုန်ပေါက်ပြေးလွှားဆော့ကစားနေကြသည်ကို ကြည့်၍ ဟေမမာလာမင်းသမီးလေးကို သတိရနေသည်။ "ခုချိန်များ ဘယ်ရပ်ဌာနေ ရောက်နေပြီလဲ မာလာရယ်" ဟု စိတ်တွင်းမှ ညည်းညူလျက် တမ်းတနေမိသည်။

သူတို့ငယ်ငယ်က ရွှေနန်းဥယျာဉ်ကြီးမှာ ဆော့ကစားကြစဉ်က သူသည် ဟေမမာလာမင်းသမီးလေးအား သစ်ခွပန်းလှလှကလေးများ မကြာမကြာ ပေးခဲ့ဖူးသည်။ ထိုသို့ ပန်းများပေးလျှင် ကြက်ဥနှစ် သစ်ခွပန်းဆိုလျှင် အလွန်ကြိုက်သလို၊ ပင့်ကူသစ်ခွဆိုလျှင် သူမကြိုက်ပေ။ မိုးလုံးမှိုင်းသစ်ခွမောက်၊ ခန်းဝါသစ်ခွ၊ ဖယောင်းသစ်ခွတို့ကိုလည်း သူကြိုက်သည်။

ထိုသို့စဉ်းစားရင်း ကုမာရမင်းသားလေးသည် ကျွန်းပင်ကြီးခွကြားတွင် ပွင့်နေကြသော သစ်ခွပန်းများကို သွားရောက်ခူးယူသည်။ ချောင်းစပ် ကျောက်တုံးကြီးပေါ် ထိုင်မိတော့ သစ်ခွပန်းများကိုကြည့်နေရင်း စိတ်ကူးတစ်ခု ပေါ်လာကာ သစ်ကိုင်းခြောက်တစ်ခုယူ၍ ချူးလိုက်ရာ စာရေးကိရိယာ ပုံသဏ္ဌာန်တစ်ခု ဖြစ်သွားသည်။ ထိုသစ်ကိုင်းကျိုးလေးဖြင့် သစ်ခွရွက်လေးများပေါ်တွင် "ဟေမာ . . ဟေမာ . . ဟေမာ" စာကြောင်းလှလှလေးများ တစ်ရွက်ပြီးတစ်ရွက် ရေးလိုက်သည်။ အားလုံးပြီးမှ ပန်းများကိုစုစည်း၍ စမ်းချောင်းရေမှာ မျှောချလိုက်တော့၏။

xxx xxx

## "ပန်းသတင်း"

မိုးတိမ်များ ကင်းစင်နေသဖြင့် နေမင်းကြီးသည် အောင်ပွဲရစစ်သူကြီးပမာ အရှေ့အရပ်ဆီမှ မားမားမတ်မတ်ကြီး ထွက်ပေါ်၍လာ၏။ မူယာသည် နံနက်စာအတွက် ချက်ပြုတ်ရန် ပြင်ဆင်နေချိန်။ သူဇာသည် စမ်းချောင်းလေးမှာ ရေခပ်နေသည်၊ ကိုဝဏ္ဏက ဓားသွေးနေသည်။ ဦးစိတ္တကတော့ မြားအသစ်များပြုလုပ်ရင်း ရေနွေးကြမ်းသောက်နေချိန်။

"မမမူယာရေ . . မမမူယာ၊ ဒီမှာ သစ်ခွပန်းတွေ ရေထဲမျောလာလို့ ဆယ်ခဲ့တယ်။ ဒီမှာကြည့်ပါဦး။ လှလိုက်တဲ့ ကြက်ဥနှစ် သစ်ခွပန်းတွေ"

ဟု သူဇာက သူမလက်တွင်းမှ သစ်ခွပန်းတွေကို မြှောက်ပြရင်းဆို၏၊

"ဟယ် . . ဟုတ်ပါရဲ့။ ဒီတောင်မှာ ဘယ်နတ်ဒေဝါတွေက ပန်းတွေ ရေမှာ မျှောလိုက်ပါလိမ့်"

ဟု မူယာက ဆိုလိုက်သည်၊

သူဇာနှင့် မူယာတို့အသံကြားမှ ဟေမမာလာ အိပ်ရာမှ နိုးလာသဖြင့် လေသာပြတင်းတံခါးဖွင့်၍ ကြည့်လိုက်သည်။ သူမအနှစ်သက်ဆုံး ကြက်ဥနှစ်ရောင် သစ်ခွပန်းတွေ



www.burmeseclassic.com

www.burmeseclassic.com

မြင်လိုက်ရသဖြင့် ဒန္တကုမာရ မောင်တော်ကို သတိရလာသည်။ သူမ ငယ်စဉ်အခါက ရွှေနန်းတော် ဥယျာဉ်ကြီးမှာ ကုမာရမင်းသားကို သူအမြဲ ခူးခိုင်းခဲ့သော ကြက်ဥနှစ်အရောင် ပန်းသစ်ခွကို ပြန်လည်သတိရနေမိသည်။

"မမမူယာ ဒီသစ်ခွပန်းတွေ သခင်မလေးကို ဆက်သလိုက်မယ်နော်"

"သခင်မ လက်ခံတော်မူရင်ဖြင့် ဆက်ရမှာပေါ့ သူဇာရယ်"

ထိုအခါ ဟေမမာလာ ဟန်မဆောင်နိုင်တော့ပါ။

"သူဇာ . . အဲဒီပန်းတွေ မမ သိပ်ကြိုက်ပါတယ်ကွယ်"

သူဇာသည် တစ်ပင်တိုင် မြနန်းတော်သို့ ပန်းများကိုင်၍ တက်သွားပြီး ပန်းများ ဆက်သတော်မူပါတော့သည်။ ဟေမမာလာ မင်းသမီးလေးသည် သစ်ခွပန်းများကို ပွေ့ပိုက်၍

"ဝမ်းသာလိုက်တာ သူဇာရယ်။ ဒီပန်းတွေ ဆက်သတဲ့အတွက် မမမာလာ မင်းလေးကို အရမ်းကျေးဇူးတင်ပါတယ်"

"သခင်မလေးက သစ်ခွပန်း အရမ်းကြိုက်တာလား။ ရတယ်။ ဒါဆိုရင် . . နေ့စဉ်နေ့တိုင်း ဆက်သနိုင်အောင် အစ်ကိုကြီးဝဏ္ဏတို့ တောဝင်တဲ့အခါ ခူးခဲ့ပါလို့ သူဇာမှာလိုက်မယ်နော်"

"မလုပ်ပါနဲ့ သူဇာရယ်။ ကိုဝဏ္ဏတာ သူ့အလုပ်နဲ့သူ အားရှာတာမဟုတ်ပါဘူး"

"မအားတာ သူဇာသိပါတယ်။ ဒါပေမယ့် ဒီပန်းခူးတာလောက်တော့ ရမှာပေါ့"

"ကိုင်း . . . မင်းလေးသဘောတော်အတိုင်းပါပဲ သူဇာရယ်။ လုပ်စရာရှိတာ သွားလုပ်ပေတော့"

နားအေးပြီးရော ပုံစံမျိုးဖြင့် ဟေမမာလာ ပြောလိုက်ပါသည်။ သူဇာဆင်းသွားသည်နှင့် ဟေမမာလာ ပန်းစည်းကို သေသေချာချာ ကြည့်သည်။ သစ်ခွပန်းရွက်ကလေးများအား သေသေချာချာကြည့်လိုက်လေရာ 'ဟေမာ . . . ဟေမာ' ဟု ရေးထားသော စာတန်းလေးများကို တွေ့လိုက်ရသဖြင့် မျက်လုံးပြူး မျက်ဆန်ပြူး ဖြစ်သွားရသည်။ သူ့နာမည်တွေ ရေးထားသော ပန်းရွက်ကလေးများကို တစ်ရွက်ချင်း ခူးယူလိုက်သည်။ နောက် လက်ရေးကို သေသေချာချာ ကြည့်သည်။

"ဘာဘာ . . ဘာဘာ . . လာပါဦး"

ဟေမမာလာ၏ အလန့်တကြား ခေါ်လိုက်သံကြောင့် အားလုံးလန့်သွားကြသည်။ ဟေမမာလာထံသို့ အရင်ဆုံးရောက်သူကတော့ အပျိုတော်မလေး သူဇာပါ။

"သခင်မလေး . . သခင်မလေး ဘာများဖြစ်လို့လဲဟင်။ အဲ . . ဟုတ်ပေါင် ယောင်သွားလို့။ ဘာများ မိန့်မှာလည်း ဘုရား"

အိမ်သားအားလုံး ရောက်ရှိလာကြတော့မှ ဟေမမာလာ မင်းသမီးလေးက –

"ဒီမှာကြည့်ပါဦး။ ပန်းရွက်တွေပေါ်မှာ ဟေမာ . . ဟေမာတဲ့ စာတွေရေးထားလိုက်တာ အများကြီး အများကြီးပဲ"

အားလုံး ဝိုင်းအုံ၍ ကြည့်ကြသည်။ ဟုတ်ပါသည်။ ပန်းရွက်များပေါ်တွင် "ဟေမာ . . ဟေမာ . . ဟေမာ" ဆိုသော စာကြောင်းတွေ ပန်းရွက်တိုင်းတွင် တွေ့ရပါသည်။

"သခင်မလေးတော့ ပွတာပဲ။ ဒါဟာ နတ်ဒေဝါတစ်ပါးပါး ချစ်ခင်စုံမက် နှစ်သက်တော်မူလို့ ပန်းတော်ဆက်တာ ဖြစ်ရမယ်"

"ဟဲ့ . . သူဇာ၊ မသိဘဲနဲ့ မပြောစမ်းနဲ့။ နတ်ကဆက်ရင် အာသာဝတီနွယ်နီပန်း ဆက်မှာပေါ့။ ခုလို သစ်ပင်ခွကြားမှာပေါက်တဲ့ ပန်းကိုတော့ ဆက်မနေဘူး"

ဟု ကိုဝဏ္ဏက ဝင်ပြောသည်။

"ကိုဝဏ္ဏကလည်း နတ်ဆိုတာလည်း သူ့အဆင့်နဲ့သူ ရှိတယ်မို့လား။ သစ်ပင်စောင့်နတ်တို့၊ တောစောင့်နတ်တို့၊ တောင်စောင့်နတ်တို့၊ မြစ်စောင့်နတ်တို့ အမျိုးမျိုးရှိတာ။ ခုသခင်မကို ပ်န်းတော်ဆက်တဲ့နတ်ဟာ တောစောင့်နတ်လား၊ သစ်ပင်စောင့်နတ်လား"

"ထားပါ၊ သစ်ပင်စောင့်နတ်က ဆက်ပါပြီတဲ့။ ဒီဟေမာဆိုတဲ့ စာက ဘယ်လိုပါလာတာလဲ"

"နတ်ရေးတာ နေမှာပေါ့။ ဒါကြောင့် လူတွေပြောပြောနေ မဟုတ်လား။ နတ်ရေးတဲ့ ရွှေစာတဲ့"

"နင့်နတ်က စာရေးရအောင်



www.burmeseclassic.com

www.burmeseclassic.com

ဘယ်ကျောင်းမှာ စာသွားသင်ထားလို့လဲ။ သူတို့ဆီမှာ ကျောင်းကောရှိလို့လား။ ကျောင်းရှိရင်လည်း . . နတ်ကျောင်းပဲရှိမှာ။ နတ်ကျောင်းဆိုတော့ သူရေးတတ်ရင် နတ်စာပဲ ရေးတတ်မှာ။ ခုဟာက နတ်စာမဟုတ်ဘူးပော့။ လူတွေရေးတဲ့စာ . . လူစာ"

"တော်ကြပါတော့။ မင်းတို့ မောင်နှမနှစ်ယောက်ပြောတာနဲ့ သခင်မလေး ဘာမိန့်မယ်ဆိုတာ အမေးတော် မတင်ရသေးဘူး"

"ဒီလိုပါ ဘဘ။ ဒီလက်ရေးကြည့်တာနဲ့ ဒဏ္ဍကုမာရ မောင်တော်ဆိုတာ မာလာသိပါတယ်။ ဒီတော့ ဒီစမ်းချောင်းနဲ့ အထက်အရပ်မှာ မောင်တော်ကုမာရ မင်းသား ရှိနေပါတယ်။ ဘဘနဲ့ ကိုဝဏ္ဏ ဒီသစ်ရွက်ကလေး ကိုင်ပြီး ကုမာရမောင်တော်ကို တွေ့အောင်ရှာပေးကြပါလို့ မေတ္တာရပ်ခံပါရစေ"

"ဟာ . . . ဒီလိုဆို သွားရမှာပေါ့။ ဝဏ္ဏထမင်းစားပြီးတာနဲ့ တို့သားဖ ခရီးထွက်မယ်။ အသင့်ပြင်ထား ကြားလား"

"ဟုတ်ကဲ့ပါ။ အားလုံး အသင့်ပြင်ထားပါ့မယ်"

"သူဇာ နင်ရှူးသလိုလို ပေါသလိုလို မလုပ်နဲ့နော်။ သခင်မလေး စိတ်ပျက်နေလိမ့်မယ်။ မူယာရော၊ သူဇာပါ သခင်မလေးအပါးမှာ တစ်ယောက်ယောက် ရှိနေကြပါ"

ထိုနေ့တွင် ဦးစိတ္တနှင့် သားဝဏ္ဏတို့ ခရီးထွက်ခဲ့ကြပါတော့သည်။

××× ×××

## "သီလ သမာဓိ"

ဘိုးသတ္တ ခရီးထွက်ရန်အတွက် ပြင်ဆင်နေသည်။ ထိုအချိန်တွင် ကုမာရမင်းသားလေးသည် တရားထိုင်နေရာမှ ထလာ၍ . .

"ဘိုးဘိုး မနက်ခရီးထွက်ရင် ကျွန်တော်လိုက်ခဲ့ရမှာလား"

"လိုက်ခဲ့ရမှာပေါ့ လူကလေးရယ်။ လူကလေးလည်း ကျန်းမာရေးကောင်းသွားပြီပဲ။ ဒါပေမယ့် စိတ်တွေကတော့ မတည်ငြိမ်ဘူးနော်"

"ဗျာ . . ဘိုးဘိုးက ကျွန်တော် စိတ်မငြိမ်နေတာ သိနေတယ်"

"ဟုတ်တယ်။ တရားထိုင်လို့ သမာဓိရလာပြီဆိုတဲ့ လူဟာ ငြိမ်သက်မှုရှိနေတယ်။ ခုတော့ လူကလေးဟာက ဟိုလှည့်ဒီလှည့်နှင့် ဘယ်မှာ သမာဓိရတော့မှာလဲ"

"ဟုတ်ပါတယ် ဘိုးဘိုးရယ်။ သမာဓိ မရနိုင်အောင်ဖြစ်နေပြီ။ အဲဒါ ဘယ်လိုလုပ်ရမလဲ"

"သမာဓိရအောင်ဆိုတာ ပထမ သီလလုံခြုံရမယ်။ သီလလုံမှ သမာဓိဖြစ်မယ်။ သမာဓိဖြစ်မှ ပညာအဆင့်ကူးမှာပေါ့။ သံသရာဝဋ်ဆင်းရဲအပေါင်းကနေ လွတ်ကင်းချင်ရင် သီလ သမာဓိ၊ ပညာရအောင် ကြိုးစားကြရမယ်။ သီလရှိမှ သမာဓိဖြစ်မယ်။ ပညာခန်းရောက်ဖို့ဟာ သမာဓိ ရှိကိုရှိရမယ်"

"ဒါဆို သမာဓိရအောင် သီလ အရင်ဆောက်တည်ရမှာပေါ့နော်"

"ဟုတ်တယ် သီလသိက္ခာသုံးပါး လုံခြုံစွာ စောင့်ထိန်းပါက သမာဓိသိက္ခာ ဖြစ်ပေါ်လာမယ်။ ထိုကမှ ပညာအဆင့်တက်မှာကိုး။ ဒါကြောင့် တို့ဘုရားရှင်က . . .

'သီလသမာဓိပညာစ၊ ယဿ ဧတေ သုဘာဝိတာ၊ အတိက္ကမ္မမာရဓေယျံ၊ အာဒိစ္စောဝဝိရောစတိ' . . လို့ ဟောတော်မူတယ်ကွဲ့"

"အဓိပ္ပာယ်ကဘာတဲ့လဲ ဘိုးဘိုးရဲ့"

"အကြင်သူသည် အဓိသီလသိက္ခာဟုဆိုအပ်သော သီလကိုလည်းကောင်း၊ အဓိစိတ္တသိက္ခာဟု ဆိုအပ်သော သမာဓိကိုလည်းကောင်း၊ အဓိပညာသိက္ခာဟု ဆိုအပ်သော ပညာကိုလည်းကောင်း ဤသုံးပါးသော တရားတို့ကို ဆုံးခန်းတိုင်အောင် ကောင်းစွာပွားများ အပ်ကုန်၏။ ယင်းသို့ ပွားများသောသူသည် မာရ်နတ်မင်း၏ နိုင်ငံကို လွန်မြောက်၍ နေမင်းကြီးကဲ့သို့ ထွန်းလင်းတင့်တယ်၏တဲ့"

"သီလအကြောင်း ပြောပါဦး ဘိုးဘိုး"

"သီလဆိုတာကတော့ လူတို့အတွက် ငါးပါးသီလ၊ ရှစ်ပါးသီလဆိုရင်ကို လုံလောက်ပါပြီကွယ်။ မကျိုးမပေါက်၊ မပျောက်မပျက်အောင်တော့ ထိန်းသိမ်းစောင့်ရှောက်ရမှာပေါ့"

"အဲဒီလို ထိန်းသိမ်းတာနဲ့ သမာဓိရရောလား"

"ဘယ်ကလာ သမာဓိရဦးမှာလည်း။ သမာဓိရဖို့ဆိုတာ မိမိရဲ့စိတ်ကို အာရုံတစ်ပါးပါးသို့ ဝင်စားမသွားရအောင် တစ်ခုတည်းသော အာရုံမှာ



www.burmeseclassic.com

www.burmeseclassic.com

ထားရမှာပေါ့"

"ဘယ်လို တစ်ခုတည်းသော အာရုံမှာ ထားရမှာလဲ"

"ဥပမာ လူကလေး အသက်မရှူဘူးလား"

"အသက်မရှူရင် သေသွားမှာပေါ့"

"ဒါဆို လူကလေး အသက်ရှူနေတာကို လူကလေး သတိထားအာရုံစိုက်ပြီး နေမိသလား"

"အမှုမဲ့ အမှတ်မဲ့နေလို့ သတိမထားမိပါဘူး"

"သမာဓိ လိုချင်တယ် သမာဓိရချင်တယ်ဆိုရင် လူကလေး အသက်ရှူလိုက်တိုင်း နှာသီးဝကနေ စိုက်ကြည့်နေပါ။ ထွက်သွားတဲ့ လေကိုလည်းသိ၊ ဝင်လာတဲ့ လေကိုလည်းသိ။ ထွက်လေဖြစ်စေ၊ ဝင်လေဖြစ်စေ ဝင်တိုင်း ထွက်တိုင်း နှာသီးဝကို လာတိုးလိမ့်မယ်။ အဲဒီလေတိုးနေတာကို စောင့်ကြည့်ပါ"

"ဘယ်နေရာက စောင့်ရမှာလဲ"

"နှာသီးဝကနေ စောင့်ကြည့်ပါလို့ ခုပဲပြောခဲ့ပြီလေ"

"စောင့်ကြည့်ရင် ဘာတွေ့ရမှာလဲ"

"ကိုင်း . . . ဘာတွေ့ရမယ် ဆိုတာကတော့ ကိုယ်တိုင်လုပ်ကြည့်မှ သိရမယ့်ကိစ္စဖြစ်တယ်။ ဘိုးဘိုး တရားမှတ်လိုက်ဦးမယ်။ လူကလေး အိပ်ပေတော့။ မနက်ခရီးထွက်ရမယ်"

ကုမာရမင်းသားလေး အိပ်ရာဝင်ခဲ့ပါသည်။ သူ၏ မျက်စိထဲမှာတော့ ဟေမမာလာ မင်းသမီး၏ ရုပ်ပုံလွှာလေးများသာ လှုပ်ရှားသွားလာလျက်ပင် ရှိတော့၏။

××× ×××

"ရှာမှံတော်ကျူး"

မုဆိုးသည် တောဘုရင်ဟု ဆိုသော်လည်း မုဆိုးကြီး ဦးစိတ္တနှင့် ဝဏ္ဏတို့သားအဖ ဒီတောဒီတောင်ဘက်ကို မုဆိုးလည်ဖူးခြင်း မရှိ။ ထို့ကြောင့် ဒီလမ်းခရီးကို သူတို့လည်း မကျွမ်းပါ။ ထို့ ကြောင့် ခရီးတွင်တွင် သွားလို့က မရပေ။

တစ်ခါတစ်ခါ ချောင်းအတိုင်း ရေဆန်ကိုဆန်၍ လာခဲ့ကြသလို တစ်ခါတစ်ခါ ချောင်းဘေးအတိုင်း လာခဲ့ကြသည်။ ခရီး တစ်ယူဇနာလောက်ရောက်တော့ တဲကျောင်းလေးတစ်ဆောင် တွေ့ရသည်။ တဲကျောင်းမှ လူသွားလမ်းလေးအတိုင်း လိုက်သွားသည်နှင့် ဂူကြီးတစ်ဂူကို ရောက်ခဲ့ကြသည်။ ဂူဝတွင် မီးသွေးခဲနှင့်ရေးထားသော စာတန်းလေးကို တွေ့ရသည့်အတွက် ဖတ်ကြည့်ရာတွင် "ဒုနကတကသို့သွားသည်"ဟူသော စာတန်းလေးအချို့ကို တွေ့ရသဖြင့် . .

"အဖေ ပြန်စို့။ သူတို့ ဒုနကတကမြို့ကို သွားကုန်ကြပြီ"

"သား သူတို့ဆိုတာ ဒဏ္ဍကုမာရမင်းသားလေးဆိုတာ သေချာရဲ့လား"

"သေချာပါတယ်ဗျာ ဒီမှာကြည့်"ဟုဆိုကာ ပန်းရွက်ကလေးတစ်ရွက်ကို ကောက်ယူ၍ ဦးစိတ္တလက်သို့ ပေးလိုက်သည်။ ဦးစိတ္တက သစ်ရွက်လေးအား ကြည့်လိုက်တော့ ဟေမာဟူသော စာတန်းလေး တွေ့ရသည်။

သူတို့သားအဖ တဲသို့ပြန်လာကြပြီး ခရီးထွက်ရန် ပြင်ကြရသည်။ လမ်းခရီးမှာ စားစရိတ်နှင့် သွားလာမှု လွယ်ကူရန် စီစဉ်ကြရသည်။

နောက်တစ်နေ့တွင် လှေနှင့် ခရီးထွက်လာကြရာ ဟေမမာလာ မင်းသမီးလေးနှင့် မူယာ၊ သုဇာ ညီမတို့က လှေတစ်စီး၊ ဦးစိတ္တနှင့် ဝဏ္ဏတို့က ကုန်အပြည့်ပါလာသော လှေကြီးတစ်စီးကို ဦး စိတ္တကပဲ့ကိုင်၍ ဝဏ္ဏက ရှေ့မှ တက်ကိုင်လှော်ခတ်ရသည်။

ဂေါဒဝရီဆိပ်ကမ်းရွာတွင် တစ်ညနား၍ ဆင်များငှားကာ ဒုနကတကသို့ ခရီးဆက်ခဲ့ကြသည်။ နေ့ခင်း ခရီးဆက်လိုက်၊ ညမှာ စခန်းချနားလိုက်နှင့် တစ်ပတ်ခန့်ကြာလျှင် ဒုနကတကမြို့သို့ ရောက်ခဲ့ကြ၏။

ဒုနကတကမြို့၏ မြို့စွန်းခြံဝန်းကျယ်ကြီး တစ်ခုသို့ ဆင်ကြီးများဖြင့် ဝင်ရောက်လာကြပြီး ပစ္စည်းများ ဆင်ပေါ်မှချနေခိုက် သုဇာက ဟေမမာလာ အနီးကပ်၍ . .

"သခင်မ . . ဒါ သုဇာတို့အိမ်ကြီးပါ သခင်မ"

အိမ်ကြီးသည် နှစ်ဆောင်မြိုင် အိမ်ကြီးဖြစ်သည်။ အိမ်ကြီးမှာ မြင့်မြင့်မားမားကြီးဖြစ်၍ အိမ်အောက်တွင် ဆင်ဝင်လောက်အောင် မြင့်မားနေပါသည်။ ခြံဝင်းကြီးမှာလည်း သုံး



www.burmeseclassic.com

www.burmeseclassic.com

ကောထက် နည်းမည်မဟုတ်ပေ။ ငှက်ပျောပင်များ၊ ဝါးပင်များ၊ သရက်ပင်များ၊ ပိန္နဲပင်များ၊ ရှောက်ပင်၊ သံပရာပင်၊ မာလကာပင်၊ သြဇာပင်၊ အုန်းပင်၊ ကွမ်းသီးပင်၊ ပန်းအလှပင်များပါ စုံနေအောင် စိုက်ပျိုးထားသည်။

တောကောင်များ၏ သားရေနှင့် အရိုးအစွယ်များထားရန် အိမ်နောက်ဖေးတွင် ဂိုဒေါင်ကြီး ပြုလုပ်ထားသည်။ သားကောင်တို့၏ အနံ့အသက်များ လူနေအိမ်မှာ မရနိုင်ရန် ဦးစိတ္တ စီစဉ်ထားသည်။

"သမီးသူဇာ . . သခင်မလေးကို အိမ်ပေါ်ခေါ်သွားတော့လေ"

"အိမ်ပေါ်မှာ မမမူယာ တံမြက်စည်း လှည်းကျင်းသိမ်းနေလို့ သခင်မလေးကို မခေါ်သေးတာပါဘုရား"

ဟု ပြောသောအခါ ဝဏ္ဏက သူဇာကို မျက်လုံးနှစ်ဖက် လှန်၍ ကြည့်ပြီး . .

"ဒါဆို ကြိမ်ခုံတစ်လုံးယူပြီး သခင်မလေးထိုင်ဖို့ စီစဉ်လိုက်လေ။ မတ်တတ်ကြီး ရပ်နေရတော့မှာလား"

"ရပါတယ် ကိုဝဏ္ဏရယ်။ တစ်လမ်းလုံး ထိုင်လိုက်လာရတာ မာလာအညောင်းပြေ ဒီလိုပဲ နေပါ့မယ်"

ထိုညက ထမင်းချက်ချိန် မရသဖြင့် ဈေးသွားပြီး စားသောက်ဖွယ်ရာများဝယ်ယူ၍ စားလိုက်ကြသည်။ မြို့က အစားအစာ မစားရတာ ကြာလို့လားမသိ။ စား၍အလွန်ကောင်းသည်။ ညအိပ်တော့လည်း ဟေမမာလာ မင်းသမီးလေးမှာ ကာလိင်တိုင်း မဟုတ်တော့သဖြင့် ဘာရန်သူမှ မရှိတော့ဟုတွေးကာ စိတ်နှလုံး ဖုံးဖုံးချ၍ အိပ်ပစ်လိုက်တော့သည်။

xxx xxx

ဘိုးသက္ကသည် ဒုနကတက သွားရန် ဂေါဒဝရီဆိပ်ကမ်းရွာမှ မြင်းနှစ်ကောင် ငှားလိုက်သည်။ မြင်းပိုင်ရှင်များမှာ ဘိုးသက္ကအား လွန်စွာမှ ယုံကြည်လေးစားကြသူများ ဖြစ်သောကြောင့် အခကြေးငွေ မယူကြပါ။ အခကြေးငွေမယူသည့်အပြင် လမ်းအတွက် စားနပ်ရိက္ခာပင်လျှင် စီမံ၍ ပေးလိုက်ကြပါသေး၏။

ဘိုးသက္ကကို ပါရမီရှင်ဟု ခေါ်ရပေမည်။ ဘယ်သွားသွား၊ ဘယ်ရွာရောက်ရောက် ဖိတ်မန္တကပြု၍ ညှဲ့ခံကြသည်။ ယောဂီအညိုရောင်ကြီးနှင့် ဆံမုတ်ဆိတ်မပယ်သော်လည်း အသားဖြူဖြူ၊ အရပ်ရှည်ရှည်၊ မျက်ခုံးမွေးကောင်းကောင်း၊ နှုတ်ခမ်းမွေးကားကား၊ မုတ်ဆိတ်ဖြူကြီး လက်လေးသစ်လောက်နှင့် ဘိုးသက္ကသည် မကျန်းမာသူတွေ့လျှင် ဆေးတိုက်သည်။ ခါးနာ၊ လက်နာ၊ ဒူးနာသူတွေ့လျှင် အကြောပြင်ပေးသည်။ စီးပွားအဆင်မပြေ စိတ်ဆင်းရဲနေသူတွေ့လျှင် ဗေဒင်ယတြာ လုပ်ပေး၊ လက္ခဏာကြည့်ပေးသည်။ ဘာဝနာလုပ်ငန်း လုပ်လိုသူအား သီလ၊ သမာဓိမှ ပညာစခန်းသို့ရောက် သည်အထိ ဘုရားဟောနှင့် ကိုယ်တွေ့များ ရောနှောဟောပြောပေးလေသည်။

ဘိုးသက္ကနှင့်ပါလာသော ကုမာရမင်းသားလေးမှာလည်း အညိုရောင်ယောဂီဝတ်စုံဝတ်၍ ဘိုးသက္ကနောက်မှ တကောက်ကောက် လိုက်နေသဖြင့် ဘယ်ကလဲ၊ ဘယ်သွားမှာလဲဟု မည်သူကမျှ မမေးကြပေ။ ဘိုးသက္ကရဲ့ တပည့်လေးဟုဆိုကာ ဝိုင်းဝန်းချစ်ခင်ကြသည်။

ကုမာရမင်းသားလေးက ဘိုးသက္ကကို တစ်ခါက မေးဖူးသည်။

"အဘိုးက ရသေ့မဟုတ်၊ ရဟန်းမဟုတ်နဲ့ ဘာဖြစ်လို့ လူသူတော်ကြီးလုပ်နေတာလဲ"

"တို့နိုင်ငံကြီးဟာ သီရိမဗ္ဗသောကမင်း လက်ထက်တော်ကတော့ ဗုဒ္ဓဘာသာ အစည်ကားဆုံးအချိန်မို့ အတိုင်းတိုင်း အပြည်ပြည်က ခန့်ညားရတယ်ကွဲ့။ ခုတော့ ဗြဟ္မဏမင်းတွေ အုပ်ချုပ်မင်းလုပ်တော့ မထင်ရင်မထင်သလို ဗုဒ္ဓဘာသာ ရဟန်းတော်တွေကို သတ်ကြတာ"

"ရဟန်းတော်တွေကို သတ်ရင် သူတို့ငရဲကြီးမှာပေါ့"

"ငရဲဆိုတာ ချိုနဲ့လားဆိုတဲ့ လူစားမျိုးတွေကွ။ သူတို့က သူတို့ကိုယ်သူတို့ ဗြဟ္မာပြည်ကလာတယ်၊ သေရင် ဗြဟ္မာပြည်ရောက်မယ်လို့ ထင်နေကြတာ"

"ဒါဆို သူတို့က ကံကို မယုံကြည်ကြဘူးပေါ့"

"အေး . . ဟုတ်တယ်။ ကံ-ကံ၏အကျိုးဆိုတာ သူတို့ လံက်မခံကြဘူး။ ဒါကြောင့် သူတို့ဟာ ရဟန်း



www.burmeseclassic.com

www.burmeseclassic.com

တော်တွေကိုလည်း သတ်ဖြတ်ရမှာ ဝန်မလေးကြဘူး။ ပိဋကတ်စာပေတွေ မီးရှို့ဖျက်ဆီးရမှာလည်း ဝန်မလေး ကြဘူး"

"ဒါနဲ့များ သူတို့ရဲ့ ကျမ်းစာတွေမှာ ဂေါတမဘုရားဆိုပြီး ထည့်ထားသေးတယ်။ မယုံရင် မထည့်နှင့်ပေါ့"

"ယုံကြည်လို့ ထည့်ထားတာမှ မဟုတ်တာကွယ်။ မြတ်စွာဘုရားရှင်ရဲ့ ခမည်းတော်ကအစ အရင်က ဗြာဟ္မဏတွေမို့လား။ ရှင်သာရိပုတ္တရာ၊ ရှင်မောဂ္ဂလာန်တို့လည်း ဗြာဟ္မဏဝါဒ တနေ ဗုဒ္ဓဘာသာကို ကူးခဲ့ရတာမို့ လား။ ဒီတော့ ဟိန္ဒူဗြာဟ္မဏတွေက အိန္ဒိယနိုင်ငံတော်ကြီးမှာ ရှိရိသမျှလူ တွေအားလုံး ဗုဒ္ဓဘာသာဝင်တွေ ဖြစ် ကုန်တော့မှာပါလားလို့ တွေးမိပြီး ကြို တင်ကာကွယ်တဲ့အနေနဲ့ ငါတို့ဘာ သာမှာလည်း ဂေါတမကို ဘုရားအဖြစ် ပါတယ်ကွလို့ လုပ်လိုက်ကြတယ်ပေါ့"

"တော်တော်ဆိုးတဲ့ လူတွေ နော်"

"ဟုတ်တယ်။ တော်တော်ဆိုးတဲ့ လူတွေ။ ဘုရင်ဖြစ်ရင် ပိုဆိုးဆိုးလာပြီး သိရိဓမ္မာသောကမင်းလက်ထက်ဟ ဟိန္ဒူဗြာဟ္မဏတွေကို နှိပ်ကွပ်ခဲ့တဲ့ အငြိုးကြောင့် ဗုဒ္ဓဘာသာတွေအပေါ် အတိုးရော၊ အရင်းရော မကြာမကြာ ဆပ်တော့ တို့ဗုဒ္ဓဘာသာတွေ လူးလိမ့် နေအောင်ခံခဲ့ရပေါင်း များပါပြီကွယ်"

မြင်းများသည် တအိအိတလူ့ပ် လူ့ပ်သာ သွားနေကြပါသည်။ ဘိုး သတ္တ မြင်းများကိုစီးလျှင် အမြန်လုံးဝ မစီးပါ။ မှန်မှန်လေးသာလျှင် သွား နေစေပါသည်။ သတ္တဝါအပေါ် အနိုင် ယူပြီး မခိုင်းရဘူးဟုလည်း ဆို၏။

xxx xxx

## "တပ်မှူးလေးနန္ဒ"

တပ်မှူးလေးနန္ဒသည် မိုးသည်း ညက ကွဲကွာသွားသူများအား ပြန် လည်စုစည်းသည်။ ထို့နောက် ပျောက် ဆုံးနေသော မင်းသမီးလေးနှင့် မင်း သားလေးအား လိုက်ရှာကြသည်။ ရှာ ၍မတွေ့ရသဖြင့် ဒုနကတတကမှ လာ ရောက်ကြိုဆို စောင့်စားရင်း သူ့ရဲ မက်များအား အလုပ်အကိုင် အသီး သီးတွင် ဝင်ရောက်လုပ်ကိုင်စေ၏။ သူကိုယ်တိုင်လည်း ခြံကြီးတစ်ခြံ ဝယ် ယူပြီး ပန်းများစိုက်ပျိုးသည်။ ခြံ ထွက်ပန်းများကိုလည်း ရပ်ကွက်တွေ မှာ လှည့်လည်ရောင်းချစေခဲ့သည်။

သခင်လေးနှင့် သခင်မလေးတို့ သီဟိုဠ်သွားရန်အတွက် စရိတ်အဖြစ် ယူလာခဲ့သော ရတနာများသည် သူ့ လက်တွင်းမှာ ကျန်ရစ်ခဲ့သဖြင့် ကိုယ် တော်လေးတို့ ဒုက္ခအကြီးအကျယ် ရောက်နေမည်ဟု စဉ်းစားရင်း စိတ် မကောင်းဖြစ်ရသည်။

တစ်နေ့ သတင်းတစ်ခုရသည်။ ထိုသတင်း မှန်မမှန် မသိရသေးသော် လည်း မျှော်လင့်ချက် ရောင်ခြည် တော့ သန်းလာပြီဖြစ်သည်။

ထိုသတင်းမှာ သခင်မလေးဟု ယူဆရသူသည် အမျိုးသမီးအဖော် နှစ်ဦးဖြင့် ဆင်ပေါ်မှာ တွေ့လိုက်ရ ကြောင်း၊ ထိုဆင်သည် ဒုနကတတကမြို့ သို့သွားကြောင်း ကြားသိခဲ့ရသည်။

ထိုရက်တွင် နောက်သတင်း တစ်ပုဒ် ရပြန်သည်။ ယောဂီရောင် ဝတ်ဆင်ထားသူနှစ်ဦး ဒုနကတတကမြို့ တွင် ယခုတလောမှ ရောက်လာ ကြောင်း၊ ထိုနှစ်ဦးတွင် ယောဂီလူငယ် မှာ သခင်လေး ဒန္တကုမာရ ဖြစ်နိုင် ကြောင်းဟု သိရ၏။

ထိုသတင်းများ ရသည်နှင့် တပ် မှူးလေးနန္ဒသည် သူ့ရဲမက်များ ပြန် လည်စုစည်းလိုက်ပြီး ထိုနေ့မှစ၍ သခင်မလေးနှင့် သခင်လေး ကုမာရ အား လူစုခွဲကာ အရှာထွက်ကြစေ သည်။

သခင်မလေး စီးလာသည့် ဆင် များ ပြန်သွားပြီဟု သိရသည်။ ထို့ ကြောင့် မြင်းနှင့် ဆင်သမားများ နောက်လိုက်၍ သူတို့ပစ္စည်းနှင့် လူ များပို့ခဲ့သော အိမ်လိပ်စာ စုံစမ်းကြည့် ရာ စိတ္တသုခအိမ်တော်ဟု သိရသည်။

ထို့ကြောင့် စိတ္တသုခအိမ် အရှာ ထွက်ခိုင်းရပြန်သည်။

တစ်နေ့သော နံနက်ခင်း။

တပ်မှူးလေးနန္ဒသည် ပန်းများ ကို တောင်းနှင့်ထည့်၍ ပန်းရောင်း ထွက်ရန် ပြင်နေခိုက် . . .

"တပ်မှူးလေး ကိုယ်တိုင် ပန်း ရောင်းထွက်မလို့လား"

"ဟုတ်တယ်။ ဒီနေ့သွားရမယ့် နေရာက အရေးကြီးတယ်။ ဒါ့ကြောင့် ကျုပ်ကိုယ်တိုင် သွားရောင်းမှဖြစ်မှာ"

"ဩော် . . ခုတော့ တပ်မှူး ပန်းသည်လေးပေါ့နော်"

"အေးလေ။ ဘာတတ်နိုင်မှာလဲ ဗျာ။ တပ်မှူးဆိုပေမယ့် ရန်သူနယ်

www.burmeseclassic.com

မြေမဟုတ်ရင် စီးပွားရေးလည်း လုပ်သင့်လုပ်ရမှာပေါ့"

"ကောင်းပါတယ်ဗျာ။ ဒါမှ ဘက်စုံ ထောင့်စုံနားလည် ကျွမ်းကျင်တာပေါ့"

တပ်မှူးလေး နန္ဒသည် သူ၏ ဦးခေါင်းတွင် မြက်ခမောက်ကြီး ဆောင်းလိုက်ပြီး ထမ်းပိုးကိုယူကာ ရှေ့တစ်တောင်း၊ နောက်တစ်တောင်း နှင့် ဝေဆာနေသော ပန်းများကို ထမ်း၍ ထွက်လာခဲ့သည်။

"ပန်းမျိုးစုံ ရတယ်နော်"

ဈေးသည်မဟုတ်သော တပ်မှူးလေး နန္ဒမှာ မရဲတရဲနှင့် အစမ်းအော်ကြည့်သည်။ ကြက်သီးမွေးညင်းများ ထသွားသလို သူ၏ဦးခေါင်းကြီးမှာလည်း ပုတ်လောက်ကြီးသွားသည်ဟု ထင်လိုက်မိသည်။

ကြောက်နေလို့ မပြီး။ စိတ္တသုခခြံရှေ့ရောက်ခါမှ ရုပ်ပျက်ဆင်းပျက်ဖြစ်နေလျှင် ပိုခက်တော့မည်။ လေ့ကျင့်မှုရှိဖို့လိုသည်။ ထို့ကြောင့် –

"ပန်းမျိုးစုံ လှလှလေးရမယ်"ဟု တစ်လမ်းလုံးအော်၍ လာခဲ့သည်။ မဆိုးပါ။ အစရှိလာတော့ ရဲသလိုလို ဖြစ်လာသည်။ သို့သော် သူ၏ခြေလှမ်းများက မြန်နေသဖြင့် . . .

"ပန်းသည်လာပါဦး"ဟု နောက်မှခေါ်သော အသံကိုတော့ သူလုံးဝ မကြားရတော့ပေ။ သူမကြားရခြင်း အကြောင်းတစ်ခုမှာ စိတ္တသုခခြံကြီးသို့ အမြန်ရောက်လိုသောစိတ်က ကြီးစိုးနေခြင်းကြောင့်လည်း ဖြစ်နိုင်သည်။

တပ်မှူးလေး နန္ဒသည် သူ၏ ပန်းများကို ထမ်း၍လာခဲ့သည်မှာ မြို့စွန်ရပ်ကွက်သို့ ရောက်ခဲ့ပါပြီ။ ဟိုလမ်းဝင်၊ ဒီလမ်းထွက်နဲ့ စိတ္တသုခ အိမ်ကြီးအနီးသို့ ရောက်သည်နှင့်

"ပန်းမျိုးစုံရမယ် ပန်းမျိုးစုံ။ နှင်းဆီ၊ ဒေါနဲ၊ သော်ကာ၊ ကံ့ကော်၊ စံပယ်၊ ကြက်ရုံး၊ မြတ်လေး၊ စွယ်တော်၊ ယုဇန၊ သရဖီ၊ ကရမက်၊ သစ်ခွမျိုးစုံလည်း ပါတယ်။ သစ်ခွပန်းတွေရမယ်နော်။ ခယောင်းသစ်ခွ၊ ကြက်ဥနှစ်သစ်ခွ၊ သဇင်သစ်ခွ၊ ကြောင်မီးတူသစ်ခွ၊ မိုးလုံးပြာသစ်ခွ၊ မိုးလုံးမှိုင်းသက်မွှေ၊ ရတနာရွှေခွက်သစ်ခွ၊ ခမောက်ကြီးသစ်ခွ၊ ရိုးဘက်ကြီးသစ်ခွ၊ ကျားဗဟုံးသစ်ခွ၊ သစ်ခွနီ၊ သစ်ခွနီကြီး၊ သစ်ခွနီကလေး၊ ကြက်တူရွေးသစ်ခွ၊ စာကလေးသစ်ခွ၊ ရွှေတူငွေတူသစ်ခွ၊ လက်တံရှည်သစ်ခွ၊ ရောင်စုံသစ် . . သစ်"

သူဇာသည် ပန်းသည်လာပါဦးဟု ဆယ်ခါလောက် ခေါ်နေရသဖြင့် **စိတ်မရှည်ချင်တော့သဖြင့်** သံကုန်ဟစ်၍ ပန်းသည်ဟု ခေါ်လိုက်သံကြောင့် တိုးလိုးတန်းလန်းဖြစ်နေချိန် ထပ်မံ၍ "ပန်းသည် လာပါဦး"ဟု သူဇာအော်လိုက်သောကြောင့် တပ်မှူးလေးနန္ဒသည် အသံလာရာသို့ ကြည့်လိုက်ရာတွင် စိတ္တသုခခြံဝမှ ခေါ်နေမှန်း သိလိုက်ရသဖြင့် ဝမ်းသာအားရပင် –

"လာပြီ လာပြီ မမလေးရေ။ ဘာပန်းကြိုက်သလဲပြော။ ရွှေပန်းလား၊ ငွေပန်းလား"

သူဇာ ဒေါ်သူပုန်ထသွားသည်။ ရွှေပန်း၊ ငွေပန်းများပါတာတော့ မှန်ပါ၏။ သို့သော် သူ့မှာပါခဲ့သော ပန်းမျိုး ၁၀၀ လောက်ထဲက ဒီရွှေပန်း၊ ငွေပန်း မှရွေး၍ ပြောရသလားဟုတွေးကာ

"ရှင့် ရွှေပန်း၊ ငွေပန်းကြီးတော့ မကြိုက်ချင်ပါဘူး။ ကြက်ဥနှစ်သစ်ခွ ဝယ်မလို့။ ဒါလည်း ကျွန်မကြိုက်လို့ မထင်ပါနဲ့နော်။ သခင်မလေးအတွက် ဝယ်မှာပါ"

"ဟာ . . သခင်မလေး ရောက်နေပြီလား"ဟု တပ်မှူးလေးက အားရဝမ်းသာ မေးလိုက်လျှင် သူဇာက လည်း –

"ရောက်နေပြီ . . အဲ့ . . မဟုတ်ပေါင် . . ရှင် . . . ရှင် ဘယ်သူလဲ"

သူဇာ သူ့စကားသူ မှားသွားမှန်းသိ၍ ထိတ်ထိတ်ပျာပျာ မျက်လုံးပြူး၊ မျက်ဆန်ပြူးနှင့် ဖြစ်နေသောကြောင့် ဒီအိမ်တွင် သခင်မလေး ရောက်နေကြောင်း တပ်မှူးလေးနန္ဒ သိလိုက်ရသည်။

"ကျုပ် . . . ကျုပ်နာမည် နန္ဒလို့ ခေါ်ပါတယ်"

ဟု အသံကိုမြှင့်၍ ပြောလိုက်သည်။

"ပေးပါ ကြက်ဥနှစ်သစ်ခွ"ဟု သူဇာကပြောလိုက်စဉ် နန္ဒသည် ပန်းတောင်းကြီးအတွင်းမှ ကြက်ဥနှစ်သစ်ခွပန်းများကို ယူ၍ သူဇာလက်သို့ ပေးလိုက်သည်။ သူဇာက ကြက်ဥနှစ်သစ်ခွပန်းများကို ကိုင်၍ –

"ဘယ်လောက်ပေးရမလဲ"



www.burmeseclassic.com

www.burmeseclassic.com

နန္ဒ ဒီတစ်ခါမှ အခက်ကြုံပြန်ပြီ။ သူပန်းစိုက်သည်။ ပန်းဈေးကို သူမသိ။ ဘယ်ဈေးရောင်းရမည် စဉ်းစားမရ။ သူ၏ ရဲမက်ကိုလည်း ဘယ်လိုရောင်းရသလဲဟု တစ်ခါမျှ မမေးဘူး။ သူတို့တစ်နေ့တာ ရောင်းရငွေ လာအပ်မှ လက်ခံထားလိုက်သည်။

"ကြောင်တိကြောင်တောင် လုပ်မနေနဲ့။ သခင်မလေး မျှော်လှရော့မယ်။ ကိုင်း . . . ပြောပါ"

"မမလေး ကြည့်ပေးပါ"

"ဘာ . . . မမလေးလဲ။ ဒီက သူ့ထက် အများကြီးငယ်တယ် သိလား။ ရောင်းတာကပန်း၊ ပန်းမစွံရင် လူပါရောင်းမယ့် ရုပ်မျိုး . . ဟင်း"

"မဟုတ်ရပါဘူးဗျာ။ ကျုပ်က ရောင်းနေကျမဟုတ်တော့ မရောင်းတတ်လို့ပါ။ အခါတိုင်း ဘယ်လိုဝယ်ရတာလဲ"

"မသိဘူး။ အိမ်ထဲမှာ ပန်းတွေ အများကြီးရှိတယ်။ ဒါပေမယ့် ကြက်ဉနှစ်ပန်းတွေ ဒီနှစ် ရေမလောင်းလိုက်ရလို့ နောက်ကျပြီးမှ ပွင့်မှာ။ ဒါကြောင့် ဝယ်တာ သိလား"

ထိုအချိန်တွင် အိမ်ပေါ်ထပ်မှ သခင်မလေး ဟေမမာလာသည် လေသာပြတင်းတံခါးဖွင့်၍ ခန်းဆီးလိုက်ကာ မလျက် –

"သူဇာ ပန်းသည်ကို အိမ်ပေါ် ခေါ်ခဲ့ပါကွယ်"

"မှန်လှပါ သခင်မလေးဘုရား"

ဟု ပြောပြီး သူဇာသည် တပ်မှူးလေးနန္ဒကို ခေါ်၍ အိမ်ပေါ်သို့ တက်ခဲ့သည်။ အိမ်ပေါ်သို့ရောက်လျှင် သင်ဖြူးဖျာပေါ်မှာ တပ်မှူးလေးနန္ဒ ထိုင်လိုက်သည်နှင့် –

"တပ်မှူးလေး မသေသေးဘူးနော်။ သခင်မ ဝမ်းသာလိုက်တာကွယ်။ ကျန်တဲ့ ရဲမက်တွေကော ဘယ်ရောက်လို့ ဘယ်ပေါက်ကုန်ပြီလဲ။ မသေမပျောက်ဘဲ ရှိကြသေးရဲ့လား"

"ရှိကြပါတယ် သခင်မ။ ကျွန်တော်မျိုးများ သခင်ကိုယ်တော်လေးနဲ့ သခင်မတို့ မသေမပျောက်ရင် ဒိဒုနကတကကိုတော့ သေချာပေါက်ကို လာကြမှာဆိုပြီး ဒီမြို့က စောင့်ကြိုနေကြကြောင်းပါ"

ထိုသို့ နန္ဒလျှောက်တင်နေခိုက် ဟေမမာလာ မင်းသမီးလေးသည် ဒန္တကုမာရ မင်းသားလေးအား လွမ်းတပူဆွေးလျက် စီးကျလာကော မျက်ရည်တို့ကို မသိမသာ ပဝါလေးနှင့် တို့၍ –

"တပ်မှူးလေးရယ်။ မောင်တော့်ကို တွေ့ကြပြီလား"

"ယနေ့ထိတော့ သခင်လေးကို မတွေ့ကြသေးပါ။ ဒါပေမယ့် သတင်းတစ်ခုတော့ ရနေပြီ"

ဟု တပ်မှူးလေးလျှောက်စကားကြားသည်နှင့် ဟေမမာလာသည် ဝမ်းသာပီတိဖြစ်ကာ ဟန်မဆောင်နိုင်တော့သဖြင့် –

"ဟယ် . . . ဘယ်လိုသတင်းများလဲ ပြောပါဦး တပ်မှူးလေးရယ်"

"မှန်လှပါ။ သခင်လေးလည်း သူတော်စင်ကြီးတစ်ဦးနှင့် ဒီမြို့ကို ရောက်နေပြီလို့သတင်းရထားကြောင်းပါ သခင်မလေး"

"မောင်တော် ဒီမြို့ကို ရောက်နေပြီတဲ့ ဝမ်းသာလိုက်တာ"

ဟု ဟေမမာလာက ပြောလိုက်ရာ သူဇာကလည်း –

"မှန်လှပါ သူဇာလည်း သခင်မနဲ့အတူ ဝမ်းမြောက်ကြောင်းပါဘုရား"

ဟု ဝင်ရောက်ပြောလိုက်လေသည်။

"သူဇာ . . ဒါ သခင်မလေးတို့ တိုင်းပြည်က တပ်မှူးလေးနန္ဒတဲ့။ အသက်ငယ်ငယ်ရွယ်ရွယ်နဲ့ တပ်မှူးဖြစ်တာ။ သူက သိပ်သဘောကောင်းတယ်။ အိမ်ထောင်လည်း မရှိဘူး။ လူပျိုတပ်မှူးလေးပေါ့"

ဟု ပြောလိုက်လျှင် –

"အို . . သခင်မကလည်း"

ဟေမမာလာ မင်းသမီးလေးသည် ရှက်သွေးဖြာသွားသူ မိသူဇာအားကြည့်၍ –

"ဟဲ့ သခင်မစကား မဆုံးသေးဘူး။ လူပျိုတပ်မှူးလေးက သခင်မတို့အပေါ် သစ္စာရှိစွာနဲ့ ဒီနေ့ထိ ဒီမြို့ကနေ သခင်မတို့အလာ စောင့်ကြိုနေရှာတယ်။ ဒီတော့ ဒီနေ့မနက်စာ ဒီမှာ ပွဲတော်စားပြီးမှ ပြန်ပါလို့ ဖိတ်ခေါ်လိုက်မယ်။ မင်းက မုယာကို ထမင်းချက်ကူပေးပေါ့ ဟုတ်ပြီလား"

ဟုပြောလိုက်မှ မိသူဇာ ထိုင်ရာမှထ၍ မုယာရှိရာ မီးဖိုခန်းဘက်သို့ ရှက်ကိုးရှက်ကန်းဝင်ပြေးတော့၏။

(ဆက်လက်ဖော်ပြပါမည်။)

■ မောင်ယဉ်မွန်(မော်စ်နေခြည်)




www.burmeseclassic.com

www.burmeseclassic.com

# ထီးပွင့်ကန်တော်

ရှယ်လီသိန်းမောင် ( စိန်မိုက်ကယ် )



ထီးပွင့်ကန်တော်သည် ကယားပြည်နယ်၊ ဒီးမော့ဆိုမြို့နယ်၊ ငွေတောင်ကျေးရွာအုပ်စု၊ ငွေတောင်ဆည်၏ အရှေ့မြောက်ဘက်၊ အမှတ်(၁၀၂) ခြေလျင်တပ်ရင်း၏ တောင်ဘက် ထီးပွင့်ကန်တောင်တန်းသာသနာပြု ဘုန်းတော်ကြီးကျောင်း၏ သာသနာ့နယ်မြေ ပရိဝုဏ်အတွင်း၌ တည်ရှိပြီး ကန်တော်၏ အလျားမှာ ၂၂၇ ပေနှင့် အနံ ၁၁၅ ပေ ရှိပြီး ရွှံ့နွံနန်းမြေများဖြင့် ထီးပွင့်သဏ္ဌာန် ရေပြင်ပေါ်သို့ ပြူတက်ကာ ထူးဆန်းစွာ တည်ရှိလျက်ရှိပါသည်။

ထီးပွင့်ကန်တော်သမိုင်း ဖြစ်ပေါ်လာပုံမှာ ထီးပွင့်ကန်တော်မှ ရှုမြင်နိုင်သော အနောက်ဘက်ရှိ ယခု "ရွှေတောင်" ဟုခေါ်သော "ဒိုလေးဆို"၏ တောင်ဘက်တွင် "ဟိုတရဲဆို" အမည်ရှိသော တောင်တစ်လုံး တည်ရှိပါသည်။ ထိုကာလက "ကျော့အော့ကေ"ဆိုသော ပုဂ္ဂိုလ်တစ်ဦးသည် ဆင်စီး၍ နယ်မြေသစ်ရှာဖွေရန် ထွက်လာခဲ့ရာ ဟိုတရဲဆိုတောင်သို့ အရောက်တွင် အရှေ့ဘက်တစ်လွှားသို့ မျှော်ကြည့်ခဲ့ရာ တောအုပ်တစ်ခုကို တွေ့သဖြင့် ၎င်းတောအုပ်သို့ ရောက်ရှိသွားခဲ့ပြီး ထိုတောအုပ်အတွင်း၌ စာဝတီးငှက်များ ထက်အောက်ကွေ့ပတ်ပျံသန်းနေသည်ကို မြင်တွေ့ခဲ့ရာ ဤနေရာသည် ရေရှိလိမ့်မည်အထင်နှင့် ပတ်ဝန်းကျင်တစ်ဝိုက်တွင် လှည့်ပတ်ရှာဖွေရာ ရေများတွေ့ရှိခဲ့သဖြင့် နေထိုင်ရန် သင့်လျော်မည်ဟုဆိုကာ ယခုလက်ရှိ ရေထွက်ပေါက်၏ အနောက်ဘက်တွင် ယခု ဒေါ်ကလိုခူရွာ တည်ရှိ၍ စတင်နေထိုင်ခဲ့လေသည်။

ဒေါ်ကလိုခူရွာ ထီးအင်းနယ်မြေတွင် တောမြိုင်ဂနိုင်ကြီးများဖြင့် ပိန်းပိတ်ဟူထပ်နေလျက်ရှိပါသည်။ တစ်နေ့တွင် "ကျော့ဘော့ကေ"သည် ခွေးနက်ကြီးတစ်ကောင်နှင့် အတူ တောလည်ခဲ့ရာ အပြန်ခရီး မွန်းလွဲပိုင်းတွင် ရေအလွန်ငတ်သဖြင့် ပတ်ဝန်းကျင်တွင် ရေများရှာကြည့်သော်လည်း ရေရှာမတွေ့ဘဲ ခွေးနက်ကြီး၏ ခန္ဓာကိုယ်တွင် ရေများစီး…သည်ကို မြင်တွေ့ရ၍ ကေန်မှချ ရေအိုင်၊ ရေကန်ရှိမည်ဟ

www.burmeseclassic.com



ထပ်မံရှာဖွေကြည့်သော်လည်း မတွေ့ရှိဘဲ ပြန်ခဲ့ရာ နောက်တစ်နေ့တွင် ခွေးနက်ကြီးအား နေပူထဲတွင် ကြိုးဖြင့်ချည်လှန်းထား၍ ရေငတ်အောင်ပြုလုပ်ထားပြီး ခွေးအား ကြိုးဖြေပေးခဲ့ရာ ခွေးသည် ရေအလွန်ဆာလောင်သဖြင့် ရေရှိရာသို့ ဦးတည်ပြေးခဲ့သဖြင့် ခွေးသခင်လည်း ခွေးနောက်သို့ လိုက်ပါရာမှ ရေကန်တစ်ကန်ကို တွေ့ရှိခဲ့လေသည်။

တစ်ရက်တွင် တောလည်ထွက်ခဲ့ရာ ၎င်းကန်တွင် နတ်သမီးခုနစ်ဖော် ရေကစားနေသည်ကို မြင်တွေ့ခဲ့သည်တွင် နောက်တစ်နေ့တွင်လည်း ၎င်းရေကန်သို့ ထပ်မံရောက်ရှိလာကာ နတ်သမီးခုနစ်ဖော်တို့ ရေကစားနေသည်ကို ပြန်လည်တွေ့မြင်ရသဖြင့် တိတ်တဆိတ် နတ်သမီးများ၏ အဝတ်တန်ဆာများထဲမှ အဝတ်တစ်စုံကို ဝှက်ထား၍ နတ်သမီးများရေကစားပြီး ဝတ်စားတန်ဆာများ ဆင်ယင်ကြရာ အငယ်ဆုံးနတ်သမီးတစ်ပါးသည် အဝတ်တန်ဆာ ရှာမရဘဲ ကျန်ရစ်ခဲ့ရာ ၎င်းသည် နတ်သမီးထံသို့ ချဉ်းကပ်ပြီး ချစ်ရေးဆိုခဲ့လေသည်။ နတ်သမီးက နတ်နှင့်လူ ပေါင်းစပ်၍ မဖြစ်နိုင်ကြောင်း ပြောသော်လည်း မရဘဲ ၎င်းတို့နှစ်ဦး ကတိသစ္စာတစ်ခုပြုကြလေသည်။ နတ်သမီးက "သင်သည် ညတွင်းချင်း ထီးနန်းတစ်ခုကို ပြီးစီးအောင် ဆောက်လုပ်ရမည်၊ မပြီးစီးပါက ငါတို့နှစ်ဦး ပေါင်းစပ်ရန်မဖြစ်နိုင်၊ ပြီးစီးပါက ငါတို့နှစ်ဦး ပေါင်းစပ်ရန် အပ်စပ်မည်"ဟု ဝန်ခံကတိသစ္စာပြုကြလေသည်။

ထီးပွင့်ကန်သမိုင်း ဖြစ်ပေါ်လာပုံကို ဆက်လက်ဖော်ပြရမည်ဆိုပါက ရှေးအခါက တောအုပ်ကြီးတစ်ခုတွင် ယုန်ဖြူကြီးတစ်ကောင်နှင့် မိကျောင်းတို့သည် အဆွေခင်ပွန်းဖွဲ့၍ နေထိုင်ကြလေသည်။ ထိုသို့နေထိုင်ခဲ့ကြစဉ် တစ်နေ့၌ ယုန်ဖြူကြီးက မိကျောင်းကြီးအား "အဆွေမိကျောင်း၊ ဤအရပ်၌ ရေအလွန်ရှားပါးသည်။ နွေရာသီရောက်၍ ရေများ ခန်းခြောက်လျှင် အသင်ဒုက္ခတွေ့လိမ့်မည်။ ရေရှိရာအရပ်သို့ ကျွန်ုပ်တို့ ပြောင်းရွှေ့နေထိုင်ကြရအောင်"ဟု ဖြားယောင်း ပြောဆိုလေသည်။

မိကျောင်းကလည်း အမှန်သဘောရိုးဖြင့် ပြောသည်ဟု ထင်မှတ်၍ ယုန်ဖြူခေါ်ဆောင်ရာနောက်သို့ လိုက်ပါသွားလေသည်။ တစ်နေရာအရောက်တွင် လေတိုး၍ ထင်းရှူးပင်များသည် ရေစီးကဲ့သို့အသံများ ထွက်ပေါ်လာ၍ "ရေကန်နှင့် နီးပြီ၊ အားမလျှော့ဘဲ ကြိုးစား၍ လျှောက်လှမ်းပါ"ဟု ယုန်ဖြူကြီးက ဆိုလေသည်။ တဖြည်းဖြည်း ကြိုးစား၍ လျှောက်လှမ်းခဲ့ပါသော်လည်း ရေကန်သို့မရောက်ရှိနိုင်ဘဲ မိကျောင်းကြီးလည်း ခရီးပန်း၍ ခြေကုန်လက်ပန်းကျနေချိန် တောင်ကုန်းတစ်ခုပေါ်သို့ ရောက်ရှိသောအခါ ယုန်ဖြူကြီးက မိကျောင်းကြီးအား ထားခဲ့၍ ရှောင်ခွာထွက်ပြေးသွားလေသည်။

မိကျောင်းကြီးမှာ ဆက်လက်ခရီးဆက်နိုင်ခြင်းမရှိ၊ ဒုက္ခရောက်နေစဉ် ကျွဲဖြူကြီးတစ်ကောင်က မိကျောင်းအနားသို့ ရောက်ရှိလာပြီး "အဆွေ၊ ဘယ်အရပ်သို့ သွားပါမည်နည်း။ အဆွေသည် ပူဆွေးသောကရောက်နေသလိုပဲ"ဟု မေးရာ မိကျောင်းကြီးက အကြောင်းစုံရှင်းပြပြီး ရေရှိရာအရပ်သို့ ပို့ဆောင်ပေးပါဟု အကူအညီတောင်းလေသည်။ ကျွဲဖြူကြီးက ရေရှိရာအရပ်သည် အလွန်ဝေးကွာလှသည်ပြောရာ မိကျောင်းကြီးက သင့်ခွာဖြင့် မြေများကို ယက်ပေးပြီး ကျင်ငယ်များကို စွန့်ပေးပါဟု ပြောရာ···ကျွဲဖြူကြီးသည် သနားကြင်နာစိတ်များ ပေါ်ပေါက်လာကာ မိကျောင်းကြီး အကူအညီတောင်းသည့်အတိုင်း ခွာဖြင့် မြေများကို ယက်ထုတ်လိုက်၊ ကျင်ငယ်စွန့်လိုက်ဖြင့် အဖန်ဖန်လဲလဲ ကြိုးစားခဲ့ရာ မိကျောင်းကြီးလူးအိုင်အဆင့်သို့ ရောက်ရှိကာ မိကျောင်း



www.burmeseclassic.com

www.burmeseclassic.com

ကြီးလည်း ဆက်လက်ကြိုးစား၍ မြေမျှားကို ယက်ကာ ရေပန်းများ ပန်းထွက်လာလေတော့သည်။

ထိုအခါ မိကျောင်းကြီးက အလွန်ပျော်ရွှင်ဝမ်းမြောက်၍ ကျွဲဖြူကြီးအား "အကျွန်ုပ်တွင် သင်ပေးသော အသက်သာ ရှိပါတော့သည်။ သို့အတွက် သင်တို့ကျွဲများ ရေနှင့်ပတ်သက်၍ အခက်အခဲမရှိပါစေနှင့်။ ရေအခက်အခဲဖြစ်ခဲ့လျှင် ကျွန်ုပ်ကို သတိရပါ။ ကျွန်ုပ်ကူညီစောင့်ရှောက်ပါမည်" ဟု ကတိစကားပြောကြားခဲ့လေသည်။

သို့ဖြစ်၍ ယနေ့တိုင် ကျွဲများ ရေနှင့်ပတ်သက်၍ ဒုက္ခရောက်သည်မရှိ။ မိကျောင်းများက ကူညီစောင့်ရှောက်နေကြသည်ဟု ယုံကြည်ယူဆကြလေသည်။ ယခု ထီးပွင့်ကန်သည် ကယားလူမျိုးတို့က "မိကျောင်းကြီးတူးသောကန်" ဟု အဆိုရှိသကဲ့သို့ "ပုတ်တလုတ်ကန်" ဟုလည်း အမည်သမုတ်ကြလေသည်။

## ထူးခြားမှုနှင့် ဘူမိဗေဒသဘောအရ ဖြစ်စဉ်

၁။ ထီးပွင့်ကန်တော်ကို ကိန္နရီခုနစ်ဖော် ရေကစားသည့် "ပုတ်တလုတ်ကန်" သမိုင်းအဆက်ဆက် အထောက်အထားများ သက်သေခံခြင်း။

၂။ ရှေးဟောင်းနှစ်များစွာကပင် ထီးပွင့်ကန်ကို ကယားလူမျိုးတို့သည် အမြတ်တနိုးထားကာ ကန်ပေါင်တွင် တံခွန်တိုင် စိုက်ထူခြင်း။

၃။ ထီးပွင့်ကန်တစ်ဝိုက်တွင် ဒွေးမယ်နော်နှင့် သုခနမင်းသားတို့ ယခုအချိန်ထိ ရှိနေကြသည်ဟုလည်းကောင်း၊ မိမိ၏ ဘိုးဘွားနှင့်တကွ ကယားလူမျိုးတို့၏ မိဘဘိုးဘွားများရှိနေကြသည်ဟု ယုံကြည်ကြပါသည်။

၄။ နှစ်စဉ်လိုလို မိဘဘိုးဘွားတို့ကို လာရောက်ပူဇော်ကြပါသည်။ ကယားလူမျိုးတို့သည် မိမိတို့၏ ရိုးရာဆေးများ ဖော်လိုပါက မိုင်သုံး-လေးဆယ် ဝေးသော ဒေသကပင် ထီးပွင့်ကန်မှ ရေကို လာရောက်သယ်ယူကြပါသည်။

၅။ ကယားလူမျိုးတို့သည် ကိန္နရီဒွေးမယ်နော်နှင့် သုခနမင်းသားတို့ ပေါင်းသင်းရာမှ ဆင်းသက်လာခဲ့ကြသော လူမျိုးများဟု ယုံကြည်ကြပါသည်။

၆။ သုခနမင်းသားသည် ဒွေးမယ်နော်လေး ဌာနေသို့ ပျံမသွားရန် ဒူးခေါင်းကို နဂါးပတ်ကြိုးဖြင့် ချည်ထားသည်ဟု ယုံကြည်ကြ၍ ယခု တိုင်းရင်းသူများ ဝတ်စုံတွင် ဒူးတွင် စစ်စေးသုတ်ကြိုးနှင့် ချည်ထားကြပါသည်။

၇။ တိုင်းရင်းသူများဝတ်စုံတွင် ဝဲယာနောက်ဘက်တွင် တွဲကျနေသော ခြုံထည်သည် ဒွေးမယ်နော်၏ အတောင်ပံသဘောဟု ယုံကြည်ဝတ်ဆင်ကြပါသည်။

၈။ ယခု မြင်တွေ့ရသော သဲပွင့်နန်းတို့သည် မြန်မာပြည် အလယ်ပိုင်းရှိ ပုပ္ပားတောင်ကဲ့သို့ မီးတောင်ဟောင်းဖြစ်ပြီး ပုပ္ပားတောင်ရှိ ချော်ခဲတို့နှင့် သဘောသဘာဝ တူညီကြပါသည်။

၉။ ယခုမြင်တွေ့ရသော ထီးသဏ္ဍာန်သည် တစ်တောင်၊ နှစ်တောင်ခန့် ကျယ်ပြန့်သော်လည်း ၎င်း၏ အခြေခံရေထဲရှိ သဲနန်းမှာ ထုထည်ပမာဏသည် ကားတစ်စီးတိုက်ခန့် ရှိပါသည်။

ထီးပွင့်ကန်အား တောင်တန်းသာသနာပြုဆရာတော်မှ လုံခြုံရေး သန့်ရှင်းရေးမှ အစစအရာရာ တာဝန်ယူဆောင်ရွက်ထားပြီး အမှတ်(၁၀၂) ခြေလျင်တပ်ရင်းရှိ ကလေးသူငယ်များအား သာသနာတော်ပြန့်ပွားစေရေးအတွက် ပြုစုပျိုးထောင်ပေးလျက်ရှိပါသည်။

သို့ပါ၍ ကယားပြည်နယ်သို့ လာရောက်ကြသော ပုဂ္ဂိုလ်များအားလုံး ထီးပွင့်ကန်တော်အား လေ့လာလျက် သာသနာအကျိုး သယ်ပိုးထမ်းဆောင်လျက်ရှိသော ထီးပွင့်ကန်ဆရာတော်အား ကြည်ညိုသဒ္ဓါ ပွားများနိုင်ပါကြောင်း စေတနာကောင်းဖြင့် ရေးသားတင်ပြလိုက်ပါသည်။

**မှတ်ချက်** ။ ကယားပြည်နယ်၊ ဒီးမော့ဆိုနယ် သာသနာရေးဦးစီးဌာနမှ ထုတ်ဝေသော လက်ကမ်းစာစောင်မှ တင်ပြပါသည်။

ကယားပြည်နယ်သို့ အလည်ရောက်ရှိခဲ့ခြင်း အမှတ်တရ . . .

***ရှယ်လီသိန်းမောင်(စိန်မိုက်ကယ်)***



www.burmeseclassic.com

www.burmeseclassic.com

# နေ့လို့မှ ကောင်းရဲ့လား

ဘုန်းထွဋ်ခေါင်

အောက်တွင်ဖော်ပြမည့် ယတြာများမှာ နေ့ထိုင်မကောင်းဖြစ်ပါက နေ့အလိုက် အဆင်ပြေသလို လုပ်ဆောင်ရမည့် ယတြာဖြစ်ပါသည်။

တနင်္ဂနွေနေ့မှာ ယတြာချေလိုလျှင်

မေမြို့ပန်း၊ မုလေးပွား၊ ပေါက်ပေါက်နှင့် မုန့်မျိုးစုံ၊ ကံ့ကော်ပန်း၊ ကုက္ကား၊ ခေါင်းလောင်း၊ သီဟိုဠ်ညှသွန်၊ သီးသီး၊ အသီးအနှံတို့ကို ကပ်လှူပါ။ နွားကို အစာကျွေးပါ။

တနင်္လာနေ့မှာ ယတြာချေလိုလျှင်

သီဟိုဠ်ညှသွန်၊ သီးသီး၊ အသီးအနှံ၊ ငွေန်ပန်း၊ ဆည်းလည်း၊ ဒန်းပန်း၊ ဒေါနပန်း၊ ထီးတို့ကို လှူပါ။ ဆီမီး ပူဇော်ပေးပါ။ ကုလားအုတ်ကို အစာကျွေးပါ။

အင်္ဂါနေ့မှာ ယတြာချေလိုလျှင်

ဒန်းပန်း၊ ဒေါနပန်း၊ ထီး၊ ရွက်လှေ၊ ရွှေ၊ ယပ်တော်၊ ရေ၊ ယိုဆွမ်း၊ အုန်းပန်း၊ အိုး၊ အုတ်တို့ကို လှူပါ။ ခွေးကို အစာကျွေးပါ။

ဗုဒ္ဓဟူးနေ့မှာ ယတြာချေလိုလျှင်

အုန်းပန်း၊ အိုး၊ အုတ်၊ မေမြို့ပန်း၊ ပေါက်ပေါက်၊ မုန့်မျိုးစုံ၊ ကံ့ကော်ပန်း၊ ခေါင်းလောင်းတို့ကို လှူပါ။ ဆိတ်ကို အစာကျွေးပါ။

ကြာသပတေးနေ့မှာ ယတြာချေလိုလျှင်

ကံ့ကော်ပန်း၊ ခေါင်းလောင်း၊ သီဟိုဠ်ညှသွန်၊ သီးသီး၊ အသီးအနှံ၊ ငွေန်ပန်း၊ ဆည်းလည်းတို့ကို လှူပါ။ ဆီမီးပူဇော်ပါ။ လိပ်ကို အစာကျွေးပါ။

သောကြာနေ့မှာ ယတြာချေလိုလျှင်

ငွေန်ပန်း၊ ဆည်းလည်း၊ ဒန်းပန်း၊ ဒေါနပန်း၊ ထီး၊ ရွက်လှေပန်း၊ ရွှေ၊ ယပ်တော်၊ ရေ၊ ယိုဆွမ်းတို့ကို လှူပါ။ ဆီမီးပူဇော်ပါ။ မြင်းကို အစာကျွေးပါ။

စနေနေ့မှာ ယတြာချေလိုလျှင်

ရဲယိုပန်း၊ ရွှေ၊ ယပ်တော်၊ ရေ၊ ယိုဆွမ်း၊ အိုးပန်း၊ အိုး၊ အုတ်၊ မေမြို့ပန်း၊ မုလေးပွား၊ ပေါက်ပေါက်၊ မုန့်မျိုးစုံတို့ကို လှူပါ။ သိုးကို အစာကျွေးပါ။

အဆိုပါ ယတြာကို နှစ်သက်အဆင်ပြေရာနေ့၌ ချေပြီး ဆေးဝါးကုသမှု ခံယူပါက ဆေးစွဲပြီး အမြန်ဆုံး နေကောင်းလာပါလိမ့်မည်။ ကျန်းမာလန်းဖြာလာပါလိမ့်မည်။

ဘုန်းထွဋ်ခေါင်



www.burmeseclassic.com

www.burmeseclassic.com

# ပြည်တွင်းပြည်ပ
# ဝိညာဉ်လောကယုံကြည်ချက်များ

လှတိုး(စိတ်ပညာ)

### ဆရာဦးပြည့်စုံ(သွေးသောက်)ပြောသော ကိုယ်ပွားစောင့်နတ်

စာရေးသူတို့ ရန်ကင်းမြို့နယ်သို့ စာရေးဆရာကြီး သွေးသောက်ဦးပြည့်စုံသည် ပုဇွန်တောင်မြို့နယ်မှ ပြောင်းရွှေ့လာပြီး ရန်ကင်းမြို့နယ် စာရေးဆရာအသင်းသို့ ဝင်၏။ ကျွန်တော်သည် ရန်ကင်းမြို့နယ် စာရေးဆရာအသင်း ဥက္ကဋ္ဌအဖြစ် ၂၀၁၂ ခုနှစ်၊ မေလ ၁၃ ရက်နေ့တွင် စတင်တာဝန်ယူခဲ့ရာ ထိုနှစ်က ရန်ကင်းမြို့နယ်သို့ ပူပူနွေးနွေး ရောက်ရှိလာသည့် ဆရာကြီးဦးပြည့်စုံ (သွေးသောက်) သက်ကြီးကန်တော့ခံ စာပေပညာရှင်အား ရန်ကင်းမြို့နယ် စာရေးဆရာအသင်း နာယသအဖြစ် တင်မြှောက်ရပါတော့၏။ ဆရာဦးပြည့်စုံ(သွေးသောက်)သည် ကျွန်တော့်အား အလွန်ခင်မင်၏။ ရန်ကင်းမြို့နယ် စာရေးဆရာအသင်းမှ ပြုလုပ်သော စာပေစကားဝိုင်းများသို့ မှန်မှန်တက်ရောက်၏။ သူ၏ ထူးဆန်းသော အတွေ့အကြုံများကို စာရေးသူတို့ အသင်းဝင်များအား စိတ်ဝင်စားအောင် ပြောပြတတ်၏။ စာရေးသူက တစ္ဆေ၊ သရဲ၊ ဝိညာဉ်လောကများအကြောင်း အရေးသန်သူဖြစ်၍ သူကလည်း သူ့အတွေ့အကြုံနာနာဘာဝများအကြောင်း စုံစုံစေ့စေ့ ပြောပြတတ်၏။ တစ်ခါတွင် ဆရာသည် စာရေးသူတို့အား ကိုယ်စောင့်နက်အကြောင်း ပြောပြရာ သူ၏ပြောပြချက်ကို သူ၏ စာရေးပုံစံဖြင့် ယခုတင်ပြလိုက်ရပေသည်။

### ကိုယ်ပွားစောင့်နတ်

တကယ်တော့ ကျွန်တော်တို့တွင် ကိုယ်စောင့်နတ်ကိုယ်စီ အဖော်ရှိကြပေသည်။ ရုပ်ရှင်ကားထဲကလို ကိုယ်စောင့်နတ်က ကိုယ်ထင်မပြသော်လည်း တစ်ယောက်တည်းနေရသောအခါ မိမိတွင် ကိုယ်စောင့်နတ်ရှိကြောင်း သိသာနိုင်သည်။ လူကြီးသူမများက ကလေးသူငယ်တို့အား ဆိုဆုံးမသောအခါ…

"မင်း ဒီလိုသွားမတိုက်၊ မျက်နှာမသစ်၊ ရေမချိုးဘဲနေရင် မင်းရဲ့ ကိုယ်စောင့်နတ်က နံစော်လို့ ထွက်သွားလိမ့်မယ်"

"ဒီလိုသာ အယုတ္တ အနတ္တတွေ ဆဲရေးတိုင်းထွာနေရင် ကိုယ်စောင့်နတ်နားမခံသာလို့ စွန့်ခွာသွားလိမ့်မယ်"ဟု လူကြီးသူမများ ပြောသံဆိုသံ ကြားဖူးကြပေလိမ့်မည်။

အိမ်စောင့်နတ်၊ တောင်စောင့်နတ်၊ သစ်ပင်စောင့်နတ် စသည်ဖြင့် ရှိသကဲ့သို့ ကိုယ်စောင့်နတ်သည်လည်း ရှိသည်။ သတိပြုကြည့်မိပါက တစ်ခါတစ်ရံ ဘေးတွေ့တော့မည့် လမ်းခရီးကို မသွားစေချင်သောအခါ ကိုယ်စောင့်နတ်က မျက်ခုံးလှုပ်စေခြင်းဖြင့်လည်းကောင်း၊ ခလုတ်တိုက်စေခြင်းဖြင့်လည်းကောင်း လက္ခဏာများ အရိပ်နိမိတ်များကို ပြတတ်ကြသည်။

ခရီးသွားခါနီး ရင်လေးလာလျှင် ခရီးစဉ်ကို ရွှေ့ဆိုင်းလိုက်ခြင်းသည် ဘေးရန်အကင်းဆုံးဖြစ်သည်။

### ကိုယ်ပွားစောင့်နတ်နှင့် စကားပြောသူ

ကျွန်တော်၏ ပတ်ဝန်းကျင်တွင် တစ်ယောက်တည်း၊ တစ်ဦးတည်း စကားပြောနေသူမျိုးကို မကြာခဏ တွေ့ဖူးသည်။

မနီနီငြိမ်း(ဦးပြည့်စုံငနီး)၏ ကြီးကြီး ဒေလုကြည်သည် အမြဲတမ်း တစ်ယောက်တည်း စကားပြောနေတတ်သည်။ အပျိုကြီး အသက် ၈၀ နားနီးနေသော်လည်း တစ်ကိုယ်တည်းနေသည်။

www.burmeseclassic.com

တူ၊ တူမများနှင့် တစ်အိမ်တည်း နေသော်လည်း သူ့အခန်းနှင့်သူနေသည်။ သူ့အိုးနှင့်သူ ခွဲစားသည်။ ဈေးကို ကိုယ်တိုင်တစ်ယောက်တည်း သွားသည်။ တူ၊ တူမချင်း အတူတူ မနီနီငြိမ်းကို ပိုချစ်သည်။ မနီနီငြိမ်းကမွေးသော ကျွန်တော့်သားလေး ဆက်ပိုင်ကျော်ဆိုလျှင် တစ်နေ့မတွေ့ရ မနေနိုင်။ သူ့ရှိတာ အမြဲထုတ်ကျွေးသည်။

နောက်တစ်ယောက် တွေ့ဖူးသေးသည်။ ကျွန်တော်တို့ အင်းယားလမ်းခြံမှ မာလီကုလားကြီးသည် အမြဲတမ်း သူတစ်ယောက်တည်း စကားပြောဆိုနေတတ်သည်။ ဘယ်က ညွှဲ့သည်နှင့် စကားလက်ဆုံကျနေပါလိမ့်ဟု ကြည့်လိုက်သောအခါ သူတစ်ယောက်တည်း စကားပြောနေသည်ကို တွေ့ရသည်။

နောက်တပ်တစ်ယောက် ရှိသေးသည်။ ကျွန်တော် လူပျိုဘဝက ၄၅ လမ်း၊ သွေးသောက်တဲယ်တွင် ကောလိပ်ကျောင်းသား ဘော်ဒါတစ်ယောက် အတူလာနေသည်။ ကိုသောင်းတင် (ကြပ်ကလေး)က သူ့မိတ်ဆွေ နေစရာမရှိသဖြင့် နေပါရစေဟု အကူအညီတောင်းလာသဖြင့် ကိုယ်လည်း အဖော်ရစေ၊ သူလည်း အဆင်ပြေပါစေဟု လက်ခံခဲ့သည်။

ထိုသူ၏ အမည်မှာ ကိုတင်လှ ဖြစ်သည်။ ကိုတင်လှသည် ပုသိမ်မှဖြစ်ပြီး မိဘများက နွမ်းပါးသဖြင့် ကျောင်းဆောင်မှာ မနေနိုင်။ ကိုသောင်းတင်၏ အကူအညီဖြင့် ကျွန်တော့်ထံတွင်နေပြီး ကျောင်းတက်ရသည်။ သူသည် ကျွန်တော်၏ တိုက်တွန်းချက်ဖြင့် စိမ်းလဲ့ ကလောင်အမည်ဖြင့် သွေးသောက်တွင် စာတိုစာစများ ဝင်ရေးသေးသည်။

တစ်နေ့ ကိုညိုဝင်းက ကိုသောင်းတင်ကို ပြောနေသံ ကြားရသည်။

"ဗျို့…ကိုသောင်း၊ ခင်ဗျားလူကြီးက စိတ်မနှံ့ရဲ့လားဗျာ။ ညည အိပ်နေရင်း တစ်ယောက်တည်း ပြုံးလိုက်၊ မဲ့လိုက်နဲ့ စပရိန်မျက်နှာဗျို့"

အမှန်ပင် ကျွန်တော် ညဘက် စာရေးနေရာမှ ကြည့်လိုက်ရာ ကိုတင်လှသည် စာရေးစားပွဲပေါ်တွင် တစ်ယောက်တည်း အိပ်နေရင်း ပြုံးလိုက်၊ မဲ့လိုက်နှင့် လုပ်နေသည်။ ကျွန်တော်တို့ ငယ်ငယ်က မွေးစကလေးငယ်များ ပက်လက်အိပ်နေရာမှ ပြုံးရယ်နေသည်ကို တွေ့ဖူးကြပေလိမ့်မည်။ ဘယ်သူမှ မချော့မြှူဘဲနှင့် သူ့ဟာသူ ပြုံးရယ်နေသည်မှာ ကလေး၏ ကိုယ်စောင့်နတ်က ကလေးကို ချော့မြှူလိုက်ပုံရသည်။

ကျွန်တော်၏အစ်ကို ဦးကျော်ဝင်း (နတ်တလင်း သက်ပြင်း)သည် သိပ္ပံဘာသာပြဆရာဖြစ်သော်လည်း လက္ခဏာဗေဒင်ကြည့်ရာ၌လည်း အလွန်မှန်အောင် ဟောနိုင်သူဖြစ်သည်။ နေ့စဉ်လိုလိုပင် သူ့ထံသို့ လက္ခဏာမေး၊ ဗေဒင်မေးလာကြသူတို့ ဝိုင်းဝိုင်းလည်နေ၏။ မှန်ကြည့်ဖို့ဝါသနာမပါသလို ဗေဒင်လက္ခဏာကြည့်ခြင်းလည်း ဝါသနာမပါသော ကျွန်တော်က တစ်နေ့ အပျင်းပြေ လက္ခဏာဗေဒင် မေးကြည့်သည်။

ကျွန်တော့်ကို ရှေးဘဝက ပုဂ္ဂိုလ်ကြီးတစ်ယောက်က အမြဲစောင့်ရှောက်နေသည်။ နေ့စဉ် ထိုပုဂ္ဂိုလ်ကြီးအား ဘုရားရှိခိုးတိုင်း အမျှအတန်းဝေပါ။ တစ်လတိတိ ဥပုသ်စောင့်၊ သက်သတ်လွတ်စား ပုတီးစိပ်ပြီး တောင်းပန်လျှင် အိပ်နေစဉ် ထိုပုဂ္ဂိုလ်ကြီး မည်သူမည်ဝါဖြစ်ကြောင်း ကိုယ်ထင်ပြလိမ့်မည်ဟု ဟောလိုက်သည်။

တစ်နေ့တစ်နေ့ စားဖို့ သောက်ဖို့ရှာ ရှာဖွေနေရသဖြင့် သူပြောသလို ဥပုသ်စောင့်၊ သက်သတ်လွတ်စား၊ ပုတီးမစိပ်နိုင်သေးသော်လည်း ဘုရားရှိခိုးပြီးတိုင်း ကျွန်တော့်အား စောင့်ရှောက်နေသော ပုဂ္ဂိုလ်ကြီးအား ရည်စူးကာ အမျှအတန်းဝေပါသည်။

ထိုအကြောင်းကို တစ်နေ့ ဆရာဦးသာဂနိုးအား ပြောပြသောအခါ သူက သူ့ကိုစောင့်ရှောက်နေသော ပုဂ္ဂိုလ်ကြီးကို မြင်မက်ခဲ့ပြီး တစ်ချိန်က သူ့ဘေးအန္တရာယ်မှ ထိုပုဂ္ဂိုလ်ကြီးက စောင်မသဖြင့် လွတ်မြောက်ခဲ့ကြောင်း ပြောပြသည်။

ကျွန်တော့်အား စောင့်ရှောက်နေသော ပုဂ္ဂိုလ်ကြီးဆိုသည်မှာ ကျွန်တော်၏ ကွယ်လွန်သူ အမေ ဖြစ်လိမ့်မည်ဟု ထင်ပါသည်။ အမေသည် ကျွန်တော့်အား အလွန်ချစ်ရှာသည် မဟုတ်ပါလား။

ကျွန်တော် ၁၂ နှစ်သားကတည်းက ရန်ကုန် ကျောင်းအိပ်ကျောင်းစား နေဖို့ ခွဲသွားခဲ့ပြီး စစ်အတွင်း ဂျပန်ခေတ်တွင်လည်း အိမ်တွင်မနေ၊ ပေါင်းတည် ကိုတွန်းလွင်(ထွဏ်းနေနွယ်)တို့ အိမ်မှာ သွားနေသည်။ စစ်ပြီးတော့လည်း ကိုယ့်အိမ်ကိုယ် ခဏပြန်နေပြီးနောက် ရန်ကုန်သို့ဆင်းပြီး ဝါသနာပါရာ စာပေလုပ်ငန်းခွင်နောက်သို့ တကောက်ကောက်လိုက်နေခဲ့မိသည်။

အမေသည် ကျွန်တော် မမာမကျန်းဖြစ်နေသည်ဟုကြားလျှင် ပြေးခဲ့



www.burmeseclassic.com

www.burmeseclassic.com

လာပြီး အိမ်သို့ အတင်းခေါ် ဆေးကုပေးခဲ့သည်။ နေကောင်းပြန်တော့လည်း ဘသားချောကျွန်တော်က မနေ ရန်ကုန်ပြန်ပြေးပြန်သည်။ ညဘက် ကလေးသူငယ်များ တူတူပုန်းတမ်းကစားလျှင် လူကြီးသူမများက -

“ဟဲ့...ညဘက် ဒီလို မကစားကြနဲ့။ နတ်ဖမ်းတတ်တယ်”ဟု ဆိုဆုံးမသံ ကြားဖူးကြပေလိမ့်မည်။ တောကြီးမျက်မည်းထဲတွင် နတ်ဖမ်းခံရတတ်သည်ကတော့ အမှန်ပင်။

စစ်မဖြစ်ခင်အချိန်က အင်္ဂလိပ်အစိုးရလက်ထက်တွင် မျက်နှာဖြူလင်မယားနှစ်ယောက် ကားနှင့် ရေနံချောင်းသို့ အသွားလမ်းတွင် နတ်ဖမ်းခြင်းခံကြရသည်။ မျက်နှာဖြူလင်မယားနှစ်ယောက်တို့သည် ပြည်မြို့အဝင် ရွှေကျွန်းတောကြီးကိုကြည့်ကာ ကျွန်းတောအတွင်းသို့ ဝင်ရောက်ကြည့်ရှုချင်စိတ်ပေါက်လာသဖြင့် လမ်းဘေးသို့ ကားထိုးရပ်ကာ ကျွန်းတောအတွင်းသို့ ဝင်ရောက်ကြည့်ရှုကြသည်။

ထိုစဉ်က ရွှေကျွန်းတောကြီးသည် ယနေ့လို တောမပြုန်းသေးသဖြင့် နှစ်သက်အလွန်ရှည်ကြာခဲ့သော ရောမကျွန်းပင်ကြီးများ ပေါက်ရောက်လျက်ရှိသည်မှာ နေပြောက်ပင် မထိုးနိုင်ပေ။ မျက်နှာဖြူ လင်မယားနှစ်ယောက်သည် ကျွန်းတောအတွင်း မျက်စိလည် လမ်းများကာ သူတို့ကားဆီ ပြန်မရောက်လာခဲ့ပေ။

လမ်းဘေးတွင် သူတို့ကားရပ်ထားသည်မှာ ရက်ကြာလာသောအခါ လူပြောသူပြော များလာသည်။ ရေနံချောင်း ဘီအိုစီမှ သူမိတ်ဆွေ မျက်နှာဖြူ ဘိုကြီးကလည်း ရန်ကုန်မှ ထွက်လာခဲ့သည်မှာ ရက်အတန်ကြာသည့်တိုင် ညသည်လင်မယား ရောက်မလာသဖြင့် စိတ်ပူပန်နေသည်။ နောက်မှ ဂတ်တဲမှတစ်ဆင့် ရွှေကျွန်းတောနားတွင် သူတို့ကားရပ်ထားကြောင်း။ ကားကလည်း အကောင်းပကတိရှိသဖြင့် အနီးအနားသို့ စုံစမ်းမေးမြန်းမှ မျက်နှာဖြူလင်မယားနှစ်ယောက် ရွှေကျွန်းတောတွင်းသို့ ဝင်ရောက်သွားသည်ကို လွန်ခဲ့သော လေး-ငါးရက်ခန့်က အမှတ်မထင် တွေ့မြင်ခဲ့သော အင်ဖက်ခူးရောင်းသူ အထမ်းသမားကြီးတစ်ယောက်ထံမှ သိရှိရသည်။

ဆိုင်ရာမှ လူစုလူဝေးနှင့် တောနင်းရှာပါသော်လည်း မျက်နှာဖြူလင်မယားတို့ကို အစအနပင် မတွေ့ကြရပေ။ တောထဲတွင် ကျားဆွဲခံရသည်ဆိုလျှင်လည်း အလောင်းများကိုတော့ တွေ့ရပေမည်။ နောက်ဆုံး၌ ရှာဖွေသူများသည် လက်လျှော့ကာ လမ်းဘေးမှ မော်တော်ကားကိုသာ ပြန်ယူလာခဲ့ကြရသည်။

ဒုတိယကမ္ဘာစစ်ကြီးဖြစ်ချိန်အထိ ထိုမျက်နှာဖြူလင်မယားအကြောင်းကို တစ်စုံတစ်ရာ မသိရှိခဲ့ရပေ။

## နတ်ဓာ ခြားသောခမ်းခြင်း

ကုံကော်ပင်စောင့် ရုက္ခစိုးနတ်ကြီးသည် ဘုန်းကြီးတစ်ပါး သူ့အပင်ကို ခုတ်လှဲပစ်သဖြင့် အငြိုးထားကာ ပထမအိပ်မက်မှန်ကို ပေးလိုက်၏။ အပင်အောက်တွင် ရွှေအိုးရှိ၏။ သုံးတောင်နက်အောင် တွင်းတူးပါဟု အိပ်မက်ပေး၏။ အိပ်မက်အတိုင်း ဘုန်းကြီးသည် တူးယူရာ ရွှေအိုးကို ရသွား၏။ ဒုတိယအကြိမ် အိပ်မက်ကို ပေးပြန်၏။ ခုနစ်ရက်မြောက်နေ့တွင် သူ၏ဒကာတော် ရှင်ဘုရင်ကြီး နတ်ရွာစံတော့မည်ဟူ၏။ ဘုန်းကြီးသည် အိပ်မက်အရ ဆွမ်းလာပို့သော ဘုရင်ကြီး၏ မောင်းမငယ်တစ်ယောက်ကို အိပ်မက်အကြောင်း ပြောပြ လိုက်၏။ ထိုမှတစ်ဆင့် နန်းတော်တစ်ခု လုံး သိရှိကာ ငိုယိုကြကုန်၏။ ဘုရင်ကြီး က အကျိုးအကြောင်းမေးမြန်းရာ ကုံ ကော်ပင်စောင့် ရုက္ခစိုးနတ်ကြီးက အိပ် မက်ပေးကြောင်း ဘုန်းတော်ကြီး၏ အိပ် မက်အကြောင်းကို သံတော်ဦးတင်ကြ ၏။ ဤတွင် ရှင်ဘုရင်လည်း အိပ်မက် မှန်လျှင် မှန်စေ၊ မမှန်လျှင် ဘုန်းကြီး ခြေလက်ကို ဖြတ်ပစ်ရမည်ဟု အမိန့် တော် ထုတ်လေသည်။

ခုနစ်ရက်လွန်မြောက်သော ဘုရ ကြီးသည် ကျန်းမာစွာပင် ရှိခဲ့ရာ အမိ တော်အတိုင်း ကုံကော်ပင်ဘုန်းကြီးအ သွားရောက်ဖမ်းဆီးပြီး ခြေလက်ဖြ ပစ်လိုက်ကြ၏။ ဤသည်ကား နတ် ခြားယောင်းကာ အိပ်မက်ပေးခြင်း ဖြစ်လေ၏။

ကွယ်လွန်သူ ဆရာကြီး သောက်ဦးပြည့်စုံမှ ကျွန်တော့်အ ပြောပြသော ဝိညာဉ်လောကဆိုင် အဖြစ်ထူးများ အမြောက်အမြား ရှိ သည်။ အလျဉ်းသင့်လျှင် တင်ပြသွား ဦးမည်။

လှတိုး(စိတ်ပညာ

www.burmeseclassic.com

# အဘဘိုးဘိုးအောင်၊ ဘိုးမင်းခေါင်နှင့် ထွက်ရပ်ပေါက်ပုဂ္ဂိုလ်ကြီးများ၏ စောင်မညွှန်ပြမှုရရှိပုံ

## ကျွန်ုပ်၏အတွေ့အကြုံများ(၁၄)

**ဖိုးသန်းကျော်(ရေကြည်သား)**

ကျွန်ုပ်ကို ညွှန်ပြမှုရရှိပုံကို ဝိပဿနာအကျဉ်းနည်းပေးပုံနှင့် နိဂုံးပြုချင်ပါသည်။

(က) ၁၉၇၃ ခုနှစ်တွင် သုမင်္ဂလာရာမ လယ်တီဝိပဿနာကျောင်းတိုက် (ကျိုက္ကစံဘုရားဝင်း အရှေ့ဘက်) ပဓာနဆရာတော်၏ အရှင်သုမင်္ဂလလမ်းညွှန်မှုများထဲမှ သုံးခုကို ဖော်ပြပါမည်။

ဆရာတော်ကြီးကို အိပ်မက်တွင် ဖူးမြင်ရပြီး သူ့ကျောင်းရှိရာကို အိမ်ရှေ့ကြွလာပြီး ညွှန်ပြပုံကို ယခင်ဆောင်းပါးတွင် ဖော်ပြပြီးဖြစ်ပါသည်။

ထိုစဉ်က ကျွန်ုပ်အသက် ၄၆ နှစ်ဖြစ်၏။ မိုးကုတ်ဆရာတော်ဘုရားကြီး ထေရုပ္ပတ္တိဖတ်ရပြီးပြီမို့ ဝိပဿနာအားထုတ်လို၍ ဒုလ္လဘရဟန်းအဖြစ် အားထုတ်စဉ် ညွှန်ပြပုံမှာ -

၁။ တရားအလုပ်ဟာ အစွဲပြုတ်တာ၊ ယောဂီများကြိုးစားကျင့်လိုက်နာ။

၂။ ဖြစ်ပျက်ကိုမြင် မဖြစ်ချင်၊ မဖြစ်ချင်တာ မဂ္ဂင်တရား ယောဂီမြဲမှတ်ထား။

၃။ ဖြစ်ပျက်မြင်သိ တဏှာကွာ၊ ခေမာနိဗ္ဗာန်ရောက်စသည်ဖြင့် လိုအပ်ချက်များ ညွှန်ပြခဲ့ရပါ၏။

(ခ) ၁၉၉၁ ခုနှစ်တွင် သင်္ကြန်ကာလမှာ ဒုတိယအကြိမ် ဒုလ္လဘရဟန်းဝတ်ဖြစ်ခဲ့ပါသည်။ ဆရာတော်ဦးသုမင်္ဂလကိုပင် ဥပဇ္ဈာယ်ဆရာဖြစ် ချီးမြှင့်ပေးရန် လျှောက်ထားပြီး ဝတ်ခဲ့ပါသည်။

သင်္ကြန်ရက် တရားအားထုတ်သောအခါ ၁၆ ရပ်ကွက်၊ ကျိုက္ကစံစွန်းလွန်းကျောင်းတော်တွင် အားထုတ်ခဲ့၏။

ခုနစ်ရက်မြောက် မနက် ၈ နာရီနှင့် ၉ နာရီကြားအချိန်တွင် ဓမ္မာရုံအတွင်း သံယာစင်ပေါ်မှာ အာနာပါနကို နာရီဝက် ခပ်ပြင်းပြင်းရှုမှတ်ပြီး ဒုတိယ နာရီဝက်တွင် ခန္ဓာမှာဖြစ်ပေါ်သော ဝေဒနာကို လိုက်ရှုမှတ်နေစဉ် ကြမ်းပြင်နှင့် တင်ပါးထိမိနေသော နေရာတွင် အလွန်ပူလောင်သော ဝေဒနာကို အာရုံစိုက်မိ၏။ ဖြစ်လို့ရာဖြစ်စေ နေရာမရွေ့မှု၍ စူးစိုက်ရှုမှတ်နေစဉ်...

"ပူတာရုပ်၊ သိတာနာမ်၊ စွန့်တာဉာဏ်"ဟူသော စကားသုံးခွန်းကို တစ်ခွန်းစာ မကြာသော အလွန်တိုတောင်းသော အချိန်အတွင်းမှာ ဆက်တိုက်ကြားသိရ၏။ အုံးကကြားသည်မဟုတ်၊ ဦးနှောက်အာရုံမှ ကြားသိရ၏။

သစ်တပရမတ်မှာ စိတ်၊ စေတသိက်၊ ရုပ်ဟူ၍ သုံးမျိုးရှိ၏။

စိတ်လည်း နာမ်တရား။ စိတ်ကိုမှီတွယ်စိတ်ကိုချယ်တဲ့ စေတသိက်လည်း နာမ်တရားဖြစ်တယ်။



www.burmeseclassic.com

www.burmeseclassic.com

ထို့ကြောင့် စိတ်စေတသိက်ကို နာမ်၊ ရုပ်ကိုရုပ်၊ သခ်ံတပရမတ်နှစ်ခုတွင် ရုပ်နာမ်နှစ်ပါးရှိတယ်။ ဒါကို ရည်ရွယ်၍ သိစေလိုသောကြောင့်...

၁။ ပူတာရုပ်ဟူ၍ ရုပ်ပရမတ်သိဖို့ ညွှန်ပြခဲ့ရ၏။

၂။ သိတာ နာမ်ဟူ၍ နာမ်ပရမတ်ကို သိဖို့ညွှန်ခဲ့ရ၏။

၃။ စွန့်တာဉာဏ်ဟူ၍ ညွှန်ပြခဲ့ရခြင်းမှာ ဝိပဿနာဉာဏ်၊ ဝိပဿနာမဂ္ဂင်၊ ဝိပဿနာမဂ်ဉာဏ်ပေါ်ပုံ သိစေလို၍ ဖော်ပြခဲ့ရခြင်း ဖြစ်၏။

သင်္ခါရ သဿတနတ္တိ အကြောင်းတရားတွေက ပြုပြင်သောကြောင့် ဖြစ်ပေါ်ရသော သင်္ခါရတရား မှန်သမျှ သဿတနတ္တိ၊ ခိုင်သည်မြဲသည်မရှိ၊ ခုဖြစ်ခုပျက် ဖြစ်သော၊ ပျက်သဘော သက်သက်ဖြစ်၏။ ထိုသို့သော သဘောကို ပူသဘော ပရမတ်ကို ရုပ်ဟုသိစေရန်၊ ပူတာကိုသိသော သဘောကို နာမ်ဟူ၍သိသဖြင့် ရုပ်နာမ်ခွဲခြားသိစေရန်အပြင် ဝိပဿနာမဂ္ဂင်ဉာဏ် ပေါ်စေလို၍ ပူသောသဘော ပရမတ် ဖြစ်ပေါ်ပြီး ပျက်သွား၍ မရှိတာကို ဉာဏ်က မြင်သိရ၏။ ဖြစ်ပေါ်ပြီး မရှိတာကို မြင်တာကို စွန့်တာ ဉာဏ်ဟု ညွှန်ပြခဲ့ရခြင်း ဖြစ်ပါသည်။

တစ်နည်းအားဖြင့် ပူတာရုပ်၊ သိတာနာမ်၊ စွန့်တာဉာဏ်သည် ကာယနုပဿနာ သတိပဋ္ဌာန်ဖြစ်၏။ ပူရုပ်ကို ပူမှန်းသိတာ နာမ်၊ ပူသဘော မရှိတာ ပျောက်ပျက်သွားတာသည်၊ စွန့်တာသည် ရုပ်နာမ်ဖြစ်ပျက်ကို မရှိတာကို ဉာဏ်နှင့်သိခြင်းဖြစ်၍ ဝိပဿနာမဂ္ဂင်ဉာဏ် ပေါ်ပုံကို ညွှန်ပြခြင်းဖြစ်ပါသည်။

(ဂ) ကျွန်ုပ်သည် နိဗ္ဗာန်၏ အဓိပ္ပာယ်ကို မိုးကုတ်ဆရာတော်ဘုရားကြီး တရားတော်ကို နာယူမှတ်သားရသဖြင့် ဉာတပရိညာအဖြစ် သိနေ၏။ ၁၅၀၀.ကိလေသာ တဏှာကုန်ရာ၊ တဏှာနိရောဓော နိဗ္ဗာန်၊ ခန္ဓာ ဥပဓိ မရှိရာ နိဗ္ဗာန်၊ ရုပ်နာမ်ချုပ်ငြိမ်းရာ နိဗ္ဗာန်၊ လောင်စာသိမ်း၍ မီးငြိမ်းရာ နိဗ္ဗာန်၊ ဝဋ်သုံးပါး ကိလေသာဝဋ်၊ ကမ္မဝဋ်၊ ဝိပါကဝဋ် ကျွတ်ရာ နိဗ္ဗာန် ဟူ၍ဖြစ်၏။

ဓမ္မသင်္ဂဏီမှာ ဘုရားရှင်ဟောပြချက်အရ သင်္ခတဓမ္မာနှင့် အသင်္ခတဓမ္မာဟူ၍ ဓမ္မနှစ်ပါးရှိ၏။ နိဗ္ဗာန်ပရမတ်သည် အသင်္ခတပရမတ်ဖြစ်၏။ စိတ်စေတသိက်ရုပ်သည် သင်္ခတပရမတ်ဖြစ်၏။

သင်္ခတနှင့် သင်္ခါရတရား အတူတူဖြစ်၏။ အကြောင်းတရားတွေကြောင့် ဖြစ်ပေါ်သောတရား။ တစ်နည်း အကြောင်းကြောင့်ဖြစ်ပေါ်သော အကျိုးတရားဖြစ်၏။

နိဗ္ဗာန်တည်းဟူသော ပရမတ်၊ ရုပ်နာမ်ချုပ်ငြိမ်းမှု ခန္ဓာဒုက္ခသစ္စာ ကုန်ဆုံးပြီး အစဉ်ချမ်းသာ၊ မပြောင်းလဲသော သုခအစစ် သန္တိသုခ နိဗ္ဗာန်စံရမည်ဖြစ်၏။

ထိုနိဗ္ဗာန် ပရမတ်ကို ဝင်စံလိုပါက သင်္ခတနယ်သားများဖြစ်၍ မိမိတို့ခန္ဓာမှာ အကြောင်းအကျိုးဆက်ဖြစ်ပေါ်နေသော ခန္ဓာငါးပါး ...ရူပက္ခန္ဓာ၊ ဝေဒနက္ခန္ဓာ၊ သညာနက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာ၊ ဝိညာဏက္ခန္ဓာတို့ သတိပဋ္ဌာန်လေးပါးအဖြစ် မိမိစရိုက်နှင့် ကိုက်ညီအားကို ဝိပဿနာရှုပွားအားထုတ်မှသာလျှင်...

ဓမ္မာနုဓမ္မပဋိပတ္တိ အကျင့်ဖြင့်သာ ရုပ်နာမ်ချုပ်ငြိမ်းရာကို ရောက်မည်။ ပထမ ရုပ်နာမ်ဖြစ်ပျက်ကို မြင်သည်၊ မြင်လျှင် ဝိပဿနာဉာဏ်ပေါ်မည်၊ ရှုပါများသော် မိမိခန္ဓာ ရုပ်နာမ်ဖြစ်ပျက်ချည်း မြင်ပါများသော် အနိစ္စလက္ခဏာ၊ ဒုက္ခလက္ခဏာ၊ အနတ္တလက္ခဏာ မြင်ပါများ၍ ငြီးငွေ့သော နိဗ္ဗိန္ဒာဉာဏ်ပေါ်မည်။

ဖြစ်ပျက်ကိုမြင်၊ မဖြစ်ချင်၊ မဖြစ်ချင်တာ မဂ္ဂင်တရား ဝိပဿနာမဂ္ဂင်မှ ငြီးငွေ့မလိုချင်သော နိဗ္ဗိန္ဒာဉာဏ် တက်လာမည်။ တဏှာတည်းဟူသော လိုချင်တပ်မက်မှု ပါးပါးလာရာမှ ဖြစ်ပျက်မြင်သိ တဏှာကွာလာမည်။ ပထမအကြိမ် ဖြစ်ပျက်ချုပ်ဆုံးလျှင် သောတ္တာပတ္တိမဂ်ဉာဏ်ဖိုလ်ဉာဏ် တည်မည်။ ဒုတိယအကြိမ် ဝိပဿနာဖြစ်ပျက်ဆုံးလျှင် သကဒါဂါမ် တည်မည်။ တတိယအကြိမ် ဝိပဿနာဖြစ်ပျက်ဆုံးလျှင် အနာဂါမ် တည်မည်။ စတုတ္ထအကြိမ် ဝိပဿနာဖြစ်ပျက်ဆုံးလျှင် အရဟတ္တ ရဟန္တာအဖြစ် ရောက်မည်။

ရဟန္တာအဖြစ် ဉာဏ်ရောက်ပြီးပါလျှင် တဏှာနိရောဓော နိဗ္ဗာန်၊ တဏှာနိရောဓော ထိုဘဝကို လိုချင်တပ်မက်ခြင်း အလုံးစုံချုပ်ငြိမ်းရာ၊ တစ်နည်း ဘဝတွေရတာ ဒုက္ခသစ္စာမှန်းသိ၍ ဒုက္ခရောက်နေတာအမှန်ကို အသိဉာဏ်ထူးဖြင့် သိ၍ ၃၁ ဘုံ ဘယ်ဘဝမှ မလိုချင်၍ မလိုချင်တာ မဂ် ဝိရာဂေါတိ မဂ္ဂေါ ဟူသည့်အတိုင်း မဂ်ဉာဏ်က တဏှာကို



www.burmeseclassic.com

www.burmeseclassic.com

ချုပ်ပြတ်ကုန်စေသဖြင့် ဘဝသစ်ဆက်ဆက်မဖြစ်ဘဲ ရုပ်နာမ် ချုပ်ရာ မဒိဋ္ဌ၊ မနာ၊ မသေ အမြဲနေသော သုခအစစ် သဘော အဖြစ်ရောက်ကာ နိဗ္ဗာန်အမတသို့ အငြိမ်းတရား ဖြစ်သွားရလေ၏။

(ဃ) အဘဘိုးမင်းခေါင်၏ ဝိပဿနာ ရှုမှတ်ခြင်းအတွက် အရေးကြီးတာ ညွှန်ပြခဲ့ရပုံကို ဖော်ပြလို၏။

ယခင်ဆောင်းပါးတွင်လည်း ဖော်ပြထားပြီး ဖြစ်၍ အရေးကြီးသည့်အချက်သာ ထပ်မံ ဖော်ပြ ရှင်းပြလိုပါသည်။

(၁) ရှေ့သိစိတ်ကို နောက်သိစိတ်နှင့်ရှု။

အကြောင်းအကျိုးသာရှိ၏။ တဏှာကုန်လျှင် နိဗ္ဗာန်ရောက်သည်။ မင်း အဲဒီလမ်းပဲ နီးတယ်။ တခြားလမ်း မနီးဘူးတဲ့ဗျ။

ကျွန်ုပ်သည် အမှန်တကယ်ပင် နိဗ္ဗာန်ကို ရလို၊ ရောက်လိုသော ဆန္ဒအစစ်အမှန် ရှိနေ၏။ ငယ်စဉ်ကာလ လူကြီးများ ပြောသံကြားဖြင့်ပင် နိဗ္ဗာန်ကို သဘောကျနေ၏။ တိကျသေချာ မသိသေးပါ။ ဆင်းရဲဒုက္ခမရှိရာကို၊ ချမ်းသာသုခဆိုတာကို ကြားရုံဖြင့် သဘောကျခဲ့ပါ၏။

အဂ္ဂိရတ်ထိုး၊ ဖိုထိုးသော ဆရာဦးအေးသောင်နှင့် စတင်ရင်းနှီးသော ၁၉၆၇ ခုနှစ်လောက်ကလည်း သူ့ကို မေးကြည့်ပြီး နိဗ္ဗာန်ရောက်သလားလို့ မေးရာ သူသိတာမျှလောက် သူလည်း ပြောပြ၏။

သို့သော် ယခုအခါ ရဟန္တာထေရ်အရှင် မိုးကုတ်ဆရာတော်ဘုရားကြီး တရားတော်များ နာကြားသိနေပြီဖြစ်၍ နိဗ္ဗာန်၏ အဓိပ္ပာယ်အစစ်နှင့် ရောက်ကြောင်းအကျင့်ကို သိနေ၊ ကျင့်နေပြီ ဖြစ်ပါသည်။

မိုးကုတ်ဆရာတော်ဘုရားကြီးက စိတ္တာနုပဿနာ သတိပဋ္ဌာန်မှာ ဒိဋ္ဌိပြုတ်ပြီး သောတာပန်အမြန်တည်စေလို၍ ရှုနည်း တိုက်တွန်းဟောပြရာတွင်···

ရှေ့စိတ်ကို နောက်စိတ်နှင့်ရှုဟု ဟောပြထား၏။

အဘက ရှေ့သိစိတ်ကို နောက်သိစိတ်နှင့် ရှုဟု၍ ညွှန်ပြ၏။ ညွှန်ပြချက်နှစ်ခုစလုံး အတူတူပင် ဖြစ်၏။ သို့သော် ဆရာတော်ကြီးမှာ စိတ္တာနုပဿနာ သတိပဋ္ဌာန်အတိုင်း အဓိပ္ပာယ်ကို ဟောပြဘာသာပြန်ပုံ ထင်၏။ ပြည့်စုံပြီးသား ဖြစ်၏။

အဘညွှန်ပြချက်မှာ "သိ"တစ်လုံး အပိုပါချက် ထူး၏။ အဘတို့က လောကီ၊ လောကုတ် နှစ်မျိုးစလုံးအတွက် ဆောင်ရွက်နေ၍ လူပုဂ္ဂိုလ်တို့၏ လိုအပ်ချက်ကို ဖြည့်ပေးလို၍ "သိ"တစ်လုံး တိုး၍ ညွှန်ပြသည်ဟု ယူဆပါသည်။

စိတ်သည် သိတတ်သော သဘောရှိ၏။ သိတတ်သော်လည်း ပို၍စူးစိုက်မှ သိမှုထင်ရှား၏။ စူးစူးစိုက်စိုက် ရှုမှတ်မှ ပို၍ အသိထင်ရှား၏။ ထိုအတွက် ရှေ့သိစိတ်ကို နောက်သိစိတ်နှင့် ရှုဟု၍ အဘဘိုးမင်းခေါင်က ညွှန်ပြသည် ထင်ပါသည်။ ကျွန်ုပ်ကလည်း လူသာမန်တို့အတွက် "သိ" တစ်လုံး ထည့်ပေးတာ အားဖြည့်ပေးတယ်ပဲ ယူဆပါသည်။

မိုးကုတ်ဆရာတော်ကြီး တရားတော် အတွဲ-၂၇ တွင် ကောခမ္မောကို ရှင်းပြထား၏။ ကောခမ္မောတွင် ကောက အရှုခံတရား။ ခမ္မောက ရှုဉာဏ်တရား။ အရှုခံခန္ဓာတစ်ပါးကို ဖြစ်ပျက်မြင်အောင် ရှုဉာဏ်၊ မဂ္ဂင်ငါးပါးနှင့် ရှုရမည်ဖြစ်၏။ အရှုခံခန္ဓာတစ်ပါးကို ရုပ်ကို၊ ဝေဒနာကို၊ စိတ်ကို၊ ဓမ္မကို ရှုရန် သတိပဋ္ဌာန်လေးမျိုး ခွဲထားသော်လည်း ပြဋ္ဌာန်းရာကိုသာ ဆိုခြင်းဖြစ်၏။ ဖြစ်တော့ ခန္ဓာငါးပါးစလုံး ဖြစ်တူ၊ ပျက်တူ ဖြစ်၏။ ရုပ်ကနေးတယ်၊ နာမ်ကမြန်တယ်ဆိုတာ ဘုရားဉာဏ်အရာသာ ဖြစ်၏။

ခန္ဓာဖြစ်စဉ် ပဋိစ္စသမုပ္ပါဒ် ပစ္စုပ္ပန်ကာလမှာ ဝိပဿနာ ရှုသောအခါ ဒွါရခြောက်ပေါက်မှာ ပဝတ္တိခန္ဓာ ဖြစ်ရာတွင် ဆိုင်ရာမှာ ဝိဉာဏ်ဖြစ်ပေါ်၏။ ဝိဉာဏ်သည် ဒွါယခြောက်ပေါက်မှာ ဆိုင်ရာအာရုံ ထိတိုက်၍ ထွက်ပေါ်လာခြင်းဖြစ်၏။

ဝိဉာဏ်နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ၊ တဏှာ၊ ဥပါဒါန်၊ ကမ္မဘဝ ···ဤရှစ်ပါး အစက ပေါ်မည်၊ အလယ်ကလည်း ပေါ်ချင်ပေါ်မည်၊ အားလုံးပေါ်ရာကို ဖြစ်ပျက်ရှုကြရ၏။ သင်္ခတ ဖြစ်ပျက်ချင်းဖြစ်၍ ဖြစ်တာသည် ဒုက္ခ၊ ပျက်တာလည်း ဒုက္ခမို့ အားလုံး ပေါ်သမျှ သင်္ခါရတရားသာဖြစ်၍ ဖြစ်ပျက်သမျှ သင်္ခါရ ဒုက္ခသစ္စာ မှတ်ရမည်သာ ဖြစ်၏။ အရှုခံတစ်ခုကို ရှုသော်လည်း ရုပ်နာမ်အငွေ့လိုက် ဖြစ်ပျက်များ၏ ဖြစ်ဒုက္ခ၊ ပျက်ဒုက္ခသာ အမှန်ရှိ၏။ အမှန်ဖြစ်ပျက်နေ၏။ အကြောင်းကြောင့်ဖြစ်၍ ဖြစ်စေတာက အကြောင်း။ ဖြစ်တာက အကျိုး။ အကြောင်းအကျိုးသာ ရှိ၏။

ထိုသို့ မိမိတို့၏ ခန္ဓာအစဉ်မှာ ပရမတ်နယ်ကို ပြော



www.burmeseclassic.com

www.burmeseclassic.com

ဆိုသုံးနှုန်းနိုင်သည်။ သူ့နေရာနှင့်သူ သုံးစွဲခေါ်ရမည်ဖြစ်၏။ မပယ်ရချေ။ ပယ်ရင် အပါယ်ကျမည်ဖြစ်၏။

ဝိပဿနာရှုသောအခါ ပရမတ်နယ်ကို ရှုရခြင်းဖြစ်၍ ဓမ္မသဘောသက်သက်သာ ရှိ၍ အကြောင်းအကျိုး ဆက်ဖြစ်ပျက်နေခြင်း သက်သက်ဖြစ်၏။ ဖြစ်တာ ဇာတိဒုက္ခ၊ ပျက်တာ၊ သေတာ မရဏာမို့ စိတ်တစ်ခု၏ သက်တမ်းမှာ အလွန်တိုတောင်းလှသဖြင့် ဖြစ်ဆို ပျက်သွားပြီမို့ ဖြစ်တည်ပျက်တွင် တည်သောအချိန်ကိုသိအောင် ဖော်စရာမလိုသကဲ့သို့ ရှိ၏။ ဖြစ်တာလည်း ဒုက္ခ၊ ပျက်တာလည်း ဒုက္ခဖြစ်၍ အလွန်လျင်မြန်သော၊ သိမ်မွေ့သော ရုပ်နာမ်ဖြစ်ပျက်ကို ရှုပါများလျှင် ဒုက္ခသစ္စာသက်သက်အဖြစ် ဉာဏ်က ထင်မည်၊ မြင်မည်။ ထိုအခါ ပုဂ္ဂိုလ်သတ္တဝါ၊ ငါသူတစ်ပါး မရှိ၊ သဘောသက်သက် ပုဂ္ဂိုလ်သတ္တဝါ ဆိတ်သုဉ်းလျက် ထိုသုညတတရားသက်သက်မို့ တဏှာပါးရာက တဏှာကုန်သွားရင် တဏှာနိရောဓာဖြစ်၊ များများဖြစ်၊ ထိုအခါ တဏှာချုပ်၍ ရုပ်နာမ်ချုပ်ငြိမ်း ရုပ်သိမ်းသွား၍ ဒုက္ခအလုံးစုံ ချုပ်ပျောက်သွားရာကို ဉာဏ်က သက်ဝင်ရောက်ရှိသွားမည်။ ဉာဏ်က နိဗ္ဗာန်ကို မြင်ရမည်။ လောကုတ္တရာမဂ်ဉာဏ်၊ ဖိုလ်ဉာဏ် ပစ္စဝေက္ခဏာ ပေါ်ကာ သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်၊ ရဟန္တာဖြစ်စေမည် ဖြစ်ပါသည်။ လေးမဂ်လေးဖိုလ် ဆိုက်ပါက အရဟတ္တအဖြစ် ရောက်ပါမည်။

ထိုသဘောကို ရည်ရွယ်၍ အဘက ညွှန်ပြပုံ တဏှာနိရောဓော တဏှာကုန်ရင် နိဗ္ဗာန်လို့ ဆိုခဲ့ဟန်ရှိပါသည်။

(င) ထိုကာလမကြာမီ နောက်တစ်ရက်တွင် ဉာဏ်ချင်း သက်ရောက်တော့မှ နိဗ္ဗာန်ဟူ၍ ညွှန်ပြပြန်၏။

ဉာဏ်ချည်းသက်ရောက်တော့မှ နိဗ္ဗာန်ဆိုတာ မိုးကုတ်ဆရာတော်ဘုရားကြီး ဟောကြားချက်နှင့်လည်း ကိုက်ညီ၏။

ဝိပဿနာရှုနေစဉ် ခန္ဓာဖြစ်ပျက်ကို ရှုနေခြင်းဖြစ်၏။ ဘယ်ခန္ဓာပေါ်ပေါ် ရှုရှု ဖြစ်ပျက်သာ အစဉ်ဖြစ်ရမည်။ ဖြစ်ပျက်ဆုံးသွားသောအခါ ရုပ်ရော၊ နာမ်ရော ချုပ်ပျောက်သွား၍ ရုပ်နာမ်ချုပ်ငြိမ်းမှုသာ ရှိနေသော နိဗ္ဗာန်ကို တစ်ဉာဏ်ပြီး တစ်ဉာဏ်၊ မဂ်ပြီးဖိုလ်ဖြင့် ပစ္စဝေက္ခဏာဖြင့် မြင်နေရ၍ ဉာဏ်ချည်းသက်ရောက်တော့မှ နိဗ္ဗာန်ဟု ညွှန်ပြခဲ့ခြင်းကို သဘောပေါက်ပါသည်။

(စ) ထို့နောက် တစ်ရက်တွင် သားကြီး . . . ဒုက္ခသစ္စာ မြင်အောင်ကြည့်တဲ့ဗျ။

ထိုသို့ ညွှန်ပြခံရစဉ် တစ်မနက်မှာ ဒုက္ခသစ္စာမြင်အောင်ကြည့်ဆိုတာ အဓိပ္ပာယ်ရှင်းလင်းစွာ မသိသေးပါ။

ဆရာတော်များ . . . မဟာဗော[illegible]ဆရာတော်၊ မြောက်ဦးဆရာတော်၊ ပခုက္ကူဆရာတော်များနှင့် အခြား ဓမ္မရိပ်သာ ဆရာတော်များ၏ တရားများကိုလည်း နာယူခဲ့ပါသည်။ ပို၍ နားလည်လာစေပါသည်။

မိုးကုတ်ဆရာတော်ဘုရားကြီး၏ တရားတော်ပုဒ်ရေ ၁၃၀၀ ကျော်ပါသော ဓမ္မရောင်ခြည်မှ ဝယ်ယူနာကြားသည်မှာ နှစ်အတော်ကြာခဲ့ပါသည်။

ဒုတိယအခွေ B သို့မဟုတ် II မှ ဒုတိယနောက်ဆုံးအပိုင်း ၄၂ ၏ ၆၅၆ နှင့် ၆၅၇ ရယ်၊ နောက်ဆုံးအပိုင်း ၄၃ ၏ နံပါတ်-၁ ဓမ္မာနုဓမ္မပဋိပတ္တိကို နာကြားရသောအခါ ခြွင်းချက်မရှိ ရှင်းလင်းစွာ နားလည်ရပါသည်။

ဒုက္ခသစ္စာရှင်းတမ်းနှင့် ဒုက္ခသစ္စာ ပိုင်းခြားပုံကို အလေးအနက် သိထိုက်လှ၏။ ဓမ္မာနုဓမ္မ ရှင်းပြချက်ကိုပါ နာကြားရလျှင် အလွန်သိအပ်သော တရားသုံးပုဒ်ဖြစ်၍ ဝယ်ယူနာကြားပြီး အသိဉာဏ်တိုးပွား၍ လောကုတ္တရာဉာဏ်ဆိုက်အောင် ကြိုးစားကြပါစေလိုကြောင်း တိုက်တွန်းရင်းနိဂုံးချုပ်ပါရစေ။

တိုက်တွန်းခြင်းမှာ ရှုနည်းနှင့် သိစရာ သဘောပေါက်စေလို၍ ဖြစ်ပါသည်။

မေတ္တာ၊ သစ္စာ၊ သည်းခံ

ဖိုးသန်းကျော်(ရေကြည်သား)



www.burmeseclassic.com

www.burmeseclassic.com


# ဆရာကြီး အာရယ် ဆရာအောင်

(အကြားအမြင် ဂမ္ဘီရပညာပါရမီရှင်) (ဝါတွင်းဝါပ တနင်္လာနေ့တိုင်းပိတ်သည်)

မော်လမြိုင်(ခေါင်းဆေးကျွန်း)၊ ပဲခူး(ဒေးစွန်းပါ)၊ သန်လျင်(ကျောက်တန်း) ဘုရားတည်၊ စာမေးပွဲ၊ ကျန်းမာရေး၊ အချစ်ရေး၊ ထူးချွန်ထက်မြက်မည့် ကလေးနာမည်ပေးခြင်း၊ ဆိုင်၊ ကုမ္ပဏီနှင့် လုပ်ငန်းအမည်ရွေးချယ်ခြင်း၊ ထူးခြားအောင်မြင်သော စီးပွားရေးလုပ်ငန်းများ နိုင်ငံခြားကိစ္စ၊ သင်္ဘောသားများ လိုင်းကောင်း၊ လစာကောင်းပြီး အမြန်ထွက်ခွာရန်၊ အမှုအခင်းများ၊ အိမ်၊ ခြံ၊ မြေ၊ ကားရောင်း၊ သားသမီးများ လိမ္မာယဉ်ကျေးပြီး မိဘစိတ်တိုင်းကျဖြစ်စေရန် ကူညီခြင်း၊ အိမ်ထောင်ရေးကိစ္စ အထူးဆောင်ရွက်သည်(မူလအိမ်ထောင်ရှင်ဘက်မှသာ)၊ ထီနှင့် ကံစမ်းလုပ်ငန်းများအတွက် လမ်းညွှန်သည်။ ဓာတ်ရိုက်၊ ဓာတ်ဆင် အာမခံဖြင့် ဆောင်ရွက်သည်။

အမှတ်(၃၀၂)၊ မြေညီထပ်၊ ရွှေဘုံသာအလယ်လမ်း၊ ရန်ကုန်။ ဖုန်း/၀၉-၅၁-၁၂၁၄၆၊ ၀၉-၇၃၁-၅၃၁၈၈
နံနက် (၈း၀၀) နာရီ မှ နေ့လည် (၁း၀၀) နာရီ။
အမှတ်(၉၀)၊ မြေညီထပ်၊ သတိပဋ္ဌာန်လမ်း၊ ကျောက်မြောင်း၊ တာမွေမြို့နယ်။
နေ့လည် (၂း၀၀) နာရီ မှ ညနေ (၄း၀၀) နာရီထိ
အိမ်အမှတ်(၁၇)၊ အောင်နီလာလမ်း၊ အောင်မင်္ဂလာရပ်ကွက်၊ သန်လျင်မြို့။ ဖုန်း/၀၅၆-၂၁၆၀၉(အိမ်)
ညနေ (၄း၀၀) နာရီ နောက်ပိုင်း


# အောင်ဝိဇ္ဇာမိုရ် – အထူးကုဆေးခန်း

- အကြောအားနည်း၊ ပန်းသေပန်းညှိုးနှင့် ကာလသားရောဂါများ အထူးကုသပေးသည်။ ကျား အကြောသန် အားတိုးဆေး၊ အကြောသန်အထူးလိမ်းဆေးများ အမြို့မြို့ဆိုင်တိုင်းတွင် ရရှိနိုင်ပါသည်။ (1107 Y 7278)
- လိပ်ခေါင်းတွင်း၊ ပြင်ထွက် သွေးကျ၊ သွေးထွက်၊ ပူစပ်ကိုက်ခဲ၊ ဂရင်ဂျီနာရောဂါများ ကုသပေးသည်။ အမျိုးသမီးများ ဝါရင့်ဆရာမကြီးရှိသည်။ လိပ်ခေါင်းရောဂါပျောက် အထူးသောက်ဆေး လိမ်းဆေးများ ဆိုင်တိုင်း မေးဝယ်ပါ။ (1208 Y 7972)

ဆေးခန်း ❖ အမှတ် (၃၁၄)၊ ရွှေဘုံသာ (အလယ်) လမ်း၊ ဖုန်း/၀၁-၃၇၉၄၀၃
ပင်ရင်း ❖ အမှတ် (၇၆)၊ ၉၄-လမ်း၊ ကန်တော်လေး၊ ဖုန်း/၀၉-၅၀၁၆၃၇၂၊ ၀၉-၅၀၃၃၇၃၉
ဖြန့်ချိရေး ❖ ကိုဝင်းမြင့် + မဘောဘီ၊ ကောင်းသန့်စတိုး(မန္တလေး၊ ၂၇ လမ်း၊ ၇၂×၇၃ လမ်း)၊
အောင်ရတနာစတိုး(မန္တလေး၊ ဈေးချိုအနီး)


www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

# လူထဲကဘဝ ဘဝထဲကလူ

၇၂

လင်းရောင်တင်

(ယခင်လမှအဆက်)

## နွေရာသီ ဂန္ဓာရီခရီး

ကျွန်ုပ်သည် ဖခင်ကြီးဘက်မှ(အညာရှမ်း) ရှမ်းသွေးပါသောကြောင့် ထင်၏။ ရှမ်းပြည်သို့ရောက်လျှင် အလွန်ပျော်၏။ ယခင်က မီးရထားဖြင့် သွားရလေရာ သာစည်မြို့ကို လွန်သွားပြီးနောက် မြေပြန့်မှ တောင်ပေါ်သို့ ကရွေ့ရွေ့တက်ရသည့်အခါ ရှမ်းရိုးမတောင်တန်းကြီးများကို တောင်ခိုးငွေ့ ဝေသီစွာဖြင့် လှမ်းမျှော်ကြည့်ရသည့်အရသာကို လွန်စွာနှစ်ခြိုက်မိ၏။ တောရိပ်၊ တောင်ရိပ်၊ လျှိုမြောင်၊ ချောက်ကမ်းပါးတို့၏ မြင်ကွင်းကို ကြည့်ငေးနေရလျှင် ငြီးငွေ့သည်ဟူ၍ မရှိ။

တောရိပ်တောင်ရိပ်တို့နှင့် တဖြည်းဖြည်း နီးစပ်လာသည်နှင့် ခန္ဓာကိုယ်မှာလည်း တစိမ့်စိမ့် ချမ်းအေးလာ၏။ ရှမ်းပြည်နယ်၏ ဒေသသဘာဝအရသာကိုလည်း လွန်စွာ နှစ်သက်၏။ ကျွန်ုပ်သည် နိဝင်ဘာလ ဆောင်းချမ်းမြမြရာသီတွင် မွေးဖွားလာခဲ့သူဖြစ်၍လားမသိ၊ ချမ်းအေးသည့် ရာသီကို လွန်စွာနှစ်ခြိုက်၏။ သို့ဖြစ်၍ ပူပြင်းလောင်မြိုက်သော နွေရာသီကို ရွံ့ကြောက်၏။ ချွေးဒီးဒီးကျရသည့် အိုက်စပ်ပူလောင်သော နွေကာလတို့ကို လျင်မြန်စွာ လွန်မြောက်စေချင်သည့်သဘောရှိ၏။

သို့ဖြစ်၍ ယခုနှစ် နွေရာသီ သင်္ကြန်ရက်များအတွင်း ဂန္ဓာရီခရီးထွက်လျှင် ရှမ်းပြည်တောင်ပိုင်းဘက်သို့ ခရီးထွက်ချင်စိတ်တွေ ပေါ်နေ၏။ ကျွန်ုပ်နှင့် ခရီးအတူထွက်ဖော်ထွက်ဖက် ရှမ်းဆရာကြီး ဦးနေဝင်းနှင့် တိုင်ပင်ကြည့်သောအခါ သူက ယခုနှစ် စမတောင်ဘက်သို့ ခရီးထွက်လိုသည့်ဆန္ဒတွေ ဖြစ်ပေါ်နေသည်ဟု ပြောပြ၏။ စမတောင်ရောက်သွားလျှင် ယက္ကန်းစင်တောင်သို့ ယခုနှစ် သွားဖြစ်အောင်သွားမည်ဟုလည်း ဆိုပြန်၏။ စမတောင်က ဟိုးအလျင်ကကဲ့သို့ တောကြီးတောင်ကြီးမျိုး မဟုတ်တော့။ သစ်ရိပ်ဝါးရိပ်တွေ လွန်စွာ ပါးရှားသွားသည့် တောင်ကြောဖြစ်နေချေပြီ။ ယခုအခါ နွေရာသီတွင် လွန်စွာ ပူပြင်းလောင်မြိုက်သည့် နေရာတစ်ခု ဖြစ်နေပြီဖြစ်၏။ စမတောင်ဝန်းကျင်ရှိ သစ်ပင်ကြီးများသည် ခုတ်လှဲခံခဲ့ရသည်မှာ ကြာပြီ။ နည်းအမျိုးမျိုးဖြင့် ခုတ်လှဲခံခဲ့ရ၍ ယခုအခါ စမတောင်သည် အရိပ်အနည်းငယ်သာ ရှိသည့် တောင် ဖြစ်နေပြီ။

စမတောင်ကို အခေါက်ခေါက်အခါခါ ရောက်ခဲ့ဖူး၏။ နွေတစ်နွေထက်တစ်နွေ ပို၍ပူပြင်းလောင်မြိုက်လာသည်ကို ခံစားရ၏။ လွန်ခဲ့သည့် သုံးလေးနှစ်က တစ်ခေါက်ရောက်သွားကြသောအခါ ဆရာတော်က အဲယားကွန်းခန်းတွင်ထားသည့်ကြားက အပူတွေ အတွင်းသို့ ဖောက်ဝင်လာပြီး မနေနိုင်၊ မထိုင်နိုင် ပူပြင်းလောင်မြိုက်ခဲ့ကြ၏။ အဲယားကွန်းခန်းထဲတွင် ချွေးဒီးဒီးကျခဲ့ကြရ၏။ ထိုအဖြစ်မျိုး နောက်ထပ်ခံစားရမည်ကို စိုးရွံ့နေမိသော ကျွန်ုပ်သည် ရှမ်းပြည်သို့သာ သွားလိုစိတ်တွေ ပြင်းပြနေခဲ့မိပါ၏။

ဤသို့ဖြင့် ခရီးသွားဖော် သူငယ်ချင်း ရှမ်းဆရာကြီး ဦးနေဝင်းနှင့် အချေအတင်ဆွေးနွေးကြပြီးသောအခါ ရှမ်းပြည်ဘက်သို့သာ ခရီးထွက်ဖြစ်ခဲ့ကြလေတော့၏။ ထုံးစံအတိုင်း ရှမ်းပြည်ကို တိုက်ရိုက်မသွားသေးဘဲ မန္တလေးသို့ အလျင်တက်ခဲ့ကြ၏။ မန္တလေး မဟာမြတ်မုနိဘုရားကြီးသို့ သွားရောက်ဖူးမြော်လျက် ရွှေသင်္ကန်းကပ်လှူပူဇော်ကြ၏။ ကျွန်ုပ်သည် အပူကြောက်သည့်သူပြီပြီ မန္တလေးတွင် အေးအေးချမ်းချမ်းတည်းခိုနိုင်ရန် ဗီးနပ်စ်တည်းခိုခန်းကို



www.burmeseclassic.com

www.burmeseclassic.com

ရွေးချယ်တည်းရ၏။

ဗီးနပ်စ်တည်းခိုခန်းသည် လေအေးစက်၊ အိမ်သာ၊ ရေချိုးခန်း တွဲလျက်ပါပြီး၊ တီဗွီ၊ ရေခဲသေတ္တာရှိလျက် အတော်လေး အဆင်ပြေ၏။ အဖိုးနှုန်းလည်း ချိုသာ၏။ မန္တလေးမြို့ကြီးမှာ ရှိနေစဉ်အတွင်း စာဖတ်ပရိသတ်များ ဖြစ်ကြသော ဦးခင်မောင်ထူး၊ ဒေါ်ခင်ဆွေဦး၊ ဒေါ်ခင်စိုးဝင်း၊ ဦးခင်မောင်မြင့်၊ ဒေါ်ထွေးထွေး၊ နွယ်နွယ်ဦး၊ ငြိမ်းနွယ်မိုး တို့၏ ညှော်ခံကျွေးမွေးမှုများ၊ ကိုဇော်သီဟ၏ လိုက်လံပို့ဆောင်ကျွေးမွေးမှုများကို ကျေးဇူးတင်စွာ မမေ့နိုင်အောင် ရှိရပါတယ်။

"အသက်ကလေးရယ်တဲ့ ရှည်စေလို၊ မန်းတောင်ရိပ်ခို"ဟူသော စာဆိုနှင့်အညီ မန္တလေးတောင်ကိုလည်း ရောက်အောင်သွားဖြစ်ခဲ့ကြပါ၏။ "ဓခန်းမဝေးပေါင်မန္တလေးတောင်၊ မြွေကြီးနှစ်ကောင် သွားလို့ကြည့်ရအောင်" ဆိုသော စာချိုးလေးထဲက မြွေကြီးနှစ်ကောင် ရုပ်တုကြီးဆီသို့လည်း ရောက်ခဲ့ကြ၏။ မြွေကြီးကို လျှာပန်းထည် အဖြူ၊ အနီတွေ စည်းပေးထားကြပြီး နို့ကပ်၊ ပွဲပေး စသည်ဖြင့် နတ်မြွေကြီးအဖြစ် ကိုးကွယ်ပူဇော်သူတွေ တွေ့ရ၏။ သူ့ယုံကြည်မှုနှင့်သူ ဖြစ်နေကြ၍ အပြစ်မဆိုသာပေ။

မန္တလေးမြို့တွင် သုံးရက်ခန့်ရှိနေစဉ်အတွင်း မန္တလေးသူ၊ မန္တလေးသားများက ဘုရားကြီးဟု အခေါ်များသည့် မဟာမြတ်မုနိရုပ်ရှင်တော်မြတ်ကြီးထံ နှစ်ခေါက်ရောက်ကြ၏။ ရွှေသက်န်းကပ်လှူပူဇော်၊ ပန်းကပ်၊ ဆုမွန်ကောင်းတောင်း စသည့်အလုပ်များကို ဆောင်ရွက်ပြီး၊ နောက်နေ့တွင် မြန်မာပြည်၏ ဒုတိယအကြီးဆုံးမြို့ကြီးမှ ထွက်ခွာလျက် ရှမ်းပြည်နယ်တောင်ပိုင်း၏ မြို့ကြီးဖြစ်သော တောင်ကြီးမြို့သို့ ထွက်ခွာလာခဲ့ကြ၏။

တောင်ကြီးမြို့တွင် အခြေချလုပ်ကိုင်နေသော ညီညီလွင်နှင့် နွယ်နွယ်အောင်တို့ ရှိကြ၏။ ညီညီလွင်သည် ရပ်စောက်မြို့တွင် နေထိုင်သော ဒေါ်တင်အေး၏သား ဖြစ်၏။ ဒေါ်တင်အေးသည် ကျွန်ုပ်နှင့် အလယ်တန်းကျောင်းနေဘက် သူငယ်ချင်းလည်း ဖြစ်၏။ ကျွန်ုပ်ထက် အသက်ငါးနှစ်ခန့်ကြီးသဖြင့် အစ်မတစ်ယောက်သဖွယ်လည်း ခင်မင်တွယ်တာရ၏။ သူတို့မိသားစုနေထိုင်သည့် ရပ်စောက်မြို့သို့ရောက်တိုင်း နေရေးထိုင်ရေး၊ စားရေးသောက်ရေးတို့ကို မပူမပင်ရအောင် စောင့်ရှောက်သည့်အပြင် တောင်ကြီးရောက်တိုင်းလည်း သူ၏ သားတစ်ယောက်ဖြစ်သူ ညီညီလွင်တို့ ဇနီးမောင်နှံက ကူညီနေကျဖြစ်ပါ၏။

"ဦးတို့လာမယ့်ရက်ကို ကြိုပြောပါ။ သားတို့ တည်းခိုခန်းမှာ ဘွတ်ကင်လုပ်ထားလိုက်မယ်"

ဟု စကားဦးသန်းလိုက်ပြီးနောက် တောင်ကြီးမြို့သို့ရောက်သည့် မနက်အစောကြီး ၅ နာရီဝန်းကျင်တွင် ကားကြီးဂိတ်သို့ လာ၍ ကားဖြင့်ကြိုပေးရှာ၏။ ထို့နောက် တောင်ကြီးမြို့နှင့် မနီးမဝေးတွင်ရှိနေသော "ထမ်ဆမ်း"ဂူသို့ လိုက်၍ပို့ပေး၏။ ထမ်ဆမ်းဂူသည် ပင်းတယလိုဏ်ဂူ လိုမျိုး ဖြစ်သော်လည်း ပင်းတယလိုဏ်ဂူတော်ကြီးထက် နောက်ကျမှ လူတွေသိလာရသည့်ဂူ ဖြစ်ပါ၏။

ပင်းတယဂူသည် ဖြစ်ပေါ်လာသည့် သမိုင်းကြောင်းနောက်ခံနှင့် ပင့်ကူကြီးဇာတ်လမ်းတို့သည် တခမ်းတနား မြန်မာ့သမိုင်းတွင် ရှိခဲ့၏။ ဂူအတွင်းမှာလည်း ဘုရားဆင်းတုတော်ပေါင်း ထောင်သောင်းမက အမြောက်အမြား ရှိနေသော ရှေးဟောင်းဂူကြီးဖြစ်၏။ ရှမ်းလူမျိုးတို့၏ ဘုရားကြည်ညိုပုံကို လေ့လာနိုင်သည့် အံ့ဖွယ်ဂူကြီးတစ်ဂူ ဖြစ်ပါ၏။ ကျွန်ုပ်သည် ရှေးမဆွကပင် ပင်းတယဂူကြီးထဲသို့ အကြိမ်ကြိမ်ရောက်ခဲ့ဖူး၏။ ပြောရမည်ဆိုလျှင် အလယ်တန်းကျောင်းသားအရွယ်ကတည်းက စတင်ရောက်ရှိခဲ့ဖူးပြီး ကြီးသောအခါတွင်လည်း အခေါက်ခေါက်အခါခါ ရောက်ခဲ့ဖူးပါ၏။

ပင်းတယမြို့တွင် ' မြို့မျက်နှာဖုံးတစ်ဦးလည်းဖြစ်၊ ကားဝပ်ရှော့ပိုင်ရှင်တစ်ဦးလည်းဖြစ်သော ဦးဘုန်းတင့်သည်လည်း ငယ်သူငယ်ချင်းဖြစ်ပါ၏။ ယခင်တစ်ခေါက် ရောက်စဉ်က ကျွန်ုပ်တို့အား လိုလေသေးမရှိ ညှော်ဝတ်ကျေပွန်ခဲ့သူဖြစ်၏။

"စား…သူငယ်ချင်း၊ စားသာသား။ ဘာမှအားမနာနဲ့။ ငါ့မိန်းမ နားကပ်တစ်ဖက် ကျန်သေးတယ်။ ဟား…ဟား…ဟား…ဟား"

သက်သတ်လွတ်စားသော၊ အသောက်အစားမရှိသော၊ ကျွန်ုပ်ကို နောက်ပြောင်သည့်အနေနှင့် အထက်ပါ

www.burmeseclassic.com

စကားကို ပြောခဲ့ခြင်းဖြစ်၏။ သူ့ဘာမျှ အဆန်းတကြယ် ကျေးမွေး မပြုစုရသည်ကို ရယ်သွမ်းသွေးသည့်သဘော ဖြစ်ပါ၏။

"ငါတို့ ပင်းတယဂူသွားချင်သေးလား"ဟု ညီညီလွင် ဆို့ လင်မယားက မေးကြ၏။ ကျွန်ုပ်တို့ နှစ်ယောက်စလုံး ပင်းတယကို ရောက်ဖူးနေသောကြောင့် မရောက်ဖူးသေး သည့် ထမ်ဆမ်းဂူသို့ သွားကြရန်သာ ဆန္ဒပြုခဲ့ကြ၏။


## ထမ်ဆမ်းဂူကို ထူးဆန်းအောင်ပြုလုပ်ထားခြင်း

ကျွန်ုပ်၏ဆန္ဒမှာ မရောက်ဖူးသေးသည့်နေရာကိုသာ ရောက်လိုရင်းစွဲရှိပြီး ရောက်ဖူးခဲ့ပြီးသော နေရာဒေသကို ဆာမ်မံပြီး သွားချင်စိတ် သိပ်မရှိတော့ချေ။ သို့ဖြစ်၍ အကြိမ် ကြိမ်ရောက်ရှိပြီးဖြစ်သော ပင်းတယဂူကို မသွားလိုဘဲ ထမ်ဆမ်းဂူ၏ကိုသာ သွားရောက်ခဲ့ခြင်းဖြစ်ပါ၏။

ထမ်ဆမ်းဂူသို့ ရောက်သောအခါ ကျောက်စက်ပန်း ဆွဲ၊ ကျောက်စက်မိုးမျှော်များ ဆန်းဆန်းပြားပြားတွေ့ရပြီး အနေအထား ပိုမိုကျယ်ဝန်းသည်ကို တွေ့ရ၏။ ဘုရား ဆင်းတုတော်များ သင့်သလောက်သာရှိပြီး သဘာဝ ကျောက်စက်များတွင် တိရစ္ဆာန်ရုပ်လုံးကြွများ ထုလုပ်ပြု ပြင်ထားသည်ကို တွေ့ရ၏။ တချို့သော ကျောက်စက်မိုး မျှော်များတွင် မြွေကြီးတစ်ကောင် ရစ်ခွေနေပုံကို ထုလုပ် ထားသည်ကို တွေ့ရ၏။ ဂူထဲမှာ သစ်ပင်ပန်းမန်အတုများ ဖြင့် လုလုပပ ကြည့်ချင်စဖွယ်ဖြစ်အောင် ဖန်တီးထား၏။

"သမီးကတော့ ပင်းတယဂူထက် ထမ်ဆမ်းဂူကို ကြိုက်သဘောတယ် ဦးရဲ့"

ဟု တူမချော နွယ်နွယ်အောင်က ပြောခဲ့၏။ နွယ်နွယ်အောင်မှာ ငယ်ရွယ်သူဖြစ်၍ လှပအောင်ပြုပြင် မွမ်းမံဖန်တီးထားသည့် ထမ်ဆမ်းဂူကို မျက်စိကျနေခြင်း ဖြစ်၏။ အမှန်စင်စစ် ပင်းတယဂူသည် ဘုရားဆင်းတုတော် ကြီး၊ အသေးပေါင်း ထောင်သောင်းချီ၍ ထုဆစ်ပူဇော် ထားသည့် အံ့မခန်းဂူကြီးတစ်လုံးဖြစ်၏။ ဘုရားပေါင်း မြောက်မြားစွာ တည်ထားကိုးကွယ်ခဲ့သည်ကို ကြည့်ခြင်း




အားဖြင့် ပင်းတယခရိုင်အတွင်းရှိ ရှမ်းလူမျိုးများ ဗုဒ္ဓဘုရား ရှင်ကို မည်မျှကြည်ညို အားထားကြသည်ကို သိနိုင်ပါ၏။

ထမ်ဆမ်းဂူကား ထူးထူးဆန်းဆန်း လုလုပပ ပြုပြင် ထားသည်ကား မှန်ပါ၏။ ပင်းတယဂူကား အလှအပထက် သဒ္ဓါတရား၊ သဒ္ဓါအားကို ပြသည်။ သဘောအနေနှင့် ဆင်းတုတော်ပေါင်း များစွာကို ထုလုပ်ကိုးကွယ်ကြသဖြင့် မွန်မြတ်သည့်သဘော၊ မြတ်နိုးဖွယ်သဘောကို ပို၍ဆောင် နိုင်ပါ၏။ မည်သို့ပင်ဆိုစေ တောင်ထိပ်ပေါ်တွင် စေတီတည် မည်။ ဂူလိုဏ်အတွင်းတွင် ဆင်းတုတော်များ တည်ထား ကိုးကွယ်မည်ဟူသည့် မြန်မာတို့၏ ဗုဒ္ဓဂုဏ်တော်ကို ဖော် ညွှန်းသည့် မွန်မြတ်သောဆန္ဒများအား ကျွန်ုပ်တို့ လေးစား မြတ်နိုးရမည်ပင် ဖြစ်ပါ၏။

www.burmeseclassic.com

www.burmeseclassic.com



## ငါးဒုက္ခနှင့် ဆေးခါးကြီးဟင်း

လူတော်တော်များများ မရောက်ဖြစ်နိုင်ကြသည့် အင်းလေးကန်နှင့် အင်းလေးဖောင်တော်ဦးဘုရားကို ကျွန်ုပ်သည် အကြိမ်ပေါင်းများစွာ ရောက်ဖူးခဲ့ပြီဖြစ်၏။ အကြိမ်ပေါင်းများစွာလည်း ရွှေသက်န်းကပ်လှူပြီးဖြစ်၏။ ဘုရားဆင်းတုတော်ငါးဆူသည် အင်းသူအင်းသားများနှင့် အနယ်အနယ်အရပ်ရပ်မှ ပုဂ္ဂိုလ်များ၊ နိုင်ငံခြားသားများ နှစ်ပေါင်းများစွာ ရွှေသက်န်းတွေ ဆက်ကပ်ပါများသဖြင့် ရုပ်တုတော်များ၏ အသွင်သဏ္ဍာန်ပျောက်ကာ ရွှေတုံးကြီးငါးတုံးသဖွယ် ဖြစ်နေသည်ကို မရောက်ဖူးကြသူများပင် သိပြီးသား ဖြစ်ကြပါ၏။ ရှမ်း၊ မြန်မာ စကားပုံများထဲတွင် "တစ်မူးရလို့ တစ်ပဲလှူ၊ တို့ရှမ်းတောင်သူ တူနိုင်ရိုးလား" ဟူသော စကားပုံရှိသည့်တိုင်း ရှမ်းအင်းသားအင်းသူတို့၏ ဘုရားကြည်ညိုသည့်အတိုင်းအတာကို ရွှေတုံးကြီးများသဖွယ် ဖြစ်နေကြသည့် ဖောင်တော်ဦးဘုရား ငါးဆူကို ကြည့်၍ သိနိုင်ပါ၏။

အင်းလေးဖောင်တော်ဦးဘုရား ဖူးပြီးကြချိန်တွင် အားလုံး ဝမ်းဟာနေပြီဖြစ်သောကြောင့် ထမင်းနှင့် စားသောက်ဆိုင်တန်းများရှိရာသို့ သွားခဲ့ကြ၏။ ကျွန်ုပ်ကမူ သက်သတ်လွှတ်သမားဖြစ်သည့်အတိုင်း ပြီးလွယ်စီးလွယ် သက်သတ်လွှတ် အာလူးထမင်းနယ်တစ်ပွဲ မှာယူစားသောက်လျက် သက်သတ် လွှတ်ဆေးခါးကြီးဟင်း ချက်ပေးခိုင်းရ၏။ တူ၊ တူမများနှင့် ရှမ်းဆရာကြီးဦးနေဝင်းတို့ကမူ ငါးစားကြသဖြင့် "ငါးဒုက္ခ" ဆိုသော အခေါ်ထူးဆန်းသည့် ဟင်းတစ်မည်ကို မှာယူစားသောက်ကြ၏။

"ငါးဒုက္ခ"ဟုခေါ်သည့် အကြောင်းကို လေ့လာစူးစမ်းကြည့်သည့်အခါတွင်မူ အင်းထဲမှရသည့် "ငါးဖိန်း"ကိုပင် အစာများသွတ်၍ ကင်ထားသည့် ငါးကင်ပင် ဖြစ်ပါ၏။ အင်းသူများက ငါးဖိန်းကို အစာသွတ်ရာ၌ အောက်ပြည်မှာလို ငါး၏ဝမ်းဗိုက်ထဲကို မထည့်ဘဲ ကျောကုန်းကို လှီး၍ထည့်ကြ၏။ အစာများထွက်မကျစေရန် နီးဖြင့်ခိုင် ခိုင်တုပ်ထားကြရ၏။ ထိုအခါ ငါးသည် သေသွားသည့်တိုင် ကောင်းကောင်းမနေရဘဲ ကြိုးဖြင့်ချည်နှောင်ခြင်းခံရသောကြောင့် "ငါးကင်"ဟု ရိုးရိုး မခေါ်ကြဘဲ "ငါးဒုက္ခ"ဟု ခေါ်ကြခြင်းဖြစ်၏။

ထိုအကြောင်းကြားရသောအခါ ကျွန်ုပ်သည် "ဩော်...တစ်ကျောင်းတစ်ဂါထာ၊ တစ်ရွာတစ်ပုဒ်ဆန်း ဆိုတဲ့အတိုင်းပါပဲလား"ဟု ဩချမိပါ၏။ ကျွန်ုပ်အတွက် စပယ်ရှယ်ချက်ပေးသည့် ဆေးခါးကြီးဟင်းမှာလည်း ပဲနို ချင်းနှင့် ခါးသက်သက်၊ ချိုမြမြ၊ ဆိမ့်တိမ့်တိမ့်ဖြင့် သော ၍ကောင်းလှပါ၏။ အမှန်စင်စစ် ဆေးခါးကြီးဟင်းမှာ အင်း ထဲမှ ဖမ်း၍ရသည့် ငါးဖိန်းနှင့် ချက်မှသာ ပို၍သော ကောင်းသော၊ အရသာရှိသော ဟင်းတစ်ခွက်ဖြစ်ပါ၏။

## တြိဂံတံတိုပ် ဆပ်ပြာရည်

တောင်ကြီးမြို့ရှိ တူတော်မောင် ညိုညိုလွင် နွယ်နွယ်အောင်တို့ ဖနီးမောင်နှံသည် ဟောင်ဒရီဟု



www.burmeseclassic.com

www.burmeseclassic.com

သော "ပင်းမင်း"အလုပ်ရုံ တည်ထောင်ထားသည့်အပြင် ဆပ်ပြာရည်များကိုပါ တီထွင်ဖြန့်ချိ ထုတ်လုပ်ရောင်းချနေသည်ကို သိရ၏။ လက်ဆေး၊ ပန်းကန်ဆေး ဆပ်ပြာရည်၊ အဝတ်လျှော် ဆပ်ပြာရည်နှင့် မှန်ကြည်ဆေးရည်တို့ကို ထုတ်လုပ်ရာတွင် ရောင်း၍မလောက်အောင် ရှိနေသည်ကို တွေ့ရသောကြောင့် ဝမ်းမြောက်ဝမ်းသာ ရှိမိ၏။ ပို၍ ရောင်းကောင်းစေရန်လည်း အဆောင်ယတြာများလည်း ပေးရ၏။ ဆုတောင်းမေတ္တာလည်း ပို့သရ၏။

"ဦးလေးရေးတဲ့ ဆောင်းပါးတစ်ပုဒ်ထဲမှာ တြိဂံပုံသဏ္ဌာန်ဟာ ဂမ္ဘီရဆန်တယ်၊ သတ္တိထူးတွေရှိတယ်လို့ ဖတ်ရပြီး သဘောကျတာနဲ့ ကျွန်တော့်ရဲ့ 'ဖူးလ်မတ်စ်' ဆပ်ပြာရည်ဘူးတွေရဲ့ လိုဂိုအမှတ်ဝဲဆိပ်ကို တြိဂံပုံလေး လုပ်ထားတာ ဦးရဲ့"

"ကောင်းတာပေါ့ သားရယ်။ တြိဂံဆိုတာကို ခိုင်မြဲတဲ့ သတ္တိ၊ ရေရှည်အောင်မြင်တဲ့ သဘောကို ဆောင်တယ်။ သားဖတ်ရတဲ့ ဆောင်းပါးထဲကလို နှစ်ပေါင်းထောင်ချီပြီး ခိုင်မြဲနေတဲ့ အီဂျစ်ပြည်က ပိရမစ်ကြီးတွေဟာ တြိဂံပုံပဲလေ။ ရွှေတိဂုံစေတီတော်ကြီးလို၊ စေတီတော်တွေအားလုံးဟာလည်း တြိဂံပုံသဏ္ဌာန် ဖြစ်နေတယ်။ ဒါကြောင့် တြိဂံဟာ ဂမ္ဘီရဆန်တယ်လို့ ပြောတာ။ ရတနာသုံးပါးဟာလည်း လောကမှာ အထွတ်အထိပ်ပဲ မဟုတ်လား။ သားရဲ့လုပ်ငန်း တိုးတက်ကြီးပွားမှာ သေချာပါတယ်ကွာ"

"ဟုတ်ကဲ့။ အခုလည်း မဆိုးပါဘူး။ လုပ်ငန်းစရုံပဲ ရှိသေးတယ်။ အတော်လေး အလုပ်ဖြစ်နေပါပြီ"


"နောင် ဒီထက်အောင်မြင်မှာ သေချာပါတယ်ကွာ"

တောင်ကြီးမြို့တွင်ရှိစဉ် နေထိုင်စားသောက်ရေးနှင့် ဘုရားပုထိုးများကို လိုက်လံပို့ဆောင်ပေးခဲ့သော ညီညီလွင်နှင့် နွယ်နွယ်အောင်တို့ မိသားစုအား ကျေးဇူးတင်ရပါ၏။ တောင်ကြီးမှ ရပ်စောက်သို့ ခရီးဆက်ရာတွင်မူ ဒေါ်တင်အေး၏သမီးကြီး မို့မို့လွင်ပါ လိုက်ပါလာခဲ့၏။ ရပ်စောက်မြို့သည် ကျွန်ုပ်သံယောဇဉ်ဖြစ်ရသည့် ရှမ်းပြည်၏ မြို့ကလေးတစ်မြို့ ဖြစ်သလို စာရေးဆရာကြီးသိန်းသန်းထွန်း၏ သံယောဇဉ်မကင်းသော မြို့လေးတစ်မြို့ ဖြစ်ပါ၏။

## နဂါးပတ်ချောင်းနှင့် မိုးမခတောင်

ရပ်စောက်မြို့ကလေးကို ရစ်ခွေစီးဆင်းနေသည့် ချောင်းကလေးကို နဂါးပတ်ချောင်းဟု ခေါ်ကြ၏။ နဂါးပတ်ချောင်းကလေးသည် တစ်နှစ်လုံး ရေမပြတ်စီးဆင်း၍ ရေပြင်မှာ ကြည်လင်နေ၏။ နဂါးပတ်ချောင်းလေးမှ လှမ်းမျှော်ကြည့်လျှင် ဟိုးခပ်ဝေးဝေးတွင် မိုးမခတောင်ကြီးကို တွေ့ရ၏။ မိုးမခတောင်ဟု မည်သည့်အတွက် ခေါ်ကြမှန်း မသိရသော်လည်း မိုးမခတောင်ကြောတွင် စေတီကလေးများရှိကြ၏။ တောင်ထိပ်ရှိ မိုးမခတောင်စေတီကိုမူ သီရိဓမ္မာသောကမင်းကြီး တည်သွားခဲ့သည်ဟု ဆို၏။

ဤအကြောင်းအရာများနှင့်အတူ ရပ်စောက်မြို့ကလေး၏ သမိုင်းကို ဆရာကြီးသိန်းသန်းထွန်း အချက်အလက်များ စုစောင်းရှာဖွေ ပြုစုခဲ့ဖူးသည်ကို မှတ်သားမိပါ၏။ ကျွန်ုပ်သည် ထိုရပ်စောက်မြို့ကလေးနှင့် ကပ်လျက်ရှိ





www.burmeseclassic.com

www.burmeseclassic.com

သော ဗထူးတပ်မြို့ တပ်မတော်ကလေးများအထက်တန်းကျောင်းတွင် အလယ်တန်းကျောင်းသားအဖြစ် သုံးနှစ်ခန့်ကျောင်းတက်ခဲ့ဖူးသောကြောင့် ရပ်စောက်မြို့တွင် ငယ်သူငယ်ချင်းတွေ များစွာရှိလေ၏။

ထိုသူငယ်ချင်းများထဲတွင် ဒေါ်တင်အေး၊ ဒေါ်သဲနု၊ ဒေါ်စိန်းစိန်းရှိတို့သည် အမေများသဖွယ် ခင်မင်ကြလျက် ကိုသန်းမောင်၊ ကိုစန်းမောင်၊ ကိုသန်းအောင်(ကွယ်လွန်)တို့သည်လည်း ညီအစ်ကိုများသဖွယ် ဖြစ်ခဲ့ရ၏။ ခါတိုင်းရပ်စောက်သို့ ရောက်လျှင် ကိုသန်းအောင်က သူ့မော်တော်ဆိုင်ကယ်ကြီး တဖုန်းဖုန်းဖြင့် သွားလိုသည့်နေရာများကို ပျော်ပျော်ပါးပါးလိုက်ပို့ပေးခဲ့သည်များကို အမှတ်ရ၍ လွမ်းမိ၏။

ယခုမူ ကိုစန်းမော်နှင့် ကိုဗားဂျင်းတို့က လက်ဖက်ရည်ဆိုင်ထိုင် ဧည့်ခံစကားပြောကြ၏။ စာဖတ်ပရိသတ်နှင့် မိတ်ဆွေများလည်း စကားဝိုင်းထဲသို့ ရောက်လာကာ ဝိုင်းဖွဲ့ခဲ့ကြ၏။ ကိုသန်းမောင်မှာလည်း လေဖြတ်ထားသဖြင့် ယခင်နှစ်တွေကလို သူ့ကားကလေးဖြင့် ဟိုပို့၊ သည်ပို့ မပို့နိုင်တော့။ စကားလည်း မပြောနိုင်ရှာဘဲ ခေါင်းညိတ်၊ ခေါင်းခါသာ လုပ်နိုင်ရှာသဖြင့် စိတ်မကောင်းဖြစ်ခဲ့ရပါ၏။ ဪ…ဘဝထဲက လူတစ်ယောက်ပေပဲ။ ရွှေလျော့ပြောင်းလဲတာ ဓမ္မတာပဲလေဟု ဖြေယူရပါ၏။

## ဘုန်းဘုန်းကြီး ဦးသာသနနှင့် ရန်ပြေမာန်ပြေ ဝင့်ကြွေးတော်ပြေ

"ဟာ…လင်းရောင်ကြီး။ မင်း ငါ့ဆီလာခဲ့ဦးလေကွာ။ ငါတည်ထားတဲ့ ရန်ပြေမာန်ပြေ၊ ဝင့်ကြွေးတော်ပြေ စေတီလည်း ပြီးသွားပြီကွ။ လက်ရှိတော့ ဓမ္မာရုံကြီးတစ်ဆောင်ဆောက်နေတယ်"


ဘုန်းဘုန်းကြီးဦးသာသန (လူ့ဘဝတွင်၊ ဗထူးမြို့အထက်တန်းကျောင်းအုပ်ကြီးဟောင်း)က မိုးမခတောင်မှ ဖုန်းဆက်ရင်း ကျွန်ုပ်ကို လှမ်းခေါ်သဖြင့် နောက်နေ့တွင် သွားတွေ့ဖူးမြော်ရ၏။ ဒေါ်တင်အေး၏သားကြီး မောင်မောင်လွင်၏ ကားလေးကို သားသမက်ကိုထွေးက မောင်းပို့ပေးသဖြင့် ကျွန်ုပ်နှင့် ရှမ်းဆရာကြီးဦးနေဝင်းတို့ မိုးမခတောင်ဘက်သို့ ရောက်ခဲ့ရ၏။

"ရောက်တုန်းရောက်ခိုက် ငါတည်တဲ့…ရန်ပြေ၊ မာန်ပြေ၊ ဝင့်ကြွေးတော်ပြေစေတီတော် တက်ဖူးသွားကြဦးလား။ ဒီကနေ ဆယ့်ငါးမိနစ်လောက်ပဲ တက်ရမယ်"

ဟု မိန့်သဖြင့် ကျွန်ုပ်က…

"တောင်ပေါ်တက်ပြီး ဖူးရမယ့်ကိစ္စတော့ သည်းခံပါဘုရား။ တပည့်တော်တက်နိုင်မယ် မထင်ဘူးဘုရား။ တပည့်တော် ညာဘက်ဒူးနာနေပါတယ်ဘုရား။ ကျောက်ဆည်ခရိုင်က ပြကွရွှေတောင်ကြီးကို တက်ခဲ့ပြီး အဆင်းမှာ လေဝင်သွားပြီး ဒဏ်ဖြစ်နေတယ်ဘုရား။ အမြင့်တွေ သိပ်တက်နေရင် ဒဏ်ဟောင်းပေါ်လာပြီး ပြန်ပြန်နာလာတယ်ဘုရား"

ဟု လျှောက်လိုက်ရ၏။ အမှန်တကယ်လည်း မြေပြင်ညီညီတွင် မည်မျှလောက် လျှောက်ရသော်လည်း အတတ်အဆင်းကိုမူ ကြာကြာမလုပ်နိုင်ပေ။ မိုးမခတောင်



www.burmeseclassic.com

www.burmeseclassic.com

ကလည်း မတ်စောက်သော ကျောက်တောင်ကြီးဖြစ်၏။ အတော်လည်း မြင့်မား၏။ မိုးမခတောင်ထိပ်တွင် စေတီတည်တော်မူသွားသည်။ သီရိဓမ္မာသောကမင်းကြီးသည်ပင် မိုးမခတောင်ထိပ်ကို ယာဉ်စကြာဖြင့်သာ တက်ရောက်လာခဲ့ပြီး စေတီတည်ခဲ့သည်ဟု ကြားဖူး၏။

ဘုန်းဘုန်းကြီး ဦးသာသနအား လှူဖွယ်ဝတ္ထုကို နဝကမ္မတတ်နိုင်သလောက် လှူခဲ့ကြပြီး ဘုန်းဘုန်းကြီး ဆောက်လုပ်နေသော ဓမ္မာရုံကြီးကို အမြန်ဆုံး အဆင်ပြေစွာ ဆောက်လုပ်ပြီးစီးပါစေကြောင်း ဆုတောင်းခဲ့ရ၏။

"ငါလည်း လုပ်တုန်းကတော့ နိဗ္ဗာန်ရောက်ဖို့ပါပဲ။ ဘာလို့မှန်းမသိပါဘူးကွာ။ သူ့ပဋ္ဌာန်းဆက်နဲ့တူပါတယ်။ ဘုရားတွေတည်၊ ကျောင်းတွေဆောက်၊ ဓမ္မာရုံတွေတည် လုပ်နေရတယ်"

ဟု ဘုန်းဘုန်းကြီးဦးသာသနက မိန့်လေ၏။ ကျွန်ုပ်က ဘာမျှပြန်မလျှောက်ဖြစ်ခဲ့ပါ။ ကိုယ့်ဆရာဖြစ်ခဲ့သော ဘုန်းဘုန်းကြီးကို မိကျောင်းမင်း ရေခင်းပြမဖြစ်လိုချေ။ ကျွန်ုပ်တို့ ရပ်စောက်တွင်ရှိနေစဉ် သကြံန်မိုးရွာသဖြင့် ဝမ်းမြောက်ရ၏။ သကြံန်မိုးမရွာလျှင် ရာသီဥတုသည် အလွန်ပူပြင်းတတ်၏။ လူတွေ၊ သတ္တဝါတွေ ဒုက္ခရောက်ရ၏။ ကျွန်ုပ်ရန်ကုန်ပြန်ရောက်သောအခါ ရန်ကုန်မြို့ကြီးတွင် မိုးမရွာဘဲ ခေါင်နေသည်ကို ရင်ဆိုင်ရ၏။ အတော်ပူပြင်းသည့် ဒုက္ခကို လူတွေ၊ တိရစ္ဆာန်တွေ ခံနေရ၏။ ကျွန်ုပ်မှာမူ သားသမီးများ၏ ကောင်းမှုဖြင့် အိမ်ထဲက အိမ်ပြင်သို့မထွက်ဘဲ နေသည့်အခိုက် အေးအေးချမ်းချမ်း အဲယားကွန်းဖြင့်နေရ၏။ အပြင်သို့ရောက်သည်နှင့် ချွေးတပြိုက်ပြိုက်ဖြင့် လွန်စွာပူလောင်ခဲ့ရ၏။

သံဃာ့နာယကအဖွဲ့ချုပ်ဥက္ကဋ္ဌ ဗန်းမော်ဆရာတော်ကြီး ငါးရံ့မင်းပရိတ်တော် ရွတ်ဖတ်ပူဇော်သည်ကို စကိုင်းနက်မှ နေ့စဉ်လွှင့်ထုတ်ပေးပြီး မကြာခင်ရက်ပိုင်းကျမှပင် မိုးခပ်များများ ရွာလာသည်ကို အမှတ်ထားမိ၏။ ကျွန်ုပ်တို့ မြန်မာနိုင်ငံတော်တွင် ဗန်းမော်ဆရာတော်ကြီးကဲ့သို့ အကျင့်သိက္ခာ မေတ္တာနှင့် ပြည့်စုံသော ဆရာတော်ကြီးများ များများရှိစေချင်လှ၏။ ဆရာတော်ဘုရားကြီး၏ ငါးရံ့မင်းပရိတ်နှင့် သစ္စာမေတ္တာများကြောင့်သာ မိုးခေါင်နေရာမှ မိုးတွေရွာချလာသည်ဟု ကျွန်ုပ်အကြွင်းမဲ့ ယုံကြည်နေမိ၏။

ယခုနှစ် ကျွန်ုပ်ရှမ်းပြည်သို့ ဂန္ဓာရီသွားလျက် ရပ်စောက်မြို့မှာ သကြံန်တစ်တွင်းလုံး ကိုးပါးသီလဆောက်တည်အားထုတ်နိုင်ခဲ့သည့်အတွက် ကျေးဇူးတင်ထိုက်သူများအားလုံးကို ကျေးဇူးတင်မိပါ၏။ ဒေါ်တင်အေး၏ စကားတစ်ခွန်းကိုလည်း အမှတ်ရနေမိ၏။

"ဒီမှာတောင် နေ့ခင်းနေ့လယ်တွေ အတော်ပူနေပြီ"

ဆိုသော စကားဖြစ်ပါ၏။ ရှမ်းပြည်မှာပင် သစ်တောတွေ ပြုန်းကုန်ပြီပဲလေ။

*ဇေယျတုသဗ္ဗမင်္ဂလံ*

**လင်းရောင်တင်**


**ဆရာကြီးလင်းရောင်တင်**

**နေ့လဂ္ဂစ္ဆာသဃ လိုတရဟောခန်းမှ**

**ကျန်းမာရေး၊ စီးပွားရေး၊ ပညာရေး၊ လူမှုရေး စသည့်**

**အရေးကိစ္စများကို ကူညီဆောင်ရွက်ပေးနေပြီ။**

နေ့စဉ်-နံနက်(၉)နာရီမှ (၁၂)နာရီအတွင်း။ ဥပုသ်နေ့တစ်ရက် နားသည်။

**အခန်း(၃၀၆)၊ တိုက်အမှတ်(၁၀၁/B)၊ (၄)လွှာ၊ လမ်းသစ်လမ်း၊**

**လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။ ☎ – 09 420014614**

www.burmeseclassic.com

# ဖြေဆည်ရာ

## အရှင်ခေမာ ( ရွှေပြည်သာ )

ဤကမ္ဘာပေါ်၌ သက်ရှိလောကသား အားလုံးတို့တွင် လူသည် အသိဉာဏ်အရှိဆုံး သတ္တဝါတစ်မျိုးဖြစ်၏။

ထိုအသိဉာဏ်ဖြင့် လူသားတို့သည် မိမိဘဝနှင့်တကွ မိသားစုဘဝ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ကြ၏။ မိမိရပ်ရွာ၊ မိမိမြို့နယ်၊ မိမိနိုင်ငံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်လာကြ၏။ ထိုသို့ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်နေကြရင်း မိမိတို့ပိုင်ဆိုင်သော ပစ္စည်းဥစ္စာ ရတနာများသည် သဘာဝဘေးအန္တရာယ်ကြောင့်သော်လည်းကောင်း၊ မီးဘေးအန္တရာယ်ကြောင့်သော်လည်းကောင်း၊ သူခိုးဓားပြ၊ မင်းစိုးမင်းညစ်တို့၏ အန္တရာယ်ကြောင့်သော်လည်းကောင်း ပျက်စီးဆုံးရှုံးမှုများနှင့် ကြုံတွေ့လာရပါက စိုးရိမ်ပူဆွေး ငိုကြွေးကြ၏။ တချို့က သောကပရိဒေဝမီး တောက်လောင်ကာ သတိမေ့လျော့အောင်ထိ ပြင်းထန်သော ဝေဒနာကို ခံစားကြရ၏။ တချို့က ဖြေဆည်မရသော ပရိဒေဝမီး၏ အကျိုးဆက်ကြောင့် မိမိအသက်ကိုပင် စတေးလိုက်ကြသေး၏။ တချို့က ထိန်းချုပ်မှုကင်းမဲ့သော စိတ်ဝေဒနာကို ခံစားသွားရ၏။ ထိုထိုသို့သော ဝေဒနာများကို ခံစားနေရသူများကို ပြန်လည်သုံးသပ်ပါက ဆင်ခြင်တုံတရား အားနည်းခြင်း၊ အတွေးအခေါ် ဗဟုသုတအားနည်းခြင်း၊ မိမိစိတ်ကို ထိန်းချုပ်မှု အားနည်းခြင်းတို့ကြောင့် ဖြစ်လိမ့်မည်ဟု ယူဆမိပါ၏။

မိတ်ဆွေ...သင်သည် ထိုကဲ့သို့ သောကဝေဒနာရှင်များတွင် တစ်ဦးအပါအဝင်ဖြစ်ခဲ့ပါက ထိုသောက၏ဆိုးကျိုးဝေဒနာကို ကုစားရန်အတွက် ဖြေဆည်ရာကို ရှာရပါလိမ့်မည်။ ထိုသို့ ဖြေဆည်ရာကို ရှာဖွေရန်အတွက် မြတ်ဗုဒ္ဓ၏ သာသနာ့သမိုင်း စာမျက်နှာများတွင် အလွန့်အလွန် ချစ်ခင်မြတ်နိုးအပ်သော မိဖုရားဘဒ္ဒါသေဆုံးမှုကြောင့် မစားနိုင်၊ မသောက်နိုင်၊ မအိပ်နိုင် တမှိုင်မှိုင်တတွေတွေ ဖြစ်နေသော မုဏ္ဍမင်းအား ပါဋလိပုတ်ပြည် ကုက္ကုဋာရုံကျောင်း၌ သီတင်းသုံးနေသော အသျှင်နာရဒမထေရ်၏ ဆုံးမဩဝါဒ လမ်းညွှန်ပေးခြင်းသည် သောကဝေဒနာရှင်များအတွက် ဖြေဆည်ရာ အားဆေးတစ်ခွက် ဖြစ်ပါ၏။

အရှင်နာရဒမထေရ်သည် ပါဋလိပုတ်ပြည် ကုက္ကုဋာရုံကျောင်း၌ သီတင်းသုံးနေစဉ် မိဖုရားဘဒ္ဒါသေဆုံးခြင်းကြောင့် သောကပရိဒေဝမီး တောက်လောင်ကာ တိုင်းရေးပြည်ရေး၊ ကိစ္စများကိုပင် စီမံခန့်ခွဲမှု မလုပ်နိုင်ဘဲ စွဲလမ်းမှု ဥပါဒါန်ကြောင့် မိဖုရားဘဒ္ဒါရဲ့ ရုပ်အလောင်းအနားက မခွဲနိုင်မခွာရက်ဖြစ်ကာ ရွှေတိုက်စိုး ပိယကိုခေါ်၍ ချစ်လှစွာသော မိဖုရားကြီးဘဒ္ဒါရဲ့ အလောင်းကို ကြာရှည်ခံနိုင်အောင် ထားရန်အတွက် လုံခြုံသော အဖုံးနှင့်တကွ ဆီဖြည့်ပြီး သံသေတ္တာတစ်ခု ပြုလုပ်ကာ မိဖုရားကြီးဘဒ္ဒါကို သံသေတ္တာထဲထည့်ထားရန် အမိန့်ပေးလိုက်၏။ ရွှေတိုက်စိုးသည် ဘုရင်ကြီးမှာကြားသည့်အတိုင်း တာဝန်ကျေအောင် ဆောင်ရွက်ထားလိုက်၏။ ဘုရင်ကြီးသည် မိဖုရားပြီး အလောင်းနားတွင် တဝဲလည်လည်နှင့် အချိန်ကုန်နေ

www.burmeseclassic.com

၏။ အစာလည်းမစား၊ ရေလည်းမသောက်၊ တိုင်းရေးပြည်ရေး ကိစ္စများကိုလည်း မဆောင်ရွက်နိုင်။ နေ့ညဉ့်တို့ပတ်လုံး မိဖုရားအလောင်း၌သာ စွဲလမ်းနေ၏။ ထို့ကြောင့် ရွှေတိုက်စိုး ပိယသည် ဘုရင်ကြီး၏ ကျန်းမာရေးအခြေအနေကိုလည်း စိုးရိမ်လာ၏။ တိုင်းရေးပြည်ရေး ကိစ္စကိုလည်း စိုးရိမ်လာ၏။ ထိုသို့ စိုးရိမ်လာသောကြောင့် ဘုရင်ကြီး၏ သောကပရိဒေဝမီးကို ငြိမ်းအေးနိုင်ရန်အတွက် ပါဋလိပုတ်ပြည် ကုက္ကုဋာရုံကျောင်း၌ သီတင်းသုံးနေသော နာရဒမထေရ်ထံ ချဉ်းကပ်၍ သောကမီးငြိမ်းအေးကြောင်း တရားတော်ကို နာကြားနိုင်ရန် စီစဉ်ပေး၏။ ထိုသို့ စီစဉ်ပေးသောကြောင့် မုဏ္ဍဘုရင်သည် အရှင်နာရဒမထေရ်နှင့် တွေ့ဆုံခွင့်ရသွား၏။ ထိုသို့ တွေ့ဆုံစဉ် အရှင်နာရဒမထေရ်က မုဏ္ဍဘုရင်ကို သက်ရှိလောကသားအားလုံး တောင့်တ၍မရနိုင်သော အရာငါးမျိုးပါဝင်သော တရားတော်ကို ဟောကြား၏။ ထိုတောင့်တ၍ မရနိုင်သော အရာငါးမျိုးကား ...

(၁) အိုတတ်သော သဘောတရားကို မအိုပါနဲ့ဟူ၍လည်းကောင်း၊

(၂) နာတတ်သော သဘောတရားကို မနာပါနဲ့ဟူ၍ လည်းကောင်း၊

(၃) သေတတ်သော သဘောတရားကို မသေပါနဲ့ဟူ၍ လည်းကောင်း၊

(၄) ကုန်တတ်သော သဘောတရားကို မကုန်ပါနဲ့ဟူ၍လည်းကောင်း၊

(၅) ပျက်စီးတတ်သော သဘောတရားကို မပျက်စီးပါစေနဲ့ဟူ၍ လည်းကောင်း၊

ရဟန်းဖြစ်စေ၊ မြတ်သောအကျင့်ကို ကျင့်နေသော လူဖြစ်စေ၊ နတ်ဖြစ်စေ၊ မာရ်နတ်ဖြစ်စေ၊ ဗြဟ္မာဖြစ်စေ လောကမှာ မည်သူမဆို ဤအရာငါးမျိုးကို တောင့်တ၍ မရနိုင်။ အဘယ်ကြောင့်ဆိုသော် အကြားအမြင် ဉာဏ်ပညာအားနည်းသော ပုထုဇဉ်ပုဂ္ဂိုလ်အား အိုတတ်သော သဘောတရားသည် ငါတစ်ယောက်တည်းသာ အိုသည်မဟုတ်။ သက်ရှိသတ္တလောကသားအားလုံးတို့သည် အိုခြင်းသဘောရှိ၏။ ထိုသို့ အိုနေကြသော သတ္တလောကသား အားလုံးတို့တွင် ငါတစ်ယောက်တည်းသာ ပူဆွေးခဲ့မှု၊ ပင်ပန်းခဲ့မှု၊ ငိုကြွေးခဲ့မှု၊ ရင်ပတ်စည်တီး မြည်တမ်းခဲ့မှု၊ တွေဝေမိန်းမောခြင်းသို့ ရောက်ခဲ့မှု၊ အစာမစား၊ ရေမသောက်၊ အလုပ်မလုပ်နိုင်လျှင် ရန်သူများ ဝမ်းမြောက်ပြီး မိတ်ဆွေများ စိတ်ညစ်ကြလိမ့်မည်ဟူ၍ မဆင်ခြင်နိုင်။ ထိုသို့ မဆင်ခြင်နိုင်ခြင်းမှာ အမြော်အမြင်ဉာဏ်ပညာ အားနည်းသောကြောင့် ဖြစ်ပါ၏။

ထိုနည်းတူ နာတတ်သော သဘောတရားသည်လည်း ငါတစ်ယောက်တည်းသာ နာသည်မဟုတ်။ သတ္တလောကသားအားလုံးတို့သည်လည်း နာတတ်သော သဘောရှိ၏။

သေတတ်သော သဘောတရားသည်လည်း ငါတစ်ယောက်တည်းသာ သေသည်မဟုတ်။ သတ္တလောကသား အားလုံးသည်လည်း သေတတ်သော သဘောရှိကြ၏။

ကုန်တတ်သော သဘောတရားသည်လည်း ငါတစ်ယောက်တည်းသာ ကုန်သည်မဟုတ်။ သတ္တလောကသား အားလုံးတို့သည်လည်း ကုန်တတ်သော သဘောရှိကြ၏။ ပျက်တတ်သော သဘောတရားသည်လည်း ငါတစ်ယောက်တည်းသာ ပျက်သည်မဟုတ်။ သတ္တလောကသား အားလုံးတို့သည်လည်း ပျက်တတ်သော သဘောရှိကြ၏ဟူ၍ အိုခြင်း၊ နာခြင်း၊ သေခြင်း၊ ကုန်ခြင်း၊ ပျက်ခြင်း သဘောတရားတို့နှင့် ရင်ဆိုင်တွေ့ကြုံနေရသော သတ္တလောကသား အားလုံးတို့တွင် ငါတစ်ယောက်တည်းသာလျှင် ပူဆွေးခဲ့မှု၊ ပင်ပန်းခဲ့မှု၊ ငိုကြွေးခဲ့မှု၊ သတိမေ့လျော့ခဲ့မှု၊ ထမင်းမစား၊ ရေမသောက်၊ အလုပ်မလုပ်နိုင်သော ငါ့ကိုကြည့်ပြီး ရန်သူတို့က ဝမ်းမြောက်ပြီး မိတ်ဆွေတို့က စိတ်ညစ်ကြလိမ့်မည်ဟူ၍ ဆင်ခြင်စဉ်းစားနိုင်လိမ့်မည်မဟုတ်။ အဘယ်ကြောင့်ဆိုသော် အတွေးအခေါ် ဉာဏ်ပညာ အားနည်းသောကြောင့် ဖြစ်ပါ၏။ ထိုသို့ အတွေးအခေါ် ဉာဏ်ပညာအားနည်း၍ သောကပရိဒေဝမီး တောက်လောင်နေသော ပုထုဇဉ်ကို သောကငြောင့်စူးဝင်နေသော ပုဂ္ဂိုလ်၊ မိမိကိုယ်မိမိ ပူပန်စေတတ်သော ပုဂ္ဂိုလ်ဟူ၍ ဆိုအပ်၏။



www.burmeseclassic.com

www.burmeseclassic.com

အရှင်နာရဒမထေရ်သည် မိမိကိုယ်မိမိ နှိပ်စက်ခံနေရခြင်း၏ သဘောတရားကို မသိနားမလည်သော မုဏ္ဍမင်းအား ဓမ္မအလင်းရောင်ဖြင့် သိမြင်စေရန်အတွက် သက်ရှိလောကသားအားလုံး တောင့်တ၍မရနိုင်သော အရာငါးမျိုးကို ထုတ်ဖော်ပြသ ဆုံးမခဲ့၏။

ဆက်လက်၍ ထိုတောင့်တ၍မရနိုင်သော အိုခြင်း၊ နာခြင်း၊ သေခြင်း၊ ကုန်ခြင်း၊ ပျက်ခြင်း ငါးမျိုးအပေါ်မှာ အရိယာနယ်ပယ်သို့ ရောက်ရှိနေကြသော သတ္တလောကသားတို့၏အမြင်ကို တင်ပြခဲ့ပါ၏။ မင်းကြီး အကြားအမြင် ဗဟုသုတရှိသော အရိယာတပည့်သည် အိုခြင်းသဘောတရားနှင့် ကြုံတွေ့လာသော် ငါတစ်ယောက်တည်းသာ အိုသည်မဟုတ်။ သတ္တလောကသားအားလုံးတို့သည် အိုခြင်းသဘောတရားနှင့် ရင်ဆိုင်ရသည်ချည်း ဖြစ်ပါ၏။ မည်သူတစ်ဦးတစ်ယောက်မျှ ရှောင်လွှဲ၍မရနိုင်သော အိုခြင်းတရားနှင့် ကြုံတွေ့လာသည့်အခါ သောကပရိဒေဝမီး တောက်လောင်၍ မအိပ်နိုင်၊ မစားနိုင်၊ တမှိုင်မှိုင်တထွေထွေ ဖြစ်နေခြင်းသည် မိမိကိုယ်မိမိ နှိပ်စက်ခြင်းသာ ဖြစ်ရာ၏။ မိမိလုပ်ငန်းစဉ်များ ပျက်စီး၍ ရန်သူများ ဝမ်းသာကာ မိတ်ဆွေများ စိတ်ညစ်နေကြရပါလိမ့်မည်။ ထို့ကြောင့် အရိယာနယ်ပယ်မှ သက်ရှိ လောကသားအားလုံးတို့သည် အိုခြင်းသဘောတရားနှင့်သော်လည်းကောင်း၊ နာခြင်းသဘောတရားနှင့်သော်လည်းကောင်း၊ သေခြင်းသဘောတရားနှင့်သော်လည်းကောင်း၊ ကုန်တတ်သော သဘောတရားနှင့်သော်လည်းကောင်း၊ ပျက်တတ်သော သဘောတရားနှင့်သော်လည်းကောင်း ကြုံတွေ့လာပါက ငါတစ်ယောက်တည်းသာ အိုသည်မဟုတ်၊ နာတစ်ယောက်တည်းသာ နာသည်မဟုတ်၊ ငါတစ်ယောက်တည်းသာ သေရမည်မဟုတ်၊ ငါတစ်ယောက်တည်းမှာသာ ကုန်ရသည်မဟုတ်၊ ငါတစ်ယောက်တည်းသာ ပျက်စီးခြင်းနှင့် ကြုံရမည်မဟုတ်၊ သက်ရှိလောကသား အားလုံးတို့သည်လည်း အိုရလိမ့်မည်၊ နာရလိမ့်မည်၊ သေရလိမ့်မည်၊ ကုန်ရလိမ့်မည်၊ ပျက်ရလိမ့်မည်။ ဤသို့ နှလုံးသွင်းဆင်ခြင်ပါ၏။ ထိုသို့ဆင်ခြင်နိုင်သောကြောင့် အရိယာနယ်ပယ်မှ သတ္တလောကသား အားလုံးတို့သည် ထိုတောင့်တ၍ မရနိုင်သော အရာငါးမျိုးနှင့် ကြုံတွေ့လာရသော်လည်း သောကပရိဒေဝမီး တောက်လောင်ပူဆွေးခြင်း၊ ငိုကြွေးခြင်း၊ သတိမေ့လျော့ခြင်းတို့ မဖြစ်နိုင်။ အဘယ်ကြောင့်ဆိုသော် အဆိုးအကောင်း၊ အကျိုးအကြောင်းကို ဝေဖန်ဆန်းစစ်နိုင်သော အသိဉာဏ်ဆင်ခြင်တုံတရားနှင့် သတိတရားတို့ အမြဲမပြတ် ရှိနေသောကြောင့် ဖြစ်ပါ၏။

အရှင်နာရဒမထေရ်သည် မုဏ္ဍဘုရင်အား ဖော်ပြပါ သတ္တလောကသားအားလုံး ထိုတောင့်တ၍မရနိုင်သော တရားငါးမျိုးကို ဟောကြားအပြီးတွင် မုဏ္ဍမင်းက အရှင်နာရဒမထေရ်အား ယခုဟောပြပေးသော တရားတော်၏အမည်ကို မေးလျှောက်ရာ တရားတော်၏အမည်သည် သောကပြောင့်ကို ထုတ်နုတ်ကြောင်းဖြစ်၍ သောကသလ္လဟရဏ တရားတော်ဖြစ်ကြောင်း ဖြေကြား၏။ ထိုအခါ မုဏ္ဍမင်းက အရှင်ဘုရား ဟောကြားသော တရားတော်သည် သောကပြောင့်ကို ထုတ်ပယ်တတ်သော တရားစစ်စစ်ဖြစ်ပါ၏။ တပည့်တော်သည် ဤတရား တော်ကိုနာရ၍ သောကပြောင့်ကို ထုတ်ပယ်ပြီးပါပြီဘုရားဟု လျှောက်၏။ ထိုသို့လျှောက်ပြီး ရွှေတိုက်စိုး ပိယကကို ခေါ်ကာ အရှင်ပိယက ငါသည် သောကပြောင့်ကို ထုတ်ပယ်ပြီးပါပြီ။ (ဘဒ္ဒါ၏အလောင်းကို မကြည့်တော့ဘူး)မီးသဂြိုဟ်လိုက်ပါ။ အရိုးပြာကို စေတီတည်လိုက်ပါ။ ယနေ့ကစပြီး ငါသည် ရေလည်းချိုးမည်၊ အစာလည်းစားမည်၊ တိုင်းရေးပြည်ရေးကိစ္စများကိုလည်း ဆောင်ရွက်ပါတော့မည်ဟု ပြော၏။ မိတ်ဆွေသင်သည် အကြောင်းအမျိုးမျိုးကြောင့် သောကဝေဒနာရှင်များတွင် တစ်ဦးအပါအဝင်ဖြစ်ပါက သက်ရှိလောကသားအားလုံး တောင့်တ၍မရနိုင်သော တရားတော်ကိုနာရ၍ သောကပြောင့်ကို ထုတ်ပယ်ကာ ဖြေဆည်ရာကို ရှာဖွေတွေ့ရှိနိုင်ခဲ့သော မုဏ္ဍမင်းကို စံနမူနာပြု၍ ဖြေဆည်ရာကို ရှာဖွေနိုင်ကြပါစေဟု ဆန္ဒပြုလိုက်ရပါသည်။

**အရှင်ခေမာ(ရွှေပြည်သာ)**

www.burmeseclassic.com

www.burmeseclassic.com

# ကုန်ရောင်း ကုန်ထွက်စေရန် ပြုလုပ်နည်း

ကျော်အောင်ပိုင်ထူး

ဆရာတော်ဘုရားကြီးသည် အကြောင်းတိုက်ဆိုင်သောအခါ၌ဖြစ်စေ၊ ငကားစပ်မိသောအခါ၌ဖြစ်စေ၊ ဆရာတော်ဘုရားက လိုအပ်မည့် ဒါယကာ ဒါယိကာမများအားလည်းကောင်း၊ လောကီနှင့် ပတ်သက်သော ပညာများကိုလည်း မိန့်ကြားတတ်ပေသည်။ ထိုသို့ ဆရာတော်ဘုရားကြီး ပြောပြမှုတို့ကို မှတ်သား၍ နားလည်တတ်ကျွမ်းသော ဆရာတော်ဘုရား၏ တပည့်ကြီးများက အစီအမံများကို ဝေနေယျများ အကျိုးအတွက် စီရင်ပေးကြလေ့ ရှိခဲ့ပါသည်။

ယခုဖော်ပြလိုက်သည့် နည်းမှာလည်း ဆရာတော်ဘုရားကြီး သက်တော်ထင်ရှားရှိစဉ်က ဝေနေယျများအား ဝါဝင်ဝါဆိုနှင့် ဝါကျွတ်ပဝါရဏာပြုစဉ် စီစဉ်ရသော အစီအစဉ်တစ်ခု ဖြစ်ပေသည်။

ဝါတွင်းကာလ သံဃာတော်များ မိမိနေထိုင်ရာ ကျောင်းဝိုင်းအတွင်း ဝါဆိုမည်ဖြစ်ကြောင်း၊ ဝါဆိုစည်းချ၍ တညီတညွတ်တည်းစုစည်း ဝါအကြီးဆုံး သံဃာမှ အစပြု၍ ဝါအဆင့်ဆင့်လိုက် ရွတ်ဆိုကြသော ပါဠိကို အနက်မပါဘဲ တစ်ထွာပတ်လည်ခန့်ရှိသော ပိတ်ဖြူအသစ် သန့်သန့်ပေါ်၌ သံဃာတော်များ ရွတ်ဆိုစဉ် ရွတ်ဆိုသံကြားရသော နေရာ၌ ရေးသားထားရမည်။

ရေးသားရမည့် ပါဠိစာသားမှာ -

> ကမ္မ သိဒ္ဓိ ဝိ ဟာ ရေ ကု မံ
> တေ မာ သံ ဝဿံ ဥပေမိ

ထိုပါဠိရေးသားပြီး ပိတ်စဖြူကို မိမိရောင်းထားလိုသော ကုန်ပေါ်တွင် ဖြန့်တင်ဖုံးအုပ်ထားရမည်ဖြစ်သည်။

အကျိုးမှာ ရန်သူမျိုးငါးပါးဘေးရန်မှ ကင်းလွတ်ပြီး အပျက်မစီး အလေအလွင့် နည်းပါးစွာဖြင့် မိမိသိုလှောင်လိုသော ကာလအတိုင်းအတာထိ တည်ရှိနေစေပါသည်။

ဝါကျွတ်သောအခါ သံဃာတော်များ ပဝါရဏာပြုချိန်၌ ပဝါရဏာပြုစဉ် ရွတ်ဆိုသောပါဠိကို အနက်မပါဘဲ တစ်ထွာပတ်လည်ရှိသော ပိတ်ဖြူစအသစ် သန့်သန့်ပေါ်တွင် သံဃာတော်များ ပဝါရဏာပြုစဉ် ရွတ်ဆိုသံ ကြားရသောနေရာ၌ ရေးထားရပါမည်။

ရေးသားရမည့် ပါဠိမှာ...

> သံဃံ ဘန္တေ ပဝါရေ မိ
> ဒိဋ္ဌေန ဝါသု တေန ဝါ ပရိ
> သင်္ကါ ရဝါ ဝဒံတု မံ အာ
> ယသ္မန္တော အနုကမ္ပံ
> ဥပါဒါယ ပဿန္တော ပဋိကရိဿာမိ

ဟူ၍ ဖြစ်ပေသည်။ ထိုပါဠိရေးသားပြီးသော ပိတ်ဖြူစသည် ဝါဆိုကာလက ရေးသားပြီး ကုန်ပေါ်တွင် အုပ်၍ လှောင်ထားသော ကုန်များ ရောင်းလိုသောအခါ၌ မိမိရောင်းလိုသော ဈေးကို ရွတ်ဆို၍ ထိုပိတ်စဖြင့် ကုန်များကို ရိုက်ပုတ်ပေးရမည်။

ဝါဝင်တွင် ပြုလုပ်ထားသော ပိတ်စသည် ကုန်များ လှောင်သောအခါတွင် အသုံးပြုရပြီး၊ ဝါကျွတ်ကာလတွင် စီရင်သော ပိတ်စသည် ကုန်များ ရောင်းလိုသောအခါတွင် အသုံးပြုရမည်ဖြစ်ပါသည်။

ဝါဝင် ဝါထွက် အစီရင်ဖြင့် ရောင်းပန်းသာ ဝယ်ပန်းလှကြပြီး ကိုယ်စိတ်နှစ်ပါး အေးငြိမ်းချမ်းသာခြင်းသို့ ရောက်ရှိကြသည် ဖြစ်ပါစေသော်။

*(မှတ်ချက် - ဝါဝင်တွင် မပြုလုပ်မိပါက ဝါထွက်တွင် ပြုလုပ်လျှင်လည်း အကျိုးရှိပါသည်။)*

ကျော်အောင်ပိုင်ထူး



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

# ဝေမျှမှောင်ကင်း

● ခိုင်ခင်အောင်ကြင်း

ဆွေဆွေရီနဲ့ ကျွန်တော်ဟာ အိမ်ချင်းသိပ်မဝေးဘဲ တစ်ရပ်တည်းနေ၊ တစ်ရေတည်းသောက်တွေ ဖြစ်ပါတယ်။ မူလတန်းက အလယ်တန်းအထိ တစ်ကျောင်းတည်း နေခဲ့ပြီးမှ သူက ဝိဇ္ဇာကျောင်းကို ပြောင်းသွားခဲ့တယ်။ ဆယ်တန်းရောက်ကြတဲ့အခါ အသားဖြူဖြူ၊ မျက်ခုံးထူထူလေးနဲ့ ဝဝကစ်ကစ်ရှိတဲ့ ဆွေဆွေရီကို စိတ်ဝင်စားလာပြီး "ချစ်တယ်"လို့ ခပ်တိုတို စာတစ်စောင်ရေးလို့ ချစ်ရေးဆိုလိုက်တယ်။ ဆွေဆွေရီက ဘာမှကို ပြန်အဖြေမပေးဘူး။

ဆယ်တန်းကို တစ်နှစ်ထဲအတူ အောင်တော့ "ဆွေဆွေ . . တို့ကို စာပြန်ရေးပြီး အဖြေပေးတော့ကွာ" ဆိုတာကို "သက်မောင်နော် ပညာဖြင့် မစုံသေးဘူး"လို့ပြောရင်း မျက်စောင်းကြီးခဲလိုက်ပုံက ပြင်းလွန်းလို့ ဘာမှဆက်မပြောရဲဘဲ တဟဲဟဲရယ်နေလိုက်ရတယ်။ တော်ကြာ သူငယ်ချင်းလိုတောင် မခေါ်မပြောဖြစ်သွားရင် မလွယ်လို့ ငြိမ်နေရပါတယ်။

ရန်ကုန်တက္ကသိုလ်ကို အတူသွားတက်ကြမယ့်အခါ မေဂျာမတူကြပေမယ့် တစ်မြို့တည်းသား ဘုန်းနိုင်၊ ခင်မောင်ချစ်၊ မြသွေးတို့နဲ့ ဇာတိမြို့ကို သွားတိုင်း၊ ပြန်တိုင်းလိုလို လောက် အတူသွား၊ အတူပြန်ဖြစ်ပြီး ခင်မင်ရင်းနှီးနေကြတာပေါ့လေ။

သွားကြ။ လာကြပြီဆို ကျွန်တော်က ဆွေဆွေရီ့နား ရွေးထိုင်တတ်တာကို ဘုန်းနိုင်က "သက်မောင်လည်း တောက်တဲ့ကြီး ဖြစ်တော့မယ်"တဲ့။ "တောက်တဲ့က ဂေါ်ဇီလာဖြစ်မှလို့ ဆွေဆွေပြောနေတယ်" မြသွေးဝင်ပြောတာကို ချက်ခနဲ ကျွန်တော် သဘောပေါက်လိုက်ပါတယ်။ သူတို့မိန်းကလေးတွေ အချစ်ကို ဦးစားပေးဖို့ထက် အားကိုးချင်တာက များများကြောင့် "ဂေါ်ဇီလာဖြစ်အောင် ခြောက်နှစ်ကြိုးစားတယ်လေ" ကျွန်တော်က စက်မှုအင်ဂျင်နီယာ ဖြစ်လို့ပါပဲ။

"ဟား . . . ဟား . . . အဲဒီ လောက်အထိ နှိပ်စက်မထားနဲ့ကွာ။ ခုပဲ တတိယနှစ် ပြီးသွားပြီ"

ခင်မောင်ချစ်က ပြောရင်းမှာ တစ်ဆက်တည်း . . .

"မြသွေးကတော့ ဘုန်းနိုင်ကို နှိပ်စက်ထားမှာ မဟုတ်ဘူးထင်တယ်"

"အမယ် . . ရှေ့နေလိုက်မယ့်လူက လေ့ကျင့်နေတာလား။ မိဘသဘောတူထားတာရှိလို့ သူငယ်ချင်းလို့ပဲ ဆက်၍ . . ."

ဆိုရင်း သူငယ်ချင်းတွေအကြားမှာ သူငယ်ချင်းအဖြစ်ပဲ ကြေညာမောင်းခတ်လိုက်တယ်။

ကျွန်တော်တော့ . .

"မြသွေးဟာ နှလုံးသားမရှိသလိုပဲ။ ကိုယ့်ဘဝအရေးကို မိဘနဲ့ လွှဲလိုက်ပြီးရင် ပြီးရောဆိုသလိုပါပဲလား"လို့ ထင်ပေမယ့် သူ့ကိုယ်ပိုင်အရေးဆိုတာ ဝေဖန်စရာ မလိုဘူးလို့ သဘောထားလိုက်ပါတယ်။

စက်မှုတက္ကသိုလ် စတုတ္ထနှစ်အထိ အကြာကြီးစောင့်မှ ဆွေဆွေက ကျွန်တော့်ကို လက်ကမ်းတယ်။ သူ့ဆင်ခြေက "မယုံသေးလို့ ကြည့်နေတာ"ဆိုပဲ။

အရင်ကျောင်းပြီးသွားတဲ့ ဆွေဆွေရီက အလယ်တန်းပြ ဆရာမဝင်လုပ်ရင်း "မောင် ကျောင်းပြီးသွားရင် ဆွေတို့အိမ်ကို နားဖောက်ပါနော်"ဆိုလို့ ခေါင်းညိတ်တာနဲ့ ဆွေဆွေက ကျွန်တော့်ကို စောင့်ပါတယ်။

ခင်မောင်ချစ် အကြောင်းဆိုရင် မြသွေးရဲ့ညီမဝမ်းကွဲ ဣန္ဒြာမြတ်က ညွှတ်နေတာတောင် ဥပေက္ခာပြုပြီး ပုသိမ်သူ ဝေဝေတင်ဆိုဘာနဲ့ လက်တွဲလိုက်သော့ ဝိုင်းပြီး . . .

"ခင်မောင်ချစ်ရာ၊ ဣန္ဒြာမြတ် မလှလို့လားကွာ"

"ဟဲ . . . ဟဲ . . လှပါတယ်။



www.burmeseclassic.com

www.burmeseclassic.com

ဒါပေမယ့် ရွာနားမြက် ရွာနွားမစားဘူးတဲ့"

သူ့ကိုယ်သူ နွားနဲ့ နှိုင်းပြောတော့ "ကြိုးရှည်ရှည်နဲ့ချည်ပြီး ဆွဲသွားရာနောက် လိုက်တော့မယ်မေ့"ဆိုမှ . . .

"မတတ်နိုင်ဘူးကွာ။ ဣန္ဒြေဖြတ်ကို မောင်နှမလိုဖြစ်နေတာနဲ့ စိတ်ပြောင်းလို့မရဘူး"

သူပြောတာလည်း ဟုတ်နိုင်ပါတယ်။ ကျွန်တော်သာ ဆွေဆွေရီအပေါ် စောစောစီးစီး စိတ်ပြောင်းခဲ့တာ မတတ်နိုင်ဘူး။

ဘုန်းနိုင်နဲ့ မြသွေးတို့လည်း တစ်နယ်စီ ဝေးသွားကုန်ကြပါတယ်။ အဲဒါတွေထက် ကျွန်တော့်အကြောင်းကိုပဲ ပြောချင်တာက နှစ်ယောက်လုံး မိဘတွေအတွက် ပူပင်စရာ မရှိတာကြောင့် သီးချိန်တန်သီး၊ ပွင့်ချိန်တန်ပွင့်ချင်တဲ့အတိုင်း မြို့လေးတစ်မြို့မှာ အလုပ်ရတဲ့နှစ်ပဲ နှစ်ဘက်မိဘသဘောတူ မင်္ဂလာပွဲသိုက်သိုက်မြိုက်မြိုက်နဲ့ ပျော်လို့ရွှင်လို့ပေါ့။

ကျွန်တော်နဲ့ ဆွေဆွေရီတို့ရဲ့ မျိုးဆက်သစ်အဖြစ် သား 'သက်ဆွေမောင်' လေးနှစ်၊ သမီးလေး 'သက်ဦးဆွေ' တစ်နှစ်ခြောက်လ ထွန်းကားပြီးမှ ကံကောင်းထောက်မစွာ ရာထူးတက်တဲ့အပြင် ရန်ကုန်ရုံးချုပ်ကို အကြီးတန်း လျှပ်စစ်အင်ဂျင်နီယာအဖြစ် ပြောင်းရွှေ့ခွင့်ရလာကြပါတယ်။

နေသားကျပြီး နိစ္စဓူဝ မိုးလင်းရင် ရေမိုးချိုးပြီး သားက ပေါင်ပေါ်တက်ထိုင်တဲ့အခါ ဆွေဆွေရီ့လက်ရာ ပူပူနွေးနွေးစားပြီးတာနဲ့ စာဖတ်လို့ ဆွေဆွေရီပြောတဲ့ သားသမီးတွေတတ်လာတာ ပြောဖြစ်ကြတယ်။

"သားသားကလေ သူ့ကြောင့်မှောက်သွားတဲ့ ထမင်းကြော်တွေ သိမ်းပြီး အမှိုက်တောင်းထဲ သွားထည့်တယ်။ ဒါတင် မကသေးဘူး။ မီးမီးက နှစ်နှစ်နဲ့ စားပွဲကို လက်သုတ်ပဝါနဲ့ ပွတ်တယ်။ မတတ်တတတ်နဲ့ သန့်ရှင်းရေးလုပ်ပုံ ချစ်စရာ တကယ်ကောင်းတယ်"

"ဆွေဆွေက စားပွဲကို အမြဲပြောင်လက်နေအောင် တပွတ်ပွတ်သန့်နေတာမြင်လို့ ဖြစ်မယ်။ နောက်ဆို သားသားက မိန်းကလေးလို ဆွေဆွေ့ကို ကူမယ့်သားနော်"

"မီးမီးကော ကူကြမှာဆိုတော့ ဆွေဆွေပွတာပဲ"

ဆိုတာမျိုးတွေကစလို့ တတ်လာကြတာကို ကြားရတာနဲ့အမျှ ပျော်စရာကောင်းလှပါတယ်။

တစ်နှစ်မကြာလိုက်ခင် မန္တလေးဂျီတီအိုင်က ဆင်းလာတဲ့ ခင်စိုးသက်ဆိုတာ ရုံးချုပ်ကိုရောက်လာမှ ကျွန်တော့်စိတ်တွေ တစ်စုံတစ်ရာအတိုင်းအတာအထိ ပြောင်းလဲသွားခဲ့သလိုဖြစ်ရမယ့်ကြမ္မာလို့ ပြောလို့ရပါလိမ့်မယ်။

အလုပ်သဘောအရ အနီးကပ်ဆက်ဆံရမှ ခင်စိုးသက်ဟာ အသားလတ်လတ်၊ စင်ရော်တောင်မထူမပါး မျက်ခုံး၊ နှာတံနဲ့ နှုတ်ခမ်းဖောင်းဖောင်းလေးက ပေါ်လွင်နေပြီး နဂိုလှနေ့ပေမယ့် အလှအာကြိုက်သလို နည်းနည်းခြယ်ခြယ်သသ ရှိတဲ့အပြင် ခါးသိမ်သိမ်လေးက ပြေပြစ်တဲ့ကိုယ်လုံးလေးကို လှုပ်ရှားသွားလာတိုင်း တနွဲ့နွဲ့ဖြစ်နေစေပြီး သနပ်ခါးရေကျဲနံ့လေးအပြင် ပန်းတစ်မျိုးမျိုး ပန်တတ်တာကြောင့် ခပ်သင်းသင်းရနံ့လေး မသိမသာရနေတတ်တာက ရင်ထဲကိုတိုးဝင်လာသလို ခံစားရတယ်။ နာမည်ကအစ ကျွန်တော့်နာမည် 'သက်'တစ် လုံးပါတာကို သဘောကျပြန်ပါတယ်။

သူ့ကိုယ်သူ "သက်"ကဆိုပြီး ပြောတတ်ပုံကြောင့် တစ်ရုံးလုံးက လူတွေနဲ့ ရောနှောလို့ "သက်"လို့ ခေါ်ရတာလည်း ခေါ်လို့ကောင်းနေပြန်ပါတယ်။ ခင်စိုးသက် ရောက်လာကတည်းက ရုံးတက်ရမည်ဆိုရင် စိတ်စောနေတတ်တဲ့အတွက် ဟိုဟာဒီဟာ မေ့ကျန်တော့ ဆွေဆွေရီက ကားနားအထိ နောက်က ပျာပျာသလဲ လိုက်ပေးရရင် "အလုပ်အရေးကြီးနေလို့ ဆွေဆွေ"ဆိုကာ ဆင်ခြေပေး ဖုံးကွယ်မိတယ်။

ဆွေဆွေက သားသမီးတွေ အကြောင်း ပြောပြောနေသမျှ စကားတချို့ထဲက . . .

"မောင်ရေ . . . သားသားက ကြီးရင် ဘာလုပ်မလဲမေးတော့ ဆရာဝန်ကြီးလုပ်မှာတဲ့။ မီးမီးလေး ကတော့ မပြောတတ်သေးဘူး။ ဒါပေမယ့် အိမ်ဖုန်းကိုကိုင်ပြီး နံပါတ်တွေ တစ်ချက် နှစ်ချက်နှိပ်ပြီးတာ 'ဟဲလို'ဆိုပြီး ဘာတွေဆက်ပြော မှန်း မသိဘူး။ 'မီးမီး ဘာလုပ်နေ

www.burmeseclassic.com

တာလဲ'မေးရင် 'ဘွားဘွား'တဲ့။ သူ့အဘားဆီက ဖုန်းလာတတ်တာတွေ မှတ်မိနေသလိုပဲ"

"သားသားက ပန်းပင်တွေ ရေလောင်းနေတာကြည့်လိုက်တော့ သင်မပေးထားဘဲ ရေကရားကို ဝေ့ပြီးလောင်းလိုက်သေးတယ်"

လို့ ပြောတာလောက်ပဲ နားထဲဝင်ခဲ့တာရှိပေမယ့် တချို့ကို ကြားသာကြားပြီး မမှတ်မိဖြစ်နေပါပြီ။ ဆွေဆွေရီက ကျွန်တော်အလုပ်တွေ ပိနေလို့ ထင်နေသလို သိပ်မပြောတော့ပါဘူး။ ဆွေဆွေရီကလည်း ကလေးနှစ်ယောက်နဲ့ အလုပ်တွေ ရှုပ်တိုင်း ဖြစ်သလိုနေ၊ ဖြစ်သလို ဝတ်နဲ့ အသက်ထက် ဆယ်နှစ်စာလောက် ရင့်တာထက် ခါးနဲ့ဗိုက်မှာ အဆီတွေတက်လို့။ ကျောင်းဆရာမ ကလည်း ဖြစ်ခဲ့ပြန်တာကြောင့် ဘီးစပတ်ကြီးပတ်ထားတာ တွေ့နေရတာပေမယ့် အိမ်ကတော့ သန့်ရှင်း သပ်ရပ် သာယာပါပေတယ်။

ဘယ်လိုပဲဖြစ်ဖြစ် ကျွန်တော့်စိတ်တွေ ထိန်းမရဘဲ ရှုံးတက်ရဖို့ စိတ်စောနေတတ်ပေမယ့် ရှုံးကို ခင်စိုးသက်က အရင်ရောက်နေတတ်တာချည်းပါပဲ။ ကျွန်တော့်ရုံးခန်းအဝင် ညာဘက်ဘေး စားပွဲနောက်မှာ ထိုင်နေမယ့် ခင်စိုးသက်ဆီကို အရင်ဆုံး မျက်လုံးရောက်ပြီး အမြဲတွေ့ချင်နေသလို ခင်စိုးသက်ကလည်း ကျွန်တော့်ကိုကြည့်တဲ့ အကြည့်တွေမှာ လျှို့ဝှက်မှုတစ်ခု ရှိနေသလို ထင်ရပါတယ်။

တဖြည်းဖြည်း အခြေအနေဟာ ကျွန်တော်က ချစ်တယ်လို့ ဖွင့်မပြောရဘဲ ခင်စိုးသက်ကလည်း ဘာမှမပြောဘဲနဲ့ အလုပ်ကိစ္စတွေနဲ့ နီးစပ်မှုက အလိုလို ချစ်သူတွေပမာ တွဲမိလာပါတယ်။ တစ်ခုခု အတူသွားစားကြတာမျိုး၊ စနေနဲ့ တနင်္ဂနွေတွေမှာ အချိန်ပိုရုံးတက်ရမယ်လို့ အကြောင်းပြချက်ကို အသုံးချကာ ခင်စိုးသက်ကို ရုံးခေါ်တာနဲ့ ဆွေဆွေရီ အလုပ်ရှုပ်နေတတ်တာတွေကို အခွင့်အရေးယူတတ်လာပါတယ်။ သန်လျင်ကျိုက်ခေါက်ဘုရား၊ ကျောက်တန်းရေလယ်ဘုရားအထိ အတူဘုရားဖူးသွားလို့ အင်းယားကန်ပေါင်ဘက် ခြေရာချင်းထပ် ယှဉ်တွဲသွားလည်ပတ်ဖို့ ခင်စိုးသက်က မငြင်းတဲ့သဘောက ဆင်ခြေရာကို အထင်းသား တွေ့နေရတဲ့အတိုင်း ဖြစ်နေကြပါတယ်။

ဒါတောင် ခင်စိုးသက်က စကားပြောရင် ချစ်တင်းနှောစကား မဆိုဘဲ "ဆရာနဲ့ ဆရာ့ဇနီးက သူငယ်ချင်းတွေဆို"လို့ မေးတတ်သလို ကျွန်တော်ကလည်း ခင်စိုးသက်ကို အလှကြည့်နေရုံသက်သက်ပဲထားရင်း သူ့အနားမှာရှိနေရင် ကြည်နူးတာသာ ရှိပါတယ်။

ခင်စိုးသက် ရုံးနောက်ကျတဲ့ရက်မှာ သူနဲ့လူငယ်တစ်ယောက် ပါလာရာက ကျွန်တော်တို့ရဲ့ ပေါက်ကွဲမှုကို ထိန်းမရ ဖြစ်သွားပုံဆိုရင် . .

"ဆရာ ဒါ သက်တို့ရဲ့ ကျောင်းတုန်းက နှစ်နှစ်စီနီယာကြီးတဲ့ ကိုမိုးမြင့်တဲ့။ နယ်က ရန်ကုန်ရောက်တဲ့ အခိုက် သက်တို့ရုံးကို လိုက်ချင်တယ် ဆိုတာနဲ့ ခေါ်လာခဲ့တာပါ"

ခင်စိုးသက် ရှင်းပြမိတ်ဆက်ပေးတာကြောင့် သဝန်တိုစိတ်များ ခံစားရတာ မျက်နှာမှာ မပေါ်လွင်အောင် ကြိုးစားပြုံးပြ လက်ဆွဲနှုတ်ဆက်ရတယ်။

"ရန်ကုန်ရောက်ရင် ရုံးကို လာလည်ပါ"လို့ ပဋိသန္ဓာရစကား ဆိုရပေမယ့် ရင်ထဲမှာ ကျပ်သလို ဖြစ်နေပါတယ်။

ညနေဘက် လူရှင်းမှ "သက်ရဲ့ အကြိုးတန်း ကျောင်းသားက ရိုးရိုးမှ ဟုတ်ရဲ့လား" သဝန်တိုသံ မာမာ ပြောမိတာနဲ့ . . .

"ဆရာ့ကို သက် မလိမ်ချင်ပါဘူး။ ကိုမိုးမြင့်က သက်ကို လက်ထပ်ချင်တယ်လို့ ပြောနေပါပြီ"

"သက်စဉ်း စားနေသလား"

ခင်စိုးသက်က စဉ်းစားနေရင်း ဘာပြန်ပြောရမှန်း မသိသလို တွေ့တော့ ဒေါသဖြစ်ဖြစ်နဲ့ . . .

"အေးလေ၊ ကိုယ်က ကြွေကျနွမ်းကြေနေတဲ့ ပန်း၊ သူက ဝေဆာပွင့်လန်းနေတဲ့ပန်း တစ်ပန်းမက ကိုယ်က အရှုံးသမား"

"ဆရာလည်း ကဗျာဆန်ဆန် အပြောနဲ့ သက်ကို ကြွေစေညွှန်းနေတယ်"

"မဟုတ်သေးပါဘူး သက်ရယ်။ ကိုယ့်ကိုလည်း ဆရာလို့ မခေါ်ပါနဲ့"

ပြောမိပြောရာ ပြောရာက သူ့လက်နုနုလေးတွေကို ပထမဆုံး



www.burmeseclassic.com

www.burmeseclassic.com

အဖြစ် ဆွဲယူဖျစ်ညှစ်ရင်ပဲ မျက်လုံး အဝိုင်းသားနဲ့ . .

"ဒါရုံးမှာဆိုတာ သတိထားပါဦးနော်။ သက် ပြန်ပါရစေ"

ပြောရင်းဆိုရင်း ဆတ်ခနဲ ထ ပြန်သွားလို့ နေခဲ့လိုက်ရပါတယ်။

ခင်စိုးသက်က နောက်ရက်တွေ အလုပ်များတာ အကြောင်းပြ၊ လုံလောက်ရုံမက ပိုလျှံနေတာ ရှောင်လို့ ရနိုင်သမျှ ရှောင်နေတာမကြောင့် ဘွာမကူတမ်း ပြေးနေပြီဖြစ်ကြောင်း သိလိုက်ပါပြီ။

တစ်ရက်လောက် မမြင်ရရင် လွမ်းစိတ်တွေ ဝေတတ်သူ ကျွန်တော်လည်း တစ်ရက် ရုံးဆင်းအပြန်ကို နောက်ကလိုက်သွားပြီး "ပြောစရာရှိလို့ ခဏ"လို့ အတင်းခေါ်တဲ့ အခါ လူကြီးတွေပိပိ ခင်စိုးသက်လည်း ဣန္ဒြေမပျက်ဘဲ ဖွင့်ပေးတဲ့ ကားပေါ် တက်ထိုင်ပါတယ်။

ကားကို ရည်ရွယ်ချက်မရှိ မောင်းလာလို့ မြို့တော်ခန်းမနား ရောက်လာတာကြောင့် အနီးဆုံး စကားအေးအေးဆေးဆေး ပြောလို့ရပြီး လူရှင်းတတ်ရာ မစ္စတာဂီတာ ကဖီးကို သတိရလာလို့ အနီးအနား သင့်တော်ရာ ကားရပ်လိုက်ရင်း ခင်စိုးသက်လက်ကို ဆွဲကိုင်ခေါ်လာတဲ့အထိ ကျွန်တော်မှန်ထူနေပါတယ်။

လူလည်း ရှင်းနေသေးချိန်ဖြစ်တာနဲ့ ဆိုင်ထဲမှာ တိတ်ဆိတ်ငြိမ်သက်နေပါတယ်။ နောက်တော့ ဆိုင်းမဆင့် ဗုံးမဆင့် ခပြာချလိုက်တာက ခင်စိုးသက်ကို . . .

"သက်ကို မတွေ့ရရင် ကိုကို စိတ်ဆင်းရဲလွန်းလို့ ပိုင်ဆိုင်ချင်တယ်"

"မဖြစ်နိုင်ပါဘူး ဆရာ။ သက် သိပါတယ်"

"ဖြစ်အောင် ကြိုးစားမယ် သက်ရယ်"

"ဒီလိုလုပ်ပါ။ ကိုမိုးမြင့်ကို သက် လက်ထပ်လိုက်ပါ။ သက်တို့ သားသမီးနှစ်ယောက် ထွန်းကားပြီးရင် ကိုကိုနဲ့ ဘဝတူသွားပြီဆိုမှ လက်ထပ်မယ်"

ခင်စိုးသက်က ထိတ်လန့်တကြား ကျွန်တော့်ကို ကြည့်လိုက်ပြီး တုန်လှုပ်လွန်းသံနဲ့ . .

"ဆရာ ဘာတွေပြောနေတာလဲ။ သက် နားမလည်ဘူး"

စကားမဆက်နိုင် ဖြစ်နေသူကို ကျွန်တော်က ခပ်အေးအေးပဲ

"ဟုတ်တယ်သက်။ ကိုကို ဆုံးဖြတ်လိုက်ပြီ။ သက်ကသာ ကတိပေးပါ။ ကိုကိုစောင့်နေမယ်"

"ဘုရားရေ . . . ဆရာ စိတ်မှကောင်းသေးရဲ့လား။ သတိထားပါဦးနော်"

"အို . . . စိတ်ကူး ယဉ်နေတာမဟုတ်ဘူး။ ဘဝချင်းတူသွားတဲ့ အထိရောက်မှ သက်ကို ဘယ်လောက်ချစ်တယ်ဆိုတာ သက်သေဖြစ်သွားမယ်"

ကျွန်တော်ပြောနေတာတွေ ရူးသွပ်သလိုပေမယ့် ကျွန်တော် မရူးပါဘူး။ ခင်စိုးသက်နဲ့ ဒီဘဝမှာ မနီးရရင် ရပ်တည်နိုင်မှာ မဟုတ်တော့ပါဘူး။ သူ ကတော့ ကျွန်တော့်ကို ကြောက်လာသလိုလို စိုးရွံ့စိတ်တွေ ပြည့်တဲ့အကြည့်နဲ့ မရဲတရဲကြည့်ရာက . . .

"သက်လည်း စဉ်းစားပါ့မယ်။ အချိန်ရှိပါသေးတယ်။ ကဲ . . သက်တို့ပြန်ကြရအောင်"

ချော့ချော့မော့မော့ လေသံကြောင့် . . .

"ကိုကို ကလေးမဟုတ်ပါဘူး သက်ရယ်"

"ဟုတ်ကဲ့ သက်သိပါတယ်။ မိုးချုပ်လာပြီ၊ ပြန်တော့မယ်နော်"

ပြောပြောဆိုဆို ရှေ့က ထွက်သွားသလို တွေ့လိုက်တဲ့ တက္ကစီတစ်စီးကို လက်ပြတားကာ တက်သွားတာကို ကျွန်တော်လိုက်ပို့မယ်လို့ မပြောလိုက်နိုင်ဘူး။

အိမ်ပြန်ရောက်တဲ့ အချိန်ဟာ ည ၉ နာရီရှိနေတာတောင် သားနဲ့ သမီးက မအိပ်သေးဘဲ မျက်တောင်လေးတွေ စင်းရက်သား ကျွန်တော့်ကို ကြိုကြလေတယ်။

"မောင့်မွေးနေ့ သောကြာဒီတစ်ပတ် ပူတင်းတွေ ဖုတ်ထားတယ်။ ထမင်းစားတော့မလား။ ဆွေဟင်းတွေနွှေးလိုက်မယ်"

"ထမင်းမစားတော့ပါဘူး ဆွေဆွေရယ်။ သားသားတို့နဲ့ ပူတင်းပဲ စားတော့မယ်။ ပြီးရင် ကလေးတွေ သိပ်လိုက်ပါ။ အိပ်ချိန်တောင် လွန်နေပြီနော်"

"ကလေးတွေက စားပြီးနေပါပြီ။ ဒီနေ့ သောကြာနေ့မို့ အိပ်မိုင်းလို့

www.burmeseclassic.com

မရဘူး။ အိပ်ချင်ရက်နဲ့ စောင့်နေကြတယ်လေ”

ဆွေဆွေရီပြောပုံကြောင့် သားနဲ့သမီးကို ချစ်စိတ်တွေဟာ ရင်ထဲမှာ ပြည့်နင့်လာပြန်တာကို . .

“ဖေဖေဘတ်နိုင်သမျှ သောကြာနေ့ဆိုရင် စောစောပြန်ခဲ့မယ်။ သားတို့ အိပ်ကြတော့နော်”

လို့ ချော့လိုက်ရပါတယ်။

ထမင်းစားချင်စိတ်လည်း မရှိဘဲ ရင်ထဲမှာ တင်းကျပ်သထက် တင်းကျပ်လာတော့ ရုံးအလုပ်တချို့ လုပ်နေချိန်မှာ ဆယ်နာရီလောက် ဆွေဆွေလည်း အိပ်ရာဝင်သွားတယ်။ ည ၁၁ နာရီထိုးတော့ အိပ်ချင်စိတ်ကင်းမဲ့ရက်နဲ့ ဆွေဆွေရီဘေးမှာ ဝင်လှဲရာက တရှူးရှူး အိပ်ပျော်နေတဲ့ ဆွေဆွေရီမျက်နှာကို တစ်လှည့် ကြည့်နေလိုက်၊ တစ်ဖက်ခုတင်မှာ အိပ်ပျော်သွားကြတဲ့ သားနဲ့သမီးကိုတစ်လှည့်စီ ကြည့်မိလိုက်ပါတယ်။ ကျွန်တော့်ကို ငယ်ချစ်အဖြစ် စိတ်ချနေတော့ ဘာမှမသိရှာသူ ဆွေဆွေရီကို သနားမိသလို၊ မိန်းမပီသလို့လည်း တန်ဖိုးထားပေမယ့် ခင်စိုးသက်ကို မြင်ယောင်ပြန်ပြီး အတွေးနယ် ကျယ်လာပါတယ်။

အခုမှ ဆွေဆွေရီကို သူငယ်ချင်းဘဝနဲ့ ခင်တွယ်သံယောဇဉ်တင်းလာခဲ့တာကို ချစ်တယ်လို့ ထင်နေခဲ့ပြီးမှ ခင်စိုးသက်ကိုတွေ့တော့ ချစ်ခြင်းမေတ္တာဆိုတာ ပေါက်ပွားလာကြောင်း ခွဲခွဲခြားခြား နားလည်လိုက်ပါတယ်။ ဆက်လို့ သားလေးနဲ့ သမီးလေးရဲ့ ကျွန်တော့်အပေါ် ချစ်ခြင်းကို သတိရလာတဲ့အခါ ဆွေဆွေရီတို့ သားအမိတွေဟာ ကျွန်တော့်ရဲ့ ဘဝအဖြစ် ဘဝရဲ့တာဝန်ကို သိရမယ်ဆိုတာရယ်၊ ဘဝနဲ့ အချစ်မေတ္တာဆိုတာ တစ်ထပ်တည်း မကျရောက်နိုင်ဘဲ ရူးသွပ်မိုက်မဲ ဆင်ကန်းတောတိုး မဆင်မခြင်ဆက်လုပ်ရင် ကျွန်တော့်ဘဝ ပျက်ရုံမက ခင်စိုးသက်ဘဝကိုပါ ဖျက်ဆီးရာ ရောက်သွားပါလိမ့်မယ်။ ကိုမိုးမြင့်ကို လက်ထပ်ခိုင်းလား ခိုင်းလို့ အမျိုးမျိုး အဓမ္မတရားလုပ်ချင်တဲ့ အကြံအစည်တွေနဲ့ ဖွတ်တိုးချင်လောက်အောင် အတွေးတွေ ပိန်းပိတ်မှောင်မည်းနေခဲ့ပါတယ်။

တစ်ခဏချင်း မှုန်မှိုင်းနေသမျှ စိတ်တွေ သတိတရားအဝင်နဲ့ ရှင်းလင်းကြည်လင်သွားသလို ဖြစ်တာကြောင့် ရင်မှာပေါ့ပါးသွားလို့ ဆွေဆွေရီရဲ့လက်ကလေးကို နိုးမသွားအောင် ဖွဖွလေးကိုင်ထားမိပြီး ကျွန်တော် အိပ်ပျော်သွားတယ်။

ကျွန်တော် အိပ်ရာကနိုးလာတာ နောက်ကျပေမယ့် ရုံးသွားဖို့ မလောတာကို ဆွေဆွေက . . .

“ရုံးသွားဖို့ ရေချိုးတော့လေ။ စားဖို့က အဆင်သင့်ပဲ”

“ဒီနေ့ . . . အလုပ်ပါးပါတယ် ဆွေရဲ့”

ပြုံးသွားတဲ့ ဆွေဆွေရီဟာ

“ကြည့်ရတာ စိတ်မောလို့မပြောတာ။ နောက်လဆို သားသား ပထမတန်းစတက်တော့မှာ ကျောင်းသားအဖေကြီးရဲ့” ဆိုမှ

“ဩော် . . သားတောင် ပညာတွေ စသင်တော့မှာပါလား”လို့ အံ့ဩဝမ်းသာသွားပါတယ်။

အရင်လို ကမူးရှူးထိုးစိတ်တွေ ငြိမ်လာတဲ့အတွက် ကိုယ်ရှိန်သတ်နိုင်သလို ခင်စိုးသက်လည်း တည်ငြိမ်ရင့်ကျက်စွာ အေးအေးဆေးဆေး ရှိရက်က မကြာခင် ကိုမိုးမြင့်ရှိရာ နယ်ဘက်ပြောင်းဖို့ စီစဉ်ပြောင်းရွှေ့သွားတဲ့အခါ ဝမ်းနည်းမိသေးပေမယ့် ဘဝနဲ့ ချစ်ခြင်းကို ကျွန်တော့်လို ခွဲခြားနားလည်မှု မနွေးကွေးဘူးလို့ လေးစားမိပါတယ်။

ကျွန်တော့်နားသယ်စပ်မှ ဆံပင်ဖွေတောင် ဖြူလာပြီဖြစ်ချိန်မှာ သားနဲ့သမီးလည်း တက္ကသိုလ်တဆင်းလာကြပြီးနေပြီ။ အခုအခါ ပင်မ ရန်ကုန်တက္ကသိုလ်ကြီးတောင် နယ်မြို့တွေအထိ ကျောင်းခွဲတွေများပြားလို့ အရင်လောက် မစည်ကားသလို အဲလိုထင်ရပါတယ်။ မစ္စတာဂီတာကဖီးဆိုတာလည်း မရှိမတော့တဲ့ အပြောင်းအလဲတွေဟာ မမြဲတဲ့တရားတွေကို သရုပ်ဖော်ပြနေတဲ့အတိုင်း သံဝေဂရစရာ ကောင်းနေပါတော့တယ်။

*အစဉ်မှန်မြဲဟ်သော မေတ္တာရှည်လျှက် . . .*

ခိုင်ခင်အောင်ကြွင်း



www.burmeseclassic.com

www.burmeseclassic.com

# သာသနာ့သမိုင်းဝင် သီလရှင်ကျင့်ဝတ်များ

လေးသူစံ

သည်နေ့ ပြာသိုလဆန်း ၆ ရက်။ ၆. ၁. ၁၄ အဝေးဖိတ်နေ့ ဖြစ်ပါသောကြောင့် သီလရှင်ဆရာလေးများစွာတို့ သည် ဆွမ်းဆန်ရပ် ထွက်ကြရပါသည်။ ကျွန်မတို့၏ လမ်းအတွင်းသို့ သီလရှင်ဆရာကြီး၊ ဆရာလေးများစွာတို့ စနစ်တကျ စီတန်းလျက် ဆွမ်းဆန်ရပ်လာကြသည့် ကျောင်းများမှာ ကျောက်တန်းမြို့ရှိ 'ကေသဝတီ'နှင့် 'ဇမ္ဗူ ဦးသျှောင်' သီလရှင်ကျောင်းတိုက်တို့ ဖြစ်ကြပါသည်။

"ဆွမ်းဆန်ရပ် အလှူခံသွားရာ ၌ စကားမပြောဘဲ စက္ခုန္ဒြေချ၍ သမထ၊ ဝိပဿနာဖြစ်အောင် နှလုံးသွင်း သွားရခြင်း၊ ဈေးစားသောက်ဆိုင် စသော လူစည်ကားရာ အရပ်တို့၌ သာသနာတော် ညှိုးနွမ်းစေမည့် အပြုအမူမျိုး ဖြင့် အလှူခံခြင်း၊ ဆွမ်းဆန်ခံခြင်း မပြုရ"ဟူသည့် ပထမ ဂန္ဓာရုံဆရာတော်ဘုရားကြီး၏ သီလရှင်များအတွက် ဩဝါဒ ဆိုဆုံးမချက်တို့ကို သတိရနေတတ်သည်မှာ သီလ ရှင်များကို မြင်ရသည့် အချိန်တိုင်းပင်။ ဆရာလေးများ ဆွမ်းဆန်ရပ်ကြမည့် အဝေးဖိတ်နှင့် အဖိတ်နေ့များအတွက် လှူဒါန်းရန် ကြိုတင်ပြင်ဆင်ထားကြသည်မှာ ဗုဒ္ဓဘာသာ ဝင်များ၏ ယဉ်ကျေးမှုဓလေ့ ဖြစ်ပါသည်။ ဆွမ်းဆန်အုပ်၊ ကော်ဖီ မစ်၊ မုန့်ထုပ်များနှင့် ငါးဆယ်တန်၊ တစ်ရာတန် ငွေစက္ကူများ စသဖြင့် လှူဖွယ်တစ်မျိုးမျိုးကို အသင့်ပြင် ထားပြီး ယောဂီတဘက်လေး ပခုံးပေါ်တင်ထား၍ တရား စာအုပ်များ ဖတ်ရှုရင်းနှင့် ဆရာလေးများကို လှူဒါန်းရန် စောင့်ဆိုင်းနေတတ်သော မိခင်ကြီးကို လွမ်းမိပါတော့ သည်။

အမေသည် ဆရာ့လေးများကို ရေသောက်နိုင်ပါ ကြောင်း၊ အပေါ့အလေး စွန့်နိုင်ပါကြောင်း၊ ယောကျ်ား လေးတွေ မရှိနိုင်ပါကြောင်း၊ စိတ်ချနိုင်ပါကြောင်းတို့ကို ပြောပြ၍ ဝေယျာဝစ္စ ကုသိုလ်တို့ကိုလည်း ယူတတ်ပါသေး သည်။ ယခုအချိန်တွင် အမေမရှိတော့သော်လည်း အမေ လေ့ကျင့်ပေးထားသည့်အတိုင်း ကျွန်မတို့ ဆောင်ရွက်နေ ခဲ့ကြပါ၏။

ဘုရား၏သမီးတော် သီလရှင် ဆရာကြီး၊ ဆရာ လေးများ၏ ကျင့်ဝတ်တို့ကို နားလည်လာလေလေ သီလ ရှင်တစ်ပါးဖြစ်ရန် မလွယ်ကူလေ၊ ခက်ခဲလေဆိုသည်ကို



www.burmeseclassic.com

www.burmeseclassic.com

ပိုမို၍ သိလာခဲ့ရပါသည်။ သီလရှင်များ၏ "သဗ္ဗကိစ္စအဝဝကျင့်ဝတ်"များကပင် အသေးစိတ်အပြုအမူများကအစ ထိန်းသိမ်းလိုက်နာကြရန် စည်းကမ်းများ ရှိနေကြပါ၏။ ရောင်ပြန်မဂ္ဂဇင်းကြီး၏ စာချစ်သူများအတွက် သိထားကြပြီးသူများလည်း ထပ်မံ၍ နှလုံးသွင်းနိုင်ကြပါစေ။ မသိရှိသေးသူများလည်း ဖတ်ရှု၍ သိရှိကြပြီးလျှင် သီလရှင်များအပေါ် ကြည်ညိုနိုင်ကြစေရန်အတွက် အသေမဦးခင်ဦးဝင်း တင်(မြိတ်) စုစည်းတင်ပြထားသည့် "သီလရှင်ကျင့်ဝတ်" စာအုပ်မှ တစ်ဆင့်ဖော်ပြရေးသားရပါကြောင်း။

## သဗ္ဗကိစ္စ အဝဝကျင့်ဝတ်

(၁) သီလရှင်တို့သည် မိမိတို့ တိုက်တာအတွင်း၌ အဖိတ်နေ့တိုင်း အမှိုက်သုတ်သင်၍ တံမြက်လှည်းရခြင်း စသော သေနာသနဝတ်ကို ပြုရခြင်း၊ မပြုလျှင် ဒဏ်သုံးခေါက် ထမ်းရခြင်း။

(၂) အလှူရှင်က ပင့်ဖိတ်၍ သွားသောအခါ ဣန္ဒြေငါးပါးကို စောင့်ထိန်း၍ သွားရခြင်း။

(၃) မိမိတို့ တိုက်တာ၌ဖြစ်စေ၊ သူတစ်ပါးတိုက်တာက ပင့်ဖိတ်ကျွေးမွေးရာ၌ဖြစ်စေ သုံးဆောင်သောအခါ တည်ငြိမ်သော ဣန္ဒြေဖြင့် သင်္ခါရဒုက္ခဟု နှလုံးသွင်း၍ သေခိယသိက္ခာပုဒ်တော်ကို ကျင့်သုံးသော ရှင်ရဟန်းများကဲ့သို့ သုံးဆောင်ရခြင်း။

(၄) စားသုံးနေစဉ် ဖျာစသော အခင်းတို့အပေါ်သို့ ထမင်းတစ်လုံး၊ ဟင်းတစ်စက်မျှ မကျမစွန်းရအောင် စားသုံးရခြင်း။

(၅) ထမင်းစားရာအနီး၌ နှပ်ညှစ်၊ ချွဲဟပ်၊ တံတွေးထွေးခြင်းများ မပြုလုပ်ရခြင်း။

(၆) ထင်းခွေ၊ ဟင်းရွက်ခူး စသည့် အမှုတို့ကို ဆောင်ရွက်ရာတွင် မိမိရုပ်နာမ်ခန္ဓာကြီး တည်မြဲရေးအတွက် ဤသို့ အသက်မွေးမှု ပြုရခြင်းသည် သင်္ခါရဒုက္ခဟု နှလုံးသွင်းဆောင်ရွက်ရခြင်း။

(၇) စားသောက်လှူဒါန်းရန် ဈေးဝယ်သောအခါ လောဘမဖက်၊ အနိုင်အထက်မပြုဘဲ တရားသဖြင့် ဝယ်ယူခြင်း၊ တရားသဖြင့် မဝယ်ယူလျှင် ဒဏ်သုံးခေါက် ထမ်းရခြင်း။

(၈) မိမိတို့တိုက်တာအတွင်း အလှူရှင်များက ဆွမ်းစသော လှူဖွယ်တစ်ခုခုဖြင့် ကုသိုလ်ပြုကြသောအခါ မခိုမကပ်ဘဲ ဝေယျာဝစ္စကုသိုလ်ကို ကောင်းစွာဆောင်ရွက်ရခြင်း၊ မဆောင်ရွက်ပါက ဒဏ်သုံးခေါက်ထမ်းရခြင်း။

(၉) မိမိတို့တိုက်တာအတွင်းရှိ သံဃာတော်များ ဆွမ်းခံကြွလာသောအခါ သီလရှင်ငယ်များကို ဆွမ်းမလောင်းစေဘဲ လှူဖွယ်ဝတ္ထုများကို တစ်နေရာတည်းတွင်စု၍ သီလရှင်ကြီးများကသာ အမြဲလောင်းရခြင်း။

(၁၀) ဆွေမျိုးမတော်စပ်သော ရဟန်းသာမဏေများကို သီလရှင်များက နိစ္စဘတ်တိုင် အိမ်ပြု၍ ဆွမ်းကျွေးဆွမ်းလောင်းခြင်း မပြုရ။

(၁၁) ဆွေမျိုးရင်းချာ တော်စပ်သည့် ရဟန်းသာမဏေများကိုပင် မိမိနှင့်အတူနေ သီလရှင်ငယ်များ ရှိခဲ့လျှင် နေ့စဉ် ဆွမ်းကျွေး၊ ဆွမ်းလောင်းခြင်းများကို ရှောင်ကြဉ်ရခြင်း။ မရှောင်ကြဉ်လျှင် သီလရှင်ဆရာကြီးများက ဆုံးမရခြင်း၊ ဆုံးမ၍ မရပါက တိုက်မှ နှင်ထုတ်ရခြင်း၊ နှင်ထုတ်၍မှ မသွားလျှင် အပေါင်းအဖော် မပြုရခြင်း။

(၁၂) ကိုယ်ဝတ်၊ ခါးဝတ်တို့ကို စင်ကြယ်အောင် ဖွပ်လျှော်ပြီးမှ ဝတ်ရုံရခြင်း၊ ဤသို့ ဝတ်ရုံရာတွင် ဟိရိဩတ္တပ္ပ တရားနှစ်ပါး လုံခြုံစေခြင်းငှာ ဝတ်ရုံရသည်ဟု နှလုံးသွင်းဝတ်ရုံခြင်း။

(၁၃) ရဟန်းသာမဏေ အမျိုးသားများနှင့် တစ်ယောက်ချင်းချင်း စကားပြော၊ တရားဟော၊ တရားနာ လုံးဝမပြုရခြင်း။

(၁၄) အပျင်းဖက်၍ စားမှု၊ အိပ်မှု၊ စကားပြောမှုတို့ဖြင့်သာ နေ့ရက်များ ကုန်ဆုံးမှု မဖြစ်စေရခြင်း။

(၁၅) သီတင်းသုံးဖော် သီလရှင်တို့အား ဒေါသ၊ မာနစိတ်ဖြင့် ကြမ်းတမ်းသော စကားကို မျက်မှောက်၌

www.burmeseclassic.com

မျက်ကွယ်၌ မဆိုမိအောင် ဂရုပြုရခြင်း။

(၁၆) ဆွမ်းဆန် အလှူခံသွားရာ၌ စကားမပြောဘဲ စက္ခုန္ဒြေချ၍ သမထ၊ ဝိပဿနာဖြစ်အောင် နှလုံးသွင်းရခြင်း၊ ဈေး၊ စားသောက်ဆိုင် စသော လူစည်ကားရာအရပ်တို့၌ သာသနာတော် ညှိုးနွမ်းစေမည့် အပြုအမူမျိုးဖြင့် အလှူခံခြင်း၊ ဆွမ်းဆန်ခံခြင်း မပြုရ။

(၁၇) ရဟန်း၊ သံဃာတော်များ၏ အနီးအပါးတွင် ဖိနပ်စီးခြင်း၊ ထီးဆောင်းခြင်း မပြုမိစေဘဲ ကုသိုလ်စိတ်ဖြစ်စေရန် သတိပြုရခြင်း။

(၁၈) သီလရှင်တို့သည် ရေချိုး၊ ရေခပ်၊ ထင်းခွေ၊ ဟင်းရွက်ခူး၊ ဘုရားဖူး၊ ဘုန်းတော်ကြီးကျောင်းများသို့ သွားရာတွင် ဆရာကိုပန်ကြား၍ အနည်းဆုံး သုံးယောက်သွားကြရခြင်း၊ မပန်ကြားဘဲ သွားခဲ့လျှင် တိုက်ဆရာကြီးက ဆုံးမရခြင်း၊ ဆုံးမ၍ မရလျှင် တိုက်မှ နှင်ထုတ်ရခြင်း၊ နှင်ထုတ်၍ မသွားလျှင် အပေါင်းအဖော် မပြုရခြင်း။

(၁၉) မကျန်းမာသော သီလရှင်ကို ကိုယ်ဖိရင်ဖိ ပြုစုကုသရခြင်း။

(၂၀) ဒုဆးလိပ်၊ ကွမ်း စားသောက်ခြင်းကို ရှောင်ကြဉ်ရခြင်း။

(၂၁) သီလရှင် ဆရာကြီးများ၊ သီလရှင်ငယ်များသည် ဘုန်းတော်ကြီးများကို ဘွဲ့အမည် မခေါ်မိစေဘဲ "အရှင်ဘုရား"၊ "တပည့်တော်မ"စသည်ဖြင့် ပြောဆိုရခြင်း။

(၂၂) စကားပြောတိုင်း "မှန်ပါဘုရား"စသည်ဖြင့် "ပါ" စကားလုံးမပါဝင်အောင် ဂရုပြုရခြင်း။

(၂၃) မိမိထက် အသက်သိက္ခာ ဂုဏ်ကြီးသူတို့ အနီး၌ ကြောင့်ကြောင့်ထိုင်၊ အလျားမှောက်၊ ခြေစင်းခြင်း စသော အဂါရဝ အမူအရာများ မပြုရခြင်း။

(၂၄) "နင်"၊ "ငါ"၊ "မင်း"၊ "အေ"၊ "ညည်း"၊ "ကျွန်မ"၊ "တော်"၊ "ရှင်" စသည့် လူသုံးဝေါဟာရများကို မသုံးစွဲရခြင်း၊ မပြောဆိုရခြင်း။

(၂၅) ကလေးငယ်တို့ကို မချီမပိုးရခြင်း။

(၂၆) ရေစိုအဝတ်တို့ဖြင့် ရေကန်၌ ရေမခပ်ရခြင်း။

(၂၇) သံဃာကျောင်းတိုက်မှ ဖျာ၊ ကော်ဇော၊ အိုးခွက် စသည့်ပစ္စည်းများ မငှားမိအောင်ရှောင်ကြဉ်ရခြင်း။

(၂၈) ကာမဂုဏ်နှင့်စပ်သည့် ရုန့်ရင်းကြမ်းတမ်းသော စကားကို သိနားလည်သူ ယောကျ်ားတစ်ဦးဦး အနီးအပါး၌ မရှိဘဲ ရဟန်းတော် တစ်ပါးပါးထံ၌ သီလမဆောက်တည်ရခြင်း၊ တရားမနာရခြင်း၊ စာမတက်ရခြင်း၊ ဤကျင့်ဝတ်ကို မလိုက်နာသော် သုံးကြိမ်ဆုံးမရခြင်း၊ ဆုံးမ၍မရပါက တိုက်မှ နှင်ထုတ်ရခြင်း၊ နှင်ထုတ်၍မသွားလျှင် အပေါင်းအဖော် မပြုရခြင်း။

(၂၉) မိပိဋကတ်တိုက်၌ ကထိန်ပွဲ မကျင်းပရခြင်း၊

(၃၀) အချိန်မတော် အဖော်မပါသော လူ၊ ရဟန်း၊ သာမဏေတို့ကို လက်မခံရခြင်း၊ လက်ခံခဲ့လျှင် သုံးကြိမ်ဆုံးမရခြင်း၊ ဆုံးမ၍မရလျှင် တိုက်မှ နှင်ထုတ်ရခြင်း။

(၃၁) ရာသက်ပန် သီလရှင်ဝတ်သူများသည် သီလရှင်အဖွဲ့အစည်းနှင့် ကင်းလွတ်၍ တစ်ဦးတည်း မနေရခြင်း၊ နေအိမ်များ၌ လူများနှင့် ရောနှောမနေရခြင်း။

ဖော်ပြပါ ကျင့်ဝတ်များသည် ပထမဂန္ဓာရုံဆရာတော်ဘုရားကြီး၏ ဆုံးမဩဝါဒများ ဖြစ်ပါသည်။ ရဟန်းသံဃာတော်များအတွက် သိက္ခာပုဒ်များပြားစွာ ရှိနေသကဲ့သို့ပင် သီလကိုပိုင်ဆိုင်ထားကြပါသော သီလရှင်များအတွက်လည်း ကျင့်ဝတ်ပေါင်းများစွာ ရှိနေပါသည်။ ဘုရားဝတ်တက်၊ ဆွမ်းတော်ကပ်ကျင့်ဝတ်၊ ညအခါ စာပြန်ကျင့်ဝတ်၊ ကျောင်းတိုက်ဝေယျာဝစ္စ ကျင့်ဝတ်၊ တောတိုရပ်ရွာသို့ အခိုက်အတန့်ပြန်လိုသော ကျင့်ဝတ် စသဖြင့် သတ်မှတ်ချက်များ ရှိနေပါသေးသည်။ ဆရာကြီး၊ ဆရာလေးများ၏ ဇာတိရပ်ရွာသို့ ခေတ္တပြန်လိုသောအခါတွင် . . .

(၁) ပြန်သွားလိုသော သီလရှင်သည် အာမခံဆရာ သီလရှင်ဆရာကြီးများထံ စုံစေ့စွာ လျှောက်ထားပြီ



www.burmeseclassic.com

www.burmeseclassic.com

မှ ပြန်ရခြင်း။

(၂) အကြောင်းထူးမရှိဘဲ ၁၅ ရက်ထက် ပိုမနေရခြင်း။

(၃) အကြောင်းထူးရှိ၍ ငါးလကျော်မှ ပြန်လာခဲ့သော် အာမခံဆရာ အသစ်ရှာ၍ သီလရှင်သစ်တို့နည်းတူ ဆရာကြီးထံလျှောက်ထားပြီး အခွင့်ရမှ နေရခြင်း။

(၄) အကြောင်းထူးမရှိဘဲ ရပ်ရွာ၌ အမှတ်မဲ့ ကြာရှည်စွာနေခဲ့သော် ရောက်သည့်အခါ နှိမ့်နှာအောင် ဒဏ်ပေးဆုံးမသည်ကို ခံယူရခြင်း။

ထို့အပြင် ရေချိုး၊ ရေခပ်သွားရာ မှာပင် အောက်ပါစည်းကမ်းကျင့်ဝတ်များကို လိုက်နာရပြန်ပါသည်။

(၁) ရေချိုးရေခပ် သွားလိုလျှင် တစ်ပါးတည်း မသွားရ။ သုံးပါးလေးပါး စု၍ သွားရခြင်း။

(၂) ရေခပ်ဆိပ်၌ အများပေါင်းစုံမိသော် စကားများစွာမပြောရ။ ရယ်မောမြူးထူး ရေကူးရေကစား မပြုဘဲ ငြိမ်သက်သော ဣန္ဒြေဖြင့် ရေချိုးရခြင်း။

(၃) အတိုင်းထက်အလွန် ရှည်ကြာစွာ မနေရခြင်း။

(၄) အထက်ပါကျင့်ဝတ်တို့ကို ဖောက်ဖျက်ကျူးလွန်မိသော် ဒဏ်ပေးသည်ကို ခံယူရခြင်း။

သီလရှင်များသည် ဆွမ်းဆန်ခံရခြင်းနှင့် ကျောင်းတိုက်ဝေယျာဝစ္စများကို ဆောင်ရွက်ရခြင်းတို့အပြင် ပရိယတ္တိစာပေများကိုပါ သင်ကြားရပါသေးသည်။ စာပြန်ကျင့်ဝတ်များကိုလည်း အောက်ပါအတိုင်း ချမှတ်ထားခဲ့ပြန်ပါ၏။

(၁) ဘုရားဝတ်တက်ရာမှအပြန် အကြောင်းထူးမရှိလျှင် စာပြန်ရာ ဝတ်တက်ရာသို့ မနှေးမလျင် ကောင်းစွာသွား၍ မိမိထိုင်မြဲနေရာတွင်ထိုင်ပြီး တစ်ပေါင်းတည်းဖြစ်စေ၊ မိမိနေရာကျောင်း၌ အသီးသီးဖြစ်စေ စာပြန်ရခြင်း၊ ရှုပ်ယှက်ခတ် စကြံသွားလျက် မပြန်ရခြင်း၊ စကြံသွားလျက် စာပြန်လိုပါက ကျောင်းအနီးမြေပြင်၌ ဆင်း၍ စာပြန်ရခြင်း။

(၂) စာပြန်စဉ် သူတစ်ပါးအိပ်ငိုက်သည်ကို မြင်ပါက မနှိုးဘဲ မနေရခြင်း။

(၃) စာပြန်စဉ် မိမိအိပ်ငိုက်သည်ကို သူတစ်ပါးမြင်၍ နှိုးလျှင် စိတ်မဆိုးဘဲ မအိပ်ချင်အောင် ကျောင်းအနီးမြေပြင်၌ စကြံလျှောက်၍ စာပြန်ရခြင်း မျက်နှာသစ်ရခြင်း။

(၄) ပြောပလောက်သော အကြောင်းထူးမရှိဘဲ စာပြန်နေကြစဉ် စာအံတိတ်ရန် ကြေးစည်သံခေါက် မတီးခေါက်ရခြင်း။

(၅) စာပြန်ပြီးနောက် စကားမပြောဘဲ မိမိတို့အိပ်နေကြနေရာ အခန်းတွင်း၌ သင့်သည့် သမထ၊ ဝိပဿနာ ကမ္မဋ္ဌာန်းတို့ကို စွမ်းနိုင်သမျှ နှလုံးသွင်း၍ အိပ်ရခြင်း၊ နှလုံးမသွင်းဘဲနေလျှင် ရေဒဏ် ၁၀ ခေါက် ထမ်းရခြင်း။

(၆) သူတစ်ပါး အိပ်ရာနေရာ၌ မအိပ်ရ။ အိပ်မိလျှင် နံနက်ထသောအခါ ရေဒဏ် ၁၀ ခေါက် ထမ်းရခြင်း။

(၇) အနာရောဂါရှိ၍ စာမပြန်နိုင်လျှင် သူတစ်ပါး စာအံမထွက်မီအတွင်း၌ မအိပ်မလှဲဘဲ သမထ၊ ဝိပဿနာတရားတို့ကို ပွားများနေရခြင်း။

(၈) အထက်ပါကျင့်ဝတ်များကို မကျင့်ကြံဘဲ အမှတ်တမဲ့နေခဲ့လျှင် မိမိအသိတရားဖြင့် ရေဒဏ် ၁၀ ခေါက် ထမ်း၍ မည်သည့်အဖြစ်ကြောင့် ဒဏ်မည်မျှထမ်းရကြောင်း သီလရှင်အပေါင်းအား ဘုရားဝတ်တက်သောအခါ လျှောက်ထားရခြင်း။

သီလရှင်ကျင့်ဖွယ် အသွယ်သွယ်တို့ကို ရေးနေရင်းနှင့်ပင် အမေ အမြဲတမ်းပြောလေ့ရှိပါသော စကားတစ်ခွန်းကို အမှတ်ရနေမိပါ၏။

"ညည်းတို့လို ပုံစံအမျိုးမျိုးကို လက်အညောင်းခံပြီး ပြုပြင်နေကြတဲ့ ဆံပင်တွေကို ပယ်ရဲတဲ့သတ္တိ၊ အရောင်တစ်မျိုးတည်းကိုသာ သေတဲ့အထိ ဝတ်သွားရဲတဲ့ သဒ္ဓါတရား၊ အဲဒီနှစ်ချက်နဲ့ကိုပဲ သီလရှင်တွေကို ကြည်ညိုပြီးသားအေ့"

ဖြူလေးညွန့်စ

www.burmeseclassic.com

# ဘဝအမောစင်မယ့် လှတောတစ်ခွင် ဟာသများ

ဦးကောင်းထူး

## ပျားသလက်များ ဖြစ်နေသလား

ရွာလယ်ဖြစ်သည့်အတွက် လက်ဖက်ရည်ဆိုင်၊ ဆံသဆိုင်၊ ဗီဒီယိုဂိမ်းဆိုင်များနှင့် လူမပြတ် စည်ကားနေလေ၏။

လူတွေစုံသကဲ့သို့ သတင်းကလည်း ပေါင်းစုံရပြီးသား ဖြစ်၏။

ဆံပင်ညှပ်ခံနေရသည့် လူတစ်ယောက်က ရက်လွန်သတင်းစာဖတ်ပြီး ထအော်လိုက်လေ၏။

"ဟလိုလေးလေး . . . ရမ်းရှာလိုက်လေကွယ်တို့။ ဘာတစ်ခုမှမတတ်တဲ့ ဒေါက်တာရမ်းကုရယ် . . သွားဖုံးကို ဆေးထိုးကုသတဲ့"

ထိုအခါ ဘေးပတ်ဝန်းကျင်ရှိလူများ အလန့်တကြားဖြစ်သွားပြီး . . .

"အထိုးခံရတဲ့လူ ဘာဖြစ်သွားလဲ"

ဟု ဝိုင်းမေးရာ . . .

"ဘာမှမဖြစ်ပါဘူး။ အပ်မနုတ်ခင် အမြှုပ်တစီစီ ထွက်ပြီး သေရုံလေး သေသွားတာ"

"အေအိုင်ဒီအက်စ်လိုပဲ ကြောက်စရာကြီးနော်"

"အေအိုင်ဒီအက်စ်က ဝေးသေးတယ်။ ကျောချင်းကပ် ခင်ဗျားအိမ်ကလူတွေ သွားနေတဲ့ ဆေးခန်းကလည်း ဆရာဝန် မဟုတ်ဘူး။ အပ်ပုန်း . . အဲ . . ဆေးရုံမှာ အမှိုက်လှည်းတဲ့လူဆိုပဲ"

"ဟုတ်သမှ တဟုတ်ဟုတ်ကိုနေတာ။ သွားခေါ်တာနဲ့ ကျုပ်တို့က ဒေါက်တာပေါက်တူးလို့ခေါ်တာ။ အထင်တော့ မသေးလိုက်နဲ့။ အစာမကြေ အာဂန္တုရောဂါလေး သွားပြတာ ငါးခါသွားလည်း မပျောက်၊ တစ်ပတ်နေလည်း မပျောက်။ ယူလိုက်တော့ စိန်ချေး၊ ကျောက်ချေး။ ထိုးလိုက်တဲ့ဆေးကျတော့ . . . "

"ရေတွေလို့ ပြောစမ်းပါကွာ"

"အေး . . . ရေတွေလား၊ တရုတ်ဆေးတွေလား မသိပါဘူးဗျာ။ ထိုးထားလိုက်တာ တင်ပါးတစ်ခုလုံး အပေါက်ချင်းဆက်နေပုံများ ပျားသလက်ဖြစ်နေသလား မှတ်ရတယ်။"

◆

## ပင့်ကူအိမ်သာ အားကိုးပါ

သမဝါယမဆိုင်ထဲရှိ အမျိုးသမီးတစ်ဦးသည် ညည်းချင်းချပြီး ထွက်လာခဲ့သည်။

"အိမ်ကလူလည်း ဆေးလိပ်သောက်လိုက်တာ မီးမပြတ်ဘူး။ စက်ခေါင်းတိုင်နဲ့ သူ့ဆေးလိပ် လူတွေ မကြာခဏ မှားကြရတဲ့အထိ"

ထိုအသံကိုကြားလိုက်ရသည့် အသိတစ်ယောက်က . . .

"နင့်ယောကျ်ား ဒီလောက်တောင် ဆေးလိပ်သောက်မှတော့ ပုဆိုးတွေ အပေါက်ချည်း နေမှာပေါ့။ မထူးပါဘူး။ ငါပြောတာ စိတ်ကူးမလွဲနဲ့။ ငါးဖမ်းပိုက်သာ ပုဆိုးချုပ်ပေးလိုက်"

"ပိုက်က ဈေးကြီးလို့ ပုဆိုးခွဲတမ်း လာဝေးတာပေါ



www.burmeseclassic.com

www.burmeseclassic.com

အေ။ သုဒ္ဓေါလေးတောင် မပါဘူးတဲ့”

“အလိုလေးလေး . . . ပုဆိုးခွဲတမ်း မျှော်မယ့် အစား ပင့်ကူအိမ်သာ ပုဆိုးချုပ်ပေးလိုက်ပေတော့ဟာ”

◆

## ပြောက်အိုးဖောက်သလို

ဘောလုံးပွဲတွင် တစ်ဖက်နှင့်တစ်ဖက် ခိုက်ရန်ဖြစ်သွားကြသဖြင့် လူတောသားများ ထွက်ပြေးခဲ့ကြသည်။

ခြေထောက်က သစ္စာဖောက်သဖြင့် နောက်ကျကျန်ခဲ့သူများကမူ အရိုက်ခံကြရလေ၏။

ထိုအဖြစ်ကို လူတောသားတစ်ယောက်က သရုပ်ဖော်လိုက်ပုံကား . . .

“ဟာလိုလေး . . . အဲဒီလူတွေ အရိုက်ခံရပုံများတော့ တရုတ်နှစ်သစ်ကူး ပြောက်အိုးဖောက်နေသလားမှတ်ရ။ တဖြောင်းဖြောင်း တဒိုင်းဒိုင်းနဲ့။ နားပင်းလုမတတ်ပါပဲဗျာ”

◆

## မပေးနိုင်ဘူးဟေ့

လူတစ်ယောက်ထံသို့ သူငယ်ချင်းဖြစ်သူက စက်ဘီးလာပေါင်၏။

ထောင်ထားသည့် စက်ဘီးကို နွားဝယ်သည့်ပုံစံနှင့် ကြည့်ရင်း ထိုလူက မေးလေ၏။

“ဘယ်လောက် လိုချင်လဲ”

“တစ်ထောင်တည်းပါကွာ၊ မများပါဘူး”

သူငယ်ချင်းဖြစ်သူက ဟုတ်ပြီဆို၍ အားကိုးတကြီး ဖြေလိုက်၏။ ထိုအခါ အပေါင်ခံမည့်လူက . . .

“ဟာလိုလေးကွယ် . . . သံချေးတက်နေတဲ့ ရေစည်လောက်တောင် အရောင်မထွက်တဲ့ စက်ဘီးကို တစ်ထောင်ပေးရမယ် ဟုတ်လား။ ငါတော့ ငွေတစ်ထောင်ဝေးလို့ လောက်စာလုံးတစ်ထောင်တောင် မပေးနိုင်ဘူးဟေ့”

◆

## ပိုက်ဆံလိုချင်တာချင်း အတူတူ

လူတောသားဦးကြီးတစ်ယောက် ရန်ကုန်ရောက်နေသည်မှာ တစ်လကျော်သွားခဲ့သဖြင့် ရန်ကုန်ပါး ဝခဲ့ပေပြီ။

ရွာကိုလွမ်း၍ ပြန်ချင်သော်လည်း ဆွေမျိုးများက ဆွဲထားသဖြင့် သောင်တင်နေခဲ့ရပြန်သည်။

သို့ဖြင့် မနက်စောစော နံနက် ၅ နာရီပင် မထိုးသေးခင် ဆူဆူညံညံ အလှူခံမဏ္ဍပ်ရှိ အသံချဲ့စက်သံကြီးကြောင့် လန့်နိုးသွားခဲ့ရသည်။

ပြီးတော့ စိတ်ဆိုးမာန်ဆိုးနှင့် . . .

“ဟာလိုလေးကွယ် . . . ဆူလိုက်တာ အသံချဲ့စက်ရယ် နားငရဲကျသွားသ လားမှတ်ရ။ ပိုက်ဆံလိုချင်တာချင်းအတူတူ ငွေကုန်ခံပြီး အသံချဲ့စက်ငှား အော်နေရတယ်လို့။ မီးပွိုင့်မှာ ဒန်ခွက်ကလေးချပြီး ထိုင်ရှိခိုးနေရင်လည်း ရသားနဲ့”

◆

## ဓာတ်ဆီများ ထည့်လို့ကတော့

မီးရထားပေါ်၌ လူတောသား ဘေးကလူနှင့် မျက်နှာချင်းဆိုင်ထိုင်ခဲ့ကလူများ နိုင်ငံခြားဖြစ် မီးခြစ်တွေထုတ်ကာ အကောင်းပြိုင်လာကြလေ၏။

ဤတွင် လူတောသားလည်း နားကလောလာသည့် အဆုံး သူ့မီးခြစ်ကို ထုတ်ပြရင်း . . .

“ကျုပ်မီးခြစ်ကတော့ ပြည်တွင်းဖြစ်ဗျ။ တစ်ဆယ်ပဲ ပေးရတယ်။ ဒါပေမယ့် ဓာတ်ဆီမထည့်ဘဲ ခြစ်တာတောင် မီးတောက်တာကလား။ ဓာတ်ဆီများ လောင်းထည့်ရင်တော့ လူတောကခြစ်လိုက်တဲ့ မီးတောက်ကို မန္တလေးက လှမ်းမြင်ရပြီး တာဝတိံသာကိုတောင် မီးစွဲနေတယ် ထင်ရသဗျို့”တဲ့။

◆



www.burmeseclassic.com

www.burmeseclassic.com

## ပျော်စရာကြီးပါလား

ရန်ကုန် ဘတ်စ်ကားဆိုသာက ချောင်ချောင်၊ ကျပ်ကျပ် စပါယ်ယာ၏ပါးစပ်နှင့်မူ မလွတ်ကင်းပါချေ။

ခုလည်း ကုသိုလ်ထူးစွာဖြင့် တစ်ယောက်တည်း မတ်တတ်ရပ်ပါလာသည့် ဦးလေးကြီးအား စပါယ်ယာကိုယ်တော်မြတ်က အမိန့်ပေးပြန်ပါလေ၏။

"ဟိုဦးလေးကြီး နောက်တက်မယ့် ခရီးသည်တွေအတွက် ကိုယ်ချင်းစာပြီး ရှေ့တိုးပေးပါ"

ဦးလေးကြီး လှတောသားခမျာ မသိရှာလေသဖြင့်

"ဟင်း . . . ခရီးသည်တွေ လူမထင်၊ မှတ်တိုင်မှာ ကျောက်ချရပ်၊ မောင်းတော့လည်း ဒုံးကျည်ရှုံး၊ ရပ်ပြန်တော့ ဆောင့်ကြီးအောင့်ကြီး၊ ဆောင့်ရပ်၊ ဆောင့်ထွက်တဲ့ မင်းတို့ကများ ခရီးသည်ချင်း ကိုယ်ချင်းစာပါတဲ့။ ရယ်စရာကောင်းလိုက်လေကွယ်။ ပုဆိုးမပါတဲ့လူက လုံအောင်ထိုင်ပါလို့ ပြောနေပြန်ပြီ"

စပါယ်ယာက မျက်နှာအောက်သိုးသိုးနှင့် ဘာမှမပြော။

နောက်တစ်မှတ်တိုင် ရောက်လေသော် ရှေ့ပေါက်က ဝေါခနဲ ခရီးသည်တွေ တက်လာပြန်၏။

စပါယ်ယာ၏အသံ ခပ်ထန်ထန် ထွက်လာပြန်၏။

"အလယ်ကလူတွေ . . . နောက်ဆုတ်ပေးကြပါ။ အလယ်က အစ်ကို၊ အစ်မ၊ ဦးလေး၊ ဦးကြီးတို့"

"စပါယ်ယာရေ။ မင်းပါးစပ်က ခုတစ်မျိုး . . . ခုတစ်မျိုး။ အပျိုလေးမဟုတ်လို့သာပေါ့။ အပျိုလေးသာဆို မင်း နာမည်ပျက်တာကြာပြီ"

ဒေါ်ပွပွမို့ လှတောသားကြီး အပြောမရပ်နိုင်ပါ။

"မတ်တတ်ရပ်တဲ့လူတွေဖြင့် အရွယ်မတိုင်ခင် တောင်ဝှေးဆွဲရမလို လုံးလည်ချပ်ပြား လိုက်နေပြီ။ မင့်ကုန်သေတ္တာကြီးထဲမှာ အီးတောင် ဝဝမပေါက်နိုင်တော့ဘူးဟ"

ဒါတင်ပဲလားဆိုတော့ မကသေးပါ။ လှတောသားကြီးပါးစပ်က ဘရိတ်ပေါက်သွားသည့်အလား။

"ဒီကြားထဲ ဒရိုင်ဘာက လူပိုဆုံအောင် ရှေ့တိုးနောက်ငင်နဲ့ ဂီယာထိုးလိုက်သေးရဲ့။ လူတွေကိုများ ကျောင်းဆရာကြီးလက်ထဲက ကလိုင်းအဆံမှတ်နေသလားကွာ"

ယာဉ်မောင်းက မျက်နှာရှစ်ခေါက်ချိုးနှင့် နောက်ကြည့်မှန်ထဲမှနေ၍ မကျေမနပ် ကြည့်ပြန်၏။

ခရီးသည်များမှာမူ ကားပေါ်မှာ လူရွှင်တော်ပါလာသကဲ့သို့ တပြုံးပြုံး တဟားဟားနှင့်။

◆

## မဝေးပါဘူး

မန္တလေး မရောက်ဖူးသူများနှင့် ရောက်ဖူးသည့် လှတောသားတို့ မန္တလေးတောင်သို့တက်ရန် ဘတ်စ်ကားမှတ်တိုင်သို့ ထွက်လာခဲ့ကြ၏။

"ကားစီးရမယ်ဆို ဘယ်လောက်တောင်ဝေးလို့လဲ"

"သိပ်မဝေးပါဘူး။ ကားမှတ်တိုင် နှစ်ဆယ်လောက်ပဲ ဝေးမယ်ထင်တယ်"

"အဝေးကြီးပါလား"

"မဝေးပါဘူးဆိုနေ။ ကားမှတ်တိုင်တွေက တစ်တိုင်နဲ့တစ်တိုင် နီးလိုက်သမှ ဘီးစိပ်ထောင်ထားတာကမှကျဲဦးမယ်"

◆

## ရတော့မယ် မထင်ဘူး

လူမမာမေးပြီး ဆင်းလာသည့်လူကို နောက်တက်လာသည့် လူက သတင်းမေးလေ၏။

"အခြေအနေ ဘယ့်နှယ်လဲ"

ပထမလူက မပြောကောင်းသည်ကို မပြောချင်သဖြင့် ခေါင်းခါပြီး ရှောင်ပြေးရန် ကြိုးစားလေ၏။

ဒုတိယလူက ကိုယ်ဟန်ပြစကားကို နားမလည်ပေ။ သည့်အတွက် လက်ဆွဲပြီး အတင်းမေးလေ၏။

"ဘယ့်နှယ်တုံး။ လေဖြတ်ထားတာ စကားပြောနိုင်သေးရဲ့လား"

ပထမလူက စိတ်မရှည်သံနှင့် . . .



www.burmeseclassic.com

"အေး . . . ငါ စိတ်မှန်းရသမျှ လှတောသားပီပီ ရိုးသားဖြောင့်မတ် မှန်ကန်ပြတ်သားစွာ ပြောရရင်တော့ အလွန်မာကျောပြီး ပြောင်ချောနေတဲ့ လိပ်ကျောကိုသာ စွန်ရဲခြေသည်းနဲ့ ကုပ်လို့ရချင်ရမယ်။ လူမမာကတော့ ရတော့မယ် မထင်ဘူး"

◆

## မုန့်တီဆိုတာ ဒါပဲလား

ရန်ကုန်ရောက် လှတောသား ဘုရားဖူးအဖွဲ့သည် မြို့ထဲသို့ လျှောက်လည်ကြလေ၏။

လမ်းထောင့်တစ်နေရာအရောက် မုန့်တီအထမ်းသမားကို မြင်ရာက ဗိုက်ဖြည့်ရန် ဝိုင်းသွားကြလေ၏။

သူတို့ရှေ့ကလူအတွက် ပြင်ပေးသည့် မုန့်ပန်းကန်ကို ကြည့်ပြီး တစ်ယောက်က အချင်းချင်း လက်တို့ပြောလိုက်ပုံမှာ . . .

"အလိုလေးဟဲ့ . . . မုန့်တီတဲ့။ ပန်းကန်ဆေးရည်နဲ့ ပြောင်းဖူးမွေး သုံးလေးပင်ကို ငရုတ်သီးနဲ့ ဖျော်ထားတာပါကလားကွယ်ရို့"

◆

## နားအုံပွင့်ပြီး သေမှာစိုး

သီတင်းကျွတ်ပွဲတွင် ဖြစ်၏။ တောင်ပိုင်းက အရပ်ပြဇာတ်ကဖို့ ငှားထားသည့် အင်ဂျင်စက်မှာ အိုနာကျိုးကန်းကြီး။ မရရသည်ကို ငှားထားရသဖြင့် စက်သံက အမြောက်သံထက် ကျယ်နေ၏။ ပြဇာတ်မင်းသားခမျာ ညည်းရှာ၏။

"ဒီမီးစက် ဒီလောက်ညံနေရင်တော့ ငါတို့အသံ လူကြားအောင် ဖင်မီးထွက်အောင် အော်ရတော့မှာပဲ"

မြောက်ပိုင်းသား တစ်ယောက်ကလည်း ပွဲကြည့်ရောက်လာရာက ဩဘာပေးပြန်၏။

"ဟ . . . လူတွေရ။ မင်းတို့ မီးစက်ကြီးနှယ် ဆူလိုက်လေကွယ်။ လှတောရွာ မဆိုထားနဲ့။ အဝီစိငရဲ ခံနေရတဲ့ စိဥ္စမာနတောင် နားအုံပွင့်ပြီး လဲသေမှာ စိုးရသဟေ့"တဲ့။

◆

## အကွက်မိအောင်လို့

သည်နေ့ကား လှတောအသင်းနှင့် ဝက်လက်အသင်း ယှဉ်ပြိုင်ကစားမည့် ဘောလုံးပွဲဖြစ်၏။ လှတောသားများ တပ်မကြီးချီလာပြီး အားပေးကြလေ၏။

ပွဲအစတွင် လှတောအသင်းက ကစားကွက် မမိ။ ဝက်လက်အသင်းက ပညာသားပါကြောင်း သိလိုက်ကြ၏။

ဤသို့ လှတောသားတစ်ယောက်က အမေကျော် ဒွေးတော်လွမ်းရုံမက ပထွေးလွမ်းလိုက်ပါ၏။

"ဝက်လက်က တကယ် အကွက်မိတယ်ကွ"

နောက်တစ်ယောက်ကလည်း ဖြည့်စွက်ထောက်ခံသည့်အနေနှင့် အရှုန်းလေး ဖောက်လိုက်ပြန်၏။

"ငါတို့လှတောကတော့ အကွက်မိအောင် လယ်ထဲဆင်းပြီး မြွေပွေးဖမ်းရုံပဲ ရှိတော့တာပေါ့ဟ"

ထိုအခါ ကိုယ့်ပေါင်ကိုယ်လှန် ဆိတ်ရပါ့မလားဟူ၍ မခံမရပ်နိုင်သော လှတောသားကြီး နောက်တစ်ယောက်က . . .

"ဟလိုလေးကွယ် . . . ဝက်လက်အကွက်ကတော့ လှပါရဲ့။ အနံကျတော့ တိုတိုလေး၊ ကွင်းကလည်း ကျဉ်းကျဉ်းလေးနဲ့ မတော်လိုက်လေခြင်းကွာ"ဟူ၍ ရမိရရာ ဆွဲပြီး သရော်သံနှင့် ချေပလိုက်လေသတည်း။

ဦးကောင်းထူး



www.burmeseclassic.com



# ဒါလေးတွေ ဆင်ခြင်ရအောင်

မောင်ပုတ်စည်

လူတွေမှာ ကောင်းတာလုပ်ရင်းနဲ့ အမှတ်မထင် တစ်ခါတစ်ရံ မကောင်းတာ သွားဖြစ်တတ်တာမျိုးလေးတွေ ရှိတယ်။ အဲဒီလိုဆိုတော့ နာဖို့ကောင်းတာပေါ့။ နမြောဖို့ ကောင်းတာပေါ့နော်။ သတိပြုစရာ၊ ဆင်ခြင်စရာလေးတွေပါ။

မိတ်ဆွေတစ်ယောက်ရှိတယ်။ အရက်သောက်တယ်။ တကယ်တော့ သူက လူကတ်သတ်ခွစာပါ။ ဘုရားက ပြောတယ်တဲ့။ အရက်သောက်ရင် မှားတတ်တယ်။ အကုသိုလ်တွေ ကျူးလွန်မိတတ်တယ်။ ဒါပဲတဲ့။ အရက်မသောက်နဲ့လို့ ပပြောဘူးတဲ့။ ဒါကြောင့် သူသောက်တယ်။ ဘုရားစကားနားထောင်ပြီး မမှားအောင်၊ အကုသိုလ်တွေ မကျူးလွန်မိအောင် နေတယ်။ အပြစ်မရှိပါဘူးတဲ့။



www.burmeseclassic.com

www.burmeseclassic.com

ကိုယ့်ဟာကိုယ် အေးအေးဆေးဆေး မသောက်ဘူး။ ဘုရားကို ဆွဲထည့်တယ်။ အများလုပ်ရင်း အများဖြစ်တာထား ပါတော့။ နောက်တစ်ယောက်ကျတော့ သူ့ရာဂကို တစ်သက် လုံး ရှောင်ကြဉ်ထားတယ်တဲ့။ ဒါပေမယ့် သူ့ကျန်းမာရေး အတွက် ထမင်းစားခါနီး နည်းနည်းသောက်တယ်။ ဘုရား တပည့်တော်သည် ဆေးဝါးအဖြစ်မှလွဲ၍ မသောက်စား၊ မလိမ်းကျံပါလို့ သစ္စာဆိုပြီးသောက်တယ်။ အပြစ်မရှိဘူးတဲ့။ ကျန်းမာရေးအတွက်ဆိုလည်း ကိုယ့်ဟာကိုယ်သောက်ပေါ့။ ဘုရားကို ဆွဲဆွဲထည့်တယ်။ လောကမှာ လူတွေဖြစ်နေကြ တာ ပြောပါတယ်။ ထားပါတော့။ မကောင်းမှုလုပ်ရင်း မကောင်းတာဖြစ်နေကြတာ မပြောလိုပါဘူး။

ဒါပေမယ့် မိတ်ဆွေတစ်ယောက်က ပုတီးစိပ်တယ်။ ပုတီးကြီးတကားကားနဲ့ လူစုံပြီဆိုရင် ပြောပြီ။ ဘုရားပေါင်းစုံ လှည့်ပြီး အဓိဋ္ဌာန်တွေဝင်တဲ့အကြောင်း၊ စမတောင်မှာ ဘယ်လိုသွားစိပ်တာ၊ ပေါင်းတော်ချုပ်မှာ ဘယ်လိုအဓိဋ္ဌာန် ဝင်တာ စသဖြင့် လည်ပင်းမှာလည်း အမြဲတမ်း ပုတီးဆွဲပြီး အပေါ်က အင်္ကျီထပ်ဝတ်ထားတယ်။ လူမြင်သာအောင် အပေါ် ကြယ်သီးဖြုတ်ထားတယ်။ သူ့ပုတီးစိပ်တယ်ဆိုတာ ထင်ပေါ် ချင်တယ်။

အဲဒီတော့ ဘာဖြစ်သလဲ။ ကြားတဲ့၊ မြင်တဲ့လူတွေက သူ့ကို လူကြောင်ကြွားဆိုပြီး စချင်၊ နောက်ချင်တယ်။ နောက်ကွယ်ရာမှာ ဟားချင်တယ်။ အကုသိုလ်တွေဖြစ်ကုန် တာပေါ့။ သူ့အကြောင်းပြုပြီး တခြားလူတွေ အကုသိုလ်ဖြစ် ရတာ သူ့ပယောဂ ကင်းမလား။ ကုသိုလ်ကောင်းမှုလုပ်ပြီး မကောင်းမှုဖြစ်တာ နာဖို့မကောင်းဘူးလား။

ကုသိုလ်ကောင်းမှုလုပ်တာ၊ တရားအားထုတ်တယ်၊ ပုတီးစိပ်တယ်ဆိုတာ ကြွားစရာ၊ ထင်ပေါ်စရာ၊ ပြောနေစရာ မလိုပါဘူး။ အမှတ်မထင် ဖြစ်တတ်လို့ ဒါလေးတွေ စောင့် ထိန်းဖို့ ပြောတာပါ။

ပြီးတော့ ရှိသေးတယ်။ သက်သတ်လွတ်စားတဲ့လူ တွေ။ အလှူရှင်တွေက ကျွေးချင်မွေးချင်၊ လှူချင်လို့ ဖိတ် တယ်။ လူပုံအလယ်ကျမှ သူက သက်သတ်လွတ်ဆိုပြီး ပြောတယ်။ ဟာ・・・ရတယ်၊ ရတယ် လုပ်ပေးပါ့မယ်ဆိုပြီး အလှူရှင်တွေခမျာ ပျာယီးပျာယာနဲ့ တကူးတက ကမန်း ကတန်းလုပ်ပေးရတယ်။ အလုပ်ရှုပ်ကုန်တယ်။ အားနာဖို့ အရမ်းကောင်းတယ်။

တကယ်ဆိုရင်လည်း ဘာကျွေးမွေးညှော်ခံမယ်ဆို တာ သူသိသားပဲ။ မသွားနဲ့ပေါ့။ သွားရင်လည်း အလှူရှင် တွေအတွက် ကသိကအောက်၊ အနှောင့်အယှက်မဖြစ်အောင် ကျန်းမာရေးကြောင့် ဘာကြောင့် ညာကြောင့် ထမင်းမစား နိုင်လို့ အိမ်က ဆန်ပြုတ်ကလေးပဲ သောက်ခဲ့ပါတယ်။ လက်ဖက်ရည်၊ ကော်ဖီလေးလောက်ပဲ သောက်တော့မယ်ဆို ရတာပဲ။

မဟုတ်ဘူး။ ဒါကိုပဲ လူထုထုမှာ ဂုဏ်ယူပြီး ကြွားလုံး ထုတ်တယ်။ သူ့သက်သတ်လွတ်စားတာ ဆယ့်ငါးနှစ်ရှိပြီ။ သားငါးတွေ အနံ့ခံလို့မရတော့ဘူး။ ဒါကြောင့် သူ့အသားတွေ ဟာ ဝင်းနေတယ်၊ ကြည့်ပါလား။ ချွေးထွက်ရင်တောင် အနံ့ မနံဘူးဆိုပြီး အာပေါင်အာရင်းသန်သန်နဲ့ ကြွားတယ်။ လူတွေသိအောင် ဂုဏ်ယူပြီးပြောတယ်။

ဒီတော့ ကြားရတဲ့သူတချို့က နားကြားပြင်းကတ်ပြီး မျက်စိနောက်လာတယ်။ ဟားချင်လာတယ်။ အဲဒီတော့ အကုသိုလ်ဖြစ်မသွားဘူးလား။ အကောင်းလုပ်ရဲ့သားနဲ့ သူ့အကြောင်းပြုပြီး တစ်ဖက်သား အကုသိုလ်ဖြစ်ရတာ အားနာဖို့ကောင်းတာပေါ့။

တကယ်တော့ ကိုယ့်ဟာကိုယ် သက်သတ်လွတ် စားတာ ဂုဏ်ယူစရာ၊ ကြွားစရာ၊ ထုတ်ဖော်ကြေညာစရာ မဟုတ်ပါဘူး။ အဲဒီတော့ တချို့ကလည်း နောက်ကွယ်မှာ ပြောတာပေါ့။ အလကားပါ။ အဲဒီလူက သားတွေ၊ သမီးတွေ၊ မယားတွေ ပစ်ထားပြီး သူတစ်ယောက်တည်း နိဗ္ဗာန်ရောက် အောင် ကိုယ်လွတ်ရုန်းတဲ့ တစ်ကိုယ်ကောင်းသမားတဲ့။ ကဲ・・・ကောင်းတော့မလား။ သူလုပ်တဲ့ အကောင်းတွေက ဖြစ်တဲ့ မကောင်းတွေ မဟုတ်ဘူးလား။ ဒါကြောင့် ဒါလေး တွေ ဆင်ခြင်ရအောင်။ မကောင်းပြောတာ မဟုတ်ပါဘူး။ သတိပေး နှိုးဆော်တာပါ။

မောင်ပုတ်စည်




www.burmeseclassic.com


www.burmeseclassic.com

# ကောင်းကင်ပိတ်ပေါ်က နေလစမတို့၏ သိဒ္ဓိဟိတ်တန်ခိုးများ

**မော်တင်သိန်းဇော်ဇ**




"နေစမ"




"လစမ"

လေထဲမှာ မဟုတ်။ "ရွှေနားကြီး" တစ်ယောက် အကယ်ပင် အပြင်ဖြစ်တဲ့ သူပိုင်မြေမှာ တိုက်ကြီးဆောက်လုပ်ပြီ တဲ့။ အများသူငါ ကြားကြလို့မှ ယုံနိုင်စရာမရှိသော "ရွှေနားကြီး" တိုက်ဆောက်လိုက်သည့် သတင်းထူး။ သတင်းဆန်းတစ်ရပ်က ရွာခံလူသူတစ်ဝိုက်တို့နှင့် ဆိုက်ကားဂိတ်တစ်ဝိုက်တွင် တောမီးကြီးကဲ့သို့ ရုတ်တရက် ဝုန်းခနဲဆိုသလို ပေါ်ထလျက် ပျံ့နှံ့ဖောက်ထွင်းကာ ကျော်ကြားသွားလေသည်။ သောသောညံသွားလေသည်။

တကယ်တော့ ရွှေနားကြီးလို သာမန်အောက်ခြေ လူတန်းစားလည်းဖြစ်၊ လူပေလူတေ အရက်သမားကြီး။ လိပ်ခေါင်း။ အစာအိမ်၊ ငှက်ဖျားနှင့် နားထိုင်း။ နားလေး ရောဂါဝေဒနာရှင်လည်းဖြစ်သူ။ တစ်ဖန် ဇနီးလုပ်စာကို ကပ်စားနေရသည့် ဆိုက်ကားအနေးယာဉ်သမားကြီး ဖြစ်သူတစ်ဦးက မပြောမဆိုနှင့် ဖြုန်းခနဲဆိုသလို ကောက်ကာငင်ကာ ထူးထူးဆန်းဆန်းနှင့် တိုက်ကြီးကို ထဆောက်လိုက်တော့ ရပ်သူရွာသား ရွာခံတွေနှင့် ဘဝတူတွေက ပါးစပ်အပေါင်းသားနှင့် အံ့သြကြ၊ အားကျ ချီးကျူးကြ၊ တွေးဆဝေဖန်ကြ၊ မကောင်းထင်ကြေးပေးကြ၊ လှုပ်ရှားတုန်လှုပ်ကြ နှင့် ခံစားပြောဆိုကြလျက် အလုပ်ရှုပ်ကြရလေသည်။ ရှားရှားပါးပါးဆိုသလို တစ်ဦး၊ နှစ်ဦးစတို့ကသာ . . .

"ရွှေနား ကြီး ထီပေါက်ချင်ပေါက်၊ အမွေရချင် ကောက်ကာငင်ကာရ။ ဒါမှ မဟုတ် ပုဂ္ဂိုလ်ထူးတစ်ဦးဦး မ,လိုက်တာပဲ ဖြစ်ချင်ဖြစ်မည်"

ဟု ထင်ကြေးပေးကြလေသည်။

'အမှန်တကယ်တွင်တော့ ထင် ကြေးပါအတိုင်း ရွှေနားကြီးကို ပုဂ္ဂိုလ် ထူးတစ်ဦးက ကောက်ကာငင်ကာပင် မစခဲ့သည်မှာ အမှန်တကယ်ပင် ဖြစ် တော့သည်။

ကြုံရ၊ ဖြစ်ရသော ဖြစ်ရပ်ဆန်း ကြယ်၊ ထူးခြားစွမ်းအင်တစ်ရပ်က စိတ် ဝင်စားစရာ အထူးပင်ကောင်းလှတော့ သည်။

တစ်နေ့နံနက် အရုဏ်ဦး ခန့်၌ ရွှေနားကြီးသည် ညက သော

www.burmeseclassic.com

များထားမိ၍ ခေါင်းတွေ တဆစ်ဆစ်မှူ ထိုးကိုက်နေသလို၊ မိုးရေမိခဲ့ကာ အအေးပတ်ခဲ့တာ ကြာပြီဖြစ်၍ ချမ်းနေရှာသော်လည်း ဝမ်းရေးကြောင့် ဆိုက်ကားကို နင်းထွက်လာစဉ် မိုးက ရုတ်တရက် ဖြန်းခနဲ သဲကြီးမဲကြီးဆိုသလို နီးရာဖြစ်သော စိုက်ခင်းပျိုးခင်းနှင့် တောရိပ်တောတန်းအတွင်းရှိ ရှေးဟောင်း ဆုတောင်းပြည့် တန်ခိုးကြီး စေတီတော်ကလေးတစ်ဆူ၏ ပရိဝုဏ်တွင်းဆီသို့ အရေးပေါ်အဖြစ် ကပျာကယာ အမောတကောနှင့် ပြေးကာ ဝင်ခိုရှာလေသည်။

ဓာတ်တော်မွေတော်၊ ဌာပနာတော်မြတ်များ ကိန်းဝပ်တော်မူအပ်သော ပုဂ္ဂိုလ်ထူးနှင့် သူတော်စင်ကြီးတို့၊ သိုက်ဆက်ပုဂ္ဂိုလ်တို့၊ အစောင့်အရှောက်ပုဂ္ဂိုလ်ထူးတို့ အမြဲမပြတ်ဝင်ဖူးလေ့ရှိသော အထင်ကရ အကျော်ဒေးယျဖြစ်သည့် ထိုစေတီတော်ကလေး၌ ထိုနေ့နံနက်ဆီက စောလွန်းလှသေး၍ ဘုရားဖူးနှင့် ဖြတ်သွားဖြတ်လာတို့ အနေနှင့် လုံးဝမရှိသေး။ မိုးဝင်ခိုရှာသည့် ရွှေနားကြီးတစ်ဦးတည်းသာလျှင် ရှိနေလေသည်။ ရွှေနားကြီးသည် စေတီရင်ပြင်တော်အတွင်းရှိ သူ၏ မွေးနေ့ဂြိုဟ်ထောင့်ရှိ ဘုရားရုပ်တုတော် ရှေ့မှောက်တော်တွင် ထိုင်ကာ လမ်းကသူခူးလာသည့် တောပန်းပွင့်ကလေးများကို ကပ်လှူပူဇော်ကာ မိုးဖွဲဖွဲအောက်တွင်ထိုင်လျက် ရှိခိုးဝတ်ပြုနေရှာလေသည်။ ခဏမျှအကြာတွင် ရှိခိုးဝတ်ပြုကပ်လှူပြီး၍ မိုးအတိတ်တွင် ဂိတ်ရင်းသို့အမြန်ပြန်ရန် ဆုံးဖြတ်ထားသော ရွှေနားကြီးသည် ဂြိုဟ်ထောင့် အုတ်ခုံပေါ်ရှိ ရုပ်ပွားတော်မြတ်ကို ထပ်ကာရှိခိုးဝတ်ပြုရန် လက်အုပ်ချီနှင့် လှမ်း၍ကြည့်ရှု ကြည်ညိုလိုက်စဉ်တွင် ဂြိုဟ်ထောင့်နှင့် မနီးမဝေးနေရာခန့်တွင် ရပ်လျက် သူ့အား ကြည့်ရှုနေသော ဝတ်ဖြူစင်ကြယ်ဝတ် သက်ရှယ်ကြီးရင့်လှသော သက်ကြီးပုဂ္ဂိုလ်ကြီးတစ်ဦးကိုလည်း ယှဉ်တွဲ၍ အမှတ်မထင်မှူ ရောယှက်ကာ ရုတ်ခြည်း ဘွားခနဲဆိုသလို မြင်တွေ့လိုက်ရလေသည်။

ထူးခြားဆန်းပြားသော အသွင်ဟိတ်ထူးများရှိသည့် ဝတ်ဖြူစင်ကြယ်ဝတ် သက်ကြီးပုဂ္ဂိုလ်ကြီးမှာ အရပ်အမောင်းကောင်းလှ၍ ကိုယ်ခန္ဓာပြင်ကတုတ်ခိုင်ဖွံ့ဖြိုးသည်။ ရွှေရောင်သန်းနေသော မုတ်ဆိတ်ဖြူများရှိကာ ပိတ်ဖြူကို ခေါင်း၌ပေါင်းထားသည်။ အပေါ်နှင့်အောက် ဝတ်ဖြူစင်ကြယ်ဝတ်ထားသည်။ တောက်ပကြည်လင်စူးရှသော မျက်လုံးစုံများရှိကာ သူ့ကို အပြုံးကလေးနှင့် အသေအချာမှူ စူးစိုက်၍ လှမ်းကြည့်ရှုနေသည်ကို ရွှေနားကြီးသည် အမှတ်မထင်ဆိုသလို အံ့ဩတုန်လှုပ် ရင်ဖိုစွာနှင့် မြင်တွေ့လိုက်ရလေသည်။

"ထူးလိုက်တာ...။ ဒီနေ့မနက်မသောက်ရသေးလို့ ငါမမူးသေးပါဘူး။ ဒီလို ပုဂ္ဂိုလ်ကြီးမျိုးကို တစ်ခါမှူ မဆုံ၊ မတွေ့ဖူးဘူး။ တစ်ခုခုကို ပေးမှာလား ပြောမှာလား မသိဘူး။ ငါ့ကို အသေအချာကြည့်ရှုနေတာပဲ"ဟု ရွှေနားကြီး အံ့ဩတမောနှင့် ဝေခွဲတွေးဆ၍ ဝတ်ဖြူစင်ကြယ်ဝတ် သက်ကြီးပုဂ္ဂိုလ်ကြီးကို ငေးမောလျက် ဝင်စားကြည့်ရှုနေမိစဉ်ခိုက်မှာပင် ဝတ်ဖြူစင်ကြယ်ဝတ် ပုဂ္ဂိုလ်ကြီးမှာ ခဏမျှအကြာ၌ ဖြန်းခနဲဆိုသလို မြင်ကွင်းမှ ဆန်းကြယ်ထူးခြားလှစွာ ပျောက်ကွယ်သွားလေသည်။

ရွှေနားကြီးသည် နံနက် အရုဏ်ဦးအချိန်ခန့်တွင် ဆန်းကြယ်ထူးခြားလှစွာ တွေ့ကြုံခံစားခဲ့သော ထိုဖြစ်အင်ဆန်းနှင့် မြင်ကွင်းထူးကိစ္စကို တစ်နေ့လုံး အတွေးခေါင်ရင်း အံ့ဩတမောဖြစ်ကာ အားရဝမ်းသာနေရှာလေသည်။ ဂိတ်သိမ်း၍ အိမ်ပြန်ရောက်သော် ရွှေနားကြီးက ထိုနေ့ နံနက်က ဝတ်ဖြူစင်ကြယ်ဝတ် ပုဂ္ဂိုလ်ကြီးနှင့် သူတို့ အမှတ်မထင်မှူ တွေ့ကြုံခံစားခဲ့ရသော ဖြစ်အင်ဆန်းကိစ္စကို သူ၏ဇနီးဖြစ်သူကို

❐ ❐ ❐ ❐

"အမလေးတော်...
ရှုးကြောင် မှုးကြောင်နဲ့
ရှင်ညတုန်းက သောက်
ထားတဲ့အရက်ရှိန်ကြောင့်
အမြင်များတာ
ဖြစ်ချင်ဖြစ်မှာပေါ့။
ရှင့်လို အရက်သမား
တစ်ယောက်ကို
ပုဂ္ဂိုလ်ထူး၊ ပုဂ္ဂိုလ်မြတ်
တွေက
တွေ့ပါ့မလားရှင်"



www.burmeseclassic.com

www.burmeseclassic.com

ဝမ်းတာသာ အားပါးတရနှင့် ပြန်လည်၍ ဖောက်သည်ချ ရင်ဖွင့်မိလေရာ သူ၏ ဇနီးသည်ဖြစ်သူက···

"အမလေးတော်···ရှုးကြောင်မှုးကြောင်နဲ့ ရှင်ညတုန်းက သောက်ထားတဲ့အရက်ရှိန်ကြောင့် အမြင်မှားတာ ဖြစ်ချင်ဖြစ်မှာပေါ့။ ရှင့်လို အရက်သမားတစ်ယောက်ကို ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်တွေက တွေ့ပါ့မလားရှင်"

ဟု ရွှေနားကြီးကို ရယ်သွမ်းသွေးကာ တုံ့ပြန်၍ ထင်ကြေးပေးလေသည်။

ထိုနေ့မှ သုံးရက်ခန့်မျှ အကြာခန့်ဖြစ်ရာ တစ်ညဉ့်မှ ရွှေနားကြီးကို စေတီတော်ကလေးတွင် တွေ့ကြုံခဲ့ရသော ဝတ်ဖြူစင်ကြယ်ဝတ် ပုဂ္ဂိုလ်ထူးကြီးက အဆန်းတကြယ် အထင်အရှားမျှ အိပ်မက်ဆန်းကို ပထမဆုံးအဖြစ် လာပေးလေသည်။ ပုဂ္ဂိုလ်ထူးကြီးက အိပ်မက်ထဲတွင် ရွှေနားကြီးအား -

"မင်း သာသနာပြုဖို့ အချိန်တန်ပြီ။ အရက်သေစာနဲ့ မကောင်းမှုဒုစရိုက်တွေ အားလုံးကို ဖြတ်တော့။ လပြည့်နေ့တိုင်း မုခ်ကြီးလေးမုခ်မှာ ဆွမ်းကပ်ရမယ်။ ဒီနေ့ကစပြီး နီးစပ်ကြုံကြိုက်လို့ ရောက်ရ၊ ဖြတ်သန်းရတဲ့ ဘုရားစေတီတွေကိုဝင်ပြီး တစ်နိုင် ကုသိုလ်ကောင်းမှုနဲ့ ကာယလုပ်အား ပြုရမယ်။ ပဌာန်းနဲ့ သမ္ဗုဒ္ဓေမင်္ဂလာ ဂါထာတော် (ဒိဝါတပတိ)ကို အမြဲရွတ်ရမယ်။ နောက်နေ့တွေမှာ လာဦးမယ်"

ဟု တိုတိုပြတ်ပြတ်နှင့်ပင် မိန့်ဆိုလမ်းညွှန်လေသည်။

ရွှေနားကြီးသည် ထင်ရှားလှသော အိပ်မက်ကို မက်ရ၍ ဝမ်းသာလုံးဆို

**ရွှေနားကြီးသည် သာမန်မှ ထူးခြားထူးကဲလာသဖြင့် ပုဂ္ဂိုလ်ထူးကြီးကို ပိုမို၍ သက်ဝင်ယုံကြည်ကိုးကွယ်လာပြီး ကုသိုလ်ကောင်းမှုများကို ဆထက်ထမ်းပိုးမျှ ပိုမို၍ လုပ်ဆောင်ကျင့်ကြံ အားထုတ်ခဲ့လေသည်။**

□□□□

ကာ နံနက်လင်း အိပ်ရာမှထသော် ဇနီးသည်ဖြစ်သူကို ဝမ်းပန်းတသာနှင့် ပြန်ပြောပြရာကာ ထိုနေ့နံနက်ပိုင်းကပင် စတင်၍ အရက်သေစာကို တိခနဲဆိုသလို အပြီးတိုင ဖြတ်တောက်စွန့်ပယ်လိုက်လေသည်။

နံနက်အရုဏ်ဦး ဂိတ်ဦးဆိုက်ကားထွက်သည်နှင့်လည်း နေ့စဉ်ပင် ဝတ်ဖြူစင်ကြယ်ဝတ် ပုဂ္ဂိုလ်ထူးကြီးနှင့် တွေ့ဆုံခဲ့ရသော စေတီတော်ကလေးဆီသို့ သွားရောက်ကာ ဆေးကြော၊ လှည်းကျင်း၊ သန့်စင်မွမ်းမံမှုများကို စတင်၍ လုပ်ဆောင်လေတော့သည်။ ထို့အတူပင် ထိုနေ့ကစပြီး ပါခင်ဂျာကို ပို့စဉ် ခိုက် လမ်း၌ ဖြတ်သန်းနင်းပြုစဉ် ကြုံကြိုက်ရသော စေတီဘုရားကြီးငယ်တို့ကိုလည်း ဝင်ရောက်ပြီး ကာယဝေယျာဝစ္စ လုပ်အားဒါနများကို ထက်သန်စွာနှင့် လုပ်ဆောင်လေသည်။ တစ်လခန့်အကြာတွင် ပုဂ္ဂိုလ်ထူးကြီးက ဒုတိယအကြိမ်အဖြစ် ရွှေနားကြီးကို ထပ်မံကာ အိပ်မက်ပေးပြန်လေသည်။ ပုဂ္ဂိုလ်ထူးကြီးက အိပ်မက်ထဲတွင် ရွှေနားကြီးအား···

"အေး···ဟုတ်ပြီပေါ့။ မင်း ဒုစရိုက်တွေဖြတ်ပြီး ငါပြောတဲ့အတိုင်း ဆွမ်းတွေကပ်၊ ဘုရားမှာ လုပ်အားဒါနတွေပြု၊ ဂါထာတွေရွတ်လို့ ကောင်းမှုတွေ စလုပ်နေတာတွေကို ငါမြင်တယ်၊ သိတယ်။ ဒါနဲ့ ပြောရဦးမယ်။ မင်း ကောင်းကင်ပိတ် ရအောင်ရှာယူပြီး အဲဒီ ပိတ်ပေါ်မှာ နေနဲ့လ စမနှစ်ခုကို ရေးစီရင်ပြီးရင် အဲဒီ နေလစမကို လွှင့်ထားထူးထား။ ကိစ္စပေါ်ရင် အဲဒီ စမပိတ်နဲ့ မျက်နှာကို သုတ်သင်ပြီး ဆောင်ရွက်၊ မင်း သိဒ္ဓိ၊ မဟိဒ္ဓိတွေ ရှိလာ၊ ပြည့်လာရလာလိမ့်မယ်။ ဆက်ဆက်လုပ်နော်"

ဟု ဝိဇ္ဇာဓရလမ်းကြောင်း၊ ဝိဇ္ဇာသမားစဉ်အဖြစ် မိန့်ဆိုလမ်းညွှတ်ပြန်လေသည်။ (ကောင်းကင်ပိတ်ဆိုသည်မှာ တောင်ပေါ်အမြင့်ဒေသနေရာများရှိ ဘုရားစေတီမြတ်တို့တွင် လွှင့်ထူထားသော သာသနာ့အလံတော်မြတ် ပိတ်သားတော်ကို ဆိုလိုပြီး ထိုကောင်းကင်ပိတ်ပေါ်၌ နေစမတော်ကို အနီရောင်နှင့်၊ လစမတော်ကို အဖြူရောင်နှင့် စီရင်ရေးသားရသည်ဟု လေ့လာမှတ်သားရပါသည်။)

ရွှေနားကြီးသည် ပုဂ္ဂိုလ်ထူးကြီးက ထပ်မံကာ လမ်းညွှန်ခိုင်းစေထားသည့်အတိုင်း အားလုံးကို ချက်ချင်းပင် အမြန်အဆန်မျှ တိကျထက်သန်စွာနှင့်



www.burmeseclassic.com

www.burmeseclassic.com

တစ်သဝေမတိမ်း လုပ်ဆောင်ကျင့်ကြံ ပြန်လေသည်။ ထို့နောက်ပိုင်း တစ်ခု ထူးခြားလာသည့်ဖြစ်အင်နှင့် အကျိုးထူး တစ်ရပ်မှာ ရွှေနားကြီးအနေနှင့် ခမောင်နှမဆွေမျိုးသားချင်းရင်းတစ်စုက အိမ်တိုင်ယာရောက်ပင် တကူးတကန့်မျှနှင့် ရှာဖွေကာ လာရောက်ပေးအပ်သော အမွေအဖြစ် ငွေ ၁၀ သိန်းကျော်ကို မမျှော်လင့်၊ မထင်မှတ်၊ မကြိုးပမ်းရဘဲ ရုတ်တရက်ကြီး အမွေသားဆိုသလို လက်ခံရရှိလာခြင်းပင် ဖြစ်တော့သည်။

ရွှေနားကြီးသည် သာမန်မှ ထူးခြားထူးကဲလာသဖြင့် ပုဂ္ဂိုလ်ထူးကြီးကို ပိုမို၍ သက်ဝင်ယုံကြည် ကိုးကွယ်လာပြီး ကုသိုလ်ကောင်းမှုများကို ဆထက်ထမ်းပိုးမျှ ပိုမို၍ လုပ်ဆောင်ကျင့်ကြံအားထုတ်ခဲ့လေသည်။ စေတီတော်ကလေး ထီးတော်သစ်တင်ပွဲကြီးတွင်လည်း ထက်သန်စွာ ပါဝင်ကြိုးပမ်းခဲ့ရှာလေသည်။

ထိုမှ နောင်နှစ်လခန့်အကြာ၌ ရွှေနားကြီးကို ပုဂ္ဂိုလ်ထူးကြီးက တတိယအကြိမ်အဖြစ် အိပ်မက်ဆန်းတစ်ရပ်ကို ထပ်ကာပေးပြန်လေသည်။ ထိုအိပ်မက်ထဲတွင် ပုဂ္ဂိုလ်ထူးကြီးက ရွှေနားကြီးအား . . .

"ဟုတ်လိုက်တာကွယ်။ ဟုတ်ပေသပ။ တပည့်လိမ္မာဆိုတော့ ထပ်ပြီးမစရဦးမှာပေါ့။ ခုမင်းငှားနေတဲ့ အိမ်ဆီကနေ အရှေ့တောင်အရပ်ကို ဆက်သွား။ အဲဒီမှာ မြေကွက်တစ်ကွက်ရှိတယ်။ မင်းဝယ်ဖြစ်လိမ့်မယ်။ ဘယ်လောက်ပဲ ဈေးခေါ်ခေါ် မင်းကိုပဲ မြေရှင်က ရောင်းလိမ့်မယ်။ ပဌာန်းဆက်ကွ။ မင်းအမြန်သာ ပြေးပေတော့။ သွားပေတော့"

ဟု အခါတော်ပေး လမ်းညွှန်ပြန်လေသည်။

ပုဂ္ဂိုလ်ထူးကြီး အိပ်မက်ပေး လမ်းညွှန်လာသည့်အတိုင်း ရွှေနားကြီးသည် သူ့၌ရှိသော ငွေ ၁၀ သိန်းကို ကိုင်ဆောင်ပြီး အရှေ့တောင်အရပ်ဘက်ကို အမြန်ပင် ပြေးသွားလေတော့သည်။ ပုဂ္ဂိုလ်ထူးကြီး လမ်းညွှန်ခဲ့သည့်အတိုင်းပင် ထိုအရပ်တွင် ရောင်းရန်ရှိ မြေကွက်တစ်ကွက်ကိုလည်း ဆိုက်ဆိုက်မြိုက်မြိုက်၊ တည့်တည့်မတ်မတ်ပင် တွေ့ရှိရလေသည်။ သို့သော် ထိုမြေကွက်ဈေးနှင့် ပေါက်ဈေး၊ ခေါ်ဈေးမှာ သိန်း ၂၀ ကျော်ဖြစ်နေ၍ ရွှေနားကြီးသည် သူ၏ လက်ဝယ်ရှိငွေနှင့် မမီသဖြင့် မေးစမ်းပြီး ပြန်မည်အပြုတွင် မြေရှင်က ရွှေနားကြီးအား . . .

"မင်း မြေကွက်ကို သိပ်ကြိုက်လို့ ဝယ်ချင်ပေမယ့် ပိုက်ဆံတစ်ဝက်သာ ရှိနေရတယ် မဟုတ်လား။ အဲဒီငွေနဲ့ပဲ မင်းကိုပါ ငါရောင်းပေးမှာပေါ့ကွာ"

ဟု လိုက်လျောခွင့်ပြုလာ၍ ရွှေနားကြီးသည် ပါးစပ်အဟောင်းသားနှင့် အံ့သြတမော ဝမ်းသာဇောနှင့် အိမ်သို့ အမြန်ပြန်လျက် ငွေများကို ပြန်ယူပြီး ထိုမြေကွက်ကို အမြန်ဝင်ဝယ်ယူခဲ့ကာ အိမ်ငယ်ကလေးတစ်အိမ် ဆောက်လုပ်ပြီး ရွှေနားကြီးသည် ငှားရမ်း၍နေထိုင်သော နေအိမ်မှ ပြောင်းရွှေ့နေထိုင်ခဲ့လေသည်။ အိမ်ငှားဘဝမှ ကျွတ်လွတ်ကာ အိမ်ပိုင်ရှင်အဖြစ်သို့လည်း တက်လှမ်းနိုင်ခဲ့လေသည်။

ထို့နောက်ပိုင်း ကာလတာများ၌ ရွှေနားကြီးအနေနှင့် ကျန်းမာဝဖြိုး၍ တစ်သွေးတစ်မွေး ဖြစ်လာသလို နှစ်တိုကာလအတွင်းမှာပင် စီးပွားရေးတွေကောင်း၊ ဇနီးသည်လုပ်ငန်းတွေလည်းကောင်း၊ သားသမီးတွေလည်း ဘွဲ့ရပညာတတ်ဘဝနှင့် အလုပ်အကိုင်နေရာဝင်ငွေကောင်းများ ရကြကာ ဘာသာရေး လူမှုရေး မိသားစုရေး ဘဝရေးများ ဘက်စုံအနေနှင့် ဒီရေအလား တိုးတက်ပွင့်လန်း၍ ပေါက်မြောက်လာခဲ့လေသည်။ ထိုအခြေကောင်း အနေကောင်းများမှတစ်ဆင့် ရိုးသားကြိုးစား၍ သစ်သားအိမ်ကလေးကိုဖျက်ကာ ကန်ထရိုက်ပေး၍ တိုက်ခန်းဆောက်နိုင်ခဲ့လေသည်။ "အရှင်မွေး ချက်ချင်းကြီး" ဆိုစကားအတိုင်း ဘဝတွေ ပြောင်းခဲ့၊ ကောင်းခဲ့၍ တိုက်တာနှင့်ပင် နေထိုင်နိုင်ခဲ့သည်။

"တပည့်မှန်ရင် ဆရာလာမည်" ဟူသော ဝိဇ္ဇာရေ ဆိုမိန့်စကားမှန်ကားမှန်ကန်လုတော့သည်။ ထိုနည်းတူ ကောင်းကင်ပိတ်ပေါက နေလစမတော်တို့၏ တန်ခိုး၊ ဟိတ်သိဒ္ဓိ စွမ်းအင်များ တန်ခိုးများကလည်း အထူးပင် ကြီးမား ထက်မြက်လှပါသည်။

မော်တင်သိန်းဇော်ဇ

**ဝန်ခံချက်** ။ မွေ့မိတ်ဆွေကြီး ပြောပြခွင့်ပြုပေးသော လွန်ခဲ့သော နှစ်ပေါင်း ၂၀ ကျော်က ဖြစ်ရပ်ဆန်းတစ်ရပ်အား ကိုးကားတင်ပြခြင်းဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



တန်ခိုးပြခွင့်မရသော

# ရှင်မဟာမောဂ္ဂလာန်

ဆင်ဖြူကျွန်းအောင်သိန်း

သုံးလောကထွတ်ထား သဗ္ဗညုမြတ်စွာဘုရားသည် ဘုရားဖြစ်တော်မူပြီးနောက် ဒွါဒသမ မြောက်နှစ်၌ ဝေရဉ္စာမြို့တွင် ဝါဆိုတော်မူသည်။ မြတ်စွာဘုရားသည် နောက်ပါတပည့် သံဃာတော်ငါးရာနှင့် ကြွလာတော်မူခြင်း ဖြစ်ပေသည်။ မြတ်စွာဘုရားနှင့် တပည့်သားသံဃာတော်များသည် ဝေရဉ္စာမြို့၏ ထင်ရှားသောတမာပင်အနီး၌ သီတင်းသုံးတော်မူကြ၏။

ထိုတမာပင် ထင်ရှားရခြင်းမှာ ထိုတမာပင်ကို နဠေရုဘီလူး သိမ်းဆည်းထားသောကြောင့် ဖြစ်၏။ ဘီလူးသိမ်းဆည်းသည်ဆိုခြင်းမှာ ထိုအပင်နှင့်စပ်လျဉ်းသော အကျိုးကျေးဇူးကို ထိုဘီလူးသာ ခံစားသည်။ ပုံစံအားဖြင့် ထိုသစ်ပင်ရိပ်သို့ ဝင်လာသူကို ဘီလူးက စားပိုင်ခွင့်ရှိခြင်းမျိုးဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com

## မြတ်စွာဘုရားသည် နံနက်စောစော သင်းပိုင်ကို ပြင်ဝတ်တော်မူပြီးလျှင် ဝေရဥ္စပုဏ္ဏားအိမ်သို့ သွားတော်မူ၏။ ခင်းအပ်သောနေရာ၌ သံဃာတော်တို့နှင့်တကွ နေတော်မူ၏။

ထိုဝေရဥ္စာမြို့၌ ဝေရဥ္စအမည်ရှိသော ပုဏ္ဏားတစ်ယောက်ရှိ၏။ ထိုပုဏ္ဏားသည် ဖြဟ္မာပြည်တိုင်အောင် ထင်ရှားသော မြတ်စွာဘုရား၏ ဂုဏ်တော်ကိုးပါးကိုလည်း သိ၏။ ထိုမှုမကသော ကြည်ညိုဖွယ်ကောင်းခြင်းများကိုလည်း ကောင်းစွာသိထား၏။

"ထိုမြတ်စွာဘုရားသည် လောကအပေါင်းကို လွန်ကဲသော ဉာဏ်တော်ဖြင့် အလုံးစုံသော တရားတို့ကို အလိုလို မျက်မှောက်ပြု၍ သိစေ၏။ အစ၊ အလယ်၊ အဆုံး ကောင်းခြင်းရှိသော၊ ကောင်းသော အနက်ရှိသော၊ ထက်ဝန်းကျင် ပြည့်စုံသော ပုဒ်ဗျည်းရှိသော တရားကို ဟောတော်မူ၏။ ခရသင်းပွတ်နှင့်တူသော ထက်ဝန်းကျင် စင်ကြယ်သော၊ မြတ်သော မဂ္ဂ ဖြဟ္မစရိယာကို ပြတော်မူ၏။ ထိုသို့သော သဘောရှိကုန်သော ရဟန္တာတို့အား ဖူးမြင်ခြင်းသည် ကောင်းစွ။

သို့ဖြစ်သောကြောင့် ဝေရဥ္စပုဏ္ဏားသည် မြတ်စွာဘုရား ရှိတော်မူရာအရပ်သို့ ချဉ်းကပ်၍ မြတ်စွာဘုရားနှင့် ဝမ်းမြောက်စွာ ပြောဟောကာ လျှောက်ပတ်စွာ နေလေ၏။ ထိုသို့နေရာမှ ပုဏ္ဏားသည် ရတ်တရက် မြတ်စွာဘုရားသို့ လျှောက်ထား၏။

"အရှင်ဂေါတမ . . . အရှင်ဂေါတမသည် ကြီးသောအရွယ်သို့ ရောက်ကုန်ပြီးသော ပုဏ္ဏားတို့ကို ခရီးဦးကြိုမှုလည်း မဆို၊ နေရာဖြင့်လည်း မဖိတ်၊ ဤသို့ကြား၏။ ထိုကြားတိုင်းပင်လျှင် အရှင်ဂေါတမအား ယခုမှန်တော့သည်"

"ပုဏ္ဏား . . . အလုံးစုံသော လောက၌ ငါသည် ရှိခိုးထိုက်သည်ကိုလည်းကောင်း၊ ခရီးဦး ကြိုဆိုထိုက်သောသူကိုလည်းကောင်း၊ နေရာဖြင့် ဖိတ်ထိုက်သောသူကိုလည်းကောင်း မမြင်။ ပုဏ္ဏား . . . အကြင်သူကို မြတ်စွာဘုရားသည် ရှိခိုးငြားအံ့၊ ခရီးဦးကြိုဆိုငြားအံ့၊ နေရာဖြင့် ဖိတ်ငြားအံ့။ ထိုသူ၏ ဦးခေါင်းသည် ထန်းသီးမှည့်ကဲ့သို့ ကြွေရာ၏"

မြတ်စွာဘုရားက ထိုသို့မိန့်ကြားသောအခါ "အရှင်ဂေါတမသည် . . . သာမဂ္ဂီရသ မရှိ"ဟု ပုဏ္ဏားက ဆို၏။ သို့ဖြစ်သောကြောင့် မြတ်စွာဘုရားက မိန့်တော်မူ၏။

"ပုဏ္ဏား၊ အကြင်အကြောင်းဖြင့် ဆိုလိုသောသူသည် အရှင်ဂေါတမသည် သာမဂ္ဂီရသမရှိဟု အပေါင်းနှင့်တကွ နေရာမလျှော်ပ်ကို ပြုအံ့သောငှာ အလိုရှိပေ၏ဟု ဆိုပေ၏။ ငါ့အား အခပေးသည်ရှိသော် ပြုအံ့သောငှာ တတ်နိုင်၏။

"ထိုသို့သဘောရှိသော အကြောင်းသည် ငါ၌ရှိသည်သာ။ ပုဏ္ဏား . . . အကြင်သို့ သဘောရှိကုန်သော ရူပါရုံ၌ မွေ့လျော်ခြင်း အစရှိကုန်သော ရသတို့သည် ရှိကုန်၏။ ထိုရူပရသ အစရှိသည်တို့ကို ငါဘုရားသည် ပယ်အပ်ပြီး နုတ်အပ်ပြီး၊ အမြစ်ရှိပြီး ထန်းပင်ရာကဲ့သို့ ပြုအပ်ပြီ။ တစ်ဖန် မဖြစ်ခြင်းသို့ ရောက်ကုန်ပြီ။ နောင်အခါ၌ မဖြစ်သော သဘောရှိကုန်ပြီ . . . ပုဏ္ဏား။ 'ရှင်ဂေါတမသည် သာမဂ္ဂီရသမရှိ'ဟု အကြင်အကြောင်းကြောင့် ဆိုလိုသည်ဖြစ်၍ ငါ့ကိုဆို၏၊ ဤသို့သဘောရှိသောအကြောင်းသည် ငါ့အားရှိ၏ဟု ပုဏ္ဏားသည် ငါ့ကိုရည်၍ အကြင်စကားကို ဆို၏။ ထိုစကားသည် ငါ့အားမရှိ"

ထို့နောက်မှ "နိဗ္ဗောဂေါ ဘဝံ ဂေါတမော" အစရှိသော စကားကို ပုဏ္ဏားဆိုပြန်၏။ ထိုပုဏ္ဏားကို များစွာသောစကားကို တစ်ပါးသောအကြောင်းဖြင့် များစွာ မိန့်တော်မူ၏။

ထိုတစ်ပါးသော အကြောင်းဖြင့် လွှဲ၍မိန့်တော်မူသော အဆုံး၌ ကြက်ဥပမာ၊ ကြက်သားငယ်ဥပမာဖြင့် "ပုဗ္ဗေနိဝါသာ နုဿတိဝိဇ္ဇာ၊ ဒိဗ္ဗစက္ခုဝိဇ္ဇာ၊ အာသဝက္ခယဝိဇ္ဇာ"ဟူသော သုံးပါးသော ဝိဇ္ဇာကိုပြ၍ "ငါသာလျှင် လောက၌ အတိုင်းမသိသော ရှေးအဖြစ်ကို



www.burmeseclassic.com

www.burmeseclassic.com

ရှေးဦးစွာမြင်၏။ ငါသာလျှင် ရှေးဦးစွာ အလုံးစုံသော လောကကို ဒိဗ္ဗစက္ခုဖြင့် မြင်၏။ ငါသာလျှင် ရှေးဦးစွာ လောကသုံးပါး၌ အာသဝေါကုန်ခြင်းသို့ ရောက်၏"ဟု လောကထက်ကြီးတော်မူသည်၊ မြတ်တော်မူသည်၏အဖြစ်ကို ပြတော်မူ၏။

ဤသို့ပြ၍ ဟောတော်မူသည်ရှိသော် ဤသို့ တောင်းပန်၏။

"အရှင်ဂေါတမသည် လောကထက် ချီးမွမ်းအပ်၏။ အရှင်ဂေါတမ နှစ်လိုဖွယ် ရှိစွတကား။ အရှင်ဂေါတမ အလွန်နှစ်လိုဖွယ် ရှိစွ။ မှောက်၍ထားအပ်သည်ကို လှန်ဘိသကဲ့သို့၊ ဖုံး၍ထားအပ်သည်ကို ဖွင့်ဘိသကဲ့သို့၊ လေးပါးသော အမိုက်တိုက်၌ ဆီမီးကို ထွန်းဘိသကဲ့သို့၊ မျက်စိရှိသောသူတို့သည် အနီ အဖြူ အစရှိသော အဆင်းတို့ကို မြင်ကုန်သကဲ့သို့ ထို့အတူ အရှင်ဂေါတမသည် များစွာသော ဒေသနာတော်ဖြင့် တရားကို ဟောတော်မူ၏။ ထိုအကျွန်ုပ်သည် အရှင်ဂေါတမကိုလည်းကောင်း၊ တရားတော်ကိုလည်းကောင်း၊ သံဃာတော်ကိုလည်းကောင်း ကိုးကွယ်ရာကို သိ၏။ ရှင်ဂေါတမသည် အကျွန်ုပ်ကို ယနေ့ကို အစပြု၍ 'အသက်ထက်ဆုံး ရတနာသုံးပါးတို့ကို ကိုးကွယ်ရာဟုသိသော ဥပါသကာ'ဟု အရှင်ဂေါတမသည် မှတ်တော်မူစေသတည်း။ ရဟန်းအပေါင်းနှင့်တကွ မိုးလနေခြင်းကို သည်းခံတော်မူပါ"

မြတ်စွာဘုရားသည် ဆိတ်ဆိတ်နေတော်မူသောအားဖြင့် သည်းခံတော်မူ၏။

ထိုအခါ ဝေရဉ္ဇပုဏ္ဏားသည် မြတ်စွာဘုရား သည်းခံတော်မူပြီဟုသိ၍ နေရာမှထပြီးလျှင် မြတ်စွာဘုရားကို ရိုသေစွာရှိခိုး၍ လက်ယာရစ်လှည့်လည်ကာ သွား၏။ မြတ်စွာဘုရားသည် ဝေရဉ္ဇပုဏ္ဏား ပင့်အပ်သည်ဖြစ်၍ ငါးရာသော ရဟန်းတော်တို့နှင့်တကွ ဝါသို့ကပ်တော်မူ၏။

ထိုအခါ၌ ဝေရဉ္ဇာတိုင်း၌ မွတ်သိပ်ခြင်းဖြစ်၍ "အသက်ရှင်အံ့လော၊ မရှင်အံ့လော"ဟု အကြံရှိကုန်၏။ အရိုးဖွေးဖွေး ရှိကုန်၏။ အရိယာတို့အား ဆွမ်းခံခြင်းဖြင့် မျှခြင်းငှာ မတတ်နိုင်။

ထိုအချိန်တွင် ဥတ္တရပထမှ မြင်းကုန်သည်တို့သည် မြင်းငါးရာတို့နှင့် အတူတကွ ဝေရဉ္ဇာမြို့သို့ မိုးလအခါ၌ ရောက်ကုန်၏။ ထိုမြင်းကုန်သည်တို့သည် မြင်းတင်းကုပ်၌ ရဟန်းတို့အား တစ်ကွမ်းစား တစ်ယောက်မ မျှလောက်ရုံသော ရိက္ခာတို့ကို လှူခြင်းငှာထား၏။

ရဟန်းတို့သည် နံနက်စောစော သပိတ်သင်္ကန်းကိုယူ၍ ဝေရဉ္ဇာမြို့သို့ ဆွမ်းခံဝင်ရာ ဆွမ်းကိုမရကုန်။ စင်စစ်သော်အားဖြင့် "ကန်တော့၏"ဟူသော စကားကိုမျှ မရကုန်သည်ဖြစ်၍ မြင်းတင်းကုပ်တို့သို့ သွားရောက်ဆွမ်းခံကာ တစ်ကွမ်းစား၊ တစ်ကွမ်းစားသော ဆန်ကို နေရာသို့ဆောင်ပြီးသော် ဆုံ၌ထောင်းကာ ဘုဉ်းပေးကုန်၏။

မထေရ်တို့၌ တစ်စုံတစ်ယောက်သော ကပ္ပိယကာရကသည် မရှိ။ ထိုကုန်သည်တို့၏ တစ်ကွမ်းစားသော ဆန်ကို အကြင်ရဟန်းသည် ခံ၍ ယာဂုကိုလည်းကောင်း၊ ထမင်းကိုလည်းကောင်း ချက်ရာ၏။ ဤသို့ချက်ခြင်းသည် ပေါ့သော အသက်မွေးခြင်းမည်သည် မဖြစ်။

အလိုလိုချက်ချင်းမှ လွတ်ခြင်းသည် ဖြစ်စေသတည်း။ ရှစ်ပါးကုန်သော ရဟန်းတို့သည်လည်းကောင်း၊ တစ်ကျပ် တစ်ကျိပ်သော ရဟန်းတို့သည်လည်းကောင်း တစ်ပေါင်းတည်းဖြစ်၍ ဆုံ၌ထောင်းပြီး မိမိတို့အဖို့ကို ရေဖြင့်ဖျော်ကာ ဘုဉ်းပေးကုန်သည်ဖြစ်၍ ကြောင့်ကြမရှိကုန်သည် ဖြစ်သဖြင့် ရဟန်းတရားကို ပြုကုန်၏။

မြတ်စွာဘုရားအားကား မြင်းကုန်သည်တို့သည် တစ်ကွမ်းစားသော ဆန်ကိုလည်းကောင်း၊ ထိုဆန်နှင့် လျောက်ပတ်သော ထောပတ် ပျားသကာကိုလည်းကောင်း လှူကြကုန်၏။ အရှင်အာနန္ဒာသည် ထိုလှူသောဆန်ကိုဆောင်၍ ကျောက်၌ ကြိတ်၏။ ဘုဉ်းရှိသော ပညာရှိသည် ပြုအပ်သော အာဟာရသည် နှစ်လိုဖွယ်သာ ဖြစ်၏။

အရှင်အာနန္ဒာသည် ကြိတ်ပြီးသော ထိုဆန်ညက်ကို ထောပတ် အစရှိသည်တို့နှင့်ယှဉ်၍ မြတ်စွာဘုရားအား ကပ်၏။ ထိုအခါ ထိုအာဟာရ၌ နတ်တို့သည် ဩဇာထည့်ကုန်၏။ ထိုသို့သဘောရှိသော အာဟာရကို ဘုဉ်းပေးတော်မူ၍ မြတ်စွာဘုရားသည် ဖလသမာပတ် ဝင်တော်မူ၍ နေတော်မူကာ ထိုနေ့မှစ၍ ဆွမ်းရပ်တော်မမူ။

မြတ်စွာဘုရား၏ ပထမဗောဓိ ဝါနှစ်ဆယ်အကြား၌ အမြဲပုပ်ကျွေး



www.burmeseclassic.com

www.burmeseclassic.com

သော တပည့်တော်သည် မရှိသေး။ နာဂသမာလထေရ် အစရှိသော ပုဂ္ဂိုလ်တို့သည် လုပ်ကျွေးကုန်၏။ အရှင်အာနန္ဒာသည် အမြဲလုပ်ကျွေးခြင်းကို မရသေးပြား "ဤသို့သဘောရှိသောအရာတို့၌ အာနန္ဒာသည် သင့်တင့်လျောက်ပတ်၏"ဟု မြတ်စွာဘုရားသည် သည်းခံတော်မူ၏။

ဤဝေရဉ္စပုဏ္ဏားသည် ကြီးစွာသော အားထုတ်ခြင်းဖြင့် မြတ်စွာဘုရား ဝါဆိုတော်မူခြင်းကို တောင်းပန်ခဲ့၏။ သို့ပါလျက်နှင့် ထိုဝေရဉ္စပုဏ္ဏားသည် မြတ်စွာဘုရားရှိတော်မူသည်၏ အဖြစ်ကို အဘယ်ကြောင့် မသိသနည်းဟူမူကား မာရ်လှည့်ပတ်သောကြောင့်တည်း။

မာရ်လှည့်ပတ်ထားသောကြောင့် လူတို့သည် တစ်ယောက်မျှသော ဆွမ်းတော်မျှ မလှူကြကုန်။ ဝေရဉ္စပုဏ္ဏားမှာလည်း မြတ်စွာဘုရားရှိတော်မူသည်၏ အဖြစ်ကို သတိမရပေ။ ထိုအချိန်၌ မာရ်၏ရန်ငြိုးဖွဲ့မှုမှာ အလွန်ပြင်းထန်၏။ မြတ်စွာဘုရားသည် တာဝတိံသာ၌လည်းကောင်း၊ အခြားတစ်နေရာ၌သော်လည်းကောင်း ဝါကပ်တော်မူအံ့။ မာရ်သည် လိုက်လံနှောင့်ယှက်မည်သာ။

မြတ်စွာဘုရားသည် အရှင်အာနန္ဒာကိုခေါ်၍ မေးတော်မူ၏။

"အာနန္ဒာ · · ·ထိုဆုံဆန်သည် အဘယ်ကြောင့်နည်း"

အရှင်အာနန္ဒာလည်း မြင်းကုန်သည်တို့လှူဒါန်းသော ဆန်အကြောင်းနှင့် ထောင်းထုပြုပြင်ရပုံကို လျှောက်ထားရာ မြတ်စွာဘုရား ကောင်းချီးပေးတော်မူ၏။

"အာနန္ဒာ၊ ကောင်းစွ ကောင်းစွ။ သူတော်ကောင်းဖြစ်သော သင်တို့သည် ဤသို့ မွတ်သိပ်သောကာလ၊ ရခဲသောဆွမ်း ရှိသောကာလ၌ ဤသို့သဘောရှိသော ပေါ့သောအသက်မွေးခြင်းရှိသည်၏အဖြစ်ဖြင့်လည်းကောင်း၊ ဤသို့သဘောရှိသော ခေါင်းပါးခြင်းဖြင့်လည်းကောင်း မွတ်သိပ်ခြင်းကိုဆောင်၏။ နောက်၌ဖြစ်သော ရဟန်းအပေါင်းသည် သားပြွမ်းသလေးဆွမ်းကို မထိမဲ့မြင် ပြုလတ္တံ့"

ထိုအခါ တန်ခိုးအရာ၌ တေဒဂ်ရသော လက်ဝဲတော်ရံ အရှင်မဟာမောဂ္ဂလာန်သည် မြတ်စွာဘုရားကို ရှိသေစွာရှိခိုးလျက် လျှောက်ထား၏။

"ရှင်ပင်ဘုရား၊ ယခုအခါတွင် ဝေရဉ္စာမြို့သည် မွတ်သိပ်၏။ ဆွမ်းခံသဖြင့် အသက်မမွေးလွယ်။

"ရှင်ပင်ဘုရား· · ·

"ဤမြေကြီး၏ အောက်အပြင်သည် ပျားငယ်မရှိသော ပျားသလက်ကဲ့သို့ အရသာဖြင့် ပြည့်စုံ၏။ ရှင်ပင်ဘုရား၊ အကျွန်ုပ်တောင်းပန်၏။ ထိုမြေကြီးကို အကျွန်ုပ် ပြန်အံ့။ ဤသို့ပြန်သဖြင့် ထိုမြေကြီး၏ အလွှာဩဇာတို့ကို ရဟန်းတို့သည် ဘုဉ်းပေးရလတ္တံ့"

ထိုအခါ မြတ်စွာဘုရားက မေးတော်မူ၏။

"မြေ၌နေသော သတ္တဝါတို့ကို မောဂ္ဂလာန် အဘယ်သို့ ပြုအံ့နည်း"

"ရှင်ပင်ဘုရား၊ အကျွန်ုပ်သည် လက်တစ်ဖက်ကို မြေဖန်ဆင်းအံ့။ မြေ၌နေသော သတ္တဝါတို့ကို ထိုမြေဖန်ဆင်းအပ်သောလက်၌ နေစေအံ့။ တစ်ဖက်သောလက်ဖြင့် မြေကိုလှည်းအံ့"

ထိုစကားကို မြတ်စွာဘုရား ပယ်တော်မူသည်မှာ ဤသို့ဖြစ်၏။

"မောဂ္ဂလာန်၊ မြေကိုပြန်ခြင်းကို မနှစ်သက်လင့်။ နှောင် သတ္တဝါတို့သည် ဖောက်ပြန်သောအယူကိုရောက်ကုန်ရာ၏"

"ရှင်ပင်ဘုရား၊ နဋ္ဌေရဘိလူးသိမ်းဆည်းအပ်သော တမာပင်မှ ဥတ္တရကုရုကျွန်းသို့ အလားအလာပြည့်စုံသော အရပ်၌ ဖန်ဆင်း၍ အကျွန်ုပ်ပြုအံ့။ ရဟန်းအပေါင်းသည် ဥတ္တရကုရုကျွန်းသို့ ဆွမ်းခံသွားရလတ္တံ့"

"မောဂ္ဂလာန်၊ ဥတ္တရကုရုကျွန်းသို့ ရဟန်းအပေါင်း၏ ဆွမ်းခံသွားခြင်းကို သင်မနှစ်သက်လင့်"

ထိုအခါ၌ သာရိပုတ္တရာထေရ်သည် ရှင်ပင်ဘုရားအား သိက္ခာပုဒ်ပညတ်တော်မူစိမ့်မည်ကို တောင်းပန်၏။ သို့ဖြစ်၍ မြတ်စွာဘုရားသည် ဤသို့ မိန့်တော်မူ၏။

"သာရိပုတ္တရာ၊ ငံ့ဦး။ ဘုရားသည်သာလျှင် သိက္ခာပုဒ် ပညတ်သောအခါကို သိလတ္တံ့"

ထိုမှတစ်ဖန် ဆက်လက်၍ မြတ်စွာဘုရားသည် လက်ယာတော်ရံ အဂ္ဂသာဝကကြီးကို မိန့်တော်မူ၏။

"သာရိပုတ္တရာ၊ ရဟန်းအပေါင်းသည် ကင်းသောအမှု ရှိ၏။ ကင်းသောအပြစ်လည်း ရှိ၏။ ဤငါးရာသော ရဟန်းအပေါင်းတို့တွင် အဆုံးသောရဟန်းသည် သောတာပန်တည်



www.burmeseclassic.com

www.burmeseclassic.com

ထိုသောတာပန်သည် မပျောက်မပျက်သော တရားရှိ၏။ အထက်မဂ်တည်းဟူသော လဲလျောင်းရာရှိ၏"

ဤသို့ဖြင့် မြတ်စွာဘုရားသည် လက်ယာတော်ရံ အဂ္ဂသာဝကကြီးသို့ သိက္ခာပုဒ်ပညတ်ရန် မလိုအပ်ပုံ ရှင်းပြတော်မူပြီးနောက် အာနန္ဒာကို ရှေ့တော်သို့ ခေါ်တော်မူ၏။

"ရှင်ပင်ဘုရား၊ သံတော်ဦးတင်ပြီဘုရား"

"အာနန္ဒာ . . .

"အကြင်သူတို့သည် ဖိတ်မန်ကြကုန်သည်ဖြစ်၍ မြတ်စွာဘုရားသည် မိုးလနေခြင်းကို နေကုန်၏။ ထိုဖိတ်မန်သော သူတို့ကို မပန်ကြားမူ၍ မြတ်စွာဘုရားတို့သည် ဒေသစာရီ မသွားကုန်"

"မြတ်စွာဘုရားတို့ရဲ့ အလေ့အကျက်ဖြစ်ကြောင်းကို တပည့်တော်ကောင်းစွာသိကြောင်းပါဘုရား"

"အာနန္ဒာ၊ သွားကုန်အံ့။ ဝေရဉ္ဇပုဏ္ဏားကို ပန်ကြားအံ့"

မြတ်စွာဘုရားသည် အရှင်အာနန္ဒာကို ထိုသို့မိန့်ကြားတော်မူ၍အပြီးတွင် သပိတ်၊ သင်္ကန်းကို ယူတော်မူ၍ အရှင်အာနန္ဒာ နောက်လိုက်ရဟန်းရှိသည်ဖြစ်၍ ဝေရဉ္ဇပုဏ္ဏားအိမ်သို့ ကပ်တော်မူကာ ခင်းထားသော ဘုရားနေရာ၌ နေတော်မူ၏။

ထိုအခါ၌ ဝေရဉ္ဇပုဏ္ဏားသည် မြတ်စွာဘုရားသို့ကပ်၍ ရှိသေစွာရှိခိုးလျက် တင့်အပ်စွာနေ၏။ ထိုအခါ မြတ်စွာဘုရားသည် ဝေရဉ္ဇပုဏ္ဏားသို့ မိန့်တော်မူပေ၏။

"ပုဏ္ဏား . . .သင်ဖိတ်မန်အပ်သည်ဖြစ်၍ ငါတို့ ဝါဆိုကုန်၏။ ယခုပုဏ္ဏားကို ပန်ကုန်၏။ ဒေသစာရီသွားခြင်းငှာ ငါတို့အလိုရှိကုန်၏"

ထိုအခါ ဝေရဉ္ဇပုဏ္ဏားက ပြန်လည်လျှောက်ထား၏။

"အရှင်ဂေါတမ၊ အကျွန်ုပ်တို့ ဖိတ်အပ်သည်မှန်၏။ စင်စစ်သော်ကား အကျွန်ုပ်သည် လှူဖွယ်ရာများကို အရှင်ဘုရားတို့သို့ မလှူရသေး။ ထိုလှူဖွယ်ဝတ္ထုသည်လည်းကောင်း၊ လှူလိုသောအဖြစ် ရှိသည်လည်းကောင်း အကျွန်ုပ်တို့သည် အရှင်ဘုရားတို့အား လှူဖွယ်ကုန်ရာ ဝတ္ထုတို့ကို လှူကုန်ရာ၏။ ထိုလှူဖွယ်ဝတ္ထုတို့ကို လှူခြင်းငှာ မရ။ အရှင်ဂေါတမ . . .နက်ဖြန် ဆွမ်းဘုဉ်းပေးခြင်းငှာ ရဟန်းအပေါင်းနှင့် သည်းခံတော်မူပါ"

မြတ်စွာဘုရားသည် ဆိတ်ဆိတ်နေသောအားဖြင့် သည်းခံတော်မူ၏။ မြတ်စွာဘုရားသည် ဝေရဉ္ဇပုဏ္ဏားကို တရားနှင့် ယှဉ်သောစကားဖြင့် ကောင်းစွာပြတော်မူအပြီးတွင် နေရာမှ ထတော်မူ၍ သွားတော်မူ၏။ ထိုအခါ ဝေရဉ္ဇပုဏ္ဏားသည် ထိုညကိုလွန်ပြီးသော် မိမိအိမ်၌ ကောင်းစွာဆွမ်းကို စီရင်ပြီးသော် မြတ်စွာဘုရားသို့ "ကာလတန်ပြီ၊ ဆွမ်းစီရင်ခြင်းပြီးပြီ"ဟု သွားရောက်လျှောက်ထား၏။

မြတ်စွာဘုရားသည် နံနက်စောစော သင်းပိုင်ကို ပြင်ဝတ်တော်မူပြီးလျှင် ဝေရဉ္ဇပုဏ္ဏားအိမ်သို့ သွားတော်မူ၏။ ခင်းအပ်သောနေရာ၌ သံဃာတော်တို့နှင့်တကွ နေတော်မူ၏။

ထိုအခါ၌ ဝေရဉ္ဇပုဏ္ဏားသည် မြတ်စွာဘုရား အကြီးရှိသော ရဟန်းအပေါင်းကို မွန်မြတ်သော ခဲဖွယ်စားဖွယ်ဖြင့် ကောင်းစွာရောင့်ရဲစေပြီး ပြည့်စုံစွာ အလိုအလျောက်လှူ၍ "တန်ပြီ" ဟု မြစ်စေကာ ဆွမ်းဘုဉ်းပေးတော်မူပြီးသော် သပိတ်မှချပြီးသော လက်တော်ရှိသော မြတ်စွာဘုရားကို တစ်ထောင်အဖိုးထိုက်သော သင်္ကန်းသုံးထည်ကို လှူ၏။

ဝေရဉ္ဇပုဏ္ဏားသည် ဤမျှသော အလှူဝတ္ထုတို့ကို လှူ၍မရောင့်ရဲသဖြင့် ခုနစ်ထောင်-ရှစ်ထောင် အဖိုးထိုက်ကုန်သော ကမ္ဗလာနီတို့ကိုလည်းကောင်း၊ ပဋသာဏီ ပုဆိုးတို့ကိုလည်းကောင်း ပိုင်းဖြတ်ပြီး အာယောဂပင့်၊ အံသကိုက်၊ ခါးပန်း၊ ရေစစ်၊ ဓမ္မကရိတ် အစရှိသော အလို့ငှာ လှူ၏။

ထိုအခါ ဝါတွင်းသုံးလပတ်လုံး မာရ်လှည့်ပတ်သဖြင့် တရားနာခြင်းတည်းဟူသော အမြိုက်အရသာ သုံးဆောင်ခြင်းကင်းသော ဝေရဉ္ဇပုဏ္ဏားကို မြတ်စွာဘုရားသည် တစ်နေ့တည်း၌သာလျှင် တရားတည်းဟူသော အမြိုက်မိုးကို ရွာစေ၍ ဆက်ဝန်းကျင်မှ ပြည့်စုံသော အကြဲကို ပြုတော်မူကာ တရားနှင့်ယှဉ်သော စကားဖြင့် ထင်ရှားပြတော်မူ၍ နေရာမှ ဖဲတော်မူ၏။

ဆင်ဖြူကျွန်းအောင်သိန်း

[ဓမ္မနန္ဒထေရ်၏ တထာဂတ[illegible]ပွင့်ကျမ်းမှ]

www.burmeseclassic.com

www.burmeseclassic.com

# နဂါးတို့မြူးရာ ရေကန်သာ

မြမျက်ရှင်

"အစ်မ . . . ရိဒ်ရေကန်သွားမလား။ သည်နေရာကနေသွားရင် နီးတယ်"

အမှတ်မထင် နံနက်စာ စားနေချိန်မှာ ကျွန်မတို့ ဝန်ထမ်းအဖွဲ့ထဲက ကိုစိုးမြင့်က မေးလာတဲ့အတွက် . . .

"သွားမယ် ကိုစိုးမြင့်၊ စီစဉ်လိုက်လေ"ဆိုပြီး ခရီးစဉ်အစပြုလိုက်မိပါတယ်။ အမှန်တော့ ကျွန်မတို့အဖွဲ့ဟာ တီးတိန်မြို့မှာ တစ်ညအိပ်ပြီးကြပါပြီ။ တီးတိန်မြို့လေးကို ကျွန်မတို့က ဖွံ့ဖြိုးရေးကူညီဖို့ ရောက်လာကြတာပါ။ မြန်မာဘုန်းတော်ကြီးကျောင်း တစ်ကျောင်းပဲ ရှိပါတယ်။ ဆရာတော်လေးက အသက် ၂၇ နှစ် ရှိပေမယ့် သိက္ခာ၊ သမာဓိ ပြည့်စုံပြီး တောင်တန်းသူ၊ တောင်တန်းသား ဒကာ၊ ဒကာမတွေအပေါ် ကရုဏာသက်စွာ ကူညီစောင့်ရှောက်နေတာပါ။ မိဘမဲ့ရော၊ မိဘရှိရော ချင်းတိုင်းရင်းသား ကလေးငယ်များကိုခေါ်ပြီး၊ မူလတန်းအဆင့်မှ အလယ်တန်းအဆင့်ထိ ကျောင်းစာသင်ပေးနေပါတယ်။ စာမေးပွဲအောင်မြင်သူကလေးငယ်များကို ရန်ကုန်ပို့ပြီး အသက်မွေးဝမ်းကျောင်း ပညာသင်ကျောင်း၊ အတန်းပညာသင်ကျောင်းတွေဆီ ဆက်လက်ပို့ဆောင်ပေးပါတယ်။ ကလေးငယ်များအတွက် လိုအပ်သောစာအုပ်စာတမ်း၊ စားစရာများ၊ အားကစားပစ္စည်းများ လာရောက်ထောက်ပံ့ပေးသလို မြို့ရွာအတွက် လိုအပ်ချက်တွေကိုလည်း ဝိုင်းကူညီဖို့ လာကြတာဖြစ်ပါတယ်။

ဝန်ထမ်းတွေဖြစ်တဲ့ ကျွန်မတို့ဟာ ဝတ္တရားရှိတဲ့အတိုင်း တစ်နယ်ပြီးတစ်နယ်၊ တစ်မြို့ပြီးတစ်မြို့ ပြောင်းရွှေ့နေကြရတယ်။ ကော့သောင်း၊ မြိတ်မြို့မှ ယခု ကလေးမြို့ကို ရောက်ရှိလာရတာပါ။ ကလေးမြို့ကို တာဝန်မကျခင်ကတည်းက တောင်တန်းဆရာတော်ဘုရားကြီး ရေးသားတဲ့ ချင်းတောင်တန်းအကြောင်းတွေ ဖတ်ခဲ့ရပါတယ်။ ဆရာတော်ကြီးက စာအုပ်တွေကို အမှတ်စဉ်အလိုက် အတွဲလိုက် လက်ဆောင်ပေးထားတဲ့အတွက် နံပါတ်စဉ်လိုက် ဖတ်ခဲ့ရပါတယ်။ တောင်တန်းပေါ်က ထူးဆန်းတဲ့ တောတောင်သဘာဝတွေကို ဖတ်ရပြီး ကျွန်မ စိတ်ဝင်စားမိတာ အမှန်ပါ။ စာအုပ်တွေဖတ်ရပြီး တစ်နှစ်အတွင်းမှာပဲ ဆရာတော်ကြီးရှိရာ ချင်းတောင်တန်းဆီ ပြောင်းရွှေ့ တာဝန်ထမ်းရပါတော့တယ်။ ဒီတော့ ချင်းတောင်တန်းမှာ နာမည်ကြီးနေတဲ့ ရိဒ်ရေကန်ဆီကို ကျွန်မ သွားကြည့်ချင်မိတယ်။ ကလေးမြို့ကို ရောက်ပြီးကတည်းက မြို့နယ်ဖွံ့ဖြိုးရေးအလုပ်နဲ့ ကျွန်မတို့ ဝန်ထမ်းတွေနေဖို့ အိမ်ရာ

www.burmeseclassic.com

စီမံကိန်းတွေ တည်ဆောက်နေရတာနဲ့ပဲ လေးငါးဆယ်လ ကြာသွားခဲ့ပါတယ်။ ကျွန်မစုံစမ်းကြည့်တိုင်းလည်း ခရီးကဝေးတယ်၊ လမ်းခရီးကလည်း ကြမ်းတယ်၊ လုံခြုံမှုမရှိဘူး။ အစ်မတို့ မသွားနိုင်ပါဘူး။ ဆိုတဲ့စကားတွေသာ ကြားရတဲ့အတွက် ကျွန်မ ဆက်လက်မကြိုးစားခဲ့တော့ဘူး။ ခုတော့ မမျှော်လင့်ဘဲ ရိဒ်ကို သွားဖို့ အစဖော်ပေးတဲ့ မိတ်ဆွေကြောင့် ကျွန်မကိုယ်တိုင် အမြဲတမ်း သွားချင်တဲ့စိတ်က ရှိပြီးသားမို့ ဝမ်းသာအားရ သွားမယ်ပြောလိုက်ခြင်း ဖြစ်ပါတယ်။

သည်တော့ ခရီးလမ်းအစီအစဉ်ကို ကိုစိုးမြင့်ကပဲ တာဝန်ခံပြီး ကားစီစဉ်ရတော့သည်။ နာရီဝက်အကြာမှာပင် ဂျစ်ကားသုံးစီး စီစဉ်ပြီးပါတော့သည်။ ကျွန်မတို့အဖွဲ့ကလည်း မိန်းကလေး ကိုးယောက်သာပါပြီး ကျန်ဆယ့်လေးယောက်ငါးယောက်က အမျိုးသားတွေပါ။ ရန်ကုန်မြို့မှာ ဂျစ်ကားကို မတွေ့ရတာ ကြာပါပြီ။ သည်နယ်တွေမှာတော့ ဂျစ်ကားကို ခရီးကြမ်းတွေမှာ သုံးကြတယ်။ ကျွန်မတို့အဖွဲ့ တီးတိန်မြို့ ဧည့်ရိပ်သာကထွက်တော့ နံနက် ၈း၃၀ နာရီ ရှိပါပြီ။ ကျွန်မကားမှာတော့ ကျွန်မအပါအဝင် မိတ်ဆွေ နွယ်နီနဲ့ သမီးလေး၊ ဝန်ထမ်းအမျိုးသမီးနှစ်ဦး၊ ကားသမားပါ စုစုပေါင်း ခုနစ်ယောက် ပါပါတယ်။ စထွက်စကတော့ လမ်းက ပြေပြေလေးပါ။ အဆင်ချောပါတယ်။ လမ်းတစ်ဝက်လောက် ရောက်ချိန်ကစပြီး အသက်ဝဝ မရှုရဲတော့ပါဘူး။ လမ်းက လှည်းသွားတဲ့လမ်း ဖြစ်နေပါပြီ။ ဘယ်ဘက်မှာ ချောက်ကြီး၊ ညာဘက်မှာ တောင်နံရံကြားက ကားလမ်းဟာ ကားတစ်စီးစာပဲ သွားလို့ရပါတယ်။ ကားဘီးတစ်ဝက်ဟာ ရေနစ်နေပါတယ်။ လမ်းက ရေတွေလျှံပြီး စီးကျနေတဲ့လမ်းဖြစ်နေတော့ ကားက သွားရင်းနဲ့ ဗွက်တွေနဲ့ချောပြီး နံရံကို ပွတ်ပွတ်ပြီး သွားနေရတယ်။ ချောက်ရှိတဲ့ဘက်ကိုလည်း မကြည့်ရဲ။ ချောက်က ဘယ်လောက်နက်လဲမသိ။ အောက်က ပျံ့လွင့်လာတဲ့ လေနဲ့အတူ သစ်ရွက်ခြောက်တွေ ပျံတက်လာတယ်။ တစ်လမ်းလုံး သမ္မာန်ရွတ်လိုက်တာ ခေါက်ရေ တွက်လို့တောင် မရတော့ပါဘူး။ ကားပေါ်မှာ ရှိသမျှလူတွေ တစ်ယောက်မှ စကားသံ မထွက်လာကြဘူး။ လမ်းခရီးမှာ ကားများ ချောက်ထဲကျသွားရင် ဆိုတဲ့အတွေးနဲ့ မျက်စိစုံမှိတ်ပြီး လိုက်လာကြရတယ်။

ကားသမားကတော့ သွားနေကျမို့ ထင်ပါရဲ့ မကြောက်တဲ့အပြင် ကားကက်ဆက်ထဲက တွံတေးသိန်းတန် သီချင်းတွေ ဖွင့်ပြီး သူပါ ရောဆိုလိုက်သေးတယ်။ တချို့နေရာတွေမှာ ကားချည်းပဲသွားရတယ်ဆိုရင် ကျွန်မတို့ ဆင်းပြီး လမ်းလျှောက်ရပါသေးတယ်။ လမ်းလျှောက်ရတာလည်း တစ်ခါတစ်ရဲ တစ်နာရီခန့် ရှိသလို၊ တစ်ခါတစ်ရဲ နာရီဝက်ခန့်ရှိပါတယ်။ လမ်းလျှောက်လိုက်၊ ကားစီးလိုက်နဲ့ တောကြီးလျှိုကြီးကို ဖြတ်ပြီးသွားနေကြတာ နေ့ခင်း ၁ နာရီထိုးတဲ့အထိ ထမင်းမစားရသေးပါဘူး။ လူလည်းပင်ပန်း၊ စိတ်လည်းပင်ပန်း၊ ထမင်းကလည်းဆာဆိုတော့ တော်တော်စိတ်ပင်ပန်းပြီး လာမိတာ မှားလေခြင်းလို့ အတွေးရောက်မိပါတယ်။ နေ့ခင်း ၂ နာရီခန့်မှာ ရွာတစ်ရွာရဲ့စခန်းကို ရောက်ရှိပါတော့တယ်။ ဒီမှာပဲ ထမင်းပြင်ထားပြီးပြီဆိုတော့ အားလုံး ထမင်းစားဖို့ ပြင်ကြတော့တာပေါ့။

ထမင်းက ဆာနေတော့ စားရတာ အရသာရှိသား။ စားပြီးတာနဲ့ ခရီးဆက်လိုက်ကြတာ ည ၈ နာရီတိတိမှာပဲ ရိဒ်ရဲ့ တည်းခိုရိပ်သာကို ရောက်ရှိပါတော့တယ်။

မှောင်မှောင်မည်းမည်းနဲ့ ကားမီးထိုးပြီး လာကြတာ စခန်းက မီးရောင်ကို မြင်ရတော့ ပျော်လိုက်တဲ့ဖြစ်ခြင်း။ ပိုပြီးပျော်စရာ ဖြစ်သွားတာက ဧည့်ခံကျွေးမွေးဖို့ ပြင်ဆင်ထားတဲ့ ထမင်းစားပွဲဝိုင်းက ဟိုတယ်အစားအစာတွေ ဖြစ်တဲ့အပြင် စားပွဲဝိုင်းအပြည့် ဟင်းခွက်တွေမြင်လိုက်ရလို့ပါပဲ။ တောထဲမှာ သည်လောက်ကောင်းတဲ့ ဟင်းတွေ ဘယ်လိုရလဲ မေးကြည့်တော့ ဆိုင်ရှိတယ်ဆိုပဲ။ တစ်လမ်းလုံး မောပန်းနွမ်းနယ်လာသမျှ ရိဒ်ရောက်မှပဲ အားအင်တွေ ရှိလာကြတော့တယ်။ ညစာစားပြီး လမ်းလျှောက်၊ ပရိတ်ရွတ်ကြနဲ့ ည ၁၁ နာရီထိုးမှ အိပ်ကြရတယ်။

နံနက် ၇ နာရီထဲ၊ နံနက်စာ စားကြပြီး ရိဒ်ရေကန်ဆီ ထွက်လာကြပါတယ်။ ရေကန်ကြီးပေါ် ရောက်တော့ အေးပြီး စိမ့်နေတာပါပဲ။ ကန်ကြီးက အသည်းနှလုံးပုံကြီးဖြစ်လို့ လှလိုက်တာ။ ကန်ရေပြင်ကလည်း စိမ်းစိုပြာ[illegible]နေတာပါပဲ။ ကန်ရဲ့ ပေါင်[illegible]မှာ ဂျစ်

www.burmeseclassic.com

ကားပတ်မောင်းလို့ရတယ်။ ဘေးပတ်ဝန်းကျင်မှာတော့ စိမ်းစိုနေတဲ့ သစ်ပင်တွေက တောအုပ်ကြီးလိုပဲ။ ကျွန်မတို့အဖွဲ့ ကန်ကိုပတ်ပြီး အမွှေးတိုင်တွေ လှူကြတယ်။ ပရိတ်ရွတ်ပြီး မေတ္တာပို့ အမျှဝေကြတယ်။ ပြီးတာနဲ့ ဓာတ်ပုံရိုက်သူကရိုက်၊ ကန်နားက သစ်ပင်အောက်တွေမှာ ထိုင်ခုံတွေရှိတော့ ထိုင်ပြီး နားသူက နားနဲ့။ ကျွန်မကတော့ တာဝန်ခံပြီး လိုက်ပို့ပေးတဲ့ ရိပ်သာက ဆရာကြီး ဦးမောင်လှကို ရိဒ်ရေကန်ကြီးရဲ့အကြောင်း သိသမျှ ပြောပြပါလို့ဆိုတော့ ဆရာကြီးက သူရှိနေစဉ်ကာလက သိသမျှ၊ ကြားသမျှတွေကို ပြန်ပြောပြပါတယ်။

"ရေကန်ကြီးကတော့ ထူးဆန်းတာတွေရှိတယ် အစ်မ။ အခုအချိန်မှာ ရေတွေက ကြည်နေပေမယ့် ရေကန်က ရေနောက်ချိန် ရှိတယ်။ ရေကန်ရေသာ နောက်တာမဟုတ်၊ ဒီကိုရောက်တဲ့လူတွေက ပြန်ရင် ရေဘူးထဲမှာ ကန်ရေတွေထည့်ပြီး အိမ်အပြန်ယူသွားကြတယ်။ အန္တရာယ်ကင်းတယ်ဆိုလို့တဲ့။ အဲသည်ရေတွေပါ နောက်တာ။ တောင်တန်းဆရာတော်ကြီးကတော့ အဲသည်အချိန်ကို နဂါးတွေမြူးတဲ့အချိန်မို့ ရေနောက်တာလို့ ပြောတယ်။ ဒီမှာ ကျွန်တော်မရောက်ခင်က ကျွန်တော့်ဆရာ ရှိတယ်။ သူက စောပြီး လေးငါးလ တာဝန်ကျတာ။ ဆရာက ဘုရား၊ တရား ကြည်ညိုတယ်။ အမြဲတမ်း အချိန်ရရင် ပရိတ်ရွတ်တယ်။ အဲဒါလေ…လပြည့်ညတစ်ညမှာ ဆရာ ပုတီးထိုင်စိပ်နေတုန်း ရေကန်ထဲက တဝုန်းဝုန်းအသံကြားလို့ မျက်စိဖွင့်ကြည့်လိုက်တော့ ကန်ထဲက နဂါးကြီးသုံးကောင် တစ်ပြိုင်တည်း ကောင်းကင်ပေါ် ထိုးတက်သွားပြီး တစ်ပြိုင်တည်း ပြန်ကျလာတယ်။ ရေထဲရောက်ပြီး ပျောက်သွားတယ်။ ကန်ရေပြင်ကလည်း ငြိမ်သက်လို့တဲ့။ နဂါးရဲ့ လုံးပတ်က ရေတိုင်ကီလောက်ရှိတယ်တဲ့။ အဲသည်မှာနေတဲ့ လူတွေ မတွေ့ရဘဲ ကျွန်တော့်ဆရာ တစ်ယောက်တည်း တွေ့ခဲ့၊ ကြုံခဲ့တာ ဆရာလည်း ရာထူးတိုးပြီး မြို့ကိုပြောင်းသွားရတယ်။ ကန်ထဲမှာ ငါးတွေလည်း ရှိတော့ ဒီအနီးအနားကလူတွေက ပိုက်ချပြီး ဖမ်းစားကြတာ။ ဆရာတော်ကြီးက ကန်ထဲက ငါးတွေကို မစားဖို့ ပြောတယ်။ လူတွေက ဖမ်းစားကြတာပဲ။ နောက်တစ်ခါ ငါးကိုမိတော့ ပါးစပ်ကို ဟကြည့်တာ ငါးပါးစပ်မှာ အစွယ်တွေ တွေ့ရလို့ လူတွေ လန့်ပြီး မစားရဲကြတော့ဘူး။ ဒီတောတွေမှာ ကလေးဝဆရာတော်ဘုရားကြီး၊ တောင်တန်းဆရာတော်ဘုရားကြီးတို့ တရားကျင့်ခဲ့ကြတယ်။ ကာလတစ်ခုအထိ နေခဲ့ကြတယ်လို့ ပြောသံကြားဖူးတယ်။ တစ်နှစ်ကုန်ပြီဆိုရင် သည်ရေကန်ကြီးဆီကို ဘာသာကြီးလေးမျိုးဖြစ်တဲ့ မွတ်ဆလင်၊ ခရစ်ယာန်၊ ဟိန္ဒူ၊ ဗုဒ္ဓဘာသာ လူကြီးတွေ ဝတ်ပြုပွဲလာရောက်ကြတယ်လို့ ပြောကြတယ်။ ဘာသာကြီးတွေ ဆုံတဲ့နယ်မြေလို့ ခေါ်ကြတယ်တဲ့။ ကမ္ဘာစစ်ကြီးဖြစ်လို့ စစ်ကြီးပြီးသွားတဲ့နောက်ပိုင်း အင်္ဂလိပ်လူမျိုးတွေ လာကြပြီး ကန်ထဲကရေတွေကို ရေစုပ်စက်နဲ့ စုပ်ထုတ်ပြီး ရတနာပစ္စည်းတွေ လာရှာကြတယ်တဲ့။ ဘယ်လောက်စုပ်စုပ် ရေက ကုန်မသွားဘူး။ ပြန်ပြန်ပြည့်လာပြီး လူတွေလည်း ရောဂါရပြီး သေသွားကြတယ်။ နောက်ထပ် ဘယ်သူမှမလာကြတော့ဘူးလို့ သည်နားကလူတွေ ပြောတာ ကြားခဲ့ရတယ် အစ်မ။ အခု ကျွန်တော်တို့ရှေ့မှာတွေ့နေရတဲ့ တံတားလေးကိုကြည့်၊ ကုန်းကနေ ရေစပ်အထိ တံတားထိုးထားတာလေ။ အဲဒါ ဝိညာဉ်တွေ နိမိတ်ပြနေဖို့တဲ့။ သည်ဝန်းကျင်မှာ မမြင်နိုင်တဲ့ ဝိညာဉ်တွေအများကြီး ရှိနေကြတယ်ဆိုတဲ့အကြောင်း ပြောကြတယ်။ ကျွန်တော်တို့ တာဝန်ကျတဲ့အဖွဲ့ကတော့ အမြဲတမ်း ပရိတ်ရွတ်ပြီး မေတ္တာပို့၊ အမျှဝေပေးတယ် အစ်မ ကျွန်တော်တို့ကတော့ နေရတာ အဆပြေတယ်။ အစ်မလည်း မေတ္တာပို့ အမျှပေးဝေလိုက်ပါဦး"

ကျွန်မတို့အဖွဲ့လည်း ကန်ထဲက ရေတွေ ခပ်ယူပြီး ရေသန့်ဘူးတွေ ထည့်ခဲ့ကြတယ်။ ဘယ်အချိန် ရေနောက်မလဲ သိချင်ကြလို့ပါ။ ဒါပေမယ့် ကျွန်မရေဘူးကတော့ ရေပါမလာပါဘူး။ လမ်းထဲမှာ ရေဆာလို့ဆိုပြီး ကားသမားက မသိဘဲ သောက်လိုက်တာ ရေသုံးဘူးလုံး အကုန်ပါပဲ။ ကျွန်မတို့ တာဝန်ကျချိန်မှာ ရောက်ခဲ့ရတဲ့ ရိဒ်ရေကန်ကြီးကိုတော့ မမေ့နိုင်တော့ပါဘူး။ ခုချိန်မှာ ပြန်တွက်ကြည့်ရင် နှစ်ပေါင်း ၂၃ နှစ် ရှိခဲ့ပါပြီ။

✦ မြမျက်ရှင်



www.burmeseclassic.com

www.burmeseclassic.com

# အလုပ်ရစေ အောင်မြင်စေ

◆ သိဒ္ဓိကျော်ခေါင်

“ဟော . . . တပည့်ကျော် မောင်တက်ပါကလား။ မတွေ့တာတောင် အတော်ကလေး ကြာနေပြီ၊ အလုပ်အကိုင်ကော ရပြီလား”

“အဲသည်အတွက် ဆရာ့ဆီ လာခဲ့တာပဲ၊ ရှေ့တစ်ပတ်မှာ အလုပ်အတွက် ရေးဖြေစာမေးပွဲ ဝင်ရမယ်၊ ရေးဖြေအောင်မြင်ရင် လူတွေ့စစ်ဆေးခံရမယ် ဆရာရဲ့ အဲသည်အလုပ်ရမှ ဖြစ်မယ်ဆရာ၊ ရေးဖြေအတွက်တော့ လေ့လာကျက်မှတ်ထားတာတွေ ရှိပါတယ်”

“ဒါဖြင့် ဘာစိုးရိမ်စရာ ရှိသလဲကွယ်”

“စိုးရိမ်ရတာပေါ့ ဆရာရယ်၊ သည်အလုပ်မှ မရရင် အိမ်ကလည်း ကြည်ဖြူတော့မှာ မဟုတ်ဘူး။ ကျွန်တော့်ဘက်က ကြိုးစားတာကလည်း ကြိုးစားတာလည်း တစ်ပိုင်းပေါ့။ ဆရာ့ဘက်ကလည်း လောကီပညာ အစီအမံနဲ့ တစ်ဖက်တစ်လမ်းက ဆောင်ကြဉ်းပေးဖို့ပါပဲ ဆရာ”

“ဒါဆိုလည်း ကူညီရတာပေါ့ မောင်တက်၊ မင်းက စနေသားဆိုတော့ မင်းရဲ့မွေးနေ့မှာ မင်းရဲ့မွေးနေ့မှာ တန်ခိုးကြီးဘုရားတစ်ဆူဆူကိုသွား။ ဗုဒ္ဓဟူးထောင့်မှာ ဖယောင်းတိုင်ကြီးတစ်တိုင်ကိုထွန်း။ ပန်း(၇)မျိုးနဲ့ ပူဇော်ပြီး “ဖြေဆိုထားတာအောင်မြင်ပါစေ၊ အလုပ်အကိုင် ရပါစေ” လို့ ဆုတောင်းပေးပါ မောင်တက်၊ ထူးခြားပါလိမ့်မယ်၊ အခုလုပ်တာ လောကီအစီအရင်ဆိုပေမဲ့ ကုသိုလ်ရေးဖက်တဲ့ ယတြာတစ်ခုပဲပေါ့”

“ကျေးဇူးပါပဲ ဆရာ”

တပည့်ကျော် မောင်တက်လည်း ကျေနပ်ဝမ်းမြောက်စွာ ပြန်သွားလေပြီ။ ဤသို့ ကျွန်ုပ်လည်း မောင်တက်ကဲ့သို့ အလုပ်အကိုင်ရဖို့ ခက်ခဲနေသူများ လုပ်ဆောင်နိုင်ကြစေရန် ဖော်ပြရပါလျှင် . . .

*တနင်္ဂနွေသားအဖို့ ကြာသပတေးထောင့်၌လည်းကောင်း၊*

*တနင်္လာသားအဖို့ သောကြာထောင့်၌လည်းကောင်း၊*

*အင်္ဂါသားအဖို့ စနေထောင့်၌လည်းကောင်း၊*

*ဗုဒ္ဓဟူးသားအဖို့ တနင်္ဂနွေထောင့်၌လည်းကောင်း၊*

*ကြာသပတေးသားအဖို့ တနင်္လာထောင့်၌လည်းကောင်း၊*

*သောကြာသားအဖို့ အင်္ဂါထောင့်၌လည်းကောင်း၊*

*စနေသားအဖို့ ဗုဒ္ဓဟူးထောင့်၌လည်းကောင်း၊*

တန်ခိုးကြီးဘုရားတစ်ဆူဆူထံ သွားရောက်ကာ ဆီမီးတိုင် ပူဇော်၊ ပန်း(၇)မျိုးနှင့် ပူဇော်လျက် အလုပ်အကိုင်ရရန် ဆုတောင်းကြပါကုန်ဟု တိုက်တွန်းရေးသားလိုက်ပါ၏။

---

သိဒ္ဓိကျော်ခေါင်

---

www.burmeseclassic.com



# ကြောက်စရာကောင်းတဲ့ ဂမုန်း

◆ဂမ္ဘီရဆရာလှမျိုး(B.Sc)◆

တစ်နေ့တွင် ကျွန်ုပ်သည် သင်တန်းတစ်ခု တက်ရောက်ရန် ရောက်ရှိသွားပါသည်။ သင်တန်းနားချိန်တွင် အနီးအနားမှ မိတ်ဆွေဖြစ်သူ ကိုကျော်မင်းနှင့် အာလာပသလ္လာပ စကားများ ပြောဆိုကြပါသည်။ ကိုကျော်မင်းက. . .

"ဆရာမျိုး ဂမ္ဘီရဇာတ်လမ်း ရေးတယ်ဆိုလို့ ဂမုန်းပင်အကြောင်း ပြောရဦးမယ်"

"နားထောင်ရတာပေါ့ဗျာ ပြောပါ"

"ကျွန်တော့်ဦးလေးလေ အိမ်မှာ အနှောင့်အယှက်မဝင်နိုင်ဘူးဆိုပြီး ဂမုန်းပင်တစ်ပင် ယူလာပြီး အိုးနဲ့ စိုက်တယ်၊ လေးငါးခြောက်လလောက်ကြာတော့ တဖြည်းဖြည်း နေမကောင်းဖြစ်လာပြီး ဆုံးပါးသွားတယ်။

ဦးလေးဆုံးပြီး မကြာခင် အဒေါ် နေမကောင်းလို့ ဗေဒင်ဆရာ သွားမေးတော့ 'အိမ်ရှေ့မှာ ဂမုန်းပင် စိုက်ထားလား' လို့ မေးတယ်။ ကျွန်တော်လည်း 'စိုက်ထားပါတယ်' လို့ ပြန်ဖြေလိုက်တယ်။ အဲဒါအမြန်နုတ်ပြီး စွန့်ပစ်ပါ။ ကျွန်တော်က ဘာကြောင့်လဲ ဆရာလို့ မေးတော့ ခင်ဗျား အိမ်ရောက်တော့ နုတ်ကြည့်လိုက်ရင် အဖြေတွေ့ရမယ်၊ ဒါနဲ့ ကျွန်တော်လည်း အိမ်ရောက်ရောက်ချင်း နုတ်ကြည့်လိုက်တော့ ဂမုန်းဥကြီးက ဘီလူးခေါင်းပုံ ဖြစ်နေ



www.burmeseclassic.com

www.burmeseclassic.com

တယ် ဆရာမျိုးရေ။ ရုတ်တရက် ကျွန်တော်တောင် ထိတ်လန့်သွားတယ်။ အဲဒါ အမြန်နုတ်ပြီး မြစ်ထဲ သွားမျှောလိုက်တယ်။ အဒေါ်လည်း နေကောင်းသွားပါရော။ ကျွန်တော်လည်း ဂမုန်းပင်၊ ပန်းပင်စိုက်တာ ဝါသနာပါပါတယ်။ အခြားဂမုန်းတွေလည်း စိုက်ဖူးတယ်။ အဲဒီဘီလူးဂမုန်းကတော့ တကယ်ကြောက်စရာ ကောင်းတယ်ဗျာ"

ဟု သူ၏ အတွေ့အကြုံကို ပြောပြခဲ့ပါသည်။

ကိုကျော်မင်းသည် ရှေးဟောင်းဂမုန်းစာအုပ်တစ်အုပ် ဆရာ့ကို ပေးရဦးမယ်ဟု ပြောသော်လည်း ပျောက်နေ၍ လာမပေးတာပါဟု ဆိုပါသည်။ ကျွန်ုပ်လည်း မေ့မေ့ပျောက်ပျောက် နေခဲ့ရာ ယခု တစ်နှစ်နီးပါး ရှိသွားပါပြီ။ ယခုတစ်ဖန် ဂမ္ဘီရဝတ္ထုတို ဇာတ်လမ်းတွေ ရေးနေချိန်တွင် ကျွန်ုပ်လည်း ပါဝင်ရေးရတော့ ဖြစ်ရပ်မှန်ဇာတ်လမ်း ရှာဖွေရပါသည်။ ကျွန်ုပ်ပတ်ဝန်းကျင်တွင် ကူညီပေးသော ဆရာကြီးနှစ်ဦး ရှိနေပါသည်။ ဆရာမင်းမဟိန္ဒနှင့် ဆရာဦးမင်းအောင်တို့သည် ဇာတ်လမ်းများ ပြောပြပေးပါသည်။ ဆရာကြီး ဦးမင်းအောင်မှ. . .

"ဂမ္ဘီရ ကျုပ်မှာ ဇာတ်လမ်းတွေ အများကြီးရှိတယ်၊ ပထမဇာတ်လမ်းတစ်ပုဒ် ပြောပြမယ်၊ ဂမုန်းနဲ့ ပတ်သက်တဲ့ ဇာတ်လမ်းပါ"

ဂမုန်းဇာတ်လမ်းဆိုတော့ 'ကိုကျော်မင်း' ကို သတိရသွားမိ၏။

"ကျုပ် သိမြင်ခဲ့တာ တွံတေးဘက်မှာပါ"

အမျိုးသမီးတစ်ယောက် သစ်ပင် ပန်းပင် စိုက်တာ အလွန်ဝါသနာပါတယ်။ တစ်နေ့. . .

"အမျိုးသမီးတစ်ဦးက ဂမုန်းပင်စိုက်ရင် အန္တရာယ်ကင်းတယ်"

လို့ ပြောတယ်။

"ဂမုန်းပင်က အမျိုးမျိုးရှိတယ် မဟုတ်လား"

လို့ သူမက ပြန်မေးလိုက်တယ်။

"အဲဒီအမျိုးသမီးက ဆရာတစ်ယောက် ပြောသံကြားဖူးတာတော့ ဧည့်လာဂမုန်း၊ မီးကွင်းဂမုန်း၊ မယ်တော်ကြီးဂမုန်းဆိုပြီး အမျိုးမျိုးရှိတယ် ကြားဖူးတာပဲ"

"ကျုပ်တော့ ဝါသနာပါလို့ ရတဲ့ဂမုန်းပင် စိုက်ထားတာပါပဲ"

"အဲ. . . ဘီလူးဂမုန်းပင်ဆိုတာကတော့ အိမ်ခြံလုံတယ်၊ အနှောင့်အယှက်ကင်းတယ်လို့ ကြားဖူးတယ်၊ ဒါပေမဲ့ ကျုပ်တော့ မမြင်ဖူးဘူး၊ စိုက်လည်း မစိုက်ဖူးပါဘူး"

"သစ်ပင်စိုက်ရန် ဝါသနာပါတဲ့ အမျိုးသမီးနာမည်က ဒေါ်အေးမေလို့ ခေါ်တယ်၊ ငွေကြေးလည်း အသင့်အတင့် အဆင်ပြေပါတယ်၊ ငွေအတိုးလေးဘာလေး ပေးပြီး ပစ္စည်းတွေဘာတွေလည်း အပေါင်ခံစားတယ်။

တစ်ခါက စက်ဘီးတစ်စီး အပေါင်ခံထားပြီးမှ သူခိုး အခိုးခံရလို့ တော်တော်လည်း မကျေမနပ်ဖြစ်ပြီး ပြဿနာလည်း တက်ခဲ့တယ်။ အိမ်ထောင်မရှိ အပျိုကြီးဖြစ်ပြီး အမေ၊ ကူမတို့နှင့် နေတယ်၊ သူနေတဲ့ ပတ်ဝန်းကျင်မှာတော့ ဆွေမျိုးဝမ်းကွဲတွေ ရှိပါတယ်။ တွံတေးအပိုင် ကော့မှူးဘက်နားက ဝင်းခြံနဲ့ အိမ်အပိုင်ပေါ့ကွာ။

တစ်နေ့ မိတ်ဆွေအမျိုးသမီးက အန္တရာယ်ကင်းတယ်ဆိုပြီး ဂမုန်းပင်တစ်ပင် စိုက်ဖို့ပေးလိုက်တယ်။ သူလည်း သူခိုး ဓားပြ မဝင်နိုင်ဘူးဆိုတော့ သဘောကျတာပေါ့။ အဲဒါ အိမ်ကို ယူလာပြီး နောက်ဖေးဘက်မှာ မြေပေါ်ချပြီး စိုက်ထားလိုက်တယ်"

ဆရာဦးမင်းအောင်သည် စီးကရက်တစ်လိပ် ထုတ်၍ ဟန်ပါပါ ဖွာရှိုက်လိုက်လေ၏။ ကျွန်ုပ်လည်း ဆရာကြီး၏ နိဒါန်းပျိုးမှုနှင့် ဇာတ်ကြောင်းကို ဦးနှောက်ထဲ မှတ်မိစေရန် အာရုံစိုက်နားထောင်နေမိပါသည်။

"အဲဒီဂမုန်းပင်က စိုက်ထားတုန်းကတော့ တစ်ပင်တည်းပဲကွ၊ ဒေါ်အေးမေက နောက်ဖေးမှာ ထမင်းဟင်းချက်၊ သားငါးတွေ ရေဆေးလေ့ရှိတယ်။

တူမကလည်း ဟင်းချက်ခိုင်းတဲ့အခါ ကြက်သား၊ ငါး စသည်တို့ ခုတ်ထစ်ရေဆေးပြီး အကြွင်းအကျန်ကို အဲဒီဂမုန်းပင် အနီးအနားကို လှမ်းပက်လိုက်တယ်။

ထမင်းပန်းကန်တွေ ရေဆေးပြီးလည်း အိမ်ရှင်မ ပီပီ လှမ်းပက်လိုက်ပြန်ရော။

အဲဒီလို နွေး၊ မိုး၊ ဆောင်း အညီရေ၊ ဆန်ဆေး



www.burmeseclassic.com

www.burmeseclassic.com

ရေ လက်ဆေးရေတွေ ပက်နေတော့ ဂမုန်းပင်က မြန်မြန်ကြီးထွားလာပြီး ဘေးနားမှာ အပင် နှစ်ပင် သုံးပင်တောင် ပွားလာပါတယ်။

အဲဒီလို သားငါးအပိုင်းအစ၊ အကြေးခွံ အစအနတွေ မကြာခဏ ပစ်နေတော့ သူတို့စိတ်ထဲမှာ ဂမုန်းပင်တွေ မြေဩဇာဓာတ်ကောင်းလို့ ကြီးထွားလာတယ်လို့ ထင်နေမိတယ်ဆိုပဲ"

"ဂလုံ. . . ဂလွမ်. . . ဝုန်း. . . ဒုန်း"

"ဟဲ့. . . မနွယ်၊ နောက်ဖေးမှာ ဘာသံတွေလဲ သွားကြည့်စမ်း"

"ဘာမှမတွေ့ပါဘူး အဒေါ်"

"ဒါဆို ဟိုဘက်ခြံက ကြောင်တွေ၊ ခွေးတွေ မီးဖိုနားဝင်လာတာလား မသိဘူး၊ တံခါးသေချာပိတ်ထားစမ်း"

"တံခါးလည်း သေချာပိတ်ထားပါတယ်"

နောက်တစ်နေ့ညတွင်လည်း ဟင်းအိုးလှန်သံ၊ ဒန်အိုးအဖုံး ပြုတ်ကျသံလို ကြားရပြန်သည်။ တူမဖြစ်သူအား သွားကြည့်ခိုင်းသောအခါ ဘာမှမတွေ့ဟု ဆိုပြန်တယ်။

"ဟင်းအိုးတွေ သေချာဖိထား"

"ဟယ်. . . အဒေါ် ညနေက ချက်ထားတဲ့ ငါးဟင်းတွေ မရှိတော့ဘူး"

"ကြောင်သူခိုးမ စားသွားတယ် ထင်တယ်"

သုံးရက်မြောက်နေ့တွင်လည်း အိုးသံ၊ ခွက်သံ ကြားရပြီး ငါးကြော်များ မရှိတော့ပေ။ ဒေါ်အေးမေ စိုးရိမ်စိတ်ဝင်လာတာပေါ့ကွာ။

သူ့စိတ်ထဲမှာ သရဲဝင်စားတာလားဆိုပြီး အတွေးဝင်လာတယ်။ တစ်နေ့လုံး ဘာသံမှ မကြားရ။

"အမေ. . . သမီးတို့အိမ် သရဲ တစ္ဆေ ဝင်ကပ်နေပြီထင်တယ်"

"ဒါဆို ရွာဦးကျောင်းက ဆရာတော် သွားလျှောက်ကြည့်ရမယ်"

ဒေါ်အေးမေ အမေလည်း. . .

"ဆရာတော်ထံ သွားလျှောက်ကြည့်တာပေါ့"

ဆရာတော်လည်း စဉ်းစားပြီး အဖြေရှာကြည့်နေတယ်။ နောက်. . .

"ဒကာမကြီး နောက်ဖေးမှာ ဘာပင်စိုက်ထားလဲ"

"အေးမေတော့ ဂမုန်းပင်တွေ စိုက်ထားတာပဲ"

"ဟုတ်ပြီ၊ ဒါဆို ဂမုန်းအရွက်တစ်ရွက် ခူးလာပြပါ"

ဂမုန်းပင်အရွက် ကြည့်လိုက်တော့. . .

"ဟာ. . . ဒါ ဘီလူးဂမုန်းပင်ပါလား၊ အပင်တွေ ကြီးထွားနေပြီ ထင်တယ်"

"ကြီးထွားရုံတင်မကပါဘူး ဆရာတော်၊ အပင်တွေတောင် ပွားနေသေးတယ်"

"ပွားမှာပေါ့၊ နောက်ဖေးမှာ မသန့်တဲ့ သားစိမ်း၊ ငါးစိမ်းရေတွေ၊ ထမင်းကျန်၊ ဟင်းကျန်တွေ ပစ်နေတာကိုး"

"အဲဒီအပင်တွေ ဘယ်လိုလုပ်ပစ်ရမလဲဘုရား"

"အပင်တွေ နုတ်ပစ်ပြီး မြစ်ချောင်းထဲ မျှောလိုက်ပါ"

အိမ်ရောက်တော့ သားအမိနှစ်ယောက် တိုင်ပင်၍ အလုပ်သမား အမျိုးသားနှစ်ဦး ခေါ်၍ မြစ်ထဲသွား၍ မျှောခိုင်းမည်ဟု ဆုံးဖြတ်လိုက်ကြတယ်။ အပင်တွေ တူးကြည့်တော့ ဂမုန်းဥတွေက ဘီလူးခေါင်းပုံတွေ ဖြစ်နေပြီ။

ချောင်းနှင့် နေအိမ် အလှမ်းကွာဝေးတော့ ထွေလာဂျီငှားပြီး ထွေလာဂျီပေါ်တင်ပြီး သယ်သွားရတယ်။ လမ်းတစ်ဝက်ရောက်တော့ အဲဒီကားက လေးကြီးသွားတယ်။

"ကဲ. . . ခင်ဗျားတို့ အခြားကားတစ်စီး ပြောင်းတင်ပါ၊ ကျုပ်တို့ကားကတော့ ဆက်မောင်းလို့ မရတော့ဘူး"

အဲဒါနဲ့ သူတို့လည်း ကားပေါ်မှချပြီး ဒေါ်အေးမေကို အကြောင်းကြားရတာပေါ့။

"အဆင်ပြေသလိုသာ ကြည့်လုပ်ပေးပါ ငါ့မောင်တို့ရယ်၊ ကုန်ကျစရိတ် ပေးပါ့မယ်၊ ရော. . . ငွေ ၅၀၀၀ ကျပ် ထပ်ယူသွား"

ထိုသူတို့လည်း တစ်ခေါက်ပြန်သွားပြီး လမ်းမှာတွေ့တဲ့ ကျောက်တင်တဲ့ ဒိုင်နာကားတစ်စီးငှားပြီး တင်

www.burmeseclassic.com

သွားကြတယ်။ ချောင်းမရောက်မှာ သမုတ်စမ်းတစ်ခုရှိတယ်။ အဲဒီစမ်းကလေးနားရောက်တော့ ကားက ဇက်ပျက်ပြီး ရပ်သွားပြန်ရော။

"ဟာ. . . ဒုက္ခပါပဲ၊ ဒီအပင်တွေ တော်တော်ဒုက္ခပေးပါလား"

သူတို့လည်း ထိုင်ပြီး စိတ်ညစ်နေကြတာပေါ့။ အဲဒီအချိန်မှာ အဘိုးအိုတစ်ယောက် ရောက်လာပြီး အကျိုးအကြောင်းမေးတော့ အဖြစ်အပျက်ကို ရှင်းပြလိုက်တယ်။ အဲဒီအဘိုးကြီးဟာ လွယ်အိတ်ထဲက ကြေးပြားနှင့် ရေးထားတဲ့ အင်းပြားချပ်ကလေးတစ်ခု ထုတ်ပေးတယ်။

"အဲဒီအင်းပြားလေးကို အပင်တွေအောက်မှာ ထည့်လိုက်၊ မောင်ရင်တို့ကားကို ရအောင် စက်နှိုးပြုပြင်သွားကြပါ၊ ဒီတစ်ခါ ချောချောမောမော မြစ်ထဲရောက်တဲ့အထိ မျောသွားလိမ့်မယ်"

သူတို့လည်း ကားကို ဝိုင်းတွန်းပြီး စက်နှိုးလိုက်တော့ ပြန်ကောင်းလာတယ်။ နောက်ဆုံးတော့ အဲဒီဂမုန်းပင်တွေအားလုံး မြစ်ထဲပစ်ချပြီး မျှောလိုက်ပါတော့တယ်။

"ဒါနဲ့ တချို့က ဘီလူးဂမုန်း စိုက်ထားရင် အိမ်လုံခြုံတယ်၊ အဲဒီအပင်က အကောင်မည်းမည်းကြီးထွက်လာပြီး တင်းပုတ်နဲ့ ထုတယ်ဆိုတာရော ဆရာကြီး"

"အဲဒါလည်း ရေရှည်ကြာရင် မကောင်းပါဘူး၊ သူက စစိုက်ကတည်းက မြေကြီးနဲ့ အမဲသားရောပြီး စိုက်ရတဲ့ အပင်မျိုးကွ"

အချို့လည်း ခတ္တာဂမုန်းက ဘီလူးဂမုန်းကို နိုင်တယ်လို့ ဆိုကြတယ်။

"ဘီလူးဂမုန်းပင်က ဘယ်လိုပုံစံမျိုးလဲ ဆရာကြီး"

"ကျောရိုးနှင့် အရွက်နား အညိုရောင်သမ်းတယ်၊ အရွက်ပုံက နနွင်းပင်အရွက်နဲ့ဆင်တယ်၊ ဥဥတဲ့အခါ ဘီလူးခေါင်းသဏ္ဌာန်ရှိပြီး အပေါ်စွယ်၊ အောက်စွယ်ပါရှိတယ်။ နွေရာသီမှာ အရွက်တွေ ခြောက်သွားတတ်တယ်၊ မိုးကျတဲ့အခါ ရေရတော့ ဥမှ အရွက်ပြန်ထွက်လာတယ်"

ဆရာဦးမင်းအောင်ပြောသောပုံကို ဆရာမင်းမဟိန္ဒ(ပန်းချီ)မှ ပုံဆွဲပြပါသည်။ ထိုပုံကိုပါ ထည့်သွင်းဖော်ပြထားပါသည်။ ဂမုန်းကျမ်းတွင် အိမ်တွင် မစိုက်သင့်သော ဂမုန်းများမှာ ဆင်ဂမုန်း၊ ဆင်စွယ်ဂမုန်း၊ ကုမုဒ်ကြာဂမုန်း၊ ဘီလူးဂမုန်း ဟူ၍ ဖော်ပြထားပါသည်။

အချို့ဂမုန်းကျမ်းများတွင် ဆေးဘက်ဝင်ဂမုန်း၊ လာဘ်ရွှင်ဂမုန်း၊ ပယောဂနိုင်သောဂမုန်း၊ နတ်နိုင်သောဂမုန်း စသည် အမည်အမျိုးမျိုးကို ခွဲခြားပြသထားပါသည်။ ဤတွင် ဘီလူးဂမုန်းကို နတ်ကိုနိုင်သော ဂမုန်းတို့တွင် ပါဝင်နေသည်ကို လေ့လာတွေ့ရှိရပါသည်။ ဂမုန်းဘီလူးသည်ကား မာဒရာနတ်ကို ကောင်းစွာနိုင်သည်ဟု ဖော်ပြထားပါသည်။ မည်သို့ပင်ဖြစ်စေ သာကေတမြို့၊ (၇)ရပ်ကွက်တွင် နေထိုင်သော မိတ်ဆွေ ကိုကျော်မင်း(မင်းမင်း) ပြောပြသော သူ၏ အတွေ့အကြုံအမှန်နှင့် (၆)ရပ်ကွက်တွင် နေသော ဆရာဦးမင်းအောင်တို့၏ ပြောပြချက်အရ ကျွန်ုပ်စာရေးသူအနေဖြင့် ကြောက်စရာကောင်းတဲ့ ဂမုန်းဟု ဆိုလိုက်ရပါတော့သည်။ စာဖတ်ပရိသတ်များအနေဖြင့် ဂမုန်းပင် စိုက်ပါက တတ်သိနားလည်သောသူနှင့် တိုင်ပင်ပြီး စိုက်ပျိုးသင့်ပါသည်။ ဂမုန်းပင်များသည် အစောင့်ရှိတတ်သော သဘောအရ သန့်ရှင်းသောနေရာ၊ အထားအသို၊ ဆောင်ရွက်မှုကို နှစ်သက်ကြကြောင်း ထပ်မံအကြံပြုရေးသားလိုက်ရပါသည်။

ဂမ္ဘီရဆရာလှမျိုး(B.Sc)



www.burmeseclassic.com

www.burmeseclassic.com

# သိသာစေကြောင်း

# မင်္ဂလာနိမိတ်ကောင်း

## ဒေါက်တာမင်းသိမ်း၏နည်းစနစ်အတိုင်းဟောသည်

## ဒေါက်တာဇောယုနွယ်



တကယ်ဆိုတော့ ....

မိမိဘဝရဲ့ ကောင်းခြင်း၊ ဆိုးခြင်းဖြစ်ပျက်မှုတွေကို မိမိဘာသာ မိမိအသိဆုံးပါ။ ဒါပေမယ့် ပွဲမစခင် ပြည်ဖုံးကားနောက်ကွယ်မှာ ဘာတွေလုပ်နေတယ်ဆိုတာကို ကြိုတင်ပြီး သိချင်ကြတာဟာ လူ့ဘဝရဲ့ မွှတာပါပဲ။ ပြည်ဖုံးကားနောက်ကွယ်က ဇာတ်ရုပ်တွေဟာ တစ်ခါတစ်ခါကျတော့ ပျော်စရာကောင်းတာတွေ တွေ့ရသလို၊ တစ်ခါတစ်ခါကျတော့လည်း စိတ်ရှုပ်စရာတွေလည်း တွေ့ရတတ်ပါတယ်။

အချိန်အခါ နေရာဒေသကြောင့် သင့်ဘဝရဲ့ ပြည်ဖုံးကားကို လှစ်ခနဲသာ ဖွင့်လှစ်ပြသလိုက်ရတာကြောင့် ဒီစာမျက်နှာများမှ သင့်ဘဝရဲ့ အဖြစ်အပျက် အစိတ်အပိုင်း တစ်ခုတလေသာ မြင်ရမှာဖြစ်လို့ ဘဝဇာတ်ခုံပေါ်မှာ မီးရောင်စုံ အစုံအလင်နဲ့ သင့်ဘဝအပြည့်အစုံကို မြင်ချင်တယ်ဆိုရင်ဖြင့် ....

■ အမှတ်(၂၀၅/က)
ပိတောက်(၅)လမ်း၊
မြို့သစ်(၈)၊
ဘုရင့်နောင်ရိပ်သာ၊
အင်းစိန်မြို့နယ်၊ ရန်ကုန်။
ဖုန်း ၀၁-၆၄၃၀၃၀

www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၄ ခုနှစ်၊ ဩဂုတ်လအတွက် ဟောစာတမ်း

## တနင်္ဂနွေ သားသမီး



သင်သည် ယခုကာလတွင် စည်းစိမ်ဥစ္စာတွေ တိုးလာပြီး လုပ်ဖော်ကိုင်ဖက် မိတ်ဆွေများကလည်း ကိုယ့်ကို ဒါစစအရာရာ ထောက်ပံ့နေတဲ့အချိန် ဖြစ်ပါ တယ်။ သိကြားမ,လိုက်သကဲ့သို့ လက်ရှိအခြေအနေထက် များစွာမြင့်တက်မယ် မိဘကို ကောင်းစွာပြုစုစောင့်ရှောက်နိုင်မယ့်အချိန်ဖြစ်ပါတယ်။ ဝန်ထမ်းဖြစ်လျှင် ရာထူးတက်မယ်။ ကိုယ်ပိုင်လုပ်ငန်း လုပ်သူများအဖို့ လုပ်ငန်းများ သိသိသာသာ အောင်မြင်မှုရမယ်။ လုပ်ငန်းသစ်များ စတင်ပြုလုပ်နိုင်သလို လုပ်ငန်းဟောင်း များလည်း ပြန်ပေါ်တတ်တယ်။ ခရီးများ သွားရတတ်တယ်။ ထိုခရီးများဟာ လည်း စိတ်ချမ်းသာစရာ ခရီးများဖြစ်တယ်။ ပြည်ပခရီးသွားဖို့ ကြံရွယ်ထားသူ များ ယခုကာလတွင် ထွက်ပါက ရောက်တဲ့နိုင်ငံမှာ အလုပ်က စောင့်ကြို တတ်တယ်။ ငယ်ရွယ်သူများအဖို့ သင်တန်းတစ်ခု တက်ရတတ်တယ်။ ပညာ ကောင်းတစ်ခု ရတတ်တယ်။ မြေကိစ္စ၊ အမွေကိစ္စ များ ဖြေရှင်းရတတ်တယ်။ မြေတစ်ကွက် စပ်တူဝယ်ဖို့ ကြုံလာလိမ့်မယ် စပ်တူရှယ်ယာလုပ်ငန်းများ ပေါ်လာလိမ့်မယ်။ လုပ်လျှင် အောင်မြင်မယ်။ ကိုယ်ပိုင်လုပ်ငန်းဖြစ်စေ၊ ဝန်ထမ်းဖြစ်စေ ကြီးပွား တိုးတက်မယ့်အချိန် ဖြစ်ပါတယ်။ ဒါပေမဲ့ အတိုက်အခံ အနည်းငယ်တော့ ကြုံရတတ်တယ်။ ငွေရှာရလွယ်ခြင်း၊ ငွေအသုံး အထွက်ကြမ်းခြင်းများ ဖြစ်တတ်တယ်။ အိမ်ထောင်ရှိသူဆိုလျှင် အိမ်ထောင်ဖက် စိတ်ညစ်ရတတ်တယ်။ ဆွေမျိုးသားချင်း ကျန်းမာရေး အသည်းအသန် ဖြစ်တတ်တယ်။ စက်ပစ္စည်းတွေလည်း ဝင်တတ်တယ်။ စက်ရုံတစ်ခု ပူးတွဲလုပ်ရတတ်တယ် ကျန်းမာရေး ဂရုစိုက်ပါ။ အသည်းနှင့် ပတ်သက်သောဝေဒနာ ခံစားရတတ်တယ်။ ယာဉ်တိုက်မှုဖြစ်ခြင်း၊ ရုတ်တရက် ... ခြင်းမျိုး ကြုံရတတ်တယ်။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက်(၉း၄၅)နာရီတွင် တန်ခိုးကြီးဘုရားတစ်ဆူ မွေးနံထောင့်၌ ထန်းညွန့်(၁၀)ညွန့်၊ အုန်းညွန့်(၆)ညွန့်၊ တံခွန်ဖြူ(၂၁)ခုတို့ကို လှူပေးပါ။ အညံ့များ ပြေပျောက်စေရန် ဆုတောင်း

### ကံကောင်းသောရက်

အင်္ဂါ၊ ကြာသပတေး

### ညံ့သောရက်

စနေ၊ ဗုဒ္ဓဟူး

### ကံကောင်းသောနံပါတ်

၅၄၊ ၅၃၊ ၇၂၊ ၇၅

### အထူးသတိပြုရန်

မိမိအိမ်တွင် ရွှေများကွာနေသော ဘုရားရုပ်ပွားတော်တစ်ဆူရှိလျှင် လာဘ်ပိတ်တတ်ပါတယ်။ ရွှေများ ပြန်ချပေးပါ။

ယခုကာလတွင် ဆိတ်သားမစားရ။ သစ္စာပန်း မယိုးရ။

### ကံကောင်းပြီး လာဘ်ရွှင်စေရန်

မိမိနေအိမ်ကဘုရားတွင် ကြာသပတေးနေ့တိုင်း ပန်းပေါင်းစုံ(၅)မျိုး ပေါက်ပေါက်ဆွမ်း ကပ်လှူပေးပါ။

www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၄ ခုနှစ်၊ ဩဂုတ်လအတွက် ဟောစာတမ်း

## တနင်္လာ သားသမီး



သင်သည် ယခုကာလတွင် အိုးအိမ်အပြောင်းအရွှေ့ ရှိတတ်ပါတယ်။ ဝန်ထမ်းများအဖို့ အလုပ်တွင် အနည်းငယ် အတိုက်အခံ ရှိတတ်ပါတယ်။ သင်သည် ယခုရောက်ရှိနေတဲ့ကာလတွင် ကဆုန်လနှင့် ပြာသိုလများပါခဲ့ရင်တော့ မိသားစု ဘဲမှုသော်လည်းကောင်း၊ မိမိ၏လက်အောက်ငယ်သားတွေကြောင့် အမှုအခင်း ဖြစ်တတ်ခြင်း၊ အမှုကို လိုက်လံဖြေရှင်းပေးရခြင်းမျိုး ဖြစ်တတ်တယ်။ အိမ်ထောင် မရှိသူများ အိမ်ထောင်ကျတတ်သောကာလဖြစ်တယ်။ လုပ်ငန်းသစ်ပေါ်ခြင်း (သို့မဟုတ်)လက်ရှိအလုပ်နှင့် ပတ်သက်၍ အဆက်အသွယ်သစ်များ ပေါ်လာလိမ့်မယ်။ အလုပ်အတွက် စိတ်ညစ်စရာတွေ ပေါ်တတ်တယ်။ အလုပ်မှ ထွက်ချင်စိတ် ပေါ်နေလိမ့်မယ်။ မထွက်ပါနှင့်။ သူခိုးမျက်စိအကျခံရတတ်သော ကာလဖြစ်၍ သူခိုး အခိုးခံရတတ်သောကာလ ဖြစ်သောကြောင့် သတိထားပါ။ ခရီးအကျိုးပေးသော ကာလဖြစ်တယ်။ ဘုရားဖူးခရီးများ သွားရတတ်တယ်။ ကွဲကွာနေသော ဆွေမျိုးသားချင်းများနှင့် ပြန်ဆုံမယ်။ ရပ်ဝေးမှ ဆွေမျိုးသားချင်းများ ရောက်လာတတ်တယ်။ သော်ကြာနံပစ္စည်းများ ဝင်လာတတ်တယ်။ အိမ်သို့ အတောင်ပါသော သတ္တဝါများ ဝင်လာတတ်တယ်။ ဘုရားဆင်းတုတော်၊ စွယ်တော်၊ ဓာတ်တော်ပုံတော်များ ကြွလာတတ်တယ်။ ရွှေနှင့် အဖိုးတန်ရတနာပစ္စည်းများ ဝင်မယ်။ မြေနှင့်ပတ်သက်သောကိစ္စ စိတ်အနှောင့်အယှက် ဖြစ်ရတတ်တယ်။ ဖခင်ဖြစ်သူမှာ တနင်္ဂနွေ၊ ကြာသပတေးနာမည်ပါလျှင် ကျန်းမာရေး ညံ့တတ်တယ်။ ကျန်းမာရေးအနေဖြင့် မကြာခဏ ခေါင်းမူးခြင်း၊ မျက်စိကိုက်ခြင်းဝေဒနာ ခံစားရတတ်တယ်။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့နံနက်(၉း၄၅)နာရီတွင် တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်၌ ဆီးညွန့်(၃)ညွန့်(ဆူးဖြုတ်)၊ ဝါးညွန့်(၄)ညွန့်၊ ဗြိုဟ်ရုပ်စုံ(၆)ခုတို့ကို လှူပေးပါ။ အညံ့များ ပြေပျောက်စေရန် ဆုတောင်းပါ၊

**ကံကောင်းသောရက်**

ဗုဒ္ဓဟူး၊ သောကြာ

**ညံ့သောရက်**

တနင်္ဂနွေ၊ ကြာသပတေး

**ကံကောင်းသောနံပါတ်**

၆၁၊ ၆၄၊ ၄၆

**အထူးသတိပြုရန်**

ယခုကာလတွင် ဘယ်အလုပ်မဆို မိမိကိုယ်ကျိုးအတွက် အဓိကဦးစားပေးပြီး လုပ်ဆောင်ပါ။ အကျိုးမရှိသော အလုပ်အကိုင်များသည် မိမိကောင်းကျိုး မိမိဘဝကို ဖျက်ဆီးနေတတ်သ[illegible]

**ကံကောင်းပြီး လာဘ်ရွှင်စေရန်**

မိမိနေအိမ်ဘုရားတွင် ဗုဒ္ဓဟူးနေ့တိုင်း မုန့်လုံးရေပေါ် လှူဒါန်းပေးပါ၊

www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၄ ခုနှစ်၊ ဩဂုတ်လအတွက် ဟောစာတမ်း

## အင်္ဂါ သားသမီး



သင်သည် ယခုကာလတွင် ကောင်းသောအပြောင်းအလဲတွေ ကြုံရတတ်တယ်။ လုပ်ငန်းတွေလည်း တိုးချဲ့လုပ်ကိုင်ရတတ်တယ်။ ဖြုတ်လမ်းမလိုက်ပါနှင့်။ တစ်ချီတည်းနှင့် အပွကြဲခြင်းမျိုး မပြုလုပ်ပါနှင့်။ ထီလည်း ပေါက်တတ်တယ်။ အလှူအတန်းကိစ္စ ကြုံရတတ်တယ်။ မိမိကိုယ်တိုင်လည်း အလှူအတန်း ပြုလုပ်ရတတ်တယ်။ ယခုကာလသည် စန်းပွင့်နေသောကာလဖြစ်သောကြောင့် သတိထားပါ။ အဖိုးတန်ကျောက်မျက်ရတနာများ ဝင်မယ်။ လုပ်ဖော်ကိုင်ဖက်အချင်းချင်း စွပ်စွဲပြောဆို ခံရတတ်တယ်။ မသင့်မြတ်သူများနှင့် ပြန်လည်သင့်မြတ်သွားမယ်။ လူမျိုးခြား၊ နိုင်ငံခြားနှင့် ပတ်သက်သောကိစ္စများ အကျိုးပေးအောင်မြင်မယ်။ ခရီးများ မကြာခဏ ထွက်ရတတ်တယ်။ ထိုခရီးများသည်လည်း အကျိုးပေး အောင်မြင်မယ်။ ဝန်ထမ်းဆိုလျှင် ရာထူးတိုးမယ်။ အိမ်ထောင်ရှင်များ အိမ်ထောင်ရေးအတွက် သောကရောက်ရတတ်တယ်။ အထူးသဖြင့် တနင်္ဂနွေ၊ ဗုဒ္ဓဟူး အိမ်ထောင်ဖက်များ ဖြစ်နေလျှင် ဂရုစိုက်ပါ။ စာရွက်စာတမ်း စာချုပ်ကိစ္စများအတွက် စိတ်ညစ်ရတတ်တယ်။ ကျန်းမာရေးအနေဖြင့် အရိုးကျိုးခြင်း၊ အလုံးအကျိတ်အခဲနှင့် ပတ်သက်သောဝေဒနာ ခံစားရတတ်တယ်။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက်(၉း၄၅)နာရီတွင် တန်ခိုးကြီးဘုရားတစ်ဆူ၌ မွေးနံ့ထောင့်၌ ဝါးညွန့်(၄)ညွန့်၊ ပေါက်ပန်းဖြူ(၅)ညွန့်၊ ငွေထီး(၉)လက်တို့ကို လှူပေးပါ။ အညံ့များ ပြေပျောက်စေရန် ဆုတောင်းပါ။

### ကံကောင်းသောရက်

တနင်္လာ၊ စနေ

### ညံ့သောရက်

တနင်္ဂနွေ၊ ဗုဒ္ဓဟူး

### ကံကောင်းသောနံပါတ်

၂၄၊ ၂၇၊ ၇၂

### အထူးသတိပြုရန်

အိမ်အနီးအနားတွင် တနင်္လာနှင့် စနေနေ့တွင် ကလေးမွေးဖွားသော နိမိတ်တွေ့ပါက ထီထိုးဖြစ်အောင် ထိုးလိုက်ပါ။
ယခုကာလတွင် လက်ရှိအလုပ်ကို စိတ်မဝင်စားဘဲ အလိုပြောင်းလိုစိတ်များ ဖြစ်နေလိမ့်မယ်။ မပြောင်းပါနှင့်။

### ကံကောင်းပြီး လာဘ်ရွှင်စေရန်

မိမိနေအိမ်ကဘုရားကွင် နွားနို့ထမင်း ကပ်လှူပေးပါ။

www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၄ ခုနှစ်၊ ဩဂုတ်လအတွက် ဟောစာတမ်း

## ဗုဒ္ဓဟူး သားသမီး



သင်သည် ယခုကာလတွင် အနည်းငယ် ညှံ့ပေမယ့် ပညာရပ်တစ်ခု ထပ်မံသင်ကြားရတတ်တယ်။ တယ်လီဖုန်းတစ်ခုလည်း ရတတ်တယ်။ ဘုရားဆင်းတုတော်၊ ပုံတော်၊ ရဟန္တာပုံတော်တွေ ကြွလာတတ်တယ်။ မရည်ရွယ်ဘဲနဲ့ ခရီးသွားရတတ်တယ်။ လုပ်ဖော်ကိုင်ဖက် မိတ်ဆွေများနှင့် ရှယ်ယာခွဲခြင်း၊ လမ်းခွဲခြင်းမျိုး ကြုံရတတ်တယ်။ အလုပ်တွေကလည်း အောင်မြင်တော့မလိုနဲ့ အပျက်အစီး များတတ်တယ်။ မိသားစုအတွင်းမှာလည်း စိတ်ဝမ်းကွဲမှုတွေ ဖြစ်လာတတ်တယ်။ တနင်္လာ၊ သောကြာ သားသမီးများအတွက် ပူပန်ရတတ်တယ်။ ဒေါသရှေ့ထားရင် မှားတတ်သောကြောင့် မေတ္တာစိတ်နဲ့သာ တုံ့ပြန်ပါ။ မနက်စောစောမှာ သမ္မာဒေဝ နတ်ကောင်းနတ်မြတ်တွေကို မေတ္တာပို့ပေးပါ။ အညံ့တွေ ပျောက်သွားတတ်တယ်။ လူမျိုးခြားနှင့် အကျိုးပေးတယ်။ ပြည်ပသွားဖို့ ကြံရွယ်ထားသူများ ဒီကာလမှာ ဆောင်ရွက်ပါ။ စိတ်ပင်ပန်းတဲ့ကာလ ဖြစ်သောကြောင့် စိတ်တိုင်းမကျမှုတွေ များနေတတ်တယ်။ ကျန်းမာရေးအနေဖြင့် ခြေထောက်၊ ခါးတို့မှာ ဒဏ်ရာရတတ်တယ်။ ခွဲစိတ်ကုသမှု ခံရတတ်တယ်။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက်(၉း၄၅)နာရီတွင် တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်၌ ဆီးညွန့်(၃)ညွန့်(ဆူးဖြုတ်)၊ ..ညွန့်(၄)ညွန့်၊ ကြက်လျှာအစိမ်းရောင်(၈)ခုတို့ကို လှူပေးပါ။ အညံ့များ ပြေပျောက်စေရန် ဆုတောင်းပါ။

### ကံကောင်းသောရက်

ကြာသပတေး၊ စနေ

### ညံ့သောရက်

တနင်္လာ၊ သောကြာ

### ကံကောင်းသောနံပါတ်

### အထူးသတိပြုရန်

ယခုကာလတွင် သချိုင်းမြေ မနင်းရ။
ကြင်သူကြင်ဖက်နှင့် ကွဲကွာခြင်း၊ သဘောကွဲလွဲခြင်းများ ကြုံရတတ်သောကြောင့် တတ်နိုင်သမျှ ကိုယ့်ဘက်က အလျှော့ပေးပြီး ဆက်ဆံပါ။

### ကံကောင်းပြီး လာဘ်ရွှင်စေရန်

မိမိနေအိမ်ကဘုရားတွင် စနေနေ့တိုင်း ထောပတ်ထမင်း လှူဒါန်းပေးပါ။



www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၄ ခုနှစ်၊ ဩဂုတ်လအတွက် ဟောစာတမ်း

## ကြာသပတေး သားသမီး



သင်သည် ယခုကာလတွင် ပျော်ရွှင်စရာတွေ ကြုံတွေ့ရပေမယ့်လည်း စိတ်ညစ်စရာ၊ စိတ်ပင်ပန်းစရာတွေလည်း ကြုံရတတ်ပါတယ်။ အလုပ်နေရာ၊ အိမ်နေ၊ဂု အသစ်ရခြင်း၊ ပြောင်းရွှေ့ရခြင်းများ ကြုံရတတ်တယ်။ သင့်အတွက် အကျိုးထူးသော ခရီးများ သွားရတတ်ဘယ်။ မထင်မှတ်ဘဲ ပညာတစ်ခု သင်ကြားရတတ်တယ်။ ဤကာလအတွင်း အစစအရာရာ သတိထားပါ။ မိမိအပေါ် မကောင်းကြံခြင်း၊ မကောင်းပြောခြင်းများ ခံရတတ်တယ်။ အလုပ်၌ ထိခိုက်တတ်တယ်။ ပြဿနာ ကြီးစွာဖြေရှင်းရတတ်တယ်။ ဒါပေမဲ့လည်း ဌာနဆိုင်ရာအကြီးအကဲ၊ ဆွေမျိုးအကြီးအကဲတို့က အကူအညီကောင်း ပေးလိမ့်မယ်။ ကျန်းမာရေးညံ့သော သက်ကြီးရွယ်အိုများ မိမိအိမ်သို့ လာရောက်တည်းခိုလျှင် ဆုံးပါးသွားတတ်တယ်။ လူမျိုးခြား ဒုက္ခပေးတတ်တယ်။ စက်ပစ္စည်းတွေလည်း မကြာခဏ ပျက်တတ်တယ်။ ကျန်းမာရေး အနည်းငယ် ဂရုစိုက်ပါ။ ကိုယ်ခန္ဓာအစိတ်အပိုင်းတစ်ခု မီးလောင်ခြင်း၊ မီးဟပ်ခြင်းဖြစ်ပြီး သွေးထွက်သံယိုမှုများ ဖြစ်တတ်တယ်။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက်(၉း၄၅)နာရီတွင် တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်၌ ဆီးညွန့်(၃)ညွန့်(ဆူးဖြုတ်)၊ ဝါးညွန့်(၄)ညွန့်၊ ထီးနီ(၁၀)လက်တို့ကို လှူပေးပါ။ အညံ့များ ပြေပျောက်စေရန် ဆုတောင်းပါ။

### ကံကောင်းသောရက်

တနင်္ဂနွေ၊ သောကြာ

### ညံ့သောရက်

အင်္ဂါ၊ စနေ

### ကံကောင်းသောနံပါတ်

၁၂၊ ၁၆၊ ၆၇

### အထူးသတိပြုရန်

ယခုကာလတွင် ဆေးမှား၊ အစားမှား ဖြစ်တတ်တယ်။ ပစ်စာ၊ တိုင်စာ ခံရတတ်တယ်။ သတိထားပါ။

### ကံကော[illegible] လာဘ်ရှင်စေရန်

မိမိနေအိမ်ကဘုရားတွင် အုန်းဆွမ်း လှူဒါန်းပေးပါ။

www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၄ ခုနှစ်၊ ဩဂုတ်လအတွက် ဟောစာတမ်း

## သောကြာ သားသမီး



သင်သည် ယခုကာလတွင် အညံ့ထဲကနေ ပျော်ရွှင်ရမယ့်ကာလ ဖြစ်ပါတယ်။ အလှူမင်္ဂလာတွေလည်း ကိုယ့်အိမ်မှာ လုပ်ရတတ်တယ်။ ကိုယ့်ကို အပျော်လေးတွေပေးမယ့် မိတ်ဆွေကောင်းတွေ ရလာတတ်တယ်။ ဘုရားဆင်းတုတော်ပုံတွေလည်း ကြွလာတတ်တယ်။ ငွေတွေလည်း ဝင်လာတတ်တယ်။ အကူအညီပေးမယ့်သူတွေလည်း ကိုယ့်အနားကို ရောက်လာတတ်တယ်။ ပစ္စည်းဥစ္စာစည်းစိမ်ဝင်လာတာနဲ့အမျှ ကိုယ်က အပျော်လွန်ပြီး အမှားအယွင်းတွေ တွေ့တတ်ပါတယ်။ အိမ်ထောင်သည်တွေအဖို့ အိမ်ထောင်ဘက်နှင့် စိတ်ဝမ်းကွဲခြင်း၊ အထင်အမြင် လွဲမှားခြင်းမျိုး ကြုံတွေ့ရတတ်တယ်။ သင်သည် ယခုရောက်ရှိနေတဲ့ကာလတွင် တပို့တွဲလနှင့် တပေါင်းလများ ပါဝင်နေရင် ဂရုစိုက်ပါ။ အိမ်ထောင်ဘက်နှင့် တရားဝင်ခွဲခွာရတဲ့အထိ ကြုံရတတ်တယ်။ လုပ်ငန်းသစ်လည်း စတင်လုပ်ရတတ်တယ်။ အထူးသဖြင့် ရေနှင့်ပတ်သက်သောလုပ်ငန်း၊ ကားလုပ်ငန်း၊ ကျောက်လုပ်ငန်း လုပ်ကိုင်လျှင် ထိုလုပ်ငန်းများသည် လွန်စွာအကျိုးပေး အောင်မြင်မယ်။ ကျန်းမာရေးအနေဖြင့် ဆေးမှား အစာမှား ဖြစ်တတ်တယ်။ သွားဒုက္ခပေးတတ်တယ်။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက်(၉း၄၅) နာရီတွင် တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်၌ ဝါးညွှန့်(၄)ညွှန့်၊ ပေါက်ပန်းဖြူ(၅)ညွှန့်၊ ယပ်အဖြူ(၁၂)ချောင်းတို့ကို လှူပေးပါ။ အညံ့များ ပြေပျောက်စေရန် ဆုတောင်းပါ။

### ကံကောင်းသောရက်

တနင်္လာ၊ ဗုဒ္ဓဟူး

### ညံ့သောရက်

အင်္ဂါ၊ သောကြာ

### ကံကောင်းသောနံပါတ်

၄၃၊ ၄ ॥ ၄၁၊ ၂၄

### အထူးသတိပြုရန်

ယခုကာလတွင် နာရေး လုံးဝမသွားရ။ ထောင်ဝင်စာ မတွေ့ရ။

### ကံကောင်းပြီး လာဘ်ရွှင်စေရန်

မိမိနေအိမ်ကဘုရားတွင် တနင်္လာနေ့နှင့် ဗုဒ္ဓဟူးနေ့တိုင်း ဖန်ခွက်ဖြင့် ကြံရည်(၆)ခွက် လှူဒါန်းပေးပါ။

www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၄ ခုနှစ်၊ ဩဂုတ်လအတွက် ဟောစာတမ်း

## စနေ သားသမီး



သင်သည် ယခုကာလတွင် ကံကောင်းတယ်ဆိုပေမယ့် မပြောပလောက်တဲ့ အညံ့လေးတွေ ရှိတတ်ပါတယ်။ သင်တန်းတစ်ခု တက်ရခြင်း၊ အဖွဲ့အစည်း တစ်ခုခုသို့ ဝင်ရောက်ရခြင်းမျိုး ကြုံရတတ်တယ်။ နားချိန်မရလောက် အောင် အလုပ်ရှုပ်မယ်။ လွန်စွာပင်ပန်းလိမ့်မယ်။ ဝန်ထမ်းများအဖို့ အလုပ်တွင် မပျော်ပိုက်ဘဲ ဖြစ်နေတတ်တယ်။ ပြောင်းရန် စိတ်မကူးပါနှင့်ဦး၊ ပြောင်းလျှင် အဆင်မပြေနိုင်သေးပါ။ ဇာက်ပြီး အနစ်နာခံပါက အထက်လူကြီး၊ ကြီးကဲသူတို့က ကူညီမစလိမ့်မယ်။ ဘာသာရေးနှင့် ပတ်သက်သော ပုံတော်များ ဝင်လာလိမ့်မယ်။ ပဋ္ဌင်းခံရတတ်တယ်။ နိုင်ငံရပ်ခြားနှင့် ဆက်သွယ်သောကိစ္စများ၊ လူမျိုးခြားနှင့် တွဲလုပ်ရသော အလုပ်များ အောင်မြင်မယ်။ အမွေရခြင်း(သို့မဟုတ်)အမွေကဲ့သို့ ပစ္စည်းများ၊ ငွေများ ရတတ်တယ်။ ယခုကာလတွင် လက်ခံလိုက်ပါက အလဟသကုန်သွားတတ်တယ်။ တပို့တွဲ၊ ပြာသိုလများ ပါဝင်နေရင် သူတစ်ပါး၏ စွပ်စွဲပြောဆိုခြင်း၊ ပြစ်တင်ကဲ့ရဲ့ခြင်းများ ခံရတတ်တယ်။ အမျိုးသားများအဖို့ အိမ်ထောင်ကျတတ်သော ကာလဖြစ်ပြီး သားသမီးရတနာများ ထွန်းကားတတ်တယ်။ ယခင်က ဖြစ်ပေါ်ခဲ့ သော ပြဿနာဟောင်းများ၊ ရောဂါဟောင်းများ ပြန်ပေါ်လာတတ်တယ်။ အိမ်တွင် ကိုယ်ဝန်ဆောင်သည်ရှိလျှင် ဆေးရုံသို့ပို့ပါ။ အိမ်မှာ မီးဖွားလျှင် အဆင်မပြေ ဖြစ်တတ်တယ်။ မိခင်ဖြစ်သူရှိလျှင် ကျန်းမာရေး အနည်းငယ် ညံ့တတ်တယ်။ ကျန်းမာရေးအနေဖြင့် သွေးအားနည်းခြင်း၊ စိတ်ဓာတ်ကျခြင်းမျိုး ဖြစ်တတ်တယ်။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက် (၉း၄၅)နာရီတွင် တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်၌ သပြေ(၆)ညွန့်၊ နှင်းဆီ(၇)ပွင့်၊ ယပ်အဝါရောင်(၁၇)ချောင်းတို့ကို လှူပေးပါ။ အညံ့များ ပြေပျောက်စေရန် ဆုတောင်းပါ။

### ကံကောင်းသောရက်

စနေ၊ ကြာသပတေး

### အထူးသတိပြုရန်

ယခုကာလတွင် အလုပ်ပြောင်းခြင်းမျိုး လုံးဝမပြုလုပ်ပါနှင့်။

### ညံ့သောရက်

သောကြာ၊ တနင်္လာ

### ကံကောင်းပြီး လာဘ်ရွှင်စေရန်

မိမိနေအိမ်ကဘုရားတွင် ကြာသပတေးနေ့တိုင်း မုန့်ဖက်ထုပ် လှူဒါန်းပေးပါ။

### ကံကောင်းသောနံပါတ်

၅၁၊ ၃၃

www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၄ ခုနှစ်၊ ဩဂုတ်လအတွက် ဟောစာတမ်း

## ရာဟု သားသမီး



သင်သည် ယခုကာလတွင် လုပင်ပန်းပေမယ့် စိတ်ချမ်းသာရမယ့်ကာလ ဖြစ်ပါတယ်။ လုပ်ငန်းသစ်လုပ်ရန် အကြံအစည်များ၊ အဆက်အသွယ်ကောင်းများ ပေါ်လာလိမ့်မယ်။ စိန်ထည်ပစ္စည်းများ၊ စက်ပစ္စည်းများ ဝင်လိမ့်မယ်။ ယခုကာလတွင် ပစ္စည်းများကို ထုခွဲရောင်းချ၍ လုပ်ငန်းအသစ် ကြီးကြီးမားမား စရန် မကောင်းသေးပါ။ ဤကာလအတွင်း ထီမထိုးသင့်ပါ။ ထီပေါက်လျှင် မိသားစုအတွင်း ကျန်းမာရေး ဆိုးဆိုးဝါးဝါး ညံ့သွားတတ်တယ်။ စပ်တူရှယ်ယာလုပ်ငန်းများ ပေါ်လာလိမ့်မယ်။ လုပ်လျှင် အောင်မြင်မယ်။ ဘိုးတော်တု၊ ဆရာတုများ ရောက်လာတတ်တယ်။ ငွေကြေး ဆုံးရှုံးတတ်တယ်။ ငွေလိမ်ခံရတတ်တယ်။ မိမိကိုးကွယ်သော ဆရာတော်တစ်ပါး ပျံလွန်တော်မူသော နိမိတ်တွေ့ခဲ့သော် ကားပွတ်တိုက်မိတတ်ပါတယ်။ အထူးဂရုစိုက်ပါ။ မသွားချင်သော ခရီးများ၊ စိတ်ညစ်စရာခရီးများ သွားရတတ်တယ်။ အထက်လူကြီး၊ ဆွေမျိုးအကြီးအကဲတို့က မိမိအပေါ် အထင်လွဲတတ်တယ်။ သားသမီးများ ကျန်းမာရေး ညံ့တတ်တယ်။ ရုတ်တရက် ဝမ်းဗိုက်အောင့်ခြင်းမျိုး ဖြစ်တတ်တယ်။ အထူးဂရုစိုက်ပါ။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက်(၉း၄၅)နာရီတွင် တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်၌ အုန်းညွန့်(၁)ညွန့်၊ ကံ့ကော်(၁၅)ညွန့်၊ ကုက္ကား(၁၉)ခုတို့ကို လှူပေးပါ။ အညံ့များ ပြေပျောက်စေရန် ဆုတောင်းပါ။

### ကံကောင်းသောရက်

အင်္ဂါ၊ တနင်္ဂနွေ

### ညံ့သောရက်

တနင်္လာ၊ ကြာသပတေး

### ကံကောင်းသောနံပါတ်

၁၃၊ ၁၇၊ ၃၁၊ ၃၂

### အထူးသတိပြုရန်

ယခုကာလအတွင်း မိမိအိမ်အနီးနားတွင် ဆိုင်သစ်ဖွင့်သောနိမိတ်၊ ဆိုင်းဘုတ်တင်သောနိမိတ် တွေ့လျှင် ကံကောင်းတတ်ပါသည်။ ကားပွတ်တိုက်မိတတ်သဖြင့် အထူးဂရုစိုက်ပါ။

### ကံကောင်းပြီး လာဘ်ရွှင်စေရန်

စာအိတ်တစ်အိတ်ထဲတွင် ငွေ ၃၁ ကျပ် ထည့်ပြီး ပုံသကူပစ်ပါ။

www.burmeseclassic.com

www.burmeseclassic.com

# နိုင်ငံခြားရောက် မြန်မာများအတွက်

## အထူးဟောကိန်း

**ဒေါက်တာစောယုနွယ်**

(၂၀၁၄-ခုနှစ်၊ ဩဂုတ်လ)

ယခုကာလမှာ ကျွန်မတို့ ဗုဒ္ဓဘာသာမြန်မာလူမျိုး၊ လူငယ်လူရွယ်အချို့ဟာ နိုင်ငံရပ်ခြားကို သွားရောက်ပြီး အလုပ်လုပ်ခြင်း၊ ပညာရှာခြင်းတွေ လုပ်နေကြပါပြီ။ အဲဒီလို တိုင်းတစ်ပါးမှာ သွားရောက်လုပ်ကိုင်သူတွေအဖို့ အားကိုးရာမှာ ကျွန်မတို့ ကိုးကွယ်ဆည်းကပ်တဲ့ မြတ်ဗုဒ္ဓရဲ့ လမ်းညွှန်မှုတွေပါပဲ။ မြတ်ဗုဒ္ဓကို ကြည်ညိုလေးစားတဲ့ ဗုဒ္ဓဘာသာဝင်တွေအဖို့ ဘယ်နေရာ ဘယ်ဒေသရောက်ရောက် သရဏဂုံတည်ခြင်း ရှိခဲ့ပါလျှင် ဘေးဥပါဒ်အန္တရာယ်တွေကင်းပြီး လိုအင်ဆန္ဒတွေ ပြည့်ဝတယ်ဆိုတာ အားလုံးအသိပါပဲ။ ရတနာသုံးပါးကို ကြည်ညိုလေးစားတဲ့သူတွေအဖို့ ၎င်းတို့ရဲ့ အခက်အခဲလေးတွေကို ပြေလည်စေဖို့ရန် ကျွန်မတတ်တဲ့ လောကီပညာရပ်တွေနဲ့ ကူညီလိုက်ရပါတယ်။ အကယ်၍များ ဘဝဇာတ်စုံ အဖုံဖုံကို သိချင်တယ် ဆိုရင်ဖြင့် စာဖြင့်သော်လည်းကောင်း၊ အခြားဆက်သွယ်နိုင်မည့် နည်းလမ်းများနှင့်သော်လည်းကောင်း ဆက်သွယ်ခဲ့မ[...] ဆိုပါက . . .

ဒေါက်တာစောယုနွယ်

အမှတ်(၂၀၅/က)၊ ပိတောက်(၅)လမ်း၊ မြို့သစ်(၈)၊ ဘုရင့်နောင်ရိပ်သာ၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၁ ၆၄၃၀၁၀

## တနင်္ဂနွေသားသမီးများအတွက်

စက်နှင့်ပတ်သက်ပြီး မတော်တဆ ထိခိုက်မိတတ်သည်။ သွပ်၊ သံ၊ သစ်စသော ပစ္စည်းများနှင့် ပတ်သက်သည့် အလုပ်ဌာနများတွင် လုပ်ကိုင်သူများ အဆင်ပြေမည်။ ယခုကာလတွင် အပြောင်းအရွှေ့ မလုပ်သင့်ပါ။ သင်တန်းတစ်ခု တက်ရမည်။ ထိုသင်တန်းမှာ အလုပ်အတွက် အထောက်အပံ့ဖြစ်မည်။

**ယတြာ**

မိတ်ဆွေတစ်ဦးကို ဝက်သားပေါက်စီ ဝယ်ကျွေးပါ။

## ကြာသပတေးသားသမီးများအတွက်

ရှယ်ယာလုပ်ငန်းများက ဖိတ်ခေါ်ခြင်းခံရမည်။ ရင်းနှီးမြှုပ်နှံမှုများ လုပ်ရမည်။ ခရီးထွက်ရမည်။ မိမိကိစ္စ မဟုတ်ဘဲ အများကိစ္စများ ဆောင်ရွက်နေရမည်။ အောက်လက်ငယ်သား အလုပ်မှ ထွက်ပြေးမည်။ လူမျိုးခြား ကူညီမည်။

**ယတြာ**

မိတ်ဆွေတစ်ဦးကို ဟမ်ဘာဂါနှင့် အချိုရည် ဝယ်ကျွေးပါ။



www.burmeseclassic.com

www.burmeseclassic.com

## အင်္ဂါသားသမီးများအတွက်

ဝန်ထမ်းများ လခတိုးမည်။ ထီပေါက်မည်။ အလုပ်နှင့်ပတ်သက်ပြီး စီးစရာယာဉ်တစ်ခုရမည်။ မိန်းမကိစ္စ အစွပ်အစွဲကြောင့် ဖြေရှင်းရတတ်သည်။ မမျှော်လင့်သောနေရာမှ ငွေဝင်မည်။

**ယတြာ**

ကျောင်းသားတစ်ဦးကို ဗလာစာအုပ် ဝယ်ပေးပါ။

---

## ဗုဒ္ဓဟူးသားသမီးများအတွက်

ဘာသာရေးဆိုင်ရာကိစ္စများ၊ ရန်ပုံငွေပွဲကိစ္စများကို ပါဝင်ဆောင်ရွက်နေရလိမ့်မည်။ ခွဲခွာနေရသော မိသားစုများနှင့် ပြန်လည်တွေ့ဆုံရမည်။ အပန်းဖြေခရီး ထွက်ရတတ်သည်။ မမျှော်လင့်သောနေရာမှ အလုပ်သစ် အပ်နှံမည်။

**ယတြာ**

မိတ်ဆွေတစ်ဦးကို ရေမွှေး လက်ဆောင်ပေးပါ။

---

## ကြာသပတေးသားသမီးများအတွက်

အတိုက်အခံများကြားက အလုပ်အကိုင် နေရာကောင်းရမယ်။ အလုပ်အတွက် အင်တာဗျူးဖြေမယ့်သူများ သတင်းကောင်း ကြားရမယ်။ ရာထူးတိုးရန် ခက်နေသူများ ရာထူးတိုးမယ်။ အိမ်နေရာပြောင်းခြင်း၊ အိမ်သစ်ဆောက်ခြင်း ကြုံမည်။ လူငယ်များ မင်္ဂလာကိစ္စကြုံမည်။

**ယတြာ**

မိတ်ဆွေတစ်ဦးကို တယ်လီဖုန်းကတ် တစ်ခု လက်ဆောင်ပေးပါ။

---

## သောကြာသားသမီးများအတွက်

စာချုပ်စာတမ်းကိစ္စတစ်ခု ဖြေရှင်းရတတ်သည်။ လက်မှတ်ထိုးလျှင် သတိထားပါ။ သင်တန်းတက်ရန် ကြံစည်ပြီးမှ ပျက်မည်။ မိမိအိမ်ကို ပြုပြင်ရမည်။ ပြဿနာများ ပြေလည်စွာ ဖြေရှင်းနိုင်မည်။ ထီပေါက်နိုင်သည်။ အထက်လူကြီးနှင့် ပတ်သက်ပြီး စိတ်ညစ်ရမည်။

**ယတြာ**

မိတ်ဆွေတစ်ဦးကို ငှက်ပျောသီးနှင့် ပြုလုပ်ထားသောမုန့် ဝယ်ကျွေးပါ။

---

## စနေသားသမီးများအတွက်

အလုပ်တွင် ပြဿနာဟောင်းများ ပြန်ပေါ်တတ်သည်။ ငွေရေးကြေးရေး ကျပ်တည်းနေသော်လည်း အမွေရမည်။ အလုပ်အပြောင်းအလဲ ပြုလုပ်ရန် စိတ်ကူးရှိနေသူများ မပြောင်းပါနှင့်။ အလုပ်သစ်မှာ အဆင်မပြေ ဖြစ်တတ်သည်။ ငယ်ရွယ်သူများ မမျှော်လင့်ဘဲ အိမ်ထောင်ကျတတ်သည်။

**ယတြာ**

မိတ်ဆွေတစ်ဦးကို သစ်သီးတစ်မျိုး လက်ဆောင်ပေးပါ။

---

## ရာဟုသားသမီးများအတွက်

အပျော်အပါးများသော ကာလဖြစ်သည်။ မိတ်ဆွေများနှင့် ပျော်ပွဲရွှင်ပွဲများ သွားလာနေရမည်။ ဝင်ငွေလည်း တိုးမည်။ လူချစ်လူခင် ပေါမည်။ အလှူမင်္ဂလာပွဲများ စီစဉ်ပေးရမည်။ စပ်တူရှယ်ယာလုပ်ငန်းများ လုပ်ရမည်။

**ယတြာ**

ကလေးငယ်တစ်ဦးကို မော်တော်ဆိုင်ကယ် အရုပ်လေးတစ်ရုပ် ဝယ်ပေးလိုက်ပါ။



www.burmeseclassic.com

www.burmeseclassic.com

## ပဥ္စမအကြိမ် ဂိုဏ်းပေါင်းစုံ သံဃာအစည်းအဝေးပွဲကြီး ကျင်းပ

ပဥ္စမအကြိမ် ဂိုဏ်းပေါင်းစုံ သံဃာအစည်းအဝေးပွဲကြီးကို မေလ(၁၂)ရက်နေ့ နံနက်ပိုင်းမှ စတင်၍ ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေရှိ မဟာပါသာဏလိုဏ်ဂူတော်ကြီးတွင် မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ သံဃာတော် ငါးသိန်းတို့ကို ကိုယ်စားပြု တက်ရောက်လာသည့် သံဃာတော်(၂၅၅၈)ပါးဖြင့် ကျင်းပပြုလုပ်ခဲ့သည်။

အဆိုပါ သံဃာအစည်းအဝေးပွဲကြီးတွင် သံဃာအဖွဲ့အစည်း အခြေခံစည်းမျဉ်း စတုတ္ထအကြိမ် ပြင်ဆင်ဖြည့်စွက်ချက်(မူကြမ်း)ကို မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေမြို့နယ်၊ မပိုးရိမ်တိုက်သစ်မှ နိုင်ငံတော် သံဃာ့ဝန်ဆောင် ဆရာတော် ဘဒ္ဒန္တကေသရာဘိဝံသက အဆိုတင်သွင်း လျှောက်ထားခဲ့သည်။

နိုင်ငံတော် ဗဟိုသံဃာဝန်ဆောင်အဖွဲ့က ဆက်လက်တင်ပြအပ်သော သံဃာအဖွဲ့အစည်း အခြေခံစည်းမျဉ်းမူကြမ်းကို ယခုအစည်းအဝေးကြီးသို့ တက်ရောက်လာကြသည့် သံဃာသမ္မုတိရသံဃာကိုယ်စားလှယ်များက လိုအပ်သလို ဆောင်ရွက်ပြီး ဤအစည်းအဝေးပွဲကြီးက အတည်ပြုပေးရမည် ဖြစ်ပါသည်ဟု သတ္တမအကြိမ် နိုင်ငံတော်သံဃာဝန်ဆောင်အဖွဲ့ ဥက္ကဋ္ဌ မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက်ဆရာတော် ဒေါက်တာ ဘဒ္ဒန္တကုမာရာဘိဝံသက ဩဝါဒကထာတွင် လျှောက်ထားခဲ့သည်။

သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဆန်းဆင့်က "အစဉ်အလာအားဖြင့် တပည့်တော်တို့သည် ဘာသာရေး၊ သာသနာရေး စသည့် လုပ်ငန်းကိစ္စရပ်များကို ဆောင်ရွက်ခဲ့ကြရာ၌ အနှစ်နည်းပါး အကာများသော လုပ်ငန်းကိစ္စများကိုသာ ဆောင်ရွက်နိုင်ခဲ့ကြပြီး အနှစ်သာရ နှင့် ပြည့်ဝသော ယခုလို အစည်းအဝေးပွဲကြီးမျိုးကို မဆောင်ရွက်နိုင်ခဲ့ကြပါ" ဟု လျှောက်ထားခဲ့သည်။

မြန်မာနိုင်ငံတွင် ပထမအကြိမ် ဂိုဏ်းပေါင်းစုံ သံဃာအစည်းအဝေးကြီးကို ၁၉၈၀-ပြည့်နှစ်၊ မေလတွင် သံဃာတော် (၁၂၁၈)ပါးဖြင့်လည်းကောင်း၊ ဒုတိယအကြိမ် ၁၉၈၅-ခုနှစ်၊ မေလတွင် (၁၃၈၃)ပါးဖြင့်လည်းကောင်း၊ တတိယအကြိမ် ၁၉၉၀-ပြည့်နှစ်၊ မတ်လတွင် (၁၄၀၈)ပါးဖြင့်လည်းကောင်း၊ စတုတ္ထအကြိမ် ၁၉၉၅-ခုနှစ်၊ မတ်လတွင် (၁၄၃၉)ပါးဖြင့်လည်းကောင်း ကျင်းပခဲ့ပြီး လက်ရှိတွင် သက်တမ်းအားဖြင့် ၃၄ နှစ်သို့ ရောက်ရှိပြီဖြစ်ကြောင်း သိရသည်။ မေလ(၁၁)ရက်မှ (၁၃)ရက်အထိ သုံးရက်တိုင်တိုင် ကျင်းပခဲ့သည့် ပဥ္စမအကြိမ် ဂိုဏ်းပေါင်းစုံ သံဃာအစည်းအဝေးပွဲကြီးကို ရွှေသံလွင်ကုမ္ပဏီမိသားစုမှ သိန်းပေါင်းနှစ်သောင်းသုံးထောင်ကျော် အကုန်အကျခံ ထောက်ပံ့လှူဒါန်းခဲ့ကြောင်း သိရသည်။

## အဋ္ဌမအကြိမ်မြောက် လှိုင်ဗုဒ္ဓစာပေဆုနှင့် ပညာရည်ချွန်ဆု ပေးအပ်ချီးမြှင့်ပွဲ အခမ်းအနား စည်ကားစွာ ကျင်းပ

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်လုံးဆိုင်ရာ ဗုဒ္ဓစာပေဆုနှင့် ပညာရည်ချွန်ဆု ပေးအပ်ချီးမြှင့်ပွဲကို အမှတ်(၆)ရပ်ကွက်၊ ဘူတာရုံလမ်းရှိ ဇေယျဝတီကျောင်းတိုက်ကြီးနှင့် မြို့နယ်ပညာရေးဌာနတို့ ပူးပေါင်းစီစဉ် ဦးဆောင်လျက် အဋ္ဌမအကြိမ်မြောက် လှိုင်ဗုဒ္ဓစာပေဆုနှင့် ပညာရည်ချွန်ဆု ပေးအပ်ချီးမြှင့်ပွဲကို (၂၈-၄-၂၀၁၄)တနင်္လာနေ့ နေ့လယ် (၁၂:၃၀)နာရီအချိန်က ရန်ကုန်မြို့ တံတားဖြူရှိ I.B.C ခန်းမကြီးတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်ပါသည်။

၂၀၁၄ ခုနှစ်၊ မတ်လ(၁)ရက်နေ့မှစ၍ ယဉ်ကျေးလိမ္မာသင်တန်းကို မြို့နယ်တွင်းရှိ ကျောင်းများတွင် ဖွင့်လှစ်သင်ကြားပေးခဲ့ပြီး (၂၇-၄-၂၀၁၄)ရက်နေ့ နံနက်(၉)နာရီအချိန်တွင် အ.ထ.က(၁)လှိုင်ကျောင်းတော်ကြီး၌ စာမေးပွဲ ကျင်းပပြုလုပ်ခဲ့သည်။ အဆိုပါ ယဉ်ကျေးလိမ္မာစာမေးပွဲမှ ထူးချွန်စွာ အောင်မြင်သူ (၃၉)ဦးကို လှိုင်ဗုဒ္ဓစာပေဆုအနေဖြင့် ချီးမြှင့်ခဲ့ကြောင်း သိရသည်။ ၂၀၁၃ ခုနှစ်၊ တက္ကသိုလ်ဝင်တန်းတွင် ထူးချွန်စွာအောင်မြင်သူများနှင့် နိုင်ငံတော်အဆင့် ပန်းချီပြိုင်ပွဲတွင် ထူးချွန်ဆုရသူ(၃)ဦးတို့အား တာဝန်ရှိသူများက ဆုများချီးမြှင့်ပေးအပ်ကြောင်း ထပ်မံသိရှိရသည်။

မောင်ယဉ်ဦး(နေမြို့)



www.burmeseclassic.com

www.burmeseclassic.com

# မဟာပဏ္ဍိတ ပရဟိတ အောင်တော်မူစေတီတော် တည်ထားရေးအတွက် လှူဒါန်းမှု အစုစုနှင့် မဟာဗောဓိညောင်ပင်ပျိုးအား မြေချစိုက်ပျိုးပွဲ ကျင်းပ



၂၀၁၄-ခုနှစ်၊ မေလ ၁၃ ရက်နေ့သည် ဗုဒ္ဓဘာသာဝင်များ အထွတ်အမြတ်ထားကြသည့် ကဆုန်လပြည့်နေ့ဖြစ်သည်။

ထိုနေ့တွင် ပြည်မြို့ ရွှေဘုံသာမုနိဘုရားနှင့် ဗိုးဦးတောင်စေတီတော်မြတ်အကြား၌ တည်ထားကိုးကွယ်မည့် မဟာပဏ္ဍိတ ပရဟိတ အောင်တော်မူ စေတီတော် တောင်ကုန်းထက်၌ ဗောဓိညောင်ပင်ပျိုကို ဥက္ကဋ္ဌ ဦးကျော်သူ၊ နာရေးကူညီမှုအသင်း(ရန်ကုန်)နှင့်အတူ ပရဟိတစိတ်ထားရှင်တို့ ပေါင်းစည်းလျက် မြေချစိုက်ပျိုး ပူဇော်ခြင်း၊ ညောင်ရေသွန်းလောင်းခြင်းတို့ကို ဆောင်ရွက်ခဲ့ကြသည်။

အဆိုပါ ဗောဓိညောင်ပင်ပျိုမှာ အိန္ဒိယဝန်ကြီးချုပ်မာန်မိုဟန်ဆင်းက မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်အား လက်ဆောင်မွန် ပေးခဲ့ခြင်းဖြစ်ပြီး ဒေါ်အောင်ဆန်းစုကြည်က ပခုက္ကူဆရာတော်ကြီး(အနိစ္စဆရာတော်ကြီး)ထံ လှူဒါန်းခဲ့ရာမှ ပဋ္ဌာန်းဆက်ကုသိုလ်တော်ကြောင့် နာရေးကူညီမှုအသင်း(ဥက္ကဋ္ဌ) ဦးကျော်သူထံ ရောက်ရှိခဲ့ပြီး ယခုကဲ့သို့ အကျိုးဆက် ဖြစ်ပွားခဲ့ရခြင်းပါပေ။ မဟာပဏ္ဍိတ ပရဟိတ အောင်တော်မူစေတီတော် တည်ဆောက်ရေးအတွက် အလှူငွေ ကျပ်သိန်း(၁၈၀)ကို ကွယ်လွန်သူ မိတနစ်ပါး(ဦးဟုတ်ကြည်၊ ဒေါ်သန်းရီ)တို့အား အမှူးထား၍ CHANG CHINGFU + CHEN YING HUA (ခေါ်)ခင်ခင်ကြည်နှင့် သား CHAN CHUN CHUAN(a)Leo Chang မိသားစု သုံးဦးက လှူဒါန်းခဲ့သည်။

"မဟာပဏ္ဍိတ ပရဟိတ အောင်တော်မူ စေတီတော်"ကြီးအား နာရေးကူညီမှုအသင်း(ရန်ကုန်)သို့ လှူဒါန်းထားကြသော အလှူရှင်များ၏ အလှူငွေအား လုံးဝအသုံးပြုမည် မဟုတ်ကြောင်း သိရှိရသည်။

မကြာခင် ဖူးမြင်ရတော့မည့် မဟာပဏ္ဍိတ ပရဟိတ အောင်တော်မူစေတီတော်အတွက် လှူဒါန်းမှုပြုလိုပါက ဦးစိုးမိုးနိုင်၊ မိုးမေထွေး နာရေးကူညီမှုအသင်း (ပြည်) ၀၉-၄၂၃၆၇၅၉၄၅၊ ၀၉-၄၂၃၆၇၀၁၁၁၊ ၀၉-၄၃၀၁၆၁၉၇၊ ပေါ်ပြူလာဂျာနယ် ၀၉-၅၁၀၃၆၄၆၊ ထွန်းဦးစာပေ(မန္တလေး) ၀၉-၂၀၀၅၈၂၈၊ ကိုအောင်သူ (ပဥ္စင်္ဂစာပေတိုက်) ၀၉-၂၀၂၃၇၅၃ စသူတို့ထံ လှူဒါန်းနိုင်ပါကြောင်း သတင်းရရှိပါသည်။

ကိုရင်သာစု

www.burmeseclassic.com

www.burmeseclassic.com



## (၆၅) ကြိမ်မြောက် မင်္ဂလာတရားတော်နှင့် ဗုဒ္ဓဝင် စာမေးပွဲ ဆုနှင်းသဘင် ကျင်းပ

Y.M.B.A စာသင်ခန်းမကြီးတွင်(၂၅-၅-၂၀၁၄)နေ့ နေ့လယ်(၁၂း၃၀)နာရီတွင် ဆုနှင်းသဘင်ပွဲ ကျင်းပရာ တစ်ပြည်လုံးရှိ စာဖြေဌာနများမှ ဆရာတော်ကြီးများ နည်းပြဆရာ၊ ဆရာမများ ကျောင်းသူ၊ ကျောင်းသားများ အမှုဆောင်လူကြီးများ၊ ဧည့်သည်တော်များ စုစုပေါင်း (၇၀၀)ကျော် တက်ရောက်ခဲ့ကြပါသည်။

အစီအစဉ်(၁)အရ နမောတဿ သုံးကြိမ် ရွတ်ဆို ဘုရားကန်တော့ပြီး မင်္ဂလသုတ် ပရိတ်တော် ရွတ်ဖတ်ပူဇော်ကြပါသည်။


အစီအစဉ်(၂)အရ ဥက္ကဋ္ဌကြီး ဦးကျော်သိန်းမှ အမှာစကားပြောကြားပြီး မြို့နယ်များမှ အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ပါသည်။

အစီအစဉ်(၃)အရ မင်္ဂလာတရားတော် ပြန့်ပွားရေး ငွေပဒေသာပင်အဖြစ် စိုက်ထူလှူဒါန်းငွေ ၅၀၀၀၀၀ (ကျပ်ငါးသိန်း)အား ဦးစိုးဝင်း(တက္ကသိုလ်စိုးယဉ်)မိသားစုက လှူဒါန်းရာ ဒု-ဥက္ကဋ္ဌ ဦးစိန်သန်းက လက်ခံပြီး ဂုဏ်ပြုလွှာ ပေးအပ်ပါသည်။

၎င်းနောက် စာအောင် ကျောင်းသူ/သားများအား အောင်လက်မှတ်နှင့် ဂုဏ်ပြုဆုများ ချီးမြှင့်ပြီးနောက် ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ် ရွတ်ဆို ဘုရားကန်တော့ကြပြီး အခမ်းအနားကို (၁၄း၃၀)နာရီတွင် အောင်မြင်စွာ ရုပ်သိမ်းလိုက်ပါကြောင်း။

ဒေါက်တာသက်ဆွေ

## ရွှေတိဂုံပုံတူစေတီ ထီးတင်ပွဲ၊ ကျိုက်မရောဆရာတော် သိက္ခာထပ် မွေးနေ့နှင့် သုံးထပ်ကျောင်းဆောင် ရေစက်ချ အလှူတော်မင်္ဂလာ



မွန်ပြည်နယ်၊ ကျိုက်မရောမြို့ ကျိုက်မရောဘုရားကြီး ကျောင်းတိုက်ဝင်းအတွင်းတွင် ဆရာတော် ဘဒ္ဒန္တ ဝါရိန္ဒ(သဒ္ဓမ္မဇောတိကဓဇ)(နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်)ဆရာတော် ဦးစီးတည်ထားကိုးကွယ်သော ရွှေတိဂုံပုံတူ စေတီတော်မြတ် ထီးတော်တင်လှူပွဲ၊ သုံးထပ်ကျောင်းဆောင် ရေစက်ချပွဲ၊ ကျိုက်မရောဆရာတော် သက်တော်(၆၀)ပြည့် ဝိဇာတမင်္ဂလာ ပုနောပသမ္ပဒါ(သိက္ခာထပ်)အလှူတော်မင်္ဂလာကို ၁၃၇၆ ခု၊ ကဆုန်လဆန်း(၁၀)ရက်(၈-၅-၂၀၁၄) ကြာသပတေးနေ့တွင် အဆိုပါကျောင်းတိုက်ကြီးဝင်းအတွင်း၌ စည်ကားခမ်းနားစွာ ကျင်းပဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိပါသည်။ ထိုအလှူတော်မင်္ဂလာတွင် သိမ်ဆင်းသံဃာ(၂၇)ပါးအား သိမ်ဆင်းလောင်းလှူ၍ သံဃာအပါး(၁၃၀)ကျော်အား ဝတ္ထုငွေ၊ မျက်နှာသုတ်ပုဝါ၊ ဗလာမပါ ကံစမ်းမဲအလှူ ပြုလုပ်ပေးခဲ့ပါသည်။ ဧည့်ပရိသတ်များကိုလည်း ပိုက်ဆံအိတ်နှင့် ယပ်တောင် အမှတ်တရ လက်ဆောင်များပေးခဲ့သည်။

ဆရာမျိုး

www.burmeseclassic.com

www.burmeseclassic.com

## အောင်သိဒ္ဓိမဟာမြိုင်ဆရာတော် မဟာသဒ္ဓမ္မ ဇောတိကဓဇ "ဘဒ္ဒန္တ တိက္ခာစာရ" မဟာထေရ် ဝိဇာတ သိက္ခာထပ် မွေးနေ့ပွဲ စည်ကားစွာ ကျင်းပ



ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ အမှတ်(၁၂) ရပ်ကွက်၊ မရမ်းခြံ၊ မာလာရုံလမ်းတွင် တည်ရှိသည့် ဘုန်းတော်ကြီးသင် ပညာရေးကျောင်း၊ အောင်သိဒ္ဓိမဟာမြိုင်ကျောင်းတိုက်ကြီး၏ ဦးစီးပဓာန နာယက ရပ်ကွက်သံဃနာယကဥက္ကဋ္ဌ ကျောင်းထိုင်ဆရာတော်ကြီးဖြစ်သည့် "မဟာသဒ္ဓမ္မဇောတိကဓဇ" နိုင်ငံတော် ဘွဲ့တံဆိပ်တော်ရ ဆရာတော် အရှင်သူမြတ် ဖြစ်တော်မူသော "ဘဒ္ဒန္တ တိက္ခာစာရ" မဟာထေရ် သက်တော် (၆၄)နှစ်၊ ဝါတော်(၄၅)ဝါအား အကြိမ်(၃၀)မြောက် သိက္ခာထပ်မင်္ဂလာ ဝိဇာတမွေးနေ့ပွဲကို ၁၃၇၅ ခုနှစ်၊ တန်ခူးလဆန်း ၁၃ ရက်၊ ၂၀၁၄ ခုနှစ်၊ ဧပြီလ ၁၂ ရက်၊ စနေနေ့ နံနက်တွင် အထက်ပါ ကျောင်းတိုက်ကြီးအတွင်း၌ စည်ကားစွာ ဆင်ယင်ကျင်းပပြုလုပ်ပါသည်။

သိမ်ဆင်းသံဃာတော်(၂၅)ပါးအား သိမ်ဆင်းလောင်းလှူခြင်း၊ ဆရာတော်ကြီး "ဘဒ္ဒန္တ တိက္ခာစာရ" မဟာထေရ်မှ အလှူပေးတရားတော်များ ချီးမြှင့်ပေးခြင်း၊ ပင့်သံဃာတော်များနှင့် ကျောင်းတိုက်ကြီးရှိ သံဃာတော် အရှင်သူမြတ်တို့အား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခြင်းနှင့် နေ့ဆွမ်းဆက်ကပ်လှူဒါန်းခြင်း၊ ဧည့်ပရိသတ်တို့အား ဧည့်ခံကျွေးမွေးခြင်း၊ အောင်သိဒ္ဓိမဟာမြိုင်ကျောင်းတိုက်၏ တိုက်အုပ်ဆရာတော် "ဘဒ္ဒန္တ အရှင်ပဒုမ" နှင့်တကွ "ဘဒ္ဒန္တ ဇာဂရ" နှစ်ပါးတို့အား သိက္ခာထပ်မင်္ဂလာပွဲ ကျင်းပပြုလုပ်ခြင်းအပြီး ယင်းအဆိုပါ အလှူပွဲအတွက် ရေစက်ချ အမျှအတန်း ပေးဝေကြသည်။

ထိုအလှူပွဲကြီးအား ကျေးဇူးရှင် ဖခင်ကြီး ခေတ္တရာ ဦးမြင့်ဆွေ၊ မိခင်ကြီး ဒေါ်စိန်စိန် တို့အား အမှူးထားလျက် သားသမီး မိသားစုနှင့် ခုနစ်ရက် သားသမီးတို့၏ အလှူတော်ငွေဖြင့် မွေးနေ့ သိက္ခာထပ်၊ ရဟန်းခံ၊ ရှင်ပြု၊ သီလရှင်ဝတ်ပွဲကို ကျောင်းအကျိုးတော်ဆောင်အဖွဲ့တို့နှင့် စုပေါင်းစီစဉ်ကာ ပြုလုပ်ခဲ့ကြောင်း သိရသည်။

မောင်ယဉ်ဦး

---

## ရွှေပြည်သာမြို့နယ်၊ ၆/သံဒင်းမိသားစု၏ ပထမအကြိမ် ဓမ္မပူဇာသဘင် ကျင်းပ

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ပိုင်းခရိုင်၊ ရွှေပြည်သာမြို့နယ် ၆/သံဒင်းမိသားစု၏ အနှိုင်းမဲ့တရားအလှူကို ပေးလှူကြရာ (၂၉-၃-၂၀၁၄)ရက် စနေနေ့မှ (၃၁-၃-၂၀၁၄)ရက် တနင်္လာနေ့ထိ သုံးရက်တိုင်တိုင် ညစဉ်(၇)နာရီအချိန်တွင် ကျင်းပခဲ့ကြသည်။ အမျိုးဘာသာ သာသနာ ကာကွယ်စောင့်ရှောက်လိုသော စိတ်ထားဖြင့် သံဒင်းမိသားစုမှ စုပေါင်းညီညာစွာ တရားပွဲအလှူကို ပထမအကြိမ် ကျင်းပခဲ့ကြခြင်းဖြစ်ကြောင်း သတင်းရရှိပါသည်။

သားစိန်နိုင်

www.burmeseclassic.com

www.burmeseclassic.com



လောကဌ် အလွန်လေးနက်သော တောကြီးသို့ မရောက်ဖူးသူများသည် ထိုတော၏ အခြေအနေကို မသိနိုင်၊ မခန့်မှန်းနိုင်ကြပါ။ တောကြီးသို့ ရောက်ဖူးသူများအနေဖြင့်သာ တော၏ အလွန်နက်ရှိုင်းပုံကိုလည်းကောင်း၊ ပန်းမျိုးစုံ၊ သစ်သီးမျိုးစုံ၊ ဝေဝေဆာဆာနှင့် သာယာနေပုံကိုလည်းကောင်း သိနိုင်ကြ၏။ ထို့အတူ ပိဋကတ်နယ်တွင်းသို့ ဝင်ရောက်၍ မကျင်လည်ဖူးသောသူများသည် ဘုရားရှင်၏ ဉာဏ်တော်ကို ခန့်မှန်းရန်ပင် မလွယ်ကူလှပါ။ ပိဋကတ်နယ်ပယ်သို့ ဝင်ရောက်လေ့လာဖူးသော ပုဂ္ဂိုလ်တို့သည်ကား ဘုရားရှင်၏ ဉာဏ်တော်ကို အပြည့်အစုံ မဟုတ်သော်လည်း ခန့်မှန်းရုံဖြင့် သိတော်မူကြပါသည်။

ဤသို့ သိရှိသော ပုဂ္ဂိုလ်တို့သည် ဘုရားရှင်၏ ဉာဏ်တော်ကို ခန့်မှန်းပြီး ဂုဏ်တော်ဖြင့် ပုံတော်ကို ကြည်ညိုသဒ္ဓါပွားကြသည့်အတွက်. . .

ကုသိုလ်တရားတို့သည် ရရှိကြကုန်သည်ဖြစ်၍ ရောင်ပြန်ပရိသတ်ကြီးလည်း ဘုရားရှင်၏ ဂုဏ်တော်ကို ပုံဖော်ပြီး ကြည်ညိုသဒ္ဓါပွားကြမည် ဆိုပါလျှင်. . .

www.burmeseclassic.com